www.dhammaransi.com

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

အဋ္ဌမကျမ်းစာ

# ရူပသိဒ္ဓိဘာသာဋီကာ

ဒုတိယအုပ်

ပဒရူပသိဒ္ဓိကို နိဿယ အဓိပ္ပါယ် စုံလင်စွာ
တန်ဆာဆင်ထားပါသည်။

သာသနာရေး ဦးစီးဌာန သို့
အရှင် [illegible] မှ
လှူဒါန်းပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၆ ၁၉၈၄

www.dhammaransi.com

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

အဋ္ဌမ ကျမ်းစာ

# ရူပသိဒ္ဓိဘာသာဋီကာ

ဒုတိယအုပ်

ပဒရူပသိဒ္ဓိကို နိဿယ အဓိပ္ပာယ် စုံလင်စွာ
တန်ဆာဆင်ထားပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

နှစ်- ၂၅၂၄ ကောဇာ- ၁၃၄၂ ခရစ်-၁၉၈၀

www.dhammaransi.com

၂၄၇၀၁

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ၏

# ဘာသာဋီကာကျမ်းကြီးများ

ပြည့်စုံအောင် ကြိုးစားရိုက်နှိပ်ဖနပါပြီ

စတုတ္ထနှိပ်ခြင်း

အုပ်ရေ-၅၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနအတွက်
တော်ဝင် ပုံနှိပ်တိုက်တွင် (၀၂၂၇၄) ဒေါ်မြထွေးက ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။

www.dhammaransi.com

# အရှင်ဇနကာဘိဝံသ၏

## တဘဝ သံသရာဖြစ်စဉ်-အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်းသူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၄-ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပထမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယ အကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ် သက်တော် ၁၈-နှစ် အရွယ်တွင် ပထမကြီးတန်း စာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁ ခုနှစ် နယုန်လပြည့် နေ့၌ ဒုတိယ အကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်း လပြည့်နေ့၌ တတိယ အကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပထမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉ - ခုနှစ်၌ "သကျသီဟစာမေးပွဲ ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက် သိမ်းပိုက်မည့်နှစ်တွင် ယခု လက်ရှိ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်၊ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာ ရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက် ရှိသည်။

၁၀။ (လွတ်လပ်ရေး ရပြီးနောက်) ၁၃၁၂-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ [ ရွေးဦးစွာ ] "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

www.dhammaransi.com

## (ဃ) အရှင်ဇနကာဘိဝံသ၏ တဘာဝသံသရာဖြစ်စဉ်အကျဉ်း

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် "မူလတန်း ဗုဒ္ဓဘာသာလက်စွဲ ခေါ် သင်ခန်းစာ" များကို ရေးသား ခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက
(ဃ) ဆဋ္ဌသံဂီတိ ဩသာန သောဓေယျ ပတ္တ ပါဌကအဖြစ် တင်မြှောက်တော် မူခြင်းကို ခံယူရသည်။

။ ၁၃၃၇-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခု သက်တော် ၃၀-မှ စ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ် ပထမဦးဆုံး ကျမ်းစာကို ရေးသား ပြီးစီးတော်မူ၍၊ ၁၃၃၀-ခု တန်ဆောင်မုန်းလဆန်းတွင် "နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် 'တဘာဝ သံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။ ပဋ္ဌာနပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဠိတော်နိဿယ များကို ၁၃၃၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၀-၁၁-၇၄) တနင်္ဂလာနေ့ ၁-နာရီ အချိန် စတင်ပို့ချ ရေးသား၍၊ ၁၃၃၉-ခု ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်၊ သုတ်မဟာဝါဘာသာဋီကာကို ၁၃၃၇-ခု ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင်ပို့ချ ရေးသား၍၊ ၁၃၃၉-ခု နတ်တော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်မမူမီ ၅-ရက် အလိုတွင် ပြီးစီးတော် မူခဲ့ပါသည်။ သုတ်ပါထေယျ ဘာသာဋီကာကိုပင် တရက်မျှ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် ၇၀-နှစ် အရောက်၊ နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ ၄-နာရီ မိနစ် ၃၀-တွင် တဘာဝအတွက် ငြိမ်းတော်မူပါသည်။

www.dhammaransi.com

# စဉ်ဆက်သာသနာ တည်စေသောဝ်

အကယ်၍သာ–

မြတ်ဗုဒ္ဓါသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ့။

ယခုသော်ကား–

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ **မြတ်တရား**ကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ဂန္ဓာရုံရှင် တို့သခင်သည်–

ထွတ်တင်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မဒေသနာ၊ အဖြာဖြာကို၊ များစွာဗိုလ်လူ၊ သိစိမ့်ဟူ၍၊ ဆူဆူကျမ်းစာ၊ ကိုယ့်ဘာသာဖြင့်၊ ဖွင့်ရာပြုရာ၊ များဋီကာဟု၊ စာဝါမျိုးမျိုး၊ ကမ္ဗည်းထိုးခဲ့၊ နောင်ကျိုးကိုမျှော်၊ ဆရာတော်၏၊ ဉာဏ်တော်စေစား၊ နှလုံးသားမှ၊ ကိုးစားလောက်ဖွယ်၊ ကျမ်းသွယ်သွယ်ကို၊ မကွယ်မပျောက်၊ စဉ်ထွန်းတောက်ဖို့၊ မြားမြောက်ကျေးဇူး၊ အထူးထူးကို၊ ညွှတ်နူးချည်လျက်၊ တို့ဆောင်ရွက်သည်–စဉ်ဆက်သာသနာ တည်စေသောဝ်။

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော, ဟောတု။

www.dhammaransi.com

ရူပသိဒ္ဓိ ဘာသာဋီကာ ဒုတိယအုပ်

# မှတ်သားဖွယ် အကြောင်းအရာစဉ် မာတိကာ


| အကြောင်းအရာစဉ် | | စာမျက်နှာ |
|---|---|---|
| အံ-မှ-ကို-မေ့ | .... | ၃၇၂ |
| အကမ္မကဓာတ်ပိ | .... | ၃၅၁ |
| အဂေါ, နဂေါ, သဗ္ဗေါ | .... | ၅၅၉ |
| အစ္စတ္ထံ၊ ပေ၊ အန္တတ္ထံ | .... | ၁၀၄ |
| အညောညလိင်္ဂဝိသေသိတာနံ | .... | ၁၇၁ |
| အဇ္ဈတနီ ဝိဘတ်ခဏ်း | .... | ၃၀၀ |
| အဇ္ဇေသန | | ၃၆၂ |
| အဇ္ဈယနာဒယ | .... | ၁၀၅ |
| အဋ္ဌကထာမြောက်ပုံတမျိုး | .... | ၃၀၆ |
| အဏ္ဍဇ ဓေါဝါဝါ | .... | ၃၉၄ |
| အတ္ထော၊ ပေ၊ ဝိမုတ္တတ္ထာဒယ | .... | ၉၀ |
| အနဒ္ဓကပြုထည့်ရပုံ | .... | ၅၄၇ |
| အနေကတ္ထ | .... | ၃၀၆ |
| အနေကတ္ထတဒ္ဓိတ် | .... | ၂၀၅ |
| အဘိကဘူတ | | ၄၆၅ |
| အပစ္စတဒ္ဓိတ် | | ၁၀၃ |
| အပိဂ္ဂဟာဏေန | .... | ၂၀၃ |
| အတဝေတုနာဒိသုစ | .... | ၂၁ |
| အတ္တနောပဒဝိသယေ | .... | ၄၅၁ |
| ဒွတ္တာနံ အဓိကိစ္စအဓိပ္ပာယ် | .... | ၂၉ |
| အဝိတေပိတံကာသဂစနိစ္စယာ | .... | ၃၃၀ |
| အဗျယီဘောနှင့် ခွဲခြားချက် | .... | ၁၀၃ |
| အဘိဓေယျဝစနဖြစ်ပုံ | .... | ၀၀ |
| အဘိ ရှေးရှိမှု | .... | ၄၃၄ |
| အဘယ်ကို အညပုဒ်ခေါ်သနည်း | .... | ၁၁၂ |
| အမာဒိဝိဘတျန္တာနံ | .... | ၀၀ |

# မှတ်သားဖွယ် အက္ခရာစဉ် မာတိကာ

| အက္ခရာစဉ် | | စာမျက်နှာ |
|---|---|---|
| အများသုံးသော သက္ကတ္တတဒ္ဓိတ်အချို့ | .... | ၂၂၇ |
| အသင်္ခတ ၃ မျိုး | .... | ၃၃၄ |
| အလုတ္တတပ္ပုရိသ် | .... | ၁၀၇ |
| အဝုဒ္ဓိက ဘူဝါဒိဂိုဏ်း | .... | ၃၉၄ |
| အဟံ သုခီ ဘဝါမိ | .... | ၃၆၀ |
| အာ-ဥ, ဩ-တ္တ, ဿ-မှာ | .... | ၃၆၈ |
| အာဏတ္တိနှင့် ကာရိတ်အထူး | .... | ၅၀၂ |
| အာဒိကြော | .... | ၆၀၄ |
| အာဒိသဒ္ဒေါ ယံ ပကာရေ | .... | ၁၉၇ |
| အာနုပုရပံ | .... | ၂၈ |
| အာသာဒိပစ္စယာ | .... | ၂၃၄ |
| အာချာတနာမ်ပေါ် ပဉ္စမာဝိဓ | .... | ၃၅၂ |
| ဣတရီတရသာဂဒ္ဒန် | .... | ၁၇၉ |
| ဣဝဏ္ဏိတရ ယောဂဿ | .... | ၁၅၈ |
| ဣဒပ္ပစ္စယတာ | .... | ၁၇ |
| ဣဒ အာပျယိ၊ ပေါ၊ ဒဋ္ဌဗ္ဗာနိ | .... | ၄ |
| ဣဒ၊ ပေါ၊ ယဇ္ဇုတ္တာ နာမ | .... | ၁၅ |
| ဤ ပိုဒ်ခွဲ သင့်မြတ်ပုံ | .... | ၂၃ |
| ဤဗျာကရုဏ်းကျမ်းဆရာတို့၏အဆို | .... | ၂၂ |
| ဥစ္စာဂမေ ဏူ မှုသု | .... | ၃၀၃ |
| ဥဒ္ဒါ [illegible] | .... | ၆၀၄ |
| ဥပပဒ သမာသော ပန | .... | ၈၂ |
| ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ | .... | ၁၄၂ |
| ဧကတ္တိ သတိ | .... | ၂၉၇ |
| ဧကဝိဘတ္တိ ကာနံ | .... | ၁၅၀ |
| ဧကတ္တိဘာ ဝေါ | .... | ၁၅၅ |
| ဝေဝံဣဟာဂတိ | .... | ၁၄၄ |
| ဩဂိုသင့်-မသင့် | .... | ၄၀၁ |
| ကတ္တရိဝိဟိတေသု | .... | ၃၃၆ |
| ကမ္မရုပ်နှင့် ပဗျာဟာသိ စသည် | .... | ၄၂၉ |

www.dhammaransi.com




| အက္ခရာစဉ် | | စာမျက်နှာ |
|---|---|---|
| ကမ္ဘာရဲသမာသ် | .... | ၃၈ |
| ကမ္ဘာရယသညေစ | .... | ၄၇ |
| ကရဥ္စ ဝိဘတ်မပါပဲ ပုဒ်ခေါ်နိုင်ပုံ | .... | ၁၀၈ |
| ကာရေတိ၏ သုဒ္ဓကတ္တုတမျိုး | .... | ၅၀၀ |
| ကာလာတိပတ္တိ ဝိဘတ်ခဏ်း | .... | ၃၈၉ |
| ကာလာတိပတ္တိယံ | .... | ၄၂၀ |
| ကိတန္တ တပ္ပုရိသ်ခေါ်ပုံ | .... | ၁၀၉ |
| ကိမတ္ထံ အဘ္ဘတ္ထံ ပရတ္ထံ | .... | ၉၂ |
| ကိယာဒိဂိုဏ်း | .... | ၄၄၉ |
| ကုနိပါတပုဗ္ဗပဒ | .... | ၆၅ |
| ကေငလသမုစ္စယ | .... | ၁၅၂ |
| ကွစိ ဝါကျမေဝ | .... | ၈၆ |
| ကြိယာ သာမညဘူတေ | .... | ၃၂၃ |
| ကြိယာယံ ကြိယတ္ထာယံ | .... | ၆၃၈ |
| ကြိယာ လက္ခဏံ | .... | ၃၁၇ |
| ကြိယံ ခါရေနိ္တ | .... | ၃၁၉ |
| ဂတိ ကန္တိ,သတ္တိ | .... | ၄၄၁ |
| ဂမိ,တာ၊ ပေ၊ ဒိဃတာ | .... | ၄၁၁ |
| ဂမု, သပ္ပ=ဂတိမှိ | .... | ၃၄၈ |
| ဂဏ္ဍဝ န္ဓော | .... | ၁၃၃ |
| ဂိုဏ်းသီးခြားသင့်,မသင့် | .... | ၄၅၆ |
| စတုတ္ထီ တပ္ပုရိသ် | .... | ၈၈ |
| စတုတ္ထီနှင့် ဆဋ္ဌီသမာသ် ခွဲခြားချက် | .... | ၁၃၅ |
| စန္ဒြ ကာန္တနည်း | .... | ၁၉ |
| စရတိ တဒ္ဓိတ် | .... | ၂၀၆ |
| စိစ္စိဋ္ဌမိဝ | .... | ၄၈၁ |
| စုရာဒိဂိုဏ်း | .... | ၄၆၆ |
| စုရ=ထေယျေ | .... | ၄၆၆ |
| ဆဋ္ဌီယတ္ထဗဟုဗ္ဗီဟိ | .... | ၁၄၃ |
| ဆဋ္ဌီ တပ္ပုရိသ် | .... | ၉၆ |

www.dhammaransi.com

## (ည) မှတ်သားဖွယ် အက္ခရာစဉ် မာတိကာ

အက္ခရာစဉ် ... စာမျက်နှာ


ဆပ္ပစ္စယော သု .... ၄၇၃
ဆည်းပုံအမျိုးမျိုး .... ၁၅၁
ဇညူ စသည် .... ၄၅၃
ဉာ = အဝဗောဓန .... ၄၅၀
ဏျာပစ္စည်းကို ဆိုရကျိုး .... ၄၅၆
တဂ္ဂုဏသံဝိညာဏ ၂-မျိုး .... ၁၁၅
တဒ္ဓ ပဌမပုရိသဿေဝ .... ၃၅၃
တနာဒိဂိုဏ်း .... ၄၅၈
တဒည့် ဝါကျန္တိရှဋ္ဌံ .... ၈
တရတိတဒ္ဓိတ် .... ၂၀၆
တ,သဒ္ဒါလိုင်လိုက်ပုံ .... ၃၉
တသ္မိံ အာဏာတျာသိဋ္ဌ .... ၃၅၈
တာပစ္စည်းနှောင်းရာဋ္ဌ .... ၂၄၁
တိပဒကမ္မဓာရဲ .... ၄၃
တိပဒဗဟုဗ္ဗိဟိ .... ၁၃၉
တုဒါဒိဓာတ် .... ၄၁၅
တုဒါဒိ = ဘူဝါဒိဂိုဏ်း .... ၄၁၅
တုရဂေါ, ခဂေါ, ဝိဟဂေါ .... ၅၅၉
တူရိယင်္ဂတ္တ .... ၁၆၅
ဒဋ္ဌာ=ဒိဋ္ဌာ မူကွဲ .... ၅၉၉
ဒိဝါဒိဂိုဏ်း .... ၄၄၁
ဒိဝါဒိယသက်ရပုံ .... ၅၁၃
ဒွန္ဒသဒိသတ္တာ .... ၁၅၄
ဒွိကမ္မကဓာတ် .... ၄၁၈
ဒွေကမ္မကဓာတ်၌ ကာရိတ် ယှဉ်ပုံ .... ၄၉၁
ဒွေဒွေပဒါနိ ဒွန္ဒာ .... ၁၅၄
ဒြပ်အမျိုးမျိုး .... ၂၅၃
ဒြပ်ပေါ်ဘောဆင့်သကတ်ချ .... ၂၅၃
ဓာတုပစ္စယန္တသဒ္ဒါများ .... ၄၆၉

www.dhammaransi.com



## မှတ်သားဖွယ် အက္ခရာစဉ်မာတိကာ


| အက္ခရာစဉ် | | စာမျက်နှာ |
|---|---|---|
| ဓာတ်ကံကိုလည်းဟောပုံ | .... | ၄၉၁ |
| ဓာက်အနက်ညွှန်ပြရပုံ | .... | ၄၆၉ |
| နနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ | .... | ၁၃၉ |
| နိစ္စသမာသ် ဖြစ်လျက် ခွဲပြရပုံ | .... | ၃ |
| ပစ္စည်းဆုံးသော်လည်း သမာသ်ပင် | .... | ၇၈ |
| ပဌမိတပ္ပုရိသ် | .... | ၉၄ |
| ပဌမိ ဝိဘတ်ခဏ်း | .... | ၃၅၇ |
| ပယုဇ္ဇမာနပဒတ္တနှင့် ယုတ္တတ္ထအထူး | .... | ၇ |
| ပရာစသည်နှောင်ကာပြုပုံ | .... | ၅၁၅ |
| ပရောက္ခာဝိဘတ်ခဏ်း | .... | ၃၇၂ |
| ပုတ္တောသည် ရှုံသောကိုမင့် | .... | ၁၄ |
| ဗဟုဗ္ဗီဟိသမာသ် | .... | ၁၁၁ |
| ဗုဒ္ဓါဒိအသဒေဝတာစသည် | .... | ၂၃၂ |
| ဘဝိဿန္တိ ဝိဘတ်ခဏ်း | .... | ၃၈၆ |
| ဘဝန္တိဗုဒ္ဓိ သဒ္ဒါ | .... | ၂၅၁ |
| ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ | .... | ၁၃၈ |
| ဘူ–သတ္တာယံ | .... | ၃၂၂ |
| ဘူဿပရောက္ခာယံ | .... | ၃၇၆ |
| မဟိရှုဟနည်း | .... | ၁၉ |
| မာ-မာနေ | .... | ၄၅၅ |
| မာန-ဝိမံသ ပူဇာသု | .... | ၄၇၄ |
| မာသဇာတော၌ ဝါဒန္တရများ | .... | ၁၂၅ |
| ယထာ၏အနက်များ | .... | ၃၅ |
| ယုတ္တော အတ္တော ယုတ္တတ္ထော | .... | ၁၁ |
| ရုဓာဒိဂိုဏ်း | .... | ၄၄၆ |
| ရုဓာဒိနှင့် ဒိဝါဒိအခွဲ | .... | ၄၄၅ |
| ရှေ့နောက် မဆန့်ကျင်ပုံ | .... | ၃၂၈ |
| ဝတ္တမာနတ္တ ဝိသယတ္တာ | .... | ၃၂၆ |
| ဝန္တုမှို့, အာတ္တဉ္စ | .... | ၂၄၇ |
| ဝ ဟတိတဒ္ဓိတ် | .... | ၂၀၆ |

www.dhammaransi.com




| အက္ခရာစဉ် | | စာမျက်နှာ |
|---|---|---|
| ဝိဒ–ဉာဏေ | .... | ၄၆၈ |
| ဝိမလော စသည့်၌ | .... | ၁၂၄ |
| ဝိသ–ပဝိသနေ | .... | ၄၁၆ |
| ဝိသေသနပုဗ္ဗပဒေါ | .... | ၃၈ |
| ဝိသေသ တဒ္ဓိတ် | .... | ၂၆၇ |
| ဝုစ္စုသဇော ဣယိဌေသု | .... | ၂၆၉ |
| သကတ်အပြား | .... | ၂၅၂ |
| သင်္ချာနှင့် သင်္ချေယျ | .... | ၂၉၁ |
| သင်္ချာပရိမာဏတ္ထာနံ | .... | ၁၇၁ |
| သင်္ချာပုဗ္ဗောဒိဂု | .... | ၇၂ |
| သင်္ချော ဘာယပဒဗဟုဗ္ဗီဟိ | .... | ၁၄၅ |
| သင်္ကေတတ္ထေန၊ ပေ၊ စုတ္တံ ဟောတိ | .... | ၁၂ |
| သ, ပစ္စည်းသာ | .... | ၂၇၃ |
| သဗ္ဗတော ကောတိ ဧတ္ထ | .... | ၂၄၄ |
| သဗ္ဗတ္ထ ဝိဘတ်နှေ့ာင်းရာ၌ | .... | ၄၂၉ |
| သတ္တမီ ဝိဘတ်ခဏ်း | .... | ၃၆၃ |
| သမာသ်တွင်းသွင်းရကျိုး | .... | ၇၈ |
| သမာသ်လက္ခဏာ | .... | ၁၂ |
| သမာဟာရဒိဂု | .... | ၇၃ |
| သမုစ္စည်း ၄ မျိုး | .... | ၁၂၅ |
| သမ္ဘာဝနာ | .... | ၅၄ |
| သရေအန်၊ ပေ၊ နသဿအန် | .... | ၁၄၀ |
| သာမည စုတ္တိ | .... | ၃၁၅ |
| သာဝဇ္ဇ+အနဝဇ္ဇ | .... | ၁၇၈ |
| သိဒ္ဓန္တကောမုဒီ | .... | ၁၂၆ |
| သိယာနိပါတ် | .... | ၄၂၇ |
| သူရိယကာန္တနည်း | .... | ၁၉ |
| သော သောတ္တဠ | .... | ၄၁၂ |
| ဟိယျတ္တနီ ဝိဘတ်ခဏ်း | .... | ၃၆၈ |
| ဟူဝါဒိ ဘူဝါဒိဂိုဏ်း | .... | ၄၁၇ |
| ဠွောနိဗ္ဗ | .... | ၂၉၀ |

www.dhammaransi.com

# သမာသ်

# ဘာသာဋီကာ

(၃၂၉) အထ–ကာရက ကဏ္ဍ၏ အခြားမဲ့၌၊ အညမညသမ္ဗန္ဓိနံ–အချင်းချင်း ဆက်သွယ်ခြင်း ရှိကုန်သော၊ နာမာနမေဝ–နာမ်ပုဒ်တို့၏ပင်၊ သမာသော–သမာသ်ဖြစ်၏၊ ဣတိ–ဤသို့၊ နာမနိဿိတတ္တာ–နာမ်ပုဒ်တို့၌ မှီသည်၏ အဖြစ်ကြောင့်၎င်း၊ သယံ–မိမိကိုယ်တိုင် (သမာသ်ကိုယ်တိုင်)၊ နာမိကတ္တာစ–နာမ်ဝိဘတ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်၎င်း၊ နာမာနန္တရံ–နာမ်၏ အခြားမဲ့၌၊ သမာသော–သမာသ်ကို၊ ဝုစ္စတိ–(အရှင်မဟာကစ္စည်းထေရ်) ဆိုအပ်၏၊ [သီမူ၌ "ဝုစ္စတိ"ဟုရှိ၏။] သောစ–ထိုသမာသ်သည်လည်း၊ သညာဝသေန–နာမည်၏ အပြားအားဖြင့်၊ အဗျယီဘာဝေါ–အဗျယီဘောသမာသ်၎င်း၊ ပေ၊ ဒွန္ဒောစ–၎င်း၊ ဣတိ ဆဗ္ဗိဓော။

တတြ–ထို ၆–ပါးတွင်၊ ပဌမံ–စွာ၊ အဗျယီဘာဝသမာသော–ကို၊ ဝုစ္စတေ–ဆိုအပ်၏၊ သောစ–ထို အဗျယီဘော သမာသ်သည်လည်း၊ နိစ္စ သမာသော–နိစ္စ သမာသ်တည်း၊ ဣတိ–ထို့ကြောင့်၊ အသပဒဝိဂ္ဂဟော–အသပဒ ဝိဂ္ဂြိုဟ်သည်

---

(၃၂၉) အထ၊ ပေ၊ ဝုစ္စတိ–ကာရကကဏ္ဍကို ဖွင့်ပြပြီး၍ သမာသ ကဏ္ဍကို ဖွင့်ပြလိုသောကြောင့် "အထ၊ ပေ၊ ဝုစ္စတိ"ဟု မိန့်၊ ထို၌ "နာမာနမေဝ၊ ပေ၊ နာမနိဿိတတ္တာ" "သယဥ္စ နာမိကတ္တာ"ဟူသော ဟိတ် ၂–ရပ်ဖြင့် ကာရက ကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို (အရှင်ကစ္စည်းထေရ်) ဆိုရခြင်း၏ အကြောင်းကို ပြ၏၊ နာမာနမေဝ၊ပေ၊နာမနိဿိတတ္တာ–အချင်းချင်း အနက်အဓိပ္ပါယ် ဆက်သွယ်နေသော နာမ်ပုဒ်တို့ကိုပင် သမာသ် စပ်ရသည့်အတွက် သမာသ်ဟူသည် နာမ်ပုဒ်များကို မှီရသောကြောင့် နာမကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို မိန့်ခဲ့လေသည်၊ ထို့ပြင်– သမာသ် ကိုယ်တိုင်က "ရာဇပုတ္တော, ရာဇပုတ္တာ, ရာဇပုတ္တံ" စသည်ဖြင့် နာမ်ဝိဘတ် သက်ရာ နာမ်ပုဒ် ဖြစ်သောကြောင့်လည်း နာမကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို မိန့်ခဲ့လေသည်–ဟူလို၊ [“ကာရက”ဟူသည် နာမ်ဝိဘတ်၏ အနက်တွေကို ပြသောကြောင့် နာမကပ္ပ (နာမ်ကျမ်း)၏ ဆဋ္ဌကဏ္ဍ ဖြစ်ရကား ကာရက ကဏ္ဍကိုပင် နာမကဏ္ဍ အဖြစ်ဖြင့် ဆိုထားသည်၊ အညမည သမ္ဗန္ဓိနံ၏ အဓိပ္ပါယ်သည် နာမာနံသမာသော ယုတ္တတ္ထောသုတ်ဝယ် ယုတ္တတ္ထော ပုဒ်အဖွင့်၌ တိုက်ရိုက် လာလိမ့်မည်။]

တတြ၊ ပေ၊ ဝုစ္စတေ–သမာသ် ၆–ပါး နာမည်မှည့်သော သုတ်တို့တွင် အဗျယီဘော မှည့်သော သုတ်ကို အရှင်ကစ္စည်းဆရာ ရှေးဦးစွာ ပြထားသောကြောင့်၎င်း,

www.dhammaransi.com



(ဟောတိ-၏၊) ဥပနဂရံဣတိ- ''ဥပ+နဂရံ'' ဟူသော၊ ဣဓ-ဤရုပ်၌၊ ဥပသဒ္ဒတော-ဥပသဒ္ဒါမှ နောက်၌၊ ပဌမေက ဝစနံ-ပဌမာဧကဝုစ် ဖြစ်သော၊ သိ-သိ ဝိဘတ် သက်။ တဿ-ထို သိ ဝိဘတ်၏၊ ဥပသဂ္ဂပရတ္တာ-ဥပသာရမှ နောက်၏ အဖြစ်ကြောင့်၊ သဗ္ဗာသ မာဝုသောပသဂ္ဂ နိပါတာဒီဟိစာတိ- သုတ်ဖြင့်၊လောပေါ-ကျေခြင်းသည်၊ဟောတိ-၏၊ နဂရသဒ္ဒတော-မှ နောက်၌၊ ဆဋ္ဌေကဝစနံ-သော၊သ-သဝိဘတ်သက်၊''နဂရဿ-မြို့၏၊သမီပံ-အနီးတည်း၊'' ဣတိ-ဤသို့၊ အညပဒေန-အခြားပုဒ်ဖြင့်၊ ဝိဂ္ဂဟော-ဝိဂြိုဟ်သည်၊(သတိ-သော်၊

---

အဗျယီ ဘော သမာသ်၏ ရှေ့ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့်ရင်း, ဗုဒ္ဓပ္ပိယဆရာ ငါ သည်လည်း အဗျယီဘော သမာသ်ကို ရှေးဦးစွာဆိုမည်။ [ဝုစ္စတေ၏ ကတ္တားကို ''မယာ—ငါ ဗုဒ္ဓပ္ပိယဆရာသည်''ဟုထည့်၊ ဤသို့ မိမိအတွက် ပြုအပ်သော ကြိယာ ဖြစ်၍ ''ဝုစ္စတေ''ဟု အတ္တနောပုဒ် ဝိဘတ်ဖြင့်ထားသည်၊ ''သမာသော ဝုစ္စတိ''၌ကား အရှင်ကစ္စည်းတည်း ဟူသော သူတပါးအတွက် ဆိုရသော ကြိယာဖြစ်၍ ''ဝုစ္စတိ''ဟု ပရဿပုဒ် ဝိဘတ်ဖြင့် ထားသည်ဟု ဤနေရာ၌ အထူး ကြံသင့်သည်။]

**သော၁၀၊ ပေ၊ အသပဒဝိဂ္ဂဟော**—[နိစ္စ—အမြဲ+သမာသော—စပ်နေသောပုဒ်၊] သျှ ဝိဘတ်နှင့် သူ တပုဒ်စီခွဲ၍ မရလောက်အောင် အမြဲ စပ်နေသော ပုဒ် ၂-ခုကို ''နိစ္စ သမာသ်''ဟု ခေါ်၏၊ ရှုဦးအံ့— ''ဥပနဂရံ''၌ ဥပသဒ္ဒါသည် သျှ ချည်း သက်သက် ''ဥပေါ,ဥပါ,ဥပံ''စသည်ဖြင့် ခွဲ၍ မနေနိုင်၊ ဥပသာရ ထုံးစံအတိုင်း ဓာတ်နှင့် ဖြစ်စေ နာမ်ပုဒ်နှင့်ဖြစ်စေ တွဲနေရမှ အနက်ကိုဟောပြနိုင်သည်၊ ထို့ကြောင့် နဂရနှင့် တွဲမိသော ဥပသဒ္ဒါသည် ခွဲ၍ မရ, အမြဲ ကပ်၍ စပ်နေတော့သည်၊ ဤစကားစဉ်အရ ဥပနဂရံကို နိစ္စသမာသ်ဟု ဆိုရာ၌ နဂရကြောင့် နိစ္စသမာသ် ဖြစ်ရသည် မဟုတ်, ဥပသဒ္ဒါကြောင့် နိစ္စသမာသ်ဖြစ်ရသည်ဟု မှတ်၊ ထိုသို့ နိစ္စသမာသ် ဖြစ်သည့်အတွက် ခွဲခွါ၍ မရသော ကြောင့်''နဂရဿ+ဥပ''ဟု မိမိ (ဥပ) ပုဒ်ဖြင့် ဝိဂြိုဟ်ပြု၍ မဖြစ်၊အနက် ထင်ရှားအောင် ဝိဂြိုဟ် ပြုလိုပါသေးသည်ဟု ဆိုလျှင် ဥပ၏ ပရိယာယ် ဖြစ်သော သမီပ ပုဒ်ဖြင့်သာ ''နဂရဿ+သမီပံ''ဟု ဝိဂြိုဟ် ပြုရသည်။

[နိယာမ်] အဗျယီဘာဝ, သမာသမှာ, နိစ္စ ကေန်, စင်စစ်မှန်၍, ပြုရန်ဝိဂြိုဟ်, မရှိဆို၏၊ ဝိဂြိုဟ် ဝါကျ, ပြုလိုကမူ, တပါးက ပုဒ်, ဆောင်ကာ ထုတ်၍, လုပ်လေ ဝိဂြိုဟ် ဝါကျတည်း။

**ရှင်းချက်**။ ။''အဗျယီဘော သမာသ်၌ အသပဒ ဝိဂြိုဟ် ပြုရမည်'' ဆိုသော စကားသည် များရာ လိုက်၍ ယေဘုယျ နည်းအားဖြင့် ဆိုအပ်သော စကားတည်း၊ အန္တော, ဗဟိ, ဥပရိ, ဟေဋ္ဌာ စသော နိပါတ်ပုဒ်များ ရှေးရှိရာ၌ ထို ပုဒ်တို့က သျှတို့ ချည်း သက်သက် ခွဲ၍ ''အတွင်း, အပ, အထက်, အောက်''စသော အနက်ကို ပြနိုင် သောကြောင့် ''ပါသာဒဿ + အန္တော—အန္တောပါသာဒံ၊ ပါသာဒဿ + ဟေဋ္ဌာ—

www.dhammaransi.com



သမိပံ ပုဒ်ဖြင့် အသပဒ ဝိဂ္ဂိုဟ်ပြုပြီးသော် - ဟူလို)၊ နာမာနံ သမာသော ယုတ္တတ္ထောတိ-သုတ်သည်၊ သမာသဝိဓာနေ-သမာသ်ကို စီရင်ရာ ဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသောသုတ်၌၊ ဝတ္တတေ။

**ဥပသဂ္ဂ ၊ ပေ ၊ အဗျယီဘာဝေါ**။ ၃၁၉။ ဥပသဂ္ဂပုဗ္ဗကော - ဥပသာရပုဒ် ရှေးရှိသည်လည်း ဖြစ်သော၊ နိပါတပုဗ္ဗကောစ-နိပါတ်ပုဒ် ရှေးရှိသည်လည်း ဖြစ်သော၊ ယုတ္တတ္ထော-ပေါင်းအပ် စပ်အပ်သော အနက်ရှိသော၊ နာမိကော- နာမ်ဝိဘတ်နှင့် ယှဉ်သော သဒ္ဒါကို၊ အတ္တပုဗ္ဗကေဟိ-မိမိ၏ ရှေ့ဖြစ် ကုန်သော၊

---

ဟေဋ္ဌာပါသာဒံ”စသည်ဖြင့် သပဒဝိဂ္ဂဟလည်း ပြုနိုင်သည်၊ [သ=မိမိ၏+ပဒ=ပုဒ်၊ အန္တော ပါသာဒံ စသည်၌ အန္တောကဲ့သို့ မိမိ ပုဒ်ရင်းဖြင့် ပြုအပ်သော ဝိဂ္ဂိုဟ်၊ ထိုသို့ မိမိပုဒ်ရင်းအတိုင်း ဝိဂ္ဂိုဟ်ပြု၍ မဖြစ်သော ဥပ၏ ပရိယာယ် သမိပံပုဒ်ဖြင့် ပြုလုပ်ရသော ဝိဂ္ဂိုဟ်သည် အသပဒဝိဂ္ဂဟ မည်၏၊ “သောစ ခေါ ယေဘုယျဝသေနေဝ—အသပဒ ဝိဂ္ဂဟပြုရမည် ဟူသော စကားကိုလည်း ယေဘုယျ၏ အစွမ်းဖြင့်သာ ဆိုအပ်၏၊ ဘာ့ကြောင့်နည်း—နိပါတပုဗ္ဗကေသု အန္တောပါသာဒါဒိသုပန သကပဒေနာပိ ကွစိ ဝိဂ္ဂဟဝါကျ သမ္ဘဝတော—ဋီကာ။]

[နိယာမ်] ရှေ့နိပါတ, နောက်နာမနှင့်, ဗျယီဘာဝ, တချို့မျှ, သပဒဝိဂ္ဂိုဟ်ပြု။

**နိစ္စသမာသ်ဖြစ်လျက် ခွဲပြရပုံ**။ ။“ဥပနဂရံသည် တပုဒ်နှင့်တပုဒ် ခွဲ၍မရသော နိစ္စသမာသ်”ဟု ဆိုခဲ့ပါလျက် ရုပ်တွက်သည့်အခါ၌ကား “ဥပနောင်သိ+နဂရနောင် သိဝိဘတ်” သက်၍ ပုဒ်ခွဲ ပြနေသောကြောင့် ရှေ့နောက် မဆန့်ကျင်ပါလော—ဟု မေးဘွယ်ရှိ၏၊ အဖြေကား—သဒ္ဒါဟူသည် နှုတ်ဖြင့် ရွတ်အပ်သော အသံသာလျှင် သဒ္ဒါစစ်တည်း၊ စာ၌ ရေးပြအပ် ရုပ်တွက်အပ်သော သဒ္ဒါတို့ကား ထို အစစ်သဒ္ဒါကို (အနက်အဓိပ္ပါယ်) နားလည်စေဘို့ရာ အရုပ် (အတု) လုပ်ပြအပ်သော သဒ္ဒါတု တည်း၊ နိစ္စ သမာသ် ဟူသော စကားသည် အစစ်သဒ္ဒါကို ရည်ရွယ်သော စကားဖြစ်၍ သဒ္ဒါအတု လုပ်ပြရာ (ရုပ်တွက်ရာ) ၌ကား ဥပနှင့် နဂရကို ခွဲ၍ သိဝိဘတ် သိဝိဘတ် သက်ပြနိုင်သည်၊ ထိုသို့ ပြမှလည်း ဥပ၌ လိင်္ဂတ္ထ အနက်ရှိကြောင်း နဂရ၌ သာမိအနက် ရှိကြောင်း သိသာလေသည်။

**နာမာနံ၊ ပေ၊ သဗ္ဗတ္ထဝတ္တတေ**—“အဗျယီဘော သမာသ်”စသည်ဖြင့် သမာသ်ကို စီရင်သော သုတ်များကား ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ, ဒွိပဒေ တုလျာဓိ ကရဏေ ကမ္မဓာရယော, အမာဒယော ပရပဒေဘိ,အညပဒတ္ထေသု ဗဟုဗ္ဗိဟိ, နာမာနံ သမုစ္စယောဒွန္ဒော”တို့တည်း၊ထိုသမာသ်စီရင်ရာသုတ်အားလုံးသို့ နာမာနံ သမာသော ယုတ္တတ္ထောသုတ် လိုက်သည်၊ [သင်္ချာပုဗ္ဗောဒိဂု, ဥဘေ တပ္ပုရိသာ သုတ်တို့သို့ကား ကမ္မဓာရည်း သမာသ် စီရင်သော သုတ်၏ နောက်လိုက် သုတ်များ ဖြစ်သောကြောင့် လိုက်ဘွယ်မလို။]

www.dhammaransi.com



တေဟောဝဥပသဂ္ဂနိပါတေဟိ–ထို ဥပသာရပုဒ် နိပါတ်ပုဒ်တို့နှင့်ပင်၊ သဟ– တက္ကနိစ္စံ–အမြဲ၊ သမသီယတေ–စပ်အပ်၏၊ သောသမာသော–သည်၊ အဗျယီဘာဝ သညော စ–အဗျယီဘော အမည်ရှိသည်လည်း၊ ဟောတိ၊ ဝါ–တနည်း၊ ဣဓ– ဤ သမာသ်ခဏ်း၌၊ အဗျယီဘာဝ ဒိ သညာဝိဓာယကသုတ္တာနေ ဝ–အဗျယီ– ဘော အစရှိသော အမည်ကို စီရင်သော သုတ်တို့ကိုပင်၊ သညာဝိဓာန မုခေန– သညာစီရင်ခြင်းကို အဦးပဓာန ပြုသဖြင့်၊ သမာသ ဝိဓာယကာနီတိ–သမာသ်ကို စီရင်နိုင်ကုန်၏ ဟူ၍၊ ဒဋ္ဌဗ္ဗာနိ–မှတ်ထိုက်ကုန်၏။

---

ဥပသဂ္ဂ၊ပေ၊သညော စ– "ဥပသဂ္ဂပုဗ္ဗကော၊ပေ၊သမသီယတေ" သည် တဝါကျ, "သော သမာသော အဗျယီဘာဝသညော စ" သည် တဝါကျ၊ ထိုတွင် ပဌမဝါကျဖြင့် သမာသ်စပ်ဘို့ရန် အစီအရင်ကိုပြ၏၊ ထိုသို့ ပြသဖြင့် ဥပ+နဂရသတို့ တသမာသ်ထည်း ဖြစ်သွားပြီ၊ (သမာသ်ဟု နာမည်ကား မမှည့်ရသေး၊ ထိုနာမည်ကို နာမာနံ သမာသော ယုတ္တတ္ထော သုတ်ကျမှ မှည့်လိမ့်မည်၊) ဒုတိယ ဝါကျဖြင့် ထိုသမာသ်ကို အဗျယီဘော ဟု နာမည် မှည့်သည်၊ ဤစကားစဉ်အရ ဤသုတ်ကို သမာသ် စီရင်သောကြောင့် ဝိဓိ သုတ်လည်းဟုတ်, သညာသုတ်လည်း ဟုတ်၏–ဟု မှတ်၊ ထို့ကြောင့် ရုပ်တွက်သည့် အခါ "ဤသုတ်ဖြင့် ဥပနှင့် နဂရသကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့်"ဟု ဆိုရသည်။

ဝုတ္တိဖွင့်ပုံ။ ။ဥပသဂ္ဂပုဗ္ဗကော နိပါတပုဗ္ဗကော တို့သည် သုတ္တဝုတ္တိ, နာမိကော ယုတ္တတ္ထောတို့သည် အနုဝတ္တနဝုတ္တိ၊ [နာမာနံ သမာသောသုတ်မှ နာမာနံ ပုဒ်သည်ပင် အနည်းငယ် ပြင်၍ "နာမိကော"ဟု လိုက်သည်၊ ထိုနာမိကော အရ နဂရသကဲ့သို့ နောက်ပုဒ်များကို ယူ၊ ဥပကဲ့သို့ ရှေ့ပုဒ်များကိုကား "အတ္တပုဗ္ဗကေဟိ တေဟေဝ ဥပသဂ္ဂ နိပါတေဟိ"အရ၌ ယူရသည်၊] ဤပုဒ်များကား ပက္ခိပနဝုတ္တိတည်း၊ တေဟေဝ၌ တ သဒ္ဒါဖြင့် ဥပသဂ္ဂနိပါတပုဗ္ဗကော၌ ဥပသာရ နိပါတ်ပုဒ်တို့ကို ညွှန်ပြ၍ တခြားဥပသာရ နိပါတ်မဟုတ်, ဤသုတ်၌ ပြခဲ့ပြီးသော ဥပသာရနိပါတ်များပင် ဟု ခိုင်မြဲစေဘို့ရာ "ဧဝ" ဟု သန္နိဋ္ဌာနာဝဓာရဏဖြင့် ပြသည်၊ နိစ္စံ သမသီယတေတို့လည်း ပက္ခိပနပင်၊နိစ္စသမာသ် ဖြစ်ကြောင်း သိစေလို၍ နိစ္စံ ဟု ထည့်ရသည်။

ဣဓ အဗျယီ၊ပေ၊ဒဋ္ဌဗ္ဗာနိ–ချာသနည်းကိုပြလို၍ "ဣဓ"စသည်ကိုမိန့်၊ ချာသ၌ နာမာနံ သမာသော ယုတ္တတ္ထောသုတ်မှ ယုတ္တတ္ထသဒ္ဒါကို မလိုက်စေဘဲ "သမာသော" ကိုသာ လိုက်စေ၍ (၂ ဝါကျလည်း မခွဲဘဲ) တဝါကျတည်း ဖွင့်၏၊ ထိုချာသအလို အားဖြင့် ဤသုတ်သည် အဗျယီဘော အမည်ကိုသာ မှည့်သော သညာသုတ်တည်း၊ သမာသ်စပ်ပေးမှုကိုကား တိုက်ရိုက် မစီရင်တော့ချေ၊ သို့သော် အမည်သညာကို လိုရင်း ပဓာနပြု၍ စီရင်လိုက်လျှင် သမာသ်ကိုလည်း အညထာနုပပတ္တိ အံ့စွမ်းဖြင့် စီရင်ပြီးတော့ သည်–ဟုဆိုလိုသည်၊ [ဥပနှင့် နဂရသကို "အဗျယီဘော"ဟု နာမည် မှည့်လိုက်လျှင်

www.dhammaransi.com



တတ္ထ–ထိုအဗျယီဘာဝေ ါ ဟူသော ပုဒ်၌၊ အဗျယမိတိ – အဗျယံဟူသော အမည်သည်၊ ဥပသဂ္ဂနိပါတာနံ–ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏၊ သညာ–အမည် တည်း၊ (ကသ္မာ–အဘယ့်ကြောင့်နည်း၊) လိင် ဝစနဘေဒေပိ–လိန်, ဝုစ် ကွဲပြား ပါသော်လည်း၊ ဗျယရဟိတတ္တာ–ပျက်ပြားခြင်းမှ ကင်းကုန်သည်၏ အဖြစ် ကြောင့်တည်း၊ အဗျယာနံ–အဗျယ မည်သော ဥပသာရပုဒ် နိပါတ်ပုဒ် တို့၏၊ အတ္ထံ–အနက်ကို၊ဝိဘာဝယတိ–ထင်ရှားစေတတ်၏၊ ဣတိ–ထို့ကြောင့်၊ အဗျယီ ဘာဝေ ါ–အဗျယီဘော သမာသ်မည်၏၊(ကသ္မာ–အဘယ့်ကြောင့်နည်း၊)အဗျ- ယတ္ထပုဗ္ဗင်္ဂမတ္တာ–အဗျယ အနက် ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်တည်း၊ ဝါ၊

---

ထိုအဗျယီဘော အမည်ရသော ဥပနဂရသဒ္ဒသည် ဝါကျ မဖြစ်သင့်—သမာသ်သာဖြစ် သင့်၏၊ ဤသို့ အခြားတမျိုး မဖြစ်သင့်ခြင်းကိုပင်“ အညထာနုပပတ္တိ” ဟု ခေါ်သည်၊ ဤနည်းကို ချာသ၌ ဤသုတ်မှာ မဖွင့်, နောက်သုတ်များ၌ ဖွင့်သည်၊ [ “ အညဿ သမာသ ဝိဓာယကဿာ ဘာဝါ ဣဒမ္ပိ သညာဝိဓာန မုခေန သမာသ ဝိဓာယကန္တိ ဒဋ္ဌဗ္ဗံ”—ဒွိပဒေ တုလျာဓိကရဏေသုတ် ချာသ။] ဤချာသအဖွင့်သည် “ဥပသဂ္ဂနိပါတ ပုဗ္ဗကော သမာသော အဗျယီဘာဝသညော ဟောတိ”ဟု ဖွင့်သော ကစ္စည်းဝုတ္တိနှင့် လျော်၏၊ ရူပသိဒ္ဓိဆရာကား ကစ္စည်းဝုတ္တိ ဖွင့်ပုံကို မလိုက်ဘဲ မိမိသဘောကျ ဖြစ်သင့် သလို ဖွင့်ပြသည်။

**အဗျယန္တိ၊ပေ၊ဗျယရဟိတတ္တာ** — [မြန်မာမူ၌ “ ဘေဒေပိ”ဟု ရှိသော်လည်း “ဝစနာဒိဘေဒေပိ န ဗျယတိ နတိဗ္ဗယတိ အဗျယံ”ဟု ဖွင့်ခဲ့သော နာမ်အဆုံး ဋီကာကို ထောက်၍ “ဘေဒေပိ”ဟု ရှိသော သီဟိုဠ်မူသာ ကောင်းသည်။] လိန် ၃ ပါးဝိဘတ် ၇ သွယ်တို့ကြောင့် ရုပ်အနေ မပျက်ရကား“ဝစနာဒိဘေဒေပိ—ဝုစ် စသည် (ဝုစ်-လိန်) ကွဲပြားပါသော်လည်း၊နဗျယတိ—မပျက်စီးတတ်”ဟူသော ဝိဂ္ဂြိဟ်နှင့်အညီ ဥပသာရပုဒ် နိပါတ်ပုဒ်များကို “အဗျယ”ဟု ခေါ်၏၊ [နာမ်အဆုံး၌ အကျယ်ဖွင့်ခဲ့ပြီ၊ [“လိင်ဝစန ဘေဒေပိ ဗျသရဟိတတ္တာ”ဟူသော ဟိတ်သည် အဗျယမည်ခြင်း၏ အကြောင်းပြဖြစ် သောကြောင့် “အဗျယန္တိ၊ပေ၊သညာ” ဟူသော ရှေ့ဝါကျ၏ဟိတ်တည်း။

**အဗျယာနံ၊ ပေ၊ ပုဗ္ဗင်္ဂမတ္တာ**— “အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ” ဟူသော ဟိတ်သည် “အဗျယာနံ အတ္ထံ ဝိဘာဝယတိ”ဟူသော ဝိဂ္ဂြိဟ်၏ဟိတ်တည်း။ [အဗျယဘူတပဒတ္ထ ပဓာနတ္တာ အဿသမာသဿ အဗျယတ္ထံဝိဘာဝယတီတိ ဝုတ္တံ”—ဋီကာ။] “ဥပနဂရံ- မြို့အနီး”ဟူရာ၌ နဂရအနက်သည် ပဓာနမဟုတ်, ဥပ အနက်သာ ပဓာန ဖြစ်၏၊ “ဥပနဂရံ”အရ မြို့ကို မရဘဲ မြို့၏ အနီးအပါးကို ရသည်-ဟူလို၊ ဤသို့ အဗျယဖြစ်သော ဥပပုဒ်၏ အနက်က ပဓာနဖြစ်သောကြောင့် ဤဥပနဂရံ ဟူသော သမာသ်သည် အဗျယ ပုဒ်၏ အနက်ကို ထင်ရှားပြတတ်၏၊ “ ထင်ရှားပြတတ် ” ဟူရာ၌ “အဗျယ ပုဒ်၏ အနက်ကို ဟောတတ်သည်—သိစေတတ်သည်”ဟု ဆိုလိုသည်။ [အဗျယီဘာဝ၌

www.dhammaransi.com



တနည်း၊ အနဗျယံ–အဗျယမဟုတ်သော ပုဒ်အပေါင်းသည်၊ အဗျယံ ဘဝတိ–အဗျယဖြစ်၏၊ ဣတိ, အဗျယီဘာဝေါ–မည်၏၊ ဟိ–မှန်၏၊ အဗျယီဘာဝေါ–အဗျယီဘောသမာသ်သည်၊ ပုဗ္ဗပဒတ္ထ ပဓာနော–ပြဋ္ဌာန်းသော ရှေးပုဒ် အနက်ရှိ၏၊ စ–ဆက်၊ ဧတ္ထ–ဤသမာသ်၌၊ ဥပသဂ္ဂ နိပါတ ပုဗ္ဗကောတိ–ဟူ၍၊ ဝုတ္တတ္တာ–သုတ်၌ ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ဥပသဂ္ဂနိပါတာနမေဝ–ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏သာ၊ပုဗ္ဗနိပါတော–ရှေး၌ကျခြင်းသည်၊(ဟောတိ)။

---

အဗျယသဒ္ဒူပပဒ ဘူဓာတ်,ကာရိတ် ဏေပစ္စည်း,ဏပစ္စည်း၊ ဏ် အနုဗန် ၂-ခုကိုချေ, ဥကို ဩဝုဒ္ဓိ, ဩကို အာဝပြု, ကာရိတ်(ဧ)ကို သုတ်ကြီးဖြင့်ချေ (အဗျယဘာဝ), ယဒနုပ ပန္နာ နိပါတနာ သိဇ္ဈန္တိသုတ်ဖြင့် ဤပစ္စည်း သက်, အဗျယီဘာဝ ဟု ဖြစ်၏၊ “အဗျယတ္တံ ဝိဘာဝယတိ” ဟူသော ဋီကာကိုထောက်၍ “အဗျယတ္တိဘာဝ” ဟု ဆိုလိုလျက် “ဣတ္တ”ပုဒ် ကျေသည်–ဟုလည်း ကြံ။]

**အနဗျယံ၊ပေ၊ပုဗ္ဗပဒတ္ထ၊ပေ၊ဘာဝေါ**—“ဥပနဂရံ”၌ နဂရသည် အဗျယ မဟုတ်–ရိုးရိုး နာမ်ပုဒ်ပင် ဖြစ်၏၊ သို့သော် ဥပ ဟူသော အဗျယပုဒ်၏ အနက်က ပဓာန ဖြစ်သောကြောင့် နဂရသည် ဥပ၏ ဝိသေသန အပဓာနသာဖြစ်၏၊အပဓာနပုဒ်မှန်လျှင် ပဓာနပုဒ်၏ သဘောသို့ လိုက်ရောရမြဲ ဖြစ်၏၊ ဤသို့လျှင် ၂-ပုဒ်လုံး အဗျယ မဟုတ်ဘဲ ရှေ့ တပုဒ်သာ အဗျယ ဖြစ်သော ပုဒ်အပေါင်းသည် အဗျယ အနက်က ပြဋ္ဌာန်းလျက် ရှိသောကြောင့် အဗျယချည်း ဖြစ်ရလေတော့သည်။ [“ပုဗ္ဗပဒံ အဗျယံ, ပရပဒံ အနဗျယံ၊ တဗ္ဗိသေသန (ထို အဗျယပုဒ်၏ အစွမ်းဖြင့်) ပဒသမုဒါယော (ပုဒ်အပေါင်းသည်၊ ဝါ–၂ ပုဒ်လုံးသည်) အနဗျယော အဗျယော ဘဝတီတိ အဗျယီဘာဝေါ”–ကာတန္တ ပဉ္စိကာ။]

**မှတ်ချက်။** ။“အနဗျယံ အဗျယံ ဘဝတိ”ဟု ဝိဂြိုဟ်ပြုရာ၌ အဘူတတဗ္ဘာဝ အနက် ထင်ရှားအောင် ပြုခြင်း-ဟု မှတ်၊ ထင်ရှားစေအံ့—အဗျယီ၌ ဤပစ္စည်း (သို့မဟုတ် စအနုဗန်ရှိသော စီ ပစ္စည်း) မျိုးသည် များသောအားဖြင့် အဘူတတဗ္ဘာဝ အနက်၌ သက်၏၊ ဤ၌ တပုဒ်က အဗျယ မဖြစ်သည်ကို “အဘူတ- အဗျယ မဟုတ်”ဟု ၎င်း, ထိုသို့ အဗျယ မဟုတ်သော်လည်း အဗျယ ပုဒ်နက် ပြဋ္ဌာန်းလျက်ရှိသောကြောင့် ၂ ပုဒ် လုံးပင် အဗျယ ဖြစ်ခြင်းကို“တဗ္ဘာဝ=ထို အဗျယ အဖြစ်ဖြင့် ဖြစ်ခြင်း”ဟု၎င်း ဆိုသည်၊ ထို့ကြောင့် ဝိဂြိုဟ်၌ အဘူတသဘော ထင်ရှားအောင် “အနဗျယံ”ဟု ဆို၍, တဗ္ဘာဝ သဘော ထင်ရှားအောင် “အဗျယံ ဘဝတိ”ဟု ဆိုသည်၊ ရုပ်ပြီးမှာ— “အဗျယသဒ္ဒူပ ပဒဘူဓာတ်, ဏ ပစ္စည်း သက်၍ ယခင် သုတ်ကြီးဖြင့် (ဤ) ပစ္စည်းသို့မဟုတ် “အဘူတ တဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရာစီ”ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် စီ ပစ္စည်း သက်၍ ပြီးသည်၊ ဤ ဒုတိယဝိဂြိုဟ်အလို ကာရိတ် ဏေ ပစ္စည်း မပါစေရ။

www.dhammaransi.com



(၃၃၀) **နာမာနံ၊ပေ၊ယုတ္တတ္ထော**။ ၃၁၆။ ပယုဇ္ဇမာန ပဒတ္ထာနံ–ယှဉ်စပ်ထိုက်သော ပုဒ်နက်ရှိကုန်သော၊ တေသံနာမာနံ–ထိုနာမ်ပုဒ်တို့၏ ယုတ္တတ္ထော–ပေါင်းအပ်, စပ်အပ်သော အနက်ရှိသော၊ ယော–အကြင်ပုဒ် အပေါင်းသည်၊ (အတ္ထိ)၊ သော–ထိုပုဒ်အပေါင်းသည်၊ သမာသသညော–သမာသ် အမည်ရှိသည်၊ ဟောတိ၊ တဒညံ–ထို သမာသ်မှ တပါးသော ပုဒ်အပေါင်းသည်၊ ဝါကျံ–ဝါကျမည်၏၊ ဣတိ–ဤသို့၊ ရူဠှ–တက်ရောက်၏၊ ဝါ–ထင်ရှား၏၊

---

**ဧတ္ထစ ၊ပေ၊ နိပါတာနမေဝ ပုဗ္ဗနိပါတော**– "ဥပသဂ္ဂ နိပါတပုဗ္ဗကော" ဟု သုတ်၌ ဆိုသောကြောင့် ဤသမာသ်ဝယ် ဥပသာရပုဒ် နိပါတ်ပုဒ်များ ရှေ့၌ နေကြရမည်၊ ရှေ့၌ နေရုံသာ မက, ထို ဥပသာရ နိပါတ်တို့၏ အနက်က ပဓာနလည်း ဖြစ်ရမည်၊ ဤ အဓိပ္ပါယ်အတိုင်း "ပုဗ္ဗကော" ဝယ် ကုလူပဂေါ မှ ဂ ကို က ပြုသကဲ့သို့ ပုဗ္ဗဂေါမှ ဂကိုလည်း ကပြု၍ ပြီးသော ပုဗ္ဗကောတပုဒ်ကို ချေထားသည် (သို့မဟုတ် ကေသေသ် လုပ်ထားသည်) ဟု ဋီကာ တနည်းကြံသည်၊ "ဥပသဂ္ဂေါစ နိပါတောစ ပုဗ္ဗကော ပုဗ္ဗဂေါ ယဿာတိ ဥပသဂ္ဂ နိပါတ ပုဗ္ဗကော" ယဿ– အကြင် သမာသ်၏၊ ပုဗ္ဗကော– ရှေးလည်းကျသော၊ ပုဗ္ဗဂေါ–ပြဋ္ဌာန်းလည်း ပြဋ္ဌာန်းသော၊ ဥပသဂ္ဂေါစ–သည်၎င်း၊ နိပါတောစ–သည်၎င်း၊ အတ္ထိ၊ ဤဝိဂ္ဂြိုဟ်အရ "၁–ဥပသာရပုဒ် နိပါတ်ပုဒ် ရှေးရှိခြင်း ၂–ထို ပုဒ်တို့၏ ပြဋ္ဌာန်းခြင်း" ဤ လက္ခဏာ ၂ ပါး ညီညွတ်မှ အဗျယီဘော သမာသ် မည်သည်၊ သုဂန္ဓော အသမေဘာ စသည်၌ ဥပသာရ နိပါတ် ရှေးရှိသော်လည်း ထို ပုဒ်တို့၏ အနက်က ပဓာန မဟုတ်သောကြောင့် အဗျယီဘော မမည်ဟု မှတ်။

(၃၃၀) **တေသံနာမာနံ ပယုဇ္ဇမာနပဒတ္ထာနံ**–ရညော ပုဒ် ပုရိသော ပုဒ်တို့ကို ပဒ, ထို ပုဒ်၏ မင်းဒြဗ်–ယောကျ်ားဒြဗ် တည်းဟူသော အနက်တို့ကို ပဒတ္ထဟု ခေါ်၏၊ ထိုမင်း+ယောကျ်ား အနက် ၂ ရပ်သည် ဝိသေသန ဝိသေသျအဖြစ်ဖြင့် တွဲဘက်၍ ပါဠိလို "ရညော+ပုရိသော" မြန်မာလို "မင်း၏+ယောကျ်ား" ဟု ပြောဆို သုံးစွဲနိုင်၏၊ ထိုသို့ တွဲဘက်ယှဉ်စပ်၍ သုံးစွဲအပ်ခြင်းကို "ပယုဇ္ဇမာန" ဟု ခေါ်၏၊ထိုသို့ တွဲဘက် ယှဉ်စပ်၍ သုံးစွဲရိုးအနက်ရှိသော "ရညော+ပုရိသော" စသော ပုဒ်များကို "ပယုဇ္ဇမာနပဒတ္ထ" ဟု ခေါ်သည်၊ ထို ပယုဇ္ဇမာနပဒတ္ထရှိသော နာမ်ပုဒ် အပေါင်းသည် သမာသ် မည်၏၊ ဤစကားအရ ဤသုတ်သည် သမာသ်အမည်မှည့်သော သုတ်တည်း–ဟု ဆိုလိုသည်။

**ပယုဇ္ဇမာနပဒတ္ထနှင့် ယုတ္တတ္ထအထူး**။ ။ပယုဇ္ဇမာနပဒတ္ထာနံ နာမာနံ အရလည်း ယှဉ်စပ် အပ်သော ပုဒ်နက်ရှိသော ပုဒ်အပေါင်းရ၍ ယုတ္တတ္ထောအရလည်း ပေါင်းစပ် အပ်သော အနက်ရှိသောပုဒ်အပေါင်းပင်ရသောကြောင့် ပယုဇ္ဇမာနပဒတ္ထာနံ နာမာနံ ဟူသော သမ္ဗန်နှင့် ယုတ္တတ္ထော ဟူသော သမ္ဗန္ဓီ ပုဒ်တို့သည် အရ မပြားသည် မဟုတ်ပါလောဟု စောဒနာဘွယ် ရှိ၏၊ အဖြေကား–ပယုဇ္ဇမာန ပဒတ္ထာနံ အရ၌ တကယ် ယှဉ်စပ်နေသော "ရာဇပုရိသော" ပုဒ်မျိုးကို မရသေး, ယှဉ်စပ်အပ် ယှဉ်စပ်နိုင် ယှဉ်စပ် လျှင် သင့်တော်မည့် "ရညော+ပုရိသော" ဟူသော ဝါကျမျိုးကိုသာ ရ၏၊ ယုတ္တတ္ထော

www.dhammaransi.com



နာမာနိ–နာမ်တို့ ဟူသည်၊ သျာဒိဝိဘတျန္တာနိ–သိ အစရှိသော ဝိဘတျန္တပုဒ်တို့တည်း၊ ယော–အကြင် ပုဒ်အပေါင်းကို၊ သမသီယတိ–ချုံးချဉ်းအပ်၏၊ ဣတိ, သော–သည်၊ သမာသော–သမာသ် မည်၏၊ သင်္ခိပီယတိ–ချုံးချဉ်းအပ်၏၊ဣတိ အတ္တော၊ဟိ–သာဓကကား၊သမာသော၊ပေ၊မန္တရိတ္ထိ–"သမာသော၊ပေ၊မန္တရိံ" ဟူ၍ ဝုတ္တံ–ရှေးဆရာတို့ဆိုအပ်ပြီ၊ [ပဒသင်္ခေပေ–ပုဒ်တို့ကို ချုံးချဉ်းခြင်းသည်၊

---

အရ၌ကား တကယ့်ကိုယ် ယှဉ်စပ်အုပ် ယှဉ်စပ်နေသော "ရာဇပုရိသော" ဟူသောပုဒ်မျိုးကို ရသည်၊ ထို့ကြောင့် ပယုဇ္ဇမာန ပဒတ္ထာနံဟူသော သမ္ဗန်နှင့် ယုတ္တတ္ထော ဟူသော သမ္ဗန္ဓိပုဒ်တို့သည် အနက်အရ မတူကြချေ။ ["ပယုဇ္ဇမာန ပဒတ္ထာနန္တိ–၊ပေ၊ ရညောပုသော တျာဒိဝါကျေ အဘိန္နတ္ထာနံ နာမာနံ ယော ယုတ္တတ္ထဘူတော ရာဇပုရိသော တျာဒိကော ပဒသမုဒါယော"–ဋီကာ။]

**တဒည် ဝါကျန္တိ ရှုန်**—"ရာဇပုရိသော" စသည်ကဲ့သို့ သမာသ် မဟုတ်သော "ရညော+ပုရိသော စသော ပုဒ်အပေါင်းကား "ဝါကျ"ဖြစ်ကြောင်း ထင်ရှားပြီဟူလို၊ ဤဝါကျမျိုးကား "ပုရိသော မာ ဂစ္ဆတိ" စသေပ ကျမ်းဂန်တို့၌ သုံးစွဲသော ဝါကျမျိုး မဟုတ်, သမာသ်ပုဒ်၏ အနက်ကို ပြသော သမာသ်ဝါကျ တမျိုးဖြစ်သည်၊ [အတ္ထံ–သမာသ်ပုဒ်အနက်ကို၊ ဂမေတိ–ဟောပြောတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဝါကျံ–ဝါကျ မည်၏။] ထိုဝိဂ္ဂြိုဟ်ဝါကျသည် လောကိယဝါကျ အလောကိယဝါကျဟု ၂ မျိုး ရှိ၏၊ ထိုတွင် ပြယုဂ်ထုတ်ထိုက်သော ရုပ်ပြီးပြီးသော ဝါကျသည် လောကိက ဝါကျ မည်၏၊ [လောက၌ ထင်ရှားသော (အများသိပြီးဖြစ်သော) ဝါကျ–ဟူလို၊] ပုံစံကား— "ရညော+ပုရိသော"တည်း၊ ပြယုဂ်ထုတ်ရာ၌ အသုံးမပြုရသော ရုပ် မပြီးသေးသော ဝါကျသည် အလောကိက ဝါကျမည်၏၊ပုံစံကား"ရာဇ–သ+ပုရိသ သိ"စသည်တည်း၊ သမာသ်အမည်ကား ဤအလောကိက ဝါကျ အခိုက်၌ မှည့်ရသည်။ [တံဝါကျံ ဒွိဓာ လောကိကမလောကိကဉ္စ၊အာဒိမံ ပယောဂါရဟံ ပရိနိဋ္ဌိတံ သာဓု၊ ယထာ– "ရညော+ပုရိသော"တိ၊ ဒုတိယံ အပရိနိဋ္ဌိတံ ပယောဂါနာရဟံ သာဓု၊ ယထာ– "ရာဇ–သ+ပုရိသ–သိ"ဣတိ၊ သမာသသညာဒိကံစ တသ္မိံ ယေဝ ပဝတ္တတိ၊–လဃု– ဘာသာ။]

**နာမာနိ သျာဒိ ဝိဘတျန္တာနိ**—"လိင်္ဂံ နာမံ ပါဋိပဒိကံ သမံ"၌ ဝိဘတ် မသက် ရသေးသော လိင်ကိုသာ "နာမ်"ဟု ခေါ်ရသော်လည်း "တေသံ ဝိဘတ္တိယော လောပါစ"သုတ်က ဝိဘတ်ကို ချေလတ့်ဖြစ်သောကြောင့် ဤသုတ်လာ နာမာနံအရ၌ကား ဝိဘတျန္တ နာမ်ပုဒ်ကိုသာ ယူရမည်ဟုရင်း, နာမ်အာချာတ်, ဥပသာရ, နိပါတ် ၄ မျိုးခွဲရာ၌ ဥပသာရနိပါတ်တို့သည် နာမ်ပုဒ်မှ သီးခြားဖြစ်သော်လည်း ဤသုတ်၌ကား ဥပသာရနိပါတ်တို့လည်း နာမ်ဝိဘတ်နှင့်ယှဉ်ကြသဖြင့် နာမာနံအရ၌ နာမ်ပုဒ်အဖြစ်ဖြင့် ပါဝင်ကြသည်–ဟုရင်း သိစေလိုသောကြောင့် "သျာဒိဝိဘတျန္တာနိ"ဟု ဖွင့်သည်။

**သမသီယတိ၊ပေ၊ တျတ္တော**–သံပုဗ္ဗ အသုဓာတ် တေဝိဘတ်ကို တိပြန်စေ, ယ ပစ္စည်းဖြင့် "သမသီယတိ"ဟု ပြီး၏၊ ဋီကာ၌ကား "သမသတေ"ရှိ၏၊ ယ ပစ္စည်းကို

www.dhammaransi.com



သမာသော–သမာသ်မည်၏၊ ပဒ ပစ္စယသံဟိတံ–ပုဒ်နှင့် ပစ္စည်းတို့ စပ်ယှဉ်ခြင်းသည်၊ တဒ္ဓိတံနာမ–တဒ္ဓိတ် မည်သည်၊ ဟောတိ–၏၊ ဧဝံ–ဤသို့၊ တေသံ–ထိုသမာသ် တဒ္ဓိတ်တို့၏၊ အန္တရံ–အထူးကို၊ ဝိညေယျံ–သိထိုက်၏။]

စ–ဆက်၊အသ–ထို ပုဒ်အပေါင်းကို၊ သမသနံ–ချုံးခြင်းသည်၊သဒ္ဒသမသနံ–သဒ္ဒါကို ချုံးခြင်းရှင်း၊ အတ္ထသမသနံ–အနက်ကိုချုံးခြင်းရှင်း၊ (ဣတိ) ဒုဝိဓံ၊ တဒုဘယမ္ပိ–ထို ၂-မျိုးလုံးကိုလည်း၊ လုတ္တသမာသေ–လုတ္တသမာသ်၌၊ ပရိပုဏ္ဏမေဝ–အပြည့် အစုံပင်၊ လဗ္ဘတိ–ရအပ်၏၊ အလုတ္တ သမာသေပန–အလုတ္တ သမာသ်၌ကား၊ အတ္ထသမသနမေဝ–အနက်ချုံးခြင်းကိုသာ၊ (လဗ္ဘတိ,ကသ္မာ)

---

ပုံဗ္ဗရုပ် သပြုလေ၊ နျာသဠ္ဌမှု "သမာသ" ဟူသော နာမ်ပုဒ်နောင် "ဓာတုရူပေ နာမသ္မာ ဏယော စ"သုတ်ဖြင့် ကရဓာတ်၏ အနက်၌ ဏယပစ္စည်းသက်, ယ ပစ္စည်း ဤ အာဂုံလာ၍ "သမာသယီယတိ"ဟု ပါဠိရှိကြောင်း ဋီကာဖွင့်သည်၊ "သမာသယီယတိ-ချုံးစပ်မှုကို ပြုအပ်၏"ဟု ပေး၊"သံပုဗ္ဗအသုဓာတ်သည် အကျဉ်းချုံးခြင်း အနက်ဟောတည်း"ဟု သိစေလိုသောကြောင့် သမသီယတိကို "သံခိပီယတိ"ဟု ဖွင့်သည်၊ ထင်ရှားစေအံ့— "ရညော+ပုရိသော"ဟူသော ဝါကျ အခိုက်၌ စာ အနေလည်း ကျယ်၏၊ ရညောအရ မင်းဒြဗ်, ပုရိသော အရ ယောကျ်ားဒြဗ် ရသောကြောင့် အနက် အရလည်း ၂-ခုဖြစ်၍ကျယ်၏၊"ရာဇပုရိသော"ဟု သမာသ် စပ်လိုက်သည့်အခါ၌ကား ရာဇ အတွက် ဝိဘတ် သီးခြား မသက်ရတော့သဖြင့် စာနေကျဉ်း၏၊ ရာဇပုရိသအတွက် "မင်းချင်း ယောကျ်ားဒြဗ်" တခုသာ ရသောကြောင့် အနက် အရလည်း ကျဉ်း၏၊ ဤသို့လျှင် ကျယ်နေရာမှ ကျဉ်းအောင် ချုံးအပ် ချုံးအပ်သော ပုဒ်အပေါင်းကို "သမာသ"ဟုဆိုသည်၊ ပုဒ်အပေါင်းက သမာသ် မည်လျှင် ထို ပုဒ်အပေါင်း၏ အနက်သည်လည်း "သမာသ"ပင်တည်း။

**သမာသော၊ ပေ၊ တေသမန္တရံ**—ကား သမသီယတိကို သံခိပီယတိ ဖွင့်ရာ၌ သာဓက ဂါထာတည်း၊ ထို ဂါထာဝယ် "သမာသော ပဒသခ်ေပေါ"သာ လိုရင်း သာဓကဖြစ်၏၊ "သမာသော ပဒသခ်ေပေါ-ပုဒ်အများကို ချုံးချဉ်းခြင်းသည် သမာသ် မည်၏"ဟု ရှေးဆရာတို့ မိန့်သောကြောင့် သမသီယတိကို သံခိပီယတိဟု ဖွင့်ရသည်-ဟူလို၊ ဤသို့ သာဓက ပြရင်းပင် သမာသ် နှင့် တဒ္ဓိတ် အထူးကိုလည်း "တချက်ခုတ် ၂-ချက်ပြတ်" ပြလိုသောကြောင့် "ပဒ ပစ္စယ သံဟိတံ" စသည်ကို မိန့်ပြန်သည်၊ ရညော+ပုရိသောကဲ့သို့ ၂-ပုဒ်ကိုဖြစ်စေ "ဆန္ဒတာစ ပတိတာစ ဥဠာပါစ" ကဲ့သို့ ပုဒ်အများကို ဖြစ်စေ တပုဒ်ထည်းဖြစ်အောင် ချုံးချဉ်းခြင်းသည် သမာသ် မည်၏၊ "ဝသိဋ္ဌဿ" ဟူသော နာမ်ပုဒ် နှင့် ဏပစ္စည်းကို "ဝါသိဋ္ဌော"ဟု တပုဒ်ထည်း ဖြစ်အောင် ပေါင်းစပ်ခြင်းသည် တဒ္ဓိတ်မည်၏၊ ဤသို့ သမာသ်၏ ပုဒ်အများကို ပေါင်းစပ် ချုံးချဉ်းခြင်း-တဒ္ဓိတ်၏ပုဒ်နှင့် ပစ္စည်းကို ပေါင်းစပ်ခြင်းသည် သမာသ်နှင့် တဒ္ဓိတ်တို့၏ ထူးခြားချက်တည်း။

www.dhammaransi.com



ဝိဘတ္တိလောပါဘာဝတော–ဝိဘတ်ကျေမှုမရှိခြင်းကြောင့်တည်း၊ ဝါ–တနည်း၊ တတ္ထာပိ–ထို အလုတ္တသမာသ်၌လည်း၊ ဧကပဒတ္တူပဂမနတော – တပုဒ်ထည်း အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်၊ ဒုဝိဓမ္ပိ–၂ ပါး အပြားရှိသော ချုံးခြင်း ကိုလည်း၊ လဗ္ဘတေဝ–ရအပ်သည်သာ၊ ဟိ–မှန်၏၊ သမာသဿ–သမာသ်၏၊ ပယောဇနာနိ–အကျိုးတို့သည်၊ ဧကပဒတ္တံ–တပုဒ်ထည်း အဖြစ်ရင်း၊ ဧက-ဝိဘတ္တိတ္တဉ္စ-တဝိဘတ်ထည်း ရှိသည်၏အဖြစ်ရင်း၊ ဣတိ-သို့၊ ဒွေ-၂ ပါးတို့တည်း။

ယုတ္တော–ပေါင်းအပ် စပ်အပ်သော၊ အတ္ထော–အနက်တည်း၊ ယုတ္တတ္ထော–ပေါင်းအပ် စပ်အပ်သော အနက်၊ အထဝါ–တနည်းကား၊ ယဿ–အကြင် ပုဒ်အပေါင်း၏၊ ယုတ္တော သင်္ဂတော – ပေါင်းအပ်သော၊ [ ဝါ – တနည်း၊

---

ဒုဝိဓမ္ပိ၊ပေ၊အတ္ထသမသနဉ္စ—"ရာဇပုတ္တော" စသော သမာသ်များ၌ ရာဇ နောင် သဝိဘတ်ကျေသဖြင့် သဒ္ဒါကျဉ်းသွား၏၊ ထို့ကြောင့် "ရာဇပုတ္တော"ဟူသော သမာသ်၌ သဒ္ဒါချုံးခြင်းဖြစ်၏၊ "မင်းဒြဗ်+သားဒြဗ်" ဟု အနက် ၂-ပါး မရတော့ဘဲ "မင်းသားဒြဗ်" တနက်ထည်း ရသောကြောင့် အနက် ချုံးခြင်းလည်း ဖြစ်၏၊ သဒ္ဒါ ချုံးခြင်းကို သဒ္ဒသမာသ်, အနက်ချုံးခြင်းကို အတ္ထသမာသ်ဟုလည်း ခေါ်စမှတ်ပြုကြ သည်၊ [အနက်ပေးရာ၌လည်း မြန်မာ သမာသ်သံပါအောင်"ရာဇပုတ္တော-မင်းသား၊ ဥပနဂရံ–မြို့အနီး၊ မဟာပုရိသော – ယောကျ်ားမြတ်၊ ဘူမိဂတော – မြေသွားသူ" စသည်ဖြင့် ပေးသင့်၏၊ ယခုကာလ၌ကား "မြေသို့ သွားသူ"ဟု ဝါကျနက်အတိုင်း ပေးနေကြသဖြင့် သမာသ် ရည်ရွယ်ချက်နှင့် မထပ်မိဘဲ ရှိရသည်။]

တဒုဘယမ္ပိ၊ပေ၊လဗ္ဘတေဝ—ရာဇပုတ္တော စသည်သည် ရာဇ စသော ရှေ့ပုဒ်ဝယ် ဝိဘတ်ကျေသောကြောင့် လုတ္တသမာသ် (ဝိဘတ် ကျေခြင်းရှိသော သမာသ်) မည်၏၊ "ဂဝံပတိ"စသည်ကား ဂဝံ၌ နံဝိဘတ် မကျေသောကြောင့် အလုတ္တသမာသ် မည်၏၊ ထိုတွင် လုတ္တသမာသ်၌ (ဝိဘတ်ကျေသည့်အတွက်) သဒ္ဒါချုံးခြင်းလည်း ရနိုင်, တနက် ထည်း ဖြစ်သွားသည့်အတွက် အနက် ချုံးခြင်းလည်း ရနိုင်၏၊ အလုတ္တသမာသ်၌ကား ဝိဘတ် မကျေသည့်အတွက် သဒ္ဒါချုံးခြင်းကို မရ, အနက်ချုံးခြင်းသာ ရသည်၊ တနည်း အလုတ္တသမာသ်၌ ဝိဘတ်မကျေသော်လည်း ဝါကျတုန်းကကဲ့သို့ ဂဝံတပုဒ် ပတိတပုဒ် ဟု ၂-ပုဒ်မကွဲ "ဂဝံပတိ"ဟု တပုဒ်ထည်းသာ ဖြစ်သောကြောင့် သဒ္ဒါကျုံ့သွား၏၊ ထို့ကြောင့် အလုတ္တသမာသ်၌လည်း သဒ္ဒါချုံးခြင်း အနက်ချုံးခြင်း ၂-မျိုးလုံးပင် ရသည်။

ဒွေဟိ၊ပေ၊ဧကဝိဘတ္တိတ္တဉ္စာတိ—ဤစကားကား "ဧကပဒတ္တူပဂမနတော" ကို ခိုင်မြဲအောင် ပြသော ဒဠှီကရဏဝါကျတည်း၊ "ရာဇပုတ္တော"စသည်ဖြင့် သမာသ် စပ်ရခြင်း၏ အကျိုးကား ရညော နှင့် ပုတ္တော ၂-ပုဒ်တို့ တပုဒ်ထည်းဖြစ်ခြင်း—"ရညော+ ပုတ္တော"ကဲ့သို့ ၂-ဝိဘတ် မရှိစေဘဲ "ရာဇပုတ္တော"ဟု တဝိဘတ်သာ ရှိခြင်းအားဖြင့်

www.dhammaransi.com



ယုတ္တော သမ္ဗန္ဓော–စပ်အပ်သော၊] အတ္တော–အနက်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ, သော–ထိုပုဒ်အပေါင်းသည်၊ ယုတ္တတ္တော–မည်၏၊ သင်္ဂတတ္ထေန–သင်္ဂတ အနက်ရှိသော၊ စေတေန ယုတ္တတ္ထဝစနေန–ဤ ယုတ္တတ္ထသဒ္ဒါဖြင့်၊ ဘိန္နတ္ထာနံ–ကွဲပြားသော အနက်ရှိသော ရှေ့ပုဒ်နောက်ပုဒ်တို့၏၊ ဧကတ္ထီဘာဝေါ–တခုသော အနက်ရှိသည်၏ အဖြစ်သည်၊ သမာသလက္ခဏံ–သမာသ် လက္ခဏာတည်း၊ ဣတိ–သို့၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ။

---

အကျိုး ၂-မျိုး ရှိသည်၊ ဤသို့ သမာသ် အကျိုး ၂-မျိုးပြရာဝယ် ဧကပဒတ္တ (တပုဒ်ထည်း ဖြစ်ရခြင်း)ဟူသော အကျိုးလည်း ပါဝင်ရကား "ဂဝံပတိ" စသော အလုတ္တသမာသ်များလည်း "ဂဝံ+နံ+ပတိ+သိ"ဟု ဝိဘတ် ၂-မျိုး ရှိစေကာမူ ပုဒ်အားဖြင့် တပုဒ်ထည်းသာ ဖြစ်သောကြောင့် "ဧကပဒတ္တူပဂမနတော"ဟု ရှေ့ဝါကျ၌ ပြခဲ့သော စကားသည် အမှန်ပင်ဖြစ်သည်-ဟူလို၊ [ဤ "ဒွေဟိ သမာသဿ" စသော စကားဖြင့် သမာသ် စပ်ရခြင်း၏ အကျိုး ၂-မျိုးကို မှတ်ပါ၊ ထိုတွင် ဂဝံပတိစသည်၌ အကျိုးတမျိုးသာရ၍ ရာဇပုတ္တော စသည်၌ အကျိုး ၂-မျိုးလုံးပင် ရသည်၊ ချာသဒ္ဒကား သမာသ် စပ်ရခြင်း အကျိုး ၆-မျိုးမျှ ပြ၏၊ ထို ၆-မျိုးကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

[သာရသ္ဗတ္ထဋီကာ] ဝိဘတ္တိ လုပ္ပတေ ယတ္ထ, တဒတ္ထောတု ပတီယတေ၊
ဧကပဒံ့ ပဒါနံစ, သ သမာသောဘိဓိယတေ။

ယတ္ထ–အကြင် ပုဒ်အပေါင်း၌၊ ဝိဘတ္တိ–ဝိဘတ်ကို၊ လုပ္ပတေ–ချေထားအပ်၏၊ တု–ထိုသို့ ဝိဘတ်ကို ချေထားအပ်သော်လည်း၊ တဒတ္ထော–ထို ကျေလေပြီးသော ဝိဘတ်နက်ကို၊ ပတီယတေ–သိအပ် သိနိုင်၏၊ ပဒါနံ–၂-ပုဒ် ၃-ပုဒ် စသည်တို့၏၊ ဧကပဒံ့စ–တပုဒ်ထည်း အဖြစ်သည်လည်း၊ ဟောတိ–၏၊ သ–ထို ပုဒ်အပေါင်းကို။ သမာသော–ဟူ၍၊ အဘိဓိယတေ–ဆိုအပ်၏။

**ယုတ္တော အတ္ထော ယုတ္တတ္ထော**—ဤ ဝိဂ္ဂဟ်သည် သီဟိုဠ်မူ၌ မပါ, ချာသဒ္ဒကား ရှိပေသည်၊ ဤဝိဂ္ဂဟ်အလို "နာမာနံ–နာမ်တို့၏၊ ယုတ္တတ္တော–ပေါင်းအပ် စပ်အပ်သော အနက်သည်၊ သမာသော–သမာသ်မည်၏"ဟု သုတ်နက်ပေး၊ "ရာဇပုတ္တော–မင်းသား"ဟူရာ၌ မင်းဒြဗ် နှင့် သားဒြဗ် ၂-ခု ပေါင်းထားသည်ကို "ယုတ္တတ္ထ–ပေါင်းစပ်အပ်သော အနက်"ဟု ဆိုသည်၊ ဤသို့ အနက်က သမာသ် ဖြစ်သော်လည်း "နာမာနံ သမာသော ယုတ္တတ္ထော"သုတ်သည် အနက်ကို သမာသ် မှည့်လိုသော သုတ်မဟုတ်, ရာဇပုတ္တောကဲ့သို့သော သဒ္ဒါကိုသာ သမာသ် မှည့်သော သုတ်တည်း၊ ထို့ကြောင့် ယုတ္တတ္ထောအရ အနက်ကိုရသော်လည်း အနက်ကို အကြောင်းပြု၍ ရာဇပုတ္တောသဒ္ဒါလည်း ကာရဏူပစာရအားဖြင့်ယုတ္တတ္ထဖြစ်တော့သည်သာ၊ ဤသို့ ယုတ္တတ္ထ ဖြစ်လျှင် သမာသ်အမည်လည်း ရတော့သည်သာ။

www.dhammaransi.com



**အထဝါ၊ပေ၊ယုတ္တတ္ထော**—ပဌမနည်း၌ ယုတ္တတ္ထအရ သဒ္ဒါကို တိုက်ရိုက်မရသောကြောင့် သဒ္ဒါကို တိုက်ရိုက်ရအောင် တနည်းပြလိုရကား အထဝါစသည်ကို မိန့်၊ ဤနည်း၌လည်း "ယုတ္တော သင်္ဂတော သမ္ဗန္ဓော ဝါ ယဿ"ဟု သီဟိုဠ်မူရှိ၏၊ မြန်မာမူ၌ "သမ္ဗန္ဓော ဝါ"မပါ၊ နောက်၌ "သမ္ဗန္ဓတ္ထေန ယုတ္တတ္ထဂ္ဂဟဏေန"ဟု ဆိုလတံ့ဖြစ်သောကြောင့် "သမ္ဗန္ဓောဝါ"ပါသော မူသာ ရှေ့နောက်ညီသည်၊ ယုတ္တတ္ထောကို သင်္ဂတော ဟုရင်း သမ္ဗန္ဓောဟုရင်း ၂-နည်း ဖွင့်၏၊ ရာဇအရ မင်းဖြစ်, ပုတ္တ အရ သားဖြစ်, ဤအနက် ၂-ခုကိုပေါင်း၍ "မင်းသားဖြစ်"ဟု တနက်ထည်း ရသည်ကို "ယုတ္တော သင်္ဂတောပေါင်းအပ်"ဟု ဆိုသည်၊ မင်းဖြစ်နှင့် သားဖြစ်, အနက် ၂-ခုကို ဖက်စပ်၍ မင်းသားဖြစ် တနက်ထည်းရသည်ကို "ယုတ္တော သမ္ဗန္ဓော-စပ်အပ်"ဟု ဆိုသည်၊ ဤအဖွင့်နှင့်ညီအောင် "ယုတ္တတ္ထော—ပေါင်းအပ်, စပ်အပ်သော အနက်ရှိသော ပုဒ်အပေါင်းသည်"ဟု သုတ်နက်ပေး။

**သင်္ဂတတ္ထေန၊ပေ၊ဝုတ္တံ ဟောတိ**—"ရညော+ပုရိသော"ဟူသော ဝါကျအခိုက်၌ "မင်းဖြစ်+ယောကျ်ားဖြစ်"ဟု အနက် ၂-မျိုး ရသည်ကို "ဘိန္နတ္ထ-ကွဲပြားသော အနက်ရှိသော ပုဒ်များ"ဟု ဆိုသည်၊ ထိုသို့ ဝါကျအခိုက်၌ ကွဲပြားသော်လည်း "ရာဇပုရိသော"ဟု သမာသ် ဖြစ်သည့်အခါ ၂-နက် မပြားတော့ဘဲ "မင်းချင်းယောကျ်ားဟု တနက်ထည်းသာ ရှိခြင်းကို "ဧကတ္ထ—တခုထည်းသော အနက်ရှိသော ပုဒ်အပေါင်း"ဟုဆိုသည်၊ ဤသို့ နဂိုရ်ကွဲပြားနေရာမှ တနက်ထည်း ဖြစ်သွားခြင်းသည် အနက် ၂-ခုကို ပေါင်းလိုက်မှုကြောင့် ဖြစ်၏၊ ထို့ကြောင့် နာမာနံ သမာသော ယုတ္တတ္ထော၌ သင်္ဂတ အနက်ရှိသော ဤ ယုတ္တတ္ထ သဒ္ဒါဖြင့် "နဂိုရ် ကွဲပြားနေသော ရှေ့ပုဒ် နောက်ပုဒ်တို့၏ တနက်ထည်း ဖြစ်သွားခြင်းသည် သမာသ်၏ အမှတ်လက္ခဏာ ဖြစ်သည်" ဟု အရှင်ကစ္စည်းထေရ် မိန့်တော်မူလိုရင်း ဖြစ်သည်။

**သမာသ်လက္ခဏာ။** ။လက္ခဏာ ဟူသည် အများနှင့် မတူကွဲပြား ထူးခြားသော အမှတ်အသားတည်း၊လူအများ စုနေရာမှ"မျက်နှာ၌ အမာရွတ်ကြီးနှင့် လူကိုခေါ်ချေ" စသည်ဖြင့် ခိုင်းရာ၌ အမာရွတ်သည် အများနှင့် မတူသော အမှတ်လက္ခဏာ ဖြစ်သကဲ့သို့တည်း၊ ဤ"ဘိန္နတ္ထာနံ ဧကတ္ထီဘာဝေါ"အရ နဂိုရ်က အနက် အရချင်း မတူသော ရှေ့ပုဒ် နောက်ပုဒ်တို့၏ တနက်ထည်း ဖြစ်ရခြင်းသည် တဒ္ဓိတ်၌လည်း မရှိ-အာချာတ် ကိတ်တို့၌လည်းမရှိ, သမာသ်၌သာ ရှိသည်၊ ထို့ကြောင့် အနက် အရ မတူကြသော ("မဟန္တော+ပုရိသော"ကဲ့သို့ ဝိသေသန ဝိသေသျ၌သော်မှ မဟန္တောအရ အမြတ်ဂုဏ်ကို ပဓာန ရ၍ ပုရိသော အရ ယောကျ်ားဖြစ်ကိုရသဖြင့်အနက်ချင်းမတူကြသော) ပုဒ်တို့၏"မဟာပုရိသော"စသည် ဖြစ်သောအခါ "ယောကျ်ားမြတ်"တည်းဟူသော တနက်ထည်း ရရှိခြင်းသည် တဒ္ဓိတ် အာချာတ် ကိတ်တို့မှ ထူးခြားသော သမာသ်၏ အမှတ်အသား လက္ခဏာဖြစ်သည်။ [ဧကတ္ထဿ—တခုသော အနက်ရှိသော ပုဒ်အပေါင်း၏၊ ဘာဝေါ—ဖြစ်ကြောင်း ဖြစ်ရာ အနက် တခုသာ ရှိခြင်းသည်၊ ဧကတ္ထဘာဝေါ—မည်၏၊ သီဟိုဠ်မူ၌ "ဧကတ္ထဘာဝေါ"ဟုပင်ရှိ၏၊ မြန်မာမူ၌ကား တပ္ပါကဋ္ဌီကရဏ စသော ပုဒ်များကဲ့သို့ သကတ္ထ၌ ဤပစ္စည်းသက်၍ "ဧကတ္ထီဘာဝေါ"ဟု

www.dhammaransi.com



စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ နာမာနန္တိ ဝစနေန-နာမာနံ ဟူသောသဒ္ဒါဖြင့်၊ ဒေဝဒတ္တော ပစတိ တျာဒီသု-အစရှိသော ပုဒ်တို့၌၊ အာချာတေန-အာချာတ်နှင့်၊ သမာသော န ဟောတိ၊ ဣတိ ဤအနက်ကို။ ဒဿေတိ၊ သမ္ဗန္ဓတ္ထေန-စပ်ခြင်းအနက်ရှိသော၊ ယုတ္တတ္ထဂ္ဂဟဏေနပန-ယုတ္တတ္ထ သဒ္ဒါဖြင့်ကား၊ ဘဋ္ဋော ရညော, ပုတ္တော ဒေဝဒတ္တဿာတျာဒီသု-အစရှိကုန်သော၊ အညမညာနပေက္ခသု-အချင်းချင်းငဲ့ခြင်းမရှိသော ပုဒ်တို့၌ရင်း၊ ဒေဝဒတ္တဿ ကဏ္ဍာ-ဒန္တာတျာဒီသု-အစရှိကုန်သော၊ အညသာပေက္ခသုစ-အခြားပုဒ်ကို ငဲ့ခြင်းရှိသောပုဒ်တို့၌ရင်း၊ အယုတ္တတ္ထတာယ-စပ်သင့်သော အနက်မရှိသည်၏ အဖြစ်ကြောင့်၊ သမာသော နဟောတိ ဣတိဒီပေတိ။

---

ရှိလေသည်၊ "ကေသိမ္ပိ အဇ္ဈေ ဝုတ္တိ"ဟု ဋီကာဖွင့်ကို ထောက်၍ ကေ အတွက် တခု ဟူသော သင်္ချာအနက်ကို ပေးလိုက်သည်၊ "သာခါရဏာတ္တတာ—ဆက်ဆံသော အနက် ရှိကုန်သည်၏အဖြစ်"ဟု ဖွင့်သော မောဂ္ဂလ္လာန် ပဉ္စိကာကို ထောက်လျှင် ကေ အတွက် သဒိသ အနက်ယူ၍ "ကေဠဘာဝေါ—တူသော အနက် ရှိကုန်သည် အဖြစ်"ဟု ပေးသင့်သည်။]

**ဧတ္ထစနာမာနန္တိ၊ပေ၊နဟောတိ**— [နာမာနန္တိဝစနေနကို ဒဿေတိ၌ စပ်။] နာမာနံ သမာသော ယုတ္တတ္ထောသုတ်၌"နာမာနံ"သဒ္ဒါက"နာမ်ပုဒ်တို့၏ ယုတ္တတ္ထပုဒ် အပေါင်းသာသမာသ်ဖြစ်၏"ဟုဆို၏၊ ထိုသို့ဆိုသဖြင့် "ဒေဝဒတ္တော+ပစတိ"ပြယုဂ်၌ ပစတိ အာချာတ်ပုဒ်နှင့် ဒေဝဒတ္တော နာမ်ပုဒ်သည် "ဒေဝဒတ္တပစတိ"ဟု သမာသ် မဖြစ်ဟူသော အနက် အဓိပ္ပါယ်ကိုလည်း အဝုတ္တသိဒ္ဓိ (မပြောဘဲပြီးသော) နည်းဖြင့် ထိုနာမာနံပုဒ်ကပင်ပြသည်၊ [ကစ္စည်းဝုတ္တိလာ "နာမာနန္တိ ကိမတ္ထံ"စသော ဝါကျနှင့် သဘောတူဖြစ်၍ မှတ်ဖွယ်များကို ထိုဋီကာ၌ ပြထား၏။]

**သမ္ဗန္ဓတ္ထေန၊ပေ၊ဒီပေတိ**— [ယုတ္တတ္ထဂ္ဂဟဏေနကို ဒီပေတိ၌စပ်။] ယုတ္တတ္ထော ပုဒ်ကို ဝိဂြိုဟ်ပြုစဉ်က"ယုတ္တော သင်္ဂတော သမ္ဗန္ဓော ဝါ အတ္ထော"ဟု ၂-နက်ပြခဲ့၏၊ ထိုတွင် သင်္ဂတအနက်ဖြင့် ဆိုလိုသော အနက်အဓိပ္ပါယ်ကို ရှေ့၌ ပြခဲ့ပြီး၍ သမ္ဗန္ဓအနက် ရှိသော ယုတ္တတ္ထသဒ္ဒါဖြင့် ရအပ်သောအဓိပ္ပါယ်ကိုပြလိုရကား"သမ္ဗန္ဓတ္ထေန"စသည်ကို မိန့်၊ ၁—"ဘဋ္ဋော ရညော ပုတ္တော ဒေဝဒတ္တဿ"စသော အချင်းချင်း လုံးလုံးမငဲ့သော ပုဒ်တို့၌ရင်း, ၂—"ဒေဝဒတ္တဿ ကဏှာ ဒန္တာ"စသော အခြားပုဒ် တပါးကို ငဲ့လျက်ရှိသောပုဒ်တို့၌ရင်း ယုတ္တတ္ထ မဟုတ်သည့် အတွက် သမာသ် မဖြစ်ဟူသော အဓိပ္ပါယ် ၂-ရပ်ကို ပြသည်၊ ခွဲအံ့—အချင်းချင်း အနက်အဓိပ္ပါယ် ဆက်သွယ်နေခြင်း (စာစပ်၍ ရခြင်း) ကို "ငဲ့"ဟု ခေါ်သည်၊ (၁) ရညော-မင်း၏၊ ဘဋ္ဋော-အစေအပါး (ကျေးကျွန်)၊ ဒေဝဒတ္တဿ-၏၊ ပုတ္တော-သား၊ ဤပြယုဂ်တို့၌ ရညောသည် ပုတ္တောကို မငဲ့, ဘဋ္ဋောကိုငဲ့၏၊ "မင်း၏+အစေအပါး"ဟု ရညောနှင့် ဘဋ္ဋောတို့ စပ်လျက်

www.dhammaransi.com



ရှိကြသည်—ဟူလို၊ ပုတ္တော၁သည် ရညော၁ကို မငဲ့, ဒေဝဒတ္တဿ၁ကို ငဲ့၍၊ ဒေဝဒတ်၏ သား''ဟူလို၊ ဤသို့လျှင် ''ဘဒ္ဒော ရညော, ပုတ္တော ဒေဝဒတ္တဿ''တို့၌ ရညော၁နှင့် ပုတ္တော၁သည် သဒ္ဒါနေ နီးကပ်သော်လည်း အနက်ချင်း အလျဉ်း (လုံးလုံး) မစပ်ချေ၊ သမ္ဗန္ဓအနက်ရှိသော ယုတ္တတ္ထ သဒ္ဒါကလည်း ''အချင်းချင်း စပ်အပ်သော အနက် ရှိသော ပုဒ်အပေါင်းသာ သမာသ် မည်သည်''ဟု ဆိုထား၏၊ ထို့ကြောင့် ''ရာဇ ပုတ္တော''ဟု သမာသ် မဖြစ်၊ ''ဘဒ္ဒော ရာဇပုတ္တော ဒေဝဒတ္တဿ''ဟု ပါဌ် မစီနိုင်—ဟူလို။ [''မောဂ္ဂလိသတ္တော ရညော ပုတ္တော အဟောသိ= ဘုရားအလောင်းသည် မင်း၏ သားတော် ဖြစ်လေပြီ''ဟူသော နေရာမျိုး၌ကား ရညော၁နှင့် ပုတ္တော၁တို့ အချင်းချင်း ငဲ့သောကြောင့် ''မောဂ္ဂလိသတ္တော ရာဇပုတ္တော အဟောသိ''ဟု ပါဌ် စီနိုင်ပါသည်။]

၂။ ဒေဝဒတ္တဿ—၏၊ ကဏှာ—မည်းနက်ကုန်သော၊ ဒန္တာ—သွားတို့။ [''ဗြာဟ္မဏဿ သုက္ကာ (ဖြူကုန်သော) ဒန္တာ''ဟူသော မောဂ္ဂလ္လာန်ကို မှီ၍ အနက်ပေးသည်။] ကဏှာ သဒ္ဒါသည် ''ဒေဝဒတ်၏+အမည်း အနက်''ဟု ဒေဝဒတ္တဿ သဒ္ဒါကို ငဲ့ရကား ''ဒေဝဒတ္တကဏှာ''ဟု သမာသ် မဖြစ်သင့်ပါလော-ဟု မေးဘွယ်ရှိ၍၊ ကဏှာသဒ္ဒါ သည် ဒေဝဒတ္တဿကို ငဲ့သော်လည်း, ဒေဝဒတ္တ သဒ္ဒါအပြင် ဒန္တာကိုလည်း ''မည်းနက် ကုန်သော+သွားတို့''ဟု ငဲ့နေသေးသောကြောင့် (အညသာပေက္ခ—သမာသ် စပ်ရမည့် ပုဒ်မှတပါး အခြားပုဒ်ကို ငဲ့သည့်အတွက်) ''ဒေဝဒတ္တဿ ကဏှာ-ဒေဝဒတ္တ ကဏှာ'' ဟု သမာသ် မဖြစ်၊—ဤကား ''ကေသုက္ကာ (အဖြူတို့ ဟူသည် အဘယ်နည်း၊), ဒန္တာ (သွားတို့တည်း၊) ဣတိ အပေက္ခမာနဿ (ဤသို့ ဒန္တာပုဒ် တပါးကို ငဲ့နေသော သုက္ကာပုဒ်၏) ဆဋ္ဌီယန္တေန (ဗြာဟ္မဏဿ ဟူသော ဆဋ္ဌီယန္တပုဒ်နှင့်) သဟ ကေတ္ထိ ယမနုဘဝိတုံ သာမတ္ထိယံ နတ္ထိ''ဟူသော မောဂ္ဂလ္လာန် ပဉ္စိကာကို မှီသော အဓိပ္ပါယ် တည်း၊ ဤ အဓိပ္ပါယ်သာ ရှေးသဒ္ဒါကျမ်းများ၏ အလိုကျ ဖြစ်၏။ [''ဗြာဟ္မဏဿ သုက္ကာ၊ ယဒါ ပကရဏာဒိနာ ဒန္တာတိ ဝိသေသျံ ဉာတံ၊ တဒေဒံမုဒါဟရဏံ''— သိဒ္ဓန္တကောမုဒီ။]

နာနာဝါဒ။ ။''ဒန္တာသဒ္ဒေါ အတ္တနာ သဟ သမသိတဗ္ဗတော ကဏှာပဒတော အညံ ဒေဝဒတ္တပဒံ အပေက္ခတိ''ဟူသော ဘေဒစိန္တာဒီပနီ အလိုအားဖြင့် ဒန္တာ သဒ္ဒါသည် ကဏှာမှ တပါး ဒေဝဒတ္တကို ငဲ့နေသောကြောင့် ''ကဏှာစ တေ ဒန္တာ စာတိ ကဏှဒန္တာ''ဟု ကမ္မဓာရ သမာသ်မဖြစ်၊ ''ဒေဝဒတ္တ ဒန္တာ''ဟု သမာသ် မဖြစ်နိုင်မှုကား သာပေက္ခ (ပုဒ်တပါးကိုငဲ့သောကြောင့်) မဟုတ်၊ ကဏှာဟုပုဒ်တပါး အလယ် ခြားနေသောကြောင့် မဖြစ်ခြင်းတည်း၊ ထို့ကြောင့် ''ကဏှာဒိသဒ္ဒဿ သာပေက္ခတာယ ဒေဝဒတ္တဒန္တာတိ သမာသော နဟောတိ''ဟု တွေ့ရသော ရူပသိဒ္ဓိ ဋီကာပါဌ်ကို စဉ်းစားပါလေ၊— ''ဗြာဟ္မဏဿ ဒန္တာ-ဗြာဟ္မဏဒန္တာတိ သမသီ- ဘာဝဿ (သမာသ်အဖြစ်ကို) အန္တရာ ဋ္ဌိတော ကဏှာသဒ္ဒေါ ဗာဓကော၊ ဗာလာဝတာရဋီကာ၊ ''ဒေဝဒတ္တဿ-၏၊ ကဏှာ-ကဏှာ မည်သော မယား၊ ဒန္တာ-ဒန္တာ မည်သော မယား''ဟု အနက်ပေး၍ အဓိပ္ပါယ် တမျိုး ပြောကြသေး၏၊ ဤ အနက် အဓိပ္ပါယ်ကိုကား သုတ္တနိဒ္ဒေသ ပယ်ရှားလေပြီ။

www.dhammaransi.com



(၃၃၁) အတ္ထဝသာ–အနက်၏ အစွမ်းဖြင့်၊ ဝိဘတ္တိ ဝိပရိဏာမော–ဝိဘတ် ပြောင်းလွဲခြင်းသည်၊ (ဟောတိ–၏၊) ဣတိ–ဤသို့ ပရိဘာသာလာသော ကြောင့်၊ ဝိပရိဏာမေန–ဝိဘတ်ပြောင်းလွဲသဖြင့်၊ ယုတ္တတ္ထာနန္တိ–ယုတ္တတ္ထာနံ ဟူသော ပုဒ်သည်၊ ဝတ္တတေ၊ လိုက်၏။ [တေသံနှင့် ကိုက်အောင် "ယုတ္တတ္ထော" ပုဒ်က ယုတ္တတ္ထာနံဟု ဆဋ္ဌီဝိဘတ်ပြောင်း၍ လိုက်သည်-ဟူလို။]

**တေသံ၊ပေ၊လောပေါစ။** ၃၁၇။ ဣဓ–ဤသုတ်၌၊ ပဒန္တရေနဝါ–ပုဒ်တပါး နှင့် သော်၎င်း၊ တဒ္ဓိတပစ္စယေဟိဝါ–တဒ္ဓိတ် ပစ္စည်းတို့နှင့် သော်၎င်း၊ အာယာဒိပစ္စယေဟိဝါ–အာယ အစရှိသော ပစ္စည်းတို့နှင့်သော်၎င်း၊ ဧကတ္တီ–ဘူတာ–တခုတည်းသော အနက်ရှိသည်ဖြစ်၍ ဖြစ်ကုန်သော ပုဒ်တို့သည်၊ ယုတ္တတ္ထာနာမ–ယုတ္တတ္ထတို့မည်၏၊ တေန–ထို့ကြောင့်၊ ယုတ္တတ္ထာနံ–ပေါင်းအပ် စပ်အပ်သော အနက်ရှိကုန်သော၊ တေသံ သမာသာနံ–ထို သမာသ်ပုဒ်တို့၏ ၎င်း၊ တေသံ တဒ္ဓိတာယာဒိ ပစ္စယာနဉ္စ–ထိုတဒ္ဓိတ်ပစ္စည်း အဆုံးရှိသော ပုဒ်, အာယ အစရှိသော ပစ္စည်းအဆုံးရှိသော ပုဒ်တို့၏၎င်း၊ ဝိဘတ္တိယော–ဝိဘတ်တို့သည်၊ လောပနီယာ–ချေအပ်ကုန်သည်၊ ဟောန္တိ၊ ဣတိအတ္ထော–

---

(၃၃၁) ဧဝ၊ပေ၊ယုတ္တတ္ထာနာမ—"ပဒန္တရေန ဧကတ္တီဘူတာ"ဖြင့်"ရညော+ပုရိသော''ကဲ့သို့ သမာသ် စပ်ထိုက်သော ပုဒ်ချင်း ယုတ္တတ္ထ မည်ပုံကို ပြ၏၊ "တဒ္ဓိတပစ္စယေဟိ ဧကတ္တီဘူတာ"ဖြင့် "ဝသိဋ္ဌဿ+ဏ"ကဲ့သို့ တဒ္ဓိတ်ပစ္စည်းနှင့် ဝသိဋ္ဌဿ စသော နာမ်ပုဒ်တို့ ယုတ္တတ္ထ ဖြစ်ပုံကိုပြ၏၊ "အာယာဒိပစ္စယေဟိ ဧကတ္တီဘူတာ"ဖြင့် ပဗ္ဗတာယတိ စသည်၌ အာယ စသော ဓာတုပစ္စယတို့နှင့် ပဗ္ဗတော စသော နာမ်ပုဒ်တို့ ယုတ္တတ္ထ ဖြစ်ပုံကို ပြ၏၊ မှန်၏—ရညော ပုရိသောတို့ သမာသ် စပ်လိုက်သည့်အခါ ဧကတ္တီဘူတ (တနက်ထည်း) ဖြစ်ကြသကဲ့သို့ ဝသိဋ္ဌနှင့် ဏ–ပဗ္ဗတောနှင့် အာယ စသည်တို့လည်း ဧကတ္တီဘူတ ဖြစ်ကြသည်၊ ထိုသို့ ဧကတ္တီဘူတဖြစ်သော သမာသ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်, ဤ ၃-မျိုးလုံးပင် ဤ တေသံ ဝိဘတ္တိယော လောပါစ သုတ်၌ ယုတ္တတ္ထ အမည် ရကြသည်၊ ဤ ဖွင့်ပုံအရ ရှေ့သုတ်မှ ယုတ္တတ္ထော တပုဒ်သာ လိုက်၍ သမာသောပုဒ် မလိုက်ဟု သတိပြုခဲ့ပါ။

**တေနတေသံ၊ပေ၊ဟောန္တီတိ အတ္ထော**— [မြန်မာမူ၌ ဟောန္တိနောင် "ဣတိ အတ္ထော"ဟု မပါသော်လည်း တေန၏ စပ်ဘွယ်ရာ "ဣတိ အတ္ထော"ပါသော သီဟိုဠ်မူသာ ကောင်းသည်၊ "ထိုကဲ့သို့ ယုတ္တတ္ထ ၃-မျိုး ရှိသောကြောင့် ဣတိ အတ္ထော–ဤ အနက်ကို မှတ်ထိုက်သည်"ဟူလို။] သမာသာနံ တဒ္ဓိတာယာဒိ ပစ္စယန္တာနံတို့သည် ပက္ခိပနဝုတ္တိ (တနည်း တေသံ၏ စွဲရာ အနက်ကို ပြသောကြောင့် သုတ္တဝုတ္တိပင်), လောပနီယာကား လောပါကို ဖွင့်သော သုတ္တဝုတ္တိ၊ ဤ အဖွင့်အရ "လုပ္ပန္တေ–ချေအပ် ချေထိုက်ကုန်၏၊ ဣတိ, လောပါ"ဟု ဝိဂ္ဂဟပြု၊ "လုပ္ပနံ လောပေါ"ဟု ဘာဝသာဓန

www.dhammaransi.com



ဤအနက်ကို၊ (ဒဠှဗ္ဗော-မှတ်ထိုက်၏၊) ဝါ၊တနည်း၊ သမာသဂ္ဂဟဏာဓိကာ-ရေ-သမာသသဒ္ဒါလိုက်ခြင်းသည်၊ သတိပန-ရှိသော်ကား၊ တေသံဂဟဏေန-တေသံသဒ္ဒါဖြင့်၊ တဒ္ဓိတာ ယာဒိ ပစ္စယန္တ ဝိဘတ္တိလောပေါ-တဒ္ဓိတ်ပစ္စယန္တ ပုဒ်, အာယာဒိ ပစ္စယန္တပုဒ်တို့၏ ဝိဘတ်ကျေခြင်းသည်၊ (ဟောတိ၊) စဂ္ဂဟဏံ-သည်၊ ပဘင်္ကရောတျာဒီသု-ပဘင်္ကရောအစရှိသော ပြယုဂ်တို့၌၊ လောပနိဝတ္တ-နတ္ထံ-ဝိဘတ်ကျေခြင်းကို နစ်စေရခြင်း အကျိုးရှိ၏။ [တပ္ပုရိသ် အဆုံးနား၌ ဤရုပ်ပြီးပုံကို တွေ့ရလတံ့။]

(၃၃၂) ဝိပရိဏာမေန-ဖြင့်၊ လုတ္တာသုတိ, ဝိဘတ္တီသုတိ, ဝတ္တတေ၊ ယုတ္တတ္ထဂ္ဂဟဏာ-ယုတ္တတ္ထ သဒ္ဒါသည်လည်း၊ ဝတ္တတေ၊ ["တေသံဝိဘတ္တိယော လောပေါစ" သုတ်မှ လောပ ဝိဘတ္တိယောတို့သည် သတ္တမီ ဝိဘတ်ပြောင်းလွှဲ၍ "လုတ္တာသု ဝိဘတ္တီသု"ဟု လိုက်သည်။

**ပကတိ စဿ သရန္တဿ**။ ၃၁၈။ ဝိဘတ္တီသု-တို့ကို၊ လုတ္တာသု-ချေအပ် ကုန်ပြီး သော်၊ သရန္တဿ-သော၊ ယုတ္တတ္ထဘူတဿ - ပေါင်း အပ်

---

ဝိဂြိုဟ် မပြုနှင့်-ဟူလို။ [တဒ္ဓိတာယာဒိပစ္စယန္တ၌ တဒ္ဓိတပစ္စယန္တ-အာယာဒိပစ္စယန္တ ဟု ၂-မျိုး ခွဲပါ၊ ထိုတဒ္ဓိတာယာဒိ ပစ္စယန္တ ပုဒ်တို့၏ ဝိဘတ် ချေပုံကို တဒ္ဓိတ်နှင့် အာချာတ် ဓာတု ပစ္စယခဏ်းတို့၌ တွေ့ရလတံ့။]

**သမာသဂ္ဂဟဏာ၊ပေ၊ဝိဘတ္တိလောပေါ** — ယုတ္တတ္ထ-သမာသ ၂-ပုဒ်လုံးအလိုက် ခံသော ကစ္စည်း ဝုတ္တိ နည်းကို ပြပြန် လို သော ကြောင့် "သမာသဂ္ဂဟဏာဓိ-ကာရေ ပန" စသည်ကို မိန့်၊ ထိုကစ္စည်းဝုတ္တိအလိုအားဖြင့် "ယုတ္တတ္ထာနံ-ကုန်သော၊ သမာသာနံ-ဘို့၏၊ ဝိဘတ္တိယော-တို့ကို၊ လောပေါ-ချေအပ်ကုန်၏"ဟု သုတ်နက် ပေးနိုင်သောကြောင့် တေသံ သဒ္ဒါပို၏၊ "သမာသ် ဝိဘတ်ဘို့ကို သုတ်ရင်းဖြင့်ချေ၍, တဒ္ဓိတာယာဒိပစ္စယန္တပုဒ်တို့၏ ဝိဘတ်များကို ထို တေသံသဒ္ဒါပိုဖြင့် ချေရမည်"ဟု ဤဒုတိယနည်းအလိုမှတ်။

**မှတ်ချက်**။ ၊ပဌမနည်းသည် "တတ်သ္မာ ဝိဘတ္တိယော လောပျာ ဟောန္တိ= ယုတ္တတ္ထသဒ္ဒါအပေါင်းမျှ၌ တည်ကုန်သော ဝိဘတ်တို့ ချေအပ်ကုန်၏"—နီလုပ္ပလံ,ရာဇ ပုရိသော(သမာသ်),ရာဇတာ (တဒ္ဓိတ်,) ပုတ္တီယတိ (အာယာဒိပစ္စယန္တ)၊ ဤသို့ ပုံစံထုတ်သော ကလာပ်ဝုတ္တိနှင့် ညီ၏၊ ဒုတိယနည်းကား ကစ္စည်းဝုတ္တိအတိုင်း မဟုတ် သော်လည်း ကစ္စည်းဝုတ္တိကို မှီဟန်တူသည်၊ ဤရူပသိဒ္ဓိ၌ ကစ္စည်းဝုတ္တိကဲ့သို့ ပစ္စည်း,ပုဒ်, အက္ခရာ, အာဂုံများ ချေပုံကို မပြ၊ ထို့ကြောင့် ထိုအားလုံးကို ချေခွင့်ကြိုလျှင် "ဝုတ္တတ္ထာန မပ္ပယောဂေ" ပရိဘာသာအရ ချေသည်။

www.dhammaransi.com



စပ်အပ်သော အနက်ရှိသည်ဖြစ်၍ ဖြစ်သော၊ တိဝိဓဿာပိ-၃ ပါး အပြား ရှိသည်လည်း ဖြစ်သော၊ အဿလိင်္ဂဿ-ထို လိင်၏၊ ပကတိဘာဝေါ ဟောတိ၊ စသဒ္ဒေန, ကိံသမုဒယ ဣဒပ္ပစ္စယတာဒီသု-ကိံသမုဒယ, ဣဒပ္ပစ္စယတာ အစ ရှိသော ပြယုဂ်တို့၌ နိဂ္ဂဟီတန္တဿာပိ-နိဂ္ဂဟိတ် အဆုံးရှိသော လိင်၏လည်း၊

---

(၃၃၂) လုတ္တာသု၊ပေ၊ပကတိဘာဝေါ—ဥပနောင် သိကို အစကပင်ချေခဲ့ပြီ၊ နဂရဿ၌ သကိုကား တေသံဝိဘတ္တိယောလောပါစသုတ်ဖြင့်ချေ၊ [သကို ချေလိုက် သည့်အခါ သ အာဂုံ တလုံးမှာ အလိုလို ပျောက်သည်ဟု အယူရှိ၍ အထူးမဆိုပြီ၊ ကစ္စည်းဝုတ္တိ အလိုမူ တေသံ သဒ္ဒါဖြင့် သ အာဂုံကို ချေ။] ဤသို့သော အစီအစဉ်ဖြင့် သမာသ်ဝိဘတ်များကို ချေအပ်ပြီးသော် ဤသုတ်ဖြင့် ပကတိပြု၊ "ပကတိပြု"ဟူသည် နဂိုရ် ရုပ်တည်စက အတိုင်း ပြန်၍ တည်ရှိအောင် ပြုခြင်းပင်တည်း၊ ထို့ကြောင့် "ဥပနဂရကို ဥပနဂရဟု ပကတိပြု"ဟု တပေါင်းထည်း မဆိုဘဲ "ဥပကို ဥပဟုရင်း-နဂရကို နဂရဟုရင်း ပကတိပြု"ဟု ခွဲ၍ ဆို၊ [တိဝိဓဿပိ လိင်္ဂဿ၌ တိဝိဓလိင်္ဂ ဟူသည် သမာသ်, တဒ္ဓိတ် ပစ္စယန္တ, အာချာတ်ပစ္စယန္တတို့တည်း။]

**စသဒ္ဒေန၊ပေ၊နိဂ္ဂဟီတန္တဿာပိ**—သုတ်၌ "သရန္တဿ"ဟု ဆိုသောကြောင့် သုတ်ရင်းဖြင့် ဥပကဲ့သို့ သရ အဆုံးရှိသော လိင်ကိုသာ ပကတိပြုသည်၊ စ သဒ္ဒါဖြင့်ကား ကိံ—ဣဒံတို့ကဲ့သို့ နိဂ္ဂဟိတ် ဗျည်းဆုံးသော လိင်များကိုလည်း ပကတိပြုဖို့ရန် ဆည်းယူ သည်၊ ဤစကားအရ "သရန္တဿစ-သရ အဆုံးရှိသည်လည်းဖြစ်သော"ဟု သုတ်နက် ဆို၊ ချဲဦးအံ့—အယံကာယော—ဤ ကိုယ်သည်၊ ကိံသမုဒယော—အဘယ်အကြောင်း ရှိသနည်း၊ ကိံနိဒါနော—အဘယ်နိဒါန်း ရှိသနည်း၊ ကိံပဘဝေါ—အဘယ်အမွန် ရှိသနည်း"စသော ပါဠိ "ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေသု—ဤ သင်္ခါရ စသော အကျိုး တရားတို့၏ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၌၊ ကမ္မံတိ-ယုံမှား၏"စသော ပါဠိတော်များ၌ "ကိံ+သမုဒယ+ယ"ဟု တည်၍ ဗဟုဗ္ဗီဟိ သမာသ် ထုံးစံအတိုင်း "ကော+သမုဒယော+ယဿ"ဟု သမာသ်ဝါကျ ပြီးစေ၊ သမာသ်စပ်, ဗဟုဗ္ဗီဟိ မည့်၊ သမာသ်မည့်ပြီးနောက် ဝိဘတ်တို့ကိုရင်း ယ ကိုရင်း ချေပြီးသည့်အခါ "က+သမုဒယ" ဟု ကျန်၏၊ ဤသုတ် သုတ်ရင်းဖြင့် သမုဒယကို ပကတိပြု၍ စ သဒ္ဒါဖြင့် က ကို ကိံ ဟု ပကတိ ပြုလိုက်မှ "ကိံ+သမုဒယ"ဟု မူလ တည်မြဲအတိုင်း ဖြစ်သည်။

**ဣဒပ္ပစ္စယတာ**၌ကား ကစ္စည်းကျမ်းအလို "ဣမ"ဟုသာရှိ၍ "ဣဒံ"ဟု ပကတိလိင် မရှိ၊ ထိုသို့ မရှိခြင်းမှာ ဣဒံ လိင်၏ နည်းပါးသည့်အတွက် မဆိုလောက်၍ မဆိုခြင်း ဖြစ်သည်၊ အမှန်မှာ "ဣဒံ"ဟု ပကတိလိင် မရှိဟု ကစ္စည်းကျမ်းက ဆိုလိုရင်းမဟုတ်၊ "ဣဒံ" ပကတိလိင် ရှိကြောင်းကိုလည်း "ဣဒပ္ပစ္စယတာ—ဣဒမတ္ထိကတာ" စသော ပါဠိတော်များက သက်သေပြလျက် ရှိသည်၊ ထို့ကြောင့်ပင် သဒ္ဒနီတိ၌ရင်း ကလာပ် ကျမ်း၌ရင်း "ဣဒံ"လိင်ကို ပကတိဟု ဆို၍ ဣဒံမှ အယံ—ဣမံ စသည် ဖြစ်အောင် စီရင်လေသည်၊ ဣမေသံ-ဤ သင်္ခါရ စသော အကျိုးတရားတို့၏၊ ပစ္စယာ-အကြောင်း

www.dhammaransi.com



(ပကတိဘာဝေါ ဟောတိ၊)နိမိတ္တာဘာဝေ-နိမိတ် မရှိလတ်သော်၊နေမိတ္တိကာဘာဝဿ-နိမိတ်ကြောင့် ဖြစ်သော ဝိကာရ မရှိခြင်း၏၊ ဝါ-ကို၊ ဉာပကဉ်အရာ၌၊ အနိစ္စိတတ္တာ- အလိုမရှိအပ်သည်၏ အဖြစ်ကြောင့်၊ အယံအတိဒေသော-ဤငဲ့ညွှန်းသော သုတ်ကို၊ (ကတော-ပြုအပ်ပြီ)။

---

ဖြစ်သော အဝိဇ္ဇာ စသော တရားတို့သည်၊ ဉာဒပ္ပစ္စယာ—တို့ မည်၏၊"ဉာဒံ+ပစ္စယ"ဟုတည်, ဉာဒ်နောင် နံ ဝိဘတ်သက်"ယောအံ့နာဒီသုစ တေလိင်္ဂဿိမောဝါ (ယောအံနာစသော ဝိဘတ်တို့ကြောင့် လိန် ၃-ပါး၌ ဖြစ်သော ဉာဒံကို ဉာမပြု)"ဟူသော သဒ္ဒနီတိ (နာမ်-၁၁၄) သုတ်ဖြင့် ဉာဒံကို ဉာမပြု,သမ္ဗန္ဓာမာနံ နံမှိစသုတ်ဖြင့် ဉာမ၏ (အ) ကို ပြေ၍ "ဉာမေသံ"ဖြစ်၏၊ ပစ္စယာ ဖြစ်အောင်ကား ယောဝိဘတ်သက်၍ စီရင်၊ ထို့နောက် သမာသ်စသည် စီရင်၍ ဝိဘတ်ချေပြီးသည့်အခါ "ဉာမ+ပစ္စယ"ဟု ကျန်၏၊သုတ်ရင်းဖြင့် ပစ္စယကို ပကတိပြု၍ စ သဒ္ဒါဖြင့် ဉာမ ကို ဉာဒံဟုပကတိပြုလျှင်"ဉာဒံ ပစ္စယ"ဟုဖြစ်သည်၊ ထိုနောက် ပ ဒွေဘော်လာ, နိဂ္ဂဟိတ် ချေ၍ "ဉာဒပ္ပစ္စယ"နာမ်ငဲ့ ယော ကို အာပြု၍ "ဉာဒပ္ပစ္စယာ"ဟုဖြစ်၏၊ "ဉာဒပ္ပစ္စယာ ဧဝ ဉာဒပ္ပစ္စယတာ"ဟုသွတ္တအနက်၌ တာ ပစ္စည်း သက်၍ ဉာဒပ္ပစ္စယတာ ပြီးသည်။

**နိမိတ္တာဘာဝေ၊ ပေ၊ အတိဒေသော**—တစုံ တခု စီရင်ခြင်း၏ အကြောင်းကို "နိမိတ္တ"ဟု ခေါ်၏၊ ထိုနိမိတ်ကြောင့် ဖြစ်သော ချေခြင်း တစုံတခု ပြုခြင်းစသော ဝိကာရ (တမျိုးတဖုံ ပြုအပ်သော အစီအရင်) ကို "နေမိတ္တိက"ဟု ခေါ်၏။ [နိမိတ္တတော—နိမိတ်ကြောင့်+ဇာတော—ဖြစ်သော ဝိကာရသည်၊ နေမိတ္တိကော-မည်၏။] ဤသဒ္ဒ အရာ၌ အကြောင်း နိမိတ် ပျောက်ကွယ် သွားသော်လည်း အကျိုး နေမိတ္တိက ဝိကာရတို့ ပျောက်ကွယ်ရိုးမရှိ၊ ဥပမာ— "ရာဇ+ပုရိသ"ဟု အကာရန္တဖြင့် တည် ပြီးနောက် ဝိဘတ်သက်လျှင် "ရာဇသ+ပုရိသ သိ"ဟု ဖြစ်၏၊ ထို၌ သ-သိတို့သည် နိမိတ်တည်း၊ ထို သ ဝိဘတ်ကြောင့် ဆိုင်ရာသုတ်ဖြင့် "ရညော"ဟု ဖြစ်ခြင်း, သိကို ဩ ပြု၍ ထိုသိမှ ဖြစ်သော ဩ ကြောင့် ပုရိသ၌ အသရကျေခြင်းဟူသော ဝိကာရတို့ကား အကျိုး နေမိတ္တိကတို့တည်း၊ တေသံ ဝိဘတ္တိယော လောပါစ သုတ်ဖြင့် ဝိဘတ်တို့ကို ချေလိုက်သည့်အခါ ပုရိသော၌ ဩ ဟူသော နိမိတ် ပျောက်သွား၏၊ အသရ ကျေခြင်း ဟူသော နေမိတ္တိက ဝိကာရကား မပျောက်, "ပုရိသ်"ဟု ကျန်ရစ်ခဲ့သည်၊ ရညော ၌လည်း သ ဝိဘတ် နိမိတ်သာ ပျောက်၏၊ ရညော ဟု စီရင်ထားသော နေမိတ္တိက ဝိကာရကား မပျောက်ချေ၊ ဤသို့ နိမိတ် ပျောက်သည့်အခါ တစုံတရာသုတ်ဖြင့် မစီရင်ဘဲ သူ့**တာ**သာသူ နေမိတ္တိက ဝိကာရတို့ ပျောက်ကွယ်ခြင်း (ရာဇ+ပုရိသ"ဟု ပကတိ တည်မြဲတိုင်း ပြန်၍ဖြစ်ခြင်း) ကို အလို မရှိအပ်သောကြောင့် နဂိုရ်က သရဆုံးလျှင် သရ ဆုံးသည့်အတိုင်း, ဗျည်းဆုံးလျှင်လည်း ဗျည်းဆုံးသည့်အတိုင်း ပြန်၍ဖြစ်ဘို့ရာ (ပျောက် နေသော သရများ ဗျည်းများလည်း ပြန်၍ပေါ်လာဘို့ရာ) ဤ"ပကတိစဿ သရန္တဿ" ဟူသော (တံရူပတာ) အတိဒေသသုတ်ကို တည်ထားရလေသည်။

www.dhammaransi.com



**ဆက်ဦးအံ့**—မဟီရုဟနည်း, သူရိယကာန္တနည်းဟု နည်း ၂-မျိုးရှိ၏၊ "မဟိယံ ရူဟတိ"အရ မြေ၌ပေါက်သော သစ်ပင်ကို"မဟီရုဟ"ဟု ခေါ်၏၊ အကြောင်းသစ်ပင် ရှိခိုက် အကျိုးသစ်ပင်ရိပ်ထွက်၍ သစ်ပင်မရှိလျှင် သစ်ပင်ရိပ် ပျောက်သကဲ့သို့ နိမိတ် ရှိခိုက် နေမိတ္တိကဝိကာရ ရှိ၍ နိမိတ် မရှိလျှင် နေမိတ္တိကဝိကာရလည်း ပျောက်ကွယ် ရသော (နဂိုရ် အတိုင်း သူ့ဘာသာ ပြန်၍ ဖြစ်ရသော) နည်းသည် မဟီရုဟနည်း မည်၏၊ ဤမဟီရုဟနည်းကို ဤသဒ္ဒအရာ၌ အလိုမရှိအပ်၊ ဘာ့ကြောင့်နည်း-သတ္တာ၌ "သတ္တု+သိ"တည်, သိ နိမိတ်ကြောင့် ဥ ကို အာ ပြုထားသော နေမိတ္တိကဝိကာရသည် သိ ကို ချေလိုက်သော်လည်း မပျောက်၊ အကယ်၍ ပျောက်ရမည်ဖြစ်လျှင် သိကို ချေလိုက် သည်နှင့် တပြိုင်နက် "သတ္တု"ဟု ပြန်၍ ဖြစ်ဘွယ် ရှိသည်၊ ထို့ကြောင့် ဤမဟီရုဟ နည်းကို ဤသဒ္ဒအရာ၌ အလိုမရှိအပ်၊ "သူရိယဿ—နေရောင်၏၊ ဝါ-နေရောင်သည်၊ ကန္တော—နှစ်သက်အပ်သော ကျောက်တည်း" ဟူသော ဝိဂြိုဟ်အရ နေရောင်နှင့် တွေ့လျှင် မီးထွက်သောကြောင့် နေရောင် ကြိုက်နှစ်သက်အပ်သော ကျောက်တမျိုးသည် "သူရိယကာန္တ"မည်၏၊ ထိုကျောက်ကြောင့် ဖြစ်သော မီး—ထိုမီးကြောင့် မြေကြီးများ သွေ့ချောက်ခြင်း စသော ဝိကာရတို့သည် ထိုသူရိယကာန္တကျောက် မရှိသော်လည်း မပျောက်မကွယ်ဘဲ မီးရှိမြဲ ရှိ—မြေချောက်မြဲချောက်သကဲ့သို့ ထို့အတူ အကြောင်းနိမိတ် ပျောက်သော်လည်း အကျိုးနေမိတ္တိကဝိကာရတို့ မပျောက်ဘဲ ရှိမြဲရှိနေရသောနည်းသည် သူရိယကာန္တနည်းမည်၏၊ ဤနည်းကို ဤအရာ၌ အလိုရှိအပ်သည်။ [လရောင်နှင့် တွေ့လျှင် ရေထွက်၍ လရောင် နှစ်သက်အပ်သော စန္ဒြကာန္တ ကျောက်နည်းလည်း ဤအတိုင်းပင်။]

**အချုပ်။** ။ဤပြခဲ့သော သူရိယကာန္တ-စန္ဒြကာန္တနည်းများအရ နိမိတ် ဝိဘတ်ကို ချေလိုက်သည့်အခါ နေမိတ္တိကဝိကာရတို့ မပျောက်မကွယ်ဘဲ (စီရင်ထားသည့် အတိုင်း) တည်နေသောကြောင့် "ပုရိသ" ၌ ပျောက်နေသော အသရကို ပြန်၍ ပေါ်လာစေခြင်း—ကိံသမုဒယဝယ် "ကိ"၌ သရရှေ့ဗျည်းပါ ပျောက်နေရာ ထိုသရ ဗျည်းတို့ပြန်၍ပေါ်လာစေခြင်း-ရဇ္ဇောတို့ကဲ့သို့ တမျိုးတဖုံစီရင်ထားရာ၌လည်း ရာဇဟု ပကတိအတိုင်း ပြန်၍ဖြစ်စေခြင်း-စက္ခုသောတံ စသည်၌ စက္ခုကဲ့သို့ နဂိုရ်ကပင် သရ မပျောက်ရာ၌ "မြရာ သံပတ်"ဆိုသကဲ့သို့ ပဇ္ဇုန္န ဂတိက နည်းအားဖြင့် စက္ခုအတိုင်း ပကတိပြုခြင်းအကျိုး၄ါ ပကတိစဿ သရန္တဿ သုတ်ကို ကစ္စည်း စာတော် ထုတ်ဖေါ် မိန့်မြွက်ရပေသတည်း။ [မိုးရွာရာ၌ ရေမရှိရာဝယ် ရေရှိအောင်သာ ရွာသည် မဟုတ် သေး,ရေရှိပြီး သမုဒ္ဒရာ စသည်၌လည်း ရွာသကဲ့သို့,သရဗျည်း မရှိရာ၌သာ သရဗျည်းတို့ ပေါ်လာရအောင် ပကတိပြုသည်မဟုတ်သေး, ရှိပြီးသားဥ်လည်း ခိုင်မြဲအောင် ပကတိ ပြုသောကြောင့် ဤသုတ်ကို ပဇ္ဇုန္နဂတိက (မိုးရွာနည်း) ဟု ဆိုသည်။]

[ဆောင်] ပျောက်သည့် သရ, ဗျည်းဟူသမျှတို့, မူလ အနေ, ပြန်ပေါ်စေ၍, တထွေ
ထူးခြား, စီရင်များလည်း, မခြားနဂိုရ်, တည်စေလို၏၊ နဂိုရ်တိုင်းတုံ့,
တည်လျက်ကြိုသော်,ပဇ္ဇုန္နနည်း, မြဲအောင်တည်းသို့, ကစ္စည်း စာတော်,
သုတ်ညွှန်း ဖေါ်သည့်, ရှုမြော် ပကတိ တွေ့တိုင်းတည်း။

www.dhammaransi.com



(၃၃၃) သကတ္ထဝိရဟေန - မိမိအနက်မှ ကင်းခြင်းကြောင့်၊ ဣဓ - ဤအရာ၌၊ သမာသဿစ-သမာသ်၏လည်း၊ လိင်္ဂဘာဝါဘာဝါ-လိင်အဖြစ် မရှိခြင်းကြောင့်၊ ဝိဘတ္တုပ္ပတ္တိယံ- ဝိဘတ် သက်ခြင်းသည်၊ အသမ္ပတ္တာယံ- မရောက်လတ်သော်၊ နာမဗျပဒေသာတိဒေသံ-နာမ်အမည်ကို ငဲ့ညွှန်းသော သုတ်ကို၊ အာဟ။

---

**ကလာပ်ဋီကာ**။ ။ကလာပ်ဋီကာ၌ကား မဟာရူပနည်းအတိုင်း သမာသ်၏ ဝိဘတ်ကို ချေလိုက်သည့်အခါ နေမိတ္တိက ဝိကာရတို့ အလိုလိုပျောက်၍ နဂိုရ် ပကတိ အတိုင်း ပြန်၍ဖြစ်ခြင်းကို အလိုရှိကြသည်၊ ပကတိစဿ သရန္တဿ သုတ်ကိုလည်း နဂိုရ်အတိုင်း ပြန်၍ ဖြစ်နေကြောင်းကို သိဘို့ရာ ဆိုရသည်ဟု ယူလိုဟန်တူသည်၊ မောဂ္ဂလ္လာန်စသော သဒ္ဒါကျမ်းတို့၌ကား ပကတိပြုသော သုတ်ပင် မပါ၊ ပျောက်ကွယ် နေသော သရဗျည်းတို့ မဟာရူပနည်းအရ အလိုလို ပေါ်လာရမည်ဟု ယူကြလေသည်။

(၃၃၃) **သကတ္ထ၊ပေ၊တိဒေသမာဟ** — ဘာ့ကြောင့် နာမ်ငဲ့ရသနည်း၊ ... "လိင်္ဂဘာဝါဘာဝါ ဝိဘတ္တုပ္ပတ္တိယံ အသမ္ပတ္တာယံ"—"တတောစ ဝိဘတ္တိယော" သုတ်နှင့် အညီ လိင်နှောင် နာမ်နှောင်၍သာ ဝိဘတ်သက်ခွင့်ရ၍ သမာသ်ကလည်း လိင် မဟုတ် နာမ် မဟုတ်သောကြောင့် သမာသ်နောင် ဝိဘတ်သက်ခွင့် မရနိုင်၊ ထို့ကြောင့် ဝိဘတ် သက်ခွင့်ရအောင် "နာမ်"ဟု ငဲ့ညွှန်းရသည်၊ နာမ်ငဲ့လိုက်သည့် အခါ "လိင်္ဂံ နာမံ သမံ"နှင့် အညီ နာမ်နှင့် လိင်မှာ သဘောတူပင် ဖြစ်သော ကြောင့် "လိင်"လည်း မည်တော့၏၊ "ဘာ့ကြောင့် သမာသ်သည် လိင် မမည် သနည်း" ဟု ထပ်၍ မေးဘွယ်ရှိသောကြောင့် "သကတ္ထ ဝိရဟေန" ဟု မိန့်၊ ဤ"သကတ္ထဝိရဟေန"သည် "လိင်္ဂဘာဝါ ဘာဝါ" ဟူသော မူလဟိတ်၏ အကူ အညီဟိတ်တည်း၊ ထို့ကြောင့် သကတ္ထဝိရဟေနကို လိင်္ဂဘာဝါဘာဝါ၌ စပ်၊ "မိမိအနက်မှ ကင်းခြင်းကြောင့် လိင် အမည်မရ"ဟူလို။

ရှုံဦးအံ့—"ရာဇပုရိသ"၌ ရာဇသဒ္ဒါသည် နာမ်အခိုက်၌ မင်းဒြပ်ကို ဟောသော် လည်း သမာသ်တွင်းသို့ ရောက်သည့်အခါ မင်းဒြပ်တည်းဟူသော မိမိအနက်ကို စွန့်လွှတ်၍ ယောကျ်ားနှင့် ဆက်သွယ်မှု ဟူသော သမ္ဗန္ဓအနက်ကိုသာ ဟောရ တော့၏၊ ထို့ကြောင့် ရာဇသဒ္ဒါ၌ သကတ္ထ (မင်း—တည်းဟူသော မိမိ မူလအနက်) မရှိတော့ပြီ၊ ပုရိသ သဒ္ဒါလည်း နာမ်အခိုက်၌ ယောကျ်ားဟူသမျှကို ဟော၏၊ "ရာဇပုရိသ" ဟု သမာသ် ဖြစ်သည့်အခါ၌ကား မင်းနှင့် စပ်သော ယောကျ်ား (မင်းချင်းယောကျ်ား)ဟူသော ယောကျ်ားအထူးကို ဟောသောကြောင့် သကတ္ထ (မူလဟောရင်းဖြစ်သော ယောကျ်ား သာမည ဟူသော အနက်) မရှိတော့ချေ၊ "ဓာတုပစ္စယ ဝိဘတ္တိဝဇ္ဇိတ မတ္ထဝံ လိင်္ဂံ"နှင့် အညီ အနက်ရှိမှ လိင်မည်၏၊ အနက် မရှိလျှင် လိင် မမည်၊ လိင် မမည်လျှင် ဝိဘတ် မသက်နိုင်၊ ဝိဘတ် မပါလျှင်လည်း ပုဒ်ရာ မဝင်ချေ၊ ထို့ကြောင့် "ရာဇပုရိသ သဒ္ဒါသည် မင်းချင်းယောကျ်ားတည်း ဟူသော အနက်သစ်ကို ဟောသော နာမ်တမျိုးဖြစ်၏"ဟု "နာမ်"ဟူသော နာမည်သစ်ကို ညွှန်ပြဘို့ရာ ဤ အတိဒေသသုတ်ကို မိန့်တော်မူသည်။

www.dhammaransi.com



**တဒ္ဒိတသမာသ၊ပေ၊ဒီသုစ။** ၆၀၁။ တာဝေ တုန တွာန တွာဒိပစ္စယန္တေ-ဟဒဝ, တုန, တွာန, တွာ အစရှိသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကို၊ ဝဇ္ဇေတွာ-ကြဉ်၍၊ တဒ္ဒိတန္တာ-တဒ္ဓိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါတို့ကိုဎင်း၊ ကိတန္တာ-ကိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါတို့ကိုဎင်း၊ သမာသာစ-သမာသ်တို့ကိုဎင်း၊ နာမမိဝ-နာမ်တို့ကဲ့သို့၊ ဒဋ္ဌဗ္ဗာ-မှတ်ထိုက်ကုန်၏၊ စဂ္ဂဟဏံ-သည်၊ ကိစ္စပစ္စယ အာ ဤ ဣနီ ဣတ္ထိပစ္စယန္တာဒိဿပိ-ကိစ္စပစ္စည်း အဆုံးရှိသော သဒ္ဒါ, အာ ဤ ဣနီဟူသော ဣတ္ထိပစ္စည်းအဆုံးရှိသော သဒ္ဒါ၏လည်း၊ နာမဗျပဒေ-သတ္ထံ-နာမ်ငဲ့ရခြင်း အကျိုးရှိ၏၊ ဣမေ-ဤသုတ်၌။ သမာသဂ္ဂဟဏံ-သမာသ

---

**တဒ္ဒိတန္တာ၊ပေ၊ဒဋ္ဌဗ္ဗာ**——"ဒဗ္ဗဝါစကံ နာမံ"နှင့် အညီ ဒြဗ်နက်ကို ဟောမှ နာမ်အမည်ရ၏၊ ဏာ စသော တဒ္ဓိတ်ပစ္စည်း ဏွုစသော ကိတ်ပစ္စည်းတို့ကား ကံ ကတ္တား စသော သတ္တိနက်ကိုသာ ဟော၍ ဒြဗ်နက်ကို မဟောသောကြောင့် နာမ်=လိန် အမည် မရကြချေ၊ "ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"နှင့် အညီ လိန်နောင် ဓာတ်နောင်သာ ပစ္စည်းများ သက်ကြသဖြင့်လည်း ထိုပစ္စည်းများ လိန်မဟုတ်ကြောင်း ထင်ရှား၏၊ ဤသို့လျှင် ဝါသိဋ္ဌ—ကာရက စသော တဒ္ဓိတ် ပစ္စယန္တ ကိတ် ပစ္စယန္တ သဒ္ဒါတို့သည် "လိန်=နာမ်"မမည်ကြသောကြောင့် လိန်နာမ်အမည်ရဘို့ရန် "နာမ်" ငဲ့ရပေသည်၊ "ငဲ့" ဆိုသည်ကား "နာမ်"ဟု နာမည်ပေးခြင်းပင်တည်း။

**တဝေတုန၊ပေ၊ဝဇ္ဇေတွာ**——ဤကား "အတဝေတုနာဒီသုစ"၏ အဖွင့်တည်း၊ "အတဝေတုနာဒီသု—တဝေတုနစသော ပစ္စည်းမရှောင်းကုန်လတ်သော်"ဟု ဆိုသဖြင့် "တဝေတုန စသော ပစ္စည်းကိုကြဉ်၍"ဟု ဆိုရာရောက်သည်၊ ထို့ကြောင့် "တဝေတုနတွာနာဒိပစ္စယန္တေ ဝဇ္ဇေတွာ"ဟုဖွင့်သည်၊ ဤ အတဝေတုနာဒီသုသည် ကိတကကို ငဲ့သော နိမိတ်တည်း၊ မှန်၏—တဝေတုနတွာနတွာ စသော ပစ္စည်းများသည် ကိတ်၌သာ ပါ၏၊ ထို့ကြောင့် ကိတကအရ တဝေတုန စသော ပစ္စယန္တကိတ်တို့ပါ (နာမ် ငဲ့ရာ၌) ယူရမည်လောဟု တွေးတောဘွယ်ရှိ၍ "အတဝေတုနာဒီသုစ" ဟု မိန့်သည်၊ တဝေတုနတွာနတွာ ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည် နဂိုရ်ကပင် နိပါတ်ပုဒ်တွင် ပါဝင်ပြီးဖြစ်၍ ထိုသဒ္ဒါများနောင် နာမ်ဝိဘတ်သက်နိုင်ရကား နာမ်ငဲ့ဘွယ်မလို-ဟူလို၊ ထိုသို့ နိပါတ်တွင်း၌ ဝင်ပြီးဖြစ်သောကြောင့် တတောစ ဝိဘတ္တိယော သုတ်၌ "စဂ္ဂဟဏေန တဝေတုနာဒိ ပစ္စယန္တနိပါတတောပိ"ဟု ဖွင့်ပြလေသည်၊ တုနာဒိ၌ အာဒိဖြင့် တွာန, တွာ, တုံ ပစ္စည်းများကို ယူ။

**စဂ္ဂဟဏံ၊ပေ၊နာမဗျပဒေသတ္ထံ**—— ["ပစ္စယန္တာဒိဿပိ"ဟု အချို့စာရှိ၏၊ "ဣတ္ထိပစ္စယန္တဿ"စသည်ဖြင့် ဋီကာဖွင့်ပုံကို ထောက်၍ "ပစ္စယန္တာဒိဿပိ"ဟု ရှိသော သီဟိုဠ်မူသာ ကောင်းသည်။] တဝေတုနာဒီသုစ၌ စ သဒ္ဒါဖြင့် ကိစ္စ ပစ္စယန္တ သဒ္ဒါ အာ ဤ ဣနီ ဣတ္ထိ ပစ္စယန္တသဒ္ဒါစုကို ဆည်းသည်၊စ သဒ္ဒါဖြင့် ထိုသဒ္ဒါစုကို နာမ်ငဲ့

www.dhammaransi.com



သဒ္ဒါသည်၊ အတ္တဝတံ-အနက်ရှိကုန်သော၊ သမုဒါယာနံ-ပုဒ်အပေါင်းတို့ကို၊ နာမဗျပဒေသော-နာမ်ငဲ့ခြင်းသည်၊ သမာသဿေဝ-သမာသ်၏(အတွက်သာ၊ ဟောတိ-ဖြစ်၏၊) ဣတိ-သို့၊ နိယမတ္ထံ-သတ်မှတ်ရခြင်း အကျိုးရှိ၏၊ ဣတိ-ဤသို့၊ အပရေ-အခြားသော ဗျာကရုဏ်း ဆရာတို့သည်၊ (ဝဒန္တိ)။

---

ရမည်-ဟူလို၊ ကိတ အရ၌ ကိတပစ္စည်းဆုံးသော သဒ္ဒါများကိုသာ ရသောကြောင့် တဗ္ဗအနီယ စသော ကိစ္စ ပစ္စယန္တတို့ကို စ သဒ္ဒါဖြင့် ယူရသည်၊ ထိုပစ္စယန္တသဒ္ဒါတို့၌ နာမ်ငဲ့ရခြင်း၏အကြောင်းမှာ အခြားကိတပစ္စယန္တအတိုင်းပင်တည်း၊ "ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"နှင့်အညီ လိန်၏ နောက်၌ သက်ရသော ဏတ္တိ ပစ္စည်းများလည်း လိန် မဟုတ်ကြ၊ ထို့ကြောင့် ဏတ္တိ ပစ္စယန္တသဒ္ဒါစုကိုလည်း နာမ်ငဲ့ရသည်၊ ပစ္စယန္တာဒိဿ၌ အာဒိဖြင့် "ခစသော ဓာတု ပစ္စယန္တ သဒ္ဒါများကို ယူ"ဟု ဋီကာဖွင့်၏။

**ဣမ သမာသဂ္ဂဟဏံ၊ပေ၊နိယမတ္ထံတိ** အပရေ—သမာသ် ဟူသည် နာမ်ပုဒ် ၂-ခု စသည်ကို စပ်သောကြောင့် နဂိုရ်ကပင် နာမ်သဘော မပျက်ချေ၊ နာမ် သဘော မပျက်လျှင် နာမ်ငဲ့ဘွယ်လည်း မလို၊ သို့ပါလျက် အဘယ့်ကြောင့် ဤသုတ်၌ သမာသ သဒ္ဒါကို ထည့်ရပါသနည်း—ဟုမေး၊ အဖြေကား—ဒြဗ်နက်ကို ဟောသော ပုဒ် အပေါင်းသည် "ရညော ပုရိသော"စသည်ကဲ့သို့ ဝါကျလည်း ရှိ၏၊ "ရာဇပုရိသော" စသည်ကဲ့သို့ သမာသ်လည်း ရှိ၏၊ ထိုတွင် "နာမ" ဟူသော အမည်သည် "ရာဇပုရိသော"ကဲ့သို့သော သမာသ်၏ အမည်သာ ဖြစ်သည်, "ရညော+ပုရိသော" ကဲ့သို့သော ဝါကျ၏အမည်မဟုတ်-ဟုသတ်မှတ်ခြင်းအကျိုးငှါ သမာသသဒ္ဒါကိုထည့်၍ ဆိုရသည်၊ "သိဒ္ဓေ သတိပိ အာရမ္ဘော နိယမာယဝါ ဟောတိ အတ္ထန္တရဝိညာပနာယ"ဟူသော နိယမ-အတ္ထန္တရဝိညာပန အကျိုး ၂-မျိုးတွင် ဤသုတ်၌ သမာသ သဒ္ဒါသည် နိယမ အကျိုးရှိသည်—ဟူလို။

**မှတ်ချက်။** ၊ဤဗျာကရုဏ်းကျမ်းဆရာတို့၏အဆိုသည် "သကတ္ထဝိရဟေန၊ပေ၊ ဝိဘတျုပ္ပတ္တိယံ အသမ္ဘဝတ္တာယ"ဟု ပဌမ ပြခဲ့သောနည်းမှ တနည်း ဖြစ်၏၊ ရှေးနည်း အလို—မိမိတို့ မူလအနက်များမှ ကင်းလွတ်သဖြင့် လိန်အမည် မရှိ၍ ဝိဘတ်သက် ခွင့် မရသောကြောင့် နာမ်မငဲ့လျှင် မဖြစ်သည့်အတွက် သမာသ်ကို နာမ်ငဲ့ဘို့ရာ သမာသ သဒ္ဒါကို ထည့်ရသည်၊ ဗျာကရုဏ်းဆရာတို့ အလိုကား—နာမ်ပုဒ်အပေါင်းဖြစ်၍ နာမ် ငဲ့ဘွယ် မလို, နာမ်မငဲ့ဘဲပင် ဝိဘတ် သက်နိုင်၏၊ သို့သော် ပုဒ် အပေါင်းကို နာမ ဟု အမည်ပေးရာ၌ ဝါကျကို မပေးရ, သမာသ်ဖြစ်မှ "နာမ"ဟု အမည်ပေးရသည်ဟု သတ်မှတ်ခြင်းအကျိုးငှါ "သမာသ" သဒ္ဒါကို ထည့်ရသည်—ဟု ဆိုလိုသည်။ [ဤဝါကျ၌ အတ္ထဝတံ၏ အဓိပ္ပါယ်မှာ ဓာတုပစ္စယဝိဘတ္တိ ဝဇ္ဇိတ မတ္ထဝံ လိင်္ဂံ (ပဒသမညာပယောဂသုတ်)၌ ပြခဲ့သော "အတ္ထဝံ"၏ အဓိပ္ပါယ်အတိုင်းတည်း။]

www.dhammaransi.com



(၃၃၄) အဗျယီဘာဝေါတိ ဝတ္တတေ။

**သော နပုံသကလိင်္ဂေါ**။ ၃၂၀။ သော အဗျယီဘာဝ သမာသော – ကို၊ နပုံသကလိင်္ဂေါ – နပုံလိင် ရှိ၏ ဟူ၍သာ၊ ဒဋ္ဌဗ္ဗော – မှတ်ထိုက်၏၊ ဣတိ-ဤသုတ်ဖြင့်၊ နပုံသကလိင်္ဂတ္တံ–နပုံလိင် အဖြစ်သည်၊ (ဟောတိ)၊ ဟိ-ဆက်၊ ဧတ္ထ-ဤသုတ်သည်၊ လိင်္ဂါတိဒေသော-လိင်ကို ငဲ့ညွှန်းသောသုတ်သည်၊ သတိပိ-ဖြစ်သော်လည်း၊ ဝါ-ဖြစ်စေကာမူ၊ အဓိပညံတျာဒီသု–အဓိပညံ အစရှိသော ပြယုဂ်တို့၌၊ အဓိဉာဏံတျာ ဒိ ရူပပ္ပသင်္ဂေါ-အဓိဉာဏံ အစရှိသော ရုပ်၏ ကပ်ငြိလျှဉ်းပါးဘွယ်သည်၊ နဟောတိ-မဖြစ်၊ (ကသ္မာ-နည်း)၊ တိပညံတျာဒီသု-

---

(၃၃၄) **နပုံသကလိင်္ဂေါ**–[“နပုံသကံ လိင်္ဂံ တေဿာတိ န ပုံသကလိင်္ဂေါ ဝေ”-ဋီကာ။] နဂိုရ်က ဣတ္ထိ ကုမာရီဟု ဣတ္ထိလိင်နှင့်ရှိသော ပုဒ်များသည်ရင်း, ဒရထာန်+အံ့ဘာဝေါ စသော နဂိုရ်က ပုလ္လိင် ရှိသော ပုဒ်များသည်ရင်း အဗျယီဘော သမာသ်တွင်းသို့ ရောက်သည့်အခါ “အဓိတ္ထိ အဓိကုမာရိ, နိဒ္ဒရထံ” စသည်ဖြင့် နပုလ္လိင် ရှိသော ပုဒ်များဖြစ်ကြရသည်-ဟူလို၊ နဂိုရ်က နပုလ္လိင်နှင့်ရှိနေသော “ဥပနဂရံ” စသည်တို့ နပုလ္လိင် ရှိနေကြောင်းမှာ အထူး ပြောဘွယ်မလို၊ ပဋ္ဌနုဂတိက နည်းအားဖြင့် နပုလ္လိင်နှင့်ပြီး ပုဒ်များကိုလည်း နပုလ္လိင်နှင့်၏-ဟုပင် ထပ်၍ ဆိုရမည်။

**ချွာသဆိုပုံ**။ ။ဤသုတ်ကို “လိင်္ဂါတိဒေသ မဟုတ်, ကာရိယာတိဒေသသုတ်” ဟု ဆို၍ လိင်္ဂါတိဒေသသုတ်ဖြစ်လျှင် နပုလ္လိင် မငဲ့မှိက “အဓိပညာ” ဟု ဣတ္ထိလိင် ရှိသော ရုပ်သည် ဤသုတ်ဖြင့် နပုလ္လိင် ငဲ့လိုက်က “အဓိဉာဏံ” ဟု နပုလ္လိင်ရုပ် ဖြစ်သွားဘွယ် ရှိသည်၊ ထို့ကြောင့် ဤသုတ်သည် လိင်္ဂါတိဒေသသုတ် မဟုတ်, သေသသုန္တ၊ဝသုတ်ကဲ့သို့ ကာရိယာတိဒေသသုတ်တည်း၊ “သရော ရဿော နပုံသကေ” စသော သုတ်ဖြင့် နပုလ္လိင် အရာ၌ ရဿ စီရင်သကဲ့သို့ “အဓိပညာ အဓိတ္ထိ” စသည်၌လည်း နပုလ္လိင်လို သဘောထား၍ ရဿ စီရင်ပါလေ” ဟု ငဲ့ညွှန်းသည်-ဟူလို၊ဤကားချွာသအဆိုတည်း။

**ဧတ္ထဟိ၊ပေ၊တိပညံတျာဒီသုဝိယ**—ထို ချွာသ အဆိုကိုလိုက်၍ ရှင်းလင်း ပယ်ချလိုသောကြောင့် “ဧတ္ထဟိ” စသည်ကို မိန့်သည်၊ မှန်၏–“ဧတ္ထဟိ၊ပေ၊တိပညံတျာဒီသုဝိယာတိ ဒဋ္ဌဗ္ဗံ” ဟူသော ဝါကျသည် ချွာသ အဆိုကို ရှင်းလင်းစေသော စကားဖြစ်၍ “နစာယံ ၊ ပေ ၊ အဒဿနတော” ကား ချွာသ အဆိုကို ပယ်ချသောစကား ဖြစ်သည်၊ ဤသုတ်သည် လိင်္ဂါတိဒေသသုတ် ဖြစ်စေကာမူ အဓိပညံရုပ်က အဓိဉာဏံရုပ် မဖြစ်နိုင်၊ ဘာ့ကြောင့်နည်း— အဓိဉာဏံသည် အဓိပညံနှင့် သဒ္ဒါချင်း မတူ-သဒ္ဒါ တမျိုးဖြစ်သောကြောင့်တည်း၊ ဥပမာ—“တိဿော ၃-မျိုးကုန်သော+ပညာယော—ပညာတို့တည်း၊ တိပညံ ၃-မျိုးသောပညာ” ဟူသော ဒိဂုသမာသ်၌ ဒိဂုဿေကတ္တံ သုတ်ဖြင့် နပုလ္လိင်ငဲ့လိုက်သည့်အခါ တိပညာဟူသော နဂိုရ်ဣတ္ထိလိင် သဒ္ဒါသည် “တိဉာဏံ” ဟု သဒ္ဒါတမျိုး ပြောင်း၍ မသွားသကဲ့သို့တည်း၊ ထို့ကြောင့် ဤသုတ်သည် လိင်္ဂါတိဒေသ

www.dhammaransi.com



ဝိယ-တိပည်း အစရှိသော ပြယုဂ်တို့၌ကဲ့သို့၊ သဒ္ဒန္တရတ္တာ-သဒ္ဒါတမျိုး၏ အဖြစ် ကြောင့်တည်း၊ ဣတိ, ဒဋ္ဌဗ္ဗံ၊ စ-စင်စစ်ကား၊ အယံ ဤသုတ်သည်၊ နအတိ- ဒေသော-အတိဒေသသုတ် မဟုတ်၊ (ကသ္မာ-အဘယ့်ကြောင့် သိနိုင်သနည်း၊) သုတ္တေ-သုတ်၌၊ အတိဒေသ လိင်္ဂဿ-အတိဒေသ၏ အမှတ်အသားဖြစ်သော၊ ဣဝသဒ္ဒဿ-ဣဝသဒ္ဒါကို၊ အဒဿနတော-မမြင်ရခြင်းကြောင့်တည်း၊ ပုရေဝိယ သျာဒျုပ္ပတ္တိ။

---

ဖြစ်စေကာမူ အမိပည်းမှ အမိဉာဏ် ဖြစ်သွား လိမ့်မည်လားဟု ( နှာသပြသလို ) ယုံမှားဘွယ်မရှိပါ-ဟူလို။ [ဤစကားဖြင့် ဤသုတ်ကို "လိင်္ဂါတိဒေသ" ဟု ရူပသိဒ္ဓိက ဆိုလိုသည်မဟုတ်, အကယ်၍ လိင်္ဂါတိဒေသသုတ် ဖြစ်စေကာမူ နှာသပြသော လျှဉ်းပါး (ယုံမှား) ဘွယ်မျိုးမရှိနိုင်ဟု ရှင်းလင်းပြခြင်းသာ ဖြစ်သည်၊ "တိပည်း"၌ အတိပည်းဟု ပါဌ်ပျက်နေသည်၊ "တိဿောပညာ သမာဟဋ္ဌာ" စသော ဋီကာဖွင့်ထောက်၍ "တိပည်း"ဟု သီဟိုဠ်မူအတိုင်း ပါဌ်မှန် ရှိစေ၊ ထွေလည်း လိင်္ဂါတိဒေသ ဟူသော လက္ခဏဝန္တ ကတ္တားနှင့် အရတူ ဖြစ်သောကြောင့် "ဤသုတ်သည်"ဟု လက္ခဏဝန္တ ကတ္တားနက်ပင် ပေးသည်။]

**နစာယံ၊ပေ၊အဒဿနတော**—အမှန်အားဖြင့် ဤသုတ်သည် ကာရိယာတိဒေသ- လိင်္ဂါတိဒေသ ၂-မျိုးလုံးပင် မဟုတ်၊ ရှေ့ဦးအံ့— "သေသေသုန္တုဝ"စသော အခြား အတိဒေသ သုတ်များ၌ ငဲ့ညွှန်းပုံကိုပြသည့် အတိဒေသ အမှတ်အသားဖြစ်သော"ဣဝ" သဒ္ဒါပါ၏။ [တထာ ကတ္တရိစ သုတ်၌လည်း "တထာ" သဒ္ဒါ ပါ၏၊ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော သုတ်၌ကား ဣဝ တထာကို့ထက်ပင် သေချာသော "ဝုတ္တ- ယောဂတော"သဒ္ဒါ ပါ၏။] ဤသုတ်ကား ထိုကဲ့သို့ အတိဒေသ အမှတ်အသား မပါ သောကြောင့် အတိဒေသသုတ်မဟုတ်၊ အဗျယီဘော သမာသ်သည် ဥပသာရ နိပါတ် အနက် ပြဋ္ဌာန်းလျက် ရှိသောကြောင့် ဥပသာရ နိပါတ် ထုံးစံအတိုင်း "အလိန် (လိန်အထူးမရှိ)"ဟု မှတ်ရမည်လားဟု ယုံမှားဘွယ် ရှိသောကြောင့်၎င်း "ဒွန် တပ္ပုရိသ်ကဲ့သို့ နောက်ပုဒ် လိန် လိုက်၍ ၃-လိန်ဆက်ဆံလေသသား"ဟု ယုံမှားဘွယ် ရှိသောကြောင့် ၎င်း"နပုလ္လိန်ရှိသည်"ဟုစီရင်သော ဝိဓိသုတ်တမျိုးဖြစ်သည်။ [သရော ရဿော နပုံသကေသုတ်ဖြင့် စီရင်ဘိုရာ အစီအရင်ကို သိစေသော ဝိဓျင် ပရိဘာသာ သုတ်ဟုလည်း ဆိုကြသေး၏။]

**မှတ်ချက်**။ ။ဤသို့ အတိဒေသသုတ် မဟုတ်သောကြောင့် "နပုံသကလိင်္ဂေါဝ"၌ "လိင်္ဂေါ+ဣဝ"ဟု ပုဒ်မဖြတ်ဘဲ "လိင်္ဂေါ+ဧဝ"ဟု ပုဒ်ဖြတ်ရလေသည်၊ ကလာပ် ဝုတ္တိ၌ကား "အဗျယီဘာဝ သမာသော နပုံသကလိင်္ဂံ ဿျာတ်"ဟု "ဝ" မပါဘဲပင် ဖွင့်၏၊ ထို့ကြောင့် ကလာပ်အလိုလည်း အတိဒေသသုတ် မဟုတ်-ဟု မှတ်။ ["ယထာ ပရိသာယ-အကြင် အကြင် ပရိသတ်၌၊ ယထာသမာဒိဋ္ဌာယ-အကြင် အကြင် ညွှန်ပြ အပ်တိုင်းကို၊ယထာပဋ္ဌညာယ-အကြင် အကြင် ဝန်ခံခြင်းဖြင့်"စသည်၌ နပုံလိန်မဟုတ် သောကြောင့် ဤသုတ်အစီအရင်မျိုးကို မောဂ္ဂလ္လာန်၌ ဝိကပ်ဟု ဆိုသည်။]

www.dhammaransi.com



(၃၃၅) ကွစိတိ ဝတ္တတေ၊ [“အကာရန္တာ+အဗျယီဘာဝါ”တိဆေဒေါ-ဟု ဋီကာဖွင့်သောကြောင့် “မကာရန္တာ ဗျယီဘာဝါ”ဟု သန္ဓိစပ်လျက် ရှေးပါဌ်ရှိကြောင်း သိပါ။]

**အံဝိဘတ္တိန မကာရန္တာဗျယီဘာဝါ**။ ၄၄၁။ အကာရန္တာ-သော၊ တသ္မာ အဗျယီဘာဝါ-မှ၊ ပေ၊ ဟောတိ၊ တေသံ-ကို၊ နေယျံ-သိနိုင်လောက်၏၊ [အံ ပြုပြီးနောက်, ခွင်း, ချေ, ကပ်-ဟူသော အစီအရင်များ သိနိုင်လောက်ပြီ-ဟူလို။] တံ ဥပနဂရံ-ထို မြို့အနီး၊ နဂရဿ-မြို့၏၊ သမီပံ-အနီးသည်၊ တိဋ္ဌတိ-တည်၏၊ ဣတိ အတ္ထော-နက်၊ [“နဂရဿ သမီပံ”ဟု ဖွင့်၍ ဥပနဂရံ၌ ပဌမာသိဝိဘတ် ဆုံးသော ပုဒ်မှန်း ထင်ရှားအောင် “တိဋ္ဌတိ” ဟု အပို ထည့်သည်။] တာနိ ဥပနဂရံ-ထို မြို့အနီးတို့၊ အာလပနေပိ-အာလုပ်၌လည်း၊ ဧဝံ-ဤ အတူတည်း၊ တံ ဥပနဂရံ-ကို၊ ပဿ-ရှုလော့၊ [ဒုတိယာဝိဘတ် ဖြစ်ကြောင်း ထင်ရှားဘို့ရာ “ပဿ”ဟု စပ်ပုဒ်ကြိယာကို ထည့်သည်။] တာနိ ဥပနဂရံ-ထိုမြို့အနီးတို့ကို၊ [ဧကဝုစ် ဗဟုဝုစ် ကွဲပြားအောင် “တံ-တာနိ”ဟု ထည့်သည်။]

ကွစိတိ-ကွစိသဒ္ဒါ၏၊ အဓိကာရတော-လိုက်ခြင်းကြောင့်၊ ပဉ္စမျာ-ပဉ္စမီ ဝိဘတ်၏၊ အယံအံဘာဝေါ-၌ အံ အဖြစ်သည်၊ န မဖြစ်၊ တတိယာ သတ္တမီ ဆဋ္ဌီနံတု-တတိယာ, သတ္တမီ, ဆဋ္ဌီ ဝိဘတ်တို့၏ကား၊ အယံအံဘာဝေါ-သည်၊ ဝိကပ္ပတော-ဝိကပ်အားဖြင့်၊ ဟောတိ-ဖြစ်၏။

---

(၃၃၅) နပဉ္စမျာ၊ ပေ၊ ဝိကပ္ပတော——ကွစိသမာသန္တ စသော သုတ်မှ လိုက်လာသော ကွစိသဒ္ဒါကြောင့် “န ပဉ္စမျာ—ပဉ္စမီဝိဘတ်ကို အံ မပြုရ” ထို့ကြောင့် ပဉ္စမီ ရုပ်၌ “ဥပနဂရာ,မှာ,သ္မာ၊ဥပနဂရေဟိ”ဟုသာ ပြယုဂ်ထုတ်၍“ဥပနဂရံ”ဟု မထုတ်၊ တတိယာ သတ္တမီ ဆဋ္ဌီဝိဘတ်တို့ကိုကား ဝိကပ်အားဖြင့် အံပြုသည်၊ ထို့ကြောင့် တတိယာ၌ ဥပနဂရံအပြင်“ဥပနဂရေန ဥပနဂရေဟိ”ဟုလည်း ထုတ်၏၊သတ္တမီ ဆဋ္ဌီရုပ်များ၌လည်း နည်းတူ၊ စတုတ္ထီဝိဘတ်အတွက် ဂါထာ၌ အထူးဆိုချက် မပါ၊ မြန်မာပူဝယ် စတုတ္ထီ၌ “တဿ ဥပနဂရံ ဒေဟိ, ဥပနဂရဿဝါ၊ တေသံ ဥပနဂရံ, ဥပနဂရာနံဝါ”ဟု ဝိကပ်ရုပ်ကို ပြထားသော်လည်း သီဟိုဠ်မူ၌ ဝိကပ်ရုပ်ကို မပြချေ၊ မြန်မာဆရာတော်တို့က “စတုတ္ထီနှင့် ဆဋ္ဌီရုပ်မှာ သဘောတူပင်ဖြစ်၍ ဆဋ္ဌီဝိကပ်ဖြစ်လျှင် စတုတ္ထီလည်း ဝိကပ် ဖြစ်ရမည်”ဟု အယူရှိကြဟန်တူ၏၊ သို့သော် ဂါထာ၌ပင် ဆဋ္ဌီကိုသာ ဆိုထားသော ကြောင့် စတုတ္ထီ၌ ဝိကပ်ရုပ် မပြသော သီဟိုဠ်မူသာ အလိုကျမည် ထင်သည်။ [ကွစိ သဒ္ဒါကို ဝဝတ္ထိတဝိဘာသာ အနက် ရှိ၏ဟု ကြံ၍ “ပဉ္စမီ၌ အသန္တဝိဓိ, တတိယာ

www.dhammaransi.com



တေန ဥပနဂရံ-ထိုမြို့အနီးသည်၊ ကတံ-ပြုအပ်၏၊ ဥပနဂရေနဝါ-"ဥပနဂရေန" ဟုလည်း ရှိ၏၊ တေဟိဥပနဂရံ-တို့သည်၊ ဥပနဂရေဟိဝါ-လည်း ရှိ၏၊ တဿ ဥပနဂရံ-အား၊ ဒေဟိ-ပေးလော့၊ (ဥပနဂရဿဝါ-လည်း ရှိ၏၊) တေသံ ဥပနဂရံ-တို့အား၊ (ဥပနဂရာနံဝါ-၏။) [စတုတ္ထီ-"ဥပနဂရဿ-ဥပနဂရာနံ"ရုပ်တို့ သိဟိုဠ်မူ၌ မပါ။] ဥပနဂရာ, ဥပနဂရမှာ, ဥပနဂရသ္မာ-မှ၊ အာယန-ဆောင်ယူခဲ့လော့၊ ဥပနဂရေဟိ-တို့မှ၊ ဥပနဂရံ-၏၊ သန္တကံ-ဥစ္စာ၊ ဥပနဂရဿဝါ-၏၊ တေသံ ဥပနဂရံ-တို့၏၊ ဥပနဂရာနံဝါ-လည်း ရှိ၏၊ ဥပနဂရံ-၌၊ နိဓေဟိ-သိုမှီးလော့၊ ဥပနဂရေ, ဥပနဂရမှိ, ဥပနဂရသ္မိံဝါ-လည်း ရှိ၏၊ ဥပနဂရံ-တို့၌၊ ဥပနဂရေသုဝါ-လည်း ရှိ၏၊ ဓေံ-ဤအတူ၊ ဥပကုမ္ဘံ-အိုး၏အနီး၊ ["ကုမ္ဘဿ + သမီပံ, ဥပကုမ္ဘံ"ဟု ဝိဂြိုဟ်ပြုပါ-ဟူလို။]

အဘာဝေ-မရှိခြင်းအနက်၌၊ (ဥဒါဟရဏံ-ကား၊ နောက်၌လည်း ဤနည်းအတိုင်းထည့်၊) ဒရထာနံ-ကိလေသာ ပူပန်မှုတို့၏၊ အဘာဝေါ-မရှိခြင်းတည်း၊ နိဒ္ဒရထံ-ခြင်း၊ နိမ္မသကံ-ခြင်မရှိခြင်း၊ ပစ္ဆာအတွေ-

---

သတ္တမီ ဆဋ္ဌီ၌ အနိစ္စဝိဓိ, ကြွင်းဝိဘတ်၌ နိစ္စဝိဓိ"ဟု ခွဲကြသေး၏၊ သို့သော် "ကွစိတိ ကွစိ သမာသန္တဂ္ဂဟဏာဒိတော အနုဝတ္တတေ, ကတ္ထစိ အမာဒေသနိဝတ္တနတ္ထံ"ဟု ဋီကာဖွင့်သောကြောင့် ကွစိသဒ္ဒါသည် ကွစိ အနက်ပင် ရှိ၏-ဟု မှတ်။]

**ဆက်ဦးအံ့**—ဤ "နပဥ္စမျာယ မံဘာဝေါ" ဂါထာသည် ကလာပ် ကာရကာ၌ လာသော "အဗျယီဘာဝါ အကာရန္တာ ဝိဘတ္တီနံ အံ အပဥ္စမျာ, ...ဝါ တတိယာ သတ္တမီနံ"ဟူသော ၂-သုတ်ကိုမှီးသော ဂါထာ ဖြစ်သည်၊ ထို ကလာပ်၌ ဆဋ္ဌီ ဝိဘတ်အတွက်ပင် အထူးမဆို၊ ထို့ကြောင့် ကလာပ်အလို "ဆဋ္ဌီ ဝိဘတ်လည်း အံ အပြုမြဲသည်"ဟုပင် မှတ်ယူရမည်၊ ရှေးဆရာတို့ကမူ "အဓိစိတ္တာဓမ္မာ" (ပဋ္ဌာနမာတိကာ) "အဇ္ဈတ္တာဓမ္မာ အဇ္ဈတ္တဿ"(သိ-သ) တို့၌ အံ မပြုသော ရုပ်ကို မြင်ရသောကြောင့် ပဋ္ဌာန စတုတ္ထီ ရုပ်များ၌ အံ အပြု မမြဲ-ဟုရင်း, "အဇ္ဈတ္တံ-အဇ္ဈတ္တခန္ဓာကို၊ အဘိနိဝိသိတွာ-နှလုံးသွင်း၍၊ အဇ္ဈတ္တံ-မှ၊ ဝုဋ္ဌာတိ"ဟူရာ၌ ပဥ္စမီ ဝိဘတ်ဖြင့် အဇ္ဈတ္တံဟု အံပြုလျက် ရှိသောကြောင့်ရင်း, အခြားဝိဘတ်များ၌လည်း ထို့အတူပင် "အံပြု-မပြု" ၂-ခု ရှိသင့်ရကား ဝိဘတ်အားလုံး၌ပင် အံ အပြု မမြဲဟု ဆုံးဖြတ်တော်မူကြသည်။

**အဘာဝေ**—အဘာဝအနက်၌ သမာသ်ဖြစ်သောကြောင့် "အဘာဝေ"ဟု ဆိုသည်၊ နိဒ္ဒရထံ၌ နိ သဒ္ဒါသည် အဘာဝအနက်ကို ဟော၏၊ ထို အဘာဝသည် အတ္ထာဘာဝ, ဣဒ္ဓါဘာဝ, ပဓံသာဘာဝ, ဥပဘောဂါဘာဝဟု ၄-မျိုးရှိ၏၊ ထိုတွင် ဝတ္ထုဒြဗ်ကို "အတ္ထ"ဟုခေါ်၏၊ ထိုဝတ္ထုဒြဗ်၏ မရှိခြင်းသည် "အတ္ထာဘာဝ"မည်၏၊ နိမ္မက္ခိကံ-ယင်ကောင်

ပစ္ဆာအနက်၌၊ ရထဿ-ရထား၏၊ ပစ္ဆာ-နောက်တည်း၊ အနုရထံ-ရထားနောက်၊ အနုဝါတံ-လေ့နောက်၊ ဝါ-လေအောက်, လေစုန်၊ ယောဂ္ဂတာယံ-လျောက်ပတ်သည်၏ အဖြစ်ဟူသော အနက်၌၊ ယထာ သရူပံ-သရုပ်အားလျော်သည်၊ အနုရူပံ-အဆင်းအားလျော်သည်၊ ဝါ-သဘောအားလျော်သည်၊ ရူပယောဂ္ဂံ-အဆင်းအားလျော်သည်၊ ဝါ-သည်၊ ဣတိအတ္ထော-နက်၊ ဝိစ္ဆာယံ-ဝိစ္ဆာအနက်၌၊ အတ္တာနံ အတ္တာနံပတိ-မိမိ မိမိ၌၊ ပစ္စတ္တံ-မိမိမိမိ၌၊ အဒ္ဓမာသံ အဒ္ဓမာသံ အနု-လခွဲ လခွဲ

---

မရှိခြင်း, နိမ္မသကံ-ခြင်မရှိခြင်း, စသည်တည်း၊ ဤ၌"ယင်ကောင်-ခြင်"ဟူသော ဝတ္ထုဖြစ်၏မရှိခြင်းဖြစ်သည်၊ နိဒ္ဒရထံ၌လည်း "ကိလေသာအပူ"ဟူသော ပရမတ္ထ အထည်ဝတ္ထု၏ မရှိခြင်းဖြစ်၍ "အတ္ထာဘာဝ"ပင်တည်း၊ ပြည့်စုံခြင်းကို "ဣဒ္ဓ"ဟု ခေါ်၏၊ ထိုပြည့်စုံမှု၏မရှိခြင်းသည်"ဣဒ္ဓါဘာဝ"မည်၏၊ ဒုယျဝနံ-ဓယနတိုင်း(ယောနတိုင်း)၏ (ပြည့်စုံမှု)မရှိခြင်း၊ ဒုဗ္ဘိက္ခံ-ထမင်း၏ မရှိခြင်း, စသည်တည်း၊ ဤ၌ ထမင်းဖြစ် လုံးဝမရှိခြင်းကို မဆိုလို, မပြည့်စုံ မလုံလောက်ခြင်းကိုသာ "အဘာဝ"ဟု ဆိုသည်၊ ပျက်စီးခြင်းကို"ပဓံသ"ဟု ခေါ်၏၊ ထို ပျက်စီးခြင်းသည်ပင် မရှိခြင်းဖြစ်သောကြောင့်"ပဓံသာဘာဝ"မည်၏၊ အတိသီတံ-အအေး၏ ကုန်လွန်ခြင်း၊ အတိဝသန္တံ-ဝသန္တဥတု ကုန်လွန်ခြင်း, စသည်တည်း၊ ဤ၌ အဥတု-ဝသန္တဥတုတို့ ပျောက်ကွယ် ကုန်လွန်ခြင်းသည် ပဓံသာဘာဝ မည်၏၊ သုံးဆောင်ခြင်းကို "ဥပဘောဂ"ဟု ခေါ်၏၊ ထို ဥပဘောဂကာလ၏မရှိခြင်းသည်"ဥပဘောဂါဘာဝ"မည်၏၊ အတိယောဗ္ဗနံ-ပျိုရွယ်သူ့အဖြစ်၏ မသုံးဆောင်ရာ ကာလ၊ အတိကမ္ဗလံ-ကမ္ဗလာ၏ မသုံးဆောင်ရာ ကာလ၊ ဤ၌"မသုံးဆောင်ရာကာလ"ဟူသည် သုံးရာကာလ မဟုတ်ခြင်းတည်း၊ ထို့ကြောင့်"ဥပဘောဂါဘာဝ"ဟု ဆိုသည်၊ ["ဒရထာနံ+အဘာဝေါ"ဟု နိ၏ ပရိယာယ် အဘာဝပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုရသော်လည်း ရုပ်တွက်သည့်အခါ၌မူ"နိ+ဒရထ"တည်၊ "နိ-သိ+ဒရထ-နံ"ဟုဖြစ်, သိချေ, ဒရထာနံ ဖြစ်အောင် စီရင်၊ သမာသ်စသည် စီရင်၍ "နိ+ဒရထ" ပကတိဖြစ်၊ ဒွေဘော်လာ,စသည်ဖြင့် ဥပနဂရံအတိုင်း တွက်၊"မသကာနံ အဘာဝေါ နိမ္မသကံ"လည်း နည်းတူ။]

**ယောဂ္ဂတာယံ**—ယောဂ္ဂ သဒ္ဒါသည် ယုတ္တ သဒ္ဒါနှင့် အနက် တူ၏၊ ယောဂ္ဂ-သင့်လျော်+တာ-အဖြစ်၊ (သင့်လျော်ခြင်း)၊ ထိုယောဂ္ဂတာ အနက်၌ "ယထာ+သရူပ,အနု+ရူပ"တို့ သမာသ်ဖြစ်ကြသည်၊"ရူပယောဂ္ဂန္တိ အတ္ထော"ဟုသီဟိုဠ်မှုရှိ၏၊ ဤရူပယောဂ္ဂံသည် အနုရူပံ၏ အနက်ပြတည်း၊ မုဒ္ဒဗောဓ၌ "ရူပဿ+ယောဂ္ဂံ-အနုရူပံ"ဟုပင် ဝိဂ္ဂဟပြုသည်။

**ဝိစ္ဆာယံ**—ပတိနှင့် အတ္တသည် ဝိစ္ဆာ အနက်၌ သမာသ်ဖြစ်ကြသော ဝိစ္ဆတ္ထအဗျယီဘောတည်း၊ ထို့ကြောင့် ဝိဂ္ဂြိုဟ်၌ ဝိစ္ဆာအနက် ထင်ရှားအောင် "အတ္တာနံ အတ္တာနံ"ဟု ၂-ပုဒ်ပြသည်၊ ဤ၌ "အတ္တာနံ အတ္တာနံ ပတိ"ဟု ပကတိ ပုဒ်ရင်းဖြင့်

www.dhammaransi.com



တိုင်း၌၊ အနုဒ္ဓမာသံ-လခွဲ လခွဲတိုင်း၌၊ အာနုပုဗ္ဗိယံ-အစဉ် အတိုင်း ဟူသောအနက်၌၊ ဇေဋ္ဌာနံ-ကြီးသူတို့၏၊ အနုပုဗ္ဗော-အစဉ်တည်း၊ အနုဇေဋ္ဌံ-ကြီးသူတို့အစဉ်၊ ဝါ-ကြီးငယ်ဖဉ်လိုက်၊ ပဋိလောမေ-ဆန့်ကျင်ဘက်ဟူသော အနက်၌၊ သောတဿ-ရေအယဉ်၏၊ ပဋိလောမံ-ဆန့်ကျင်ဘက်တည်း၊ ပဋိသောတံ-ရေညာ၊ ပဋိပထံ-ခရီး၏ ဆန့်ကျင်ဘက်၊ ဝါ-ခရီးရင်ဆိုင်၊ ပဋိဝါတံ-လေညာ၊ အတ္တာနံ-အတ္တကို၊ အဓိကိစ္စ-စွဲမှီ၍၊ ပဝတ္တံ-ဖြစ်သော၊

ဝိဂ္ဂြိုဟ် ပြုထားသောကြောင့် "အဗျယီဘော၌ အသပဒဝိဂ္ဂဟ ပြုရမည်"ဟူသော ရှေ့စကား၏ မမြဲကြောင်းကို သိပါ၊ရုပ်တွက်သည့်အခါ"ပတိ+အတ္တ"ဟု တည်၊ပတိနောင် သိသက်, ချေ၊ ပရသမညာ ပယောဂေ သုတ်ဖြင့် ပတိကို ကမ္မပ္ပဝစနီယ မှည့်၍ ကမ္မပ္ပဝစနီယ ယုတ္တေ သုတ်ဖြင့် အတ္တနောင် ဒုတိယာ အံသက်, အတ္တာနံ ပြီးအောင် စီရင်၊ "ပတိ အတ္တာနံ"ဟု ဝါကျရုပ်ပြီး၏၊ အတ္တာနံ အတ္တာနံ+ပတိ-မိမိ မိမိ၌၊ ဤတိ အတ္ထေ-၌၊ သမာသ် စသည် စီရင်၍"ပတိ+အတ္တ"ဟု ပကတိပြု, သဗ္ဗောစံတ်ဖြင့် တိကို စပြု, ဒွေဘော်လည်းလာ၍ "ပစ္စတ္တ"နာမ်ငဲ့-နပုံလိန် စီရင်, သိမ်သက်၍ အံပြု ပစ္စတ္တံ ပြီး၏။

ဆက်ဦးအံ့-"အတ္တာနံ အတ္တာနံ + ပတိ" ဝါကျ၌လည်း ပတိ ဟူသော ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် ဒုတိယာပင် သက်ရ၏၊ "အတ္တံ အတ္တံ+ပတိ-ပစ္စတ္တံ= အနက်တိုင်း၌၊ [ပကိသဒ္ဒဿ ဝိစ္ဆာယံ ကမ္မပ္ပဝစနီယ သညာဝိဓာန သာမတ္ထိယာ တံယောဂေ ဒုတိယာဂမ္ဘံ ဝါကျမှိ=ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့်"အတ္တံ အတ္တံ" ဟု ဒုတိယာအတွင်းငုပ်သော ဝါကျလည်းရှိ၏၊-သိဒ္ဓန္တကောမုဒီ။] "ပစ္စတ္တံ" ဟု သမာသ်ပြီးသည့်အခါ၌ကား အနက်အားလျော်စွာ ဆိုင်ရာဝိဘတ်သက်၍ အံပြု၊ မှန်၏၊- "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-အတ္တနိ အတ္တနိ ဝေဒိတဗ္ဗော" ဝိသုဒ္ဓိမဂ်၌ သိမ်သက်၊ "ပစ္စတ္တညေဝ (သယမေဝ=အတ္တနာယေဝ) နိဗ္ဗုတိ ဝေဒိတဗ္ဗာ" ဗြဟ္မဇာလသုတ်၌ နာဝိဘတ်သက်၊ "ပစ္စတ္တညေဝ (အတ္တနိယေဝ) ဉပ္ပဇ္ဇန္တိ" ပဉ္စဂုံတ္တရ အဋ္ဌကထာ၌လည်း သိမ်ပင်၊ နောက် ၂-မျိုးကား ဝိစ္ဆတ္ထ အဗျယီဘော မဟုတ်၊ ဝိဘတ် အနက်ကို ဟောသော ဝိဘတျတ္ထ အဗျယီဘောတည်း၊"အတ္တနာတိ ပစ္စတ္တံ၊ အတ္တနီတိ ပစ္စတ္တံ"ဟု ဝိဂ္ဂြိုဟ်ပြု၊ တချို့နေရာ၌ "အတ္တနောတိ ပစ္စတ္တံ"ဟုလည်း ပြုကြသေး၏။

**အနွဒ္ဓမာသံ**-ဤ၌ အနုသဒ္ဒါသည် ဝိစ္ဆာအနက်ကို ဟောသောကြောင့် "အဒ္ဓမာသံ အဒ္ဓမာသံ-အနု"ဟု ဝိဂ္ဂြိုဟ်ပြုသည်၊ပါစိတ်မောဟနသိက္ခာပုဒ်၌ကား"အနုသည် ဝိစ္ဆာ အနက်နှင့် တကွ အစဉ်အတိုင်း အနက်ကိုလည်း တပြိုင်နက် ဟော၏"ဟု ယူ၍ "အနုပဋိပါဋိယာ အဒ္ဓမာသေ အဒ္ဓမာသေ"ဖွင့်သည်။ [ကမ္မပ္ပဝစနီယခဏ်းနှင့် စပ်ကြည့်ပါ။]

**အာနုပုဗ္ဗိယံ**-ပုဗ္ဗံ-ရှေ့သို့၊ အနုဂတံ၊-အစဉ်လိုက်သည်တည်း၊ အနုပုဗ္ဗံ-ရှေ့သို့ အစဉ်လိုက်သည်၊"ရှေ့သို့ အစဉ်လိုက်သောအနက်"ဟူသည် အစဉ်အတိုင်းဖြစ်သော အနက်တည်း၊ အနုပုဗ္ဗဿ-ရှေ့သို့ အစဉ်လိုက်သော အနက်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ (အစဉ်အတိုင်း ဖြစ်ခြင်း ကြိယာ) သည်၊ အာနုပုဗ္ဗီ-မည်၏၊ ဘာဝအနက်၌

www.dhammaransi.com



တရားတည်း၊ အဇ္ဈတ္တံ-အတ္တကို စွဲမှီ၍ ဖြစ်သောတရား၊ ပရိယာဒါဘိဝိမိသုပရိယာဒ အနက်, အဘိဝိမိ အနက်တို့၌၊ အာ+ပါဏကောဋိယာ-အသက်ဆုံးသည့် တိုင်အောင်၊ အာပါဏံ ကောဋိကံ-အောင်၊ ကွစိသမာသန္တဂတာန မကာရန္တောတိ-သုတ်ဖြင့်၊ ကပစ္စယော၊ ကစ္စာယနသ - ကစ္စည်းထေရ်၏၊

---

ဏာပစ္စည်းသက်၍ "အာနုပုဗ္ဗ"ဖြစ်ပြီးနောက် (ဤ) ပစ္စည်းသက်၍"အာနုပုဗ္ဗီ"ဟုဇာတ္တိကဲ့သို့ပြီးသည်၊ ထို့နောက် သို့ ကိုယံ ပြု၍ "အာနုပုဗ္ဗိယံ"ဟုဖြစ်၏၊ မောဂ္ဂလ္လာန်၌ကား "အနုပုဗ္ဗဿ+ဘာဝေါ အာနုပုဗ္ဗိယံ"ဟု ဇာဿရိယံ ကဲ့သို့ ဏျပစ္စည်း, အ ကို ဇာပြုထားသည်၊ ထိုအလို "အာနုပုဗ္ဗိယေ"ဟုလည်း ရှိရမည်၊ "အနုဇေဋ္ဌ-ကြီးသူတို့၏အစဉ်"ဟူသည် ၁-နံပါတ်ကြီးသူနောက် ၂-နံပါတ်ကြီးသူလိုက်,ထိုနောက် ၃-နံပါတ်ကြီးသူလိုက်, ဤသို့ အစဉ်အတိုင်း ဖြစ်ခြင်းတည်း၊ "ကြီးစဉ် ငယ်လိုက်"ဟုခေါ်ကြသည်၊ [ပဋိလောမတ္ထ၌ "ပဋိသဒ္ဒံ"ဟု မြန်မာမှု ရှိသော်လည်း"ပဋိပထံ"ဟု ရှိသော သီဟိုဠ်မူသာ ကျမ်းဂန်၌ အတွေ့များသောပါဌ်ဖြစ်သည်၊ "ပထဿ+ပဋိလောမံ, ဝါတဿ+ပဋိလောမံ"ဟု ဝိဂ္ဂြိုဟ်ပြု။]

**အတ္တာနံ၊ ပေ၊ အဇ္ဈတ္တံ**—ပဋိလောမတ္ထ သမာသ် မဟုတ်၊ အဇ္ဈတ္တကို "အဓိ+အတ္တ"ဟု ခွဲ၊ အဓိသဒ္ဒါသည် သမာသ် အရာ၌ အဓိကာရ အနက် ပဝတ္တိအနက် ၂-ချက်ကို ဟော၏၊ ထို့ကြောင့် "အဓိကိစ္စ ပဝတ္တျတ္ထ အဗျယီဘော"ဟု မှတ်။ ["အဓိသဒ္ဒေါ သမာသ ဝိသယေ အဓိကာရတ္ထံ ပဝတ္တိအတ္ထဉ္စ ဂဟေတွာ ပဝတ္တတီတိ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿ ပဝတ္တာ အဇ္ဈတ္တာ"—အဇ္ဈတ္တတိက် မူလဋီကာ။] "အဓိ-သိ+အတ္တ—အံ"ဟု ဖြစ်စေ၍ "အဓိ+အတ္တာနံ"ဟု ဝါကျရုပ် ပြီးစေ။

**အတ္တာနံ အဓိကိစ္စ၏ အဓိပ္ပါယ်။** ။ဤ အဇ္ဈတ္တံအရ (မာတိကာ အကောက်အတိုင်း) မိမိ သန္တာန်၌ ဖြစ်သော စိတ် စေတသိက် ရုပ်အားလုံးကို ရ၏၊သတ္တဝါတို့သည် မိမိ သန္တာန်၌ ဖြစ်သော တရားစုကို "အတ္တ"ဟု စွဲလမ်းကြ၏၊ ထို တရားတို့ကလည်း "အတ္တ"ဟု အစွဲအလမ်းခံဘို့ရာ ရည်ရွယ်ချက် မရှိသော်လည်း ရည်ရွယ်ချက် ရှိသကဲ့သို့ မိမိ သန္တာန်၌ ဖြစ်ကြသည်။ ["ဧဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာတိ ဣမိနာဝိယ အဓိပ္ပါယေန အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာ"—အဋ္ဌသာလိနီ။] "အတ္တာနံ = အတ္တကို၊ အဓိကိစ္စ-စွဲမှီရည်စူး၍၊ ပဝတ္တံ-ဖြစ်သော တရားတည်း" ဟု အနက်ပေး။ [ဋီကာ၌ကား-"အတ္တာတိ စိတ္တံ ဝုစ္စတိ, အဇ္ဈတ္တံတိ စက္ခာဒိ"ဟု အတ္တ အရ စိတ်ကိုဖွင့်၍ အဇ္ဈတ္တံ အရကိုလည်း စက္ခုစသော အဇ္ဈတ္တိကာယတန ၆-ပါးကိုသာဖွင့်၏၊ "အတ္တာနံ အဓိကိစ္စ ပဝတ္တံ"ဟု ဧကဝုစ် ဝိဂ္ဂြိုဟ်၌လည်း "ပဝတ္တာ"ဟု ဗဟုဝုစ် ရှိလျှင် အဋ္ဌကထာတို့နှင့် သာ၍ ညီသည်၊ အဇ္ဈတ္တံ ဟု ပုဒ်ပြီးသည့်အခါ၌ကား ဝိဂ္ဂြိုဟ်အလိုက် ဧကဝုစ် ဗဟုဝုစ် (သိ-ယော) ၂-မျိုးလုံးကိုပင် အံပြုနိုင်သည်သာ။]

**ဝိဂ္ဂြိုဟ် တမျိုးကြံပုံ။** ။"အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ" (သတိပဋ္ဌာန်) စသည်၌ အဇ္ဈတ္တံကို "အတ္တနော"ဟု ဖွင့်၏၊ "အဇ္ဈတ္တံတိဝါ အတ္တနောတိဝါ ဧကံအတ္ထံ, ဗျဉ္ဇနမေဝ နာနံ"ဟု မူလပဏ္ဏာသ အာကင်္ခေယျသုတ် ဋီကာသည်း ဖွင့်၏၊ ထိုအလို "အဇ္ဈတ္တံ-မိမိ၏"ဟုပေး၊ အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ (မိမိကို မှီ၍

www.dhammaransi.com



ယသော-ကျော်စောခြင်းသည်၊ အာ+ကုမာရေဟိ-သတို့သားတို့တိုင်အောင်၊ (ဝတ္တတေ-ဖြစ်၏၊ ဝါ-ပျံ့နှံ့၏။) အာကုမာရံ-သတို့သားတို့ တိုင်အောင်။

(၃၃၆) သမိဒ္ဓိယံ - ပြည့်စုံခြင်းအနက်၌၊ ဘိက္ခာယ-ထမင်း၏၊ သမိဒ္ဓိ-ပြည့်စုံခြင်း၊ ဣတိ အတ္ထေ-၌၊ သမာသေ-ကိုရင်း၊ နပုံသကလိင်္ဂတ္တေစ-ကိုရင်း၊ ကတေ-သော်၊ သမာသဿာတိ အန္တောတိစ ဝတ္တတေ။ ["ဝတ္တမာနေ"ဟု သိမှုရှိ၏၊ "ဝတ္တမာနေ-သော်၊ အယံဝိမ္ပိ-ဤ အစီအရင်ကို၊ ဝုစ္စတိ-၏"ဟု စပ်ပုဒ်ဘည့်၍ ဖွင့်သောဋီကာနှင့် ညီပေသည်။]

---

ဖြစ်သော အဇ္ဈတ္တ),အတ္တနော သန္တာနေ ဥပ္ပဇ္ဇန္တီတိ အဇ္ဈတ္တာ"ဟုဖွင့်သောကောသလ သံယုတ် အဋ္ဌကထာ၌ကား "အဇ္ဈတ္တံ-မိမိ၌"ဟု ပေး၊ ထို အဇ္ဈတ္တံကို "အတ္တနော‌တိ အဇ္ဈတ္တံ, အတ္တနိတိ အဇ္ဈတ္တံ (တချို့အရာ၌ အတ္တနာတိ အဇ္ဈတ္တံ) ဟု ပစ္စတ္တံ ပုဒ်ကဲ့သို့ ဝိဘတျတ္ထ အဗျယီဘော သမာသ် ပြုရမည်ဟု ဆရာတို့ ကြံတော်မူကြသေး၏၊ သို့သော် "အတ္တာနံ အဓိကိစ္စပဝတ္တံ"ဟူသော ဝိဂြိုဟ်အရ "အတ္တကို ရည်စူး၍ ဖြစ်သော တရား အပေါင်း"ဟူသည် မိမိ ဟု ခေါ်ရသော ခန္ဓာငါးပါးပင် ဖြစ်သောကြောင့်ရင်း,အဇ္ဈတ္တံ ၌လည်း ဆဋ္ဌီ သတ္တမီ ၂-မျိုးလုံးကိုပင် အံ ပြုနိုင်သောကြောင့်ရင်း "အတ္တာနံ အဓိကိစ္စ ပဝတ္တံ"ဟူသော ဝိဂ္ဂဟဖြင့်ပင် "အတ္တနော, အတ္တနော သန္တာနေ"ဟူသော ထိုအနက် အားလုံး ပေးနိုင်ပြီ-ဟု ထင်သည်။

**မရိယာဒါဘိဝိဓိသု**—[မရိယာဒါ, အဘိဝိဓိတို့ အဓိပ္ပါယ်ကို ကာရကာ၌ ရေးခဲ့ပြီ၊ "အာ+ပါဏာသ"ဟု ရှိသည်ကား ပါဠ်ပျက်။] "အာ+ပါဏကောဋိ"ဟု တည်၊ အာ နောင် သိ ချေ၊ ဓာတုနာမာန စသော သုတ်ဖြင့် ပါဏကောဋိကို အပါဒါန် မှည့်, အပါဒါနေ ပဉ္စမီဖြင့် သွာသက်, "အာ+ပါဏကောဋိယာ"ဟု ဝါကျပြီးစေ၊ ဆိုင်ရာ စီရင်၍"အာပါဏကောဋိ"ဟု ပြီးသည့်အခါ ကွစိသမာသန္တစသောသုတ်ဖြင့်ကပစ္စည်း သက်၍, သိ အံပြု၊ "အာပါဏကောဋိကံ သရဏံ ဂစ္ဆတိ"စသည်၌ (လူသေလျှင် သရဏဂုံပျက်သည်-ဟုနားလည်နှင့်ပါ) သရဏဂုံသည်အသက်ဆုံးရာစုတိ၏ဘင်ခဏ၌ မတည်တော့သဖြင့် အသက်အဆုံးသည် သရဏဂုံ၏ အပိုင်း အခြား ဖြစ်သော မရိယာဒ တည်း၊ ထို မရိယာဒ အနက်ကို အာဥပသာရက ထွန်းပြသဖြင့် အာလည်း မရိယာဒ အနက်ကို ဟောရာရောက်၏၊ ဤ မရိယာဒ အနက်၌ အာနှင့် ပါဏကောဋိတို့ သမာသ် ဖြစ်ကြသည်၊ ကစ္စည်းထေရ်၏ကျော်စောခြင်းကားကလေးသူငယ်လူမမယ်တို့တိုင်အောင် ပြန့်နှံ့သောကြောင့် အဘိဝိဓိအနက်၌ အာနှင့် ကုမာရတို့ သမာသ် ဖြစ်ကြသည်၊ ဤ၌ "အာ+ကုမာရေဟိ (ဝါကျ) အာကုမာရံ" သမာသ်သာ လိုရင်းတည်း၊ "ယသော ကစ္စာယနဿ"ကား တွဲဘက်ဖြစ်၍ ထည့်အပ်သော ပါဠ်တည်း။ [သီဟိုဠ်မူ၌"အာ+ ကုမာရေဟိ ယသော အာကုမာရံ, ယသော ကစ္စာယနဿ"ဟု ရှိ၏၊ မကောင်းလှ။]

www.dhammaransi.com



**သရော ရဿော နပုံသကေ။** ။နပုံသကေ-၌၊ ဝတ္တမာနဿ သမာသဿ အန္တော (အဆုံးဖြစ်သော)သရော ရဿော ဟောတိ၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ အဗျယီဘာဝဂ္ဂဟဏံ-အဗျယီဘာဝသဒ္ဒါကို၊ နာနုဝတ္တေ တဗ္ဗံ-မလိုက်စေထိုက်၊ တေန-ထို့ကြောင့်၊ဒိဂုဒ္ဒန္ဒ ဗဟုဗ္ဗီဟိသုပိ-ဒိဂု, ဒွန်, ဗဟုဗ္ဗီဟိ့သမာသ်တို့ ၌လည်း၊ နပုံသကေဝတ္တမာနဿ, သမာသန္တဿ-သမာသ်၏ အဆုံး သရ၏၊ ရဿတ္တံ-သည်၊ သိဒ္ဓံ-ပြီးသည်၊ ဟောတိ၊ အံ ဝိဘတ္တိန မိစ္စာဒိနာ-အံ ဝိဘတ္တိန မကာရန္တာ ဗျယီဘာဝါသုတ်ဖြင့်၊ အမာဒေသော၊ သုဘိက္ခံ-ထမင်းပြည့်စုံခြင်း၊ ဂင်္ဂါယ-၏၊ သမီပေ-၌၊ ပဝတ္တတိ-၏၊ ဣတိ,ဥပဂင်္ဂံ-မည်၏၊ မဏိကာယ-အိုးစရည်း၏၊ သမီပံ-တည်း၊ ဥပမဏိကံ-အိုးစရည်း အနီး။

---

(၃၃၆) **သမိဒ္ဓိယံ၊ပေ၊ကတေ**—သမိဒ္ဓိသည် အတ္တဘော (ခန္ဓာကိုယ်)၏ လှပ တင့်တယ်ခြင်း ဟူသော အတ္တဘာဝသမိဒ္ဓိ,စပါး စသေဝ ဥစ္စာ၏ ပြည့်စုံခြင်း ဟူသော ဓညာဒိသမိဒ္ဓိ ဟု ၂-မျိုးရှိ၏၊ ထို သမိဒ္ဓိကို သမ္ပတ္တိ (ပြည့်စုံခြင်း) ဟုလည်း ခေါ်၏၊ ထိုတွင် ဓညာဒိသမိဒ္ဓိ အနက်၌ သုနှင့် ဘိက္ခာတို့ သမာသ် ဖြစ်ကြ၏၊"သု+ဘိက္ခာယ" ဟု ဝါကျ ပြီးပြီးနောက် သမာသ်စပ်-အဗျယီဘောမှည့်,သမာသ်မှည့်,သု ဟုရင်း ဘိက္ခာ ဟု အာကာရန္တ အတိုင်းရင်း ပကတိပြု, နာမ်ငှဲ, သောနပုံသကလိင်္ဂေါသုတ်ဖြင့် နပုံလိန် အဖြစ်ကို စီရင် (သုဘိက္ခာ) ၊ဤအားလုံးကို ရှေ့၌ ပြခဲ့သည့်အတိုင်း စီရင်ရမည် ဖြစ်သော် လည်း အစ သမာသ် စပ်မှုနှင့် အဆုံး နပုံးစီရင်မှုကို ပြ၍ အလယ် အစီအရင် များကို "ကာကောလောကန"နည်းအရ သိလောက်သောကြောင့် "သမာသေ နပုံသက-လိင်္ဂတ္တေစ ကတေ"ဟု ဆိုထားသည်။ [နပုံး ဖြစ်ပြီးနောက် ဤသုတ်ဖြင့် ရဿပြု၍ သုဘိက္ခ ဟု ဖြစ်၊ ထို့နောက် သက်သော ဝိဘတ်များကို ဥပနဂရံကဲ့သို့ အံပြု။]

**ဧတ္ထစ၊ပေ၊သိဒ္ဓံ ဟောတိ**—အံ ဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ သုတ်မှ အဗျယီဘာဝ သဒ္ဒါကို ဤသုတ်သို့ လိုက်စေလျှင် ဤသုတ်သည် အဗျယီဘော အရာ၌သာ ရဿ ပြုနိုင်လိမ့်မည်၊ ရဿ ပြုဘို့ ကိစ္စကား ဒိဂု ဒွန် ဗဟုဗ္ဗီဟိ အရာ၌လည်း ရှိသေး၏၊ ထို့ကြောင့် အဗျယီဘာဝ သဒ္ဒါကို ဤသုတ်သို့ မလိုက်စေသင့်၊ ထိုသို့ အဗျယီဘာဝသဒ္ဒါ မလိုက်လာလျှင် "နပုံသကေ ဝတ္တမာနဿ သမာသန္တဿ"ဟု သမာသ် သာမညကို ယူရသောကြောင့် ဒိဂု စသည်၌လည်း ရဿ အဖြစ် ပြီးနိုင်ခြင်း အကျိုးကို ရသည်-ဟူလို။ ဤကား ရူပသိဒ္ဓိ စာကိုယ် ဝါဒတည်း။ [ကစ္စည်းဝုတ္တိ၌ အဗျယီဘာဝသဒ္ဒါ လိုက်စေ ပုံကို (ရူဋီကာ ဖွင့်ပုံနှင့် တကွ) ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

**ဂင်္ဂါယ၊ပေ၊ဥပဂင်္ဂံ**—"ဂင်္ဂါယ သမီပေ ပဝတ္တတိ"ဟူရာ၌ ပဝတ္တတိကား သမီပေ ဟူသော အာဓာရ၏ အာဓေယျ တွဲဘက်ဖြစ်၍ ထည့်အပ်သော ကြိယာတည်း၊ ဝိဂ္ဂြိုဟ် လုပ်ရာ၌ "သမီပေ"ဟု အာဓာရဖြင့် ထားရမည်လည်း မဟုတ်၊ "ဗာရာဏသိ ဥပဂင်္ဂံ ပဝတ္တတိ"ဟု ပါဠိစီရာ၌ "ဗာရာဏသိ ဂင်္ဂါယ သမီပေ ပဝတ္တတိ"ဟုလည်း

www.dhammaransi.com



(၃၃၇) ဣတ္ထိသု-မိန်းမတို့၌၊ အဓိကိစ္စ-စွဲမှီ၍၊ (ပဝတ္တာ-ဖြစ်၏၊) ဣတိ အတ္ထေ-ဤအနက်၌၊ သမာသ နပုံသကတ္တရဿတ္တာဒိသု-သမာသ်, နပုံလိင်

---

ရှိနိုင်သောကြောင့် ဂင်္ဂါယ သမီပေသည် ထိုကဲ့သို့ ဝါကျမျိုး၌ ပါသော ဥပဂင်္ဂံ၏ အဖွင့်သာ ဖြစ်သည်။ [ဗာရာဏသီ—သည်၊ ဥပဂင်္ဂံ (ဂင်္ဂါယ သမီပေ)—ဂင်္ဂါမြစ်၏ အနီး၌၊ ပဝတ္တတိ-ဖြစ်၏။] သမာသ်ဝိဂ္ဂြဟ်အစစ်ကား ဥပနဂရံကဲ့သို့ "ဂင်္ဂါယ+သမီပံ" ဟုသာ ဖြစ်သင့်သည်။ ["ဥပ+ဂင်္ဂါ"ဟု တည်, "ဥပ+ဂင်္ဂါယ"ဟု ဝါကျ ဖြစ်စေ၊ "ဥပ+ဂင်္ဂါ"ဟု ပကတိဖြစ်သည့်အခါ ဤသုတ်ဖြင့် ရဿပြု (ဥပဂင်္ဂ)၊ ဝိဘတ် အားလုံးကိုပင် အံ ပြု၍ "ဥပဂင်္ဂံ"ဟု ပြီး၏။] ဥပမဏိကံလည်း နည်းတူ၊ မဏိကာ ကိုကား "ဥဒကစာဋိ—ရေအိုးစရည်း"ဟု ဋီကာဖွင့်၏၊ သို့သော် "အလိဉ္ဇရ (အရဉ္ဇရ) အိုးစရည်း"အနက်ဟော "မဏိက"ကို နပုံလိင်ဟု ထေမနိမိ အဘိဓာန်ဖွင့်သော ကြောင့်၎င်း, ဤ၌ "မဏိကာယ"ဟု ဣတ္ထိလိင် ရှိသောကြောင့်၎င်း, ထို အဖွင့်ကို မနှစ်သက်၍ မဏိ နောင် အမည်သညာ အနက်၌ က ပစ္စည်း သက်သော ဝါစပ္ပတိ အဘိဓာန်ကို ထောက်၍ "မဏိကာယ—မဏိကာ မည်သော မိန်းမ၏"ဟု သဒ္ဒြေကန် နိသျ အနက်ပေးသည်။

**ဆက်ဦးအံ့**—ဥပသဒ္ဒါသည် သမီပ (အနီးဂုဏ်) အနက်-သမီဝိ (အနီး၌ဖြစ်သော ဂုဏီဒြပ်) အနက် ၂-မျိုးကို ဟော၏၊ ထိုတွင် အနီးအနက် ဟောရာ၌ အဗျယီဘော သမာသ် ဖြစ်၏၊ အနီး၌ရှိသော ဒြပ်ကို ဟောရာ၌ ဗဟုဗ္ဗီဟိ သမာသ် ဖြစ်၏-ဟု သက္ကတ ဋီကာတို့ ဖွင့်ကြ၏၊ ထို့ကြောင့် "ဥပဂင်္ဂံ—ဂင်္ဂါမြစ်၏ အနီး၌ဖြစ်သော စကားဒြပ်"ကို ဟောလိုရာ၌ "ဂင်္ဂါယ သမီပေ ပဝတ္တတိ ယာကထာတိ ဥပဂင်္ဂါ,ယံ ဝတ္ထုတိ ဥပဂင်္ဂံ, ယောရုက္ခောတိ ဥပဂင်္ဂေါ"ဟု လိင် ၃-ပါး အားလျော်စွာ ပဌမာ ဗဟုဗ္ဗီဟိ သမာသ် ဖြစ်ရာ၏၊ ဤအဗျယီဘော၌ကား ဥပနဂရံ—ဥပမဏိကံတို့ကဲ့သို့ "ဂင်္ဂါယ+သမီပံ ဥပဂင်္ဂံ"ဟုသာ ဖြစ်သင့်သည်။ ["ဥပသဒ္ဒေါ သမီပေ သာမိဝိနိစ ဝတ္တတေ၊ အာဒိမေ အဗျယီဘာဝေါ၊ဒုတိယေတု ဗဟုဗ္ဗီဟိတိ ဝိဝေကော (အထူးတည်း)၊-တတွဗောဓိနီ။]

**ဤ ဝိနိစ္ဆယ သင့်မြတ်ပုံ။** ။ဥပဿုတိတိ သုတိသမီပံ၊ ယတ္ထ ဌတွာ သက္ကာ ဟောတိ တေသံ ဝစနံ သောတုံ, တတ္ထာတိ အတ္ထော၊—ဥပဿုတိ သိက္ခာပဒဋ္ဌကထာ၊ "သုတိ သမီပံ"ဖြင့် "သုတိယာ+သမီပံ ဥပဿုတိ"ဟု ဝိဂ္ဂဟကို ပြ၏၊ "ဂင်္ဂါယ+ သမီပံ—ဥပဂင်္ဂံ"နှင့် တူ၏၊ ဥပဿုတိအရ "အသံ၏ အနီး"ဂုဏ်ကိုသာ ရသော်လည်း "ထိုအသံ ကြားလောက်ရာအရပ်=ဂုဏီဌာနဒြပ်"တိုင်အောင် ယူပါဟုရင်း,ဥပဿုတိ၌ သတ္တမီဝိဘတ် ကျေသည်ဟုရင်း ပြလို၍ "ယတ္ထ ဌတွာ၊ပေ၊တတ္ထာတိ အတ္ထော"ဟု အဓိပ္ပါယ်နက် ဖွင့်ပြသည်၊ သာရတ္ထဋီကာ၌ကား ဥပဿုတိအရ ဌာနဒြပ်ကို တိုက်ရိုက် ရအောင် "အထဝါ—ဥပေစ္စ သုယျတိ ဧတ္ထာတိ ဥပဿုတိ=ကပ်၍ နားထောင်အပ်ရာ အရပ်"ဟု တနည်းဖွင့်သေး၏၊ ထိုအဖွင့်လည်း နိဒါနသံယုတ် ဂဟပတိဝဂ် အဋ္ဌကထာ နည်းပင်၊ ဤနည်းအလို အဗျယီဘောလည်း မဟုတ်၊ ဥပ+သုဓာတ်, တိပစ္စည်းတည်း။

www.dhammaransi.com



အဖြစ်, ရယ်အဖြစ် အစရှိသည့်တို့ကို၊ ကတေ့သု-ပြုအပ်ကုန်ပြီးသော်၊ (လောပေါ် ဟောတိဒွံစပ်၊) အဗျယီဘာဝါတိ ဝိဘတ္တိနိန္တိစ ဝတ္တတေ။

**အညတ္ထ လောပေါစ။** ။အကာရန္တတော-အကာရန္တ အဗျယီဘော သမာသ်မှ၊ အညတ္ထ-အခြားသော၊ အဗျယီဘာဝ သမာသာ-မှ၊ ပရာသံ ဝိဘတ္တီနံ, လော ပေါ ဟော တိ၊ [ "လောပေါစ" ဟု ရှိ၏၊ သီဟိုဠ်မူ၌ "စ" မပါ။] အမိတ္တိ-မိန်းမတို့၌ စွဲ၍ဖြစ်သော စကား၊ ဣတ္ထီသု-တို့၌၊ အဓိကိစ္စ-၍၊ ကထာ-စကား သည်၊ ပဝတ္တတိ-၏၊ ဣတိ အတ္ထော-နက်၊ အမိတ္ထိ-မိန်းမတို့၌ စွဲ၍ဖြစ်သော စကားကို၊ ပဿ-ရှုလော့၊ အမိတ္တိ-သည်၊

(၃၃၇) အမိတ္တိ—အဓိ+ဣတ္ထိ၊ အဓ္ဓ္ဒတ္တံပုဒ်၌ အဓိသဒ္ဒါကဲ့သို့ ဤအဓိသဒ္ဒါလည်း သမာသ်အရာ၌ အဓိကာရ+ပဝတ္တိ ၂-နက်ကို ဟောသည်ဟု ယူ၍"ဣတ္ထီသု အဓိကိစ္စ ကထာ ပဝတ္တတိ"ဟု ဖွင့်ဟန်တူသည်၊ ဤအမိတ္တိအရလည်း မိန်းမတို့၌ စွဲ၍ဖြစ်သော (မိန်းမတို့နှင့် စပ်သော) စကားကို ယူစေလို၍ "အမိတ္တိ ပဿ=မိန်းမတို့၌ စွဲ၍ဖြစ်သော စကားကို ကြည့်လော့"စသည်ဖြင့် မိန့်လေသည်၊ ဤအဖွင့်သည် "ယထာ လောကေ ဣတ္ထီသု ကထာ ပဝတ္တာ အမိတ္ထိတိ ဝုစ္စတိ၊ ဧဝံ အတ္တာနံ အဓိကိစ္စ ပဝတ္တာ အဇ္ဈတ္တံ" ဟူသော ဇေကုတ္တရ—ဇေမမ္မဂဂ် ဋီကာနှင့် ညီသကဲ့သို့ရှိ၏၊ ထိုဋီကာ၌ အမိတ္တိ အရ စကားကိုပင် ရအောင်ဖွင့်၏၊ ဥပမာနဝါကျ၌ အဓိကိစ္စမပါသော်လည်း ဥပမေယျ ဝါကျ၌ ပါ၏၊ သို့သော် အဓိကိစ္စ ပါရာ၌ "အတ္တာနံ"ဟု ဒုတိယန္တဖြင့် ထားသကဲ့သို့ ဤ၌ "ဣတ္ထီသု"ဟု (ဒုတိယန္တ မထားဘဲ) သတ္တမျန္တဖြင့် ထားခြင်းကား ထိုဋီကာနှင့် မတူတတ်ပေ၊ [ဝိသုဒ္ဓိမဂ် တေဇောဓာတုနိဒ္ဒေသ၌လည်း (အနည်းငယ် စာသွား ကွဲသော) အလားတူ သာဓကရှိသည်။] "အဓိ+ဣတ္ထိ"တည်၊ အဓိနောင်သိချေ၊ "အမိ+ဣတ္ထီသု"ဟု ဝါကျဖြစ်စေ၍ သမာသ် စသည် စီရင်၊ နပုံး, ရဿစီရင်၍ ထုံးစံ အတိုင်း ရုပ်တွက်ပါ၊ သာရတ္ထတ၌လည်း "ဣတ္ထိ အဓိကိစ္စ ဘဝတိ"ဟု ဝိဂြိုဟ်ကိုရင်း, ဋီကာ၌ "အဓိဥပသဂ္ဂေါ် အဓိကိစ္စ ဣတျတ္ထဝါစကော" ... "သတ္တသွပိ ဝိဘတ္တီသု သမ္ဘဝနေသု အမိတ္တိ (တ္ထိ) ဤဒိသမေဝ ရူပံ"ဟုရင်း မိန့်ကြ၏၊ အဘိဓေယျကိုကား "ဂေဟကာရိယံ—အိမ်၌ ပြုဘွယ်ကိစ္စ"ဟု ပြသည်၊ "မိန်းမကိုစွဲ၍ဖြစ်သော အိမ်ကိစ္စ-မိန်းမ အုပ်ချုပ်ရသော အိမ်ကိစ္စ"ဟူလို။

**သက္ကတ။** ။ဤပြခဲ့သော စကားစဉ်အရ အမိတ္တိကို အဓိကိစ္စတ္ထ (တနည်း အဓိကိစ္စ ပဝတျတ္ထ) အဗျယီဘော ဟု ဆိုသင့်၏၊ အခြားသက္ကတဗျာကရုဏ်းတို့၌ကား ဝိဘတျတ္ထ (သတ္တမီ-ဒုတိယာဝိဘတ်နက်ကို ဟောသော) အဗျယီဘော ဟု ဆိုလိုကြ၏၊ ထိုအလို "ဣတ္ထိယံတိ အမိတ္တိ (မိန်းမ၌), ဣတ္ထီသူတိ အမိတ္တိ (မိန်းမတို့၌), ဣတ္ထိံတိ အမိတ္တိ (မိန်းမကို) ဟုဝိဂြိုဟ်ပြု၊အဓိသဒ္ဒါသည် သတ္တမီ ဒုတိယာအနက်ကို ဟောသောကြောင့် ဝိဂြိုဟ်ပြုရာ၌ မထည့်ရတော့၊ ဤနည်း၌ "ကထာ ပဝတ္တာ"တို့သည် အမိတ္တိ၏ အနက် မဟုတ်၊ "အမိတ္တိ-မိန်းမတို့၌"ဟူသော အာဓာရ၏ အာဓေယျကို အမိုထည့်ခြင်းတည်း၊

www.dhammaransi.com



ကတံ-ပြုအပ်၏၊ ဣစ္စာဒိ-တည်း၊ ဝေံ-ဤအတူ၊ အဓိကုမာရိ-သတို့သမီးတို့၌ စွဲ၍ ဖြစ်သောစကား၊ ˙ဝဓုယာ-ချွေးမ၏၊ သမီပံ-တည်း၊ ဥပဝဓု-နီး၊ ဂုန္နံ-နွားတို့၏၊ သမီပံ-တည်း၊ ဥပဂု-နီး၊ ဩကာရဿ-ဩအက္ခရာ၏၊ (ရဿတ္တံ-ရဿအဖြစ် ဟူသော၊ တချို့စာ၌ ပါသည်၊) ဥကာရော-ဥပြု၊ ဝေံ-ဤသို့လျှင်၊ ဥပသဂ္ဂပုဗ္ဗကော-ဥပသာရပုဒ် ရှေးရှိသော အဗျယီဘော သမာသ်သည်၊ (ဟောတိ)။

တထာ-ထိုမှတပါး၊ နိပါတပုဗ္ဗကော-နိပါတ် ရှေးရှိသော အဗျယီဘော သမာသ်သည်၊ ယထာ-နည်း၊ ဝုဍ္ဎာနံ-ကြီးသူတို့၏၊ ပဋိပါဋိ-အစဉ်တည်း၊ ယထာဝုဍ္ဎံ-စဉ်၊ ဝါ-ကြီးငယ်စဉ်လိုက်၊ ယေယေ-အကြင်အကြင် သူတို့သည်၊

---

[''ဇုတ္တိသုတိ အညပဒဝါကျံ ဝုတ္တံ၊ ကထာ ပဝတ္တာတိ တွာမေဝေယျောပဒဿနံ''—ပဉ္စိကာ ဋီကာ။] ဒုတိယတ္ထဖြင့် ''အဓိတ္ထိ (မိန်းမကို) အဓိကိစ္စ ကထာ ပဝတ္တာ''ဟု ရှိပြန်လျှင်လည်း အဓိကိစ္စသည် အဓိတ္ထိ ဟူသော ကံပုဒ်၏ စပ်ရာကြိယာကို အပို ထည့်ပြခြင်းသာတည်း-ဟု ကြံပါ၊ ဤနည်းအရ ရုပ်တွက်ရာ၌လည်း''အဓိ+ဣတ္ထိ''ဟုပင် တည်၊ ၂-ပုဒ်လုံး နောင် သတ္တမျတ္ထဖြစ်လျှင် သတ္တမီချည်းသက်၊ ဒုတိယတ္ထ ဖြစ်လျှင် ဒုတိယာချည်းသက်၊ [အဓိသဒ္ဒါ သိမ္ဗိ၊ တဿ လောပေါ၊ အဓိသဒ္ဒေန တုလျာဓိ—ကရဏတ္တာ ဣတ္ထိသဒ္ဒါပိ သိမ္ဗိ (ဗာလာဝတာရ)၊] ဤအလို ''အဓိ+ဣတ္ထိယံ, အဓိ+ဣတ္ထိသု,အဓိ+ဣတ္ထိံ''ဟုဝါကျ ရုပ်များ ဖြစ်စေ၍ ဆိုင်ရာ ဝိရင်လေ၊ အဓိကုမာရိ၌လည်း နည်းတူ။

**မဓုယာ၊ပေ၊ဧဝံဥပသဂ္ဂပုဗ္ဗကော**—ဥပဝဓု လွယ်ပြီ၊ ဥပဂု၌ ''ဥပ+ဂေါ''တည်၊ ''ဥပ+ဂုန္နံ''ဟု ဝါကျဖြစ်ပြီးနောက် သမာသ်စသည်စီရင်၍ ''ဥပ+ဂေါ''ဟုပကတိပြု၊ သရော ရဿော နပုံသကေဖြင့် ရဿပြုရာ၌ ဩ၏ ရဿ ဟူသည် ''ဥ'' ပင်တည်း၊ ထို့ကြောင့် ''ဩကာရဿ ရဿတ္တ မုကာရော (ရဿတ္တံ ဥကာရော)''ဟု သီဟိုဠ်မူ ရှိသည်၊ မြန်မာမူ၌ကား ''ဩကာရဿ ရဿော''ဟုသာ ရှိ၏၊ [တမ္ဗိပရိတုပပဒေ ဗျဉ္ဇနေစသုတ်၌ ဒီဃမှ ပြောင်းပြန်ရဿ ဖြစ်ခြင်းကို ''ဝိပရိတ်''ဟုရင်း, ဩ၏ ဝိပရိတ် ဟူသည် လည်း ဥပင်တည်း—ဟုရင်း ဆိုခဲ့သည်။] ''ဧဝံ ဥပသဂ္ဂပုဗ္ဗကော'' ကား ဥပသဂ္ဂပုဗ္ဗက အဗျယီဘော အတွက် ပြီးဆုံးကြောင်းကိုပြသော နိဂုံးစကားတည်း။

**နိပါတ၊ပေ၊ယထာဝုဍ္ဎံ**—နိပါတ ပုဗ္ဗကော၏ ရှေ၌ ''တထာ''ဟုပါသည်ကား အပို၊ ''ဝုဍ္ဎာနံ+ပဋိပါဋိ ယထာဝုဍ္ဎံ''သည် အနုဇေဋ္ဌံ တုန်းကကဲ့သို့ အာနုပုဗ္ဗီ အဗျယီဘောတည်း၊ အာနုပုဗ္ဗီနှင့် အနုက္ကမသည် အနက် တူသောကြောင့် အနုက္ကမတ္ထ အဗျယီ ဘောလည်း မည်သင့်၏၊ ဤနည်း၌ ယထာသဒ္ဒါ အာနုပုဗ္ဗီ-အနုက္ကမ-ပဋိပါဋိ အနက် ဟောတည်း၊ ''ယေယေ+ဝုဍ္ဎာ, ယထာဝုဍ္ဎံ''ကား ဝိစ္ဆာတ္ထ အဗျယီဘော၊ ယထာ သဒ္ဒါလည်း ဝိစ္ဆာ အနက်ဟော၊ ''ယထာ+ဝုဍ္ဎ''တည်, ယထာနောင် ပဌမ နည်း၌ သိချေ, ဒုတိယနည်း၌ ယော ချေ၊ ဝုဍ္ဎာနံ-ဝုဍ္ဎာဖြစ်အောင်လည်း နံဝိဘတ် ယောဝိဘတ် သက်၍ ရှေးနည်းအတိုင်း တွက်လေ။

www.dhammaransi.com



ဝုစ္စာ–ကြီးကုန်၏၊ ယထာဝုဲ့-ကြီးသူ ကြီးသူတို့၊ ပဒတ္ထာန တိက္ကမေ-ပုဒ်အနက်ကို မလွန်ခြင်း အနက်၌၊ ယထာက္ကမံ-အစဉ်ကို မလွန်မူ၍၊ ယထာသတ္တိ-သတ္တိကို မလွန်မူ၍၊ ယထာဗလံ-အစွမ်းကို မလွန်မူ၍၊ ကရောတိ-ပြု၏၊ ဗလံ-အစွမ်းကို၊ အနတိက္ကမိတွာ-မလွန်မူ၍၊ ကရောတိ-၏၊ ဣတိအတ္ထော၊ ဇီဝသာ-အသက်၏၊ ယတ္တကော-အကြင်မျှလောက်အတိုင်းအရှည်ရှိသော၊ ပရိစ္ဆေဒေါ-အပိုင်းအခြားတည်း၊ ယာဝဇီဝံ-အသက်အပိုင်းအခြား ရှိသလောက်၊ ဝါ-

---

**ပဒတ္ထာ°န တိက္ကမေ**——ယထာနှင့် တွဲဘက် ဖြစ်သော ကမ-သတ္တိ-ဗလ ပုဒ်တို့၏အနက်ကို"ပဒတ္ထ"ဟုဆို၊ "အစဉ်အတိုင်း"ဟူရာ၌"အစဉ်ကို မလွန်"ဟုရင်း "သတ္တိရှိတိုင်း"ဟူရာ၌ "သတ္တိရှိသလောက်မှ မလျော့"ဟုရင်း အဓိပ္ပါယ်ရ၏၊ ထိုသို့ သတ္တိရှိသမျှမှ မယုတ် မလျော့ခြင်း အစဉ် မပျက်ခြင်းသည် ပုဒ်အနက်ကို မလွန်ခြင်းတည်း၊ ထို့ကြောင့် "အနတိက္ကမ-မလွန်"ဟူရာ၌ ထိုပုဒ်နက်၏ မပျက်ခြင်း မပြောင်းခြင်းတည်း-ဟု မှတ်၊ တထာ သဒ္ဒါလည်း ပဒတ္ထာနတိက္ကမ အနက်ကို ဟောသည်၊ ထို့ကြောင့် "ကမံ အနတိက္ကမိတွာ, သတ္တိံ အနတိက္ကမိတွာ"စသည်ဖြင့် ဝိဂြိုဟ်ပြု၊ ဤနည်း၌ "ယထာက္ကမံ–အစဉ် ရှိတိုင်း၊ ယထာသတ္တိ–သတ္တိ ရှိတိုင်း"ဟု အနက်ပေးနိုင်သည်၊ တနည်း– "ယထာ သဒ္ဒါသည် ယောဂ္ဂတာ (သင့်လျော်သည်၏ အဖြစ်) အနက်ကိုလည်းဟော၏"ဟု ရူပသိဒ္ဓိနည်းမှ တနည်း ကြံသင့်၏၊ ယောဂ္ဂတာ ဟူသည်လည်း အနုရူပအနက်ပင်တည်း၊ ထို့ကြောင့် "ကမဿ+အနုရူပံ, ယထာက္ကမံ"စသည်ဖြင့် ယောဂျတာ အတ္ထ အဗျယီဘောလည်း ဖြစ်သင့်သည်သာ။

ထို့ကြောင့်ပင် "သော အဟံ ဝါယမိဿာမိ, ယထာသတ္တိ ယထာဗလံ"ဟူသော မဟာဇနက ဇာတ်၌ "အတ္တနော သတ္တိယာစ ဗလဿစ+အနုရူပံ"ဟု အဋ္ဌကထာ ဖွင့်သည်၊"ယထာသတ္တိ-သတ္တိအားလျော်စွာ"စသည်ပေး၊ရှုပ်တွက်ရာ၌ကား ပဒတ္ထာနတိက္ကမ အနက်၌ "ယထာ+ကမံ, ယထာ+သတ္တိ°"ဟု နောက်ပုဒ်၌ အံ ဝိဘတ်ဖြင့် ဝါကျရှိစေ၊ ယောဂ္ဂတာအနက်၌ကား "ယထာ+ကမဿ"ဟု သဝိဘတ်ဖြင့် ဝါကျရှိစေ၊ ယထာ၌ကား သိဝိဘတ်ကျေသည်၊ "ယထာကမ"စသည် ပကတိ ဖြစ်သည့်အခါ၌ ဝိဘတ်အားလုံးကို အံပြု၊သတ္တိနောင်ကား ချေ၊ ကမ၌ က ကိုလည်း ဒွေဘော်ပြု။ [အံ အပြု မမြဲသောကြောင့် "ယထာက္ကမေန"ဟုလည်း တွေ့ရတတ်၏။] ယထာဗလံ ကရောတိ၌ ကရောတိကား စပ်ပုဒ်အတွက် အပိုထည့်အပ်သော ပုဒ်တည်း။

**ယထာ၏ အနက်များ။** ။ယထာ သဒ္ဒါ၏ အနက်များသည် ယောဂျဘာ, ဝိစ္ဆာ, ပဒတ္ထာနတိဝတ္တိ, အာနုပုဗ္ဗိယ, သာဒိဿ စသော အားဖြင့် များ၏၊ ယောဂျဘာကို ယောဂ္ဂတာဟု တချို့ဆို၏၊အနုရူပံနှင့် သဘောတူ၏၊ အာနုပုဗ္ဗိယကို အနုက္ကမဟုလည်း ခေါ်၏၊ ရှေ့၌ ပုံစံများကိုပြန်ကြည့်ပါ၊သာဒိဿ (တူသည်၏အဖြစ်=ဥပမာဇောတက) အနက်ကား သမာသ်၌ မဖြစ်၊ "ယထာ ဒေဝဒတ္တော, ယထာ ယညဒတ္တော=ဒေဝဒတ်ကဲ့သို့ ထို့အတူ ယညဒတ်"စသော ဝါကျများ၌သာ ဖြစ်၏၊ "ယထာ-အကြင် အခြင်းအရာအားဖြင့်"ဟူသော အာကာရ အနက်လည်း ဝါကျ၌သာ ဖြစ်သည်။

www.dhammaransi.com



အသက်ရှည်သမျှ၊ ယာဝတာယုကံ-(နည်းတူပေး၊) ကပစ္စယော၊ ယတ္တကေန-အကြင်မျှလောက်ဖြင့်၊ အတ္ထော-အလိုသည်၊ (အတ္ထိ-ရှိ၏၊) ယာဝဒတ္ထံ-အလိုရှိသလောက်၊ ပဗ္ဗတဿ-တောင်၏၊ တိရော ပရဘာဂေ-တဘက်အဖို့တည်း၊ တိရောပဗ္ဗတံ-တောင့်တဘက်၊ တိရောပါကာရံ-တံတိုင်းတဘက်၊ တိရောကုဋ္ဋံ-နံရံတဘက်၊ ပါသာဒဿ-၏၊ အန္တော-အတွင်းတည်း၊ အန္တောပါသာဒံ-ပြာသာဒ်တွင်း၊ အန္တောနဂရံ၊ မြို့တွင်း၊ အန္တော ဝဿံ-မိုးတွင်း၊ နဂရဿ, ဗဟိ-ပြင် ပ တည်း၊ ဗဟိနဂရံ-မြို့ပ၊ ပါသာဒဿ, ဥပရိ-အထက်တည်း၊ ဥပရိပါသာဒံ-ပြာသာဒ်ထက်၊ ဥပရိမဉ္စံ-ညောင်စောင်းထက်၊ မဉ္စဿ ဟေဋ္ဌာ, ဟေဋ္ဌာ မဉ္စံ-ညောင်စောင်းအောက်၊ ဟေဋ္ဌာပါသာဒံ၊ ဘတ္တဿ-ထမင်း၏၊

---

ဇီဝဿ၊ပေ၊ယာဝဒတ္ထံ—ဤသမာသ်တို့ကား အဝဓာရဏတ္ထ အဗျယီဘောတို့တည်း၊ ယတ္တကော ပရိစ္ဆေဒေါ်တို့ကား ယာဝ၏ အဝဓာရဏအနက်ကို ဖွင့်ပြသောပုဒ်တို့တည်း၊ "ယတ္တကော ပရိစ္ဆေဒေါ (အကြင်မျှလောက်သော အပိုင်းအခြား) ဟူရာ၌ "အသက်ရှည်သမျှ, အသက်ထက်ဆုံး"ဟု ဆိုလိုသည်၊ "ယာဝ-သိ, ဇီဝ-သ" ဟု ဝိဘတ်သက်၍ ရုပ်တွက်လေ၊ ယာဝတာယုကံ၌ ယာဝတာလည်း အဝဓာရဏအနက်ရှိ၍ "အာယုဿ+ယတ္တကော ပရိစ္ဆေဒေါ"ဟုပင် ဝိဂြိုဟ်ပြု၊ ယာဝတာသည် နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် "ယာဝတာ—သိ+အာယု—သ''ဟု ဝိဘတ်သက်၍ ရုပ်တွက်၊ "ယာဝတာယု''ဟု ဖြစ်သည့်အခါ ကွစိ သမာသန္တ စသော သုတ်ဖြင့် ကပစ္စည်းသက်၊ ယာဝဒတ္ထံ၌ ယတ္တကေနသည် ယာဝ၏ အဖွင့်တည်း၊ယတ္တကေနကို ထောက်၍"ယာဝ" နောင် နာဝိဘတ်သက်, သဗ္ဗာသမာဝုသောသုတ်ဖြင့်ချေ၊ အတ္ထနောင် သိသက်၊ "ယာဝ+အတ္ထော"ဟု ဝါကျရုပ်ဖြစ်၏၊ [ဤ၌ ယာဝနောင် နာဝိဘတ်သက်ရသောကြောင့် "ရှေ့ပဌမာ, နောက်ပုဒ်မှာ, သတ္တာ ဝိလောပေါ်"၏ မမြဲကြောင်း သိသာသည်။] "ယာဝ+အတ္ထ"ဟု ဖြစ်သည့် အခါ "ယဝမဒန "သုတ်ဖြင့် "ဒ်" လာ၊ "ယာဝဒတ္ထံ—အလိုရှိတိုင်း၊ ဝါ—စားချင်သလောက်၊ ဘုဥ္စတိ-စား၏" စသည်၌ ယာဝဒတ္ထံ-စားခြင်းကြိယာ ကို ပိုင်း ခြားသတ် မှတ်သောကြောင့် အဝဓာရဏတ္ထ သမာသ်ပင် ဖြစ်သည်။

ပဗ္ဗတဿ၊ပေ၊ဟေဋ္ဌာပါသာဒံ—ပရဘာဂေါ်သည် တိရော၏ အနက်ဖွင့်တည်း၊ ပရဘာဂအနက်၌ တိရောနိပါတ်နှင့် ပဗ္ဗတစသည်တို့ သမာသ်ဖြစ်ကြသည်၊ "တိရော-သိ+ပဗ္ဗတ—သ"ဟု ဝိဘတ်သက်၊ "ပါသာဒဿ+အန္တော, အန္တောပါသာဒံ" စသည်၌ မိမိပုဒ်ရင်းဖြင့် ဝိဂြိုဟ်လုပ်သောကြောင့် "အသပဒ ဝိဂ္ဂဟော"ဟူသော စကား၏ မမြဲကြောင်းကို ဆိုခဲ့ရသည်၊ "နဂရဿ+အန္တော, ဝဿာနံ (မိုးလတို့၏) +အန္တော"စသည်ဖြင့် နောက်ပုဒ်များ၌လည်း ဝိဂြိုဟ်ပြု၊ ဤ"အန္တော" ကား နာမ် အန္တာမဟုတ်, "အန္တော"နိပါတ်ပုဒ်တည်း၊ သို့မှ "ဥပသဂ္ဂနိပါတပုဗ္ဗကော" အရ နိပါတပုဗ္ဗက ဖြစ်မည်၊ အန္တောနောင် သိဝိဘတ်ချေ။

www.dhammaransi.com



ပုရေ-ရှေ့တည်း၊ ပုရေဘတ္တံ-ထမင်း၏ရှေ့၊ ဝေ-ဤအတူ၊ ပစ္ဆာဘတ္တံ-ထမင်း၏နောက်၊ သာကလ္လဝတ္ထေ-အလုံးစုံ၏ အဖြစ်ဟူသောအနက်၌၊ (“သကလဝတ္ထေ”ဟု ရှိသည်ကား မကောင်း)၊ မက္ခိကာယ-ယင်ကောင်နှင့်၊ သဟ-တကွတည်း၊ သမက္ခိကံ-ယင်ကောင်နှင့်တကွ၊ ဘုဉ္ဇတိ-စား၏၊ ကိဉ္စိ-ဘာကိုမျှ၊ နပရိဝဇ္ဇေတိ-မရှောင်၊ ဣတိ အတ္ထော၊ ဧတသု ဝုဒ္ဓိတျာဒိနာ-ဖြင့်၊ သဟသဒ္ဒဿ-၏၊ သာဒေသော-သ ပြု၊ [“သဟသဒ္ဒဿ သော”ဟု သီဟိုဠ်မူရှိ၏၊ ]ဂင်္ဂါယ-၏၊ ဥပရိ-၌ ဘက်ကမ်းတည်း၊ ဥပရိဂင်္ဂံ-ဂင်္ဂါမြစ်၏ ဤဘက်ကမ်း၊....အဗျယီဘာဝသမာသော-သည်၊ နိဋ္ဌိတော။

---

ဘတ္တဿ ပုရေ—ဘတ္တအရ ထမင်းကို ရသော်လည်း ဤ၌ ထမင်းစားရာ ကာလကို ဌာနျူပစာ (သဟစရဏနည်း) အားဖြင့်ယူ၊ “ထမင်းစားရာကာလ၏ ရှေ့”ဟူသည် ထမင်းမစားမီ အချိန်တည်း၊ ပစ္ဆာဘတ္တံလည်း ထမင်းစားရာကာလ၏ နောက်ဖြစ်သော ထမင်းစားပြီး အချိန်တည်း၊ ပုရေလည်း အဋ္ဌောကဲ့သို့ နိပါတ်ပင်၊ ပုရေနောင် သိချေ။

သာကလ္လဝတ္ထေ—သကလဿ-အလုံးစုံ၏၊ ဘာဝေါ-သည်၊ သာကလ္လံ=မည်၏၊ ဘာမျှ မချန်ဘဲ အားလုံးကုန်ခြင်းကို“သာကလ္လ”ဟုခေါ်သည်၊ “သဟ မက္ခိကာယ-ယင်ကောင်နှင့် တကွ”ဟူရာ၌ ယင်ကောင်တွေကိုပါ မချန်ဘဲ (ယင်ကောင်နှင့် ရော နေသော မုန့်ကို) စား၏-ဟု အဓိပ္ပါယ်ရ၏၊ “သဟ-တကွ”ဟု မြန်မာပြန်ရသော်လည်း “ယင်ကောင်နှင့် တကွ စားသည်, ယင်ကောင်ရော စားသည်, ယင်ကောင်ပါ အကုန် စားသည်”-ဟု ဆိုလိုသည်၊ ထို့ကြောင့် သဟသဒ္ဒါကို သာကလ္လအနက်၌၏ဟု ဆိုသည်၊ “သဟ-သိ+မက္ခိကာ-နာ”ဟု ဝိဘတ်သက်, “သဟ+မက္ခိကာယ”ဟု ဝါကျရင်း, “သဟ+မက္ခိကာ”ဟုပကတိရင်းဖြစ်စေ၊ သဟကို သ, သရော ရသော နပုံသကဖြင့် အာကို ရဿပြု (သမက္ခိက)၊ “ယင်ကောင်နှင့်တကွ စား၏”ဟူရာ၌ ကြိယာဝိသေသန အနက် ဖြစ်သောကြောင့်“မုဒုံ ပစတိ”ကဲ့သို့, ဒုတိယာ အံသက်, ထိုအံကိုပင် အံဝိဘတ္တီန မကာရန္တာဖြင့် အံ ထပ်ပြု၊ သမက္ခိကံ ဖြစ်၏။

ဥပရိဂင်္ဂံ—ဥပရိသည် နိဂ္ဂဟီတန္တနိပါတ်တည်း၊ ထို့ကြောင့်“ဥပရိ-သိ+ဂင်္ဂါ-သ”ဟုဝိဘတ်သက်၊ “ဥပရိ+ဂင်္ဂါယ”ဟု ဝါကျဖြစ်၊ “ဥပရိဂင်္ဂါ”ဟုပကတိပြု၊ ဗျဉ္ဇနေစ သုတ်ဖြင့်နိဂ္ဂဟိတ်ချေ၊ သရော ရဿောသုတ်ဖြင့် အာကို ရဿပြု (ဥပရိဂင်္ဂ) သိသက် စသည်၊ “ဂင်္ဂါယ ပါရံ ပါရဂင်္ဂံ-ဂင်္ဂါ၏ဟိုဘက်ကမ်း”ဟုလည်း ရှိနိုင်၏၊ [အညပုဒ် အနက်ရသဖြင့် အဗျယီဘာ သမာသ်တွင်း၌ သွင်းအပ်သော“တိဋ္ဌဂု”စသော ရုပ်များ ကိုကား ပိဋကတ်၌ အသုံးမတွေ့ရသဖြင့် ရုပသိဒ္ဓိဆရာ လစ်လျူရှုဟန် တူသည်၊ အလိုရှိက နျာသ-မောဂ္ဂလ္လာန် စသော ကျမ်းတို့၌ ရှုကြပါလေ။ ]

www.dhammaransi.com

# ကမ္မဓာရဲ သမာသ်

(၃၃၈) အထ–အဗျယီဘော သမာသ် ၏ အခြားမဲ့၌၊ ကမ္မဓာရယ သမာသော ဝုစ္စတေ၊ သော စ–ထို ကမ္မဓာရဲသမာသ်သည်လည်း၊ ဝိသေသန ပုဗ္ဗပဒေါ-ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရဲဒွင်း၊ ပေ၊ ဣတိ-သို့၊ နဝဝိဓော–၉–မျိုး အပြား ရှိ၏၊ တတ္ထ–ထို ၉–မျိုးတို့တွင်၊ တာဝ–ရှေးဦးစွာ၊ ဝိသေသန ပုဗ္ဗပဒေါ-ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရဲကို၊ (ဒဿီယတိ – ပြအပ်၏။) "မဟန္တ + ပုရိသ" ဣတိ-ဟူသော၊ ဣဓ-ဤရုပ်၌၊ ဥဘယတ္ထ–၂-ပါးစုံ၌၊ ပဌမေကဝစန်-သော၊ သိ–သိသက်၊ တုလျာဓိကရဏ ဘာဝပ္ပသိဒ္ဓတ္ထံ–တုလျာဓိကရဏ အဖြစ်၏ ထင်ရှားခြင်းအကျိုးငှါ၊ စ သဒ္ဒ တသဒ္ဒပယော

---

(၃၃၈) ဝိသေသန ပုဗ္ဗပဒေါ တာဝ— "ဝိသေသန ပုဗ္ဗပဒေ တာဝ"ဟု မြန်မာမှု ရှိ၏၊ "ဝိသေသန ပုဗ္ဗပဒေါ ကမ္မဓာရယသမာသော ပဌမံ တာဝ ဒဿီယတိ" ဟူသော ဋီကာကို ထောက်၍ "ပုဗ္ဗပဒေါ"ဟု သိဟိုဠ်မူ အတိုင်း ရှိစေ၊ ဒဿီယတိ–ဟုလည်း ထည့်၍ စပ်၊ မဟာပုရိသော ပြယုဂ်၌ ပုရိသ သဒ္ဒါသည် မြတ်သောယောကျ်ား ယုတ်သော ယောကျ်ား ၂–မျိုးလုံးကို ဟောနိုင်သောကြောင့် သာမညသဒ္ဒါ (၂–မျိုး လုံးနှင့် ဆက်ဆံသော သဒ္ဒါ) အထူးပြုထိုက်သော ဝိသေသျသဒ္ဒါ ဖြစ်၏၊ မဟန္တောကား ယုတ်သော ယောကျ်ားမှ ထူးခြားအောင် အထူးပြုတတ်သောကြောင့် ဝိသေသန သဒ္ဒါ တည်း၊ ဤသို့ ဝိသေသန ရှေးရှိသော သမာသ်သည် "ဝိသေသနံ ပုဗ္ဗပဒံ အဿာတိ ဝိသေသန ပုဗ္ဗပဒေါ (ဝိသေသန ရှေ့ပုဒ်ရှိသော သမာသ်)"မည်၏။

တုလျာဓိကရဏ၊ ပေ၊ ပယောဂေါ—မဟာပုရိသော၌"မဟန္တော+ပုရိသော" ဟုသာ ဝိဂ္ဂြိုဟ် ပြုသင့်သော်လည်း မဟန္တနှင့် ပုရိသတို့ တုလျာဓိကရဏ ဖြစ်ကြောင်း ထင်ရှားစေဘို့ရာ စ သဒ္ဒါ တ သဒ္ဒါတို့၏ ယှဉ်ရခြင်း (စ-တတို့ကိုထည့်၍ ဝိဂ္ဂြိုဟ်ပြုရခြင်း) ဖြစ်သည်၊ မှန်၏၊— စ-တ သဒ္ဒါ မပါဘဲ "မဟန္တော + ပုရိသော ဟုသာ ဝိဂ္ဂဟ ပြုလျှင် "မဟန္တော–မြတ်သူ+ပုရိသော–ယောကျ်ား"ဟု အနက်ပေး၍ မြတ်သူ တခြား ယောကျ်ား တခြား ဟု ၂-မျိုး ကွဲပြားသကဲ့သို့ ထင်ရ၏၊ "မဟန္တော စ သော ပုရိသော စ- ထိုသူသည် မြတ်သူလည်း ဟုတ်, ယောကျ်ားလည်း ဟုတ်၏"ဟု ဆိုရာ၌ကား မဟန္တ အရနှင့် ပုရိသ အရ ယောကျ်ား တယောက်ထည်း ကိုသာ ရကြောင်း ထင်ရှားသည်။ ["ကေဝ္လဓောတနာယ စကာရ တကာရသဒ္ဒေါစ အာနီယတေ"ဟူသော သာရတ္ထ ဋီကာလည်း ဤအဓိပ္ပါယ်ကိုပင် ပြ၏။]

ရှေးဆရာတို့ဝါဒ။ ။ယောကျ်ားတယောက်၌ မဟန္တ နာမည်–ပုရိသ နာမည် အားဖြင့် အမည်သညာ ၂–မျိုး ကွဲပြားကြောင်းကိုဒွင်း, (မဟန္တသဒ္ဒါသည် မြတ်သော ဂုဏ်ကို အကြောင်းပြု၍ ဖြစ်သောကြောင့် မဟန္တ၏ သကတ္ထ=မိမိ မူလအနက်ဖြစ်သော

www.dhammaransi.com



ဂေါ-စ သဒ္ဒါ တသဒ္ဒါတို့၏ ယှဉ်ခြင်းသည်၊ (ဟောတိ-၏၊) မဟန္တော စ- မြတ်သူလည်း ဟုတ်၏၊ သော - ထိုမြတ်သူ ဟူသည်၊ ပုရိသော စ- ယောက်ျားလည်း ဟုတ်၏၊ ဣတိ - ဤသို့၊ ဝိဂ္ဂဟော-ကို၊ (ကတေ-သော်၊) [သမသျန္တေ, ကမ္မဓာရယသညော စ ဟောတိ တို့၌ စပ်။] ဣဓတော- ဤသုတ်မှ၊ [''အဗျယီဘာဝ သမာသတော ဥဒ္ဓံ''ဟု ဋီကာဖွင့်ကို ဆင်ခြင်၊]

---

သဒ္ဒပဝတ္တိ နိမိတ်ကား အမြတ်ဂုဏ်တည်း, ပုရိသ၏ သကတ္ထ ဖြစ်သော သဒ္ဒ ပဝတ္တိ နိမိတ်ကား ယောက်ျားဇာတ်တည်း—ဟု) မဟန္တနှင့် ပုရိသတို့ သကတ် နိမိတ်ချင်း ကွဲပြားကြောင်းကိုရင်း, စ သဒ္ဒါဖြင့် ပြသည်၊ သကတ်ကိုပင် အန္တတ္တ (အတွင်းနက်) ဟု ခေါ်၍ ယောက်ျား ဖြစ်တည်းဟူသော အနက်ကိုကား ဗာဟျတ္တ (အပြင်နက်) ဟု ခေါ်သည်၊ ထို့ကြောင့် စ သဒ္ဒါဖြင့် မဟန္တနှင့် ပုရိသတို့ အန္တတ္တချင်း ကွဲပြားကြောင်း ကိုလည်းပြသည်၊ ဤသို့ သညာနာမ, နိမိတ်, အန္တတ္တ ပြားသော်လည်း သညာရှိသော (သညီ) နာမ ရှိသော (နာမီ) ဗာဟျတ္တ ဖြစ်ကား (ယောက်ျားတယောက်ထည်း ဖြစ်၍ မပြားကြောင်း=တုလျာဓိကရဏ ဖြစ်ကြောင်း) ကို တ သဒ္ဒါဖြင့် ပြသည်—ဟုမိန့်ကြ သေး၏၊ သို့သော် ဝိဂ္ဂဟ်ဝါကျတွင်း၌ ပါသော စ တ သဒ္ဒါတို့၏အနက်ကို သမာသ်က အမွေခံ၍ဟောရာ၌ တုလျာဓိကရဏ ဖြစ်ကြောင်းကိုသာ အမွေခံနိုင် (သကတ် စသည် ပြားကြောင်းကို အမွေခံ၍မဟောနိုင်) သောကြောင့် စ သဒ္ဒါက သကတ် ပြားကြောင်း စသည်ကို ပြ၏-ဟူသော စကားကို စဉ်းစားကြပါကုန်။

**တ သဒ္ဒါ လိန်လိုက်ပုံ။** ။မဟာပုရိသောကဲ့သို့ ရှေ့ပုဒ် နောက်ပုဒ်တို့ လိန်ဝုစ် တူရာ၌ တ သဒ္ဒါ၏ လိန်ဝုစ်ကို အထူး စိစစ်ဘွယ် မလို၊ ''အဝိဇ္ဇာပစ္စယော''ကဲ့သို့ ရှေ့နောက်ပုဒ်တို့ လိန်မတူရာ၌ ဝိဂ္ဂဟ်ပြုသည့်အခါ ''အဝိဇ္ဇာစ (သာ) ပစ္စယောစ''ဟု ရှေ့ပုဒ်၏ လိန်နှင့်တူစွာ တ သဒ္ဒါကို ထားရ၏၊ ''ဝိသတိစိတ္တာနိ''ဟု သမာသ် တွဲပြန် လျှင်လည်း ဝိသတိပုဒ်က နိစ္စဣတ္ထိလိန် ဧကဝုစ် ဖြစ်သောကြောင့် ''ဝိသတိစ (သာ) စိတ္တာနိစ''ဟု ရှေ့ပုဒ်၏ ဝုစ်သို့လည်း တ သဒ္ဒါ လိုက်ရသည်၊ ဝိဂ္ဂဟ်ဝါကျ မဟုတ်သော စုဏ္ဏိယဝါကျ ရိုးရိုး၌ကား နောက်ပုဒ်၏ လိန်ဝုစ်သို့ လိုက်ရမည်-ဟု ပြောစမှတ်ပြုကြ၏၊ ပုံစံကား— ''ဝိသတိ တာနိ စိတ္တာနိ ဟောန္တိ''တည်း၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ ''သမာသ်၌ တ, ရှေ့လိုက်ရ, ဝါကျ နောက်လိုက်မြဲ''ဟု နိယာမ် ဆိုရသည်၊ နောက် ပုဒ်၏ လိန်ဝုစ်လိုက်''ဟူသော စကားလည်း တဝါကျထည်းကို ရည်ရွယ်သည်၊ ဝါကျ ကွဲသွားလျှင်ကား ရှေး ဝါကျရှိ, (တ ၏စွဲရာ) ပုဒ်၏ လိန်ဝုစ်သို့သာ လိုက်ရသည်။ [''တတြ ဧကတ္တတာစ သမာနာ ဝိကရဏံ၊ တဥ္စ၊ ပေ၊ ဧကသ္မိံ အတ္ထေ ဝုတ္တိ၊ သာစ ဝိသေသနဝိသေသျမေဝ ဘဝတိ''—မုခ္ခမေဘဓဋီကာ (ရှေ့ဝါကျရှိ ပုဒ်၏လိန်လိုက်ပုံ)။]

**ဣတော ပရံ၊ ပေ၊ ဝတ္တတေ**—ဝိဘာသာ ရုက္ခတိဏ ပသုဓနစသောသုတ်မှ ဝိဘာသာ သဒ္ဒါသည် ''ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော''ဤသုတ်မှနောက်''အမာဒယော ပရပဒေဘိ စသော သမာသ်စပ်မှုကို စီရင်သော သုတ်များ၌ လိုက်သည်၊ သမာသ်စပ်မှု

www.dhammaransi.com



ပရံ-နောက်၌၊ ဝိဘာသာရုက္ခတိကာ ဣစ္စာဒိတော-ဝိဘာသာ ရုက္ခတိကာအစရှိသောသုတ်မှ၊ ဝိဘာသာတိ-ဝိဘာသာပုဒ်သည်၊ သမာသဝိဓာနေ-သမာသ်ကို စီရင်ရာဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသောသုတ်၌၊ ဝတ္တတေ-ဖြစ်၏။

ဒွိပဒေ၊ပေ၊ကမ္မဓာရယော။ ။နာမိကာနိ-နာမ်ဝိဘတ်နှင့် ယှဉ်ကုန်သော၊ (နာမ်ဝိဘတ်အဆုံးရှိကုန်သော-ဟူလို၊) တုလျာဓိကရဏာနိ-တူသောတည်ရာအနက်ရှိကုန်သော၊ ဒွေပဒါနိ-၂-ပုဒ်တို့ကို၊ အညမညေန-အချင်းချင်းနှင့်၊ သဟ-တကွ၊ ဝိဘာသာ-ဝိကပ်အားဖြင့်၊ သမသျန္တေ-သမာသ်စပ်အပ်ကုန်၏၊ တသ္မိံ ဒွိပဒေ-ထို ၂-ပုဒ်သည်၊ တုလျာဓိကရဏေ-သည်၊ သတိ-သော်၊ သောသမာသော-သည်၊ ကမ္မဓာရယ သညော စ-ကမ္မဓာရဲ အမည်ရှိသည်လည်း၊ ဟောတိ၊ ဒွေ-၂-ပါးကုန်သော၊ ပဒါနိ-ပုဒ်တို့တည်း၊ ဒွိပဒံ-၂-ပုဒ်၊ ယဿပဒဒွယဿ-အကြင်ပုဒ် ၂-ပါးအ ပေါင်း ၏၊ တုလျံ သမာနံ-တူသော၊ အဓိကရဏံ အတ္ထော-တည်ရာအနက်သည်၊ (အတ္ထ-၏၊ ဣတိ-ကြောင့်) တံ-ထိုပုဒ် ၂-ပါး အပေါင်းသည်၊ တုလျာဓိကရဏံ-မည်၏၊ တသ္မိံ ဒွိပဒေ-ထို ၂-ပုဒ်သည်၊ တုလျာဓိကရဏေ-တူသော တည်ရာ အနက်ရှိသည်၊ (သတိ-သော်၊) [သုတ်၌ပါသော ကမ္မဓာရယော၌ စပ်။]

---

မပါဘဲ အမည်မှည့်ရုံသာ ဖြစ်သော ဥဘောတဗ္ဘုရိသာ, သဉ္ဇာပုဗ္ဗော ဒိဂု သုတ်များသို့ ငင်း မဟတံ မဟာ တုလျာဓိကရဏေ စသော (သမာသ်စပ်မှု အစီအရင်မှတပါး အခြားအစီအရင်ပြသော) သုတ်များသို့ငင်း လိုက်မည်မဟုတ်—ဟူလို။

ဒွေပဒါနိ၊ပေ၊ကမ္မဓာရယသညော စ — သုတ်၌ "ဒွိပဒေတုလျာဓိကရဏေ" ကို ဝိဘတ်ပြင်၍ "ဒွေ ပဒါနိ တုလျာဓိကရဏာနိ"ဟု သမသျန္တေ၏ ကံကို ထည့်သည်၊ "ဒွေပဒါနိ၊ပေ၊သမသျန္တေ" ဝါကျဖြင့် "မဟန္တော+ပုရိသော" ဟူသော နာမ်ဝိဘတ်ဆုံးသည့် ပုဒ် ၂-ခုကို သမာသ်စပ်-ဟု စီရင်၍ "တသ္မိံဒွိပဒေ၊ပေ၊ ကမ္မဓာရယသညောစ"ဖြင့် ထိုသမာသ်ကို ကမ္မဓာရည်း မည်၏—ဟု အမည်မှည့်သည်၊ "တသ္မိံ၊ပေ၊သတိ"ဖြင့် သုတ်၌ ပါသော "ဒွိပဒေ တုလျာဓိကရဏေ"ကို လက္ခဏာ အနက်ပေးရမည်—ဟု သိစေသည်၊ "ဒွေပဒါနိ၊ပေ၊တုလျာဓိကရဏေ"ကား ဝိဂ္ဂဟတ္ထ သံဝဏ္ဏနာတည်း၊ နောက်ဝိဂ္ဂဟ်၌ သမာနံဖြင့် တုလျံပုဒ်၏ အနက်ကို ပြ၏၊ အတ္ထောဖြင့် အဓိကရဏံပုဒ်၏ အနက်ကို ပြ၏၊ သဒ္ဒါသည် အနက်၌ တည်သောကြောင့် "အဓိကရဏ"အရ တည်ရာဟူသည် အနက်ပင်တည်း—ဟူလို။

www.dhammaransi.com



ဘိန္နပဝတ္တိနိမိတ္တာနံ-ပြားသော ပဝတ္တိ နိမိတ် ရှိကုန်သော ပုဒ်တို့၏။ [တချို့စာ၌ "ဒွိန္နံပဒါနံ"ဟု ပါသေး၏၊] ဝိသေသနဝိသေသိတဗ္ဗဘာဝေန-ဝိသေသန ဝိသေသိတဗ္ဗအဖြစ်ဖြင့်၊ ဧကသ္မိံ အတ္ထေ - တခုသော အနက်၌၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ တုလျာဓိကရဏတာ-တုလျာဓိကရဏ အဖြစ် မည်၏၊

ကမ္မမိဝ-ကံကဲ့သို့၊ ဒွယံ-အမည် ၂-မျိုးကို၊ ဓာရယတိ - ဆောင်တတ်၏၊ ဣတိ - ထို့ကြောင့်၊ ကမ္မဓာရယော-ကမ္မဓာရယ မည်၏၊ ဟိ-ချဲ့ဦးအံ့။ ["ယထာဟိ" ဟု ရှိသင့်၏၊] ကမ္မေ-ကံသည်၊ သတိ-သော်၊ ကြိယာယ - ကြိယာ၏ ၎င်း၊ ပယောဇနဿ စ - အကျိုး၏ ၎င်း၊ သမ္ဘဝတော-ဖြစ် သင့် ခြင်း ကြောင့်၊ [ဟိတ်ကို အတွင်း သွင်း၍ ရှေးဦးစွာ အနက်ပေးသည်။] ကမ္မံ-ကံသည်၊ ကြိယဉ္စ-ကြိယာကို၎င်း၊ ပယောဇနဉ္စ-

ဘိန္နပဝတ္တိ၊ပေ၊ကရဏတာ——ဤစကားဖြင့် တုလျာဓိကရဏ၏သရုပ်ကို ပြသည်၊ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကို "ပဝတ္တိ နိမိတ္တ"ဟု ခေါ်၏။ [ပဝတ္တိယာ—သဒ္ဒါဖြစ်ခြင်း၏+နိမိတ္တံ-အကြောင်း။] မဟန္တသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းသည် အမြတ်ဂုဏ်, ပုရိသ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကား ယောကျ်ားဇာတ်၊ ဤသို့ ပဝတ္တိနိမိတ် ကွဲပြားသော်လည်း မဟန္တေသည် ပုရိသောနှင့် တွဲသည့်အခါ အမြတ်ဂုဏ်တွင် မရဘဲ မြတ်သောယောကျ်ားဒြပ်ကို ဟော၏၊ ပုရိသောလည်း ယောကျ်ားဇာတ်ကို မဟောဘဲ မြတ်သော ယောကျ်ားဒြပ်ကိုပင် ဟော၏၊ ဤသို့ သဒ္ဒ ပဝတ္တိ နိမိတ် ကွဲပြားနေသော ပုဒ်တို့၏ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် "မြတ်သော ယောကျ်ားဒြပ်" တည်းဟူသော အနက်တခုထည်း၌ ဖြစ်ကြခြင်းသည် တုလျာဓိကရဏတာ (တူသော အနက်ရှိခြင်း) မည်၏၊ "အကြောင်းရင်း ကွဲသော်လည်း အပြီးသတ် ဟောနက်မှာ ထပ်တူဖြစ်နေသော ပုဒ်များကို တုလျာဓိကရဏ ခေါ်သည်"ဟူလို။ [တသဒ္ဒါ လိင် လိုက်ပုံ၌ ပြသော မုခမတ္တဒီပနီ-ဟောဋီကာလည်း ဤအဓိပ္ပါယ်ကိုပင် ပြသည်။] နဂိုရ်ကပင် ပဝတ္တိနိမိတ် မကွဲသော "ရုက္ခော မဟီရုဟော ပါဒပေါ"စသည်တို့ကား သစ်ပင်ဇာတ်ကိုချည်း အကြောင်းပြု၍ ဖြစ်လာသော သဒ္ဒါများဖြစ်၍ ဘိန္နပဝတ္တိနိမိတ္တ မဟုတ်ကြ၊ ထိုကဲ့သို့ ပုဒ်များကို "ရုက္ခောစ+သော+မဟီရုဟောစာတိ ရုက္ခမဟီရုဟော"ဟု ကမ္မဓာရဲ မတွဲနိုင်။

ကမ္မမိဝ၊ပေ၊သမ္ဘဝတော——ဤပါဌ်ဖြင့် "ဓာရယတီတိ ဓာရယော"ဟူသော ကိတ်ဝိဂ္ဂြိုဟ်ကို၎င်း, ကမ္မံဣဝ ဓာရယော ကမ္မဓာရယော"ဟူသော သမာသနှင့် ကမ္မဓာရည်းကို၎င်းပြ၏၊ ကမ္မံဣဝ-ကံကဲ့သို့၊ ဓာရယော-ဆောင်တတ်သော သမာသ်သည်၊ ကမ္မဓာရယော-မည်၏။ [ဓာရယော၌ ဓရဓာတ် စုရာဒိဏယ ပစ္စည်းနှင့် အပစ္စည်းသက်။] "ကဋံကရောတိ=ဖျာကို ပြု၏"ဟူရာ၌ ကဋံ ဟူသော ကံရှိသည့် အတွက် ၁—"ကရောတိ" ဟူသော ကြိယာ ဖြစ်ပေါ်လာ၏၊ ၂—ဖျာဖြစ်ပေါ်လာသည့်အတွက်

www.dhammaransi.com



အကျိုးကိုရှင်း၊ ဒွယံ – ၂-ပါးစုံကို၊ ဓာရယတိ ယထာ – ဆောင်သကဲ့သို့၊ တထာ – ထို့အတူ၊ အယံသမာသော – ဤသမာသ်သည်၊ ဧကဿအတ္ထဿ– တနက်၏၊ ဒွေနာမာနိ – ၂-မည်တို့ကို၊ ဓာရယတိ – ၏၊ (ကသ္မာ – နည်း၊) အသ္မိံသမာသေ – ဤသမာသ်သည်၊ သတိ – ဖြစ်လတ်သော်၊ ဧကတ္ထဇောတကဿ – တနက်ကို ထွန်းပြတတ်သော၊ နာမဒွယဿ–အမည် ၂-ပါးအပေါင်း၏၊ သမ္ဘဝတော - ဖြစ်သင့် ခြင်းကြောင့်တည်း၊ (ဟိတ်ကို သူ့နေရာ အတိုင်း နောက်မှ ပေးသည်။)

ပုရေဝိယ–သို့၊ သမာသသညာ ဝိဘတ္တိလောပ ပကတိဘာဝါ - သမာသ် မှည့်ခြင်း, ဝိဘတ်ကျေခြင်း, ပကတိ အဖြစ်တို့သည်၊ (ဟောန္တိ)၊ သမာသေ နေဝ–သမာသ်သည်ပင်၊ တုလျာဓိကရဏဘာဝဿ–တုလျာဓိကရဏ်အဖြစ်၏၊ ဝါ–ကို၊ ဝုတ္တတ္တာ – ဟောအပ်သည်၏ အဖြစ်ကြောင့်၊ ဝုတ္တတ္ထာန မပ္ပယောဂေါ တိ–ဟူသော ပရိဘာသာကြောင့်၊ စ သဒ္ဒ တသဒ္ဒါနံ–တို့ကို၊ အပ္ပယောဂေါ-မယှဉ်စေရခြင်းသည်၊ (ဟောတိ)။

---

မလိုရာ အကျိုးမဲ့ကို ကာကွယ်ရခြင်း-ခင်းမှု ထိုင်မှု စသော လိုအပ်သောအကျိုးကို ရခြင်း ဟူသော အကျိုး တမျိုးမျိုးလည်း ဖြစ်ပေါ်ရ၏၊ (တနည်း–ဖျာရှိသည့်အတွက် ထိုဖျာဖြင့် ပြီးစေရ ပြုလုပ်ရမည့် အကျိုး တမျိုးမျိုးလည်း ဖြစ်ပေါ်လာရ၏၊) ဤသို့လျှင် ကဋ္ဌ ဟူသော ကံသည် ကြိယာနှင့် အကျိုး ထို ၂-မျိုးကို ဆောင်တတ်သကဲ့သို့ "မဟာ ပုရိသော"စသော သမာသ်လည်း ယောကျ်ား ဖြစ်တည်း ဟူသော တနက်ထည်း အတွက် "မဟာ"ဟူသော နာမည် "ပုရိသော"ဟူသော နာမည် ဤ ၂-မည်ကို ဆောင်တတ်ရကား ၂-ခုကို ဆောင်ခြင်းအားဖြင့် ကံ နှင့် အလား တူသောကြောင့် "ကမ္မဓာရယ"ဟု အမည်ရလေသည်။

ပုရေဝိယ၊ ပေ၊ ဘာဝါ— [သမာသ်စပ်၍ ကမ္မဓာရည်း မှည့်မှုကို ရှေး၌ ပြခဲ့ပြီ။] အဗျယီဘော သမာသ်တုန်းက ကဲ့သို့ မဟန္တော နှင့် ပုရိသော ကို နာမာနံ သမာသော သုတ်ဖြင့် သမာသ်အမည်လည်း မှည့်၊ ဝိဘတ်ချေ, မဟန္တ ပုရိသ ဟု ပကတိပြု၊ "မဟန္တ ပုရိသ"ဟု သမာသ်ဖြစ်သည့် အခါ ထို ၂-ပုဒ်တို့၏ အနက် အရတူ (တုလျာဓိကရဏ) ဖြစ်ကြောင်းကို "မဟန္တ ပုရိသ"သမာသ်ကပင် သိစေနိုင် သောကြောင့် "ဝုတ္တတ္ထာန မပ္ပယောဂေါ"ဟူသော ပရိဘာသာအရ စ-တသဒ္ဒါများကို ချေပစ်ရတော့၏၊ [ဝုတ္တော အတ္ထော ယေသံတိ ဝုတ္တတ္ထာ၊ ယေသံ–အကြင် စ–တတို့၏၊အတ္ထော–တုလျာဓိကရဏ ဖြစ်ကြောင်းပြနိုင်သော အနက်ကို၊ ဝုတ္တော-သမာသ်သည် ဟောအပ်၏၊ ဣတိ-ကြောင့်၊ ဝုတ္တတ္ထာ–တို့ မည်၏၊ ဤသို့ တုလျာဓိကရဏ ဖြစ်ကြောင်းကို သမာသ်ပုဒ်က ဟောနိုင် သဖြင့် စ-တ ကို အပို ဖြစ်တော့ရကား စ-တသဒ္ဒါများ အလိုက်သိစွာ ကျေပျောက် ကြရ

www.dhammaransi.com



(၃၃၉) **မဟတံ၊ပေ၊ကရဏောပဒေ။** ။ပရေ တုလျာဓိကရဏေ ဥတ္တရပဒေ (နောက် ပုဒ်ကြောင့်) မဟန္တသဒ္ဒဿ မဟာ ဟောတိ၊ မဟတံတိ ဗဟုဝစနဂ္ဂဟဏေန–မဟတံ ဟူသော ဗဟုဝုစ် သဒ္ဒါဖြင့်၊ က္ဗစိ, မဟအာဒေသောစ–မဟလည်း ပြု၊ စ–ဆက်၊ တွေ–ဤ ကမ္မဓာရယ်သမာသ်၌၊ ဝိသေသနဿ-ဝိသေသနပုဒ်၏၊ ပုဗ္ဗနိပါတော-ရှေ့၌ ကျခြင်းကို၊ ဝိသေသနဘူတဿ–ဝိသေသနဖြစ်၍ဖြစ်သော၊ ပုဗ္ဗပဒဿ–ရှေ့ပုဒ်၏၊ မဟာဒေသဝိဓာနတော၀–မဟာ အပြုကို စီရင်ခြင်းကြောင့်ပင်၊ ဝိညာယတိ–သိအပ်၏။

---

တော့သည်–ဟူလို။] ဤ၌ တုလျာဓိကရဏ အဖြစ်ကိုသာ အမွခံ၍ သမာသ်ပုဒ်က ဟောသည်ဟု ဆိုထားသောကြောင့် ရှေ့၌ " စ သဒ္ဒါက သကတ်စသည်ပြားကြောင်းကို ပြ၏" ဟူသော ဝါဒကို စဉ်းစားဘို့ရန် မှတ်ချက်ချခဲ့ရသည်။

**တိပဒကမ္မဓာရယ်။** ။"ဒွန်နှင့် ဗဟုဗ္ဗိဟိမှ တပါး အခြားသမာသ်များ၌ ၂-ပုဒ်သာ သမာသ်တွဲရိုးရှိ၏၊ ထို့ကြောင့် "ဒွိပဒေ တုလျာဓိကရဏေ"ဟု မိန့်ကြောင်းကို ညွှန်ပြ၍ "တိပဒ ကမ္မဓာရယ်မရှိ"ဟု ဆိုကြ၏။ [ဒွန္ဒသမာသဉ္စ ဗဟုဗ္ဗိဟိသမာသဉ္စ ဝဇ္ဇယိတွာ ပဒ ဗဟုတ္တေ သမာသော နဘဝတိ-သံနိဋ္ဌာနသာရဋီကာ။] သို့သော် မုဒ္ဓဗောဓ၌ ထိုဝါဒကို လက်မခံလိုသောကြောင့် "သံစ-မြဲလည်း မြဲ၏၊ သော-ထိုမြဲ၏ ဟူသည်၊ စိစ္စ-တကိုယ်လုံး ဉာဏ်တုံးလည်း ဟုတ်၏၊ သော-ထိုဉာဏ်တုံးဟူသည်၊ အာနန္ဒော စ-ချမ်းသာတုံးလည်း ဟုတ်၏၊ ဣတိ သစ္စိဒါနန္ဒော"ဟု တိပဒ ကမ္မဓာရယ်ပုဒ်ကိုပြလေသည်၊ ပါဠိ၌လည်း "စိတ္တသံသဋ္ဌာ စ+ တေ+စိတ္တသမုဋ္ဌာနာစ+ စိတ္တသဟဘုနော စေစာတိ စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုနော"ဟု အဋ္ဌသာလိနီ ဝိဂ္ဂဟ ပြုသည်၊ "ဆန္ဒိတာ+ပတိတာ+ဥတ္တာပါ-ဆန္ဒိတ ပတိတ ဥတ္တာပါ" ဟူသော ဝဇိရဗုဒ္ဓိဋီကာလည်း တိပဒကမ္မဓာရယ် ပြပင်။

(၃၃၉) **တွေ စ၊ပေ၊ဝိညာယတိ**— ဤ "မဟာပုရိသော" ဟူသော ကမ္မဓာရယ်သမာသ်၌ ဝိသေသနဖြစ်သော ရှေ့မဟန္တပုဒ်ကို မဟာပြုပုံ ထောက်၍ အခြား ကမ္မဓာရယ် သမာသ်များ၌လည်း ဝိသေသနပုဒ်တို့ရှေ့၌ကျရောက်ရကြောင်း (ရှေ့က နေကြောင်း) ကို သိနိုင်သည်။ [များရာလိုက်၍ ယေဘုယျနည်းအားဖြင့် ဝိသေသန ရှေ့ နေရကြောင်းကို ဆိုသည်၊ ဝိသေသနုတ္တရပဒ ကမ္မဓာရည်း အနည်းငယ်၌ကား ဝိသေသနပုဒ်တို့ နောက်နေဦးလတံ့။] ဆက်ဦးအံ့—ဂုဏ်ဟောနှင့် ဒြဗ်ဟော ပုဒ် ၂-ခုစပ်လျှင် ဂုဏ်ဟော သဒ္ဒါသည် ရှေ့နေ၏၊ ဘာ့ကြောင့်နည်း—ဂုဏ်သည် အပ္ပဓာန ဝိသေသန ဖြစ်၍ ဒြဗ်သာ ပဓာန ဖြစ်သောကြောင့်တည်း၊ ဂုဏ်ဟောချင်း တွဲမူ ရှေ့နောက် အနေ မမြဲ၊ ခဉ္ဇကုဏ္ဍော–ခွင်လည်း ခွင်, ကုန်းလည်း ကုန်းသူ၊ ကုဏ္ဍခဉ္ဇော၀ါ၊ ကဏှသုက္ကော–နက်လည်း နက်,ဖြူလည်း ဖြူသော သတ္တဝါ၊ သုက္ကကဏှော၀ါ၊ ကြိယာဟောချင်း တွဲရာ၌လည်း နည်းတူ၊ ပါစက ပါဌကော–ချက်လည်း ချက်, စာလည်း ဖတ်သူ၊ ပါဌက ပါစကော၀ါ၊ ဂုဏ်နှင့် ကြိယာဟော တွဲရာ၌လည်း နည်းတူ၊ ခဉ္ဇပါစကော, ပါစက

www.dhammaransi.com



(၃၄၀) ကမ္မဓာရယော တိ ဒိဂုတိ စ ဝတ္တတေ။

**ဥဘော တပ္ပုရိသာ**။ ။ဥဘော ၊ ပေ ၊ ဟောန္တိ၊ တဿ – ထို မင်း၏၊ ပုရိသော–အချင်းယောကျ်ားတည်း၊ တပ္ပုရိသော – ထို မင်းချင်းယောကျ်ား တပ္ပုရိသ သဒ္ဒိသတ္တာ–တပ္ပုရိသ သဒ္ဒါနှင့် တူသည်၏ အဖြစ်ကြောင့်၊ အယံသမာသောပိ – ကိုလည်း၊ အန္ဝတ္ထ သညာယ – အန္ဝတ္ထ သညာဖြင့်၊ တပ္ပုရိသောတိ - ဟူ၍၊ ဝုတ္တော၊ ဟိ–ချဲ့၊ တပ္ပုရိသ သဒ္ဒေါ-တပ္ပုရိသ သဒ္ဒါသည်၊ ဂုဏံ - ဝိသေသနဂုဏ်ကို၊ အတိဝတ္တော ယထာ – လွန်သကဲ့သို့၊ တထာ–တူ၊ အယံသမာသောပိ – သည်လည်း၊ ဂုဏံ အတိ ဝတ္တော၊ ဟိ- မှန်၏၊ တပ္ပုရိသော – တပ္ပုရိသ် သမာသ်သည်၊ ဥတ္တရပဒတ္ထပဓာနော- ပြဋ္ဌာန်းသော နောက်ပုဒ် အနက် ရှိ၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

---

ခဥ္ဇ္ဇာဝါ၊ဖြစ်ဟော ၂-ခု တွဲရာ၌ သာမည သဒ္ဒါသည့် နောက်နေ၏၊ သိံသပရုက္ခော- ယင်းတိုက်ပင်, စသည်တည်း။

[ဆောင်] ဂုဏ်ဖြစ်ဟော, သမာသ် နှောမူ, ဂုဏ်ဟော ရှေက, နေရိုး ကျ၏၊ ဂုဏချင်းချင်း, ကြိယာချင်းနှင့်, ယင်းတို့ ၂-ပါး, တွဲကုန်ငြားသော်, ရှေ့သွား နောက်နေ, မမြဲပေဘူး၊ တထွေဖြစ်, ၂-ခု စပ်လျှင်, သာမည်သဒ္ဒါ, နောက်နေရာသည်, မှတ်ပါ ပုံစံ အရှိတည်း။

(၃၄၀) **တဿ ပုရိသော ၊ ပေ ၊ အယံသမာသောပိ**— "တဿ+ပုရိသော တပ္ပုရိသော=ထိုမင်း၏ အချင်းယောကျ်ား"ဟူရာ၌ တ—ဟူသော ရှေ့ပုဒ်၏ အနက် ဖြစ်သော မင်းကို မရ, ပုရိသဟူသော နောက်ပုဒ်၏ အနက်ဖြစ်သော အချင်းယောကျ်ား ရ၏၊ ဤ"မဟာပုရိသော"သမာသ်၌လည်း မဟာအရ "အမြတ်"ဟူသော အနက်မရ, "ပုရိသော"ဟူသော နောက်ပုဒ်၏ အနက် (ယောကျ်ားဖြစ်) ရသည်၊ ဤသို့လျှင် တပ္ပုရိသ သဒ္ဒါသည် နောက်ပုဒ် အနက်ကို ပဓာန ဟောသကဲ့သို့ ဤကမ္မဓာရည်း သမာသ်လည်း နောက်ပုဒ်အနက်ကို ပဓာန အားဖြင့် ဟောသောကြောင့် "တပ္ပုရိသော ဝိယာတိ တပ္ပုရိသော"နှင့်အညီ အန္ဝတ္ထသညာ (ဝိဂြိုဟ်နက်သို့ လိုက်သော နာမည်) အားဖြင့် "တပ္ပုရိသ"ဟု နာမည်တမျိုး ထပ်၍ ဆိုအပ်ပြန်သည်။

**ဥဘယ၊ ပေ၊ တပ္ပုရိသောတိ**—"ဂုဏမတိဝတ္တော"၌ဂုဏဟူသည် ဝိသေသနတည်း၊ ဝိသေသန ဖြစ်သော မဟာပုဒ်၏ အနက်တွင် မရပ်ဘဲ "မြတ်သော+ယောကျ်ား"ဟု ပုရိသ ဟူသော ဝိသေသျ ပုဒ်အနက် ထိအောင် ဟောခြင်းကို "ဂုဏမတိဝတ္တော"ဟု ဆိုသည်၊ ထို"ဂုဏမတိဝတ္တော"ဟူသော စကားကို ခိုင်မြဲစေလိုရကား "ဥတ္တရပဒတ္ထ ပဓာနောဟိ တပ္ပုရိသော"ဟု ဒဠှီဝါကျ တက်ရပြန်သည်၊ တပ္ပုရိသ်သမာသ် မှန်လျှင် ဝိသေသျဖြစ်သော နောက်ပုဒ်အနက်ကို ပဓာနအားဖြင့် ဟော၏၊ ထို့ကြောင့် "ဂုဏ မတိဝတ္တော"ဟူသောစကား မှန်သည်—ဟူလို။

www.dhammaransi.com



တတော၊ ထို တပ္ပုရိသ် မှည့်ပြီးသည်မှ နောက်၌၊ နာမဗျပဒေသော- နာမ်ငဲ့ခြင်းသည်၎င်း၊ သျာဒျုပ္ပတ္တိ-သိ အစရှိသော ဝိဘတ်တို့၏ ဖြစ်ခြင်း သည်၎င်း၊ (ဟောတိ)၊ ပန-ဆက်၊ အယံတပ္ပုရိသော-ဤတပ္ပုရိသ်သမာသ် သည်၊ အဘိဓေယျဝစနော - ဟောအပ်သော အနက်၏ ဝုစ်နှင့် တူသော ဝုစ်ရှိ၏၊ ပရလိင်္ဂေါ စ - နောက်ပုဒ်၏ လိင်နှင့် တူသော လိင်လည်း ရှိ၏၊ မဟာပုရိသော-မြတ်သော ယောကျ်ား၊ မဟာပုရိသာ - တို့၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်စဉ်သည်၊ ပုရိသသဒ္ဒသမံ-ပုရိသသဒ္ဒါနှင့် တူ၏၊ ဝေ-တူ၊ မဟာဝီရော-ကြီးသော လုံ့လရှိသူ၊ မဟာမုနိ-မြတ်သောမုနိ။

မဟန္တဉ္စ-ကြီး သည် လည်း ဟုတ်၏၊ တံ-ထို ကြီး သော အရာဟူသည်၊ ဗလဉ္စ - အား လည်း ဟုတ် ၏၊ ဣတိ, မ ဟ ဗ္ဗ လံ - မည်၏၊ မဟဗ္ဗ ယံ- ကြီးသောဘေး၊ မ ဟ အာ ဒေ သော - မဟပြု။ [ "မဟတံ" ဟူ သော ဗဟုဝုစ် သဒ္ဒါလွန်ဖြင့် ပြု။] သန္တော စ-သူတော်ကောင်းလည်း ဟုတ်၏၊ သော-သည်၊ ပုရိသော စ-၏၊ ဣတိ, တပ္ပုရိသော - မည်၏၊ သန္တသဒ္ဒဿ သော ဘေ, ဗော စ န္တေ တိ တွေ-၌၊ စ သ ဒ္ဒေ န-ဖြင့်၊ သန္တသဒ္ဒဿ-၏၊ သမာသေ - သ မာသ် အ ရာ ၌၊ အ ဘ ကာ ရေ ပိ - ဘ အ က္ခ ရာ မ နှောင်း သော်လည်း၊ သာဒေသော - သပြု၊ တထာ - ထို့အတူ၊ ပုဗ္ဗပုရိသော-ရှေး ယောကျ်ား၊ ပရပုရိသော - နောက် ယောကျ်ား၊ ပဌမ ပုရိသော—ပဌမ ပုရိသ်၊ မဇ္ဈိမ ပုရိသော - ရိသ်၊ ဥတ္တမ ပုရိသော - ရိသ်၊ ပရမ ပုရိသော- မြတ်သော ယောကျ်ား၊ ဝီရပုရိသော - ရဲရင့်သော ယောကျ်ား၊ သေတ ဟတ္ထိ - ဖြူ သော ဆင်၊ ကဏှ သပ္ပေါ - မည်း သော မြွေ၊ နီ လုပ္ပ လံ- ညိုသော ကြာ၊ လောဟိတစန္ဒနံ - နီသော စန္ဒကူး[" ပုဗ္ဗော စ + သော+ ပုရိသောစာတိ" စသည်ဖြင့် ဝိဂ္ဂိုဟ်ပြု။]

---

**အယံပန၊ပေ၊ပရလိင်္ဂေါစ-**"အဘိဓိယတေ-ဟောအပ်၏၊ဣတိ,အဘိဓေယျော" မဟာ ပုရိသော သဒ္ဒါသည် ဘုရားစသော ယောကျ်ားမြတ်ကို ဟော၏၊ ထို ယောကျ်ား မြတ်သည် တပါးထည်းဖြစ်အံ့, ဧကဝုစ် ရှိ၏၊ ၂-ပါး ၃-ပါး စသည်ဖြစ်အံ့,ဗဟုဝုစ်ရှိ၏၊ မဟာပုရိသ ဟူသော သမာသ်လည်း ထိုအဘိဓေယျ၏ ဝုစ်နှင့် တူစွာ ဧကဝုစ်-ဗဟုဝုစ် ထိုက်သလို ရှိရသည်၊ ထို့ကြောင့် "အဘိဓေယျဿ ဝိယ ဝစနံ အဿ''ဟူသော ဝိဂ္ဂိုဟ် အရ "အဘိဓေယျဝစနော"ဟု မိန့်သည်။ [အဿ-ထို သမာသ်၏၊ အဘိဓေယျဿ- ဟောအပ်သော အနက်၏၊ ဝစနံဝိယ—ဝုစ်ကဲ့သို့သော၊ဝစနံ—ဝုစ်သည်၊ အတ္ထိ—ရှိ၏။] မဟာပုရိသော၌ ပုရိသော ဟူသော နောက်ပုဒ်သည် ပုလ္လိင် ရှိ၏၊ ထို နောက်ပုဒ်၏ လိင်နှင့်တူစွာ "မဟာပုရိသော"ဟူသော ပုဒ်အပေါင်းလည်း ပုလ္လိင်ပင် ရှိရသည်၊

www.dhammaransi.com



ကွစိ-၌၊ ဝိဘာသာဓိကာ ရတော - ဝိဘာသာ သဒ္ဒါလိုက်ခြင်းကြောင့်၊ န ဘဝတိ-သမာသ် မဖြစ်၊ ယထာ-ဥဒါဟရုဏ်ကား၊ ပုဏ္ဏော၊ပေ၊ဒေဝရာဇာတိ - ဟူသည်တည်း၊ မန္တာနီ ပုတ္တော - မန္တာနီ ပုဏ္ဏားမ၏ သား ဖြစ်သော၊ ပုဏ္ဏော–အရှင်ပုဏ္ဏ၊ စိတ္တော-စိတ္တမည်သော၊ ဂဟပတိ-သူကြွယ်၊ ဒေဝရာဇာ–နတ်မင်းဖြစ်သော၊ သက္ကော–သကြား။

(၃၄၁) ပုမာစ-အဖိုလည်းဟုတ်၏၊ သော-ထိုအဖိုဟူသည်၊ကောကိလောစ-ဥဩလည်း ဟုတ်၏၊ ဣတိအတ္ထေ–ဤအနက်၌၊ သမာသေ–ကို၊ ကတေ–ပြုအပ်ပြီးသော်။[ပုမာနှင့် ကောကိလောကို သမာသ်စပ်–ကမ္မဓာရဲမှည့်, သမာသ်မှည့်, စ-တချေ, ပုမကောကိလ–ဟု ပကတိပြု, တပ္ပုရိသ်မှည့်, ဤအားလုံး အစီအရင်ကိုပင် “သမာသေ ကတေ”ဟု မိန့်သည်၊ ဤ“ကတေ”ကိုလည်း လောပမာပစ္စတေ”၌ စပ်။] လောပန္တိ ဝတ္တတေ။

**ပုမဿ လိင်္ဂါဒီသု သမာသေသု။** ။သ မာ သေ သု - သမာသ်တို့၌၊ လိင်္ဂါဒီသု - လိင် အစရှိကုန်သော၊ ပရပဒေသု – နောက်ပုဒ် တို့ကြောင့်၊ ပုမဏ္ဍစ္စေတဿ - ပုမ ဟူသော ဤသဒ္ဒါ၏၊ အန္တော - အဆုံးဖြစ်သော၊

---

နောက်ပုဒ်က “ဒေဝီ”ကဲ့သို့ ဣတ္ထိလိင် ရှိရာ၌လည်း “မဟာဒေဝီ” ဟူသော ပုဒ်အပေါင်းသည် ဣတ္ထိလိင် ရှိရမည်၊ မဟာဗွလံ စသည်၌လည်း နပုံလိင် ရှိရပုံကို သိလေ၊ ထို့ကြောင့်“ပရဿ လိင်္ဂံ ဝိယ လိင်္ဂံ အဿ”ဟူသောဝိဂ္ဂြိုဟ်နှင့်အညီ“ပရလိင်္ဂေါစ”ဟု မိန့်သည်၊ မဟာပုရိသော စသည်ကို ဆိုင်ရာ နာမ်ဂိုဏ်း သွင်း၍ နာမ်ရုပ် စဉ်လေ။

**ကွစိ ဝိဘာယာ၊ပေ၊ဒေဝရာဇာတိ**—“ဝိဘာသာ ရုက္ခတိဏ”စသော သုတ်မှ ဝိဘာသာ သဒ္ဒါသည် သမာသ် စီရင်ရာ သုတ်တိုင်း၌ လိုက်လာသောကြောင့် ပုဏ္ဏနှင့် မန္တာနီပုတ္တသည် တုလျာဓိကရဏ ဖြစ်ပါလျက် “ပုဏ္ဏောစ+သော+မန္တာနီပုတ္တောစ” ဟု ဝိဂ္ဂြိုဟ် ပြု၍ “ပုဏ္ဏမန္တာနီပုတ္တော”ဟု ကမ္မဓာရည်း သမာသ် မစပ်ရ၊ “ပုဏ္ဏော+မန္တာနီပုတ္တော”ဟု ဝါကျသာရှိရသည်၊ ထို့အတူ“စိတ္တဂဟပတိ, သက္ကဒေဝရာဇာ”ဟု ကမ္မဓာရည်း သမာသ် မဖြစ်ပုံကိုလည်း သိလေ၊ ဤသို့ ကမ္မဓာရည်းသမာသ် မဖြစ်လျှင် ကမ္မဓာရည်း နောက်လိုက်တပ္ပုရိသ်မမည်ပုံမှာ ဆိုဘွယ်ရာ မရှိပြီ၊ထို့ကြောင့်“ကွစိ၊ပေ၊ န ဘဝတိ”ဟူသော စကားကို “ဒွိပဒေ တုလျာဓိကရဏေ”သုတ်ကို တားမြစ်သော စကားဟု မှတ်။

**(၃၄၁)ပုမဏ္ဍစ္စေတဿ၊ပေ၊သမာသေသု**—လိင်္ဂါဒီသုဖြင့်“ဣတ္ထိပုံနပုံသကံ” ကဲ့သို့ လိင် စသည် မနှောင်းဘဲ နပုံသကသဒ္ဒါနှောင်းရာ၌ ပုမ၏ အ ကို မချေရ-ဟု သိစေသည်၊ “သမာသေသု”ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းကား “ပုမဿ+လိင်္ဂံ–ပုလ္လိင်္ဂံ,

www.dhammaransi.com



အကာရော-သည်၊ လောပံ အာပဇ္ဇတေ၊ အံမော နိဂ္ဂဟီတံ ဈလပေဟီတိ-သုတ်ဖြင့်၊ မကာရဿ-၏၊ နိဂ္ဂဟီတံ-ပြု၊ ပုကော်ာကိလော-အဖိုဖြစ်သော ဉဿြ၊ ဝေံ-တူ၊ ပုန္နာဂေါ-ဆင်ထိး၊ ဝါ-ပုန်းညက်ပင်။

(၃၄၂) ခတ္တိယာ စ-မင်းမျိုးလည်း ဟုတ်၏၊ သာ-ဟူသည်၊ ကညာစ-သတို့သမီးလည်း ဟုတ်၏၊ ဣတိ-သို့၊ ဝိဂ္ဂယှ-ဝိဂြိုဟ် ပြု၍၊ (ဝိဂ္ဂဟ ရှိသည်ကား ပါဠိပျက်) သမာသေ-ကို၊ ကတေ-သော်၊ [“ပုဗ္ဗပဒေ ဣတ္ထိပစ္စယဿ နိဝတ္တိ”ဥ္စပ်] တုလျာဓိကရဏောတိ, ပဒေတိ, ဣတ္ထိယံတိ, ဘာသိတပုမာတိ, ပုမာဝါတိ, စေတိ စ ဝတ္တတေ (“မဟတံ မဟာ တုလျာဓိကရဏေပဒေ-ဣတ္ထိယံ ဘာသိဘ ပုမိတ္ထိ ပုမာဝ စေ” သုတ်တို့မှ ၇-ပုဒ်လိုက်။)

**ကမ္မဓာရယသညေ့စ**။ ။ကမ္မဓာရယသညေ့စ သမာသေ-ကမ္မဓာရဲ အမည်ရှိသော သမာသ်၌လည်း၊ [စဖြင့် မိမိရှေ့က “ဣတ္ထိယံ ဘာသိတပုမိတ္ထီ” သုတ်လာ ဗဟုဗ္ဗီဟိသမာသ်ကို ပေါင်းသည်၊] ဣတ္ထိယံ-ဣတ္ထိလိန်၌၊ ဝတ္တမာနေ-သော၊ တုလျာဓိကရဏေ-သော၊ ပရေ-နောက်ဖြစ်သော၊ ဥတ္တရပဒေ၊ နောက်ပုဒ်ကြောင့်၊ ပုဗ္ဗဘူတော-ရှေ့ဖြစ်၍ ဖြစ်သော၊ ဣတ္ထိဝါစကော-ဣတ္ထိလိန်ကို ဟောသော၊ သဒ္ဒေါ-သဒ္ဒါသည်။ ပုဗ္ဗေ-ရှေ့၌၊ ဘာသိတပုမာ-ဟောအပ်ဘူးသော ပုလ္လိန်ရှိသည်၊ စေ (ဟောတိ)-အကယ်၍ ဖြစ်အံ့၊ သော၊ ထိုဣတ္ထိလိန်ဟော သဒ္ဒါကို၊ ပုမာဝ-ပုလ္လိန်ကဲ့သို့၊ ဒဋ္ဌဗ္ဗော-၏၊ ဣတိ-ဤသုတ်ဖြင့်၊ ပုဗ္ဗပဒေ-ရှေ့ပုဒ်၌၊ ဣတ္ထိပစ္စယဿ-ဣတ္ထိပစ္စည်း၏၊ နိဝတ္တိ-နစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ခတ္တိယကညာ-မင်းမျိုးသတို့သမီး၊ ခတ္တိယကညာယော-တို့၊ ဣစ္စာဒိ-တည်း၊ ဝေံ-တူ၊ ရတ္တ လတာ-နီသောနွယ်၊ ဒုတိယဘိက္ခာ ၂-ခုမြောက်သော ထမင်း။

---

ပုမဿ+ဘာဝေါ ပုန္နာဝေါ” စသော တပ္ပုရိသ်သမာသ်-၌ပင် ပြုအပ်သော ကမ္မဓာရဲ သမာသ် စသည်ဖြင့် သမာသ်များကြောင်းကို ပြရခြင်း အကျိုးရှိ၏၊ “ဝေံ ပုန္နာဝေါ” ဖြင့် “ပုမာ စ သော နာဂေါစာတိ ပုန္နာဂေါ”ဟု ဝိဂြိုဟ်ပြု၍ ဆင်ထိးကို မှချရ၏၊ ထိုဆင်ထိးကဲ့သို့ မြတ်သော ကြာဖြူပင်-ဇာတိပ္ပိုလ်ပင် — ပုန်းညက်ပင်များကိုကား “ပုန္နာဂေါ၀ိယာတိ ပုန္နာဂေါ”ဟု ဝိဂြိုဟ်ပြုရမည်။ [ထောမနိဓိ။]

(၃၄၂) ကမ္မဓာရယသညေ့ စ၊ပေ၊ဒဋ္ဌဗ္ဗော — [“ကမ္မဓာရယေစ”ဟုဆိုလျှင်ပြီးကောင်းလျက် “ကမ္မဓာရယသညေ့စ”ဟု သညာ သဒ္ဒါ ထည့်ခြင်းမှာ “ကမ္မဓာရဲ မည်သော သမာသ်”ဟု သိသာစေခြင်း အကျိုးရှိ၏၊ “သညဂ္ဂဟဏံ သုခဗောဓတ္ထံ”—ဋီကာ။] သမာသ်ဆိုင်ရာစီရင်၍ ပကတိပြုသည့်အခါ“ခတ္တိယာကညာ”ဟုအာကာရန္တ

www.dhammaransi.com



ဗြာဟ္မဏီစ - ပုဏ္ဏားမလည်း ဟုတ်၏၊ သာ, ဒါရိကာ စ - သူငယ်မလည်း ဟုတ်၏၊ ဣတိ, ဗြာဟ္မဏဒါရိကာ - မည်၏၊ နာဂ မာဏဝိကာ- နဂါးပျိုမ၊ [ နာဂီ စ သာ မာဏဝိကာ စ" ဟု ပြု၊ ] ပုဗ္ဗပဒဿဝ-ရှေးပုဒ်၏ သာ၊ အယံပုမ္ဘာဝါ တိဒေသော -ဤပုလ္လိင် အဖြစ်ကို ငဲ့ညွှန်းခြင်းသည်၊ (ဟောတိ)၊ တေန - ထို့ကြောင့်၊ ခတ္တိယကုမာရီ - မင်းမျိုး သတို့သမီး၊ ကုမာရသမဏီ - သတို့သမီး ရဟန်းမ၊ [ သီဟိုဠ်မူ၌ "တရုဏဗြာဟ္မဏီ-နုပျိုသော ပုဏ္ဏားမ"ဟု ရှိသေး၏၊ ] ဣတိ အာဒီသု - ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ဥတ္တရပဒေသု - နောက်ပုဒ်တို့၌၊ ဣတ္ထိ ပစ္စယဿ - ၏၊ နိဝတ္တိ-နစ်ခြင်းသည်၊ နဟောတိ။

---

ပကတိ အတိုင်း ဖြစ်၏၊ ကညာသည် ဣတ္ထိလိင် ၌လည်း ဖြစ်၏၊ ခတ္တိယာနှင့် တုလျာဓိကရဏဖြစ်သော နောက်ပုဒ်လည်းဟုတ်၏၊ ဤ"ကညာ"ပုဒ်မျိုးကို ရည်ရွယ်၍ "ဣတ္ထိယံ ဝတ္တမာနေ တုလျာဓိကရဏေ ဥတ္တရပဒေ"ဟု မိန့်သည်၊ "ခတ္တိယာ"ကား ကညာကို ထောက်၍ (ပုမ္ဘာဝုတ) ရှေ့ဖြစ်၏၊ မင်းမျိုးမဟု ဣတ္ထိလိင်ဟော သဒ္ဒါလည်း ဟုတ်၏၊ ဤသမာသ်သို့ မရောက်မီ ရှေးက "ခတ္တိယော ကုမာရော"စသည်ဖြင့် ပုလ္လိင်ကိုလည်း ဟောဘူးသည်၊ ဤ"ခတ္တိယာ"ပုဒ်မျိုးကို ရည်ရွယ်၍ "ပုမ္ဘာဝုတော ဣတ္ထိဝါစကော သဒ္ဒေါ ပုဗ္ဗေ ဘာသိတပုမာ"ဟု မိန့်သည်၊ ဤသို့ ရှေးရှေးက ပုလ္လိင်ကို ဟောခဲ့ဘူး၍ ယခု သမာသ်တွင်း၌ ဣတ္ထိလိင်ကို ဟောနေဆဲဖြစ်သော ခတ္တိယာကဲ့သို့သော သဒ္ဒါကို ပုလ္လိင်ကဲ့သို့မှတ်-ဟု ငဲ့ညွှန်းသော လိင်္ဂါတိဒေသသုတ်တည်း။ [ ဘာသိတော ပုမာ ယေနာတိ ဘာသိတ ပုမာ၊ ယေန—အကြင် ခတ္တိယာ ကဲ့သို့သော သဒ္ဒါသည်၊ ပုမာ—ပုလ္လိင်ကို၊ ဘာသိတော—ရှေး၌ ဟောအပ်ဘူးပြီ၊ ဣတိ, ဘာသိတပုမာ—မည်၏။ ]

**ဣတိ ဣတ္ထိပစ္စယဿ၊ ပေ၊ ဒုတိယဘိက္ခာ**—"ခတ္တိယာ"ကို ပုလ္လိင်ဟု ညွှန်ပြလိုက်သည့်အခါ ဣတ္ထိဇောတက အာပစ္စည်း အလိုလိုပျောက်၍ "ခတ္တိယ"ဟု ဖြစ်၏၊ "ရတ္တာစသာ လတာစ"၌ "ရတ္တာ လတာ"ဟု ပကတိပြု၊ ရတ္တာပုဒ်သည် "ရတ္တော+ဩဘာသော—နီသောအရောင်"စသည်ဖြင့် ပုံလိန်ကိုဟောခဲ့ဘူး၏၊ "ဒုတီယာ စ သာ ဘိက္ခာစ"၌ "ဒုတီယာ ဘိက္ခာ"ဟု ပကတိပြု၊ ဒုတီယာ သဒ္ဒါသည် "ဒုတိယော ကဏ္ဍော"စသည်၌ ပုလ္လိန်ကို ဟောခဲ့ဘူး၏၊ ဤသို့ စသည်ဖြင့် သိလေ။ [ "ပဌမာ-ဝိဘတ္တိ—ဒုတီယာဝိဘတ္တိ"စသည်၌ကား ပဌမာ ဒုတီယာတို့က နာမည်ဟော (သညာသဒ္ဒါ) ဖြစ်သောကြောင့် မူလနာမည်ပျက်၍ "ပဌမဝိဘတ္တိ—ဒုတိယဝိဘတ္တိ"စသည် ဖြစ်မည်စိုးသောကြောင့် ပုလ္လိန် မငဲ့ရ, "ပဌမာ ဒုတီယာ"အတိုင်းပင် ရှိရသည်။ "ဧဝံ ဒုတီယာဝိဘတ္တိ၊ ဧတ္ထာပိ ပုမ္ဘာဒေသ (ဒုတီယာဟူသော ရှေ့ပုဒ်၏) သညာသဒ္ဒတ္တာ ပုမ္ဘာဝါတိဒေသော နဟောတိ"—ဋီကာ။ ]

**ဗြာဟ္မဏီ၊ ပေ၊ နနိဝတ္တိဟောတိ**—ဤသုတ်ဖြင့် ပုလ္လိန်ငဲ့ရာ၌ ရှေ့ပုဒ်ကိုသာ ငဲ့ရမည်၊ ကညာ ဒါရိကာ စသော နောက်ပုဒ်ကို မငဲ့ရ၊ ထို့ကြောင့် "ခတ္တိယာစ သာ ကုမာရီ စာတိ ခတ္တိယ ကုမာရီ"၌ ခတ္တိယာဟူသော ရှေ့ပုဒ်၌သာ အာပစ္စည်း ပျောက်၍

www.dhammaransi.com



ဇလုတ္တိယံဇလစ္စေ၀-ရှေ့သုတ်မှ လိုက်သော"ဇလုတ္တိယံ"သဒ္ဒါသည်၊ ကိံ-အဘယ် အကျိုးရှိသနည်း၊ ကုမာရီရတနံ, သမဏီပဒုမံ-တို့၌ တားမြစ်ရခြင်းအကျိုး ရှိ၏။ [ကုမာရီရတနံ-ရတနာနှင့် တူသော အပျို၊ သမဏီပဒုမံ-ပဒုမ္မာနှင့် တူသော ရဟန်းမ။] ဘာသိတ ပုမာတိ-သည်၊ ကိံ-နည်း၊ ဂင်္ဂါနဒီ, တဏှာနဒီ, ပထဝီဓာတု-တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။ [ဂင်္ဂါနဒီ-ဂင်္ဂါမြစ်၊ တဏှာနဒီ-တဏှာမြစ်၊ ပထဝီဓာတု-ပထဝီဓာတ်။] နန္ဒာပေါက္ခရဏီ နန္ဒာဒေဝီ တျာဒီသုပန-အစရှိသည်တို့၌ကား၊ သညာ သဒ္ဒတ္တာ-နာမည်ဟော သဒ္ဒါ၏ အဖြစ်ကြောင့်၊ နဟောတိ-ပုလ္လိင်ကဲ့သို့ မဖြစ်။ [နန္ဒာပေါက္ခရဏီ-နန္ဒာရေကန်၊ နန္ဒာဒေဝီ-နန္ဒာ မိဖုရား။

---

ကုမာရီ ဟူသော နောက်ပုဒ်၌ (ဤ) ပစ္စည်း မပျောက်ဘဲ ရှိရသည်၊ "ကုမာရီစ သာ ဗြာဟ္မဏီစာတိ ကုမာရဗြာဟ္မဏီ, တရုဏီစ သာ ဗြာဟ္မဏီစာတိ တရုဏဗြာဟ္မဏီ" တို့၌လည်း နည်းတူ။

**မှတ်ချက်။** ။"ယဒိ ဟိ ချာသေ ဝုတ္တနယေန ဥတ္တရပဒဿာပိ ပုမ္ဘာဝါတိဒေသော သိယာ၊ တဒါ ခတ္တိယကုမာရီ တျာဒီသု ခတ္တိယကုမာရော၊ပေ၊ဝံ အနိဋ္ဌရူပပသင်္ဂေါ သိယာ"ဋီကာ၊ဤဋီကာ၌ ဥတ္တရပဒဿာပိဝယ် အပိဖြင့် ပုဗ္ဗပဒကို ဆည်း၏၊ထို့ကြောင့် ချာသ၌ ရှေ့ပုဒ် နောက်ပုဒ် ၂-ပုဒ်လုံးကိုပင် ပုလ္လိင် ငဲ့သည်-ဟု ဋီကာ ဆိုလိုသည်၊ ပုဗ္ဗ ပဒဿေဝ၌ ဧဝဖြင့် ချာသကဲ့သို့ ၂-ပုဒ်လုံးကို မငဲ့ရ၊ ရှေ့ပုဒ်ကိုသာ ငဲ့ပါ-ဟုဆိုလိုသည်၊ ဤသို့ ဋီကာ ဖွင့်သော်လည်း ချာသ ရှပ်တွက်ပုံကို ကြည့်သောအခါ ကမ္မဓာရဲ သမာသ် အရာဝယ် နောက်ပုဒ်၌ ပုလ္လိင် ငဲ့ကြောင်း သိသိသာသာ မတွေ့ရ၊ ရှေ့ပုဒ်၌ ငဲ့ကြောင်း ကိုကား သိသာစွာ တွေ့ရသည်၊ သဒ္ဒနိတိဂ္ဂဟိတဥ္စသုတ်၌ "ပုရိမ ဇာတိ"ရှပ်တွက်ပုံကို ကြည့်ပါ၊ထို့ကြောင့် ဇုတ္တိယံ ဘာသိတပုမိတ္ထိ ပုမာဝစေ သုတ်၌ ရှေ့နောက် ၂-ပုဒ်လုံးကို ချာသ၌ ငဲ့ထားသဖြင့် ဤသုတ်လည်း ချာသအလို ရှေ့နောက် ၂-ပုဒ်လုံး ငဲ့သည်ဟုပင် ရူပသိဒ္ဓိ စာကိုယ် ဋီကာတို့ စွပ်စွဲလိုဟန် တူသော်လည်း ကမ္မဓာရဲ၌ ၂-ပုဒ်လုံး ငဲ့ထား သည်ကို ယခု ချာသ စာအုပ်များဝယ် မတွေ့ရချေ။

**ဇုတ္တိယ မိစ္စေဝ ကိံ**—ရှေ့သုတ်မှ"ဇုတ္တိယံ"သဒ္ဒါ ဤသုတ်သို့ လိုက်လာခြင်းသည် ဘယ်အကျိုးငှါနည်း-ဟု မေး၊"ဇုတ္တိယံ တုလျာဓိကရဏေ ပဒေ"အရ ဇုတ္တိလိင်လည်း ဖြစ်, တုလျာဓိကရဏလည်းဖြစ်သော နောက်ပုဒ် နှောင်းမှ ရှေ့ပုဒ်ကို ပုလ္လိင် ငဲ့ရသည်၊ ကုမာရီရတနံဝယ် ကုမာရီ၌ ဇုတ္တိလိင်သဒ္ဒါ မနှောင်း (ရတနံဟု နပုလ္လိင်သဒ္ဒါ နှောင်း) သောကြောင့် ပုလ္လိင် မငဲ့ရခြင်း ("ကုမာရ"ဟု မဖြစ်ရခြင်း) အကျိုး ရှိသည်၊ သမဏီ ပဒုမံလည်း နည်းတူ။

**ဘာသိတ ပုမာတိ ကိံ**—ရှေ့သုတ်မှ ဘာသိတ ပုမာ သဒ္ဒါ လိုက်လာခြင်းသည် ဘယ်အကျိုးငှါနည်း-ဟု မေး၊ဂင်္ဂါ-တဏှာ-ပထဝီတို့သည် ပုလ္လိင်ကို ဟောဘူးသော "ဘာသိတပုမ" သဒ္ဒါများ မဟုတ်ကြ၊ နိယတ ဇုတ္တိလိင်ဟော သဒ္ဒါများသာတည်း၊

www.dhammaransi.com



တထာ-ထိုမှတပါး၊ ပုရတ္ထိမောစ-ရှေ့ပိုင်း၌ ဖြစ်သည်လည်း ဟုတ်၏၊ သော, ကာယောစ-ကိုယ်လည်း ဟုတ်၏၊ ဣတိ ပုရတ္ထိမကာယော၊ စ-ဆက်၊ ဧတ္ထ-ဤ ပြယုဂ်၌၊ ကာယေကဒေသေ-ကိုယ် တစိတ်၌၊ ကာယသဒ္ဒေါ-သည်၊ (ဟောတိ)၊ ဧဝံ-တူ၊ ပစ္ဆိမကာယော-နောက်ပိုင်းကိုယ်၊ ဟေဋ္ဌိမကာယော-အောက်ပိုင်းကိုယ်၊ ဥပရိမကာယော-အထက်ပိုင်းကိုယ်၊ သဗ္ဗကာယော-အလုံးစုံကိုယ် ( တကိုယ်လုံး )၊ ပုရာဏဝိဟာရော - ဟောင်းသောကျောင်း၊ နဝါဝါသော (နဝ+အာဝါသော)- အသစ်နေရာ (နေရာသစ်)၊ ကတရ-နိကာယော, ကတမနိကာယော - အဘယ် နိကာယ်နည်း၊ ဟေတုပစ္စယော-ဟေတုပစ္စည်း၊ အဗဟုလံ-မများဘဲ၊ ဗဟုလံ-များသကဲ့သို့၊ ကတံ-ပြုအပ်၏၊

---

ထို့ကြောင့် ဣတ္ထိလိင်လည်းဖြစ်-တုလျာဓိကရဏလည်း ဖြစ်သော နဒီသဒ္ဒါ ခေတုသဒ္ဒါ နှောင်းလျက်ရှိသော်လည်း ဂဂ်ါ စသည်တို့က ဘာသိတပုမ မဟုတ်သောကြောင့် ဂဂ်ါ စသည်ကို ပုလ္လိင် မငဲ့ရ၊ အာ ပစ္စည်း-ဤ ပစ္စည်း ကျေ၍ "ဂဂ်-တဏှာ-ပထဝ"ဟု မဖြစ်ခြင်း အကျိုးရှိသည်-ဟူလို။

နန္ဒာပေါက္ခရဏီ၊ပေ၊နဟောတိ—ခတ္တိယကဲ့သို့ ဇာတိသဒ္ဒါ-မဟန္တကဲ့သို့ ဂုဏသဒ္ဒါ-ပါစကကဲ့သို့ ကြိယာသဒ္ဒါ- ဝဏ္ဏကဲ့သို့- အဝတ္ထုသဒ္ဒါတို့သာ ဝိသေသျပုဒ်၏ လိင်အားလျော်စွာ (ခတ္တိယော-ခတ္တိယာ-ခတ္တိယံ, မဟန္တော-မဟန္တာ-မဟန္တံ စသည်ဖြင့်) ပုဒ်နေ ပြောင်းလေ့ရှိကြ၏၊ နာမည်ဟော သညာသဒ္ဒါတို့ကား ထိုကဲ့သို့ လိင်ပြောင်းလျှင် မူလနာမည် ပျက်သွားဘွယ်ရှိ၏၊ "နန္ဒာ"ဟူသော အမည်က "နန္ဒ"ဟု ဖြစ်လျှင် မူလနာမည် ပျက်သည်-ဟူလို၊ ထို့ကြောင့် "နန္ဒော ကုမာရော"စသည်၌ နန္ဒ သဒ္ဒါသည် ပုလ္လိင်ကို ဟောဘူး၍ ယခု နန္ဒာ ပေါက္ခရဏီဝယ် ဣတ္ထိလိင်လည်းဖြစ် တုလျာဓိကရဏဖြစ်သော ပေါက္ခရဏီသဒ္ဒါလည်း နှောင်းစေကာမူ သညာသဒ္ဒါ ဖြစ်သောကြောင့် နန္ဒာ၌ ပုလ္လိင်မငဲ့ရ၊ နန္ဒာဒေဝီ၌လည်း နည်းတူ။

တထာ ပုရတ္ထိမောစ၊ပေ၊သဗ္ဗကာယော—[ဤ"တထာ"မှ စ၍ ကမ္မဓာရယ သဒ္ဒေစ-သုတ်၏ ဆိုင်ရာ မဟုတ်၊ အခြား ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရည်းများကို ပြလို၍ "တထာ"ဟု မိန့်သည်။] သတ္တတ္ထ၌ အဂ္ဂ(ရှေ့)အနက်ဟော "ပုရတ္ထာတ်" နိပါတ်ပုဒ်သည် ပါဠိ၌ "ပုရတ္ထ"ဟု ဖြစ်လာ၏၊ ထို့ကြောင့် "ပုရတ္ထ-ရှေ့၌၊ ဘဝေါ-တည်း၊ ပုရတ္ထိမော-ရှေ့၌ ဖြစ်သည်"ဟု ဆို၊ ဤ"ပုရတ္ထိမကာယော"အရ တကိုယ်လုံးကို မရ-ကိုယ်၏ ရှေ့ပိုင်းတစိတ်ကိုသာ ရသောကြောင့် ဤကာယသဒ္ဒါသည် အပေါင်းတကိုယ်လုံး၏ ကာယ အမည်ကို ကိုယ် တစိတ်တပိုင်း၌ တင်စား ထားသော ဧကဒေသူပစာရ သဒ္ဒါတည်း-ဟု ပြလို၍ "ဧတ္ထ၊ခပ၊ကာယသဒ္ဒေါ"ဟု အမှာ စကားချပ် ညွှပ်သည်၊ ဥပရိမကာယော တိုင်အောင် ဤနည်းချည်းတည်း၊ သဗ္ဗ-ကာယော၌ ကာယကား တကိုယ်လုံးကို ဟောသော မုချသဒ္ဒါပင်၊ "ပစ္ဆိမောစ, ဟေဋ္ဌိမောစ, ဥပရိမောစ, သဗ္ဗောစ သော ကာယောစာတိ"ဟု ဝိဂ္ဂဟပြု။

www.dhammaransi.com



ဉတိ–ကြောင့်၊ ဗဟုလီကတံ–မည်၏၊ ဇီဝိတပ္ပဓာနံ–ဇီဝိတရုပ် ပဓာနရှိသော၊ နဝကံ–နဝကတည်း၊ ဇီဝိတနဝကံ–က၊ ဉစ္စာဒိ။

ဝိသေသနုတ္တရပဒေ–ဝိသေသနုတ္တရပဒကမ္မဓာရဲ၌၊ဇိနဝစနာနုပရောဓတော–ဘုရား ပါဠိတော်နှင့် မဆန့်ကျင်သော အားဖြင့်၊ ထေရာစရိယပဏ္ဍိတာဒိ–ဝိသေသနံ–ထေရ, အာစရိယ, ပဏ္ဍိတ အစရှိသော ဝိသေသနသည်၊ ပရဥ္စ–နောက်ကျသည်လည်း၊ ဘဝတိ၊ ယထာ–ကား၊ သာရိပုတ္တောစ၊ပေ၊ဝတ္ထု–ဝိသေသော–ဟူသည်ဘည်း၊ သာရိပုတ္တောစ၊ပေ၊ဉတိ သာရိပုတ္တတ္ထေရော၊ ဧဝံ မဟာမောဂ္ဂလ္လာနတ္ထေရော, မဟာကဿပတ္ထေရော၊ ဗုဒ္ဓဃောသာစရိယော–ဗုဒ္ဓဃောသဆရာတော်၊ ဓမ္မပါလာစရိယော–တော်၊ အာစရိယဂုတ္တိလောဝါ–အာစရိယဂုတ္တိလော ဟု လည်း ရှိ၏၊ (ဆရာဂုတ္တိလ)၊ မဟောသဓောစ–မဟောသဓာလည်း ဟုတ်၏၊ သော, ပဏ္ဍိတောစ–သုခမိန်လည်း ဟုတ်၏၊ [ပညာရှိသူကို "သုခမိန်"ဟု ခေါ်သည်၊] ဉတိ မဟောသဓပဏ္ဍိတော၊ ဧဝံ ဝိဓုရ ပဏ္ဍိတော–ဝိဓုရ သုခမိန်၊ ဝတ္ထုဝိသေသော–နေရာအထူး။

---

**အဗဟုလံ၊ပေ၊ဇီဝိတနဝကံ**—"ဗဟုလီကတံ"၌ "အဗဟုလံ ဗဟုလံကတံ"ဟု ဝိဂ္ဂြိုဟ် ပြုရသော်လည်း အဗဟုလံမှာ အပိုထည့်အပ်သော ပုဒ်သာ၊ ရုပ်တွက်သည့်အခါ "ဗဟုလ+ကတ"တည်, သိ အံပြု၊ "ဗဟုလံ+ကတံ"ပြီး၊ "ဗဟုလကတ"ပကတိပြု၊ ပစ္စယာဒနိဋ္ဌာ စသော သုတ်ကြီးဖြင့် (မောဂ္ဂလ္လာန်၌ "အဘူတတဗ္ဘာဝေ"စသော သုတ်ဖြင့်) ဗဟုလနောင် (ဤ)ပစ္စည်းသက် (ဗဟုလီကဘ) နာမ်ငဲ့ စသည် စီရင်၊ ဤပစ္စည်းမျိုးကို အဘူတတဗ္ဘာဝအနက်၌ သက်သည်-ဟု ဆို၏၊ နဂိုရ်က အများမဟုတ်သည်ကို "အဘူတ–ရှေး၌ မဖြစ်"ဟု ဆို၏၊ ယခုအခါ၌ များသကဲ့သို့ ဖြစ်ခြင်းကို "တဗ္ဘာဝ–ထို များသည်၏ အဖြစ်ဖြင့် ဖြစ်ခြင်း"ဟု ဆိုသည်၊ ဤသို့ အဘူတအနက် ထင်ရှားအောင် "အဗဟုလံ"ဟုရင်း တဗ္ဘာဝအနက် ထင်ရှားအောင် "ဗဟုလံကတံ" ဟုရင်း ဝိဂ္ဂြိုဟ် လုပ်ကြရသည်၊ ဇီဝိတနဝကံ၌ "ဇီဝိတံ+ပဓာနံ ယဿ"ဟု ရှေးဦးစွာ ဗဟုဗ္ဗီဟိဝိဂ္ဂြိုဟ်ပြု၊ ဇီဝိတရုပ် ပဓာနရှိသော ရုပ်အပေါင်းရစေ၊ ထို့နောက် "ဇီဝိတပ္ပ-ဓာနံ+နဝကံ,ဇီဝိတပ္ပဓာနနဝကံ"ဟု ဖြစ်သင့်လျက် အလယ် ပဓာနပုဒ်ကို "ဂုတ္တတ္ထာန မပ္ပယောဂေ"အရ ချေ၍ "ဇီဝိတနဝကံ"ဟု ဖြစ်ရသည်၊ [သာဏောန–ပိုက်ဆံလျှော်ချည်ဖြင့်၊ ကတာ–ပြုအပ်သော၊ သာဋိကာ–အဝတ်သည်၊ ("သာဏကတသာဋိကာ" ဟု ဖြစ်သင့်လျက် ကတပုဒ်ချေ၍) သာဏသာဋိကာ မည်သကဲ့သို့တည်း–ဟု ဋီကာဖွင့်သည်။]

**ဝိသေသနုတ္တရပဒ ကမ္မဓာရဲ**။ ။[ဥတ္တရပဒ–နောက်ပုဒ်။] ဝိသေသနပုဒ်က (မဟာနွှောကဲ့သို့ရှေ့မနေဘဲ) နောက်နေလျှင်ဝိသေသျှဖြစ်သောရှေ့ပုဒ်အနက်က ပဓာနဖြစ်သောကြောင့် ရှေ့ပုဒ်အနက် ပြဋ္ဌာန်းလျက်ရှိ၏၊ ကမ္မဓာရဲမှန်လျှင် တပ္ပုရိသ်လည်း

www.dhammaransi.com



ဝိသေသနော ဘယပဒေါ-သည်၊ ယထာ-နည်း၊. တံ-ထိုဘောဇဉ်သည်။ သီတဉ္စ-အေးလည်း အေး၏၊ ဥဏှဉ္စ-ပူလည်း ပူ၏၊ ဣတိ, သီတုဏှံ-သီတုဏှ မည်၏၊ သော-ထိုပဲသည်၊ နိသိန္နော စ-ညက်ညောသည်လည်း ဟုတ်၏၊ ဥက္ကော စ-ပူသည်လည်း ဟုတ်၏၊ ဣတိ သိန္နုက္ကော၊ မာသော-ပဲကြီးတည်း၊ သော-ထိုသူသည်၊ ခဉ္ဇော စ-ခွင်လည်းခွင်၏၊ ခုဇ္ဇော စ-ကုန်းလည်းကုန်း၏၊ ဣတိ, ခဉ္ဇခုဇ္ဇော-မည်၏၊ ဧဝံ-တူ၊ အန္ဓဗဓိရော-ကန်းလည်း ကန်း နားလည်း ထိုင်းသူ၊ ကတာကတံ-ပြုအပ်ပြီး မပြုအပ်သေးသော ဝတ္ထု။ [အတော်များစွာ၊ ပြုပြီးဖြစ်၍ ပြီးလုနေသော အနည်းငယ် မပြုအပ်သေးဘဲ ကျန်သော ပန်းချီ ဆေးရေးမှု စသည်၊] ဆိဒ္ဒါဝဆိဒ္ဒံ-အပေါက်ကြီးလည်းရှိ အပေါက်ငယ်လည်း ရှိသော ဝတ္ထု၊ ဥစ္စာဝစံ-အမြင့်လည်းပါ အယုတ်လည်း ပါသော ကိစ္စ။ [အကောင်းလည်းပါ အဆိုးလည်းပါသော-ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး သော ကိစ္စ။] ဆိန္နဘိန္နံ-ဖြတ်လည်း ဖြတ်အပ် ခွဲလည်း ခွဲအပ်သော ဝတ္ထု၊ သိတ္တသမ္မဋ္ဌံ -ရေလည်း ဖြန်းအပ် တံမြက်လည်း လှည်းအပ်သော နေရာ။ [ရေဖြန်းပြီးမှ တံမြက်လှည်းအပ်သော နေရာ။] ဂတပစ္စာဂတံ-အသွားလည်း ဆောင်အပ် အပြန်လည်း ဆောင်အပ်သော ကမ္မဋ္ဌာန်း။ [ဂတဉ္စ တံ ပစ္စာ-ဂတဉ္စ"ဟု ဝိဂ္ဂြိုဟ် ပြု။]

---

မည်၏ဟု ဆိုခဲ့ပြီ၊ တပ္ပုရိသ် သမာသ်၌ကား နောက်ပုဒ် အနက်သာ ပြဓာန်းရိုးတည်း၊ ထို့ကြောင့် "သာရိပုတ္တတ္ထေရော" စသော သမာသ်သည် အဘယ်မှာ "ဥဘော တပ္ပုရိသာ" သုတ်အရ တပ္ပုရိသ်မည်နိုင်အံ့နည်းဟု မေးဘွယ်ရှိ၏၊ အဖြေကား-- အမာဒိ တပ္ပုရိသ်၌ "အစ္စန္တံ" စသော ရှေ့ပုဒ် အနက် ပြဓာန်းသော ပုဒ်များကိုပင် တပ္ပုရိသ် အဖြစ်ဖြင့် သီးခြား ပြသကဲ့သို့, ဤ သာရိပုတ္တတ္ထေရော စသည်တို့လည်း နောက်ပုဒ်အနက် မပြဓာန်းသဖြင့် မုချ တပ္ပုရိသ်အမည် မရနိုင်စေကာမူ မဟာ ပုရိသော စသော တပ္ပုရိသ်များနှင့် (ရှေ့ပုဒ်နောက်ပုဒ်ဝယ် ပဌမာ ကျေခြင်းအားဖြင့်) တူသောကြောင့် သဒိသူပစာ တပ္ပုရိသ် အမည်ကား ရနိုင်ပေသည်သာ။ [နောက် ဝိသေသနော ဘယ ပဒ ကမ္မဓာရည်းများလည်း ဤနည်းအတိုင်း တပ္ပုရိသ် အမည် ရကြပုံကို သိပါ။]

**ဝိသေသနောဘယပဒ**။ ။ဝိသေသန ၂-ပုဒ်ရှိသော (၂-ပုဒ်လုံး ဝိသေသနချည်း ဖြစ်သော) ကမ္မဓာရယ်တည်း၊ ဘောဇဉ်တမျိုးသည် အလိုရှိသလောက် မပူဘဲ နွေးနွေးအေးအေး ထိုဘောဇဉ်ကို "သီတုဏှ=နွေးနွေး အေး တော်တော် ပူသော ဘောဇဉ်"ဟု ခေါ်၏၊ ဤ၌ သီတ ဥဏှ ၂-ပုဒ်လုံးပင် ဘောဇဉ်ကို အထူးပြုသော ဝိသေသနချည်း ဖြစ်၏၊ ထို ၂-ပုဒ်လုံးအရ ဘောဇဉ်ကိုချည်း ရသောကြောင့် တုလျာဓိကရဏလည်း ဖြစ်ကြ၏၊ ထို့ကြောင့် ဝိသေသနော ဘယပဒ ကမ္မဓာရယ် ဖြစ်ကြရသည်၊ မုဒ္ဓဗောဓ ဋီကာ၌ကား

www.dhammaransi.com



ဥပမာနုတ္တရပဒေ-၌၊ အဘိဓာနာ နုရောဓတော-ပြယုဂ် အားလျော်သော အားဖြင့်၊ ဥပမာနဘူတံ-ဥပမာဖြစ်၍ ဖြစ်သော၊ ဝိသေသနံ-ဝိသေသနပုဒ်သည်၊ ဖရံ-နောက်၌၊ ဘဝတိ-၏၊ ယထာ-ကား၊ သီဟောဝိယ-ခြင်္သေ့နှင့် တူတော်မူ၏၊ ဣတိ-ကြောင့်၊ သီဟော-သီဟ မည်တော်မူ၏၊ မုနိစ-ဘုရားရှင်လည်း ဟုတ်၏၊ သော-သည်၊ သီဟောစ-ခြင်္သေ့နှင့် တူတော်မူသည်လည်း ဟုတ်၏၊ ဣတိ, မုနိသီဟော-၏၊ဧဝံ-တူ၊ မုနိဝသဘော-ဥသဘနှင့် တူတော်မူသောဘုရား၊ မုနိပုင်္ဂဝေါ-နွားလားနှင့် တူတော်မူသောဘုရား၊ ဗုဒ္ဓနာဂေါ-ဆင်ပြောင်နှင့် တူတော်မူသောဘုရား၊ ဗုဒ္ဓါဒိစ္စော(ဗုဒ္ဓ အာဒိစ္စော)-နေမင်းနှင့် တူတော်မူသော ဘုရား၊ ရံသိဝိယ-အရောင်နှင့်တူတော်မူ၏၊ ဣတိ,ရံသိ-မည်၏၊ သဒ္ဓမ္မောစ-သူတော်ကောင်းတရားလည်း ဟုတ်၏၊ သော,ရံသိစ-အရောင်နှင့် တူသည်လည်း ဟုတ်၏၊ ဣတိ, သဒ္ဓမ္မရံသိ-၏၊ ဧဝံ-ဝိနယသာဂရော-သမုဒြာနှင့် တူသော ဝိနည်း၊ ပုဏ္ဍရီကမိဝ-ကြာပုဏ္ဍရိက်နှင့်တူ၏၊ ဣတိ,ပုဏ္ဍရိကော-၏၊ သမဏော စ-ရဟန်းလည်း ဟုတ်၏၊ သော,ပုဏ္ဍရိကောစ-ကြာပုဏ္ဍရိကနှင့် တူသည်လည်း ဟုတ်၏၊ ဣတိ,သမဏပုဏ္ဍရိကော-၏၊ သမဏပဒုမော-ပဒုမ္မာကြာနှင့် တူသော ရဟန်း၊ စန္ဒောဝိယ-လနှင့်တူ၏၊ ဣတိ,စန္ဒော၊ မုခဥ္စ-မျက်နှာလည်းဟုတ်၏၊ တံ,စန္ဒောစ-လနှင့်တူသည်လည်း ဟုတ်၏၊ ဣတိ,မုခစန္ဒော-၏၊ မုခပဒုမံ-ပဒုမ္မာ ကြာနှင့် တူသောမျက်နှာ၊ ဣစ္စာဒိ-တည်း။

---

“ဝိသေသန+ဝိသေသျ”ဟူသည် ဝဒန္တ ပုဂ္ဂိုလ်၏ ဆိုလိုသလို ဖြစ်နိုင် သောကြောင့် တပုဒ်ကို ဝိသေသျ အဖြစ်ဖြင့် ဆိုလိုလျှင် နောက်တပုဒ်သည် ဝိသေသျပင် ဖြစ်နိုင်၏-ဟု ဆို၏၊ ထို အလိုအားဖြင့် ဝိသေသနောဘယပဒ ကမ္မဓာရဲ မရှိတော့ပြီ၊ သီတုဏှံ၌ သီတ သည် ဝိသေသန, ဥဏှသည် ဝိသေသျ တည်း၊ “နဲနဲ သော ပူသောအစာ”ဟူလို၊ ထို့အတူ နောက်နောက် “သိနိဒ္ဓုဏှော”စသည်၌လည်း မှတ်။

ဥပမာနုတ္တရပဒ။ ။“ဥပမာနံ ဥတ္တရံ ပဒံ ယဿ”ဥပမာနပုဒ် နောက်ရှိသော ကမ္မဓာရဲ တည်း၊ ဤ၌ ဥပမာနပုဒ်များသည် ပြောရိုးဆိုစဉ် အားလျော်စွာ နောက်နေကြရသည်၊ [မုနိသီဟော၌ သီဟ သဒ္ဒါသည် ဥပမာနတဒ္ဓိတ်ပုဒ် ဖြစ်ကြောင်းကို ပြလို၍ “သီဟောဝိယာတိ သီဟော”ဟု တဒ္ဓိတ်ဝိဂ္ဂြိုဟ်သွင်းပြယားသည်၊“ရံသိ ဝိယာတိ ရံသိ-ပုဏ္ဍရိကမိဝါတိ ပုဏ္ဍရိကော-စန္ဒောဝိယာတိ စန္ဒော”တို့လည်း နည်းတူ၊ ထို့ကြောင့် သမာသ် ရုပ်တွက်ရာ၌ ထို ဝိဂ္ဂြိုဟ် ထို ပုဒ်များကို အသုံးပြုဘွယ်မလို။ [“အဘိဓာနာ နုရောဓတော”၌ အဘိဓာန၏ အနက်ကို နောက် ဒုတိယာ တပ္ပုရိသ်ခဏ်း၌ ပြအံ့။],

www.dhammaransi.com



သမ္ဘာဝနာပုဗ္ဗပဒေါ ယထာ၊ ဓမ္မော ဣတိ-တရားဟု ဖြစ်သော၊ ဗုဒ္ဓိ-အသိဉာဏ်တည်း၊ ဓမ္မဗုဒ္ဓိ-ဓမ္မဟု ဖြစ်သော အသိဉာဏ်၊ ဧဝံ၊ ဓမ္မသညာ-တရားဟု ဖြစ်သော သညာ၊ ဓမ္မသင်္ခါတော-တရားဟု ဆိုအပ်၏၊ ဓမ္မသမ္မတော-တရားဟု သမုတ်အပ်၏၊ ပါဏသညိတာ-သတ္တဝါဟု အမှတ်ရှိသူ၏ အဖြစ်၊ အသုဘသညာ-အသုဘ ဖြစ်သော သညာ၊ အနိစ္စသညာ-အနိစ္စဟု ဖြစ်သော သညာ၊ အနတ္တသညာ အနတ္တဟု ဖြစ်သောသညာ၊ ဓာတုသညာ-ဓာတ်ဟု ဖြစ်သော သညာ၊ ဓီတုသညာ-သမီးဟု ဖြစ်သောသညာ၊ အတ္တသညာ-အတ္တ ဟု ဖြစ်သော သညာ၊ အတ္ထိသညာ-ရှိ၏ဟု ဖြစ်သော သညာ၊ အတ္တဒိဋ္ဌိ-အတ္တ ဟု ဖြစ်သောအယူ၊ ဣစ္စာဒိ။

---

**ဥပမာန ပုဗ္ဗပဒ ကမ္မဓာရဲ။** ။သတ္တိ ဝ-ဓားနှင့်တူ၏၊ဣတိ,သတ္တိ-မည်၏၊ သတ္တိစ-ဓားနှင့် တူသူလည်း ဟုတ်၏၊ သာ-သည်၊ သာမာစ-ရွှေအဆင်းရှိသော မိန်းမလည်း ဟုတ်၏၊ ဣတိ, သတ္တိသာမာ-မည်၏၊ ဤ၌ ဥပမာန ဖြစ်သော ဝိသေသန ပုဒ်သည် ရှေ့၌ ဖြစ်၏၊ ထို့ကြောင့် ကလာပ် ဝုတ္တိ၌ "ကွစိ ဥပမာနဘူတံ ဝိသေသနံ-သတ္တိဝ သာမာ သတ္တိသာမာ"ဟု မိန့်ပြီ။

**သမ္ဘာဝနာ ပုဗ္ဗပဒ ကမ္မဓာရဲ။** ။["သမ္ဘာဝနာဒိပကံ-သမ္ဘာဝနာ အနက်ကို ပြတတ်သော၊ ဣတိသဒ္ဒသဟိတံ-ဣတိသဒ္ဒါနှင့် တကွ ဖြစ်သော၊ပုဗ္ဗပဒံ ယဿ အတ္ထိတိ သမ္ဘာဝနာ ပုဗ္ဗပဒေါ"ဋီကာ။] ဤ၌ သမ္ဘာဝနာအနက် ဟူသည် ချီပင့် မြှောက်မြှင့်ခြင်း အနက်တည်း၊ "ချီးမွမ်း"ဟုလည်း ခေါ်ကြ၏၊သို့သော်"တော်ပါပေ့သည်"စသော ချီးမွမ်းခြင်းမျိုးကား မဟုတ်, အထက် မြင့်အောင်ချီပင့်မြှောက်မြှင့်ခြင်းသာ၊ ထိုသမ္ဘာဝနာ အနက်ကို "ဣတိ"သဒ္ဒါက ပြ၏၊ ထိုဣတိသဒ္ဒါနှင့်တကွ ဖြစ်သော"ဓမ္မော ဣတိ" ပုဒ်မျိုးကို ဤနေရာ၌ "သမ္ဘာဝနာပုဒ်"ဟု ခေါ်သည်၊ "ဓမ္မော ဣတိ+ဗုဒ္ဓိ"၌ ဓမ္မော အရ တရားရ၏၊ ဗုဒ္ဓိ အရကား အသိဉာဏ်ရ၏၊ ဤသို့ ဓမ္မနှင့် ဗုဒ္ဓိတို့ အနက်အရချင်း မတူကြ၍ တုလျာဓိကရဏ မဖြစ်သောကြောင့် ဓမ္မ အနက်က ဗုဒ္ဓိအနက်ကို မမှီဘဲ နိမ့်ကျသကဲ့သို့ ရှိနေ၏၊ ထိုသို့ ဖြစ်ရာ၌ ဣတိသဒ္ဒါက ဓမ္မအနက်ကို မြှောက်ပင့်ပေးလိုက်မှ ဗုဒ္ဓိနှင့် အနက်ချင်း ညီညွှတ်၍ တုလျာဓိကရဏ ဖြစ်ကာ ကမ္မဓာရဲသမာသ်အရာ ရောက်သည်။

မှန်၏—"ဓမ္မောဣတိ-တရားဟုဖြစ်သော"ဟု ဆိုလျှင် "တရား" မရ,တရားကို အာရုံပြုသော အသိဉာဏ် ရသဖြင့် ဗုဒ္ဓိနှင့် အရတူကြတော့သည်၊ ဓမ္မသညာ စသည်၌ နည်းတူ၊ ရုပ်တွက်ရာ၌လည်း "ဓမ္မ+ဣတိ+ဗုဒ္ဓိ"တည်, သိ ၃-လုံးသက်, ၂-လုံးချေ, ဆိုင်ရာ သမာသ်စီရင်၊ "ဓမ္မ+ဣတိ+ဗုဒ္ဓိ"ဟု ပကတိပြု၊ "ဝုတ္တတ္ထာနမပ္ပယောဂေါ" ပရိဘာသာဖြင့် ဣတိကိုချေ, နာမ်ဝိဘတ် စသည်၊ နောက်၌ "ဓမ္မော ဣတိ+သင်္ခါတော, ဓမ္မောဣတိ+သမ္မတော"ဟု ပြု၊ ပါဏသညိတာ၌ "ပါဏောဣတိ+သညာ ပါဏသညာ"ဤမျှသာ ကမ္မဓာရဲသမာသ်တည်း၊ ထို့နောက် "ပါဏသညာ ယဿ အတ္ထီတိ ပါဏသညီ (အဿတ္ထိတဒ္ဓိတ်), ပါဏသညိနော+ဘာဝေါ, ပါဏသညိတာ (ဘာဝ

www.dhammaransi.com



အဝဓာရဏ ပုဗ္ဗပဒေါ ယထာ၊ ဂုဏောဝေ-ဂုဏ်သည်သာ၊ ဓနံ-ဥစ္စာတည်း၊ ဂုဏဓနံ-ဂုဏ်သည်သာ ဥစ္စာ၊ ဧဝံ သဒ္ဓါဓနံ-သဒ္ဓါသည်သာ ဥစ္စာ၊ သီလဓနံ ပညာဓနံ၊ စက္ခုဝေ-စက္ခုသည်သာ၊ ဣန္ဒြိယံ-ဣန္ဒြေတည်း၊ စက္ခုန္ဒြိယံ-စက္ခု

---

တဒ္ဓိတ်) တို့သာတည်း၊ နောက်၌ "အသုဘံ ဇာတိ သညာ"စသည်ဖြင့် ဝိဂ္ဂြိုဟ် ပြု၊ ဤသို့လျှင် ဇာတိသဒ္ဒါကျေရာ၌သာ သမ္ဘာဝနာ ကမ္မဓာရဲဟု ရူပသိဒ္ဓိစာကိုယ်နှင့် ဋီကာတို့ မိန့်ကြသည်။

**ရှေးဆရာတို့ဝါဒ**။ ။မြန်မာဆရာတော်တို့ကမူ—"ဟုတွာ သမ္ဘာဝိတ, ဘူတ တဗ္ဗေ, ဝေ-ဇာတိ,သဒ္ဒါရှိက, မှတ်သိ ကမ္မဓာရယာ, ၉-ပါးမှာ, သမ္ဘာဝနာပေ"ဟု ၎င်း.... "ဘူတပုဒ်သာ, ရှိလေရာ, ဟုတွာပုဒ် ကျေမြဲတည်း,.... ဟုတွာ ကျေ, ထိုပုဒ်ပေ, သမ္ဘာဝနာ နေမြဲတည်း"ဟု၎င်း မိန့်တော်မူကြသည်၊ထိုဆရာတို့အလို"ဟေတု ဟုတွာ ပစ္စယော ဟေတုပစ္စယော, အလောဘ သမ္ဘာဝိတံ ကုသလမူလံ အလောဘကုသလမူလံ, ဉာဏာဘူတံ ဒဿနံ ဉာဏဒဿနံ, ရူပမေဝ အာယတနံ ရူပါယတနံ"တို့သည်၎င်း "စက္ခု ဟုတွာ ဘူတော စက္ခုဘူတော"သည်၎င်းသမ္ဘာဝနာ ကမ္မဓာရည်းသမာသ်ဟု ဆိုလိုသတတ်၊ သို့သော် သမ္ဘာဝနာ ဟူသည် အနက်အရ မတူရာဝယ် မြှောက် မြှင့်ပေးမှုသာ သမ္ဘာဝနာ သဘော သက်၏၊ ဟေတုပစ္စယော၌ကား ဟေတုနှင့် ပစ္စယော သည် နဂိုရ်ကပင် အရတူ လျက်ရှိ၍၊ အလောဘနှင့် အကုသလ—ဉာဏနှင့် ဒဿန တို့လည်း အရတူလျက်ပင်၊ ထို့ကြောင့် ထိုသမာသ်တို့သည် ရိုးရိုး ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရဲတို့သာ ဖြစ်သင့်၏ ဟု ထင်သည်။

**စဉ်းစားဘွယ်**။ ။ဟေတု ဟုတွာ၌ ဟုတွာ ထည့်ရသည်မှာ ဟေတု အရ ဟိတ် ၆-ပါး၏ သတ္တိကို ယူစေလို၍ ထည့်ခြင်းဖြစ်၏၊ ထိုဟုတွာကို ဝုတ္တတ္ထာန မပ္ပယောဂေါဖြင့် ချေပစ်ရမည်၊ အလောဘ သမ္ဘာဝိတံ၌ အလောဘသဒ္ဒါက ပုလ္လိန်-ကုသလမူလ သဒ္ဒါက နပုလ္လိန် ဖြစ်၍ လိန် မတူသောကြောင့် သမ္ဘာဝိတ သဒ္ဒါ ကူရသည်၊ "အလောဘောစ သော ကုသလမူလဉ္စ"ဟုလည်း ဝိဂ္ဂြိုဟ်ပြုနိုင်သည်သာ၊ ဉာဏာဘူတံ၌ကား ဒဿန အရ မျက်စိ အမြင်မျိုးကို တားမြစ်လို၍ "ဉာဏာဘူတ"ဟု လေးနက်အောင် ဆိုခြင်းဖြစ်သည်။ [ "ဉာဏ်ဖြစ်၍ ဖြစ်သော အမြင်"ဟူလို။ ] ဤသို့လျှင် "ဟုတွာ"စသည် ထည့်၍ ဝိဂ္ဂြိုဟ် ပြုရာ၌ မြှောက်မြှင့်ရသော သမ္ဘာဝနာ သဘော မပါဘဲ နဂိုရ်အတိုင်း အရတူနေသော ကြောင့် ဟုတွာ စသည် ပါရာ၌ သမ္ဘာဝနာ ကမ္မဓာရဲဆိုသော ဒွေးဝါဒကို စဉ်းစားကြ ပါကုန်၊ ရုပ်တွက်ရာ၌ "အလောဘသမ္ဘာဝိတ"ဝယ် သမ္ဘာဝိတပုဒ်, "ဉာဏာဘူတ"ဝယ် ဘူတပုဒ် တို့ကို ဝုတ္တတ္ထာန မပ္ပယောဂေါ အရ ချေ။

**အဝဓာရဏပုဗ္ဗပဒ**။ ။အဝဓာရဏသဒ္ဒါသည် "ဤမျှသာ အတိုင်းအရှည်ရှိ၏"ဟု ပိုင်းခြားခြင်း ပရိစ္ဆေဒ အနက်, "ဤဟာသာ, ဟိုဟာမဟုတ်"ဟု ပိုင်းခြား သတ်မှတ် ဆုံးဖြတ်ခြင်းအနက်၌ ဖြစ်၏-ဟု ထောမနိဓိ အဘိဓာန်ဆို၏၊ ထို အဝဓာရဏ အနက်ကို ဧဝသဒ္ဒါက ပြနိုင်၏၊ ထို့ကြောင့် အဝဓာရဏအနက်ဟော ဧဝသဒ္ဒါနှင့်တကွ ဖြစ်သော "ဂုဏောဝေ" စသောပုဒ်ကို (သဟစရဏနည်းအားဖြင့်) "အဝဓာရဏပုဒ်"ဟု ခေါ်၏၊

www.dhammaransi.com



သည်သာ ဣန္ဒြေ၊ ဝေံ,စက္ခွာယတနံ, စက္ခုဓာတု, စက္ခုဒွါရံ၊ ရူပါရမ္မဏံ-အဆင်း သည်သာ အာရုံ၊ ဣစ္စာဒိ-တည်း၊ [ဤ၌ "သာ"ဟု အနက်သည် ဋီကာဖွင့် အတိုင်းတည်း၊ ဤဘာသာဋီကာ၌ အလိုမှာ "စက္ခုဝေ" စသည်၌ "ပင်"ဟု ပေး၍ "ဂုဏောဝေ"စသည်၌ "သာ"ဟု ပေးစေလိုသည်။]

---

ထိုအဝဓာရဏပုဒ် ရှေ့ရှိသော ကမ္မဓာရဲသည် အဝဓာရဏ ပုဗ္ဗပဒ ကမ္မဓာရဲမည်၏။ [အဝဓာရိယ မာနတ္ထဒီပကံ ("ဂုဏ်သာ, အခြားဟာ မဟုတ်"စသည်ဖြင့် ပိုင်းခြား သတ်မှတ် ဆုံးဖြတ်အပ်သော အနက်ကို ပြတတ်သော) ဝေသဒ္ဒသဟိတံ ပုဗ္ဗပဒံ အဿာဝဓိ အဝဓာရဏ ပုဗ္ဗပဒေါ(ဋီကာ)။]

"ဂုဏောဝေဓနံ"၌ ဂုဏ်၏ အရှင်ဖြစ်သူ ဘဝပြောင်းသွားသော်လည်း ဂုဏ်မှာ မပျက်စီးဘဲ ကျန်ရစ်သောကြောင့် "ဂုဏ်သာ ဥစ္စာအစစ် ဖြစ်၏, ဂုဏ်မှတပါး ရွှေ ငွေ စသော ရိုးရာဥစ္စာများကား သူတပါး ခံစားရစ်မည်ဖြစ်၍ ကိုယ့်ဥစ္စာအစစ်မဟုတ်-ဟူလို၊ ဤသို့ ဝေသဒ္ဒါဖြင့် "ဂုဏ်သာ ဥစ္စာ, ရွှေ ငွေ စသည်ကား ဥစ္စာ မဟုတ်-ဟု ပိုင်းခြား သတ်မှတ် ဆုံးဖြတ်သည်၊ "သဒ္ဓါဝေဓနံ"၌လည်း သဒ္ဓါသာ ဥစ္စာအစစ်, သဒ္ဓါဥစ္စာသာ အခြား ကုသိုလ်များကို တိုးပွားစေနိုင်သည်၊ ရွှေငွေ စသည်ကား ဥစ္စာမဟုတ်-ဟု ပိုင်းခြား၏၊ "သီလံဝေ+ဓနံ, ပညာဝေ+ဓနံ"တို့၌လည်း နည်းတူ၊ "စက္ခုဝေ+ဣန္ဒြိယံ"၌လည်း စက္ခုပသာဒသာ ဣန္ဒြေဖြစ်သည်, အတ္တဇီဝ စသည်ကား ဣန္ဒြေမဟုတ်-ဟုပိုင်းခြား၏၊ "စက္ခုဝေ+အာယတနံ-ဓာတု-ဒွါရံ"တို့၌ရင်း "ရူပမေဝ+အာရမ္မဏံ" ၌ရင်း နည်းတူ၊ ဤကား ရူပသိဒ္ဓိ ဓာကိုယ်ဋီကာနှင့် အခြားကျမ်းများ၏ အာဘော်ကျ အဓိပ္ပါယ်တည်း။ [ရုပ်တွက်ရာ၌ "ဂုဏ+ဝေ+ဓန"တည်,သိ ၃-လုံးသက်, ဝေနောင် သိချေ စသည်ဖြင့် သမ္ဘာဝနာ-ကမ္မဓာရဲနည်းကဲ့သို့ တွက်လေ။]

ယခုခေတ်ပြောရိုး။ ။အဝဓာရဏ အနက်သည် သန္နိဋ္ဌာနာဝဓာရဏ အနက်-နိဝတ္တာပနာဝ ဓာရဏ အနက်ဟု ၂=မျိုးရှိ၏၊ ထိုတွင် အခြားအနက်ကို တားမြစ်ဘွယ် မရှိရာ၌ရင်း, တားမြစ်ဘွယ် ရှိစေကာမူ ဝဒန္တ ပုဂ္ဂိုလ်က တားမြစ်လိုခြင်း မရှိရာ၌ရင်း, မိမိ အနက်ကိုသာ ခိုင်မြဲအောင် ဆုံးဖြတ်သော အဝဓာရဏသည် သန္နိဋ္ဌာနာဝဓာရဏ မည်၏။ [သန္နိဋ္ဌာန—ပိုင်းခြား သတ်မှတ် ဆုံးဖြတ်တတ်သော+အဝဓာရဏ။] အခြား အနက်ကိုတားမြစ်တတ်သော အဝဓာရဏသည်နိဝတ္တာပနာဝဓာရဏမည်၏။ [နိဝတ္တာပန=အခြားအနက်ကို နစ်စေသော (တားမြစ်သော) +အဝဓာရဏ။] "ရူပမေဝ+အာယတနံ ရူပါယတနံ"၌ ဝေဖြင့် "အဆင်းသာ+အာယတန မည်သည်, အဆင်းမှ တပါး အသံ စသည်တို့ အာယတန မမည်"ဟု တားမြစ်၍ မဖြစ်၊ အသံ စသည်လည်း အာယတန မည်သည်သာ၊ ထို့ကြောင့် ဤဝေသည် အဆင်း၏ အာယတနမည်ကြောင်း ခိုင်မြဲစေသော သန္နိဋ္ဌာနာဝဓာရဏတည်း၊ အနက်ပေးရာ၌ "ရူပမေဝ—အဆင်းသည် ပင်လျှင်"ဟု ဝေ အတွက် (ပင်-ပင်လျှင်) ဟု အနက်ထွက်စေရမည်၊ ဂုဏောဝေ ၌ကား "ဂုဏ်သာ ဥစ္စာ—ရွှေငွေ သည်ကား ဥစ္စာ အစစ် မဟုတ်"ဟု တားမြစ်သောကြောင့်

www.dhammaransi.com



(၃၄၃) န နိပါတပုဗ္ဗပဒေါ-သည်၊ ယထာ-နည်း၊ ဗြာဟ္မဏော-ပုဏ္ဏားစစ်သည်၊ န-မဟုတ်၊ ဇာတိအတွေ-၌၊ ကမ္မဓာရယသမာသေ-ကိုရင်း၊ ဝိဘတ္တိလောပ ဒိုမှိစ-ကိုရင်း၊ ကတေ-သော်၊ ဥဘောတပ္ပုရိသာတိ-သုတ်ဖြင့်၊ တပ္ပုရိသသညာ-တပ္ပုရိသ်အမည်သည်၊ ဟောတိ။

**အတ္တံ နဿ တပ္ပုရိသေ။** ။တပ္ပုရိသေ-၌၊ ပရေ-သော၊ ဥတ္တရပဒေ-နောက်ပုဒ်ကြောင့်၊ သမ္ဗန္ဓော-သော၊ နဿနိပါတပဒဿ-န နိပါတ်ပုဒ်၏၊ အတ္တံ ဟောတိ၊ တပ္ပုရိသေကဒေသတ္တာ-တပ္ပုရိသ် တစိတ်၏ အဖြစ်ကြောင်၊ တပ္ပုရိသော-တပ္ပုရိသ်မည်၏၊ အဗြာဟ္မဏော-ပုဏ္ဏားစစ် မဟုတ်။

---

နိဝတ္တာပနာဝဓာရဏတည်း၊ အနက်ပေးရာ၌ "ဂုဏောဝ-ဂုဏ်သည်သာလျှင်"ဟု ဧဝ အတွက် (သာ—သာလျှင်)ဟု အနက် ထွက်စေရမည်၊ ထိုတွင် သန္နိဋ္ဌာနာဝ ဓာရဏသည် သမ္ဘာဝနာ ကမ္မဓာရ၌ ဝင်ခဲ့၏၊ နိဝတ္တာပနာဝဓာရဏသာ အဝဓာရဏ ကမ္မဓာရ၌ ဝင်သည်-ဟု ပြောဆိုရိုး ရှိကြသည်။

**မှတ်ချက်။** ။ထို ပြောဆိုရိုးစကား၌"ရူပမေဝ အာယတနံ"စသော သန္နိဋ္ဌာနာဝဓာရဏတို့ သမ္ဘာဝနာ ကမ္မဓာရ၌ ဝင်သည်-ဟူသော စကားသည် ရူပသိဒ္ဓိနှင့်မညီ၊ ဘာကြောင့်နည်း ရူပမေဝနှင့် အလားတူ"စက္ခုဝေ ဣန္ဒြိယံ စက္ခုန္ဒြိယံ"စသည်တို့ကို အဝဓာရဏ ကမ္မဓာရဲဟု ဆိုထားသောကြောင့်ရင်း ဧဝ သဒ္ဒါ၏ အနက် ရှိပါလျက် သမ္ဘာဝနာ ဆိုခြင်း၏ အလျဉ်း မသင့်နိုင်သောကြောင့်ရင်း တည်း၊ ထို့ပြင် စက္ခုမေဝ၌ ဧဝဖြင့် အတ္တဗီဇကို တားမြစ်သည်-ဟု ဋီကာဖွင့်၏၊ သို့ဖြစ်လျှင် ရူပမေဝ၌ ဧဝလည်း အတ္တဗီဇကိုပင် တားမြစ်သည်-ဟု ဆိုရလိမ့်မည်၊ သို့သော် ထိုပုဒ်များနှင့် အလားတူ "ဓမ္မာဝေ အာရမ္မဏံ"၌ ဧဝဖြင့် အတ္တဗီဇကို မတားမြစ်နိုင်—အတ္တဗီဇတို့သည်း ဓမ္မာရုံပင် ဖြစ်သောကြောင့် ဋီကာ ဖွင့်ပုံကို သင်ခြင်းဆိုက်၏၊ အချုပ်မှာ—ဧဝ သဒ္ဒါဖြင့် ဝိဂြိုဟ်ပြုရသမျှကို အဝဓာရဏ ကမ္မဓာရဲဟုချည်း ဆိုသင့်၏၊ ထိုတွင် အခြားအနက်ကို တားမြစ်စရာလည်း မရှိ—တားလည်း မတားလိုလျှင် သန္နိဋ္ဌာနာဝ ဓာရဏတည်း၊ အနက်ကို"ပင်—ပင်လျှင်"ဟု ပေး၊ တားမြစ်စရာရှိ၍တားသည်း တားလိုလျှင် နိဝတ္တာပနာဝဓာရဏတည်း၊"သာ-သာလျှင်"ဟုအနက်ပေးရမည်-ဟု (များသောအားဖြင့်) မှတ်၊ သန္နိဋ္ဌာနာဝဓာရဏ အနက်မှာပင်"သာ—သာလျှင်"ဟု ပေးမှ ချောမောသော အချို့အရာလည်း ရှိ၏၊ ထိုအရာဝယ် "သာ—သာလျှင်"ဟု ပေးသော်လည်း အခြား အနက်ကို ကန့်ကွက်လိုခြင်းမရှိဟု မှတ်။ [ဂဟေတဗ္ဗတ္တ စသော ၃-မျိုးကို နာမ် နိပါတ် ခဏ်း၌ ပြခဲ့ပြီ၊]

(၃၄၃) တပ္ပုရိသေကဒေသတ္တာ တပ္ပုရိသော—တပ္ပုရိသ်သည်(နောက်၌ ပြမည့်) အမာဒိ တပ္ပုရိသ် ခေါ် သုဒ္ဓ တပ္ပုရိသ် ၌ ကမ္မဓာရဲနှင့် ရောသော မိဿက တပ္ပုရိသ်ဟု ၂-မျိုးရှိ၏၊ "တပ္ပုရိသ"ဟူသော နာမည်သည် ထို ၂-မျိုးလုံး၏ နာမည်

www.dhammaransi.com



သတော– ထင်ရှားရှိသော ဝတ္ထုကို၊ ဒေသာဒိနိယမံ– ဒေသ အစရှိသော အမှတ်အသားကို၊ ဝိနာ–ကြဉ်၍၊ နိသေဓော–တားမြစ်ခြင်းသည်၊ နယုတ္တော– မသင့်၊ အသတော–ထင်ရှားမရှိသော ဝတ္ထုကို၊ နိသေဓောစ–တားမြစ်ခြင်း သည်လည်း၊ အဖလော - အကျိုးမရှိ၊ တသ္မာ – ထို့ကြောင့်၊ အဗြာဟ္မ– ဏောတိ–အဗြာဟ္မဏောဟူ၍၊ (သမာသော–သမာသ်သည်၊) ကထံ–အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ဣတိစေ–ဤသို့ စောဒနာငြားအံ့။

နိသေဓတ္ထာနုဝါဒေန–တားမြစ်ထိုက်သော အနက်ကို အတုလိုက်၍ ပြောဆို ခြင်းကြောင့်၊ ကွစိ–အချို့အရာ၌၊ ပဋိသေဓဝိဓိ-(န)ဟူသော ပဋိသေဓ အစီအရင်သည်၊ ပရဿ–ပြောဆိုနေသူ အခြားလူ၏၊ မိစ္ဆာဉာဏတ္တာချာပနာယ– မှားယွင်းသော အသိဉာဏ်၏ အဖြစ်ကို ထင်ရှားစေခြင်းငှါ၊ ဥပပဇ္ဇတေ– သင့်မြတ်၏။ (ဥပယုဇ္ဇတေလည်း ရှိ၏။)

---

တည်း၊ သို့သော် ဤ"အတ္တံ နယ တပ္ပုရိသေ"သုတ်လာ "တပ္ပုရိသ"အရကား ထို ၂-မျိုးလုံးကို မရ, မိဿကတပ္ပုရိသ် ဟူသော တပ္ပုရိသ် တစိတ်တပိုင်းကိုသာ ရ၏၊ "သမုဒ္ဒေါ မယာ ဒိဋ္ဌော–ငါ သမုဒြာကို မြင်အပ်ပြီ"ဟူရာ၌ သမုဒြာ တစင်းလုံးကို ဆိုလိုသည် မဟုတ်၊ မိမိမြင်ခဲ့ရာ သမုဒြာ တစိတ်တပိုင်းကိုပင် "သမုဒ္ဒေါ" ဟု ဧကဒေသူပစာအားဖြင့် ပြောဆိုသကဲ့သို့တည်း။

**နနိသေဓော၊ပေ၊အဗြာဟ္မဏောတိစေ**––ဤဂါထာဖြင့်"န နိပါတ်နှင့် သမာသ် မစပ်သင့်"ဟု စောဒနာသည်၊ ထင်ရှားစေအံ့––ဝတ္ထုသည် အမှန်ရှိနေသော ဝတ္ထု, မရှိသော ဝတ္ထုဟု ၂-မျိုးရှိ၏၊ ရှိနေသော ဝတ္ထုကို (ဥပမာ–"သူခိုး"ဟူသော ဝတ္ထု ဖြစ်သည် လောက၌ အမှန်ရှိနေ၏၊ ထိုရှိနေသော ဝတ္ထုကို) တားမြစ်လိုရာဝယ် "ဣဓ စောရာနတ္ထိ–ဤအရပ်၌ ခိုးသူမရှိ"ဟု အရပ်ဒေသကိုသော်လည်း မှတ်သား၍ တားမြစ် ရ၏၊ သို့မဟုတ်–ဣဒါနိ စောရောနတ္ထိ–ဤအချိန်၌ ခိုးသူမရှိ"ဟု ကာလကိုသော်လည်း မှတ်သား၍တားမြစ်ရသည်၊သို့မဟုတ်"နာယံ စောရော-ဤလိုလူကား ခိုးသူမဟုတ်"ဟု သူ၏ သွားလာနေထိုင်ပြုလုပ်ပုံ အခြင်းအရာကိုသော်လည်း မှတ်သား၍တားမြစ်ရသည်၊ ဤသို့ ဒေသစသော (အာဒိဖြင့် ကာလ အာကာရကို ယူ) အမှတ်အသား မပါဘဲ ထင်ရှားရှိနေသော ခိုးသူကို"အစောရော–ခိုးသူ မဟုတ်"ဟု တားမြစ်ခြင်းသည် မသင့် သကဲ့သို့, တကယ် ပုဏ္ဏားအစစ် ဖြစ်နေသူကို "အဗြာဟ္မဏော–ပုဏ္ဏား မဟုတ်"ဟု တားမြစ်ခြင်းသည် မသင့်၊ လောက၌ ထင်ရှားမရှိသော "ယုန်ချို, လိပ်မွေး"စသည်ကို "ယုန်ချိုမဟုတ်"ဟု တားမြစ်ခြင်းမျိုးလည်း အကျိုးမရှိချေ၊ ထို့ကြောင့် န နှင့် ဗြာဟ္မ ဏောကို စပ်၍ "အဗြာဟ္မဏော"ဟူသော သမာသ်သည် အဘယ်မှာ ဖြစ်သင့်ပါတော့ အံ့နည်း "မဖြစ်သင့်တော့ပြီ"ဟူလို။

**နိသေဓတ္ထာ၊ပေ၊ပပဇ္ဇတေ**–– [နိသေဓတ္ထ–တားမြစ်ထိုက်သော အစစ် အမှန် အနက်ကို+အနုဝါဒေန-အတုလိုက်၍ ပြောနေခြင်းကြောင့် "ပဋိသေဓဝိဓိ"၌စပ်၊

www.dhammaransi.com



စ–ဆက်၊ အဿ–ထို န နိပါတ်၏၊ အတ္ထော–အနက်သည်၊ ပသဇ္ဇ၊ပေ၊ ဝသေန – ပသဇ္ဇ ပဋိသေဓ ပရိယုဒါသ ပဋိသေဓတို့၏ အပြားအားဖြင့်၊ ဒုဝိဓော–၏၊ တတ္ထ–ထို ၂–ပါးတို့တွင်၊ ယော–အကြင် န နိပါတ်သည်၊ အသူရိယပဿာ–နေကို မကြည့်ကုန်သော၊ ရာဇဒါရာ–မိဖုရားတို့၊ ဣတျာဒီသုဝိယ–ဤသို့ အစရှိသော ပြယုဂ်တို့၌ကဲ့သို့၊ ဥတ္တရပဒတ္ထဿ–နောက်ပုဒ် အနက်၏၊ သမ္ဗထာ–ခပ်သိမ်းသော အပြားအားဖြင့်၊ အဘာဝံ–မရှိခြင်းကို၊

---

ချာပန၌ ချာဓာတ် ဏာပေပစ္စည်း ယု ပစ္စည်း၊ချာဓာတ်သည် ဤနေရာ၌“ထင်ရှားခြင်း” “အနက်ဟောတည်း၊ “ချာပနာယော ပယုဇ္ဇတေ”ဟု မြန်မာမူရှိ၏၊ “ချာပနာယ+ ဥပယုဇ္ဇတေ”ဟု ပုဒ်ဖြတ်၊ ဋီကာတို့၌ “ယုဇ္ဇတိ”ပါ၍ တွေ့ရ၍ “ဥပယုဇ္ဇတေ”ဟု ပြင်ဟန်တူသည်၊ အမှန်မှာ—ဥပ ရှေ့ရှိသော ပဒဓာတ်ဖြင့် “ဥပပတ္တိတော”ကို “ယုတ္တိတော”ဖွင့်သကဲ့သို့ “ဥပပဇ္ဇတေ”ကိုလည်း “ယုဇ္ဇတိ”ဟု ဖွင့်ခြင်း ဖြစ်သည်၊ ထို့ကြောင့် “ချာပနာယောပပဇ္ဇတေ”ရှိသော သီဟိုဠ်မူသာ မူရင်းဖြစ်ရာ၏။] ဤဂါထာဖြင့် “န”ဟူသော ပဋိသေဓကို စီရင်သင့်ကြောင်း (န နိပါတ်နှင့် သမာသ် ဖြစ်သင့်ကြောင်း) ကို ဖြေသည်။

**ထိုဂါထာ၏ အဓိပ္ပါယ်ကား**—အတုအယောင်ကို (မသိသူက မိစ္ဆာဉာဏ်ဖြင့်) အစစ်အမှန် ထင်မှတ်၍ ပြောဆိုနေခြင်းကြောင့် သူ၏အသိလွဲနေကြောင်း ထင်ရှားစေဘို့ရာ “န”ဟူသော ပဋိသေဓကို စီရင်ခြင်းသည် သင့်မြတ်၏၊ ထို့ကြောင့်“အဗြာဟ္မဏော”ဟူသော သမာသ်လည်း သင့်မြတ်သည်သာ—ဟူလို၊ ချဲ့ဦးအံ့—စလွယ်ကြိုး စသည် ဆင်၍ ပုဏ္ဏားအသွင်ရှိသော ချစ်တီးကို မြင်ရာ၌ ချစ်တီးကို မသိဘူးဘဲ ပုဏ္ဏား ကိုသာ သိနေသူမှာ ထိုချစ်တီးကိုပင် ပုဏ္ဏား ဟု အထင်မှားနေ၏၊ (မိစ္ဆာဉာဏ် ဖြစ်နေသည်–ဟူလို)၊ ထိုမိစ္ဆာဉာဏ်အားလျော်စွာ “ဗြာဟ္မဏော–ဗြာဟ္မဏော” ဟုလည်း ပြောနေပြန်၏၊ [ထိုမိစ္ဆာဉာဏ်ဖြင့် ပြောအပ်သော ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားစစ်ကို မဟော-ပုဏ္ဏားတု ချစ်တီးကို ဟောသော သဒ္ဒါဖြစ်သည်ကို သတိပြုပါ၊] ဤနေရာ၌ ဗြာဟ္မဏ အစစ်ကား တားမြစ်ထိုက်သော (မဟုတ် ဟု တားမြစ်ရမည် ဖြစ်သော) အနက်တည်း၊ ဤသို့ တားမြစ်ထိုက်သော ဗြာဟ္မဏ အစစ်အမှန်ကို အတု လိုက်၍ “ဗြာဟ္မဏော ဗြာဟ္မဏော”ဟု ပြောနေခြင်းကြောင့် ထိုသူ၏ (အသိမှားနေ ကြောင်း ထင်ရှားစေဘို့ရာ“န+ဗြာဟ္မဏော= (သင်ထင်သလို) ပုဏ္ဏားအစစ်မဟုတ်” ဟု ပဋိသေဓကို စီရင်ခြင်း (နသဒ္ဒါဖြင့် တားမြစ်ခြင်း) သည် ဒေသစသော အမှတ် အသား မပါဘဲပင် လောက၌ ပြောရိုးဆိုစဉ် ဖြစ်သောကြောင့် သင့်လျော်သည်သာ၊ ထို့ကြောင့် “နသဒ္ဒါဖြင့် အဗြာဟ္မဏော ဟု သမာသ်ဖြစ်နိုင်သည်”ဟူလို။

**ဒုဝိဓော စဿ၊ပေ၊ဝသေန**—“န+ဗြာဟ္မဏော”နှင့် စပ်၍ ပဋိသေဓ ၂-မျိုး ရှိကြောင်းကို ပြလိုသောကြောင့် ဒုဝိဓော စသည်ကိုမိန့်၊ပသဇ္ဇ ပဋိသေဓ၌“ပသဇ္ဇ”ကို “ပတွာ”ဟု ဖွင့်၏၊ ပပုဗ္ဗ သဇဓာတ် တွာပစ္စည်းသည်“ရောက်၍”ဟူသော အနက်ကို ဟောသည်–ဟူလို၊ “ရောက်”ဟူသည် တားမြစ်အပ်သော အနက်နှင့်တူသော ဝတ္ထုကို

www.dhammaransi.com



ဒီပေတိ-ပြ၏၊ ဘော-ထို န နိပါတ်သည်၊ ပသဇ္ဇပဋိသေဓဝါစီ နာမ-ပသဇ္ဇ ပဋိသေဓကို ဟောသည် မည်၏၊ ပန-ကား၊ ယော-အကြင် န နိပါတ်သည်၊ အဗြာဟ္မဏံ-ပုဏ္ဏားမဟုတ်သူကို၊ အာယန-ခေါ်ခဲ့လော့၊ ဣတျာဒီသုပိယ-သို့၊ ဥတ္တရပဒတ္ထံ-ကို၊ ပရိယုဒသိတွာ-တားမြစ်၍၊ တံသဒိသေ-နောက်ပုဒ်အနက်နှင့်တူသော၊ ဝတ္ထုမှိ-ဝတ္ထု၌၊ ကာရိယံ-ပြုစီရင်ဘွယ်ကို၊ ပဋိပါဒယတိ-ပြီးစေ၏၊ သော-ထို န နိပါတ်သည်၊ ပရိယုဒါသဝါစီနာမ-ပရိယုဒါသကို ဟောသည် မည်၏၊ စ-သာဓကကား၊ ဝတ္ထုနတ္ထိတာ-ဝတ္ထု၏ မရှိသည်၏ အဖြစ်သည်၊

---

မငဲ့တော့ဘဲ တားမြစ်အပ်သော အနက်သို့ ထိထိမိမိ ပျောက်ခြင်းတည်း၊ ထိုသို့ ထိထိမိမိ ရောက်၍ တားမြစ်ခြင်းသည် ပသဇ္ဇ ပဋိသေဓ မည်၏၊ [ပသဇ္ဇ—တားမြစ်အပ်သော အနက်သို့ ထိရောက်၍+ပဋိသေဓော— တားမြစ်ခြင်းသည်၊ ဝါ—တားမြစ်တတ်သော န နိပါတ်သည်၊ ပသဇ္ဇ ပဋိသေဓော—မည်၏၊] ပရိယုဒါသ၌ ပရိ+ဥ+အသဓာတ်, ဏပစ္စည်း၊ ပရိကို "ပရိတုလိတံ-အလားတူဝတ္ထုကို" ဟုရင်း, ဥကို "ဥဂ္ဂယှ-မြှောက်ယူ၍" ဟုရင်း "အသနံခေပေါ-တားမြစ်ပစ်ပယ်ခြင်း" ဟုရင်း ဖွင့်၏၊ ထို့ကြောင့် အဗြာဟ္မဏော၌ ဗြာဟ္မဏောဟူသောနောက်ပုဒ်အရ ပုဏ္ဏားတုဟူသောအနက်ကိုမြှောက်ယူ၍ ထို နောက်ပုဒ်အနက်ကိုပင် တားမြစ်ခြင်းသည် (ဝါ-တားမြစ်သော နပဋိသေဓသည်) ပရိယုဒါသမည်၏၊ "ပရိတုလိတံ ဥဂ္ဂယှ (ဥတ္တရပဒတ္ထံ) အသနံ ပရိယုဒါသော" ဟု ဝိဂ္ဂြိုဟ်ပြု။ [အသဓာတ် ဖြစ်၍ "ပရိယုဒသိတွာ" ၌ ဝုတ္တိမပြုဘဲ ရှိရမည်။]

**တတ္ထယော၊ ပေ၊ ပသဇ္ဇပဋိသေဓဝါစီနာမ**— "သူရိယံ—နေကို၊ နပဿန္တိ—မကြည့်တတ်ကုန်၊ ဣတိ, အသူရိယပဿာ-ဝို့မည်၏။" ["ဒါရော ဇာယာ ကလတ္တဥ္စ" ဟု အဘိဓာန်၌ "ဒါရော" ဟု ပုလ္လိင်ရှိသောကြောင့် "ရာဇဒါရာ" ကို ဗဟုဝုစ်ဟု ယူဆ၍ "နပဿန္တိ" ဟု ဗဟုဝုစ်ဝိဂ္ဂြိုဟ် ဆိုလိုက်သည်၊ ဋီကာ၌ ဧကဝုစ်တွေ့ရ၏။] ဤ "အသူရိယပဿာ" ၌ န နိပါတ်သည် နောက် "ပဿာ" အရ မြင်ခြင်း ကြိယာသို့ ထိရောက်၍ မြင်ခြင်းကြိယာ၏မရှိခြင်းကိုတားမြစ်သောကြောင့် ပသဇ္ဇပဋိသေဓ မည်၏၊ အချုပ်မှာ-(အလားတူ ဝတ္ထုကို သွယ်ဝိုက်၍ တားမြစ်ခြင်း မဟုတ်ဘဲ) မသွယ် မဝိုက် တိုက်ရိုက် ထိမိစွာ တားမြစ်လျှင် ပသဇ္ဇပဋိသေဓ မည်၏၊ ထို့ကြောင့် "အကတွာ-မပြုမူ၍" စသည်ဖြင့် ပြုခြင်း ကြိယာကို တိုက်ရိုက် တားမြစ်ရာ၌ "ပသဇ္ဇပဋိသေဓ" ဟု ပြလတ့်။

**ယောပန၊ ပေ၊ ပရိယုဒါသဝါစီနာမ**— ["အဗြာဟ္မဏမာနယတျာဒီသု" ဟု သီဟိုဠ်မူနှင့်တကွ အခြားသဒ္ဒါကျမ်းများ၌လည်း ရှိသည်။] "အဗြာဟ္မဏ ခေါ်ခဲ့စမ်း" ဟု အထက်လူကြီးက စေခိုင်းသောစကားမျိုးဝယ် အဗြာဟ္မဏ၌ အ သဒ္ဒါသည် ဗြာဟ္မဏ မှုသော နောက်ပုဒ်၏ ပုဏ္ဏားစစ် ဟူသော အနက်ကို တားမြစ်၍ "ပုဏ္ဏားတု" ဟူသော အနက် (ချစ်တီးဟူသော ဝတ္ထု) ၌ ခေါ်ဆောင်ခြင်းကြိယာဟူသော ပြုစီရင်ဘွယ်ကို ပြီးစေ၏၊ ဆိုလိုရင်းကား "ပုဏ္ဏားစစ်ကို တားမြစ်၍ ပုဏ္ဏားတု အနက်ကို နသဒ္ဒါက ဟောသောကြောင့် ပုဏ္ဏားတုကိုပင် ခေါ်ဆောင်သွားရမည်" ဟု ဆိုလိုသည်၊

www.dhammaransi.com



ပသဇ္ဇ ပဋိသေဓဿ-ပသဇ္ဇ ပဋိသေဓ၏၊ လက္ခဏံ-အမှတ်အသားတည်း၊ ဝတ္ထု-တော-တားမြစ်အပ်သော ဝတ္ထုမှ၊ အညတြ-အခြားဝတ္ထု၌၊ ဝုတ္တိ-ဖြစ်ခြင်းသည်၊ ပရိယုဒါသ လက္ခဏံ-ပရိယုဒါသ ပဋိသေဓ၏ အမှတ်အသားတည်း၊ ဣတိ-သို့၊ ဝုတ္တံ-ရှေးဆရာတို့ဆိုအပ်ပြီ။

နနု-စောဒနာပါဦးအံ့၊ ဧဝံ သန္တေပိ-ဤသို့ဖြစ်ပါသော်လည်း၊အဗြာဟ္မဏော-တျာဒိသု-တို့၌၊ ဥတ္တရပဒတ္ထ ပဓာနတာ-နောက်ပုဒ်အနက် ပဓာန၏ အဖြစ်သည်၊ ကထံသိယာ-အဘယ်သို့ ဖြစ်နိုင်ပါသနည်း၊ ဣတိ-ဤကား စောဒနာတည်း၊

---

ထို့ကြောင့် န ဗြာဟ္မဏော၌ န သည် ပရိယုဒါသ ပဋိသေဓ မည်၏၊အချုပ်မှာ-န သဒ္ဒါ၏ (ပြလတ့ံသော) သဒိသ, အည, ဝိရုဒ္ဓ, အဘာဝ အနက် ၄-မျိုးတွင် တားမြစ်အပ်သော ဝတ္ထုနှင့်တူသော သဒိသ အနက်,တားမြစ်အပ်သော ဝတ္ထုမှတခြားဖြစ်သော အည အနက်, တားမြစ်အပ်သော ဝတ္ထု၏ ဆန့်ကျင်ဘက် ဖြစ်သော ဝိရုဒ္ဓ အနက်ကို ဟောရာ၌ ပရိယုဒါသ ပဋိသေဓ မည်၏၊ တားမြစ်အပ်သော ဝတ္ထု၏မရှိခြင်း အဘာဝ အနက်ကို ဟောရာ၌ ပသဇ္ဇ ပဋိသေဓမည်၏''ဟုမှတ်၊ ထို့ကြောင့် ''အဗျာကတာ-အကုသလာ''စသည်တို့ကိုလည်း ''ပရိယုဒါသ''ဟု ပြလတ့ံ။

**ဝုတ္တဉ္စ၊ပေ၊လက္ခဏန္တိ**— [''ဝတ္ထုတော အညတြ ဝုတ္တိ''၌ ''ဝတ္ထုတော-ညတြ ယာဝုတ္တိ''ဟု သီဟိုဠ်မူရှိ၏၊ တတိယပါဒ၌ ( ယ ) ဂိုဏ်း ရအောင် ပြင်ဟန်တူသည်၊ ဝတ္ထုတော-မှ၊အညတြ-၌၊ ယာဝုတ္တိ—အကြင်ဖြစ်ခြင်းသည်၊ (အတ္ထိ—ရှိ၏၊ သာ—ထိုဖြစ်ခြင်းသည်)''ဟုပေး၊ [ဤကား ပြခဲ့သော ပဋိသေဓ ၂-မျိုး၏ အမှတ်အသားလက္ခဏာကိုပြသော သာဓကတည်း၊ဝတ္ထုနတ္ထိဘာဝ၌ ဝတ္ထုဟူသည် ''အသူရိယ ပဿာ''၌ကဲ့သို့ မြင်ခြင်း စသော ကြိယာတည်း၊ န သဒ္ဒါဖြင့် တားမြစ်လိုက်သည့်အတွက် ထို တားမြစ်အပ်သော ဝတ္ထု (ကြိယာ)၏ လုံးဝ မရှိတော့ခြင်း (အဘာဝ) သည် ပသဇ္ဇ ပဋိသေဓဖြစ်ကြောင်း အထိမ်း အမှတ်လက္ခဏာတည်း၊တားမြစ်အပ်သော ဝတ္ထုမှ တမျိုးတခြား အလားတူ ဝတ္ထု, အခြားဝတ္ထု, ဆန့်ကျင်ဘက် ဝတ္ထုများ၌ န သဒ္ဒါက ဟောနေသေးလျှင် ပရိယုဒါသ ပဋိသေဓ၏ အထိမ်းအမှတ် လက္ခဏာတည်း။

[ဆောင်] ပသဇ္ဇမှာ, ကြိယာကို, သေချာမြစ်ချ, အဘာဝ ဟု, အမှတ် ပြုလော့၊ ပရိယုကား, မြစ်များကို, မြစ်တားပြီးဘိ, တံသဒိတို့, စသည့် ဆက်ပြု, အနက်ရသည်, မြွက်ဟ ဋီကာ အလိုတည်း။

**နနွေဝံ သန္တေပိ၊ပေ၊သိယာတိ**—ဧဝံသန္တေပိ၌ ဧဝံကား ပရိယုဒါသ ပဋိသေဓ၌ ပြခဲ့သော ''နနိပါတ်၏ ဗြာဟ္မဏ ဟူသော နောက်ပုဒ်အနက်ကို တားမြစ်၍ အလားတူ အနက်၌ ခေါ်ဆောင်ခြင်း ကြိယာကို ပြီးစေ၏''ဟူသော စကားကို ပြန်၍ ညွှန်ပြသည်၊ အဗြာဟ္မဏော၌ နနိပါတ်သည် နောက်ဗြာဟ္မဏပုဒ်ကို တားမြစ်၍ အလားတူပုဏ္ဏားဟု အနက်၌ဖြစ်လျှင် ''အဗြာဟ္မဏော''ဟု ပဋိသေဓ ပြုသိုက် သမာသ်လည်း ဖြစ်ထိုက်ပါ

www.dhammaransi.com



ဝုစ္စတေ-အဖြေကို ဆိုအပ်၏၊ ဗြာဟ္မဏာဒိ သဒ္ဒါနံ-ဗြာဟ္မဏ အစရှိသော သဒ္ဒါတို့၏၊ ဗြာဟ္မဏာဒိ အတ္ထသေ၀-ပုဏ္ဏား အစရှိသောအနက်ကို (ဟော သကဲ့သို့)၊ တံသဒိသာဒိ အတ္ထဿပိ-ထိုပုဏ္ဏားနှင့် တူသူ အစရှိသောအနက် ကိုလည်း၊ ဝါစကတ္တာ-ဟောတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ (အဗြာဟ္မဏော တျာဒိသု-တို့၌၊ ဥတ္တရပဒတ္ထပ္ပဓာနတာ-သည်၊ သိယာ-ဖြစ်နိုင်၏၊) ဟိ-ချဲ့ဦး အံ့၊ ကေဝလာ-န နှင့်မဘက် သက်သက်ကုန်သော၊ ဗြာဟ္မဏာဒိသဒ္ဒါ-တို့ သည်၊ ဗြာဟ္မဏာဒိသဒ္ဒါနံ-တို့၏၊ အတ္ထေသွ၀-ပုဏ္ဏား စသော အနက်တို့ ၌သာ၊ ပါကဋာ-ထင်ရှားကုန်၏၊ ဘူသဒ္ဒေါ-ဘူသဒ္ဒါသည်၊ သတ္တာယံ-ထင် ရှားရှိသည်၏ အဖြစ်ဟူသော အနက်၌၊ (ပါကဋ္ဌောဝိယ-ထင်ရှားသကဲ့သို့ တည်း၊) ယဒါပန-အကြင်အခါ၌ကား၊ တေ-ထိုဗြာဟ္မဏ အစရှိသော သဒ္ဒါတို့သည်၊ အညေန-အခြားသော၊ သဒိသာဒိဝါစကေန-သဒိသ အစ ရှိသော အနက်ကို ဟောသော [ "တံ သဒိသ"ဟု မြန်မာ မှု၌ "တံ" ပါသည်ကား အပို၊ န-သက်သက်က "သဒိသ, အည" စသော အနက်ကို သာ ဟော၏။] နဥ္စတိ နိပါတေန-န ဟူသော နိပါတ်နှင့်၊ ယုဇ္ဇန္တိ-ယှဉ် ကုန်၏၊ တဒါ-ထိုအခါ၌၊ တံသဒိသတဒည တဗ္ဗိရုဒ္ဓတဒဘာဝေသုပိ ထိုနှင့် တူသူ, ထိုမှ, တခြား, ထို၏ ဆန့်ကျင်ဘက်, ထို၏ မရှိခြင်း ဟူသော

---

ပေပြီ,"ဇံ သန္တေ့ပိ—ဤသို့ ပဋိသေဓပြုထိုက်, သမာသ်လည်း ပြုထိုက်ပါသော်လည်း" ဟူလို၊ [သန္တေသု-ဟု၍သည်ကားပါဌ်ပျက်၊] အဗြာဟ္မဏောသည် ကမ္မဓာရယမိဿက တပ္ပုရိသ် သမာသ်ဖြစ်၏၊ တပ္ပုရိသ် ရိုးရာမှာလည်း နောက်ပုဒ်အနက် ပဓာန ဖြစ်ရ၏၊ ဤ၌ နနိပါတ်က နောက်ပုဒ် အနက်ကိုဘားမြစ်၍ အလားတူ အနက်၌ ဖြစ်နေလျှင် နနိပါတ်ဖြစ်သော ရှေ့ပုဒ်၏ အနက်ကပင် ပြဋ္ဌာန်းသလို ဖြစ်နေရကား ဤ "အဗြာဟ္မ ဏော" သည် အဘယ်နည်းဖြင့် ဥတ္တရပဒတ္ထပဓာန ဖြစ်နိုင် ပါသနည်း-ဟု စောဒနာသည်။

**ဝုစ္စတေ၊ ပေ၊ နဒေါသော**— ဤစကားကား ထိုစောဒနာ၏ အဖြေတည်း၊ ထိုစကား၌"ဝုစ္စတေ"သည် ဖြေဘွယ်ရာ စချီသော ပဋိညာဉ်တည်း၊ "ဗြာဟ္မဏာဒိသဒ္ဒါနံ ၊ပေ၊ ဝါစကတ္တာ"တို့ကား အကျဉ်း အဖြေ၊ "ဗြာဟ္မဏာဒိသဒ္ဒါ" စသည်တို့ကား အကျယ် အဖြေတည်း၊ ဗြာဟ္မဏာဒိ၌ အာဒိအရ နောက်၌ ပြမည့် မနုဿ—သမဏ— ဗျာကတ စသော သဒ္ဒါများကိုယူ၊ ဗြာဟ္မဏာဒိ သဒ္ဒါနံ ၊ပေ၊ ဝါစကတ္တာ—ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားအစစ်ကို ဟောသကဲ့သို့ ပုဏ္ဏားအတုကိုလည်း (တချို့နေရာ၌) ဟောနိုင်၏၊ ထို့ကြောင့် အဗြာဟ္မဏော ဟူသော သမာသ်၌ ဥတ္တရပဒတ္ထ ပဓာန ဖြစ်နိုင်သည်။ [ဗြာဟ္မဏာဒိ၌ အာဒိ၏ပုံစံများ နောက်၌ လာလတံ့ဖြစ်၍ ဤ၌အာဒိ၏ အဓိပ္ပါယ်ကို မပြဘဲ ချန်ထားဦးမည်။]

www.dhammaransi.com



အနက်တို့၌လည်း၊ ဝတ္တန္တိ-ဖြစ်ကုန်၏၊ ဘူသဒ္ဒေါ-သည်၊ အနုဘဝိယာဒိယောဂေ-အနုအဘိစသည်တို့နှင့် ယှဉ်ရာအခါ၌၊ အနုဘဝန အဘိဘဝနာဒိသု-ခံစားခြင်း လွှမ်းမိုးခြင်း အစရှိသော အနက်တို့၌၊ (ဝတ္တတိ) ဝိယ-ဖြစ်သကဲ့သို့တည်း၊ တသ္မာ, ဧတ္ထ-ဤ အဗြာဟ္မဏော အစရှိသော ပြယုဂ်တို့၌၊ နဣတိနိပါတော-သည်၊ ဥတ္တရပဒတ္ထ ဇောတကောယေဝ-နောက်ပုဒ် အနက်ကို ထွန်းပြရုံသာတည်း၊ ဣတိ-ထို့ကြောင့်၊ ဒေါသော-ဥတ္တရ ပဒတ္ထ ပဓာန မဖြစ်ခြင်းဟူသော အပြစ်သည်၊ န-မရှိ၊ တေန-ထို့ကြောင့်၊ အဗြာဟ္မဏောတိ-အဗြာဟ္မဏော-ဟူသောပုဒ်၌၊ ဗြာဟ္မဏ သဒိသော-ပုဏ္ဏားနှင့်တူသူ၊ ဣတိ-ဤ အနက်သည်။ ဝုတ္တံ-ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ-၏၊ ဧဝံ-တူ၊ အမနုဿော-လူမဟုတ်၊ ဝါ-လူနှင့် တူသောဘီလူး၊ ဝါ-နတ်၊ အဿာမဏော-ရဟန်းစစ် မဟုတ်၊ ဝါ-ရဟန်းတု။

---

**ဗြာဟ္မဏာဒိ သဒ္ဒါပါဌ်။ပေ။နဒေါသော**—ခတ်ကျမ်း၌ "ဘူ=သတ္တာယံ"ဟု ခတ်နက် ရှိ၏၊ ထိုဘူခတ်သည် အနုစသည်နှင့် မဘက် သူ့ချည်းသက်သက်ဖြစ်လျှင် "သတ္တာ"အနက်ကိုသာ ဟော၏၊ အနုအဘိ စသည်တို့နှင့် တွဲဘက်သော အခါ၌ကား "အနုဘဝတိ—ခံစား၏၊ အဘိဘဝတိ—လွှမ်းမိုး၏"စသည်ဖြင့် ခံစားခြင်း လွှမ်းမိုးခြင်း အနက်ကိုလည်း ဟောနိုင်ပြန်၏၊ ထိုသို့ ဟောရာ၌ "အနု—အဘိတို့က ဟောသည်"ဟု မမှတ်နှင့်၊ အနု အဘိတို့သည် ရှိရင်းအနက်ကို ထင်ရှားအောင် ထွန်းပြရုံသာ ထွန်းပြနိုင်ကြ၏၊ အမှန်မှာ-ဘူခတ်ရင်းသည်ပင် ခံစားခြင်းလွှမ်းမိုးခြင်းအနက်ကိုဟောသည်၊ ထို့အတူ ဗြာဟ္မဏသဒ္ဒါလည်း န (အ) နှင့် မဘက် သူ့ချည်းသက်သက်ဖြစ်လျှင် ပုဏ္ဏားအစစ် တနက်ကိုသာ ဟော၏၊ န (အ) နှင့် တွဲဘက်ရသည့် အခါ၌ကား တံ သဒိသ (ပုဏ္ဏားတု) အနက်ကိုလည်း ဟောနိုင်၏။ [တဒ္ဒသ စသော အနက်များ၌ ဖြစ်ပုံမှာ နောက်ပုံစံများဝယ် ထင်ရှားလတ္တံ့။] ထိုသို့ ဟောရာ၌ န နိပါတ်ကြောင့် ဟောနိုင်သည်ဟု မမှတ်လင့်၊ န နိပါတ်မှာ ဗြာဟ္မဏပုဒ်၏ သဒိသ အနက်ကို ထွန်းပြရုံသာ ထွန်းပြနိုင်သည်၊ ဗြာဟ္မဏပုဒ်ရင်းကပင် တံ သဒိသ အနက်ကို ဟောနိုင်သည်-ဟု မှတ်၊ ဤသို့ ဗြာဟ္မဏ ဟူသော နောက်ပုဒ်သည် တံသဒိသ (ထိုပုဏ္ဏားတု) အနက်ကို ဟော၍ န နိပါတ်က ထိုအနက်ကို ထွန်းပြရုံသာ ဖြစ်လျှင် ဗြာဟ္မဏ ဟူသော နောက်ပုဒ်၏ "ပုဏ္ဏားတု"ဟူသော အနက်သည် ပဓာနဖြစ်လျက် ရှိသောကြောင့် "ကထံ ဥတ္တရ ပဒတ္ထပဓာနတာ သိယာ—အဘယ်မှာ ဥတ္တရပဒတ္ထပဓာန ဖြစ်နိုင်အံ့နည်း"ဟု စောဒက တင်အပ်သော အပြစ် မရှိနိုင်တော့ပြီ၊ တေန။ပေ။ဝုတ္တံ ဟောတိ—ထို့ကြောင့် "အဗြာဟ္မဏော—("ပုဏ္ဏားမဟုတ်"ဟု အနက်ပေးရသော်လည်း ပုဏ္ဏား မဟုတ်ရုံမျှကို မဆိုလို) ပုဏ္ဏားစစ်မဟုတ်သော, ပုဏ္ဏားနှင့် တူသူ"ဟု ဆိုလိုသည်။

**ဧဝံ။ပေ။အဿမဏော။** ။မနုဿသဒ္ဒါသည် သူ့ချည်းသက်သက် လူအစစ်ကို ဟော၏၊ နနှင့် တွဲသည့်အခါ လူနှင့်တူသော (သူကဲ့သို့ ခြေလက်အင်္ဂါ ဖြစ်ပုံရှိသော)

www.dhammaransi.com



အညတ္ထေ-အညအနက်၌၊ (ဥဒါဟရဏံ-ကား၊) ဗျာကတာ-ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် ဟောအပ်သောတရားတို့သည်၊ န-မဟုတ်ကုန်၊ အဗျာကတာ-ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် ဟောအပ်သော တရားတို့ မဟုတ်ကုန်၊ အသံကိလိဋ္ဌာ-သံကိလိဋ္ဌတရား မဟုတ်ကုန်၊ အပရိယာပန္နာ-ပရိယာပန္နတရား မဟုတ်ကုန်၊ ဝိရုဒ္ဓတ္ထေ-ဝိရုဒ္ဓ အနက်၌၊ (ဥဒါဟရဏံ၊) ကုသလာ-ကုသိုလ်တို့သည်၊ န-မဟုတ်ကုန်၊ အကုသလာ-ကုသိုလ် မဟုတ်ကုန်၊ ကုသလပဋိပက္ခာ-ကုသိုလ် တို့၏ ဆန့်ကျင်ဘက်တရားတို့တည်း၊ ဧတိ အတ္ထော-နက်၊ ဧဝံ အလောဘော-လောဘ မဟုတ်သောတရား၊ ဝါ-လောဘ၏ ဆန့်ကျင်ဘက်တရား၊ အမိတ္တော-မိတ်ဆွေ မဟုတ်သူ၊ ဝါ-မိတ်ဆွေ၏ ဆန့်ကျင်ဘက်ရန်သူ၊ ပသဇ္ဇပဋိသေဓေ-ပသဇ္ဇပဋိသေဓအနက်၌၊ (ဥဒါဟရဏံ) န+ကတွာန-မပြုမူ၍၊ အကတွာ အကာတုန-မပြုမူ၍၊ ပုညံ-ကောင်းမှုကို၊ အကရောန္တော-မပြုဘဲ။

---

ဘီလူးကိုင်း နတ်ကိုင်း ဟော၏၊ "အမနုဿော-(လူမဟုတ်သော,လူနှင့်တူသော) ဘီလူး၊ ဝါ-နတ်၊ အဿမဏော၌ သမဏသဒ္ဒါသည် ရဟန်းစစ်ကို ဟောသော်လည်း နနှင့် တွဲသည့်အခါ တံသဒိသ (ထိုရဟန်းစစ်နှင့် သက်န်းဝတ်ချင်းတူသော) ရဟန်းတုကို ဟော၏၊ အဿမဏော-(ရဟန်းစစ်နှင့် တူသော) ရဟန်းတု၊ ဝါ-ရဟန်းယောင်, ရှင်ယောင်၊ [သမဏ၌ သ သည် သက္ကတ၌ ရှိဆွဲနှင့်ရှိ၏၊ ပါဠိ၌ ရ ပျောက်သောကြောင့် ရှေ့ပုဒ်နှင့် တွဲသည့်အခါ ရ အစား ဒွေဘော်လာ၍ "အဿမဏ"ဟု ရှိရသည်။]

အညတ္ထေ။ ။"ယဒါ တေ ပနဿေန သဒိသာဒိဝါစကေန နဉ္ဇာတိနိပါတေန ယုဇ္ဇန္တိ၊ တဒါ တံသဒိသ တဒည"စသည်ဖြင့် ပြခဲ့သည်အားလျော်စွာ နသဒ္ဒါ၏ အညအနက်ကို ပြလိုသောကြောင့် "အညတ္ထေ"ဟု မိန့်သည်၊ "န+ဗျာကတာ"၌ ဗျာကတသဒ္ဒါသည် (ဝိ+အာပုဗ္ဗ ကရဓာတ်ဖြင့် ပြီးရကား "ဗျာကာသိ-ဗျာဒိတ်စကားပြောဆိုပြီ"စသည် ကဲ့သို့) ဟောပြောခြင်း အနက်ကို ဟော၏၊ "ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ"၏ နောက်၌ "အဗျာကတာ ဓမ္မာ"ဟုဟောတော်မူ၍၊ ထို့ကြောင့်"ဗျာကတာ-ဟောအပ် ပြီးသော ကုသိုလ် အကုသိုလ် တရားတို့သည်+န-မဟုတ်ကုန်"ဟု ဆိုရာ၌ ကုသိုလ် အကုသိုလ် မဟုတ်ရုံမျှမက, ကုသိုလ် အကုသိုလ်မှတပါး တခြား (ဝိပါက်စသော) တရားများကို ရသောကြောင့် နသဒ္ဒါသည် အညအနက်ဟောတည်း-ဟုသိနိုင်သည်၊ [အဗျာကတာ၌ အ-လည်း အညအနက်ပင်တည်း။] အသံကိလိဋ္ဌာ, အပရိယာပန္နာ တို့၌လည်း နည်းတူ၊ "န+သံကိလိဋ္ဌာ, န+ပရိယာပန္နာ"ဟု ဝိဂြိုဟ်ပြု။

ဝိရုဒ္ဓတ္ထေ။ ။အညအနက်ကို ပြပြီး၍ ဝိရုဒ္ဓ (တွဲဘက်အနက်၏ ဆန့်ကျင်ဘက်) အနက်ကို ပြလိုသောကြောင့် ဝိရုဒ္ဓတ္ထေဟု မိန့်သည်၊ အကုသလာ၌ ကုသိုလ် မဟုတ် ရုံမျှမက, ကုသိုလ်၏ဆန့်ကျင်ဘက် အကုသိုလ်ကိုရ၏၊ န+လောဘော, အလောဘော

www.dhammaransi.com



(၃၄၄) နဃာတိ, တပ္ပုရိသေတိစ ဝတ္တတေ။

သရေအန်။ ။တပ္ပုရိသေ-၌၊ ဥတ္တရပဒေ-နောက်ပုဒ်၌၊ ပရေသရေ-နက္လတိ-န ဟူသော၊ တေဿ ပဒဿ-ဤပုဒ်၏၊ အန် ဟောတိ၊ အဿော-မြင်း အစစ်သည်၊ န-မဟုတ်၊ အနဿော-မြင်းစစ် မဟုတ်၊ အရိယော-အရိယာသည်၊ န, အနရိယော၊ ဧဝံ, အနိဿရော-အစိုးရသူမဟုတ်၊ အနိဋ္ဌော-ဣဋ္ဌာရုံ မဟုတ်၊ အနာသဝေါ-အာသဝေါ မဟုတ်၊ အနုပဝါဒေါ-မစွပ်စွဲအပ်၊ န အာဒါယ-မယူမူ၍၊ အနာဒါယ-၍၊ အနောလောကေတွာ-မကြည့်မူ၍၊ ဣစ္စာဒိ။

(၃၄၅) ကုပ္ပုဗ္ဗပဒေါ-သည်၊ ယထာ-နည်း၊ ကုစ္ဆိတံ-စက်ဆုပ်အပ်သော၊ အန္နံ-အစာတည်း၊ ဣတိ-သို့၊ နိစ္စသမာသတ္တာ-ကြောင့်၊ အညပဒေန-ကုစ္ဆိတံ ဟူသော အခြားပုဒ်ဖြင့်၊ ဝိဂ္ဂဟော-သည်၊ (ဟောတိ)၊ ကမ္မဓာရယသမာသေ-ကို၊ ကတေ-သော်၊ ["ကဒ် ဟောတိ"၌ စပ်၊] တပ္ပုရိသေတိ သရေတိစ ဝတ္တတေ။

---

၌လည်း လောဘ မဟုတ်ရုံမျှမက, လောဘ၏ ဆန့်ကျင်ဘက် အလောဘကို ရ၏၊ န+မိတ္တော,အမိတ္တော၌လည်း မိတ်ဆွေမဟုတ်ရုံမျှမက, မိတ်ဆွေ၏ဆန့်ကျင်ဘက် ရန်သူကို ရ၏၊ ထို့ကြောင့် ဤပြယုဂ်တို့၌ န-အ တို့သည် ဝိရုဒ္ဓ အနက်ဟောများ ဖြစ်ကြရသည်။ [ရုပ်တွက်ရာ၌ကား "န+ဗျာကတ" ယော ၂-လုံးသက်, ရှေ့ယော ချေ, နောက်ယော အာပြု, "န+ဗျာကတာ" ဟု ဝါကျဖြစ်စေ၊ အကတွာ စသည်၌လည်း "န+ကတွာ" သိ ၂-လုံးသက်, သမ္ဘာသမာဂုသောဖြင့် ချေ၊ သ ာသ်စသည် ဗိဒုင်၍ "န+ကတွာ ပကတိပြု, အတ္တံ နဿ တပ္ပုရိသေသုတ်ဖြင့် နကို (အ) ပြု၊ နာမ်ငဲ့ သိသက်, သမ္ဘာသ မာဂုသောဖြင့် ချေ၊ အကာတုနလည်း နည်းတူ၊ အကရောန္တော၌ "န+ကရောန္တ" တည်, စသည် လွယ်ပြီ။]

(၃၄၄) "န+အဿ" အဿပုဒ်၌ (အ) ရှိသောကြောင့် "ဥတ္တရပဒေ သရေပရေ" ဟု ဆိုသည်၊ ထိုသို့ ကပ်ဘို့ရာ သရ ရှိသောကြောင့်ပင် ရှေ့ (န) ကို "အန်" ပြုရသည်၊ "အနဿော-မြင်း မဟုတ်" ဟူရာ၌ "မြင်းနှင့် တူသော မြည်းသတ္တဝါ" ဟု ဆိုလိုသည်၊ န သည် သဒိသ အနက်ကို ထွန်းပြ၏၊ အနရိယော-အရိယာမဟုတ်=အရိယာမှ တခြား ပုထုဇန်၊ အနိဿရော-အစိုးရသူမှ တခြားသော လက်အောက်ခံ ငယ်သား၊ အနာသဝေါ-အာသဝေါမှ တခြားသော တရားစု၊ ဤပုဒ်တို့၌ န သည် အညအနက်ကို ထွန်းပြ၏၊ အားလုံး ပရိယုဒါသပဋိသေဓတို့ချည်းတည်း၊ အနုပဝါဒေါ စသည်၌ကား ပသဇ္ဇပဋိသေဓတည်း။

(၃၄၅) ကုနိပါတ ပုဗ္ဗပဒ။ ။ကဒန္နံ စသည်တို့ နိစ္စသမာသ်ဖြစ်၍ "ကု+အန္နံ" ဟု ခွဲ၍မရ၊ ထို့ကြောင့် ကု၏ ပရိယာယ် "ကုစ္ဆိတ" ဟူသော အခြားပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုရ

www.dhammaransi.com



**ကဒ် ကုသ**။ ။တပ္ပုရိသေ ဥတ္တရပဒေ ပရေ သရေ, ကုစ္ဆိတ-ကု ဟူသော၊ ကောသ နိပါတသ-၏၊ ကဒ်-ကဒ် အပြုသည်၊ ဟောတိ၊ [သီဟိုဠ်မူ၌ "ကဒံ ကုသ"ဟု သုတ်ရှိ၍ "ကဒံ ဟောတိ"ဟု ဝုတ္တိရှိ၏။] သရလောပေါ-ရှေ့ သရကို ချေ၊ ကဒန္န-စက်ဆုပ်အပ်သော အစာ၊ ဇဝံ ကဒသနံ-စက်ဆုပ်အပ်သော အစာ၊ သရေတိ ကိံ၊ ကုဒါရာ၊ ပေ၊ ကုဒိဋ္ဌိ-တို့၌ တားမြစ်ရခြင်းအကျိုး ရှိ၏၊ [ကုဒါရာ-စက်ဆုပ်အပ်ကုန်သော မယားတို့၊ ကုပုတ္တာ-စက်ဆုပ်အပ်ကုန်သော သားတို့၊ ကုဒါသာ-စက်ဆုပ်အပ်ကုန်သော ကျွန်တို့၊ ကုဒိဋ္ဌိ-စက်ဆုပ်အပ်သော အယူ၊]

(၃၄၆) ကုသာတိ ဝတ္တတေ။

**ကာပ္ပတ္ထေသုစ**။ ။တပ္ပုရိသေ-၌၊ ပရေ, ဥတ္တရပဒေ-ကြောင့်၊ အပ္ပတ္ထေ-အနည်းငယ်ဟူသော အနက်၌၊ ဝတ္တမာနဿ-သော၊ ကုစ္ဆိတဿ-ကုဟူသော ဤနိပါတ်၏၊ ကာ ဟောတိ၊ ဗဟုဝစနဂ္ဂဟဏ-ဗဟုဝုစ်ကို ဆိုခြင်းကြောင့်၊ ကုစ္ဆိတတ္ထေ-ကုစ္ဆိတ အနက်၌လည်း၊ ကွစိ-၌၊ ပုရိသေ-ပုရိသ သဒ္ဒါကြောင့်၊ (ကာ-ကာ အပြုသည်၊ ဟောတိ၊) အပ္ပကံ-အနည်းငယ်သော၊ လဝဏံ-ဆား တည်း၊ ကာလဝဏံ-ဇဝံ ကာပုပ္ဖ-အနည်းငယ်ဖသော ပန်း၊ ကုစ္ဆိတော-

---

သည် ဟု သိစေလို၍ "ကုစ္ဆိတမန္နံ၊ပေ၊ဝိဂ္ဂဟော"ဟု မိန့်၊ သမာသ်စသည် စီရင်၍ "ကုအန္န"ဟု ပကတိဖြစ်သည့်အခါ ဤသုတ်ဖြင့် ကုကို ကဒ ပြု (ကဒ အန္န) သရာသရေ လောပံသုတ်ဖြင့် ဒ၏ အ ကိုချေ, ဒ်ကို နောက် (အ) သို့ကပ် (ကဒန္န) စသည် ဖြစ်၏၊ ကုစ္ဆိတံ+အသနံ—အစာတည်း၊ ကဒသနံ၊ ကုဒါရာ စသည်ဝယ် နောက်ပုဒ်၌ သရ မရှိသောကြောင့် ဤသုတ်ဖြင့် ကဒ မပြုရ၊ "ကုစ္ဆိတာ+ဒါရာ, ကုစ္ဆိတာ+ပုတ္တာ,ဒါသာ, ကုစ္ဆိတာ+ဒိဋ္ဌိ"ဟု ဝိဂ္ဂြဟ်ပြု။

**မှတ်ချက်**။ ။သီဟိုဠ်မူ၌ "ကဒံ ကုသ"ဟု သုတ်ရှိခြင်းသည် "သရလောပေါ" ဟူသောစကားနှင့် ညီ၏၊ "ကဒ် ကုသ"ဟုရှိသော မြန်မာမူ၌ကား"သရလောပေါ" ပါဘွယ်မလို၊ သို့သော် ကလာပ်၌ "ကုကဒ်"ဟု သုတ်တည်၍ "ကဒ္ဒ ဝတိ"ဟု ဝုတ္တိ၌ ဒဝယ်သရမပါဘဲ "ကဒ်" ပြု၏၊ ထို့ကြောင့် "သရလောပေါ"လည်း မပါဘဲ "ကဒ်ကုသ"ဟု ရှိသော မြန်မာမူသာ နောက်သရ နှောင်းရကျိုးလည်း နဝ်,ကလာပ် နှင့်လည်း ညီသောကြောင့် သာ၍ကောင်းမည် ထင်သည်။

(၃၄၆) **ဗဟုဝစနဂ္ဂဟဏ**—[အပ္ပကံ+ပုပ္ဖံ,ကာပုပ္ဖံ၊] အပ္ပအနက်သည် တနက်ထည်း ဖြစ်သောကြောင့်"ကာပ္ပတ္ထေစ"ဟု ဧကဝုစ်သို့ဖြင့် ဆိုသင့်လျက် မဆိုဘဲ "ကာပ္ပတ္ထေသုစ"ဟု ဗဟုဝုစ် သုဝိဘတ်ဖြင့် ဆိုခြင်းသည် သဒ္ဒါပို၏၊ ထိုဗဟုဝုစ် သဒ္ဒါ

www.dhammaransi.com



သော၊ ပုရိသော-တည်း၊ ကာပုရိသော၊ ကုပုရိသောဝါ-ကုပုရိသော ဟုလည်း ရှိ၏။

ပါဒိပုဗ္ဗပဒေါစ – သည်လည်း၊ နိစ္စသမာသော၀ – နိစ္စသမာသ်ပင်တည်း၊ ပဌာနံ-ပြဋ္ဌာန်းသော၊ ၀စနံ-ဘုရား စကားတော်တည်း၊ ပါဝစနံ-ပြဋ္ဌာန်းသော ဘုရားစကားတော်၊ ဘုသံ-အလွန်၊ ဝဒ္ဓံ-ကြီးသည်တည်း၊ ပဝဒ္ဓံ-အလွန်ကြီးသည်၊ သရီရံ-ကိုယ်တည်း၊ သမံ-အညီအမျှ၊ ဝါ, သမ္မာ-ကောင်းစွာ၊ အာဓာနံ-ထားခြင်းတည်း၊ သမာဓာနံ-အညီအမျှ ထားခြင်း၊ ဝါ-ကောင်းစွာ ထားခြင်း၊ ဝိဝိဓာ-အထူးထူး အပြားပြားသော၊ မတိ-သိခြင်းတည်း၊ ဝိမတိ-အထူးထူး အပြားပြား သိခြင်း၊ ဝါ-တွေးတောခြင်း၊ ဝိဝိဓော-သော၊ ကပ္ပေါ-ပြုစီရင်ခြင်းတည်း၊ ဝိကပ္ပေါ-ခြင်း၊ ဝါ-တနည်း၊ ဝိသိဋ္ဌော-တမျိုးတဖုံ ထူးခြားသော၊ ကပ္ပေါ-တည်း၊ ဝိကပ္ပေါ-ခြင်း၊ အဓိကော-လွန်ကဲသော၊ ဒေဝေါ-နတ်တည်း၊ အတိဒေဝေါ-လွန်ကဲသောနတ်၊ ဧဝံ-တူ၊ အဓိဒေဝေါ-လွန်ကဲသော နတ် (အချို့ မပါ၊) အဓိသီလံ-လွန်ကဲသောသီလ၊ သုန္ဒရော-ကောင်းသော၊ ဂန္ဓော-အနံ့တည်း၊ သုဂန္ဓော၊ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓော-စက်ဆုပ်အပ်သောအနံ့၊သောဘနံ-တင့်တယ်စွာ၊ကတံ-ပြုအပ်သောအမှုတည်း၊ သုကတံ-မှု၊ အသောဘနံ-မတင့်တယ်စွာ၊ ကတံ-တည်း၊ ဒုက္ကဋံ-မတင့်မတယ် ပြုအပ်သော အမှု၊ ဣစ္စာဒိ။

---

ပိုကြောင့် အပွအနက် အပြင် ကုစ္ဆိတ အနက်၌လည်း ပုရိသ သဒ္ဒါ နှောင်းရာ၌ အချို့ ကုကို ကာ ပြုရခြင်း အကျိုးရှိသည်၊ ထို့ကြောင့် "ကာပုရိသော" ဟု ဖြစ်၏၊ ကာ မပြု ဘဲလည်း ဝိကပ်ရပ် ရှိ၏၊ ထို့ကြောင့် "ကုပုရိသော" အတိုင်းလည်း ရှိသည်။

ပါဒိပုဗ္ဗပဒ။ ။ပ စသော ဥပသာရပုဒ် ရှေးရှိသော သမာသ်သည် ပါဒိပုဗ္ဗပဒ သမာသ် မည်၏၊ ဤ ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်လည်း ကုပုဗ္ဗပဒကဲ့သို့ နိစ္စသမာသ်ပင်တည်း၊ ထို့ကြောင့် ပ၏ ပရိယာယ်ဖြစ်သော "ပဌာနံ" စသော ပုဒ်တပါးဖြင့် ဝိဂ္ဂြိုဟ်ပြုရသည်၊ ရုပ်တွက်ရာ၌ကား "ပ+ဝစန" တည်၍ သိ ၂-လုံးသက်၊ "ပ+ဝစန" ဟု ပကတိဖြစ်သည့် အခါ ကွစာဒိ မဇ္ဈေ ဒီဃရာနံ စသော သုတ်ဖြင့် ပ၏ အ ကို ဒီဃပြု၊ (ပါဝစန)၊ "ပကဋ္ဌံ ဝစနံ ပါဝစနံ" ဟုလည်း ဝိဂ္ဂြိုဟ်ပြုသေး၏၊ "ပကဋ္ဌ-မြတ်သော" ဟုပေး၊ "ဘုသံ+ဝဒ္ဓံ" ၌ ဘုသံကား ပ၏ ကိုယ်စားတည်း။ [ဗဒ္ဓံ-ဟု ရှိသည်ကား ပါဠ်ပျက်။] "ပဝဒ္ဓ" အရ "ကိုယ်ကို ရသည်" ဟု အဘိဓေယျ ပြလို၍ "သရီရံ" ဟု အပို ထည့်သည်၊ သမာဓာနံ၌ "သံ+အာဓာနံ" ဟု ခွဲ၊ သံဥပသာရအတွက် "သမံ" ဟုရင်း "သမ္မာ" ဟုရင်းပြသည်၊ "သမံ+အာဓာနံ, သမ္မာ ဝါ အာဓာနံ သမာဓာနံ" ဟု ဝိဂ္ဂြိုဟ် ၂ မျိုး ပြုပါ–ဟူလို၊

www.dhammaransi.com



ဣမေ–ဤ ကစ္စည်းကျမ်း၌၊ အဝိဟိတလက္ခဏာ–မစီရင်အပ်သောသုတ် ရှိကုန်သော၊ ယေ နာမနိပါတောပသဂ္ဂါ-အကြင် နာမ်,နိပါတ်,ဥပသာရပုဒ်တို့သည်၊ (သန္တိ၊) တေသံ–ထို နာမ် နိပါတ် ဥပသာရပုဒ်တို့၏၊ နာမာနံ သမာသောတိ ယောဂဝိဘာဂေန–"နာမာနံ သမာသော" ဟူသော ယောဂဝိဘာဂဖြင့်၊ သမာသော–သမာသ်ကို၊ ဒဋ္ဌဗ္ဗော–၏၊ ယထာ–ကား၊ အပုနဂေယျာ–တဘန် မသီဆိုအပ်သော၊ ဂါထာ–ဂါထာ၊ အစန္ဒမုလ္လောကိကာနိ-လ ကို မော် မကြည့်ကုန်သော၊ မုခါနိ - မျက်နှာတို့၊ အသဒ္ဓဘောဇီ – ကုဗ္ဘိုးထမင်းကို မစားသူ၊ အလဝဏဘောဇီ-ဆားကို မစားသူ၊ ဣတျာဒီသု–ဤသို့ အစရှိသော ပြယုဂ်တို့၌၊ အယုတ္တတ္ထတ္တာ – ယုတ္တတ္ထ မဟုတ်ကုန်သည်၏ အဖြစ်ကြောင့်၊ အညေန-ယောဂဝိဘာဂမှတပါး အခြားသုတ်ဖြင့်၊ နသမာသော-သမာသ် မဖြစ်။

---

"ဝိမတိ–အထူးထူး အပြားပြား သိခြင်း"ဟူရာ၌ ဉာဏ်သိ မဟုတ်, စိတ်သိ တည်း၊ တမျိုးထ,ည်း ဆုံးဖြတ်ချက် မချဘဲ "ဟိုလို သိလိုက်, သည်လို သိလိုက်"နှင့် တွေးတောယုံမှားနေခြင်းကို "ဝိမတိ"ဟု ခေါ်သည်။

ဝိကပ္ပေါ်၌ ဝိအတွက် ဝိဝိဓ–ဝိသိဋ္ဌ ၂-နက်ကို ပြသည်၊ ထိုတွင်"ဝိဝိဓ ကပ္ပ"ဖြင့် ယေနဝါကယိရတေသုဘ်လာ ဝါသဒ္ဒါ၏ "ယေနဝါ ပဿတိ–ယေနဝါ သုဏာတိ" စသည်ဖြင့် အမျိုးမျိုး စီရင်နိုင်ခြင်း အနက်မျိုးကိုပြ၏၊"ဝိသိဋ္ဌ ကပ္ပ"ဖြင့်"ဝါဏာပစ္စေ" သုတ်လာ ဝါသဒ္ဒါကဲ့သို့"ဤအစီအရင်သည် တမျိုးတဖုံ စီရင်ခြင်းသာတည်း"ဟု ပြ၏၊ ထိုသို့ ပြသဖြင့် အခြားအစီအရင်လည်း ရှိသေးသည်-ဟု သိသာသည်၊ ဤ"ဝိသိဋ္ဌကပ္ပ" အနက်ရှိသော ဝါသဒ္ဒါကို "ဝါ–ဝိကပ်အားဖြင့်"ဟု အနက်ပေးရသည်။ [သီလက္ခန် ဋီကာသစ်၌ကား "ဝိဝိဓော ကပ္ပေါ ဝိသုံဝါ ကပ္ပေါ"ဟု ဖွင့်၏။] "အဓိကော ဒေဝေါ အတိဒေဝေါ, ဇံ အဓိဒေဝေါ အဓိသီလံ"ဟု သီဟိုဠ်မူရှိ၏၊သောဘနံ-တင့်တယ်စွာ" ဟု ပေးရသော်လည်း ပဌမာ သိ ဝိဘတ်ပင် သက်၊ ပဌမာ ကြိယာ ဝိသေသနဟု ကြံ၊ ဒုက္ကဋ်၌ "ဒု+ကတ"ဟု ပကတိ ဖြစ်ပြီးနောက် ဒွေဘော်လာ, တ ကိုလည်း ဒေါ်ဓသေစ ၌ စ ဖြင့် ဋ ပြု။

**ယေ ဣမ၊ ပေ၊ နာညေန သမာသော**––"အပုနဂေယျာ"စသော သမာသ်ဘို့ကို စီရင်ဘို့ရာ ဤ ကစ္စည်းကျမ်း၌ တိုက်ရိုက် သုတ် မရှိချေ၊ ချဲ့ဦးအံ့–– "အ ပုနဂေယျာ–တဘန်+မသီဆိုအပ်သောဂါထာ"ဟူရာ၌ နသည် ပုနနှင့် သဒ္ဒါချင်းကပ်နေသော်လည်း အနက်အားဖြင့်မူ"မ+သီဆိုအပ်"ဟု ဂေယျနှင့် စပ်လျက် ရှိ၏၊ ထို့ကြောင့် နနှင့် ပုန သည့်ရင်း, ပုနနှင့် ဂေယျသည့်ရင်း, ယုတ္တတ္ထ (ပေါင်းစပ်အပ်သော အနက်) မရှိ၊ ဤသို့ ယုတ္တတ္ထ မဖြစ်လျှင် "နာမာနံ သမာသော ယုတ္တတ္ထော"သုတ်က ယုတ္တတ္ထဖြစ်မှ သမာသ် မှည့်နိုင်သောကြောင့် ထိုသုတ်ဖြင့် သမာသ်အမည်မရချေ၊ ယုတ္တတ္ထသဒ္ဒါလိုက်နေသော

www.dhammaransi.com



နောက်နောက် သုတ်များဖြင့် သမာသ် မစီရင်ပုံမှာ ဆိုဘွယ်ရာ မရှိပြီ၊ ဤသို့ ယုတ္တတ္ထ မဖြစ်သောကြောင့် ယုတ္တတ္ထောပုဒ်ကို ဖြုတ်၍ "နာမာနံ သမာသော"ဟူသော ဒွိဓာ ကရဏယောဂဝိဘာဂမှ တပါး တခြား သုတ်ဖြင့် မစီရင်နိုင်ရကား ထို ယောဂဝိဘာဂ ဖြင့်သာ "အ ပုနဂေယျော"စသည်ကို သမာသ်အမည် မှည့်ရတော့သည်။

ပုန-တဖန်၊ နဂီယတိ-မသီဆိုအပ်၊ ဣတိ-ကြောင့်၊ ပုနဂေယျော-မည်၏။ [ဂါထာ ကား– အဘိဓေယျ အနက်ပြသည်း။] ရုပ်တွက်ရာ၌ "န+ပုန+ဂေယျ"တည်၊ သိ ၃-လုံးချေ။ ပုန–တဖန်၊ နဂီယတိ–မသီဆိုအပ်၊ ဣတိအတ္ထေ–ဤအနက်၌"နာမာနံ သမာသော"ယောဂဝိဘာဂဖြင့် သမာသ်အမည်မှည့်၊ (၂-ပုဒ် အရမတူသဖြင့်ကမ္မဓာရဲ တပ္ပုရိသ် လက္ခဏာ မရှိရကား "အတ္တံ နယာ တပ္ပုရိသေ"သုတ်ရင်းဖြင့် အ–မပြုဘဲ) "အတ္တံ နဿ"ဟူသော ယောဂဝိဘာဂဖြင့် န ကို အ ပြု၊ (အပုနဂေယျာ) နာမ်ငဲ့, သိသက်, ချေ၊ ကညာဒိဂိုဏ်းရုပ် ဖြစ်၏၊ စန္ဒ–လကို၊ နဥလ္လောကေန္တိ–မော်မကြည့်ကုန်၊ ဣတိ, အစန္ဒ မုလ္လောကိကာနိ–တို့မည်၏၊ "န+စန္ဒ+ဥလ္လောကိက"တည်, န နောင် သိသက်, ချေ, စန္ဒနောင် အံသက်, ဥလ္လောကိကနောင် ယောသက်,နိပြု၊ သမာသ်မှည့်, တေသံ ဝိဘတ္တိယောလောပါစဖြင့် အံ-ယောဝိဘတ်တို့ကိုချေ၊ ရှေးအတိုင်းသမာသ်မှည့်၊ "နစန္ဒ ဥလ္လောကိက"ပကတိပြု၊ ရှေးနည်းအတိုင်း န ကို အ ပြု၊ နိဂ္ဂဟီတဉ္စ သုတ်ဖြင့် ဝါစာသိလိဋ္ဌ အကျိုးငှါ စန္ဒနောင် နိဂ္ဂဟိတ်လာ, (မ်)ပြု၊ နာမ်ငဲ့စသည် စီရင်၊ သဒ္ဓ သဒ္ဒါသည် ရာဇမတ္တဏ် စသော လောကီကျမ်း၌ စီရင်အပ်သော အစီအရင်အတိုင်း သေလွန်လေပြီးသောမိဘတို့ကို ရည်စူး၍သူသေအနီးအပါး၌ ထားအပ်သော ထမင်းကို ဟော၏၊ထိုထမင်းကို"ကုဋ္ဌိုးထမင်း"ဟု ရှေးက ခေါ်စမှတ်ပြု၏၊သဒ္ဓံ-ကုဋ္ဌိုးထမင်းကို၊ နဘုဉ္ဇတိ–မစား၊ ဣတိ, အသဒ္ဓဘောဇီ၊ ထို ထမင်းကို မစားနိုင်သောကြောင့် သူသေကို "အသဒ္ဓဘောဇီ"ဟု ခေါ်သည်။ ["ကုဋ္ဌိုးထမင်း, ကိုယ့်ထံရင်း၌, ခင်းကျင်းမပျက်, ထားပါလျက်ကို, နှစ်သက်လိုရာ, ယူကာဆတ်ဆတ်,မစားတတ်သည့်, အသဒ္ဓဘောဇီ, မည်ရှိခေါ်ငြား, သူသေလားသို့"–မဃဒေ (၄၃၀) လင်္ကာ။] လဝဏံ န ဘုဉ္ဇတီတိ အလဝဏဘောဇီ၊ အစန္ဒမုလ္လောကိကကဲ့သို့ သဒ္ဓ လဝဏနောင် အံသက်၍ ရုပ်တွက်။

သူရိယံ နပဿန္တီတိ အသူရိယပဿာနိ-နေကို မကြည့်ကုန်သော၊ (မုခါနိ-မျက်နှာ တို့၊) [နိဂ္ဂဟိတ်လာ၍"အသူရိယမ္ပဿာနိ"ဟုလည်းရှိ၏၊ဩကာသံ-အခွင့်ကို၊နကာ ရေတွာ-မပြုစေမူ၍"ဟူသော အနက်၌ "အနောကာသံ ကာရေတွာ"ဟု ဖြစ်၏၊ ဤ၌ ကား ကာရေတွာတိုင်အောင် သမာသ်မဟုတ်၊ "အနောကာသံ"သာ သမာသ်တည်း၊ "န+ဩကာသ"တည်၊ "န-သိ+ဩကာသ-အံ"ဟု ဝိဘတ်သက်၊ "န+ဩကာသံ"ဟု ဝါကျ ဖြစ်စေ၊ သမာသ် မှည့်၊ အံ ဝိဘတ်ချေ၊ ပကတိပြု၊ "သရေ အန်"ဟူသော ဝိနာမိကာရ (တပ္ပုရိသေ အလိုက် ကြဉ်သော) ယောဂဝိဘာဂဖြင့် န ကို "အန်"ပြု (အနောကာသ) နာမ်ငဲ့, အံ သက်, အနောကာသံ ပြီး၏၊ အဋ္ဌံ နကာမေန္တီတိ အနဋ္ဌကာမာ-အကျိုးကိုမလိုလားသူတို့၊အသမ္ဗဂုဏာဒါယကော-အလုံးစုံသောဂုဏ်ကို မပေးတတ်၊အကတညူ-ပြုအပ်ပြီးသောသူ့ကျေးဇူးကိုမသိတတ်သူ၊ အမူလာမူလံဂန္တွာ- မူလတခုမှ မူလတခုသို့ မသွားမူ၍။ [မူလာ၌ အာကား ကွစာဒိမဇ္ဈုတ္တရာနံဖြင့် ဒီဃ

www.dhammaransi.com



တထာ-ထို့အတူ၊ (ယောဂဝိဘာဂဖြင့် သမာသ်မှည့်ရချင်း တူသည်-ဟူလို၊) တထာဂတံ-မြတ်စွာဘုရားကို၊ ပုဗ္ဗံ-ရှေး၌၊ ဒိဋ္ဌော-ဖူးမြင်ဘူး၏၊ ဣတိ, ဒိဋ္ဌပုဗ္ဗော-မည်၏၊ ဧဝံ, ဓမ္မံ-တရားကို၊ သုတပုဗ္ဗော-ရှေး၌နာဘူးသူ၊ မဂ္ဂံ-လမ်းကို၊ ဂတပုဗ္ဗော-ရှေး၌သွားဘူးသူ၊ ကမ္မနိ-ကံအနက်၌၊ တေန-ထိုသူသည်၊ ဒေဝါ-နတ်တို့ကို၊ ပုဗ္ဗံ-ရှေး၌၊ ဒိဋ္ဌာ-မြင်အပ်ဘူးကုန်ပြီ၊ ဣတိ-ထို့ကြောင့်၊ ဒိဋ္ဌပုဗ္ဗာ-ဒိဋ္ဌပုဗ္ဗတို့ မည်၏၊ ဧဝံ, သုတပုဗ္ဗာ-ရှေး၌ ကြားအပ်ဘူးကုန်သော တရားတို့၊ ဂတပုဗ္ဗာ-ရှေး၌ ရောက်အပ်ဘူးသော၊ ဒိသာ-

---

တည်း။] ဤသို့စသည်ဖြင့် အယုတ္တဣတ္ထ သမာသ်တွေ ပေါ်များလေသည်၊ "နဝံ ပန ဘိက္ခုနာ စီဝရလာဘေန"၌ကား "ပန ဘိက္ခုနာ" သဒ္ဒါ ၂-ခု ခြားနေသော်လည်း အနက်ချင်း စပ်သဖြင့် "နဝံ စီဝရလာဘေန"ဟု သမာသ်ဖြစ်၏၊ နဝံစ တံ စီဝရဉ္စာတိ "နဝံစီဝရံ" [ရှေ့ပုဒ်၌ နိဂ္ဂဟိတ်မကျေသော အလုတ္တ အယုတ္တဣတ္ထ သမာသ်။] ထို့နောက် "နဝံ စီဝရံ+လာဘော, နဝစီဝရလာဘော"ဟု ယုတ္တဣတ္ထ သမာသ် ဝိဂြိုဟ်ပြု။

တထာ ဒိဋ္ဌော ပုဗ္ဗံ၊ပေ၊ဂတပုဗ္ဗာ ဒိသာ—"ဒိဋ္ဌ ပုဗ္ဗော"စသည်၌ ရှေ့ပုဒ် နောက်ပုဒ် အရမတူ (တုလျာဓိကရဏ မဖြစ်သောကြောင့်) ကမ္မဓာရဲသမာသ်မဖြစ်နိုင်၊ ရှေ့ပုဒ်၌ အမာဒိဝိဘတ်ချန္တမဟုတ်-ဒိဋ္ဌောဒိဋ္ဌာစသည်ဖြင့် ပဌမာဧကဝစနန္တ ဗဟုဝစနန္တ ဖြစ်သောကြောင့် ဒုတိယာဒိ တပ္ပုရိသ်လည်း မဟုတ်၊ အခြားသမာသ်များကား လျဉ်းပါးဘွယ်ပင် မရှိ၊ ထို့ကြောင့် "နာမာနံ သမာသော" ယောဂဝိဘာဂဖြင့် သမာသ်မှည့်ရသည်-ဟု ဆိုလိုသည်၊ "ဒိဋ္ဌော"၌ ဒိသဓာတ်, တ ပစ္စည်းကား အတိတ်ကာလဟောတည်း၊ ထို့ကြောင့်"ဒိဋ္ဌော-ဖူးမြင်ဘူးပြီ"ဟုပေး၊ ဒိဋ္ဌော၏ ကာလ်ဟောဖြစ်ကြောင်း ထင်ရှားဘို့ရာ "တထာဂတံ"ဟု အဝုတ္တကံကို ထည့်ပြသည်၊ "သုတော ပုဗ္ဗံတိ သုတပုဗ္ဗော, ဂတော ပုဗ္ဗံတိ ဂတပုဗ္ဗော"တို့လည်း နည်းတူ၊ ကမ္မနိ "ဒိဋ္ဌာ ပုဗ္ဗံတိ ဒိဋ္ဌပုဗ္ဗာ" ဟု ရှိစေ၊ ဒိဋ္ဌာ၌ တပစ္စည်းသည် ကံဟောတည်း၊ တေန (ကတ္တား) ဒေဝါ (ဝုတ္တကံ) တို့ကား ဒိဋ္ဌာ၏ ကံဟောဖြစ်ကြောင်း ထင်ရှားစေသော ကတ္တားကံတို့တည်း၊ "သုတာ ပုဗ္ဗံ, ဂတာ ပုဗ္ဗံ"ဟု နောက်ပုဒ်များ၌လည်း ဝိဂြိုဟ်ပြု၊ ပုဗ္ဗံ၌ အံ ဝိဘတ်ကို ("ဇာမံရတ္တိံ—ဤည့်၌"ကဲ့သို့) သတ္တမီအနက်၌ သက်၊ "ဒိဋ္ဌ+ပုဗ္ဗ"တည့်, သိ-အံသက် "ဒိဋ္ဌော+ပုဗ္ဗံ"ဟု ဝါကျဖြစ်စေ၊ (ပုဗ္ဗံ—ရှေး၌၊ ဒိဋ္ဌော—ပြီ၊ ဣတိအတ္တေ—၌၊) "နာမာနံ သမာသော"ဟူသော ယောဂဝိဘာဂဖြင့် သမာသ်မှည့်, ဝိဘတ်ချေ၊ "ဒိဋ္ဌ ပုဗ္ဗ"ပကတိပြု၊ နာဒိဝဲ့ သိ-သြပြု၊ ကံဟော၌ ယော သက်ရှိသာ ထူးသည်။

မှတ်ချက်။ ။ကူရွဒ္ဒန္တ သုတ်သီလက္ခန်ဋီကာ၌ "ပုဗ္ဗေ+ဘူတံ, ဘူတပုဗ္ဗံ၊ ယထာ ဒိဋ္ဌပုဗ္ဗံ"ဟု ဖွင့်၏၊ပါရာဇိကဏ်ယောဇနာ၌လည်း "ဒိဋ္ဌာ+ပုဗ္ဗေ+ယေတိ တေ ဒိဋ္ဌပုဗ္ဗာ" ဟုဖွင့်၏၊ထိုဋီကာယောဇနာတို့၌ "ပုဗ္ဗေ"ဟု သိ္မံဝိဘတ်ဖြင့် ဖွင့်ပုံကိုထောက်၍ဤ "ပုဗ္ဗံ" တို့လည်း သတ္တမီအနက်၌ ဒုတိယာသက်သည်-ဟု ကြံလိုက်သည်၊ ဤကမ္မဓာရဲအခန်း၌ ပြသော ရူပသိဒ္ဓိအလိုမှ "ပုဗ္ဗံ"၌ ပဌမာဝိဘတ် ကြံလိုဟန်တူ၏၊ ဘာ့ကြောင့်နည်း....

www.dhammaransi.com



အရပ်၊.... ပဟာရော-ပုတ်ခတ်ခြင်း၊ ပရာဘဝေါ- ပျက်စီးခြင်း၊ ဝိဟာရော-ကျောင်း၊ အာဟာရော-ရှေးရှု ဆောင်ခြင်း၊ ဥပဟာရော-ပူဇော်ခြင်း၊ ဣစ္စာဒိ.... ကမ္မဓာရယော (နိဋ္ဌိတော)။

(၃၄၇) အထ-ကမ္မဓာရဲ သမာသ်၏အခြားမဲ့၌၊ ဒိဂုသမာသော ဝုစ္စတေ၊ တယော-၃-ပါးကုန်သော၊ လောကာ-လောကတို့ကို၊ သမာဟဋာ (စိတ္တေန သမ္ပိဏ္ဍိတာ)-စိတ်ဖြင့် ပေါင်းအပ်ကုန်၏၊ ဣတိအတ္ထေဝါ-၌ရင်း၊ တိဏ္ဏံ လောကာနံ-တို့၏၊ သမာဟာရော-အပေါင်းတည်း၊ ဣတိအတ္ထေဝါ-ရင်း၊ [ကမ္မဓာရယသမာသော၌ စပ်။]နာမာနံ သမာသော ယုတ္တတ္ထောတိ-သုတ်သည်၊ ဝတ္တမာနေ-သော်၊ ဒွိပဒေတျာဒိနာ-ဒွိပဒေ အစရှိသော သုတ်ဖြင့်၊ ကမ္မဓာရယ သမာသော-မှည့်၊ တတော-ထိုမှ နောက်၌၊ သမာသ သညာယံ-ကိုရင်း၊

---

အကယ်၍ ဒုတိယာဝိဘတ် မှန်လျှင် "အန္တံ့ အတိက္ကန္တံ့ အစ္စန္တံ့"စသည်ကဲ့သို့ တပ္ပုရိသ် ခဏ်း ရုပ်အဆန်းတွင် ပြသင့်သောကြောင့်တည်း၊ [သဒ္ဒနီတိ၌ကား ဤ "ဒိဋ္ဌပုဗ္ဗံ" စသည်ကို တပ္ပုရိသ်ဟုပင် ဆို၏၊ "ပုဗ္ဗေ ဒိဋ္ဌော"စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြု၍ "ပုဗ္ဗဒိဋ္ဌ"ဟု ပြီးပြီးမှ ရှေ့နောက်ပြန်၍ "ဒိဋ္ဌပုဗ္ဗ"ဟု ပြီးစေ၏၊ ဤအလို သမာသ် ၆-ပါးတွင် တပ္ပုရိသ်၌ တိုက်ရိုက် ပါဝင်နိုင်သောကြောင့် သာ၍ ကောင်းသကဲ့သို့ ထင်သည်။]

**ပဟာရော၊ပေ၊ဥပဟာရော**—ပဥပသာရ စသည်နှင့် ဟာရစသော ကိတ်နာမ်ကို သမာသ် စပ်ထားသော သမာသ်ပုဒ်များပင်တည်း၊ ပပုဗ္ဗ ဟာရဓာတ်ဖြစ်၍ "ပ+ဟရ" တည်၊ ပ နောင် သိသက်, ဟရနောင် ဘာဝေစသုတ်ဖြင့် ဏပစ္စည်းသက်,ကာရိတ်မှည့်, ဏအနုဗန်ချေ, ဟ ၌ ဝုဒ္ဓိပြု၊ နာမ်ငဲ့, သိ ညြပြု၊ သဗ္ဗာသမာဝုသောဖြင့် ပ နောင်သိချေ၊ (ပ+ဟာရော) ပဟာရဏံ-ပုတ်ခတ်ခြင်း၊ ဣတိအတ္ထေ-၌၊ "နာမာနံ သမာသော" ဟူသော ယောဂဝိဘာဂဖြင့် သမာသ် မှည့်, ဝိဘတ် ချေ, နာမ် ထပ်၍ ငဲ့၊ သိ ညြပြု၊ ပရာဘဝေါ စသည့်တို့လည်း နည်းတူ။

**မှတ်ချက်**။ ။ဤ သမာသ်များ၌ "ဒိဋ္ဌပုဗ္ဗောတျာဒီသုပိ ကမ္မဓာရယာဒိလက္ခဏာ ဘာဝါ ယောဂဝိဘာဂေန သမာသော"ဟူသောဋီကာကို မှီး၍ "နာမာနံ သမာသော" ယောဂဝိဘာဂဖြင့် သမာသ်အမည် မှည့်ခဲ့သည်၊ သို့သော် "ဒိဋ္ဌနှင့် ပုဗ္ဗ"စသည်တို့သည် ကမ္မဓာရဲစသော လက္ခဏာမရှိသော်လည်း (ယုတ္တတ္ထ) ပေါင်းစပ်အပ်သောအနက်ကား ရှိကြ၏၊ ပနှင့် ဟာရစသည်တို့လည်း ယုတ္တတ္ထဖြစ်ရုံမက—၂-ပုဒ်လုံးပင် "ပုတ်ခတ်ခြင်း" စသောအနက်ကို ဟောကြ၏၊ ထို့ကြောင့် "ဒိဋ္ဌပုဗ္ဗာ"စသည်၌ "နာမာနံ သမာသော ယုတ္တတ္ထော"တသုတ်လုံးဖြင့်ပင် သမာသ်မှည့်နိုင်၍ ပဟာရောစသည်၌မူ "ပါဒိပုဗ္ဗပဒ" ကမ္မဓာရဲ ရိုးရိုးပင်ဟု ထင်သည်၊ စဉ်းစားကြပါကုန်။

www.dhammaransi.com



ဝိဘတ္တိလောပေ-ကိုရင်း၊ ကတေ-သော်၊ [“ဒိဂုသညော ဟောတိ”၌ စပ်။] ကမ္မဓာရယောတိ, ဝတ္တတေ။

သင်္ချာ ပုဗ္ဗော ဒိဂု။ ။သင်္ချာပုဗ္ဗော၊ ပေ၊ဟောတိ၊ ဒွေ-၂-ကောင်ကုန်သော၊ ဂါဝေါ-တို့တည်း၊ ဒိဂု-၂-ကောင်သော နွား၊ ဒိဂုသဒိသတ္တာ-ဒိဂု သဒ္ဒါနှင့် တူသည်၏ အဖြစ်ကြောင့်၊ အယမ္ပိ သမာသော-ကိုလည်း၊ ဒိဂူတိ-ဟူ၍၊ ဝုစ္စတော-၏၊ အထဝါ-ကား၊ သင်္ချာပုဗ္ဗတ္တ နပုံသကေကတ္တသင်္ခါတေဟိ-သင်္ချာ ရှေးရှိသည်၏ အဖြစ်, နပုံလိင် ကေဝုစ်၏ အဖြစ် ဟုဆိုအပ်ကုန်သော၊ ဒွီဟိ-၂-ပါးကုန်သော၊ လက္ခဏေဟိ-လက္ခဏာတို့ဖြင့်၊

---

## ဒိဂုသမာသ်

(၃၄၇) တယော၊ပေ၊အစ္ဆေ—သမာဟာရ,အသမာဟာရ ဒိဂု ၂-မျိုးတွင် သမာဟာရ ဒိဂု ဖြစ်ကြောင်းကို သိစေလို၍ “သမာဟဋာ”ဟု ထည့်သည်၊ပေါင်းခြင်းဟူသည်လည်း လက်ဖြင့် ယူ၍ ပေါင်းခြင်းမဟုတ်, စိတ်ဖြင့် ပေါင်းခြင်းဟု သိစေလို၍ သမာဟဋာကို “စိတ္တေန သမ္ပိဏ္ဍိတာ”ဟု ထပ်၍ဖွင့်သည်၊ ဝိဂ္ဂြိုဟ်ဟူသည် မူလပုဒ်၏ ဆိုလိုရင်း အနက်ကို နားလည်အောင် ဖွင့်ပြသော ဝါကျ တမျိုးတည်း၊ ထို့ကြောင့် “တယော+လောကာ သမာဟဋာ”ဟုရင်း,“တိဏ္ဏံ လောကာနံ သမာဟာရော”ဟုရင်း ၂-နည်း ဝိဂ္ဂြိုဟ်ပြသည်၊ ကွင်းအမိပ္ပါယ်များကို အခြေပြု သဒ္ဒါ၌ပင် ပြထားပြီ။

နာမာနံ၊ပေ၊ပကတိဘာဝေစ ကတေ—ရုပ်တွက်သည့်အခါ “တိ+လောက” တည်၊ [သမာဟဋာလည့်၍ရုပ်တည်ရိုး မရှိကြ။] “တယော+လောကာ”ဟု ဝါကျဖြစ်၏၊ ဝိဂ္ဂြိုဟ်နက်ဆို၊ ဇုတိအစ္ဆေ-၌၊ ဒွိပဒေ စသောသုတ်ဖြင့် သမာသ်စပ်၍ ကမ္မဓာရဲ အမည်မှည့်၊ သမာသ် အမည်မှည့်, ဝိဘတ်ချေ, “တိ+လောက”ဟု ပကတိပြု၊ ဤတိုင်အောင် ရုပ်တွက်ပုံအစဉ်ကို ပြလို၍ “နာမာနံ၊ပေ၊ကတေ”ဟု မိန့်သည်။

ဒွေဂါဝေါ၊ပေ၊ဒိဂူတိ ဝုစ္စော—“ဒွေ+ဂါဝေါ,ဒိဂု”ဖြင့် ဒိဂုသမာသ်ကိုမပြသေး၊ ဒိဂုသဒ္ဒါကိုသာ ပြသည်၊ ထိုဒိဂုသဒ္ဒါ၌ “ဒွိ+ဂေါ”ဟု တည်၊ ယော ၂ လုံး သက်၍ “ဒွေ+ဂါဝေါ”ဟု သမာသ် ဝါကျဖြစ်စေ၊ သမာသ်စပ်၍ ကမ္မဓာရဲမှည့်,သမာသ်မှည့်, (သင်္ချာရှေးရှိသောကြောင့်) ဒိဂုလည်းမှည့်,သမာသ်ဝိဘတ်ချေ၊“ဒွိဂေါ”ဟုပကတိပြု၊ (ဒိဂုဏ်ံ ပုဒ်ကဲ့သို့ ဝိသတိ ဒသေသု ဗာဒွိဿတုဉ္စ တုသန္ဓိဖြင့်) ဒွိကို ဒိပြု၊ သရော ရဿော နပုံသကေသုတ်ဖြင့် ဂေါ၌ ဩကို ဥရဿပြု (ဒိဂု)၊ နာမ်ငဲ့ သိဖချေ၊ ဤဒိဂုသဒ္ဒါသည် ဒွိဟူသော သင်္ချာလည်း ရှေးရှိ, ဒွိနှင့် ဂေါတို့ ဒ္ဒနက် အရတူသော ကမ္မဓာရဲလည်း ဖြစ်၏၊ ထိုကဲ့သို့ သင်္ချာလည်း ရှေးရှိ—အနက် ဒ္ဒရလည်း တူသော ကမ္မဓာရဲ ဟူသမျှလည်း ဒိဂု သဒ္ဒါနှင့် တူရကား“ဒိဂု ဝိယာတိ ဒိဂု”ဟု ဥပမာ တဒ္ဓိတ်ပြု၍ ဒိဂု အမည် ရသည်။

www.dhammaransi.com



ဂတော(အဝဂတော)-သိအပ်၏၊ဣတိ ဒိဂူတိ-ဟူ၍၊ ဝုစ္စတိ-၏၊ ဝါ-တနည်း၊ ဒွိဟိလက္ခဏေဟိ-တို့ဖြင့်၊ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ, ဒိဂု-မည်၏၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊[တနည်း၊ ဧတ္ထ-ဤသမာသ်၌၊] သင်္ချာ ပုဗ္ဗောတိ-ဟူ၍၊ ဝုတ္တတ္တာ-ကြောင့်၊ သင်္ချာ သဒ္ဒဿေဝ-သင်္ချာ သဒ္ဒါ၏သာ၊ ပုဗ္ဗ-နိပါတော-ရှေ့၌ ကျခြင်းသည်၊ (ဟောတိ၊) ဥဘော တပ္ပုရိသာတိ-သုတ်ဖြင့်၊ တပ္ပုရိသသညာ-သည်။ (ဟောတိ)။

(၃၄၈) နပုံသက လိင်္ဂေါတိ ဝတ္တတေ။

**ဒိဂုဿေကတ္တံ**။ ။ဒိဂုဿ သမာသဿ၊ပေ၊ဟောတိ၊ ဧတံ-ဤသုတ်သည်၊ [သီဠ၌“ဣဒံ”ဟုရှိ၏၊] သမာဟာရဒိဂုဿ-ကို၊ ဂဟဏံ-ယူကြောင်း သုတ်တည်း၊ တတ္ထ-ထို သမာဟာရဒိဂု၌၊ သဗ္ဗတ္ထ-အလုံးစုံသော ဝိဘတ်တို့၌၊ ဧကဝစနမေဝ

---

**အထဝါ,သင်္ချာပုဗ္ဗ၊ပေ၊ဒိဂူတိ ဝုစ္စတိ**—ဤနည်း၌ ဒိဂုသမာသ်ကိုပင် ဒိဂု ဟု တိုက်ရိုက် အမည်ပြုသည်၊ ဒွိသဒ္ဒါုပ ပဒ ဂမုဓာတ်,ပါရာဒိဂဏမှာ ရှုသုတ်ဖြင့် ရူပစ္စည်း, ရမ္ဗိရနေ္တာရာဒိနော သုတ်ဖြင့် ရ် အနုဗန်နှင့်တကွ ဓာတွန်(မ်)ကိုချေ, ဂ် ခွင်း,ချေ, ကပ်(ဒိဂူ)ဒိဂု ဟူသော ဤနိပါတနဖြင့် ဦကို ရဿပြု, (ပဌမနည်းအတိုင်း) ဒွိကို ဒိ ပြု, နာမ်ငဲ့ စသည် စီရင်၍“ဒိဂု”ဟု ကိတ်ပုဒ် ဖြစ်၏၊ ဒွိဟိ—(သင်္ချာ ရှေ့ရှိခြင်း လက္ခဏာ,နပုန်း ကေတ်ဖြစ်ခြင်းလက္ခဏာဟူသော) ၂—ပါးသော လက္ခဏာတို့ဖြင့်၊ ဂမိယတိ(အဝဂမီယတိ)—သိအပ်၏၊ဝါ-မှတ်အပ်၏၊ဣတိ—သို့ကြောင့်၊ဒိဂု-မည်၏၊ လက္ခဏာ ၂—ပါးဖြင့် သိအပ် မှတ်သားအပ်သောကြောင့် “ဒိဂု”မည်သည်—ဟူလို။

**ဒွိဟိဝါ၊ပေ၊ဒိဂု**— ဤ တတိယ နည်းကား ဒုတိယနည်းနှင့် ပုဒ်ပြီးပုံ မထူးပြီ၊ ဒုတိယ နည်း၌ ဂမုဓာတ်သည် သိခြင်း အနက်ဟောတည်း၊ ဤနည်း၌ ဂမုဓာတ်ကား ဖြစ်ခြင်းအနက်ဟောတည်း၊“ယေဂတျတ္ထာ,တေဗုဒ္ဓျတ္ထာ,ပဝတ္တိပါပုဏတ္ထကာ=အကြင် ဓာတ်တို့သည် ဂတိအနက် ရှိကုန်၏၊ ထိုဓာတ်တို့သည် သိခြင်းအနက်လည်း ရှိကုန်၏၊ ဖြစ်ခြင်း ရောက်ခြင်းအနက်လည်း ရှိကုန်၏”နှင့် အညီ ဒိဂု၌ ဂမုဓာတ်ကို ဗုဒ္ဓိ—ပဝတ္တိ ၂—နက် ခွဲ၍ ၂—နဲ့ ပြခြင်းဖြစ်သည်၊ ထိုစကားမှန်၏—ဒုတိယနည်းဝယ် ဂတောကို “အဝဂတော”ဟု ဖွင့်ရာ၌ “အဝဂတော—သိအပ်၏”ဟု ဗုဒ္ဓိအနက် ပေးရသည်၊ တတိယနည်းဝယ် ဂစ္ဆတိကို “ပဝတ္တတိ”ဟုဖွင့်ရာ၌လည်း ဂမုဓာတ်၏ ပဝတ္တိအနက် ဖြစ်ကြောင်း ထင်ရှားသည်။ [ဤ ဒုတိယ တတိယနည်း၌ ပြအပ်သော ဒိဂု အမည်သည် (နပုံး ကေတ် လက္ခဏာက အသမာဟာရ ဒိဂု၌ မရှိသောကြောင့်) ယေဘုယျနည်း အားဖြင့် ရအပ်သော အမည်တည်း—ဟု မှတ်။]

(၃၄၈) **သမာဟာရ၊ပေ၊ဒဿေတိ**—ဤသုတ်သည် သမာဟာရ ဒိဂုကို ယူကြောင်း(စီရင်ကြောင်း) ဝိဓိသုတ်တည်း၊ ထို့ကြောင့် တိလောကကို ဤသုတ်ဖြင့် နပုံလိန် ကေတ္တကို စီရင်၊ ဤသုတ်သည် နပုံလိန် ကေဝုစ်အဖြစ်ကို ငဲ့ညွှန်းသော အကို

www.dhammaransi.com



ဟောတိ၊ အညတြပန–အခြားသော အသမာဟာရဒိဂုဦကား၊ ဗဟုဝစနမွိ–ဗဟုဝုစ်လည်းရှိ၏၊[အပိဖြင့် ကေဝုစ်ရှိကြောင်းကို ပေါင်းသည်။] နာမ ဗျပဒေသ သျှာဒျူပ္ပတ္တိ အမာဒေသာဒိ–နာမ်ငဲ့ခြင်း, သိ အစရှိသော ဝိဘတ်သက်ခြင်း, အံ အပြု အစရှိသော အစီအရင်သည်၊ (ဟောတိ)၊ တိလောကံ–၃ ပါးသော လောက၊ ဟေတိလောက–အို ၃–ပါးသောလောက၊၊ ပေ၊ တိလောကသို–၌။

ဝေံ–တူ၊ တယော–၃ ချောင်းကုန်သော၊ ဒဏ္ဍာ–တုတ်တို့တည်း၊ တိဒဏ္ဍံ–တုတ်၊ တီဏိ–၃ ခုကုန်သော၊ မလာနိ–အညစ်အကြေးတို့ကို၊ သမာဟဋာနိ–ကုန်၏၊ ဝါ,တိဏ္ဏံမလာနံ သမာဟာရော–တည်း၊ ဣတိ, တိမလံ၊ တိလက္ခဏံ–၃ ပါးသောလက္ခဏာ၊ စတုသစ္စံ–၄ ပါးသောသစ္စာ၊[သဥ္ဒဒွေဘော်]စတသ္သော ဒိသာ, စတုဒ္ဒိသံ–၄ ပါးသောအရပ်၊ သရောရသော နပုံသကေတိ–သုတ်ဖြင့်၊ ရဿတ္တံ၊ ပဉ္စသိက္ခာပဒံ–၅ ပါးသော သိက္ခာပုဒ်၊ သဠာယတနံ–၆ ပါးသော

ဒေသသုတ်ဟုရင်း,အတိဒေသ ၆–မျိုးတွင်လည်း နပုံလိန်ကေဝုစ် အရာ၌ စီရင်သကဲ့သို့ စီရင်ဘို့ရန် ကာရိယာတိဒေသသုတ် ဟုရင်း ဆိုကြသေး၏၊ ထိုတွင် နပုံလိန် ဖြစ်အောင် ငဲ့ညွှန်းသော သုတ်ဖြစ်ကြောင်းကို မည်သည့် ကျမ်းကမျှ မဆို၊ အများ အားကိုးသော နိဒ္ဒေသဉ်သော်မှလည်း "ကေတ္တမိဝ ဟောတိ, နပုံသကလိင်္ဂတ္တဉ္စ ဟောတိ"ဟု ကေတ် အဖြစ်ကိုသာ ငဲ့ညွှန်းပုံကို (ဇူဝသဒ္ဒါဖြင့်) ပြ၍ နပုံလိန်အဖြစ်၌ကား ငဲ့ညွှန်းပုံကို မပြချေ၊ ထို ကေတ်အဖြစ်လည်း ငဲ့ညွှန်းနေဘွယ်မလို၊ ဝဒန္တပုဂ္ဂိုလ်က လောက ၃–ပါးကို တပေါင်းတစု (သမာဟာရ) ပြု၍ ရွတ်ဆိုလိုလျှင် "ကေမှိ ဝတ္တဗ္ဗေ ကေဝစနံ"ဟု ပြခဲ့သော ပရိဘာသာနှင့် အညီ ဝဒန္တ ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ကေတ္တ ဖြစ်ရ တော့သည်၊ ထို့ကြောင့် ဤသုတ်သည် ကေတ္တ နပုံသကတ္တကို စီရင်သော ဝိဓိသုတ်သာ ဖြစ်သင့်သည်၊ ["ဒိဂု ကေဝစနံ"–ပါဏိနီသုတ်၊ "ဒိဂုသမာသော ကေဝစနံ ဘဝတိ ၊ပေ၊ တဒနေန ပကာရေန ဒိဂုတ္တဿ ကေတ္တဘာဝေါ ဝိဓိယတေ"—ကာသိကာဝုတ္တိ၊ ဤသို့ "ကေတ္တဘာဝေါ ဝိဓိယတေ"ဟု ဝိဓိသုတ်ဖြစ်ကြောင်း ထင်ရှားသော စကား လုံးကို ပြထားပါလျက် ထိုဝုတ္တိ၏ ဋီကာ၌မူ အတိဒေသသုတ် ဖြစ်အောင် ဆွဲငင် ဖွင့်ပြ သွားလေသည်။]

**ဝေံ၊ပေ၊သတယောဇနံ**—ဝေံဖြင့်"တယော ဒဏ္ဍာ သမာ ဟဋာ (တိဏ္ဏံ ဒဏ္ဍာနံ သမာဟာရော)"စသော ဝိဂ္ဂြိုဟ်,သမာသ်စပ်ပုံ စသော အစီအစဉ်,နပုံလိန်နှင့် ဝိဘတ် အားလုံး၌ပင် ကေဝုစ် ရုပ်ချည်း ရှိရပုံများကို ညွှန်ပြသည်၊ တိမလံ၌ကား "တီဏိ" စသည်ဖြင့် နပုံလိန် ဝိဂ္ဂြိုဟ် ပြုရ၍ အနည်းငယ်ထူးသောကြောင့် ထပ်၍ ဝိဂ္ဂြိုဟ်ပြုသည်၊ တိလက္ခဏံ စတုသစ္စံတို့၌လည်း နပုံလိန်ဝိဂ္ဂြိုဟ်ပြု၊ စတုဒ္ဒိသံ၌ကား ဒိသာပုဒ်က ဣတ္ထိလိန် ဖြစ်၍ ဝိဂ္ဂြိုဟ် တမျိုး ပြုရပြန်သည်၊ "စတု+ဒိသာ"ဟု ပကတိ ပြုပြီးသည့် အခါ၌သာ

www.dhammaransi.com



အာယတန၊ သတ္တာဟံ-၇ ရက်၊ အဋ္ဌသီလံ-၈ ပါးသီလ၊ နဝလောကုတ္တရံ-၉ ပါးသော လောကုတ္တရာ၊ ဒသသီလံ-ဆယ်ပါးသီလ၊ သတယောဇနံ-တရာသော ယူဇနာ။

တထာ-ထိုမှတပါး၊ ဒွေ-သော၊ ရတ္တိယော-တို့၊ ဒွိရတ္တံ-၂ ညဉ့်၊ တိသော ရတ္တိယော, တိရတ္တံ-၃ ညဉ့်၊ ဒွေ အင်္ဂုလိယော, ဒွင်္ဂုလံ-၂ ခုသော လက်ချောင်း၊ ဝါ-လက် ၂ သစ်၊ [သီဠ် "တိဝင်္ဂုလံ-၃ လက်သစ်"ဟုလည်း ရှိ၏၊] သတ္တ-၇ စင်းကုန်သော၊ ဂေါဒါဝရိယော-ဂေါဒါဝရီမြစ်တို့၊ ဝါ,တာသံ-ထို ၇ စင်းသော ဂေါဒါဝရီမြစ်တို့၏၊ သမာဟာရော-တည်း၊ ဣတိ,သတ္တဂေါဒါဝရံ-မည်၏။

(၃၄၉) စ-ဆက်၊ ဧတ္ထ-၌ ဒွိရတ္တံ စသော ပြယုဂ်တို့၌၊ ရတ္တိအင်္ဂုလိ ဂေါဒါဝရီနံ-ရတ္တိ, အင်္ဂုလိ, ဂေါဒါဝရီသဒ္ဒါတို့၏၊ အန္တဿ-အဆုံး သရ၏၊ ["အကာရော ဟောတိ"၌ စပ်။]

**ကွစိ သမာသန္တဂတာန မကာရန္တော**။ ။တော်(သီဠ်"ဣဒံ")-၌သုတ်သည်၊ ရာဇာဒိဂဏဿ-ရာဇာဒိဂိုဏ်းကို၊ ဂဟဏံ-ယူကြောင်းသုတ်တည်း၊ တေန-ထို့ကြောင့်၊ သမာသန္တဂတာနံ-သမာသ်ပုဒ်၏ အဆုံး၌ တည်ကုန်သော၊ ရာဇာဒီနံ-ရာဇာအစရှိကုန်သော၊ နာမာနံ-နာမ်တို့၏၊ အန္တော-အဆုံးသရသည်၊

---

ရဿပြု၊ ["စတု ဆန္ဒင့်, သန္တက်ုပြု, သဖျည်းစုနောက်, ဒွေဘော်ရောက်၏။"] "ပဥ္စသိက္ခာပဒံ"စသည်၌ သချာ အစဉ်အတိုင်း (အနည်းသချာမှ အများသချာ တက်၍) ပုံစံပြထားသည်၊ "ပဥ္စ+သိက္ခာပဒါနိ၊ ပေ၊ နဝ+လောကုတ္တရာ, ဒသ+သီလာနိ, သတံ+ယောဇနာနိ"ဟုဝိဂြိုဟ်ပြု၊ ["ဆ+အာယတန"ဟု ဖြစ်သည့်အခါ "သ ဆဿဝါ"သုတ်ဖြင့် ဆ ကို သ ပြု, ယဝမဒနဖြင့်(ဠ)လာ, သဠာယတန-ဟု ဖြစ်၏။]

**တထာ ဒွေရတ္တိယော၊ ပေ၊ ဧတ္ထစ**—ဒွိရတ္တံ စသော ပြယုဂ်တို့၌ ရုပ်ပြီးပုံမှာ "တိလောကံ"တို့နှင့် မတူတတ်၍ "တထာ-ထိုမှ တပါး"ဟု ဆိုပြီးလျှင် ထို မတူခြင်းမှာလည်း "ဒွိရတ္တိ"စသည်ဖြင့် ပကတိ ပြုပြီးသောအခါ ရတ္တိ-အင်္ဂုလိ-ဂေါဒါဝရီမှ "ရတ္တ-အင်္ဂုလ-ဂေါဒါဝရ"ဖြစ်အောင် စီရင်ရခြင်းပင်ဖြစ်၏၊ ထို့ကြောင့် ထိုကဲ့သို့ စီရင်ရပုံကို ပြလိုရကား "ဧတ္ထစ"စသည်ကို မိန့်သည်။

(၃၄၉) **ရာဇာဒိ ဂဏဿေတံ ဂဟဏံ**—သမာသန္တဂတနာမ်ဟူရာဝယ် (တွေ့ရာ မြင်ရာ နာမ်အားလုံးကို ယူရမည်မဟုတ်) ရာဇာဒိဂိုဏ်းဝင်နာမ်များကိုသာယူရမည်-ဟု သိစေလိုသောကြောင့်"ရာဇာဒိဂဏဿေတံ ဂဟဏံ"ဟုမိန့်သည်၊ ထို့ကြောင့်"တော်-၌သုတ်သည်"ဟူရာ၌သုတ်၌ပါဝင်သော"သမာသန္တဂတာနံ"ကိုဆိုသည်ဟု-မှတ်၊ ရာဇာဒိဂိုဏ်း ဟူသည်လည်း နာမ် ၁၃-ဂိုဏ်းတွင် ပါဝင်သော ရာဇာဒိဂိုဏ်း မဟုတ်၊ ကလာပ်ကျမ်း၌"သမာသန္တဂတာနံ ရာဇာဒီနမဒန္တတာ"ဟု တခွိတ်ခဏ်းဝယ် သုတ်

www.dhammaransi.com



ကွစိ-၌၊ အကာရော-အ အပြုသည်၊ ဟောတိ၊ ဣတိအတ္ထော-ဤအနက်သည်၊ (ဟောတိ)၊ ကာရဂ္ဂဟဏေန-ဖြင့်၊ ဗဟုဗ္ဗီဟာဒိမှိ-ဗဟုဗ္ဗီဟိ အစရှိသော သမာသ်၌၊ သမာသန္တေ-သမာသ်အဆုံး၌၊ ကွစိ,ကပစ္စယောစ-က ပစ္စည်းသည်ရင်း၊ [သီ၌ "ဟောတိ"မပါ "ကပစ္စယောစ"ဟု သာရှိသည်၊] သုရဘိ သုဒုပုတီဟိ-သုရဘိ, သု, ဒု, ပုတိသဒ္ဒါတို့မှ နောက်၌၊ ဂန္ဓန္တဿ-ဂန္ဓသဒ္ဒါ၏ အဆုံးသရ၏၊ ဣကာရောစ-ဣ အပြုသည်ရင်း၊ (ဟောတိ)။

အထဝါ-ကား၊ အစ-အလည်း။ ကောစ-ကလည်း၊ အ,ကာ-အ,ကတို့၊ ရကာရော-ရ အက္ခရာသည်၊ ပဒသန္ဓိကရော-ပုဒ်စပ်ခြင်းကို ပြုတတ်၏၊ တေန-ထို့ကြောင့်၊ ကွစိ,သမာသန္တဂတာနံ-သမာသ်ပုဒ်အဆုံး၌ တည်သောနာမ်တို့၏၊ အန္တော-အဆုံးသည်၊ ဟုတွာ-ဖြစ်၍၊ အ က ဣတိ-အ,က ဟူကုန်သော၊ ဧတေ ပစ္စယာ-ဟောန္တိ,ဣတိ အတ္ထော၊ တေန-ထို့ကြောင့်၊ ပဥ္စ-ကုန်သော၊ ဂါဝေါ-တို့ကို၊ သမာဟဋာ-အပ်ကုန်၏၊ ဣတိ အတ္ထေ-၌၊ သမာသာဒိ-သမာသ် အစရှိသည်ကို၊ ကတ္វာ-ပြုပြီး၍၊ သမာသန္တေ-သမာသ်အဆုံး၌၊ အပစ္စယေ-အပစ္စည်း

---

တည်၍ သုတ်ငယ် (၅၉) သုတ်ကိုပြထား၏၊ ထိုသုတ်များ၌ ရာဇ-အဟ-သခ စသည်တို့အပြင် "အင်္ဂုလိ-ရတ္တိ-ဘူမိ-ဂိရိ-နဒီ-ဂေါဒါဝရီ-ပုဏ္ဏမာသီ"စသောဣတ္ထိလိင်သဒ္ဒါများကိုလည်း ရာဇာဒိဂဏ၌ပြထား၏၊ ဘာ့ကြောင့် ထိုသဒ္ဒါများကို ရာဇာဒိဂဏ၌ ပြထားသနည်း-ဟူမူ၊ သမာသ်ပုဒ်ဖြစ်သည့်အခါ "အင်္ဂုလံ-ဒွိရတ္တံ-တိဘူမံ-ပဉ္စနဒံ-သတ္တဂေါဒါဝရံ [ဥပဂိရံ-ဥပပုဏ္ဏမာသံ ဤ၂-ပုဒ်ကား အဗျယီဘောတည်း၊] "ဝိသာလက္ခော [ဗဟုဗ္ဗီဟိ]-ပဥ္စဂဝံ" စသည်ဖြင့် သမာသန္တဂတ နာမ်၏ အဆုံးသရကို (အ) ပြု၍ဖြစ်စေ-အ ပစ္စည်းသက်၍ဖြစ်စေ ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် ရာဇနှင့် တူသောကြောင့်ရာဇာဒိဂဏ၌ သွင်းပြရသည်၊ ထို့ကြောင့် ဋီကာ၌လည်း "ရာဇာဒိဂဏဿ အာကတိဂဏတ္တာ (ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် တူသော သဒ္ဒါအပေါင်း၏ အဖြစ်ကြောင့်) ဒိရတ္တာဒီသုပိ အပစ္စယော"ဟု မိန့်သည်၊ ဤ ရာဇာဒိဂဏ ဖြစ်သည့်အခါ နာမ် ၁၃-ဂိုဏ်းတွင်ကား ပုလ္လိန်ဖြစ်လျှင် ပုရိသာဒိ-နပုလ္လိန် ဖြစ်လျှင် စိတ္တာဒိ၌ ပါဝင်ကြရမည်။

တေန၊ ပေ၊ အ ကာရော၊ ပေ၊ ဂန္ဓဿိကာရောစ—ဤနည်း၌ သမာသန္တဂတ နာမ်တို့၏ အဆုံးသရကို (ရတ္တိ—အင်္ဂုလိ—ဂေါဒါဝရီတို့၏ ဣ ဤ ကို) အပြု၊ "ဂဘာနမကာရန္တော"၌ ကာရ သဒ္ဒါ မထည့်ဘဲ "ဂတာနမန္တော"ဟု သုတ်တည်လျှင် ပြီးသင့်လျက် ကာရ သဒ္ဒါပိုခြင်း၏ အနက်ပိုကို ပြလိုသောကြောင့် "ကာရဂ္ဂဟဏေန"စသည် မိန့်၊ ကာရ သဒ္ဒါပိုဖြင့် ဗဟုဗ္ဗီဟိ သမာသ်စသည်၌ သမာသ် အဆုံးဝယ် အချို့၌ က ပစ္စည်းသက်ရခြင်း, သုရဘိ စသည်နောင် ဂန္ဓသဒ္ဒါရှိ၏၊ ထိုဂန္ဓသဒ္ဒါ၏ အဆုံး (အ) ကို ဣ ပြုရခြင်း အကျိုးရှိသည်—ဟူလို။

www.dhammaransi.com



ကိုဋ္ဌင်း၊ ဩသရေစာတိ-ဩသရေစသုတ်ဖြင့်၊ အဝါဒေသေ-အဝအပြုကိုဋ္ဌင်း၊ ကတေ-သော်၊ ပဥ္စဂဝံတျာဒိစ-ပဥ္စဂဝံအစရှိသော ရုပ်သည်လည်း၊ သိဇ္ဈတိ-ပြီး၏၊ဒွိရတ္တံတျာဒီသု ပန-ဒွိရတ္တံ အစရှိသည်တို့၌ကား၊ အပစ္စယေ-ကို၊ ကတေ-သော်၊ ပုဗ္ဗသရဿ-၏၊ သရလောပေါတျာဒိနာ-ဖြင့်၊ လောပေါ(ဟောတိ)။

အသမာဟာရဒိဂု-သည်၊ယထာ-နည်း၊ ဧကောစ-တယောက်လည်းဟုတ်၏၊ သော-သည်၊ ပုဂ္ဂလောစ-ပုဂ္ဂိုလ်လည်း ဟုတ်၏၊ ဣတိ,ဧကပုဂ္ဂလော၊ ဧဝံ, ဧကဓမ္မော-တပါးသော တရား၊ ဧကပုတ္တော-တယောက်ထည်းသော သား၊

---

**အထဝါ,အစ၊ပေ၊ဟောန္တိ တျတ္ထော**—ရှေးနည်း၌အကာရန္တောကို"အကာရော+အန္တော"ဟု ပုဒ်ဖြတ်ခဲ့၏၊ ဤနည်း၌ကား ထိုသို့ ပုဒ်မဖြတ်ဘဲ "အကာ+အန္တော"ဟု ပုဒ်ဖြတ်၍"ရ အက္ခရာမှာ ယဝမဒနဖြင့် လာသော အာဂမသန္ဓိ တည်း"ဟု ကြံသည်၊ အကာကို"အစ+ကစ,အကာ"ဟု ဒွန်သမာသ်တွဲ၍"အ+က"ပစ္စည်း ၂-ခုဟု မှတ်၊ ဤနည်းအလို "သမာသန္တဂတာနံ-သမာသ်ပုဒ်၏ အဆုံး၌ တည်သော (ရာဇ-ရတ္တိ အစရှိသော) နာမ်တို့၏၊ အန္တော-အဆုံးဖြစ်၍၊ အကာ—အပစ္စည်း, ကပစ္စည်းတို့သည်၊ ဟောန္တိ"ဟု သုတ်နက်ဆို။

**ဧတေန ပဥ္စ+ဂါဝေါ၊ပေ၊တျာဒိစ သိဇ္ဈတိ**—ဤစကားကား "အထဝါ" စသော ဒုတိယ တနည်းကြံရခြင်း၏ လဒ္ဓဂုဏ် (အကျိုးရ)ကို ပြသော စကားတည်း၊ အကာ၌ "အပစ္စည်း, ကပစ္စည်း"ဟု တနည်းကြံခြင်းကြောင့် "ပဥ္စဂဝံ"စသော ရုပ်များပြီးနိုင်ခြင်းအကျိုးကိုရသည်-ဟူလို၊ထင်ရှားစေအံ့—"ပဥ္စဂါဝေါသမာဟဋာ" ဟူသော အနက်၌ "ပဥ္စ+ဂါဝေါ"ကို သမာသ်စသည်စီရင် "ကွစိသမာသန္တဂတာန မကာရန္တော"သုတ်ဖြင့် နောက်နည်း အတိုင်း အ ပစ္စည်းသက်၊ ဩသရေစသုတ်ဖြင့် ဂေါ၏ ဩကို "အဝ"ပြု၍, ဝိ ခွင်း, ချေ, ကပ်, နာမ်ငဲ့, သိ အံပြုလျှင်"ပဥ္စဂဝံ"ပြီး၏၊ အ ပစ္စည်း မသက်ဘဲ ပဌမနည်းအတိုင်း သမာသန္တဂတ ဂေါ၏ အဆုံး ဩကို (အ) ပြုလျှင်ကား "ပဥ္စဂ"ဟုသာ ပြီးလိမ့်မည်—ဟူလို၊ ဤသို့ ပဥ္စဂဝံစသော ရုပ်များ ပဌမ နည်းဖြင့် မပြီးနိုင်သောကြောင့် "အထဝါ"စသည်တက်၍ တနည်း မိန့်မြွက်ရသည်၊ "ဒွေ+ဘူမိယော ယဿ" ဟူသော ဗဟုဗ္ဗီဟိ၌လည်း ဒွိဘူမိ နောင် ဤသုတ်ဖြင့် အ ပစ္စည်း သက်မှ "ဒွိဘူမော-ဘုံ ၂-ဆင့်ရှိသော ပြာသာဒ်"ဟု ပြီးနိုင်သည်။

**ဒွိရတ္တံ တျာဒီသု၊ပေ၊လောပေါ**—[တိရတ္တံ တျာဒီသု ဟု ရှိသည်ကားမကောင်း၊ ဒွိရတ္တံ တိရတ္တံ ဟု ၂-မျိုးပြဲခဲ့သောကြောင့် ဒွိရတ္တံ တျာဒီသု ဟုရှိရမည်၊] ဒွိရတ္တံ စသည်၌လည်း ဒုတိယနည်းအလို အ ပစ္စည်းသက်, ရှေ့ ဣသရချေ, နောက် (အ) သို့ ကပ်လျှင် "ဒွိရတ္တ"နာမ်ငဲ့ စသည် ဖြစ်နိုင်၏၊ ဝိသတိ ဒသေသု သုတ်၌ တု ဖြင့် ဒွိ ကို ဒိပြုလျှင် ဒိရတ္တံ ဟုလည်း ဖြစ်၏။

www.dhammaransi.com



တယော-ကုန်သော၊ ဘဝါ-ဘဝတို့၊ တိ ဘဝါ-၃ပါးသော ဘဝတို့၊ [ဤ၌ သမာဟာရဒိဂု မဟုတ်သောကြောင့် "သမာဟဋ္ဌာ"ဟု မထည့်ရ၊] စတဿော ဒိသာ, စတုဒ္ဒိသာ-၄ ပါးသော အရပ်တို့၊ ဒသ သဟဿာ စက္ကဝါဠာနိ-တသောင်းသော စကြာဝဠာတို့၊ ဣစ္စာဒိ။

---

**မှတ်ချက်။** ။ဒုတိယနည်းအလို "ပဉ္စဂဝံ"စသော ရုပ်များ ပြီးနိုင်ရုံမက, နဒိမှာစ သုတ်၌ "က ပစ္စယော ဝတ္တတေ"အရ က ပစ္စည်းလည်း ဖြောင့်မတ်စွာ လိုက်နိုင်တော့သည်၊ပဌမနည်းအလိုဆိုလျှင် သုတ်ရင်းက က ပစ္စည်း မသက်သောကြောင့် က ပစ္စည်း လိုက်ဘို့ ခက်လျက်ရှိ၏၊ ဤဒုတိယနည်း အလိုအားဖြင့် ဂန္ထ သဒ္ဒါ၏ (အ) ကိုကား ဣ မပြုနိုင်ချေ၊ ထို့ကြောင့် ဒုတိယနည်းကို အတည်ပြုလျှင် သုတ်ကြီးဖြင့် ဂန္ထ၏ (အ) ကို ဣ ပြုရလိမ့်မည်။ (ဋီကာအဆို)။

**ပစ္စည်း ဆုံးသော်လည်း သမာသ်ပင်။** ။ဒွိရတ္တံ စသော ရုပ်များ၌ အ ပစ္စည်း သက်၍ ရုပ်ပြီးရလျှင် (ဒွိရတ္တိပုဒ်နှင့် အ ပစ္စည်းစပ်သောကြောင့်) တဒ္ဓိတ်ပုဒ်ဟု မဆိုသင့်ပါလောဟု မေးဘွယ်ရှိ၏၊ အဖြေကား—"ဒွိရတ္တိ"ဟု သမာသ်ပြီး ပြီးမှ အ ပစ္စည်း သက်ရသော်လည်း သစ်ပင်မှ ထွက်သော အညွန့်သည် သစ်ပင်၏ အစိတ် အပိုင်းဖြစ်သကဲ့သို့ သမာသ်မှ ထွက်သော အ ပစ္စည်းလည်း သမာသ်၏ အစိတ်အပိုင်း (သမာသ်တွင် ပါဝင်သော) ပစ္စည်းသာဖြစ်ရမည်၊ [ပလ္လဝိတဿ ရုက္ခဿ ပလ္လဝါန မဝယဝတ္တံ ဝိယ သမာသတော ဥတ္တရကာလံ ဝိဓိယမာနဿ အကာရဿ သမာသာဝယဝတ္တံ နဝိရုဇ္ဈတိ၊ (မောဂ္ဂလ္လာန် ပဉ္စိကာဋီကာ)။]

**သမာသ်တွင်း သွင်းရကျိုး။** ။"သမာသ်တွင်း သွင်းထားသဖြင့်ဘာအကျိုး ရှိသနည်း"ဟူမူ ... အကယ်၍ တဒ္ဓိတ်ဆိုလျှင် ဒွိရတ္တံ စသည်၌ တဒ္ဓိတ် ထုံးစံအတိုင်း လိန် ၃—ပါး ဝုစ် ၂—ပါးဖြစ်ရလိမ့်မည်၊ ဒွိရတ္တံ စသည်ကား ထိုကဲ့သို့ လိန် ၃—ပါး ဝုစ် ၂—ပါးမရှိနိုင်၊ သမာသ်တွင်းသို့ အ ပစ္စည်းကို သွင်းထားခြင်းအကြောင်းကား ဒွိရတ္တံ စသည်တို့ ဒိဂုသမာသ် ထုံးစံအတိုင်း ပါဠိတော်နှင့်ညီစွာ နပုလ္လိန် ဧကဝုစ်သာ ရှိရခြင်း အကျိုးရှိသည်။

[ဆောင်] သမာသ်အပြီးတွင်, ပစ္စည်းဝင်လည်း, သစ်ပင်မှဆက်, ရွက်ညွန့် ထွက်သို့, မပျက်သမာသ်, ခေါ်ဆိုအပ်, မှတ်လေတဒ္ဓိတ် မဆိုနှင့်။

**အသမာဟာရဒိဂုယထာ**—ဤအသမာဟာရဒိဂုကား သချာင်္ချေးရှိခြင်းသာ ထူး၏၊ ကြွင်းသော အစီအရင်မှာ ကမ္မဓာရဲ ရိုးရိုးပင်တည်း၊ ထို့ကြောင့် နောက်ပုဒ်၏ လိန်ဝုစ် အားလျော်စွာ ဧကဝုစ် ဗဟုဝုစ် ၂-မျိုး ဣတ္ထိလိန်စသော လိန် ၃—မျိုးလုံးပင်ရှိနိုင်သည်။ ["စတုဒ္ဒိသ"ပုဒ်သည် သမာဟာရဒိဂု၌လည်း ပါခဲ့၏၊ တိဘဝပုဒ်လည်း ကစ္စည်း၌ "တိဘဝံ"ဟု ဈလာနမိယုဝါ သရေဝါသုတ်ဝယ် သမာဟာရ အဖြစ်ဖြင့် ဧကဝုစ်ပုံစံကို ထုတ်ထား၏၊ထို့ကြောင့် တချို့ပုဒ်များ၌ (ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း) သမာဟာရ-

www.dhammaransi.com



(၃၅၀) အတ-ဒိဂုသမာသ်၏အခြားမဲ့၌၊ တပ္ပုရိသ သမာသော ဝုစ္စတေ၊ သောပန – ထိုတပ္ပုရိသ် သမာသ်သည်ကား၊ ဒုတီယာဒီသု – အစရှိကုန်သော၊ ဆသု,ဝိဘတ္တီသု–ဝိဘတ်အနက်တို့၌၊ ဘာဝတော-ဖြစ်ခြင်းကြောင့်၊ ဆဗ္ဗိဓော၊ တတ္ထ–တွင်၊ ဒုတီယာတပ္ပုရိသော-ဒုတီယာ တပ္ပုရိသ်သည်၊ ဂတ၊ပေ၊ပန္နာဒီဟိ-ဂတ, နိဿိတ, အတီတ, အတိက္ကန္တ, ပတ္တ,အာပန္န အစရှိသော သဒ္ဒါတို့နှင့် တကွ၊ ဘဝတိ–ဖြစ်၏၊ ....သရဏံ–ကိုးကွယ်ခြင်းသို့+ဂတော–ရောက်သူတည်း၊ ဣတိ–သို့၊ ဝိဂ္ဂဟော–သည်၊ (သတိ) [“သမသျန္တေ, တပ္ပုရိသ သညော”တို့၌ စပ်။] တပ္ပုရိသောတိ ဝတ္တတေ။

---

အသမာဟာရ ၂ မျိုးပင် ဖြစ်နိုင်ဟန်တူသည်။] ကေပုဂ္ဂလောဇသော ကေဝုစ် ရုပ်များ၌ ဆိုင်ရာဂိုဏ်းသွင်း၍ ကေဝုစ် ရုပ်ချည်းစဉ်၊တိဘာဝါစသည်၌ ဗဟုဝုစ်ရုပ်ချည်း စဉ်၊ “ဒသ သဟဿံစ – တသောင်းလည်း ဟုတ်၏၊ တံ, စက္ကဝါဠာနိစ – စကြာဝဠာ တို့လည်း ဟုတ်၏”ဟု ဝိဂြိုဟ်ပြု။

## တပ္ပုရိသ်သမာသ်

(၃၅၀) **အထ၊ပေ၊ဆဗ္ဗိဓော**—ဤတပ္ပုရိသ်သည် ကမ္မဓာရဲလက္ခဏာနှင့် မရော သောကြောင့် “သုဒ္ဓတပ္ပုရိသ်”တည်း၊ “အမာဒိတပ္ပုရိသ်”ဟုလည်းခေါ်၏၊ “ဘူမိ ဂတော=မြေသို့သွားသူ”ဟူရာဝယ်“သို့”ဟူသော ဒုတိယာဝိဘတ်၏အနက်၌ ဘူမိနှင့် ဂတကို စပ်ထားသောကြောင့်“ဘူမိဂတော”ကို ဒုတိယာတပ္ပုရိသ်သမာသ်ဟုခေါ်၏၊ ဤနည်းအားဖြင့် အံစသော ဝိဘတ် (ကေဝုစ် ဗဟုဝုစ်) ၆-စုံတို့၏ အနက်၌ ဖြစ်ရကား သုဒ္ဓတပ္ပုရိသ် သမာသ်သည် “ဒုတိယာ တပ္ပုရိသ်, တတိယာ, စတုတ္ထီ, ပဉ္စမီ, ဆဋ္ဌီ, သတ္တမီ တပ္ပုရိသ်”အားဖြင့် ၆–ပါးပြားသည်။ [“ဆသု ဝိဘတ္တီသု”ဟု ဆိုသော်လည်း ဝိဘတ်၌ စပ်သည်မဟုတ်, ဝိဘတ်နက်၌စပ်သောကြောင့် “ဝိဘတ္တီသု–ဝိဘတ်အနက် တို့၌”ဟု ပေးသည်၊ ပဌမာဝိဘတ်အနက်၌ ဖြစ်သော တပ္ပုရိသ်ကား တုလျာဓိကရဏ ဖြစ်သောကြောင့် ကမ္မဓာရယ – ဒိဂုအမည်နှင့် ရောသော “မိဿကတပ္ပုရိသ်”ဟု ထင်ရှားခဲ့ပြီ။]

**တတ္ထ ဒုတိယာ၊ ပေ၊ ဝိဂ္ဂဟော**—ဒုတိယာ တပ္ပုရိသ်သည် ဂတစသောနောက်ပုဒ် များနှင့်တကွသမာသ်ဖြစ်၏၊ “သရဏဂတော”ဟူသော သမာသ်၌ “သရဏ+ဂတ” တည်၊ သရဏနောင်အံ, ဂတနောင်သိသက်၍ “သရဏံ+ဂတော”ဟု ဝါကျဖြစ်၏၊ အမာဒယော ပရပဒေဘိ သုတ်ဖြင့် သရဏံ နှင့် ဂတောကို သမာသ် စပ်၍ တပ္ပုရိသ် အမည်လည်း မှည့်။

www.dhammaransi.com



**အမာဒယော ပရပဒေဟိ။** ။အမာဒိ ဝိဘတျန္တာနိ-အံ အစရှိသော ဝိဘတ် အဆုံးရှိကုန်သော၊ ယုတ္တတ္ထာနိ-ကုန်သော၊ ပုဗ္ဗပဒါနိ-ရှေ့ပုဒ်တို့ကို၊ နာမေဟိ-နာမ်ဖြစ်ကုန်သော၊ ပရပဒေဟိ-နောက်ပုဒ်တို့နှင့်၊ သဟ-တကွ၊ ဝိဘာသာ-ဝိကပ်၊ သမဿန္တေ-ကုန်၏၊ သော-သမာသော တပ္ပုရိသ သညော စ ဟောတိ၊ အယဥ္စ တပ္ပုရိသော-သည်လည်း၊ အဘိဓေယျ ဝစနလိင်္ဂါ-ဟောအပ်သော အနက်၏ ဝုစ် လိန်နှင့် တူသော ဝုစ် လိန် ရှိ၏၊ ဂတာဒိသဒ္ဒါ-ဂတ အစရှိသော သဒ္ဒါတို့သည်၊ ကိတန္တတ္တာ-ကိတ်ပစ္စည်း အဆုံးရှိကုန်သည်၏ အဖြစ်ကြောင့်၊ တိလိင်္ဂါ-၃-လိန် ရှိကုန်၏၊ ဝိဘတ္တိလောပေါ ဒိ – သော၊ သဗ္ဗံ-အလုံးစုံသော အစီရင်သည်၊ ပုဗ္ဗသမံ-ရှေးနှင့်တူ၏၊ သော-ထိုသူသည်၊ သရဏဂတော-ကိုးကွယ်ခြင်းသို့ ရောက်သူတည်း၊ တေ-ထိုသူတို့သည်၊ သရဏဂတာ-တို့တည်း၊ သာ-ထိုသူမသည်၊ သရဏဂတာ-ကိုးကွယ်ခြင်းသို့ ရောက်သူမတည်း၊ တာ-

---

**အမာဒိ ဝိဘတျန္တာနိ၊ပေ၊တပ္ပုရိသ သညော စ**—သုတ်၌“အမာဒယော”ကို “အံ အာဒိ ယေသံတိ အမာဒယော”ဟု ဝိဂ္ဂြိုဟ်ပြု၍ အံ အစရှိသော ဝိဘတ်များသာ ရ၏၊ သို့သော် ထို ဝိဘတ်များသည် “တတော စ ဝိဘတ္တိယော”နှင့်အညီ လိန် နောင် သက်ကြရသောကြောင့် ထို ဝိဘတ်ဆုံးသော ပုဒ်များကို ၌ အမာဒယောအရ အဝိနာ ဘာဝ နည်း အားဖြင့် ယူရမည်၊ ထို့ကြောင့် အမာဒယော ကို “အမာဒိဝိဘတျန္တာနိ ယုတ္တတ္ထာနိ ပုဗ္ဗပဒါနိ”ဟု ဖွင့်သည်၊ တတိယာ, စတုတ္ထီ စသည်ဖြင့် လာရာ၌လည်း တတိယာဝိဘတျန္တပုဒ် စသည်ကို ယူပါ၊ ထို ဝုတ္တိတွင် “အမာဒယော၊ပေ၊သမဿန္တေ” ဟူသောရှေ့ဝါကျဖြင့် သမာသ်စပ်ဘို့အစီအရင်ကိုပြ၍“သော၊ပေ၊တပ္ပုရိသသညော စ” ဟူသော နောက် ဝါကျဖြင့် တပ္ပုရိသ် အမည် မှည့်ဘို့ရာ ပြသည်။

**အယဥ္စ၊ပေ၊လိင်္ဂါ**—အဘိဓေယျ ဝစန ဖြစ်ပုံကို “ဥဘော တပ္ပုရိသာ”သုတ်၌ ပြခဲ့ပြီ၊ အဘိဓေယျလိင်ဖြစ်ပုံကား သရဏဂတ၌ ဟောအပ်သောအနက်သည် ပုရိသော ဖြစ်အံ့, ထို ဟောနက်၏ ပုလ္လိန်နှင့် တူစွာ “သရဏဂတော”ဟု ပုလ္လိန် ရှိရသည်၊ ဟောနက်သည် ကညာ ဖြစ်အံ့, ထို ဟောနက်၏ ဣတ္ထိလိန်နှင့် တူစွာ“သရဏဂတာ”ဟု ကညာဒိဂိုဏ်းဝင် ဣတ္ထိလိန် ရှိရသည်၊ ဟောနက်သည် “ကုလ”ဖြစ်အံ့, ထို ကုလံ၏ နပုလ္လိန်နှင့်တူစွာ “သရဏဂတံ”ဟု စိတ္တာဒိဂိုဏ်းဝင် နပုံလိန် ဖြစ်ရသည်၊ ဤသို့လျှင် တပ္ပုရိသ် သမာသ်ဟူသမျှ အဘိဓေယျ၏ လိန်ဝုစ်နှင့် တူသော လိန်ဝုစ် ရှိရသည်။

**ဂတာဒိ၊ပေ၊ပုဗ္ဗသမံ** — ဂတ, နိဿိတ, အတီတ စသော ပြခဲ့ပြီး သဒ္ဒါတို့သည် ကိတ်ပစ္စည်း ဆုံးသော ကိတ်နာမ်များ ဖြစ်ကြ၏၊ ကိတန္တ သဒ္ဒါများလည်း“ကိတကာ အဘိဓေယျလိင်္ဂါ”နှင့်အညီ အဘိဓေယျ (ဟောအပ်သော) အနက်အားလျော်စွာ လိန် ၃—ပါးပင် ရှိကြသည်၊ ထို့ကြောင့် “သရဏဂတော၊ သရဏဂတာ, သရဏဂတံ”ဟု ၃—လိန်စုံအောင် ပုံစံပြမည်—ဟူလို၊ ထိုပုံစံ၌ “သော—တေ—သာ—တာ—တံ—တာနိ”

www.dhammaransi.com



ထိုသူမတို့သည်၊ သရဏာဂတာယော – တို့တည်း၊ တံကုလံ - ထိုအမျိုးသည်၊ သရဏာဂတံ–ကိုးကွယ်ခြင်းသို့ ရောက်သော အမျိုးတည်း၊ တာနိ ကုလာနိ- ထိုအမျိုးတို့သည်၊ သရဏဂတာနိ-တို့တည်း၊ ဣစ္စာဒိ။

ဇဝံ–တူ၊ အရညဂတော–တောသို့ သွားသူ၊ ဘူမိဂတော–မြေသို့ သွားသူ၊ ဓမ္မံ-တရားကို၊ နိဿိတော–မှီသူတည်း၊ ဓမ္မနိဿိတော-သူ။[ မြန်မာမှု၌ "ဓမ္မံ+ နိဿိတော"ဟု ဝါကျ မပါ၊ ဂတပြီး၍ နိဿိတကို ပြပြန်သောကြောင့် ဝါကျ ပါသော သီဟိုဠ်မူသာ ကောင်းသည်။] အတ္ထနိဿိတော-အနက်ကိုမှီသူ၊ ဘဝံ– ဘဝကို၊ အတီတော–လွန်သူတည်း၊ ဘဝါတီတော–သူ၊ ကာလာတီတော– အခါကို လွန်သူ၊ ပမာဏံ–အတိုင်းအရှည်ကို၊ အတိက္ကန္တံ–လွန်သောဝတ္ထုတည်း၊ ပမာဏာတိက္ကန္တံ-ဝတ္ထု။ [နပုံလိန်ဖြစ်၍ "သူ"ဟု မဆိုဘဲ "ဝတ္ထု"ဟု ဆိုလိုက်သည်။] လောကာတိက္ကန္တံ - လောကကို လွန်သော ဝတ္ထု၊ သုခံ- ချမ်းသာသို့၊ ပတ္တော–ရောက်သူတည်း၊ သုခပ္ပတ္တော-သူ။ [ပတ္တ၌ ပပုဗ္ဗ အပဓာတ်, တ ပစ္စည်းဖြစ်၍ ပဥပသာရ၌ ဒွေဘော်။] ဒုက္ခပ္ပတ္တော-ဆင်းရဲသို့ ရောက်သူ၊ သောတံ-(အရိယာမဂ်ဘည်း ဟူသော)ရေအယဉ်သို့၊ အာပန္နော– ရောက်သူတည်း၊ သောတာပန္နော - သူ၊ နိရောဓသမာပန္နော - နိရောဓသို့ ရောက်သူ။ မဂ္ဂပ္ပဋိပ္ပန္နော–လမ်း(ခရီး)ကို သွားသူ၊ (ဤင်းပုံစံ သီဟိုဠ်မူ၌သာ ပါသည်၊) ရထံ-ရထားကို၊ အာရုဠှော–တက်စီးသူတည်း၊ ရထာရုဠှော-သူ၊ သဗ္ဗရတ္တိံ-အလုံးစုံသော ညဉ့်ပတ်လုံး၊ သောဘနော - တင့်တယ်တော်မူသော ဘုရားတည်း၊ သဗ္ဗရတ္တိ သောဘနော - ဘုရား၊ မုဟုတ္တသုခံ - တခဏမျှ ချမ်းသာခြင်း။

---

တို့သည် လိန် ၃-ပါးနှင့် ကေဝုစ် ဗဟုဝုစ် ထင်ရှားအောင် အပိုထည့်အပ်သော ပုဒ်များ တည်း။ [သဒ္ဒနီတိ၌ ဤ"သရဏာဂတော"ကို ဒုတိယာတပ္ပုရိသ် ဟု မဆိုသို၊ "သရဏံ ဇ္ဈတိ-ကိုးကွယ်ရာဟူ၍၊ ဂတော-ဆည်းကပ်သူတည်း၊ သရဏာဂတော-ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ"ဟု ဇုတိသဒ္ဒါကျေ၍ သရဏ၌ ပဌမာဝိဘတ်သက်ရသော ပဌမာတပ္ပုရိသ် လည်း ရှိ၏–ဟု ကြံလေသည်။]

**ဇဝံ၊ ပေ၊ မုဟုတ္တသုခံ**—"ဓမ္မံ နိဿိတော"စသည်ကား "ဂတ နိဿိတ ဘာတိတ တိက္ကန္တ ပတ္တာပန္န"ဟု ပြခဲ့သော အစဉ်အတိုင်း ပုံစံချားတည်း၊ နိရောဓသမာပန္နော– စသည်ကား"ပန္နာဒိတိ"၌ အာဒိအရပုံစံချားတည်း၊ "သဗ္ဗရတ္တိ"၌ အစ္စန္တသံယောဂ

www.dhammaransi.com



ဥပပဒ သမာသေ ပန-ဥပပဒ သမာသ်၌ကား၊ ဝုတ္တိယေဝ-အမြဲ သမာသ် သာတည်း၊ (ကသ္မာ-နည်း၊) တဿ-ထို ဥပပဒ သမာသ်၏၊ နိစ္စတ္တာ-နိစ္စ သမာသ်၏ အဖြစ်ကြောင့်တည်း၊ ယထာ-ကား၊ ကမ္မံ-အမှုကို၊ ကရောတိ-ပြုလုပ်တတ်၏၊ ဣတိ, ကမ္မကာရော-မည်၏၊ ကုမ္ဘကာရော-အိုးလုပ်သူ၊ အတ္ထံ-အကျိုးကို၊ ကာမေတိ-လိုလားတတ်၏၊ ဣတိ, အတ္ထကာမော၊ ဓမ္မကာမော-တရားကို လိုလားသူ၊ ဓမ္မံ-ကို၊ ဓာရေတိ-ဆောင်တတ်၏၊ ဣတိ, ဓမ္မဓရော၊ ဝိနယဓရော-ဝိနည်းကိုဆောင်သူ၊ ဝါ-ဝိနည်းဓိုရ်၊ အဿ-ထိုသူ၏၊ သစ္စံ-မှန်သောစကားကို၊ ဝဒိတုံ-ပြောဆိုခြင်းငှါ၊ သီလံ-အလေ့သည်၊ (အတ္ထိ)၊ ဣတိ, သစ္စဝါဒီ-မည်၏၊ ဣစ္စာဒိ။

တဝန္တုမာနန္တာဒိ ကိတန္တေဟိ-တဝန္တု,မာန,အန္တ အစရှိသော ကိတ်ပစ္စည်း အဆုံးရှိသော ပုဒ်တို့နှင့် (တက္ခ)၊ ဝါကျမေဝ-ဝါကျသာတည်း၊ (ကသ္မာ-နည်း၊) ဝဝတ္ထိတ ဝိဘာသာဓိကာရတော-ဝဝတ္ထိတ အနက်ရှိသော ဝိဘာသာ သဒ္ဒါ လိုက်လာသောကြောင့်တည်း၊ ယထာ-ကား၊ ဩဒနံ-ထမင်းကို၊ ဘုတ္တာဝါ-စားပြီးသည်၊ ဓမ္မံ, သုဏမာနော-နာစဉ်၊ ဓမ္မံ, သုဏန္တော-စဉ်၊ ကဋံ-ဖျာကို၊ ကရာနော-ပြုဦးမည်ဖြစ်၍၊ ဝါ-တနည်း၊ အနဘိဓာနတော-သမာသ်ဖြစ်သည့်

---

ဒုတိယာတည်း၊ မုဟုတ္တသုခံ၌လည်း "မုဟုတ္တံ+သုခံ" ဟုဝိဂ္ဂြိုဟ်ပြု၊ "မုဟုတ္တံ-တမုဟုတ်မျှ, (ပဝတ္တံ-ဖြစ်သော)" ဟု ထည့်သင့်၏၊ မုဟုတ္တံကိုလည်း ကြိယာဝိသေသန ဒုတိယာဟု ဆိုသင့်၏။

ဥပပဒသမာသေပန — ကမ္မကာရော၌ ကမ္မသည် ကရဓာတ်၏အနီး၌ ရွတ်ဆိုအပ်သောကြောင့် "ဥပဥစ္စာရိတံ-အနီး၌ ရွတ်ဆိုအပ်သော, ပဒံ-ပုဒ်တည်း" ဟူသော ဝိဂ္ဂြိုဟ် အရ ဥပပဒ မည်၏၊ ထို ဥပပဒနှင့် စပ်ရသောကြောင့် "ကမ္မကာရော" စသည်ကို "ဥပပဒ သမာသ်" ဟု ခေါ်သည်၊ ဥပပဒနှင့် တွဲဘက်မှ ကိတ်ပစ္စည်း သက်နိုင်သော သမာသ်ဖြစ်သောကြောင့် "ကိတန္တတပ္ပုရိသ် (ကိတ်ပစ္စည်းအဆုံးရှိသောတပ္ပုရိသ်)" ဟုလည်း ခေါ်စမှတ်ပြု၏၊ ဤ ဥပပဒ သမာသ်ပုဒ်များ၏ ရုပ်ပြီးပုံကို "ပဘင်္ကရော" ဟူသော အလုတ္တ တပ္ပုရိသ်၌ရင်း ကိတ်ဓာ်း၌ရင်း ပြထားသည်၊ ဤဥပပဒ သမာသ် တို့သည် (အမြဲစပ်နေသော) နိစ္စသမာသ်ဖြစ်၍ "ကုမ္ဘံ+ကာရော" ဟု ၂-ပုဒ်မခွဲနိုင် ရကား မိမိပုဒ်ရင်းဖြင့် ဝိဂ္ဂြိုဟ်မပြုနိုင်၊ ထို့ကြောင့် ကာရော၏ ကိုယ်စား "ကရောတိ" ဟူသော ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုရသည်။

တဝန္တု၊ ပေ၊ ကဋံကရာနော — တဝန္တု,မာန,အန္တ (အာဒိဖြင့်ယူရသော) အာန, ပစ္စည်းဆုံးသော ကိတ်ပုဒ်တို့နှင့်ကား သမာသ် မဖြစ်, ဝါကျ အတိုင်းသာ ရှိရသည်၊ ဘာ့ကြောင့်နည်း .. ဝိဘာသာ ရုက္ခတိဏ-စသောသုတ်မှ လိုက်လာသော ဝိဘာသာ သဒ္ဒါသည် ပြယုဂ်အားလျော်စွာ အချို့အရာ၌ (ဤတဝန္တု စသည် ဆုံးသော ပုဒ်များနှင့်

www.dhammaransi.com



အခါ ထိုဝါကျ၏ အနက်ကို မဟောနိုင်ခြင်းကြောင့်၊ (ဝါကျမေဝ-ဝါကျ သာတည်း၊) ဟိ-မှန်၏၊ တဒ္ဓိတ သမာသ ကိတကာ-တဒ္ဓိတ် သမာသ် ကိတ်တို့ သည်၊ အဘိဓာနလက္ခဏာ-ဝါကျ၏ အနက်ကို ဟောနိုင်ခြင်းဟူသော အမှတ် လက္ခဏာ ရှိကုန်၏၊ ဣတိ-အပြီးတည်း၊ ဒုတိယာတပ္ပုရိသော နိဋ္ဌိတော။

---

တွဲဘက်ရာ စသည်၌) သမာသ် မဖြစ်ဟု သုတ်အစီအရင်ကို ဖြစ်စေနိုင်သော အနက် ရှိသောကြောင့်တည်း၊ ထို့ကြောင့်"ဩဒနံ+ဘုတ္တဝါ"စသည်ဖြင့် ဝါကျ ပြယုဂ်ချည်း ထုတ်ပြလေသည်။

အနဘိဓာနတော ဝါ—"ဝဗ္ဗတ္တိဘာဝိဘာသာဓိကာရတော"ဟူသော အကြောင်းမှ တချိုး ပြပြန်လို၍"အနဘိဓာနတော ဝါ"ဟု မိန့်သည်၊ သမာသ် ပြီးသောအခါ ဝိဂ္ဂဟ် ဝါကျ အခိုက်တုန်းက အနက်ကို မဟောပြနိုင်သောကြောင့် ထဝန္တု၊ ပစ္စယန္တ စသော နောက်ပုဒ်များနှင့်သမာသ်မဖြစ်-ဟူလို၊အဘိဓာနသဒ္ဒါသည် ဟောပြောခြင်း (ကထန) အနက်ရှိ၏၊ ထို ဟောပြောခြင်း ဟူသည်လည်း သိစေခြင်း (စာ ကြည့်ရှု ကြားနာသူ တို့ကို နားလည်စေခြင်း) တည်း၊ သမာသ် တဒ္ဓိတ် ကိတ်တို့သည် ဝိဂ္ဂဟ်ဝါကျတုန်းက အနက်ကို သိစေနိုင်သော သတ္တိ ရှိစေရမည်၊ ထိုသို့ မသိစေနိုင်လျှင် သမာသ်လည်း မတွဲရ, တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းလည်း မသက်ရချေ၊ ထို့ကြောင့် "အဘိဓာန လက္ခဏာဟိ"စသည်ကို မိန့်သည်။

အခြားဗျာကရုဏ်းကျမ်းတို့၌ "အဘိဓာနလက္ခဏာဟိ တဒ္ဓာဒိဏာဒိ သမာသာ" ဟူသော စကားလည်း ၍ အဓိပ္ပါယ်ပင်တည်း၊ မှန်၏—"ဩဒန ဘုတ္တဝါ"ဟု သမာသ် တွဲလိုက်လျှင် "ဩဒနံ+ဘုတ္တဝါ=ထမင်းကို စားပြီးသူ"ဟူသော ဝါကျ အနက်ကို မသိရဘဲ "စားအပ်ပြီးသော ထမင်းရှိသူ"ဟု မလိုရာ အနက်ကိုသာ သိစေနိုင်သည်၊ ဓမ္မသုဏာန္တော စသည်၌လည်း နည်းတူ။ [ အဘိဓာနံ ( ကထနံ ) + လက္ခဏံ (သဘာဝေါ) ယဿံတိ အဘိဓာနလက္ခဏာ၊ ယေသံ—အကြင် တဒ္ဓိတ စသော ကိတ်, ဏ စသော တဒ္ဓိတ်, သမာသ်တို့၏၊အဘိဓာနံ—ဝါကျအနက်ကို ဟောနိုင်ခြင်းဟူသော၊ လက္ခဏံ—သည်၊ ဝါ—ထုံးစံသဘောသည်၊ အတ္ထိ—ရှိ၏၊ ဣတိ,အဘိဓာနလက္ခဏာ။]

မှတ်ချက်။ ။"မာန အန္တ, တုံ တုန, တွာန နှင့် တွာ, နောက်ပုဒ်ပါမူ,ဝါကျသာ မှတ်, သမာသ် မဖြစ်, ဆိုတုံလှစ်၏"ဟု နိယာမ်ရှိ၏၊ "ဓာဝန္တု၊ မာနန္တာဒိ ကိတန္တေဟိ ဝါကျမေဝ"ကိုထောက်လျှင် နောက်ပုဒ်၌ တဝန္တု၊ပစ္စည်း (ဋီကာ၌"ဩဒန ဘုတ္တာဝီ"ဟု မရှိနိုင်ပုံကို ပြသောကြောင့်) တာဝီပစ္စည်းများ ရှိလျှင်လည်း သမာသ် မဖြစ်၊ ထိုပုဒ် အားလုံးပင် နသဒ္ဒါနှင့် တွဲရာ၌ကား အဘုတ္တဝါ, အဘုတ္တာဝီ, အကုရုမာနော, အဂစ္ဆန္တော,အကရာနော,အကာတုံ,အကာတုန,အကတွာ, (တဝေ, တုယေ ပစ္စည်း တို့ပါ "အကာတဝေ, အဟောတုယေ")ဟု န နိပါတ ပုဗ္ဗပဒ ကမ္မဓာရယ် သမာသ် ဖြစ်သေး၏၊ န နိပါတ်မှတပါး အခြားသော ရှေ့ပုဒ်များနှင့်ကား သမာသ် မဖြစ်—ဟု

www.dhammaransi.com



တတိယာ-တတိယန္တ ရှေ့ပုဒ်ကို၊ ကိတကါပေါသခိလာဒီဟိ-ကိတ်ပစ္စယန္တပုဒ်, ပုဗ္ဗပုဒ်, သဒိသပုဒ်, သမပုဒ်, ဦန အနက်ရှိသောပုဒ်, ကလဟပုဒ်, နိပုဏပုဒ်, မိဿကပုဒ်,သခိလပုဒ် အစရှိသည်တို့နှင့်၊ (သမသျတေ-စပ်အပ်၏၊) ဗုဒ္ဓေန-သည်၊ ဘာသိတော-ဟောအပ်သော တရားတည်း၊ ဗုဒ္ဓဘာသိတော-သော၊ ဓမ္မော=တရား၊ ဧဝံ, ဇိနဘာသိတော၊ သတ္ထာရာ-သည်၊ ဝဏ္ဏိတော-ချီးမွမ်းအပ်သူတည်း၊ သတ္ထုဝဏ္ဏိတော-သူ၊ ဝိညူဟိ-တို့သည်၊ ဂရဟိတော-ကဲ့ရဲ့အပ်သူတည်း၊ ဝိညုဂရဟိတော-[''ဝိညူဂရဟိတ'' ဟု ပကတိ ဖြစ်သော

---

ခွဲခြားမှတ်သားသင့်၏၊ထိုပုဒ်အချို့သည် မိမိတို့ကရှေ့နေရမှု '' လဗ္ဘမာန ဝိသေသော, ဓမ္မနွာလန္တရှစ်, ဥပါဒါယရှုပံ (ဥပါဒါရှုပံ-ဟု ဆိုလိုလျက် တွာပစ္စည်း၏ ကာရိယ ဖြစ်သော ယကျေသည်)''စသည်ဖြင့် သမာသ်ဖြစ်သေး၏-ဟု မှတ်။

[ဆောင်] တဝန္တု-တာဝီ, တလီ မာန, အန္တ-အာနာ, တုံ-တွာ-တုန, တွာန သဒ္ဒါ, နောက်ပုဒ် ပါမူ, နှ သဒ္ဒါမှ, ကြွင်းပဒနှင့်, ဝါကျသာမှတ်, သမာသ် မဖြစ်, ဆိုတုံလှစ်၏။

**သဒ္ဒနီတိ။** ။န ပဒါနံ ဝိပ္ပကတေန ဥတ္တရပဒေန သမာသော (၄)၊ ပုဒ်တို့၏ မပြီးသေးသော အနက်ဟော နောက်ပုဒ်နှင့် သမာသ် မဖြစ်၊ ''မဂ္ဂံ ဂစ္ဆန္တော-လမ်းကိုသွားစဉ်''၌ ဂစ္ဆန္တောသည် သွားခြင်းကိစ္စ မပြီးသေးသောဝိပ္ပကတပုဒ်တည်း၊ ''သွားစဉ်+မြင်၏''စသည်ဖြင့် ပုဒ်တပါးကိုငဲ့နေသောကြောင့်''မဂ္ဂ ဂစ္ဆန္တော''ဟု သမာသ်မဖြစ်၊ ဝိပ္ပကတ မဟုတ်လျှင်ကား အန္တပစ္စည်း ဆုံးသော်လည်း ''ဂုဏမဟန္တော-ဂုဏ်အားဖြင့် မြတ်သူ''ဟု သမာသ်ဖြစ်၏ ''တွာပစ္စယန္တာဒီဟိစ (၅)''တွာ-တွာန-တုံ စသော ပစ္စယန္တပုဒ် နှောင်းရာ၌လည်း (ထို တွာ ပစ္စယန္တပုဒ်များက နောက် ပဓာန ကြိယာကို ငဲ့လျက်ရှိသောကြောင့်) သမာသ် မဖြစ်။ [နသဒ္ဒါရှေ့ ရှိရာ၌မူ သမာသ်ဖြစ်၏ဟုလည်း ဥပုင်းချက် မှတ်။] ''အာန တဝန္တု တာဝီဟိစ (၆)'' အာနာဒိ ပစ္စယန္တပုဒ်တို့နှင့်လည်း ''ရထံ+ကုဗ္ဗမာနော, ဩဒန+ဘုတ္တော''စသည်ဖြင့် သမာသ်မဖြစ်။ [''ဩဒန ဘုတ္တော''ဟု သမာသ် စပ်လိုက်လျှင် ''စားအပ်သော ထမင်း''စသည်ဖြင့် မလိုရာ အနက်ကို ယူမှားဘွယ်ရှိသောကြောင့် သမာသ် မဖြစ်-ဟု ကြံ။] ''အသုခစ္စာရဏော အဝိဒိတတ္ထေစ ဝါကျမေဝ (၇)'' သမာသ် စပ်သည့်အတွက် အရွတ် အဘတ် ခက်ရာ၌ရင်း အနက်မှန်ကို မသိနိုင်လောက်ရာ၌ရင်း သမာသ် မစပ်ရ, ဝါကျသာရှိစေရသည်၊ ကာကေဟိ + ပါတဗ္ဗာ- ကျီးတို့+သောက်ထိုက်သော မြစ်၊ ဒဿနေန+ ပဟာတဗ္ဗာ, ပုဏ္ဏော+မန္တာနိပုတ္တော။

**တတီယာ၊ပေ၊သခိလာဒီဟိ**—ကိတကအရ ကိတပစ္စည်း ကိစ္စပစ္စည်း ၂-မျိုးလုံး ဆုံးလျက်ရှိသော ပုဒ်များကို ယူ၊ ထိုတွင် ''ဗုဒ္ဓဘာသိတော''မှ စ၍ ''ဂုဏဝဍ္ဎော'' တိုင်အောင် ကိတ ပစ္စယန္တနှင့် သမာသ်ဖြစ်ပုံကို ပြ၏၊ ''စတုဝဂ္ဂကရဏီယံ၊ပေ၊ကာက

www.dhammaransi.com



အခါ "ကွစာဒိ မဇ္ဈတ္တရာနံ"သုတ်ဖြင့် ဦကို ရသပြု၊ နောက်ပုဒ်လည်း နည်းတူ၊] ဝိညုပ္ပသတ္တော-ပညာရှိတို့ ချီးမွမ်းအပ်သူ၊ ဠသာချကတံ-အစိုးရသူ ပြုအပ်သော အမှု၊ သယံကတံ-ကိုယ်တိုင်ပြုအပ်သော အမှု၊ ["သယံ"သည် တတိယန္တနိပါတ်၊ သယံ နောင် နာသက်,ချေ။] သုကေဟိ-ကျေးငှက်တို့သည်၊ အာဟဋံ-ဆောင်ယူအပ်သောစပါးတည်း၊ သုကာဟဋံ၊ ရညာ-သည်၊ ဟတော-သတ်အပ်သူတည်း၊ ရာဇဟတော၊ ရောဂပိဠိတော- ရောဂါနှိပ်စက်အပ်သူ၊ အဂ္ဂိဒဍ္ဍော-မီးလောင်အပ်သော ပစ္စည်း၊ [သီဠ္ဍ"သပ္ပဒဋ္ဌော-မြွေကိုက်အပ်သူ" ဟုလည်း ရှိ၏၊] သလ္လေဟိ-မြှားတို့ဖြင့်၊ ဝိဒ္ဓေါ- ပစ်ဖေါက်အပ်သူတည်း၊ သလ္လဝိဒ္ဓေါ၊ ဠစ္ဆာယ - အလိုဆိုးသည်၊ အပကတော - (မူလသဘောမှ) ကင်းအောင် ပြုအပ်သူတည်း၊ ဝါ-နှိပ်စက်အပ်သူတည်း၊ ဠစ္ဆာပကတော၊ သီလေန-နှင့်၊ သမ္ပန္နော-ပြည့်စုံသူတည်း၊ သီလသမ္ပန္နော၊ ဧဝံ, သုခသဟဂတံ-သုခနှင့်တကွဖြစ်သော စိတ်၊ ဉာဏသမ္ပယုတ္တံ-ဉာဏ်နှင့်ယှဉ်သော စိတ်၊ မိတ္တသံသဂ္ဂေါ - မိတ်ဆွေနှင့် ရောနှောသူ၊ ပိယဝိပ္ပယောဂေါ - ချစ်အပ်သူနှင့် ကွေကွင်းခြင်း၊ ဇာတိထဒ္ဓေါ-ဇာတ်အားဖြင့် ခက်ထန်သူ၊ ဂုဏဟီနော-ဂုဏ် အားဖြင့် ယုတ်ညံ့သူ၊ ဂုဏဝဍ္ဎော-ဂုဏ်အားဖြင့် ကြီးမြင့်သူ၊ စတုဝဂ္ဂကရဏီယံ-စတုဝဂ် ပြုထိုက်သော ကံ၊ စတုဝဂ္ဂါဒိကတ္တဗ္ဗံ - စတုဝဂ် အစရှိသောသံဃာ ပြုထိုက်သော ကံ၊ ကာကေဟိ- ကျီးတို့သည်၊ ပေယျာ- သောက်ထိုက်သော မြစ်တည်း၊ ကာကပေယျာ-သော၊ နဒီ-မြစ်။

---

ပေယျာ"တို့ဖြင့် ကိစ္စ ပစ္စယန္တနှင့် သမာသ်ဖြစ်ပုံကို ပြ၏၊ "စတုဝဂ္ဂေန—၄-ယောက် အစုရှိသော သံဃာသည်၊ ကရဏီယံ—ပြုထိုက်သောကံတည်း၊ စတုဝဂ္ဂါဒိနာ—စတုဝဂ္ဂ အစရှိသော သံဃာသည်၊ ကတ္တဗ္ဗံ—ပြုထိုက်သောကံသည်း"ဟု ဝိဂြိုဟ်ပြု၊ [ပေယျာ၌ ပါဓာတ် ဏျပစ္စည်းတည်း။] ထို့ပြင်— "ပိယဝိပ္ပယောဂေါ"၏ နောက်၌ "ဇာတိ အန္ဓော"ဟု မြန်မာမူ ရှိ၏, မကောင်း၊ ဘာ့ကြောင့်နည်း၊ ... အန္ဓ သဒ္ဒါသည် ကိတ ပစ္စယန္တမဟုတ်—"ခါဒါမဂမာနံ ခန္ဓန္ဓဂန္ဓာ"ဟူသော ဉဏာဒိသုတ်ဖြင့် က ပစ္စည်း သက်၍ပြီးသော ဉဏာဒိပစ္စယန္တပုဒ် ဖြစ်သောကြောင့်ရင်း နောက်၌ "ဇာတိယာ အန္ဓော"ဟု ပြဦးလတ္တံ့ ဖြစ်သောကြောင့်ရင်း တည်း၊ ထို့ကြောင့် "ဇာတိယာ ထဒ္ဓေါ"ဟု ဝိဂြိုဟ်ပြု၍ "ဇာတိ ထဒ္ဓေါ"ဟု ရှိသော သီဟိုဠ်မူသာ ကောင်း၏၊ ထဒ္ဓေါကား ထမ္ဘဓာတ်, ကိတ် (တ) ပစ္စည်းတည်း။]

www.dhammaransi.com



ကစ္စိ-အချို့အရာ၌၊ ဝုတ္တိယေဝ-အမြဲသမာသ်သာတည်း၊ ဥရေန-ရင်ဖြင့်၊ ဂစ္ဆတိ-သွားတတ်၏၊ ဣတိ, ဥရဂေါ၊ ပါဒေန-ခြေဖြင့်၊ [ပိ]ဝတိ-ရေသောက်တတ်၏၊ ဣတိ,ပါဒပေါ၊ [အမြစ်တည်းဟူသော ခြေဖြင့် ရေသောက်တတ်သော သစ်ပင်၊] ကစ္စိ-၌၊ ဝါကျမေဝ-ဝါကျသာတည်း၊ ပရသုနာ-ပုဆိန်ဖြင့်၊ ဆိန္နဝါ-ဖြတ်ပြီ၊ ကာယေဟိ ကျီးတို့သည်၊ ပါတဗ္ဗာ-သောက်ထိုက်သော မြစ်၊ ဒဿနေန-သောတာပတ္တိမဂ်သည်၊ ပဟာတဗ္ဗာ-ပယ်ထိုက်သော တရားတို့။

ပုဗ္ဗာဒိယောဂေ-ပုဗ္ဗ အစရှိသည်တို့နှင့် ယှဉ်ရာ၌၊ (ဥဒါဟရဏံ-ကား)၊ မာသေန-တလဖြင့်၊ ပုဗ္ဗော-ရှေးကျသူတည်း၊ မာသပုဗ္ဗော၊ ဧဝံ, မာတုသဒိသော-အမိနှင့် တူသူ၊ ပိတုသမော-အဘနှင့် တူသူ၊ ဧကူနဝီသတိ-တခုဖြင့် ယုတ်လျော့သော ၂၀၊ သီလဝိကလော-သီလဖြင့် ချို့တဲ့သူ၊ အသိကလဟော-သန်လျက်ဖြင့် ငြင်းခုံခြင်း၊ ဝါစာနိပုဏော-စကားဖြင့် နူးညံ့သူ၊ ယာဝ

---

ကစ္စိ ဝုတ္တိယေဝ၊ပေ၊ပါဒပေါ—ဥရဂေါ, ပါဒပေါတို့သည် နိစ္စသမာသ် ဖြစ်၍ "ဥရေန+ဂစ္ဆတိ, ပါဒေန+ပိဝတိ"ဟု ဂေါ-ပေါတို့၏ ကိုယ်စား "ဂစ္ဆတိ-ပိဝတိ" ပုဒ်များဖြင့် ဝိဂ္ဂြိုဟ် ပြုရသည်၊ ဤရုပ်များပြီးပုံမှာ ကိတ် "သမ္ဗတော ဏ္ဍုတ္တွာဝီဝါ, ခေတ္တန္တသာ လောပါ ကွိမှိ"သုတ်၌ ထင်ရှားလတ့်။

ကွစိ ဝါကျမေဝ—"ပရသု"ဟုသက္ကတ၌ရှိ၏၊ပရံ-သူတပါးကို၊သုဏာတိဟိံသတိ-ညှဉ်းဆဲသာသ်၏၊ ဣတိ ပရသု၊ "ပရဆိန်=ပေါက်ဆိန်"ဟု ပေးရိုး ရှိသော်လည်း "ကုဒါလေ"ဟူသောအဖွင့်ကို ထောက်လျှင်"ပေါက်တူး"ဟု ပေးသင့်၏၊ "ပရသုနာ ဆိန္နံ, ပရသုဆိန္နံ ဝါ"ဟု မြန်မာမှု၍၏၊ "ကွစိ ဝါကျမေဝ"ဟု ဧဖြင့် ဝါကျအဖြစ်ကို ခြစေပြီးဖြစ်၍ "ပရသုဆိန္နဝါ"ဟု သမာသ်ကိုပြုခြင်းမှာ သင့်ဘွယ်ရာမရှိ၊ "ပရသုနာ+ဆိန္န"လည်း "ကွစိ တဝန္တု၊ တဗ္ဗပစ္စယေဟိ ယောဂေ အနဘိဓာနတော ဝါကျမေဝ, နဝုတ္တိတျမိဗ္ဗါယော"ဟူသော ဋီကာနှင့် မညီ၊ ဋီကာအလို "တဝန္တု"ပစ္စည်းဖြင့် ရုပ်ရှိရမည်၊ ထို့ကြောင့် "ပရသုနာ+ဆိန္နဝါ"ဟု သီဟိုဠ်မှုအတိုင်း ကောင်းသည်၊ "ကာကေဟိ ပါတဗ္ဗာ, ဒဿနေန ပဟာတဗ္ဗာ"တို့ကား တဗ္ဗပစ္စယန္တပုဒ်ဖြင့် သမာသ် မဖြစ်—ဝါကျသာ ရှိရပုံတည်း၊ [ဆိဒိ, တဝန္တု၊ ဘိဒါဒိတော ဣန္နအန္နဤဏာဝါ သုတ်ဖြင့် တ ပစ္စည်းကို ဣန္န, ခဘွန် (ဒ) ကို ချေ၍ "ဆိန္နဝါ"ပြီး၏။]

ပုဗ္ဗာဒိယောဂေ၊ပေ၊မေဓာဝီ ဤနွာဒိ—တဟိယာ "ကိတက ပုဗ္ဗသဒိသ" စသည်ဖြင့် ပြခဲ့သော အစဉ်တွင် "ကိတက"အတွက်သာ ပြီးသေး၏၊ ယခုအခါ၌ ပုဗ္ဗ သဒိသစသည်တို့နှင့်ဝဲပုံကို ပြလိုရကား "ပုဗ္ဗာဒိယောဂေ"စသည်ကိုမိန့်၊ "ပုဗ္ဗ,သဒိသ"

www.dhammaransi.com



ကာလိကာသမ္မိဿံ-ယာဝကာလိက ဝတ္ထုနှင့် ရောနှောအပ်သော အစာ၊ ဝါစာ သခိလော-စကားဖြင့် ပြေပြစ်သူ၊ [ဝါစာသည် အာကာရန္တပုဒ်ရင်း ဖြစ်၍ "ဝါစာ"ဟု ပကတိ ဖြစ်၏၊] သတ္တာရာ-မြတ်စွာဘုရားနှင့်၊ သဒိသော-တူသူတည်း၊ သတ္ထုကပ္ပေါ-ဘုရားနှင့် တူသူ၊ ပုညေန-ကောင်းမှုဖြင့်၊ အတ္ထိကော-အလိုရှိသူတည်း၊ ပုညတ္ထိကော၊ ဂုဏာဓိကော-ဂုဏ်အားဖြင့် လွန်ကဲသူ၊ ဂုဠေန-တင်လဲဖြင့်၊ သံသဋ္ဌော-ရောနှောအပ်သော၊ ဩဒနော-ထမင်းတည်း၊ ဂုဠော ဒနော၊ ခီရောဒနော-နို့ရည်ဖြင့် ရောနှောအပ်သောထမင်း၊ အဿေန-မြင်းနှင့်၊ ယုတ္တော - ကပ်ယှဉ်အပ်သော၊ ရထော - ရထားတည်း၊ အဿရထော - (မြင်းရထား)၊ မဂ္ဂစိတ္တံ - မဂ်နှင့် ယှဉ်သောစိတ်၊ ဇမ္ဗုယာ - သပြေပင်ဖြင့်၊ သညာတော (လက္ခိတော)-မှတ်သားအပ်သော၊ ဒီပေါ-ကျွန်းတည်း၊ ဇမ္ဗုဒီပေါ-(ဇမ္ဗူဒိပ်) ["ဇမ္ဗူ"ဟု ဦကာရန္တ ဖြစ်ရကား "ဇမ္ဗူ"ဟု ပကတိပြု၊ ကစ္စာဒိ မဇ္ဈေတ္တရာန်ဖြင့် ဦကို ဥ ရဿပြု၊] ဧကေန-တခုဖြင့်၊ အဓိကာ-ပိုလွန်ကုန်သော၊ ဒသ-တဆယ်တို့တည်း၊ ဧကာဒသ-တခုဖြင့် ပိုလွန်သော တဆယ်တို့၊ ဝါ-တဆဲ့တခုတို့၊ ဇာတိယာ-ပဋိသန္ဓေအားဖြင့်၊ အန္ဓော-ကန်းသူတည်း၊ ဇစ္စန္ဓော၊ ပကတိယာ-ပင်ကိုယ်အားဖြင့်၊ မေဓာဝီ-ပညာရှိသူ တည်း၊ ပကတိ မေဓာဝီ၊ ကစ္စာဒိ၊ တတိယာ တပ္ပုရိသော နိဋ္ဌိတော။

---

စသော အစဉ်အတိုင်း ပုံစံထုတ်ထားသည်၊ မာတရာ+သဒိသော, ပိတရာ+သမော" ဟု ဝိဂ္ဂြိုဟ်ပြု၊ "ဧကေန+ဦနာ,ဧကူနာ" (ဤမျှသာ တပ္ပုရိသ်တည်း "ဧကူနာစ သာ ဝီသတိစာတိ ဧကူနဝီသတိ"ကား ကမ္မဓာရဲတည်း၊) "သီလဝိကလော"၌"ဝိကလော-ချို့တဲ့သူ"ဟူသည် သီလမှ ယုတ်လျော့ခြင်း ဦန အနက်ပင်တည်း၊ ထို့ကြောင့် ဦန အတွက် ဦနတပုဒ်သာ မကဘဲ ဦန အနက်ရှိသော ပုဒ်များကိုပါ ယူစေလို၍ သမ္မနတ္တင်၌ "သမ+ဥနတ္ထ"ဟု အတ္ထနှင့် ဆိုထားသည်၊ "သီလေန +ဝိကလော" စသည် ဝိဂ္ဂြိုဟ်ပြု။

"သတ္တာရာ+သဒိသော, သတ္ထုကပ္ပေါ"မှစ၍ သလာဒိဟိတ်၌ အာဒိအရ ပုံစံများကို ပြသည်၊ ထိုတွင်"သတ္တာရာ+သဒိသော"သည် ဝိဂ္ဂြိုဟ်ပြုလိုရင်း မဟုတ်,သတ္ထုကပ္ပေါ၌ "ကပ္ပသဒ္ဒါသည် သဒိသ အနက်ဟောတည်း"ဟု သတ္ထုကပ္ပေါ၏ အနက်ကို ဖွင့်ပြခြင်းသာဖြစ်သည်၊ "သတ္ထုနာ-နှင့်+ကပ္ပေါ-တူသူတည်း"ဟု ဝိဂ္ဂြိုဟ်ပြု။ [သီဟိုဠ်မူ၌ "သတ္တာရာ+သဒိသော, သတ္ထုသဒိသော"ဟု ရှိ၏၊ ရှေ့၌ သဒိသနှင့် တွဲ၍ "မာတု သဒိသော"ဟု ပုဒ္ဓ,သဒိသ အစဉ်အကိုင်း ပြခဲ့ပြီးဖြစ်သောကြောင့် ဤ၌ ထပ်၍ ပြဘွယ် မလိုရကား သီဟိုဠ်မူ မကောင်း။]

www.dhammaransi.com



စတုတ္ထီ-စတုတ္ထီ ဝိဘတ်ျပဒ်ကို၊ တဒတ္ထ အတ္ထဟိတဒေယျာဒီဟိ - ထို၏ ဥစ္စာဖြစ်သော အနက်,အတ္ထသဒ္ဒါ, ဟိတသဒ္ဒါ, ဒေယျ အစရှိသော သဒ္ဒါတို့နှင့်၊ (သမဿတေ-စပ်အပ်၏။) တဒတ္ထေ-တဒတ္ထပုဒ်နှင့် စပ်ရာ၌၊ (ဥဒါဟရဏံ၊) ကထိနဿ-ကထိန်သင်္ကန်းအကျိုးငှါ၊ ဒုဿံ-အဝတ်တည်း၊ ကထိနဒုဿံ-ကထိန် သင်္ကန်းတို့ အဝတ်၊ ကထိနစီဝရတ္ထာယ - ကထိန်သင်္ကန်း အကျိုးငှါ၊ ဣတိ အတ္ထော-နက်၊ ဧဝံ-တူ၊ စီဝရဒုဿံ-သင်္ကန်းတို့အဝတ်၊ စီဝရမူလျံ-သင်္ကန်းတို့ အဘိုး၊ ယာဂုယာ-ယာဂု၏၊ အတ္ထာယ-အကျိုးငှါ၊ တဏ္ဍုလာ-ဆန်တို့တည်း၊ ယာဂုတဏ္ဍုလာ-ယာဂုတို့ ဆန်တို့၊ အတ္တတဏ္ဍုလာ-ထမင်းတို့ ဆန်တို့၊ သံဃဿ-သံဃာ၏၊ အတ္ထာယ-အကျိုးငှါ၊ ဘတ္တံ-ဆွမ်းတည်း၊ သံဃဘတ္တံ-သံဃာတို့ ဆွမ်း၊ အာဂန္တုကာနံ - ဧည့်သည်တို့၏၊ အတ္ထာယ-အကျိုးငှါ၊ ဘတ္တံ-ထမင်းတည်း၊ အာဂန္တုကဘတ္တံ-ဧည့်သည်တို့တို့ ထမင်း၊ ဧဝံ-တူ၊ ဂမိကဘတ္တံ-ခရီးသွားသူ တို့တို့ ထမင်း၊ ပါသာဒါယ - ပြာသာဒ် အကျိုးငှါ၊ ဒဗ္ဗံ - သစ်သားတည်း၊ ပါသာဒဒဗ္ဗံ-ပြာသာဒ်တို့ သစ်သား။

---

“ဂုဏေန+အမိကော, ဓိရေန+သံသဋ္ဌော+ဩဒနော, မဂ္ဂေန+ယုတ္တံ+စိတ္တံ” ဟု ဝိဂ္ဂြိဟ် ပြု၊ “ဂုဋ္ဌောဒနော”စသည်၌ သံသဋ္ဌစသော အလယ်ပုဒ် ကျေသောကြောင့် “မဇ္ဈေလောပီ တပ္ပုရိသ် သမာသ်”ဟု ခေါ်စမှတ်ပြုသည်။ [မဇ္ဈေ-အလယ်၌၊လောပီ- ကျေခြင်းရှိသော သမာသ်၊] “ဂုဠ+သံသဋ္ဌ+ဩဒန”ဟု တည်၊ “ဂုဠေန+သံသဋ္ဌော+ ဩဒနော”ဟု ဝါကျ ဖြစ်စေ၊ သမာသ်စပ်, တပ္ပုရိသ် မှည့်, ဝိဘတ်ချေ၊ “ဝုတ္တတ္ထာန မပ္ပယောဂေါ”ဟူသော ပရိဘာသာဖြင့် သံသဋ္ဌပုဒ်ကိုချေ၊ “ဂုဠ ဩဒန”ဟု ပကတိ ပြု၊ နာမ်ငွဲ စသည် စီရင်၊ နောက် မဇ္ဈေလောပီ သမာသ်များ၌ ဤနည်းအတိုင်း အလယ်ပုဒ် ကိုချေ၊ “ဇမ္ဗုယာ+သညာတော+ဒီပေါ”သာ ဝါကျ လိုရင်းတည်း၊ လက္ခဏာကား သညာတော၏အဖွင့်သာ။ [သညာတော၌“ပညာတော-ထင်ရှားသော”ဟု သီဟိုဠ်မှု ရှိ၏၊ လက္ခဏာ ဖွင့်ပုံကို ထောက်လျှင် “သညာတော-သိမှတ်အပ်သော, နာမည် မှည့်အပ်သော”ဟုရှိသောပါဌ်က သာ၍ကောင်း၏] “ဇာတိအန္ဓ”ဟုပကတိဖြစ်သည့် အခါ ဇဝဏ္ဏော်ာယံနဝါဖြင့် ဇကို ယပြု၊ ယဝတံဖြင့် တျကို စ ပြု, ဒွေဘော်လာ၊ ဝဂ္ဂစာဒိ မဏ္ဍူကဂ္ဂတိရာနံဖြင့် ဇာ၌ ရဿပြု၍ “ဇစ္စန္ဓ”ပြီးသည်။

## စတုတ္ထီ တပ္ပုရိသ်

စတုတ္ထီ, တဒတ္ထေ၊ပေ၊ပါသာဒဒဗ္ဗံ— “ဣဒံ-ဤအဝတ် စသည်သည်+တဿ- ထို ကထိန်သင်္ကန်း စသည်၏ ဥစ္စာတည်း၊ တဒတ္ထ —ထို ကထိန်သင်္ကန်း စသည်၏ ဥစ္စာ” ဒုဿ အရ အဝတ်သည် ကထိန်သင်္ကန်း ချုပ်ဘို့ရာ ဥစ္စာဖြစ်၍ “တဒတ္ထ”မည်၏၊ ထို

www.dhammaransi.com



တဒတ္ထကို ဟောသော ဒုသဒ္ဒါလည်း (အနက်ကို အကြောင်းပြု၍ ကာရဏူပစာ အားဖြင့်) တဒတ္ထပင်မည်၏၊ ထိုတဒတ္ထ နောက်ပုဒ်နှင့် သမာသ်တွဲရာ၌ ဥဒါဟရုဏ်ကို ပြလို၍"တဒတ္ထေ"ဟု မိန့်သည်၊ တနည်း"၄ါ"ပေးရသော တဒတ္ထသမ္ပဒါန် အနက်၌ သမာသ်ဖြစ်သောကြောင့် "တဒတ္ထေ"ဟု မိန့်သည်၊ ဤနည်းအလို"တဒတ္ထ ဖြစ်သော နောက်ပုဒ်နှင့် တွဲရသောကြောင့် တဒတ္ထခေါ်သည်-မဟုတ်, တဒတ္ထအနက်၌ သမာသ် တွဲရသောကြောင့် တဒတ္ထခေါ်သည်-ဟုမှတ်။

"ကထိနဿ"၌ သဝိဘတ်သည် တဒတ္ထသမ္ပဒါန် အနက်၌ သက်၏၊ ထို့ကြောင့် ကထိနဿကို "ကထိနစီဝရတ္ထာယာတျတ္ထော"ဟု အနက်ဖွင့်သည်၊ "ကထိနဿ-ကထိန်သင်္ကန်းအလို့ငှါ"ဟုအနက်ပေး၊"အလို့ငှါ"ဟူသည် "အကျိုးငှါ"နှင့် အနက် တူတည်း၊ ထို"အလို့ငှါ"ကိုပင် "ဘို့"ဟုလည်း သုံးစွဲနိုင်၏၊ ထို့ကြောင့် "ကထိန်ဘို့ အဝတ်"စသည်ဖြင့် ပြန်လိုက်သည်၊ [အချို့က"ကထိနဿ-၄ါ၊အာဘတံ-ဆောင်အပ် သော၊တနည်း, ပဋိယတ္တံ-စီရင်အပ်သော၊ ဒုဿံ-တည်း"ဟု "အာဘတံ"ကို ဖြစ်စေ, "ပဋိယတ္တံ"ကိုဖြစ်စေ ထည့်၍ အနက်ပေးကြ၏၊ထိုအနက်မှာ အဓိပ္ပါယ် ထင်ရှားရုံသာ ပေးအပ်သောအနက်ဟုမှတ်၊ သဒ္ဒနီတိ၌လည်း အဓိပ္ပါယ်နက်ဖြစ်ကြောင်းကို "ကထိန စီဝရတ္ထာယ ပဋိယတ္တံ အာဘတံဝါ ဒုဿန္တိ အဓိပ္ပါယော"ဟု အဓိပ္ပါယ သဒ္ဒါဖြင့် ဖွင့်သည်၊ "စီဝရဿ+ဒုဿံ, စီဝရဿ+မူလျံ"ဟုနောက်ပုဒ် ၂-ခုကို ဝိဂ္ဂဟပြု။

**ယာဂုယာ အတ္ထာယ တဏ္ဍုလာ။** ။ဤ၌ "ယာဂုယာ-ယာဂု အလို့ငှါ+ တဏ္ဍုလာ-ဆန်တို့တည်း"ဟု ဝိဂ္ဂြိုဟ်ပြုခစေလိုရင်းတည်း၊ သို့သော် "ယာဂုယာ+ တဏ္ဍုလာ"ဟုသာ ဝိဂ္ဂြိုဟ်ပြုလျှင် တဒတ္ထအနက် မထင်ရှားမည်စိုး၍ တဒတ္ထအနက် ထင်ရှားအောင် "ယာဂုယာ အတ္ထာယ+တဏ္ဍုလာ"ဟု ဝိဂ္ဂြိုဟ်ပြုသည်၊ ယာဂုယာ၌ ဆဋ္ဌီ, အတ္ထာယ၌ကား စတုတ္ထီတည်း၊ "ယာဂုယာ-၏၊ အတ္ထာယ-အကျိုးငှါ"ဟူရာ၌ "ယာဂုအကျိုးငှါ" ဟု အနက်ထွက်၏၊ "အကျိုးငှါ" ဟူသော အနက်လည်း "ယာဂုယာ"၌ တဒတ္ထသမ္ပဒါန် အနက်ရှိသော စတုတ္ထီ သဝိဘတ်၏ အနက်ပင် ဖြစ်သည်၊ ထို့ကြောင့် "ယာဂုယာ အတ္ထာယ"သည် တဒတ္ထသမ္ပဒါန်အနက် ထင်ရှား ရုံမျှ ပြသောစကားဖြစ်၏၊ ဝိဂ္ဂြိုဟ်များမှာ "ယာဂုယာ+တဏ္ဍုလာ"သာတည်းဟု မှတ်၊ ရုပ်တွက်သည့်အခါလည်း "ယာဂု+တဏ္ဍုလ"ဟုသာ တည်၊ "သ-ယော" ဝိဘတ် သက်၍ တွက်လေ။

[သဒ္ဒနီတိ] ယထာဟိ အာဂန္တုကာနံ+ဘတ္တံ,အာဂန္တုကဘတ္တံ၊ ယာဂုယာ+ ဘတ္တံ, ယာဂုဘတ္တန္တိ စတုတ္ထီဝသေနေဝ အတ္ထော၊ ဧဝံ အာဂန္တု-ကာနံ (ဆဋ္ဌီ) အတ္ထာယ (စတုတ္ထီ) ဘတ္တံ, အာဂန္တုကဘတ္တံ, ယာဂုယာ အတ္ထာယ+တဏ္ဍုလာ, ယာဂု တဏ္ဍုလာတိ ယထာက္ကမံ ဆဋ္ဌီ စတုတ္ထီဝသေနေဝ ဧကေကဿ သမာသပဒဿ အတ္ထော ဘဝတီတိ ဒဋ္ဌဗ္ဗော။

"ဘတ္တဿ+ဟဏ္ဍုလာ ဘတ္တတဏ္ဍုလာ"ဟု ဝိဂ္ဂြိုဟ်ပြုလိုရင်းတည်း၊ "ဘတ္တဿ ဒ-တ္ထာယ+တဏ္ဍုလာ,ဘတ္တတဏ္ဍုလာ"ဟုအနက်မှတ်၊"ဘတ္တဿ-ထမင်းအလို့ငှါ"

www.dhammaransi.com



အတ္ထေ-အတ္ထသဒ္ဒါနှင့်သမာသ်တွဲရာ၌၊ (ဥဒါဟရဏံ)၊ အယံ-ဤနေရာသည်၊ ဘိက္ခုသံဃဿ-ရဟန်းသံဃာ၏ ဥစ္စာဖြစ်သော၊ ဝိဟာရော-ကျောင်းတည်း၊ တိက္ခုသံဃတ္ထော-ရဟန်းသံဃာဘို့ဖြစ်သော၊ ဝိဟာရော-ကျောင်း၊ ဘိက္ခုသံဃတ္ထာ-ရဟန်းသံဃာဘို့ဖြစ်သော၊ ယာဂု-ယာဂု၊ ဘိက္ခုသံဃတ္ထံ-ရဟန်း သံဃာဘို့ဖြစ်သော၊ စီဝရံ-သင်္ကန်း၊ အယံ-ဤဟာသည်၊ ယဿ-အကြင်အရာ၏ ဥစ္စာဘည်း၊ ယဒတ္ထော-အကြင်အရာဘို့ဖြစ်သော ဝိဟာရစသည်၊ ယဒတ္ထာ-အကြင်အရာဘို့ဖြစ်သော ယာဂု စသည်၊ ယဒတ္ထံ-အကြင်အရာဘို့ ဖြစ်သော သင်္ကန်း စသည်။

---

ဟု အနက်ပေး၊ "ဂမိကဿ+ဘတ္တံ"ဟု ဝိဂ္ဂြိုဟ် ပြုလိုရင်း၊ "ဂမိကဿ အတ္ထာယ"ဟု အနက် မှတ်၊ "ဂမိဿ-ခရီးသွားမည့်သူ အံလို့ငှါ"ဟု အနက်ပေး၊ "ပါသာဒါယ+ဒဗ္ဗံ"၌ကား စတုတ္ထီသကို အာယ ပြုထားသဖြင့် (အကျိုးငှါ-ဟူသော) တဒတ္ထ အနက် ထင်ရှားသောကြောင့် "ပါသာဒဿ အတ္ထာယ"ဟု အနက် မပြတော့ပြီ၊ ထိုသို့ "ပါသာဒါယ"ဟု တခါထည်း ဝိဂ္ဂြိုဟ် ပြုခြင်းမှာလည်း သက္ကတ ကျမ်းရင်းများ၌ပင် "ယူပါယ+ဒါရု, ယူပဒါရု=ယဇ်တိုင်အလို့ငှါ+သစ်သား"ဟု တိုက်ရိုက် ဝိဂ္ဂြိုဟ်ပြုထား သည်ကို နည်းမှီခြင်းကြောင့်တည်း၊

အတ္ထေ ၊ ပေ ၊ ဝိမုတ္တတ္တာယ—အတ္ထသဒ္ဒါနှင့် တွဲစပ်ပုံကို သဒ္ဒနီတိ၌မပြ၊ ထိုသို့ မပြခြင်းမှာ ပိဋကတ်တော်၌ ထိုပြယုဂ်များသည် စတုတ္ထီသမာသ်မဟုတ်, ဆဋ္ဌီတပ္ပုရိသ်-ကမ္မဓာရဲ—ဗဟုဗ္ဗီဟိ သမာသ်များသာ (ထိုက်သလို) ဖြစ်ကြသောကြောင့်တည်း၊ သက္ကတသဒ္ဒါ ကျမ်းတို့၌ကား အတ္ထသဒ္ဒါနှင့် စတုတ္ထီတပ္ပုရိသ်ကို ပြကြ၏၊ [တဒတ္ထေ အတ္ထ ဗလိ ဟိတ သုခ ရက္ခိတ ဣစ္ဆေတေဟိ သဟ စတုတ္ထျန္တံ သမဿတေ=တဒတ္ထ သမ္ပဒါန် အနက်၌ရင်း, အတ္ထစသော သဒ္ဒါတို့နှင့်တကွရင်း စတုတ္ထီဝိဘတ် အဆုံး၌ရှိသော ရှေ့ပုဒ်ကို သမာသ်စပ်အပ်၏—ကာသိကာ။] ထိုတွင် တဒတ္ထ၌ သမာသ်ဖြစ်ပုံကို ပြခဲ့ပြီ၊ ဤ၌ အတ္ထ သဒ္ဒါနှင့် သမာသ်ဖြစ်ပုံကို ပြလိုသောကြောင့် "အတ္ထေ" စသည်ကို မိန့်၊ ဤ အတ္ထသဒ္ဒါနှင့် သမာသ်ဖြစ်ရာ၌ နိစ္စသမာသ်ဖြစ်၍ မိမိ အတ္ထပုဒ်ရင်းဖြင့် ဝိဂ္ဂြိုဟ်မပြုရ၊ အတ္ထ၏အနက်ကို ဟောနိုင်သော အခြားပုဒ်နှင့်သာ ဝိဂ္ဂြိုဟ် ပြုရမည်၊ အတ္ထသဒ္ဒါသည် နဂိုရ်က ပုလ္လိင်ဖြစ်သော်လည်း "ဝိစိတြာဟိ သမာသဝုတ္တိ—သမာသ် ဖြစ်ပုံသည် (ရိုးရိုး ဝါကျထက်) ဆန်းကြယ်၏"ဟူသော ပရိဘာသာနှင့်အညီအဘိဓေယျ (ဟောနက်) ၏ လိင်သို့ လိုက်၍ ၃—လိင်ပင်ဖြစ်ထိုက်သည်—ဟု သက္ကတဆရာတို့ဆိုကြ၏၊ ["အတ္ထေန နိစ္စသမာသော,ဝိသေသျလိင်္ဂတာစေတိ ဝတ္တဗ္ဗံ .. (ဝါတ္တိကာသုတ်)၊ ဒွိဇဿ+အယံ ဒွိဇတ္ထော—သူပေါ, ဒွိဇတ္ထာ ယာဂု, ဒွိဇတ္ထံ ပယော ...(သိဒ္ဓန္တကောမုဒီ)၊ အယံ—ဤဟာသည်၊ ဒွိဇဿ—ပုဏ္ဏား၏ ဥစ္စာတည်း, အဘို့တည်း၊ ဒွိဇတ္ထော—ပုဏ္ဏားဘို့၊ သူပေါ—ဟင်းချို၊ ယာဂု—ယာဂု၊ ပယော (နပုလ္လိင် မနောဂိုဏ်း) နို့ရည်။] ဤရူပသိဒ္ဓိ သီဟိုဠ်မူ၌လည်း "အတ္ထေ"ဟု မြန်မာမူလို မရှိဘဲ "အတ္ထေန နိစ္စသမာသော သဗ္ဗလိင်္ဂ

www.dhammaransi.com



ဧဝံ–တူ၊ တဒတ္ထော–ထိုအရာဘို့ဖြစ်သော ကျောင်းစသည်၊ တဒတ္ထာ, တဒတ္ထံ (ယဒတ္ထာ ယဒတ္ထံ နည်းမှီး၍ပေး)၊ တေဒတ္ထော–ဤအရာဘို့ ဖြစ်သော၊ ဝါယာမော–အားထုတ်ခြင်း၊ တေဒတ္ထာ–သော၊ ကထာ–စကား၊ တေဒတ္ထံ–သော၊ သောတာဝဓာနံ — နားထောင်ခြင်း၊ ကိမတ္ထံ — အဘယ်ဘို့နည်း၊ အတ္တတ္ထံ —

---

တာစ''ဟု ရှိ၏၊ ထို့ကြောင့် သက္ကတနှင့် သီဟိုဠ်မှုကို မှီး၍ အတ္တ သဒ္ဒါနှင့် သမာသ်တွဲ ပြယုဂ်များကို အမိပ္ပါယ် ရေးရလိမ့်မည်။

''ဘိက္ခုသံဃဿ+အယံဝိဟာရော ဘိက္ခုသံဃတ္ထော ဝိဟာရော''ဟု ပါဠိမှန် ရှိစေ၊ ဤ ပြယုဂ်သည် ''ဒွိဇဿ+အယံ, ဒွိဇတ္ထောသူပေါ''ကို နည်းမှီ၍ ထုတ်အပ်သော ပြယုဂ်တည်း၊ အတ္တနှင့် သမာသ်တွဲရာ၌ နိစ္စသမာသ်ဖြစ်သောကြောင့် အတ္တ၏ပရိယာယ် ''အယံ''ပုဒ်ဖြင့် ဝိဂြိုဟ်လုပ်သည်၊ အဘိဓာန်လာ အတ္တသဒ္ဒါ၏ အနက် များစွာတွင် ဥစ္စာ ဟူသော အနက်ကို ယူ၊ ဒွိဇဿ၌ သ ဝိဘတ်သည် စတုတ္ထီ မဟုတ်, ဆဋ္ဌီ တည်း၊ ဘာ့ကြောင့်နည်း, .. သက္ကတ၌ စတုတ္ထီမှန်လျှင် ''အာယ''အမြဲပြုသောကြောင့်တည်း၊ ထို့ကြောင့် ''ဒွိဇဿအယံ+ ဝိဂြိုဟ်''သည် ''ဒွိဇတ္ထော'' ဟူသော နိစ္စသမာသ်ကို အနက်ထင်ရှားပြသော ဝိဂြိုဟ်တည်း ဟု မှတ်၊ မှန်၏—''ဒွိဇဿ+အယံ–ပုဏ္ဏားအ၏+ ဥစ္စာ''ဟုဆိုလျှင် ''ပုဏ္ဏားအကျိုးငှါ=ပုဏ္ဏားဘို့''ဟူသော အနက်သည် ထင်ရှား၏၊ ''ဘိက္ခုသံဃဿ+အယံ''လည်း နည်းတူပင်။ [ရုပ်တွက်သည့်အခါ၌ကား ဥပနဂရံ တုန်းကကဲ့သို့ မူလပုဒ်ရင်းအတိုင်း ''ဘိက္ခုသံဃ+အတ္တ''တည်၊ ဘိက္ခုသံဃ နောင် စတုတ္ထီ သ သက်,အတ္တနောင် သိသက်။] ''ဘိက္ခုသံဃတ္ထာ–ဘိက္ခုသံဃတ္ထံ''တို့ကား ''ယာဂု-ပယော''ဟူသော ဝိသေသျ (အဘိဓေယျ) လိန်လိုက်ကြောင်းထင်ရှားအောင် ပြသော ဣတ္ထိလိန် နပုလ္လိန် ပြယုဂ်များတည်း။

**ဆက်ဦးအံ့**—ဤ ပြခဲ့သော ဝိနိစ္ဆယကို သဘောတူပါလျှင် ''ဘိက္ခု၊ သံဃဿ အတ္ထာယ''ဟူသော မြန်မာမှု၌ ပါဠိသည် '''နိစ္စ သမာသ်ဖြစ်၍ အခြားပုဒ်နှင့် ဝိဂြိုဟ် ပြုရမည်''ဟူသော စကားကို ဆန့်ကျင်စေ၍ ''အတ္တ''ဟူသော မိမိ ပုဒ်ဖြင့်ပင် ဝိဂြိုဟ် လုပ်ထားသောကြောင့်ရင်း, ''နောက်ပုဒ်၌ ပဉ္စမာ ကျေရမည်''ဟူသော တပ္ပုရိသ် ထုံးစံကို လွန်ဆန်လျက်ရှိသောကြောင့်ရင်း, ပါဠိပျက်ဟု မှတ်၊ ''ယဿ+အတ္ထာယ'' လည်း ပါဠိပျက်ပင်၊ ''ယဿ+အယံ''ဟု ဝိဂြိုဟ် ရှိစေ၊ ''ယဒတ္ထော, ယဒတ္ထာ, ယဒတ္ထံ''ကား ၃-လိန် ရှိကြောင်း ပြယုဂ်များတည်း၊ တဒတ္ထော စသည်လည်း နည်းတူ၊ ''တဿ+အယံ''ဟု ဝိဂြိုဟ်ပြု၊ တေဒတ္ထော၌ ဝါယာမော (ပုလ္လိန်) ကထာ (ဣတ္ထိလိန်) သောတာဝဓာနံ (နပုလ္လိန်) တို့ကား အဘိဓေယျ (ဟောနက်) ပြတည်း၊ ''တေဿ+ အယံ''ဟု ဝိဂြိုဟ်ပြု၊ နပုလ္လိန်အတွက်မူ ''ယဿ+ဣဒံ''စသည်ဖြင့် ဝိဂြိုဟ်ပြု၊ ရုပ်တွက် ရာ၌ ''ယ+အတ္တ''ဟု ပကတိပြုပြီးသည့်အခါ ယဝမဒန သုတ်ဖြင့် (ဒ) လာ။

မှတ်ချက်။ ။ဘိက္ခုသံဃတ္ထောစသော သမာသ်များသည်''ဒွိဇတ္ထော''ဟူသော သက္ကတ ပြယုဂ်အလိုအားဖြင့်သာ စတုတ္ထီ သမာသ် ဖြစ်ရသည်၊ ပါဠိအတိုင်းမူ''ဘိက္ခု၊

www.dhammaransi.com



မိမိတို့၊ ပရတ္ထံ-သူတပါးတို့၊ သံဝရဿ-စောင့်ရှောက်ခြင်း၏ (ဥစ္စာဖြစ်သော၊) အယံ-ဤတရားသည်၊ ဝိနယော-ဝိနည်းတည်း၊ သံဝရတ္ထော-စောင့်ရှောက်ဖို့ ဖြစ်သော၊ ဝိနယော-ဝိနည်း၊ သုခံ-သုခသည်၊ သမာဓတ္ထာယ-သမာဓိတို့ အကျိုးငှါ၊ (ဟောတိ-၏၊) နိဗ္ဗိဒါ-ငြီးငွေ့ခြင်းသည်၊ ဝိရာဂတ္ထာယ-အရိယာ မဂ်တို့အကျိုးငှါ၊ (ဟောတိ-၏၊) ဝိရာဂေါ-အရိယာမဂ်သည်၊ ဝိမုတ္တတ္ထာယ- အရိယာဖိုလ်အကျိုးငှါ၊ (ဟောတိ-၏)။

---

သံဃဿ-၏၊ အတ္ထော-ဥစ္စာဖြစ်သော ကျောင်းသည်၊ ဘိက္ခုသံဃတ္ထော-မည်၏”ဟု (နိစ္စ သမာသ်လည်း မဟုတ်သော) ဆဋ္ဌီ တပ္ပုရိသ်သာ ဖြစ်၏၊ ၃-လိင်လည်း မရှိ, အတ္ထ သဒ္ဒါ၏ မူလ ပုလ္လိင် အတိုင်းသာ ရှိရမည်၊ အကယ်၍ ၃-လိင် ရှိစေလိုလျှင် “ဘိက္ခု သံဃဿ အတ္ထော ယဿာတိ ဘိက္ခုသံဃတ္ထော, တ္ထာ, တ္ထံ-ရဟန်းသံဃာ၏ အကျိုး ရှိသော ကျောင်း, ယာဂု, သင်္ကန်း”ဟု ဗဟုဗ္ဗီဟိ သမာသ် ဖြစ်ရမည်၊ ယဒတ္ထော, တဒတ္ထော, တေဒတ္ထော စသည်လည်း ၃-လိင်အလိုရှိမူ “ယံ အတ္ထော (ပယောဇနံ) ယဿာတိ”ဟု ဗဟုဗ္ဗီဟိပင်ပြုရမည်၊ ထို့ကြောင့်ပင် မောဂ္ဂလ္လာန်၌“ကထံ-တေဒတ္ထော, တေဒတ္ထာ, တေဒတ္ထံတိ၊ အညပဒတ္ထေ ဘဝိဿတိ-အညပုဒ်အနက် ရှိသော ဗဟုဗ္ဗီဟိ သမာသ်၌ ဖြစ်လတ့်”ဟုငင်း,ပါရာဇိကဏ် ယောဇနာ (မဟာဝိဘင်္ဂ နိဒါန်း အဆုံးနား)၌ “တေ၊ အနုပါဒါပရိနိဗ္ဗာနံ+အတ္ထော=ပယောဇနံ တေသာ့တိ တေဒတ္ထာ (ကထာ)” ဟုငင်း မိန့်ကြသည်၊ ပါစိတျာဒိ (ပရိဝါ) ယောဇနာ၌လည်း ဤအတိုင်းပင်၊“တေသာ- ဤဝိနည်းစကားကို ပြောဆိုခြင်း၏၊ တေ-ဤအနုပါဒါပရိနိဗ္ဗာန် ဟူသော၊ အတ္ထော- အကျိုးသည်၊ အတ္ထိ-ရှိ၏”ဟု ဆိုလိုသည်။

ကိမတ္ထံ အတ္တတ္ထံ ပရတ္ထံ—ကိဿ+ဣဒံ ကိမတ္ထံ=အဘယ်သို့နည်း၊ အတ္တနော+ ဣဒံ အတ္တတ္ထံ=မိမိတို့၊ ပရတ္ထံ=သူတပါးတို့၊ “ကိံ+အတ္ထ”ဟုဖြစ်သည့်အခါ သိကို အံပြုလေ၊ “အာလပနေတိ ကိမတ္ထံ” စသည်၌ “အာလပနေတိ—အာလပနေပုဒ်ကို၊ ကိမတ္ထံ—အဘယ်အကျိုးငှါ၊ ဝုတ္တံ—ဆိုအပ်သနည်း”ဟု ပေးလျှင် “ကိဿ+အတ္ထော, ကိမတ္ထော”ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်စေ“ကော-အဘယ်သို့သော၊ အတ္ထော-အကျိုးနည်း၊ ကိမတ္ထော-အဘယ်သို့သော အကျိုးနည်း”ဟု ကမ္မဓာရဲဖြစ်စေ တွဲပြီးနောက် သိ ဝိဘတ် နေရာဝယ် စကုတ္ထီသဝိဘတ်သက်၍ အာယစတုတ္ထေကဝစနဿတု၌ တုသဒ္ဒါဖြင့် သ ကို အံပြုလျှင် “ကိမတ္ထံ-အဘယ်အကျိုးငှါ”ဟု ဖြစ်၏၊ သမာသ်မတွဲဘဲ ကိံနောင် စတုတ္ထီ သ ကို ထံပြုလျှင်လည်း ဤ အနက်ဖြစ်၏၊ “အာလပနေတိ-ဝုဒ်သည်၊ ကိမတ္ထံ-အဘယ် အကျိုးရှိသနည်း”ဟုပေးမူကား“ကော အတ္ထော (ပယောဇနံ) ယဿ”ဟု ဗဟုဗ္ဗီဟိ ဝိဂြိုဟ်ပြု၍ သိကို အံပြုရသည်၊ “အတ္တတ္ထံ-မိမိအကျိုးငှါ, မိမိအကျိုးရှိ၏၊ ပရတ္ထံ-ငှါ,ရှိ၏” ဟူရာ၌လည်း တပ္ပုရိသ်-ဗဟုဗ္ဗီဟိ သမာသ် ၂-မျိုးဟု မှတ်။

www.dhammaransi.com



တထာ–ထိုမှတပါး၊ လောကဿ-လောက အလို့ငှါ၊ ဟိတော-စီးပွါးတည်း၊ လောကဟိတော–လောကဘို့စီးပွါး၊ ဗုဒ္ဓဿ-ဘုရားအား၊ ဒေယျံ-လှူထိုက်သော ပန်းတည်း၊ ဗုဒ္ဓဒေယျံ–ဘုရားအားလှူထိုက်သော၊ ပုပ္ဖံ–ပန်း၊ သံဃဒေယျံ–သံဃာအားလှူထိုက်သော၊ စီဝရံ-သင်္ကန်း၊ ဣစ္စ-ဤဆိုအပ်လတံ့.

---

"သံဝရဿ+အယံ ဝိနယော, သံဝရတ္ထော ဝိနယော"ဟု ပါဌ်မှန်ရှိစေ၊ "ဘိက္ခုသံဃဿ+အယံ"ကဲ့သို့မှတ်၊ "သုခံ သမာဓတ္ထာယ၊ပေ၊ဝိမုတ္တတ္ထာယ"တို့၌ "သမာ-ဓတ္ထ-ဝိရာဂတ္ထ–ဝိမုတ္တတ္ထ"တို့သာ လိုရင်းတည်း၊ "သမာဓိဿ+ဣဒံ သမာဓတ္ထံ–သုခံ, ဝိရာဂဿ+အယံ ဝိရာဂတ္ထော–နိဗ္ဗိဒါ, ဝိမုတ္တိယာ + အယံ ဝိမုတ္တတ္ထော–ဝိရာဂေါ"ဟု လိန်အားလျော်စွာပြု၊ ဣဒံ-ဤဟာသည်၊သမာဓိဿ-သမာဓိ၏ဥစ္စာတည်း၊ သမာဓတ္ထံ-သမာဓိဘို့ဖြစ်သော၊ သုခံ-သုခ၊ ဤသို့ စသည်ဖြင့်အနက်ပေး၊ "သမာဓိ+အတ္ထ"တည့်, ဆိုင်ရာစီရင်၍"သမာဓိအတ္ထ"ဟုပကတိဖြစ်သောအခါ ဓိ ၌ ဣ ချေ, ဓ ကို အ သို့ကပ်၊ နာမ်ငဲ့, စတုတ္ထီ သ သက်၍ အာယပြုလျှင် "သမာဓတ္ထာယ"ဟုပြီး၏၊ဤသို့လျှင်"သမာဓတ္ထံ"စသည်သာ လိုရင်းဖြစ်သော်လည်း "ဝိနယော သံဝရတ္ထာယ၊ပေ၊သုခံ သမာဓတ္ထာယ၊ပေ၊နိဗ္ဗိဒါ ဝိရာဂတ္ထာယ, ဝိရာဂေါ ဝိမုတ္တတ္ထာယ,ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ, ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ ဧတဒတ္ထာ ကထာ၊ပေ၊ ဧတဒတ္ထံ သောတာဝဓာနံ၊ ယဒိဒံ အနုပါဒါ စိတ္တဿ ဝိမောက္ခောတိ"ဟူသော ပရိဝါပါဠိတော် (စူဠသင်္ဂါမ) အတိုင်း "သမာဓတ္ထာယ"စသည်ဖြင့် ပုံစံထုတ်ထားသည်၊ ထိုပါဠိတွင်လည်း နပုံလိင် (သုခံ) ဣတ္ထိလိင် (နိဗ္ဗိဒါ) ပုံလိင် (ဝိရာဂေါ) စုံရုံမျှကိုသာ ထုတ်ပြထားသည်။

**မှတ်ချက်။** ။သံဝရတ္ထာယ စသည်၌ "သံဝရဿ+အယံ"စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြုခြင်းမှာ သက္ကတနည်းကို မှီးသော ရူပသိဒ္ဓိ အလိုသာ၊ တခြားနေရာ၌ ဝိဂ္ဂြိုဟ် ပြုရိုးမှာ "သံဝရဿ+အတ္ထော=စောင့်ရှောက်ခြင်း၏ အကျိုး"ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်စေ "သံဝရောစ+သော+အတ္ထောစ=စောင့်ရှောက်ခြင်း ဟူသော အကျိုး"ဟု ကမ္မဓာရဲ ဖြစ်စေ ပြုရိုးတည်း၊ ထိုတွင် တပ္ပုရိသ်၌ရာ၌ သံဝရနှင့် အတ္ထသည် မကွဲပြားဘဲလျက် ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒ ဘေဒူပစာရဟုကြံ၊ ဝိရာဂတ္ထ-ဝိမုတ္တတ္ထ တို့၌လည်း နည်းတူ၊ ဤမျှလောက်သောစကားစဉ်ဖြင့် အတ္ထသဒ္ဒါနှင့် သမာသ်တွဲရာ၌ ဖြစ်သင့်သော အဓိပ္ပါယ်များပြီးပြီ၊ရူပသိဒ္ဓိ နိဿယဟောင်း၌ကား "ဘိက္ခုသံဃဿ-အား၊အတ္ထာယ (အတ္ထံကာတုံ)–ငှါ၊ ဝိဟာရော–ကျောင်းတည်း"စသည်ဖြင့် အနက်ဆို၏, စဉ်းစားကြပါလေ။

**တထာလောကဿ၊ပေ၊ဣစ္စာဒိ**– "တဒတ္ထ အတ္ထ ဟိတ ဒေယျာဒိဟိ"ဟု ပြခဲ့သည်အားလျော်စွာ အတ္ထနှင့်တွဲပုံကို ပြပြီး၍ ဟိတနှင့် တွဲပုံကို ပြလိုသောကြောင့် "တထာ လောကဿ ဟိတော လောကဟိတော"ဟု မိန့်သည်၊ ဤဟိတ သဒ္ဒါနှင့် စတုတ္ထီ တပ္ပုရိသ်တွဲခြင်းလည်း"ဂေါဟိတံ–နွားဘို့စီးပွား"ဟူသော သက္ကတ ပြယုဂ်ကို မှီးခြင်းသာတည်း၊ ပါဠိဝယ် ဟိတနှင့်တွဲရာ၌ ဆဋ္ဌီသာ အသုံးတွေ့ရသည်၊ ပုံစံကား–

www.dhammaransi.com



သော ပြယုဂ်တို့၌၊ နဘ၀တိ-သမာသ်မဖြစ်၊ သံဃဿ-အား၊ ဒါတဗ္ဗံ-လှူထိုက်သော ဝတ္ထု၊ သံဃဿ-အား၊ ဒါတုံ-လှူခြင်းငှါ၊ဣစ္စာဒိ။ စတုတ္ထီတပ္ပုရိသော-သည်၊ နိဋ္ဌိတော။

## ပဉ္စမီ တပ္ပုရိသ်

ပဉ္စမီ-ပဉ္စမီဝိဘတျန္တပုဒ်ကို၊ အပဂမန ဘယ ဝိရတိ မောစနတ္ထာဒိဟိ-ခွဲခွါခြင်း အနက်ရှိသောပုဒ်, ကြောက်ခြင်း အနက်ရှိသောပုဒ်, ရှောင်ကြဉ်ခြင်း အနက်ရှိသောပုဒ်, လွတ်ခြင်း အနက်ရှိသော ပုဒ် အစရှိသည်တို့နှင့်၊ (သမဿတေ-စပ်အပ်၏၊) မေထုနသ္မာ-မေထုန်မှ၊ အပေတော-ကင်းသူတည်း၊ မေထုနာပေတော-သူ၊ဧဝံ,ပလာပါပဂတော-ဖွဲ့ အဖျင်းတို့မှ ကင်းသော စပါး၊ နဂရနိဂ္ဂတော-မြို့မှ ထွက်သော မင်း၊ ပိဏ္ဍပါတ ပဋိက္ကန္တော-ဆွမ်းခံရာ အရပ်မှ ဖဲခဲ့သော ရဟန်း၊ ဝါ-ဆွမ်းစားရာအရပ်မှ ဖဲခဲ့သောရဟန်း၊ ဂါမတော-ရွာမှ၊ နိက္ခန္တံ-ထွက်သောတောတည်း၊ ဂါမနိက္ခန္တံ-တော၊ ရုက္ခဂ္ဂါ-သစ်ပင်ဖျားမှ၊ ပတိတော-ကျသူတည်း၊ ရုက္ခဂ္ဂပတိတော-သူ၊ သာသနစုတော-သာသနာမှ ရွေ့လျောသူ၊အာပတ္တိဝုဋ္ဌာနံ-အာပတ်မှထခြင်း၊ဓရဏိတလုဂ္ဂတော-မြေအပြင်မှတက်သူ၊ [ဓရဏိတလတော-မြေအပြင်မှ + ဥဂ္ဂတော - တက်သူ၊] သဗ္ဗဘဝေဟိ-အလုံးစုံသော ဘဝတို့မှ၊ နိဿဋော-ထွက်မြောက်သော ရဟန္တာတည်း၊ သဗ္ဗဘဝနိဿဋော-န္တာ။

---

"ဒေဝမနုဿာနံ-(တို့၏) အတ္ထာယ ဟိတာယ သုခါယ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ" တည်း၊ ဤသို့ စုဏ္ဏိယ၌ ဆဋ္ဌီရှိလျှင် သမာသ်တွဲရာ၌လည်း "လောကဟိတော-လောက၏ စီးပွား"ဟု ဆဋ္ဌီသမာသ်ပင် ဖြစ်သင့်သည်၊ ဟိတနှင့် တွဲပုံကို ပြပြီး၍ ဒေယျနှင့်တွဲပုံကို ပြလိုသောကြောင့် "ဗုဒ္ဓဿ၊ ပေ၊ သံဃဒေယျံ စီဝရံ" ဟုမိန့်၊ ဒေယျာဒီဟိ၌ အာဒိဖြင့် သက္ကဋ၌ လာသော သုခ, ဗလိ, ရက္ခိတပုဒ်တို့နှင့် တွဲရသော "ဂေါသုခံ-နွားတို့ သုခ, ကုဝေရဗလိ-ကုဝေရ နတ်တို့ပူဇော်ဘွယ်၊ ဂေါရက္ခိတံ-နွားတို့ စောင့်ရှောက်အပ်၏"ဟူသော ပုံစံများကို ယူစေလိုဟန် တူသည်၊ သို့သော် ပါဠိ၌ ထိုပုံစံများလည်းစတုတ္ထီသမာသ်မဟုတ်ကြ၊ ဆဋ္ဌီသမာသ်နှင့် (ဂေါရက္ခိတံဝယ်) တတိယာ သမာသ်များသာ ဖြစ်ထိုက်သည်၊ တဗ္ဗပစ္စည်း တုံပစ္စည်း ဆုံးသော ပုဒ်များနှင့်ကား သမာသ် မဖြစ်၊ "သံဃဿ ဒါတဗ္ဗံ, သံဃဿ ဒါတုံ"ဟု ဝါကျသာရှိသည်၊ ဘာ့ကြောင့်နည်း ..."အနဘိဓာနတော-သံဃဒါတဗ္ဗံဟု သမာသ်ဖြစ်လျှင် ထိုသမာသ်က "သံဃာအား+ပေးအပ်"ဟူသော အနက်ကို မဟောနိုင်သောကြောင့်တည်း။

www.dhammaransi.com



ဘယတ္တ ယောဂါဒိ-ဘယ အနက်ရှိသော ပုဒ်တို့နှင့် ယှဉ်သော သမာသ် စသည်ကား၊ [သိဒ္ဓ၌ "ဘယတ္ထာဒိ ယောဂေ-ဘယတ္တ အစရှိသော ပုဒ်တို့နှင့် ယှဉ်ရာ၌"ဟုရှိ၏၊] ရာဇတော-မင်းမှ၊ ဘယံ-ဘေးတည်း၊ ရာဇဘယံ-မင်းဘေး၊ [သဒ္ဒနီတိ၌ "ရာဇတော-မင်းကြောင့်"ဟု ဟိတ်အနက်၌ ပဉ္စမီ တောပစ္စည်း သက်၍ "ဥပ္ပန္နံ-ဖြစ်သော"ဟုလည်း ထည့်သည်၊] စောရေဟိ-ခိုးသူတို့မှ၊ ဘယံ-တည်း၊ စောရဘယံ-ခိုးသူဘေး၊ အမနုဿေဟိ-ဘီလူးတို့မှ၊ ဘယံ-တည်း၊ အမနုဿဘယံ-ဘီလူးဘေး၊ အဂ္ဂိတော,ဘယံ,အဂ္ဂိဘယံ-မီးဘေး၊ ပါပတော-မကောင်းမှုမှ၊ ဘီတော-ကြောက်သူဘည်း၊ ပါပဘီတော-သူ၊ ပါပဘီရုကော-မကောင်းမှုမှ ကြောက်သူ။

[ဤင်းနောက်၌ ဝိရမဏတ္ထ ပုဒ်နှင့်တွဲပုံကို ပြသည်၊] အကတ္တဗ္ဗတော-မပြုထိုက်သော အမှုမှ၊ ဝိရတိ-ရှောင်ခြင်းတည်း၊အကတ္တဗ္ဗဝိရတိ-ခြင်း၊ ဝေ-ကာယဒုစ္စရိတဝိရတိ-ကာယဒုစ္စရိတ်မှရှောင်ခြင်း၊ဝစီဒုစ္စရိတဝိရတိ-ခြင်း၊[ဤင်းနောက်၌ မောစနတ္ထ ပုဒ်တို့နှင့် တွဲပုံကိုပြသည်၊] ဗန္ဓနာ-အညှာမှ၊ မုတ္တော-လွတ်သော ထန်းသီးတည်း၊ဗန္ဓနမုတ္တော-သီး၊ ဝနမုတ္တော-တောမှလွတ်သူ၊ ဗန္ဓနမောက္ခော-အနှောင်အဖွဲ့မှလွတ်ခြင်း။

[ဤင်းနောက်၌"အာဒိ"အရပြပြန်သည်၊ ]ကမ္မတော-ကံကြောင့်၊ သမုဋ္ဌိတံ-ဖြစ်သောရုပ်တည်း၊ ကမ္မသမုဋ္ဌိတံ-ရုပ်၊ ဥက္ကဋ္ဌတော-ဥက္ကဋ္ဌထက်၊ ဥက္ကဋ္ဌ-လွန်သောစိတ်တည်း၊ ဥက္ကဋ္ဌုက္ကဋ္ဌံ-စိတ်၊ ဩမကောမကံ-ဩမကစိတ်အောက် ယုတ်လျော့သော စိတ်၊ ကုစ္ဆိ-အချို့အရာ၌၊ ဝုတ္တိယေဝ-အမြဲ သမာသ် သာတည်း၊ ကမ္မတော-ကံကြောင့်၊ ဇာတံ-ဖြစ်သောရုပ်တည်း၊ ကမ္မဇံ-ရုပ်၊ ဧဝံ, စိတ္တဇံ-စိတ်ကြောင့်ဖြစ်သော ရုပ်၊ဥတုဇံ-ဥတုကြောင့်ဖြစ်သော ရုပ်၊အာဟာရဇံ-အာဟာရကြောင့် ဖြစ်သော ရုပ်၊ ဤခ-ဤဆိုအပ်လတံ့သောပြယုဂ်၌၊ နဘဝတိ-သမာသ်မဖြစ်၊ ပါသာဒါ-ပြာသာဒ်မှ၊ ပတိတော-ကျသူ၊ ပဉ္စမီ တပ္ပုရိသော နိဋ္ဌိတော။

---

ပဉ္စမီ။ ။ဤပဉ္စမီ တပ္ပုရိသ်၌ အခက်အခဲမရှိ၊ တိုက်ရိုက် မပါသော ဝိဂြိုဟ်များကိုလည်း နောင်ခါ သိပါလိမ့်မည်၊ ကမ္မဇံ စသော နိစ္စသမာသ်၌ "ကမ္မ+ဇန"တည်၍ ရုပ်တွက်ရပုံကို ကိတ် (ဓာတွန္တနယ လောပေါ ကွိမှိ) သုတ်၌ သိရလတ္တံ။

www.dhammaransi.com



## ဆင္ဒိတပ္ပုရိသ်

ဆင္ဒိ–ဆင္ဒိတပ္ပုရိသ်ကား၊ရညော-မင်း၏၊ပုတ္တော-သားတည်း၊ရာဇပုတ္တော-မင်းသား၊ ဝေ၊ ရာဇပုရိသော-မင်းချင်းယောကျ်ား၊ အာစရိယပူဇကော-ဆရာကို ပူဇော်သူ၊ ဗုဒ္ဓသာဝကော-ဘုရားတပည့်၊ ဗုဒ္ဓရူပံ-ဘုရားရုပ်ပုံတော်၊ ဇိနဝစနံ-ဘုရားစကားတော်၊ သမုဒ္ဒဃောသော-သမုဒ္ဒရာအော်သံ၊ ဓညာနံ-စပါးတို့၏၊ ရာသိ-အစုတည်း၊ ဓညရာသိ-စပါးစု(စပါးပုံ)ပုပ္ဖဂန္ဓော-ပန်းနံ့၊ ဖလရသော-သစ်သီးရည်၊ ကာယဿ-စေတသိက်အပေါင်း၏၊ လဟုတာ-ပေါ့သည်၏ အဖြစ်တည်း၊ ကာယ လဟုတာ-ဖြစ်၊ မရဏဿတိ–သေခြင်းကို အောက်မေ့ခြင်း၊ ရုက္ခမူလံ-သစ်ပင်၏ အနီး အောက်၊ ဝါ-သစ်ပင်ရင်း၊ အဒေယာပတ္တော-သံသပိတ်၊ [မနောဂိုဏ်းဖြစ်၍ "အယောပတ္တော"ဟု သမာသ် အလယ်၌ ဩရှိရသည်၊ "အယဿ+ပတ္တော"ဟု သီဟိုဠ်မူ၌ ဝါကျလည်း ပါ၏၊] ဝေ၊ သုဝဏ္ဏကဋ္ဌာဟံ-ရွှေအိုးခင်း (ရွှေဒယ်)၊ [သက္ကတ အဘိဓာန်၌ "ကဋ္ဌာဟော"ဟု ပုလ္လိင် ရှိ၏။] ပါနီယထာလကံ-သောက်ရေခွက်၊ သပ္ပိကုမ္ဘော–ထောပတ်အိုး။

ဒေဝါနံ-နတ်တို့၏၊ ရာဇာ-မင်းတည်း၊ ဋ္ဌတိအတ္ထေ-၌၊ သမာသာဒိမှ-သမာသ် အစရှိသည်ကို၊ ကတေ-သော်၊ ကွစိသမာသန္တဂတာနမကာရန္တောတိ-သုတ်ဖြင့်၊ အကာရော-ပြု၊ တတော-ထိုသို့(အ)ပြုခြင်းကြောင့်၊ သျာစာတိ-သျာစ သုတ်ဖြင့်၊ အတ္တံ-အာ အဖြစ်သည်၊ နဘဝတိ-မဖြစ်၊ ဒေဝရာဇော-နတ်မင်း၊ ဒေဝရာဇာ-နတ်မင်းတို့၊ ဒေဝရာဇံ-ကို၊ ဒေဝရာဇေ-တို့ကို၊ ဋ္ဌစ္စာဒိ-သည်၊ ပုရိသ သဒ္ဒသမံ-၏၊ အတ္တာဘာဝေ-အအဖြစ်မရှိရာ၌၊ (ကွစိသမာသန္တ

---

ဆင္ဒိ၊ ပေ၊ ရဿတ္တံ-ပူဇခေတ် ဘုရှ ပစ္စည်းဖြင့် ပြီးသော "ပူဇကော"ပုဒ်သည် ဆင္ဒိကံကိုငဲ့သောကြောင့်"အာစရိယဿ–ဆရာကို၊ ပူဇကော–ပူဇော်တတ်သူတည်း၊ အာစရိယပူဇကော–သူ"ဟု ဝိဂ္ဂြိုဟ်ပြု၊ မရဏဿတိ၌လည်း "မရဏဿ–သေရခြင်း သဘောကို၊ သတိ–အောက်မေ့ခြင်းတည်း"ဟု ပြု၊ သ ဒ္ဒေတော်လာ၊ ဒေဝရာဇော စသည်၌"ဒေဝါနံ+ရာဇာ"ဟူသော အနက်၌ သမာသ်စပ်၍ တပ္ပုရိသ်မှည့်, သမာသ် မှည့်,ဝိဘတ်ချေ၊"ဒေဝရာဇ"ဟု ပကတိပြု၊ ဤအစီအရင်များကို ရည်ရွယ်၍ "သမာသာဒိမှိ ကတေ"ဟု ဆိုသည်၊ ထို့နောက် "ကွစိ သမာသန္တ"စသော သုတ်ဖြင့် ရာဇ၏အဆုံး အကို [အ] ထပ်ပြုလျှင်ရာဇာဒိဂိုဏ်းပျက်သောကြောင့်"သျာစ"သုတ်ဖြင့် အာ မပြုရတော့ပြီ၊ပုရိသာဒိဂိုဏ်းဝင်ဖြစ်၍ "ဒေဝရာဇော–ဒေဝရာဇာ"စသည် ဖြစ်၏၊

www.dhammaransi.com



စသောသုတ်ဖြင့် အ-မပြုရာ၌၊) ဒေဝရာဇာ-သည်၊ ဒေဝရာဇာနော-တို့သည်၊ [“တေ ဒေဝရာဇာနော”ဟု အချို့ရှိ၏၊ “သော”ဟု မပါခဲ့သဖြင့် “တေ” လည်း မရှိသင့်၊ သိဒ္ဓိလည်း မရှိ၊] ဣစ္စာဒိ-သည်၊ ရာဇသဒ္ဒသမံ-၏၊ တထာ-ထိုမှတပါး၊ ဒေဝါနံ့ သခါ-မိတ်ဆွေတည်း၊ ဒေဝသခေါ-နတ်တို့၏မိတ်ဆွေ၊ ဒေဝသခါ-နတ်တို့၏မိတ်ဆွေတို့သည်၊ [ဤကား“ပုရိသာဒိဂိုဏ်း”] သော ဒေဝသခါ-ထိုနတ်တို့၏မိတ်ဆွေသည်၊ တေ ဒေဝသခါနော-တို့သည်၊ [ဤကား အ မပြုသဖြင့် ရာဇာဒိဂိုဏ်းတည်း၊] ဣစ္စာဒိ-တည်း။

ပုမဿ-ယောကျ်ား၏၊ လိင်္ဂ-အသွင်တည်း၊ ပုလ္လိင်္ဂံ၊ ဧဝံ, ပုမ္ဘာဝေါ-ယောကျ်ား၏အဖြစ်၊ ပုမန္တလောပါဒိ-ပုမ၏ အဆုံးသရကို ချေခြင်း အစ ရှိသော အစီအရင်သည်၊ (ဟောတိ)၊ ဟတ္ထိပဒံ-ဆင့်ခြေရာ၊ ဣတ္ထိရူပံ-မိန်းမရုပ်၊ ဘိက္ခုနိသံဃော-ရဟန်းမအပေါင်း၊ ဇမ္ဗုသာခါ-သပြေခက်၊ ဧတ္ထ-ဤဟတ္ထိပဒံ စသော ပြယုဂ်တို့၌၊ ကွစာဒိမဇ္ဈုတ္တရာနံ့တျာဒိနာ-ဖြင့်၊ မဇ္ဈေ-အလယ်၌၊ ဤကာရူကာရာနံ-ဤ အက္ခရာ ဦ အက္ခရာတို့၏၊ ရဿတ္တံ၊ ဝိဘာသာဝိကာရဓတာ-ကြောင့်၊ ကွစိ ဝါကျမေဝ၊ သဟာသာ-အဆောတလျင်၊ ကမ္မဿ-အလုပ်ကို၊ ကတ္တာရော-ပြုလုပ်တတ်သူတို့၊ ဘိန္နာနံ-ကွဲပြားသူတို့ကို၊ သန္ဓာတာ-စေ့စပ်တတ်သူတည်း၊ ကပ္ပဿ-ကမ္ဘာ၏၊ တတိယော-၃ ခုမြောက်သော၊ ဘာဂေါ-အဘို့

---

ကွစိသမာသန္တသုတ်၏ အစီအရင်က မမြဲသောကြောင့် အ-မပြုသောအခါ ရာဇာဒိ ဂိုဏ်း ထုံးစံအတိုင်း သိကို အာပြု၊ စသည် စီရင်၍ “ဒေဝရာဇာ—ဒေဝရာဇာနော” စသည်ဖြစ်၏၊ “ဒေဝသခ”လည်း နည်းတူ။

ပုလ္လိင်္ဂ၌“ပုမလိင်္ဂ”ဟု ပကတိဖြစ်သောအခါ “ပုမဿ လိင်္ဂါဒီသု သမာသေသု” သုတ်ဖြင့် ပုမ၏ အဆုံး (အ) သရကိုချေ—စသည်ဖြင့် ထိုသုတ်၌ ပြခဲ့သော ပုကော ကိလော ရုပ်ကို နည်းမှီးလေ၊ “ပုမဿ ဘာဝေါ ပုမ္ဘာဝေါ”လည်း နည်းတူ၊ ဟတ္ထိပဒံ စသည်၌ “ဟတ္ထီ”စသည်ဖြင့် နဂိုရ်က ဤ–ဦကာရန္တ ပုဒ်များ ဖြစ်သောကြောင့် “ဟတ္ထီ+ပဒ”စသည် တည်၍—ပကတိပြုရသည်၊“ကွစာဒိ မဇ္ဈုတ္တရာနံ”ဖြင့် အလယ် ဒီဃကို ရဿပြု၊“ဣတ္ထိ-ဘိက္ခုနီ ဇမ္ဗု”တို့၌လည်းနည်းတူ၊ “ဟတ္ထိဿ+ပဒံ,ဘိက္ခုနီနံ+ သံဃော,ဇမ္ဗုယာ+သာခါ”ဟု ဝိဂ္ဂြိုဟ်ပြု။

ဝိဘာသာ၊ ပေ၊ သုရတဓမော—ဝိဘာသာရုက္ခတိဏ စသောသုတ်မှ ဝိဘာသာ သဒ္ဒါ လိုက်လာသောကြောင့် တချို့အရာ၌ “ကမ္မဿ+ကတ္တာရော” စသည်ဖြင့် ဝါကျသာရှိရသည်၊ “ကမ္မကတ္တာရော, ဘိန္နသန္ဓာတာ,ကပ္ပတတိဘာဂေါ, ပက္ခအဋ္ဌမီ, မနုဿခတ္တိယော”ဟုသမာသ်မရှိရ-ဟူလို၊ဤ၌တုပစ္စယန္တပုဒ်- (“တတိယ—၃ ခုဘို့၏

www.dhammaransi.com



တည်း၊ ပက္ခဿ-ပက္ခ၏၊ ယာစအဌမီ-အကြင် ရှစ်ရက်မြောက်နေ့သည့်ရင်း၊ မနုဿာနံ-လူတို့တွင်၊ ခတ္တိယော-မင်းဇာတ်ရှိသူသည်၊ သူရတမော-သာ၍ ရဲ၏။

---

ပြည့်ကြောင်း)''စသည်ကဲ့သို့ ပူရဏ အနက်ရှိသော ပစ္စည်းဆုံးသောပုဒ်—ခတ္တိယော ကဲ့သို့သော နိဒ္ဓါရဏီယပုဒ်တို့နှင့် ဆဋ္ဌီယန္တ ရှေ့ပုဒ်သည် သမာသ် မဖြစ်ဟု ဆို၏၊ မောဂ္ဂလ္လာန်၌ကား (သက္ကတကို မှီး၍) န္တ ပစ္စယန္တ-မာန ပစ္စယန္တ-တဗ္ဗိတ် ဘာဝ-ပစ္စယန္တ-တိဗ္ဗဗ္ဗ (ရောင့်ရဲခြင်း-တင်းတိမ် အားရ(ဝ)ခြင်း အနက်ရှိသော) ပုဒ်တို့နှင့်လည်း ဆဋ္ဌီ သမာသ် မဖြစ်-ဟု ဆို၏၊ အကျယ်ကို ထို မောဂ္ဂလ္လာန် သမာသကဏ္ဍမှာ ရှု။

[ဆောင်] တု-ပူရဏ, ပစ္စယန္တနှင့်, ဘာဝ တလီ, နိဒ္ဓါရဏီယ, တိဗ္ဗဗ္ဗပြင်, မာန အန္တာ, နောက်ပုဒ် ပါမူ, ဝါကျသာမှတ်, သမာသ် ဆဋ္ဌီ, မဖြစ်ပြီ, ထို ၌ ကျမ်းအထွက်။

နိဒ္ဓါရဏသမာသ်။ ။''နိဒ္ဓါရဏီယ နောက်ပုဒ်နှင့် သမာသ် မဖြစ်''ဟူရာ၌ ''မနုဿာနံ ခတ္တိယော သူရော''၌ ခတ္တိယောသည် သူရောဟူသော ပုဒ်ဟပါးကိုငဲ့နေသောကြောင့် (''မနုဿာနံ-တို့တွင်၊ ခတ္တိယော—မင်းသည်း''ဟု အဆုံးမသတ်နိုင်ဘဲ, ''ခတ္တိယော—သည်၊သူရော—ရဲရင့်၏''ဟု နောက်ပုဒ်ကို ငဲ့နေသောကြောင့်) ယုတ္တဗ္ဗ မဖြစ်၍ ''မနုဿ ခတ္တိယော''ဟု နိဒ္ဓါရဏသမာသ် မဖြစ်ဘဲ ရှိရသည်၊ အကယ်၍ ''ပုရိသာနံ—ယောကျ်ားတို့တွင်၊ ဥတ္တမော—မြတ်သူတည်း''ဟု နောက်ပုဒ် မငဲ့ဘဲ ကိစ္စပြီးနိုင်လျှင် ''ပုရိသုတ္တမော''ဟု ဆဋ္ဌီနိဒ္ဓါရဏ သမာသ်ဖြစ်နိုင်သည်သာ၊ ''ဒွိပဒါနံ—အခြေ ၂ ချောင်းရှိသူ နတ်လူတို့တွင်၊ ဥတ္တမော, ဒွိပဒုတ္တမော၊ ဒေဝါနံ-သမ္မုတိ ဥပပတ္တိ ဝိသုဒ္ဓိနတ် ၃—မျိုးတို့တွင်၊ ဒေဝေါ—ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ဒေဝ ဒေဝေါ—ဘုရား''တို့လည်း နည်းတူ၊ ထို့ကြောင့် မူလပဏ္ဏာသ တဏှာသင်္ခယသုတ် အဋ္ဌကထာ၌ ''ဉာတညတရဿာတိ—ဉာတာတည တရဿ၊ သက္ကောဟိ ပညာတာန မညတရော''ဟုဖွင့်၏၊ ဤအဖွင့်အလို ''ဉာတာနံ—ထင်ရှားသောနတ်တို့တွင်၊ အညတရော—တယောက် အပါအဝင်ဖြစ်သော နတ်တည်း၊ ဉာတညတရော—နတ်''ဟု ဆဋ္ဌီ နိဒ္ဓါရဏသမာသ်ပင် ပြုရမည်။

ဆဋ္ဌီသာမက''ဉာတညတရေနာတိ-ဉာတေသု အဘိညာတေသု ပဉ္စဝဂ္ဂိယတ္ထေရေသု အညတရေန''ဟူသော မူလပဏ္ဏာသ သစ္စကသုတ် အဋ္ဌကထာကို ထောက်ပြန်လျှင် ''ဉာတေသု—ထင်ရှားသော ပဉ္စဝဂ္ဂီတို့တွင်၊ အညတရော-တပါးအပါအဝင်ဖြစ်သော အဿဇိထေရ်ဘည်း၊ ဉာတညတရော—ထေရ်''ဟု သတ္တမီနိဒ္ဓါရဏ သမာသ်လည်း ပြုနိုင်သည်သာ၊ နိဒ္ဓါရဏသမာသ်ကို အလိုမရှိသော ဆရာတို့အလိုမူကား ''ပုရိသာနံ—ယောကျ်ားတို့ထက်+ဥတ္တမော—မြတ်သူဘည်း၊ပုရိသုတ္တမော—သူ၊ ဒွိပဒုတ္တမော—အခြေ ၂ ချောင်းရှိသူ နတ်လူတို့ထက်မြတ်သော ဘုရား၊ဒေဝဒေဝေါ—နတ်တို့ထက် မြတ်သော နတ် ဖြစ်တော်မူသော ဘုရား''ဟု ဝိဘတ္တ အပါဒါနတ္ထ ဆဋ္ဌီ သမာသ် ပြုရလိမ့်မည်၊

www.dhammaransi.com



ယုတ္တတ္ထော ဇူ့စေ့ဝ–လိုက်လာသော ယုတ္တ သဒ္ဒါသည်ပင်၊ (ကိ°–နည်း)၊ ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿာတိ ဧတ္တ–ဘဒ္ဒော ၊ ပေ ၊ ဒေဝဒတ္တဿ ဟူသော ပြယုဂ်တို့၌၊ ဘဒ္ဒသမ္ဗန္ဓေ ဆဋ္ဌီတိ-"ဘဒ္ဒသံမ္ဗန္ဓေ ဆဋ္ဌီ"ဟု သုတ်ရှိခြင်း ကြောင့်၊ အညမညာနပေက္ခတာယ–အချင်းချင်း မငဲ့သည့်အတွက်၊ အယုတ္တတ္ထ ဘာဝတော–ယုတ္တတ္ထ မဟုတ်သည်၏အဖြစ်ကြောင့်၊ သမာသော–သမာသ်သည်၊ နဘဝတိ–မဖြစ်။

ကောသလဿ ရညော ပုတ္တောတျာဒိသုပန–ကောသလဿ ရညောပုတ္တော အစရှိသော ပြယုဂ်တို့၌ကား၊ သာပေက္ခဘာဝ–ပုဒ်တပါးကို ငဲ့ခြင်း ရှိသည့် အတွက်၊ အသမတ္ထတ္ထတ္တာ–စပ်ထိုက်သော အနက်မရှိကုန်သည်၏ အဖြစ်ကြောင့်၊

---

သို့သော်"ဒေဝဒေဝါ"၌ ဒေဝ အရ ဘုရားကို မယူဘဲ "ဒေဝါနံ–နတ်တို့ထက်"ဟု ဆိုလျှင် သင့်ဘွယ် ရှိသေး၏၊ ပုရိသ–ဒွိပဒတို့ အရ၌ကား ဘုရားကို မယူ၍ မဖြစ်နိုင် သောကြောင့် ဝိဘတ္တအပဒါနိဖြစ်ဘို့ရန် ခဲယဉ်း၏၊ စဉ်းစားကြပါကုန်။

**ယုတ္တတ္ထောဇူ့စေ့ဝ၊ပေ၊နဘဝတိ**—နာမာနံ သမာသောသုတ်မှ ယုတ္တတ္ထသဒ္ဒါ လိုက်မြဲလိုက်လာ၏၊ ထိုသဒ္ဒါသည် ဘာအကျိုးရှိသနည်း–ဟုမေး၍ "ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ၊ ကောသလဿ ရညော ပုတ္တော"စသည်တို့၌ ယုတ္တတ္ထ မဟုတ် သောကြောင့် ဤသုတ်ဖြင့် သမာသ်မစပ်ရ=ဟုဖြေသည်၊ ချဲ့အံ့—"ဘဒ္ဒသမ္ဗန္ဓေ ဆဋ္ဌီ= ဘဒ္ဒသဒ္ဒါနှင့် စပ်ရာ၌ ဆဋ္ဌီဝိဘတ်သက်"ဟု ပါဏိနိသုတ်ရှိ၏၊ထိုသုတ်အရ"ရညော"၌ ဆဋ္ဌီသည် ဘဒ္ဒနှင့်စပ်သော ဆဋ္ဌီတည်း၊ မိမိနောက်၌ရှိသော ပုတ္တောနှင့်စပ်သော ဆဋ္ဌီ မဟုတ်—ဟူလို၊ ထို့ကြောင့် "ဘဒ္ဒော ရညော, ပုတ္တော ဒေဝဒတ္တဿ"၌ ရညောနှင့် ပုတ္တောသည် (အချင်းချင်း နီးကပ်နေသော်လည်း) အချင်းချင်းငဲ့မှု မရှိရကား ယုတ္တတ္ထ မဖြစ် (စပ်ထိုက်သောအနက် မရှိ)၊ ထို့ကြောင့် "ရညော+ပုတ္တော, ရာဇပုတ္တော"ဟု ဆဋ္ဌီသမာသ်မဖြစ်နိုင်၊ [ဤပုံစံကို နာမာနံ သမာသောသုတ်၏ ယုတ္တတ္ထ အဖွင့်၌လည်း ပြခဲ့ပြီ၊ ထိုသုတ်၌ ယုတ္တတ္ထ သဒ္ဒါ၏ သမ္ဗန္ဓအနက် ထင်ရှားစေလို၍ ပုံစံ ထုတ်ခဲ့၏၊ ဤ၌ "ရညော+ပုတ္တော"ဟု ဆဋ္ဌီ သမာသ်အရာ ဖြစ်သောကြောင့် ထပ်၍ ယုတ္တတ္ထ မဖြစ် ကြောင်း ပြပြန်သည်။]

"ကောသလဿ ရညော ပုတ္တော"၌ကား ရညောနှင့် ပုတ္တောသည် ("မင်း၏+ သား"ဟု) အချင်းချင်း ငဲ့မှု စပ်မှု ရှိပါပေ၏၊ သို့သော် "ရညော"သည် ပုတ္တောအပြင် "ကောသလဿ"ဟူသော ရှေ့ပုဒ်ကိုလည်း ငဲ့နေသေးသောကြောင့် စပ်ထိုက်သော အနက်မရှိ (ယုတ္တတ္ထမဖြစ်) ပြန်ရကား "ရညော ပုတ္တော ရာဇပုတ္တော"ဟု ဆဋ္ဌီသမာသ် မဖြစ်နိုင်၊ ဋီကာ၌"သာပေက္ခတာယ ကောသလရာဇပုတ္တောတိ နဘဝတိ"ဟု ပါ၌ပျက် နေသည်၊"ကောသလဿ ရာဇပုတ္တောတိ"ဟု ရှိရမည်၊ "ကောသလောစ သောရာဇာ စာတိ ကောသလရာဇာ,ကောသလရညော+ပုတ္တော,ကောသလရာဇပုတ္တော"ဟုကား သမာသ်မဖြစ် မဟုတ်,ဖြစ်နိုင်သည်သာ။ ["အသမတ္ထတ္ထတ္တာ"ဟု ပါ၌မှန်၍စေ၊ သမသီ

www.dhammaransi.com



နဘာဝတိ-သမာသ်မဖြစ်၊ ပန-သမာသ်ဖြစ်သေးပုံကား၊ သမ္ဗန္ဓိသဒ္ဒါနံ-သမ္ဗန္ဓိ သဒ္ဒါတို့၏၊ နိစ္စံ-အမြဲ၊ သာပေက္ခတ္တေ-ပုဒ်တပါးကို ငဲ့ခြင်း ရှိကုန်သည်၏ အဖြစ်သည်၊ (သတိ)ပိ-ရှိပါသော်လည်း၊ ဂမကတ္တာ-ဝါကျ၏ အနက်ကို သိစေနိုင်သည်၏ အဖြစ်ကြောင့်၊ သမာသော-သမာသ်ဖြစ်သေး၏၊ ယထာ-ကား၊ ဒေဝဒတ္တဿ-ဒေဝဒတ်၏၊ ဂရုကုလံ-ဆရာ့အိမ်၊ ဘဂဝတော-၏၊ သာဝကသံဃော-တပည့်သံဃာ၊ ဣတျာဒိ-ဤသို့ အစရှိသည်တည်း၊....ဆဋ္ဌီ တပ္ပုရိသော နိဋ္ဌိတော။

---

ယတေ-စပ်အုပ်၏၊ ဣတိ, သမတ္ထော—မည်၏၊ သံပုဗ္ဗ အသဓာတ်,သုဝုသာန မုဝုသာန မတော ထောစသုတ်ဖြင့်စီရင်၍ (အတ္ထောကဲ့သို့)"သမတ္ထော"ဟုဖြစ်၏၊ သမတ္ထော အတ္ထော ယေသံတိ သမတ္ထတ္ထာနိ—စပ်အပ်သော အနက်ရှိသော ပုဒ်တို့၊ န+သမတ္ထတ္ထာနိ—အသမတ္ထတ္ထာနိ၊ အသမတ္ထတ္ထာနံ ဘာဝေါ အသမတ္ထတ္ထတ္တံ—ဟု ပြု။]

**သမ္ဗန္ဓိသဒ္ဒါနံ၊ပေ၊သံဃောတျာဒိ**—ရှေ့ဝါကျ၌ "သာပေက္ခဘာဝ ပုဒ်တပါးကို ငဲ့သည့်အတွက် သမာသ်မဖြစ်"ဟု ဆိုခဲ့ရာ၌"ပုဒ်တပါးကို ငဲ့တိုင်း၌ပင် သမာသ်မဖြစ်—ဟုမှတ်ရမည်လော"ဟုမေးဖွယ်ရှိသောကြောင့်"သမ္ဗန္ဓိ၊ပေ၊သမာသော"ဟုမိန့်သည်၊ ပုဒ်တပါးကို အမြဲငဲ့၍ သာပေက္ခ ဖြစ်သော်လည်း (ဝါကျတုန်းက အနက်ကို သိစေနိုင်သော)ဂမကသတ္တိရှိလျှင် သမ္ဗန္ဓိသဒ္ဒါများသည် နောက်ပုဒ်နှင့် သမာသ် ဖြစ်နိုင်ပါသေး၏—ဟူလို၊ ရှင်းအံ့—သမ္ဗန္ဓိသဒ္ဒါဟူသည် ပုဒ်တပါးကို အမြဲငဲ့နေသော သဒ္ဒါတည်း၊ ဥပမာ—"ဂရု-ဆရာ"ဟူရာ၌ "မည်သူ၏+ဆရာနည်း"ဟု သမ္ဗန်ကို မေးဖွယ်ရှိ၏၊ "သာဝက-တပည့်"ဟူရာ၌လည်း "မည်သူ၏+တပည့်နည်း"ဟု သမ္ဗန်ကို မေးဖွယ်ရှိ၏၊ ထို့ကြောင့် ဂရု—သာဝကသဒ္ဒါတို့သည် သမ္ဗန်ကို ငဲ့သော သမ္ဗန္ဓိသဒ္ဒါပင်တည်း၊ ထိုကဲ့သို့သော သမ္ဗန္ဓိသဒ္ဒါတို့သည် သမာသ်စပ်လိုက်သည့် အခါ၌လည်း ဝါကျတုန်းက အနက်ကို သိစေနိုင်သော ဂမကသတ္တိရှိကြ၏၊ ထင်ရှားစေအံ့—ဒေဝဒတ္တဿ ဂရုနော+ကုလံ—ဒေဝဒတ်၏ ဆရာ၏+အမျိုး" ၌ကား ဝါကျအနက်တည်း၊ ဤဝါကျ အနက်၌ ဒေဝဒတ္တဿကို ဂရု၌သာ စပ်၍ "ဒေဝဒတ်၏ဆရာ"ဟု အနက်မှတ်၊ "ဂရုနော+ကုလံ=ဂရုကုလံ"ဟု သမာသ်တွဲပြီးသည့် အခါလည်း "ဒေဝဒတ္တဿ ဂရုကုလံ=ဒေဝဒတ်၏ ဆရာ့အမျိုး"ဟု ဒေဝဒတ္တဿကို ဂရု၌သာစပ်၍ "ဒေဝဒတ်၏ဆရာ" ဟူသော ဝါကျတုန်းက အနက်ကိုပင် သိစေနိုင်၏၊ ဤသို့ သိစေနိုင်ခြင်း၏"ဂမက"ဟု ခေါ်၏၊ ဤသို့ သိစေနိုင်သော သမာသ်ကိုလည်း "ဂမက သမာသ်"ဟုခေါ်သည်။

**ဆက်ဦးအံ့**—ဂမက၌ ဂမုဓာတ် (ကာရိတ်ကျေ) ဏွုပစ္စည်းတည်း၊ဂမုဓာတ်သည် ဗုဒ္ဓိ အနက်ကို ဟော၏၊ဝါကျတ္ထံ—ဝါကျအနက်ကို၊ ဂမယတိ—သိစေတတ်၏၊ ဣတိ, ဂမကော—မည်၏၊ ဂရု, သာဝကော စသော သဒ္ဒါရှ၏၊ သမာသ် ဖြစ်နေသော်လည်း ဝါကျတုန်းက အနက်ကို သိစေနိုင်သော သဒ္ဒါ-ဟူလို။ [ဤနေရာ၌ "သမာသ်ဖြစ်နေသော်လည်း ဝါကျတုန်းကကဲ့သို့ ဒေဝဒတ္တဿကို ခိမိတည်းဟူသော ဂရု၌သာ စပ်ရ

www.dhammaransi.com



သတ္တမီ–သတ္တမီတပ္ပုရိသ်ကား၊ ရူပေ–ရူပါရုံ၌၊ (ဥပ္ပန္နာ–ဖြစ်သော၊) သညာ–သညာတည်း၊ ရူပသညာ၊ ဧဝံ ရူပသဉ္စေတနာ–ရူပါရုံ၌ဖြစ်သော သဉ္စေတနာ၊ [သီဝိ၌ ''သံသာရဒုက္ခံ–သံသရာ၌ ဖြစ်သော ဆင်းရဲ''ဟု ရှိသေး၏၊] စက္ခုမှိ–စက္ခုဝတ္ထု၌၊ သန္နိဿိတံ–မှီသော၊ ဝိညာဏံ–ဝိညာဏ်တည်း၊ စက္ခုဝိညာဏံ၊ ဓမ္မေ–တရား၌၊ ရတော–မွေ့လျော်သူတည်း၊ ဓမ္မရတော၊ ဓမ္မာဘိရတိ–တရား၌ မွေ့လျော်ခြင်း၊ ဓမ္မရုစိ–တရား၌အလို၊ ဓမ္မဂါရဝေါ–တရား၌ ရိုသေခြင်း၊ ဓမ္မေသု–ပါဠိတို့၌၊ နိရုတ္တိ–ထုတ်၍ ရွတ်ဆိုအပ်သော သဒ္ဒါတည်း၊ ဓမ္မနိရုတ္တိ၊ ဒါနာဓိမုတ္တိ–ဒါန၌ စွဲမြဲစွာသက်ဝင်ခြင်း၊ ဘဝန္တရကတံ–ဘဝတပါး၌ပြုအပ်သော ကံ၊ ဒဿနေ–မြင်ခြင်း၌၊ အဿာဒေါ–သာယာခြင်းတည်း၊ ဒဿနဿာဒေါ၊ အရညေ–တော၌၊ ဝါသော–နေခြင်းတည်း၊ အရညဝါသော၊ ဝိကာလေ–နေလွဲအခါ၌၊ ဘောဇနံ–စားခြင်းတည်း၊ ဝိကာလဘောဇနံ၊ ကာလေ–အချိန်၌၊ ဝဿံ–မိုးရွာခြင်းတည်း၊ ကာလဝဿံ၊ ဝနေ–တော၌၊ ပုပ္ဖံ–ပန်းတည်း၊ ဝနပုပ္ဖံ၊ ဧဝံ ဝနမဟိံသော–တောကျွဲ၊ ဂါမသူကရော–ရွာဝက်၊ သမုဒ္ဒမစ္ဆော–သမုဒြာငါး၊ အာဝါဋကစ္ဆပေါ–တွင်းလိပ်၊ အာဝါဋမဏ္ဍူကော–တွင်းဖါး၊ ကူပမဏ္ဍူကော–တွင်းဖါး၊ တိတ္ထနာဝါ–ဆိပ်ကမ်းလှေ၊ ရုက္ခသိသု–မိန်းမတို၌၊

---

ကြောင်းကို သိစေနိုင်သောကြောင့် ဂမက မည်၏''ဟု အဓိပ္ပါယ်ပြောကြသေး၏၊ ''ဝါကျတ္ထဿ ဂမကတ္တာ ဗောဓကတ္တာ''ဟူသော ဋီကာဖွင့်အတိုင်း မကျသော်လည်း သူ့နည်းနှင့်သူကား အဓိပ္ပါယ်အမှန်ပင်တည်း။] ဘဂဝတော သာဝကသံဃော၌လည်း ''သာဝကာနံ+သံဃော–သာဝကသံဃော''ဟု သမာသ်ပြီးသောအခါ ''ဘုရားရှင်၏ တပည့်တို့၏အပေါင်း''ဟု ဘဂဝတောကို သာဝကာနံ၌ စပ်၍ ဝါကျတုန်းက ကဲ့သို့ အနက်ကို သိစေနိုင်သည်၊ ဤသို့လျှင် ရှေး၌ ''သာပေက္ခတာယ အသမတ္ထတ္ထတ္တာ န ဘဝတိ''ဟု ဆိုခဲ့သော်လည်း ''ဂုရု–သာဝက''တို့ကဲ့သို့သော သမ္ဗန္ဓိသဒ္ဒါတို့အတွက်မှာ သာပေက္ခဖြစ်စေကာမူ ဂမက သတ္တိ ရှိသည့်အတွက် သမာသ်စပ်တို့ ချင်းချက်ရသည်။ [သံဃောတျာဒိ၌ အာဒိဖြင့်''ဒေဝဒတ္တဿ ဘဂိနိပုတ္တော,တဿ ပါဒမူလံ–ထိုသူ၏ ခြေရင်း''ဟု ဋီကာပြ၏။]

## သတ္တမီ တပ္ပုရိသ်

သတ္တမီ။ ။ရူပေ၏ နောက်၌ ''ဥပ္ပန္နာ''ဟု ဋီကာ ထည့်၏၊ ရုပ်ဘွက်ချ၌ကား ''ရူပ+သညာ''တည်၍သာ တွက်၊ ''စက္ခုဝိညာဏံ''၌ကား ဖဠေ္ဍာလောပီ တပ္ပုရိသ် သမာသ်ဖြစ်၍ ''စက္ခု+သန္နိဿိတ+ဝိညာဏ''ဟု တည်၊ ပကတိ ပြုပြီးသောအခါ ''ဝုတ္တတ္ထာနံ မပ္ပယောဂေါ''ဟူသော ပရိဘာသာဖြင့် သန္နိဿိတပုဒ်ကိုချေ၊ တိုက်ရိုက်

www.dhammaransi.com



ခုံတွော-အပျော်ကျူးသူတည်း၊ ဣတ္ထိဓုတ္တော-မိန်းမကျူးသူ၊ [သိဒ္ဓိ၌ "အက္ခဓုတ္တော-ကြွေအံကျူးသူ"လည်းရှိ၏၊] ဆာယာသုက္ခော-အရိပ်၌ ချောက်သော အသား၊ အင်္ဂါရပက္ကံ-မီးကျီး၌ကျက်သောအသား၊ စာရကဗဒ္ဓေါ-နှောင်အိမ်၌ ဖွဲ့အပ်သူ။

ဣဓ-ဤဆိုအပ်လတ္တံ့သော ပြယုဂ်တို့၌၊ ဝုတ္တိယေဝ-အမြဲသမာသ်သာတည်း၊ ယထာ-ကား၊ ဝနေ-တော၌၊ စရတိ-လှည့်လည်တတ်၏၊ ဣတိ, ဝနစရော၊ ကုစ္ဆိမှိ-ဝမ်း၌၊ သယတိ-ကိန်းတတ်၏၊ ဣတိ, ကုစ္ဆိသယော၊ ထလေ-ကုန်း၌၊ တိဋ္ဌတိ-တည်တတ်၏၊ ဣတိ,ထလဋ္ဌော၊ ဇေ, ဇလဋ္ဌော-ရေ၌ တည်သောသစ်ပင်၊ ပဗ္ဗတဋ္ဌော-တောင်၌ တည်သောသစ်ပင်၊ မဂ္ဂဋ္ဌော-လမ်း၌ တည်သောသစ်ပင်၊ ပင်္ကေ-ညွန်၌၊ ဇာတံ-ပေါက်သောကြာတည်း၊ ပင်္ကဇံ၊ သိရေ-ဦးခေါင်း၌၊ ရုဟတိ-ပေါက်တတ်၏၊ ဣတိ [ဝုင်းဝိဂ္ဂြိုဟ်သီဟိုဠ်မူ၌မပါ။ ]သိရောရုဟံ၊ [မနေဝ ဂိုဏ်းဖြစ်၍ သမာသ် အလယ်၌ သြရှိသည်၊] ဣစ္စာဒိ၊ ဣဓ-ဤဆိုအပ်လတ္တံ့သောပြယုဂ်၌၊ နဘဝတိ-သမာသ်မဖြစ်၊ ဘောဇနေ-၌၊ မတ္တညုတာ-အတိုင်းအရှည်ကိုသိသူ၏အဖြစ်၊ ဣန္ဒြိယေသု-ဣန္ဒြေတို့၌၊ ဂုတ္တဒွါရော-စောင့်ရှောက်အပ်သောတံခါးရှိသူ၊ [သီဟိုဠ်မူ၌ "ဂုတ္တ-ဒွါရတာ-ရှိသူ၏ အဖြစ်"ဟု ရှိ၏။ [အာသနေ-နေရာ၌၊ နိသိန္နော-ထိုင်နေသူ၊ အာသနေ-၌၊ နိသီဒိတဗ္ဗံ-ထိုင်နေရာ၏၊ သတ္တမီ တပ္ပုရိသော နိဋ္ဌိတော။

တဒနုပရောဓေနာတိ-တဒနုပရောဓေနဟူ၍၊ ဝုတ္တတ္တာ-ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ယထာဘိဓာနံ-ပြယုဂ်အားလျော်စွာ၊ တပ္ပုရိသေ-၌၊ ကွစိ-အချို့ကုန်သော၊ အစ္စန္တာဒီသု-အစ္စန္တံ အစရှိသော ပြယုဂ်တို့၌၊ အမာဒိဝိဘတျန္တ-

---

မပါသော ဝိဂ္ဂြိုဟ်တို့၌ ရှေ့ပုဒ်ဝယ် သတ္တမီဝိဘတ်ဖြင့်ချည်း ဝိဂ္ဂြိုဟ်ပြု၊ နောင်ခါ အလိုလိုနားလည်ပါလိမ့်မည်၊ ဝနစရော စသည်၌ နိစ္စသမာသ်ဖြစ်၍ "စရတိ"ဟု ပရိယာယ်ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုရသည်၊ ကိတ် (သဗ္ဗတော ဏွုတွာဝီဝါ-သုတ်)၌ သိရောရုဟော စသောအလားတူချပ်များ ပြီးပုံကို ပြလတ္တံ့၊ ထိုချပ်များပြီးပုံကို နည်းမှီး၍ "ဝနစရော" စသောချပ်များ ပြီးပုံကိုလည်း သိနိုင်ပါလိမ့်မည်။

တဒနုပရောဓေန၊ ပေ၊ ဘဝတိ—တပ္ပုရိသ် သမာသ်ရိုးရာမှာ' 'ဘူမိ+ဂတော'' စသည်ကဲ့သို့ အမာဒိ ဝိဘတျန္တပုဒ်သည် ရှေ့နေ၍ ပဌမာဝိဘတျန္တပုဒ်က နောက်နေရမြဲတည်း၊ အချို့တပ္ပုရိသ်များ၌ကား "အတိ+အန္တ"စသည်ဖြင့် (အတိခနောင် သိသက်ချထားသော) ပဌမာဝိဘတျန္တပုဒ်မျိုးသည် ရှေ့နေ၍ အန္တံစသော အမာဒိ ဝိဘတျန္တ

www.dhammaransi.com



အမာဒိဝိဘတျန္တဖြစ်သော၊ ပုဗ္ဗပဒံ-ရှေ့ပုဒ်သည်၊ [သိဟိုဠ်မူ၌ "ပုဗ္ဗပဒံ"ဟု ပါသည်၊] ပရံ-နောက်၌၊ သမ္ဘဝတိ-ဖြစ်၏၊ ယထာ-ကား၊ အန္တံ-အပိုင်းအခြားကို၊ အတိက္ကန္တံ-လွန်သောအမှုတည်း၊ အစ္စန္တံ-အပိုင်းအခြားကို လွန်သောအမှု၊အစ္စန္တာနိ-တို့သည်၊ ဝေလံ-အခါကို၊ အတိက္ကန္တော-လွန်သောအရာတည်း၊ အတိဝေလော-အခါကိုလွန်သော အရာ၊ရဿတ္တံ-ရဿ အဖြစ်သည်၊(ဟောတိ)၊ ဧဝံ-တူ၊မာသံ-တလကို၊ အတိတော-လွန်သောအရာတည်း၊ အတိမာသော-တလကိုလွန်သောအရာ၊ ပတ္တဇီဝိကော, အာပန္နဇီဝိကော-အသက်မွေးခြင်းသို့

---

ပုဒ်များက နောက်နေလျက်လည်းရှိသေး၏၊ထိုတပ္ပုရိသ်များကို "အမာဒိပရ တပ္ပုရိသ်=အမာဒိဝိဘတျန္တ ပုဒ် နောက်ရှိသော တပ္ပုရိသ်"ဟု ခေါ်သည်၊ ထိုသို့ ရှိရာ၌လည်း "တဒနုပရောဓေန (ထိုဘုရားပါဠိတော်နှင့်မဆန့်ကျင်စေရ)"ဟူသော ပရိဘာသာနှင့် အညီ ပါဠိတော်နှင့် သင့်လျော် ညီညွတ်သောကြောင့် တပ္ပုရိသ် သမာသ် အထူးအဆန်းဟု တမျိုးမှတ်ဘွယ် ရှိ၏၊ သို့သော် ရုပ်တွက်ရာ၌ကား "အန္တ+အတိ"ဟုပင် အမာဒိဝိဘတျန္တပုဒ်ကို ရှေ့ထား၍တည်၊ "အန္တံ+အတိ"ဟု ဝါကျ ဖြစ်စေ၊ သမာသ်စပ်, တပ္ပုရိသ်မှသ္မိံစသည် ဓိရင်၍ "အန္တအတိ"ဟု ပကတိဖြစ်ပြီးမှ တဒနုပရောဓေနဟူသော ပရိဘာသာနှင့်အညီ ပါဠိတော်နှင့် လျော်စွာ ပြီးစေရမည် ဖြစ်သောကြောင့် တေသုဝုဒ္ဓိ သုတ်ကြီးဖြင့်"အန္တအတိ"ကို"အတိအန္တ"ဟု ရှေ့နောက်ပြန်၊ သဗ္ဗောစံတိဖြင့် တိ ကို စ ပြု, ဒွေဘော်လာ (အစ္စန္တ), နာမ်ငဲ့ စသည် ဓိရင်။

ဤသို့ သမာသ်စပ်ပြီးမှ ရှေ့ပုဒ်က နောက်ရောက်ရမည်ကို ရည်ရွယ်၍ "အမာဒိဝိဘတျန္တံ ပုဗ္ဗပဒံ ပရံဘဝတိ"ဟု မိန့်သည်၊ ဋီကာ၌လည်း "ဇီဝိကံ—အသက်မွေးခြင်းသို့၊ ပတ္တော—ရောက်သူတည်း၊ ပတ္တဇီဝိကော"ဟူသော ပုံစံ၌ သမာသ် စပ်ပြီးမှ ဇီဝိက ပတ္တောကို"ပတ္တဇီဝိကော"ဟု ရှေ့နောက် ပြန်ဘို့ရန်"ဇီဝိကံ+ပတ္တော=ပတ္တဇီဝိကော၊ အမာဒယော ပရပဒေဘိတိ သမာသေ ကတေ ပုဗ္ဗပဒပရနိပါတော"ဟု မိန့်သည်၊သဒ္ဒနီတိ၌လည်း "ကာယဿ+ပုဗ္ဗံ—ရှေ့ပိုင်းတည်း"ဟု ဝါကျခြင်း၍ "ပုဗ္ဗကာယော"ဟု ရုပ်ပြီးစေပြီးလျှင်"အယံ ဥတ္တရပဒဿ ပုဗ္ဗနိပါတဘာဝေန ဝုတ္တော=ဤကား ပုဗ္ဗဟူသော နောက်ပုဒ်ကို ရှေ့၌ ကျရောက်စေသောအားဖြင့် ဆိုအပ်သော သမာသ်"ဟု မိန့်သည်၊ ထို့ကြောင့်"အစ္စန္တ စသည်၌ ရှေးဦးစွာ တပ္ပုရိသ်ရိုးရာအတိုင်း အမာဒိဝိဘတျန္တပုဒ်ကို ရှေ့ထား၍ ပဌမာဝိဘတျန္တပုဒ်ကို နောက် ထားလျက် ဝိဂ္ဂြိုဟ်ဝါကျခြင်း၍ သမာသ် စပ်ပြီးမှ နောက်ပုဒ်ကို ရှေ့သို့ ကျရောက်စေရမည်"ဟု မှတ်။

**အဗျယီဘောနှင့် ခွဲခြားချက်။** ။"အစ္စန္တံ နိဗ္ဗာနံ"တို့၌ အဗျယ ပုဒ်များ ရှေ့ရှိသောကြောင့် အဗျယီဘော သမာသ်လေလားဟု ယုံမှားဘွယ် ရှိသည်၊ ရှင်းလင်းချက်ကား—ဥပသာရ နိပါတ် (အဗျယ) ပုဒ်တို့ ရှေးရှိရုံမျှမက အဗျယပုဒ်အနက်တို့ ပဓာန ဖြစ်ရာ၌သာ အဗျယီဘောသမာသ်ဖြစ်သည်၊အဗျယပုဒ်တို့လည်း ဒြပ်နက်ကိုမဟောကြ၊

www.dhammaransi.com



ရောက်သူ၊ အက္ခံ-ဣန္ဒြေကို၊ ပတိဂတံ(နိဿိတံ)-မှီသည်တည်း၊ ပစ္စက္ခံ-ဣန္ဒြေကို မှီသော၊ဝါ-မျက်မှောက်ဖြစ်သော၊ဒဿနံ-မြင်ခြင်း၊ပစ္စက္ခော-ဣန္ဒြေကိုမှီသော၊ ဝါ-သော၊ အတ္တဘာဝေါ-အတ္တဘော၊ ပစ္စက္ခာ-သော၊ ဗုဒ္ဓိ-သိခြင်း၊ အတ္ထံ-အနက်သို့၊ အနုဂတံ=အစဉ်လိုက်သောအမည်တည်း၊ အန္ဓတ္ထံ-အနက်သို့ အစဉ်လိုက်သောအမည်။

ကောကိလာယ-ဥဩမသည်၊ အဝကုဋ္ဌံ-စွန့်ပစ်အပ်သော တောတည်း၊ (ဝနံ-ဟု မြန်မာမှု ပို၏၊) အဝကောကိလံ-သော၊ ဝနံ-တော၊ ပရိစ္စတ္တံ-စွန့်ပစ် အပ်သော တော၊ ဣတိ, အတ္တော-အနက်၊ အဝမယူရံ-ဥဒေါင်းသည်စွန့်ပစ်

---

"ဥပနဂရံ-မြို့အနီး"စသည်ကဲ့သို့ အရာဝတ္ထု အထည်ဒြဗ် မဟုတ်သော ဂုဏ်အနက်ကိုသာ များသောအားဖြင့် ဟောကြသည်၊ ထို့ကြောင့် "အစ္စန္တံ-အပိုင်းအခြားကို လွန်သောအမှု"စသည်ဖြင့် တစုံတခု ဒြဗ်ကို ဟောရာ၌ရင်း"အပိုင်းအခြားကို လွန်ခြင်း ကြိယာ"ဟု ကြိယာဒြဗ်ကို ဟောရာ၌ရင်း အတိဥပသာရ ရှေးရှိသော်လည်း ဒုတိယာ တပ္ပုရိသ်သမာသ်သာ ဖြစ်သင့်၏၊ နိဗ္ဗာနံလည်း "နိဗ္ဗာန်"ဟူသော သဘာဝဒြဗ်ကို ဟောသောကြောင့် ပဉ္စမီတပ္ပုရိသ်သာ၊ဤကားဤကျမ်း၏ခွဲခြားချက်တည်း။ [နိဗ္ဗာနံကို ပုဒ်စစ်၌ ပဉ္စမီ အဗျယီဘောဟု ဆိုထား၏၊ "အဇ္ဈတ္တံ-အဇ္ဈတ္တတရား"ဟူရာ၌ကား တချို့အဗျယီဘောများလည်းဒြဗ်ဟောရှိပေသေး၏၊ ထို့ကြောင့် နိဗ္ဗာနံကဲ့သို့ ပုဒ်များ၌ ဝတ္တိ္တသွာအားလျော်စွာ အဗျယီဘော-တပ္ပုရိသ် ၂-မျိုးသင့်ဟု သော်လည်းကြံရာ၏။]

အစ္စန္တံ၊ပေ၊အနုတ္ထံ—အနုတ္ထံ တိုင်အောင် ဒုတိယာ တပ္ပုရိသ်၊ ဝေလာသည် အာကာရန္တ ဣတ္ထိလိင်၊ ထို့ကြောင့် "ဝေလာအတိ"ဟုပကတိပြု၍"အတိ ဝေလာ"ဟု ရှေ့နောက် ပြန်ပြီးသောအခါ ကွစာဒိ မဏ္ဍူကဂတိနည်း ဝေလာ ရည်ညွှန်းသော ဤမှတ်ဖြင့် ရဿပြု၊ (အတိဝေလ)‚နာမ်ငဲ့စသည်၊ ပဏ္ဏာဇီဝိကော အာပန္နဇီဝိကောတို့၌ ဇီဝိကာလည်း အာကာရန္တ ဣတ္ထိလိင်ပင် ဖြစ်၍ နည်းတူ စီရင်၊ ပစ္စက္ခံကို "ပတိ+အက္ခ"ဟုခွဲ၊ ပတိဂတံသည် ပတိ၏ ကိုယ်စားတည်း၊ပတိဂတံကို"နိဿိတံ"ဟု ထပ်ဖွင့်သည်၊ ပစ္စက္ခံအရ ဣန္ဒြေကို မှီသော မြင်ခြင်းကြိယာဒြဗ်ကို ဟောသောကြောင့် တပ္ပုရိသ်ဆိုသည်၊ "ပစ္စက္ခံ-ဣန္ဒြေ၏ ရှေးရှု"ဟု "ရှေးရှု"ဂုဏ်မျှကို ရလျှင် အဗျယီဘောပင်၊ "အနုတ္ထ"ဟူသည် သဒ္ဒါနက်သို့အစဉ် လိုက်သော (သဒ္ဒါနက်အားလျော်သော) နာမည်စသည်တည်း၊ဥပမာ—"ဂစ္ဆတီတိ ဂေါ"၌ "ဂေါ"ဟူသော နာမည်သည် သွားခြင်း ကြိယာအနက်သို့ အစဉ်လိုက်သော (ထို သွားခြင်း အနက်နှင့် လျော်သော) ကြောင့် အနုတ္ထနာမည် ဖြစ်သကဲ့သို့တည်း။

ကောကိလာယ၊ပေ၊အဝမယူရံ—တို့သည် တတိယာတပ္ပုရိသ်တည်း၊ "ပရိစ္စတ္တံ" သည် အဝကုဋ္ဌံ၏ အနက်ပြတည်း။ ["အဝကုဋ္ဌံ—မည်တွန်အပ်သော တော၊ ဝါ—ရှောင်ကွင်းအပ်သော တော"ဟုလည်း ပေးကြသေး၏၊ ထိုတွင် ရှေ့ အနက်သည် "အဝကောကိလော-ရှုကွောာ, သသဒ္ဒေါ-ဥဩသံ ရှိသော သစ်ပင်ဟူသော မုဒ္ဓဗောဓ

www.dhammaransi.com



အပ်သော တော၊ အဇ္ဈာယနာယ– သရဇ္ဈာယ်ခြင်းငှါ၊ ပရိဂိလာနော-ပင်ပန်းနွမ်းနယ်သူတည်း၊ ပရိယဇ္ဈယနော–သူ၊ ကမ္ဗဿ–အမှုအား၊ အလံ(သမတ္ထော) စွမ်းနိုင်သူတည်း၊ ဣတိ, အလံကမ္မော-မည်၏၊ ဝစနာယ - ပြောဆိုခြင်းငှါ၊ အလံ–ထိုက်သော မိန်းမတည်း၊ ဣတိ, အလံဝစနာ - မည်၏၊ ဝါနတော–တဏှာမှ၊ နိက္ခန္တံ-ထွက်မြောက်သောတရားတည်း၊ နိဗ္ဗာနံ၊ ကိလေသေဟိ–တို့မှ၊ နိက္ခန္တော-ထွက်မြောက်သူတည်း၊ နိက္ကိလေသော၊ နိရင်္ဂဏော–အင်္ဂဏမှ ထွက်မြောက်သူ၊ ကောသမ္ဘိယာ-ကောသမ္ဘီမြို့မှ၊ နိက္ခန္တော–ထွက်သွားသူတည်း၊ နိက္ကောသမ္ဘိ၊ ဝနတော–တဏှာတည်းဟူသော တောမှ၊ နိယျာတော–ထွက်သွားသူတည်း၊ နိဗ္ဗနော-သူ၊ အာစရိယတော–ဆရာထက်၊ ပရော-မြတ်သော ဆရာတည်း၊ ပါစရိယော–ဆရာထက် မြတ်သော ဆရာ (ဆရာ့ ဆရာကြီး)၊ ဧဝံ-ပယျကော–အဘိုးထက် မြတ်သော အဖိုး၊ ဝါ-အဘေး၊ ပရဟိယျော–ယမန်နေ့မှ နောက်နေ့၊ ဝါ-တဖန် မနေ့ (တမြန်နေ့)။

---

ဋီကာနှင့်ညီ၍ နောက် အနက်ကား "အဝကုဋ္ဌ = ဒုရိကတ – ဝေးအောင် ပြုအပ်, အပသာရိတ-ဖဲခွါအပ်"ဟူသောထောမနိဓိနှင့်ညီ၏၊ ] မယူရေန အဝကုဋ္ဌံ အဝမယူရံ။

**အဇ္ဈာယနာယ၊ပေ၊အလံဝစနာ**——တို့သည် စတုတ္ထီ တပ္ပုရိသ်တည်း၊ အဓိပုဗ္ဗ ဣဓာတ် ယုပစ္စည်းဖြစ်၍ ဣ ကို ဧ, ဧကို အယပြု၍ "အဇ္ဈာယန"ဟု ပါဌ်မှန်၊ အယမပြုဘဲ "အဇ္ဈေန"ဟုလည်း ရှိ၏၊ "ပရိယာဒယောဂိလာနာဒျတ္ထေ စတုတ္ထိယာ=ပရိ စသည် တို့ကို ဂိလာနစသော အနက်၌ ဖြစ်မူ စတုတ္ထီယန္တနှင့် စပ်အပ်ကုန်၏"ဟု သဒ္ဒတ္ထ (ဝါတ္တိက) သုတ်ရှိ၏၊ ထို့ကြောင့် "ပရိဂိလာနော"ဟုလည်း ပါဌ်မှန်ရှိရမည်၊ အလံ ကမ္မော၌ အလံကို "သမတ္ထော"ဟု ဖွင့်သော်လည်း အလံဝစနာ၌ကား အလံသဒ္ဒါသည် အရဟအနက်၌ ဖြစ်သင့်၏၊ ထို့ကြောင့် "အလံဝစနီယာ"ဟူသော သဒ္ဓမ္မဝိလာသိနီ အဖွင့် ဝိမတိဋီကာ၌ "ဝစနီယတာယ ဝတ္တဗ္ဗတာယ-ပြောဆိုစေ့စပ်ထိုက်သူ၏ အဖြစ်ငှါ၊ အလံအရဟာ-ထိုက်သော (ကွာရှင်းပြီးသော) မိန်းမသည်၊အလံဝစနီယာ-မည်၏"ဟု ဖွင့်သည်၊ဤ၌လည်း"အလံဝစနာ- (လင်မယားပြတ်စဲနေသဖြင့်) စေ့စပ်ပြောဆိုခြင်းငှါ ထိုက်သော မိန်းမ"ဟု မှတ်။

**ဝါနတော၊ပေ၊ပရဟိယျော**——တို့သည် ပဉ္စမီ တပ္ပုရိသ်တည်း၊ အင်္ဂဏာတော-ကိလေသာ အင်္ဂဏမှ၊ နိက္ခန္တော, နိရင်္ဂဏော၊ "နိက္ကိလေသော-ကိလေသာမရှိသူ၊ နိရင်္ဂဏော–အင်္ဂဏမရှိသူ"ဟူရာ၌ ဗဟုဗ္ဗီဟိသမာသ်တည်း၊ "နတ္ထိ ကိလေသာ ယဿ" ဟု ဝိဂ္ဂြိုဟ်ပြု၊ "ဝနတော နိယျာတော နိဗ္ဗနော"ဟု ပါဌ်မှန်၊ တဏှာတည်းဟူသော တောမှထွက်မြောက်သူတည်း၊ [ "ဝနံ ဆိန္ဒထ မာ ရုက္ခံ၊ပေ၊နိဗ္ဗနာ ဟောထ ဘိက္ခဝေါ" ဓမ္မပဒ၊ "တဏှာတော မရှိသူ"ဟု ဗဟုဗ္ဗီဟိလည်း သင့်၏၊ ] ပါစရိယော၌ ပသည်

www.dhammaransi.com



ဂင်္ဂါယ - ဂင်္ဂါမြစ်၏၊ ဥပရိ - အထက်အရပ်တည်း၊ ဥပရိဂင်္ဂံ၊ ဧဝံ, ဟေဋ္ဌာနဒီ-မြစ်၏ အောက်အရပ်၊ အန္တောသမာပတ္တိ-သမာပတ်၏ အတွင်းဖြစ်သော တရား၊ ဟံသာနံ-ဟင်္သာတို့၏၊ ရာဇာ-မင်းတည်း၊ ရာဇဟံသော-ဟင်္သာမင်း၊ ဟံသရာဇာဝါ-လည်း ရှိ၏၊ မာသဿ-တလ၏၊ အဒ္ဓံ-ထက်ဝက်တည်း၊ အဒ္ဓမာသံ-ဝက်၊ မာသဒ္ဓံဝါ-၏၊ အာမလကဿ-ရှစ်ရှားသီး၏၊ အဒ္ဓံ-တည်း၊ အဒ္ဓါမလကံ-ဝက်၊ အာမလကဒ္ဓံဝါ-၏၊ ကဟာပဏဿ-တကျပ်၏၊ အဍ္ဎံ-ထက်ဝက်တည်း၊ အဍ္ဎကဟာပဏံ-ဝက်၊ ဝါ-၅-မူး၊ အဍ္ဎမာသကံ-တပဲ ထက်ဝက်၊ ဝါ-၂-ပြား၊ ရတ္တိယာ-ညဉ့်၏၊ အဍ္ဎံ-တည်း၊ အဍ္ဎရတ္တံ-ညဉ့်ထက်ဝက်၊ ဝါ-သန်းခေါင်ယာမ်၊ ရတ္တိယာ-၏၊ ပုဗ္ဗံ-ရှေ့ပိုင်းတည်း၊ ပုဗ္ဗရတ္တံ-ပိုင်း၊ ဝါ-ညဉ့်ဦးယာမ်၊ ရတ္တိယာ-၏၊ ပစ္ဆာ-နောက်ပိုင်းတည်း၊ ပစ္ဆာရတ္တံ-ပိုင်း၊ ဝါ-မိုးသောက်ယာမ်၊ [အပရရတ္တံ ဟုလည်း ရှိ၏၊ အနက်

---

(ဥပသာရခဏ်း၌) တပ္ပုရအနက်ရှိ၏-ဟု ပြခဲ့၏၊ တပ္ပုရ၌ ပရံကိုလည်း ဥတ္တမံ ဟု ထောမနိဓိ ဖွင့်၏၊ ပ ဥပသာရခဏ်း၌လည်း ဤအတိုင်း အနက်ပြင်သင့်သည်၊ 'မိမိဆရာထက် မြတ်သော (ဆရာ၏ ဆရာကြီးသည်) ပါစရိယတည်း၊ ထို့အတူ မိမိအဘိုးထက် မြတ်သော ကြီးသော အဘိုး=ဘိုး၏ အဘ (ဘေး) သည် "အယျကတော ပရော"အရ "ပယျက"မည်၏၊ "ပေယျက"ဟု ရှိသည်ကား ပါဌ်ပျက်၊ ဟိယျောကား နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် ဟိယျောနောင် ပဉ္စမီချေ၍ "ဟိယျော-ယမန်နေ့မှ (မနေ့မှ)၊ ပရော - နောက်တနေ့သည်၊ ပရဟိယျော - မည်၏" ဟု ဆို၊ [ သဟဿတော – တထောင်ထက် + ပရံ – ပိုလွန်သည်တည်း၊ ပရောသဟဿံ – တထောင်ထက် ပိုသည် ( တခထောင်ကျော် )၊ ပရောသတံ – တရာထက် ပိုသည် ( တရာကျော် )၊ ပရောပဏ္ဏာသံ–ငါးဆယ်ထက် ပိုသည် ( ငါးဆယ်ကျော် )၊ မောဂ္ဂလ္လာန်၌ "ပရာ"နိပါတ်ဟု ဆို၍ "သဟဿတော+ပရာ" ဟုဝိဂ္ဂြိုဟ်ပြု၏။ ]

**ဂင်္ဂါယ၊ပေ၊သမာပတ္တိ**—တို့ကား ဆဋ္ဌီ တပ္ပုရိသ်တည်း၊ ဥပရိဂင်္ဂံ စသည်ကဲ့သို့ "ဥပရိပါသာဒံ, ဟေဋ္ဌာမဉ္စံ, အန္တောနဂရံ"ဟု အဗျယီဘာဝသမာသ်ခဏ်း၌ ပြပြီး ဖြစ်လျက် ဘာကြောင့် ဤတပ္ပုရိသ်ခဏ်း၌ ပြပြန်သနည်း-ဟု မေးဘွယ်ရှိ၏၊ "အထက်, အောက်,အတွင်း"ဟု အထည်ဒြဗ် မပြဋ္ဌာန်းရာ၌ အဗျယီဘာဝဖြစ်သင့်၏၊ ဘာကြောင့်နည်း .. အဗျယီဘာဝ၌ များသောအားဖြင့် ဒြဗ်အနက်ကို မရသောကြောင့်တည်း၊ [အဓိတ္ထိ စသော အချို့ အဗျယီဘာဝ၌သာ စကားဒြဗ် စသော ဒြဗ်အနက် ရသည်။] "ဂင်္ဂါမြစ်၏ အောက်"ဟုသာ မဆိုဘဲ "ဂင်္ဂါမြစ်၏ အောက်အရပ်"ဟု အရပ်ဒေသဒြဗ်ကို အရကောက်ယူရာ၌ကား အဗျယီဘာဝ မဖြစ်သင့်၊ ထို့ကြောင့် တပ္ပုရိသ်ခဏ်း၌ ပြပြန်သည်-ဟု (ရူပသိဒ္ဓိအလို) ကြံသင့်၏၊ သို့သော် သဒ္ဒနီတိ၌ တပ္ပုရိသ်အခဏ်းဝယ် မပြသောကြောင့် ဥပရိဂင်္ဂံ စသည်တို့ကို အဗျယီဘာဝဟု ဆိုခြင်းသာ သာ၍ ရှင်းလင်းပေမည်။

www.dhammaransi.com



တပုပ်၊] စ-ဆက်၊ ဧတ္ထ-ဤ အနုရတ္တံ စသောပြယုဂ်တို့၌၊ ကွစိ သမာသန္တဂတာ န မကာရန္တောတိ-သုတ်ဖြင့်၊ ရတ္တိသဒ္ဒန္တဿ-ရတ္တိသဒ္ဒါ၏ အဆုံး ဣ၏၊ အတ္တံ-အ အဖြစ်သည်၊ (ဟောတိ)၊ အဟဿ-နေ့၏၊ ပုဗ္ဗံ-ရှေ့ပိုင်းတည်း၊ ပုဗ္ဗန္ဟံ-ပိုင်း၊ ဝါ-နံနက်၊ ဧဝံ, သာယန္ဟံ-နေ့၏ နောက်ပိုင်း၊ (ညနေပိုင်း)၊ တေသုဝုဒ္ဓိ တျာဒိနာ-ဖြင့်၊ အဟဿ-အဟ၏၊ အန္ဟာဒေသော-အန္ဟပြု၊ အမာဒိပရ တပ္ပုရိသော-အမာဒိပရတပ္ပုရိသ်သည်၊ (နိဋ္ဌိတော)၊ [မြန်မာမူ၌ "အမာဒိ တပ္ပုရိသော"ဟု ရှိသည်ကား ပါဌ်ပျက်။]

ကွစိ-အချို့သော၊ တပ္ပုရိသေ-၌၊ ပဘက်ရာဒီသု-ပဘက်ရ အစရှိသည်တို့၌၊ ဝိဘတ္တိလောပေါ နဘဝတိ၊ ယထာ-ကား၊ ပဘံ-အရောင်ကို၊ ကရောတိ-ပြုတတ်၏၊ ဣတိ အတ္ထေ-၌၊ အမာဒယော ပရပဒေဘီတိ-သုတ်ဖြင့်၊ သမာသော-

---

**ဟံသာနံ၊ပေ၊သာယန္ဟံ**—ရာဇဟံသောစသည်၌တပ္ပုရိသ်ရိုးရာအတိုင်း (ရှေ့နောက်မပြန်ဘဲ) ဟံသရာဇာစသည်လည်း ရှိ၏၊ "အနုရတ္တိ"ဟု ရှေ့နောက် ပြန်ပြီးသောအခါ ကွစိသမာသန္တစသောသုတ်ဖြင့်ရတ္တိ၏အဆုံး ဣကို (အ) ပြု၍"အနုရတ္တ"စသည်ဖြစ်၏၊ ["အနုရတ္တံ"စသည်ဖြင့်နပုံလိင်ပြထားသော်လည်း"အနုရတ္တော မဟာနိသာ"စသည် ဖြင့် အဘိဓာန်၌ပုလ္လိင်ရှိသည်။] ပုဗ္ဗဏှစသည်၌"ပုဗ္ဗ+အဟ"ဟုရှေ့နောက်ပြန်ပြီးသော အခါ တေသုဝုဒ္ဓိဖြင့် အဟကို"အန္ဟ"ပြု၊ ဗုဒ္ဓင်း, ချေ,ကပ်,ပုဗ္ဗန္ဟ ဖြစ်၏၊ "အဟဿ+ သာယော, သာယန္ဟော—ဆည်းဆာပိုင်းတည်း"ဟု ဆို။

**မှတ်ချက်။** ။မောဂ္ဂလ္လာန်စာကိုယ်နိဿယတို့၌"ပုဗ္ဗောစ သော အဟောစာတိ" ဟု ဝိဂြိုဟ်ပြု၍ အဟကို ဏှ ပြုလျက်"ပုဗ္ဗဏှော-ရှေ့ပိုင်းနေ့၊ဝါ-နံနက်ပိုင်း၊အပရဏှော-နောက်နေ့၊ အဇ္ဈဏှော—ယနေ့၊ သာယဏှော—ညနေချမ်း၊ မဇ္ဈဏှော—အလယ်နေ့ (နေ့လည်,မွန်းတည့်)၊ ပဏှော—နံနက်၊ ပဏှေ—နံနက်ကာလ၌"ဟု ဏကြီးဟထိုး နှင့်ချည်းမိန့်သည်၊ ထောမနိဓိ၌ကား "ပုရ်ဗဏှ, အပရဏှ, သာယန္ဟ, မဇ္ဈန္ဟ"ဟု ရှေ့၌ ရ ရှိလျှင် ဏှ, ရှေ့၌ ရ မရှိလျှင် "န္ဟ"ဟု ရှိသည်၊ "မဇ္ဈန္ဟိကော"ဟု ကျမ်းစာများ၌ အတွေ့များ၏၊ သွတ္တ အနက်၌ ဏိက သက်၍ "မဇ္ဈန္ဟေဘဝေ မဇ္ဈန္ဟိကော"ဟု ပြု၊ ကျောက်စာ၌"မဇ္ဈန္ဟိကော"ဟု ဟထိုးမဟုတ်ဘဲ ဟဆွဲထားသည်ကို"တဝမ်းပူ"ထင်၍ "မဇ္ဈန္ဟိကော"ဟု စာအကူး မှားတတ်သည်။

## အလုတ္တ တပ္ပုရိသ်

**ကွစိ တပ္ပုရိသေ၊ပေ၊ပဘက်ရော** — [အလုတ္တ (ဝိဘတ် မကျေရာ ဖြစ်သော) တပ္ပုရိသ်သမာသ်များ၊ ] အလုတ္တသမာသ်များတွင် "ပဘက်ရော၊ပေ၊ဇုတိန္ဓရော" တို့သည် နိစ္စသမာသ်များဖြစ်၍"ကရ"စသည်တို့၏ ပရိယာယ်ဖြစ်သော ကရောတိ

www.dhammaransi.com



သည်၊ (ဟောတိ)၊ နာမာနံ သမာသော ယုတ္တတ္ထောတိ-သုတ်ဖြင့်၊ သမာသ သညာ-(ဟောတိ)၊ [“သမာသသညော”ဟု ရှိသည်ကား မကောင်း၊ သိဒ္ဓိ၌ “သညာ”ဟု ရှိသည်၊] တတော-ထိုမှနောက်၌၊ တေသံ ဝိဘတ္တိယော လောပါစာတိ-သုတ်ဖြင့်၊ ဝိဘတ္တိလောပေ-ဝိဘတ်ချေခြင့်သည်၊ သမ္ပတ္တေ-ရောက်လတ်သော်၊ တတ္ထေဝ-ထိုသုတ်၌ပင်၊ စဂ္ဂဟဏေန-ကြောင့်၊ ပုဗ္ဗပဒေ-ရှေ့ပုဒ်၌၊ ဝိဘတ္တိလောပါ ဘာဝေါ-ဝိဘတ်ကျေခြင်း၏ မရှိခြင်းသည်-(ဟောတိ)၊ သေသံ သမံ၊ ပဘင်္ကရော-အရောင်ပြုတတ်သော နေ၊ အမတံ-အမြိုက်နိဗ္ဗာန်ကို၊ ဒဒါတိ-ပေးတော်မူတတ်၊ ဣတိ,အမတန္ဒဒေါ(ဘုရားတည်း)၊

---

စသော အာချာတ်ပုဒ်ဖြင့်ဝိဂြိုဟ်ပြုရသည်၊ရုပ်တွက်ရာ၌မူ“ပဘာသဒ္ဒူပပဒ ကရ”တည်း၊ “ကရ=ကရဏေ”ဟူသော အနက်၌ ခတ်မှည့်၊ [အာကာရန္တ ဇုတ္တိလိင်ဖြစ်သော ကြောင့် “ပဘာ”ဟု တည်သည်၊] ဤပဘင်္ကရစသော သမာသ်တို့သည် ဥပပဒ (ကိတ်ပုဒ် အနီးရှိသော) ကိတန္တ တပ္ပုရိသ် သမာသ်များလည်း ဖြစ်ကြ၏၊ အ ပစ္စည်း ကလည်း ကံပုဒ် အနီးရှိမှ သက်၏၊ ထို့ကြောင့် ပဘာနောင် အံဝိဘတ်သက်၍“ပဘံ”ဟု ဖြစ်ပြီးလျှင် ပြီးခြင်း (ကံပုဒ်အနီး ရှိခိုက်) သမ္ပတော ဏွတ္ထုဝါဝါ သုတ်ဖြင့် (အ) ပစ္စည်းသက်, ရ ကို အသိုကပ် “ပဘံ+ကရ”ဟု ဖြစ်၏။

ထို့နောက် (ကိတန္တ တပ္ပုရိသ် ဖြစ်သည်အားလျော်စွာ နာမ်ဝိဘတ် မသက်ခင် နာမ်ပုဒ် မဖြစ်မီ-ကိတ် အခိုက်အတန့်၌) “ပဘံ-အရောင်ကို၊ ကရောတိ-ပြုတတ်၏” ဟူသော အနက်၌ အမာဒယော ပရပဒေဘိ သုတ်ဖြင့် ပဘာနှင့် ကရကို သမာသ်စပ်၍ အမာဒိတပ္ပုရိသ်မှည့်,ထို့နောက် နာမာနံ သမာသော ယုတ္တတ္ထောဖြင့် သမာသ်အမည် မှည့်, တေသံ ဝိဘတ္တိယော လောပါစသုတ်ဖြင့် ဝိဘတ်ချေခြင့် ရောက်သောအခါ ထိုသုတ်၌ စသဒ္ဒါဖြင့် တားမြစ်သောကြောင့် ပဘံ၌ ဝိဘတ်မချေရ၊ (ကရ၌ကား ချေဘို့ရာဝိဘတ်ပင် မရှိသေး၊ ပကတိစသ သရန္တသ သုတ်ဖြင့်လည်း ပဘံ၌ “ပဘာ”ဟု မဖြစ်နိုင်သောကြောင့် ပကတိပြုဘွယ်လည်း မလို၊ ကရ၌လည်း မူလ အဟိုင်းမှ မဖေါက်ပြန်သေးသောကြောင့် ပကတိပြုဘွယ် မလို၊) နာမ်ငဲ့, သိ သက်, သြ ပြု, နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တပြု “ပဘင်္ကရော”ပြီး၏၊ [ဒုတိယာတပ္ပုရိသ် ကမ္မကာရော၌ ဋီကာဖွင့်ပုံနှင့် ကိတ် “ကတ္တရိကိတ်”သုတ် ကုမ္ဘကာရောရုပ်၌ ဋီကာဖွင့်ပုံများကို ထောက်၍ ရေးသည်၊ ဤနေရာ၌ စာကိုယ်ဆိုရုံမျှဖြင့် ထိုအဓိအစဉ်များ မထင်ရှားနိုင်။]

**ကရ၌ ဝိဘတ် မပါဘဲ ပုဒ်ခေါ်နိုင်ပုံ။** ။“ပဘံ+ကရ”ကို သမာသ် စပ်ရာ၌ ကရဝယ် ဝိဘတ်မရှိသေးသောကြောင့် “ဝိဘတျန္တံ ပဒံ”နှင့်အညီ ဝိဘတ်ဆုံးမှ ပုဒ် အမည် ရှိရကား ဤ“ကရ”သည် အဘယ်မှာ ပုဒ်မည်အံ့နည်း၊ ပုဒ်မမည်လျှင် ပုဒ်ချင်း စပ်မှ သမာသ် ဖြစ်ရကား အဘယ်မှာ သမာသ် ဖြစ်နိုင်ပါအံ့နည်း-ဟု စောဒနာဘွယ် ရှိ၏၊ အဖြေကား—ဝိဘတ်ဆုံးမှ ပုဒ်အမည်ရသည်ကား မှန်ပေ၏၊ သို့သော် “ပုဗ္ဗာ ပရာနံ အဍ္ဍူပလဒ္ဓိယံ ပဒံ”ဟု သက္ကတ၌ အဆိုတမျိုးရှိသေး၏၊ ပုဗ္ဗာပရာနံ-ရှေ့နောက်

www.dhammaransi.com



ရဏံ-ကိလေသာမှုန့်ကို၊ ဇဟာတိ-စွန့်တော်မူတတ်၏၊ ဣတိ, ရဏဉ္ဇဟော၊ ဇုတိံ-အရောင်ကို၊ မာရေတိ-ဆောင်တတ်၏၊ ဣတိ, ဇုတိန္ဓရော။

တထာ-ထိုမှတပါး၊ သဟာသာ ကတံ-အဆောတလျင် ပြုအပ်သော အမှု၊ ပရဿပဒံ-ပရဿပုဒ်၊ အတ္တနောပဒံ-အတ္တနောပုဒ်၊ ဘယတော ဥပဋ္ဌာနံ-ဘေးအားဖြင့် ထင်ခြင်း၊ ဘယတူပဋ္ဌာနံ-ဘေးအားဖြင့် ထင်ခြင်း၊ ပရတော ဃောသော-သူတပါးထံမှ တရားသံ၊ ဂဝံပတိ-ဂဝံပတိ မည်သော၊ ထေရော-ထေရ်၊ မနသိကာရော-နှလုံးသွင်းခြင်း၊ ပုဗ္ဗေနိဝါသော-ရှေး၌ နေအပ်ဘူးသော ခန္ဓာအစဉ်၊ ပုဗ္ဗေနိဝါသာ နုဿတိ-ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈေ

---

သဒ္ဒါတို့၏၊အဇ္ဈုပလဒ္ဓိယံ-အနက်ကို ရခြင်းသည်၊ (သဝ်ီ-ရှိသော်)၊ပဒံ-ပုဒ်မည်၏” ဟူသော ပရဿမညာ (သက္ကတကျမ်းတို့၏ နာမည်) အားဖြင့် ပဘံနှင့်စပ်၍ အနက် ရအပ်သော ကရသဒ္ဒါလည်း ဝိဘတ် မပါဘဲပင် ကိတ်ပုဒ် အမည် ရနိုင်၏၊ ထို့ကြောင့် ပဘံနှင့် ကရပုဒ်ကိုစပ်၍ သမာသ် ဖြစ်နိုင်သည်သာ။

[ဋီကာ] “ကုမ္ဘ+ကာရော”တျာဒိ ဝုတ္တဝါကျံ နတ္ထိ, တေနကရောတိ တျာဒိ ကြိယာပဒေန ဝိဂ္ဂဟော၊ တေနေဝ ကမ္မကာရောတျာဒီသု ဝိဘတ္တျုပ္ပတ္တိတော ပုရေတရခမေဝ ကာရာဒိသဒ္ဒေန အမာဒယော တျာဒိနာ သမာသော၊ “ပုဗ္ဗာပရာနံ အဇ္ဈုပလဒ္ဓိယံ ပဒ”န္တိ ပရဿမညာယ ကာရာဒိသဒ္ဒဿ ပဒဝေါဟာရော [ဒုတိယာ တပ္ပုရိသ်အဖွင့်။]

**ကိတန္တ တပ္ပုရိသ် ခေါ်ပုံ။** ။ကာရ-ဟု ကိတ်ပစ္စည်းဆုံးခိုက် နာမ် ဝိဘတ် မသက်ခင်,ပဘံကာရကို သမာသ်စပ်ရသောကြောင့်“ကိတန္တသမာသ်”ဟုခေါ်သည်၊ နာမ် ဝိဘတ် သက်ပြီးသော ကိတ်ပုဒ်နှင့် သမာသ်စပ်၍ ကိတန္တသမာသ် ခေါ်သည် မဟုတ်၊ နာမ် ဝိဘတ်သက်ပြီးသော ကိတ်ပုဒ်နှင့် သမာသ်စပ်ရသောကြောင့် “ကိတန္တ သမာသ်”ဟု ခေါ်လျှင် “ဘူမိဂတော,သလ္လဝိဒ္ဓေါ”စသည်တို့လည်း ဂတော, ဝိဒ္ဓေါ ဟူသော ကိတ် နာမ်ပုဒ်များနှင့် စပ်ရသောကြောင့် ကိတန္တသမာသ်ချည်း ဖြစ်ကုန်ရာ၏၊ ထို့ကြောင့် ကိတန္တ သမာသ်၌ ဝိဘတ်မသက်ခင် ကိတ်ပစ္စယန္တ အခိုက်မှာ ရှေ့ပုဒ်နှင့် သမာသ်စပ်ရသည် ဟု ချည်း မှတ်။

**တထာ သဟာသာ၊ပေ၊သရဒိံ**—ဘို့ကား အလုတ္တတတိယာတပ္ပုရိသ်စသည်ကို ပြသော ပုံစံများတည်း၊ “သဟ+ကတ”တည်, သဟနောင် နာသက်, မနောဂဏာ ဒိတော စသော သုတ်ဖြင့် နာကို အာပြု, သသရေဝါဂမေဖြင့် သိလာ, ကတနောင် သိ, အံပြု“သဟာသာ+ကတံ”ဟု ဝါကျဖြစ်၏၊ သမာသ်စပ်၍ တပ္ပုရိသ် မည်၍, သမာသ်မည်၍, တေသံ ဝိဘတ္တိယော လောပါစသုတ်ဖြင့် ကတံ၌ သိကိုသာချေ, [စသဒ္ဒါကြောင့် ရှေ့ပုဒ်၌

www.dhammaransi.com



ကလျာဏံ-အလယ်၌ ကောင်းသောတရား၊ အန္တေဝါသီ, အန္တေဝါသိကော-အနီးနေ တပည့်၊ [အန္တသဒ္ဒါသည် အနီးဟော။] ဇနေ သုတော-လူ၌ ထင်ရှားသူ၊ ဥရသိလောမော-ရင်၌ ပေါက်သောအမွေး၊ ကဏ္ဌေကာဠော-လည်၌ ပေါက်သော အမဲကွက်၊ သရသိဇံ-အိုင်၌ဖြစ်သောကြာ၊ ဣစ္စာဒီ၊ အလောပတပ္ပုရိသော၊ပိဘတ်မကျေသော အမာဒိ တပ္ပုရိသ်သည်၊ နိဋ္ဌိတော၊ တပ္ပုရိသသမာသော နိဋ္ဌိတော။

---

နာကို မချေရ၊] ကတာကို ကတာဟု ပကတိပြု [သဟသာ၌ကား "သဟ"ဟု ပကတိပြု၍ မဖြစ်၊] နာမငဲ့ စသည်၊ "ပရဿပဒံ" စသော စတုတ္ထီတပ္ပုရိသ်, "ဘယတော ဥပဋ္ဌာနံ" စသော ပဉ္စမီတပ္ပုရိသ်, "ဂဝံပတိ" ဟူသော ဆဋ္ဌီတပ္ပုရိသ်, "မနသိကာရော" စသော သတ္တမီတပ္ပုရိသ်တို့လည်း နည်းတူ။

ထိုတွင် "ပရဿ-သူတပါး အလို့ငှါ၊ပဒံ-ပုဒ်တည်း" အရ သူတပါးအတွက် အသုံးပြုသော ဝိဘတ်များကို "ပရဿပဒ" ခေါ်သည်ဟု မှတ်၊ "အတ္တနော-မိမိအကျိုးငှါ" ဟု ဆို၊ ဘယတော၌ တော ပစ္စည်းသည် ပဉ္စမီ အနက်ရှိသောကြောင့် ပဉ္စမီတပ္ပုရိသ် တည်း၊ "ဂဝံပတိ" သာ လိုရင်း၊ "ထေရော" ကား "ဂဝံပတိ" နာမည်ထင်ရှားအောင် အဘိဓေယျထည့်ခြင်း ဖြစ်သည်၊ "ဂေါ+ပတိ" ဟု တည်ပြီးနောက်, နံ သက်၍ တဝေါ န မံ ပတိမှာ လုတ္တေစ သမာသေ သုတ်ဖြင့် "ဂဝံ" ဖြစ်အောင် စီရင်။ [ဂဝံပတိနှင့် ထေရောကို သန္ဓိစပ်၍ (ဒွေဘော်လာ၍) ဂဝံပတိတ္ထေရော-ဟုလည်း ပါဠိ၌ ရှိ၏၊] ဇနေသုတော၌ သုတောကို "ပါကဋော-ထင်ရှားသူ" ဟု ဋီကာဖွင့်၏၊ ဥရသိလောမော၌ကား "ဥရသိ+ဥဋ္ဌိတော-ပေါက်သော၊ လောမော-အမွေး" ဟု ဝိဂြိုဟ်ပြု၍ သမာသ် စပ်ပြီးနောက် မထွေးလာပိကြ၍ "ဥဋ္ဌိတ" ပုဒ်ကိုချေ၊ "ကဏ္ဌေ ဌိတော ကာဠော" လည်း နည်းတူ။]

ဥရသိလောမော ကဏ္ဌေကာဠောတို့ကို မောဂ္ဂလ္လာန် စသော သဒ္ဒါကျမ်းတို့၌ ဗဟုဗ္ဗီဟိ သမာသ် ဟု ဆို၏၊ လောမ သဒ္ဒါသည် နပုံလိင် ဖြစ်ရကား တပ္ပုရိသ် မှန်လျှင် နောက်ပုဒ်၏ မူလအတိုင်း ရှိရမြဲဖြစ်၍ "ဥရသိ လောမံ" သာ တပ္ပုရိသ် ရှိသင့် သောကြောင့် "ဥရသိ လောမော" ကို ဗဟုဗ္ဗီဟိ ဆိုသော ဝါဒသာ သင့်မြတ်ဘွယ်ရှိ၏။ ["ကဏ္ဌေ ဋ္ဌိတော ကာဠော အဿာတိ ကဏ္ဌေကာဠော ,ဥရသိ ဥဋ္ဌိတာနိ လောမာနိ အဿာတိ ဥရသိလောမော,သြဋ္ဌမုခမိဝ မုခံ ယဿာတိ သြဋ္ဌမုခေါ" စသည်,မုဒ္ဓဗောဓ ဋီကာ၊ ယဿ-အကြင်သူ၏၊ သြဋ္ဌမုခမိဝ-ကုလားအုပ်၏ မျက်နှာနှင့် တူသော၊ မုခံ= မျက်နှာသည်၊ အတ္ထိ-ရှိ၏၊ ဣတိ, "သြဋ္ဌမုခမုခ" ဟု ဖြစ်သင့်လျက် ရှေ့ သြဋ္ဌမုခပုဒ်ဝယ် နောက်ဖြစ်သော မုခပုဒ်ကို ချေ၍, ဝါ-မထွေးလာပ ပြု၍ (အလယ် မုခကို ချေ၍) "သြဋ္ဌမုခ" ဟု ပြီးရသည်။] "သရသိဇံ" ကား နိစ္စသမာသ်ပင်ဘည်း၊ ကမ္မဇံ ကဲ့သို့ ဟိတ်၌ ပြီးလတံ့။

www.dhammaransi.com



## ဗဟုဗ္ဗီဟိ သမာသ်

(၃၅၁) အထ – တပ္ပုရိသ် သမာသ်၏ အခြားမဲ့၌၊ ဗဟုဗ္ဗီဟိသမာသော ဝုစ္စတေ၊ သောစ - ထို ဗဟုဗ္ဗီဟိ သမာသ်သည်လည်း၊ ဒွိပဒေါ တုလျာဓိကရဏော – ဒွိပဒတုလျာဓိကရဏ ၎င်း၊ ဒွိပဒေါဘိန္နာဓိကရဏော – ၎င်း၊ တိပဒေါ – တိပဒ ၎င်း ၊ပေ၊ ဗျတိဟာရလက္ခဏောစ – ဗျတိဟာရလက္ခဏ၎င်း၊ ဣတိ, နဝဝိဓော၊ တတ္ထ–ထို ၉-မျိုးတို့တွင်၊ ဒွိပဒေါ တုလျာဓိကရဏော–ဒွိပဒ တုလျာဓိကရဏ မည်သော၊ ဗဟုဗ္ဗီဟိ-ဗဟုဗ္ဗီဟိသည်၊ ကမ္မာဒီသု-ကံ အစ ရှိကုန်သော၊ ဆသု- ၆-ပါးကုန်သော၊ ဝိဘတျတ္ထေသု – ဝိဘတ်အနက်တို့၌၊ ဘဝတိ၊ တတ္ထ–ထို ၆-ပါးသော ဝိဘတ်နက်တို့တွင်၊ တာဝ-စွာ၊ ဒုတိယတ္ထေ- ဒုတိယာဝိဘတ်၏အနက်၌၊ (ဥဒါဟရဏံ–ကား၊) ဣမံ သံဃာရာမံ–ဤ သံဃ အာရာမ်သို့၊ အာဂတာ–န်သော၊ သမဏာ–တို့သည်၊ (သန္တိ၊) ဣတိ–သို့၊ ဝိဂ္ဂဟော–သည်၊ (သတိ–သော်)၊....

**အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။** ။သမသျမာနပဒတော–သမာသ် စပ်အပ်သော ပုဒ်တို့မှ၊ အညေသံ–အခြားကုန်သော၊ ပဌမာဒုတိယာဒိဝိဘတျန္တာနံ–ပဌမာ ဒုတိယာ အစရှိသော ဝိဘတ်အဆုံး ရှိကုန်သော၊ [“သီဟိုဠ်မူ၌ “သပ္ပဌမာနံ-ပဌမာနှင့်တကွ ဖြစ်ကုန်သော၊ ဒုတိယာဒိဝိဘတျန္တာနံ–ကုန်သော”ဟု ရှိ၏၊]

---

(၃၅၁) တတ္ထ၊ပေ၊ဝိဂ္ဂဟေ —[ဗဟုဗ္ဗီဟိ ၉-မျိုးကို စာကိုယ်၌ရှိတိုင်း နာမည် လောက်မျှ မှတ်ပါဦး၊] အာဂတသမဏာ၌ “အာဂတာ+သမဏာ”ဟု ၂-ပုဒ်ရှိသော ကြောင့်၎င်း“လာသူလည်း ရဟန်း–ရဟန်းလည်း လာသူ”ဖြစ်၍ အနက်အရ တူသော ကြောင့်၎င်း“ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိ”ဟု ခေါ်သည်၊ ထို ဒွိပဒတုလျာဓိကရဏ သမာသ်သည် (ဣမံ၌ အံဝိဘတ်၏ အနက်ကဲ့သို့) ဒုတိယာ စသော ဝိဘတ် ၆-မျိုး၏ အနက်၌ ဖြစ်ရကား ၆—မျိုးပင် ပြားသည်။

**သမသျမာန၊ပေ၊ဗဟုဗ္ဗီဟိ သညော စ** — [“သမသျမာန ၊ပေ၊ သမသျန္တေ” ဝါကျဖြင့် သမာသ်စီရင်ပုံကို ပြ၍ “သော၊ပေ၊ဗဟုဗ္ဗီဟိသညောစ ဟောတိ”ဝါကျဖြင့် ဗဟုဗ္ဗီဟိအမည်ကို ပြသည်။] “အာဂတာ+သမဏာ” ၂—ပုဒ်သည် သမာသ်စပ်အပ် သော ပုဒ်တည်း၊ “အာဂတသမဏာ”ဟု သမာသ်ပြီးသောအခါ ထို ၂-ပုဒ်၏ အနက် မရဘဲ “သံဃာရာမ”ဟူသော အညပဒ၏ အနက်သာ ရ၏၊ ထို့ကြောင့် ဗဟုဗ္ဗီဟိ သမာသ်ကို အညပဒတ္ထသမာသ်ဟု ခေါ်သည်၊ ထို အညပဒတို့ကား ပဌမာ ဝိဘတ် ဆုံးသောပုဒ်-ဒုတိယာ တတိယာ စသော ဝိဘတ်ဆုံး ပုဒ်အားဖြင့် (ဝိဘတ် အလိုက်) ၇-မျိုးပြား၏။ [အည=သမာသ်ပုဒ်မှတပါး တခြားသော+ပဒ=ပုဒ် “သမာသ်စပ် ရာတွင် မပါဝင်သောပုဒ်”ဟူလို။]

www.dhammaransi.com



ပဒါနံ-တို့၏၊ အတ္တေသု-အနက်တို့၌၊ ယုတ္တတ္တာနိ-ပေါင်းစပ်ထိုက်သော အနက်ရှိကုန်သော၊ နာမာနိ နာမ်ပုဒ်တို့ကို၊ [သိဒ္ဓိ၌ "သဟ-တက္ကံ"] ဝိဘာသာ-ဝိကပ်အားဖြင့်၊ သမသျန္တေ-သမာသ်စပ်အပ်ကုန်၏၊ သောသမာသော-သည်၊ ဗဟုဗ္ဗီဟိသညော စ-ဗဟုဗ္ဗီဟိ အမည်ရှိသည်လည်း၊ ဟောတိ၊ ယထာ-အကြင်ယောကျ်ား၏၊ ဗဟဝေါ-များကုန်သော၊ ဝီဟယော-ကောက်ပေါးတို့သည်၊ (သန္တိ, ဇာတိ) သော-ထိုယောကျ်ားသည်၊ ဗဟုဗ္ဗီဟိ-မည်၏၊ ဗဟုဗ္ဗီဟိ သဒိသတ္တာ-ဗဟုဗ္ဗီဟိ သဒ္ဒါနှင့် တူသည်၏ အဖြစ်ကြောင့်၊ အယမ္ပိ သမာသော-ကိုလည်း၊ အန္ဝတ္ထသညာဝသေန-ဖြင့်၊ ဗဟုဗ္ဗီဟီတိ-ဟူ၍၊ ဝုစ္စတေ-၏၊ ဟိ-မှန်၏၊ ဗဟုဗ္ဗီဟိ-ဗဟုဗ္ဗီဟိသမာသ်သည်၊ အညပဒတ္ထပဓာနော-ပြဋ္ဌာန်းသော အညပုဒ် အနက်ရှိ၏။

---

အဘယ်ကို အညပုဒ် ခေါ်သနည်း။ ။သမာသ်စပ်အပ်သောပုဒ်မှ တပါးသော ပုဒ်ကို "အညပုဒ်"ဟု ခေါ်ရာ၌ ထိုအညပုဒ်ဟူသည် အဘယ်ပုဒ်နည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား—"အာဂတသမဏော" သမာသ်၌ ထိုသမာသ်၏ဟောနက်ကိုပြသော "သံဃာရာမော"သည် အညပုဒ်တည်း၊ "ဇိတိန္ဒြိယော သမဏော" ဟူရာ၌ ဇိတိန္ဒြိယော၏ အညပုဒ်သည် သမဏောတည်း၊ ဤသို့စသည်ဖြင့် ထိုထိုသမာသ်၏ ဟောနက်ကို ပြသော ပုဒ်ကို အညပုဒ်ဟု ခေါ်သည်၊ ထို့ကြောင့် "ဗဟုဗ္ဗီထုတ်, အညပုဒ်, လိင်ဝုစ် ကြည့်၍ကိုက်" ဟူရာ၌ သံဃာရာမော ဟူသော အညပုဒ်၏ ပုလ္လိင်ကေဝုစ်လိုက်၍ "အာဂတသမဏော"ဟု ပုလ္လိင်ကေဝုစ် ထားရသည်၊ သံဃာရာမာဟု ဗဟုဝုစ်ရှိလျှင်ကား "အာဂတသမဏာ"ဟု ဗဟုဝုစ် ချရလတ့်၊ သာဝတ္ထိ ဟု အညပုဒ်ရှိပြန်လျှင် "အာဂတသမဏာ"ဟု ဣတ္ထိလိင်ကေဝုစ်ငင်း, ဇေတဝနံဟု နပုလ္လိင်ကေဝုစ် ရှိပြန်လျှင် "အာဂတသမဏံ"ဟု နပုံလိင်ကေဝုစ်ငင်း, ချရကြောင်း သိပါ၊ ဤပြခဲ့သော အဓိပ္ပါယ်သည် "ဧတ္ထစ အာဂတသဒ္ဒေါ သမဏသဒ္ဒေါစ အတ္တနော အတ္ထေ အဋ္ဌတွာ ဒုတိယာ ဝိဘတျတ္ထဘူတေ သံဃာရာမသင်္ခါတေ အညပဒတ္ထေ ဝတ္တန္တိ" ဟု လာလတ့်စကားတွင် "သံဃာရာမသင်္ခါတေ အညပဒတ္ထေ"နှင့်လည်း ညီသည်၊ ဝါသဒ္ဒါ၏ အနက်ဝယ် စပ်ထားသော "ဒွေဝါ တဒယာဝါ ပတ္တာ ဒွတ္တိပတ္တာ"၌လည်း ဝါသဒ္ဒါသည် အညပုဒ် မည်၏။

အချို့အယူ။ ။"ယ-တ-ဧတ-ဣမ"ဟူသော သဗ္ဗနာမ်ပုဒ်များကို အညပုဒ် ဟု ခေါ်ဝေါ်ကြသေး၏၊ "အာဂတာ သမဏာ ဣမံတိ အာဂတ သမဏော"၌ ဣမံကို အညပုဒ် ဟု ဆိုလိုကြသည်၊ ယိုအယူသည် "သံဃာရာမ သင်္ခါတေ အညပဒတ္ထေ"နှင့် ဆန့်ကျင်၏၊ ထို့ပြင်—"အညပုဒ်၏ လိင်ဝုစ်လိုက်၍ ဗဟုဗ္ဗီဟိသမာသ်၏ လိင်ဝုစ်များ ရှိစေရမည်" ဟူသောဥပဒေသ၌ ယ-တ-ဧတ-ဣမတို့သည် ၃လိင်ဆက်ဆံသောကြောင့် အဘယ်မှာ လိင်ဝုစ်ခွဲခြား၍ ဖြစ်နိုင်တော့မည်နည်း၊ "အာဂတာ သမဏာ ဣမံ"၌ ဣမံဟု ကေဝုစ် ထားရခြင်းမှာလည်း "သံဃာရာမော" ဟူသော အဘိဓေယျနှင့် ကိုက်အောင်

www.dhammaransi.com



စ-ဆက်၊ အယံ ဗဟုဗ္ဗီဟိ-သည်၊ တဂ္ဂုဏ၊ပေ၊ဝသေန-တဂ္ဂုဏ သံဝိညာဏ, အတဂ္ဂုဏသံဝိညာဏတို့၏ အပြားအားဖြင့်၊ ဒုဝိဓော-၏၊ ဟေသု-ထို ၂-ပါး တို့တွင်၊ ယတ္ထ-အကြင်ဗဟုဗ္ဗီဟိ၌၊ဝိသေသနဘူတော-ဝိသေသနဖြစ်၍ဖြစ်သော၊ အတ္ထော-အနက်ကို၊ အညပဒတ္ထဂ္ဂဟဏေန-အညပုဒ် အနက်ကိုယူသဖြင့်၊ ဂယှတိ-တပါတည်းယူအပ်၏၊ သော-ထိုဗဟုဗ္ဗီဟိသည်၊ တဂ္ဂုဏသံဝိညာဏော-မည်၏၊

---

ထားရခြင်းသာတည်း၊ထို့ကြောင့် သံဃာရာမော စသော အဘိဓေယျတို့သာ အညပုဒ် အစစ်တည်း၊ ဝိဂ္ဂဟ်တွင်း၌ပါသော ယံ, ယေန, ယဿ, ယသ္မာ,ယသ္မိံ စသည်တို့ကား ထိုအညပုဒ်ကို အထူးပြုတတ် (ညွှန်ပြတတ်သော) ဝိသေသနတို့သာ ဟု မှတ်၊ တချို့ နေရာ၌ ခေါ်၍ လွယ်စေခြင်းငှါ ထိုအညပုဒ်၏ ဝိသေသနများကိုပင် "အညပုဒ်"ဟု ခေါ်ရသေးသည်။

[ဆောင်] ယ တေ တိ.မ, ဤလေးဝကို, အညပုဒ် ဟု, ခေါ်လေ့ ပြုလည်း, အနုစိပ်ကာ,ဓိပ္ပါယ် ရှာမူ,သံဃာရာမ,စသည် ပြလျက်,ပဓာနထုတ်, ထိုသည့် ပုဒ်သာ, အညပုဒ်ခေါ်-သင့်လျော်သည်, ချင့်မြော်သူတို့ မှတ်ဘွယ်ကို့ [ယ တေ.တိ.မ=ယ+တ+တေ+ဣမ။]

**ဗဟဝေါ၊ပေ၊ဗဟုဗ္ဗီဟိ**-ဤစကားဖြင့်"ဗဟုဗ္ဗီဟိ"နာမည်ရခြင်း၏ အကြောင်းကို ပြ၏၊ ထိုတွင် "ဗဟုဗ္ဗီဟိ သဒိသတ္တာ"ဖြင့် "ဗဟုဗ္ဗီဟိ ဝိယာတိ ဗဟုဗ္ဗီဟိ"ဟု ဥပမာ တဒ္ဓိတ်ကိုပြသည်၊ ရှုအံ့—"ဗဟုဗ္ဗီဟိ"ဟူသော မူလ နာမည်၌"ဗဟု+ဝီဟိ"ဟူသော သမာသ်ပုဒ်တို့၏ အနက် မရဘဲ ယဿပုရိသဿ ဟူသော အညပုဒ်၏ အနက်သာ ရသကဲ့သို့, ဤ သမာသ်၌လည်း "အာဂတ+သမဏ"ဟူသော သမာသ်ပုဒ်၏ အနက် မရဘဲ "ဣမံသံဃာရာမံ"ဟူသော အညပုဒ်၏ အနက်သာ ရ၏၊ ဤသို့ အညပုဒ်အနက် ရခြင်းအားဖြင့် ဗဟုဗ္ဗီဟိ သဒ္ဒါနှင့် အာဂတသမဏ စသော သဒ္ဒါတို့တူကြသည်၊ ဤသို့ "ဗဟုဗ္ဗီဟိဝိယ"ဟူသော ဥပမာတဒ္ဓိတ် အနက်အားလျော်စွာ ဗဟုဗ္ဗီဟိနာမည် ရသော ကြောင့်"အန္ဝတ္ထသညာဝသေန"ဟုမိန့်သည်၊ [အတ္ထံ-ဗဟုဗ္ဗီဟိ သဒ္ဒါနှင့်တူ၏ ဟူသော အနက်သို့၊ အနုဂတာ-အစဉ်လိုက်သော သညာတည်း၊ အန္ဝတ္ထာ-အနက်သို့ အစဉ် လိုက်သော သညာ။]

**ဒုဝိဓောစာယံ၊ပေ၊ဝသေန**—တဂ္ဂုဏ၌ ဂုဏသဒ္ဒါသည် ဝိသေသနခေါ်သော ဂုဏ်ကိုဟော၏၊ "အာဂတသမဏော"၌ "အာဂတ+သမဏ" တို့သည် ဣမံ သံဃာရာမံ ဟူသော အညပုဒ်၏ အနက်ကိုပင် အထူးပြုကြ၏၊"သံဃအာရာမ်"ဟူသည် ရဟန်းသံဃာ မလာသော သံဃအာရာမ် မဟုတ်, ရဟန်းများ လာရောက် အပ်သော သံဃအာရာမ် ဖြစ်သည်-ဟူလို၊ထို့ကြောင့် "အာဂတ+သမဏ"ဟူသော သမာသ်ပုဒ် များသည် "ဂုဏ်(ဝိသေသန)"များဖြစ်ကြသည်၊ တဿ-ထို အညပုဒ်၏၊ ဂုဏော-ဂုဏ် ဝိသေသနတည်း၊ တဂ္ဂုဏော-ထို အညပုဒ်၏ ဂုဏ် (ဝိသေသန)၊ ဤဝိဂ္ဂဟ်ဖြင့်

www.dhammaransi.com



ယထာ–ကား၊ လမ္ဗကဏ္ဏမာနယာတိ –"လမ္ဗကဏ္ဏံအာနယ" ဟူသည်တည်း၊ [လမ္ဗကဏ္ဏံ–တွဲလျားကျသော နားရှိသူကို၊ အာနယ–ခေါ်ခဲ့လော့။] ယတ္ထပန–အကြင် ဗဟုဗ္ဗီဟိ၌ကား၊ ဝိသေသနဘူတော–သော၊ အတ္ထော–ကို၊အညပဒတ္ထဂ္ဂဟဏေန–ဖြင့်၊ နဂယှတိ–တပါတည်း မယူအပ်၊ [ရှေ့ဝါကျမှ လိုက်စေ

---

တဂ္ဂုဏအရ သမာသ်ပုဒ်များကို ရသည်၊ ထိုသမာသ်ပုဒ်၏ အနက်များလည်း (အကျိုးသဒ္ဒါ၏ အကြောင်းဖြစ်၍ ဖလူပစာရအားဖြင့်) တဂ္ဂုဏပင် တည်း၊ သံဝိညာဏော၌ သံသဒ္ဒါသည် သဟအနက်ကို ဟော၏၊ ဝိညာဏသဒ္ဒါကား "ဝိညာပေတီတိ ဝိညာဏော"ဟု ဝိဂြိုဟ်ပြု၍ "သိစေတတ်"ဟု အနက်ထွက်၏၊ ထို့ကြောင့် ဋီကာ၌ "သဒ္ဓိံဝိညာပကော"ဟု သံဝိညာဏောကို ဖွင့်သည်၊ တဂ္ဂုဏေန–ထိုအညပုဒ်၏ ဂုဏ်ဖြစ်သော သမာသ်ပုဒ်နက်နှင့်၊ သံဝိညာဏော–တကွ သိစေတတ်သော ဗဟုဗ္ဗီဟိသည်၊ တဂ္ဂုဏသံဝိညာဏော–မည်၏၊ သမာသ်ပုဒ်၏ အနက်နှင့် တကွ မသိစေတတ်သော ဗဟုဗ္ဗီဟိသည် အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏၊ [သဟ ဝိညာယတီတိ သံဝိညာဏော=တကွ သိအပ်သောအနက်၊ "တဂ္ဂုဏေန သံဝိညာဏော ယဿ္မိံတိ တဂ္ဂုဏ သံဝိညာဏော– ထို အညပုဒ်၏ ဝိသေသနဖြစ်သော သမာသ်ပုဒ်နှင့်တကွ သိအပ်သော အနက်ရှိသော သမာသ်"ဟု ဝိဂြိုဟ်ပြုလျှင် ဋီကာနှင့် မညီသော်လည်း "ယတ္ထပိသေသနဘူတော၊ပေ၊ဂယှတိ"ဝယ် ယတ္ထ ဟူသော အာဓာရ, ဂယှတိ ဟူသော ကံဟောကြိယာတို့နှင့် ညီမျှသဖြင့် အဓိပ္ပါယ်အမှန်လည်း ရသောကြောင့် သာ၍ ကျမ်းရင်း အာဘော်ကျသည်။]

**ယတ္ထ ဝိသေသန၊ပေ၊ လမ္ဗကဏ္ဏမာနယာတိ**— "လမ္ဗကဏ္ဏ"ဟူသော ဗဟုဗ္ဗီဟိ၌ "လမ္ဗော ကဏ္ဏော ယဿ"ဟု ဝိဂြိုဟ်ပြု၊ "လမ္ဗော ကဏ္ဏော"အရ တွဲလျားကျသော နားသည် တဂ္ဂုဏ ဟု ခေါ်သော သမာသ်ပုဒ်၏ အနက်တည်း၊ "ယဿ" ဟူသော အညပုဒ်၏ အနက်ကား ယောကျ်ားတည်း၊ ထိုအညပုဒ်၏ အနက်ဖြစ်သော ယောကျ်ားကိုယူလျှင် သမာသ်ပုဒ်နက် ဖြစ်သော တွဲလျားကျသော နားကိုလည်း (တပါတည်း) ယူပြီး ဖြစ်တော့၏၊ "လမ္ဗကဏ္ဏံ အာနယ–တွဲလျားကျသော နားရှိသူ ယောကျ်ားကို ခေါ်ခဲ့ဟု စေခိုင်းရာ၌ ယောကျ်ားကို ခေါ်လျှင် တွဲလျားကျသော နားသည် ကျန်၍ မနေရစ်, ထို တွဲလျားကျသော နားလည်း တပါတည်း ပါလာပုံကို ကြည့်ပါ၊ ဤသို့ အညပုဒ်အနက်ကို ယူသဖြင့် သမာသ်ပုဒ်နက် တဂ္ဂုဏကိုလည်း ယူပြီး ဖြစ်သော သမာသ်သည် တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ် မည်၏။

**ယတ္ထ ပန၊ပေ၊ဗဟုဓန မာနယာတိ**—"ဗဟူနိ+ဓနာနိ ယဿ"ဟု ဝိဂြိုဟ်ပြု၍ များသော ဥစ္စာရှိသူသည် "ဗဟုဓန" မည်၏၊ "ယဿ"ဟူသော အညပုဒ်၏အနက်ကို ယူသည့်အခါ "ဗဟု+ဓန"ဟူသော တဂ္ဂုဏ သမာသ်ပုဒ်၏ အနက်ကို မယူနိုင်၊ "ဗဟုဓနံ အာနယ"ဟု စေခိုင်းရာ၌ ယောကျ်ားကို ခေါ်လျှင် များသော ဥစ္စာတွေမှာ မပါလာဘဲ ယောကျ်ားသာပါလာပုံကို ကြည့်ပါ၊ ဤသို့ အညပုဒ်နက်ကို ယူသဖြင့်

www.dhammaransi.com



သည်၊] သော–ထို ဗဟုဗ္ဗီဟိသည်၊ အတဂ္ဂုဏသံဝိညာဏော-မည်၏၊ ယထာ–ကား၊ ဗဟုမန မာနယာတိ-"ဗဟုမနံ အာနယ"ဟူသည်တည်း။ [ဗဟုမနံ–များသော ဥစ္စာရှိသူကို၊ အာနယ–ခေါ်ခဲ့လော့။]

---

ဝိသေသန ဖြစ်သော သမာသ်ပုဒ်နက် (တဂ္ဂုဏ) ကို မယူနိုင်သော သမာသ်သည် အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။

[ဆောင်] ၁။ အညပုဒ်နက်တွင်, သမာသ်နက်ဝင်, ယင်းလျှင် မှတ်ကြ တဂ္ဂုဏ။
၂။ အညပုဒ်နက်တွင်,သမာသ်နက်မဝင်,ယင်းလျှင် မှတ်ကြ အတဂ္ဂုဏ။

**တဂ္ဂုဏသံဝိညာဏ ၂-မျိုး။** ။"အညပဒတ္ထ တဂ္ဂုဏသံဝိညာဏ-ပယောဂ တဂ္ဂုဏ သံဝိညာဏ"ဟု ၂-မျိုးပြားပြန်၏၊ ထိုတွင် အညပုဒ်အနက်၌ သမာသ်ပုဒ်၏ အနက်နှင့်တကွ သိအပ်သော ဗဟုဗ္ဗီဟိသည် အညပဒတ္ထ တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏၊ ပြခဲ့သော "လမ္ဗကဏ္ဏော"စသည်တည်း၊ [ပယောဂသဒ္ဒါသည်"ယှဉ်ဘက်" ဟူသော အနက်ကို ဟော၏၊ ယှဉ်ဘက်ဟူသည်လည်း မကွေမကွာအတူတကွ ဖြစ်ဘက်တည်း၊] ယှဉ်ဘက်အားဖြင့် သမာသ်ပုဒ်၏ အနက်နှင့်တကွ သိအပ်သော ဗဟုဗ္ဗီဟိသည် ပယောဂ တဂ္ဂုဏ သံဝိညာဏဗဟုဗ္ဗီဟိမည်၏၊ ပုံစံကား–"နီလပဋော–ညိုသော ပုဆိုးရှိသူ၊ ဗုဒ္ဓပ္ပမုခေါ–ဘုရားအမှူးရှိသော သံဃာ" တည်း၊ ဤ၌ "နီလော ပဋော ယဿ"ဟု ဝိဂ္ဂြိုဟ်ပြုသောအခါ ယဿ ဟူသော အညပုဒ် အနက်အရ၌ လူကောင် အထည်ကိုယ်သာ ရ၏၊ နီလောပဋော အရ ပုဆိုးညိုသည် ထိုလူကောင်တွင်း၌ မပါသေး၊ သို့သော် "နီလပဋံ အာနယ=ပုဆိုးညို ရှိသူကို ခေါ်ခဲ့"ဟု ဆိုလျှင် ပုဆိုး ချွတ်ထားခဲ့၍ မဖြစ်, ပုဆိုးနှင့် ယောကျာ်းသည် မကွေမကွာ ယှဉ်ဘက် ဖြစ်ရကား ပုဆိုးလည်း တပါတည်း ပါလာရတော့သည်၊ ဤသို့လျှင် "နီလပဋော"အရ အညပုဒ် အနက်၏ ယှဉ်ဘက် ပုဆိုးနှင့်တကွ လူဘကိုယ်လုံး ရသောကြောင့် ပယောဂတဂ္ဂုဏ–သံဝိညာဏ ဗဟုဗ္ဗီဟိမည်၏၊"ဗုဒ္ဓေါ+ပမုခေါ ယဿ သံဃဿ"ဟု ဝိဂ္ဂြိုဟ် ပြုရာ၌ ယဿ အရတွင် ဘုရား မပါဝင်သေး၊ သို့သော် ဘုရားနှင့်သံဃာသည် အမြဲမကွာ ယှဉ်ဘက် ဖြစ်သောကြောင့် "ဗုဒ္ဓပ္ပမုခေါ"ဟု သမာသ်ပြီးသည့်အခါ၌ကား အညပုဒ် အနက်ဖြစ်သော သံဃာ၏ ယှဉ်ဘက်ဘုရားလည်း ဗုဒ္ဓပ္ပမုခ အရတွင် ပါဝင်သည်၊ [ဤကား ဘေဒစိန္တာကို မှီသော အဓိပ္ပါယ်တည်း၊ ဤ တဂ္ဂုဏသံဝိညာဏ ၂–မျိုး လုံးပင်သမာသ် ပြီးသောအခါ အညပုဒ် အနက် အရ၌ သမာသ်ပုဒ်နက်များ ဝင်ကြရ တော့သည်။]—"နီလပဋော သမ္ဗုဒ္ဓပ္ပမုခေါ တျေတ္ထာပန သဟယောဂဝသေနေ၀ ဂုဏီဘူတော ပဋော သမ္ဗုဒ္ဓေါ စ ဂယှတိ"—ဘေဒစိန္တာဒီပနီ။

**မှတ်ချက်။** ။အချို့ကား–"ဗုဒ္ဓပ္ပမုခ"ဟု ၂–ပုဒ်ဘွဲ့ဘက်နေရာဝယ် "ပမုခ" ဟူသော ယှဉ်ဘက်အားဖြင့် ဗုဒ္ဓလည်း ရ၏–ဟု ဆို၏၊ အချို့ကမူ "ဗုဒ္ဓပ္ပမုခသံဃဿ ဒါနံ ဒေတိ"ဟု တဝါကျလုံး ပုံစံထုတ်၍ ဒေတိဟူသော စာပ်ရာကြိယာကို "ယှဉ်ဘက်"ဟု ယူ၍ "ဒေတိ"ဟူသော ယှဉ်ဘက်အားဖြင့် ဘုရားကိုလည်းရသည်-ဟု ဆိုပြန်၏၊ ထို အဓိပ္ပါယ် အားလုံးပင် အခြေအမြစ် မရှိ။

www.dhammaransi.com



ဣမ-ဤဗဟုဗ္ဗီဟိ သမာသ်၌၊ ဗဟုဗ္ဗီဟိ သဒ္ဒေဝိယ-ဗဟုဗ္ဗီဟိ သဒ္ဒါ၌ကဲ့သို့၊ [''သဒ္ဒေ၊''ဟု ရှိသည်ကား ''ဣမ''နှင့် ဝိဘတ်မတူ၍ ပါဌ်ပျက်။]ပိသေသနသာ-ဝိသေသနပုဒ်၏၊ ပုဗ္ဗ နိပါတော-ရှေ့၌ ကျခြင်းသည်၊ (ဟောတိ)၊ သေသံ-ကြွင်းသော အစီအရင်သည်၊ ပုဗ္ဗသမံ-ရှေးသမာသ်များနှင့် တူ၏၊ အာဂတ သမဏော-လာရောက်သော ရဟန်းရှိသော၊ သံဃာရာမော - သံဃအာရာမ်၊ စ-ဆက်၊ တ္ထေ-ဤပြယုဂ်၌၊ အာဂတသဒ္ဒေါ-အာဂတသဒ္ဒါသည်ရင်း၊ သမဏ သဒ္ဒေါစ-ရင်း၊ အတ္တနော-မိမိ၏၊ အတ္ထေ-အနက်၌၊ အဋ္ဌတွာ-မတည်မူ၍၊ ဒုတီယာ ဝိဘတျတ္ထဘူတေ-ဒုတီယာဝိဘတ်၏အနက်ဖြစ်၍ဖြစ်သော၊သံဃာရာမ သင်္ခါတေ-သံဃအာရာမ်ဟုဆိုအပ်သော၊ အညပဒတ္ထေ-အညပုဒ်၏ အနက်၌၊

---

**ဣမ၊ပေ၊အာဂတသမဏော သံဃာရာမော**—ဗဟုဗ္ဗီဟိ သဒ္ဒါ၌''ဗဟု''ဟူသော ဝိသေသနသည်ရှေ့က နေသကဲ့သို့''အာဂတသမဏော''စသော ဤဗဟုဗ္ဗီဟိသမာသ်၌ အာဂတဟော ကဲ့သို့သော ဝိသေသနပုဒ်များ ရှေ့က နေကြရသည်၊ ''အညပဒတ္ထေသု ဗဟုဗ္ဗီဟိ''သုတ်ဖြင့် အာဂတာနှင့် သမဏာ ပုဒ်တို့ကို သမာသ်စပ်၍ ဗဟုဗ္ဗီဟိ အမည် မှည့်ခဲ့ပြီ၊ ထို''အာဂတာ သမဏာ''ကို သမာသ်မှည့်ခြင်း, ယောဝိဘတ် အံဝိဘတ်ကို ချေခြင်း,ဂုတ္တတ္ထာနမပ္ပယောဂေ''ပရိဘာသာအရ ဣမသဒ္ဒါကိုချေခြင်း, ပကတိပြုခြင်း, နာမ်ငဲ့ သိသ့်ပြုခြင်းဟူသော အစီအရင်များကိုကား မဆိုရသေး-ကြွင်းကျန်နေသေး၏၊ ထို မဆိုအပ်ဘဲ ကြွင်းသမျှ အစီအရင်များမှာ ရှေးသမာသ်များနှင့် တူပြီဖြစ်၍ ''အာဂတ သမဏော''ဟု ပြီးပြီ ဟူလို။

**တ္ထေစ အာဂတသဒ္ဒေါ၊ပေ၊ပယုဇ္ဇတိ**——ဤစကားဖြင့်''အာဂတ+သမဏ''ဟု သမာသ် စပ်ထားသော ပုဒ်တို့သည် ''လာရောက်သော+ရဟန်း''ဟူသော မိမိတို့ အနက်ကိုဟောကြသော်လည်း ထိုမိမိတို့အနက်၌သာ အပြီးသတ်၍ တန့်ရပ်မနေနိုင်ကြ၊ ဣမံ သံဃာရာမံ-ဟူသော အညပုဒ် အနက်ထိအောင် ဖြစ်ကြရသည်၊ ဆိုလိုရင်းမှာ— ''အာဂတသမဏာတို့သည် အညဗုဒ်၏ ဝိသေသနမျှသာ ဖြစ်ကြ၏၊ ဝိသေသန ဟူသမျှ လည်း (မဟန္တော ပုရိသော၌ မဟန္တောကဲ့သို့) ဝိသေသျ အနက်ထိအောင် ဖြစ်ကြရ, ဝိသေသျ အနက်ထိမှ အနက်ဟာရပ် အပြီးသတ်၍ တန့်ရပ်ကြရသည်''ဟု ဆိုလိုသည်၊ ဤသို့လျှင် အာဂတသမဏာသဒ္ဒါသည် သမာသ်ပြီးသည့်အခါ ''ဣမံ သံဃာရာမံ'' ဟူသော အညပုဒ်၏ ''သံဃအာရာမ်''ဟူသော အနက်၌ ဖြစ်ကြကြောင်း (သံဃ အာရာမ်ဟူသော အညပုဒ်အနက်ကို ဟောရကြောင်း) ထင်ရှားဘို့ရာ ''အာဂတ သမဏော''ဟူသော သမာသ်ပြီးပုဒ်၏ အခြားမဲ့၌ ''သံဃာရာမော''ဟု အပိုတပုဒ်ကို ယှဉ်စပ်ပြထားသည်၊ထို''သံဃာရာမော''ပုဒ်ကို အဘိဓေယျ (ဟောအပ်သောအနက်) ကို ပြသော ပုဒ်ဟုမှတ်။

**ဒုတီယာ ဝိဘတျတ္ထဘူတေ။** ။''ဒုတီယာ ဝိဘတျတ္ထဘူတေ ၊ပေ၊အည-ပဒတ္ထေ''၌ စာရှိအတိုင်းမှတ်လျှင်''ဣမံသံဃာရာမံ''၌ဒုတီယာဝိဘတ်၏''သို့''ဟူသော ကံ့အနက်မျှသာ ရလိမ့်မည်၊ အညပုဒ်၏အနက်ဟူသည်မှာလည်း ထိုကံ အနက်နှင့်တကွ

www.dhammaransi.com



ဝတ္တန္တိ-ဖြစ်ကုန်၏၊ တဒတ္ထ ဇောတနတ္ထမေဝ-ထိုအညပုဒ်အနက် ထွန်းပြခြင်း အကျိုးငှါ ပင်လျှင်၊ တဒနန္တရံ-ထို “အာဂတသမဏော” ပုဒ်၏ အခြားမဲ့၌၊ သံဃာရာမောတိ-ဟူ၍၊ ပဒန္တရံ-ပုဒ်တပါးကို၊ ပယုဇ္ဇတိ-ယှဉ်စပ် (ထည့်ထား) အပ်၏၊ တတော-ထိုသမာသ်ပြီးသည်မှ နောက်၌၊ သမာသေနေဝ-သမာသ် သည်ပင်၊ ကမ္မတ္ထဿ-ကံအနက်၏၊ ဝါ-ကို၊ အဘိဟိတတ္တာ-ဟောအပ်သည်၏ အဖြစ်ကြောင့်၊ ပုန-တဘန်၊ ဒုတိယာ-သည်၊ နဟောတိ-မဖြစ်တော့၊ ဣဓံ သဒ္ဒဿစ-ဣဓံ သဒ္ဒါ၏လည်း၊ အပ္ပယောဂေါ-မယှဉ်ရခြင်းသည်၊ (ဟောတိ)၊ သဗ္ဗတ္ထ-အလုံးစုံသော ဗဟုဗ္ဗီဟိသမာသ်၌၊ ဧဝံ-ဤအတူတည်း။

---

သံဃအာရာမ် ဟူသော အနက်တည်း၊ ထို့ကြောင့် “ဒုတိယာဝိဘတ္တျတ္ထာဘူတေ”ကို မူချစကားဟုမမှတ်ဘဲ“ ဒုတိယာ ဝိဘတ်ဆိုးသော ဣမံ သံဃာရာမ်ပုဒ်၏ အနက်ဖြစ်၍ ဖြစ်သော”ဟု အနက်ယူပါ၊ အစိတ် ဝိဘတ်၏ အမည်ကို အပေါင်း တပုဒ်လုံးပေါ်၌ တင်စားထားသော ကေဒေသျူပစာ စကား-ဟု ဆိုလိုသည်။

**တတော သမာသေနေဝ၊ ပေ၊ ဒုတိယာ နဟောတိ**—“အာဂတသမဏော”ဟု သမာသ်ပြီးသောအခါ ဝါကျတုန်းက“ဣမံ”ဝယ် အံ ဝိဘတ်၏ အနက်ကို သမာသ်ပုဒ် ကပင် အမွေခံ၍ ဟောလိုက်၏၊ ကံ အနက်ကို သမာသ်ပုဒ်က ဟောပုံမှာ “အာဂတ သမဏော-လာရောက်သော ရဟန်းရှိသော သံဃအာရာမ်”ဟူသော ပေးရိုးအနက်ဖြင့် မထင်ရှား၊ “လာရောက်(အပ်)သော သံဃာ့အာရာမ်”ဟု အနက်ပေးမှ “အပ်” ဟူသော ကံအနက်ကို“အာဂတ သမဏော”သမာသ်ပုဒ်က ဟောကြောင်း ထင်ရှား သည်၊ ဤသို့လျှင် ဣမံ ဟူသော အညပုဒ်၏ ကံအနက်ကို မိမိထက် သတ္တိထက်သော သမာသ် ပုဒ်ကြီးက ဟောပြီးဖြစ်ရကား ဒုတိယာ ဝိဘတ်တည်းဟူသော့ မိမိ ဟောဘွိရာ အနက် မရှိတော့သဖြင့် အာဂတာသမဏာ သံဃာရာမတို့၏နောက်၌ ဒုတိယာဝိဘတ် မသက်ရ၊ လိင်အနက်ကို ထွန်းပြခြင်းငှါ ပဌမာ ဝိဘတ်သာ သက်ရတော့သည်။ [ဝိဘတ်နှင့် သမာသ်ပုဒ်တွင် ဝိဘတ်သည် ဝါစကငယ်ဖြစ်၍ သမာသ် တဒ္ဓိတ်အာချာတ် ကိတ်တို့က ဝါစကကြီး ဖြစ်သောကြောင့် ကံအနက်ကို ဟောရာ၌ ဝိဘတ်ထက် သမာသ်က သတ္တိထက်သည်—ဟု ဆိုသည်။]

**ဣဓံသဒ္ဒဿ စ အပ္ပယောဂေါ**—စသဒ္ဒါဖြင့် ရှေ့ဝါကျ၌ ပြခဲ့သော ဒုတိယာမဖြစ်ရ ပုံကို ပေါင်းသည်၊ ဒုတိယာဝိဘတ် မသက်ရရုံမက, အညပုဒ်အဖြစ်ဖြင့် ပြခဲ့သော ဣမ သဒ္ဒါလည်း“အာဂတသမဏော (အယံ) သံဃာရာမော”ဟု မယှဉ်ရမသုံးစွဲရတော့ပြီ၊ ဘာ့ကြောင့်နည်း ... “အာဂတသမဏာ” ဟူသော သမာသ်ပုဒ်ကပင် ထို ဣမ၏ “သံဃအာရာမ်”ဟူသော အနက်ကို ဟောနိုင်သောကြောင့်တည်း [သက္ကတ သဒ္ဒါ ကျမ်းများ၌“ဣမ”ပုဒ်ရင်းမဟုတ်, ဣဒံ—ပုဒ်ရင်းတည်းဟု အဆိုရှိသောကြောင့် “ဣဒံ

www.dhammaransi.com



စံ-ဆက်၊ အယံ ဗဟုဗ္ဗီဟိ-ဤ ဗဟုဗ္ဗီဟိ သမာသ်သည်၊ အဘိဓေယျ လိင် ဝစနေ-ဟောအပ်သော အနက်၏ လိင်ဝုစ်နှင့်တူသော လိင်ဝုစ်ရှိ၏၊ တထာ-ထိုမှတပါး၊ အာဂတသမဏာ-လာရောက်သော ရဟန်းရှိသော၊ ဝါ-ရဟန်းတို့ လာရောက်အပ်သော၊ သာဝတ္ထိ-သာဝတ္ထိ၊ အာဂတသမဏံ-သော၊ ဇေတဝနံ-ဇေတဝန်ကျောင်း၊ ယံပထံ-အကြင် လမ်းသို့၊ အဒ္ဓိကာ-ခရီးသွားသူတို့ သည်။ ပဋိပန္နာ-သွားကုန်၏၊ (ဣတိ) သောအယံ-ထိုလမ်းသည်၊ပဋိပန္နဒ္ဓိကော-မည်၏၊ ပထော-လမ်းတည်း၊ ယံနာဝံ-အကြင်လှေသို့၊ ဝါဏိဇာ-ကုန်သည်တို့ သည်၊ အဘိရူဠှာ-တက်စီး ကုန်၏၊ (ဣတိ) သာ၊ ထိုလှေသည်၊ အဘိရူဠှ ဝါဏိဇာ-မည်၏၊ နာဝါ-လှေတည်း၊ ကမ္မတ္ထေ-ကံ အနက်၌၊ ဗဟုဗ္ဗီဟိ-ဗဟုဗ္ဗီဟိ သမာသ်သည်၊ ဓဝံ-ဤအတူတည်း။

---

သဒ္ဒသ''ဟု ဆိုထားဟန်ဟူသည်၊ ကစ္စည်းကျမ်း အလိုမှာ''ဣမ''ပုဒ်ရင်းပင် ဖြစ်သော ကြောင့်''ဣမသဒ္ဒသ စ အပ္ပယောဂေ''ဟု ရှိသင့်မည် ထင်သည်။

ဧဝံ သဒ္ဒတ္ထ—''ပဋိပန္နာ အဒ္ဓိကာ ယံပထံ သောယံ ပဋိပန္နဒ္ဓိကော=ပထော'' စသော နောက်သမာသ်များ၌လည်း ''ပထော''ဟု ပုဒ်တမျိုး အပိုထည့်ပြရပုံ— ''ပဋိပန္နဒ္ဓိကော''ဟု သမာသ်ပြီးသောအခါ ကံအနက်-ပထဟူသော အညပုဒ်၏ အနက်ကို သမာသ်ပုဒ်ကဟောသောကြောင့် အံ ဝိဘတ် မသက်ရပုံ—အညပုဒ် ဖြစ်သော ယ သဒ္ဒါ မထည့်ရပုံ အလုံးစုံကို ဤနည်းအတိုင်း သိပါလေ—ဟု''ဧဝံ သဒ္ဒတ္ထ''ဖြင့် ညွှန်ပြသည်။

ဗဟုဗ္ဗီဟိ၊ ဗေ၊ နာဝါ— အာဂတ သမဏော၌ အဘိဓေယျ (ဟောအပ်သော အနက်)သည် ''သံဃအာရာမ်''တည်း၊ ထိုသံဃအာရာမ်သည် သဒ္ဒါဆရာတို့ သတ်မှတ် အပ်သော သင်္ကေတ လိင်အားဖြင့် ပုလ္လိင်ရှိ၏၊ ဤနေရာ၌ သံဃာ့အာရာမ် တခုကိုသာ ဆိုလိုသောကြောင့် ဧကဝုစ်လည်း ရှိ၏၊ ထို့ကြောင့် အဘိဓေယျ၏ လိင်ဝုစ်နှင့် တူစွာ ''အာဂတသမဏော''ဟု ပုလ္လိင်ဧကဝုစ်ဖြင့် ထားရသည်၊ ဤသို့လျှင် ဗဟုဗ္ဗီဟိသမာသ် ဟူသမျှ၌ အဘိဓေယျပုဒ်၏လိင်ဝုစ်နှင့်တူကြရသည်၊ ပုလ္လိင်ဧကဝုစ်ဖြစ်သော ''အာဂတ သမဏော''မှတပါး ဣတ္ထိလိင်ဧကဝုစ်ဖြစ်သော ''အာဂတသမဏာ''စသည်ကို ပြလို၍ ''တထာ''စသည်ကိုမိန့်သည်၊ သာဝတ္ထိဟူသော အဘိဓေယျ၏ ဣတ္ထိလိင် ဧကဝုစ်နှင့် တူစွာ ''အာဂတသမဏာ''ဟုလည်း, နပုံလိင် ဧကဝုစ်ဖြစ်သော ဇေတဝနံနှင့်တူစွာ ''အာဂတ သမဏံ''ဟုလည်း, ထားသည်၊ ဝိဂ္ဂဟ၌ ''ဣမံသာဝတ္ထိံ, ဣမံဇေတဝနံ''ဟု အညပုဒ်ထား၊အကယ်၍ဗဟုဝုစ်ထားလိုလျှင် သံဃအာရာမ်အများကိုရည်ရွယ်၍''အာဂတသမဏာ ဣမေ သံဃာရာမေတို့ အာဂတသမဏာ—သံဃာရာမာ''ဟု ပုလ္လိင် ဗဟုဝုစ် ချ၊ ရာဇဓာနီ—မင်းနေပြည် အများကိုဆိုလိုလျှင် ''အာဂတာ သမဏာ ဣမာ ရာဇဓာနိ ယောတိ အာဂတ သမဏာယော—ရာဇဓာနိယော''ဟုပြ ဌာနအများကို ဆိုလိုလျှင်

www.dhammaransi.com



တတိယတ္ထေ-၌၊ ဗဟုဗ္ဗီဟိ-သည်၊ ယထာ-နည်း၊ ယေနသမဏေန-သည်၊ ဣန္ဒြိယာနိ-တို့ကို၊ ဇိတာနိ-အောင်အပ်ကုန်ပြီ၊ (ဣတိ) သောအယံ-ထိုရဟန်းသည်၊ ဇိတိန္ဒြိယော-မည်၏၊ သမဏော-တည်း၊ ဧဝံ,ဒိဋ္ဌဓမ္မော-မြင်အပ်သော တရားရှိသူ၊ ဝါ-တရားကို မြင်ပြီးသူ၊ (နောက်၌လည်း ဤအတိုင်း ပေး၊) ပတ္တဓမ္မော-ရောက်အပ်သော တရားရှိသူ၊ ကတကိစ္စော-ပြုအပ်ပြီးသော ကိစ္စရှိသူ၊ အနေန-ဤမြတ်စွာဘုရားသည်၊ မာရာ၊ တို့ကို၊ ဇိတာ-အောင်အပ်ကုန်ပြီ၊ ဣတိ သော ဇိတမာရော-၏၊ ဘဂဝါ-တည်း၊ ပဋိဝိဒ္ဓသဗ္ဗဓမ္မော-ထိုးထွင်း၍ သိအပ်ပြီးသော အလုံးစုံသော တရားရှိတော်မူသောဘုရား။

---

"အာဂတာ သမဏာ ဣမာနိ ဌာနာနီတိ အာဂတ သမဏာနိ=ဌာနာနိ"ဟု ပြုပါ၊ နောက်နောက် ပုဒ်များ၌လည်း ဤနည်းအတိုင်း အဘိဓေယျလိင်ဝုစ်ကို အမျိုးမျိုးပြောင်း လွှဲ၍ လိင် ၃-ပါး ဝုစ် ၂-ပါးဖြင့် ပုဒ်သားနိုင်ပုံကိုပြောပြကြပါလေ၊ ပဋိပန္နဒ္ဓိကောသည် ပယောနှင့်တူစွာ ပုလ္လိင်ကေဝုစ်ရှိ၏၊ အဘိရူဠှဝါဏိဇာသည် နာဝါနှင့်တူစွာ ဣတ္ထိလိင် ကေဝုစ်ရှိ၏။

တတိယတ္ထေ၊ ပေ၊ ပဋိဝိဒ္ဓ သဗ္ဗဓမ္မော—အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ "ကတ္တား+ကြိယာ"အဖြစ်ဖြင့်စပ်၍ရလျှင် တတိယာ ဗဟုဗ္ဗီဟိသမာသ်တည်း၊ ဇိတာနိ ဣန္ဒြိယာနိ ယေန"၌ ယေနသည် ကတ္တား, ဇိတာနိကား ထိုကတ္တား၏ ကြိယာဟု (ကတ္တား+ကြိယာအဖြစ်ဖြင့်) စပ်၍ရ၏၊ [ဇိတိန္ဒြိယော—အောင်အပ်သော ဣန္ဒြေရှိသူ" ဟုရာ၌ ဣန္ဒြေကိုအောင်ပြီး (နိုင်နင်းပြီး) သောရဟန်းကိုရသောကြောင့် ယေန၏ကတ္တား အနက်ထင်ရှားအောင် "ဇိတိန္ဒြိယော—ဣန္ဒြေတို့ကို အောင်နိုင်ပြီးသော ရဟန်း"ဟု အနက်ပေးမှ သာ၍ကောင်းသည်။] ဗဟုဝုစ်ဆိုလိုရာ "ဇိတာနိ ဣန္ဒြိယာနိ ယေဟိ (အကြင်ရဟန်းတို့သည်)"ဟု ဝိဂ္ဂြိုဟ်ပြု၍ "ဇိတိန္ဒြိယာ"ဟု ဗဟုဝုစ်ချ၊ ဣန္ဒြေတို့ကို အောင်ပြီးသော ဘိက္ခုနီကို ဆိုလိုလျှင် "ဇိတာနိ ဣန္ဒြိယာနိယာယ"ဟု ဝိဂ္ဂြိုဟ်ပြု၍ "ဇိတိန္ဒြိယာ"ဟု ချ၊ ကညာဒိဂိုဏ်းသွင်း၊ ဗဟုဝုစ်၌ "ယာဟိ"ဟု အညပုဒ်ဆို၊ ဣန္ဒြေတို့ကိုအောင်ပြီးသောစိတ်ကိုဆိုလိုလျှင်"ဇိတိန္ဒြိယံ- ဇိတိန္ဒြိယာနိ"ဟုချ၊ နောက်နောက် ပုဒ်များ၌လည်းနည်းတူ၊ "ဒိဋ္ဌော ဓမ္မော ယေန, ပတ္တော ဓမ္မော ယေန, ကတံ သစ္စံ ယေန, ပဋိဝိဒ္ဓါ သဗ္ဗဓမ္မာ ယေန"ဟု ဝိဂ္ဂြိုဟ်ပြု၊ အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ သဟာဒိယောဂ-သဟာဒိယောဂဝန္တ အဖြစ်ဖြင့် စပ်၍ ရရာ၌လည်း တတိယာ ဗဟုဗ္ဗီဟိ ဖြစ်၏၊ "သုခေါ သံဝါသော ယေနာတိ သုခ သံဝါသော"တည်း၊ ယေန—အကြင် သူနှင့်၊သုခေါ—ချမ်းသာသော၊ သံဝါသော—ဘကွနေရခြင်းသည်၊ ဝါ-ပေါင်းသင်း ရခြင်းသည်၊ အတ္ထိ-ရှိ၏၊ ကရိုဏ်း+ကြိယာအဖြစ်ဖြင့် အညပုဒ်နှင့် သမာသ်ပုဒ် တစိတ် စပ်၍ရသောပုံစံကား "ဆိန္နော ရုက္ခော ယေနာတိ ဆိန္နရုက္ခော—ပရသု"တည်း၊ အနက်ပေး။

www.dhammaransi.com



စတုတ္ထီယတ္ထေ ဗဟုဗ္ဗီဟိ ယထာ၊ ယဿရညော-အကြင် မင်းအား၊ သုင်္ကော-အခွန်ကို၊ ဒိန္နော-ပေးအပ်၏၊ (ဣတိ)သောအယံ-ထိုမင်းသည်၊ ဒိန္နသုင်္ကော-၏၊ ရာဇာ-တည်း၊ အဿ သမဏဿ-အား၊ ဘောဇနံ-ကို၊ ဥပနီတံ-ကပ်ဆောင်အပ်၏၊ ဣတိ,သော ဥပနီတဘောဇနော၊သမဏော-တည်း၊အဿ-ထိုနတ်အား၊ ဗလိ-ပူဇော်ဘွယ်ကို၊ ဥပဟဋော-ကပ်ဆောင်အပ်၏၊ ဣတိ,သော ဥပဟာတဗလိ၊ ယက္ခော-နတ်တည်း။

ပဉ္စမိယတ္ထေ ဗဟုဗ္ဗီဟိ ယထာ၊ အသ္မာဂါမာ-ဤရွာမှ၊ ဇနာ-တို့သည်၊ နိဂ္ဂတာ-ထွက်ကုန်ပြီ၊ (ဣတိ) သောအယံ, နိဂ္ဂတဇနော၊ ဂါမော-တည်း၊ အသ္မာ-ဤရေမှ၊ အယော-ချမ်းသာသည်၊ နိဂ္ဂတော-ထွက်၏၊ ဝါ-ကင်း၏၊ ဣတိ,နိရယော-မည်၏၊ [ဤ၌ "နိရယံ"သဒ္ဒါ၏ ငရဲဟောကြောင်း ထင်ရှားသဖြင့် အဘိဓေယျကို မပြတော့၊ ထို့အတူ အခြားပုဒ်များ၌လည်း ထင်ရှားလျှင် အဘိဓေယျ ပြမည်မဟုတ်၊ ] တေသ္မာ-ဤရဟန္တာမှ၊ ကိလေသာ-တို့သည်၊ နိဂ္ဂတာ-ထွက်ကုန်၏၊ ဝါ-ကင်းကုန်၏၊ (ဣတိ), သောနိက္ကိလေသော (နိက္လေသော)-မည်၏၊ အသ္မာ-ဤအသေကောင်မှ၊ ဝိညာဏံ-သည်၊ အပေတံ-ကင်း၏၊ ဣတိ,သော အပေတ ဝိညာဏော-မည်၏၊ မတကာယော-အလောင်းကောင်တည်း၊ အသ္မာ-ဤရဟန္တာမှ၊ ဘယဘေရဝံ-ဘေးကြီးဘေးငယ်သည်၊ အပဂတံ-ကင်း၏၊ ဣတိ, သော အပဂတဘယဘေရဝေါ, အရဟာ-တည်း။

---

**စတုတ္ထီယတ္ထေ၊ပေ၊ယက္ခော**—အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ "သမ္ပဒါန်+သမ္ပဒါန်"အဖြစ်ဖြင့် စပ်ရလျှင် စတုတ္ထီ ဗဟုဗ္ဗီဟိတည်း၊"ဒိန္နော သုင်္ကော ယဿ"၌ ယဿနှင့် ဒိန္နောတို့ သမ္ပဒါန်+သမ္ပဒါန်ဖြစ်ပုံကိုရင်း အဘိဓေယျဖြစ်သောမင်း, ရဟန်း, နတ်တို့သည် ပေးလှူ ပူဇော်ရာဖြစ်ကြသောကြောင့်"ယဿ ဒါတုကာမော"သုတ်အရ သမ္ပဒါန်များဖြစ်ကြကြောင်းကိုရင်း သတိပြုပါ၊"ဒိန္နသုင်္ကော-အခွန်ကို ပေးရာဖြစ်သော မင်း"စသည်ဖြင့် သမ္ပဒါန်အတွက် "ရာ"ဟူသော အနက်ထင်ရှားအောင် အနက်ပေး။

**ပဉ္စမိယတ္ထေ၊ပေ၊အရဟာ**—အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်ကို "အပါဒါန်+အပါဒါန်"အဖြစ်ဖြင့် စာစပ်၍ ရကောင်းလျှင် ပဉ္စမီ ဗဟုဗ္ဗီဟိတည်း၊ "နိဂ္ဂတာ ဇနာ အသ္မာ"၌ အသ္မာနှင့် နိဂ္ဂတာတို့ အပါဒါန်+အပါဒါန် ဖြစ်ပုံကို ကြည့်ပါ၊ ဤ ပဉ္စမီ ဗဟုဗ္ဗီဟိ အားလုံးပင်"ယသ္မာ ဒပေတိ"သုတ်နှင့်အညီ ခွဲခွါရာ အပဂမန သတ္တိရှိကြ၏၊ ခွဲခွါခဲ့ရာ အပါဒါန်အနက် ထင်ရှားအောင် "နိဂ္ဂတဇနော-လူတို့၏+ထွက်ခဲ့ရာရွာ"ဟု အနက်ပေး။ [အပါဒါန်,အဝဓိကရဏ, ကရဏ, ဤအနက် ၃-ပါးသည့် ရှေ့ပုဒ်နှင့် တွဲရသည့်အခါ ရှေ့ပုဒ်ကို "၏"ဟု အနက်ပြန်ရသည်။]

www.dhammaransi.com



ဆင္ဒြိယတ္တေ ဗဟုဗ္ဗီဟိ ယထာ၊ ယဿ ပုရိသဿ-၏၊ ဆိန္နာ-ပြတ်ကုန်သော၊ ဟတ္ထာ-လက်တို့သည်၊ (သန္တိ ဣတိ) သော အယံ, ဆိန္န ဟတ္ထော၊ ပုရိသော-တည်း၊ ဇဝံ,ပရိပုဏ္ဏသက်ပ္ပေါ-ပြည့်စုံသော အကြံရှိတော်မူသော၊ခီဏာသဝေါ-ရဟန္တာ၊ အဿ-ထို ရဟန္တာ၏၊ ဝိဂတော-ကင်းသော၊ ရာဂေါ-ရာဂသည်၊ (အတ္ထိ) ဣတိ, ဝိတရာဂေါ၊ အဿ-ထို သမာသ်၏၊ ဒွေ-၂-ခုကုန်သော၊ ပဒါနိ-ပုဒ်တို့သည်၊ (သန္တိ) ဣတိ, ဒွိပဒေါ၊ (၂-ပုဒ်ရှိသော သမာသ်)၊ ဒွိဟတ္ထော-၂-တောင်ရှိသော၊ ပဋော-ပုဆိုး၊ တေဝိဇ္ဇော-၃-ပါးသော ဝိဇ္ဇာရှိသူ (ဝိဇ္ဇာ ၃-ပါး ရှိသူ)၊ စတုပ္ပဒေါ-၄-ချောင်း ခြေရှိသော သတ္တဝါ၊ (အခြေ ၄-ချောင်းရှိသော သတ္တဝါ)၊ အဿ-ထို ဘုရားရှင်၏၊ ပဉ္စ-ငါးမျိုးကုန်သော၊ စက္ခူနိ-စက္ခုတို့သည်၊ (သန္တိ) ဣတိ, ပဉ္စစက္ခု-၏၊ ဘဂဝါ-ဘုရားတည်း၊ [စက္ခု ၅-ပါးကား — "ဗုဒ္ဓစက္ခု, ဓမ္မ, သမန္တ, ဒိဗ္ဗ, ပညာစက္ခု"တည်း။] ဆဠဘိညော-၆-ပါးသော အဘိညာဉ်ရှိသော ရဟန္တာ၊ (အဘိညာဉ် ၆-ပါးရှိသောရဟန္တာ)ရဿတ္တံ-ရဿပြု။

နဝင်္ဂ-၉-ပါးသော အင်္ဂါရှိသော၊ (အင်္ဂါ ၉-ပါး ရှိသော)၊ သတ္ထု သာသနံ-ဘုရားရှင်၏ အဆုံးအမ၊ ဒသဗလော-ဆယ်ပါးသော အားတော်

---

ဆင္ဒြိယ တ္တေ —အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့"သမ္ဗန်+သမ္ဗန္ဓီ"စပ်၍ ရလျှင် ဆဋ္ဌီ ဗဟုဗ္ဗီဟိတည်း၊"ဆိန္နော ဟတ္ထော ယဿ"၌ ယဿနှင့် ဟတ္ထတို့ (အကြင်သူ၏+လက်)ဟု သမ္ဗန်+သမ္ဗန္ဓီအဖြစ် စပ်ကြသည်၊ လက် တဘက်ဖြစ်စေ ၂-ဖက်လုံးဖြစ်စေ ဓားခုတ်မိ၍ ပြတ်နေသူကို (လက်တိုနေသူကို) "ဆိန္နဟတ္ထ"ဟု ခေါ်၏၊ ထို့ကြောင့် တဂ္ဂုဏသံဝိညာဏ (ယဿ ဟူသော အညပုဒ်၏ အနက်ဖြစ်သော လူ တကိုယ်လုံးတွင် လက်ပြတ်တည်း ဟူသော သမာသ်ပုဒ် အနက်လည်း ပါဝင်သော) ဗဟုဗ္ဗီဟိတည်း၊ "ပရိပုဏ္ဏော သက်ပ္ပေါ၊ ယဿ"စသည်ဖြင့် ဟိုက်ရိုက်မပါသော ဝိဂ္ဂြိုဟ်များကို ပြုလေ၊ ပါဠိအဋ္ဌကထာ၌ အတော်လေ့လာမိသောအခါ ၎င်းဝိဂ္ဂြိုဟ်များကို အလွယ်ဖြင့် ပြုတတ်လိမ့်မည်၊ အနက်ကို ပိုင်နိုင်စွာ မပေးတတ်သေးခင် ဝိဂ္ဂြိုဟ်ချည်း သက်သက် လေ့လာနေလျှင် ပင်ပန်းသလောက် အကျိုးရမည်မဟုတ်၊ ထိုကြောင့် ပုဒ်တိုင်း ဝိဂ္ဂြိုဟ်ပြုမှုကို လစ်လျူရှုပေအံ့၊ သို့သော် စာချဆရာတို့ကမူ တပည့်များကို ပုဒ်တိုင်းလောက်ပင် ဝိဂ္ဂြိုဟ် အပြုခိုင်းကြပါလေ၊ ဒွိဟတ္ထောပဋော၌ "ဟတ္ထ"ယဒ္ဒါ "အတောင်"ဟောတည်း။ [ရတနံ, ကုက္ကု, ဟတ္ထောစ (အတောင်) အဘိဓာန်၊] ဆဠဘိညော၌ အဘိညာ ပုဒ်သည် အာကာရန္တ ဣတ္ထိလိင်ဖြစ်၍ "ဆအဘိညာ"ဟု ပကတိ ပြုရသောကြောင့် ကွစာဒိမဇ္ဈုတ္တရာနံ သုတ်ဖြင့် အာကို ရဿပြုဘို့ရာ "ရဿတ္တံ"ဟု ဆိုသည်။

www.dhammaransi.com



ရှိသောဘုရား၊ အနန္တဉာဏော–အဆုံးမရှိသော ဉာဏ်ရှိတော်မူသော ဘုရား၊ ဧတေသံ – ဤနတ်တို့၏၊ တိဏ္ဏံ–၃-လီကုန်သော၊ ဒသ – ဆယ်ဟူကုန်သော၊ (တနည်း,တိဏ္ဏံဒသ – ၃-ဆယ်ဟူကုန်သော၊) ပရိမာဏံ–အတိုင်းအရှည်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ, တိဒသာ–တိဒသတို့ မည်၏၊ ဒေဝါ-နတ်တို့တည်း၊ သမာသန္တသ–သမာသ်အဆုံး သရ၏၊ အတ္တံ-(အ)ပြု၊ ဣဓ-ဤ "တိဒသာ"ပုဒ်၌၊ ပရိမာဏသဒ္ဒ သန္နိဓာနတော - ပရိမာဏသဒ္ဒါ၏ အနီး၌ တည်နေခြင်းကြောင့်၊ ဒသ သဒ္ဒေါ-ဒသ သဒ္ဒါသည်၊ သင်္ချာနေ–သင်္ချာ အနက်၌၊ ဝတ္တတေ-ဖြစ်၏၊ ["န ဝတ္တတေ"ဟု (န)ပါသည်ကား ပါဌ်ပျက်။]

---

"နဝဂ်ိသတ္တုသာသနံ"၌"နဝဂ်ိ"သာ လိုရင်း၊ သတ္တုသာသနံကား အဘိဓေယျ တည်း၊ "နဝ+အင်္ဂါနိ (သုတ္တ, ဂေယျ စသော အင်္ဂါတို့သည်) ယဿာတိ နဝင်္ဂံ၊ အနန္တဉာဏော၌ "နတ္ထိ အန္တော ယဿ ဉာဏဿာတိ အနန္တံ"ဟု ရှေးဦးစွာ ဗဟုဗ္ဗီဟိ တမျိုးပြုပြီးမှ "အနန္တံ (အဆုံးမရှိသော) ဉာဏံ ယဿာတိ အနန္တညာဏံ" ဟု ပြု၊ ဗဟုဗ္ဗီဟိ အတွင်းဝှပ်သော ဗဟုဗ္ဗီဟိတည်း၊ ဉာဏ်လည်း ဒွေဘော်လာ၊ "တိဒသာ"၌ "တိဏ္ဏံ ဒသ ဧတေသံတိ တိဒသာ"ဟုဝိဂ္ဂြိုဟ် ပြုလိုရင်းတည်း၊ ဒသနောင် "ပရိမာဏံ" ကား ဒသ သဒ္ဒါ၏ သင်္ချာအနက် ထင်ရှားအောင် ဖွင့်ပြခြင်းသာ ဖြစ်သည်၊ ရှဲဦးအံ့— ဒသ သဒ္ဒါသည် "ယဿ–၏၊ ဒသ–ဆယ်ပါးကုန်သော၊ ဗလာနိ–အားတို့သည်" ဟူရာ၌ အရေအတွက် သင်္ချာကို ပဓာန မဟော, သင်္ချေယျ (ရေတွက်အပ်သော အား)ကို ပဓာနအားဖြင့် ဟော၏၊ ဤ"တိဒသ"၌ ဒသကား "၁၀"ဟူသော အရေအတွက် သင်္ချာန (သင်္ချာ)ကို ပဓာနအားဖြင့် ဟောသည်၊ ထို့ကြောင့် "ဣဓ ပရိမာဏသဒ္ဒ သန္နိဓာနတော ဒသသဒ္ဒေါ သင်္ချာနေ ဝတ္တတေ"ဟု မိန့်သည်။

မောဂ္ဂလ္လာန်၌ "ကထံ ဒသ သဒ္ဒေါ သင်္ချာနေ ဝတ္တတေ, ပရိမာဏ သဒ္ဒ သန္နိဓာနာ" ဟုရင်း, ကလာပ်၌ "တြိဝံ+ဒသ ပရိမာဏမေသံ တြိဒသာ၊ ဒသ သဒ္ဒေါ သင်္ချာနေ ဝတ္တတေ—ပရိမာဏ သဒ္ဒ သန္နိဓာတ်"ဟုရင်း မိန့်သည်၊ ထို့ကြောင့်"န ဝတ္တတေ"ဟု တချို့စာရှိသည်ကား အဓိပ္ပါယ်မရှိသော ပါဌ်ပျက်တည်းဟု မှတ်၊ "တိ+ဒသ+တေ" တည်, ယော ၂-လုံးနှင့် နံသက်၍ "တိဏ္ဏံ ဒသ ဧတေသံ"ဟု ဝါကျဖြစ်စေ၊ ပကတိ ပြုသောအခါ "တိ ဒသ"ဟု အကာရန္တ ဖြစ်သော်လည်း ထိုအတိုင်းထားလျှင် သဗ္ဗ နာမ်ဂိုဏ်းဝင် ဖြစ်မည်စိုးသောကြောင့် ထိုသဗ္ဗနာမ်ဂိုဏ်းကို ဖျက်၍ ပုဒ္ဒိသာဒိဂိုဏ်းဝင် ဖြစ်စေခြင်းငှါ "သမာသန္တဿ အတ္တံ=ကွစိ သမာသန္တဂတာန မကာရန္တောသုတ်ဖြင့် သမာသ်အဆုံးဒသ၌ (အ) သရကို (အ) ထပ်ပြု"ဟု မိန့်သည်၊ ကွစိသမာသန္တသုတ်၌ ပြခဲ့သော ရာဇာဒိဂိုဏ်းပင်တည်း။ [၃-ကိုပ် ၃-ယောတ်သောနတ်တို့ကို ဆိုလိုရာ၌ကား တိဟိ—၃-ယောက်တို့ဖြင့်၊ အဓိကာ—ပိုလွန်ကုန်သော၊ တိဒသာ—၃-ကျိပ်သော နတ်

www.dhammaransi.com



ဧတေသံ - ဤသင်္ခါရတရားတို့၏၊ အယံ - ဤအဝိဇ္ဇာဟူသော၊ ပစ္စယော - အကြောင်းသည်၊ (အတ္ထိ) ဣတိ-ကြောင့်၊ ဣဒံပစ္စယာ-တို့မည်၏၊ အဿ - ထိုကိုယ်၏၊ ကော - အဘယ်တရား ဟူသော၊ ပဘဝေါ - အမှန်အစသည်၊ (အတ္ထိ-ရှိသနည်း)၊ ဣတိ-ဤသို့ မေးအပ်သည်၏ အဖြစ်ကြောင့်၊ သော-ထို ကိုယ်သည်)၊ ကိံပဘဝေါ - မည်၏၊ အယံကာယော - ဤကိုယ်တည်း၊ အဿ-ထိုသူ၏၊ ဝိဂတံ-ကင်းသော၊ မလံ-အညစ်အကြေးသည်၊ (အတ္ထိ) ဣတိ ဝိမလော၊ အဿ - ထိုစန္ဒကူး၏၊ သုန္ဒရော - ကောင်းသော၊ ဂန္ဓော - အနံ့သည်၊ (အတ္ထိ) ဣတိသုဂန္ဓံ,စန္ဒနံ-တည်း၊ ဧဝံ, သုသီလော-ကောင်းသော

---

တို့တည်း၊ (တိ တိ ဒသာ-ဟု ဆိုသင့်လျက် သုတ်ကြီးဖြင့် တိ ၁-လုံးကိုချေ၍) တိဒသာ-၃—ကျိပ် ၃—ယောက်သော နတ်တို့"ဟု ဆက်၍ ဝိဂ္ဂဟ ပြုရသည်။]

မှတ်ချက်။ ။ထောမနိဓိ၌"တိအဓိကာစ တိအာဝတ္တာစ ဒသ (ပရိမာဏံ) ယေသံ တိ တိဒသာ"ဟု ဝိဂ္ဂဟ်ပြု၏၊ ယေသံ—အကြင် နတ်တို့၏၊ တိ အဓိကာစ—၃-ယောက် ပိုလွန်သည်လည်း ဖြစ်ကုန်သော၊ တိအာဝတ္တာစ—၃-ခုတို့ဖြင့် မြှောက်အပ်သည်လည်း ဖြစ်ကုန်သော၊ဒသ-တကျိပ်တို့သည်၊သန္တိ-ရှိကုန်၏၊"တိ အဓိက တိအာဝတ္တဒသာ"ဟု ဖြစ်သင့်လျက် အဓိက အာဝတ္တပုဒ်တို့ကို ချေ၊ တန္တနည်းအားဖြင့် တိ တလုံးတည်း ရှိစေ၊ ၃၃-ယောက်သော ခေါင်းဆောင်သောနတ်များကို"တိဒသာ"ဟုဆို၏၊၃၃-ယောက်ကား— အဋ္ဌနတ်မျိုး—၁၂, ရုဒ္ဒနတ်မျိုး—၁၁, ဝသုနတ်မျိုး—၈, ဝိဿ (ဝိသု) နတ်မျိုး—၂, တည်း၊ [ပါဠိကိုသာ လေ့လာသူတို့ကား — သကြားမင်း မာဃလုလင်ဘဝတုန်းက ၃—ကိုပ် ၃—ယောက် အဖေါ်အပေါင်းတို့ နတ်ဖြစ်ကြသဖြင့် ထို နတ်မင်းကြီးများကိုပင် "တိဒသ—၃ ကျိပ် ၃—ယောက်သော နတ်တို့"ဟု ဆိုလိုကြသည်။] တိဒသ၌ အဝတ္ထာ (အခိုက်အတန့်) အနက်ဟော အာကာရန္တဇုတ္တိလိန် "ဒသာ"သဒ္ဒါဖြင့် "တိဿော ဒသာ ယေသံ တိ တိ ဒသာ"ဟုလည်း ဝိဂ္ဂဟ်တနည်း ရှိသေး၏၊ ယေသံ—အကြင် နတ်တို့၏၊ တိဿော—ဇာတိ, သတ္တာ, ဝိနာသအားဖြင့် ၃—ပါးကုန်သော၊ ဒသာ—အခိုက်အတန့်တို့သည်၊ သန္တိ, ဣတိ တိ ဒသာ—တို့မည်၏၊ ဆဋ္ဌဘိညာကဲ့သို့ ဒသာ၌ အာကို ရဿ ပြု၊ လူများကဲ့သို့"ဇာတိ-မွေးဖွါးခြင်း,သတ္တာ-ထင်ရှားဖြစ်ခြင်း,ဝုဒ္ဓိ-ကြီးပွါးခြင်း, ပရိဏာမ—ရင့်ရော်ခြင်း, ခယ—ကုန်ခန်းခြင်း, ဝိနာသ—ပျက်စီးခြင်း"ဟု ၆—မျိုး မရှိ၊ ဇာတိ သတ္တာ ဝိနာသ (ဖြစ်, ထင်ရှားရှိ, စုတေ) ၃—မျိုးသော အခိုက်အတန့်သာ ရှိသောကြောင့် နတ်များကို "တိဒသ"ဟု ခေါ်သည်၊ ဤနည်းကို ရူပသိဒ္ဓိ ပြသည် မဟုတ်၊ ဘာ့ကြောင့် သိနိုင်သနည်း၊ "ဒသ (ပရိမာဏံ)"ဟု သင်္ချာအနက်ဟော ဒသကိုသာ ဆိုထားခြင်းကြောင့်တည်း။

"ဣဒံပစ္စယော" ရုပ်ပြီးပုံကိုရင်း, ဣဒပ္ပစ္စယောဖြစ်ပုံကိုရပ်း, ပကတိစသာ သရန္တသ သုတ်၌ ပြခဲ့၏၊ ထို၌ တပ္ပုရိသ် ဖြစ်၍ ဤ၌ ဗဟုဗ္ဗိဟိ ဖြစ်ခြင်းသာ ထူးသည်၊ ကိံပဘဝေါ ရုပ်ကိုလည်း ထိုသုတ်၌ပင် ပြခဲ့ပြီ၊ "ကိံ နာမံ ယဿာတိ ကိံနာမော=အဘယ်အမည်

www.dhammaransi.com



သီလရှိသူ၊ သုမုခေါ - လှသောမျက်နှာရှိသူ၊ [သိဉ္ဇ "ဒုမ္မုခေါ - မလှသော မျက်နှာရှိသူ"] အသ--ထို အကောင်ပုပ်၏၊ ကုစ္ဆိတော-စက်ဆုပ်အပ်သော၊ ဂန္ဓော (အတ္ထိ) ဣတိ ဒုဂ္ဂန္ဓံ, ကုဏပံ-တည်း၊ [မြန်မာမှုဝယ် ဤနေရာ၌ "ဒုမ္မုခေါ"ရှိ၏၊ ရှေဉ္ဇရှိသော သီဟိုဠ်မူက သာ၍ကောင်းသည်၊] အသ-ထိုသူ၏၊ ဒုဋ္ဌု-မကောင်းသော၊ မနော-စိတ်သည် (အတ္ထိ) ဣတိ ဒုမ္မနော၊ ဝေ၊ ဒုဿီလော-မကောင်းသော သီလရှိသူ၊ [သီလ မရှိသူကို ဆိုလိုသည်၊ တနည်း "ဒုဿီလော-ပျက်သော သီလရှိသူ" ဤနည်း၌ "ဒုဋ္ဌံသီလံ ယဿ"ဟု ဝိဂ္ဂဟ်ပြု၊] အဿ-ထိုသူ၏၊ တပေါဝေ-အကျင့်သာလျှင်ဖြစ်သော၊ ဓနံ-ဥစ္စာသည်၊ (အတ္ထိ) ဣတိ, တပေါဓနော၊ ယဿ-အကြင်သူ၏၊ ခန္တိ သင်္ခါတံ-သည်းခံခြင်းဟု ဆိုအပ်သော၊ ဗလံ-အားသည်၊ (အတ္ထိ) ဣတိ, ခန္တိဗလော၊ တေဿ-ဤသကြား၏၊ ဣန္ဒောတိ-ဣန္ဒဟူသော၊ နာမံ-နာမည်သည် (အတ္ထိ) ဣတိ, ဣန္ဒနာမော။[ဣန္ဒောဣတိ၌ ဣတိကို ဝုတ္တတ္ထာနမပ္ပယောဂေ ပရိဘာသာ အရ ချေ။]

---

ရှိသနည်း"လည်း နည်းတူ၊ "ကောနာမော တေ ဥပဇ္ဈာယော=သင်၏ဥပဇ္ဈာယ်သည် အဘယ်အမည် ရှိသနည်း"ဟူရာ၌ကား "ကိံနာမ"ဟုပတတိပြုပြီးနောက် သုတ်ကြီးဖြင့် ကိံကို ကောပြုသည်-ဟု ဆိုကြ၏၊ "ကာနာမာ—အဘယ် အမည်ရှိသော မိန်းမနည်း၊ ကံနာမံ—အဘယ်အမည်ရှိသော အမျိုးနည်း" ဟူရာ၌လည်း ကိံကို ကာ—ကံပြု၊ ဤသို့ "ကောနာခမော"ဟု ရှိခြင်းမှာလည်း နာမ ရှေ့ခင်းရာသာတည်း၊ အခြား သဒ္ဒါများနှင့် တွဲရာ၌မူ "ကိံပဘာဝေါ"ကဲ့သို့ "ကိံ"ဟုသာ ရှိသတတ်။

**သဒ္ဒနီတိ။** ။ကိံသဒ္ဒဿ သမာသမှိ, သဒ္ဒိံ နာမရဝေန ဝေ၊
ကိံနာမော ဣတိ ကောနာမော, ဣတိ ဓေဝ ဂတိ ဒွိဓာ။

ဝိမလောစသည်၌"ဝိဂတံ"ဟု ပရိယာယ်ပုဒ်ဖြင့် ဝိဂ္ဂဟ်ပြုထားသော်လည်း ရုပ်တွက်ရာ၌ "ဝိ+မလ+ယ"တည်, စသည်ဖြင့် ပုဒ်ရင်းအတိုင်း တည်ရသည်၊ ဝိနောင် သိ ချေရုံသာ၊ တပေါဓနော စသည်၌ "တပ+ဝေ+ဓန+ယ"တည်, ဝေနောင် သိချေ၊ သမာသ်စသည် စီရင်ပြီးသောအခါ ဝုတ္တတ္ထာနမပ္ပယောဂေါဖြင့် ဝေ-ယ ပုဒ်တို့ကို ချေ၍ "တပဓန"ဟု ပကတိပြု၊ မနောဂိုဏ်းဖြစ်၍ ပ ၏ အ ကို ဩ ပြု၊ ဣန္ဒနာမော၌လည်း "ဣန္ဒ+ဣတိ+နာမ+ယ"တည်၍ နည်းတူ စီရင်၊ ခန္တိဗလော၌ကား "ခန္တိသင်္ခါတ+ဗလ+ယ"ဟုတည်၊"ခန္တိသင်္ခါတဗလ"ဟု ပကတိပြု၍ (ဝေ ဣတိတို့ကဲ့သို့ သီးခြားတပုဒ် မဟုတ်, "ခန္တိသင်္ခါတ"ဟု ကမ္မဓာရဲ သမာသ်ပုဒ်ဖြစ်၍) မဇ္ဈေလောပီ ထုံးစံအတိုင်း "သင်္ခါတ"ကို ချေ။ ["ခန္တိဣသိ+သင်္ခါတံ—ခန္တိသင်္ခါတံ"ဟု ပြု။]

www.dhammaransi.com



ဆန္ဒဇာတာဒီသု - ဆန္ဒဇာတ အစရှိသည်တို့၌၊ ဝိသေသန ဝိသေသိတဗ္ဗာနံ- ဝိသေသန ဝိသေသျတို့၏၊ ယထိစ္ဆိတတ္တာ - ( ဝဒန္တုပုဂ္ဂိုလ်၏ ) အလိုအတိုင်း ဖြစ်နိုင်ကုန်သည်၏အဖြစ်ကြောင့်၊ ဥဘယံ-၂-ပုဒ်လုံးသည်၊ ပုဗ္ဗံ-ရှေ့၌၊ နိပတတိ- ကျနိုင်၏၊ ယထာ-ကား၊ အဿ-ထိုသူ၏၊ ဆန္ဒော-ဆန္ဒသည်၊ ဇာတော-ဖြစ်၏၊ ဣတိ, ဆန္ဒဇာတော-မည်၏၊ အဿ-၏၊ ဇာတော-ဖြစ်သော၊ ဆန္ဒော-သည်၊ (အတ္ထိ) ဣတိပိ-ထို့ကြောင့်လည်း၊ ဇာတဆန္ဒော-မည်၏၊ ဧဝံ သဉ္ဇာတ ပီတိ သောမနဿော - လွန်စွာဖြစ်သော ပီတိသောမနဿရှိသူ၊ ပီတိသောမနဿ သဉ္ဇာတော-ပီတိသောမနဿ၏ လွန်စွာဖြစ်ရာ ဖြစ်သူ၊ မာသဇာတော-တလ ပြည့်သော သတ္တဝါ၊ ဇာတ မာသော-ပြည့်သော တလရှိသော သတ္တဝါ၊ ဆိန္နဟတ္ထော-ပြတ်သော လက်ရှိသူ၊ ဟတ္ထဆိန္နော-လက်ပြတ် ရှိသူ။

---

"ဆန္ဒဇာတော"စသည်၌ ဆန္ဒ+ဇာတ ၂-ပုဒ်လုံးပင် ဝဒန္တုပုဂ္ဂိုလ်၏ ဆိုလိုသည့် အတိုင်း ဆန္ဒကို ရှေ့ထားလိုလျှင် ဆန္ဒရှေ့ကျ၍ ဇာတကို ရှေ့ထားလိုလျှင် ဇာတရှေ့ကျ၏၊ ထို့ကြောင့် "ဥဘယံ ပုဗ္ဗံ နိပတတိ"ဟု မိန့်သည်၊ မာသဇာတော၌ "ဇာတောတိ ပရိပုဏ္ဏော"ဟု ဘေဒစိန္တာဒီပနီ ဖွင့်၏၊ ကလာပ် ဝုတ္တိ ပဉ္စိကာ၌လည်း "ဇာတော သမ္ပန္နော"ဟု ဖွင့်၏၊ ထို့ကြောင့် "မာသော ဇာတော ယဿာတိ မာသဇာတော= ယဿ—အကြင်သတ္တဝါ၏၊ မာသော-တလသည်၊ ဇာတော—ပြည့်ပြီ၊ ဣတိ—ထိုသို့ တလပြည့်သည်၏ အဖြစ်ကြောင့်၊သော, မာသဇာတော-မည်၏၊ "ဇာတော မာသော ယဿာတိ"၌လည်း"ဇာတော-ပြည့်သော၊ မာသော-တလသည်၊ အတ္ထိ-ရှိ၏၊ ဣတိ- ထိုသို့ ပြည့်သော တလ ရှိသည်၏ အဖြစ်ကြောင့်"ဟု ပေး၊ [ဘေဒစိန္တာဒီပနီ၌ကား ယဿ၌ စတုတ္ထီ"ဟု ဆို၏၊ ဤရူပသိဒ္ဓိနှင့် မတူ၊] ဆိန္နဟတ္ထောကို ရှေ့၌ပြပြီး ဖြစ်သော် လည်း ဆိန္နနှင့် ဟတ္ထတို့ အလိုရှိသလို ရှေ့နောက် နေနိုင်သောကြောင့် ဤ၌ ထပ်ပြ ပြန်သည်၊ ဟတ္ထဆိန္နော ဟု ဒွေဘော်နှင့် ရှိစေ။

**မာသဇာတော၌ ဝါဒန္တရများ။** ။မာသံ ဇာတဿ အဿာတိ မာသ ဇာတော"အဿ-ထိုသတ္တဝါးသည်၊ ဇာတဿ-ဖြစ်တည်နေစဉ်၊ မာသံ-တလသည်၊ အတိက္ကန္တံ—လွန်ပြီ၊ ဣတိ—ထိုသို့ ဖြစ်တည်နေစဉ် တလ လွန်သည်၏အဖြစ်ကြောင့်၊ မာသဇာတော—မည်၏၊ ဤနည်း၌ ဇာတအရ မွေးဖွားဆဲ ခဏကို မယူရ, မွေးဖွား ပြီးနောက် ဖြစ်ထွန်း ကြီးပွားနေစဉ်ကို ယူရမည်—ဟု ဘေဒစိန္တာ စာကိုယ်နှင့် ဒီပနီ ဆို၏၊ ဤနည်း၌ "ဇာတ"ဝယ် တပစ္စည်းကို ပစ္စုပ္ပန်အနက်ကြံ၍ "ဇာလမာနဿ"ဟု ဖွင့်ရသောကြောင့် သဒ္ဒါသွား မကောင်းလှ။

**ဘေဒစိန္တာ။** ။မာသံ ဇာတဿ အဿာဣတိ—ကန္တံ တျုတြ အနာဒရေ၊
ဆဋ္ဌီတော့ကေ ပရေ မာသော—ဇာတော အဿာတိ ပဏ္ဍိတာ။

www.dhammaransi.com



အသ–ထို သတ္တဝါသည်၊ ဇာတဿ–ဖြစ်တည်နေစဉ်၊ မာသံ–တလသည်၊ အတိက္ကန္တံ–ပြီ၊ ဣတိ–ဤသို့၊ အတြ–ဤပြယုဂ်၌၊ အနာဒရေ–အနာဒရအနက်၌၊ ဆဋ္ဌီ–ဆဋ္ဌီသက်၊ ဣတိ–သို့၊ ကေ–အချို့ဆရာတို့ ဆိုကြ၏၊ အပရေ ပဏ္ဍိတာ–အခြား ပညာရှိတို့ကား၊ အဿ–၏၊ မာသော–သည်၊ ဇာတော–ပြည့်ပြီ၊ ဣတိ–သို့၊ ဝဒန္တိ–ဆိုကြ၏။ [နောက်ဝါဒကား ရူပသိဒ္ဓိနှင့် တူ၏၊ ထို့ကြောင့် "အပရေ"အရ ရူပသိဒ္ဓိ ဆရာ ကလာပ်ဝုတ္တိပဉ္စိကာ စသော ဆရာတို့ကို ယူ။]

**ပုဒ်စစ် စသည်။** ။"အပရဇ္ဇုဂတာယ အာသဠှိယာ ပုရိမိကာ ဥပဂန္တဗ္ဗာ, မာသဂတာယ အာသဠှိယာ ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ"ဟူသော ဝဿူပနာယိက ခန္ဓက မဟာဝါ ပါဠိတော်၏ အဋ္ဌကထာ၌ကား "အပရဇ္ဇုဂတာယာတိ ဧတ္ထ—အပရဇ္ဇု+ဂတာယ (အတိက္ကန္တာယ) အဿာတိ အပရဇ္ဇုဂတာ"ကို "အသမာနာ ဓိကရဏ ဝိသယော ဗာဟိရတ္ထ သမာသော"ဟု သာရတ္ထဋီကာ ဖွင့်ပုံကိုထောက်၍ "မာသော ဇာတဿ အဿာတိ မာသဇာတော"ကိုလည်း ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်ဟု ဆိုကြ၏၊ [အသမာနာဓိကရဏနှင့် ဘိန္နာဓိကရဏသည်ရင်း, (ဗဟုဗ္ဗီဟိ ဟူသမျှ သမာသ်ပုဒ်မှ အပ ဖြစ်သော အညပုဒ်အနက် ရသောကြောင့်) "ဗာဟိရတ္ထ"ဟူသည်နှင့် ဗဟုဗ္ဗီဟိ သမာသ် ဟူသည်ရင်း အတူပင်တည်း။]

အာသဠှိယာ-ဝါဆိုလပြည့်နေ့သည်၊အပရဇ္ဇုဂတာယ-လွန်ပြီးသောဝါဆိုလပြည့်၏ နောက်တရက် ရှိလတ်သော်၊ ပုရိမိကာ–ပုရိမဝါသို့၊ ဥပဂန္တဗ္ဗာ–ကပ်ထိုက်၏၊ မာသဂတာယ–လွန်ပြီးသော ဝါဆိုလပြည့်နေ့၏ တလ ရှိလတ်သော်၊ ဇာတဿ–မွေးဖွား ပြီးသော၊ အဿ–ထို သတ္တဝါး၏၊ မာသော–တလသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထိုသို့ မွေးဖွားပြီးသော သတ္တဝါး၏ တလ ရှိသည်၏အဖြစ်ကြောင့်၊ သော, မာသဇာတော– မည်၏၊သဗ္ဗာဟ ပရိနိဗ္ဗုတော–ပရိနိဗ္ဗာန် စံပြီးသော မြတ်စွာဘုရား၏ ၇–ရက်ရှိတော် မူသည်၊ အစိရံ ပက္ကန္တဿ အဿာတိ အစိရပက္ကန္တော–ဖဲ့သွားပြီးသော မင်း၏ မကြာ သေးသော ကာလရှိသည်၊ ဤသို့ စသည်ဖြင့် ပုံစံများစွာ ရှိ၏၊ ထို ပုံစံအားလုံး၌ပင် အနက် သွားပုံမှာ အခြား ဗဟုဗ္ဗီဟိများနှင့် မတူတတ်၍ အောက်ပါ ဖွင့်ပုံ တမျိုးဖြင့် စဉ်းစားဘွယ် ရှိသည်။

**သိဒ္ဓန္တကောမုဒီ၊** ။"မာသော ဇာတဿ (ယဿ သော) မာသဇာတော"ဟု မဆို၊"ယဿ သော"တို့လည်း လိုရင်းမဟုတ်,"မာသော+ဇာတဿ"သာ လိုရင်းဟု ဆို၏၊ ထိုဋီကာ၌လည်း "မာသော+ဇာတဿ, မာသဇာတော"တိ-ဟူသော၊ အတြ- ဤသမာသ်၌၊ ဝိဂ္ဂဟေ–ဝိဂ္ဂုဟ်အခိုက်၌၊ မာသော–တလသည်၊ ပဓာနံ–လိုရင်းတည်း၊ [ဝိဂ္ဂုဟ်၌ "ဇာတဿ–မွေးဖွားပြီးသော သတ္တဝါး၏+မာသော–တလတည်း" ဟု အနက် ပေးရသောကြောင့် မာသသည် ဝိဂ္ဂုဟ် အခိုက်၌ ပဓာန ဖြစ်သည်–ဟူလို၊] သမာသေတု-သမာသ်ပြီးရာ၌ကား၊ ဇာတော-မွေးဖွားသူသည်သာ၊ ပဓာနံ-လိုရင်းတည်း၊ ["မာသဇာတော"ဟု သမာသ်ပြီးသည့်အခါ၌မူ တလကိုမရ,မွေးဖွားပြီးသူကိုရသည်- ဟူလို။] တတြ-ထိုပြယုဂ်၌၊သမာသော-မာသဇာတောဟူသော သမာသ်သည်၊ တာဝ- ရှေးဦးစွာ၊ ဇနနံ–မွေးဖွားခြင်းကို၊ သံကဗ္ဗ–ဘိုက်ရိုက်၊ ပရိစ္ဆိန္ဒတိ–ပိုင်းခြား၏၊ ဇနန

www.dhammaransi.com



(၃၅၂) ယဿ-အကြင်သူ၏၊ ဒီဃာ-ရှည်သော၊ ဇဃာ-မြင်းခေါင်း (ခြေသလုံး)သည်၊ အတ္ထိ-၏၊ ဣတိ-သို့၊ ဝိဂ္ဂယှ-ဝိဂြိုဟ်ပြု၍၊ သမာသာဒိမှိ-ကို၊ ကတေ-ပြုအပ်ပြီးသော်၊ [“ပုမာ ဣဝ ဒဠှဗ္ဗော”၌ စပ်၊] တုလျာဓိကရဏေတိ ပဒေတိစ ဝတ္တတေ (မဟာတံမဟာ [တုလျာဓိကရဏပဒေ-သုတ်မှ လိုက်)။

ဣတ္ထိယံ ၊ပေ၊ ပုမာဝ စေ။ ။ပရေ – နောင်းသော၊ ဣတ္ထိယံ – ဣတ္ထိလိန်၌၊ ဝတ္တမာနေ–သော၊ တုလျာဓိကရဏေ–သော၊ ပဒေ–ပုဒ်ကြောင့်၊ (ပုမာဣဝ ဒဠှဗ္ဗော၌ စပ်၊) ပုဗ္ဗေ–၌၊ ဘာသိတပုမာ–ဟောအပ်ဘူးသော

---

နိဿယံ-မွေးဖွားခြင်း၏ မှီရာဖြစ်သော၊ ဒေဝဒတ္တံတု-ဒေဝဒတ်မည်သော သတ္တဝါ;းကို ကား၊ ဇနနဥ္ဇရေန-မွေးဖွားခြင်းကြိယာကို အကြောင်းပြုသဖြင့်၊ပရိစ္ဆိန္ဒတိ-ပိုင်းခြား၏၊ [“တလ”ဟူသော အပိုင်းအခြားဖြင့် “တလ+မွေးဖွားပြီးခြင်း (မွေးဖွားပြီးခြင်းသည် တလပြည့်ပြီ)”ဟု မွေးဖွားခြင်းကြိယာကိုသာပိုင်းခြားသည်၊မွေးဖွားခြင်းကြိယာ၏မှီရာ သတ္တဝါး ဒေဝဒတ်ကိုကား ဌာနီကြိယာ၏ နာမည်ကို ဌာနသတ္တဝါးပေါ် တင်စား၍ ဌာနျူပစာရအားဖြင့် ပိုင်းခြားသည်–ဟူလို၊] ဤနည်းအလို “မာသဇာတော–တလ မွေးဖွားပြီးသူ”ဟု အနက်ပေး၊ သတ္တာဟ ပရိနိဗ္ဗုတော–၇-ရက် ပရိနိဗ္ဗာန် စံတော်မူ ပြီးသော၊ ဝါ–ပရိနိဗ္ဗာန်စံတော်မူ၍ ၇-ရက်ပြည့်တော်မူသော ဘုရား၊ အစိရပက္ကန္တော-မကြာမီက ဖဲသွားသူ၊အပရဇ္ဇုဂတော–နောက်တနေ့ လွန်ပြီးသော ဝါဆိုလပြည့်၊ ဝါ–ဝါဆိုလပြည့်ကျော် တရက်၊ ကောဟမတံ–တရက် သေပြီးသော အလောင်းကောင်ကို, စသည်ဖြင့် အနက်ဆို။

“ကိံပမာဏော ကုမာရဿ, ကာလောတျူတ္တေ ဝိဿဇ္ဇနံ၊
မာသော ဇာတဿ အဿာတိ, အညသာ တိံသရတ္တိယာ”

ဟူသော ဘေဒစိန္တာ ပဌမဝါကိုလည်း ဤနည်းကိုပင် ရည်ရွယ်၍ ဆိုဟန်တူသည်၊ ဒိပနီ၌ကား တမျိုး ဖွင့်သွားလေ၏, ရှုလေတော့၊ သဒ္ဒနီတိ၌ “ပဗ္ဗဇနံ ပဗ္ဗဇိတံ–ရဟန်းပြုခြင်း၊ပက္ကမနံ ပက္ကန္တံ-ဖဲသွားခြင်း”ဟု ဘာဝသာဓန ကြံ၍ “အစိရံ ပဗ္ဗဇိတံ ယဿ” စသည် ဝိဂြိုဟ်ပြုပြီးလျှင် “အစိရပဗ္ဗဇိတော-မကြာသေးသော ရဟန်းပြုခြင်းရှိသူ၊ အစိရ ပက္ကန္တော–မကြာသေးသော ဖဲသွားခြင်းရှိသူ”ဟု တုလျာဓိကရဏ ဗဟုဗ္ဗိဟိ တနည်း ကြံသေး၏၊ ထိုအလို“မာသဇာတော-တလမွေးဖွားခြင်းရှိသူ၊ သတ္တာဟပရိနိဗ္ဗုတော-၇-ရက် ပရိနိဗ္ဗာန်စံခြင်း ရှိတော်မူသော ဘုရား”ဟု အနက်ဆို။

(၃၅၂) ဣတ္ထိယံ၊ပေ၊ပုမာဝ ဒဠှဗ္ဗော — “ဣတ္ထိယံ–နိယတ ဣတ္ထိလိန်” ဟု ပေးကြ၏၊ နိယတ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ယခု အခိုက်အတန့်၌ ဣတ္ထိလိန် ဖြစ်ခြင်းသာ လိုရင်း ဖြစ်ကြောင်းကို “ဘာသိတ ပုမာတိ ကိံ”၌ ထင်ရှားစေအံ့၊ [ကြွင်းသော မှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

www.dhammaransi.com



ပုလ္လိင်ရှိသော၊ ဇလတ္ထိ၀ါ စကော-(ယခုအခါ) ဇလတ္ထိလိင်ကို ဟောသော၊ သဒ္ဒေါ-သဒ္ဒါသည်၊ စေ အတ္ထိ-အကယ်၍ ရှိအံ့၊ သော-ထို သဒ္ဒါကို၊ ပုမာဇလံ-ပုလ္လိင်ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗော-၏၊ ဇလတိ-ဤသို့ ညွှန်ပြခြင်းကြောင့်၊ [သီဟိုဠ်မူ၌ "ဒဋ္ဌဗ္ဗောတိ"ဟု ရှိ၏၊ ကမ္မဓာရယ သညေစ သုတ်၌လည်း "ဒဋ္ဌဗ္ဗောတိ"ဟုပင် ရှိခဲ့သည်၊] ပုဗ္ဗပဒေ-၌၊ ဇလတ္ထိပစ္စယာ ဘာဝေါ-ဇလတ္ထိပစ္စည်း၏ မရှိခြင်းသည် (ဟောတိ)၊ အယံ-ဤသုတ်သည်၊ ဗဟုဗ္ဗီဟိ ဝိသယော-ဗဟုဗ္ဗီဟိ ဟူသော အရာရှိ၏၊ (ကသ္မာ-နည်း၊) ဥပရိ-အထက်၌၊ ကမ္မဓာရယ သညေစာတိ-ဟူ၍၊ ဝက္ခမာနတ္တာ-ဆိုအပ်လတံ့၏ အဖြစ်ကြောင့်တည်း။

(၃၅၃) **ကွစာဒိ မဇ္ဈုတ္တရာနံ၊ပေ၊သုစ။** ။ပရေသုစ-နှောင်းသည်လည်း ဖြစ်ကုန်သော၊ အပရ ဘူတေသုစ-မနှောင်းသည်လည်း ဖြစ်ကုန်သော၊ ပစ္စယေသုစ-ပစ္စည်းတို့ကြောင့်ဎင်း၊ အပစ္စယေသုစ-ပစ္စည်းမဟုတ်သော သဒ္ဒါတို့ကြောင့်ဎင်း၊ ကွစိ-၌၊ တဒ္ဓိတ သမာသ နာမောပ သဂ္ဂါဒိသု-တဒ္ဓိတ်, သမာသ်, နာမ်, ဥပသာရ အစရှိကုန်သော၊ ပဒေသု-တို့၌၊ အာဒိမဇ္ဈုတ္တရ ဘူတာနံ-အစ,အလယ်,အဆုံးဖြစ်၍ ဖြစ်ကုန်သော၊ သရာနံ-တို့၏၊ ဇိနဝစနာနုပရောဓေန-ဖြင့်၊ ဒီဃရဿာ-ဒီဃ, ရဿတို့သည်၊ ဟောန္တိ၊ တတ္ထ-ထိုဒီဃရဿ တို့တွင်....

---

ဇလတိ ပုဗ္ဗပဒေ ဇလတ္ထိပစ္စယာ ဘာဝေါ—ဤသို့ ပုလ္လိင်ကဲ့သို့ ငဲ့ညွှန်းရခြင်းကြောင့် ဘာ အကျိုးရှိသနည်း—ဟု မေးဘွယ်ရှိသောကြောင့် "ဇလတိ၊ပေ၊ဘာဝေါ"ဟု မိန့်၊ ပုလ္လိင် ငဲ့ညွှန်းရခြင်းကြောင့် "ဒီဃ"ဟူသော ရှေ့ပုဒ်၌ ဇလတ္ထိ ပစ္စည်းဖြစ်သော အာသရ ပျောက်၍ "ဒီဃ"ဟု အာပစ္စည်း မသက်မီကအတိုင်း ဖြစ်ခြင်း အကျိုးရှိသည်-ဟူလို။

ဗဟုဗ္ဗီဟိ၊ပေ၊ဝက္ခမာနတ္တာ — ဗဟုဗ္ဗီဟိ သမာသ် အရာဝယ် စီရင်ရမည်—ဟု သုတ်၌ တိုက်ရိုက် မဆိုသော်လည်း (ကစ္စည်း သုတ်စဉ်အတိုင်း အထက်ကျသော) နောက်သုတ်၌ "ကမ္မဓာရယသညေစ"ဟု ကမ္မဓာရဲ အရာဝယ် စီရင်လတံ့ ဖြစ်သော ကြောင့် ဤသုတ်သည် ဗဟုဗ္ဗီဟိအရာ၌ စီရင်သောသုတ် ဖြစ်ကြောင်း သိသာရကား "ဗဟုဗ္ဗီဟိ ဝိသယော"ဟု ဆိုသည်။

(၃၅၃) **ကွစိ တဒ္ဓိတ၊ပေ၊အပရဘူတေသုစ**—သုတ်၌ "ပစ္စယေသုစ"ဝယ် စ သဒ္ဒါဖြင့် အပစ္စယေသုကိုဎင်း, ပရေသုစ၌ စဖြင့် အပရဘူတေသုကိုဎင်း ဆည်း၏၊ ထိုတွင် "ပစ္စယေသု ပရေသု"ဖြင့် က ပစ္စည်း တာ ပစ္စည်း စသည် နှောင်းရာ၌ စီရင်ပုံကို ပြ၏၊ "အပစ္စယေသု ပရေသု"ဖြင့် ပစ္စည်းမှ တပါး အခြား သဒ္ဒါနှောင်းရာ(ပါကဋ-စသည်)တို့၌ စီရင်ပုံကို ပြ၏၊ "အပရဘူတေသု"ဖြင့် နှောင်းသော သဒ္ဒါ မရှိသော

www.dhammaransi.com



ပါကဋ္ဌာ ႋနူပဃာတာဒေါ - ပါကဋ္ဌ, အနူပဃာတ အစရှိသည်၌ဋ္ဌင်း၊ မခုဝါဒီသု - မခုဝါ အစရှိသည်တို့၌ဋ္ဌင်း၊ ဒီဃတ္တံ-အာဒိ, မဇ္ဈ, ဥတ္တရ၌ ဒီဃ အဖြစ်သည် ( ဟောတိ )၊ အဇ္ဇဝေ-အဇ္ဇဝ သဒ္ဒါ၌ဋ္ဌင်း၊ ဣတ္ထိရူပါဒေါစ- ဣတ္ထိရူပ အစရှိသည်၌ဋ္ဌင်း၊ က, တာဒီသု-က ပစ္စည်း တာ ပစ္စည်း အစရှိသည် တို့ကြောင့်ဋ္ဌင်း၊ ရဿတ္တံ-အာဒိ, မဇ္ဈ, ဥတ္တရ၌ ရဿအဖြစ်သည် (ဟောတိ)၊ ဣတိ-ထို့ကြောင့်....

ဗဟုဗ္ဗီဟိ သမာသေစ-ဗဟုဗ္ဗီဟိ သမာသ်သည်လည်း၊ သတိ-ဖြစ်လတ်သော်၊ [မြန်မာမူ၌ "ဗဟုဗ္ဗီဟိ သမာသေ-၌၊ ပုလ္လိင်ေ-သည်၊ သတိ-သော်"ဟုပေး၊] ဥတ္တရပဒန္တဿ-နောက်ပုဒ် အဆုံးသရ၏၊ ရဿတ္တံ(ဟောတိ)၊ ဒီဃဇဃော်-

---

(မခုဝ-စသော) ပုဒ်များ၌ စီရင်ပုံကို ပြ၏၊ "တဒ္ဓိတ သမာသ နာမေ ပသဂ္ဂါဒီသု" ဟု ဆိုသောကြောင့် ဤသုတ်စီရင်ရာ၌ာနသည် အလွန်ကျယ်ဝန်း၏၊ ထို့ကြောင့် သန္ဓိခဏ်း၌ ပြခဲ့သော ဒီဃံ ရဿံ သုတ်တို့သည် သန္ဓိစပ်မှု ဆိုင်ရာလောက်သာ စီရင်နိုင်၍ သန္ဓိစပ်မှု မဟုတ်ရာ၌ ဤသုတ်၏အရာဟု ခွဲခြားသင့်သည်၊ သို့သော် ရူပသိဒ္ဓိပုံစံများ၌ ခွဲခြားတိုင်း မမြဲလှ၊ "မခုဝါ မညတိ ဗာလော"၏ သန္ဓိ၌ဋ္ဌင်း ဤ၌ဋ္ဌင်း ၂-ထပ် ပါနေသည်ကို ထောက်။

**ဒီဃတ္တံ၊ ပ၊ မခုဝါဒီသု**-"ပပုဗ္ဗကဋ္ဌ (ဆေဒနေ-ဖြတ်ခြင်းဟူသော)" ဓာတ်နောင် အ ပစ္စည်း သက်၍ "ပကဋ္ဌ"ဟု ဖြစ်၏၊ ဤသုတ်၌ သရတို့တွင် အစဖြစ်သော ပ ၏ (အ) ကို အာဒိဒီဃပြု၍"ပါကဋ္ဌော"ဟု အာဒိဒီဃပုံစံဖြစ်၏၊ ပါကဋ္ဌော-ထင်ရှားသည်၊ "န+ဥပဃာတော မညှဉ်းဆဲအပ်"ဟု ဝိဂ္ဂြိဟ်ပြု၍ "န+ဥပဃာတ"ဟူသော နနိပါတ ပုဗ္ဗပဒ ကမ္မဓာရ သမာသ်၌"သရေအန်"သုတ်ဖြင့် န ကို အန် ပြုလျှင်"အနုပဃာတ" ဟုသာ ဖြစ်၏၊ ထို့ကြောင့် ဤသုတ်ဖြင့် သရတို့တွင် အလယ်ဖြစ်သော ဥ ကို ဒီဃပြု၍ "အနူပဃာတော"ဟုမဇ္ဈေဒီဃပုံစံဖြစ်၏၊ "မခုဝ-ပျားကဲ့သို့"ဟူရာ၌"မခုဝ"ပုဒ်ရင်း၊ သို့သော်"မခုဝါ မညတိ ဗာလော"ဟူသော ဂါထာ၌ "မခုဝ၌"ဟု ဆိုလျှင် သဂိဏ်း ဖြစ်၍ ဆန်းပျက်သောကြောင့် မခုဝပုဒ် အဆုံးဝယ် "ဝါ"ဟု ဒီဃ ပြုထားသည်။ [ဤကား ရူပသိဒ္ဓိ ဤနေရာနှင့် သင့်သော အဓိပ္ပါယ်တည်း၊ "မခုဝါ"ဟု ပုဒ်ရင်းသည်း ရှိသင့်ပုံကို သန္ဓိ ဒီဃံ (တတိယပိုင်း) သုတ်၌ ပြခဲ့ပြီ။]

**ရဿတ္တံ၊ ခပ၊ ကတာဒိသု**—["အဇ္ဇဝေ"ဟု သိရှိ၏၊ ဣတ္ထိရူပနှင့် တွဲထားသော သမာသ်ပုဒ်ဖြစ်လျှင်"အဇ္ဇဝ ဣတ္ထိ ရူပါဒေါ"ဟု ရှိသင့်၏၊ အဇ္ဇဝ တပုဒ်ထည်းခွဲထားလျှင် သို့ဖြင့်"အဇ္ဇဝေ"ဟုသာ သင့်၏၊ အဇ္ဇဝံကား မရှိသင့်။] အဇ္ဇဝ၌ အာဇ္ဇဝဟု ဖြစ်ပြီးမှ အာ၌ ရဿပြုရပုံကို ဏဝိသမာဒီဟိ (တဒ္ဓိတ်) သုတ်၌ ထင်ရှားလတ္တံ့၊ "ဣတ္ထိ ရူပံ"ဟု ဖြစ်ပြီးမှ အလယ် "တ္ထိ"၌ ရဿ ပြုရပုံကို ဆဋ္ဌီတပ္ပုရိသ်၌ ပြခဲ့ပြီ၊ က,တာ နှောင်းရာ၌ "ဗဟုနဒိကော"စသည်ဝယ် ဗဟုနဒီ-ဟူသော အဆုံးသရ၌ဋ္ဌင်း, ဒဏ္ဍီတာ စသည်ဝယ် ဒဏ္ဍီ ဟူသော အဆုံး သရ၌ဋ္ဌင်း ရဿ ပြုရပုံမှာ နိမ္မာစ သုတ်—ဏ၂တ္တဘာဘာဝေတု သုတ်တို့၌ ထင်ရှားလတ္တံ့။

ရူပသိဒ္ဓိ [၉]

www.dhammaransi.com



ရှည်သော မြင်းခေါင်းရှိသော၊ ပုရိသော၊ ကျွား၊ တထာ-ပါး၊ အဿ-ထိုဘုရားရှင်၏၊ ပဟူတာ-ပြန့်ကျယ်သော၊ ဇိဝှါ-လျှာတော်သည် (အတ္ထိ)ဣတိ ပဟူတဇိဝှေါ-ဘဂဝါ၊ အဿ-ထိုသူ၏၊ မဟတီ-ကြီးသော၊ ပညာ (အတ္ထိ) ဣတိ, မဟာပညော၊ မဟတံ မဟာတုလျာဓိကရဏော ပဒေတိ-သုတ်ဖြင့်၊ မဟာဒေသော-မဟာပြု၊

ဣတ္ထိယန္တိ-ဣတ္ထိယံပုဒ်သည်၊ကိံ-နည်း၊ခမာဓနော-ဟူသောပုဒ်၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ခမာဓနော-သည်းခံခြင်း ဥစ္စာရှိသူ၊[ ဘာသိတ ပုမာတိ-သည်၊ ကိံ-နည်း၊ သဒ္ဓါခုရော ၊ ပေ ၊ ပညာဝိသုဒ္ဓိကော-တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ သဒ္ဓါခုရော-သဒ္ဓါဝန်ဆောင်ရှိသူ၊ သဒ္ဓါပကတိကော-သဒ္ဓါ

---

ဗဟုဗ္ဗီဟိ၊ပေ၊ရဿတ္တံ—"ဗဟုဗ္ဗီဟိ သမာသေ သတိ ပုလ္လိင်္ဂေ"ဟု မြန်မာမှုရှိ၏၊ "သုခါ ပဋိပဒါ ယဿ ရာနဿ"ဟု ဝိဂ္ဂြိုဟ်ပြု၍ ဈာန်ကိုရသော"သုခပ္ပဋိပဒံ" နပုလ္လိန်ပုဒ်၌ကား"သုခါပဋိပဒါ"ဟု ပကတိ ပြုပြီးသောအခါ၌ရှေ့ပုဒ်၏ ဒီဃကို ပုလ္လိန်ကဲ့သို့ငဲ့၍ ရဿ ဖြစ်စေပြီးလျှင်, နောက် ပဋိပဒါ၌ အာကို သရော ရဿော နပုံသကေ သုတ်ဖြင့် ရဿပြုရသည်—ဟု မြန်မာမှုအလိုမှတ်၊သီဟိုဠ်မှု၌ "ဗဟုဗ္ဗီဟိ သမာသေစ သတိ ဥတ္တရ ပဒန္တဿ သရဿ ရဿတ္တံ"ဟုရှိ၏၊ရူပသိဒ္ဓိဆရာသည် နပုံလိန်၌ ရဿပြုခွင့်ဟူသမျှကို သရော ရဿော နပုံသကေဖြင့်ချည်း ပြုစေလို၏၊ ထို့ကြောင့် ဤ သီဟိုဠ်မှုအတိုင်းလည်း ပုလ္လိန် သမာသ်၌သာ ဤ ကွစာဒိ သုတ်ဖြင့် ရဿ ပြုစေလိုသည်ဟု မှတ်၊ ဒီဃ ဇင်္ဃာ၌ ဤသုတ်ဖြင့် ရဿပြု၍ "ဒီဃဇင်္ဃ"ဟုဖြစ်ပြီ၊ထို့နောက်နာမ်ငဲ့ စသည်စီရင်၊ "မဟတီ+ပညာ+တ" တည်၊ "မဟတီပညာ"ဟု ပကတိပြု, ပုမ္ဘော ငဲ့သည့်အခါ ဣတ္ထိပစ္စည်း ပျောက်၍"မဟန္တ ပညာ"ဟုဖြစ်၏၊ မဟန္တကို မဟာပြု-ပညာ၌ အာကို ဤသုတ်ဖြင့် ရဿပြု၍ "မဟာ ပည"ဟု ဖြစ်၏။

ဣတ္ထိယန္တိ ကိံ— [ဤ"ကိံ" ကား ဣတ္ထိယံ ဘာသိတ ပုမိတ္ထိ—သုတ်၏ကိံတည်း၊ ကွစာဒိ စသော သုတ်၏ ဆိုင်ရာ အစီအရင်များ "မဟာပညော"တွင် ၃ ရပ်ခဲ့ပြီ။] "ဣတ္ထိယံ တုလျာဓိကရဏေပဒေပရေ"ဟု ဆိုသောကြောင့် ဣတ္ထိလိန်၌ ဖြစ်သော တုလျာဓိကရဏ နောက်ပုဒ်နှောင်းမှ ပုမ္ဘာဝငဲ့ရမည်၊ " ခမာဓနော " ပြယုဂ်၌ "ခမာဝေ+ဓန်အဿ"ဟု ဝိဂ္ဂြိုဟ်ပြု၍ ခမာနှင့်ဓနဟူသော နောက်ပုဒ်သည် တုလျာဓိ-ကရဏဖြစ်သောကြောင့် "တုလျာဓိကရဏေ ပဒေ ပရေ" အရ တုလျာဓိကရဏ နောက်ပုဒ်ကား နှောင်းပါပေ၏၊ သို့သော် ထိုဓနံပုဒ်သည် ဣတ္ထိလိန်မဟုတ်—နပုလ္လိန် ဖြစ်နေသောကြောင့်"သီတဿ—အကြို၊ ခမော—သည်းခံနိုင်၏"စသည်ဖြင့် ခမပုဒ်က ပုလ္လိန်ကိုဟောဘူးသော်လည်း ပုလ္လိန်မငဲ့ရ "ခမာ"ဟု အာကာရန္တ ဣတ္ထိလိန်အတိုင်း ရှိစေရသည်—ဟူလို၊ [အဿ—ထိုသူ၏၊ ခမာဝေ—သည်းခံခြင်းသာဖြစ်သော၊ ဓန်—ဥစ္စာသည် (အတ္ထိ) ။]

ဘာသိတပုမာတိ,ကိံ—"သဒ္ဓါ+ဓုရာ တေဿာတိ သဒ္ဓါဓုရော"ဤ၌ သဒ္ဓါနှင့် ဓုရာသည် တုလျာဓိကရဏဖြစ်၍ ဓုရာလည်း ဣတ္ထိလိန်ဖြစ်သော တုလျာဓိကရဏ

www.dhammaransi.com



ပကတိရှိသူ၊ ပညာပကတိကော-ပညာပကတိရှိသူ၊ ပညာဝိသုဒ္ဓိကော-စင်ကြယ်သော ပညာရှိသူ၊]စ—ဆက်၊တွေ—ဤသဒ္ဓါပကတိကော စသည်တို့၌၊ ကွစိသမာသန္တဂတာန မကာရန္တေ်ာတိ-သုတ်ဖြင့်၊ ကပစ္စယော-က ပစ္စည်းသက်။

တုလျာဓိကရဏေ ဗဟုဗ္ဗီဟိ—တုလျာဓိကရဏေ ဟူ၍ပင် လိုက်လာခြင်းသည်၊ (ကိံ—နည်း၊) သမဏဘတ္တိကော ၊ ပေ ၊ ကုမာရိဘတိ (ကုမာရိ ဂိတ်ကော)-တို့၌၊ ပေ ၊ ၏၊ [သမဏဘတ္တိကော-ရဟန်းမတို့၌ ဆည်းကပ်ခြင်းရှိဘူ၊ ကုမာရိဘတ္တိကော-သတို့သမီးတို့၌ ခစားခြင်းရှိသူ၊ ကုမာရိဘတိ-သတို့သမီး တို့၌ ခစားခြင်းရှိသူ၊ (ကုမာရိဂိတိကော-သတို့သမီးတို့အထံ၌ သီဆိုခြင်းရှိသူ)။]

---

နောက်ပုဒ်နှောင်းသဖြင့် "ဇုတ္တိယံ တုလျာဓိကရဏေ ပဒေ ပရေ"ဟူသော စကားနှင့် ညီညွတ်ပါပေ၏၊ သို့သော် သဒ္ဓါပုဒ်ကား ဇုတ္တိလိင် အမြဲဖြစ်၍ ပုလ္လိင်ကို တခါတလေမျှ မဟောဘူးသောကြောင့်"ဘာသိတ ပုမ"မဟုတ်ချေ၊ ဤသို့ သဒ္ဓါသည် ဘာသိတ ပုမ မဖြစ်သောကြောင့် "သဒ္ဓ"ဟု ပုလ္လိင်မငဲ့ရ, သဒ္ဓါ-ဟု အာကာရန္တ ဇုတ္တိလိင်အတိုင်းပင် ရှိစေရသည်။ [တေသ-ဤသူ၏၊ သဒ္ဓါ-သဒ္ဓါဟူသော၊ဓုရာ-ဝန်ဆောင်သည်၊ (ဝါ—ပဓာနသည်)၊ အတ္တိ-ရှိ၏။] "သဒ္ဓါ+ပကတိ ယဿ, ပညာ+ပကတိ ယဿ, ပညာ+ဝိသုဒ္ဓိယဿ"ဟု ဝိဂ္ဂြိုဟ်ပြု၊ သဒ္ဓါ-ပညာဟူသော ရှေ့ပုဒ်နှင့် ပကတိ-ဝိသုဒ္ဓိပုဒ်တို့တုလျာဓိကရဏဖြစ်ပုံ, ပကတိ-ဝိသုဒ္ဓိ ပုဒ်တို့၏ ဇုတ္တိလိင်ဖြစ်ပုံကို သိပါ၊ ဤ သဒ္ဓါပကတိကော စသည်၌"သဒ္ဓါပကတိ,ပညာဝိသုဒ္ဓိ"ဟု ပကတိ ပြုပြီးသောအခါ ကွစိ သမာသန္တသုတ်ဖြင့် ကပစ္စည်းသက်၍ ပြီးသည်။

မှတ်ချက်။ ။"သဒ္ဓါဓုရော"ပြယုဂ်၌ ပဓာနအနက်ဟော "ဓုရ" သဒ္ဓါသည် ("ပဓာနေ စာဒ္ဓိကေ ဓုရော"အဘိဓာန်) ပဓာနဂုဏ်ကို ဟောရာ၌ ပုလ္လိင်တည်း၊ ပဓာနတရားဝန်ဆောင်တရား စသောဒြဗ်ကိုဟောရာ၌ အဘိဓေယျလိင်လိုက်၍ ၃-လိင်တည်း၊ ထို့ကြောင့် "သဒ္ဓါ ဓုရာ တေသ"ဟု ဝိဂ္ဂြိုဟ်ပြုသည်၊ ဆိုလိုရင်းကား—ဓုရာသည် သဒ္ဓါနှင့် တုလျာဓိကရဏ ပရပဒ ဇုတ္တိလိင်ဖြစ်သော်လည်း နိယတ ဇုတ္တိလိင် မဟုတ်၊ ဓုရော—ဓုရော—ဓုရံ ဟု အဘိဓေယျအားလျော်စွာ ၃—လိင် ရှိနိုင်သည်၊ ထို့ကြောင့် သုတ်၌ " ဇုတ္တိယံ—နိဘယဇုတ္တိလိင်၌ "ဟု အနက်မပေးဘဲ"ဇုတ္တိလိင်၌" ဟု သာမညသာ ပေးရမည်—ဟုမှတ်။

တုလျာဓိ ကရဏေ ဗဟုဗ္ဗီဟိ—"သမဏီသု+ဘတ္တိ ဘေဿ"ဟု ဝိဂ္ဂြိုဟ်ပြု၊ ဤ၌ ဘတ္တိသည် ဇုတ္တိလိင်နောက်ပုဒ် ဖြစ်သော်လည်း သမဏီနှင့် တုလျာဓိကရဏ မဖြစ် [သမဏီ အရ "ရဟန်းမ"ရ၍ ဘတ္တိအရ"ဆည်းကပ်ခြင်း"ရသည်၊ဤသို့ တုလျာဓိကရဏဖြစ်သောဇုတ္တိလိင် နောက်ပုဒ်မဟုတ်သောကြောင့် သမဏီ၌ ပုလ္လိင်မငဲ့၍ "သမဏ"

www.dhammaransi.com



ပုဗ္ဗပဒေသာဝ-ရှေ့ပုဒ်ကိုသာလျှင်၊ အယံ ပုမ္ဘာဝေါတိဒေသော-ဤ ပုမ္ဘော ငဲ့ခြင်းသည် (ဟောတိ)၊ တေန-ထို့ကြောင့်၊ ဣမ-ဤ ဆိုအပ်လတ့်သော ပြယုဂ်တို့၌၊ နဘာဝတိ-ပုမ္ဘော မဖြစ်၊ ဗဟုဒါသိကော-များသော ကျွန်မ ရှိသော၊ ပုရိသော-ယောကျ်ား၊ ဗဟုကုမာရိကံ-များသော သတို့သမီးရှိသော၊ ကုလံ-အမျိုး။

(၃၅၄) အဿ-ထိုသူ၏၊ ဂါဏ္ဍိဝေါ-အဆစ်အဖုရှိသော၊ ဓနု-လေးသည်၊ (အတ္ထိ) ဣတိ ဝိဂ္ဂယှ သမာသာဒိမှိ ကတေ (အာပစ္စယော-၌ စပ်)....

ဓနုမှာ စ။ ။ဣဒံ — ဤသုတ်သည်၊ တိပဒံ - ၃-ပုဒ် ရှိ၏၊ [ဓနုမှာ+ အာ+စ”ဟု ၃-ပုဒ်ရှိ၏၊] ကွစိ-၌၊ သမာသန္တဂတာ - သမာသ်၏ အဆုံး၌ ထည်သော၊ ဓနုသဒ္ဒါ-ဓနုသဒ္ဒါမှ (နောက်၌)၊ အာပစ္စယော-အာပစ္စည်းသည်၊

---

ဟု မဖြစ်တော့ချေ၊ “သမဏီဘတ္တိ,ကုမာရိ ဘတ္တိ”ဟု ပကတိပြုပြီးသောအခါ ကွစာဒိ မဏ္ဍူကဂတိနည်းဖြင့် (ဤ)ကို ရယူပြု, ကွစိ သမာသန္တ စသောသုတ်ဖြင့် ကပစ္စည်းသက်, သမဏီဘတ္တိက စသည်ဖြစ်၏၊ သဒ္ဒနီတိ၌ ကုမာရိဘတ္တိကောနေ‌ာင် “ကုမာရိဘတိ”ဟု ရှိ၏၊ ကုမာရိ ဂီတိကော-ဟူသော သီဟိုဠ်မူ၌ “ကုမာရိသု+ဂီတိ ဧတဿ”ဟု ပြု၊ “ကုမာရိဘတိ”ဟူသော မြန်မာမူ၌ကား ကပစ္စည်း မသက်ရချေသာ။

ပုဗ္ဗပဒဿဝါ၊ပေ၊ဒေသော—ဤသုတ်ဖြင့် ပုလ္လိင်ငဲ့ရာ၌ ရှေ့ပုဒ်ကိုသာ ငဲ့ရမည်၊ နောက်ပုဒ်ကို မငဲ့ရ၊ မှန်၏—“ဗဟုဒါသိကော”တို့၌ “ဗဟူ+ဒါသိယော ဧတဿ”ဟု ဝိဂြိုဟ်ပြု၍ “ဗဟုဒါသီ”ဟု ပကတိဖြစ်သောအခါ နောက်ပုဒ်ကိုငဲ့လျှင် ဒါသီ၌ ဒါသဟု ဖြစ်၍ ကပစ္စည်းဖြင့် “ဗဟုဒါသကော”ဟု ရုပ်ဖြစ်ဘွယ်ရှိ၏၊ [ထိုအနက်ကို ဟောရာ၌ ဗဟုကဲ့သို့သော ရှေ့ပုဒ်များ၌ ပုလ္လိင် ငဲ့သည်ဖြစ်စေ မငဲ့သည်ဖြစ်စေ ရုပ်ခြနေ မထူးပြီ၊ “ငဲ့ရမည်”ဟု အထင်အရှားလည်း မတွေ့ရ၊ သို့သော် ဤသုတ်ကို ပဋ္ဌနဂတိကနည်း ကြံ၍ ဗဟုကို ပုလ္လိင်ကဲ့သို့ ငဲ့သင့်မည် ထင်သည်။] ဗဟုကုမာရိကံ၌ နောက်ပုဒ်ငဲ့လျှင် “ဗဟု ကုမာရကံ”ဟု ဖြစ်ဘွယ်ရှိပုံကိုသိပါ၊ “ကဒလီ-ငှက်ပျောပင်၊ကုက္ကုဋီ-ကြက်မ” တို့လည်း ဣတ္ထိလိင်တည်း၊ “ဗဟုကဒလိကံ—များသော ငှက်ပျောပင်ရှိသော တော၊ ဗဟု ကုက္ကုဋိကံ—များသော ကြက်မရှိသော တော” စသည်၌လည်း နောက်ပုဒ်ငဲ့လျှင် “ဗဟု ကဒလကံ—ဗဟု ကုက္ကုဋကံ”ဟု မလိုရာရုပ်များ ဖြစ်ဘွယ်ရှိသည်၊ ထို့ပြင်— “ဒီဃဇင်္ဃော”စသည်၌ ဇင်္ဃာဟူသော နောက်ပုဒ်ကိုငဲ့၍ အပြစ်မရှိသော်လည်း ထိုကဲ့သို့သော အာကာရန္တပုဒ်များမှာ ပုမ္ဘော မငဲ့ဘဲပင် ကွစာဒိ မဏ္ဍူကဂတိနည်းဖြင့် ရဿပြု၍ ပြီးနိုင်သောကြောင့် နောက်ပုဒ်ကိုသာ ငဲ့စေလိုရိုးမှန်လျှင် ဤသုတ် ဆိုရကျိုးလည်းမနပ်ဘဲ ရှိရာ၏၊ထို့ကြောင့်“နောက်ပုဒ်ကို မငဲ့ဘဲ ရှေ့ပုဒ်ကိုသာ ငဲ့ရမည်”ဟု မှတ်ပါ-ဟူလို။ [ဈာသဝါဒကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

www.dhammaransi.com



ဟောတိ၊ စသဒ္ဒေန, ဓမ္မာဒိတောစ–ဓမ္မအစရှိသောသဒ္ဒါမှ (နောက်၌)လည်း (အာပစ္စယော ဟောတိ)၊ ဝမော ဒုဒ္ဓန္တာနံတိ-သုတ်ဖြင့်၊ ဝကာရော-ဝပြု၊ ဂါဏ္ဍိဝဓန္ဝာ-အဆစ် အဖု ရှိသော လေးရှိသူ၊ ဧဝံ-တူ၊ ပစ္စက္ခဓမ္မာ-မျက်မှောက် ပြုအပ်သော တရားရှိသူ၊ ကုစ္စိတိ ကိံ၊ သဟဿထာမဓနု-ပိုလ်ချိန် တထောင် ဝန်ရှိသော လေးရှိသူ၊ ပစ္စက္ခဓမ္မော–သူ၊ ဝိဒိတဓမ္မော–သိအပ်သော တရားရှိသူ၊ (ဣတိ-တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏။)

**နာနာဒုမ ပတိတ ပုပ္ဖ ဝါသိတာ သာနု ဣစ္စတြ**–“နာနာ၊ပေ၊သာနု”ဟူသော ဤပြယုဂ်၌၊ (ဝိဂ္ဂဟော၊ ဧဝံ-ဤသို့၊ ဝေဒိတဗ္ဗော၊) နာနပ္ပကာရာ–အထူးထူး အပြားပြား ကုန်သော၊ ဒုမာ – သစ်ပင်တို့တည်း၊ နာနာဒုမာ - အထူးထူး အပြားပြားကုန်သော သစ်ပင်တို့၊ နာနာဒုမေဟိ-တို့မှ၊ ပတိတာနိ-ကြွေကျသည် တို့တည်း၊ နာနာဒုမ ပတိတာနိ – တို့၊ နာနာဒုမ ပတိတာနိစ – အထူးထူး အပြားပြားကုန်သော သစ်ပင်တို့မှ ကြွေကျသည်တို့လည်း ဟုတ်ကုန်၏၊ တာနိ-တို့

---

(၃၅၄) ဂါဏ္ဍိဝဓန္ဝာ — “ဂါဏ္ဍိ ယဿာတိ ဂါဏ္ဍိဝံ=အဆစ်အဖု ရှိသော (အဆစ် အဖု များသော)လေး၊ ဂါဏ္ဍိဝံ ဓနု အဿာတိ ဂါဏ္ဍိဝဓန္ဝာ=အဆစ် အဖု များသော လေးရှိသူ (အဇ္ဇုနမင်း)၊ ရုပ်ပြီးပုံမှာ စာကိုယ်အတိုင်း ထင်ရှားပြီ၊ သို့သော် ဉကို ဝပြုရာ၌ သန္ဓိစပ်သောအရာ မဟုတ်သောကြောင့် ယဝကာရာစ သုတ်ဖြင့် ပြုလျှင် သာ၍ သင့်မည် ထင်သည်၊ [“ကဏ္ဍိဝ–ကဏ္ဍိဝ”ဟု တချို့ရှိသည်ကား ပါဠိပျက်၊ ဤပုံစံလည်း ပါဠိပုံစံမဟုတ်, သက္ကတပုံစံသာ။]

“ပစ္စက္ခော ဓမ္မော ယဿ”ဟု ဝိဂ္ဂြိုဟ်ပြု၊ “ပစ္စက္ခ ဓမ္မ”ဟု ပကတိ ဖြစ်ထောအခါ ဤသုတ်၌ စဖြင့် အာပစ္စည်းသက်၍ “ပစ္စက္ခ ဓမ္မာ” ဖြစ်၏၊ ကွစိသဒ္ဒါ ဖြစ်သောကြောင့် “သဟဿ ထာမ ဓနု”စသည်ဖြင့် အာပစ္စည်း မသက်ဘဲလည်း ရုပ်၌ရှိ၏၊ [၄-ကျပ် သားကို “တပိုလ်” ခေါ်၏၊ ထိုပိုလ်ဖြင့် အချိန်တထောင် (ကျပ်ချိန် ၄-ထောင်) ရှိသော ခဲ–သလွဲ စသောဝန်ကို လေးကြိုး၌ချည်၍ လေ့ကိုင်းကို အထက်မြှောက်လိုက် သည့်အခါ ကြိုးလည်းမပြတ်–ကိုင်းလည်း မကျိုးဘဲ လေးညို့ (လေးကြိုး)၌ မြားတင် ပြီးသား ဖြစ်နေ၏၊ ထိုမျှခိုင်မာသောလေးကို “ပိုလ်ချိန်တထောင်ဝန်ကို ဆောင်သော လေး”ဟု ခေါ်၏၊ ထိုလေးမျိုးကို တင်နိုင် ချနိုင်လောက်အောင် ခွန်အားရှိသူသည်း သဟဿထာမဓနု (ပိုလ်ချိန်တထောင်ဝန်ကို ဆောင်သောလေးရှင်)” မည်၏။] ဝိဒိတဓမ္မောကို ဤ၌ပြထားသော်လည်း “ဇိတိန္ဒြိယော” စသည်ကဲ့သို့ တတိယာ ဗဟုဗ္ဗီဟိဆိုလျှင် သာ၍ သင့်မည်ထင်၏၊ “သေယျထာဝိ ဘိက္ခဝေ စတ္တာရော ဒဠှဓမ္မာ ဓနုဂ္ဂဟာ (သဂါထာဝဂ္ဂ–ဘိက္ခုသံယုတ်)စသည်၌ ပစ္စက္ခဓမ္မာကဲ့သို့ “ဒဠှဓမ္မာ”ဟု အာကာရန္တပုဒ်ရှိ၏၊ ထိုပုဒ်၌ “ဒဠှံ ဓနု ယဿ”ဟု ဝိဂ္ဂြိုဟ်ပြု၍ “ဒဠှဓန္ဝာ”ဟု ရုပ်ပြီးပြီး မှ ဓန္ဝာကို သုတ်ကြီးဖြင့် ဓမ္မာပြုသည်၊ ဒဠှဓမ္မာ–ခိုင်မြဲသောလေးရှိသူ၊ “ရုပ်စဉ်ကို “သာ”ဟူသော ပုလ္လိင်အာကာရန္တပုဒ်၌ ညွှန်ပြခဲ့ပြီ။

www.dhammaransi.com



ဟူသည်၊ ပုပ္ဖါနိစ-ပန်းတို့လည်းဟုတ်ကုန်၏၊ ဣတိ-ကြောင့်၊ နာနာဒုမပတိတ-ပုပ္ဖါနိ-တို့မည်၏၊ တေဟိ-ထိုအထူးထူး အပြားပြားကုန်သော သစ်ပင်တို့မှ ကြွေကျကုန်သောပန်းတို့ဖြင့်၊ ဝါသိတာ-ထုံအပ်ကုန်သည်တည်း၊ နာနာဒုမ-ပတိတ ပုပ္ဖဝါသိတာ-တို့၊ ယဿ ပဗ္ဗတရာဇဿ-အကြင်တောင်မင်း၏၊ နာနာဒုမ၊ ပေ ၊ ဝါသိတာ-ကုန်သော၊ သာနူ-တောင်အပြင်တို့သည်၊ (သန္တိ)၊ ဣတိ,သောအယံ-ထိုတောင်မင်းသည်၊ နာနာ ၊ ပေ ၊ သာနူ-မည်၏၊ ပဗ္ဗတော-တောင်တည်း၊ အယံ ပန-ဤ သမာသ်သည်ကား၊ ကမ္မဓာရယ တပ္ပုရိသ ဂဗ္ဘော-အတွင်း၌ ကမ္မဓာရဲ, တပ္ပုရိသ်ရှိသော၊ (ကမ္မဓာရဲ တပ္ပုရိသ်အတွင်းငုပ်သော)တုလျမိကရဏ ဗဟုဗ္ဗီဟိ-တုလျာဓိကရဏ် ဗဟုဗ္ဗီဟိတည်း။

တထာ တူ၊ ဗျာလမ္ဗော-အထူးထူး တွဲလျားကျသော၊ အမ္ဗုဓရော-မိုးတိမ်တည်း၊ ဗျာလမ္ဗမ္ဗုဓရော-တိမ်၊တဿ-ထို အထူးထူး တွဲလျားကျသော မိုးတိမ်၏၊ ဗိန္ဒူနိ-ရေပေါက်တို့တည်း၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒူနိ-တို့၊ တေဟိ-ထိုအထူးထူး တွဲလျားကျသောမိုးတိမ်၏ ရေပေါက်တို့သည်၊ စုမ္ဗိတော-စုပ်အပ်သည်တည်း၊ ဝါ-စိမ့်ဝင်အပ်သည်တည်း၊ ဗျာလမ္ဗမ္ဗုဓရ ဗိန္ဒုစုမ္ဗိတော-သည်၊ ယဿ-အကြင် တောင်၏ တာဒိသော-ထိုသို့ရှုအပ်သော၊ ကူဋော-တောင်ထွတ်သည်။ (အတ္ထိ, ဣတိ) သော အယံ-ထိုတောင်သည်၊ ဗျာလမ္ဗမ္ဗုဓရဗိန္ဒု စုမ္ဗိတကူဋော-မည်၏၊ ဣစ္စာဒိ-ဤသို့ အစရှိသည်တည်း။

---

နာနာဒုမ ၊ ပေ ၊ တုလျာဓိကရဏဗဟုဗ္ဗီဟိ—"နာနာဒုမ ပတိတ ပုပ္ဖဝါသိတ သာနု"ကား "နာနာ၊ပေ၊ဝါသိတာ+သာနူ"ဟု သမာသ်ပုဒ် ၂—ခု အရတူသော ကြောင့် တုလျာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်တည်း၊ ထိုဗဟုဗ္ဗီဟိ သမာသ်ကြီး၏အတွင်း၌ "နာနပ္ပကာရာ+ဒုမာ, နာနာဒုမာ"စသော ကမ္မဓာရဲ "နာနာဒုမေဟိ+ပတိတာနိ, နာနာဒုမ ပတိတာနိ"စသော တပ္ပုရိသ်များပါဝင်လျက်ရှိသောကြောင့် "ကမ္မဓာရယ တပ္ပုရိသဂဗ္ဘ"ဟု ခေါ်ထားသည်၊ ကိုယ်ဝန်ဆောင် ခွေးမကြီး၏အတွင်း၌ ကိုယ်ဝန် ခွေးကလေးတွေ ပါဝင်နေသကဲ့သို့ ဗဟုဗ္ဗီဟိသမာသ်ကြီး၏အတွင်း၌ ကမ္မဓာရဲတပ္ပုရိသ် ကလေးတွေ ပါဝင်နေသည်—ဟူလို၊ "တေဟိ+ဝါသိတာ"၌ တေဟိဖြင့် "နာနာဒုမ ပကတိ ပုပ္ဖေဟိ"ကို ညွှန်ပြသည်၊ စကားကျဉ်းအောင် "တေဟိ"ဟု ဆိုထားသည်၊ နောက်"တဿ—တာဒိသော"တို့၌လည်း ဤနည်းပင်၊ သာနုသဒ္ဒါသည် "တောင် အပြင်"ကို ဟောသော ပုလ္လိင်ဟု တောမနိမိ ဆို၏၊ ထို့ကြောင့်"သာနု"၌ ကေဝုစ် ဟုမှတ်၊"ဗျာလမ္ဗမ္ဗုဓရ ဗိန္ဒုစုမ္ဗိတကူဋော"လည်း လွယ်ပြီ။

www.dhammaransi.com



သတ္တမိယတ္ထေ ဗဟုဗ္ဗီဟိ၊ ယထာ၊ ယသ္မိံ ဇနပဒေ-အကြင်ဇနပုဒ်၌၊ သမ္ပန္နာနိ-ပြည့်စုံကုန်သော၊ သဿာနိ-ကောက်စပါးတို့သည်၊ (သန္တိ,ဠတိ သော အယံ-သည်၊ သမ္ပန္နသဿော-မည်၏၊ ဇနပဒေါ-တည်း၊ ဠမသ္မိံ-ဤအရပ်၌၊ သုလဘော-လွယ်ကူစွာ ရအပ်သော၊ ဝါ-ရလွယ်သော၊ ပိဏ္ဍော-ဆွမ်းသည်၊ (အတ္ထိ)ဠတိ,သော, သုလဘပိဏ္ဍော မည်၏၊ ဒေသော-အရပ်တည်း၊ ယသ္မိံ ရာဇဓာနိယံ-အကြင် မင်း နေပြည်၌၊ အာကိဏ္ဏာ-ရောပြွမ်းကုန်သော၊ မနုဿာ-လူတို့သည်၊ (သန္တိ, ဠတိ)သာ-ထိုမင်းနေပြည်သည်၊ အာကိဏ္ဏမနုဿာ-မည်၏၊ ရာဇဓာနီ-မင်းနေပြည်တည်း၊ ဧတသ္မိံ-ဤကျောင်းသခ်မ်း၌၊ ဗဟဝေါ-များကုန်သော၊ တာပသာ-ရသေ့တို့သည်၊ (သန္တိ)ဠတိ,သော, ဗဟုတာပသော-မည်၏၊ အဿမော-ကျောင်းသခ်မ်းတည်း၊ အသ္မိံ-ဤကိုယ်၌၊ ဥပစိတံ-

---

စတုတ္ထီ နှင့် ဆဋ္ဌီသမာသ် ခွဲခြားချက်။ ။ဤမျှလောက်သော စကားအစဉ်ဖြင့် ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ် အပြီးသတ်ခဲ့ပြီ၊ ပြခဲ့သော သမာသ်များကို စိစစ်သည့် အခါ "ဒိန္နော သုင်္ကော ယဿ, ဥပဟဋော ဗလိ ယဿ"စသည်ဖြင့် ခံယူမှု (ပဋိဂ္ဂါဟက လက္ခဏာ)ရှိရာ အနည်းငယ်၌သာ စတုတ္ထီ သမာသ် ဖြစ်ကြောင်း "ဆိန္နော ဟတ္ထော ယဿ"ကဲ့သို့ သမ္ဗန် သမ္ဗန္ဓီဖြစ်ရာ များစွာတို့၌ကား ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဖြစ်ကြောင်း သိသာ၏၊ယခုအခါ မြန်မာနိဿယတို့၌ ဆဋ္ဌီဖြစ်လောက်သောအရာဝယ်"အတ္ထိ,သန္တိ" စသော ကြိယာကိုငဲ့၍ စတုတ္ထီသံ "အား"ဟု မြန်မာပြန်ကြ၏၊မြန်မာပြည်ဖြစ် သီလက္ခန် ဋီကာသစ်၌ပင်"ယသ္မာ ပနဿ၊ပေ၊အပစ္စက္ခံ နာမ နတ္ထိ"ဝယ် "အဿာတိဝါ နတ္ထိတိ ဧတ္ထ ကြိယာ ပဋိဂ္ဂါဟကဝစနံ=အဿသည် နတ္ထိ၌စပ်ဆိုရာ ကြိယာ ပဋိဂ္ဂါဟကသမ္ပဒါန်" ဟု ဖွင့်၏၊ သို့သော် "အတ္ထိ—နတ္ထိ"စသော ကြိယာတို့သည် သမ္ပဒါန်ကို ငဲ့သည်—ဟု သမ္ပဒါန်အခဏ်း၌ မဆိုခဲ့ချေ၊"ယသ္မာ ပနဿ"၌ အဿလည်း ("ပစ္စက္ခဓမ္မာ"သည် ဆဋ္ဌီသမာသ်ဖြစ်သကဲ့သို့) "အပစ္စက္ခံ သုဗ္ဗုဂေယျာဒိကံ"၌ စပ်သော ဆဋ္ဌီသာတည်း၊ "ထို အရှင် အာနန္ဒာ၏ မျက်မှောက် မဟုတ်သော သုတ္တဂေယျ စသည် မရှိ"ဟူလို၊ ထို့ကြောင့် ဗဟုဗ္ဗီဟိ သမာသ် ဝါကျမှန်လျှင် "အတ္ထိ-နတ္ထိ-သန္တိ"တို့ ထည့်ရိုးဖြစ်နေ ရကား ထိုကြိယာများ၌ စပ်၍ စတုတ္ထီသမာသ်ဟု မမှတ်သင့်၊ ပဋိဂ္ဂါဟက လက္ခဏာ (ခံယူခြင်းသဘော) ပါသော အရာ၌သာ စတုတ္ထီ ဗဟုဗ္ဗီဟိ ဖြစ်သင့်၍ ခံယူခြင်းသဘော မပါလျှင် ဆဋ္ဌီဗဟုဗ္ဗီဟိသာ ဟု ခွဲခြားသင့်သည်။

သတ္တမိယတ္ထေ—ယသ္မိံ ဟူသော အညပုဒ်နှင့် သမာသ်ပုဒ် တစိတ်တို့ "အာဓာရ+ အာဓေယ"အဖြစ်ဖြင့်စပ်၍ရလျှင် သတ္တမီဗဟုဗ္ဗီဟိတည်း၊သမ္ပန္နသဿော၌ ဇနပုဒ်သည် ကောက်စပါးတို့၏ တည်ရာ အာဓာရဖြစ်၏၊ "ဗဟဝေါ ဝီဟယော ယသ္မိံ"ဟု ဝိဂ္ဂြိုဟ် ပြုလျှင် ဗဟုဗ္ဗီဟိအရ ဇနပုဒ်ကိုရ၏၊ "ဗဟဝေါ ဝီဟယော ယဿ"ဟု ဆဋ္ဌီသမာသ် ပြုလျှင် ကောက်စပါးတို့၏ ဒဲရှင် ဖြစ်သူ လူရ၏၊ အားလုံး ပုဒ်များ လွယ်ပြီ၊ "ရာဇာ မိယတေ ယဿံတိ ရာဇဓာနီ"ဟု ထောမနိဓိ၌ရှိရကား ရာဇဓာနီမဟုတ်,ရာဇဓာနီ သာ၊

www.dhammaransi.com



အဿမော – ကျောင်းသခ်မ်းတည်း၊ အသ္မိံ – ဤကိုယ်၌၊ ဥပစိတံ - ဆည်းပူးအပ်သော၊ မံသလောဟိတံ – အသား အသွေးသည်၊ (အတ္ထိ) ဣတိ တံ, ဥပစိတမံသလောဟိတံ – မည်၏၊ သရီရံ – ကိုယ်တည်း၊ အသ္မိံ – ဤ မြို့၌၊ ဗဟဝေါ, သာမိနော–ဥစ္စာရှင်တို့သည်၊ (သန္တိ)ဣတိ တံ, ဗဟုဿာမိကံ–မည်၏၊ နဂရံ–တည်း။

(၃၅၅) အသ္မိံ–ဤဇနပုဒ်၌၊ ဗဟူနဒိယော၊ (သန္တိ) ဣတိအတ္ထေ–၌၊ သမာသာဒိမှိ ကတေ (က ပစ္စယော ဟောတိ–၌ စပ်၊) သမာသန္တဂ္ဂဟဏံ, ကပစ္စယော စ–ကပစ္စည်းရင်း၊ ဝတ္တတေ။

နဒိမှာစ။ ။သမာသန္တဂတာ - သော၊ နဒိမှာ – နဒီမည်သော ဤ, ဦ အက္ခရာမှ နောက်၌၊ ကပစ္စယော–သည်၊ ဟောတိ၊ စသဒ္ဒေန–ဖြင့်၊ တုအန္တာစ–တုပစ္စည်း အဆုံးရှိသော သဒ္ဒါမှနောက်၌လည်း (ကပစ္စယော ဟောတိ)၊ ဝစနံ–ဤသုတ်ကို ဆိုရခြင်းသည်၊ နိစ္စတ္ထံ–အမြဲ က ပစ္စည်း သက်ရခြင်း အကျိုးရှိ၏၊ စ–ဆက်၊ ဧတ္ထ–ဤသုတ်၌၊ နဒီတိ–နဒီ ဟူသော အမည်သည်၊ ဣတ္ထိဝါစကာနံ–ဣတ္ထိလိင်ကို ဟောကုန်သော၊ ဤ ကာရူကာရာနံ–ဤ အက္ခရာ, ဦ အက္ခရာတို့၏၊ ပရသမညာ–တပါးသော သက္ကတကျမ်းတို့၏ အမည်တည်း၊ တတော – ထိုမှ နောက်၌၊ ကွစာဒိ မဇ္ဈေတ္တရာနံတျာဒိနာ – ကွစာဒိ မဇ္ဈေတ္တရာနံ အစရှိသော သုတ်ဖြင့်၊ နဒီသညာ – နဒီ အမည်ရှိသော (ဤ) အက္ခရာ၏၊ ကပစ္စယေ–ကြောင့်၊ ရဿတ္တံ–ဟောတိ၊ (ဗဟုနဒိကော–များသော မြစ်ရှိသော၊ ဇနပဒေါ–ပုဒ်၊ ဧဝံ, ဗဟုဇမ္ဗုကံ–များသော သပြေပင်ရှိသော၊ ဝနံ–တော၊

---

ယဿံ–အကြင်နေပြည်၌၊ရာဇာ–မင်းကို၊ ဓိယတေ–ထားအပ်၏"ဟုပေး၊ "အဿမ" ဟူသည် ကျောင်းတဆောင်၏ အမည်မဟုတ်, ကမ္မဋ္ဌာန်းကျောင်း-စကြံ စသည်ရှိသော ကမ္မဋ္ဌာန်းကျောင်းဝိုင်း တခုလုံး၏အမည်တည်း၊သာမိကို သက္ကတ၌ "သွာမီ"ဟုရေး၏၊ ပါဠိ၌ ဝဆွဲပျောက်၍ ရှေ့ပုဒ်နှင့် တွဲသည့်အခါ ထို ဝဆွဲအစား ဒွေဘော် လာရသည်၊ ထို့ကြောင့် "ဗဟုဿာမိကံ"ဟု ပါဠိမှန်ရှိစေ။

(၃၅၅) နိစ္စတ္ထံ ဝစနံ–"ဗဟုနဒိကော"စသည်၌ ကွစိသမာသန္တ စသောသုတ်၌ ကာရသဒ္ဒါဖြင့် က ပစ္စည်း သက်လျှင် ပြီးကောင်းသော်လည်း ထိုသုတ်၌ ကွစိသဒ္ဒါ ပါခြင်းကြောင့် ထိုသုတ် အစီအရင်သည် မမြဲ၊ ထို့ကြောင့် ဤသုတ်ကို ဆိုခြင်းသည် နဒီ မည်သော ဤ-ဦတို့ နောက်၌ အမြဲ ကပစ္စည်းသက်ရခြင်း အကျိုးရှိ၏၊ ဆိုလိုရင်းကား– "သိဒ္ဓေ သတိ ပိ အာရဗ္ဘော နိယမာယ ဝါ ဟောတိ အဉ္ဉတ္ထ ရဝိညာပနာယ ဝါ"ဟူသော ပရိဘာသာနှင့်အညီ ဤသုတ်ကို ထပ်၍ဆိုသဖြင့် နိယမ (အမြဲ ကပစ္စည်း သက်ရခြင်း) အကျိုးရှိသည်–ဟူလို။

www.dhammaransi.com



ဗဟုနာရိကောတိ–ဗဟုနာရိကောပြယုဂ်သည်၊ဆဋ္ဌီဗဟုဗ္ဗီဟိနာ၊ဆဋ္ဌီဗဟုဗ္ဗီဟိဖြင့်၊ သိဒ္ဓံ–ပြီး၏၊အသ္မိံ–ဤအရပ်၌၊ ဝါ–တနည်း၊ အဿ–ဤအရပ်၏၊ ဗဟဝေါ–ကုန်သော၊ကတ္တာရော-အလုပ်သမားတို့သည်၊(သန္တိ)ဣတိ,ဗဟုကတ္တုကော-မည်၏ ဒေသော–အရပ်တည်း၊ ဝေံ, ဗဟုဘတ္တုကော-များသောအရှင်ရှိသောအရပ်။

---

**နဒီတိစေတ္တ၊ပေ၊ပရသမညာ**——ကလာပ်၌ "ဤဒုတ် ဩသျောချော် နဒီ (ဤ ဦ ဣတ္ထိချာ နဒီ)"ဟု သုတ်တည်၍ ဣတ္ထိလိင်ဖြစ်သော ဤ ဦတို့ကို "နဒီ"ဟု နာမည်မှည့်၏၊ ထို့ကြောင့် နဒီဟူသော နာမည့်သည် ဣတ္ထိလိင် ဤ-ဦတို့ကို မှည့်သော သင်္ကေတ ကျမ်းလာ နာမည်တည်း၊ သို့ဖြစ်၍ "နဒိမှာစ"သုတ်၌ နဒီ အရ နဒီသဒ္ဒါ တခုကိုသာ မယူရ, နဒီ–နာရီ–ကုမာရီ–ဇမ္ဗူ–ဝဓူ စသော ဣတ္ထိလိင် ဤ ဦကာရန္တ သဒ္ဒါစုံကို ယူရမည်၊ထို နဒီနာမည်တွင် ကတ္တု ဘတ္တုကဲ့သို့ ဥ ကာရန္တ ပုလ္လိင်သဒ္ဒါမပါသောကြောင့် ထို သဒ္ဒါစုံတို့ကား နဒိမှာစ၌ စသဒ္ဒါဖြင့် ဆည်းယူရမည်ဟု "စ သဒ္ဒေန တုအန္တာစ"ဟု ရူပသိဒ္ဓိမိန့်သည်။ [ မြန်မာမူ၌ "ကတ္တုအန္တာစ"ဟု ရှိသည်ကား "ဘတ္တု"စသော ပုဒ်များ၌ မနံ့သောကြောင့် "တုအန္တာစ"ဟု ရှိသော သီဟိုဠ်မူကောင်း၏၊ ဤကတ္တု ဘတ္တုစသော တုပစ္စယန္တ ပုဒ်များနောင် က ပစ္စည်း အမြဲ သက်စေလိုသောကြောင့် 'ကွစိ သမာသန္တ'သုတ်၌ ကာရသဒ္ဒါဖြင့် ကပစ္စည်း မသက်ဘဲ နိစ္စဝိဓိပြုသော ဤသုတ်၏ စ သဒ္ဒါဖြင့်သာ သက်စေသည်–ဟု မှတ်။]

**တာတော၊ပေ၊ဖေံဗဟုကတ္တုကော**——"ဗဟုနဒိက"ဟု ဖြစ်သောအခါ ကွစာဒိ မဇ္ဈေ ရဿရာနံသုတ်ဖြင့် ရဿပြု၊ ဗဟူ+ဇမ္ဗူ ယသ္မိံ ပဒေ ဗဟုဇမ္ဗုကံ၊ဗဟုနာရိကော ပုဒ်ကား များသောမိန်းမရှိသော ယောကျ်ားကိုရသောကြောင့် သတ္တမီဗဟုဗ္ဗီဟိ သမာသ်မဟုတ်၊ "ဗဟူ+နာရိယော ယဿာတိ ဗဟုနာရိကော"ဟု ဆဋ္ဌီ ဗဟုဗ္ဗီဟိဖြင့် ပြီးသည်၊ ဆဋ္ဌီ ခဏ်း၌ ပြခဲ့သော "ဗဟုဒါသိကော, ဗဟုကုမာရိကံ (ကုလံ)"တို့၌လည်း ဤသုတ်ဖြင့် က ပစ္စည်းသက်၊ "ဗဟုဝဓုကံ–များသော မိန်းမရှိသော အိမ်၊ ဗဟုဗြဟ္မဗန္ဓုကော- များသော ပုဏ္ဏေးမရှိသောရွာ"တို့လည်း နည်းတူ၊ ဗြဟ္မဗန္ဓူ–ပုဏ္ဏေးမ။

"ဗဟုကတ္တုကော"စသည်ကား စ သဒ္ဒါ၏ပုံစံဘည်း၊သတ္တမီ-ဆဋ္ဌီ ဗဟုဗ္ဗီဟိ ၂-မျိုး ရနိုင်၍"အသ္မိံ,အဿ"ဟု ပြသည်၊ မှန်၏–အရပ်ဒေသကိုအလုပ်သမားတို့၏ တည်ရာ ဟု သဘောပိုက်လျှင် သတ္တမီသင့်၍, ထိုရပ်ကွက်၏ အလုပ်သမားဟု သမ္ဗန္ဓသဘော ထားလျှင် ဆဋ္ဌီ ဗဟုဗ္ဗီဟိ သင့်သည်၊ ဗဟုဘတ္တုကောလည်း ၂-မျိုးရပင်၊ မောဂ္ဂလ္လာန် နိဿယ၌ကား–ဗဟု ကတ္တုကောအရ အလုပ်သမားများစွာ လုပ်ရသော ပြာသာဒ်ကို အရကောက်၍ "ဗဟဝေါ ကတ္တာရော ဧတဿ ပါသာဒဿ"ဟု ဆဋ္ဌီ သမာသ်သာ ပြုသည်။

www.dhammaransi.com



ဘိန္နာဓိကရဏော-ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ သည်၊ ယထာ-နည်း၊ အသာ-ထိုသူ၏၊ ကေရတ္တိံ-တည့်ဉ့်မျှ၊ ဝါသော-နေခြင်းသည် (အတ္ထိ) ဣတိ, ကေရတ္တိံဝါသော-မည်၏၊ အဿ-၏၊ သမာနေန-တူသော၊ ဇနေန-လူနှင့်၊ သဒ္ဓိံ-တကွ၊ ဝါသော အတ္ထိ ဣတိ သမာနဝါသော၊ ပုရိသော-တည်း၊ အဿ-၏၊ ဥဘတော-၃-ပါးသော ကံကြောင့်၊ (သမုဋ္ဌိတံ-ဖြစ်ပေါ်သော၊) ဗျဉ္ဇနံ-ဗျည်းသည်၊ အတ္ထိ ဣတိ, ဥဘတောဗျဉ္ဇနကော-မည်၏၊ အဿ-၏၊ ပါဏိမှိ-လက်၌၊ ဆတ္တံ-ထီးသည်၊ (အတ္ထိ) ဣတိ ဆတ္တပါဏိ-၏၊ ပုရိသော-တည်း၊ [ဆတ္တပါဏိ-လက်၌ ထီးရှိသူ၊ ဝါ-ထီးလက်စွဲသူ၊] ဧဝံ, ဒဏ္ဍပါဏိ-လက်တုတ်၌ရှိသူ၊ဝါ-တုတ်ကိုင်သူ၊သတ္တပါဏိ-လက်၌လက်နက်ရှိသူ၊ဝဇိရပါဏိ-လက်၌ ဝရဇိန်ရှိသူ၊ ခဂ္ဂဟတ္ထော-လက်၌ သန်လျက်ရှိသူ၊ သတ္တဟတ္ထော-လက်၌ လက်နက်ရှိသူ၊ အဿ-ထိုသူ၏၊ ဒါနေ-အလှူ၌၊ အဇ္ဈာသယော-အလိုသည် (အတ္ထိ) ဣတိ,ဒါနဇ္ဈာသယော၊ ဒါနာဓိမုတ္တိကော-ဒါန၌ စွဲမြဲစွာ သက်ဝင်ခြင်းရှိသူ၊ ဗုဒ္ဓ ဘတ္တိကော-ဘုရား၌ ဆည်းကပ်ခြင်းရှိသူ၊ သဒ္ဓမ္မဂါရဝေါ-သူတော်ကောင်းတရား၌ ရိုသေခြင်းရှိသူ၊ ဣစ္စာဒိ။

တိပဒေါ-တိပဒ ဗဟုဗ္ဗီဟိသည်၊ ယထာ-နည်း၊ ယေဟိ-အကြင်ယောကျ်ား မြတ်တို့သည်၊ ပရက္ကမေန-လုံ့လကြောင့်၊ အဓိဂတာ-ရအပ်သော၊ သမ္ပဒါ-ပြည့်စုံခြင်းသည် (အတ္ထိ)၊ ဣတိ, တေ, ပရက္ကမာဓိဂတသမ္ပဒါ-တို့မည်သည်၊ ဘဝန္တိ-ကုန်၏၊ မဟာပုရိသာ-ယောကျ်ားမြတ်တို့တည်း၊ ဧဝံ, ဓမ္မာဓိဂတ ဘောဂါ-တရားသဖြင့် ရအပ်သော စည်းစိမ်ရှိသူတို့၊ ယေန-အကြင်သူသည်၊

---

ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ—ကေရတ္တိံအရ-ညဉ့်ရ၍,ဝါသောအရ-နေခြင်းကြိယာ ရသဖြင့် သမာသ်ပုဒ် ၂—ခုသည် တည်ရာ အနက်ချင်း မတူကြ၊ ဤသို့ သမာသ် ပုဒ်ချင်း အနက်အရ မတူသော သမာသ်သည် ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ မည်၏၊ "ဘိန္န အဓိကရဏံ ယဿာတိ ဘိန္နာဓိကရဏော"၊ သမာနဝါသော၌ "သမာနေန သဒ္ဓိံ-ဝါသော ယဿ"သာ လိုရင်းတည်း၊ ဇနေနကား သမာန အရကို ထင်ရှား ရုံသာ ထည့်အပ်သောပုဒ်ဖြစ်သည်၊သဒ္ဓိံကိုလည်း ဝုတ္တတ္ထာန မပ္ပယောဂေါဖြင့်ချေ၊ဥဘတော-ဗျဉ္ဇနကော ကား တောပစ္စည်း မကျေသော အလုတ္တသမာသ်ဘည်း၊ ကွစိသမာသန္တဖြင့် ကပစ္စည်းလည်း သက်ရမည်၊ နောက်၌ ကပစ္စည်း ပါသမျှဝယ် ဤနည်းချည်းမှတ်၊ "ဒါနေ+အဓိမုတ္တိ ယဿ, ဗုဒ္ဓေ+ဘတ္တိ ယဿ, သဒ္ဓမ္မေ+ဂါရဝေါ ယဿ"ဟု ပြု၊ [မိန်းမ ဖြစ်ထိုက်သော ကံနှင့် ယောကျ်ားဖြစ်ထိုက်သော ကံ, ၂-မျိုး ပါလာ၍ မိန်းမ အင်္ဂါ-ယောကျ်ားအင်္ဂါ ၂-မျိုးလုံး တလှည့်စီ ထင်ရှားပေါ်နေသူကို "ဥဘတောဗျည်း" ဟုခေါ်သည်။]

www.dhammaransi.com



ပတ္တတော-သပိတ်မှ၊ ဩနီတော-ဖယ်အပ်သော၊ ပါဏိ-လက်သည်၊ (အတ္ထိ-ဣတိ) သောအယံ-ထိုသူသည်၊ ဩနီတပတ္တပါဏိ-မည်၏၊ အဿ-ထို ဘုရားရှင်၏၊ သီဟဿ-ခြင်္သေ့၏၊ ပုဗ္ဗဒ္ဓိဝိယ-ရှေ့ထက်ဝက် ကိုယ်ကဲ့သို့သော၊ ကာယော, ကိုယ်သည် (အတ္ထိ)ဣတိသီဟပုဗ္ဗဒ္ဓကာယော-မည့်တော်မူ၏၊ အဿိံ-ဤတော၌၊ မတ္တာ-မုန်ယစ်ကုန်သော၊ ဗဟဝေါ-များကုန်သော၊ မာတင်္ဂါ-ဆင်တို့သည် (သန္တိ)ဣတိ, မတ္တဗဟုမာတင်္ဂံ-မည်၏၊ ဝနံ-တောတည်း၊ ဣစ္စာဒိ။

နနိပါတ ပုဗ္ဗပဒေါ-နနိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသည်၊ ယထာ-နည်း၊ တေဿ-ဤဘုရားရှင်၏၊ သမော-တူသူသည်၊ နတ္ထိ-မရှိ၊ ဣတိ, အသမော-၏၊ ဘဂဝါ-တည်း၊ ဣဓ-ဤပြယုဂ်၌၊ အတ္တံ နဿ တပ္ပုရိသေတိ သုတ္တေ-၌၊ အတ္တံ နဿာတိ ယောဂဝိဘာဂေန-ဖြင့်၊ နဿ-န၏၊ အတ္တံ(ဟောတိ)၊ ဧဝံ, အပ္ပဋိ ပုဂ္ဂလော-ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူသောဘုရား၊ အပုတ္တကော-သားမရှိသူ၊ အဟေတုကော-ဟိတ်မရှိသောတရား၊ က္ဝစိသမာသန္တ ဣစ္စာဒိနာ-က္ဝစိ သမာသန္တအစရှိသောသုတ်ဖြင့်၊ ကပစ္စယော-သက်၊ ဧတေသံ-ဤသူတို့၏၊ သံဝါသော-အတူနေခြင်း (ပေါင်းသင်းခြင်း)သည်၊ နတ္ထိ-မရှိ၊ ဣတိ အသံဝါသာ-တို့ မည်၏၊ [သီဟိုဠ်မူ၌ "နတ္ထိသံဝါသော ဧတေနာတိ အသံဝါသော"ဟု ရှိ၏၊] ဧတ္ထ-ဤဇနပုဒ်၌၊ ဝုဋ္ဌိ-မိုးရွာခြင်းသည်၊ နဝိဇ္ဇတေ၊ ဣတိ, အဝုဋ္ဌိကော-၏၊

---

တိပဒ ဗဟုဗ္ဗီဟိ—"ပရက္ကမေန+အဓိဂတာ+သမ္ပဒါ"ဟု ၃-ပုဒ် ရှိသောကြောင့် "တီဏိ+ပဒါနိ ယဿ"ဟူသော ဝိဂ္ဂြိုဟ်အရ "တိပဒဗဟုဗ္ဗီဟိ"မည်၏၊ ဓမ္မေန+(တရားသဖြင့်) အဓိဂတော+ဘောဂေါ ယေဟီတိ ဓမ္မာဓိဂတဘောဂါ၊ သီဟ-ပုဗ္ဗဒ္ဓကာယော၌ ဝိဂ္ဂြိုဟ်တွင်းရှိ "ဣဝ"ပုဒ်ကို ဝုတ္တတ္ထာန မပ္ပယောဂေါဖြင့် ချေ။

နနိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ—နနိပါတ် ရှေးရှိသော သမာသ်တည်း၊ "န+တေ+သမ"တည်၊ န နောင် သိချေ၊ "န+တေဿ+သမော"ဟု ဝါကျ ပြီးစေ၊ ဝိဂ္ဂြိုဟ်၌ "နတ္ထိ"မှာ န၏ကိုယ်စားသာတည်း၊ထို့ကြောင့် ရုပ်တွက်ရာ၌"န"သာ တည်ရသည်၊ "န သမ"ဟု ပကတိပြုပြီးသောအခါ"အတ္တံ နဿ" ယောဂဝိဘာဂဖြင့် န ကို အ-ပြု၊ "နတ္ထိ+ပဋိပုဂ္ဂလော (ပဋိ-ဆန့်ကျင်ဘက်,ပြိုင်ဘက်ဖြစ်သော+ပုဂ္ဂလော-ပုဂ္ဂိုလ်သည်) ဧဿ, နတ္ထိ+ပုတ္တော ယဿ, နတ္ထိ+ဟေတု ယဿ"ဟု ပြု၊ အသံဝါသော၌ "သောစ ဝုတ္တပ္ပကာရော သံဝါသော ဧတေန ပုဂ္ဂလေန (ထိုပါရာဇိကကျပြီးပုဂ္ဂိုလ်နှင့်) သဒ္ဓိံ နတ္ထိ"ဟူသော ပါရာဇိကဋ္ဌကထာကို ထောက်လျှင် "နတ္ထိ+သံဝါသော ဧတေနာတိ အသံဝါသော"ဟူသောသီဟိုဠ်မူကောင်း၏၊"သံဝါသောစတဟိ (ထိုပါရာဇိက

www.dhammaransi.com



ဇနပဒေါ-တည်း၊ အဘိက္ခုကော-ရဟန်း မရှိသော၊ ဝိဟာရော-ကျောင်း၊ ဧတဿ-ဤ ဘုရားရှင်ထက်၊ ဥတ္တာရော - လွန်မြတ်သူသည်၊ နတ္ထိ, ဣတိ, အနုတ္တရော-၏၊ သရေအန်တိ-သုတ်ဖြင့်၊ အန်-အန်ပြု၊ တပ္ပုရိသဂ္ဂဟဏံ-တပ္ပုရိသ သဒ္ဒါသည်၊ ဥပလက္ခဏံ-မှတ်သားကြောင်း သဒ္ဒါတည်း၊ အထဝါ-တနည်းကား၊ .... တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ နဿ-န၏၊ အန်-အန် အပြု သည် (ဟောတိ)၊ ဧဝံ, အဿ-ထို ဝိညာဉ်၏၊ အန္တော-အဆုံးသည်၊ နတ္ထိ, ဣတိ, အနန္တံ-၏၊ ဧတေသံ-ထိုရဟန္တာတို့၏၊ အာသဝါ-တို့သည်၊ နဝိဇ္ဇန္တိ၊ ဣတိ, အနာသဝါ-တို့မည်၏၊ ဣစ္စာဒိ-တည်း။

ပဉ္စမာယတ္တော - ပဉ္စမာဝိဘတ်၏ အနက်၌၊ သဟပုဗ္ဗပဒေါ - သဟရှေ့ပုဒ် ရှိသော ဗဟုဗ္ဗီဟိသည်၊ ယထာ-နည်း၊ ယော-အကြင်တရားသည်၊ ဟေတုနာ-ဟိတ်နှင့်၊ သဟ, ဝတ္တတေ၊ ဣတိ, (သော)သဟေတုကော-မည်၏၊ သဟေ တုဝါ-သဟေတုလည်း ဖြစ်၏၊ တေသု ဝုဒ္ဓိတျာဒိနာ-ဖြင့်၊ သဟသဒ္ဒဿ-၏၊

---

ကျသူ၌) နတ္ထိ''ဟူသော ပဒိဝါ (ဂါထာသင်္ဂဟိက) ကိုထောက်လျှင်''နတ္ထိ သံဝါသော တဟိံ တိအသံဝါသော''ဟု သတ္တမီ ဗဟုဗ္ဗီဟိလည်းဖြစ်သင့်၏၊ ''ဤသူ၏+သံဝါသ''ဟု သမ္ဗန်+သမ္ဗန္ဓီ မဖြစ်နိုင်ရကား ''နတ္ထိ သံဝါသော ဧတဿ''ကို ဆင်ခြင်သင့်၏၊ စတုတ္ထီမှာ သာ၍ပင် မသင့်။

**သရေအန်၊ ပေ၊ နဿ အန်**—အနုတ္တရော၌ ''န ဥတ္တရ''ဟု ပကတိပြုပြီးသော အခါ ''သရေအန်''ဖြင့် န ကို အန်ပြုလျှင် ထိုသုတ်၌ ''တပ္ပုရိသေ''ပုဒ်က လိုက်လျက်ရှိသော ကြောင့် ဤဗဟုဗ္ဗီဟိ အရာဝယ် စီရင်နိုင်ပါမည်လော-ဟု မေးဘွယ် ရှိသောကြောင့် ''တပ္ပုရိသဂ္ဂဟဏံ ဥပလက္ခဏံ''ဟု မိန့်သည်၊ ထိုသရေအန် သုတ်၌ (ရှေ့သုတ်မှ) လိုက်လာသော တပ္ပုရိသသဒ္ဒါသည် ဥပလက္ခဏနည်းမျှသာ ဖြစ်၍ တပ္ပုရိသ် မဟုတ် သော အခြားသမာသ်၌လည်း အန်ပြုနိုင်ပါ၏-ဟူလို။ [ဤနေရာ၌''ဥပလက္ခဏဟူသည် သမာသ်ကို မှတ်ပြသော ဥပလက္ခဏနည်း တည်း၊ န ကို အန်ပြုလျှင် ဝါကျ၌ မပြုရ, တပ္ပုရိသ် သမာသ်ကဲ့သို့သော သမာသ်အရာ၌သာ ပြုရမည်=ဟူလို။] ဤပြခဲ့သော စကားရပ်၌ ဗဟုဗ္ဗီဟိ သမာသ် အရာဝယ် ဥပလက္ခဏနည်းဖြင့် ယူနေရသောကြောင့် တိုက်ရိုက် မဖြစ်နိုင်သေးရကား ''အထဝါ''ဟု တနည်းပြရပြန်သည်၊ ဤနည်း အလို သရေအန်ဖြင့် မပြုဘဲ, တေသုဝုဒ္ဓိသုတ်ဖြင့် န ကို အန်ပြုရသည်။

**သဟ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ**—သဟေတုကော၌''သဟ+ဟေတု,ယ''တည်၊သဟနောင် သိချေ၊ ''သဟ+ဟေတုနာ+ယော''ဟု ဝါကျပြီးစေ၊ ''သဟဟေတု''ဟု ပကတိ ဖြစ်သောအခါ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် သဟကို သပြု, ကွစိသမာသန္တ စသောသုတ်ဖြင့် ကပစ္စည်းသက် ''သဟေတုက''ဖြစ်၏၊ ကပစ္စည်း မသက်ဘဲ ''သဟေတု''လည်းပြီး၏၊ ဤသို့အညပုဒ်၌''ယော''ဟူသော ပဉ္စမာ ဝိဘတျန္တပုဒ်၏ အနက်ဖြစ်သော တရားကို

www.dhammaransi.com



သာဒေသော-ဒင်း၊ ကုစိသမာသန္တ ဣစ္စာဒိနာ-ကုစိသမာသန္တ အစရှိသော သုတ်ဖြင့်၊ ကပစ္စယော စ-ဒင်း၊ (ဟောတိ)၊ ဣမေ-ဤတရားတို့သည်၊ ပီတိ ယာ-ပီတိနှင့်၊ သဟဝတ္တန္တိ, ဣတိ, သပ္ပီတိကာ-တို့မည်၏၊ ဧဝံ(ဣမေ-တို့သည်၊) ပစ္စယေဟိ-အကြောင်းတို့နှင့်၊ သဟ, ဝတ္တန္တိ, ဣတိ, သပ္ပစ္စယာ-တို့မည်၏၊ သကိလေသော-ကိလေသာတို့နှင့် တကွ ဖြစ်သောတရား၊ သဉပါဒါနော-ဉပါဒါန်တို့နှင့် တကွဖြစ်သောတရား၊ သပရိဝါရော-အခြံအရံနှင့် တကွဖြစ်သူ၊ (ယော-အကြင်သစ်ပင်ကို၊) မူလေန-အမြစ်နှင့်၊ သဟ-တကွ၊ ဥဒ္ဓတော-နုတ်အပ်၏၊ (ဣတိ) သမူလုဒ္ဓတော-မည်၏၊ ရုက္ခော-သစ်ပင်တည်း။

ဉပမာန ပုဗ္ဗပဒေါ-ဉပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသည်၊ တာ၀-ဆဋ္ဌိယတ္ထမှ ရှေးဦးစွာ၊ ပဌမာယတ္ထေ-ပဌမာဝိဘတ်၏ အနက်၌၊ ဘဝေ-ဖြစ်၏၊ [သီဟိုဠ်

---

ရသောကြောင့်ရင်း, သဟပုဒ်ရှေးရှိသောကြောင့်ရင်း"ပဌမာယတ္ထေ သဟပုဗ္ဗပဒေါ" ဟု မိန့်သည်၊ နောက်ပုဒ်များ၌ ယွယ်ပြီ၊ သပ္ပီတိကော စသည်၌ ဒွေဘော် လာရှိသာ၊ သဟ + ပရိဝါရေန+ယော ဝတ္တတေတိ သပရိဝါရော၊ "သမူလုဒ္ဓတော"ကိုကား စဉ်းစားရန်ရှိ၏၊ "ဥဒ္ဓတော—နုတ်အပ်"ဟူရာ၌ နုတ်အပ်သော သစ်ပင်ကို ရနေသောကြောင့် အညပုဒ်ထည့်ဘွယ် လိုမည်မထင်၊ သဟ+မူလေန ယံ ဝတ္တတေတိ သမူလံ၊ ယံ—အကြင် နုတ်ခြင်းသည်၊ မူလေန—အမြစ်နှင့်+သဟ ဝတ္တတေ, ဣတိ, တံ—ထိုနုတ်ခြင်းသည်၊ သမူလံ-မည်၏" ဤမျှသာ ပဌမာ ဗဟုဗ္ဗီဟိ ဖြစ်နိုင်သည်၊ "သမူလံ-အမြစ်နှင့်တကွ၊ ဥဒ္ဓတော=နုတ်အပ်သော သစ်ပင်တည်း၊ သမူလုဒ္ဓတော—အမြစ်နှင့် တကွ နုတ်အပ်သော သစ်ပင်"ဟူရာ၌ကား ဒုတိယာ (သို့မဟုတ် ပဌမာ) တပ္ပုရိသ်သာ ဖြစ်သင့်မည် ထင်သည်၊ သဒ္ဒနီတိ၌လည်း သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ အရာဝယ် ဤပုံစံပါလျက် ရှိ၏၊ ထို့ကြောင့် ဗဟုဗ္ဗီဟိ ဖြစ်နိုင်မည့်နည်းကို ကြံစည်ကြပါကုန်။]

သဟပုဒ်ကို သ မပြုဘဲ "သဟမဇ္ဈေရာ-မဇ္ဈေရနှင့် တကွ ဖြစ်သော ပရိဒေဝသောကတို့"ဟုလည်း သဒ္ဒနီတိပြသေး၏၊ ပိဋကတ်၌ အတွေ့များသော "သဒေဝကံ (လောကံ) သမာရကံ, သဗြဟ္မကံ, သဿမဏဗြာဟ္မဏိံ (ပဇံ) သဒေဝမနုဿံ" တို့လည်း ဤဗဟုဗ္ဗီဟိပုဒ်များပင်တည်း၊ "သဟ+ဒေဝေဟိ ယောတိ သဒေဝကော (လောကော)"စသည်ဖြင့်ရင်း "သဟ+သမဏဗြာဟ္မဏေဟိ ယာတိ သဿမဏဗြာဟ္မဏီ (ပဇာ)"စသည်ဖြင့်ရင်း ဝိဂ္ဂြိုဟ်ပြု၊ထို့ပြင်—သဟသဒ္ဒါ၏ ဝိဇ္ဇမာန အနက်ဖြင့် "သလောမကော—အမွေးရှိသော ငှက်၊ သပက္ခကော—အတောင်ရှိသော ငှက်"ဟု ပြယုဂ်များ ရှိသေး၏၊ ဝိဂ္ဂြိုဟ်ကိုကား-"သဟ + လောမေန (ယော-အကြင်ငှက်သည်) ဝတ္တတေတိ သလောမကော"ဟုပင် ကလာပ်ဝုတ္တိပြသည်၊ မောဂ္ဂလ္လာန် နိဿယသစ်၌ကား "ဝိဇ္ဇမာနာ ဒိ+လောမာနိ အဿ"ဟု ပြ၏။

မူ၌ "ဘဝေ" ဟု ပါသည်၊] ဥပမာနောပမေယျဘာဝပသိဒ္ဓတ္ထံ-ဥပမာန, ဥပမေယျအဖြစ်၏ ထင်ရှားခြင်းအကျိုးငှါ၊ ဣဝသဒ္ဒပ္ပယောဂေါ-ဣဝ သဒ္ဒါကို စပ်ရခြင်းသည် (ဟောတိ) ကာယဗျာမာနံ-ကိုယ်, အလံတို့၏၊ သမပ္ပမာဏတာယ-တူသော ပမာဏရှိကုန်သည်၏ အဖြစ်ကြောင့်၊ ယောရာဇကုမာရော-အကြင်မင်းသားသည်၊ နိဂြောဓောဣဝ-ပညောင်ပင်ကဲ့သို့၊ ပရိမဏ္ဍလော-ထက်ဝန်းကျင် ဝန်းဝိုင်း၏၊ (ဣတိ) သောအယံ-ထိုမင်းသားသည်၊ နိဂြောဓပရိမဏ္ဍလော-မည်၏၊ ရာဇကုမာရော-တည်း၊ ဝုတ္တတ္ထာနမပ္ပယောဂေါတိ-ဟု ပရိဘာသာလာသောကြောင့်၊ ဣဝသဒ္ဒဿ-၏၊ အပ္ပယောဂေါ (ဟောတိ)၊ အယံ-ဤသူသည်၊ သင်္ခေါဝိယ-ခရုသင်းကဲ့သို့၊ ပဏ္ဍရော-ဖြူ၏၊ ဣတိ, သင်္ခပဏ္ဍရော-မည်၏၊ အယံ-ဤသူသည်၊ ကာကောဝိယ-ကျီးကဲ့သို့၊ သူရော-ရဲ၏၊ ဣတိ, ကာကသူရော-မည်၏၊ အယံ-ဤမြတ်စွာဘုရားသည်၊ ပရမတ္ထ ဒဿနတော-ပရမတ္ထကို မြင်တော်မူတတ်သည်၏ အဖြစ်ကြောင့်၊ စက္ခုဣဝ-မျက်လုံးကဲ့သို့၊ ဘူတော-ဖြစ်တော်မူ၏၊ ဣတိ စက္ခုဘူတော-၏၊ ဘဂဝါ-တည်း၊ ဧဝံ, အတ္ထဘူတော-အနက်သဖွယ်ဖြစ်တော်မူ၏၊ ဓမ္မဘူတော=တရားသဖွယ်ဖြစ်တော်မူ၏၊ ဗြဟ္မဘူတော -မြတ်သော မဂ်တရားသဖွယ် ဖြစ်တော်မူ၏၊

---

**ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ**—''နိဂြောဓော ဣဝ''ကဲ့သို့ ရှေး၌ ဥပမာနပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် ပဌမာဝိဘတ်အနက်, ဆဋ္ဌီဝိဘတ် အနက်အားဖြင့် ၂-မျိုးရှိရာ ပဌမာဝိဘတ် နက်ကို ရှေးဦးစွာ ပြလိုသောကြောင့် ''ဥပမာပုဗ္ဗပဒေါ ပဌမာယတ္ထေ တာဝ ဟုမိန့်၊''နိဂြောဓ+ဣဝ+ပရိမဏ္ဍလ''တည့်,သိ ၃-လုံးသက်၊ သမာသ်စပ်မှု စသည်ပြု၍ ဝိဘတ် ချေပြီးသောအခါ, ဝုတ္တတ္ထာန မပ္ပယောဂေါ ဟူသော ပရိဘာသာ အရ ''ဣဝ ပုဒ်ကို ချေ၊ ''နိဂြောဓ ပရိမဏ္ဍလ''ဟုဖြစ်၏၊ ဤ၌ ''ဣဝ-ဝိယ''တို့ကိုထည့်၍ဝိဂြိုဟ်ပြုရခြင်းသည်''နိဂြောဓ၏ ဥပမာနဖြစ်ကြောင်း, ပရိမဏ္ဍလ၏ ဥပမေယျဖြစ်ကြောင်း''ကို ထင်ရှားစေခြင်း အကျိုးရှိ၏။

**မှတ်ချက်။** ။ဤပဌမာဝိဘတ်ကျသော ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိကို ဆရာတို့ နှစ်သက်တော် မမူကြ၊ ဘာ့ကြောင့်နည်း—''ပရိမဏ္ဍလော—ထက်ဝန်းကျင် ဝန်းဝိုင်း'' ဟူရာ၌ ဝန်းဝိုင်းနေသောမင်းသားကိုဆိုလိုလျှင်''နိဂြောဓော ဣဝ ပရိမဏ္ဍလော နိဂြောဓ ပရိမဏ္ဍလော''ဟု ဥပမာ ပုဗ္ဗပဒ ကမ္မဓာရဲ ဖြစ်သင့်၏၊ ''ပရိမဏ္ဍလော''အရ ဝိုင်းဝန်းသောကိုယ်ကိုသာ ဆိုလိုလျှင် ''နိဂြောဓောဣဝ ပရိမဏ္ဍလော ယဿ=ပညောင်ပင် ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိသူ''ဟု ဆဋ္ဌီဗဟုဗ္ဗီဟိဖြစ်သင့်၏၊ သင်္ခပဏ္ဍရော—ကာကသူရော တို့လည်း ဥပမာကမ္မဓာရဲပင် ဖြစ်သင့်၏၊ စက္ခုဘူတော စသည်လည်း

www.dhammaransi.com



အယံ- ဤ လူမိုက်သည်၊ အန္ဓောဝိယ-အကန်းကဲ့သို့၊ ဘူတော-ဖြစ်၏၊ ဣတိ, အန္ဓီဘူတော-၏၊ ဗာလော-တည်း၊ အယံ-ဤမိစ္ဆာအယူသည်၊ မုဠ ပဗ္ဗဇမိဝ- ဖြူဆန်မြက် ပြိန်းမြက်ကဲ့သို့၊ ဘူတာ-ဖြစ်၏၊ ဣတိ, မုဠ ပဗ္ဗဇဘူတာ-၏၊ ကုဒိဋ္ဌိ- စက်ဆုပ်အပ်သော မိစ္ဆာအယူတည်း၊ အယံ-ဤ သတ္တဝါ အပေါင်းသည်၊ တန္တာကုလက မိဝ-ချည်ထွေးကဲ့သို့၊ ဇာတာ-ဖြစ်၏၊ ဣတိ, တန္တာကုလက ဇာတာ-၏။

ဆဋ္ဌီယတ္ထေ-ဆဋ္ဌီဝိဘတ်၏ အနက်၌၊ ယဿ-အကြင် မြတ်စွာ ဘုရား၏၊ သုဝဏ္ဏဝဏ္ဏောဝိယ-ရွှေ၏ အဆင်းနှင့်တူသော၊ ဝဏ္ဏော- အဆင်းတော်သည်၊ (အတ္ထိ, ဣတိ) သောအယံ, သုဝဏ္ဏဝဏ္ဏော-မည်တော်မူ၏၊ ဘဂဝါ-တည်း၊ ဥတ္တရပဒလောပေါ-နောက်ပုဒ် ကျေခြင်းသည် (ဟောတိ)၊ အဿ-ထိုမြတ်စွာ ဘုရား၏၊ နာဂဿ-ဆင်ပြောင်၏၊ (ဂတိဝိယ-သွားခြင်းနှင့်တူသော)၊ ဂတိ- သွားခြင်းသည်၊ (အတ္ထိ) ဣတိ, နာဂဂတိ-၏၊ ဧဝံ,သီဟဂတိ-ခြင်္သေ့၏ သွား

---

စက္ခုဟုတွာ ဘူတော စက္ခုဘူတော''ဟု သမ္ဘာဝနာ ကမ္မဓာရဲ သော်ငြား, စက္ခုံ ၅- ပါးသော စက္ခုသို့+ဘူတော ပတ္တော—ရောက်တော်မူ၏, ဣတိ စက္ခုဘူတော'' ဟု ဒုတိယာ တပ္ပုရိသ်သော်ငြား ဖြစ်သင့်၏၊ အတ္တဘူတော စသည်၌ကား သမ္ဘာဝနာ ကမ္မဓာရဲသာ သင့်၏၊ အန္ဓီဘူတော စသည်၌ ဥပမာကမ္မဓာရဲ သင့်သည်၊ [''အန္ဓ ဘူတ'' ပြီးသောအခါ ပစ္စယာဒနိဋ္ဌာ သုတ်ဖြင့် အန္ဓနောင် (ဤ) ပစ္စည်းသက်၊] ဤသို့လျှင် ကမ္မဓာရဲ တပ္ပုရိသ် ထိုက်သည့်အားလျော်စွာ သင့်သောကြောင့် ဥပမာ ရှေးရှိသော ပဌမာယတ္ထ ဆိုသည်ကို ဆရာတို့ မနှစ်သက်ကြ၊ ရူပသိဒ္ဓိ ဋီကာဆရာ ကိုယ်တိုင်လည်း မနှစ်သက်၍ ''အယံ ပဌမတ္ထော ဥပမာနပုဗ္ဗပဒေါ မဟာနိရုတ္တိယံ အညပဒတ္ထဝသေန ဘာသိတတ္တာ ဣဓာပိ အညပဒတ္ထေယေဝ ဝုတ္တော''ဟု မိန့်လေ သည်၊ ''မဟာနိရုတ္တိမှာ အညပဒတ္ထဲဆိုလို့ ဤရူပသိဒ္ဓိမှာလည်း ဆိုရသည်၊ သိပ်ကြီး မကောင်းလှ''ဟူလို။

ဆဋ္ဌီ ယတ္ထ ဗဟုဗ္ဗီဟိ။ ။ယခုစာတို့၌''သုဝဏ္ဏဿ ဝဏ္ဏောဝိယ''ဟု ရှိ၏၊သဒ္ဒနီတို့၌ ''သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ''ဟု ရှိ၏၊ သဒ္ဒနီတိ ရှိတိုင်းကောင်းသည်၊ ဘာ့ကြောင့်နည်း၊ ... ''ဥတ္တရပဒလောပေါ''ဟု ဆိုသောကြောင့်တည်း၊ထင်ရှားစေအံ့- သုဝဏ္ဏဿ-ရွှေ၏၊ ဝဏ္ဏော-အဆင်းတည်း၊ သုဝဏ္ဏဝဏ္ဏော-ရွှေ၏ အဆင်း၊ ဤကား ဗဟုဗ္ဗီဟိ မဟုတ်သေး, ဆဋ္ဌီတပ္ပုရိသ်သာ၊ ထို့နောက်မှ ''သုဝဏ္ဏဝဏ္ဏ+ဝိယ+ဝဏ္ဏ+ ယ''တည်၊ ''သုဝဏ္ဏဝဏ္ဏော+ဝိယ+ဝဏ္ဏော+ယဿ''ဟု ဝါကျပြီးစေ၊ သမာသ် စသည်စီရင်၍ ''သုဝဏ္ဏဝဏ္ဏ+ဝဏ္ဏ''ဟု ပကတိပြုပြီးသောအခါ ''သုဝဏ္ဏဝဏ္ဏ''ဟူ သော ရှေ့ပုဒ်ဝယ်''ဝဏ္ဏ''ဟူသော နောက်ပုဒ်ကို ချေရသောကြောင့် ''ဥတ္တရပဒလော ပေ''ဟု မိန့်သည်၊ တချို့အရာ၌ကား ''ပုဗ္ဗပဒေ ဥတ္တရပဒလောပေါ-ရှေ့ပုဒ်၌ ရှိသော နောက်ပုဒ်ကို ချေ''ဟု အထင်အရှားပင် ဆိုသည်၊ အကယ်၍ ''သုဝဏ္ဏဿ+ဝဏ္ဏော+

www.dhammaransi.com



ခြင်းနှင့်တူသော သွားခြင်းရှိတော်မူသော ဘုရား၊ နာဂဝိက္ကမော-ဆင်၏ ကြွလှမ်းခြင်းနှင့် တူသော ကြွလှမ်းခြင်း ရှိတော်မူသော ဘုရား၊ သီဟဝိက္ကမော-ခြင်္သေ့၏၊ပေ၊ဘုရား၊ သီဟ ဟနု-ခြင်္သေ့၏ မေးနှင့်တူသော မေးရှိတော်မူသော ဘုရား၊ အဿ-ထိုဘုရားရှင်၏၊ ဧဏိဿ-ဧဏီမည်သော သားကောင်၏၊ ဇင်္ဃာဝိယ-သလုံးမြင်းခေါင်းနှင့်တူသော၊ ဇင်္ဃာ-သည် (အတ္ထိ)၊ ဣတိ, ဧဏိဇင်္ဃော၊ အဿ-ထို ဘုရားရှင်၏၊ သီဟဿ-ခြင်္သေ့၏၊ ပုဗ္ဗဒ္ဓံဝိယ-ရှေ့ထက်ဝက်နှင့်တူသော၊ ကာယော-ကိုယ်တော်သည်၊ (အတ္ထိ)၊ ဣတိ, သီဟပုဗ္ဗဒ္ဓကာယော-၏၊ အဿ-ထို ဘုရားရှင်၏၊ ဗြဟ္မဿရောဝိယ-ဗြဟ္မာမင်း၏ အသံနှင့်တူသော၊ အဋ္ဌင်္ဂသမန္နာဂတော-အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ သရော-အသံတော်သည် (အတ္ထိ)၊ ဣတိ, ဗြဟ္မဿရော-၏။

---

ဝိယ+ဝဏ္ဏော+ယဿ''ဟု ဝိဂ္ဂြိုဟ်ပြုလိုလျှင် ဖြစ်နိုင်ပါ၏၊ သို့သော် ''သုဝဏ္ဏ+ဝဏ္ဏ+ဝဏ္ဏ''ဟု ပကတိပြုသည့်အခါ ဉတ္တရလောပမဖြစ်, အလယ် ''ဝဏ္ဏ''ပုဒ်ကို ချေရသောကြောင့် ''မဇ္ဈေလောပ''သာ ဖြစ်နိုင်သည်၊ နောက် ''ဝဏ္ဏ''ပုဒ်ကို ချေပါတော့လား....ဟူအံ့၊ ဝဏ္ဏ ၂-ပုဒ်တွင် ရှေ့ဝဏ္ဏသည် ဥပမာ မျှသာ ဖြစ်၍ အပဓာန တည်း၊ နောက်ဝဏ္ဏသာလျှင် ဘုရားရှင်၏ အဆင်းဟော ဥပမေယျ ဖြစ်၍ ပဓာနတည်း၊ ထို့ကြောင့် အပဓာနကိုသာ ချေပစ်ရမည်, ပဓာနကို ချေပစ်ရိုးမရှိ၊ ထို့ကြောင့် နောက် ''ဝဏ္ဏ''ပုဒ်ကို မချေသင့်။ [ဤရုပ် နေပုံသည်သက္ကတတို့၌ ပြလေ့ရှိသော ''ဩဋ္ဌမုခ''ရုပ်နေပုံနှင့် တူ၏၊ ဩဋ္ဌမုခ မိဝ မုခံ ယဿာတိ ဩဋ္ဌမုခေါ-ကုလားအုပ်၏ မျက်နှာနှင့် တူသော မျက်နှာရှိသူ။]

နာဂဿဝိယ၊ပေ၊နာဂဂတိ——''နာဂဿ ဝိယ အဿ ဂတိ''ဟု ဂတိတပုဒ်ကို မထည့်ဘဲလည်း ဝိဂ္ဂြိုဟ်ပြုနိုင်၏၊ သို့သော် ''နာဂဿ ဝိယ—ဆင်နှင့်တူသော၊ ဂတိ—သွားခြင်း''ဟုဆိုရာ၌ သွားခြင်းကြိယာသည် ဆင်ကောင်ကြီးနှင့် မတူနိုင်သောကြောင့် ''နာဂဿ ဂတိ ဝိယ''ဟု နောက်က''ဂတိ''ကို ရှေ့သို့လိုက်၍ပေးမှ အဓိပ္ပါယ် အမှန်ရနိုင်သည်၊''နာဂဿ ဂတိ ဝိယ အဿ ဂတိ ဂတီတိ နာဂဂတိ''ဟုပြုမှု ''သုဝဏ္ဏဝဏ္ဏော'' ကဲ့သို့ ရှေ့ဂတိကို ချေ၊ သဒ္ဒနီတိ၌ သုဝဏ္ဏဝဏ္ဏောနှင့် အလားတူ-ဟုပင် ညွှန်း၏၊ ဤစကားစဉ်အရ=သုဝဏ္ဏဝဏ္ဏောကဲ့သို့ တပုဒ်ကို ချေရသောနည်း, နာဂဂတိကဲ့သို့ နောက်တပုဒ်ကို အနက်၌ လိုက်ပေးသောနည်းဟု ဆဋ္ဌီယန္တ ဥပမာ ဗဟုဗ္ဗီဟိ၌ ဝိဂ္ဂြိုဟ်ပြုနည်း ၂—မျိုးရှိသည်-ဟု မှတ်။

ဧဝံ သီဟဂတိ——စသည်တို့လည်း တူပြီ၊ နာဂဝိက္ကမော စသည်၌ ''ဝိပုဗ္ဗ, ကမု-ပဒဝိက္ခေပေ''ဟု ဓာတ်ကျမ်းရှိသောကြောင့်''ဝိက္ကမော—ကြွလှမ်းခြင်း''ဟု ပေးသည်၊ ဋီကာမနိမိ၌ ''ဧဏ''သဒ္ဒါသည် ''ကဏှမိဂ—နက်သော သားကောင်''ဟု ဆို၏၊

www.dhammaransi.com



ဝါသဒ္ဒတ္တေ–ဝါသဒ္ဒါ၏ အနက်၌၊ သန္ဒေဟဘယပဒေ–သန္ဒေဟဘယပဒ ဗဟုဗ္ဗီဟိသည်၊ယထာ–နည်း၊ဒွေဝါ–၂ လုံးသော်လည်း ဖြစ်ကုန်သော၊ တယော ဝါ–၃–လုံးသော်လည်း ဖြစ်ကုန်သော၊ ပတ္တာ–သပိတ်တို့တည်း၊ ဒွတ္တိပတ္တာ– ၂–သပိတ်, ၃–သပိတ်တို့၊ ဒွေကဋ္ဌာန မာကာရော ဝါတိ – သုတ်ဖြင့်၊ ဒွိသဒ္ဒန္တဿ–ဒွိသဒ္ဒါ၏ အဆုံး ၌၏၊ အာတ္တံ–အာ အပြု၊ ရဿတ္တံ–ပြု၊ ဒွိဟံဝါ– ၂ ရက်သော်ငှင်း၊ တီဟံဝါ–၃–ရက်သော်ငှင်း၊ ဒွိဟတီဟံ–၂ ရက်, ၃ ရက်၊

---

ထိုသားကောင်မကို"ဏေဓိ"ဟုဆိုသည်၊ သို့သော် ဤ၌"ဏေဓိဿ"ဟု ရှိသောကြောင့် ထိုသားကောင်နက်အထီးကိုပင်"ဏေဓိ"ဟု ဆိုလိုဟန် တူသည်၊ မောဂ္ဂလ္လာန် နိဿယ သစ်၌"ဏေဓိမိဂ–တောဆိတ်နက်"ဟုမိန့်၏၊"ဏေဓိဇဿံ"ဟုဆိုပြီးသောအခါ ဇဿံ၌ အာ ကို ကွစာဒိမဇ္ဈေတ္တံရာနံဖြင့် ရဿပြု၊ ဗြဟ္မသရော၌ "အဋ္ဌင်္ဂသမန္နာဂတော"ကား အပိုထည့်အပ်သော ပုဒ်တည်း၊ ရုပ်တွက်ရာ၌ ထိုပုဒ်ကို ထည့်ဘွယ်မလို၊ ဘုရား အသံ တော်၏ အင်္ဂါရှစ်ပါးကို အဘိဓာန် (၁၂၉) ဂါထာမှာ ရှု။

**သန္ဒေဟဘယပဒ ဗဟုဗ္ဗီဟိ**—"ဒွိ+တယော"စသော သချာ ၂-ပုဒ်စီ ရှိသော ဗဟုဗ္ဗီဟိသည် "သန္ဒေဟဘယပဒ"ဗဟုဗ္ဗီဟိ မည်၏၊ "သချာဥဘယံ+ပဒံ ယဿာတိ သန္ဒေဟဘယပဒေါ" ဤဗဟုဗ္ဗီဟိ၌ "ယော–ယံ" စသော သဗ္ဗနာမ် အညပုဒ်များ မထည့်ရ၊ ဝါသဒ္ဒါသည်ပင် (သမာသ်ပြီးရာတွင် မပါဝင်သဖြင့် သမာသ်ပုဒ်မှ တပါး သော) အညပုဒ်ဖြစ်သည်၊ ထို ဝါသဒ္ဒါ၏ အနက်၌ သချာ ၂-ပုဒ် ရှိသောကြောင့် "ဝါသဒ္ဒတ္တေ သန္ဒေဟဘယပဒေ ယထာ"ဟု မိန့်သည်၊ ဆက်ဦးအံ့—ဝါသဒ္ဒါ၏ အနက်ကို သဒ္ဒတ္ထဋီကာတို့၌ "ဝိကပ် မဟုတ်–သံသယတ္တ"သာ ဟု ဆိုကြ၏၊ သို့သော် ပါဠိသုံး၌မူ ဝိကပ်အနက်သာဖြစ်သင့်သည်၊ထင်ရှားစေအံ့—"ဒွတ္တိပတ္တပူရာ-၂ သပိတ် ပြည့်သော်လည်းဖြစ်ကုန်, ၃ သပိတ်ပြည့်သော်လည်းဖြစ်ကုန်သောမုန့်တို့ကို၊ပဋိဂ္ဂဟေ- တဗ္ဗာ–ခံယူအပ် ခံယူနိုင်ကုန်၏"၌ သံသယ (ယုံမှားခြင်း) အနက်မသင့်၊ ၂ သပိတ်ပြည့် ခံလိုလျှင် ၂ သပိတ်ပြည့် ခံနိုင်ကြောင်း, သို့မဟုတ် ၃ သပိတ်ပြည့် ခံလိုလျှင်လည်း ၃ သပိတ်ပြည့်ခံနိုင်ကြောင်း (တမျိုးမဟုတ်လျှင် အခြားတမျိုးဖြစ်ကြောင်း) ကို ပြသော ဝိကပ်အနက်သာ ဖြစ်သင့်သည်၊ ဤသို့ ဝိကပ်အနက် ဖြစ်သင့်သော်လည်း "တနက် ထည်း၌ ဆုံးဖြတ်ချက် မချနိုင်ဘဲ ၂ သပိတ်က တဘက်, ၃ သပိတ်က တဘက်, ဤသို့ ၂ ဘက်လုံးကို ဝါသဒ္ဒါက ဟောသောကြောင့် ဝါသဒ္ဒါသည် သံသယအနက်ရှိ၏-ဟု ဆိုဟန်တူသည်၊ [ပါဠိသုံး၌မူ တကယ့်ကို ယုံမှားသော အရာ၌သာ"သံသယ"ဟု ဆိုသည်။]

ဒွတ္တိပတ္တာကို "ဒွိ+ဝါ+ပတ္တ" ဟု တည်၊ ဒွိ တိ ပတ္တတို့နောင် ယောသက်, ဝါနောင် သိသက်, ချေ၊ (ကေဝုစ် သက်ရကြောင်းကို သဗ္ဗာသမာဝုသောသုတ် ကစ္စည်း ဘာသာဋီကာမှာ ရှု၊) "ဒွေ+ဝါ+တယော+ဝါ+ပတ္တာ"ဟု ဝါကျပြီးစေ၊ သမာသ် စသည် စီရင်၍ ဝုတ္တတ္ထာန မပ္ပယောဂေါဖြင့် ဝါ ၂-ပုဒ်ကိုချေ၊ (ဒွိတိပတ္တ) ဒွေကဋ္ဌာန မာကာရောဝါဖြင့် ဒွိကို အာပြု (ဒွါတိပတ္တ) ကွစာဒိမဇ္ဈုတ္တရာနံဖြင့်ရဿပြု (ဒွတိပတ္တ)

www.dhammaransi.com



ဆဝါ-၆-ခွန်းသော်လည်း ဖြစ်ကုန်သော၊ ပဉ္စဝါ-၅-ခွန်းသော်လည်း ဖြစ်ကုန်သော၊ ဝါစာ-စကားတို့တည်း၊ ဆပ္ပဉ္စဝါစာ-၆-ခွန်း, ၅-ခွန်းသော စကားတို့၊ ဧဝံ, သတ္တဋ္ဌမာသာ-၇-လ, ၈-လတို့၊ ဧကယောဇန ဒွိယောဇနာနိ-တယူဇနာ, ၂-ယူဇနာတို့။

ဒိသန္တရာဋ္ဌတ္တော-ဒိသန္တရာဋ္ဌတ္တ ဗဟုဗ္ဗီဟိသည်၊ ယထာ-နည်း၊ [သီဠ္ဌ "ဒိသန္တရာဋ္ဌတ္တေ-၌"ဟု ရှိ၏၊ ယထာ-ဥဒါဟရဏ်ကား" ဟု ပေး] ယံ-အကြောင်အရပ်သည်၊ ပုဗ္ဗဿာစ ဒိသာယ-အရှေ့ အရပ်၏ရင်း၊ ဒက္ခိဏဿာစ ဒိသာယ-တောင်အရပ်၏ရင်း၊ အန္တရာလံ-အလယ်အပိုင်းအခြားကို ယူတတ်၏၊ (ဠတိ) သာအယံ-ထို အကြားအရပ်သည်၊ ပုဗ္ဗဒက္ခိဏာ-မည်၏၊ ဝိဒိသာ-အရှေ့ တောင်ဒေါင့် အရပ်တည်း၊ ဧတ္ထ-ဤပြယုဂ်တို့၌၊ တုလျာဓိကရဏ ပဒ

---

တ် ဒွေဒေါ်လာ,နာမ်ငဲ့,ယောသက်၊ "သတ္တ ဝါ အဋ္ဌဝါ မာသာ, ဧကယောဇနံဝါ ဒွိယောဇနံဝါ"ဟု ဝိဂြိုဟ်ပြု၊"ဧကယောဇန ဒွိယောဇနာနိ"ဟူသော မြန်မာမှု၌ "ဧကယောဇန ဒွိယောဇနာဒိ"ဟုလည်းသီဟိုဠ်မူရှိ၏၊ ထိုအလို-"ဧဝံ=တူ၊သတ္တဋ္ဌမာသာ, ဧကယောဇန ဒွိယောဇနာဒိ-သတ္တဋ္ဌ၊ပေ၊ဒွိယောဇန စသည်တည်း"ဟု ပေး။

သင်္ကေတပုံစံ။ ။"ဒွေဝါ တယောဝါ ပရိမာဏံ ဧသံတိ ဒွတ္တယော"ဧသံ-ထိုဝတ္ထု တို့၏၊ ဒွေဝါ-၂ ခုသော်လည်း ဖြစ်ကုန်သော၊ တယောဝါ-သော၊ပရိမာဏံ-အတိုင်း အရှည်သည် (အတ္ထိ) ဣတိ, ဒွတ္တယော-ဒွတ္တိတို့မည်၏၊ဤသို့"ပရိမာဏ"ပုဒ်ကို ထည့်၍ ဆဋ္ဌီဗဟုဗ္ဗီဟိ ပြု၏၊ ဒွတ္တိတို့လည်း ပါဠိငွကဲ့သို့ "ပတ္တ-မာသ"စသော သဒ္ဒေါ်ယှဉ်ပုဒ် မပါ, သင်္ချာချည်းသာ တည်း၊ တို့အတူ "တိစတုရော-၃ ခု ၄ ခု အတိုင်း အရှည် ရှိသော အရာတို့၊ပဉ္စဆ-၅ ခု ၆ ခုအတိုင်းအရှည်ရှိသော အရာတို့၊ဧကဒွေ-တရက် ၂ ရက်တို့၊ ပါဠိဠ်၌လည်း "ဒွေတယော ဘိက္ခူ သမ္မနိတဗ္ဗာ, ဒွေတိသော ရတ္တိယော သယတိ" စသည်ကို တွေ့ရ၏၊ ထို၌ ဒွေဘယော စသည်တို့သည် ဤသဒ္ဒါဘယ ဗဟုဗ္ဗီဟိဖြစ်လျှင် "ဒွတ္တယော-ဒွတ္တိယော"ဟုရှိမှ သင်္ကေတပုံစံများနှင့် သာ၍ ညီညွတ်ဘွယ် ရှိသည်။

ဒိသန္တရာဠ္ဌတ္တ ဗဟုဗ္ဗီဟိ။ ။"အန္တရာ(မဇ္ဈိမံ)-အလယ် အပိုင်း အခြားကို၊ အာရာတိ (ဂဏှာတိ)-ယူတတ်၏"ဟူသော ဝေါမနိမိဝိဂြိုဟ်နှင့်အညီ,အရပ်၂ ခုတို့၏ အလယ်စပ်ကြား အရပ်သည်"အန္တရာလ"မည်၏၊ [အန္တရာပုဒ်, အာပုဗ္ဗ ရာဓာတ်ဖြင့် ပြီးသော"အန္တရာရ"မှ ရကို လ ပြု၍"အန္တရာလ"ဟု ဖြစ်၏၊လနှင့် ဠ တူသောကြောင့် ယခုစာတို့၌ ဠဖြင့် ရှိသည်၊] ဒိသာနံ-အရပ် ၂-ခုတို့၏၊ အန္တရာဠ္ဌ-အလယ်အကြား သည်၊ဝါ-အထောင့်သည်၊ ဒိသန္တရာဠ္ဌ-မည်၏၊ ထိုအရပ် ၂-ခုတို့၏ အလယ် စပ်ကြား (အထောင့်) အနက်ရှိသော ဗဟုဗ္ဗီဟိသည် "ဒိသန္တရာဠ္ဌ အတ္ထော ယဿ"ဟူသော ဝိဂြိုဟ်အရ "ဒိသန္တရာဋ္ဌတ္တ ဗဟုဗ္ဗီဟိ"မည်၏။

www.dhammaransi.com



ပရတ္တဘာဝါ-တုလျာဓိကရဏပုဒ် နှောင်းသည်၏ အဖြစ် မရှိခြင်းကြောင့်၊ ပုဗ္ဗာဝ ါတိဒေသော-ပုဗ္ဗောကို ငဲ့ညွှန်းခြင်းသည်၊ န-မရှိ၊ ကွစာဒိ မဇ္ဈတ္တရာနံ တျာဒိနာ-ဖြင့်၊ ဒိသန္တရာဋ္ဌတ္တေ-ဒိသန္တရာဋ္ဌတ္တ ဗဟုဗ္ဗီဟိ၌၊ ပုဗ္ဗပဒဿ-ရှေ့ပုဒ်၏၊ ရဿတ္တံ-ပြု၊ ဧဝံ-တူ-ပုဗ္ဗုတ္တရာ- အရှေ့မြောက်ဒေါင့်အရပ်၊ အပရဒက္ခိဏာ- အနောက်တောင်ဒေါင့်အရပ်၊ ပစ္ဆိမုတ္တရာ-အနောက်မြောက်ဒေါင့် အရပ်။

ယဒါပန-အကြင် အခါ၌ကား၊ ဒက္ခိဏာ စ-တောင် အရပ်လည်းဟုတ်၏၊ သာ-ထိုတောင်အရပ် ဟူသည်၊ ပုဗ္ဗာစ – အရှေ့ အရပ်လည်း ဟုတ်၏၊ ဣတိ-သို့၊ ကမ္မဓာရယ သမာသော-ကမ္မဓာရဲ သမာသ်သည်၊ ဟောတိ၊ တဒါ-ထိုအခါ၌၊ ပုဗ္ဗာဝ ါတိဒေသော-ပုဗ္ဗော ငဲ့ခြင်းသည်၊ (ဟောတိ၊ ကသ္မာ-နည်း၊) ဥတ္တရပဒတ္ထပဓာနတ္တာ-နောက်ပုဒ် အနက်ပြဋ္ဌာန်းသည်၏ အဖြစ် ကြောင့်တည်း၊ သဗ္ဗနာမိကာဝိဓာနမ္ပိ-သဗ္ဗနာမ်၌ ဖြစ်သော အစီအရင်သည် လည်း၊ နိစ္စံ-အမြဲ၊ ဘဝတိယေဝ-ဖြစ်သည်သာ၊ ယထာ-ကား၊ ဒက္ခိဏာ ပုဗ္ဗဿာ၊ပေ၊ဿံဣတိ-ဟူသည်တည်း၊ [ဒက္ခိဏာပုဗ္ဗဿာ—တောင် အရှေ့ အရပ် အား၏၊ ဒက္ခိဏ ပုဗ္ဗဿံ-၌။]

---

**ဒက္ခိဏဿာစ၊ပေ၊ပစ္ဆိမုတ္တရ** – "ဒက္ခိဏဿာစ ဒိသာယ"၌ "ဒိသာယ" ကား အပိုထည့်ပါ၍တည်း၊ အန္တရာဋ္ဌံလည်း"အတ္ထိ"စသည်ကဲ့သို့ထည့်ပါ၍ပင်၊ "ပုဗ္ဗာ (သာ) ဒက္ခိဏာ (သာ) ယ (သိ)"ဟု ဝိဘတ်သက်၍ ပုဗ္ဗဿာစ ဒက္ခိဏဿာစ ယံ"ဟု ဝါကျပြီးစေ, သမာသ်စသည့်စီရင်၍ "ပုဗ္ဗာ ဒက္ခိဏာ"ဟု အာကာရန္တ ဣတ္ထိလိင် အတိုင်း ပကတိပြု၊ [ပုဗ္ဗာနှင့် ဒက္ခိဏာသည် အနက်အရမတူကြ၍ တုလျာဓိကရဏ မဖြစ်ရကား "ဣတ္ထိယံ ဘာသိတ"စသော သုတ်ဖြင့် ပုလ္လိန်မငဲ့ရ, ထို့ကြောင့်] ကွစာဒိ မဇ္ဈတ္တရာနံ စသောသုတ်ဖြင့် ရှေ့ပုဒ်၌ အာကို ရဿပြု (ပုဗ္ဗဒက္ခိဏာ) နာမ်ငဲ့သိသက်, ချေ၊ ထို့နောက် ဣတ္ထိလိန်ရုပ်ကို "ဗဟုဗ္ဗီဟိမှိစ"သုတ် အဓိပ္ပါယ်အတိုင်း စဉ်ရာ၏၊ "ပုဗ္ဗဿာစ ဥတ္တရဿာစ+အပရဿာစ ဒက္ခိဏဿာစ+ပစ္ဆိမဿာစ ဥတ္တရဿာစ ယဒန္တရာဋ္ဌံ"ဟုပြု။

**ယဒါပန၊ပေ၊နိစ္စံဘဝတိယေဝ**——ဗဟုဗ္ဗီဟိ သမာသ်မပြုဘဲ "(အဓောင့် ဖြစ်၍ အရှေ့လည်းကျ တောင်လည်းကျ"သဖြင့်) ကမ္မဓာရဲ ဝိဂြိုဟ်ပြုလျှင် ဥတ္တရပဒတ္ထ ပဓာန ဖြစ်သောကြောင့် "ပုဗ္ဗဒက္ခိဏာ"သည် ကမ္မဓာရဲသမာသ်လည်းဖြစ်နိုင်ပြန်၏၊ကမ္မဓာရဲ ဖြစ်လျှင် ရှေ့နောက်၂-ပုဒ်တို့တုလျာဓိကရဏဖြစ်သောကြောင့်"ကမ္မဓာရယသညေစ" သုတ်ဖြင့် ရှေ့ပုဒ်ကို ပုလ္လိန် ငဲ့နိုင်ပြန်သည်။ [ဥတ္တရပဒတ္ထပဓာနတ္တာ—ဟိတ်သည်ပုဗ္ဗော ငဲ့ခြင်း၏ အကြောင်း မဟုတ်, ကမ္မဓာရဲ သမာသ် ဖြစ်နိုင်ခြင်း၏ အကြောင်းဘည်း၊] ထိုသို့ ကမ္မဓာရဲသမာသ်ဖြစ်လျှင်ကား "ဗဟုဗ္ဗီဟိမှိစ"သုတ်ဖြင့် တားမြစ်ခွင့် မရှိတော့ ရကား "ပုဗ္ဗဒက္ခိဏဿာ"စသော သဗ္ဗနာမ် အစီအရင်များ အမြဲ ဖြစ်နိုင်တော့သည်၊

www.dhammaransi.com



ဗျတိဟာရလက္ခဏော – ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ သည်၊ ယထာ– နည်း၊ ဣဒံယုဒ္ဓံ – ဤရန်ပွဲသည် – ကေသေသု – ဤ ဘက်လူ၏ ဆံပင်တို့ ၌ဒင်း၊ ကေသေသု - ထို ဘက်လူ၏ ဆံပင်တို့၌ဒင်း၊ ဂဟေတွာ – ဆွဲကိုင်၍၊ ပဝတ္တတိ - ဖြစ်၏၊ ဣတိ – ထို့ကြောင့်၊ ကေသာကေသိ – မည်၏၊ ဣဒံယုဒ္ဓံ– ဤရန်ပွဲသည်၊ ဒဏ္ဍေဟိ – ဤ ဘက် လူ ၏ ဒုတ် တို့ ဖြင့် ဒင်း၊ ဒဏ္ဍေဟိ– ထို ဘက်လူ၏ ဒုတ်တို့ဖြင့်ဒင်း၊ ပဟရိတွာ – ရိုက်နှက်၍၊ ပဝတ္တတိ, ဣတိ, ဒဏ္ဍာဒဏ္ဍိ – မည်၏၊ ကွစာဒိ ပဉ္စုတ္တရာနံတျာဒိနာ – ဖြင့်၊ မဇ္ဈေ - အလယ်၌၊ ဒီဃော - ဒီဃပြု၊ တေသုဝုဒ္ဓိတျာဒိနာ – ဖြင့်၊ အန္တသ - အဆုံး သရ ၏၊ ဣကာရော – ဣပြု၊ .... ပဉ္စမာဝိဘတျတ္ထဗဟုဗ္ဗီဟိ - ပဉ္စမာ ဝိ ဘတ် ၏ အနက် ရှိသော ဗဟုဗ္ဗီ ဟိ တည်း၊ .... ဗဟုဗ္ဗီဟိသမာသော – သည်၊ နိဋ္ဌိတော – ပြီ။

---

ထိုသို့ ဖြစ်နိုင်ပုံကို ဥဒါဟရုဏ်ပြလို၍ "ယထာ-ဒက္ခိဏ ပုဗ္ဗသာ, ဿံ"ဟု မိန့်သည်၊ ပုဗ္ဗုတ္တရာ စသည်၌လည်း "ပုဗ္ဗာစ သာ ဥတ္တရာစ"စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြု။

ဗျတိဟာရ လက္ခဏ ဗဟုဗ္ဗီဟိ။ ။ဝိ+အတိ+ဟရဓာတ်, ဏပစ္စည်းဖြင့် ပြီးသော ဗျတိဟာရ သဒ္ဒါသည် "ပရိဝတ္တေ-အဘန်ဘန်ဖြစ်သော၊ပရံပရ ဧကဇာတိယ ကြိယာ ကရဏေ–အပြန်အလှန် တူသော ဇာတ်ရှိသော အမူအရာကိုပြုခြင်း အနက်၌ ဖြစ်၏" ဟု ထေဝမနိမိ ဆို၏၊ ရန်ဖြစ်မှု ဟူသည် ရန်ဖြစ်ခြင်း ကြိယာအားဖြင့် တူသော ဇာတ် ရှိသော (သဘောတူသော) ကြိယာကို ပြုခြင်းလည်း ဟုတ်၏၊အပြန်အလှန် အဘန်ဘန် ရိုက်ခြင်း ဆွဲခြင်း စသည်လည်း ဟုတ်၏၊ ထိုကဲ့သို့ အပြန်ပြန် အဘန်ဘန် ဖြစ်သော အမူအရာကိုပြုခြင်း အမှတ်အသားရှိသော သမာသ်သည် ( ရန်ဖြစ်ခြင်း အမှတ်အသား ရှိသော သမာသ်သည်) "ဗျတိဟာရော လက္ခဏံ ယဿ"ဟူသော ဝိဂ္ဂြိုဟ်အရ "ဗျတိ ဟာရလက္ခဏ ဗဟုဗ္ဗီဟိ"မည်၏။

ကေမသသု၊ပေ၊အန္တဿိကာရော–["ဿိကာရော"ဟု သီမူရှိ၏၊ မောဂ္ဂလ္လာန် ၌လည်း "ဝိ-ဝိတိဟာရေ"ဟု စအနုဗန်ရှိသော ဣပစ္စည်း သက်၏၊] "ဣဒံယုဒ္ဓံ ပဝတ္တတိ"၌ ယုဒ္ဓံကား "သံဃာရာမံ"ကဲ့သို့, ပဝတ္တတိကား အတ္ထိကဲ့သို့ ထည့်အပ် သော ပုဒ်များတည်း၊ ရုပ်တွက်ရာ၌ "ကေသ + ကေသ+ဂဟေတွာ+ဣမ" တည်၊ ဂဟေတွာ နောင် သိချေ, ဣမနောင် သိသက်, ဣဒံ ဖြစ်အောင် စီရင် "ကေသေသု ကေသေသု ဂဟေတွာ ဣဒံ"ဟု ဝါကျ ပြီးစေ၊ သမာသ်စသည် စီရင်, ဝုတ္တတ္တာန - မပ္ပယောဂေါဖြင့် ဂဟေတွာ–ဣမတို့ကိုချေ၊ "ကေသ ကေသ"ဟု ပကတိဖြစ်၏၊ ကွစာဒိ မဇ္ဈုတ္တရာနံဖြင့် အလယ်၌ ဒီဃ, တေသုဝုဒ္ဓိဖြင့် အဆုံးသရကို ဣပြု၍ "ကေသာကေသိ"ဟု ဖြစ်၏၊နာမ်ငဲ့, သိသက်,သိချေ"ကေသာကေသိ"ဟု နပုလ္လိန်ရုပ် ဖြစ်၏၊ ဒဏ္ဍာဒဏ္ဍိ ပြီးပုံလည်း နည်းတူ။ ["ဣဒံ ယုဒ္ဓံ–ဤစစ်ပွဲ"ဟု ပေးရိုးရှိ၏၊ ဆံပင် ဆွဲ၍ ရန်ဖြစ်မှုကို "စစ်ပွဲ"ဟု မခေါ်လောက်၍ "ရန်ပွဲ"ဟု ပေးသည်၊ "မုဋ္ဌာမုဋ္ဌိ– လက်သီးချင်း ထိုး၍ ရန်ဖြစ်ပွဲ"လည်း ဒဏ္ဍာဒဏ္ဍိ အတိုင်းပင်တည်း။]

www.dhammaransi.com



(၃၅၆) အထ-ဗဟုဗ္ဗီဟိ သမာသ်၏ အခြားမဲ့၌၊ ဒွန္ဒ သမာသော ဝုစ္စတေ၊ သော စ-ထို ဒွန်သမာသ်သည်လည်း၊ ဣတရီတရယောဂ သမာဟာရဒ္ဓဘေဒေန-ဣတရီတရယောဂ အနက်ရှိသော ဒွန်, သမာဟာရ အနက်ရှိသော ဒွန်တို့၏ အပြားအားဖြင့်၊ ဒုဝိဓော၊ တတ္ထ-ထို ၂-ပါးတို့တွင်၊ တာဝ-သမာဟာရမှ ရှေးဦးစွာ၊ ဣတရီတရယောဂေ-၌၊ (ဥဒါဟရဏံ)-သာရိပုတ္တ မောဂ္ဂလ္လာန ဣတိ- 'သာရိပုတ္တ + မောဂ္ဂလ္လာန' ဟု တည်ပြီးသော၊ ဣဓ-ဤရုပ်၌၊ ဥဘယတ္ထာပိ-၂-ပါးစုံ၌လည်း၊ ပဌမေကဝစနံ-သည်၊

---

မောဂ္ဂလ္လာန်။ ။"တတ္ထ ဂဟေတွာ တေန ပဟရိတွာ ယုဒ္ဓေ သရူပံ"ဟု သုတ်တည်၏၊ [တတ္ထဂဟေတွာ—ထို၌ ကိုင်၍၊ တေန ပဟရိတွာ—ထိုဖြင့် ရိုက်နှက်၍၊ယုဒ္ဓေ—ရန်ပွဲ စစ်ပွဲသည်၊ အညပဒတ္ထေ-အညပုဒ် အနက်သည်၊ သတိ—ရှိသော်၊သရူပံ—သုတိတူသော၊ အနေကံ—များသော၊ သတ္တမျန္တံ—သတ္တမျန္တပုဒ်သည်ရင်း၊ တတိယန္တံ—ငင်း၊ ကေတ္တံဟောတိ—သမာသ်ဖြစ်၏ (သုတ်နက်)။] ပုံစံကား— "ကေသာကေသိ" စသည်ပင်တည်း၊"ကာယဥ္စ ကာယဥ္စ ဂဟေတွာ ယုဒ္ဓံ ပဝတ္တံ" ကိုယ်ချင်းချင်း ကိုင်၍ နဘမ်းလုံးပွဲ၌"တေန ဂဟေတွာ—ထိုဖြင့် ကိုင်၍"မဟုတ်သောကြောင့် သမာသ်မဖြစ်၊ "ရထေစ ရထေစ ဌတွာ ယုဒ္ဓံ ပဝတ္တံ"ရထားချင်း၌ တည်၍စစ်ထိုးရာ၌ "ဂဟေတွာ-ပဟရိတွာ"မဟုတ်၍ သမာသ် မဖြစ်၊"ဟတ္ထေစ ဟတ္ထေစ ဂဟေတွာ သချံ (မိတ်ဆွေအဖြစ်သည်) ပဝတ္တံ"လက် အချင်းချင်း၌ဆွဲ၍ မိတ်ဆွေဖြစ်ရာ၌ ယုဒ္ဓ မဟုတ်၍ သမာသ်မဖြစ်၊ "ဒဏ္ဍေဟိစ မုသလေဟိစ ပဟရိတွာ ယုဒ္ဓံ ပဝတ္တံ"၌ တဘက်ဟေ ဒုတ်ကိုင်၍ တဘက်က လက်ရိုက်ကိုင်၍ ရန်ဖြစ်ရာ၌ ဒဏ္ဍနှင့် မုသလတို့ သရူပ မဟုတ်၍ သမာသ်မဖြစ်—ဟု မောဂ္ဂလ္လာန်မိန့်သည်။ [သဟပုဗ္ဗပဒမှစ၍ (ဥပမာန ဆဋ္ဌီယန္တမှ တပါး) အညပုဒ်၌ ပဌမာဝိဘတ်ဆုံးသောကြောင့် "ပဌမာယတ္ထ ဗဟုဗ္ဗီဟိ"မည်သောသမာသ်များကား ပြီးပြီ။]

## ဒွန်သမာသ်

**ဣတရီတရယောဂ ဒွန်**။ ။[ဣတရီတရယောဂ,သမာဟာရတို့၏ အဓိပ္ပါယ်သည် နောက်၌ထင်ရှားလတ္တံ့၊] "သာရိပုတ္တမောဂ္ဂလ္လာနာ"ပုဒ်၌ "သာရိပုတ္တ" သဒ္ဒါသည် (သာရိပုတ္တော စ မိမ္မံ ဒေသေတိ-စသည်ကဲ့သို့ အရှင်သာရိပုတြာ တည်းဟူသောတနက်ထည်းကို မဟော) အရှင် မောဂ္ဂလ္လာန်တည်းဟူသော အနက်ကိုလည်း ဆည်းယူလျက်ရှိ၏၊မောဂ္ဂလ္လာန သဒ္ဒါလည်း ထို့အတူပင် အရှင်သာရိပုတြာ တည်းဟူသော အနက်ကိုလည်း ဆည်းယူလျက်ရှိ၏၊ [သာရိပုတ္တ သဒ္ဒါသည် မောဂ္ဂလ္လာန်အနက်ကို ဆည်းယူတတ်သော သမုစ္စယ သဒ္ဒါ,အရှင်မောဂ္ဂလ္လာန်ဟူသော အနက်ကား ဆည်းယူအပ်သော သမုစ္စေတဗ္ဗ အနက်တည်း၊ထို့အတူ မောဂ္ဂလ္လာန သဒ္ဒါလည်း အရှင်သာရိပုတြာ အနက်ကို ဆည်းယူတတ်သော သမုစ္စယသဒ္ဒါ,အရှင်သာရိပုတြာ ဟူသော အနက်ကား

www.dhammaransi.com



ဂုဏ်း၊ သမုစ္စယဇောတနတ္ထံ – သမုစ္စည်း အနက်ကို ထွန်းပြခြင်းအကျိုးငှါ၊ စသဒ္ဒပ္ပယောဂေါစ – စ သဒ္ဒါကို ယှဉ်စပ်ရခြင်းသည်ဂုဏ်း၊ (ဟောတိ) သာရိပုတ္တောစ – သာရိပုတြာလည်း၊ မောဂ္ဂလ္လာနောစ – လည်း၊ ဣတိ – သို့ ဝိဂ္ဂဟေ–သည်၊ (သတိ)၊ ["သမာသောဘဝတိ ဒွန္ဒသညောစ"ဉ်စပ်။]

**နာမာနံ သမုစ္စယော ဒွန္ဒော။** ။ကေဝိဘတ္တိကာနံ–တူသော ဝိဘတ် ရှိကုန်သော၊ ယုတ္တတ္ထာနံ–ကုန်သော၊ နာနာ နာမာနမေဝ–အထူးထူးသော နာမ်တို့၏ ပင်လျှင်၊ ယော သမုစ္စယော – အကြင် ပေါင်းစည်းအပ်သော အနက်သည်၊

---

သမုစ္စေတဗ္ဗ အနက်တည်း–ဟု ဆိုလိုသည်၊] ဤသို့လျှင် သာရိပုတ္တသဒ္ဒါ မောဂ္ဂလ္လာန သဒ္ဒါတို့၏ အပြန်အလှန် ဆည်းယူခြင်း ကြိယာကို ထွန်းပြခြင်း အကျိုးငှါ ဝိဂြိုဟ်ဝါကျ တွင်း၌ သမုစ္စယ ဇောတကဖြစ်သော စ သဒ္ဒါကိုသွင်းရသည်၊ထို့ကြောင့်"သာရိပုတ္တ+ စ+ မောဂ္ဂလ္လာန+စ"တည်၊ သိ ၄-လုံးသက်, ၂ -လုံးချေ၊ "သာရိပုတ္တောစ+မောဂ္ဂလ္လာ နောစ"ဟု ဝါကျ ပြီးစေ။

**နာနာ နာမာန ၊ပေ၊ ဒွန္ဒ သညောစ–** "နာနာ နာမာနမေဝ၊ပေ၊သမာသော ဟောတိ"ဝါကျဖြင့် သမာသ်စပ်ပုံ အစီအရင်ကို ပြ၍"ဒွန္ဒ သညောစ"ဖြင့် ဒွန်အမည်ကို ပြသည်၊ "နာမာနံ သမာသော ယုတ္တတ္ထော"သုတ်မှ နာမာနံပုဒ်ကို လိုက်စေလျှင် ပြီးကောင်းပါလျက် "နာမာနံ"ဟု ထပ်ပြန်ခြင်းသည် သဒ္ဒါပို၏၊ ထို သဒ္ဒါပိုဖြင့်"အခြား သမာသ်ထုံးစံကဲ့သို့နာမ် ၂ -ပုဒ်သာမက,နာမ်ပုဒ်အများသည်ပင် ဒွန်သမာသ်ဖြစ်နိုင်၏" ဟူသော အနက်ပိုကိုပြ၏၊ နာနာ နာမာနမေဝ၌ ဧဝဖြင့်ကား နာမ်မဟုတ်သော ကြိယာ ပုဒ်တို့ကို (သမာသ်မလုပ်ရ) ဟု တားမြစ်သည်။ ["နာနာ နာမာနမေဝါတိ အဝဓာရဏံ ကြိယာနိဝတ္တနတ္ထံ" (ဋီကာ) ၊ယုတ္တတ္ထာနံအရ သမဏနှင့်ဗြာဟ္မဏတို့အနက်ကွဲပါလျက် ယုတ္တတ္ထဖြစ်နိုင်ပုံမှာ ကေတ္တိဘာဝ စောဒနာခဏ်း၌ ထင်ရှားလတ့်။]

**ကေဝိဘတ္တိကာနံ။** ။ဤပါဌ်ဖြင့် "အချို့သော သမာသ်များ၌ ရှေ့ပုဒ် ပဌမာ– နောက်ပုဒ်၌ ဝိဘတ် ၇-သွယ်စသည်ဖြင့် ရှေ့ပုဒ် နောက်ပုဒ်တို့ ဝိဘတ် မတူသော်လည်း သမာသ်ဖြစ်ကြ၏၊ ဤ၌ကား တဝါကျထည်း၌ ဝိဘတ်တူသော နာမ်ပုဒ်များကိုသာ ဒွန် သမာသ်စပ်နိုင်သည်"ဟုပြသည်၊ထို့ကြောင့်"သာရိပုတ္တ မောဂ္ဂလ္လာနာ ဓမ္မံ ဒေသေန္တိ" ဤ၌ ဒေသေန္တိ့သို့စပ်ဘို့ရာ ပဌမာဝိဘတ်ချင်း တူကြ၍၊ "သာရိပုတ္တောစ မောဂ္ဂလ္လာ နောစ"ဟု ဝါကျမထားဘဲ "သာရိပုတ္တမောဂ္ဂလ္လာနာ"ဟု ဒွန်သမာသ် ထားနိုင်သည်၊ "သာရိပုတ္တ မောဂ္ဂလ္လာနေ အာမန္တေသိ" ဤ၌ အာမန္တေသိ ကြိယာဝယ် ကံအဖြစ်ဖြင့် စပ်ဘို့ရာ ဒုတိယာဝိဘတ်ချင်းတူကြ၏၊ ထို့ကြောင့် "သာရိပုတ္တံစ မောဂ္ဂလ္လာနံစ"ဟု ဝါကျမထားဘဲ "သာရိပုတ္တမောဂ္ဂလ္လာနေ"ဟု ဒွန်သမာသ်ဖြင့် ထားသည်၊ ဤသို့လျှင် "စာစပ်ရာတူမှ–ဝိဘတ် တူနိုင်, ဝိဘတ် တူမှလည်း ဒွန်သမာသ်ဖြစ်နိုင်သည်"ဟု မှတ်၊ "ကေဝိဘတ္တိကာနံ"ဟုဆိုသောကြောင့် ဝိဘတ်တူမှသာ ပမာနတည်း၊ ဝုစ်ကား တူတူ-

www.dhammaransi.com



(အတ္ထိ)၊ သော-ထို ပေါင်းစည်းသောအနက်သည်၊ ဝိဘာသာ-ဖြင့်၊ သမာသော-သမာသ်သည်၊ ဘဝတိ - ဖြစ်၏၊ ဒွန္ဒသညောစ - ဒွန်အမည်ရှိသည်လည်း (ဟောတိ)၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ သမုစ္စယော နာမ-သမုစ္စည်းမည်သည်၊ သမ္ပိဏ္ဍနံ-ပေါင်းခြင်းတည်း။

---

မတူတူ အရေးမကြီး၊ ထို့ကြောင့် သားအများ သမီးတယောက်ကို "ပုတ္တာစ ဓီတာစ ပုတ္တဓီတရော"ဟုရင်း, မယားတယောက် သားသမီးအများကို "ပုတ္တာစ ဒါရောစ ပုတ္တဒါရော"ဟုရင်း သမာသ်တွဲနိုင်သည်၊

**ယော သမုစ္စယော, သော သမာသော**—ဤ၌ ရဟန်း ပုဏ္ဏား ၂-နက်လုံး၏ တကွဲတပြားစီ မဖြစ်ဘဲ ပေါင်းစည်းမိခြင်း လုံးမိခြင်း အနက်သည် သမုစ္စယ မည်၏၊ "သမုစ္စယနံ သမ္ပိဏ္ဍနံ—ပေါင်းမိခြင်း, လုံးစည်းမိခြင်းသည်၊ သမုစ္စယော—မည်၏" ဤသို့လျှင်"ယော သမုစ္စယော"အရ လုံးလုံးစည်းစည်းဖြစ်ခြင်းအနက်ကို ရသော်လည်း သမာသ်တွဲစပ်မှု ဟူသော သဒ္ဒါအစီအရင်မှာ အနက်၌ စီရင်၍ မဖြစ်, သမဏဗြာဟ္မဏ ဟူသော သဒ္ဒါ၌သာ စီရင်၍ ဖြစ်သောကြောင့် "ယော သမုစ္စယော"အရ အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် သဒ္ဒါတိုင်အောင် ယူ၊ ဥပမာ—"အဂ္ဂိဿိနိ" သုတ်၌ "အဂ္ဂိဿ-မီး၏"ဟု အနက်ကို ယူလျှင် ဇုနိပြု၍ မဖြစ်သောကြောင့်"အဂ္ဂိဿ-အဂ္ဂိသဒ္ဒါ၏"ဟု သဒ္ဒါကို ယူရသကဲ့သို့တည်း။

[ဋီကာ] သမုစ္စယော သမာသောတိ- (ပုဒ်တို့ဖြင့်), အတ္ထော ဝုတ္တော (အနက်ကို အကယ်၍ကား ဆိုအပ်ပါပေ၏)၊ တထာပိ အတ္ထေ အသမ္ဘဝါ တဒတ္ထ သဒ္ဒေယေဝ ဘဝတိ၊ ယထာ—အဂ္ဂိဿိနီတိ။

**သမုစ္စယောနာမ သမ္ပိဏ္ဍနံ**—[ကစ္စည်းသုတ်တို့၏ ထုံးစံအားဖြင့် သမုစ္စည်းနှင့် သမ္ပိဏ္ဍနသည် (ဝေါဒိဿနိသုတ်၌ ပြခဲ့သည့်အတိုင်း) ကွဲပြား ခြားနားသော်လည်း ထိုခြားနားမှုမှာ သုတ်၏ထုံးစံ တမျိုးသာတည်း၊အခြားကျမ်းဂန်ဆိုင်ရာ၌မူ သမုစ္စည်းနှင့် သမ္ပိဏ္ဍန သဘောတူပင်၊ ထို့ကြောင့် "သမုစ္စယောနာမ"စသည် မိန့်သည်၊ တခြားစီ နေသော ဝတ္ထု ၂-ခု ၃-ခု စသည်တို့ ပေါင်းနေသည်ကို "တခုထည်း တစည်းထည်း ဖြစ်သည်-လုံးလုံးစည်းစည်း ရှိသည်"ဟု ပြောစမှတ်ပြုကြ၏၊ ထိုကဲ့သို့ လုံးလုံးစည်းစည်း တစုတစည်းဖြစ်အောင် ပြုမှုကို (ပုဂ္ဂိုလ်၏ပယောဂစိုက်မှုကို ငဲ့၍) "ဆည်းသည်=ဆည်းခြင်း"ဟုခေါ်ရသည်၊ဥပမာ-ပုဂ္ဂိုလ်၏ပယောဂစိုက်မှုကိုမငဲ့လျှင်"ကွဲသည်,ကွာသည်" စသည်ဖြင့် ပဌမကွဲရာနှင့် သုံးစွဲ၍ ပုဂ္ဂိုလ်၏ဗျာပါရစိုက်မှုကို ငဲ့ရာ၌"ခွဲသည်,ခွါသည်" စသည်ဖြင့် ဒုတိယကွဲရာနှင့် မြန်မာသုံးရိုး ရှိသကဲ့သို့တည်း။

**ဆည်းပုံအမျိုးမျိုး**။ ။ကြိယာ၌ ဒြပ်အများကို ပေါင်းဆည်းသော "ကြိယာဒဗ္ဗ သမုစ္စည်း"လည်း ရှိ၏၊ ပုံကား—"ဗုဒ္ဓံ ဂုရုံစ ဘဇဿု—ဘုရားကိုရင်း, ဆရာကိုရင်း ဆည်းကပ်လော့"တည်း၊ ဤ၌ ဆည်းကပ်ခြင်း ကြိယာ၌ "ဘုရား—ဆရာ"ဟူသော

www.dhammaransi.com



ပန - ဆက်၊ သော - ထို သမုစ္စည်းသည်၊ အတ္ထဝသေန-အနက်၏အစွမ်းဖြင့်၊ ကေဝလ သမုစ္စယော - ကေဝလ သမုစ္စည်းဧင်း၊ အန္ဝာစယော-အန္ဝာစည်းဧင်း၊ ဣတရီတရယောဂေါ - ဂဧင်း၊ သမာဟာရော - ရ ဧင်း၊ ဣတိ, စတုဗ္ဗိဓော- ၏၊ တတ္ထ - ထို ၄-ပါးတို့တွင်၊ ကေဝလ သမုစ္စယေ-ကေဝလ သမုစ္စည်း၌ဧင်း၊ အန္ဝာစယေ စ - ၌ဧင်း၊ သမာသောန ဘဝတိ - သမာသ်မဖြစ် (ကသ္မာ) ကြိယာ သာပေက္ခတာယ - ကြိယာကို ငဲ့ခြင်း ရှိသည့်အတွက်၊ နာမာနံ - တို့၏၊ အညမညံ - ချင်း၊ အယုတ္တတ္တဘာဝတော - ယုတ္တတ္တ မဖြစ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ယထာ - ကား၊ စီဝရံ-သင်္ကန်းကိုဧင်း၊ ပိဏ္ဍပါတဉ္စ - ဆွမ်းကိုဧင်း၊ ပစ္စယံ - ဆေး ပစ္စည်း ကို ဧင်း၊ သယနာသနံ - အိပ်ရာ နေရာကိုဧင်း၊ အဒါသိ-လှူပြီ၊ ဒါနံ - ဒါနကို၊ ဒေဟိ-လှူ လော့၊ သီလဉ္စ - သီလ ကို လည်း၊ ရက္ခာ ဟိ - စောင့် ရှောက် လော့၊

---

ဖြစ် ၂-ပါးကိုဆည်းသည်၊ ဖြစ်၌ ဖြစ်အများကိုပေါင်းဆည်းသော"ဒဗ္ဗ ဒဗ္ဗ သမုစ္စည်း" လည်းရှိ၏၊ ပုံကား— "ဧသော ဂဇော စ အဿော စ-မင်း၏ ဆင်နှင့် မြင်း"တည်း၊ ဤ၌ မင်းဖြစ်၌ ဆင်မြင်းဟူသော ဖြစ် ၂-ပါးကို ပေါင်းဆည်းသည်၊ဖြစ်၌ဂုဏ်အများကို ပေါင်းဆည်းသော "ဒဗ္ဗဂုဏ သမုစ္စည်း"လည်းရှိ၏၊ ပုံကား "ပဋော သုက္ကော စ ရတ္တော စ—ပုလိုးသည် ဖြူလည်း ဖြူ, နီလည်းနီ၏"တည်း၊ ဤ၌ ပုဆိုးဖြစ်၌ အဖြူ—အနီ ဂုဏ် ၂-ပါးကို ဆည်းသည်၊ ဂုဏ်၌ ဖြစ်ကို ပေါင်းဆည်းသော "ဂုဏဒဗ္ဗသမုစ္စည်း" လည်း ရှိ၏၊ ပုံကား—"ရတ္တော ပဋော စ ကုက္ကုလံ စ—အနီသည် ပုဆိုးလည်းရှိ၏, နားခေါင်းလည်း ရှိ၏"တည်း၊ ဤ၌ အနီဂုဏ်ဝယ် ပုဆိုးနှင့် နားခေါင်းဖြစ် ၂—ခုကို ဆည်းသည်၊ ဤသို့လျှင် ဆည်းပုံ ၄—မျိုးရှိသည်။

**သမုစ္စည်း ၄—မျိုး၊** ။ကေဝလ သဒ္ဒါသည် "မရောမယှက်,သက်သက်,သန့်သန့်" ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် အန္ဝာစယ-ဣတရီတရ-သမာဟာရ သဘောတို့နှင့် မရောသော သမုစ္စည်းကို"ကေဝလ သမုစ္စည်း"ဟု ခေါ်၏၊အန္ဝာစယ သမုစ္စည်း, ဣတရီတရ ယောဂ သမုစ္စည်း, သမာဟာရ သမုစ္စည်းတို့ကို နာဓ် (စနိပါတ် အနက်) ၌ ပြခဲ့ပြီ၊ထို၌ ပြခဲ့သော"သမုစ္စယာ န္ဝာစယ"စသည်တို့ကွင်သမုစ္စယကိုပင် ဤ၌"ကေဝလ သမုစ္စည်း"ဟု ဆိုသည်။

**ကေဝလသမုစ္စယ ၊ ပေ ၊ ရက္ခာဟိ**— "စီဝရံ ပိဏ္ဍပါတဉ္စ ၊ ပေ ၊ အဒါသိ" သည် ကေဝလ သမုစ္စည်း၏ပုံစံ၊ [ဂါထာ ပြည့်စုံအောင်"အဒါသိ ဥဇုဘူတေသု, ဝိပ္ပသန္နေန စေတသာ"ဟု ဆက်၊ ဤသို့ ဂါထာပြယုဂ်ဖြစ်သောကြောင့်"စီဝရံ ပိဏ္ဍပါတဉ္စ, ပစ္စယံ သယနာသနံ အဒါသိ"ဟု စ တလုံးသည်းရှိသည်၊ထို စ ကို"စီဝရံစ ပစ္စယံစ သယနာသနံ စ"ဟု အနက်၌ ယှဉ်ပေးနိုင်သည်၊] ဤပုံစံ၌ စီဝရံသည် အဒါသိကို ငဲ့၏၊ ("သင်္ကန်းကို"ဟုဆိုလျှင် ထို"သင်္ကန်းကို"တွင် စကားမပြတ်ဘဲ"ပေး၏"ဟုစကား

www.dhammaransi.com



ဣတရီတရယောဂေ – ဣတရီတရယောဂ သမုစ္စည်း၌ရင်း၊ သမာဟာရေစ – စ္စည်း၌ရင်း၊ သမာသော ဘဝတိ – သမာသ်ဖြစ်၏၊ (ကသ္မာ)၊ တတ္ထ – ထို ဣတရီတရယောဂ,သမာဟာရတို့၌၊ နာမာနံ-တို့၏၊ အညမညံ-အချင်းချင်း၊ ယုတ္တတ္တ ဘာဝတော – ပေါင်းစပ်အပ်သော အနက်ရှိကုန်သည်၏ အဖြစ် ကြောင့်တည်း။

ဒွေဒွေ–၂-ခု ၂-ခုကုန်သော၊ ပဒါနိ–ပုဒ်တို့တည်း၊ ဒွန္ဒာ–၂-ပုဒ် ၂-ပုဒ်တို့၊ ဝါ – တနည်း၊ ဒွန္ဒဋ္ဌာ–အစုံစုံ အနက်ရှိကုန်သော သဒ္ဒါတို့သည်၊ ဒွန္ဒာ–

အဆက် ရှိနေသေးသည်ကို "ငဲ့သည်"ဟု ဆိုသည်၊) ပိဏ္ဍပါတံ စသော ၃-ပုဒ်လည်း အဒါသိကိုငဲ့၏၊ ဤသို့လျှင် "စီဝရံ ပိဏ္ဍပါတဉ္စ ပစ္စယံ သယနာ သနံ"တို့သည် မိမိတို့ အချင်းချင်း "သမုစ္စယ+သမုစ္စေတဗ္ဗ"အဖြစ်ဖြင့် ငဲ့ကြ စပ်ကြသော်လည်း မိမိတို့ အချင်း ချင်းမှ တပါး"အဒါသိ"ဟူသော ကြိယာပုဒ်တပါးကိုလည်း ငဲ့နေကြသေးသောကြောင့် ယုတ္တတ္ထ မဖြစ်ရကား"စီဝရပိဏ္ဍပါတပစ္စယသယနာသနာနိ"ဟု ဒွန်သမာသ် မဖြစ်နိုင်၊ တချို့ကား "စီဝရံ ပိဏ္ဍပါတံစ ပစ္စယံ သယနာသနံ"တို့သည် မိမိတို့ချင်း အလျဉ်း မငဲ့ကြ"ဟု ဆို၏, စဉ်းစားကြပါကုန်၊ [စီဝရံ ပိဏ္ဍပါတံ စသည်တို့ သမာသ်ဖြစ်နိုင်သော နည်းကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

"ဒါနံ ဒေဟိ, သီလဉ္စ ရက္ခာဟိ"ကား အန္ဝာစယ သမုစ္စည်း၏ပုံစံ၊ ["ဒါနံ"ဝယ် "ဒါနဉ္စ"ဟု ပါ၍ရှိသော်လည်း ထိုသို့ မရှိထိုက်ပုံကို နာမ်၌ ပြခဲ့ပြီ၊] ဤပုံစံ၌ ဒါနံနှင့် သီလံသည် အချင်းချင်း အလျဉ်း မငဲ့ကြ၊ ဒါနံသည် "ဒေဟိ"ဟူသော ကြိယာကို, သီလံလည်း "ရက္ခာဟိ"ဟူသော ကြိယာကိုသာ ငဲ့သောကြောင့် ယုတ္တတ္ထမဖြစ်ရကား "ဒါနဉ္စ သီလဉ္စ ဒါနသီလံ"ဟု သမာသ်မဖြစ်။ [ဤအန္ဝာစယသမုစ္စည်းကို သဒ္ဒတကျမ်း တို့၌"ဘိက္ခံ စရ,ဂါဝေါစ အာနယ"ဟုပုံစံထုတ်၏၊ဘိက္ခံစရ-ထမင်းတောင်းသွားလော့ (ဤ၌ "စ"မပါ)၊ ဂါဝေါစ အာနယ–နွားတို့ကိုလည်း(တွေ့လျှင်) ဆောင်ခဲ့လော့၊ ဤ၌ ထမင်းတောင်းခြင်းသည် လိုရင်းပဓာနကိစ္စတည်း၊နွားဆောင်မှုကား(အဆင်သင့် တွေ့မှ ဆောင်ရမည့်) အပဓာနကိစ္စတည်း၊ ထို့ကြောင့် "ဘိက္ခံစရ"ဟု စေခိုင်းရာ အခိုက်၌"နွားဆောင်ခြင်းကို အလျဉ်းမငဲ့၊ "ဂါဝေါစ အာနယ"ဟု ထပ်မံခိုင်းရာ၌ကား ရှေ့ဝါကျဖြင့်ပြအပ်သော ထမင်းတောင်းခြင်းကို ငဲ့၏,ဆည်း၏၊ ဤသို့ နောက်ဝါကျသည် ရှေ့ဝါကျကို ငဲ့သော်လည်း ဂါဝေါသက်သက်ကား ဘိက္ခံကို အလျဉ်း မငဲ့, အာနယ ကြိယာကိုသာငဲ့၏၊ ဘိက္ခံကလည်း ဂါဝေါကို မငဲ့, စရကြိယာကိုသာ ငဲ့၏၊ ထို့ကြောင့် ဘိက္ခံနှင့် ဂါဝေါတို့ "ဘိက္ခဂေါ"ဟု သမာသ် မဖြစ်။

ဣတရီတရ၊ပေ၊ယုတ္တတ္တ ဘာဝတော—ဣတရီတရယောဂသမုစ္စည်း သမာဟာရ သမုစ္စည်းတို့၌ကား ပုဒ်တပါးကိုမငဲ့ဘဲ မိမိတို့အချင်းချင်းငဲ့စပ်၍ယုတ္တတ္ထဖြစ်သောကြောင့် သမာသ် ဖြစ်၏၊ နောက်၌ ထင်ရှားလတ့ံ၊ ထိုတွင် ဤ "သမဏ ဗြာဟ္မဏာ"ဟူသော ဒွန်သည် ဣတရီတရယောဂ သမုစ္စည်းဖြစ်သော ဒွန်တည်း။

www.dhammaransi.com



ဒွန္ဒတို့မည်၏၊ [သိမ့်ုဥ္ဈ "ဒွေစ ဒွေစာတိ ဒွန္ဒော, ဒွန္ဒဋ္ဌော၀ါ ဒွန္ဒော"ဟု ရှိ၏] ဒွန္ဒသဒိသတ္တာ – ဒွန္ဒသဒ္ဒါနှင့် တူသည်၏အဖြစ်ကြောင့်၊ အယံသမာသောပိ - ကိုလည်း၊ အန္ဒွတ္ထသညာယ-ဖြင့်၊ ဒွန္ဒောတိ, ၀ုစ္စတိ–၏၊ ဟိ-မှန်၏၊ ဒွန္ဒော–ဒွန်သမာသ်သည်၊ ဥဘယတ္ထပဓာနော-ပြဋ္ဌာန်းသော ၂-ပုဒ် အနက်ရှိ၏။

---

ဒွေ ဒွေ ပဒါနိ ဒွန္ဒာ—ပဒါနိကား ဟောနက်ကို ပြသော အဘိဓေယျပုဒ်တည်း၊ ရုပ်စီရင်ရာ၌ မလို၊ ဤနည်း၌ ဒွန္ဒာပုဒ်သည်ပင် ဒွန်သမာသ်ပုဒ်ဖြစ်၍ "ဒွေစ ဒွေစ ဒွန္ဒာ" ဟုဋီကာဝိဂြိုဟ်ပြုသည်၊ "ဒွိ (ယော) စ (သိ) ဒွိ (ယော) စ (သိ)"၌ယောသုဒ္ဓိန္နံ ဒွေစ သုတ်ဖြင့် ယောနှင့် တကွ ဒွိကို ဒွေပြု, စ နောင် သိတို့ကိုချေ၊ "ဒွေစ ဒွေစ"ဖြစ်စေ၊ သမာသ်စသည် စီရင်၍ "ဒွိဒွိ"ဟု ပကတိပြု၊ ၀ိသတိ ဒသေသု ဗာဒ္ဒိသတု၌ တုသဒ္ဒါဖြင့် နောက်ဒွိကို ဒိပြု၊ ကွစိသမာသန္တ စသောသုတ်ဖြင့် ဒိ၏ ဣကို (အ) ပြု (ဒွိဒ), (ဒွန္ဒော- ဟူသောပုဒ်ကိုပင်နိပါတနလုပ်၍) ဤ"ဒွန္ဒော"ဟူသော နိပါတနဖြင့်ဒွိ၏ဣကို (အ) ပြု, နိဂ္ဂဟိတဥ္စသုတ်ဖြင့် နိဂ္ဂဟိတ်လာ, ၀ဂ္ဂန္တံ (န်) ပြု၍ (ဒွန္ဒ) နာမ်ငဲ့, ယောကို အာပြု။

ဒွန္ဒဋ္ဌာ၀ါဒွန္ဒာ—"ဒွန္ဒ+အတ္ထ"မှ ထ္ထကို (ဋ+ဌတွဲလျက်) ဋ္ဌပြု၍ "ဒွန္ဒဋ္ဌ"ဟုဆိုသည်၊ အတ္ထကထာမှ အဋ္ဌကထာ ဖြစ်သကဲ့သို့တည်း၊ "ဒွန္ဒော+အဋ္ဌော ယေသံတိ ဒွန္ဒဋ္ဌာ– အစုံအနက်ရှိသောသဒ္ဒါတို့"ဟုဆို၊ ဤ"ဒွန္ဒဋ္ဌာ၀ါဒွန္ဒာ"ပါဌ်ဖြင့် "ဒွန္ဒ"အရ အစုံအနက် ကိုသာ ဟောနိုင်သော်လည်း ဤနေရာ၌ အနက်ကို အကြောင်းပြု၍ ကာရဏူပစာရ အားဖြင့် သဒ္ဒါကိုလည်း "ဒွန္ဒ"ဟု ဆိုနိုင်ကြောင်းကို ပြ၏၊ တနည်း "ဒွန္ဒော ယဿ အတ္ထီတိ ဒွန္ဒော"ဟု အဿတ္ထိဝိဂြိုဟ်ပြု၍ ဒွန္ဒအရ အစုံအနက်ရှိသော သဒ္ဒါကိုရ၏။

ဒွန္ဒသဒိသတ္တာ၊ပေ၊ဒွန္ဒောတိ ၀ုစ္စတိ–"ဒွေဒွေ၊ပေ၊ ဒွန္ဒာ"ဟူသော ရှေ့စကား ၂-ရပ်ဖြင့် ဒွန်သမာသ်ကိုမရသေး၊ဒွန္ဒမည်သော သဒ္ဒါတခုကိုသာ ရသေး၏၊ဒွန်သမာသ် ရအောင်ကား"ဒွန္ဒော ဝိယာတိ ဒွန္ဒော"ဟု ဥပမာတဒ္ဓိတ် ဆင့်ရမည်–ဟူလို၊ [ဒွန္ဒ သဒိ သတ္တာ၌ "သဒိသ"ပုဒ်ဖြင့် ဥပမာတဒ္ဓိတ်ဖြစ်ကြောင်းကို ပြသည်၊] "အယံ–ဤသမာသ် သည်၊ ဒွန္ဒောဝိယ–ဒွန္ဒသဒ္ဒါနှင့်တူ၏၊ ဣတိ–ကြောင့်၊ ဒွန္ဒော–မည်၏"ဟု ပေး။

ဥဘယ ပဒတ္ထ၊ပေ၊ဒွန္ဒော—ဤစကား ကား ဒွန်သမာသ်၏ ဒွန္ဒ သဒ္ဒါနှင့် တူပုံကို ခိုင်မြဲစေသော ဒဠှီ ကရဏ ၀ါကျတည်း၊ "မဟာပုရိသော"စသော အခြားသမာသ် များ၌ ၂-ပုဒ်ပေါင်းစပ်မှ "ယောကျ်ားမြတ်"စသော တနက်သာရကြ၍ နောက်ပုဒ် အနက်ဖြစ်စေ ရှေ့ပုဒ်အနက်ဖြစ်စေ အညပုဒ်အနက်ဖြစ်စေ အနက်တခုသာ ပဓာန ဖြစ်ကြသည်၊ သမဏဗြာဟ္မဏာ စသော သမာသ်များ၌ကား "ရဟန်း+ပုဏ္ဏား" ၂-မျိုးလုံးကို ရ၍ ၂-နက်လုံး ပဓာန ဖြစ်သည်၊ ထို့ကြောင့် ဒွန်သမာသ်သည် (သိုးခင်ပွန်း တစုံ, သက်နီးတစုံ စသော) စုံတွဲ အနက် ၂-ခုကို ဟောသောကြောင့် ဒွန္ဒသဒ္ဒါနှင့် တူသည်–ဟူလို၊ [အနက် ၂-ခုကို ရ၍ "ဒွန္ဒ"မည်၏ ဟူသော စကား လည်း များသောအားဖြင့် (ယေဘုယျနည်းအားဖြင့်) ဆိုသော စကားတည်း၊ ၃-ပုဒ် ၄-ပုဒ်စသည် သမာသ်တွဲရာ၌ ၃-နက် ၄-နက် စသည်လည်း ရနိုင်ကြောင်းကိုသိပါ။]

www.dhammaransi.com



နနုစ - စောဒနာဦးအံ့၊ ဥဘယပဒတ္ထပဓာနတ္တေ-၂-ပုဒ် အနက် ပြဋ္ဌာန်းသည်၏ အဖြစ်သည်၊ သတိ-သော်၊ ဒွန္ဒေ-ဒွန်သမာသ်၌၊ ကထံ-အဘယ်သို့လျှင်၊ ဧကတ္ထီဘာဝေါ-တူသော အနက်ရှိသည်၏အဖြစ်သည်၊ သိယာ-ဖြစ်နိုင်ပါတော့အံ့နည်း၊ ဣတိ-ဤကား စောဒနာ၊ ဝုစ္စတေ-အဖြေကို ဆိုအပ်၏၊ သဒိသာဒိအတ္ထေပိ-သဒိသ အစရှိသော အနက်၌လည်း၊ သဒ္ဒပ္ပဝတ္တိ သမ္ဘဝေန-သဒ္ဒါဖြစ်ခြင်း၏ ဖြစ်သင့်သည့်အတွက်၊ ဒွိန္နံ ပဒါနံ-၂-ပုဒ်တို့၏၊ ဧကက္ခဏေယေဝ-တပြိုင်နက်သော ခဏ၌ပင်၊ အတ္ထဒ္ဒယ ဒီပကတ္တာ-အနက် ၂-ပါးလုံးကို ပြနိုင်သည်၏ အဖြစ်ကြောင့်၊ ဝိရောဓော-ဆန့်ကျင်ဘက်သည်၊ န-မဖြစ်။

စ-ဆက်ဦးအံ့၊ တေသံ-ထိုပုဒ်တို့၏၊ တံ အတ္ထဒ္ဒယ ဒီပနံ-ထို အနက် ၂-ပါးလုံးကို ပြနိုင်ခြင်းသည်၊ ဒွန္ဒ ဝိသယမေဝ-ဒွန် ဟူသော အရာရှိသည်

---

နနုစ၊ပေ၊ဧကတ္ထီ ဘာဝေါ သိယာ—ဒွန်သမာသ်သည် ဥဘယ ပဒတ္ထ (အနက် ၂-ပါးလုံး) ပဓာနဖြစ်လျှင် အနက် ၂-ပါးကိုရနေသောကြောင့် အဘယ်မှာဧကတ္ထီဘော ဖြစ်နိုင်တော့မည်နည်း [“အနက်အားဖြင့်တူမှ ဧကတ္ထီဘာဝ-ဟု ခေါ်၏၊ ဒွန်သမာသ်၌ ၂—နက်လုံးကို ရနေလျှင် ၂—ပုဒ်လုံး၏အနက်သည် အတူ မဖြစ်နိုင်ရကား ဧကတ္ထီဘာဝ မဖြစ်, ဧကတ္ထီဘာဝမဖြစ်လျှင်“ဧကတ္ထီဘာဝေါ သမာသလက္ခဏံ”နှင့်ဆန့်ကျင်နေသည် မဟုတ်ပါလော”ဟု စောဒနာလိုရင်း ဖြစ်သည်။]

ဝုစ္စတေ, သဒိသာဒိ၊ပေ၊နဝိရောဓော — အမြာဟွဏောပုံစံ၌ ပြခဲ့သည့်အတိုင်း မြာဟ္မဏသဒ္ဒါသည် ပုဏ္ဏားတု ဟူသော သဒိသ အနက်ကို ဟော၏၊ အဗျာကတာ၌ ဗျာကတ သဒ္ဒါသည် ဗျာကတ မည်သော ကုသိုလ် အကုသိုလ်မှတပါး ဟူသော အညအနက်ကို ဟော၏၊ အကုသလသဒ္ဒါသည် ကုသိုလ်၏ ဆန့်ကျင်ဘက် (အကုသိုလ်) ဟူသော ဝိရုဒ္ဓအနက်ကို ဟော၏။ [ဤ“သဒိသာဒိ အတ္ထေပိ သဒ္ဒပ္ပဝတ္တိ သမ္ဘဝေန”ဖြင့် သဒ္ဒါတို့သည် (တရံတခါ၌ သူ့အကြောင်းအားလျော်စွာ) ရိုးရာ ဟောနက်မှ တခြား သဒိသစသော အနက်များကိုလည်း ဟောနိုင်သေးကြောင်းကိုသာ ပြသည်၊ ဤဒွန်ပုဒ်တို့ သဒိသ စသော အနက်၌ ဖြစ်ကြ၏—ဟု ဆိုလိုသည်မဟုတ်။] ဤ ဒွန်သမာသ်၌လည်း “သမဏမြာဟ္မဏာ”ဝယ် သမဏသဒ္ဒါသည် “ရဟန်း”ဟူသော ရိုးရာ တနက်အပြင် “ပုဏ္ဏား”ဟူသော အနက်ကိုလည်း တပြိုင်နက် ဟောနိုင်၏၊ မြာဟ္မဏ သဒ္ဒါလည်း “ပုဏ္ဏား”ဟူသော ရိုးရာတနက်အပြင်“ရဟန်း”ဟူသော အနက်ကိုလည်း တပြိုင်နက် ဟောနိုင်၏၊ ထိုသို့ ဟောနိုင်လျှင် သမဏ၏ ဟောနက် တစုံကိုပင် မြာဟ္မဏသဒ္ဒါက ဟော, မြာဟ္မဏ၏ ဟောနက်တစုံကိုပင် သမဏသဒ္ဒါက ဟောသဖြင့် ထိုသဒ္ဒါ၂-ခု၏ ဟောနက်သည် တူနေရကား ဧကတ္ထ ဖြစ်ကြသည်၊ ဤသို့ ၂-ပုဒ်လုံးက အနက် ၂-ခုကို တပြိုင်နက် သဘောတူ ပြနိုင်သောကြောင့် ၂-ပုဒ် အနက်ရသော်လည်း ဧကတ္ထီဘာဝ လက္ခဏာနှင့် ဆန့်ကျင်ဘက် မဖြစ်ပါ—ဟု ဖြေသည်။

www.dhammaransi.com



သာတည်း၊ ဟိ-ထင်ရှားအောင် ပြဦးအံ့၊ ဘူသဒ္ဒေါ-သည်၊ အနုဘဝ အဘိဘဝါဒိကေ-ခံစားခြင်း လွှမ်းမိုးခြင်း အစရှိကုန်သော၊ အတ္ထေ-တို့ကို၊ အနွဘိအာဒိ ဥပသဂ္ဂသဟိတော-အနုအဘိ အစရှိသော ဥပသာရတို့နှင့် တကွ ဖြစ်သည်၊ (သမာနော)ဝံ-ဖြစ်သော်သာ၊ ဝါ-ဖြစ်မှသာ၊ ဒီပေတိ ယထာ-ပြနိုင်သကဲ့သို့၊ ကေဝလော-သက်သက်သော ဘူသဒ္ဒါသည်၊ နဒီပေတိ ယထာ-မပြနိုင်သကဲ့သို့၊ ဧဝံ-တူ၊ ဂဝါဿကံတျာဒိသု-ဂဝါဿကံ အစရှိသောပြယုဂ်တို့၌၊ ဂဝါဒီနံ-ဂေါအစရှိသောသဒ္ဒါတို့၏၊ အဿာဒိ သဒ္ဒန္တရ သဟိတာနမေဝ-အဿ အစရှိသော သဒ္ဒါတပါးနှင့် တကွ ဖြစ်ကုန်သော်သာ၊ အတ္ထဒွယ ဒီပနံ-သည်၊ (ဟောတိ)၊ ကေဝလာနံ-သက်သက် ဂေါအစရှိသော သဒ္ဒါတို့၏၊ အတ္ထဒွယ ဒီပနံ-သည်၊ န-မဖြစ်၊ ဣတိ-ထို့ကြောင့်၊ တံ-ထိုတပြိုင်နက် အနက် ၂-ပါးကို ပြခြင်းသည်၊ ဒွန္ဒ ဝိသယမေဝ-ဒွန်ဟူသော အရာရှိသည်သာ၊ သဗ္ဗတ္ထ-အလုံးစုံသောအရာ၌၊ န-မဟုတ်၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်ထိုက်၏၊ [သီဟိုဠ်မူ၌ရင်း သဒ္ဒနီတိ၌ရင်း "ဒဋ္ဌဗ္ဗံ" ဟု ပါ၏၊ "တဥ္စ" ဟုကား မပါကြ။]

---

**တဉ္စ ဒွန္ဒ ဝိသယမေဝ၊ပေ၊ဒီပနံ**—["ဒီပကတ္တာ" ဟု မြန်မူ "ဒီပနာ" ဟု သီမူ "ဒီပနံ" ဟု သဒ္ဒနီတိ ရှိ၏၊ တဉ္စနှင့် အရတူသောကြောင့် သဒ္ဒနီတိ ရှုတိုင်းသာ ကောင်းသည်။] ထို ၂-ပုဒ်တို့၏ အနက် ၂-ပါးကို သဘောတူ တပြိုင်နက် ပြနိုင်ခြင်းသည် ဒွန်အရာ၌သာ ဖြစ်၏၊ အခြားအရာများ၌ကား ထိုကဲ့သို့ ပြနိုင်လိမ့်မည် မဟုတ်၊ ["ဒွန္ဒ ဝိသယမေဝ—ဒွန်ဟူသော အရာရှိသည်သာ" ဟု ဆိုခြင်းနှင့် "ဒွန်အရာ၌သာ ဖြစ်၏" ဟု ဆိုခြင်းသည် သဘောတူပင်တည်း၊ "ဒွန္ဒဝိသယေဝ" ဟု သီ့ဝိဘတ်ဖြင့် ရှိလျှင် "နသဗ္ဗတ္ထ" ဟူသော ပြောင်းပြန်စကားနှင့် သာ၍ လိုက်ရောဘွယ် ရှိ၏။]

**ယထာဟိ၊ပေ၊န သဗ္ဗတ္ထာတိ ဒဋ္ဌဗ္ဗံ**—[ဤစကားကား "တဉ္စ ဒွန္ဒ ဝိသယမေဝ၊ပေ၊ဒီပနံ" ဟူသော ရှေ့စကားကို ဥပမာဆောင်၍ ထင်ရှားအောင်ပြသော တပ္ပါကဋီကရဏ ဝါကျ, တနည်း-ဝိတ္ထာရဏ ဝါကျတည်း၊ ထို့ကြောင့် ဤဝါကျသည် ရှေ့အဖြေစကားနှင့်မဆိုင်, တဉ္စ ဒွန္ဒ ဝိသယမေဝ-စသော နောက်စကားနှင့်သာ ဆိုင်တော့သည်-ဟုမှတ်၊] ဘူသဒ္ဒါသည် "အနုဘဝ (ခံစားခြင်း) အဘိဘဝ (လွှမ်းမိုးခြင်း) အနက်တို့ကို ပြနိုင်၏" ဟု ဆိုသော်လည်း (န ကေဝလော) သူ့ချည်းသက်သက် မပြနိုင်, အနုအဘိ တို့နှင့် တကွ ဖြစ်ရမှ "အနုဘဝတိ—ခံစား၏၊ အဘိဘဝတိ—လွှမ်းမိုး၏" ဟု ပြနိုင်သည်၊ ထို့အတူ သဒ္ဒါသည် "တပြိုင်နက် အနက် ၂-ရပ်ကို ပြနိုင်သည်" ဟု ဆိုသော်လည်း "ဂဝါဿကံ" စသော ဒွန်အရာ၌သာ ဂေါသဒ္ဒါ တခုတည်းက "နွား+မြင်း" ဟူသော အနက် ၂-ခုကို, အဿသဒ္ဒါတခုတည်းက "မြင်း+နွား" ဟူသော အနက်ကို ပြနိုင်သည်၊ (န ကေဝလာနံ) အဿနှင့်မတွဲဘဲ ဂေါချည်သက်သက်ရင်း, ဂေါနှင့်မတွဲဘဲ အဿချည်

အထဝါ-တနည်းကား၊ ဒွိန္နံပိ-၂ ပုဒ်လုံးတို့၏လည်း၊ ယထာ ဝုတ္တ သမုစ္စယ ဒီပကတ္တာ-အကြင်အကြောင် ဆိုအပ်ပြီးသော သမုစ္စည်းအနက်ကို ပြတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဒွန္ဒေပိ – ဒွ၌လည်း၊ ကေတ္တိတာ – တူသော အနက်ရှိသည်၏ အဖြစ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ ကောစိ-တစုံတခုသော၊ ဝိရောဓော-ဆန့်ကျင်ဘက်သည်၊ န-မရှိ။

တတော-ထိုမှ နောက်၌၊ သမာသသညာ ဝိဘတ္တိလောပါဒိ-သမာသ်အမည်, ဝိဘတ်ချေခြင်း အစရှိသော အစီအရင်သည်၊ ဝုတ္တနယမေဝ–ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ သမာသေနေဝ – သမာသ်သည်ပင်၊ စတ္ထသ – စ သဒ္ဒါ၏ သမုစ္စည်းအနက်ကို၊ ဝုတ္တတ္တာ–ဟောအပ်သည်၏အဖြစ်ကြောင့်၊ ဝုတ္တတ္ထာန–

---

သက်သက်ရင်း အနက် ၂-ခုကိုမပြနိုင်၊ ထို့ကြောင့် ဝါပြိုင်နက် အနက် ၂–ခုကို သဒ္ဒါတခုထည်းက ပြနိုင်ခြင်းသည် ဒွန်အရာ၌သာ ဖြစ်၏, အခြားအရာ၌ မဖြစ်–ဟုမှတ်။

**အထဝါ၊ ပေ၊ နကောစိ ဝိရောဓော**—"သဒိသာဒိ အဓေ္တပိ၊ပေ၊အတ္တဒွယ ဒီပကတ္တာ န ဝိရောဓော"ဟူသော ပဌမအဖြေသည် ဗာဟိရဂ ဗျာကရုဏ်း (သာသနာတော်မှ အပဖြစ်သော သက္ကတ သဒ္ဒါ) ဆရာတို့၏ အလိုအားဖြင့် ပြအပ်သော အဖြေတည်း၊ ထိုအဖြေမှ တမျိုးတဖုံ ကေတ္တိဘာဝ ဖြစ်ပုံကို ပြလိုသောကြောင့် "အထဝါ" စသည်ကို မိန့်သည်၊ ထို၌ "ယထာ ဝုတ္တ သမုစ္စယ"ဟူသည် "နာမာနံ သမုစ္စယော ဒွန္ဒော"အရ၌ ပြခဲ့သော ဒွန်သမာသ်အရာဝယ် အလိုရှိအပ်သော ဣတရီတရယောဂ သမုစ္စည်းအနက်–သမာဟာရ သမုစ္စည်းအနက်တည်း၊ ဒွန်သမာသ် ဟူသမျှသည် ထို သမုစ္စည်းအနက် ၂–မျိုးတွင် တမျိုးမျိုးကို ပြမြဲဖြစ်၏၊ ရှေ့ဦးအံ့–"သမဏဗြာဟ္မဏာ" ဟူသော ဣတရီတရယောဂ ဒွန်၌ "ရဟန်းလည်း-ရဟန်းလဲ-ရဟန်းရော (ရဟန်းအနက်ထည်း၌ ပုဏ္ဏားအနက်ရောခြင်းကို "ရဟန်းရော"ဟု ဆိုသည်) ဟု အနက်ပေးရသော သမဏသဒ္ဒါသည် ပုဏ္ဏားကို ဆည်းခြင်း ဟူသော သမုစ္စည်းအနက်ကို ဟော၏၊ ပုဏ္ဏားလည်း, လဲ, ရော"ဟု အနက်ပေးရသော ဗြာဟ္မဏသဒ္ဒါလည်း ရဟန်းကို ဆည်းခြင်းဟူသော သမုစ္စည်းအနက်ကို ဟော၏၊ ဤသို့လျှင် ၂-ပုဒ်လုံးပင် သမုစ္စည်း အနက်ကို ပြခြင်းအားဖြင့် ကေတ္တ ဖြစ်ကြ၏၊ ထို့ကြောင့် ဒွန်သမာသ်၌ ဥဘယပဒတ္ထပဓာန ဖြစ်သော်လည်း "ကေတ္တိဘာဝေါ သမာသ လက္ခဏံ"နှင့်ကား အနည်းငယ်မျှ ဆန့်ကျင်ဘက်မဖြစ်ပါ၊ [မောဂ္ဂလ္လာန်၌ ဒွန်သမာသ်ကို "စတ္ထ သမာသ် (စ သဒ္ဒါ၏ သမုစ္စည်းအနက်ကို ဟောသောသမာသ်)"ဟု အမည်ပေးထား၏၊ ဤအဖြေသည် ထိုမောဂ္ဂလ္လာန် အမည်ပေးပုံနှင့် သာ၍ သင့်လျော်သော အဖြေဖြစ်သည်။]

**တတော၊ ပေ၊ အပ္ပယောဂေါ**—"သမဏောစ ဗြာဟ္မဏောစ"ဟု ဝါကျတည်ပြီးနောက် "နာမာနံ သမုစ္စယော ဒွန္ဒော"သုတ်ဖြင့် သမဏောနှင့် ဗြာဟ္မဏောကို သမာသ်စပ်၍ ဒွန်ဟု အမည်မှည့်၊ ထိုသမာသ်စပ်မှု ဒွန်မှည့်မှုကို ပြုပြီးနောက် သမာသ်

www.dhammaransi.com



မပ္ပယောဂေါတိ-ဟူသော ပရိဘာသာကြောင့်၊ စသဒ္ဒဿ-၏၊ အပ္ပယောဂေါ-သည်၊ (ဟောတိ)၊ ဣမဒွန္ဒေ-ဤဒွန်သမာသ်၌၊ အစ္စိတတရံ-သာ၍ ပူဇော်အပ်သော အနက်ရှိသောပုဒ်သည်၊ ပုဗ္ဗံ ရှေ့၌၊ နိပတတိ-ကျ၏၊ ပရသော၀-နောက်ပုဒ်၏သာ၊ လိင်္ဂံ-လိင်သည်လည်း (ဟောတိ)၊ ဣတရီတရယောဂဿ-ဣတရီတရယောဂ ဒွန်၏၊ အဝယဝပဓာနတ္တာ-အစိတ် အစိတ် ပြဓာန်းသည်၏ အဖြစ်ကြောင့်၊ သဗ္ဗတ္ထ-အလုံးစုံသော ဝိဘတ်တို့၌၊ ဗဟုဝစနမေဝ-ဗဟုဝုစ် ချည်းသာ၊ သာရိပုတ္တ မောဂ္ဂလ္လာနာ-သာရိပုတြာ မောဂ္ဂလ္လာန်တို့၊ သာရိပုတ္တ မောဂ္ဂလ္လာနေ-တို့ကို၊ သာရိပုတ္တမောဂ္ဂလ္လာနေဟိ-တို့ဖြင့်၊ ဣစ္စာဒိ-တည်း၊ သမဏောစ-ရဟန်းလည်း၊ ဗြာဟ္မဏောစ-ပုဏ္ဏားလည်း၊ သမဏဗြာဟ္မဏာ-တို့၊

---

အမည်မှည့်ခြင်း, ဝိဘတ်ချေခြင်း, ပကတိပြုခြင်း, နာမ်ငဲ့ခြင်း စသော အစီအရင်တို့မှာ ဆိုပြီးအတိုင်းပင်တည်း၊ "သမဏ ဗြာဟ္မဏ"ဟူသော သမာသ်ပုဒ်သည်ပင် စတ္ထ (သမုစ္စည်းအနက်) ကို ဟောနိုင်သောကြောင့် ဝုတ္တတ္ထာန စသော ပရိဘာသာဖြင့် စ ၂-လုံးကိုလည်း ချေရမည်။

ဣမဒွန္ဒေ၊ပေ၊လိင်္ဂံ—ဤဒွန်သမာသ်၌ ပူဇော်အပ်သော အနက်ချင်းတူလျှင် သာ၍ ပူဇော်အပ်သော အနက်ကို ဟောသောပုဒ်သည် ရှေ့က နေ၏၊ ထို့ကြောင့် အရှင်မောဂ္ဂလ္လာန်ထက် အရှင်သာရိပုတြာက ပဌမ အဂ္ဂသာဝကဖြစ်၍ ရှေ့နေ၏၊ ဗြာဟ္မဏထက် သမဏသည်၎င်း, (အိမ်ပိုင်ရှင်သူမှန်လျှင် တအိမ်မျှကို ပိုင်သူပင်ဖြစ်စေ "ဂဟဿ+ပတိ" အရ "အိမ်ရှင်" မည်၏၊ ထိုအိမ်ရှင်ကို "သူကြွယ်" ဟု မြန်မာပြန်ထားကြသည်၊) ထို ဂဟပတိထက် ဗြာဟ္မဏသည်၎င်း, ဗြာဟ္မဏထက် (ဇာတ်,အစိုးရခြင်းအားဖြင့် သာသော) ခတ္တိယသည်၎င်း, (လသည် လစဉ် အသစ်အသစ်ဖြစ်၍ လူ့ဘို့ ချစ်နှစ်သက်အပ်သောကြောင့်) နေထက် လသည်၎င်း, အဘထက် (ပို၍ ကျေးဇူးများသော) အမိသည်၎င်း သာ၍ ပူဇော်အပ်ရကား ရှေ့ နေကြရသည်၊ ဤဒွန်၌ နောက်ပုဒ်လိင်ကိုသာ လိုက်ရသည်၊ (နောက်ပုဒ် လိင်အတိုင်း လိင်ရှိသည်)၊ ထို့ကြောင့် မာတာ (ဣတ္ထိလိင်) ပိတာ (ပုလ္လိင်) ဟု လိင်ကွဲရာ၌ ပိတာအတိုင်း "မာတာပိတရော" ကို ပုလ္လိင်ဟု မှတ်၊ ဇာယာပတိ ဟု လိင်ကွဲရာ၌ ပတိ၏လိင်လိုက်၍ ပုလ္လိင်ဟု မှတ်။

ဣတရီတရယောဂဿ၊ပေ၊ဗဟုဝစနမေဝ—[ဣတရီတရယောဂ၏ အနက်ကို စနိပါတ် အဖွင့်၌ ပြခဲ့ပြီ၊] သမဏဗြာဟ္မဏာ၌ သမဏသည် ဗြာဟ္မဏကို အထူးပြုသော ဝိသေသန အပဓာန မဟုတ်, ပဓာနပုဒ်ပင်တည်း၊ ဗြာဟ္မဏလည်း သမဏ၏ ဝိသေသန မဟုတ်—ပဓာနပင်၊ ဤသို့ အသီးအသီး ကိုယ်စီကိုယ်င ပဓာနဖြစ်သောကြောင့် ပူးပေါင်းစုစည်း၍ တခုထည်း မဖြစ်နိုင်ရကား ဝိဘတ်အားလုံး၌ "သမဏ ဗြာဟ္မဏာ" စသည်ဖြင့် ဗဟုဝုစ်ချည်း ဖြစ်ကြရသည်၊ ပုံရိသာဒိဂိုဏ်း သွင်း၍ ဗဟုဝုစ်ရုပ်ချည်း စဉ်လေ၊

www.dhammaransi.com



ဝေ၊ ဗြာဟ္မဏဂဟပတိကာ - ပုဏ္ဏားသူကြွယ်တို့၊ ခတ္တိယ ဗြာဟ္မဏာ - မင်းပုဏ္ဏားတို့၊ ဒေဝမနုဿာ-နတ်လူတို့၊ စန္ဒိမသူရိယာ-လ နေတို့၊ မာတာစ-အမိလည်း၊ ပိတာစ-အဘလည်း၊ မာတာပိတရော-မိဘတို့၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ဒွန္ဒေ-ဒွန် သမာသ်၌၊မာတုအာဒိပုဗ္ဗပဒ့ကာရဿ-မာတု အစရှိသော ရှေ့ပုဒ် ရှိ ဥ အက္ခရာ၏၊ အာကာရော-အာအပြုသည်၊ (ဟောတိ)၊ ဝေ၊ ပိတာပုတ္တာ-သားအဘတို့။

(၁၅၇) ဇာယာစ - မယားလည်း၊ ပတိစ - လင်လည်း၊ ဣတိ - ကြောင့်၊ ဇာယာပတိ-မည်၏၊ ဣတိ-ဤသို့သော၊ ဣဓ-ဤရုပ်၌၊ [“တုဒံဇာနိ ဣစ္စေတေ အာဒေသာ”၌စပ်၊] ကွစိတိ ဝတ္တတေ။

**ဇာယာယ၊ပေ၊ပတိမှိ**။ ။ပရေ - သော၊ ပတိသဒ္ဒေ - ပတိသဒ္ဒါကြောင့်၊ ကွစိ-၌၊ ဇာယာသဒ္ဒဿ-၏၊ တုဒံဇာနိဣတိ-တုဒံ, ဇာနိ ဟူကုန်သော၊ ဧတေ အာဒေသာ ဟောန္တိ၊ တုဒမ္ပတိ, ဇာနိပတိ, ဇယမ္ပတိကာ - မယား လင်တို့၊ ဧတ္ထ-ဤ ဇယမ္ပတိကာ ပြယုဂ်၌၊ နိဂ္ဂဟီတာဂမော-နိဂ္ဂဟိတ်လာခြင်းသည်ရင်း၊ ကွစာဒိနာ-ကွစာဒိမဏ္ဍုတ္တရာနံ အစရှိသောသုတ်ဖြင့်၊ ရဿတ္တံစ-ငင်း(ဟောတိ)။ [ဤသုတ်၏ အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာ၌ အကျယ်ပြထားသည်။]

ကွစိ-အချို့ဒွန်၌၊ အပ္ပသရံ-နည်းသော သရရှိသောပုဒ်သည်၊ ပုဗ္ဗံ-၌၊ နိပတတိ-၏၊ (ယထာ)ဟု တချို့ပါ၏၊ စန္ဒောစ လလည်း၊ သူရိယောစ, စန္ဒသူရိယာ၊ နိဂမာစ-နိဂုံးတို့လည်း၊ဇနပဒါစ-ဇနပုဒ်တို့လည်း၊ နိဂမ ဇနပဒါ-တို့၊ သုရာစ-နတ်တို့လည်း၊အသုရာစ-အသုရာတို့လည်း၊ဂရုဍာစ-ဂဠုန်တို့လည်း၊

---

[“ဗြာဟ္မဏော စ ဂဟပတိကော စ”စသည်ဖြင့် နောက်ပုဒ်များ၌ ဝိဂ္ဂဟပြု၊“စန္ဒိမာစ (ဂုဏဝါဒိဂိုဏ်း) သူရိယောစ”ဟု ရှေ့ပုဒ်၌ ဂုဏဝါဒိဂိုဏ်း ဖြစ်သော်လည်း နောက်ပုဒ် လိုက်၍ ပုရိသာဒိဂိုဏ်းပင် ဖြစ်ရသည်၊ “စန္ဒိမန္တ၊သူရိယ”ဟု ပကတိဖြစ်သောအခါ တေသုဝုဒ္ဓိဖြင့် န္တ၊ ချေ၊ မာတာပိတရောကား သတ္ထာဒိဂိုဏ်းတည်း၊ “မာတုပိတု” ပကတိပြုပြီးသည့်အခါ တေသုဝုဒ္ဓိဖြင့် မာတုဟူသော ရှေ့ပုဒ်၏ ဥကို အာပြု၍ “မာတာ ပိတု”ဖြစ်၏၊ နာမ်ငဲ့ ယောသက်၍ သတ္ထာဒိဂိုဏ်း ထုံးစံအတိုင်း ခွဲရင်။ [ဒွန်၌ ရှေ့ဥကို အာ ပြုသော်လည်း “သတ္ထု၊နော+ဒဿနံ”စသော တပ္ပုရိသ် သမာသ်၌ကား ရှေ့ဥကို အာရပြု၍ “သတ္ထာရဒဿနံ”စသော ရုပ်များ ဖြစ်ပုံကို အညွှေသွာရတ္တံသုတ်၌ ပြခဲ့ပြီ၊ အာရမပြုဘဲ “သတ္ထု၊ဒဿနံ”စသည်လည်း ရှိသည်ပင်။]

www.dhammaransi.com



မနုဇာစ-လူတို့လည်း၊ ဘုဇဂါစ-နဂါးတို့လည်း (မြွေတို့လည်း)၊ ဂန္ဓဗ္ဗာစ-ဂန္ဓဗ္ဗနတ်တို့လည်း၊ သုရာသုရ၊ ပေ၊ ဂန္ဓဗ္ဗာ-တို့။

ကွစိ-အချို့ဒွန်၌၊ ဉ္စဝဏ္ဏုဝဏ္ဏန္တာနံ-ဣဝဏ်,ဥဝဏ် အဆုံးရှိသောပုဒ်တို့၏၊ ပုဗ္ဗနိပါတော-ရှေ့ကျခြင်းသည် (ဟောတိ)၊ ယထာ-ကား၊ အဂ္ဂိစ-မီးလည်း၊ ဓူမောစ-အခိုးလည်း၊ အဂ္ဂိဓူမာ-မီးအခိုးတို့၊ ဧဝံ, ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟာရ ကရသယာ-သွားခြင်း, သိခြင်း, စားခြင်း, ရွတ်ဆိုခြင်း, ဆောင်ခြင်း, ပြုခြင်း, အိပ်ခြင်းအနက်ရှိသောဓာတ်တို့၊ ဓာတဝေါစ-ဓာတ်လည်း၊ လိင်္ဂါနိစ-လိင်တို့လည်း၊ ဓာတုလိင်္ဂါနိ-တို့။

ကွစိ-အချို့ဒွန်၌၊ သရာဒိ အကာရန္တံ-အစ၌ သရရှိသော အကာရန္တပုဒ်သည်၊ ပုဗ္ဗံ နိပတတိ၊ ယထာ, အတ္ထောစ-အကျိုးလည်း (အနက်လည်း)၊ ဓမ္မောစ-အကြောင်းလည်း (ပါဠိလည်း)၊ အတ္ထဓမ္မာ-တို့၊ ဧဝံ, အတ္ထသဒ္ဒါ-အနက်သဒ္ဒါတို့၊ သဒ္ဒတ္ထာဝါ-"သဒ္ဒတ္ထာ"ဟုလည်း ရှိ၏။

(၃၅၈) ပန-အတ္တိုတပါးကား၊ သမာဟာရေ-သမာဟာရဒွန်၌ (ဥဒါဟရဏံ-ကား၊) စက္ခုစ-မျက်စိလည်း၊ သောတဉ္စ-နားလည်း၊ ဣတိအတ္ထေ-၌၊ နာမာနံ သမုစ္စယော ဒွန္ဒောတိ-သုတ်ဖြင့်၊ ဒွန္ဒသမာသံ-ဒွန် သမာသ်ကို၊ ကတွာ-ပြုပြီး၍၊ ဝိဘတ္တိလောပါဒိမှိ-ကို၊ ကတေ-သော်၊ နပုံသကလိင်္ဂတ္တံ ကေတ္တဉ္စာတိစ ဝတ္တတေ။

---

ကွစိ အပ္ပသရံ ပုဗ္ဗံ နိပတတိ—စန္ဒ၌ သရ ၂-လုံး, သူရိယ၌ သရ ၃-လုံး ရှိရာ, သရနည်းသောပုဒ်သည် ရှေ့ကျ၏၊ ပုံစံကိုကြည့်လေ၊ [ဤစကားအရ "အစ္စိတတ္တာ ကြောင့် ရှေ့ကျခြင်း, သရနည်းသောကြောင့် ရှေ့ကျခြင်း-ဟုအကြောင်း ၂-မျိုးမှတ်။]

ကွစိ၊ ပေ၊ ဣဝဏ္ဏုဝဏ္ဏန္တာနံ ပုဗ္ဗနိပါတော—သရချင်းတူနေပြန်လျှင် အဂ္ဂိသည် ဣဝဏ္ဏန္တ,ဓူမသည် အကာရန္တဖြစ်၍ ဣဝဏ္ဏန္တအဂ္ဂိသည် ရှေ့ကျသကဲ့သို့ ဣဝဏ္ဏန္တပုဒ်များ ရှေ့ကျဘတ်၏၊ ဓာတုလိင်္ဂါနိ၌လည်း ဥဝဏ္ဏန္တ ဓာတုသဒ္ဒါက ရှေ့ကျသည်။

ကွစိသရာဒိ၊ ပေ၊ နိပတတိ—အကာရန္တချင်း·တူနေပြန်လျှင်လည်း"အတ္ထ"ကဲ့သို့ အစ၌ သရရှိသောပုဒ်သည် ရှေ့နေဘတ်၏၊ သို့သော် ကွစိသဒ္ဒါမြင်၍ မမြဲသောကြောင့် "သဒ္ဒေါစ အတ္ထောစ သဒ္ဒတ္ထာစ"ဟုလည်း ကမောက္ကမ(အစဉ်မကျဘဲ) ရှိပြန်သည်၊ ထို့အတူ"ရှေးရှေးစည်းကမ်းများလည်း ကွစိ သဒ္ဒါကြောင့် မမြဲ"ဟုမှတ်။

(၃၅၈) သမာဟာရေ ပန—ဤ"သမာဟာရ"သဒ္ဒါ၏ အနက်ကို နာမ်(စနိပါတ်)ခဏ်း၌ပြခဲ့ပြီ၊ "စက္ခုသောတ"၌ "မျက်စိနှင့်နား"ဟု အနက် ၂-ခုလုံး ပဓာနဖြစ်သော်လည်း ထိုအနက် ၂-ခုကိုပင်ပေါင်းစု၍ တခုသည်း ပြုသားသောကြောင့် ကောဇ်ချည်းသာ ရှုပ်ရှိလတ့်။

www.dhammaransi.com



**တထာဒွန္ဒေ ၊ပေ၊ ဝိသဘာဂတ္ထာဒီနဥ္စ။** ။ဒိဂုသမာသေ - ၌၊ ဧကတ္တံ - တခုထည်း၏ အဖြစ်သည်၎င်း၊ နပုံသကလိင်္ဂတ္တဉ္စ-နပုံလိင်ရှိသည်၏ အဖြစ်သည် ၎င်း၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ တထာ-တူ၊ သမာဟာရ ဒွန္ဒသမာသေပိ-သမာဟာရ ဒွန်သမာသ်၌လည်း၊ ပါဏိ တူရိယ ယောဂ္ဂ သေနင်္ဂတ္ထာနံ - ပါဏိယင်္ဂ,တူရိယင်္ဂ,ယောဂ္ဂင်္ဂ,သေနင်္ဂ အနက်ရှိသော သဒ္ဒါတို့၏၎င်း၊ ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထ ဣစ္စေဝ မာဒီနံစ-ခုဒ္ဒဇန္တုက, ဝိဝိဓ ဝိရုဒ္ဓ, ဝိသဘာဂ အနက်ရှိသော သဒ္ဒါ အစရှိသည်တို့၏၎င်း၊ [“သဘာဂတ္ထာနံ ဣစ္စေဝ မာဒီနဥ္စ” ဟု မြန်မာမူရှိ၏၊ ဒီနဥ္စ၌ စ ဖြင့် ပေါင်းဘွယ်အနက် မရှိ၊ “သဘာဂတ္ထ ဣစ္စေဝ မာဒီနဥ္စ” ဟု သီဟိုဠ်မူအတိုင်း ရှိမှ ရှေ့ ပါဏိ၊ပေ၊သေနင်္ဂတ္ထကို ပေါင်းဘွယ် ရှိသည်၊] ဧကတ္တ-၎င်း၊ နပုံသကလိင်္ဂတ္တံစ-၎င်း၊ ဟောတိ။

ပါဏိနော စ-သတ္တဝါတို့လည်း၊ တူရိယာနိစ-တူရိယာတို့လည်း၊ ယောဂ္ဂါနိစ-လယ်ထွန် ဘဏ္ဍာတို့လည်း၊ သေနာ စ - စစ်တပ်တို့လည်း၊ ဣတိ - ဤ ဝစနတ္ထ ကြောင့်၊ ပါဏိ ၊ပေ၊ သေနာ - တို့မည်၏၊ တာသံ - ထိုသတ္တဝါ, တူရိယာ, လယ်ထွန် ဘဏ္ဍာ, စစ်တပ်တို့၏၊ အင်္ဂါနိ - အစိတ်အင်္ဂါတို့တည်း၊ ပါဏိ၊ပေ၊ သေနင်္ဂါနိ - တို့၊ ဒွန္ဒတော - ဒွန်ပုဒ်မှ၊ ပရတ္တာ - နောက်၏ အဖြစ်ကြောင့်၊ အင်္ဂသဒ္ဒေါ-အင်္ဂသဒ္ဒါကို၊ ပစ္စေကံ-အသီးအသီး၊ အဘိသမ္ဗန္ဓတေ-စပ်အပ်၏၊ ခုဒ္ဒါစ - သေးငယ်ကုန်သည်လည်း ဟုတ်၏၊ တေ - တို့ ဟူသည်၊ ဇန္တုကာစ-

---

**တထာဒွန္ဒေ၊ပေ၊နပုံသကလိင်္ဂတ္တဉ္စ**— “ဒိဂုဿေကတ္တံ, တထာ ဒွန္ဒေပါဏိ၊ပေ၊ ဒီနဉ္စ” ဟု သုတ်စဉ်ရှိသောကြောင့် တထာသဒ္ဒါဖြင့် ရှေ့သုတ်၌ပြအပ်သော ဒိဂုသမာသ်ကို ပြန်၍ ညွှန်းသည်၊ ဒိဂုသမာသ်၏ ဧကတ္တနပုံသကတ္တ ဖြစ်သကဲ့သို့ ဤဒွန်သမာသ်၌ လည်း ဧကတ္တ နပုံသကတ္တ ဖြစ်သည်-ဟူလို။

**ပါဏိနော စ၊ပေ၊တဒါဒယော**— ဤ စကားစုကား သုတ်၌ ပါသော “ပါဏိ တူရိယ ယောဂ္ဂ သေနင်္ ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနံ” ပုဒ်ကို အစိတ်အစိတ် ဝိဂ္ဂြိုဟ်လုပ်ပြသော စကားစုတည်း၊ ထိုတွင် “ပါဏိ၊ပေ၊သေနင်္ဂ” တို့ကို စကားတရပ် ခွဲပြခြင်းသည် အင်္ဂါချင်း တူသောကြောင့်တည်း၊ “ခုဒ္ဒဇန္တုက” စသော ၃-မျိုးမှာ အလားတူ မရှိ၍ တခုစီ သီးခြားပြသည်။

**ပါဏိနော စ ၊ပေ၊ မဘိသမ္ဗန္ဓတေ။** ။ပါဏိ တူရိယ ယောဂ္ဂ သေနာ” ကို စာကိုယ် ရှိတိုင်း ဒွန်သမာသ်တွဲ၊ “တာသံ အင်္ဂါနိ” ဝယ် “တာသံ” ဖြင့် “ပါဏိ တူရိယ ယောဂ္ဂ သေနာ” ကို ညွှန်ပြ၍ “ပါဏိ တူရိယ ယောဂ္ဂ သေနာနံ+အင်္ဂါနိ” ဟု ဝိဂ္ဂြိုဟ် ပြုပါ-ဟု ဆိုလိုသည်၊ “ပါဏိ တူရိယ ယောဂ္ဂ သေနာ” သည် ဒွန်ပုဒ်၊ အင်္ဂ သဒ္ဒါကား

www.dhammaransi.com



သတ္တဝါတို့လည်း ဟုတ်၏၊ ဣတိ - ကြောင့်၊ ခုဒ္ဒဇန္တုကာ - တို့ မည်၏၊ မည်၏၊ ဝိဝိဓေန — အထူးထူးသော၊ အာကာရေန — အခြင်းအရာဖြင့်၊ ဝိရုဒ္ဓါ — ဆန့်ကျင်ဘက်တို့တည်း၊ ဝိဝိဓ ဝိရုဒ္ဓါ – တို့၊ နိစ္စဝိရောဓိနော – အမြဲ ဆန့်ကျင်ခြင်း ရှိသော သတ္တဝါတို့၊ ယေသံ - အကြင် တရားတို့၏၊ သမာနော - တူသော၊ ဘာဂေါ – အဘို့သည်၊ ( အတ္ထိ ဣတိ ) တေ-ထို တရားတို့သည်၊ သဘာဂါ – တို့မည်၏၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ သမာနဿ - သမာနသဒ္ဒါ၏၊ သာဒေသော – သ ပြု၊ လက္ခဏတော – လက္ခဏာအားဖြင့်၊ ဝိဝိဓာစ – အထူးထူး အပြားပြားတို့လည်း ဟုတ်၏၊ တေ – ထို အထူးထူး အပြားပြားတို့ ဟူသည်၊ ကိစ္စတော – ကိစ္စအားဖြင့်၊ သဘာဂါစ – တူသော အဘို့ ရှိကုန်သည်လည်း ဟုတ်၏၊ ဣတိ – ကြောင့်၊ ဝိသဘာဂါ – တို့မည်၏၊ [ ကိစ္စတော၏ နောက်၌ "စ"ရှိလျှင် ပါ၍ပို၊ ]

---

ထို ဒွန်ပုဒ်၏ နောက်၌ရှိသော ပုဒ်တည်း၊ "ဒွန္ဒတော ပရံ သုယျမာနံ, တံ ပစ္စေက မဘိသမ္ဗုဇ္ဈတေ"ဟု ပရိဘာသာ ရှိသောကြောင့် ထို ဒွန်၏ နောက်၌ရှိသော အင်ပုဒ်ကို ဒွန်အတွင်း၌ ပုဒ်တိုင်း၌ ယှဉ်စပ်၍ "ပါဏိအင်,တူရိယအင်,ယောဂ္ဂအင်,သေနာအင်, ဟု မှတ်ရမည်—ဟူလို၊ ဤ အဓိပ္ပါယ်ကို ရည်ရွယ်၍...."ဒွန်၏ နောက်၌, ရှိသောပုဒ်, ယှဉ်လိုက် ပုဒ်တိုင်းသာ"ဟု နိယာမ် ဆိုကြသည်။ [ဒွန္ဒတော—မှ၊ ပရံ—၌၊ ယံ—အကြင် သဒ္ဒါကို၊ သုယျမာနံ—ကြားအပ်၏၊ တံ—ကို၊ ပစ္စေကံ အဘိသမ္ဗုဇ္ဈတေ—၏။]

မှတ်ချက်။ ။သေနင်မှ အင်သဒ္ဒါကို"ပါဏိယင် တူရိယင်"စသည်ဖြင့်အသီးအသီး စပ်ရသောကြောင့် ပါဏိယင်နှင့် တူရိယင် စသည်ကို ဒွန်မတွဲရ, တူရိယင်နှင့် ယောဂ္ဂင် စသည်ကိုလည်း ဒွန်မတွဲရ, ပါဏိယင်ချင်း—တူရိယင်ချင်း စသည်သာ ဒွန် တွဲရသည်၊ ထို့ကြောင့် "စက္ခုစ+ပဏဝေါစ, စက္ခုပဏာဝံ"စသည်ဖြင့် ဒွန်မတွဲရ ဟု မှတ်။ [အင်္ဂါချင်း မဟုတ်ဘဲ အင်္ဂါရှိသူ ခြင်းချင်းကား "မုဒိင်္ဂိကရထိကာ—မုရိုးစည် တီးသူ, ရထားစီးသူရဲကောင်းတို့"ဟု ဣတရီတရ ယောဂဒွန် ဖြစ်နိုင်သေး၏-ဟုကား သရလာ ဋီကာ၌ ခွင့်ပြုသတတ်။]

ခုဒ္ဒါစ၊ပေ၊ဝိသဘာဂါ။ ။ခုဒ္ဒဇန္တုကစသည်တို့၏ ပုဒ်နေပုံကို စာကိုယ်အတိုင်း သိသာပြီ၊ "နိစ္စ ဝိရောဓိနော"ကား ဝိဝိဓ ဝိရုဒ္ဓါပုဒ်၏ အဘိဓေယျ (ဟောနက်) ကို ပြသော ပုဒ်တည်း၊ သဘာဂါ၌ "သမာနော ဘာဂေါ ယေသံ"ဟူသော ဝိဂ္ဂြိုဟ်အရ "သမာနဘာဂ"ဟု ဆိုလိုလျက် တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် သမာန သဒ္ဒါကို "သ"ပြု၍ "သဘာဂ"ဟု ပြီးသည်၊ ဝိသဘာဂါ၌ ဝိ သဒ္ဒါသည် "ဝိဝိဓ" အနက်ဟောတည်း၊ ဝိဝိဓ ဟူရာ၌ "လက္ခဏာချင်း မတူဘဲ အကွဲကွဲ အပြားပြား ဖြစ်သည်"ဟု ဆိုလိုသည်၊ ထိုသို့ လက္ခဏာချင်းမတူသော်လည်း ကိစ္စအားဖြင့် တူပြန်ရကား "သဘာဂ—သဘော တူသည်"ဟု ဆိုရပြန်သည်၊ ထို့ကြောင့် လက္ခဏတောသည် ဝိဝိဓာ၏ ဝိသေသန,

www.dhammaransi.com



ပါဏိ တူရိယ ယောဂ္ဂ သေနင်္ဂါနံစ – သတ္တဝါ, တူရိယာ, လယ်ထွန်ဘဏ္ဍာ, စစ်တပ်တို့၏ အင်္ဂါတို့လည်း၊ ခုဒ္ဒဇန္တုကာစ – သေးငယ်သော သတ္တဝါတို့လည်း၊ ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂါစ–အထူးထူး ဆန့်ကျင်ဘက်, လက္ခဏာ ကွဲပြား သဘောတူသော တရားတို့လည်း၊ ဣတိ-သို့၊ ဒွန္ဒော–ဒွန်သမာသ် ဖြစ်၏၊ ဣဓ – ဤ ဒွန်သမာသ်ပုဒ်ကြီး၌၊ ဗဟုတ္တာ - ပုဒ်များအကုန်သည်၏ အဖြစ်ကြောင့်၊ ပုဗ္ဗနိပါတဿ – ရှေ့ကျခြင်း၏၊ အနိယမော – မမြဲခြင်းသည် (ဟောတိ)၊ ယေသံ – အကြင်သဒ္ဒါတို့၏၊ တေ - ထို သတ္တဝါ, တူရိယာ, လယ်ထွန် ဘဏ္ဍာ, စစ်တပ်တို့၏ အင်္ဂါ .... သေးငယ်သော သတ္တဝါ .... အထူးထူး ဆန့်ကျင်ဘက်, လက္ခဏာ ကွဲပြား သဘောတူသော, တရား ဟူကုန်သော၊ အတ္ထာ – အနက်တို့သည် ( သန္တိ, ဣတိ )၊ တေ – ထို သဒ္ဒါ တို့သည်၊ ပါဏိ၊ပေ၊ ဝိသဘာဂတ္ထာ - တို့မည်၏၊ ယေသံ – အကြင်သဒ္ဒါ တို့၏၊ တေ - ထို ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထသဒ္ဒါဟူကုန်သော၊ အာဒယော–အစတို့သည် ( သန္တိ, ဣတိ )၊

---

ကိစ္စတော်သည် သဘာဂါ၏ ဝိသေသန–ဟု မှတ်၊ ခုဒ္ဒဇန္တုက ( သေးငယ်သော သတ္တဝါ) စသည်ဖြင့် ခေါ်ရပုံမှာ ပုံစံ၌ ထင်ရှားလတ့်။

**ပါဏိတူရိယ၊ပေ၊ဝိသဘာဂါတိဒွန္ဒော။** ။"ပါဏိ၊ပေ၊ဝိသဘာဂါ"ဤပုဒ်လည်း ဒွန်သမာသ် ပုဒ်ကြီးပင်တည်း၊ ထို့ကြောင့် စကား ၄-ရပ် ခွဲခြား၍ ပြခဲ့သည့်အတိုင်း "ပါဏိ တူရိယ ယောဂ္ဂ သေနင်္ဂါနံစ + ခုဒ္ဒဇန္တုကာစ+ဝိဝိဓ ဝိရုဒ္ဓါစ + ဝိသဘာဂါစ– ပါဏိ၊ပေ၊ဝိသဘာဂါ"ဟု ဒွန်သမာသ်ပြုပါ–ဟူလို၊ ဤဒွန်သမာသ်ပုဒ်၌ (အစ္စိတ တရ, ဇိဝဏ္ဏန္တ ဥဝဏ္ဏန္တ, သရာဒိ အကာရန္တ မဟုတ်ကြသဖြင့် စိစစ်ဘွယ် မလို) "ကွစိ အပ္ပသရံ ပုဗ္ဗံ နိပတတိ"ဟု ဆိုခဲ့သောကြောင့် အပ္ပသရ ဖြစ်သော ခုဒ္ဒဇန္တုကစသော ပုဒ်တို့ ရှေ့ကျသင့်သည်မဟုတ်ပါလော,အဘယ့်ကြောင့်အပ္ပသရမဟုတ်သော (သရတွေ ပို၍များသော) "ပါဏိ တူရိယ ယောဂ္ဂသေနင်္ဂ"ပုဒ်က ရှေ့နေရသနည်းဟု မေးဘွယ် ရှိသောကြောင့်"ဣဓ ဗဟုတ္တာ ပုဗ္ဗနိပါတဿ အနိယမော"ဟုမိန့်၊"သမဏ ဗြာဟ္မဏာ, စန္ဒသူရိယာ"စသည်ကဲ့သို့ ပုဒ် ၂–ခုစီတွဲသော ဒွန်၌သာ အစ္စိတတရ စသောပုဒ်များ၏ ရှေ့ကျခြင်း ဥပဒေသကို မှတ်သားရသည်၊ ၃–ပုဒ် ၄–ပုဒ် စသည်ဖြင့် ပုဒ်အများ ဒွန်တွဲ ရာ၌ကား ထို ဥပဒေသကို လိုက်နေဘွယ် မလို–ဟု ဆိုလိုသည်။

**တေ အတ္ထာ ယေသံ၊ပေ၊တဒါဒယော**––"တေ အတ္ထာ"၌ "တေ"ဖြင့် "ပါဏိ တူရိယ၊ပေ၊ဝိသဘာဂါ"ကို ညွှန်းသည်၊ "ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂါ+အတ္ထာ+ယေသံ"ဟု ဝိဂ္ဂြိုဟ်ပြုပါ–ဟူလို၊ "တေ အာဒယော ယေသံ တဒါဒယော"၌ တ ၂–လုံးဖြင့် "ပါဏိ၊ပေ၊ဝိသဘာဂတ္ထာ"ကို ညွှန်းသည်၊ ပါဏိ" တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာ+အာဒယော+

www.dhammaransi.com



တေ-ထို သဒ္ဒါတို့သည်၊ တဒါဒယော-ထို အာဒိတို့ မည်၏၊ ဝါ-ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒိတို့ မည်၏။

အာဒိဂ္ဂဟဏေန-ဖြင့်၊ အဒ္ဓေဘာည လိင်္ဂဝိသေသိတ သင်္ချာပရိမာဏတ္ထ ပစန စဏ္ဍာလတ္ထ ဒိသာတ္ထာဒီနဉ္စ - အချင်းချင်းလိန်သည် အထူးပြုအပ်သော သဒ္ဒါ၊ သင်္ချာအနက်ရှိသော သဒ္ဒါ၊ ပရိမာဏအနက်ရှိသော သဒ္ဒါ၊ မူဆိုး တံငါ ဒွန်းစဏ္ဍားအနက်ရှိသော သဒ္ဒါ၊ ဒိသာအနက်ရှိသော သဒ္ဒါတို့၏လည်း၊ ဒွန္ဒေ-ဒွန်၌၊ ဧကတ္တံ-သည်ရင်း၊ နပုံသကတ္တဉ္စ-ရင်း (ဟောတိ)။

ဣတိ - ဤသို့၊ ပါဏျင်္ဂတ္တဘာဝတော - သတ္တဝါ၏အင်္ဂါဟူသော အနက်ရှိကုန်သည်၏ အဖြစ်ကြောင့်၊စက္ခုသော တသဒ္ဒါနံ-တို့၏၊ဣမိနာ-ဤသုတ်ဖြင့်၊ ဧကတ္တံ - ကိုရင်း၊ နပုံသကလိင်္ဂတ္တဉ္စ - ကိုရင်း၊ ကတ္ဝာ-၍၊ သမာသတ္တာ - သမာသ်၏အဖြစ်ကြောင့်၊ နာမ ဗျပဒေသေ-ကို၊ ကတေ-သော်၊ သျာဒျုပ္ပတ္တိ-သိ အစရှိသော ဝိဘတ်သက်ခြင်းသည်ရင်း၊ အမာဒေသာဒိ-အံပြုခြင်း အစရှိသော အစီအရင်သည်ရင်း၊ (ဟောတိ)၊ စက္ခု သောတံ-မျက်စိ နား၊ ဟေ စက္ခုသောတ-အို မျက်စိ နား၊ စက္ခုသောတံ-ကို၊ စက္ခုသောတေန-ဖြင့်၊ ဝေံ-တူ၊ သဗ္ဗတ္ထ-အလုံးစုံသော ဝိဘတ်တို့၌၊ ကေဝစနမေဝ-ဧကဝုစ်ချည်းသာ။

---

ယေသံတိ ပါဏိ တူရိယ ယောဂ္ဂ သေနင် ခုဒ္ဒဇန္တုက ဝိဝိဓ ဝိရုဒ္ဓ ဝိသဘာဂတ္ထာဒယော" ဟု ဝိဂ္ဂြိုဟ်ပြုပါ-ဟူလို။

အာဒိဂ္ဂဟဏေန၊ပေ၊နပုံသကလိင်္ဂတ္တဉ္စ— "ဝိသဘာဂတ္ထာဒီနဉ္စ" ဟု သုတ်၌ အာဒိသဒ္ဒါပါ၏၊ ထိုအာဒိဖြင့် အချင်းချင်း လိန်မတူသော အနက်များကို ဟောသော သဒ္ဒါ၊ သင်္ချာအနက် ပရိမာဏ အနက်ဟောသဒ္ဒါ၊ ပစန စဏ္ဍာလ အနက်ဟောသဒ္ဒါ၊ အရပ် ဆယ်မျက်နှာ ဟူသော ဒိသာ အနက်ဟော သဒ္ဒါ စသည်ကို ယူသည်၊ ထို သဒ္ဒါများကို ဒွန်တွဲရာ၌လည်း ဤသုတ်ဖြင့် ဧကတ်နပုံး စီရင်ပါ-ဟူလို၊ ထို အနက်များ၏ အကျယ်ကို ပုံစံ၌ ပြအံ့။

[ဆောင်] လိန်ချင်းဆန့်ကျင်, သင်္ချာသဒ္ဒါ, ပရိမာဏ, ပစနနှင့်, စဏ္ဍာလမှု, ဆယ်ခုဒိသတ်, အာဒိမှတ်, ဧကတ်နပုံး ငဲ့သတည်း။

ဣတိ ပါဏျင်္ဂတ္တဘာဝတော၊ပေ၊ဧကဝစနမေဝ—မျက်စိနှင့် နားလည်း သတ္တဝါတို့၏ ကိုယ်အင်္ဂါ (အစိတ်အပိုင်း) များတည်း၊ ထို့ကြောင့် "ပါဏိ တူရိယ"စသော သုတ်၏ ဥပဒေအရ ဤသုတ်ဖြင့် "စက္ခုသောတ" ကို ဧကတ် နပုံး ငဲ့၊ နာမ်ငဲ့, သိသက်, အံပြု, စက္ခုသောတံ၊ အာလုပ်၌ သိကို ဟေစိတ္တကဲ့သို့ စီရင်, ဤသို့ စသည်ဖြင့် စိတ္တာဒိ ဂိုဏ်း ဧကဝုစ်အတိုင်း စီရင်ရမည်ဖြစ်၍ "သျာဒျုပ္ပတ္တိအမာဒေသာဒိ" ဟု အာဒိပါသော သိဟိုဠ်မူသာ ကောင်းသည်။

www.dhammaransi.com



မုခဉ္စ-ခံတွင်းလည်း၊ နာသိကာစ-နှာခေါင်းလည်း၊ မုခနာသိကံ-ခေါင်း၊ သရော ရဿော နပုံသကေတိ-ဖြင့်၊ အန္တဿ-အဆုံးသရ၏၊ ရဿတ္တံ (ဟောတိ)၊ ဟနုစ-မေးလည်း၊ ဂီဝါစ-လည်ပင်းလည်း၊ ဟနုဂီဝံ-ပင်း၊ ဧဝံ, ကဏ္ဏနာသံ-နား နှာခေါင်း၊ ပါဏိပါဒံ-လက်ခြေ၊ ဆဝိ မံသ လောဟိတံ-အရေ အသား အသွေး၊ ဟတ္ထပါဒါ, မံသလောဟိတာနီ့တျာဒိနံ ပန - ဟတ္ထပါဒါ, မံသ လောဟိတာနိ အစရှိသော ပြယုဂ်တို့၏ကား၊ ဣတရီတရယောဂေန-ဣတရီတရ ယောဂ ဒွန်ဖြင့်၊ သိဒ္ဓိ-ပြီးခြင်းသည် (ဟောတိ)၊ ပါဏျင်္ဂတ္တေ-ပါဏျင်္ဂတ္တဒွန်၌၊ ဧဝံ-ဤအတူတည်း။

တူရိယင်္ဂတ္တေ-တူရိယာ၏ အင်္ဂါဟူသော အနက်ရှိသောဒွန်၌၊ ယထာ-ကား၊ ဂီတဉ္စ - သီဆိုခြင်းလည်း၊ ဝါဒိတ္တံစ - တီးမှုတ်ခြင်းလည်း၊ ဂီတဝါဒိတ္တံ-ခြင်း၊ သမ္မဉ္စ - မောင်းတီးခြင်းလည်း၊ ဝါ - ကြေးနှောင်တီးခြင်းလည်း၊ တာဠဉ္စ-လက်ခုပ်တီးခြင်းလည်း၊ သမ္မတာဠံ-ခြင်း၊ သမ္မံတိ-သမ္မံဟူသည်၊ ကံသတာဠံ-မောင်းတီးခြင်းတည်း၊ တာဠန္တိ-ဟူသည်၊ ဟတ္ထတာဠံ-လက်ခုပ်တီးခြင်းတည်း၊ သင်္ခေါစ-ခရုသင်းလည်း၊ ပဏဝေါစ-ထက်စည်လည်း၊ ဍိဏ္ဍိမောစ-ပတ်သာ လည်း၊ ဝါ-စည်တိုလည်း၊ ဝါ-တနည်း၊ သင်္ခါစ-ခရုသင်းတို့လည်း၊ ပဏဝါစ, ဍိဏ္ဍိမာစ၊ ဣတိ-ထို့ကြောင့်၊ သင်္ခပဏဝ ဍိဏ္ဍိမံ-မည်၏၊ ပဏဝါဒယော-

---

နာသိကာသည် အာကာရန္တဣတ္ထိလိန်ဖြစ်၍ ပကတိပြုသောအခါ "မုခနာသိကာ"ဟု ဖြစ်၏၊ထို့ကြောင့် သရောရဿောသုတ်ဖြင့် အဆုံးအာကို ရဿပြုရသ၊ဂီဝါ-နာသာ တို့လည်းအာကာရန္တဣတ္ထိလိန်ပင်ဖြစ်၍ နည်းတူစီရင်၊ ဟတ္ထပါဒံစသည်ကား "ပါဒေါ" ဟု ပုလ္လိန်ဖြစ်သောကြောင့် "ဟတ္ထပါဒ"ဟု ပကတိဖြစ်၏၊ "ဆဝိစ+မံသဉ္စ+လောဟိ တဉ္စ"ဟုပြု၍ "ဟတ္ထပါဒ,ဆဝိ မံသ လောဟိတ"တို့၌ "ဟတ္ထပါဒါ-လက် ခြေတို့သည်၊ အနဿဝါ-အလိုမလိုက်ကြကုန်"စသည်ဖြင့် ဗဟုဝုစ်ပါဠိများ၌ကား ဤသုတ်အစီအရင် မမြဲသောကြောင့် ဣတရီတရယောဂဒွန်ပုဒ်-ဟု မှတ်။

တူရိယင်္ဂ—တီးမှုတ်အပ်သော ပစ္စည်းဟူသမျှသည် (သဘင်သည်တို့၏ အသုံး အဆောင် မဟုတ်သော်လည်း) တူရိယာပင်တည်း၊ ထို တူရိယာ အပေါင်း၏ အစိတ် အပိုင်း တခုတခုကို "တူရိယ+အင်္ဂ"ဟု ခေါ်၏၊ ထို တူရိယအင်္ဂ အနက်ရှိသော သဒ္ဒါ သည် တူရိယင်္ဂ မည်၏၊ [တူရိယင်္ဂ၌ တီးမှုတ်အပ်သော ပစ္စည်းဝတ္ထုသာမက တီး မှုတ်ခြင်း ကြိယာကိုလည်း သဟစရဏနည်း(တကွ ဖြစ်ဘက်နည်း) ဌာန၏ အမည်ကို ဌာနီ တီးမှုတ်ခြင်း၌ တင်စားသော ဌာနူပစာရနည်းတို့ဖြင့် ယူရမည်၊ ထို့ကြောင့် ဂီတ ဝါဒိတ္တတို့ကိုပါ ထည့်သွင်းထားသည်၊သင်္ခပဏဝ ဍိဏ္ဍိမံ၌ ဧကဝုစ် ဗဟုဝုစ် ဝိဂ္ဂြိုဟ် ၂-မျိုး ပြုနိုင်သောကြောင့် ၂-နည်းပြသည်၊ထိုတွင် "ဘေရီ"မည်သော စည်ကြီးတွင် ရှေ့နောက်

www.dhammaransi.com



ပဏ္ဏဝ အစရှိကုန်သော၊ ဒွေပိ – ၂ မျိုးတို့သည်လည်း၊ ဘေရိဝိသေသာ-စည် အထူးတို့တည်း။

ယောဂ္ဂင်္ဂတ္တော – လယ်ထွန် ဘဏ္ဍာ၏ အင်္ဂါ ဟူသော အနက် ရှိသော ဒွန်၌၊ ယထာ–ကား၊ ဖါလောစ-ထွန်သွားလည်း၊ ဝါ–ထယ်သွားလည်း၊ ပါဇနဥ္စ–နှင်တံလည်း၊ ဖါလပါဇနံ–တံ၊ ယုဂဥ္စ–ထမ်းပိုးလည်း၊ နင်္ဂလဥ္စ–ထွန်တုံးလည်း၊ ဝါ–ထယ်တုံးလည်း၊ ယုဂနင်္ဂလံ – တုံး၊ သေနင်္ဂတ္တော – စစ်တပ်၏ အင်္ဂါဟူသော အနက်ရှိသော ဒွန်၌၊ (ယထာ–ကား၊) ဟတ္ထိနောစ – ဆင်တို့လည်း၊ အဿာစ – မြင်းတို့လည်း၊ ဟတ္ထိအဿံ – ဆင်မြင်း၊ ရထာစ – ရထားတို့လည်း၊ ပတ္တိကာစ – ခြေလျင် စစ်သားတို့လည်း၊ ရထပတ္တိကံ – သား၊ အသိစ – သန်လျက်လည်း၊ စမ္မဥ္စ – မြားကာလည်း၊ အသိစမ္မံ – ကာ၊ စမ္မန္တိ – စမ္မံဟူသည်၊ သရဝါရဏ ဖလကံ - မြားကိုကာသော

---

သွယ်၍ ခါးအလယ်တုတ်၏၊ [မုဒိင်္ဂသဏ္ဌာနာတိ ဘေရိဝိယ မဇ္ဈေ ဝိတ္ထတာ ဥဘောသု ကောဋီသု သံကောစိတာ ဟောတိ၊ (တေရသကဏ္ဍဋီကာ)၊] ပဏ္ဏဝမည်သော ထက်စည်ကား ခါးသေး၏၊ ဒိုလ္လိမ မည်သောစည်တို (ပတ်သာ) ကား စည်ကြီး (ဘေရီ) နှင့် ပုံတူသော စည်အငယ်စားတည်း၊ ထို့ကြောင့် "ပဏဝါဒယော ဒွေပိ ဘေရိဝိသေသာ" ဟု မိန့်သည်။

ယောဂ္ဂင်္ဂတ္တ—ယောဂ္ဂသဒ္ဒါ၌ "ယာဉ်"ဟူသော အနက်ကို သုံးရိုး၍ရှိသော်လည်း မောဂ္ဂလ္လာန် ပဉ္စိကာ၌၎င်း ထိုနိဿယသစ်၌၎င်း ယောဂ္ဂင်္ဂအရ ကသိဘဏ္ဍ (လယ်ထွန်ဘဏ္ဍာ) ဟု မိန့်သည်၊ ထိုအနက်သာလျှင်ပုံစံများနှင့်လျော်၏၊ "ယုဂါနံ့-ထမ်းပိုးတို့၏၊ ဟိတာ—စီးပွါးဖြစ်သော နွားတို့သည်၊ ယောဂ္ဂါ—တို့မည်၏၊ ယောဂ္ဂါနံ—နွားတို့၏+ ဇာဒံ—ဥစ္စာသည်၊ ယောဂ္ဂံ—မည်၏"ဟု သာရတ္ထ ဝိလာသိနီ ဝိဂြိုဟ်ပြု၍ ယောဂ္ဂ အရ "ကသိကမ္မ-လယ်ထွန်မှုကို" ကောက်ယူသတတ်၊ "ယောဂ္ဂါနိ"ဟု ဗဟုဝုစ်ဖြင့်သုံးစွဲသော ဤရှုပသိဒ္ဓိအလို "ယောဂ္ဂါနံ+ဇာမာနိ,ယောဂ္ဂါနိ"ဟု ဝိဂြိုဟ်ပြု၍ လယ်ထွန်ဘဏ္ဍာ အများကိုယူ၊ ယောဂ္ဂါနံ-လယ်ထွန်ဘဏ္ဍာ များစွာတို့၏+အင်္ဂံ-အစိတ်အပိုင်း (အင်္ဂါ) သည်၊ ယောဂ္ဂင်္ဂံ-မည်၏၊ ထိုယောဂ္ဂင်္ဂ အနက်ဟော "ဖါလ"စသည်ကို "ယောဂ္ဂင်္ဂတ္တ" ဟု ဆိုသည်။ [ဖါလ၏ အနက်မှန်ကို ကစ္စည်းဘာသာဋီကာ၌ ပြထား၏။]

အသိစ၊ပေ၊သေနင်္ဂတ္တ—ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်, ဤ ၄-ရပ်ကို စစ်အင်္ဂါဟုခေါ်၏၊ ထိုစစ်အင်္ဂါတို့၏ အသုံးအဆောင်ဖြစ်သော သန်လျက် စသည်ကိုလည်း သဟစရဏ (တကွဖြစ်ခြင်း) နည်းအားဖြင့် သေနင်္ဂအရ၌ သွင်းယူ၊ ဆင်မြင်းရထား ခြေလျင်များကို ဒွန်တွဲရာဝယ် "ဆင်အများ-မြင်းအများ-ရထားအများ- ခြေလျင်စစ်သား အများဖြစ်မှ သမာဟာရ ဒွန်ဖြစ်သည်၊ ဆင်တစီး မြင်းတစီးမျှ ဖြစ်မူ ဇာတရိတရယောဂတည်း"ဟု သဏ္ဍာ၌ ခွဲခြား၏၊ ထို့ကြောင့် "ဟတ္ထိနောစ အဿာစ"

www.dhammaransi.com



သားရေပြားတည်း၊ ဓနုစ – လေးလည်း၊ ကလာပေါ စ – တောင့်လည်း၊ ဓနုကလာပံ–လေး, တောင့်၊ ကလာပေါတိ–ကလာပေါ ဟူသည်၊ တူဏီရံ– တောင့်တည်း။

ခုဒ္ဒဇန္တုကတ္တေ – ယေသော သတ္တဝါ ဟူသော အနက်ရှိသော ဒွန်၌ (ယထာ - ကား၊) ဉ်သာစ - မှက်တို့လည်း၊ မကသာစ – ခြင်တို့လည်း၊ ဉ်သမကသံ – မှက်ခြင်၊ ဓဝံ, ကုန္တ ကိပိလ္လိကံ - ပိုးရွ ခြပုံး၊ ကီဋ္ဋပဋင်္ဂ –

---

ဟု ဗဟုဝုစ် ဝိဂ္ဂြိုဟ်ပြုသည်၊ ဆင်တစီး မြင်းတစီးသာ ဖြစ်မူ "ဟတ္ထီစ အဿောစ ဟတ္ထိ အဿာ" ဟု ဋ္ဌတရီတရယောဂဒွန် ပြုပါ–ဟူလို။ [သေနင်္ဂါနံ ဗဟုတ္တေ–"ဟတ္ထိနောစ အဿာစ ဟတ္ထိအဿံ"၊ ဗဟုတ္တေတိကိ—"ဟတ္ထီစ အဿောစ ဟတ္ထိအဿာ" မုဒ္ဓ ဗောဓဋီကာ']

ထို စစ်တပ်၏ အသုံးအဆောင်များအတွက်ကား "အသိစ စမ္မဉ္စ"ဟု ကေဝုစ်ပင် ဝိဂ္ဂြိုဟ်ဝါကျ ပြုရမည်၊ ထိုတွင် "စမ္မ"ဟူသည် တဘက် စစ်တပ်မှ ပစ်အပ်သောမြားကို ကွယ်ကာသော သားရေပြားတည်း၊ ထို့ကြောင့် "စမ္မန္တိ–သရဝါရဏ ဖလကံ"ဟု မိန့်သည်၊ ဤ၌"ဖလကံ"ဆိုသော်လည်း"ပျဉ်ချပ်"မဟုတ်၊ ထို့ကြောင့် ဖလ (ဖလက) ကို"စမ္မမယေ သတ္တပဋိဗာဟနိဝါရဏေ"ဟုရင်း,"ဖလကပါဏိ"၌လည်း"ဖလကော ပါဏိမှိ ယဿ-စမ္မိနိ (မြားကာရှိသူ၌)"ဟုရင်း ထောမနိမိ ဆို၏၊ ဤစကားဖြင့် မြားကို ကာကွယ်ဘို့ရာ လက်ကိုင် သားရေပြား တမျိုးကို "စမ္မ–ဖလက"ဟု ခေါ်ကြောင်း သိသာပြီ၊ မြားထည့်ရာ မြားပုံးကို"တောင့်"ဟု ရှေးက သုံးသည်၊ ကလာပနှင့် တူဏီရ သဒ္ဒါတို့ကား "တောင့်"ဟု ခေါ်သော မြားပုံး၏ ပရိယာယ်တည်း။

ရုပ်တွက်။ ။"အသိစ စမ္မဉ္စ"စသော ကေဝုစ်ဝါကျများ၌ စကျေသောတံအတိုင်း တည်း၊ "ဟတ္ထိနောစ"စသော ဗဟုဝုစ် ဝါကျများ၌ကား "ဟတ္ထိ+စ+အဿ+စ" တည်၊ ဟတ္ထိနှင့်အဿနောင် ယော ၂-လုံးသက်၊ နာမ်ရုပ်တွက်၊ စ နောင်ကား ဆရာ တို့က လိင်္ဂတ္ထကို ထွန်းပြရုံမျှ အကျိုးငှါ ကေဝုစ် သိကိုသာ သက်စေလိုကြ၏၊ ရှေးကမူ ဟတ္ထိ စသော တွဲဘက်ပုဒ်နှင့်အတူ ယောဝိဘတ်ကိုပင် သက်စေလို၏၊ ထို ဝိဘတ်များကို သဗ္ဗာသမာဝုသောဖြင့် ချေ၊ ပကတိပြုသည့်အခါ နဂိုရ်တည်ရင်းအတိုင်း (ဤ) ကာရန္တ ဖြင့်"ဟတ္ထိ"ဟု ပကတိပြု၊ (ဟတ္ထိအဿ) ကွစာဒိမဏ္ဍူကတ္တရာနံဖြင့် ဤ ကို ဋ္ဌ ရဿပြုပါ၊ ပတ္တိကာသည် ဋ္ဌတ္ထိလိင် အာကာရန္တဖြစ်၍ "ရထ+စ+ပတ္တိကာ+စ"ဟု တည်၊ ရထပတ္တိကာဟု ပကတိပြု၊ နာသိကာကဲ့သို့ အာကိုလည်း ရဿပြု။

ခုဒ္ဒဇန္တုကတ္တ–သတ္တတသဒ္ဒါကျမ်းကို၌"၁-အရိုးလုံးလုံးမပါသော သတ္တဝါသည် ခုဒ္ဒဇန္တုက မည်၏၊ ၂-တနည်း, "ကမျဉ်းနီ"ကဲ့သို့ တကယ် သေးငယ်၍ ရုတ်တရက် မမြင်နိုင် အားထုတ်၍ကြည့်မှ မြင်ရသောသတ္တဝါသည် ခုဒ္ဒဇန္တုက မည်၏၊ ၃-တနည်း, တလက်ဖက် အတွင်း၌ အကောင်ရေ တရာလောက် ဝင်နိုင်သော ပိုးကောင်ကလေး များသည် ခုဒ္ဒဇန္တုက မည်၏၊ ၄-တနည်း, မြွေပါအထိ (ထို့အောက် သေးငယ်သော)

www.dhammaransi.com



ပေါက်ဖတ် နှံကောင်၊ ကီဋသရိသပံ–ပေါက်ဖတ် ကင်း၊ တတ္ထ–ထိုပုဒ်တို့တွင်၊ ကုန္ထာ–ကုန္ထတို့ ဟူသည်၊ သုခုမကိပိလ္လိကာ–သိမ်မွေ့သေးငယ်သော ပိုးရွတို့ တည်း၊ ကီဋာ–ကီဋတို့ ဟူသည်၊ ကပါလပိဋ္ဌိကပါဏာ–အိုးခြမ်းကွဲနှင့် တူသော ကျောက်ကုန်းရှိသော ပိုးကောင်တို့တည်း။

---

သတ္တဝါကလေးတွေသည် ခုဒ္ဒဇန္တုကမည်၏၊ ဤ ၄-နံပါတ်ဝါဒကို ကေစိဝါဒဟု ဆို၏၊ ထို ခုဒ္ဒဇန္တုက အနက်ကို ဟောသော သဒ္ဒါစုသည် ခုဒ္ဒဇန္တုကဋ္ဌ မည်၏။

ခုဒ္ဒဇန္တု သိယာနဋ္ဌိ, အထဝါ ခုဒ္ဒကောဝ ယော၊
သတံဝါ ပသတေ ယေသံ, ကေစိ အာနကုလာ ဣတိ၊

အနဋ္ဌိ–အရိုးမရှိသောသတ္တဝါသည်၊အထဝါ–တနည်း၊ယော–အကြင်သတ္တဝါသည်၊ ခုဒ္ဒကောဝ–(အားစိုက်၍ကြည့်မှ မြင်ရလောက်အောင်) အဟုတ် သေးငယ်၏၊သော– ထိုသတ္တဝါသည်၊ ဝါ–ဘနည်း၊ ယေသံ–အကြင် ပိုးကောင်တို့၏၊ သတံ–တရာသည်၊ (ဝါ–များးစွာသည်၊) ပသတေ–တလက်ဖက်တွင်း၌ တည်နိုင်၏၊ တေ–ထို သတ္တဝါ ပိုးကောင်ကလေးတို့သည်၊ခုဒ္ဒဇန္တု–မည်သည်၊ သိယာ–ဖြစ်၏၊ ကေစိ–အချို့တို့ကား၊ အာနကုလာ–မြွေပါအထိ၊ ခုဒ္ဒဇန္တု–မည်၏၊ ဣတိ–ဤသို့ ဆိုကြကုန်၏။

**ကုန္ထသုခုမကိပိလ္လိကာ**—ကိပိလ္လိက သဒ္ဒါသည် "ခြပုံး"ကဲ့သို့ သေးငယ်သော သတ္တဝါကို ဟောလျှင် "သုခုမကိပိလ္လိကာ"အရ သာ၍ သေးငယ်သော "ပိုးရွ"ကို ဟောသည်ဟု နှလုံးပိုက်၍"ကုန္ထ-ပိုးရွ+ကိပိလ္လိက-ခြပုံး"ဟု ဆိုကြသည်၊ [မောဂ္ဂလ္လာန် နိဿယသစ်၌မူ "ခြ, ပရွက်" ဟု ပြန်၏၊] ကီဋာ=ကပါလပိဋ္ဌိကပါဏာ—ကီဋကို "ပေါက်ဖတ်=ဘောက်ဖတ်"ဟုပြန်ကြ၏၊ကစ္စည်းသပြေကန်နိဿယသစ်၌"သူ့အမွေး နှင့် လူကိုထိလျှင် နာကျင်စေတတ်သော သစ်ရွက်၌ကပ်နေတတ်သော ကြက်မောက်ဆူး များလို အမွေးရှိသော ပိုးစိမ်းကောင် တမျိုး"ဟု ဆို၏၊ "ပိုးစိမ်းကောင်"ဟူသော စကားနှင့် "ကပါလပိဋ္ဌိကပါဏာ–အိုးခြမ်းကွဲနှင့် တူသော ကျောက်ကုန်းရှိသော ပိုးကောင်"ဟူသော စကား ၂–ရပ်တို့ ထပ်-မထပ်ကို စဉ်းစားသင့်၏၊ ထောမနိမိ၌ ပိုးလောက်ထက်ကြီးသော သတ္တဝါတမျိုး–ဟု ဆို၏။

ဤခုဒ္ဒဇန္တုကတို့လည်း "ဟတ္ထိ အဿ ရထ ပတ္တိက"တို့ကဲ့သို့ ဒွန်များချင်း ဒွန်တွဲရာ၌သာ ဤသမာဟာရဒွန် ဖြစ်၏, တကောင်ချင်း ဒွန်တွဲရာ၌မူ အသမာဟာရ ခေါ် ဣတရီတရ ယောဂဒွန် ဖြစ်၏။ [ခုဒ္ဒဇန္တုကာနံ အပြာပိ ဗဟုတ္တမေဝ—"ဍံသာစ မကသာစ ဍံသ မကသံ"၊ဗဟုတ္တေတိကိံ–"ဍံသောစ မကသောစ ဍံသမကသာ၊".... မုဒ္ဓဗောဓ ဋီကာ၊] ထို့ကြောင့် "ဍံသာစ မကသာစ"ဟု ဗဟုဝုစ်ဝါကျ လုပ်သည်၊ ဍံသ (ဒံသ)ကို "ဝနမက္ခိကာ"ဟု ထောမနိမိ ဆို၏၊ ဒံသဓာတ်သည် "ကိုက်ခြင်း" အနက်ကိုဟောရကား ကိုက်တတ်သော "ဝနမက္ခိကာ"ဟူသည် "မှက်"သာ ဖြစ်ထိုက် ၏၊ မက္ခိကာကို ထောက်၍လည်း "မက်=မှက်"ဟု သုံးနှုန်းခဲ့ပါန်တူသည်၊ သက္ကတ်၌ မသဓာတ်ဖြင့် "မသက"ဟု ရှိ၏၊ ပါဠိ၌ "မကသ"ဟု ရွှေနောက် ရှိ၏၊ ထို့ကြောင့်

www.dhammaransi.com



ဝိဝိဓ ဝိရုဒ္ဓတ္ထေ–အထူးဆန့်ကျင်ဘက် အနက်ရှိသောဒွန်၌၊ (ယထာ–ကား အဟိစ–မြွေလည်း၊ နကုလောစ–မြွေပါလည်း၊ ဝါ–တနည်း၊ အဟီစ–မြွေတို့) လည်း၊ နကုလာစ–မြွေပါတို့လည်း၊ အဟိနကုလံ–ပါ၊ ဇဝံ, ဗိဋ္ဌာရမူသိကံ–ကြောင်, ကြွက်၊ အန္တဿ–အဆုံးသရ၏၊ ရဿတ္တံ၊ ကာကောလူကံ–ကျီး, ခင်ပုတ်၊ သပ္ပမဏ္ဍူကံ–မြွေ, ဖါး၊ ဂရုဠသပ္ပံ–ဂဠုန်, နဂါး။

---

သဒ္ဒနီတိ၌ "မကသောတိ မသကော"ဟု ပရိယာယ် ဖွင့်သည်၊ မသကကို ဟိန္ဒူလို "မသာ"ဟု ခေါ်သော "ကီဋဘေဒ–ပိုးကောင်ငယ် အထူး"ဟု ဖွင့်၏၊ သို့သော် စီဝရ ပစ္စဝေက္ခဏာ၌ "ဍံသ မကသ'ဝါတာတပ သရီသပ သမ္ဖဿာနံ"ဟု ကိုက်ခဲတတ်သော သတ္တဝါအဖြစ်ဖြင့်လာရကား "ခြင်"ဟုမြန်မာပြန်ခြင်းသည် သင့်မြတ်လှပေ၏၊ "မကသ ကုဋိ–ခြင်ထောင် (ခြင်ကို ကာကွယ်သော အိမ်ငယ်)"ဟုလည်း ပါဠိသုံးရှိ၏၊ "ကုန္တာစ ကိပိလ္လိကာစ, ကီဋာစ သရီသပါစ"ဟု ဗဟုစုစ် ဝိဂြိုဟ်ပြု၊ သရီသပသဒ္ဒါသည် "မြွေ, ကင်းမြီးကောက် စသည်"ကို ဟောသော်လည်း မြွေသည် ခုဒ္ဒဇန္တု ကမဟုတ်သော ကြောင့် ကင်းကိုသာ ယူ။

ဝိဝိဓ ဝိရုဒ္ဓတ္ထ—"ဝိရုဒ္ဓ–ဆန့်ကျင်"ဟူရာ၌"အပူနှင့် အအေ, နေရိပ်နှင့် နေပူ"ကဲ့သို့ သဘော မတူရုံမျှ မဟုတ်, အမြဲ ရန်ဘက် ဖြစ်နေသော ဆန့်ကျင်မှုကိုသာ ယူရမည်၊ ထို့ကြောင့် "ဝိဝိဓ=အထူးထူး (အမျိုးမျိုး)"ဟု ဝိသေသန ကူမသည်၊ ထို့ကြောင့်ပင် ရှေးနည်း၌ "ဝိဝိဓဝိရုဒ္ဓါ, နိစ္စဝိရောဓိနော"ဟု ဖွင့်ခဲ့သည်၊ ပုံစံကိုလည်း "အဟိနကုလံ" စသည်ဖြင့် "ကမ္ဘာရန်"ဖြစ်ခဲ့ကြသော သတ္တဝါစုကိုသာ ထုတ်သည်။ ["ဝိရောဓော–ဝေရံ, နတု သဟာနဝဋ္ဌာနံ (အတူတကွ တနေရာထည်း၌ မတည်နိုင်ရုံမျှ မဟုတ်)၊ တေနာဟ–န ဆာယာ တပေါ၊ သဿတိကော ကိ° (အမြဲ ရန်ဘက်ဆိုတာ ဘာလဲ)၊ ဒေဝါသုရာ (နတ်နှင့် အသုရာတို့ တရံတခါ ရန်ဘက်ဖြစ်သော်လည်း အမြဲမဟုတ်၍ ဤဝိဝိဓဝိရုဒ္ဓတွင် မပါဝင်)"–တတ္တဗောဓိနီ။] ဤဝိရုဒ္ဓတ္ထ၌ အများ (ဗဟုတ္တ) ဖြစ်မှ–ဟု သတ်မှတ်ချက် မရှိရကား "အဟိစ နကုလောစ, အဟီစ နကုလာစ"စသည်ဖြင့် ဧကဝုစ် ဗဟုဝုစ် ၂–မျိုးလုံးပင် ဝိဂြိုဟ်ပြုနိုင်သည်။

အန္တဿ ရဿတ္တံ—မူသိကာပုဒ်ကို ဇုတ္တိလိန် အာကာရန္တ ဟု အယူရှိကြဟန်တူ သောကြောင့် "အန္တဿ ရဿတ္တံ"ဟု ဆိုဟန်တူသည်၊ သရောရသော နပုံသကေဖြင့် အာကို ရဿပြုပါ–ဟူလို၊ သို့သော် "မူသိကော ဝွာခု ဥန္ဒုရော"ဟု အဘိဓာန်၌ ပုလ္လိန်ဖြင့် ရှိသောကြောင့် "အန္တဿ ရဿတ္တံ"ကို ဆင်ခြင်ထိုက်၏၊ ဂရုဠသပ္ပံ၌ သရ နည်းသော သပ္ပကို ရှေ့ထား၍ "သပ္ပဂရုဠံ"ဟု ရှိသင့်မည်တင်သည်၊ "ကွစိ အပ္ပသရံ"ဟု ကွစိဖြင့် ဆိုသောကြောင့် ထိုဥပဒေ မမြဲဟုသော်လည်း မှတ်၊ မောဂ္ဂလ္လာန်၌ "နာဂ သုပဏ္ဏံ–နဂါး, ဂဠုန်"ဟု သရနည်းသော "နာဂ"ကိုပင် ရှေ့ထားသည်။

www.dhammaransi.com



ဝိသဘာဂေတ္ထ - လက္ခဏာ ကွဲလျက် ကိစ္စတူ အနက်ရှိသော ဒွန်၌၊ (ယထာ - ကား၊) သီလဉ္စ - သီလလည်း၊ ပညာဏဉ္စ - ပညာလည်း၊ သီလပညာဏံ - ညာ၊ သမထော စ - သမထလည်း၊ ဝိပဿနာ စ, သမထဝိပဿနံ၊ ဧဝံ, နာမ ရူပံ - နာမ်, ရုပ်၊ ဟိရော တ္တပ္ပံ - အရှက်အကြောက်၊ သတိ သမ္ပဇည့ံ - သတိ, သမ္ပဇည၊ လောဘမောဟံ - ဟ၊ ဒေါသမောဟံ ဟ၊ အဟိရိကာနောတ္တပ္ပံ - ပ္ပ၊ ထိနမိဒ္ဓံ - ဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စံ - စ္စ၊ ဣစ္စာဒိ - တည်း၊ အံမောနိဂ္ဂဟီတံ ဈလပေဟီတိ ဧတ္ထ - ဤသုတ်၌၊ အံမောတိနိဒ္ဒေသဒဿနတော - "အံ့မော" ဟု ညွှန်ပြမှုကိုမြင်ရခြင်းကြောင့်၊ ကတ္ထစိ - အချို့သမာဟာရဒွန်၌၊ နပုံသက လိင်္ဂတ္တံ - နပုံလိင်အဖြစ်သည်၊ န ဟောတိ - မဖြစ်၊ ယထာ - သို့၊ ဒဋ္ဌဗ္ဗံ - ၏၊ တေန - ထို့ကြောင့်၊ အာဓိပစ္စပရိဝါရော, ဆန္ဒပါရိသုဒ္ဓိ, ပဋိသန္ဓိပဝတ္တိယံတျာဒိ - အစရှိသော ပြယုဂ်သည်၊ သိဇ္ဈတိ - ပြီး၏။

---

ဝိသဘာဂတ္ထ — သီလသည် မြေခြင်းလက္ခဏာရှိ၏၊ ပညာကား သိခြင်းလက္ခဏာရှိ၏၊ ဤသို့ လက္ခဏာချင်း ကွဲပြားသည်ကို "ဝိ (ထူးခြားကွဲလွဲသည်) "ဟုဆိုသည်၊ ထိုသို့ ကွဲလွဲသော်လည်း ကိလေသာကို ဆန့်ကျင်ဘက် ပြုခြင်း ဟူသော လုပ်ငန်းကိစ္စအားဖြင့် သဘောတူကြသောကြောင့် "သဘာဂ"ဟု ဆိုသည်၊ သမထ ဝိပဿနာ စသည်တို့၏ လက္ခဏာချင်းမတူပုံကို အဋ္ဌသာလိနီ အဋ္ဌကထာစသည်၌ရှု၊ သမထနှင့်ဝိပဿနာလည်း ကိလေသာပယ်ခြင်းကိစ္စ၌ တူကြ၏၊ နာမနှင့်ရူပသည် ("နာမရူပ ပစ္စယာ သဠာယတနံ"အရ) သဠာယတန၏ အကြောင်းဖြစ်ဘို့ကိစ္စ၌ တူကြ၏၊ ဟိရိနှင့် ဩတ္တပ္ပသည် (သတ္တလောကကြီးကို စောင့်ရှောက် တတ်သော လောကပါလတရား ဖြစ်ရကား) ထို စောင့်ရှောက်မှု ကိစ္စ၌ တူကြ၏၊ လောဘနှင့် မောဟသည် အကုသိုလ်၏မူလဖြစ်ခြင်း ကိစ္စ၌ တူကြ၏၊ ဤသို့ စသည်ဖြင့် အဘိဓမ္မာ၌ လေ့လာ၍သိကြပါလေ၊ "နာမဉ္စ ရူပဉ္စ, ဟိရီစ ဩတ္တပ္ပဉ္စ, သတိစ သမ္ပဇညဉ္စ, လောဘောစ မောဟောစ"စသည်ဖြင့်ဝိဂ္ဂြိုဟ်ပြု။

အံမောနိဂ္ဂဟီတံ၊ပေ၊သိဇ္ဈတိ — "အံ့စ မောစ"ဟု ဝိဂ္ဂြိုဟ်ပြု၍ ဣတရီတရယောဂ ဒွန်ဆိုလျှင်"အံ့မာ"ဟု ဗဟုဝုစ်ချသင့်၏၊ "အံမော"ဟု ဧကဝုစ်ချသဖြင့် သမာဟာရဒွန် ဖြစ်ကြောင်းသိသာ၏၊ သို့သော် နပုံးမငဲ့ဘဲ"အံမော"ဟု ပုလ္လိန်ထားပြန်သဖြင့် အချို့ သမာဟာရဒွန်၌ နပုံးမငဲ့ဘဲလည်း ပြီးနိုင်သည်—ဟု မှတ်ထိုက်သည်၊ ထို့ကြောင့်"အာဓိ ပစ္စဉ္စ—အစိုးရသူ၏ အဖြစ်လည်း၊ ပရိဝါရောစ—အခြံအရံလည်း၊ အာဓိပစ္စ ပရိဝါရော— အရံ"ဟုပုလ္လိန်ချပ်သည်ရှင်း "ဆန္ဒောစ—ဆန္ဒလည်း၊ ပါရိသုဒ္ဓိစ—ပါရိသုဒ္ဓိသည်း၊ ဆန္ဒ ပါရိသုဒ္ဓိ၊ပဋိသန္ဓိစ-ပဋိသန္ဓေအခါလည်း၊ ပဝတ္တိစ ပဝတ္တိအခါလည်း၊ပဋိသန္ဓိပဝတ္တိ" ဟု ဣတ္ထိလိန်ချပ်သည်ရှင်း သမာဟာရဒွန်ပုဒ် ဖြစ်လျက် ဧကဝင်ငဲ့ရုံမျှဖြင့် ပြီးရလေသည်၊ "သမာဟာရဒွန္ဒေပိ ကတ္ထစိ ပုလ္လိင် မိတ္ထိလိင် သဒ္ဒဝိဒူ"ဟုဋီကာတို့ ဖွင့်လေ့ရှိသောစကား လည်း ဤအဓိပ္ပါယ်ကို ရည်ရွယ်သောစကားပင်တည်း။ ["အာဓိပစ္စပရိဝါရော"သည် မြန်မာမှု၌ မပါ, ကျနေဟန်တူသည်။]

www.dhammaransi.com



အညောညလိင် ဝိသေသိတာနံ-အချင်းချင်း လိင်နှ်သည် အထူးပြုအပ်ကုန်သော သဒ္ဒါတို့၏၊ ဒွန္ဒေ-၌၊ (ယထာ-ကား၊) ဒါသီစ - ကျွန်မလည်း၊ ဒါသောစ- ကျွန်ယောကျ်ားလည်း၊ ဒါသိဒါသံ-ကျ်ား၊ ကုစာဒိနာ-ကုစာဒိမဇ္ဈတ္တရာနံ စသော သုတ်ဖြင့်၊ မဇ္ဈေ-အလယ်၌၊ ရဿတ္တံ (ဟောတိ)၊ ဣတ္ထီစ-လည်း၊ ပုမာစ-လည်း၊ ဣတ္ထိပုမံ-ကျ်ား၊ [နောက်ပုဒ်ကျမှ "ဝေ" ဟု ညွှန်သောကြောင့် ဤပုဒ်၌ ဝိဂ္ဂိုဟ်ရှိသော သိမ္မသာ ကောင်းသည်၊]ဝေ, ပတ္တစီဝရံ-သပိတ်, သင်္ကန်း၊ သာခါ ပလာသံ-သစ်ခက်, သစ်ရွက်၊ ဣစ္စာဒိ-တည်း၊ သင်္ချာ ပရိမာဏတ္ထာနံ-သင်္ချာ, ပရိမာဏ အနက်ရှိသော သဒ္ဒါတို့၏၊ ဒွန္ဒေ (ယထာ)၊ ဧကကဉ္စ-ဧကကလည်း၊ ဒုကဉ္စ-ဒုကလည်း၊ ဧကဒုကံ၊ သင်္ချာဒွန္ဒေ-သင်္ချာဒွန်၌၊ အပ္ပသင်္ချာ-နည်းသော သင်္ချာ သဒ္ဒါသည်၊ ပုဗ္ဗံ-၌၊ နိပတတိ-၏၊ ဝေ, ဒုကတိကံ-ဒုကတိက၊ တိကစတုက္ကံ-က္က၊ စတုက္ကပဉ္စကံ က၊ ဒီဃော စ-အရှည်လည်း၊ မဇ္ဈိမော စ-အလတ်လည်း၊ ဒီဃ မဇ္ဈိမံ-လတ်။

---

အညောည လိင် ဝိသေသိတာနံ—ဝိသဘာဂတ္တာဒိနံ၌ အာဒိ၏ ပုံစံများကိုပြလို၍"အညောည"စသည်မိန့်၊ဒါသိ ဒါသံ၌ဒါသီသည် ဣတ္ထိလိင်သဒ္ဒါ-ဒါသောကားပုလ္လိင်သဒ္ဒါတည်း၊ဤသို့ လိင် မတူကြသော သဒ္ဒါစုံကို"အညောညလိင်ဝိသေသိတ"ဟုခေါ်၏၊ [အညောည—အချင်းချင်း, ဝါ—အပြန်အလှန်+လိင်ဝိသေသိတ—လိင်နှ်သည် အထူးပြုအပ်, ဝါ-လိင်သည် မတူကွဲပြားအောင် ပြုအပ်သော သဒ္ဒါ။] "ဒါသိ"ဟု ဤကာရန္တ ပကတိဖြစ်သောအခါ "ဒါသီ ဒါသ"ဝယ် အလယ် ( ီ )ကို ကုစာဒိမဇ္ဈတ္တရာနံဖြင့် ရဿပြု၊ ဣတ္ထိပုမံ၌ ထွိလည်း နည်းတူ၊"ပတ္တောစ+စီဝရဉ္စ,သာခါစ+ပလာသောစ"ဟု နောက်ပုဒ်များ၌လည်း လိင်မတူပုံကို သိ၊ "ဇရာစ+မရဏဉ္စ, ဇရာမရဏံ"ကိုလည်း ဤ၌ ယူသင့်၏၊ မောဂ္ဂလ္လာန်၌ကား ပါဏျင်တွင်၌ သွင်းသည်။

သင်္ချာပရိမာဏတ္ထာနံ—တခုထည်းကို"ဧက"-၂ ခုအုပ်စုစသည်ကို"ဒုက" စသည်ခေါ်၏၊ ထိုသဒ္ဒါစုသည် သင်္ချာအနက် ဟောချည်းဖြစ်၍ "သင်္ချာဒွန်" မည်၏၊ ဤသင်္ချာဒွန်၌ ၁ သင်္ချာ နှင့် ၂ သင်္ချာ ၂ ခုကိုတွဲလျှင် အနည်းသင်္ချာ ဟောသော ဧက သဒ္ဒါသည် ရှေ့နေ၏၊ မြန်မာလိုလည်း"၁ ခု ၂ ခု, ၃ ခု ၄ ခု"စသည်ဖြင့် အနည်းသင်္ချာကို ရှေ့ထားလေ့ရှိသည်၊ "ဒီဃမဇ္ဈိမံ"ကား ပရိမာဏတ္ထ ဒွန်တည်း၊ ရှည်သော ပမာဏ, အလယ် အလတ် ပမာဏကို ပရိမာဏဟု ခေါ်သည်၊ [မောဂ္ဂလ္လာန်၌ ပရိမာဏအတွက် ပုံစံကို သီးခြားမပြသဖြင့် သင်္ချာနှင့်ပရိမာဏကို "သင်္ချာအတိုင်းအရှည်" တနက်ထည်းယူဟန်တူသည်၊ ရူပသိဒ္ဓိဋီကာ၌ကား "သင်္ချာစ ပရိမာဏဉ္စ သင်္ချာပရိမာဏံ"ဟု ၂ နက်ခွဲပြသည်။]

www.dhammaransi.com



ပစန စဏ္ဍာလတ္တာနံ - ပစနအနက် စဏ္ဍာလ အနက်ရှိသော သဒ္ဒါတို့၏၊ ဒွန္ဒေ (ယထာ)၊ သြရဗ္ဘိကာ စ - ဆိတ်သတ်သမားတို့လည်း၊ သူကရိကာ စ - ဝက်သတ်သမားတို့လည်း၊ သြရဗ္ဘိက သူကရိကံ = သမား၊ ဝေံ, သာကုနိက မာဂဝိကံ - ငှက်မုဆိုး, သားမုဆိုး၊ သပါကော စ - ခွေးသား စားသူလည်း၊ စဏ္ဍာလော စ - စဏ္ဍာလလည်း၊ သပါကစဏ္ဍာလံ - လ၊ ပုက္ကုသ ဆဝဍ္ဍာဟကံ - ဘင်ကျုံးသမား, သူကောင်ဖုတ်သမား၊ ဝေနရထကာရံ -

---

ပစန စဏ္ဍာလတ္တာနံ—ဋီကာ၌ "ပစနာ စ စဏ္ဍာလာ စ ပစန စဏ္ဍာလာ"ဟု ဖွင့်၏၊ ထိုတွင်"ပစန"ဟူသည် သူ့အသက်ကို ညှဉ်းဆဲ နှိပ်ကွပ် ပူပန်စေတတ်သော မုဆိုး တံငါ လူမျိုးတည်း၊ ["ပစတော တိ—ဒဏ္ဍေန ပီဠေန္တဿ, တဇ္ဇေန္တဿဝါ"—သီလက္ခန် (သာမညဖလသုတ်) ဋီကာ၊ "ပစနံ ဒဟနံ (ပူလောင်စေခြင်း) ဝိဗာဓနံ (နှိပ်စက်ခြင်း) တိ အာဟ—ဒဏ္ဍေန ပီဠေန္တဿ"—ဋီကာဟောင်း၊] ဤစကားအရ "ပစန္တီတိ ပစနာ"ဟု ပြု၊ ပစန္တိ—(မီးဖြင့် ချက်သကဲ့သို့) သူတပါးကို ပူလောင်တတ် နှိပ်စက်သတ်ဖြတ်တတ်ကုန်၏၊ ဣတိ, ပစနာ၊ "စဏ္ဍာလ"ဟူသည် အမျိုးဇာတ်အားဖြင့် ယုတ်ညံ့သူတည်း၊ ထောမနိဓိ၌ "သနာမချာတေ ဇာတိဘေဒေ (မိမိနာမည်အတိုင်း "စဏ္ဍာလ"ဟု ထင်ရှားသော ဇာတ်အထူး၌)"ဟုလည်း "သုဒ္ဒေန ဗြာဟ္မဏိယံ ဥပ္ပါဒိတေ သံကိဏ္ဏဝဏ္ဏေ (သုဒ္ဒယောကျာ်းနှင့် ပုဏ္ဏားမတို့မှ ပေါက်ဖွားသော ရောပြွမ်းသော အမျိုး၌)"ဟုလည်း ဖွင့်၏၊ ဤနေရာ၌ကား ရှေ့အနက်အရ ယုတ်ညံ့သော ဇာတ်ရှိသော လူတမျိုးကို "စဏ္ဍာလ"ဟု မှတ်၊ ထိုသူများ၏ အလုပ်ကား "ဘင် (မစင်) ကျုံးခြင်း" စသော အောက်တန်း အလုပ်များတည်း၊ [စဏ္ဍေ- ကြမ်းကြုတ် ယုတ်ညံ့သော အလုပ်၌၊ အလံ—စွမ်းနိုင်သူသည်၊ စဏ္ဍာလော—မည်၏။]

"သြရဗ္ဘိက"စသော ပုဒ်ပြီးပုံသည် တဒ္ဓိတ်၌ ထင်ရှားလတ္တံ့၊ သပါက၌"သာ"သည် "ခွေး"ဟူသော အနက်ဟောတည်း၊ သာနံ—ခွေးကို၊ ပစတိ—ညှဉ်းဆဲ သတ်ဖြတ်စားသောက်တတ်၏၊ ဣတိ, သပါကော—ခွေးသား စားသူ၊ ဤ "သပါက"လည်း စဏ္ဍာလမျိုးတွင် ပါဝင်၏၊ ထို့ကြောင့် ဋီကာ၌ "သပါကာ—သုနခမံသခါဒက စဏ္ဍာလာ"ဟု ဖွင့်သည်၊ သြရဗ္ဘိက စသည်ကား ပစနဒွန္ဒန်, သပါက စသည်ကား စဏ္ဍာလဒွန်ဟုခွဲ၊ ထောမနိဓိ၌ "ပုက် (ကုစ္ဆိတံ) —စက်ဆုပ်အပ်သူ၏ အဖြစ်သို့၊ ကသတိ—ရောက်တတ်၏"အရ "ပုက္ကသ—စဏ္ဍာလေ"ဟု ရှိ၏၊ ဘင် (မစင်) ကို ကျုံးပစ်သူဖြစ်၍ စက်ဆုပ်ဘွယ်သို့ ရောက်သူ—ဟု ဆိုဟန်တူသည်၊ ပါဠိ၌ "ပုက္ကုသ"ဟု ရှိ၏၊ "ပုဏ္ဏတိ ကရီသဿ (ကျင်ကြီး၏) နာမံ, တံ ကုသေန္တိ အပနေန္တီတိ ပုက္ကုသာ" ဟုလည်း ပါဠိဋီကာတို့ ဖွင့်ကြသည်၊ ဆဝ—သူသေကောင်ကို+ဍာဟက—မီးဖုတ်သူ ("သုဘရာဇာ"ဟု ယခု ခေါ်ကြသော သုသာန်၌ နေသူတည်း)။

"ဝေဏုနာ-ဝါးဖြင့်၊ ဇီဝတိ-အသက်မွေးတတ်၏"အရ ဝါးကိုနှီးဖြာ၍ တောင်းစသည် ယက်လုပ်သူသည် ဝေဏ (ဏကို နပြု၍ "ဝေန") မည်၏၊ အဘိဓာန်၌ "ဝေနော ဝိလီဝကာရော စ, နဠကာရော သမာ တယော"ဟု နှီးသမား (ကျူထရံသည်) အနက်ဟော

www.dhammaransi.com



နွားရှေ့သမား, သားရေနယ်သမား၊ တတ္ထ-ထိုဝေနရထကာရတို့တွင်၊ ဝေနာ-ဝေနတို့ဟူသည်၊ တစ္ဆကာ-နွားရှေ့သမားတို့တည်း၊ ရထကာရာ-တို့ဟူသည်၊ စမ္မကာရာ-သားရေနယ်သမားတို့တည်း၊ [သီဟိုဠ်မူ၌ ''ဗဟုဝုစ်ချည်း'' ရှိသည်၊ ''သြရဗ္ဘိကာ''စသည်ဖြင့် ဗဟုဝုစ် ဝိဂ္ဂိုဟ်ပြုခဲ့သောကြောင့် ဗဟုဝုစ် ရှိခြင်းသာ ရှေ့နောက်ညီသည်၊ ''ကုဋ္ဌာ''စသည်၌လည်း ဗဟုဝုစ်ပင်ပြခဲ့သည်။]

ဒိသတ္တာနံ-ဒိသာ အနက်ရှိသော သဒ္ဒါတို့၏၊ ဒွန္ဒေ(ယထာ)၊ ပုဗ္ဗာစ-အရှေ့အရပ်လည်း၊ အပရာစ-အနောက်အရပ်လည်း၊ ဣတိအတ္ထေ-၌၊ ဒွန္ဒသမာသံ-ကိုရင်း၊ ဝိဘတ္တိလောပဥ္စ-ကိုရင်း၊ ကတွာ-၍၊ ဣစ-ဤသုတ်၌၊ အာဒိဂ္ဂဟဏေန-ဖြင့်၊ ကေတ္တေ-ကိုရင်း၊ နပုံသကလိင်္ဂတ္တဉ္စ-ကိုရင်း၊ ကတေ-ပြုအပ်ပြီးသော်၊ သရောရဿော နပုံသကေတိ-သုတ်ဖြင့်၊ ရဿတ္တံ-ပြု၊ ပုဗ္ဗာပရံ-အရှေ့အနောက်

---

၃-ပုဒ်လာ၏၊ ဤ၌ ''ဝေနာတိ တစ္ဆကာ'' ဟု ဖွင့်ပုံမှာ နားမလည်နိုင်အောင်ရှိသည်၊ အဘိဓာန်၌ ''တစ္ဆကော ဝဍ္ဎကီ မတော''ဟု တစ္ဆကကို ''လက်သမား''ဟုသာ ဆို၏၊ ထို့ကြောင့် ''တစ္ဆကာ'' ဟူသည်ကို စိစစ်ကြပါလေကုန်။ [ကြံအခွံခွါသောဓားကို ''ဥစ္ဆုတစ္ဆကသတ္ထက''ဟု ခေါ်သောကြောင့် ဤ ''တစ္ဆက'' သဒ္ဒါလည်း ကြံခွံခွါသကဲ့သို့ နွားကို စိတ်ဖြာသူ ''တစ္ဆက''ဟု ဆိုလိုဟန်တူသည်-ဟု သော်လည်း ကြံ၊]

ရထကာရော၏ သဒ္ဒါအနက်မှာ ''ရထားလုပ်သူ'' ဟုသာ ထွက်သော်လည်း ထောမနိဓိ အဘိဓာန်၌ ''ရထနိမ္မာနကာရကော-ရထားကို ဖန်ဆင်း ပြုလုပ်တတ်သော၊ ဝဏ္ဏသင်္ကရဘေဒေ-(အမျိုး မစစ်သော) အမျိုးရောသောသူ အထူး၌''ဟု ဖွင့်၏၊ ရထားကို ပြုပြင်ရာ၌ သားရေဖြင့် ပြုပြင်သောကြောင့် ထို ရထကာရကိုပင် ''စမ္မကာရ'' ဟု ပရိယာယ် ဆိုပြန်သည်။ [''ရထေသု စမ္မေန မာနနကရဏတော ရထကာရာ စမ္မကာရာဝုတ္တာ''-သဂါထာဝဂ် သံယုတ်ဋီကာစသည်၊] ထို သားရေလုပ်သမားများတွင် ဘိနပ်ချုပ်သူတို့လည်း ပါဝင်ရကား ''ရထကာရော စမ္မဿ, ပရိကန္တ ဉပါဟနံ၊ ဥပါဟနံ-ဘိနပ်ကို၊ ဝါ-ဘိနပ် ဖြစ်အောင်၊ ပရိကန္တ-ဖြတ်တောက်ခုတ်လှီးသော၊ ရထကာရော - သားရေလုပ်သမားသည်။ ဝါ -ဘိနပ်ချုပ်သမားသည်၊ စမ္မဿ-သားရေ၏၊ အဂယှူပဂံ-မယူထိုက်သော အပိုင်းကို၊ ဇဟတိဣဝ -စွန့်သကဲ့သို့'' ဟုကာမဇာတ် စသည်၌ မိန့်တော်မူသည်၊ ထို့ကြောင့် ''ရထကာရာ, စမ္မကာရာ''ဟု ဖွင့်၏၊ ''ရထားကို ပြုပြင်သူတို့, ဝါ-သားရေလုပ်သူ, ဘိနပ်ချုပ်သူတို့'' ဟုပေး။

ဒိသတ္တာနံ—ဒိသာပုဒ်က ဇုတ္တိလိန်ဖြစ်၍ 'ပုဗ္ဗာစ အပရာစ''ဟု ဝိဂ္ဂိုဟ်ပြု၊ သမာသ် စသည် စီရင်၍ ဝိဘတ်-စနိပါတ်တို့ကို ချေပြီးနောက်, ''ပုဗ္ဗာ အပရာ''ဟု ပကတိပြု, ဤသုတ်၌ အာဒိဖြင့် ကေတ်နပုံးငဲ့၊ သရောရဿောသုတ်ဖြင့် အဆုံးအာကို ရဿ,ဗွိခွင်း, ချေ, ကပ် (ပုဗ္ဗာပရ), နာဒိငဲ့ စသည် စီရင်၊ ''ပုရတ္ထိမာစ ပစ္ဆိမာစ, ဒက္ခိဏာ စ

www.dhammaransi.com



အရပ်၊ [ဟေ ပုဗ္ဗာပရ–အိုအရှေ့ အနောက်အရပ်၊ ပုဗ္ဗာပရံ-ကို၊] ပုဗ္ဗာပရေန–ဖြင့်၊ ပုဗ္ဗာပရဿ-အား၊ ဣစ္စာဒိ-တည်း၊ ဇဝံ့ ပုရတ္ထိမပစ္ဆိမံ-အရှေ့ အနောက်အရပ်၊ ဒက္ခိဏုတ္တရံ-တောင်မြောက်အရပ်၊ အဓရုတ္တရံ-အောက် အထက်အရပ်။ [အချို့စာ၌ "ဟေပုဗ္ဗာပရံ (အာလုပ်) ပုဗ္ဗာပရံ (အံ)" မပါ, ကျဟန်တူသည်။]

(၂၅၉) နပုံသကလိင်္ဂတ္တိ ကေတ္တတ္တိ ဒွန္ဒေတိ စ ဝတ္တတေ။

**ဝိဘာသာ၊ပေ၊ဇနပဒါဒိနူ့။** ။ဒွန္ဒေ သမာသေ-၌၊ ရုက္ခ တိဏ ပသုဓန ဓညဇနပဒါဒီနံ-သစ်ပင်, မြက်, သားကောင်, ဥစ္စာ, စပါး, ဇနပုဒ်အနက်ဟော သဒ္ဒါ အစရှိသည်တို့၏၊ ကေတ္တံ, နပုံသက လိင်္ဂတ္တံ စ-ရင်း၊ ဝိဘာသာ-ဖြင့်၊ ဟောတိ၊ ကေတ္တာ ဘာဝေ-ကော် မဖြစ်လတ်သော်၊ ဗဟုဝစနံ-ဗဟုဝုစ်သည်ရင်း၊ ပရဿဝ –နောက်ပုဒ်၏သာလျှင်၊ လိင်္ဂဉ္စ –လိန် သည် ရင်း၊ (ဟောတိ)၊ တတ္ထ – ထို ရုက္ခတိဏ အစ ရှိ သည် တို့တွင်၊

---

ဥတ္တရာစ, အဓရာစ ဥတ္တရာစ"ဟု ဝိဂ္ဂဟပြု၊ ["အဓုတ္တရာ"ဟု ရှိသည်ကား ပါဌ်ပျက်၊ "အဓော" နိပါတ်ချည်း သက်သက် "အောက်အရပ်" ဟူသော ဒိသာအနက်ကို မဟောနိုင်၊] ဒက္ခိဏ, ဥတ္တရ, အဓရ-ဟု သဗ္ဗနာမ်ပုဒ်စုကို ဒွန်တွဲပြီးမှ ဌာနဖြစ်၍ "အဓရုတ္တရံ"ဟု ရှိရမည်။

(၃၅၉) ဝိဘာသာ၊ပေ၊ဒိနူ့– "တထာ ဒွန္ဒေ"စသော ရှေ့သုတ်လာ ပုဒ်တို့၌ အမြဲကေတ် နပုံ ငဲ့ရကား ဤသုတ်လာ ပုဒ်တို့၌ ကေတ်နပုံငဲ့ မမြဲဟု ပြလို၍ ဝိဘာသာ သဒ္ဒါနှင့်တကွ ဤသုတ်ကို အားထုတ်ရပြန်သည်၊ နပုံ ကေတ် ငဲ့လျှင် သမာဟာရ ဒွန်, နပုံကေတ် မငဲ့လျှင် ဣတရီတရယောဂဒွန်ဟု ခွဲ၊ ရှေ့သုတ်နှင့် ဤသုတ်၌ (သုဘ်ရင်း အာဒိတို့ပါ) ယူအပ်သော ပုဒ်များမှ တပါးသော ပုဒ်များ၌ ဣတရီတရယောဂ ဒွန်သာ တွဲရမည်–ဟုလည်း ခွဲခြားပါ၊ သို့သော် ဤအခွဲလည်း မှတ်သားဖြစ်ရုံသာ၊ "စီဝရ ပိဏ္ဍပါတ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ" ပုဒ်၌ကား သမာဟာရမျိုးတွင် မပါဝင်ဘဲလျက် ဣတရီတရယောဂ-သမာဟာရ ၂ မျိုးပင်ပါဠိ၌ရှိပြန်သည်၊ "သာရိပုတ္တောစ မောဂ္ဂလ္လာနောစ သာရိပုတ္တမောဂ္ဂလ္လာနာ" ဟူသော ဣတရီတရယောဂဒွန်မျိုးနှင့် အလားတူပါလျက် "ခဏ္ဍောစ တိဿောစ ခဏ္ဍတိဿံ, အဘိဘူစ သမ္ဘဝေါစ အဘိဘူ-သမ္ဘဝံ"ဟု သမာဟာရ ဒွန်ပုဒ်ကိုလည်း တွေ့ရပြန်သည်၊ ထို့ကြောင့် သဒ္ဒါကျမ်းသုတ်ဖြင့် ခွဲခြားထားသော်လည်း မှတ်သားဖြစ်ရုံ (ယေဘုယျနည်းအားဖြင့်) ခွဲခြားခြင်း-ဟုမှတ်၊ နပုံကေတ် မငဲ့သည့်အခါ ဣတရီတရ ယောဂထုံးစံအတိုင်း နောက်ပုဒ် လိန်သို့လည်း လိုက်ရ, ဗဟုဝုစ်ချည်းလည်း ချရသည်ဟုပြလို၍ "ကေတ္တာဘာဝေ ဗဟုဝစနံ ပရဿဝ လိင်္ဂဉ္စ"ဟု မိန့်သည်။

www.dhammaransi.com



ရုက္ခာဒနံ-သစ်ပင် အနက်ဟော သဒ္ဒါတို့၏၊ ဒွန္ဒေ-၌၊ (ယထာ)၊ အဿတ္ထာဝ-ညောင်ဗုဒ္ဓဟောပင်တို့လည်း၊ ကပိတ္ထာစ - သီးပင်တို့လည်း၊ ဣတိ အတ္ထေ - ၌၊ သမာဟာရေ-သမာဟာရ ဒွန်၌၊ ဒွန္ဒသမာသာဒိမှိ - ဒွန်သမာသ် အစရှိသည်ကို၊ ကတေ - သော်၊ ဣမိနာ-ဤသုတ်ဖြင့်၊ ဝိကပ္ပေန - ဖြင့်၊ ကေတ္တံနပုံသကလိင်္ဂတ္တဥ္စ (ဟောတိ)၊ အဿတ္ထကပိတ္ထံ-ညောင်ဗုဒ္ဓဟောပင်, သီးပင်၊ ဝါ - တနည်း၊ အဿတ္ထကပိတ္ထာ - တို့၊ ဧဝံ, အမ္ဗပနသံ - သရက်ပင်, ပိန္နဲပင်၊ အမ္ဗပနသာ ဝါ - လည်း ရှိ၏၊ ခဒိရပလာသံ - ရှားပင်, ပေါက်ပင်၊ ခဒိရပလာသာ ဝါ၊ ဓဝဿကဏ္ဏကံ - မျောက်ငိုပင်, အင်ကြင်းပင်၊ ဓဝဿကဏ္ဏကာ ဝါ။

---

ရုက္ခာဒနံဒွန္ဒေ—ဤ''သစ်ပင်''ဟူရာ၌ ရုက္ခ၏ဟောနက်ဖြစ်သော သစ်ပင် သာမန်မဟုတ်, နာမည်ထူးရသော အဿတ္ထ စသော သစ်ပင်များတည်း၊ ထိုသို့ သစ်ပင်ကိုဟောရာ၌လည်း အနက်တူ သဒ္ဒါ ၂ ခုကို ဒွန်မတွဲရ၊ ဥပမာ— ''ကောလောစ-ဆီးပင်လည်း၊ဗဒရောစ—ဆီးပင်လည်း၊ ကောလဗဒရံ''ဟု မတွဲရ၊ ဘာ့ကြောင့်နည်း, ဒွန်ဟူသည် အနက် ၂ ခုကို စသဒ္ဒါဖြင့် ပေါင်းဆည်းသောကြောင့်တည်း၊ထို့ကြောင့်ပင် ''အရကွဲ ဒွန်တွဲ, အရတူ ကမ္မဓာရယ်ယူ''ဟု ပြောစမှတ်ပြုကြသည်၊ ဤ ရုက္ခတိဏစသည်တို့တွင် ရုက္ခဟောနှင့် တိဏဟော စသည်ကိုလည်း ဒွန်မတွဲရ, ရုက္ခချင်းချင်း—တိဏချင်းချင်း စသည်သာ ဒွန်တွဲရမည်၊ နောက် တိဏ စသည်တို့လည်း မြက် သာမန်ကို မဆိုလို မြက် ဝိသေသကိုသာ ဆိုလိုကြောင်း—မြက်ဟော သဒ္ဒါချင်းသာ ဒွန်တွဲရကြောင်း အနက်တူ ပရိယာယ် သဒ္ဒါ ၂ ခုကို ဒွန်မတွဲရကြောင်းများကို သိလေ။

[ဇိနိန္ဒဗုဒ္ဓိ] ရုက္ခာ ဒိဂ္ဂဟဏေန ဣဟ ရုက္ခာဒိ ဝိသေသာ ဝါစိနံ ဂဟဏံ၊ ကထံ, ယသ္မာ''တြဟိ ရုက္ခာဒီဟိ ဒွန္ဒော ပဗ္ဗေကံ ဝိသေသီယတေ၊တေနေသံ ဝိဘာသာ တုလျဇာတိယေသွေဝ ါးဝတိဋ္ဌတေ၊ ဝိရူပေသု တုလျ—ဇာတိယေသွပိ, န သရူပေသု၊ တေသံ ဒွန္ဒာဘာဝတော။

အဿတ္ထကို ဘုရားပွင့်ရာ ညောင်ပင်ဖြစ်သောကြောင့် (''ဗုဒ္ဓဟေတု—ဘုရားဖြစ်ခြင်း၏အကြောင်း)''ဟုကြံ၍ ''ညောင်ဗုဒ္ဓဟ''ဟုရင်း ''အဿတ္ထော ဗောဓိဒ္ဒုမသု''ဟု ဗောဓိနှင့် ပရိယာယ်ဖြစ်သောကြောင့် ''ဗောဓိညောင်''ဟုရင်း ခေါ်ကြ၏၊ ကပိတ္ထကို အဘိဓာန်နိဿယသစ်၌''သီးပင်''ဟုပေး၏၊ ''ကပိ တိဋ္ဌတိ ဧတ္ထ''ဟူသော ဝိဂ္ဂဟ်အရ ထို အသီးကို မျောက်များကြိုက်တတ်၍ မျောက်၏ တည်ရာ ဖြစ်သောကြောင့် ''ကပိဋ္ဌ (ဋ္ဌကို ထ္ထပြု၍) ကပိတ္ထ''ဟု ခေါ်သဘတ်၊ ''ကပိတ္ထ-ညောင်ကြပ်''ဟု အပေးများသည်၊''ဓဝေါစ အဿကဏ္ဏောစ''၌''သာလော အဿကဏ္ဏော''ဟု အဘိဓာန် ပရိယာယ်ဆိုသောကြောင့် ''အင်ကြင်း''ဟု ပေးသည်၊ ဓဝေါကို''မျောက်ငိုပင်''ဟု ပေးကြသည်။

www.dhammaransi.com



တိဏာနံ-မြက်ဟောသဒ္ဒါတို့၏၊ ဒွန္ဒေ (ယထာ)၊ ဥသီရာနိစ-ပန်းရင်းတို့လည်း၊ ဗီရဏာနိစ - မြက်မွှေးတို့လည်း၊ ဥသီရဗီရဏံ - မွှေး၊ ဏာ ဝါ-၏၊ ဝေ၊ မုဉ္ဇ ပဗ္ဗဇံ-ဖြူဆံမြက်, ပြိတ်မြက်၊ ဇာနိ ဝါ၊ ကာသကုသံ-သက်ကယ်မြက်, သမန်းမြက်၊ သာ ဝါ။

ပသူနံ - သားကောင်ဟောသဒ္ဒါတို့၏၊ ဒွန္ဒေ(ယထာ)၊ အဇာစ-ဆိတ်တို့လည်း၊ ဧဠကာစ-သိုးတို့လည်း၊ အဇေဠကံ-ဆိတ်, သိုး၊ အဇေဠကာ ဝါ၊ ဟတ္ထိစ - ဆင်တို့လည်း၊ ဂါဝေါစ – နွားတို့လည်း၊ အဿာစ – မြင်းတို့လည်း၊ ဝဠဝါစ-မြင်းမလည်း၊ ဟတ္ထိဂဝဿဝဠဝံ-မ၊ ဝဠဝါ ဝါ-၏၊ ကုစာဒိနာ-ကုစာဒိမဇ္ဈတ္တရာနံစသော သုတ်ဖြင့်၊ ရဿတ္တံ – ပြု၊ ဩသရေစာတိ – ဖြင့်၊ အဝါဒေသောစ-အဝလည်းပြု၊ ဂေါမဟိံသံ-နွား, ကျွဲ၊ သာ ဝါ၊ ဧဏေယျဝရာဟံ-တောဆိတ်နက်, ဝက်၊ ဟာ ဝါ၊ သီဟဗျဂ္ဃတရစ္ဆံ-ခြင်္သေ့, ကျား, အောင်း၊ စ္ဆာ ဝါ။

ဓနာနံ–ဥစ္စာဟော သဒ္ဒါတို့၏၊ ဒွန္ဒေ (ယထာ)၊ ဟိရညဉ္စ-ငွေလည်း၊ သုဝဏ္ဏဉ္စ-ရွှေလည်း၊ ဏ္ဏံ, ဏ္ဏာဝါ၊ ဝေ၊ ဇာတရူပ ရဇတံ-ရွှေ, ငွေ၊ တာနိ ဝါ၊ မဏိမုတ္တသင်္ခဝေဠုရိယံ-ပဒမြား, ပုလဲ, ခရုသင်း, ကြောင်မျက်ရွဲ၊ ယာ ဝါ၊ ဓညာနံ-စပါးဟောသဒ္ဒါတို့၏၊ ဒွန္ဒေ(ယထာ)၊ သာလိစ-သလေး

---

တိဏဒွန်၌"ဗီရဏ—မြက်မွှေး"ဟု မောဂ္ဂလ္လာန် နိဿယသစ် ပေး၏၊ "ဗီရဏ—ပြိတ် (ဗြိတ်) မြက်"ဟု ပေးကြသည်၊ ပသုဒွန်၌ "ဟတ္ထိအဿ"တို့သည် ရှေ့သုတ်လာ သေနင်္ဂနှင့် ထပ်နေ၏၊ ထို့ကြောင့် ထို ဟတ္ထိ အဿတို့သည် သေနင် ဖြစ်သော်လည်း သမာဟာရ မဖြစ်ကြောင်း ပြလို၍ ဤ၌ယူပြန်သတတ်၊ ["ပသုဂ္ဂဟဏံ ဟတ္ထိအဿာဒီနံ သေနင်္ဂတ္တာ နိစ္စေ သမ္ပတ္တေ"—သိဒ္ဓန္တကောမုဒီ၊] "ဝဠဝါ အဿာ"ဟု အဘိဓာန်၌ ပရိယာယ် လာသောကြောင့် "မြင်းမ"ဟု ပေးသည်၊ ပကတိပြုသောအခါ "ဟတ္ထိ ဂေါ အဿဝဠဝါ"ဟု ပြု၊ ကုစာဒိသုတ်ဖြင့် ဩ၌ ရဿပြု၊ ဝဠဝါ၌ အာကိုကား (မုခနာသိကာတုန်းကကဲ့သို့) သရောရဿော သုတ်ဖြင့် ရဿ ပြု၊ ဩသရေစဖြင့် ဂေါ၌ ဩကို အဝ ပြု၍ "ဟတ္ထိဂဝဿဝဠဝ" ဟု ဖြစ်သည်၊ ဧဏေယျကို မောဂ္ဂလ္လာန်နိဿယ သစ်၌ "သမင်"ဟု သာမန် ဆို၏၊ အဘိဓာန် နိဿယသစ်၌မူ "တောဆိတ်နက်"ဟု ဆိုခဲ့သည်။ ["ဏီဇဿ"၌ ဤပုဒ်ကို ပြခဲ့ပြီ။]

ဓနဒွန်၌ ဟိရညကို "ကဟာပဏ—အသပြာ"ဟု ဋီကာ ဖွင့်သော်လည်း ဟိရည သဒ္ဒါသည် "ကတာကတံ—အထည်ဝတ္ထု ပြုအပ်ပြီး မပြုအပ်သေးသော၊ ဝါ—အယဉ်၌ အရိုင်း ဖြစ်သော၊ ကဥ္စနရူပိယံ—ရွှေ ငွေ တခုခုသည်၊ ဟိရညံ—မည်၏"ဟု အဘိဓာန် ရှိရကား ဤနေရာ၌ သုဝဏ္ဏနှင့် တွဲထားသောကြောင့် ငွေသာမန်ကို ယူသင့်သည်၊

www.dhammaransi.com



တို့လည်း၊ ယဝါစ-မုယော တို့လည်း၊ ဝံ, ဝါဝ၊ ဧဝံ, တိလမုဂ္ဂမာသံ-နှမ်း, ပဲနောက်, ပဲကြီး၊ သာ ဝါ၊ ဇနပဒါနံ-ဇနပုဒ်ဟော သဒ္ဒါတို့၏၊ ဒွန္ဒေ (ယထာ)၊ ကာသိ စ-ကာသိတိုင်းတို့လည်း၊ ကောသလာ စ-ကောသလတိုင်းတို့လည်း၊ လံ, လာ ဝါ၊ ဝဇ္ဇီစ-ဝဇ္ဇီတိုင်းတို့လည်း၊ မလ္လာစ-မလ္လတိုင်းတို့လည်း၊ လွံ, လွာ ဝါ၊ အင်္ဂတိုင်းတို့လည်း၊ မဂဓာစ-မဂဓတိုင်း တို့လည်း၊ ဓံ, ဓာဝါ။

အာဒိဂ္ဂဟဏေန-ဖြင့်၊ အညောည ပဋိပက္ခဓမ္မာနံ-အချင်းချင်း ဆန့်ကျင်ဘက် သဘောရှိသော အနက်ဟော သဒ္ဒါတို့၏ရင်း၊ သကုနတ္ထာနဉ္စ-ငှက်ဟူသော အနက်ရှိသော သဒ္ဒါတို့၏ရင်း၊ ဒွန္ဒေ-၌၊ ဧကတ္တံ, နပုံသကလိင်္ဂတ္တဉ္စ ဟောတိ၊ ကုသလဉ္စ-ကုသိုလ်လည်း၊ အကုသလဉ္စ, ကုသလာကုသလံ၊ ကုသလာကုသလာ ဝါ-လည်း ရှိ၏၊ ဧဝံ, သာဝဇ္ဇာနဝဇ္ဇံ-အပြစ်ရှိသောတရား, အပြစ် မရှိသောတရား၊ သာဝဇ္ဇာနဝဇ္ဇာ ဝါ၊ ဟီနပဏီတံ-အယုတ်, အမြတ်၊ ဟီနပဏီတာဝါ၊ ကဏှသုက္ကံ-အမည်း, အဖြူ၊ ကဏှသုက္ကာ ဝါ၊ သုခဒုက္ခံ-ချမ်းသာ, ဆင်းရဲ၊ သုခဒုက္ခာနိ ဝါ၊ ပဋိဃာနုနယံ (ပဋိဃ+အနုနယံ)-မုန်းခြင်း, ချစ်ခြင်း၊ ပဋိဃာနုနယာ ဝါ၊ ဆာယာတပံ-

---

ဇနပဒဒွန်၌ "ပုံဗဟုတွေ ကုရူ သက္ကာ"စသည်ဖြင့် ဇနပုဒ်ဟော သဒ္ဒါတို့သည် ပုလ္လိင်ဗဟုဝုစ် အမြဲဟု အဘိဓာန် ဆိုသောကြောင့် "ကာသိစ—ကာသိတိုင်းတို့လည်း"ဟု ဗဟုဝုစ်ချည်း ဝိဂ္ဂြိုဟ်ပြုသည်၊ ထို့ကြောင့်လည်း ပါဠိတော်များ၌"ကာသီသု ဇနပဒေ" စသည်ဖြင့် ရှေပုဒ်ဝယ် ဗဟုဝုစ်ဖြင့် အမြဲထားလေ့ရှိသည်၊ ဤ"ဇနပဒ"ဟူသည်လည်း နယ်ပယ် (ဒိစတြိတ်) ဒေသတခုပင်တည်း၊ ထို့ကြောင့် ကာသိတိုင်း စသော နယ်ပယ် ဒေသများကိုပင်"ဇနပဒ"ဟုဆိုထားသည်။ [ဇနာ ပဇ္ဇန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဇနပဒေါ= လူအများ၏ သွားရောက်ရာ နယ်မြေ။]

**အာဒိဂ္ဂဟဏေန၊ပေ၊နပုံသကလိင်္ဂတ္တဉ္စ**—ဇနပဒါဒီနံ၌ အာဒိဖြင့် အချင်းချင်း ဆန့်ကျင်ဘက် အနက်ဟော သဒ္ဒါ, ငှက်ဟော သဒ္ဒါများကို ယူ၊ ထိုသဒ္ဒါများ၏ ဒွန်၌လည်း ဝိကပ်အားဖြင့် ဧကတ် နပုံဖြစ်သည်၊ "အညောည ပဋိပက္ခ-အချင်းချင်း (အပြန်အလှန်) ဆန့်ကျင်ဘက်" အနက်များကို ရှေသုတ်ဝယ် ဝိဇ္ဇ ဝိရုဒ္ဓ အဖြစ်ဖြင့်လည်း ယူခဲ့ပြီ၊ သို့သော် ရှေသုတ်၌ ဆန့်ကျင်ခြင်းသည် "အဟိ+နကုလ"ကဲ့သို့ "မြွေဒြွေဒ+မြွေပါဒြွေဒ"စသည်ဖြင့် ဒြွေဒချင်း ဆန့်ကျင်ခြင်းတည်း၊ ဤသုတ်၌ ဆန့်ကျင်ခြင်းကား "ကုသလ+အကုသလ"ကဲ့သို့ "ကုသိုလ်၏အပြစ်မရှိခြင်း—ကောင်းကျိုးပေးခြင်းဂုဏ်, အကုသိုလ်၏ အပြစ်ရှိခြင်း—မကောင်းကျိုး ပေးခြင်းဂုဏ်"စသည်ဖြင့် ဂုဏ်အားဖြင့် ဆန့်ကျင်ခြင်းတည်း၊ ထို့ကြောင့် ဤဂုဏ်ဆန့်ကျင်ဘက်အနက်ကို ဟောသောပုဒ်များ၏

www.dhammaransi.com



အရိုပ်, နေပူ၊ ဆာယာတပါ ဝါ၊ အာလောကန္ဓကာရံ (အာလောက+အန္ဓကာရံ)-အလင်း, အမှောင်၊ အာလောကန္ဓကာရာ ဝါ၊ ရတ္တိစ-ညဥ့်လည်း၊ ဒိဝါစ-နေ့လည်း၊ ရတ္တိဒိဝံ-ညဥ့်နေ့၊ ရတ္တိဒိဝါ ဝါ၊ အဟဉ္စ-နေ့လည်း၊ ရတ္တိစ, အဟောရတ္တံ-နေ့ညဥ့်၊ အဟောရတ္တာ ဝါ၊ ကွစိသမာသန္တ ဣစ္စာဒိနာ - ကွစိ သမာသန္တ အစရှိသော သုတ်ဖြင့်၊ အာကာရိကာရာနံ - အာ အက္ခရာ ဣ အက္ခရာတို့၏၊ အတ္တံ-အ အဖြစ်သည် (ဟောတိ)၊ သကုနာနံ-ငှက်ဟော သဒ္ဒါတို့၏၊ ဒွန္ဒေ ( ယထာ )၊ ဟံသာစ - ဟသ်ာတို့လည်း၊ ဗကာစ-ဗျိုင်းဖြူတို့လည်း၊ ဟံသဗကံ, ဟံသဗကာ ဝါ၊ ဝေံ, ကာရဏ္ဍဝစက္ကဝါကံ-ဝမ်းဘဲ, စက္ကဝက်၊ ကာရဏ္ဍဝ စက္ကဝါကာ ဝါ၊ မယူရကောဉ္စံ-ဥဒေါင်း, ကြိုးကြာ၊ မယူရကောဉ္စာဝါ၊ သုကသာလိကံ-ကျေး, သာလိကာ၊ သုကသာလိကာ ဝါ၊....သမာဟာရဒွန္ဒော-သည်၊ နိဋ္ဌိတော။

---

ဒွန်၌ ဝိကပ်အားဖြင့် ကောဘ်နပုံးငဲ့၍ အမြဲရန်ဘက်ဖြစ်လျက် ဖြဒ်ဆန့်ကျင်ဘက် အနက်ကို ဟောသော ပုဒ်များ၌ ရှေ့သုတ်ဖြင့် အမြဲ ကေတ်နပုံးငဲ့ရသည်-ဟု ခွဲခြားပါ၊ သကုနတ္တအရ "ငှက်"ဟူရာ၌လည်း ဟင်းစားကောင်းသော "ဝမ်းဘဲ"စသည်ကိုသာ ယူကြ၏၊ ထို့ကြောင့် "ဂုဏ်ဆန့်ကျင်ဘက်, ဟင်းမျိုးငှက်, ထည့်စွက် ဝိဘာသာ"ဟု ဆရာဘို မိန့်တော်မူကြသည်။

"သာဝဇ္ဇာ်ဉ္စ+အနဝဇ္ဇဉ္စ"စသည်ဖြင့်"ကဏှာသုက္ကံ"တိုင်အောင်"ပါပံ-ပုညံ"ကိုငဲ့၍ နပုံလိန်ဖြင့်ချည်း ဝိဂြိုဟ်ပြု၊ ဒွန္ဒပုဒ်သည် နပုလ္လိန်ဖြစ်၍ "သုခဒုက္ခာနိ"ဟု သိမှုအတိုင်း ရှိစေ၊ "ပဋိဃောစ+အနုနယောစ, ဆာယာစ+အာတပေါစ, အာလောကောစ+အန္ဓကာရောစ"ဟု ပြု၊ "ဒိဝါ"သည် အာကာရန္တနိပါတ်တည်း၊ "ရတ္တိ+စ+ဒိဝါ+စ" တည်၊ သိ ၄ လုံးချေ၊ "ရတ္တိ ဒိဝါ"ဟု ပကတိပြု၊ "အဟ+စ+ရတ္တိ+စ"တည်၊ ဟနောင် သိ အံပြု, ကျန် သိကိုချေ၊ "အဟရတ္တိ"ဟု ပကတိပြု၊ ကွစိသမာသန္တသုတ်ဖြင့် ဒိဝါ၏ အာကိုရင်း-ရတ္တိ၏ ဣကိုရင်း (အ) ပြု၊ ထိုနောက် ကေတ်နပုံးငဲ့ စသည်စီရင်၊ အဟရတ္တ၌ကား "အဟ"သဒ္ဒါက မနောဂိုဏ်းဖြစ်၍ ဝိဘတ်ချေပြီးလျှင် ပြီးခြင်း" ဧတေသမော လောပေ"သုတ်ဖြင့် ဟ ၏ အ ကို ဩပြု၊ ["အဟဉ္စ"၌ မနောကဲ့သို့ သိကို ဩ ပြု၍ "အဟောစ"ဟုလည်း ရှိနိုင်သည်၊သကုနတ္တဒွန်၌"ကာရဏ္ဍဝါစ"စသည်ဖြင့် ဝိဂြိုဟ်ပြု၊ "ဟံသောစ+ဗကောစ" ဟု ကေဝုစ်လည်း ဖြစ်နိုင်ဘွယ် ရှိ၏၊ သာလိကာပုဒ်ကား ဣတ္ထိလိန်တည်း၊"သုကာစ သာလိကာယောစ"ဟု ပြု၍ "သုက သာလိကာ"ဟု ပကတိ ဖြစ်သည့်အခါ ကေတ်နပုံးငဲ့၍ (နပုလ္လိန် ဖြစ်သောကြောင့်) သရော ရဿော နပုံသကေ သုတ်ဖြင့် အဆုံး အာကို ရဿပြု၊ "သာလိကာ ကရဝိကောစ"ဟု အဘိဓာန်ရှိရကား ထို သာလိကာ ဟူသည် ကရဝိက်ငှက်တည်း။

www.dhammaransi.com



စ – ဆက်ဦးအံ့၊ တွေဒွန္ဒေ – ဤဒွန်သမာသ်၌၊ ယေဘုယျေန – များသော အားဖြင့်၊ ကွစိ – ၌၊ အစ္စိတပ္ပသရံ – ပူဇော်အပ်သော အနက်ဟောသဒ္ဒါ၊ နည်းသော သရရှိသော သဒ္ဒါသည်ရင်း၊ ဣဝဏ္ဏုဝဏ္ဏကံ-ဣဝဏ် ဥဝဏ် အဆုံးရှိသော သဒ္ဒါသည်ရင်း၊ သရာဒိ အကာရန္တံ – အစ၌ သရရှိသော အကာရန္တ သဒ္ဒါသည်ရင်း၊ ပုဗ္ဗံ-ရှေ့၌၊ ဘဝေ-ဖြစ်၏၊ ဗဟူသု-၂ ပုဒ်ထက် များသော ဒွန်ပုဒ်တို့၌၊ အနိယမော-မမြဲသည်၊ ဘဝေ-၏၊....ဒွန္ဒသမာသော-ဘည်၊ နိဋ္ဌိတော-ပြီ။

**သင်္ဂဟ** အယံ သမာသော – ဤသမာသ်သည်၊ ပုဗ္ဗုတ္တရဘယညတ္ထ ပဓာနတ္တာ-ပုဗ္ဗပဒတ္ထပဓာန, ဥတ္တရပဒတ္ထပဓာန, ဥဘယပဒတ္ထပဓာန, အညပဒတ္ထပဓာန၏ အဖြစ်ကြောင့်၊ စတုဗ္ဗိဓော – ၏၊ ဒိဂုကမ္မဓာရယေဟိ-

---

**ယေဘုယျေန စေတ္ထ၊ပေ၊ဘဝေ**——ဤဂါထာကား“ဇူမ ဒွန္ဒေ အစ္စိတတရံ ပုဗ္ဗံ နိပတတိ”စသည်ဖြင့် ရှေ့၌ပြခဲ့သောအကျယ်ကို အကျဉ်းချုပ်သောသင်္ဂဟဂါထာတည်း၊ သို့သော် ဤဂါထာ၌“သရ်ျာ ဒွန္ဒေ အပ္ပသရ်ျာ ပုဗ္ဗံ နိပတတိ”ဟူသောစကားကို အကျဉ်းချုပ်သော ဝါကျမပါသေး၊ ထို့ကြောင့်....

အစ္စိတပ္ပသရံ ပုဗ္ဗံ, ဣဝဏ္ဏုဝဏ္ဏကံ ကွစိ၊
ဒွန္ဒေ သရာဒျကာရန္တ–မပ္ပသရ်ျံ ပုရေကတံ၊
ဧသော ပဒဒ္ွယေ ဝုတ္တော, ဗဟူသွနိယမော ဘဝေ”

ဟု ဆရာတို့ ဖြည့်တော်မူကြသည်၊ “သရာဒိ+အကာရန္တံ+အပ္ပသရ်ျံ”ဟု ပုဒ်ဖြတ်၊ [အပ္ပသရ်ျံ–နည်းသော သရ်ျာဟောပုဒ်ကို၊ ပုရေကတံ–ရှေ့၌ ပြုအပ်၏၊ ဧသော–ဤ အမှတ်အသားကို၊ ပဒဒ္ွယေ–“သမဏဗြာဟ္မဏာ”စသော ၂ ပုဒ်တွဲဒွန်၌၊ ဝုတ္တော–ဆို အပ်၏၊ ဗဟူသု-(“သုရာ သုရ ဂရုဠ မနုဇ ဘုဇဂ ဂန္ဓဗ္ဗာ”ကဲ့သို့ ၃ ပုဒ်မှစ၍) များသော ပုဒ်တို့၌ကား၊ အနိယမော-မမြဲသည်၊ဘဝေ-၏၊] “အစ္စိတပ္ပသရံ”စသည်ဖြင့် မှတ်သား ရာ၌လည်း ကွစိသဒ္ဒါ ဝါကျတိုင်း ပါသောကြောင့် မမြဲပင်တည်း၊ သို့သော် များသော အားဖြင့်ကား ဤဥပဒေသအတိုင်း ရှိတတ်၍ သတ်မှတ်ပြရသည်၊ထို့ကြောင့်ပင်“ယေဘု ယျေန စေတ္ထ”ဟု ယေဘုယျ သဒ္ဒါဖြင့် ပြတော်မူသည်၊ ဤသတ်မှတ်ချက်ကို သက္ကတ သဒ္ဒါကျမ်းတို့ပင် ပြလျက်ရှိရကား ပဋိစ္စသမုပ္ပါဒဝိဘင်း မူလဋီကာ၌လည်း “အဝိဇ္ဇာ တဏှာ ဟေတုက္ကမေန ဖလေ ဝတ္တဗ္ဗေ သင်္ခတိဒုဂ္ဂတိဂါမိနောတိ ဝစနံ သဒ္ဒလက္ခဏာ-ဝိ ရောဓတ္ထံ၊ ဒွန္ဒေ ဟိ ပူဇိတဿ ပုဗ္ဗနိပါတော”ဟု သဒ္ဒါ ဥပဒေသကိုပင် အလေးပြု၍ ဖွင့်ပြတော်မူသည်၊ [အဝိဇ္ဇာကြောင့် ဒုဂ္ဂတိရောက်၍ တဏှာကြောင့် သုဂတိ ရောက်ရ သောကြောင့်အဝိဇ္ဇာ တဏှာဟူသောအကြောင်းနှင့်အစဉ်သင့်အောင်“ဒုဂ္ဂတိသုဂတိ” ဟု ဆိုသင့်လျက်“ပူဇော်အပ် ကောင်းမြတ်သောဘဝဖြစ်၍ အစ္စိတ (ပူဇိတ) ဖြစ်သော ကြောင့် သုဂတိကို ရှေ့ထား၍ဆိုသည်”ဟူသို။ –

www.dhammaransi.com



ဒိဂုကမ္မဓာရဲ သမာသ်တို့နှင့် တကွ၊ ဆဗ္ဗိဓော စ-၆-ပါး အပြားလည်း ရှိ၏၊ အဗျယီဘာဝေါ-သည်၊ ဒုဝိဓော-၏၊ ကမ္မဓာရယော-သည်၊ နဝဓာ-၉-ပါး ပြား၏၊ ဒိဂု-သည်၊ ဒုဓာ(ဒွိဓာ)-၂-ပါးပြား၏၊ တပ္ပုရိသော-သည်၊ အဋ္ဌဓာ-ရှစ်ပါး ပြား၏၊ ဗဟုဗ္ဗီဟိ-သည်၊ နဝဓာ-သည်၊ ဘဝေ-၏၊ ဒွန္ဒော-သည်၊ ဒွိဓာ-၏၊ သမာသော-သမာသ်သည်၊ စတုရဋ္ဌဓာ-၄-ခုဖြင့် မြှောက်အပ်သော ရှစ်ပါး ပြား၏၊ ဝါ- ၃၂-ပါး ပြား၏၊ ဣတိ-အပြီးတည်း၊ ဣတိ-ဤကား၊ ရူပသိဒ္ဓိယံ-၌၊ စတုတ္ထော-သော၊ သမာသကဏ္ဍော-တည်း။

---

သင်္ဂဟ။ ။ [သီဟိုဠ်မူ "သမာသောယံ" ဟုရှိ၏၊ "အယံ သမာသော" ဋီကာဖွင့်နှင့် ညီသည်။] "ပုဗ္ဗုတ္တရုဘယညတ္ထ" စသော ဂါထာတို့ကား ပြခဲ့သော သမာသ်များကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာတည်း၊ အဗျယီဘာဝသည် ပုဗ္ဗပဒတ္ထ ပဓာန သမာသ်, တပ္ပုရိသ်သည် ဥတ္တရပဒတ္ထ ပဓာန သမာသ်, ဒွန်သည် ဥဘယ ပဒတ္ထ ပဓာန သမာသ်, ဗဟုဗ္ဗီဟိသည် အညပဒတ္ထ ပဓာန သမာသ်တည်း၊ ဤသို့ အနက်အရ ပဓာနဖြစ်ပုံအားဖြင့် သမာသ် ၄ မျိုးပြား၏၊ တပ္ပုရိသ် တစိတ် ဖြစ်သော ကမ္မဓာရဲ ဒိဂုသမာသ် ၂ ခုကို သီးခြားပြုလျှင် သမာသ် ၆-ပါးဖြစ်သည်။ [ဤကမ္မဓာရဲ ဒိဂုလည်း တပ္ပုရိသ်ကဲ့သို့ ဥတ္တရပဒတ္ထ ပဓာန သမာသ်တွင် ပါဝင်သည်။]

[ဆောင်း] ဗျယီသမာသ်, ရှေ့နက် မှတ်ခဲ့သော်, ကမ်–တပ်–ဒိဂု, နောက်နက် ရှု၍,ဗဟုဗ္ဗိတွက်, အညနက်နှင့်, နောက်ဆက် ဒွန္ဒ,ဥဘယာသည်, မှတ်ပါ ပဓာန အနက်တည်း။

ဒုဝိဓော၊ ပေ၊ စတုရဋ္ဌဓာတိ— ["စတုရဋ္ဌဓာ—ဗာတ္တိံသ ဝိဓော" ဟု ဋီကာ ဖွင့်သောကြောင့် "စတုရဋ္ဌကာ" ဟု မရှိရ, သီဟိုဠ်မူအတိုင်း "စတုရဋ္ဌဓာတိ" ဟု ရှိရမည်။] ဥပသဂ္ဂ ပုဗ္ဗက, နိပါတ ပုဗ္ဗကအားဖြင့် အဗျယီဘော ၂ မျိုးပြား၏၊ ဝိသေသန ပုဗ္ဗပဒ စသောအားဖြင့် ကမ္မဓာရဲ ၉ ပါးပြား၏၊ သမာဟာရ-အသမာဟာရအားဖြင့် ဒိဂု ၂ ပါးပြား၏၊ တပ္ပုရိသ်ကား (ဒုတိယာ တပ္ပုရိသ်စသော ၆ ပါး, အမြာဟွံဏော စသော ပဌမာ တပ္ပုရိသ် ၁, ပဘင်္ကရော စသော အလုတ္တ တပ္ပုရိသ် ၁,ပေါင်း) ရှစ်ပါးတည်း၊ဗဟုဗ္ဗီဟိသည် တုလျာဓိကရဏ (ဒွိပဒ) ,ဘိန္နာဓိကရဏ,တိပဒ ဗဟုဗ္ဗီဟိ စသောအားဖြင့် ၉ ပါးပြား၏၊ ဒွန်သည် ဣတရီတရ ယောဂ—သမာဟာရ အားဖြင့် ၂ ပါးပြား၏၊ အဗျယီဘောမှစ၍ "၂+၉+၂+၈+၉+၂" ပေါင်းလျှင် ၄×၈ လီ ဖြစ်၏၊ သမာသ်ပေါင်း ၃၂ ပါးပြားသည်—ဟူလို၊ ဤသမာသ် ၆ ပါး၏ လိင် အနေ အထားကို အခြေပြု သဒ္ဒါ၌ပင် ပြခဲ့ပြီ။

သမာသ် ဘာသာဋီကာ

ပြီးပြီ။

www.dhammaransi.com

# တဒ္ဓိတ် ဘာသာဋီကာ

(၃၆၀) အထ–သမာသကဏ္ဍ၏ အခြားမဲ့၌၊ ဝိဘတျန္တာ–ဝိဘတ် အဆုံးရှိသော၊ နာမတော ဝေ–နာမ်ပုဒ်မှ (နောက်၌)ပင်၊ အပစ္စာဒိ အတ္ထ ဝိသေသေ–အပစ္စ အစရှိသော အနက် အထူး၌၊ တဒ္ဓိတုပ္ပတ္တိ–တဒ္ဓိတ် ပစ္စည်း၏ ဖြစ်ခြင်းသည် (ဟောတိ)၊ဣတိ–ကြောင့်၊ နာမတော–နာမ်အခဏ်းမှ၊ ပရံ–၌၊ တဒ္ဓိတ ဝိဓာနံ–တဒ္ဓိတ် ပစ္စည်းကို စီရင်ရာ အခဏ်းကို၊ပဒိဿတေ–တွေ့မြင်အပ်၏၊ [မြန်မာမူ "အာရဗ္ဘိယတေ–အားထုတ်အပ်၏"] တတ္ထ–ထို "အထ နာမတော ဝေ" စသော ဝါကျ၌၊ တသ္မာ တိဝိဓလိင်္ဂတော–ထို ၃–ပါး အပြားရှိသော လိန်မှ၊ ပရံ–နောက်၌၊ ဟုတ္ဝာ–ဖြစ်၍၊ ဟိတာ သဟိတာ–တကူ ဖြစ်သော ပစ္စည်းတို့တည်း၊ ဣတိ ကြောင့်၊ တဒ္ဓိတာ–တဒ္ဓိတတို့ မည်၏၊ တေံ–၎င်း တဒ္ဓိတ အမည်သည်၊ ဏာဒိပစ္စယာနံ–ဏ အစရှိ

---

(၃၆၀) အထ၊ပေ၊တဒ္ဓိတဝိဓာနံ ပဒိဿတေ—"ဝသိဋ္ဌဿ+အပစ္စံ"၌ ဝသိဋ္ဌဿသည် ဝိဘတ် ဆုံးသော နာမ်ပုဒ်တည်း၊ ထို"ဝသိဋ္ဌဿ"ကဲ့သို့ ဝိဘတျန္တ နာမ်ပုဒ်၏ နောက်၌ အပစ္စ စသော အနက်အထူးဝယ် (ဝါဏာပစ္စေ-စသောသုတ်ဖြင့်) ဏ အစရှိသော တဒ္ဓိတ်ပစ္စည်းများ ဖြစ်ကြ–သက်ကြရသည်၊ ထိုသို့ နာမ်ပုဒ် နောက်၌ သက်ရသောပစ္စည်းများကိုစီရင်ရာအခဏ်းကိုလည်း နာမ်အခဏ်းနောက်၌ပြခြင်းသည် လူကြီးလူကောင်းစကားပြီသ၍ ဩစိတျဂုဏ် (လောက၌ သင့်တင့်သော အဆင် ပြေသောဂုဏ်) ရှိသောစကားဖြစ်၏၊ ထို့ကြောင့် နာမ်ပုဒ်နောင် သက်သော ပစ္စည်း များကို စီရင်ရာတဒ္ဓိတ်ခဏ်းကို နာမ်အခဏ်း၏ နောက်၌ ငါတို့ တွေ့မြင်အပ်ပေသည်။ [မြန်မာမူ၌"အာရဗ္ဘိယတေ"ဟု ရှိသော်လည်း"ပဒိဿတေ"ဟုရှိသောသီဟိုဠ်မူသာ သင့်မြတ်သကဲ့သို့ထင်၏၊ရှင်းပြအံ့–နာမ်အခဏ်း၏နောက်၌တဆက်ထည်းအားထုတ်၍ မဖြစ်, သမာသ်ခဏ်းခြား၍နေသေး၏၊ထို့ကြောင့် သမာသ်ခဏ်း အစ၌ "နာမာနန္တရံ သမာသော ဝုစ္စတိ"ဟု အနန္တရ သဒ္ဒါဖြင့် ပြသကဲ့သို့ ဤ၌ အနန္တရ သဒ္ဒါဖြင့် မပြဘဲ "နာမတော ပရံ"ဟု ဆိုထားသဖြင့် "နာမတော ပရံ တဒ္ဓိတဝိဓာနံ ပဒိဿတေ–နာမ်အခဏ်း၏နောက်မှာ တဒ္ဓိတ်ခဏ်းကို တွေ့မြင်အပ်၏"ဟု ရှိသော သီဟိုဠ်မူသာ သာ၍ သင့်မြတ်သကဲ့သို့ ထင်သည်။]

**တဿ တသ္မာ၊ပေ၊အဓိဝစနံ**—"တဿ တသ္မိံ အာဒိဝါကျေ"ဟု ဋီကာဖွင့်၏၊ အစဝါကျဟူသည် "အထနာမတော" စသော ရှေ့ဝါကျပင်တည်း၊ ထို ရှေ့ဝါကျ၌ ပါသော "တဒ္ဓိတ"၏ ဝစနတ္ထနှင့် သရုပ်အရကိုပြလို၍ "တဿ၊ပေ၊တဒ္ဓိတာ နာမ" ဟုမိန့်သည်၊ ထိုတွင် ပဉ္စမဝိဂ္ဂဟ်၌ တဒ္ဓိတကို "တ+ဟိတ"ဟုခွဲ၊ "တသ္မာ+ဟိတာ တဒ္ဓိတာ"ဟု ပဉ္စမီတပ္ပုရိသ် ဝိဂ္ဂဟ်ပြု၊ တသ္မာဖြင့် တိဝိဓ လိင်္ဂကိုစွဲ၊ (တသ္မာပုဒ်က, အပါဒါနီကိုငဲ့သော အပါဒါန်ပုဒ်ဖြစ်၍) ပရံ ဟုတွာကိုလည်း ထည့်၊ ဟိတာအရလည်း

www.dhammaransi.com



သော ပစ္စည်းတို့၏၊ အဓိဝစနံ - အမည်တည်း၊ ဝါ-တနည်း၊ တေသံနာမိ ကာနံ - ထိုနာမ်ပုဒ်တို့၏၊ ဟိတာ-စီးပွါးတို့သည်၊ ဥပကာရာ-ကျေးဇူးပြုတတ်သော ပစ္စည်းတို့သည်၊ တဒ္ဓိတာ-တို့ မည်၏၊ ဣတိ - သို့၊ အန္ဝတ္ထဘူတ ပရသမညာဝသေနာပိ - အန္ဝတ္ထ ဖြစ်၍ ဖြစ်သောပရသမညာ၏ အစွမ်းဖြင့်လည်း၊ ဏာဒိ ပစ္စယာ-ဏ အစရှိသော ပစ္စည်းကိုသည်ပင်၊ တဒ္ဓိတာနာမ-တို့မည်၏။

---

"အစီး အပွါး" ဟူသော အနက်ကို မယူရ, သဟိတ (ပေါင်းကွဖြစ်ခြင်း— ဆက်စပ်၍ ဖြစ်ခြင်း) အနက်ကို ယူပါ-ဟု ပြလို၍ "သဟိတာ" ဟု ဖွင့်သည်။ ["တ+ဟိတ" ဟု ပကတိ ပြုပြီးနောက် သုတ်ကြီးဖြင့် (သို့မဟုတ် "တဒ္ဓိတ သမာသ ကိတကာ နာမံဝါ တဝေတုနာ ဒိသုစ" သုတ်ဝယ် တဒ္ဓိတ ဟူသော ပုဒ်ကိုပင် နိပါတန သဘောလုပ်၍ ထို နိပါတနဖြင့်) ဟိ ကို ဓိ ပြု "ယ တ သဒ္ဒါ, ရှေးရှိရာဝယ်, နောက်မှာ ဒွေဘော်, လာသော်လည်းရှိ, မလာဘိမူ, ယ တ ၏ နောက်,ဓိန္ဒုရောက်" နှင့်အညီ တ-နောက်၌ နိဂ္ဂဟိတ်သုတ်ဖြင့် နိဂ္ဂဟိတ်လာ၊ မဒါသရေ၌ မဒါယောဂ ဝိဘာဂဖြင့် (ဒ်) ပြု။]

တသ္မာ တိဝိဓ လိင်္ဂေတာ။ ။"တတ္ထ သုဒ္ဓ သမာသ တဒ္ဓိတပစ္စယ နာမဝသေန (သုဒ္ဓနာမ်, သမာသ်နာမ်,တဒ္ဓိတ်ပစ္စည်းရှိသော နာမ်တို့၏ အပြားအားဖြင့်) "တိဝိဓံ နာမံ" ဟု နာမဘော ဝေ၌ နာမ် ၃ မျိုးကို ဋီကာ ခွဲပြ၏၊ နာမ်နှင့် လိင်လည်း သဘောတူ ဖြစ်ရကား ဤ "တိဝိဓလိင်္ဂ" အရလည်း ထို ၃ မျိုးပင် ရ၏၊ ["တိဝိဓလိင်္ဂ" ဟု ဆိုသဖြင့် ပုံ—နပုံ—ဣတ္ထိလိင်များကို မမှတ်မှားလင့်၊ ထို လိင်နောင်ကား ပစ္စည်းသက်၍ မဖြစ်၊ နောက်၌လည်း ပစ္စည်းသက်ရာလိင်ကို ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာဖြင့် ပြလိမ့်ဦးမည်။] ထိုဘွင် သမာသ် တဒ္ဓိတ်တို့နှင့် မရော၍ သက်သက် ဖြစ်သော ကိတ်နာမ်များလည်း သုဒ္ဓနာမ်အရ၌ ပါဝင်ကြသည်၊ "ပေါရိသံ" စသည်၌ "ပုရိသ" ဟူသော သုဒ္ဓလိင်နောင် တဒ္ဓိတ် ဏ ပစ္စည်းသက်၊ "ရာဇပုရိသတ္တံ" စသည်၌ "ရာဇပုရိသ" ဟူသော သမာသ် လိင်နောင် တဒ္ဓိတ် တ္တ ပစ္စည်းသက်၊ "ဒဏ္ဍိတ္တံ" စသည်၌ "ဒဏ္ဍီ" ဟူသော တဒ္ဓိတ် လိင်နောင်မှာပင် တဒ္ဓိတ် တ္တ ပစ္စည်း ထပ်၍သက်ပြန်သည်၊ ထို သုဒ္ဓနာမ် သမာသ်နာမ် တဒ္ဓိတ်နာမ် အားလုံးပင် ဆိုခဲ့ပြီးသော နာမ်အခဏ်း၌ ပါဝင်ခဲ့ရကား "တသ္မာ" ဖြင့် ဆိုခဲ့ပြီးသော နာမ်အားလုံးကို ပြန်၍ ညွှန်ပြသည်—ဟု ဆိုလိုသည်၊ ဤသို့လျှင် ထိုလိင် ၃ မျိုးမှ နောက်၌ ဆက်စပ် (သက်အုပ်) သောကြောင့် "တသ္မာ (ပရံဟုတွာ) ဟိတာ" အရ ဏ စသော ပစ္စည်းများကို "တဒ္ဓိတ" ဟု ခေါ်ရသည်။

[ဋီကာ] "တိဝိဓ လိင်္ဂတော" ကို ယေဘုယျနည်း (များသော) အားဖြင့်ဆိုသည်၊ "ဟေိပသိကော" စသည်၌ကား လိင် မဟုတ်သော "ဖဟိပသ" အာချာတ်ပုဒ် နောက်၌ပင် ဏိက ပစ္စည်း သက်သေး၏၊ ["တိဝိဓလိင်္ဂတော ယေဘုယျ ဝသေန ဝုတ္တံ၊ တဒ္ဓိတုပ္ပတ္တိယာန အလိင်္ဂ အာချာတတော ဟိပိ ဟေိပသိကောဘျာဒိသုပိ ဟောတိ ယေဝ"]။

တေသံ ဝါ၊ပေ၊တဒ္ဓိတာ နာမ——ဤနည်း၌ "တ+ဟိတ" ဟုပင် ခွဲ၊ "တေသံ+ ဟိတာ, တဒ္ဓိတာ" ဟု ဆဋ္ဌီ တပ္ပုရိသ် ပြု၊ တေသံအရ ဆိုခဲ့ပြီး နာမ်ပုဒ်စုကို ပြန်၍ခွဲပါဟု ပြလို၍ "နာမိကာနံ" ဟု ဖွင့်၊ ဟိတာအရ ဆိုခဲ့ပြီးသော သဟိတ အနက်ကို ယူမည်စိုး၍

www.dhammaransi.com



ဝသိဋ္ဌဿ=ဝသိဋ္ဌ၏ - အပစ္စံ - သားတည်း၊ ဣတိ - သို့၊ ဝိဂ္ဂဟော - သည်၊ (သတိ - သော်)၊ [“ဏံ ပစ္စယောဟောတိ”] ၌ စပ်၊] လိင်္ဂဥ္စ နိပစ္စတေ တိ ဣတော -ဤသုတ်မှ၊ လိင်္ဂဂဟဏံ-လိင်သဒ္ဒါသည်၊ အနုဝတ္တတေ။

---

“ဥပကာရာ”ဟု ဖွင့်သည်၊ ထိုနာမ်တို့အား ကျေးဇူးများသဖြင့် ထို နာမ်တို့၏+စီးပွား ဖြစ်သော ပစ္စည်းများကို“တဒ္ဓိတ”ခေါ်သည်—ဟူလို၊ ထင်ရှားစေအံ့—“ဝသိဋ္ဌဿ” ဟူသောနာမ်ပုဒ်သည် ဝသိဋ္ဌ မည်သူကိုသာဟောနိုင်၏၊တဒ္ဓိတ် ဏပစ္စည်းနှင့်တွဲရသော အခါ၌ကား “ဝသိဋ္ဌ၏သား”ဟူသော အနက်ကို ဟောနိုင်၏၊ ဤသို့လျှင် ဏ ပစ္စည်း အတွက်ကြောင့် ဝသိဋ္ဌပုဒ်မှာ အနက်တည်း ဟူသော စီးပွါး တိုးတက် လာသည်၊ အနက်က စီးပွားဖြစ်လျှင် ဏ ပစ္စည်း စသော သဒ္ဒါလည်း စီးပွားပင်တည်း၊ ထို့ကြောင့် ဏ စသော ပစ္စည်းများကို“တေသံ+ဟိတာ”အရ တဒ္ဓိတ ဟု ခေါ်ရပြန်သည်။

**အနွတ္ထဘူတပရသမညာဝသေနာပိ**—အပိသဒ္ဒါဖြင့် ရှေ့ဝိကပ်၌ပြခဲ့သော သက သမညာကို ပေါင်းသည်၊ ဤနောက်နည်းအရ တဒ္ဓိတအမည်သည် သက္ကတသဒ္ဒါကျမ်း တို့၌ပင် လာရင်းစွဲဖြစ်သောအမည်ဖြစ်၍ ပရသမညာ (တပါးသော သက္ကတကျမ်းတို့၏ နာမည်)တည်း၊ ထို ပရသမညာလည်း ဃ—ပ—ဈ—လ တို့ကဲ့သို့ ရုဠှီသညာ မဟုတ်၊ (“တေသံ ညျာဒျန္တပဒါနံ ဟိတော တဒ္ဓိတော”ဟု သိဒ္ဓန္တ စန္ဒြိကာ ဋီကာ စသည်၌ ဖွင့်ပြထားသည့်အတိုင်း) ဝိဂ္ဂြိုဟ်နက်နှင့် လိုက်ရောသော နာမည်ဖြစ်သည်ဟု ပြလို၍ “အနွတ္ထဘူတ ပရသမညာဝသေန”ဟု မိန့်သည်။

## အပစ္စတဒ္ဓိတ်

**ဝသိဋ္ဌဿအပစ္စန္တိ၊ပေ၊ဏပစ္စယော**— “ဝသိဋ္ဌဿ+အပစ္စံ”ဟု ဝိဂ္ဂြိုဟ်ပြုသည် ရှိသော်“ဝသိဋ္ဌဿ အပစ္စံ”ဟူသော အနက်၌ ဏပစ္စည်းသက်ရသည်-ဟူလို၊ဤဝိဂ္ဂြိုဟ်ကို ထောက်၍ ရုပ်တွက်ရာ၌“ဝသိဋ္ဌ+အပစ္စ”တည်, သ+သိ ဝိဘတ်သက်, သိကို အံ ပြု၍ “ဝသိဋ္ဌဿ+အပစ္စံ”ဟု တဒ္ဓိတ်ဝါကျပြီး၏—ဟုဆို၍ ရုပ်တွက်ကြ၏၊ ထိုရုပ်တွက်ပုံသည် “သမတ္ထာနံ ပဌမာ ဝါ၊ သမတ္ထာနံ—စပ်ခြင်းရှိသော (တဿ+အပစ္စံ) ၂ ပုဒ်တို့တွင်၊ ပဌမာ—ပဌမဖြစ်သော ဆဋ္ဌီယန္တပုဒ်မှ နောက်၌၊ ဝါ, ပစ္စယော—ဝိကပ် ပစ္စည်း သက်” ဟူသော ပါဏိနိ ပရိဘာသာသုတ်နှင့် ညီ၏၊ ဤ၌ “ပဌမပုဒ်မှနောက်၌သက်—ဒုတိယ အပစ္စံနောက်၌မသက်နှင့်”ဟုဆိုသဖြင့် ရုပ်တွက်ရာဝယ် ၂-ပုဒ်တွဲ၍ တည်ထားကြောင်း ထင်ရှားသည်၊ပဒ္မကာ ပဒီပ အလိုအားဖြင့်ကား“အပစ္စံ”သဒ္ဒါကိုရုပ်တွက်ရာ၌မရေးဘဲ “ဝသိဋ္ဌဿ”ဟုသာတည်၍“ဝသိဋ္ဌဿ+အပစ္စံ”အနက်၌ဏပစ္စည်းသက်—ဟု အပစ္စံ သဒ္ဒါကို နှုတ်ဖြင့်သာ ထည့်၍ဆိုရမည်”ဟု မောဂ္ဂလ္လာန် နိဿယသစ်၌ မှာထားလျက် ရှိသည်။ [“ဝါဏော ပစ္စေ”ဟု မဆိုဘဲ “ဝါဏပစ္စေ”ဟု ဆိုရပုံကို ကစ္စည်း ဋီကာမှာရှု။]

www.dhammaransi.com



ဝါဏာပစ္စေ။ ။တဿ - ထိုသူ၏၊ အပစ္စံ - သားတည်း၊ ဣစ္စေတသ္မိံ အတ္ထေ - ဤအနက်၌၊ ဆဋ္ဌိယန္တတော - ဆဋ္ဌီဝိဘတ်အဆုံးရှိသော၊ လိင်္ဂမှာ - လိန်မှ နောက်၌၊ ဝိကပ္ပေန ဏာပစ္စယော ဟောတိ၊ သော စ - ထို ဏာပစ္စည်း သည်လည်း၊ [“ပရော ဟောတိ”၌ စပ်]။

(၃၆၁) ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ။ ။ဓာတူဟိ- ဓာတ်တို့မှရင်း၊ လိင်္ဂေဟိ စ - လိန်တို့မှရင်း၊ ပစ္စယာ - ပစ္စည်း ဝိဘတ်တို့သည်၊ ပရာ၀- နောက် ဖြစ်ကုန်၍သာ - ဟောန္တိ - သက်ကုန်၏၊ ဣတိ ပရိဘာသတော- ဤသို့ ပရိဘာသာလာခြင်းကြောင့်၊ ဆဋ္ဌိယန္တာယေဝ - ဆဋ္ဌီဝိဘတ် အဆုံး ရှိသည်သာလျှင် ဖြစ်သော၊ အပစ္စတ္ထ သမ္ဗန္ဓိလိင်္ဂတော - အပစ္စ အနက်၏

---

ဆဋ္ဌိယန္တတော၊ ပေ၊ အတ္ထေ—သုတ်၌ “ဝါဏာပစ္စေ”ဟု သာ ရှိသော်လည်း “အပစ္စံ—သား”ဟူရာ၌ “မည်သူ၏ + သားနည်း”ဟု ရှေ့သမ္ဗန္ဓီကို မေးဘွယ်ရှိ၏၊ ထို့ကြောင့် “တဿ+အပစ္စံ မိစ္စေတသ္မိံ အတ္ထေ”၌ “တဿ”ဟု ရှေ့သမ္ဗန္ဓီကို ထည့်ရသည်၊ ထိုသို့ တဿ ဟု ထည့်နိုင်လျှင် တဿ ကဲ့သို့ (“ဝသိဋ္ဌဿ”စသော) ဆဋ္ဌိယန္တ လိန်နောင် ဏာပစ္စည်း သက်ကြောင်း ထင်ရှားရကား “ဆဋ္ဌိယန္တတော”ဟု အနက်ရသင့်၍ ထည့်ရပြန်သည်၊ “ဆဋ္ဌိယန္တတော – တဿ”တို့သည် ရသင့်၍ ထည့်ရသော ပက္ခိပန ဝုတ္တိများဖြစ်သည်—ဟူလို၊ ကျန်ပုဒ်များကား သုတ္တဝုတ္တိနှင့် အနုဝတ္တနဝုတ္တိ များတည်း။

သော စ၊ ပေ၊ (၃၆၁) ပရော ဟောတိ—ဝါဏာပစ္စေ သုတ်၌ ဆဋ္ဌိယန္တတော လိင်္ဂမှာ”ဟုသာ ဆိုခဲ့သောကြောင့် “ဝသိဋ္ဌဿ”ဟူသော ဆဋ္ဌိယန္တလိန်မှ ရှေ့၌ သက်ရမည်—နောက်၌ သက်ရမည်ဟု မသိသာသေးရကား “ဓာတုလိင်္ဂေဟိ ပရာ- ပစ္စယာ”ဟူသော ဤသုတ်က “လိန်မှနောက်၌သက်”ဟု ပရိဘာသာပြုပြန်သည်။ [“ဟောတိဝါ”ဟု မြန်မာမှု၌ ဝါရှိသည်ကား အပိုတည်း၊ ဘာ့ကြောင့်နည်း— ဓာတုလိင်္ဂေဟိသုတ်သည် ပစ္စည်းသက်သောသုတ် မဟုတ်, ပရိဘာသာ ပြုသော သုတ်တည်း၊ပရိဘာသာ ပြုရာ၌“ဝိကပ်”ဟု ဆိုဘွယ် မရှိသောကြောင့်ရင်း, ဏာပစ္စည်း၏ ဝိကပ် သက်ကြောင်းကိုလည်း ဝါဏာပစ္စေ သုတ်ဖြင့်ပြခဲ့ပြီးဖြစ်သောကြောင့်ရင်းတည်း။]

ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ—ဓာတုအရ ဘူစသော ပကတိ ဓာတ်နှင့် ခ,ဆ,သ စသော ပစ္စည်းဆုံးသော ဓာတုပစ္စယန္တ သဒ္ဒါများကိုယူ၊ တိတိက္ခ စသော ဓာတုပစ္စယန္တ သဒ္ဒါများနောင် အန္တ စသော ပစ္စည်းများ သက်၍ “တိတိက္ခန္တော”စသည် ဖြစ်ရာ၌ ဤသုတ်ဖြင့် ပရိဘာသာ ပြုရသည်၊ လိင်္ဂအရ၌ကား သုဒ္ဓနာမ် ဥပသာရနိပါတ်နှင့် နာမ်ငဲ့ ရသော သမာသ်, တဒ္ဓိတ်, ကိတ်ပစ္စည်း, ကိစ္စပစ္စည်း, ဣတ္ထိပစ္စည်းဆုံးသော သဒ္ဒါစုကိုယူ၊ ပရာ ပစ္စယာတွင် ပစ္စယာ အရ၌ကား ပစ္စည်း အမျိုးမျိုးနှင့်နာမ်ဝိဘတ်အာချာတ်ဝိဘတ် တို့လည်း ပါဝင်ကြသည်၊ ဘာ့ကြောင့်နည်း လိန်ဓာတ်တို့နောင် သက်ရခြင်း ဟူသော

www.dhammaransi.com



သမ္ဗန္ဓိဖြစ်သော လိန်မှ၊ပရော-နောက်ဖြစ်၍၊ ဟောတိ-သက်၏။[''ဝါ''ပါလျှင် အပို၊] တေသွာ-ဤဏစသည်မှ၊ ပဋိစ္စ-စွဲ၍၊ (အတ္တော-အပစ္စ အစရှိသော အနက် အထူးသည်၊) တေိ-ဖြစ်လာတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပစ္စယော- ပစ္စည်း မည်၏၊ ဝါ-တနည်း၊ အနေန-ဤ ဏ စသည်ဖြင့်၊ အတ္ထာ-အပစ္စ စသော အနက်အထူးတို့ကို၊ ပတီယန္တိ - သိအပ်ကုန်၏၊ ဣတိ, ပစ္စယော၊ ဝုတ္တတ္ထာန မပ္ပယောဂေါတိ - ဟူသော ပရိဘာသာဖြင့်၊ အပစ္စသဒ္ဒဿ - ၏၊ အပ္ပယောဂေါ-မယှဉ်ရခြင်းသည် (ဟောတိ)၊ တေသံ ဝိဘတ္တိယော လောပါ စေတိ-သုတ်ဖြင့်၊ ဝိဘတ္တိလောပေါ စ-ဝိဘတ်ကျေခြင်းသည်လည်း၊ (ဟောတိ)။

(၃၆၂) **တေသံ ဏော လောပံ။** ။ဏာနုဗန္ဓာနံ-ဏ် အနုဗန်ရှိကုန်သော၊ တေသံ တဒ္ဓိတ ပစ္စယာနံ - ထို တဒ္ဓိတ် ပစ္စည်းတို့၏၊ ဏကာရော - ဏ အက္ခရာ သည်၊ လောပံ အာပဇ္ဇတေ။

---

ကြောင့်တည်း၊ ထို့ကြောင့် ပစ္စယအရ ဝိဘတ်နှင့် ပစ္စည်းအားလုံးကိုယူ၊ [''ပရာ ပစ္စယာတိ ဧတ္ထ—သျာဒိ တျာဒိ ဝိဘတ္တိဘူတာ တဒ္ဓိတ ကိတ ကိစ္စ ဇုတ္တိပစ္စယ ခါတု ပစ္စယ ကာရာဒိ (အက္ခရေဟိ ကာရ—သုတ်ဖြင့် သက်သော ကာရ စသော) ပစ္စယ ဘေဒါ စ သဗ္ဗေပိ ပစ္စယာ ဂဟိတာတိ ဝေဒိတဗ္ဗာ''—ဋီကာ။]

**အပစ္စ သမ္ဗန္ဓိ လိင်္ဂတော ဆဋ္ဌီယန္တာ ယေဝ**—''ဝသိဋ္ဌဿ+အပစ္စံ''၌ ဝသိဋ္ဌနှင့် အပစ္စ၏ ''ဇနက+ဇညာ (ဖြစ်စေတတ်သော အဘ+ဖြစ်စေအပ်သော သား)'' အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန် မည်၏၊ ထို သမ္ဗန်ရှိသော ဝသိဋ္ဌ+အပစ္စတို့ကား သမ္ဗန္ဓီ ချည်းတည်း၊ဝသိဋ္ဌသည် အပစ္စ၏ သမ္ဗန္ဓီ,အပစ္စလည်း ဝသိဋ္ဌ၏ သမ္ဗန္ဓီတည်း၊ ထို့ကြောင့် ''ဝသိဋ္ဌဿ''ဟူသော ဆဋ္ဌီယန္တပုဒ်ကို အပစ္စသမ္ဗန္ဓိလိင်္ဂ (အပစ္စနှင့် စပ်ခြင်းရှိသော လိန်)ဟု ဆိုသည်။

**ပဋိစ္စ၊ ဧပ၊ ပစ္စယော**— ဤစကားကား ''ပရာ ပစ္စယာ''ဟု သုတ်၌ ပါသော ပစ္စယ၏ ဝိဂ္ဂြိုဟ်တည်း၊ ထိုတွင် ပဌမနည်း၌ ''ပတိ+အယ''ဟု ပုဒ်ခွဲ၍ ပတိသဒ္ဒါသည် ပတိစ္စ အနက်ဟော, အယသဒ္ဒါကား ဣဓာတ် (သွားမဟုတ် ဓောတ်)အ ပစ္စည်းတည်း၊ ''ပတိစ္စ ဧတသ္မာ ဧတိ''ဟု ဝိဂ္ဂြိုဟ်ပြု၊ဤဝိဂ္ဂြိုဟ်အရ အနက်ထူး၏စွဲမှီ၍ ဖြစ်ခဲ့ရာ (ပေါ်လာခဲ့ရာ) ဖြစ်သောကြောင့် ဏ စသည်ကို ''ပစ္စယ''ဟု ခေါ်သည်၊ ဒုတိယနည်း၌ ပတိပုဗ္ဗ ဣဓာတ် အ ပစ္စည်းပင်၊ ''ဣ-ဂတိမှိ,ယေဂတျတ္ထာ တေ ဗုဒ္ဓျတ္ထာ''နှင့်အညီ ဣဓာတ်သည် ဂတိအနက် ရှိ၏၊ ဂတိအနက် ရှိလျှင် ဗုဒ္ဓိ (သိခြင်း) အနက်လည်း ရှိ၏၊ ထို့ကြောင့် ''ပတီယန္တိ ဉာယန္တိ''ဟု ဋီကာဖွင့်သည်၊ ဏ စသည်ကိုမြင်လျှင် အပစ္စစသော အနက် ထူးကို သိရသောကြောင့် ''ပတီယန္တိ အနေန''ဟူသော ဝိဂ္ဂြိုဟ်အရ အနက်ထူးကို သိရကြောင်းဖြစ်၍ ဏ စသည်ကို ''ပစ္စယ''ဟု ခေါ်ရသည်။

www.dhammaransi.com



(၃၆၃) ဝုဒ္ဓါဒိ၊ပေ၊သဏ္ဍောစ။ ။ပရေ-သော၊ သဏကာရပစ္စယေ-ဏ အက္ခရာရှိသောပစ္စည်းကြောင့်၊ အသံယောဂန္တဿ-သံယုဂ် အဆုံး မရှိသော-အာဒိသရဿ ဝါ-အစ သရ၏ရင်း၊ အာဒိ ဗျဉ္ဇနဿ ဝါ-အစ ဗျည်း၏ဥစ္စာ ဖြစ်သော သရ၏ရင်း၊ ဝုဒ္ဓိ-ဝုဒ္ဓိအပြုသည်၊ ဟောတိ၊ အဿ-ထိုသရ၏၊ သံယောဂေ ါ-သံယုဂ် ဟူသော၊ အန္တော-အဆုံးသည် (အတ္ထိ)၊ ဠတိ, သံယောဂန္တော-မည်၏၊ တဒဉ္ဉော-ထို သံယောဂန္တမှ တပါးသော သရသည်၊ အသံယောဂန္တော-မည်၏။

---

ဝုဆ္ဆဆ္ဆာန၊ပေ၊လောပမာပဏ္ဍတေ—"ဝသိဋ္ဌဿ+ဏ+အပစ္စံ" ဟု ဖြစ်ရာ၌ ဝုဆ္ဆဆ္ဆာန မပ္ပယောဂေ ါဟူသော ပရိဘာသာဖြင့် အပစ္စပုဒ်ကိုချေ၊ တေသံဝိဘတ္တိယော လောပါစဖြင့် သ နှင့် သိ၏ ကာရိယ အံကို ချေ၊ (သ အာဂုံမှာ သဝိဘတ် ချေရာ၌ အလိုလို ပါသွား၏၊) တေသံ ဏော လောပံဖြင့် (ဏ်) အနုဗန်ကိုချေ၊ "ဝသိဋ္ဌ+အ"ဟု ကျန်သည်။ [ဤ၌"ဝသိဋ္ဌ"ဟု ပကတိပြုဘို့ရန် မပါသော်လည်း ပကတိစဿ သရန္တဿ သုတ်၌ တဒ္ဓိတ်ပစ္စည်းနှင့် စပ်သော လိန်များကိုလည်း ပကတိပြုရမည်—ဟု ဆိုခဲ့သော ကြောင့်ရင်း ဇောယောကတ္တိကာဒီဟိသုတ်၏ ရုပ်များ၌ ပကတိ အစီအရင်ကို ပြသော ကြောင့်ရင်း "ဝသိဋ္ဌ"ဟု ပကတိပြု။]

(၃၆၃) အာဒိသရဿ၊ပေ၊ပရေ—သုတ်ကို ၂ နည်းခွဲ၍ ဝုတ္တိဖွင့်ထားသည်၊ ပဌမနည်းဝယ် အာဒိသရဿ ဝါ၌ ဝါသဒ္ဒါသည် အတ္ထန္တရ ဝိကပ္ပန (အနက် တမျိုးကို စီရင်ခြင်း) အနက်ရှိ၏၊ ထို ဝါ၏အတွက်"အာဒိဗျဉ္ဇနဿ ဝါ"ဟု အနက်တမျိုး ထွက် လာရသည်၊ ထိုတွင် အာဒိသရဿဖြင့် အစ၌ သရရှိသော "ဥဋ္ဌုမ္ဗိက"စသော ပြယုဂ် များကို ပြ၏၊ အာဒိဗျဉ္ဇနဿဖြင့် အစ၌ ဗျည်းရှိသော "ဝသိဋ္ဌ"စသော ပြယုဂ်များကို ပြ၏၊ဝုဒ္ဓိပြုရာ၌ ဗျည်းကို မပြု,ထို ဗျည်း၏ ဥစ္စာဖြစ်သော သရကို ပြုသောကြောင့်"အာဒိ ဗျဉ္ဇနဿ+အယံ,အာဒိဗျဉ္ဇ နော—အစဗျည်း၏ ဥစ္စာဖြစ်သော သရ"ဟု ဋီကာ ဝိဂြိုဟ် ပြသည်၊

သံယောဂေ ါ၊ပေ၊အသံယောဂန္တော—ဤကား သုတ်၌ပါသော အသံယောဂန္တဿ၏ဝိဂ္ဂဟတည်း၊ဤ၌"အန္တ"ဟုဆိုသော်လည်း လိန်၏အဆုံး("ဝသိဋ္ဌ,ဥဋ္ဌုမ္ဗ" ၃ လုံး ရှိရာဝယ် နောက်ဆုံး ဋ္ဌ—မ္ဗ တို့ကို) အန္တ ဟု မဆိုလို၊ ဝ ၏ နောက်၌ "သိ"—ဥ ၏ နောက်၌ "ဋ္ဌု"ကဲ့သို့ ဝုဒ္ဓိပြုရမည့် သရ၏အဆုံး (နောက်၌ ကပ်လျက်ရှိသော) အက္ခရာကိုသာ"အန္တ"ဟု ဆိုလိုသည်၊ ထို့ကြောင့် ကုမ္ဘကံ—အက္ခဒကာ ပြယုဂ်များ၌ "ကု—အ"တို့သည် မိမိနောက်၌ "မ္ဘ—က္ခ"သံယုဂ် ရှိသော သံယောဂန္တတို့တည်း။ [ဒွိန္နံ ဗျဉ္ဇနာနံ ဧကတြ သဏ္ဍိတိ သံယောဂေ ါ"ဟု ပရသမည သုတ်၌ ဆိုခဲ့ပြီ။ [ဝသိဋ္ဌ-ဥဋ္ဌုမ္ဗတို့၌ အစ သရ၏ နောက်၌ ကပ်လျက်ရှိသော"သိ—ဋ္ဌု"တို့ဝယ် သံယုဂ်မရှိသော ကြောင့် "ဝ—ဥ"တို့သည် အသံယောဂန္တများတည်း။

www.dhammaransi.com



အထဝါ - ကား၊ အယံဝါသဒ္ဒေါ ဝဝတ္ထိတဝိဘာဝသတ္တော၊ တဒါစ - ထိုအခါ၌ကား၊ ပရေ-သော၊ သဏကာရေ—ဏ အက္ခရာရှိသော၊ တဒ္ဓိတပစ္စယေ – တဒ္ဓိတ်ပစ္စည်းကြောင့်၊ ပကတိဘူတေ – ပကတိ ဖြစ်၍ ဖြစ်သော၊ လိင်ေ—၌၊ သရာနံ-သရတို့တွင်၊ အသံယောဂန္တဿ-သော၊ အာဒိသရဿ-အစ သရ၏၊ ဝုဒ္ဓိ ဟောတိ၊ ဣတိအတ္ထော၊ သည်၊ (ဟောတို့)။

ဝဝတ္ထိတ ဝိဘာဝသတော - ဝဝတ္ထိတ ဝိဘာဝသာ ဝါ သဒ္ဒါကြောင့်၊ ဝါသိဋ္ဌာဒီသု – ဝါသိဋ္ဌ အစရှိသော ပြယုဂ်တို့၌၊ အယံဝုဒ္ဓိ-ဤ ဝုဒ္ဓိသည်၊ နိစ္စာ-မြဲ၏၊ ဩဋ္ဌုမ္ပိကာဒီသု-တို့၌၊ အနိစ္စာ-မမြဲ၊ နီလ ပီတာဒေါ-နီလ ပီတ အစရှိသော ပြယုဂ်၌၊ န-မဖြစ်။ .... စ သဒ္ဒဂ္ဂဟဏံ – စ သဒ္ဒါသည်၊ အဝဓာရဏတ္ထံ - နိဝတ္တာပန အဝဓာရဏ အနက်ရှိ၏။

---

**အထဝါ၊ပေ၊ပရေတျတ္ထော**—ဤနည်း၌ အာဒိသရဿ ဝါ၌ ဝါသည် ဝဝတ္ထိတ ဝိဘာဝသာ အနက်ရှိ၏၊ ဤသို့ ဝါ၏ ဝဝတ္ထိတဝိဘာဝသာ အနက်ရှိရာအခါ၌“ဏအနုဗန် ရှိသော တဒ္ဓိတ်ပစ္စည်းကြောင့် ဝသိဋ္ဌ-ဉဋ္ဌုမ္ဗ ဟု ရုပ်တည်ထားရသော ပကတိလိန်ပုဒ်၏ အစ သရကို ဝုဒ္ဓိပြု”ဟု အနက်မှတ်၊ ဝသိဋ္ဌ၌“အ—ဣ—ဉ”ဟု သရ ၃ လုံးရှိရာ အစ (အ)သရသည် အာဒိသရတည်း၊ ဉဋ္ဌုမ္ဗ၌ “ဉ—ဉ—အ”ဟု သရ ၃ လုံးရှိရာ အစ ဉသည် အာဒိသရတည်း၊ ဤသို့ လိန်၏အစ သရကို “အာဒိသရ”ဟု ယူသောကြောင့် ရှေးနည်းကဲ့သို့ ဝါသဒ္ဒါက “အာဒိဗျဉ္ဇနဿ”ဟု အနက်တမျိုး မပြုရတော့ပြီ-ဟူလို။

**ဝါသိဋ္ဌာဒီသု၊ပေ၊ဝိဘာသတော**—ဤဂါထာကား ထိုဝါသဒ္ဒါ၏ နိစ္စ-အနိစ္စ-အသန္တ ဝိဓိ ၃ မျိုး ပိုင်းခြားပုံကို ပြသော ဂါထာတည်း၊ ဝါသိဋ္ဌော စသည်၌ နိစ္စဝိဓိ (ဤသုတ်ဖြင့် အမြဲ ဝုဒ္ဓိပြု)၊ဩဋ္ဌုမ္ပိကော စသည်၌“ဉဋ္ဌုမ္ပိကော”ဟုလည်း ရှိသေးသော ကြောင့် အနိစ္စဝိဓိ၊ နီလံ+ပီတံ ပြယုဂ်များ၌ “ဏရာဂါ တသောဒ” စသော သုတ်ဖြင့် ဏပစ္စည်း သက်ပါလျက် “နေလံ,ပေတံ”ဟု ဝုဒ္ဓိအစီအရင်မရှိ၍ အသန္တဝိဓိတည်း။

**စသဒ္ဒဂ္ဂဟဏမဝဓာရဏတ္ထံ**—ဤကား ပဌမနည်းအရ စသဒ္ဒါ၏အနက်ကိုပြသော စကားတည်း၊ ထင်ရှားစေအံ့—ဒုတိယနည်းအလို“ဉဋ္ဌုမ္ပိက-နီလ”ပုဒ်တို့၌ ဝုဒ္ဓိ မပြုရဟု ဝါသဒ္ဒါက ပိုင်းခြားထားလျှင် ရှိပါစေတော့၊ ပဌမနည်းအလို ထိုပုဒ်တို့၌ အဘယ်နည်းဖြင့် ဝုဒ္ဓိ မပြုဘဲ ရှိရသနည်း—ဟု မေးဘွယ်ရှိသောကြောင့် “စသဒ္ဒ၊ပေ၊တ္ထံ”ဟု မိန့်သည်၊ ပဌမနည်းအလို စသဒ္ဒါသည် နိဝတ္တာပန အဝဓာရဏ အနက်ရှိရကား ထိုစသဒ္ဒါက ဉဋ္ဌုမ္ပိက နီလစသည်တို့၌ ဝုဒ္ဓိအပြုကို နစ်စေသောကြောင့် ဝုဒ္ဓိမပြုဘဲ ပြီးရသည်—ဟူလို၊ [“ဝါသဒ္ဒဿ ပကတိဝိကပ္ပပက္ခေ (အစ၌ဗျည်းရှိသော ပကတိကိုဝိကပ်ပြုသောပက္ခ၌, ပဌမနည်း၌ဟူလို၊) စသဒ္ဒဂ္ဂဟဏမဝဓာရဏတ္ထံ,ကတ္တစိ နိဝတ္တနတ္ထံတျတ္ထော”-ဋီကာ။]
ဤနည်းအလို“စ-အချို့အရာ၌ ဝုဒ္ဓိ မပြုသည်လည်း ရှိသေး၏”ဟု သုတ်နက်ဆို၊ ဒုတိယ နည်းအလိုအားဖြင့်ကား စ အတွက် အနက်သီးခြား မရှိ,ဝါစာသိလိဋ္ဌမျှသာ ဖြစ်သည်။

www.dhammaransi.com



(၃၆၄) တဿ ဝုဒ္ဓိယာ–ထိုဝုဒ္ဓိ၏၊ အနိယမပ္ပသင်္ဂေ–မည်သည့် ဝုဒ္ဓိဟု မသတ်မှတ်ခြင်းကြောင့် ကပ်ငြိလျှင်းပါးဘွယ်သည်၊ (သတိ–သော်)၊ နိယမတ္ထံ–သတ်မှတ်ခြင်း အကျိုးငှါ၊ ပရိဘာသံ–ပရိဘာသာသုတ်ကို၊ အာဟ–မိန့်ပြီ။

အ ယုဝဏ္ဏာနမာယော ဝုဒ္ဓိ။ ။တေသံ အကာရ ဣဝဏ္ဏုဝဏ္ဏာနမေဝ–ထို အ အက္ခရာ ဣဝဏ် ဥဝဏ်တို့၏ သာလျှင်၊ ယထာက္ကမံ, အာ ဧ ဩ ဣတိ–အာ ဧ ဩ ဟူကုန်သော၊ ဧတေ–ဤ သရတို့သည်၊ ဝုဒ္ဓိယော–ဝုဒ္ဓိတို့သည်၊ ဟောန္တိ၊ ၈ သဒ္ဒဂ္ဂဟဏံ–သည်၊ အဝုဒ္ဓိသမ္ပိဏ္ဍနတ္ထံ–ဝုဒ္ဓိမပြုခြင်းကို ပေါင်းခြင်း အနက် ရှိ၏၊ ဝါ, အဝဓာရဏတ္ထံ–နိဝတ္တာပန အဝဓာရဏ အနက် ရှိ၏၊ ဣစ–ဣလည်း၊ ဥစ–ဥလည်း၊ ယူ–ဣ ဥတို့၊ ယုဝေ–ဣ ဥ တို့သည်ပင်၊ ဝဏ္ဏာ–

---

တေသံ၊ပေ၊ဝုဒ္ဓိယော ဟောန္တိ— အယုဝဏ္ဏ (အ, ဣဝဏ္ဏ, ဥဝဏ္ဏ) ဟူသော ဝုဒ္ဓိပြုရာ ၃-ဌာနနှင့် အာယော (အာ, ဧ, ဩ) ဟူသော ဝုဒ္ဓိ ၃-ရပ်ကို "ယထာက္ကမံ" အရ အစဉ်အတိုင်းယှဉ်၍ အကို အာ, ဣဝဏ်ကို ဧ, ဥဝဏ်ကို ဩပြုပါ-ဟူလို၊ ဘာ့ကြောင့် ထိုကဲ့သို့ ပြုရသနည်းဟူမူ၊.... ဌာနာသန္န ဖြစ်သောကြောင့်တည်း ဟု မှတ်။ [ဌာနာသန္န ဖြစ်ပုံကို ကစ္စာသဝဏ္ဏနာ သုတ်၌ ပြခဲ့ပြီ။] ထိုဝုဒ္ဓိ သဒ္ဒါသည် "တိုးတက် ကြီးပွားခြင်း အနက်ကို ဟောရကား ဣမှ ဧ–ဥမှ ဩ ဖြစ်ခြင်းတို့ကိုလည်း "ဝုဒ္ဓိ" ခေါ်သင့်သည် မဟုတ်လော–ဟူအံ့၊ "ဝုဒ္ဓိ" ဟူသော နာမည်သည် အာ ဧ ဩ တို့၏ ပုဗ္ဗာစရိယ သညာ (ရှေးဆရာတို့ မှည့်အပ်သော နာမည်) ဖြစ်သောကြောင့် ဣ–ဥ တို့မှ ဧ ဩ ဖြစ်ခြင်းများကို ဝုဒ္ဓိ ဟု မခေါ်ရ, "ဒိဃ" သာ ခေါ်ရသည်။

စ သဒ္ဒဂ္ဂဟဏံ၊ပေ၊အဝဓာရဏတ္ထံ — ဝုဒ္ဓါဒိ သရဿ ဝါ သုတ်၌ ပဌမနည်းကို လိုက်၍ ဤသုတ်လာ စ သဒ္ဒါကို အဝုဒ္ဓိသမ္ပိဏ္ဍန အနက်ရှိ၏ ဟု ပဌမနည်း ဖွင့်သည်၊ "ဥဋ္ဌုမ္ဗိကော-နီလံ-ပီတံ" စသည်တို့၌ ဝုဒ္ဓိ မပြုဘို့ရန် စ သဒ္ဒါဖြင့် အဝုဒ္ဓိကို ပေါင်းဆည်း ပေးသည်-ဟူလို၊ ရှေ့သုတ်လာ စ သဒ္ဒါနှင့် သဘောတူပင်၊ ဤနည်းအလို "အယုဝဏ္ဏာနံ-တို့၏၊ အာယော–အာ ဧ ဩ ဟူသော၊ ဝုဒ္ဓိ–သည်၊ ဟောတိ–၏၊ စ–ဝုဒ္ဓိမဖြစ် သည်လည်း ရှိသေး၏" ဟု အနက်ပေး၊ ရှေ့သုတ်၌ ဒုတိယနည်းကို လိုက်၍ ဤသုတ်လာ စ သဒ္ဒါကို "အဝဓာရဏတ္ထံ" ဟု တနည်း ဖွင့်ပြန်သည်၊ ဤ၌ အဝဓာရဏတ္ထ ဟူသည် ပိမိဆိုင်ရာ "အယုဝဏ္ဏ" တို့မှ တပါးသော သရကို တားမြစ်ခြင်း အနက်တည်း၊ ချဲ့အံ့– ရှေ့သုတ်၌ ဒုတိယနည်းအရ ဥဋ္ဌုမ္ဗိက နီလ စသည်ဝယ် ဝုဒ္ဓိ မပြုရ ဟု အနိစ္စ အသန္တ ဝိဓိကို ပြခဲ့ပြီးဖြစ်၍ ဤသုတ်၌ စ သဒ္ဒါဖြင့် အဝုဒ္ဓိကို ပေါင်းဆည်းဘွယ် မလိုတော့ပြီ၊ ဤသုတ်၌ စ သဒ္ဒါကား အာ ဧ ဩ ဝုဒ္ဓိပြုလျှင် အယုဝဏ္ဏ (အ, ဣဝဏ်, ဥဝဏ်) တို့ကိုသာ ပြုပါ, အယုဝဏ္ဏမှ တပါးသော အာ–ဧ–ဩ တို့ကို ဝုဒ္ဓိ ထပ်၍ မပြုပါနှင့်–ဟု တားမြစ်သည်။

www.dhammaransi.com



ဝဏ္ဏာတို့တည်း၊ ယုဝဏ္ဏာ-ဣဥဝဏ္ဏာတို့၊ အ စ-အ လည်း၊ ယုဝဏ္ဏာစ-တို့လည်း၊ အယုဝဏ္ဏာ-အ, ဣဝဏ် ဥဝဏ်တို့၊ အာစ-အာလည်း၊ ဧ, ဩစ၊ အာယော-အာ ဧ ဩတို့၊ ပုန-တဘန်၊ ဝုဒ္ဓိဂ္ဂဟဏံ-ဝုဒ္ဓိသဒ္ဒါသည်၊ နေဂမ ဇာနပဒါ တျာဒိသု-"နေဂမ ဇာနပဒါ"အစရှိသောပြယုဂ်တို့၌၊ဥတ္တရ(ပဒ)ဝုဒ္ဓိဘာဝတ္ထံ-နောက်ပုဒ်၏ ဝုဒ္ဓိဖြစ်ခြင်း အကျိုးရှိ၏။

---

[ဋီကာ] အဝဓာရဏတ္ထံတိ-ယတော (အကြင် "အယုဝဏ္ဏာနံ"ပုဒ်မှ နောက်၌)၊ ဧဝ ကာရော-ဧဝ အနက်ရှိသော စ သဒ္ဒါသည်၊ အတ္ထိ-ရှိ၏၊ တတော-ထို အယုဝဏ္ဏမှ၊ အညတြနိဝါရဏံ (တပါးသော"အာ ဧ ဩ"တို့၌ တားမြစ်ခြင်းသည်) အဝဓာရဏံ၊ ဣဒံ ဝုဒ္ဓါဒိသရဿဝါတိဧတ္ထ ဝါသဒ္ဒဿ ဒုတိယ ဗျာချာနံ (ဒုတိယအဖွင့်ကို) သန္ဓာယ ဝုတ္တံ၊ ပုရိမဗျာချာနေ ဝုဒ္ဓိယော နဟောန္တီတိ ဝုဒ္ဓိယာ အဘာဝ သမ္ဘိဏ္ဏနတ္ထံ။ [ဝုဒ္ဓိယာ အဘာဝ သမ္ဘိဏ္ဏနတ္ထနှင့် အဝုဒ္ဓိသမ္ဘိဏ္ဏနတ္ထသည် သဘောတူပင်။]

ဣုစ ဥစ၊ပေ၊အာယော — "အယုဝဏ္ဏာနံ, အာယော"တို့၏ ဝိဂ္ဂဟတည်း၊ "ယု"ကို "ဣုစ ဥစ"ဟု ခွဲနှ ဝစနတ် ပြု၍ "ဣုဥ"ဟု ပကတိဖြစ်သောအခါ "ဣုဝဏ္ဏော ယံနဝါ"သုတ်ဖြင့် ဣုကို ယပြု,ဣုတနေ့ ဘရယောဂဒွန်ဖြစ်၍ ဗဟုဝုစ်ယောသက်"ဘိက္ခူ" ကဲ့သို့ "ယူ"ဟု ဖြစ်၏၊ ယူနောင် ဝဏ္ဏသဒ္ဒါသည် ဒွန်ပုဒ်နောင် ထိုင်သောကြောင့် ("ဒွန်၏နောက်၌,ရှိသောပိုဒ်,ယှဉ်လိုက်ပုဒ်တိုင်းသာ"နှင့်အညီ) "ဣုဝဏ္ဏ-ဥဝဏ္ဏ" ဟု ပုဒ်တိုင်း လိုက်၍ စပ်၊ အာယောကိုလည်း "အာစ+ဧစ+ဩစ" ဟု ခွဲနှတ်၍ "အာ ဧ ဩ"ဟု ပကာတိဖြစ်သောအခါ "ယမေ ဒန္တဿာ ဒေသော"သုတ်၌ (အန္တ မဟုတ်၍ သုတ်ရင်းဖြင့် မပြုဘဲ) "ယဒမေ"ဟူသော ယောဂဝိဘာဂဖြင့် ဧ ကို ယပြု၍ "အာယော"ဟု ဖြစ်၏၊ နာခံငဲ့ ယောသက်၍ သမ္ဗာသမာဝုသောသုတ်ဖြင့် ချေ။

ပုန ဝုဒ္ဓိ၊ပေ၊ဝုဒ္ဓိ ဘာဝတ္ထံ—ဝုဒ္ဓါဒိ သရဿဝါသုတ်မှ ဝုဒ္ဓိသဒ္ဒါ အလိုက်ခံလျှင် ပြီးနိုင်လျက် ဤသုတ်၌ ဝုဒ္ဓိသဒ္ဒါကို ထပ်ဆိုရခြင်းသည် သဒ္ဒါပိုလွန်၏၊ ထိုသဒ္ဒါလွန်ဖြင့် "နေဂမဇာနပဒါ"စသောပြယုဂ်တို့ဝယ် နောက်ပုဒ်ကိုလည်း ဝုဒ္ဓိပြုရခြင်းတည်းဟူသော အနက်ပိုကို ပြရခြင်းအကျိုးရှိ၏၊ ချဲ့အံ့—"နိဂမာ စ ဇနပဒါ စ နိဂမဇနပဒါ"ဟု ရှေးဦးစွာ ဒွန်တွဲ၊ နိဂမ ဇနပဒေသု-နိဂုံးဇနပုဒ်တို့၌၊ ဇာတာ—မွေးဖွားသူတို့သည်၊ နိဝါသိနော-အမြဲနေလေ့ရှိသူတို့သည်၊ နေဂမဇာနပဒါ—တို့မည်၏၊ ဤ၌ "နိဂမဇနပဒေသု"နောင် ဇာတအနက်၌ (တနည်း,နိဝါသီအနက်၌) ဏ ပစ္စည်းသက်၍ ဇာတ စသည် ချေ၊ ဝုဒ္ဓါဒိ သရဿ ဝါ သုတ်ဖြင့် နိ၌ ဧဝုဒ္ဓိပြု,ဇ၌ အာဝုဒ္ဓိကိုကား တေသုဝုဒ္ဓိသုတ်ဖြင့် ပြု၊ "နေဂမ ဇာနပဒ"ဟုဖြစ်၏၊ဤသို့လျှင် "ဇနပဒ"စသော နောက်ပုဒ်၌ ဝုဒ္ဓိပြုရခြင်းကို သိစေဘို့ရာ ဤသုတ်၌ ဝုဒ္ဓိသဒ္ဒါကို ထပ်၍ မိန့်ပြန်သည်၊ "အင်္ဂမဂဓေသု ဇာတာ အင်္ဂမာဂဓိကာ, ပုရိမဇနပဒေသု (ရှေ့ဇနပုဒ်တို့၌) ဇာတာ ပေါရိမဇာနပဒါ"စသည်တို့ကိုလည်း နေဂမ

www.dhammaransi.com



စ - ဆက်၊ ဧတ္ထ – ဤသုတ်၌၊ အယုဝဏ္ဏာနန္တိ – အယုဝဏ္ဏာနံ ဟူသော ဌာန နိယမ ဝစနံ – ဝုဒ္ဓိပြုရာ ဌာနကို သတ်မှတ်ကြောင်း စကား သည်၊ အာဘာယာနံပိ – အာ ဧ ဩ တို့၏လည်း၊ ဝုဒ္ဓိဘာဝပ္ပသင်္ဂ နိဝတ္တနတ္ထံ-ဝုဒ္ဓိဖြစ်ခြင်း၏ ကပ်ငြိဘွယ်ကို တားမြစ်ရခြင်း အကျိုးရှိ၏၊....ဟိ – မှန်၏၊ ဣဟ-ဤ ဝုဒ္ဓိပြုရာ၌၊ ကတဝုဒ္ဓီနံ – ပြုအပ်ပြီးသော ဝုဒ္ဓိအဖြစ်ရှိသော သရ တို့၏၊ ပုန – တဖန်၊ ဝါ - ထပ်၍၊ ဝုဒ္ဓိ - ဝုဒ္ဓိပြုခြင်းသည်၊ န ဟောတိ ယထာ-မဖြစ်တော့သကဲ့သို့၊ တထာ – တူ၊ သဘာဝဝုဒ္ဓီနံ-ပင်ကိုယ်သဘော အတိုင်း ဝုဒ္ဓိဖြစ်ပြီးကုန်သော၊ အယောနံ - အာ ဧ ဩတို့၏၊ ပုန-တဖန်၊ ဝုဒ္ဓိ-သည်၊ န-မဖြစ်။

တတော-ထိုသို့ သတ်မှတ်ခြင်းကြောင့်၊ အကာရဿ–၏၊ အာကာရော၊ အာ အက္ခရာ ဟူသော၊ ဝုဒ္ဓိ – ဝုဒ္ဓိသည်၊ (ဟောတိ)၊ သရလောပေါ၊ ပေ၊ ပကတိတိ – သုတ်ဖြင့်၊ သရလောပ ပကတိဘာဝါ – တို့သည် (ဟောန္တိ)၊

---

ဇာနပဒါဒီသု၌ အာဒိဖြင့် ယူ။ [“ဥတ္တရပဒဝုဒ္ဓိဘာဝုတ္တံ” ဟူရာ၌ ဤသုတ်ဖြင့် နောက်ပုဒ်ကို ဝုဒ္ဓိပြုရမည် ဟု မမှတ်သင့်၊ ဤသုတ်သည် ဝုဒ္ဓိပြုသောသုတ် မဟုတ်, ပရိဘာသာပြုသော သုတ်သာတည်း၊ ထို့ကြောင့် (ပုဒ္ဓိယံ တာဝ ကောဏ္ဍညော, အင်္ဂမာဂဓိတော” ဟု တေသုဝုဒ္ဓိသုတ်၏ ဋီကာဖွင့်သောကြောင့်) နောက်ပုဒ်ကို တေသုဝုဒ္ဓိ သုတ်ဖြင့်ပြု။]

**ဧတ္ထ စ အယုဝဏ္ဏာနန္တိ** ၊ ပေ ၊ ဝုဒ္ဓိန–ဤသုတ်၌ “အယုဝဏ္ဏာနံ”သည် ဝုဒ္ဓိပြုရာ ဌာနကို သတ်မှတ်ပြသောစကားတည်း၊ “အာ ဧ ဩ ဝုဒ္ဓိများကို ပြုရာဌာနသည် အ-ဣဝဏ်–ဥဝဏ်တည်း”ဟူလို၊ အ-ဣဝဏ်-ဥဝဏ်မှ တပါးသော အာ-ဧ-ဩတို့ကိုကား ဝုဒ္ဓိပြုရာဌာန မဟုတ်သောကြောင့် “အာ-ဧ-ဩဝုဒ္ဓိ ထပ်၍ ပြဦးမည်လော” ဟု တွေးတော လျဉ်းပါးဘွယ် မရှိ၊ ဤ“ဌာနနိယမ”စကားဖြင့် ထိုလျဉ်းပါးဘွယ်ကို တားမြစ်လိုက်ပြီ။

ယထာ ဟိ ကတဝုဒ္ဓီနံ”စသော ဂါထာကား ထို စကား၏ ဌာနနိယမ ဖြစ်ပုံကို ခိုင်လုံအောင်ပြသော ဒဋ္ဌိဝါကျတည်း၊ ဝသိဋ္ဌ၌ ဝါသိဋ္ဌဟု ဝုဒ္ဓိပြုပြီးနောက် ထပ်၍ ဝုဒ္ဓိ မပြုရတော့သကဲ့သို့ ထို့အတူ နဂိုရှိသဘော အတိုင်း ဝုဒ္ဓိဖြစ်နေသော “နာဝိကော”၌ အာသရ, “ဧဏေယျော-ဧဏီမည်သော သားကောင်၏ဥစ္စာ”၌ ဧသရ, “ဂေါတမော ဂေါတမ၏သား”၌ ဩသရများကို ဝုဒ္ဓိထပ်၍မပြုရ၊ ကျွံပြီးထမင်းကို ထပ်၍ ချက်ခြင်းဖြင့် အကျိုးမရှိသကဲ့သို့ ထပ်၍ ဝုဒ္ဓိပြုခြင်းဖြင့် အကျိုးမရှိတော့ပြီ–ဟူလို။ [ဤ“ဧတ္ထစ” စသောစကားလည်း အယုဝဏ္ဏာနံစ၌ စသဒ္ဒါ၏ အဝုဒ္ဓိသမ္ပိဏ္ဍန အနက်ကိုရည်ရွယ်သည် မဟုတ်, အဝဓာရဏအနက်ကိုသာ ရည်ရွယ်သည်၊ အဝုဒ္ဓိသမ္ပိဏ္ဍန အနက်ကိုရည်ရွယ်လျှင် ထို စ သဒ္ဒါက အာ ဧ ဩဘို့ကို ဝုဒ္ဓိ ထပ်၍မပြုရဟု တားမြစ်ပြီး ဖြစ်သောကြောင့် အယုဝဏ္ဏာနံဟူသော ဌာနနိယမ စကားဖြင့် တားမြစ်ဘွယ် မလိုတော့ချေ။]

www.dhammaransi.com



နယေ ပရိယုတ္တေတိ-သုတ်ဖြင့်၊ ပရနယန်-ကို၊ ကတွာ-၍၊ တဒ္ဓိတတ္တာ-တဒ္ဓိတ်၏ အဖြစ်ကြောင့်၊ တဒ္ဓိတ၊ ပေ၊ ဒိနာ-ဖြင့်၊ နာမဗျပဒေသေ ကတေ ပုရေဝိယ သျှာဒျူပ္ပတ္တိ၊ ဝါသိဋ္ဌော-ဝသိဋ္ဌ၏သား၊ ဝသိဋ္ဌဿ ပုတ္တော ဝါ-ဝသိဋ္ဌဿပုတ္တော ဟု ဝါကျလည်း ရှိ၏၊ ဝါသိဋ္ဌာ-ဝသိဋ္ဌ၏ သားတို့၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်စဉ်သည်၊ ပုရိသသဒ္ဒသမံ-ပုရိသ သဒ္ဒါနှင့်

---

တတော၊ ပေ၊ ပုရိသ သဒ္ဒသမံ—တတောဖြင့် "အယုဝဏ္ဏာနဉ္စာယောဝုဒ္ဓိ"ဟူသော ပရိဘာသာသုတ်၏ သင်္ကေတမှတ်ခြင်းကို ညွှန်ပြသည်၊ ထိုသုတ်က "အ ကိုအာဝုဒ္ဓိပြုရမည်" ဟုသတ်မှတ်ခြင်းကြောင့် ဝသိဋ္ဌ၌ ဝ၏ အကို အာဝုဒ္ဓိပြု-ဟူလို၊ ဤ၌ ဘဒ္ဓိတ် ဏ ပစ္စည်း ဆုံးနေသောကြောင့် ပစ္စည်းအနက် ဖြစ်သော ကရဏသတ္တိက (ကရိုဏ်းအနက်က) ဖုံးအုပ်နေရကား ဒြဗ်ကို ဟောနိုင်သော နာမ်မဟုတ်သေးချေ၊ ထို့ကြောင့် ဒြဗ်ဟော နာမ်ဖြစ်အောင် တဒ္ဓိတသမာသ စသော သုတ်ဖြင့် ဝါသိဋ္ဌ ဟူသော တဒ္ဓိတ် ပစ္စယန္တ သဒ္ဒါကို နာမ်ငဲ့၊ "ဘော ဝါသိဋ္ဌ, ဝါသိဋ္ဌာ-ဘောန္တော ဝါသိဋ္ဌာ၊ ဝါသိဋ္ဌံ-ဝါသိဋ္ဌေ" စသောရုပ်များလည်း ပုရိသ အတိုင်းဖြစ်၏။ [ဝါသိဋ္ဌော၏ နောက်၌ "ဝသိဋ္ဌဿ ပုတ္တော ဝါ"ဟု သီဟိုဠ်မူ၌ ဝါနှင့် ရှိ၏၊ နောက်သုတ်၌ "ဝစ္ဆာယနော—ဝစ္ဆာနော, ဝစ္ဆဿ ပုတ္တော ဝါ"ဟု ရှိသောကြောင့် ဝါသဒ္ဒါပါသော သီဟိုဠ်မူသာ ရှေ့နောက် ညီသည်၊ သုတ်၌ "ဝါဏပစ္စေ"ဟု ဝါသဒ္ဒါရှိသောကြောင့် "ဝါသိဋ္ဌော"ဟု တဒ္ဓိတ် အပြင် "ဝသိဋ္ဌဿ ပုတ္တော"ဟု ဝါကျလည်း ရှိနိုင်သည်-ဟူလို၊ ပါဠိသုံးအားဖြင့် "ဝါသေဋ္ဌ"ဟု ရှိရာ၌ ဧတေသုဝုဒ္ဓိသုတ်ဖြင့် သိ၌ ဣကို ဧပြု။]

**အပစ္စသဒ္ဒါ၏ အနက်။** ။န ပတန္တိ ပိတရော အနေနာတိ အပစ္စံ၊ ပစ္စ၌ ပတဓာတ် ဏျ ပစ္စည်း, ယဝတံသုတ်ဖြင့် တျ ကို စ ပြု, ဒွေဘာဝ်သာ၍ "ပစ္စ"ဟု ဖြစ်၏၊ "ဏျ တ္တ တ္တန, ဥ ပစ္စည်းမှာ, နပုံးသာ နှင့် အညီ သဒ္ဒ ထုံးစံအတိုင်း (သဒ္ဒလိန် လိုက်၍) နပုလ္လိန်ဖြင့် အပစ္စံ ဟု ရှိရသော်လည်း အနက်အရမှာမူ သားသမီးကိုသာ သက္ကတ သဒ္ဒါကျမ်းတို့၌ ယူကြ၏၊ အနေန-ဤသားသမီးဖြင့်၊ ပိတရော—မိဘတို့သည်၊ နပတန္တိ—မလဲ မကျကုန်၊ (သားထောက် သမီးခံ ရှိနေသောကြောင့် မိဘများမှာ ပစ္စည်း ဥစ္စာမဆုတ်ယုတ်နိုင်, အောက်ကျ နောက်ကျ မဖြစ်နိုင်ကုန်ဟူလို၊) ဣတိ,တံ-ထိုသားသမီး ဟူသော အစဉ် အဆက်သည်၊ အပစ္စံ—အပစ္စ မည်၏။ [အပစ္စံ—သားသမီး၊ တောကံ—သားသမီး၊ အမရကောသ, မနုဿဝဂ်, ၃၁ ဂါထာ။]

ဤသို့ သက္ကတသဒ္ဒါကျမ်းတို့၌ သားသမီးကိုသာ (တချို့ကျမ်း၌ သားစဉ်မြေးဆက်ကိုပါ) အပစ္စ၏ ဟောနက်ဟု ယူကြသော်လည်း မာဂဓသဒ္ဒါကျမ်းတို့၌ "အပစ္စံ—အမျိုး"ဟုလည်းဆိုသေး၏၊ "နပတန္တိ ပိတရော"ကိုလည်း "မိဘတို့ ငရဲ မကျကုန်"ဟု သက္ကတ၌ တနည်းဖွင့်ပြသေး၏၊ "သားသမီး မရသူတို့သည် လူမျိုးဖြတ်ပစ်ရာရောက်၍ အပြစ်ရှိသောကြောင့် သေလျှင် ပုမ မည်သောငရဲ၌ ကျရမည်၊ သားသမီး ရသူတို့ကား ငရဲ မကျနိုင်"ဟု သာသနာပ လူတချို့ အယူရှိကြသတတ်၊ ထို့ကြောင့် သားသမီးသည် မိဘတို့ ငရဲမကျကြောင်းဖြစ်၍ အပစ္စ မည်သော ဟူ၏။

www.dhammaransi.com



တူ၏၊ တဿ-ထို ဝသိဋ္ဌ၏၊ နတ္တု ပနတ္တာ ဒယောပိ–မြေး, မြစ် အစရှိသူတို့သည်လည်း၊ တဒုပစာရတော-ထို ဝသိဋ္ဌ အမည်ကို တင်စားခြင်းအားဖြင့်၊ ဝါသိဋ္ဌာယေ၀ – ဝါသိဋ္ဌ မည်ကုန်သည်ချည်းသာ၊ ဧဝံ – ဤအတူ၊ သဗ္ဗတ္ထ–အလုံးစုံသော၊ ဂေါတ္တ တဒ္ဓိတေ – ဂေါတ္တ တဒ္ဓိတ်၌၊ ပဌမပကတိယေ၀ (ပကတိယာ + ဧဝ ) – ပဌမ ပကတိလိန်မှ နောက်၌သာလျှင်၊ ပစ္စယော–ပစ္စည်းသည်၊ ဟောတိ–၏။

---

တဿနတ္တု၊ပေ၊ဝါသိဋ္ဌာ ယေ၀—[“နတ္တ ပနတ္တ”ဟု မရှိရ, နတ္တု ဟု သဒ္ဒါ ဒိဂိုဏ်း ဖြစ်သောကြောင့် “နတ္တု ပနတ္တာဒယော”ဟု သီဟိုဠ်မူအတိုင်း ရှိရမည်၊ နတ္တု– မြေး၊ ပနတ္တု–မြစ်၊ ထေရမနိမိ၌ “ဝိသေသအနက်၌ ဏ ပစ္စည်းသက်၍ အပွန် အစွမ်း သတ္တိရှိသော တိုအမျိုး၏ အစလည်း ဖြစ်သော ရသေ့တဦးကို “ဝသိဋ္ဌ = ဝသိဋ္ဌ” ခေါ်သည်”ဟု ဖွင့်၏၊ ထိုရသေ့လည်း နောင်ခါ မယားယူ၍ သားသမီးကို ဖြစ်စေသည်၊ ထို ဝသိဋ္ဌ၏ သားကို “ဝါသိဋ္ဌ”ဟု ခေါ်လျှင် ဝသိဋ္ဌ၏ မြေး, မြစ် တို့ကို ဘယ်သို့ ခေါ်မည်နည်း–ဟု မေးဘွယ်ရှိသောကြောင့် “တဿ၊ပေ၊တဒုပစာရတော ဝါသိဋ္ဌာ ယေ၀”ဟု မိန့်သည်၊ အကြောင်းမူလ အဘ၏ ဝသိဋ္ဌ အမည်ကို အကျိုး သား၌ တင်စား သော ကာရဏူပစာရအားဖြင့် သားကိုလည်း “ဝသိဋ္ဌ”ဟု ခေါ်နိုင်ပြန်၏၊ သို့ဖြစ်လျှင် ထို ဒုတိယ ဝသိဋ္ဌ၏သား (ပဌမ ဝသိဋ္ဌ၏မြေး) သည် “ဝသိဋ္ဌဿ+အပစ္စံ”ဟူသော ဝိဂ္ဂြိုဟ်အရ ဝါသိဋ္ဌ အမည် ရနိုင်ပြန်၏၊ ပဌမ ဝသိဋ္ဌ၏ မြစ်–ဒုတိယ ဝသိဋ္ဌ၏ မြေးကို ဆိုလိုပြန်လျှင်လည်း ဤနည်းအတိုင်း ပဌမဝသိဋ္ဌ၏မြေးကို“ဝသိဋ္ဌ”ဟု ဥပစာတင်စား၍ (ဤဒုတိယဘင်စားရာ၌ အဆက်ဆက် တင်စားအပ်သော ပရမ္ပရ ကာရဏူပစာတည်း) “ဝသိဋ္ဌဿ +အပစ္စံ”အရ မြစ်ဖြစ်သူလည်း ဝါသိဋ္ဌပင်မည်၏၊ ဤနည်းအတိုင်းဆက်ကာ ဆက်ကာ“ဝသိဋ္ဌ”နာမည် တင်စားလျှင် နောက်နောက် ဝသိဋ္ဌ အနွယ်ဝင် အားလုံးပင် ဝါသိဋ္ဌချည်း အမည်ရကြသည်။

[ဋီကာ] တဒုပစာရတောတိ–ဝသိဋ္ဌော ပစာရဘော၊ ပုတ္တာနံပိ ပိတု ဂေါတ္တော ပဗာရော (အဘနာမည်ကို တင်စားခြင်းသည်) လောကေ သိဒ္ဓေါ၊ပေ၊ဧဝံ ဝါသိဋ္ဌ ပုတ္တာဒယောပိ ဝသိဋ္ဌဿ+ပုတ္တာ, ဝါသိဋ္ဌာ ဣစ္စေဝ ဝုစ္စန္တိ။

ဧဝံ သဗ္ဗတ္ထ ဂေါတ္တတဒ္ဓိတေ၊ပေ၊ဟောတိ—[အနွယ် အဆက်ကို ဟောသော အပစ္စတဒ္ဓိတ်ကိုပင် “ဂေါတ္တ တဒ္ဓိတ်”ဟု ခေါ်သည်၊ ပဌမ ပကတိ-ဟူသည် အရင်းမူလ အစဖြစ်သူကို ဟောသော “ဝသိဋ္ဌ”ကဲ့သို့သော ပကတိလိန်တည်း။] အလုံးစုံသော ဂေါတ္တတဒ္ဓိတ်၌ မြေး-မြစ် စသည်ကို ဟောလိုသော်,ဤဆိုခဲ့ပြီးသော (ဝသိဋ္ဌနာမည်ကို သား-မြေး စသည် အပေါ်၌ တင်စားသော) နည်းဖြင့် ဝသိဋ္ဌကဲ့သို့သော အရင်းမူလ ပကတိလိန်၏ နောက်၌သာ ပစ္စည်း သက်ရမည်၊ ဥပမာ—သားကို ဟောလိုလျှင် ဝသိဋ္ဌနောင် ဏပစ္စည်းသက်၍ ဝါသိဋ္ဌ, မြေးကို ဟောလိုလျှင် ဝါသိဋ္ဌဟူသော ဒုတိယ ပကတိနောင် ဏာယနစသည် သက်၍ “ဝါသိဋ္ဌာယန”စသည် မဖြစ်စေရ၊ မြေး-မြစ်

www.dhammaransi.com



ဣတ္ထိယံ-ဣတ္ထိလိင်၌၊ ဏ ပစ္စယန္တတ္တာ-ဏ ပစ္စည်း အဆုံးရှိသည်၏ အဖြစ် ကြောင့်၊ ဏာဝ ဏိက ဏေယျ ဏန္တုဟီတိ-သုတ်ဖြင့်၊ ဝါသိဋ္ဌ သဒ္ဒတော - နောက်၌၊ ဤပစ္စယော-သက်၊ သရလောပါဒိံ-ရှေ့သရချေခြင်း အစရှိသည်ကို၊ ကတွာ-၍၊ ဣတ္ထိပစ္စယန္တတ္တာ - ဣတ္ထိပစ္စည်း အဆုံးရှိသည်၏ အဖြစ်ကြောင့်၊ တဒ္ဓိတသမာသ ဣစ္စာဒိသုတ္တေ-၌၊ စဂ္ဂဟဏေန နာမဗျပဒေသေ ကတေ သျာဒျုပ္ပတ္တိ၊ ဝါသိဋ္ဌီ-ဝသိဋ္ဌ၏သို့း ဖြစ်သော၊ ကညာ-သတို့သို့း၊ ဝါသိဋ္ဌီ, ဝါသိဋ္ဌိယော-ဝသိဋ္ဌ၏သို့းတို့၊ ဣစ္စာဒိ-သည်၊ ဣတ္ထိသဒ္ဒသမံ-ဣတ္ထိသဒ္ဒါနှင့် တူ၏၊ နပုံသကေ-၌၊ ဝါသိဋ္ဌံ-ဝသိဋ္ဌ၏အမျိုး၊ အပစ္စံ-အမျိုးတည်း၊ ဝါသိဋ္ဌာနိ (အပစ္စာနိ) - ဝသိဋ္ဌ၏အမျိုးတို့၊ [ သီဟိုဠ်မူ၌ ''အပစ္စာနိ''မပါ။] ဣစ္စာဒိ စိတ္တသဒ္ဒသမံ၊ ဧဝံ-တူ၊ ဥပရိပိ-အထက်၌လည်း၊ တဒ္ဓိတန္တသာ-တဒ္ဓိတ် ပစ္စည်း အဆုံးရှိသော သဒ္ဒါ၏၊ တိလိင်္ဂတာ-၃ လိင် ရှိသည်၏အဖြစ်ကို၊ဝေဒိတဗ္ဗာ-၏။

---

စသည်ကို ဟောရာ၌လည်း ဝသိဋ္ဌဟူသော ပဌမပကတိ၏ နောက်၌သာ ပစ္စည်းသက် ရမည်-ဟူလို။ [''ဝါသိဋ္ဌ''သည် ဝသိဋ္ဌမှဖြစ်ခဲ့ရသောကြောင့် ဒုတိယပကတိလိင်တည်း၊ ထို ဝါသိဋ္ဌကို ထောက်၍ ဝသိဋ္ဌကို ''ပဌမပကတိ''ဟု ခေါ်သည်၊ ဤ ပဌမပကတိကို ''မူလပကတိ''ဟုသဏ္ဍာတ၌သုံးစွဲ၏၊''အပစ္စ သာမည ဝစနိစ္ဆာယံ မူလပကတိယာ ဧဝ-မျိုးနွယ် အစဉ်အဆက် သာမညကို ဆိုလိုရာ၌ မူလပကတိလိင်နောက်၌သာ ပစ္စည်း သက်''-ကာတန္တဝုတ္တိပဉ္စိကာ။]

မှတ်ချက်။ ။မြေး စသည်ကို ဟောလိုရာ၌ ပဌမ ဝသိဋ္ဌ၏အမည်ကို သား စသည် အပေါ်၌ တင်စားသော ဤနည်းသည် ''အပစ္စံပုဒ်က သားနှင့်သို့းကိုသာ ဟော၏''ဟု ယူဆသော ဋီကာတို့ နည်းတည်း၊ ''န ပတတိ န ဆိဇ္ဇတိ ဝံသော ဧတေနာတိ အပစ္စံ၊ ဧတေန-ဤ သားစဉ် မြေးဆက် စသော အစဉ်ကြောင့်၊ ဝံသော-အနွယ်သည်၊ န ပတတိ န ဆိဇ္ဇတိ-မပြတ်၊ ဣတိ အပစ္စံ၊ ဤသို့ ဝိဂြိုဟ်ပြု၍ ''အပစ္စံ သဒ္ဒါသည် သားစဉ် မြေးဆက် စသော အနွယ်ကိုဟော၏''ဟု ယူကြသော မုခမတ္တဒီပနီဋီကာစသည်တို့ အလိုအားဖြင့် ကား ဥပစာ တင်စားဘွယ် မလို၊ ''အပစ္စံ-မြေးတည်း, မြစ်တည်း'' စသည်ဖြင့် တိုက်ရိုက်ပင် အနက်ပေးနိုင်တော့သည်။

[မုခမတ္တဒီပနီဋီကာ] နပတတိ နဆိဇ္ဇတိ ဝံသော ဧတေနာတိ အပစ္စံ၊ ပုတ္တ ပပုတ္တာဒိ သိယာ ပသိယာဒိ သန္တာနော (သား-မြေး စသော, တပည့်-တပန်း စသော အစဉ်ရှိ၏) ၊ပေ၊ ဧတေန ပုတ္တ ပေါတ္တ ပပေါတ္တာဒေါ (သား-မြေး-မြစ် စသည်၌ရှင်း) ဧဝံ ကညာယံစ (ဤအတူ သို့း-မြေးမ-မြစ်မ စသည်၌ရှင်း) အပစ္စပစ္စယော ဘဝတိ၊ တတော စ အပစ္စပစ္စယတော ပုန အပစ္စပစ္စယော နဘဝတိ (ထို အပစ္စ ပစ္စည်းဆုံးသော ''ဝါသိဋ္ဌ'' စသည်မှ နောက်၌ ထပ်၍ အပစ္စ ပစ္စည်း မသက်ရ)။

www.dhammaransi.com



ဘာရဒွါဇဿ-ဘာရဒွါဇ၏၊ ပုတ္တော-သား တည်း၊ ဘာရဒွါဇော-သား၊ ဝေဿာမိတ္တဿ-ဝေဿာမိတ္တ၏၊ ပုတ္တော, ဝေဿာ မိတ္တော၊ ဂေါတမဿ-ဂေါတမ၏၊ ပုတ္တော, ဂေါတမော၊ စ-ဆက်၊ ဧတ္ထ-ဤဘာရဒွါဇော အစရှိသော ပြယုဂ်တို့၌၊ အယုဝဏ္ဏတ္တာဘာဝါ-အ အက္ခရာ ဣဝဏ် ဥဝဏ်အဖြစ်၏ မဟုတ်ခြင်းကြောင့်၊ အာကာရာဒီနံ-အာ အက္ခရာ အစရှိသည်တို့၏၊ ဝုဒ္ဓိ-သည်၊ နဟောတိ၊ ဝသုဒေဝဿ-ဝသုဒေဝ၏၊ အပစ္စံ-သားတည်း၊ ဝါသုဒေဝေါ-သား၊ ဗာလဒေဝေါ-ဗလဒေဝ၏သား၊ စိတ္တကောတျာဒီသု ပန-စိတ္တကော အစရှိသောပြယုဂ်တို့၌ကား၊ သံယောဂန္တတ္တာ-သံယုဂ်အဆုံးရှိသည်၏ အဖြစ်ကြောင့်၊ ဝုဒ္ဓိ-သည်၊ န ဘဝတိ။

(၃၆၅) ဝစ္ဆဿ-ဝစ္ဆ၏၊ အပစ္စံ-တည်း၊ ဣတိ ဝိဂ္ဂဟေ-၌၊ ဏာမို-ဏာပစ္စည်းသည်၊ သမ္ဘောတ္တ-ရောက်လတ်သော်၊ [“ဏာယန ဏာန ဝစ္ဆာဒိတော ဟောန္တိ”၌ စပ်။] ဝါဏာပစ္စေတိ ဣတော-သုတ်မှ၊ ဝါတိ-ဝါပုဒ်သည်၊ သဗ္ဗတ္ထ-အလုံးစုံသော၊ တဒ္ဓိတဝိဓာနေ-တဒ္ဓိတ် ပစ္စည်းကို စီရင်ရာသုတ်၌၊ ဝါ-တဒ္ဓိတ်ပစ္စည်း သက်ရာသုတ်၌၊ ဝတ္တတေ-၏၊ တေန-ထို့ကြောင့်၊ သဗ္ဗတ္ထ-အလုံးစုံသော တဒ္ဓိတ်၌၊ ဝါကျ ဝုတ္တိယော-ဝါကျ, ဝုတ္တိတို့သည်၊ ဘဝန္တိ၊ အပစ္စေတိ (ပဒံ) -အပစ္စေ ဟူသော ပုဒ်သည်၊ ယာဝသံသဋ္ဌဂ္ဂဟဏာ-သံသဋ္ဌသဒ္ဒါ တိုင်အောင်သာလျှင်၊ ဝတ္တတေ-၏။

---

ဘာရဒွါဇဿ၊ပေ၊ဝုဒ္ဓိနဘဝတိ—ဘာရဒွါဇော, ဝေဿာမိတ္တော,ဂေါတမော တို့၌ (ဘာ—ဝေ—ဂေါ) “အာ—ဧ—ဩ”ဟု သဘာဝ ဝုဒ္ဓိ ဖြစ်နေသည့်အတွက် အ-ဣဝဏ်-ဥဝဏ် မဟုတ်သောကြောင့် ဝုဒ္ဓိမပြုရ၊ဤ“ဧတ္ထ အယုဝဏ္ဏတ္တာဘာဝါ၊ပေ၊ န ဝုဒ္ဓိ ဟောတိ”ဟူသောစကားဖြင့် ရှေ့၌ မိမိပြခဲ့သော “အယုဝဏ္ဏာနန္တိ ဌာန နိယမ ဝစနံ အာယောနမ္ပိ ဝုဒ္ဓိဘာဝ ပသင် နိဝတ္တနတ္ထံ”ဟူသောစကားကို ပြန်၍ခိုင်မြဲစေသည်၊ ဝါသုဒေဝေါ, ဗာလဒေဝေါတို့၌ကား ဝုဒ္ဓိ ပြုရသည်၊ “စိတ္တကော—စိတ္တ၏ သား” စသည်ကား စိတ္တဝယ် တ္တ၌ သံယုဂ်ဖြစ်သောကြောင့် ဣကို ဧ ဝုဒ္ဓိ မပြုရ။

(၃၆၅) ဝစ္ဆဿ၊ပေ၊ဝတ္တတေ—“ဝစ္ဆဿ အပစ္စံ”၌ အပစ္စအနက်ဖြစ်သောကြောင့် ရှေ့သုတ်ဖြင့် ဏာပစ္စည်းသက်ခွင့် ရောက်နေရာ, ထို ဏာ ပစ္စည်း သက်ခြင်းကို တားမြစ်၍ ဤသုတ်ဖြင့် ဏာယန,ဏာန ပစ္စည်း သက်ပါ—ဟူလို၊ ဝါဏာပစ္စေ သုတ်မှ ဝါသဒ္ဒါသည် တဒ္ဓိတ်ပစ္စည်းသက်သော သုတ်တိုင်းသို့ လိုက်၏၊ ထို့ကြောင့် ဝါသဒ္ဒါက ဝိကပ်ပြုသဖြင့်တချို့အရာ၌တဒ္ဓိတ်ပစ္စည်းမသက်ဘဲ“ဝစ္ဆဿပုတ္တော”ကဲ့သို့ဝါကျလည်း ရှိ၏၊ တဒ္ဓိတ်ပစ္စည်းသက်၍ “ဝစ္ဆာယနော”ဟု ဝုတ္တိလည်းရှိ၏၊ [ဤ၌ “ဝုတ္တိ”ဟူသည် သမာသ်စပ်သကဲ့သို့ တဒ္ဓိတ်ပစ္စည်းနှင့် နာမ်ပုဒ်တို့၏ စပ်ခြင်းတည်း။] ဝါသဒ္ဒါသည်

www.dhammaransi.com



**ဏာယနဏာနဝစ္ဆာဒိတော**။ ။**တဿာ** အပစ္စံ ဣစ္စေတသ္မိံ အတ္ထေ, ဝစ္ဆ ကစ္စ ဣစ္စေဝမာဒိတော – ဝစ္ဆ ကစ္စ ဤသို့ အစရှိသော၊ ဆဋ္ဌိယန္တတော–သော၊ ဂေါတ္တဂဏတော–အနွယ်ဟော သဒ္ဒါအပေါင်းမှ (နောက်၌)၊ ဏာယန ဏာန ဣစ္စေတိ-ဟူကုန်သော၊ ဧတေပစ္စယာ ဝါ ဟောန္တိ၊ သဗ္ဗတ္ထ- အလုံးစုံသောပစ္စည်းတို့၌၊ ဏကာရောနုဗန္ဓော – ဏအနုဗန်သည်၊ ဝုဒ္ဓတ္ထော – ဝုဒ္ဓိပြုရခြင်း အကျိုးရှိ၏၊ သေသံ – ကြွင်းသော အစီအရင်သည် ပုဗ္ဗသမံ- ရှေ့ပုဒ်များနှင့် တူ၏၊ သံယောဂန္တတ္တာ – ကြောင့်၊ ဝုဒ္ဓိအဘာဝေါ-ဝုဒ္ဓိ မဖြစ်ခြင်းသည်သာ၊ ဝိသေသော-ထူး၏၊ ဝစ္ဆာယနော ဝစ္ဆာနော-ဝစ္ဆ၏

---

တဒ္ဓိတ်ပစ္စည်းစီရင်ရာ သုတ်တိုင်း၌ လိုက်သော်လည်း အပစ္စေပုဒ်ကား ထိုကဲ့သို့ မလိုက်၊ ယေနဝါ သံသဋ္ဌသုတ်၌ သံသဋ္ဌ သဒ္ဒါ တိုင်အောင်သာ လိုက်သည်။ [သံသဋ္ဌ တိုင်အောင်" ဟူရာ၌ မရိယာဒါဝဓိ ဖြစ်သောကြောင့် သံသဋ္ဌကို လိုက်ရာနယ်၏ အပိုင်းအခြား-ဟုမှတ်၊ "သံသဋ္ဌကို လွှမ်း၍ မလိုက်, သံသဋ္ဌ၏ ရှေ့နား ဖြစ်သော ဏေရ ဝိဓဝါဒိတောသုတ် ဆုံးရုံသာလိုက်သည်"ဟူလို။

**ဝစ္ဆ ကစ္စ၊ပေ၊ဂေါတ္တ ဂဏတော**——"ဝစ္ဆ, ကစ္စ"စသော နာမည်သည် ထို အနွယ်၌ အစ ယောကျ်ားတဦး၏ နာမည်တည်း၊ အနွယ်ဟူသည်လည်း အခြား အမျိုး အစဉ်အဆက်နှင့် မသက်ဆိုင်ဘဲ ထို အမျိုးသား အားလုံးနှင့် သက်ဆိုင်သော သာမည သဘောတမျိုး ဖြစ်သည်၊ ဥပမာ——ဂေါတမ သဒ္ဒါသည် ထိုအနွယ်ဝင် အားလုံးနှင့် ဆက်ဆံသော သာမည သဘောတမျိုး ဖြစ်သကဲ့သို့တည်း၊ ထိုအနွယ်များလည်း ထို အနွယ်တွင် ထင်ရှားခဲ့သော လူတယောက်မှစ၍ ဖြစ်ပေါ်လာကြသည်၊ ထိုအနွယ်ဟော သဒ္ဒါကို "ဂေါတ္တ"သဒ္ဒါဟု ဆိုသည်။

**သဗ္ဗတ္ထ ဏကာရော၊ပေ၊ဝုဒ္ဓတ္ထော**—— ဏအနုဗန်များ ချေပစ်ရမည် ဖြစ်ပါလျက် ဘယ်အကျိုးငှါ ထည့်ထားပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "သဗ္ဗတ္ထ"စသည် မိန့်၊ ဏ အနုဗန်မရှိသော ဣမ, ဣယ စသော ပစ္စည်း နှောင်းရာ၌ ရှေ့သရကို ဝုဒ္ဓိ မပြုရ၊ ဏ အနုဗန် ပါသော ပစ္စည်းများ နှောင်းရာ၌ကား ရှေ့သရကို ဝုဒ္ဓိပြုရသည်၊ ထို့ကြောင့် "ဏ–ဏာယန"စသော ဏ အနုဗန်ပါသမျှ ပစ္စည်းစု၌ ဏ အနုဗန်သည် ချေပစ်ရမည် ဖြစ်သော်လည်း ဝုဒ္ဓိပြုဘို့ရာ အမှတ်အသား အဖြစ်ဖြင့် ထည့်ထားရသည် ဟူလို။

**သေသံ ပုဗ္ဗသမံ၊ပေ၊ဝိသေသော** —— "ဝစ္ဆဿ+အပစ္စံ"ဟူသော အနက်၌ ဏာယန ဏာန ပစ္စည်း တခုခု သက်ခြင်းကို ပြုပြီးပြီ၊ ထိုမှ ကြွင်းသော အပစ္စသဒ္ဒါကို မယှဉ်စေရခြင်း, ဏ အနုဗန်ချေရခြင်း, ရှေ့ သရကို ချေ၍ နောက် သရသို့ ကပ်ရခြင်း, နာမ်ငဲ့၍ ဝိဘတ်သက်ရခြင်း စသော အစီအရင်များမှာ "ဝါသိဋ္ဌော" ရုပ်နှင့် တူပြီ၊ ဣတ္ထိလိင် အရာ၌လည်း ဝါသိဋ္ဌီကဲ့သို့ ဝစ္ဆာယနီ, ဝစ္ဆာနီ ဟု ဖြစ်၏၊ သို့သော် ဝစ္ဆ၌ သံယောဂန္တ ဖြစ်သောကြောင့် ဝုဒ္ဓိ မပြုရခြင်းကား ဝါသိဋ္ဌောရုပ်မှ ထူးခြားသည်။

www.dhammaransi.com



သား၊ ဝစ္ဆဿ ပုတ္တော ဝါ - လည်း ရှိ၏၊ ဧဝံ - တူ၊ ကစ္စဿ - ကစ္စ၏၊ ပုတ္တော-တည်း၊ ကစ္စာယနော, ကစ္စာနော-သား၊ မောဂ္ဂလ္လဿ-မောဂ္ဂလ္လ ပုဏ္ဏား၏၊ ပုတ္တော, မောဂ္ဂလ္လာယနော မောဂ္ဂလ္လာနော၊ ဧဝံ-တူ၊ အဂ္ဂိ ဝေဿာယနော, အဂ္ဂိဝေဿာနော - အဂ္ဂိဝေဿ၏ သား၊ ကဏှာယနော ကဏှာနော - ကဏှ၏ သား၊ သာကဋာယနော, သာကဋာနော - သာကဋ ၏သား၊ [မုဉ္ဇာယနော, မုဉ္ဇ၏သား၊ (သီဟိုဠ်မူ၌ မရှိ၊)] ကုဉ္ဇာယနော, ကုဉ္ဇာနော-ကုဉ္ဇ၏သား၊ ဣစ္စာဒိ-တည်း၊ အယံ-ဤဂိုဏ်းသည်၊ အာကတိ ဂဏော-အာကတိဂိုဏ်းတည်း။

---

**ကစ္စဿ ပုတ္တော၊ပေ၊ကစ္စာနော**—"ကစ္စဿ အပစ္စံ"ဟု ဝိဂ္ဂြိုဟ်ပြုစေလိုရင်း ပင်တည်း၊ သို့သော် ထို အပစ္စံအရ "သားကို ရသည်"ဟု တခါထည်းပြလို၍ "ကစ္စဿ ပုတ္တော"ဟု ဆိုထားသည်၊ ဘုရားလက်ထက်တော်က တေဒဂ်ရ အရှင်မဟာကစ္စာယန ထေရ်သည် ဤ"ကစ္စာယန"အနွယ်ဝင်တည်း၊ ဣတ္ထိလိင်၌ "ကစ္စာယနီ, ကစ္စာနီ"ဟု ဖြစ်၏။ [ကစ္စည်းကျမ်း ဆရာတော် အရှင်"ကစ္စာယန"ကား ကစ္စာယန အနွယ်ဝင် ဖြစ်လျှင် မုချ "ကစ္စာယန"မည်၏၊ အနွယ်ဝင် မဟုတ်ဘဲ ဘုရားလက်ထက်တော်က အရှင်မဟာကစ္စာယနနှင့် ရုပ်အဆင်းစသည် တူလျှင် သဒိသူပစာ တည်း၊ တစုံတခုမျှ မတူသူကို ကစ္စာယန ဟု မှည့်ရာ၌ အထင်ရူဠ်သာ။]

**မောဂ္ဂလ္လာယနော** — "မုဂ္ဂလဿ – မုဂ္ဂလ မည်သူ၏၊ အပစ္စံ–သား တည်း၊ မောဂ္ဂလ္လော–သား၊ မုဂ္ဂလ နောင် ဏျ ပစ္စည်းသက်, ဝုဒ္ဓိပြု,အဝဏ္ဏော ယေ လောပဉ္စ သုတ်မျိုးဖြင့် လ ၏ အ သရချေ၊ လျ ကို လ ပြု, ဒွေဘော်လာ၍ "မောဂ္ဂလ္လ"ဟု ပြီးကြောင်းကို မောဂ္ဂလ္လာန် နိဿယသစ်၌ မိန့်သည်၊ ဤစကားဖြင့် ပဌမ "မုဂ္ဂလ" မည်သူ၏သားမြေးအစဉ်အဆက်ကို "မောဂ္ဂလ္လ"ဟု တွင်ကျယ်ခဲ့ပြီးနောက်, ထိုအနွယ် တွင် နာမည်ကျော်ကြား ထင်ရှားသူတယောက် ပေါ်ပေါက်ပြန်ရကား ယိုသူ၏ ဒုတိယ အဆက်အနွယ်များကို "မောဂ္ဂလ္လာယန–မောဂ္ဂလ္လာန"ဟု ခေါ်ရပြန်သည် ဟု မှတ်၊ ဒုတိယ အဂ္ဂသာဝကထေရ်သည် ဤမောဂ္ဂလ္လာနအနွယ်ဝင်တည်း၊ မောဂ္ဂလ္လာန်ကျမ်းပြု ဆရာတော် စသည်တို့၏ "မောဂ္ဂလ္လာန"အမည်ကို ကစ္စည်းကျမ်းဆရာ အမည်ဖြစ်ပုံ ကဲ့သို့ မှတ်။ ["အဂ္ဂိဝေဿာယနော"စသည်ကို "အဂ္ဂိဝေဿဿ+အပစ္စံ"စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြု၊ ကဏှာယနော၌ "ကဏှ"မည်သော သူငယ် မွေးဖွားပုံ—ထို ကဏှမှစ၍ ကဏှာယန အနွယ် ဖြစ်လာပုံကို သီလက္ခန် အမ္ဗဋ္ဌသုတ်ပါဠိတော် အဋ္ဌကထာ၌ ရှု။]

**အာကတိ ဂဏောယံ**—အာကရီယတေ ဉာယတေ ဧတာယာတိ အာကတိ, ဧတာယ-ဤအခြင်းအရာဖြင့်၊ ဇာတိ-ဇာတ်ကို၊ အာကရီယတေ ဉာယတေ-ထင်ရှား ပြအပ်၏၊ ဣတိ–ထို့ကြောင့်၊ အာကတိ–မည်၏၊ (ထောမနိမိဝိဂ္ဂြိုဟ်)၊ နွားတို့၏ တကောင်နှင့် တကောင် တူသော အခြင်းအရာသည် နွားဇာတ်ကို ထင်ရှားပြသကဲ့သို့ ရုပ်ပြီးပုံတူသော အခြင်းအရာသည်လည်း ထိုရုပ်များ၏ ဇာတ်ကို ထင်ရှား ပြတတ်

www.dhammaransi.com



(၃၆၆) ကတ္တိကာယ – ကတ္တိကာ နက္ခတ်သို့၏၊ အပစ္စံ - တည်း၊ ဏ္ယတိ ဝိဂ္ဂဟေ(သတိ) [“ဏေယျပစ္စယော ဟောတိ”၌ စပ်။]

**ဏေယျော ကတ္တိကာ ဒီဟိ။** ။အယံ အာဒိသဒ္ဒေါ - ဤ အာဒိ သဒ္ဒါ သည်၊ ပကာရေ-အတူဟူသော အနက်၌ (ဝတ္တတိ)၊ တဿာ-ထိုသူမ၏၊ အပစ္စံ-တည်း၊ ဏ္ယစ္စေတသ္မိံ အတ္ထေ၌၊ ကတ္တိကာ, ဝိနတာ, ရောဟိဏီ, ဏ္ယစ္စေဝမာဒီဟိ-ကုန်သော၊ ဏ္ယတ္ထိယံ-ဏ္ယတ္ထိလိင်၌၊ ဝတ္တမာနေဟိ လိင်္ဂေဟိ ဏေယျ ပစ္စယော ဝါ ဟောတိ၊ ဝိဘတ္တိလောပေ-သော်၊ ပကတိစဿ

---

သောကြောင့် အာကတိမည်၏၊ ဇာတ်တူ နွားဟူသမျှ ဂေါအမည်ရသကဲ့သို့, ထို့အတူ ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် တူသော သဒ္ဒါအပေါင်းလည်း “အာကတိယာ—အခြင်း အရာတူအားဖြင့်၊ ဂဟေတဗ္ဗော-ပေါင်းယူအပ်သော၊ ဂဏော-သဒ္ဒါအပေါင်းတည်း” ဟူသော ဝိဂ္ဂြိုဟ်အရ အာကတိဂိုဏ်းမည်၏၊ထို့ကြောင့် ဋီကာ၌ “ဂေါမဟိံသာဒယော ဝိယ—ဇာတ်တူ နွားဟူသမျှကို သိမ်းယူနိုင်သော ဂေါသဒ္ဒါ—ဇာတ်တူ ကျွဲဟူသမျှကို သိမ်းယူနိုင်သောမဟိံသသဒ္ဒါတို့ကဲ့သို့၊“အာကတိယာ ဂဟေတဗ္ဗော ဂဏောအာကတိ ဂဏော”ဟု မိန့်သည်၊ ဤ စကားစဉ်အရ “ရုပ်ပြီးပုံ အခြင်းအရာ တူသောအားဖြင့် ပေါင်းယူအပ်သော သဒ္ဒါအပေါင်းသည် အာကတိဂိုဏ်း”ဟု မှတ်။

**မှတ်ချက်။** ။ဤ အဓိပ္ပါယ်အရ ပုရိသာဒိဂိုဏ်း—ဘူဝါဒိဂိုဏ်း စသော ဂိုဏ်းများ လည်း ရုပ်ပြီးပုံ အခြင်းအရာတူသော သဒ္ဒါအပေါင်းဖြစ်၍ “အာကတိဂိုဏ်း”ပင်တည်း၊ သို့သော် ပုရိသာဒိဂိုဏ်း—ဘူဝါဒိဂိုဏ်းဟု နာမည်ထူးဖြင့် ထင်ရှားပြီးဖြစ်သောကြောင့် အာကတိဂိုဏ်းဟု မခေါ်ရတော့ချေ၊ ထိုသို့ မထင်ရှားသောဂိုဏ်းကိုသာ “အာကတိ ဂိုဏ်း”ဟု ခေါ်ရတော့သည်၊ ထို အာကတိဂိုဏ်းများကား ကစ္စာယနသုတ်ဖြင့် ပြခဲ့သော ရာဇာဒိအာကတိဂိုဏ်း စသည်ဖြင့် အမျိုးမျိုး ရှိ၏၊ ဤ၌ ဝစ္ဆနှင့် ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် တူသော သဒ္ဒါအပေါင်း ဖြစ်၍ ဤဂိုဏ်းကို “ဝစ္ဆာဒိ အာကတိ ဂိုဏ်း”ဟုခေါ်သင့်သည်။ [“အာဂတိဂဏော”ဟု တတိယက္ခရာ“ဂ”နှင့် ရှိသည်ကား သက္ကတကျမ်းတို့နှင့်ရင်း “ဂေါမဟိံသာဒယော”စသော အဓိပ္ပါယ်ပြ စကားနှင့်ရင်း မညီ၍ ပါဌ်ပျက်။]

(၃၆၆) **အာဒိသဒ္ဒေါ ယံ ပကာရေ**—အကွရာပါဒယောသုတ်၌ ဖွင့်ပြခဲ့သော အာဒိသဒ္ဒါ၏ အနက်များတွင် ဤအာဒိသည် ပကာရအနက် ရှိ၏၊ ပကာရ သဒ္ဒါကား “ဘေဒ-အပြား,သာဒိဿ-အတူ”ဟု ၂ နက်ရှိရာ ဤနေရာ၌“အတူ”ဟူသောအနက်ကို ဟော၏၊ ကတ္တိကာသဒ္ဒါကဲ့သို့ ဣတ္ထိလိင်ရှိခြင်း တူသည်ကို “အတူ”ဟု ဆိုလိုသည်၊ ထို့ကြောင့် “ကတ္တိကာ—ဝိနတာ—ရောဟိဏီ ဣစ္စေဝ မာဒီဟိ ဣတ္ထိယံ ဝတ္တမာနေဟိ လိင်္ဂေဟိ”ဟု ဝုတ္တိဖွင့်သည်၊ဤ၌“ဣတ္ထိယံ”အရ ဣတ္ထိလိင်ဟူသည်“အဝိသဒါကာရ”ဟု ခေါ်ရသော လိင်တည်း၊ “လိင်္ဂေဟိ”အရ“လိင်”ဟူသည်ကား“ကတ္တိကာ”ဟူသော နာမ်တည်း။

www.dhammaransi.com



သရန္တဿာတိ-ဖြင့်၊ ပကတိဘာဝေ ါ-သည် (ဟောတိ)၊ ကတ္တိကေယျော-ကတ္တိကာနတ်သမီး၏ သား၊ ကတ္တိကာယ ပုတ္တော ဝ ါ-၏၊ ဧဝံ၊ ဝိနတာယ-ဂဠုန်မ၏၊ အပစ္စံ, ဝေနတေယျော၊ ဣကာရဿ-ဝိဠ ဣ၏၊ ကောရော-အေကွဲ ရာပဟူသော၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု၊ ရောဟိဏိယာ-ရောဟိဏီနတ်သမီး၏၊ ပုတ္တော-တည်း၊ ရောဟိဏေယျော-သား၊ ဂင်္ဂါယ-ဂင်္ဂါမြစ်၏၊ အပစ္စံ (ပုတ္တော)-သားတည်း၊ ဂင်္ဂေယျော-သား၊ ဘဂိနိယာ-အမ, နှမ၏၊ ပုတ္တော-သားတည်း၊ ဘာဂိနေယျော-သား၊ ဝ ါ-တူ၊ နဒိယာ-နဒီမည်သော မိန်းမ၏၊ ပုတ္တော-တည်း၊ နာဒေယျော-သား၊ ဧဝံ, အန္တေယျော - အမအကြီးဆုံး၏ သား၊ [အန္တိကို ''ဇေဋ္ဌဘဂိနီ-အမအကြီးဆုံး''ဟု ဋီကာမနိမိဖွင့်၏၊] အာဟေယျော-မြွေမ၏ သား၊ ကာပေယျော-မျောက်မ၏ သား၊ သုစိယာ-စင်ကြယ်သော မိန်းမ၏၊ အပစ္စံ - တည်း၊ သောစေယျော - သား၊ စ - ဆက်၊ တ္ထ — ၌ သောစေယျော ပြယုဂ်၌၊ ဥကာရဿ-သု၌ ဥ၏၊ ဩကာရော, ဝုဒ္ဓိ၊ ဗာလာယ-အမိုက်မ၏၊ အပစ္စံ ဗာလေယျော-သား၊ ဣစ္စာဒိ။

(၃၆၇) ဒက္ခဿ-ဒက္ခရသေ့၏၊ အပစ္စံ-တည်း၊ ဣတိ ဝိဂ္ဂဟေ (သတိ)၊ ဏာမှိ-ဏပစ္စည်းသည်၊ သမ္ပတ္တေ-ရောက်လတ်သော်၊....

---

ကတ္တိကေယျော၊ပေ၊ ဗာလေယျော — ''ကတ္တိကေယျော'' ကို ဋီကာမနိမိ၌ ''ကတ္တိကာနံ အပစ္စံ တပ္ပါလိတတ္တာ,ခန္ဓေ သိဝပုတ္တော''ဟုဖွင့်၏၊ကြတ္တိကာကြယ်တို့သည် စောင့်ရှောက်အပ်သောကြောင့်''ကတ္တိကာနံ အပစ္စံ''ဟူသော ဝိဂြိုဟ်အရ သိဝ၏သား ဖြစ်သော ခန္ဓ (ခဲ) နတ်သားတည်း-ဟူလို၊ သို့သော်''ကတ္တိကာယ''ဟု ကေဝုစ်ရှိသော ကြောင့် ''ကတ္တိကာ နတ်သမီး၏''ဟု မောဂ္ဂလ္လာန် နိဿယအတိုင်း ပေးရတော့သည်၊ ''သုဗဏ္ဏမာတာ ဝိနတာ—ဂဠုန်၏ အမိသည် ဝိနတာမည်၏''ဟု အဘိဓာန် လာသော ကြောင့် ဝေနတေယျကို ''ဂဠုန်''ဟု ဋီကာဖွင့်သည်၊ ရောဟိဏီကို''ဝသုဒေဝနတ်၏ မယားဖြစ်သော ဗလဘဒြ၏မိခင်''ဟု ဖွင့်၏၊ ထို့ကြောင့် ''ရောဟိဏေယျ''ဟူသည် ဗလဘဒြနတ်တည်း၊ဂင်္ဂေယျ (ဂါင်္ဂေယျ) ကို ''ဂင်္ဂါမြစ်ဗွမ်း၌ ခုန်းဖွားသော ကုရုမင်း၏ အနွယ်ဖြစ်၍သာန္တနုမင်း၏သားဖြစ်သောဘီမမင်း''ဟုဋီကာနိမိဖွင့်၏၊နာဒေယျော၏ အဖွင့်၌ လူ သတ္တဝါဟော မတွေ့ရ၊ ဂင်္ဂေယျောကို နည်းမှီး၍ ပြယုဂ်လုပ်ဟန် တူသည်၊ အန္တေယျော၌ ''အန္တိ''ကို အကြီးဆုံးသောအမဟု ဖွင့်၏၊ အဟိယာ ပုတ္တော အာဟေယျော—မြွေမ (နဂါးမ)၏သား၊ ''ကာမေယျော''ဟု မြန်မာမူ ရှိ၏၊ သီဟိုဠ်မူ၌ ''ကာပေယျော''ဟု ရှိ၏၊ ''အဟီ—မြွေမ၊ ကပိ—မျောက်မ''တို့သည် ဣကာရန္တ ဣတ္ထိလိင်တည်း။

www.dhammaransi.com



**အတောဏ် ဏ ဝါ**။ ။တဘ္ဘာ — တို့သူ၏၊ အပစ္စံ ဣစ္စေတသ္မိံ အတ္ထေ အကာရန္တတော လိင်မှာ ဏ်ပစ္စယော ပ ဝါ ဟောတိ၊ ဒက္ခိ–ဒက္ခရသေ့၏ သား၊ ဒက္ခိ, ဒက္ခယော-တို့၊ ဒေါဏာယ–ဒေါဏ၏၊ အပစ္စံ, ဒေါဏိ၊ ဝေံ, ဝါသဝိ–သကြားမင်း၏ သား၊ သကျပုတ္တိ–သာကီ မင်းသား ဖြစ်သော မြတ်စွာဘုရား၏ သား၊ နာဋပုတ္တိ–နာဋပုတ္တ၏ သား၊ ဒါသပုတ္တိ–ဒါသပုတ္တ၏ သား၊ ဒါရုဝိ–ဒရုဝ၏ သား၊ ဝါရုဏိ–ဝရုဏ၏ သား၊ ကဏ္ဍိ–ကဏ္ဍ၏ သား၊ ဗာလဒေဝိ–ဗလဒေဝ၏သား၊ ပါဝကိ–မီး၏ သား၊ ဇိနဒတ္တဿ–ဇိနဒတ္တ၏၊ အပစ္စံ ပုတ္တော–သားတည်း၊ ဇေနဒတ္တိ – ဇိနဒတ္တ၏ သား၊ သုဒ္ဓေါဒနိ – သုဒ္ဓေါဒန၏ သား၊ အာနုရုဒ္ဓိ–အနုရုဒ္ဓ၏ သား၊ ဣစ္စာဒိ။

ပုန ဝါဂ္ဂဟဏေန-တဘန် ဝါသဒ္ဒါဖြင့်၊ အပစ္စတ္ထေ-၌၊ ဏိကပစ္စယော-သည်၎င်း၊ အဒိတိ အာဒိတော — အဒိတိ အစရှိသော သဒ္ဒါမှ နောက်၌၊ ဏျပစ္စယောစ — သည်၎င်း၊ (ဟောတိ)၊ ယထာ – ကား၊ သကျပုတ္တဿ–သာကီမင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ပုတ္တော – သားတည်း၊ သကျပုတ္တိကော – သာကီ မင်းသား ဖြစ်သော မြတ်စွာဘုရား၏ သား၊

---

(၃၆၇) **အဏော ဏိ ဝါ**။ ။ဒက္ခ—ဒေါဏ စသော အကာရန္တ လိင်နောင် (ဝါဏာပစ္စေ သုတ်ဖြင့် ဏပစ္စည်းသက်ခွင့် ရောက်လတ်သော် ထိုသုတ်ကို တားမြစ်၍) ဤသုတ်ဖြင့် ဏိပစ္စည်းသက်ရသည်၊ ဒက္ခကို ရသေ့တဦး၏ နာမည်ဟု ထောမနိမိ ဖွင့်၏၊ ဒေါဏ အဖွင့်ကိုကား မတွေ့ရ၊ ဝါသဝသဒ္ဒါသည် သကြားဟောတည်း၊ သကျပုတ္တော၌ သီလက္ခန် အဋ္ဌမ္ဗသုတ်မှာ လာသည့်အတိုင်း ဩက္ကာမုခ စသော မင်းများကို "သကျ"ဟု ခေါ်၏၊ထိုအခါမှစ၍ သကျအနွယ် ဖြစ်ခဲ့သည်၊ထို သကျအနွယ်ဝင်ဖြစ်သော သုဒ္ဓေါဒန မင်း၏ သားတော် ဘုရားရှင်သည် "သကျဿ+ပုတ္တော"အရ "သကျပုတ္တ"မည်၏၊ ထိုဘုရားရှင်၏ သာဝကအစဉ်အဆက်ကား "သကျပုတ္တဿ+အပစ္စံ"အရ "သကျပုတ္တိ-သကျပုတ္တိက—သကျပုတ္တိယ"ဟု အမည်ရသည်၊ "နိဂဏ္ဌနာဋပုတ္တ"ဟု ထင်ရှားသော တိတ္ထိ ၆ ယောက်တွင် ပါဝင်သူ တယောက်ကို "နာဋပုတ္တ"ဟု ခေါ်၏၊ ထိုနာဋပုတ္တ၏ သာဝကအစဉ်အဆက်ကိုလည်း "နာဋပုတ္တိ-နာဋပုတ္တိက"ဟုခေါ်သည်။ ["နာဋပုတ္တ" ၌"နာဋိပုတ္တ"ဟုလည်းရှိ၏။] ဒါသသဒ္ဒါသည်ကျွန်ကိုရင်းတံငါကိုရင်းဟော၏၊ထိုသူ၏ သားကို ဒါသပုတ္တဟု ခေါ်၍, ထို ဒါသပုတ္တ၏သားကို "ဒါသပုတ္တိ"ဟု ခေါ်သည်၊ ဒါရုဝိကို အဖွင့် မတွေ့ရ, ဝါရုဏိ စသည်ကား ထင်ရှားပြီ။

**ပုန ဝါဂ္ဂဟဏေန**—ဝါဏာပစ္စေသုတ်မှ ဝါသဒ္ဒါလိုက်လာပါလျက် ဤသုတ်၌ ဝါကို ဆိုခြင်းကြောင့် သဒ္ဒါပိုရကား ထို သဒ္ဒါပိုဖြင့် သကျပုတ္တစသော အကာရန္တနောင် ဏိက ပစ္စည်းနှင့် အဒိတိ စသည်မှ နောက်၌ဏျပစ္စည်း သက်ရခြင်းဟူသော အနက်ပိုကို သိရသည်၊ လိုက်သောဝါသည် တဒ္ဓိတ်ပစ္စည်းသက်ခြင်း၏ မမြဲကြောင်း ဝိကပ်ပြ၍ တိုက်ရိုက်

www.dhammaransi.com



တေသုဝုဒ္ဓိတျာဒိနာ – တေသုဝုဒ္ဓိ အစရှိသော သုတ်ဖြင့်၊ ကကာရဿ – က အက္ခရာ၏၊ ယ ကာရော (ဟောတိ)၊ သကျပုတ္တိယော–သား၊ ဧဝံ, နာဠ ပုတ္တိကော–နာဠပုတ္တ၏သား၊ ဇေနဒတ္တိကော–ဇိနဒတ္တ၏သား၊ ဝိမာတုယာ– ဆန့်ကျင်ဘက် မိခင်၏၊ ပုတ္တော–သားတည်း၊ ဝေမာတိကော–ဆန့်ကျင်ဘက် မိခင်၏ သား၊ [မိထွေး၏ သားဖြစ်သော ညီ။]

(၃၆၈) အဒိတိယာ–အဒိတိနတ်သမီး၏၊ ပုတ္တော–တည်း၊ ဣတိအတ္ထေ–၌၊ ဏျပစ္စယော–ဏျပစ္စည်းသည်ရှင်း၊ ဝုဒ္ဓိ–ဝုဒ္ဓိသည်ရှင်း၊ (ဟောတိ)။

**အဝဏ္ဏော ယေ လောပဥ္စ။** ။ပရေ – နှောင်းသော၊ တဒ္ဓိတဘူတေ – တဒ္ဓိတ်ဖြစ်၍ ဖြစ်သော၊ ယ ပစ္စယေ–ကြောင့်၊ အဝဏ္ဏော–အဝဏ်သည်၊ လောပံ အာပဇ္ဇတေ၊ စသဒ္ဒေန – ဖြင့်၊ ဣဝဏ္ဏောပိ – လည်း၊ (လောပံ အာပဇ္ဇတေ)၊ ဣတိ–ဤသုတ်ဖြင့်၊ ဣကာရ လောပေ၊ ယဝတံ၊ပေ၊ဇကာရတ္တန္တိ–သုတ်ဖြင့်၊ တျကာရ သံယောဂဿ–သံယုဂ်ဖြစ်သော တျ အက္ခရာ၏၊ စကာရော – စ အပြုသည်ရှင်း၊ ပရဒွေဘာဝေါတိ – သုတ်ဖြင့်၊ ဒွိတ္တံ – ရှင်း၊ (ဟောတိ)၊ အာဒိစ္စော–အဒိတိ၏ သား၊ ဧဝံ, ဒိတိယာ–ဒိတိ၏၊ ပုတ္တော–တည်း၊ ဒိစ္စော–သား။

---

ပါသော ဝါသဒ္ဒါက ဏိကဏျပစ္စည်းသက်ဘို့ရန် အဘ္ဘန္တရဝိကပ္ပန အနက်ရှိသည်-ဟူလို၊ သကျပုတ္တနောင် ဝါသဒ္ဒါဖြင့် အပစ္စ အနက်၌ ဏိက ပစ္စည်း သက်၍ သကျပုတ္တိကော ဟုရှင်း, "တေသုဝုဒ္ဓိ" သုတ်၌ ဝိကာရအရ က ကို ယ ပြု၍ "သကျပုတ္တိယော" ဟုရှင်း ပြီးသည်၊ "ဝိသဒ္ဒါသည် ဝိဝိဓ-အထူးထူး၊ (မတူ-ထူးခြား-ကွဲပြား)" ဟူသောအနက်ကို ပေး၏၊ မိမိ မိခင်နှင့် မတူသော မိထွေးသည် "ဝိမာတာ" မည်၏၊ ထို မိထွေး၏သား ဖြစ်သော ညီကို "ဝိမာတုယာ+အပစ္စံ" အရ "ဝေမာတိက" ဟု ခေါ်သည်၊ [နာဠ ပုတ္တိကော စသည်ဖြင့် "က" နှင့် သီဟိုဠ်မူ ရှိ၏၊ တေသုဝုဒ္ဓိဖြင့် က ကို ယ မပြုရတော့ပြီ။ အခြားကျမ်းများ၌ကား က ကို ယ မပြုဘဲ "ဏိက" ပစ္စည်းလည်း သက်သည်။]

(၃၆၈) နောက်၌ အသုရာတို့၏ မိခင်ကို "ဒိတိ" ဟု ဆိုလတ္တံ့၊ ထိုဒိတိ၏ ဆန့် ကျင်ဘက် ဖြစ်သော နတ်သမီးကို "အဒိတိ" ဟု ခေါ်၏၊ ထိုနတ်သမီးကား ကဿပနတ်၏ မယား ဖြစ်သတတ်၊ ထို အဒိတိ နတ်သမီး၏ သားကား အာဒိစ္စတည်း၊ ထို အာဒိစ္စ သဒ္ဒါသည် နေနတ်သားကိုရှင်း နတ်သားဟူသမျှကိုရှင်း ဟောသည်ဟု ထောမနိဓိ ဆိုသောကြောင့် ဤနေရာ၌ နတ်သားဟူသမျှကို "အာဒိစ္စ" ဟု ခေါ်၊ ရုပ်ပြီးပုံအစဉ်မှာ စာကိုယ်အတိုင်း သိသာပြီ၊ "ဒိတိယာ အပစ္စံ (ပုတ္တော) ဒိစ္စော" ဤ၌ ဒိတိ–ဟူသည် အသုရာတို့၏ မိခင်တည်း၊ ဤ "ဒိတိ" လည်း ကဿပ၏မယားဘုပင် ဖြစ်၏၊ ထို့ကြောင့် "အဒိတိ" ကို (လင်တူ ဖြစ်၍) ဒိတိ၏ ဆန့်ကျင်ဘက်ဟု ဆိုဟန်တူသည်၊ ဒိတိနောင်

www.dhammaransi.com



(၃၆၉) ကုဏ္ဍနိယာ - ကုဏ္ဍနီ မည်သော မိန်းမ၏၊ ပုတ္တော, ဣတိ အတ္ထေ - ၌၊ ဏျပစ္စယေ - ကို၊ ကတေ - သော်၊ ကွစာဒိမဇ္ဈုတ္တရေသူ တိ - ကွစိ, အာဒိမဇ္ဈုတ္တရေသု ဟူသော ပုဒ် ၂-ခု အပေါင်းသည်၊ ဝတ္တမာနေ လိုက်လတ်သော်၊ [အာဒိဝုဒ္ဓိ-၌ စပ်။]

**တေသု ဝုဒ္ဓိ၊ ပေ၊ ဒေသာစ။** ။အဝိဟိတ လက္ခဏေသု - မစီရင်အပ် သေးသော သုတ်ရှိကုန်သော၊ တေသု အာဒိ မဇ္ဈုတ္တရေသု - ထို **အစ**, အလယ်, အဆုံးတို့၌၊ ဇိနဝစနာနုပရောဓေန - ဘုရား၏ ပါဠိတော်နှင့် မဆန့် ကျင်သော အားဖြင့်၊ ကွစိ - ၌၊ ဝုဒ္ဓိလောပ အာဂမ ဝိကာရ ဝိပရီတ အာဒေ သာ - ဝုဒ္ဓိပြုခြင်း, ချေခြင်း, လာခြင်း, ဝိကာရ ပြုခြင်း, ဝိပရိတ် ပြုခြင်း, အာဒေသ ပြုခြင်းတို့သည်၊ ဟောန္တိ၊ ဣတိ-ဤသုတ်ဖြင့်၊ သံယောဂန္တေပိ- သံယုဂ်အဆုံးရှိပါသော်လည်း၊ အာဒိ ဝုဒ္ဓိ-အစ၌ ဝုဒ္ဓိအပြုသည်၊ (ဟောတိ)၊ ဣကာရလောပေ - ဣအက္ခရာ ကျေပြီးသော်၊ ချဿ-ယပင့်ရှိသော နှ၏၊

---

ဏျပစ္စည်းသက်၍ အာဒိစ္စကဲ့သို့ "ဒိစ္စ"လည်းပြီးသည်။ [ဋီကာ၌ "အာဒိစ္စော စ ဒေဝေါ, ဒိစ္စောစ အသုရော"ဟု ရှိသင့်၏၊ "အဒိတိစ ဒေဝေါ, ဒိတိစ အသုရော" ကား ပါဌ်ပျက်ဟန်တူသည်။]

(၃၆၉) အတောဏ ဝါသုတ်၌ ဝါသဒ္ဒါဖြင့် "ကုဏ္ဍနိယာ+အပစ္စံ"ဟူသော အနက် ဏျပစ္စည်းသက်,အပစ္စ စသည်ချေ၍"ကုဏ္ဍနီ+ယ"အဝဏ္ဏော ယေ လောပဉ္စ သုတ်၌ စ သဒ္ဒါဖြင့် နီ၌ (ဤ) ကိုချေ၍"ကုဏ္ဍန္ယ"ဟုဖြစ်၏၊"တေသုဝုဒ္ဓိ"သုတ်ဖြင့် ကု၌ ဥကို ဩဝုဒ္ဓိပြု၊ ယဝတံ စသောသုတ်ဖြင့် နျကို ဉ ပြု, ဒွေဘော်လာ, နာမ်ငဲ့ စသည်။

**တေသု အာဒိ၊ ပေ၊ အာဒေသာ ဟောန္တိ**—ဝုဒ္ဓိ ဈသော အရာဝယ် အခြားသုတ် များဖြင့် မပြီးနိုင်လျှင် ဤသုတ်က ပြီးအောင်စီရင်နိုင်၍ စီရင်ရာ နယ်ကျယ်သောကြောင့် "သုတ်ကြီး"ဟုခေါ်ကြ၏၊ ထင်ရှားစေအံ့—ကောဏ္ဍညော၌ "ကုဏ္ဍန္ယ"ဟု ဖြစ်သည့် အခါ"ဏ္ဍ"ဟု သံယုဂ် ဖြစ်နေသောကြောင့်"ကု"ကို ဝုဒ္ဓါဒိ သရဿဝါသုတ်ဖြင့် ဝုဒ္ဓိ မပြုနိုင်၊ ထို့ကြောင့် ဤသုတ်ဖြင့် ဝုဒ္ဓိပြုရသည်၊ ဤသို့လျှင် အခြားသုတ်များဖြင့် မပြီး နိုင်သော ဝုဒ္ဓိစသည်ဝယ် ဤသုတ်က ပြီးအောင် စီရင်၏၊ အခြားသုတ်များဖြင့် ပြီးနိုင်သော အရာ၌လည်း ပဋ္ဌုန္တဂတိကနည်းအားဖြင့် ဤသုတ်က ပြီးစေနိုင်သည်ပင်။

ဝုဒ္ဓိ။ ။"အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ"နှင့်အညီ အ—ဣဝဏ်—ဥဝဏ်တို့ကို အာ— ဧ—ဩပြုခြင်းသည် ဝုဒ္ဓိမည်၏၊ကောဏ္ဍညော၌ အာဒိဝုဒ္ဓိ (အစ၌ဝုဒ္ဓိပြုခြင်း)တည်း၊ အဂ်ိမာဂမိကောဝယ် မာ၌ မဇ္ဈေဝုဒ္ဓိတည်း၊ ဥတ္တရဝုဒ္ဓိကို ဋီကာ၌ မပြ။

**လောပ။** ။"လောပေါ ဝိစ္ဆမာနဿ ဝိနာသော=ထင်ရှားရှိသော အက္ခရာ၏ ကျေပျောက် ပျက်စီးခြင်းသည် လောပမည်၏"— ယိန် ဘာဝေါ ဒုဗ္ဗာဘနော=မိန်းမ တို့၏သဘောကို သိနိုင်ခဲ၏"၌ ဗုတ္တီနိပုဒ်မှ ဗုကို ဤသုတ်ဖြင့်ချေခြင်းသည်အာဒိလောပ။

www.dhammaransi.com



ဉာဒေသော(ဟိ)၊ ကောဏ္ဍေညော–ကုဏ္ဍနီ၏သား၊ ကုရုနော–ကုရုမင်း၏၊ ပုတ္တော, ကောရဗျော၊ တွေ့ာပိ-ဤပြယုဂ်၌လည်း၊ တေနေဝ-ထိုတေသုဝုဒ္ဓိသုတ်ဖြင့်ပင်၊ ဉကာရဿ–ဉ အက္ခရာ၏၊ အဝါဒေသော (ဟောတိ)၊ ဘာတုနော–အစ်ကို၏၊ ပုတ္တော ဘာတဗျော။

---

"ကတ္တုံကာမော"မှ နိဂ္ဂဟိတ်ကိုချေ၍ "ကတ္တုကာမော"ဖြစ်ရာ၌ မဇ္ဈေလောပ၊ [ "ဝိညာဏာနန္တ"မှ န ချေ၍ ဝိညာဏဉ္စဖြစ်ခြင်း–"ဒွါသဋ္ဌိ"မှ သ ချေ၍ ဒွဋ္ဌိ ဖြစ်ခြင်း– "မာတုယာ"မှ ဉ ချေ၍ "မတျာ"ဖြစ်ခြင်းများလည်း မဇ္ဈေလောပပင်၊ ] "ပဋိသမ်ိဒါယ ယောနိသော"၌ ပဋိသမ်ိဒါယမှ ယကို ချေ၍ ပဋိသမ်ိဒါဖြစ်ရာ၌ ဉတ္တရလောပတည်း။

အာဂမ။ ။အဝိဇ္ဇ မာနဿ–ထင်ရှားမရှိသေးသော အက္ခရာ၏၊ ဉပ္ပတ္တိ-ဖြစ်ပေါ်လာခြင်းသည်၊ အာဂမော–မည်၏၊ ဥတ္တံဝယ် ဝ လာ၍ "ဝုတ္တံ"ဖြစ်ရာ၌ အာဒိအာဂမ၊ "ဇာဿရယံ"ဝယ် ဇ လာ၍ ဇာဿရိယံ ဖြစ်ရာ၌ မဇ္ဈေ အာဂမ၊ "ပုရိမ ဇာတိ"ဝယ် နိဂ္ဂဟိတ်လာ၍ "ပုရိမံ"ဟူ၍ဖြစ်ရာ၌ ဉတ္တရအာဂမတည်း၊ [နိဂ္ဂဟီတဉ္စ–ဟူသော သန္ဓိသုတ်ဖြင့်လည်း နိဂ္ဂဟိတ် လာနိုင်သောကြောင့် ပဉ္စနှဂတိကနည်း–ဟု မှတ်။ ]

ဝိကာရ။ ။ဝိဇ္ဇမာနဿဝ–ထင်ရှားရှိနေသော အက္ခရာ၏ပင်၊ အညထာတ္တံ–တမျိုးတဖုံ၏ အဖြစ်သည်ရင်း၊ သံယောဂ ဝိသံယောဂ ကရဏာနိစ–သံယုဂ်ရှိအောင်ပြုခြင်း, သံယုဂ် ကင်းအောင် ပြုခြင်းတို့သည်ရင်း၊ ဝိကာရော-မည်၏၊ "အနိဏ-ကြွေးမြီမရှိသူ"၌ န ကို ဏ, ဇ ကို အ ပြု၍ "အဏဏ"ဟု ဖြစ်ရာ၌ မဇ္ဈေဝိကာရ။ [သကိဒါဂါမိမှ "သကဒါဂါမိ"ဖြစ်ရာ၌လည်း မဇ္ဈေဝိကာရပင်။ ] "န ပဇဟေ ဝဏ္ဏဗလံ ပုရာဏံ–ရှေးဖြစ်သော အဆင်းအားကို မစွန့်ရာ"၌ နပ္ပဇဟေ"ဟု ပ ကို ပ္ပပြုခြင်းသည် ဝိသညောဂကို သံယောဂ ဖြစ်အောင်ပြုသော မဇ္ဈေဝိကာရတည်း။

မှတ်ချက်။ ။ဒွေဘာဝ်လာ၍ သံယောဂဖြစ်အောင်ပြုခြင်းသည် အာဂမ၌ ပါဝင်၏၊ ပဋိသန္ဓာရဝုတျဿ ကဲ့သို့ တ တလုံးချေမှု ဟူသော ဝိသညောဂ ပြုခြင်းလည်း လောပ၌ ပါဝင်၏၊ ဤ၌ကား ပ ကို ပ္ပ ပြုခြင်း, ဏ ၂ လုံးကို ဏ ၁ လုံးပြုခြင်းဟူသော ဝိကာရကို တနည်းပြသည်–ဟု မှတ်။

ဝိပရိတ။ ။"ဩကာရဿ-၏၊ ဉကာရတ္တံ ဉ အဖြစ်သည်ရင်း၊ ဝိပရိယယောစ-အက္ခရာ ရှေ့နောက် ပြန်ခြင်းသည်ရင်း၊ ဝိပရီတော-မည်၏"တဗ္ဗိပရီတုပ ပဒေ သုတ်၌ ပြခဲ့သည့်အတိုင်း ဉဂ္ဂတေ၌ ဉ သည် ဩ၏ ဝိပရိတ်တည်း၊ ဒိဂု၌ ဒိဂေါမှ ဩကို ဉပြုခြင်းလည်း ဝိပရိတ် ပင်၊ အနုပဒိဋ္ဌာနံ သုတ်၌ ပြခဲ့သော အယိရောမှ ရ နှင့် ယ ကို ရှေ့နောက်ပြန်၍ "အရိယော"ဖြစ်ရာ၌လည်း ဝိပရိတ်တည်း၊ ဤဝိပရိတ် ၂ မျိုးလုံးပင် သုတ်ငယ်များဖြင့် ပြီးနိုင်သောကြောင့် ပဉ္စနှဂတိကနည်း–ဟု မှတ်။

အာဒေသ။ ။သရကို သရတမျိုးပြောင်းလွှဲခြင်း, သံယောဂပြုခြင်း, ဝိသညောဂပြုခြင်းဟူသော ဝိကာရမှ ကြွင်းသော ပြုစီရင်မှုသည် အာဒေသမည်၏၊ ထို့ကြောင့် တိရဿမှ တိ ကို တေပြု၍ တေရဿ–ပဉ္စဝီသတိမှ ဉ္စ ကို ဏ္ဏပြု၍ ပဏ္ဏဝီသတိ တို့သည် အာဒိအာဒေသ၊ ဉ ကို အဝ ပြု၍ ကောရဗျသည် မဇ္ဈေအာဒေသ၊ တ ကို ယပြု၍ သကျ

www.dhammaransi.com



(၃၇၀) ဥပဂုဿ-ဥပဂု၏၊ အပစ္စံ-တည်း၊ ဣတိ, ဝိဂ္ဂဟေ(သတိ)။ [သီဟိုဠ်မူနှင့် သက္ကတတို့၌ "ဥပဂု"ဟု ရှိသည်။]

**ဏဝေါ ပဂ္ဂါဒီဟိ။** ။တဿ အပစ္စံ ဣစ္စေတသ္မိံ အတ္ထေ, ဥပဂု မနု ဣစ္စေဝ-မာဒီဟိ-ဥပဂု, မနု ဤသို့ အစရှိကုန်သော၊ ဥကာရန္တေဟိ-ကုန်သော၊ ဂေါတ္တ-ဂဏေဟိ, ဏဝပစ္စယော ဝါ ဟောတိ၊ ဗ-ဆက်၊ တွေ-ဤသုတ်၌၊အာဒိသဒ္ဒာ-၏၊ပကာရဝါစကတ္တာ(သီဠ္၌"ဝါစိတ္တာ")-အတူဟူသောအနက်ကိုဟောသည်၏ အဖြစ်ကြောင့်၊ ဥကာရန္တတော ယေဝ-ဥကာရန္တမှ နောက်၌သာ၊ အယံ-ဤဏဝပစ္စည်းသည် (ဟောတိ)၊ ဩပဂဝေါ-ဥပဂု၏သား၊ ဩပဂဝီ-ဥပဂု၏ သမီး၊ ဩပဂဝံ-ဥပဂု၏ အမျိုး၊ မနုနော-မနုမင်း၏၊ အပစ္စံ-တည်း၊ မာနဝေါ-မနုမင်း၏သား၊ မာနုသောတိ-မာနုသောဟူရာ၌၊ ဏပစ္စယေ-ဏပစ္စည်းကိုရင်း၊ သာဂမေစ-သလာခြင်းကိုရင်း၊ ကဲ့တေ-သော်၊ရူပံ-ရုပ်ဖြစ်၏၊ "ဘဂ္ဂုနော-ဘဂ္ဂု၏၊ ပဏ္ဍုနော-ပဏ္ဍု၏၊ဥပဝိန္ဒုဿ-ဥပဝိန္ဒု၏"ဟုပေး၊ဣစ္စာဒိ-တည်း။[မုဒ္ဒပေါတ၌ ဏိပစ္စည်းဖြင့်"ဩပဝိန္ဒဝိ"ဟုလည်း တွေ့ရ၏။]

(၃၇၁) ဝိဓဝါယ-မုဆိုးမ၏၊ အပစ္စံ, ဣတိအတ္ထေ-၌။

**ဏေရ ဝိဓဝါဒိတော။** ။အပစ္စတ္ထေ ဝိဓဝါဒိတော ဏေရပစ္စယော ဝါ ဟောတိ၊ ဝေဓဿာ-ဤသူမ၏၊ ဝိဂတော-ကင်းသော၊ ဓဝေါ(ပတိ)-

---

ပုတ္တိယသည့် ဥတ္တရ အာဒေသတည်း။ [ဋီကာ ဖွင့်ပုံအတိုင်း ဤဝုဒ္ဓိစသည်၏အဓိပ္ပါယ်ကို ပြထားသည်၊ကြွင်းသောမှတ်ဘွယ်ကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

ကုရုနော၊ပေ၊ဘာတဗျော— "ကုရုနော+အပစ္စံ" အနက်၌ အတော ဏိ ဝါ သုတ်၌ ဝါသဒ္ဒါဖြင့် ဏျပစ္စည်းသက်မှ စသည်ကို စီရင်၍ "ကုရု+ယ"ဟု ဖြစ်သည့်အခါ ဝုဒ္ဓါဒိသရဿဝါဖြင့် ကု၏ ဥ ကို ဩဝုဒ္ဓိပြု, တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် ဥ ကို အဝ်ပြု,ဝ်ကို ယ သို့ ကပ်, ဒေါဓဿစ၌ စ ဖြင့် ဝ ကို ဗပြုလျှင် "ကောရဗျ"ဟု ဖြစ်၏၊ ဘာတဗျလည်း နည်းတူ၊ အာ၌ ဝုဒ္ဓိ မပြုရခြင်းသာ ထူးသည်။

(၃၇၀) မာနုသောတိ၊ပေ၊ရူပံ—မနုနောင်ဏပစ္စည်းသက်, "မာနု+အ"ဟုဖြစ်သောအခါ သုတ်ကြီးဖြင့်ဖြစ်စေ, သသရေဝါဂမောသုတ်၌ မနောဂိဏ်း မဟုတ်၍ အလိုက်ကို ကြည့်သော ဝိနာမိကာရ ယောဂဝိဘာဂဖြင့် ဖြစ်စေ (သ်) လာလျှင် "မာနုသ"ဟု ဖြစ်၏၊ မောဂ္ဂလ္လာန်၌ကား သဏ်ပစ္စည်းသက်၍ ရုပ်တွက်သည်။ ["မနုဿော"ဟု ရှိသည်ကား ပါဠ်ပျက်၊ ဏပစ္စည်းသက်လျှင် ဝုဒ္ဓိပြုရမည်ဖြစ်၍ "မာနုသော"ဟုရှိရမည်၊မနုဿပြီးပုံနှင့်တကွအခြားမှတ်ဘွယ်ကိုကစ္စည်းဋီကာမှာရှု။]

www.dhammaransi.com



လင်သည် (အတ္ထိ)၊ ဣတိ, ဝိဓဝါ-မည်၏၊ ဝေဓဝေရော-မုဆိုးမ၏သား၊ ဗန္ဓကိယာ - လင်ငယ်နေသော မိန်းမ၏၊ အဘိသာရိကာယာ - ရီးစား၏ ချိန်းချက်ရာသို့ သွားသော မိန်းမ၏၊ ပုတ္တော-သည်၊ ဗန္ဓကေရော-မည်၏၊ သမဏာယ ( ဥပဇ္ဈာယယာ ) - ဥပဇ္ဈာယ်ရဟန်း၏၊ ပုတ္တဋ္ဌာနိယတ္တာ-သား အရာ၌ တည်သူ၏အဖြစ်ကြောင့်၊ ပုတ္တော-တည်း၊ ဣတိ, သာမဏေရော-မည်၏၊ နာဋိကေရော - နာဋိကာမည်သော မိန်းမ၏သား၊ ဣစ္စာဒိ - တည်း၊ အပစ္စတဒ္ဓိတံ - အပစ္စတဒ္ဓိတ်သည်၊ နိဋ္ဌိတံ။

---

(၃၇၁) ဝိဓဝါဒိတော၌ အာဒိဖြင့် ဏေရပစ္စည်းသက်၍ ပြီးကောင်းသောဗန္ဓကီ, သမဏာ, နာဋိကေရတို့ကို ယူ၊ ဝိဓဝါ၌ ဓဝသဒ္ဒါသည် "ပတိ–လင်"အနက်ဟော ဟု သိစေလို၍ "ဓဝေါ(ပတိ) ဟု ဖွင့်သည်၊ ကင်းသော လင်ရှိသော လင်နှင့် ကင်းသော မုဆိုးမ ဖြစ်နေသော မိန်းမသည် ဝိဓဝါမည်၏၊ ထို မုဆိုးမ၏သားသည် "ဝေဓဝေရ" မည်၏၊ ["သုက္ကဇ္ဈုပိ ဝေဓဝေရော"ဟူသော မဟာကစ္စာ၏တတ်၌ "ဝေဓဝေရ"ကား "မုဆိုးမသား"အနက်ကို မဟော၊ မုဆိုးမကို သွားလာသော ယောကျ်ားကို ဟော၏၊ ဝိဓဝါ သဒ္ဒူပပဒ "ဤရ"ဓာတ်ဖြင့် ပြီးသောပုဒ်တည်း။ဝိဓဝံ–မုဆိုးမကို၊ဤရန္တိ ဂစ္ဆန္တိ-သွားလာတတ်ကုန်၏၊ ဣတိ, ဝေဓဝေရာ–တို့မည်၏၊ "ဝိဓဝံ ဤရတိ ဂစ္ဆတီတိ ဝေဓဝေရော"ဟူသောဋီကာလည်း၌"ဝေဓဝေရော"ကိုမှတ်ချက်သဘောအားဖြင့်ဖွင့်ခြင်း သာတည်း၊ သုတ်၌ပါသော "ဝေဓဝေရော"ကို ဖွင့်ခြင်းမဟုတ်၊ သဒ္ဒနီတိ၌ "ဝိဓဝါယ အတ္ထိကော ဝေဓဝေရော–မုဆိုးမကို အလိုရှိသူ"ဟု တနည်းဖွင့်ပြသေး၏။]

**ဗန္ဓကိယာ အဘိသာရိကာယ**—ဤ၌ ဗန္ဓကီကို"အဘိသာရိကာ"ဟုဖွင့်ခြင်းသည် ဆင်ခြင်ဘွယ်တည်း၊ အဘိဓာန်၌"ကုလဋ္ဌာတု စ ဗန္ဓကီ=သယောက်လင် (လင်ငယ်) နေသော မိန်းမ"ဟုငင်း "ဓဝတ္ထိနီ တု သင်္ကေတံ, ယာတိ ယာ သာဘိသာရိကာ=လင် လိုချင်၍ ရီးစား၏ချိန်းချက်ရာအရပ်သို့လိုက်သွားသောမိန်းမ"ဟုငင်းဆို၏၊ ထို့ကြောင့် ဗန္ဓကီနှင့် အဘိသာရိကာသည် အချင်းချင်း ပရိယာယ် မဟုတ်ချေ၊ ["ဗန္ဓကီ"ကား ပါဠ်ပျက်။] "ဗန္ဓကေရော–လင်ငယ်နေသောမိန်းမ၏ သား"။

**သမဏာယ၊ပေ၊သာမဏေရော**—သာသနာတော်၌ ဥပဇ္ဈာယ်ဆရာသည် မိဘ၏အရာ၌ တည်၏၊ ထို့ကြောင့် "သမဏာ"ဟု သာမည်ရှိသော်လည်း ဥပဇ္ဈာယ် သမဏာကို ယူစေလို၍ "ဥပဇ္ဈာယာယ"ဟု ဖွင့်သည်၊ ထိုဥပဇ္ဈာယ်၏ သားအရာ၌ တည်သောကြောင့် "သမဏာယ+အပစ္စံ" အရ " သာမဏေရ" မည်ကြသည်၊ "သမဏိယာ-ဥပဇ္ဈာယ် ရဟန်းမ၏+အပစ္စံ-သမီးတည်း"အရသာမဏေရီ-သာမဏေမ ဟု ဣတ္ထိလိင် ဖြစ်၏၊ [ဋီကာ၌"သမဏေန-ဥပဇ္ဈာယ် ဆရာရဟန်းသည်၊ ဤရေတဗ္ဗော (ပဝတ္တေတဗ္ဗော) - ဖြစ်စေထိုက်သူသည်၊ သာမဏေရော–မည်၏" ဟု ဖွင့်သည်ကား ဤသုတ်၏အတွက် မဟုတ်, သမဏ သဒ္ဒူပပဒ ဤရဓာတ်ဖြင့် ရုပ်အမျိုး ပြီးနိုင်ပုံကို ပြသော မှတ်ချက်သာ။]

www.dhammaransi.com



## အနေကတ္ထတဒ္ဓိတ်

(၃၇၂) တိလေန-နှမ်းဖြင့်၊ သံသဋ္ဌံ-ရောအပ်သော အစာတည်း၊ ဣတိ ဝိဂ္ဂဟော(သတိ)၊

**ယေန ဝါ၊ ပေ၊ ဏိကော။** ။ယေန ဝါ-အကြင် ဝတ္ထုဖြင့်မူလည်း၊ သံသဋ္ဌံ-ရောနှောအပ်၏၊ ယေန ဝါ-အကြင်ဝတ္ထုဖြင့်မူလည်း၊ တရတိ-ကူး၏၊ ယေန ဝါ-ဖြင့်မူလည်း၊ စရတိ-လှည့်လည်၏၊ ယေန ဝါ, ဝဟတိ-ရွက်ဆောင်၏၊ တ တီ ယ န္တ တော - တ တိ ယာ ဝိဘတ် အ ဆုံး ရှိသော၊ တတောလိင်္ဂမှာ-ထို လိန်မှ နောက်၌၊ သံသဋ္ဌာဒီသု-သံသဋ္ဌ အ စ ရှိ ကုန်သော၊ တေသု အတ္ထေသု-ထို အနက်တို့၌၊ ဏိကပစ္စယော ဝါ ဟောတိ၊ တေလိကံ-နှမ်းဖြင့် ရောစပ် အပ် သော၊ ဘော ဇနံ-ဘော ဇဉ် တည်း၊ တိလေန-ဖြင့်၊ အဘိသင်္ခတံ-စီမံအပ်သော ဘောဇဉ်၊ ဣတိ အတ္ထော၊ တေလိကီ-နှမ်းဖြင့် ရောစပ်အပ်သော၊ ယာဂု-ယာဂု၊ ဂုဠေန-တင်လဲဖြင့်၊ သံသဋ္ဌံ-ရောအပ်သော အစာတည်း၊ ဂေါဠိကံ-အစာ၊ ဃဲ, ဃာတိကံ-ထောပတ်ဖြင့် ရောစပ်အပ်သော အစာ၊ ဒါဓိကံ-နို့ ဓမ်းဖြင့် ရောအပ်သော အစာ၊ မာရိစိကံ-ငရုပ်သီးဖြင့် ရောအပ်သော အစာ၊ လောဏိကံ-ဆားဖြင့်

---

(၃၇၂) တတော တတိယန္တတောလိင်္ဂမှာ—သုတ်၌ "ယေန"ကို "သံသဋ္ဌ—တရတိ—စရတိ—ဝဟတိ"၄ ပုဒ်နှင့် စပ်၊ ထို"ယေန" ဖြင့် "တိလေန—ဂုဠေန၊ပေ၊ သီသေန"ဟု ပုံစံ၌ ပြထားသော တတိယန္တ လိန်စုကို ညွှန်ပြသည်၊ ထို တတိယန္တ ဖြစ်သော "တိလေန"စသော လိန်မှ နောက်၌ "သံသဋ္ဌ—တရတိ—စရတိ—ဝဟတိ" အနက်များဝယ် ဏိကပစ္စည်း သက်သည်။ [ဤတဒ္ဓိတ်၌ ရုပ်ဘွက်ပုံမှာ မခက်တော့ပြီ၊ "တိလေန+သံသဋ္ဌံ"ဟု ဝါကျဖြစ်စေပြီးနောက် အပစ္စတဒ္ဓိတ်ကိုမှီ၍ ရုပ်တွက်လေ။]

**တေလိကံ ဘောဇနံ၊ပေ၊အတ္ထော**—"ဘောဇနံ"သည် တေလိကံ၏ အဘိဓေယျ (ဟောနက်)ဖြစ်ကားတည်း၊ "နှမ်းဖြင့် ရောအပ်သောအစာ"ဟူသည် နှမ်းဖြင့် စီမံပြုလုပ်အပ်သော (နှမ်းဖြူးထားသော ကောက်ညှင်း စသော) အစာတည်း—ဟု သိစေလို၍ "တိလေန အဘိသင်္ခတံ"ဟု အဓိပ္ပါယ်နက် ပြပြန်သည်။ [ဏာဝ ဏိက ဏေယျ ဏ န္တုပြဟိ သုတ်ဖြင့် ဏိကပစ္စယန္တ နောင် ဤ ပစ္စည်း သက်ရကား ဣတ္ထိလိန်၌ "တေလိကီ"ဟု သီဟိုဠ်မူအတိုင်း ရှိစေ၊ "ပဉ္စသတိကာ (ပဉ္စသတိကာ သံဂါယနာ)" ဟု ရှိသောကြောင့် အာပစ္စည်းဖြင့်"တေလိကာ"ဟု ရှိလျှင်လည်း ပါဠိမှားမဟုတ်၊] ဃတံ—ထောပတ်၊ ဒဓိ (နပုလ္လိန်)—နို့ဓမ်း၊ မရိစံ—ငရုပ်သီး၊ လောဏံ—ဆား။ [ကျေသောပုဒ်ကိုစွဲ၍ တဒ္ဓိတ်နာမည် တပ်လေ့ရှိသောကြောင့် သံသဋ္ဌပုဒ် ကျေသော တဒ္ဓိတ်ကို "သံသဋ္ဌ တဒ္ဓိတ်"ဟုခေါ်။] သံသဋ္ဌံကို အဘိသင်္ခတံ ဟု ရူပသိဒ္ဓိဖွင့်ရာ၌ မှာဘွယ် အဓိပ္ပါယ်ကို ကစ္စည်း ဘာသာဋီကာမှာ ရှု။

www.dhammaransi.com



ရောအပ်သောအစာ၊ နာဝါယ-လှေဖြင့်၊ တရတိ-ကူးသွားတတ်၏၊ ဣတိ နာဝိကော-မည်၏၊ ဥဠုမ္ပေန-ဖောင်ဖြင့်၊ တရတိ ဣတိ ဩဠုမ္ပိကော၊ ဝုဒ္ဓိ အဘာဝပက္ခေ-ဝုဒ္ဓိမဖြစ်ရာအဘို့၌၊ ဥဠုမ္ပိကော-ဥဠုမ္ပိကောဟု ဖြစ်၏၊ ဧဝံ, ကုလ္လိကော-ဖောင်ဖြင့် ကူးသွားသူ၊ ဂေါပုစ္ဆိကော-နွားမြီးဖြင့် ကူးသွားသူ၊ သကဋေန-လှည်းဖြင့်၊ စရတိ-လှည့်လည်တတ်၏၊ ဣတိ, သာကဋိကော-(လှည်းသမား)မည်၏၊ ဧဝံ, ပါဒိကော-ခြေဖြင့် လှည့်လည်သူ (ခြေလျင်သွားသူ)၊ ဒဏ္ဍိကော-ဒုတ်ဖြင့်လှည့်လည်သူ (ဒုတ်ထောက်၍လှည့်လည်သူ)၊ ဓမ္မေန-အသင့်အားဖြင့်၊စရတိ(ပဝတ္တတိ)-ဖြစ်တတ်၏၊ဣတိ, ဓမ္မိကော၊သီသေန-ဦးခေါင်းဖြင့်၊ ဝဟတိ-ရွက်ဆောင်တတ်၏၊ ဣတိ, သီသိကော၊ ဝါဂ္ဂဟဏေန-ကြောင့်၊ ဤကာရဿ-သီ၌(ဤ)အက္ခရာ၏၊ ဝုဒ္ဓိ-သည်၊ နဟောတိ၊ ဧဝံ, အံသိကော, ခန္ဓိကော-ပခုံးဖြင့် ထမ်းဆောင်သူ၊ ဟတ္ထိကော-လက်ဖြင့်ယူဆောင်သူ၊ အင်္ဂုလိကော-လက်ချောင်းဖြင့်ယူဆောင်သူ၊ ပုန-တဖန်၊ ဝါဂ္ဂဟဏေန-ဖြင့်၊

---

တရတိ တဒ္ဓိတ်။ ။“နာဝိကော၊ပေ၊ဂေါပုစ္ဆိကော”တို့သည် တရတိ အနက်၌ ဏိက ပစ္စည်းသက်၍ တရတိပုဒ် ကျေသော “တရတိ တဒ္ဓိတ်”တည်း၊ဥဠုမ္ပ-ဟူသည် ပေါ့ပါးသော သစ်ချောင်းများကို စို့ရိုက်၍ ပြုလုပ်ထားသော “ဖောင်”တမျိုးတည်း၊ ကုလ္လ-ဟူသည်ကား ဝါး-ကြူ စသည်ကို နွယ် စသည်ဖြင့် တုပ်နှောင်၍ ဖွဲ့ထားသော ဝါးဖောင် ကြူဖောင်တည်း၊ [လဟုကေ ဒါရုဒဏ္ဍေ ဂဟေတွာ ကဝါဋ္ဌဖလကေ ဝိယ (တံခါးရွက် ပျဉ်ချပ်တို့ကဲ့သို့)အညမညံ သမ္ဗန္ဓေ ကာတုံ အာဏိယော ကောဋ္ဋေတွာ နာဝါသဏ္ဌာနေ ကတံ ဥဠုမ္ပံ၊ဝေဠု နဠာဒိကေ သင်္ဃရိတွာ ဝလ္လိအာဒီဟိ ကလာပဝသေန ဗန္ဓိတွာ ကတံ ကုလ္လံ၊(သုဘ်မဟာဝါ ပရိနိဗ္ဗာနသုတ်ဋီကာ)။] အမြီးဟော ပုစ္ဆသဒ္ဒါသည် ပုံး-နပုံးတည်း၊ ဂေါပုစ္ဆော, ဂေါပုစ္ဆံ-နွားမြီး၊ နွားမြီးဆွဲ၍ ကူးသွားသူကို“ဂေါပုစ္ဆိက”ဟုခေါ်သည်။ [ဤတရတိ တဒ္ဓိတ် စသည်၌ “နာဝါ+တရ”ဟု မဘည်ဘဲ“နာဝါယ+တရတိ”ဟု တခါတည်း ဝါကျပြီးပြီး အနေအားဖြင့် ရုပ်တည်ပါ၊ မောဂ္ဂလ္လာန်ရုပ်တွတ်ပုံအတိုင်းဆိုလျှင် ထိုသံသဋ္ဌ-တရတိစသော နောက်ပုဒ်များကိုပင် ရုပ်တွက်ရာ၌ ရေးဘွယ်မလို။]

စရတိတဒ္ဓိတ်။ ။ပါဒေါ-ခြေ၊ ဒဏ္ဍော-ဒုတ်၊ ဓမ္မေနကို“ဉာယေန”ဟု ဋီကာဖွင့်၏၊ စရတိကိုလည်း “လှည့်လည်”အနက်ကိုမယူဘဲ ဖြစ်ခြင်းအနက်ကို ယူစေလို၍ “ပဝတ္တတိ”ဟုဖွင့်သည်၊ တရားသဖြင့်ဖြစ်သူ, သင့်တော်သော နည်းလမ်းဖြင့် ဖြစ်သူကို “ဓမ္မိက”ဟုခေါ်သည်၊ [တရားကျင့်သူကိုဟောသော“ဓမ္မိက”သဒ္ဒါကား ဤသုတ်နှင့် မဆိုင်၊နောက်သုတ်နှင့်သာဆိုင်၏၊ “ဓမ္မံ စရတီတိ ဓမ္မိကော”ဟုပြု။]

ဝဟတိ တဒ္ဓိတ်။ ။“ဝါဂ္ဂဟဏေန ဤကာရဿ (သီမှု၌“ဣမ-ဤပြယုဂ်၌”ဟုရှိ၏), “ဝုဒ္ဓိ နဟောတိ” ဟူရာ၌ “ဝုဒ္ဓါဒိ သရဿဝါ” သုတ်လာ ဝါသဒ္ဒါကို ဆိုသည်၊

www.dhammaransi.com



အညတ္ထေသုပိ–အခြားအနက်တို့၌လည်း၊ ဏိက ပစ္စယော(ဟောတိ)၊ ပရဒါရံ–သူတပါးမယားကို၊ ဂစ္ဆတိ–သွားလာတတ်၏၊ ဣတိ ပါရဒါရိကော၊ ပထံ–လမ်းကို–ဂစ္ဆတိ–သွားတတ်၏၊ ဣတိ ပထိကော။

(၃၇၃) ဝိနယံ-ဝိနည်းကို၊ အဓီတေ–သရဇ္ဈာယ်တတ်၏၊ ဝါ–တနည်း၊ အဝေစ္စ–ဉာဏ်ဖြင့်သက်ဝင်၍၊ အဓီတေ–၏၊ ဣတိ,ဝိဂ္ဂဟေ(သတိ) [“ဏိက–ပစ္စယော ဟောတိ”၌စပ်၊]ဏိကောတိ ဝတ္တတေ။

**တမဓီတေ ၊ ပေ ၊ ဓိဝိကတ္ထေသုစ။** ။ဣဒံ – ဤသုတ်သည်၊ စတုပဒံ–၄ ပုဒ်ရှိ၏၊ တံ–လိုကျမ်းဂန်ကို၊ အဓီတေ–သရဇ္ဈာယ်တတ်၏၊ ဣတိအတ္ထေ–ဤအနက်၌ရင်း၊ တေနကတာဒိသု – ထိုဖြင့် ပြုအပ်အစရှိကုန်သော၊ အတ္ထေ

---

သိသိကော၌ ဏ အနုဗန်ရှိသော ပစ္စည်းလည်းနှောင်း သိ၌ (ဤ) လည်းရှိရကား ထိုသုတ်ဖြင့် ဝုဒ္ဓိပြုသင့်သော်လည်း ဝါသဒ္ဒါမြစ်သောကြောင့်ဝုဒ္ဓိမပြုရ–ဟူလို၊ အံသော–ခန္ဓောတို့သည်“ပခုံး”အနက်ဟောချည်းတည်း၊ဟာတ္ထော–လက်၊ အင်္ဂုလိ (ဇုတ္တိလိန်)-လက်ချောင်း။

**ပုန ဝါဂ္ဂဟဏေန၊ပေ၊ပထိကော**—ဝါဏပစ္စေသုတ်မှ လိုက်သော ဝါရှိလျက် ဝါသဒ္ဒါကိုထပ်၍ဆိုသဖြင့်သဒ္ဒါပိုရကား ထို ဝါသဒ္ဒါသည် သံသဋ္ဌစသော အနက်များမှ အခြားသော ဂစ္ဆတိစသော အနက်၌လည်း ဏိကပစ္စည်းသက်ဘို့ရန် အတ္ထန္တရ ဝိကပ်(အနက်တမျိုးကိုစီရင်ခြင်း) အနက်ရှိသည်ဟူလို၊ လိုက်လာသော ဝါသဒ္ဒါကား ဏိက ပစ္စည်း မမြဲသောကြောင့် “တေလိကံ”ဟူသော တဒ္ဓိတ်အပြင် “တိလေန+သံသဋ္ဌံ” စသော ဝါကျလည်း ရှိနိုင်ဘို့ရန် ဝိကပ်ပြုသည်။

(၃၇၃) **ဝိနယ၊ပေ၊ဝိဂ္ဂဟေ**—ဝိနည်း မတတ်သေးခင် သင်နေသူ (ရွတ်အံ-နေသူသည်“ဝိနယံ အဓီတေ”အရ ဝေနယိကမည်၏၊ အဓီတေ၌ “အဓိပုဗ္ဗ,ဣဓာတ်” သည် သရဇ္ဈာယ် (ရွတ်အံ) ခြင်း အနက်ဟောတည်း၊ ဝိနည်း တတ်သိ ပြီးနောက် မကြာမကြာ ရွတ်အံနေသူသည် “ဝိနယံ အဝေစ္စ အဓီတေ”အရ ဝေနယိက မည်၏၊ “ဉာဏ်ဖြင့် သက်ဝင်၍ သိ၍ သရဇ္ဈာယ်သူ”ဟူလို။

**မှတ်ချက်။** ။သက္ကတဗျာကရဏ်းတို့၌“ဝေတ္တျာ·ဓိတေဝါ”ဟုပြလေ့ရှိ၏၊ ထိုတွင် ဝေတ္တိသည် ဝိဒတိ (သိ၏) ကြိယာနှင့်ညီမျှ၏၊ထိုအလို“ဝိနယံ+ဝိဒတီတိဝေနယိကော, ဝိနယံ+အဓီတေတိဝါ ဝေနယိကော”ဟု ဝိဂ္ဂြိုဟ် ၂-မျိုးပြသင့်၏၊ဤရူပသိဒ္ဓိ၌“အဝေစ္စ အဓီတေ”ဟူသော နည်းလည်း “ဝေတ္တိ” နှင့် သဘောတူ၏၊ ထို့ကြောင့် “အဝေစ္စ အဓီတေဝါ”သည် သက္ကတ၌“ဝေတ္တျာ·ဓိတေဝါ”ကိုပင် ကူးမှားလေရော့သလားဟု တွေးဆဘွယ်ရှိသည်။ [သီလက္ခန် အဘိဓာနသုက် အဋ္ဌကထာ၌လည်း “ဗျာကရဏံ အဓီတေ, ဝိဒတိစာတိ”ဟုပါ၍မှန်ရှိရမည်၊ ဋီကာသစ်၌ ပါဌ်ပျက် အနက်ပျက်၏။]

www.dhammaransi.com



သုစ–ဎင်း၊ တမှိ–ထိုဥ္၌၊ သန္ဓိခာနေ–စွဲကပ်တည်နေသောအနက်၊ တတ္ထ–ထိုဥ္၌၊ နိယုတ္တော–ယှဉ်သောအနက်၊ တံ–ထိုသည်၊ အဿ–ထိုသူ၏၊ သိပ္ပံ–အတတ်၊ တံ–ထိုသည်၊ အဿ–၏၊ ဘဏ္ဍံ–ဘဏ္ဍာ၊ တံ, အဿ, ဇီဝိကာ–အသက်မွေး ဝမ်းကြောင်း၊ ဣစ္စေတေသု အတ္ထေသု–ဤ အနက်တို့၌ဎင်း၊ ဒုတိယာဒိ ဝိဘတျန္တေဟိ–ဒုတိယာဒိဝိဘ-တ်အဆုံးရှိကုန်သော၊ လိင်္ဂေဟိ ဏိကပစ္စယော ဝါ ဟောတိ၊ ဝေနယိကော–ဝိနည်းကို သရဇ္ဈာယ်သူ၊ ဇေ, သုတ္တန္တိကော–သုတ္တန်ကို သရဇ္ဈာယ်သူ၊ အာဘိဓမ္မိကော–အဘိဓမ္မာကို သရဇ္ဈာယ်သူ။

(၃၇၄) ဗျာကရဏံ – ဗျာကရဏ်းကျမ်းကို၊ အဓီတေ – သင်အံတတ်၏၊ ဣတိအတ္ထေ–၌၊ ဏိကပစ္စယာဒိမှိ–ဏိကပစ္စည်း အစရှိသည်ကို၊ ကတေ–သော်၊ [“မာဝုဒ္ဓိ, ဝုဒ္ဓိအာဂမော”တို့၌စပ်၊ ] ဝုဒ္ဓါဒိသရဿ ဝါ သံယောဂန္တဿ သဏေစာတိ-သုတ်သည်၊ ဝတ္တမာနေ-သော်၊....

---

စတုပဒမိဒံ—“တံ+အဓီတေ+တေနကတာဒိ၊ပေ၊ တ္တေသု+စ” ဤသို့ အားဖြင့် ဤသုတ်သည် ၄ ပုဒ်ရှိ၏၊ တေန ကတာဒိ၌ တေနနှင့် ကတသည် (တေန၌ နာဝိဘတ် မကျေသော) အလုတ္တသမာသ်ဖြစ်၍ “တေနကတာဒိ”မှ “ဇီဝိကတ္တေသု” အထိ သမာသ်ပုဒ်ကြီး တပုဒ်သာ တည်း။

တမဓီတေ၊ပေ၊ဏိကပစ္စယော—“တံ”ဖြင့် ဝိနယံ စသော ဒုတိယာ ဝိဘတ် ဆုံးသောလိင်ကို ညွှန်ပြ၏၊ တေနဖြင့်“ကာယေန”စသော တတိယန္တလိင်ကို ညွှန်ပြ၏၊ ဤတေနမှ တ သဒ္ဒါသည် ဝိဘတ်ပြင်၍ သန္ဓိခာန စသည်၌လည်းလိုက်၏၊ ထို့ကြောင့် တတ္ထ စသည်ဖြင့်ထည့်၍ ဝုတ္တိဖွင့်နိုင်သည်၊ ထို တတ္ထ စသည်တွင် တတ္ထဖြင့် “သရီရေ” စသော သတ္တမျန္တလိင်ကို ညွှန်ပြ၏၊ တမဿ၌ တံ ဖြင့် ဝိဏာ စသော ပဌမန္တလိင်ကို ညွှန်ပြ၏၊ ဤသို့ ဒုတိယာ စသော ဝိဘတ်များ ဆုံးလျက်ရှိသောလိင်မှ နောက်၌ “အဓီတေ”စသော အနက်ဝယ် ဤသုတ်ဖြင့် ဏိက ပစ္စည်းသက်။ [သန္ဓိခာန သဒ္ဒါကို သူချည်း သက်သက် နပုံလိင် ဇီဝိကာကို ဣတ္ထိလိင်–ဟု ထောမနိဓိ ဆိုသောကြောင့် “တမဿ သန္ဓိခာနံ, တမဿ ဇီဝိကာ”ဟု ရှိသင့်၏၊] “သုတ္တန္တံ အဘိဓမ္မံ အဓီတေ သုတ္တန္တိကော, အာဘိဓမ္မိကော”ဟု ပြု၊ ရုပ်တွက်ပုံမှာ သိသာပြီ။

(၃၇၄) ဗျာကရဏံ အဓီတေ—ဗျာကရဏ၌ ဝိ-အာ–ပုဗ္ဗ, ကရဓာတ်, ယုပစ္စည်းတည်း၊ဇုဝဏ္ဏော ယံ နဝါ သုတ်ဖြင့် ဣ ကို ယ ပြု–ဝကို ဗ ပြု၍ “ဗျာ”ဟုဖြစ်၏၊ တံတံ သဒ္ဒံ တဒတ္ထဉ္စ ဗျာကရောတိ အာစိက္ခတိ ဓောနာတိ ဗျာကရဏံ (သီလက္ခန် ဋီကာ)၊ ထိုထို သဒ္ဒါကိုဎင်း ထိုသဒ္ဒါ၏ အနက်ကိုဎင်း ဆိုကြောင်းဖြစ်သော သဒ္ဒါ ကျမ်းသည် ဗျာကရဏမည်၏၊ တနည်း–ဗျာကရီယန္တေ ဗျုပ္ပါဒိယန္တေ ပတိပါဒိယန္တေ သဒ္ဒါယေနာတိ ဗျာကရဏံ (ထောမနိဓိ)၊ယေန-အကြင်ကျမ်းဖြင့်၊သဒ္ဒါ-တို့ကို၊ဗျာကရီ

www.dhammaransi.com



**မာယူန မာဂမော ဌာနေ။** ။ဌာနေ–သင့်လျော်ရာဌာန၌၊ အာဒိဘူတာနံ· အစဖြစ်၍ ဖြစ်ကုန်သော၊ အသံယောဂန္တာနံ – ကုန်သော၊ ဠ ဥ ဠတိ– ဠ ဥ ဟူကုန်သော၊ တေသံ–ဤသရတို့၏၊ ဝုဒ္ဓိ–သည်၊ မာဟောတိ–မဖြစ်၊ တဗ္ဗြေဝ–ထို ဝုဒ္ဓိပြုရမည့်အရာ၌ပင်၊ ဝုဒ္ဓိအာဂမောစ – ဧ ဩ ဝုဒ္ဓိ လာခြင်း သည်သာ၊ ဟောတိ၊ ဣတိ–ဤသုတ်ဖြင့်, ကောရ ဝုဒ္ဓါဂမော–ဧ ဝုဒ္ဓိ လာ။

စ–ဆက်၊ ဧတ္ထ–ဤသုတ်၌၊ ဌာနေတိ – ဌာနေ ဟူ၍၊ ဝစနာ–ဆိုခြင်း ကြောင့်၊ ယူနံ–ဠ ဥတို့၏၊ အာဒေသ ဘူတတော–အာဒေသ ဖြစ်၍ ဖြစ်ကုန် သော၊ ယဝေဟိ–ယ ဝ တို့မှ၊ ပုဗ္ဗေဝ–ရှေ့၌သာ၊ ဧ ဩ ဝုဒ္ဓိယော–ဧ ဩ ဝုဒ္ဓိတို့သည်၊ အာဂမာ–လာကုန်သည်၊ ဟောန္တိ။

---

ယန္တေ့၊ပေ၊ပတိ ပါဒိယန္တေ-မှန်ကန်သော သဒ္ဒါဖြစ်အောင် ပြီးစေအပ်ကုန်၏၊ ဣတိ, တံ–ထိုကျမ်းသည်၊ ဗျာကရဏံ–မည်၏၊ သဒ္ဒါကို မှန်ကန်အောင်ပြတတ်သော သဒ္ဒါ ကျမ်းကို "ဗျာကရဏ" ဟုခေါ်၏၊ပါဏိနိဗျာကရဏ်း,ကာတန္တ (ကလာပ) ဗျာကရဏ်း မုဒ္ဓဗောဓ ဗျာကရဏ်း– သွာရသွတ ဗျာကရဏ်း စသည်ဖြင့် ယခုတိုင် ထင်ရှားသော သဒ္ဒါကျမ်းတည်း၊ ပါဠိသဒ္ဒါကျမ်းများလည်း "ကစ္စာယန ဗျာကရဏ" စသည်ဖြင့် နာမည် ရနိုင်သည်ပင်၊ ထိုဗျာကရဏကို သင်အံသူသည်ရင်း တတ်ကျွမ်းသူသည်ရင်း "ဝေယျာကရဏိက"မည်၏။

**ဠူဥ ဠုဓ္ဓေတေသံ၊ပေ၊ဌာနေ**—[ယူနံကို"ဠဥ ဠုဓ္ဓေတေသံ"ဟု ဖွင့်၊ယုကို"ဠ+ ဥ"ဟု ပုဒ်ဖြတ်ပါ–ဟူလို၊ အာဒိဘူတာနံ စသည်ကား ဝုဒ္ဓါဒိသရဿဝါမှ လိုက်သော ပုဒ်များတည်း၊ဗျာကရဏကိုသက္ကတ၌"ဗျာကရဏ"ဟု ဝ+ယ တွဲ၍ ရေး၏၊ ထိုအရေး အတိုင်းသာ ရုပ်စီရင်ရာ၌ မှန်ကန်သည်၊ ဘာ့ကြောင့်နည်း ဗျာအတိုင်းမှန်လျှင် ဗကို တဘန် ဝပြုရမည်ဖြစ်၍ ဗမှ ဝပြန်ရိုးမရှိသောကြောင့်တည်း၊] "ဗျာကရဏံ+အဓိတေ" ဟူသော အနက်၌"တ မဓိတေ"သုတ်ဖြင့် ဏိကပစ္စည်းသက်၊ ဏ် အနုဗန္ဓ် စသည်ချေ (ဗျာကရဏိက) ဤ၌ ဠသရမရှိတော့ချေ၊ သို့သော် ဗျာ၌ ယသည် ဝိမှ ဠကိုပြုထားသော ယတည်း၊ "တဒါဒေသာ တဒိဝ ဘဝန္တိ=ထို အာဒေသတို့သည် ထို မူလအာဒေသီကဲ့သို့ ဖြစ်ကုန်၏"ဟူသော ပရိဘာသာနှင့်အညီ, ဣ ကို အာဒေသ"ယ"ကိုပင် မူလအာဒေသီ ဖြစ်သော"ဠ"ဟုမှတ်၊မာယူန မာဂမောဌာနေသုတ်ဖြင့် ထိုဠ၏ ဧဝုဒ္ဓိအပြုကိုတားမြစ်၍ ဝုဒ္ဓိပြုရမည့် အရာဝယ် ဧဝုဒ္ဓိလာ, ပရဒ္ဓေဘာဝေါသုတ်ဖြင့် ယ ဒွေဘော်လာ"ဝေယျာ ကရဏိက" နာမ်ငွဲ့ စသည်စီရင်။

**ဌာနေတိ၊ပေ၊အာဂမာ**—သုတ်၌ "ဌာနေ–သင့်လျော်ရာဌာန၌"ဟု ဆိုသော ကြောင့် "သင့်လျော်ရာ ဌာန၌သာ ထိုဝုဒ္ဓိကို တားမြစ်၍ ဝုဒ္ဓိလာသည်၊ တွေ့ရာ မြင်ရာ ဌာန၌ ဝုဒ္ဓိလာသည်မဟုတ်"ဟု သိသာပြီ၊ထိုဌာနဟူသည် အဘယ်နည်း-ဟု မေးဘွယ် ရှိသောကြောင့် ဤဂါထာကို မိန့်သည်၊ ဤသုတ်၌ "ဌာနေ"ဟု ဆိုထားသောကြောင့် ဠ ဥတို့၏ အာဒေသဖြစ်သော ယ ဝ တို့၏ ရှေ့ဌာန၌ ဧ ဩ ဝုဒ္ဓိလာသည်၊ ဌာနဟူသည်

www.dhammaransi.com



ဝုဍ္ဎိတော-ဝုဍ္ဎိမှ နောက်၌၊ ["ဝုဍ္ဎိတေ"ဟု တချို့ရှိ၏၊ ဝဍ္ဎဓာတ် တိပစ္စည်းဖြင့် ပြီးသောကြောင့် "ဝုဍ္ဎိတ"ဟု ကိတ်ပုဒ် မရှိနိုင်ပုံကို ဒွေဘာသာရေသုတ်၌ ရုပ်များပြီးပုံကို ကြည့်ပါ၊ "ဝုဍ္ဎိတော"ဟု တောပစ္စည်းဖြင့်ကား သင့်သကဲ့သို့ ရှိ၏၊ သီဟိုဠ်မူ၌ကား ထိုပုဒ် လုံးဝ မပါ၊ နိဿယဟောင်း၌ "ဝုဍ္ဎါဂတေ-ဝုဍ္ဎိလာပြီးသော်"ဟု ရှိ၏၊] ယကာရဿ-၏၊ ဒွိဘာဝေါ (ဟောတိ)၊ ဝေယျာကရဏိကော-ဗျာကရဏ်းကျမ်းကို သင်အံသူ၊ ဉျာယံ-ဉျာယကျမ်းကို၊ အဓီတေ, နေယျာယိကော-သူ၊ ဇဝံ, တက္ကိကော-တက်ကျမ်းကို သင်အံသူ၊ ဝေဒိကော-ဝေဒကျမ်းကို သင်အံသူ၊ နေမိတ္တိကော-နိမိတ်ကျမ်းကို သင်အံသူ။

ကာယေန - ကာယဒွါရဖြင့်၊ ကတော - ပြုအပ်သော၊ ပယောဂေါ - ပယောဂတည်း၊ ကာယိကော-ဂ၊ ကာယေန-ဖြင့်၊ ကတံ-သော၊ ကမ္မံ-အမှုတည်း၊ ကာယိကံ-မှု၊ ဝစသာ-ဝစီဒွါရဖြင့်၊ ကတံ, ကမ္မံ, ဝါစသိကံ-မှု၊ ဇဝံ, မာနသိကံ-မနောဒွါရဖြင့် ပြုအပ်သော အမှု၊ စ-ဆက်၊ ဧတ္ထ-ဤ ဝါစသိကံ မာနသိကံ ပြယုဂ်တို့၌၊ သ သရေ ဝါဂမောတိ သုတ္တေ-၌၊ အနု

---

လို ဇ ဉတို့၏ အာဒေသဖြစ်သော ယ ဝ တို့၏ ရှေ့ဌာနပင်တည်း—ဟူလို၊ ဝေနယိကော ဩဒ္ဓမ္မိကော စသည်ကား ဝိ-ဉ တို့၏ နောက်၌ ကပ်ဘို့ရာ သရ မရှိသောကြောင့် ဇ ဉ တို့ကို ယ်—ဝ် ပြုဘို့ရန် လျဉ်းပါးဘွယ် မရှိရကား စုဒ္ဓိပြုရာ ဌာနမဟုတ်ကြောင်း အထူး ဆိုဘွယ်မလိုပြီ၊ [ "ဝိ အာ ကရဏ"မှ ဝိ၌ ဇကို ဇဝဏ္ဏော ယံ နဝါဖြင့် ယပြု၊ "ဒု အာရ"မှ ဒု၌ ဉကို ဝမော ဒုဒန္တာနံ၌ (ပုဒ်အဆုံး မဟုတ်၍) "ဝမောဒုနံ" ယောဂဝိဘာဂဖြင့် ဝ ပြုသည်၊ ထိုတွင် ယ၏ရှေ့၌ (ဇ ကို ဇုဍ္ဎိမပြုရသဖြင့်, ထို ဝုဍ္ဎိအစား ဧဝုဍ္ဎိလာ၏၊ ဝ၏ ရှေ့၌ (ဉကို ဩဝုဍ္ဎိမပြုရသဖြင့် ထိုဝုဍ္ဎိအစား) ဩဝုဍ္ဎိလာသည်—ဟု ယဝနှင့် ဧ ဩ အစဉ် အတိုင်း ဟပ်ပါ။]

ဉျာယ၊ ပေ၊ နေမိတ္တိကော —— ဉျာယသည် "နိ ပုဗ္ဗ အယဓာတ် ဏပစ္စည်း" နိ+ အာယ ဟု ဖြစ်သောအခါ ဣကို ယပြု၍ "ဉျာယ"ဟု ဖြစ်၏၊ နေယျာယိကော ရုပ်ပြီးပုံမှာ ဝေယျာကရဏိကောနှင့် တူ၏၊ "တက္ကံ,ဝေဒံ,နိမိတ္တံ အဓီတေ-အဝေစ္စ အဓီတေဝါ" ဟု နောက်ပုဒ်များကို ဝိဂြိုဟ်ပြု။

ကာယေန၊ ပေ၊ နဟောတိ —— ဤကား သုတ်၌ "တေနကတ"၏ ပုံစံများတည်း၊ "ကာယေန+ကတော, ကာယိကော"သာ လိုရင်း "ပယောဂေါ"ကား "ကတော, ကာယိကော"တို့၏ အဘိဓေယျ ပုဒ်တည်း၊ ထို အဘိဓေယျ အနက်က ပုံလိန်ဖြစ်၍ "ကာယိကော"ဟု ပုလ္လိန်ရှိရသည်၊ ကမ္မံ-သံဂီတိဟူသော အဘိဓေယျ၏လိန်သို့လိုက်၍ နပုံလိန်, ဣတ္ထိလိန် ချရပုံကို သိပါ၊ "တေန+ကတ = ထိုဖြင့်+ပြုအပ်" ဟူသော အနက်နှင့် လိုက်အောင် "ကာယေန+ကတော"စသည်ဖြင့် ဝိဂြိုဟ် ပြုရသည်။

www.dhammaransi.com



ဝတ္တိတာဒိသဒ္ဒေန–လိုက်စေအပ်သော အာဒိသဒ္ဒါဖြင့်၊ ပစ္စယေ-ပစ္စည်းသည်၊ ပရေပိ-နှောင်းသော်လည်း၊ [သီဠ် "ပစ္စယ သရေပိ-ပစ္စည်းသရ နှောင်းရာ၌လည်း"ဟု ရှိ၏၊ သာ၍ ကောင်းသည်၊] သာဂမော-(သ)လာ၊ ထေရေဟိ-ထေရ်တို့သည်၊ ကတာ-သော၊ သင်္ဂီတိ-သံဂါယနာသည်၊ ထေရိကာ-မည်၏၊ ဧဝံ, ပဉ္စသတိကာ–ငါးရာသော ထေရ်တို့ ပြုအပ်သော သံဂါယနာ၊ သတ္တသတိကာ–ခုနစ်ရာသော ထေရ်တို့ ပြုအပ်သော သံဂါယနာ၊ ဧတ္ထ-ဤပြယုဂ်တို့၌၊ ဏာဝ ဏိကာဒိသုတ္တေ – သုတ်၌၊ အနုဝတ္တိဘာဝါဂ္ဂဟဏေန – ကြောင့်၊ ဤပစ္စယော–ဤပစ္စည်းသည်၊ နဟောတိ။

သန္ဓိဓာနတ္တေ – သန္ဓိဓာန အနက်၌ (ဥဒါဟရဏံ)၊ သရီရေ – ကိုယ်၌၊ သန္ဓိဓာနာ – ပေါင်းဆုံသော၊ ဝါ – တည်သော၊ ဝေဒနာ – ဝေဒနာသည်၊ သာရီရိကာ-မည်၏၊ သာရီရိကံ -ကိုယ်၌ တည်သော၊ ဒုက္ခံ-ဒုက္ခ၊ ဧဝံ, မာနသိကာ–စိတ်၌တည်သော ဝေဒနာ၊ မာနသိကံ–စိတ်၌တည်သော ဒုက္ခ။

---

ဧတ္ထ စ၊ပေ၊သာဂမော။ ။ဝါစသိကံ မာနသိကံတို့၌ ဝစသာ, မနသာတို့နောင် ဏိက သက်, ဏာ အနုဗန်–ဝိဘတ်တို့ကို ချေ၍ ပကတိပြုသောအခါ "ဝစ+ဣက, မန+ဣက"ဟု ဖြစ်၏၊ ဝုဒ္ဓါဒိ သရဿ ဝါဖြင့် ဝုဒ္ဓိ ပြု, သ သရေဝါဂမောသုတ်၌ လိုက်လာသော အာဒိသဒ္ဒါဖြင့် (သ်) လာလျှင် "ဝါစသိက, မာနသိက"ဟု ဖြစ်၏။ [ဤ"မန-ဝစ"တို့သည် မနောဂိုဏ်းပင် ဖြစ်သော်လည်း နောက်သရများက ဝိဘတ်၏ အာဒေသ သရ မဟုတ်, ပစ္စည်း သရ ဖြစ်နေသောကြောင့် မနောဂဏာဒိတော သ္မိံနာန မိအာ–သုတ်မှ သ သရေဝါစသော သုတ်သို့ လိုက်စေအပ်သော အာဒိသဒ္ဒါဖြင့် "သ်" လာ ဟု ဆိုသည်၊ သ သရေဝါဂမော သုတ်ရင်းကား ဝိဘတ်၏ အာဒေသ ဖြစ်သော သရနှောင်းရာ၌သာ "မနသာ–ဝစသာ"စသည်ဖြင့် (သ်) လာသည်။]

ဧတ္ထ ဏာဝဏိကာဒိ သုတ္တေ၊ပေ၊နဟောတိ။ ။"ထေရိကာ"စသည်တို့၌ ဏိက ပစ္စည်း ဆုံးသောကြောင့်"ဏာဝ ဏိက ဏေယျ"စသောသုတ်ဖြင့် (ဤ) ပစ္စည်း သက်ခွင့် ရှိသော်လည်း နဒါဒိတော ဝါ ဤ-သုတ်မှလိုက်စေအပ်သော ဝါသဒ္ဒါကြောင့် (ဝါသဒ္ဒါ၏ ဝိကပ်ပြုမှုကြောင့်) (ဤ) ပစ္စည်း မသက်ဘဲ, ဣတ္ထိယ မတောသုတ်ဖြင့် အာပစ္စည်း သက်ထားသည်၊"ပဉ္စသတေန, သတ္တသတေန+ကတာ" ဝိဂ္ဂြိုဟ်ပြု၊ [သံ-သဘောတူ တရားတို့ကိုပေါင်း၍+ဂါယနာ-ရွတ်ဆိုခြင်းကို"သံဂါယနာတင်ခြင်း"ဟု ခေါ်သည်။]

သန္ဓိဓာနတ္တေ၊ပေ၊မာနသိကံ—သုတ်၌"သန္ဓိဓာန"အရ ပုံစံတည်း၊ "သန္ဓိဓာနာတိ သင်္ကတိဘူတာ (ပေါင်းဆုံသည်ဖြစ်၍ဖြစ်သော) သန္ဓိဟိတာ (တည်နေသော)" ဟု ဋီကာဖွင့်၏၊ကိုယ်၌ ဝေဒနာဖြစ်လျှင် ထိုဝေဒနာသည် ကိုယ်၌ ပေါင်းမိသည်မည်၏, ကိုယ်၌ တည်နေသည် မည်၏၊ ထို့အတူ ကိုယ်၌ ဒုက္ခတခု ရောက်လျှင် ထိုဒုက္ခလည်း ကိုယ်၌ ပေါင်းမိ–တည်နေသည် မည်၏၊ စိတ်ဝေဒနာ–စိတ်ဒုက္ခလည်း နည်းတူ၊ ဝေဒ

www.dhammaransi.com



နိယုတ္တာဒေတ္တ-နိယုတ္တ အနက်၌ (ဥဒါဟရဏံ)၊ ဒွါရေ-တံခါး၌၊ နိယုတ္တော-ယှဉ်သူတည်း၊ ဒေါဝါရိကော-သူ၊ တတ္တ-ဤပြယုဂ်၌၊ မာယူနံ မာဂမော ဌာနေတိ-သုတ်ဖြင့်၊ ဝကာရတော-ဝ အက္ခရာမှ၊ ပုဗ္ဗေ-ရှေ့၌၊ ဩကာရာဂမော-ဩလာ၊ ဧဝံ, ဘဏ္ဍာဂါရိကော - ဘဏ္ဍာအိမ်၌ ယှဉ်သူ (ဘဏ္ဍာတိုက်စိုး)၊ နာဂရိကော - မြို့၌ယှဉ်သူ (မြို့စောင့်)၊ နာဝကမ္မိကော - အမှုသစ်၌ယှဉ်သူ (နဝကမ္မလုပ်သူ)၊ အာဒိကမ္မိကော-အစအမှု၌ယှဉ်သူ (အလုပ်ကိုစ၍ လုပ်သူ)၊ သောဒရိကော - အသက်မွေးဝမ်းကြောင်း၌ ယှဉ်သူ (ဝမ်းရေးအတွက် လုပ်သူ)၊ ရထိကော-ရထား၌ ယှဉ်သူ (ရထားမောင်းသမား)၊ ဥပါဒေယ - သင့်သော အကြောင်း၌၊ နိယုတ္တော-ယှဉ်သူတည်း၊ ဩပါယိကော-သူ၊ စေတသိ-စိတ်၌၊ နိယုတ္တော-ယှဉ်သောတရားတည်း၊ စေတသိကော-ရား။

သိပ္ပာဒေတ္တ - သိပ္ပ အနက်၌ (ဥဒါဟရဏံ)၊ ဝီဏာဝါဒနံ - စောင်းတီးခြင်းသည်၊ ဝီဏာ-ဝီဏာမည်၏၊ အဿ-ထိုသူ၏၊ ဝီဏာ-စောင်းတီးခြင်း

---

နာကို ငဲ့၍ "သာရိရိကာ—မာနသိကာ"ဟု ဇုတ္တိလိန် ချ၏၊ ဒုက္ခံကို ငဲ့၍ သာရိရိကံ မာနသိကံဟု ချသည်၊ ရှေ့၌လည်း"ကာယိက မာနသိက"ဟု ဆိုခဲ့ပြီ၊ ကျေသော ပုဒ်ကို စွဲ၍ ရှေ့ မာနသိကကို ကတ တဒ္ဓိတ်, ဤမာနသိကကို သန္တိခါနတဒ္ဓိတ် ဟု မှတ်။

နိယုတ္တာဒေတ္တ၊ပေ၊စေတသိကော—သုတ်၌"နိယောဂ"အရပုံစံတည်း၊ဤတဒ္ဓိတ်များကို "နိယုတ္တတဒ္ဓိတ်"ဟု ခေါ်သည်၊ ဒေါဝါရိကော၌ ရှေးဦးစွာ ဒွါရပုဒ်၏ အရင်းအမြစ်ကိုသိရာ၏၊"ဒွေ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဒွါရံ" [ဒွေ-တံခါးရွက် ၂ ဘက်တို့သည်၊ ဝါ—ဝင်သူ ထွက်သူ ၂-ဘက်လူတို့သည်၊ ဧတ္ထ—ဤနေရာ၌၊ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ—ဖြစ်ကုန်၏၊] ဒွိ သဒ္ဒါပုဗ္ဗပဒ အရ ဓာတ် ဏ ပစ္စည်း၊ ဒွိကို ဝီသတိ ဒသေသု ဗာဒွိဿဒုတ္တ၌ တုသဒ္ဒါဖြင့် ဒုပြု (ဒု+အာရ)၊ ဝဓော ဒူနံ (ယောဂဝိဘာဂ)ဖြင့် ဥကို ဝပြု (ဒွါရ) ဟုဖြစ်၏၊"ဒွါရေ+နိယုတ္တော"ဟူသောအနက်၌ ဏိကပစ္စည်းသက်၍ "ဒွါရ+ိက=ဒွါရိက"ဟု ဖြစ်သည့်အခါ မာယူနံ မာဂမောဌာနေသုတ်ဖြင့် ("ဒု+အာရ"အခိုက်၌ ဥကို ဩ ဝုဒ္ဓိမပြုရသဖြင့် ထို ဝုဒ္ဓိပြုမည့်အရာ၌) ဩဝုဒ္ဓိလာ, ဒေါဝါရိက ဖြစ်၏၊ [ဒွါကို အမှန်အတိုင်းရေးလျှင် ဒနှင့် ဝ ကို ရှေ့နောက်ကပ်၍ ရေးရမည်ဖြစ်သော ကြောင့် ဩဝုဒ္ဓိလာသည့်အခါ ဝ၏ရှေ့၌လာလျှင် ဒနှင့်ကပ်ပြီး "ဒေါ"ဟု ဖြစ်တော့သည်၊] "ဘဏ္ဍာဂါရေ+နိယုတ္တော" စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြုစေလို၍ "ဧဝံ ဘဏ္ဍာဂါရိကော" ဟု မိန့်သည်၊ စေတသိကော၌ စေတောသည် စိတ္တံ နှင့် အနက်တူ မနောဂိုဏ်းဝင် တပုဒ်တည်း၊ စေတသိနောင် နိယုတ္တအနက်၌ ဏိကပစ္စည်းသက်၍ ဏအနုဗန်နှင့် ဝိဘတ်ချေမှုစသည့်ကို ပြုပြီးသောအခါ "စေတ+ိက"ဟု ဖြစ်၏၊ ထိုနောက် မာနသိကံကဲ့သို့ (သ်) လာ၍ "စေတသိက"ဟု ဖြစ်သည်။

www.dhammaransi.com



ဟူသော၊ သိပ္ပံ-အတတ်သည်၊ (အတ္ထိ, ဣတိ)၊ ဝေဏိကော-မည်၏၊ ဧဝံ, ပါဏဝိကော - ထက်စည်တီးခြင်း အတတ်ရှိသူ ( ထက်စည်တီးတတ်သူ )၊ နောက်၌ ဤနည်းအတိုင်း ပေး၊ မုဒိင်္ဂါ-မုရိုးစည်၊ ဝံသာ-ပြွေ(ပလွေ, နှဲ)။ [ထောမနိဓိ၌ "ဝါဒျဘေဒ-တီးမှုတ်အပ်သော တူရိယာအထူး" အနက်ဝယ် ဣတ္ထိလိင် ဟု ဆို၏။],

ဘဏ္ဍတွေ-ဘဏ္ဍာအနက်၌၊ ( ဥဒါဟရဏံ )၊ အဿ-ထိုသူ၏၊ ဂန္ဓော-နံ့ သာဟူသော၊ ဘဏ္ဍံ - ဘဏ္ဍာသည်၊ (အတ္ထိ )၊ ဣတိ, ဂန္ဓိကော-မည်၏၊ ဧဝံ, တေလိကော - ဆီဘဏ္ဍာရှိသူ ( ဆီကုန်သည် )၊ ဂေါဠိကော - တင်လဲ ဘဏ္ဍာရှိသူ၊ [သူစိကော-အပ် ဘဏ္ဍာရှိသူ (သိမ္မူ၌ မရှိ)၊] နောက်ပုဒ်များ၌ ဤနည်းအတိုင်း ပေး၊ ပူဝါ (ပူပါ)-မုံ့၊ ပဏ္ဏံ-သစ်ရွက်၊ တမ္ဗူလိ-ကွမ်း၊ ["နာဂလတာတု တမ္ဗူလိ" အဘိဓာန်၊] လောဏံ-ဆား။

ဇီဝိကတ္ထေ-ဇီဝိကာ အနက်၌၊ ( ဥဒါဟရဏံ )၊ ဥရဗ္ဘံ-သိုးကို၊ ဟန္တွာ-သတ်၍၊ ဇီဝတိ-အသက်မွေးတတ်၏၊ ဝါ - တနည်း၊ အဿ - ထိုသူ၏၊ ဥရဗ္ဘော-သိုးသတ်ခြင်း ဟူသော၊ ဇီဝိကာ-အသက်မွေး ဝမ်းကြောင်းသည်၊ ( အတ္ထိ )၊ ဣတိ, ဩရဗ္ဘိကော-၏၊ ဧဝံ, မာဂဝိကော - သားကောင်ကို

---

သိပ္ပတ္ထေ—လက် စသည်ဖြင့် ပြုအပ်သော လက်မှုပညာကို "သိပ္ပ"ဟု ခေါ်၏၊ ဝီဏာအရ "စောင်း"ကိုသာရသော်လည်း ထိုစောင်း၌တည်သော တီးခြင်းကြိယာကိုပါ ဌာနူပစာရ (ဌာန စောင်း၏အမည်ကို ဌာနီ တီးခြင်း၌ တင်စားသော) နည်းအားဖြင့် ဝီဏာ"ဟု ယူစေလို၍ "ဝီဏာဝါဒနံ ဝီဏာ"ဟု မိန့်သည်၊ ထို့ကြောင့် "ဝီဏာ အဿ သိပ္ပံ"၌ "ဝီဏာ—စောင်းတီးခြင်း"ဟု အနက်ပေးနိုင်သည်၊ ဤတဒ္ဓိတ်ကို ကျေသော ပုဒ်များစွဲ၍ "အဿ သိပ္ပတဒ္ဓိတ်"ဟုခေါ်ကြ၏၊ သိပ္ပတ္ထေကိုထောက်၍ "သိပ္ပတဒ္ဓိတ်"ဟု ခေါ်လျှင်လည်း ဖြစ်နိုင်သည်၊ "ဝီဏာ+အဿ+သိပ္ပံ"ဟု ဝါကျပြီးစေ၊ ဤသုတ်ဖြင့် သိပ္ပ အနက်၌ ဏိကပစ္စည်းသက်၊ ဏ အနုဗန်, ဝိဘတ်, တ-ပုဒ်, သိပ္ပပုဒ်တို့ကိုချေ၍ "ဝီဏာ"ဟု ပကတိပြု၊ ဏ ခွင်း, ချေ, ကဝ်, ဝုဒ္ဓါဒိသရဿဝါဖြင့် (ဤ) ကို ဧဝုဒ္ဓိပြု, ဝေဏိက—ဟု ဖြစ်၏၊ နာမ်ငဲ့ စသည် စီရင်၊ ပါဏဝိက စသည်လည်း "ပဏဝေါ အဿ သိပ္ပံ"စသည်ဖြင့် ဝိဂ္ဂြိုဟ် ပြု။

ဘဏ္ဍတ္ထေ— ရောင်းဝယ်အပ်သော ကုန်ပစ္စည်းများကို "ဘဏ္ဍာ"ဟု ဆိုသည်၊ အဿ ဘဏ္ဍ တဒ္ဓိတ်, တနည်း—"ဘဏ္ဍတဒ္ဓိတ်"တည်း၊ "တေလံ အဿ ဘဏ္ဍံ" စသည်ဖြင့် ရှေ့ပုဒ်၌ လိန်မှန်အောင် ထား, ဘဏ္ဍံကား နပုံလိန်တည်း၊ ဂုဠော-တင်လဲ, ကြံသကာ, ထန်းလျက်၊ ဂေါဠိကော—တင်လဲကုန်သည်၊ "ပူပါ"ဟု သက္ကတ၌ ရှိ၏၊ ပူဝါ—ဟု စာ၌ အရှိများ၏၊ ပ ကို ဝ ပြုဟန်တူသည်။

www.dhammaransi.com



သတ်၍ အသက်မွေးတတ်သူ၊ ဝါ-သားကောင်သတ်ခြင်းဟူသော အသက်မွေး ဝမ်းကြောင်းရှိသူ (သားသတ်သမား သားမုဆိုး)၊ ဧတ္ထ-ဤပြယုဂ်၌၊ ဝကာ ရာဂမော-ဝ,လာ၊ သူကရော-ဝက်၊ သကုနော-ငှက်၊မစ္ဆော-ငါး၊ (ရှေ့အတိုင်း အနက်ပေး) ဣစ္စာဒိ-တည်း။

တေနကတာဒိတိ ဧတ္ထ-တေနကတာဒိဟူသော ဤပါဌ်၌၊ အာဒိဂ္ဂဟဏေန-ဖြင့်၊ တေန-ထိုဖြင့်၊ ဟတံ-သတ်အပ်၏၊ တေန-ဖြင့်၊ ဗန္ဓံ-နှောင်ဖွဲ့အပ်၏၊ တေန, ကီတံ-ဝယ်အပ်၏၊ တေန, ဒိဗ္ဗတိ-ကစား၏၊ အဿ-ထိုသူ၏၊ သော အာဝုဓော-ထိုလက်နက်သည် (အတ္ထိ)၊ အဿ-၏၊ သော အာဗာဓော-ထိုအနာသည် (အတ္ထိ)၊ [တချို့စာ၌ "သော"ကျသည်၊] တတ္ထ-ထို၌၊ ပသန္နော-ကြည်ညိုသူ၊ တဿ-ထိုသူ၏၊ သန္တကံ-ဥစ္စာ၊ အဿ-ထို၏၊ တံ ပရိမာဏံ-ထိုအတိုင်းအရှည်သည် (အတ္ထိ)၊ တဿ-ထို၏၊ ရာသိ-အစုအပုံ၊ တံ-ထိုကို၊ အရဟတိ-ထိုက်၏၊ အဿ-ထိုသူ၏၊ တံသီလံ-ထိုအလေ့သည် (အတ္ထိ)၊ တတ္ထ-ထို၌၊ ဇာတော-မွေးဖွားသူ၊ တတ္ထ-ထို၌၊ ဝသတိ-နေ၏၊ တတြ-ထို၌၊ ဝိဒိတော-ထင်ရှား၏၊ တဒတ္ထာယ-ထိုအကျိုးငှါ၊ သံဝတ္တတိ-ဖြစ်၏၊ တတော-ထိုမှ၊ အာဂတော-လာ၏၊ တတော-ထိုမှ၊ သမ္ဘူတော-ကောင်းစွာဖြစ်၏၊ အဿ-ထို၏၊ တံ ပယောဇနံ-ထိုအကျိုးသည် (အတ္ထိ)၊ ဣတိ ဧဝမာဒိ အတ္ထေ(စ)-ဤသို့အစရှိသော အနက်၌လည်း၊ ဏိကပစ္စယော ဟောတိ။

---

ဓီဝိကစ္ဆေ—သိုးကို သတ်၍ အသားကို ရောင်းလျက် အသက်မွေးသူသည် သိုး သတ်ခြင်းဟူသော အသက်မွေးဝမ်းကြောင်း ရှိသူပင်တည်း၊ ထို့ကြောင့် ဝိဂြိုဟ် ၂ မျိုး ပြထားသည်၊ "ဓီဝိကတ္တတဒ္ဓိတ်"ဟု အမည်ပေး၊ "ဥရဗ္ဘော မေဏ္ဍ မေသာစ"ဟု အဘိဓာန် ရှိသောကြောင့် "ဥရဗ္ဘော အဿ ဓီဝိကာ"ဟု ရှိစေ၊ ရုပ်တွက်သည့်အခါ "ဥရဗ္ဘံ ဟန္တွာ ဇီဝတိ"ဟုဖြစ်စေ, ဥရဗ္ဘော အဿ ဓီဝိကာ-ဟု ဖြစ်စေ ဝါကျအတိုင်း တည်၍ ဥရဗ္ဘနောင် ဏိကပစ္စည်းသက်, ဏာအနုဗန်စသည် အားလုံး ချေပြီးသောအခါ "ဥရဗ္ဘ+ဣက"ဟု ကျန်၏၊ ဩ ဝုဒ္ဓိပြု၍ ဩရဗ္ဘိကဟု ပြီးသည်။

မောဂ္ဂလ္လာန် ရုပ်တွက်သကဲ့သို့ ဥရဗ္ဘံ (ဥရဗ္ဘော)ဟု ဟပုဒ်ထည်းသာ တည်၍ နှုတ်ဖြင့်"ဥရဗ္ဘံ ဟန္တွာ ဇီဝတိ"ဟူသောအနက်,တနည်း—"ဥရဗ္ဘော အဿ ဓီဝိကာ" ဟူသောအနက်၌ ဏိကပစ္စည်းသက်-ဟု ဆို၍ ရုပ်တွက်လျှင် နေရာတိုင်း၌ သာ၍ရှင်း၏၊ မဂေါ-သားကောင်၊ "မဂ+ဣက"ဟု ဖြစ်သောအခါ ဝုဒ္ဓိပြု၊ တေသုဝုဒ္ဓိဖြင့် ဝ်လာ၍ "မာဂဝိက"ဟု ဖြစ်၏၊ သာကုနိက—ငှက်မုဆိုး၊ မစ္ဆိက—တံငါသည်။

www.dhammaransi.com



ယထာ-ဥဒါဟရဏ်ကား၊ ဇာလေန-ပိုက်ကွန်ဖြင့်၊ ဟတော-သတ်အပ်သော ငါးတည်း၊ ဇာလိကော-ငါး၊ ဝါ, ဇာလေန-ဖြင့်၊ ဟနတိ-သတ်တတ်၏၊ ဣတိဇာလိကော-မည်၏၊ (ပိုက်ကွန်ဖြင့် ငါးကိုသတ်တတ်သော ငါးဘမ်းသော တံငါသည်တည်း)၊ ဧဝံ, ဗာလိသိကော-ငါးမြှားချိတ်ဖြင့် သတ်အပ်သော ငါး၊ တနည်း—ငါးမြှားချိတ်ဖြင့် သတ်တတ်သော တံငါသည်၊ ဝါကရိကော-(ဝါဂုရိကော) ပိုက်ဖြင့် သတ်အပ်သော သားကောင်၊ တနည်း—ပိုက်ဖြင့် သတ်တတ်သော မုဆိုး၊ [''ဝါဂုရာ, ဝါကရာ=ပိုက်။]

သုတ္တေန-ချည်ဖြင့်၊ဗဒ္ဓေါ-နှောင်ဖွဲ့အပ်သူတည်း၊ သုတ္တိကော-သူ၊ ဝရတ္တာယ-သားရေ လွန်ကြိုးဖြင့်၊ ဗဒ္ဓေါ-နှောင်ဖွဲ့အပ်သော၊ နာဂေါ-ဆင်တည်း၊ ဝါရတ္တိကော-ဆင်၊ ဝတ္တေန-အဝတ်ဖြင့်၊ ကီတံ-ဝယ်အပ်သော၊ ဘဏ္ဍံ-ဘဏ္ဍာတည်း၊ ဝတ္တိကံ-ဏ္ဍာ၊ ဧဝံ, ကုမ္ဘိကံ-တကုမ္ဘ စပါးဖြင့် ဝယ်အပ်သော ဘဏ္ဍာ၊ ဖါလိကံ-ထွန်သွားဖြင့် ဝယ်အပ်သော ဘဏ္ဍာ၊ [''ဖါဠေလန ကီတံ'' ဋီကာ ဝိဂြိုဟ်၊] သောဝဏ္ဏိကံ-ရွှေဖြင့် ဝယ်အပ်သော ဘဏ္ဍာ၊ သာတိကံ-တရာဖြင့် ဝယ်အပ်သော ဘဏ္ဍာ။

အက္ခေန-အန်စာဖြင့်၊ ဒိဗ္ဗတိ-ကစားတတ်၏၊ဝါ-အောင်နိုင်လိုတတ်၏၊ ဣတိအက္ခိကော-မည်၏၊ [ဒိဝုဓာတ်သည် ကီဠာ-ကစားခြင်း၊ ဝိဇိဂီသာ-အောင်နိုင်လိုခြင်း''စသည်ဖြင့် အနက်များစွာရှိ၏၊ ထိုတွင် ဋီကာ၌ ''ဒိဗ္ဗတိ ကီဠတိ'' ဟု ဖွင့်၏၊ အန်စာဖြင့် သူတပါးကို အောင်နိုင်လိုသောကြောင့် ဝိဇိဂီသာ အနက်လည်း သင့်ရာ၏၊ မောဂ္ဂလ္လာန်၌ကား ''အက္ခေနဇိတံ (အောင်နိုင်အပ်သော ဝတ္ထုသည်) အက္ခိကံ''ဟု ရှိ၏၊] ဧဝံ, သာလာကိကော-စာရေးတန်ဖြင့် ကစားသူ, အောင်နိုင်လိုသူ၊ [''သလာကာယ-စာရေ တန်ဖြင့်, ဝါ-မဲလိပ်ဖြင့်၊ ဒိဗ္ဗတိ''ဟု ပြု။] တိဏ္ဍုကော-တည်သီး၊ အမ္ဗဖလံ—သရက်သီး။

---

**တေန ကတာဒီတိ၊ပေ၊ဟောတိ**—သုတ်၌''တမဓိတေ တေနကတာဒိ''ဟု ရှိရာ ထိုအာဒိဖြင့် ''တေန ဟတံ, တေန ဗန္ဓံ''စသော အနက်များ၌ ဏိကပစ္စည်း သက်၏၊ ကျေလသောပုဒ်ကို စွဲ၍''ဟတ တဒ္ဓိတ်, ဗန္ဓ တဒ္ဓိတ်''စသည်ဖြင့် အမည်မှည့်၊ ယထာ စသည်ဖြင့် အစဉ်အတိုင်း ဥဒါဟရဏ်ပြသည်၊ ထိုပုံစံများကား ထင်ရှားပြီ၊ ရုပ်လည်း သြရဏ္ဍိကော၌ မှာထားခဲ့သည့်အတိုင်း ''ဇာလေန''ဟု တည်, ''ဇာဠလန ဟတော'' ဟူသော အနက်၌ ဏိကပစ္စည်းသက်-ဟု မောဂ္ဂလ္လာန်အဆိုအတိုင်း ရုပ်တွက်လျှင် သာ၍ ရှင်း၏။

www.dhammaransi.com



အသာ-ထိုသူ၏၊ စာပေါ-လေး ဟူသော၊ အာဝုဓော-လက်နက်သည်၊ (အတ္ထိ)၊ ဣတိ, စာပိကော၊ ဧဝံ, တောမရိကော-လှံ လက်နက် ရှိသူ၊ ဝါ-မှိန်း လက်နက် ရှိသူ၊ (တောမရော-လှံ, မှိန်း)၊ မုဂ္ဂရော-တင်းပုတ်၊ မုသလော-ကျည်ပွေ့။....အဿ-၏၊ ဝါတော-လေဟူသော၊ အာဗာဓော-အနာသည်၊ (အတ္ထိ)၊ ဣတိ, ဝါတိကော၊ ဧဝံ, သေမှိကော-သလိပ်နာရှိသူ၊ (သေမှော-သလိပ်)၊ ပိတ္တံ-သည်းခြေ။....ဗုဒ္ဓေ-ဘုရား၌၊ ပသန္နော-ကြည်ညိုသူတည်း၊ ဗုဒ္ဓိကော-ဘုရား၌ ကြည်ညိုသူ၊ ဧဝံ, ဓမ္မိကော, သံဃိကော။....ဗုဒ္ဓဿ-ဘုရား၏၊ သန္တကော-ဥစ္စာတည်း၊ ဗုဒ္ဓိကော၊ ဧဝံ, ဓမ္မိကော, သံဃိကော-သံဃာ၏ဥစ္စာဖြစ်သော၊ ဝိဟာရော-ကျောင်း၊ သံဃိကာ-သော၊ ဘူမိ-မြေ၊ သံဃိကံ,စီဝရံ-သင်္ကန်း၊ ပုဂ္ဂလိကံ-ပုဂ္ဂိုလ်၏ဥစ္စာ၊ ၃-လိင်ရှိကြောင်း ပြလိုသောကြောင့်၊ "ဝိဟာရော-ဘူမိ-စီဝရံ"ဟု အဘိဓေယျ ထည့်သည်၊ သန္တက တဒ္ဓိတ်အရာဝယ် "ဗုဒ္ဓဿ အယံ ဗုဒ္ဓိကော, သံဃဿ ဣဒံ သံဃိကံ"ဟု ဣဒံတဒ္ဓိတ်လည်း ရှိ၏။]

အဿ-ထိုဝတ္ထု၏၊ ကုမ္ဘော-တစ်ကုမ္ဘဟူသော၊ ပရိမာဏံ-အတိုင်းအရှည်သည်း (အတ္ထိ)၊ ဣတိ, ကုမ္ဘိကံ,၊ [ဆယ်အမ္ဗဏရှိသော စပါးသည် တစ်ကုမ္ဘ၊ ၁၁-စိတ်သည် တစ်အမ္ဗဏ၊ ] ဧဝံ, ခါရိကံ-တစ်ခါရီ အတိုင်းအရှည်ရှိသော ဝတ္ထု၊ ဒေါဏော-တစိတ်၊.... ကုမ္ဘဿ-တစ်ကုမ္ဘ၏၊ ရာသိ-အစုအပုံတည်း၊ ကုမ္ဘိကော၂-ပုံ၊ ကုမ္ဘံ-တစ်ကုမ္ဘကို၊ အရဟတိ-ထိုက်၏၊ ဝါ-တန်၏၊ ဣတိ, ကုမ္ဘိကော၊ ဧဝံ, ဒေါဏိကော-တစိတ်၏ အစု၊ ဝါ-တစိတ် ထိုက်သော ပစ္စည်း၊ အဍ္ဍမာသိကော-ရှစ်ပဲ၏ အစု၊ ဝါ ရှစ်ပဲထိုက်သော ပစ္စည်း၊ ကဟာပဏော-တကျပ်၊ အာသီတိကာ-ရှစ်ဆယ်တန်သော၊ ဂါထာ-ဂါထာ၊ [အသီတိ-ရှစ်ဆယ်၊] နာဝုတိကာ-ကိုးဆယ်တန်သော ဂါထာ၊ [နဝုတိ-ကိုးဆယ်၊] သာတိကံ-တရာတန်သော၊ သာဟဿိကံ-တထောင်တန်သော ဝတ္ထု၊ သန္ဒိဋ္ဌံ-မြင်ခြင်းကို၊ အရဟတိ-ထိုက်၏၊ ဣတိ, သန္ဒိဋ္ဌိကော၊ ဧဟိ-လာလော့၊ ပဿ-ရှုလှည့်လော့၊ ဣတိ-ဤသို့ဖြစ်သော၊ ဣမံ ဝိဓိံ-ဤအစီအရင်ကို၊ အရဟတိ-၏၊ ဣတိ, ဧဟိပဿိကော-မည်၏။

---

သန္ဒိဋ္ဌိကော—ဒဿနံ-မြင်ခြင်းသည်၊ ဒိဋ္ဌံ-မည်၏၊ ဒိဋ္ဌမေဝ-မြင်ခြင်းသည်ပင် (သံအနက် အထူးမရှိ၍) သန္ဒိဋ္ဌံ-မည်၏၊ မဂ်တရားသည် ခံမိကို (ရှုစေသောအားဖြင့်) မြင်သူကိုသာ ဝဋ်ဘေးမှကာကွယ်နိုင်၏၊ နိဗ္ဗာန်နှင့်ဖိုလ်တရားလည်း မိမိကို (မျက်မှောက်

www.dhammaransi.com



သီလတ္ထေ–သီလ အနက်၌၊ (ဥဒါဟရဏံ)၊ ပံသုကူလဓာရဏံ–ပံသုကူ သင်္ကန်းကို ဆောင်ခြင်းသည်၊ ပံသုကူလံ–မည်၏၊ အဿ–ထိုသူ၏၊ တံ–ထိုပံသုကူ သင်္ကန်းကို ဆောင်ခြင်း ဟူသော၊ သီလံ–အလေ့သည် (အတ္ထိ)၊ ဣတိ, ပံသုကူလိကော–မည်၏၊ ဧဝံ, တေစီဝရိကော–တိစီဝရိက် ဆောင်လေ့ရှိသူ၊ ဧကာသနေ–တခုထည်းသော နေရာ၌၊ ဘောဇန သီလော–စားလေ့ရှိသူသည်၊ ဧကာသနိကော–မည်၏၊ ရုက္ခမူလေ–သစ်ပင်အနီး၌၊

---

ပြုသောအားဖြင့်) မြင်သူကိုသာ ဝင်ဘေးမှ ကာကွယ်နိုင်၏၊ ထို့ကြောင့် ထိုတရား များသည် မြင်ခြင်းကိုထိုက်သော (မြင်ထိုက်သော-မြင်မှ အကျိုးပေးသော) တရားများ ဖြစ်ရကား "သန္ဒိဋ္ဌံ အရဟတိ"အရ သန္ဒိဋ္ဌိက မည်၏။

**ဟေပယသိကော**—ဟေါ်နှင့် ပယသည် အချာတ်ကြိယာတည်း၊ ထိုကြိယာနောင် ဇာတိ နိပါတ်နှင့်တကွ "ဟေ ပယ ဇာတိ အရဟတိ"ဟု ဝိဂြိုဟ်ပြု၍ ပယ ဟူသော အချာတ်ပုဒ်နောင် ဏိက ပစ္စည်းသက်သည်–ဟု ဋီကာဖွင့်၏။ ["ဟေ–လာလော၊ ပယ–ရှုလှည့်လော၊ ဇာတိ–ဤသို့ ဖြစ်သော အစီအရင်ကို"ဟုပေး။] ရုပ်တွက်ရာ၌ "ဟေ+ပယ+ဇာတိ အရဟတိ" တည်၍ တွက်လိုလျှင် ဤသုတ်ဖြင့် ပယနောင် ဏိက ပစ္စည်း သက်, ထုံးစံအတိုင်း ဏ အနုဗန်ချေ၊ ဇာတိ နိပါတ်–အရဟတိတို့ကိုကား ဝုတ္တတ္ထာန မပ္ပယောဂဖြင့်ချေ။ ["ဟေပယာတိ ဇာတိသဒ္ဒေန သဟ ဝါကျံ ကတွာ အချာတတောပိ ဏိက ပစ္စယော"—ဋီကာ။] တနည်း—"ဟေ ပယ"တို့သည် နဂိုရ်က အချာတ်ပုဒ်ဖြစ်သော်လည်း ဟေပယသိကော၌ ပါသော "ဟေ ပယ"တို့ကား အချာတ်ပုဒ်ကို အတုပြုအပ်သော အနုကရဏနာမ်ပုဒ်ဖြစ်၏၊ ထို့ကြောင့် "ဟေ ပယ ဟေ ပယဟူသောအစီအရင်ကို၊ အရဟတိ-၏"ဟု အနက်ပေး၊ ဤနည်း၌ အချာတ် ပုဒ်နောင် ဏိကပစ္စည်းသက်သည် မဟုတ်, အနုကရဏ ဖြစ်သော နာမ်ပုဒ် နောင်ပင် သက်၏။ ["ဟေပယသဒ္ဒေါစာယံ ဟေပယာတိ ဧဝံ ပဝတ္တဿ ဗျာချန္တ ပဒသမုဒါ ယဿာနုကရဏော"—ပဉ္စိကာ။]

**သီလတ္ထေ**—သီလဟူသည် အလေ့အလာ ဝါသနာတည်း၊ ထိုသီလသည်အထည်ဖြစ် မဟုတ်, ပံသုကူသင်္ကန်းစသည်ကား အရာဝတ္ထုဖြစ်တည်း၊ ဤသို့လျှင် ပံသုကူသင်္ကန်း ဖြစ်နှင့်သီလသည် အရေမတူ (တုလျာဓိကရဏမဖြစ်) သောကြောင့် "ပံသုကူလ"အရ ပံသုကူသင်္ကန်းဖြစ်ကို မယူဘဲ ထိုသင်္ကန်းကိုဆောင်ခြင်း (ဝတ်ရုံသုံးဆွဲခြင်း) ကြိယာကို ဌာနူပစာရအားဖြင့် ယူရမည်-ဟု သိစေလို၍ "ပံသုကူလဓာရဏံ ပံသုကူလံ"ဟု မိန့်သည်၊ [ပံသုကူသင်္ကန်းသည် ဌာန, ထိုသင်္ကန်းကို ဆောင်ခြင်းကား ဌာန၌ရှိသော ဌာနီတည်း၊ "ပံသုကူလဓာရဏံ ပံသုကူလန္တိ ဥပစာရတော ဝုတ္တံ"ဋီကာ၊] တနည်း "ပံသုကူလဓာရဏံ"ဟု ဆိုလိုလျက် "ဓာရဏ"ဟူသော နောက်ပုဒ်ကို ချေ၍ "ပံသုကူလံ"ဟု မိန့်သည်၊ ["ပံသုကူလာဒိဓာရဏံ ပံသုကူလာဒိ ဥတ္တရပဒ–လောပေန" သဒ္ဒဝိဘင်းမူလဋီကာ၊] "တံ သီလ မဿ"ဖြင့် "ပံသုကူလံ သီလံ တဿ"ဟူသော ဝိဂြိုဟ်ကို ပြသည်။

www.dhammaransi.com



နိဝါသန သီလော-နေလေ့ရှိသူသည်၊ ရုက္ခမူလိကော-မည်၏၊ တထာ-ထို့အတူ၊ အာရညိကော-တော၌ နေလေ့ရှိသူ၊ သောသာနိကော-သုသာန်၌ နေလေ့ရှိသူ။

ဇာတတ္ထေ-ဇာတ အနက်၌၊ (ဥဒါဟရဏံ)၊ အပါယေ-အပါယ်၌၊ ဇာတော-ဖြစ်သူတည်း၊ အာပါယိကော-သူ၊ ဧဝံ နေရယိကော-နိရဲ (ငရဲ)၌ ဖြစ်သူ၊ သာမုဒ္ဒိကော-သမုဒ္ဒရာ၌ဖြစ်သော၊ မစ္ဆော-ငါး၊ ဝဿေသု-မိုးဥတုတို့၌၊ ဇာတော-ဖြစ်သော ရောဂါ စသည်သည်၊ ဝဿိကော-မည်၏၊ ဝဿိကံ-မိုးဥတု၌ ဖြစ်သော၊ ပုပ္ဖံ-ပန်း၊ သာရဒိကော-သရဒဥတု၌ ဖြစ်သော အနာစသည်၊ ဟေမန္တိကော-ဟေမန္တ(ဆောင်း) ဥတု၌ ဖြစ်သော အနာစသည်၊ ဝါသန္တိကော-ဝသန္တဥတု၌ ဖြစ်သော အနာစသည်၊ စာတုဒ္ဒသိကော-၁၄-ရက်၌ ဖြစ်သော ဥပုသ် စသည်၊ ရာဇဂဟေ-ရာဇဂြိုဟ်မြို့၌၊ ဇာတော-မွေးဖွားသူတည်း၊ ရာဇဂဟိကော-သူ၊ ရာဇဂဟေ-၌၊ ဝသတိ-နေတတ်၏၊ ဣတိ ရာဇဂဟိကော-မည်၏၊ ဇနော-လူတည်း၊ မဂဓေသု-မဂဓတိုင်းတို့၌၊ ဇာတော၊ ဝါ ဝသတိ၊ ဣတိ၊ မာဂဓိကော၊ မာဂဓိကာ-မာဂဓတိုင်းတို့၌ မွေးဖွါးသော မိန်းမ၊ ဝါ-မဂဓတိုင်းတို့၌ နေသော မိန်းမ၊ မာဂဓိကံ-တို့၌၊ပေ၊ အမျိုး၊ သာဝတ္ထိယံ-သာဝတ္ထိမြို့၌၊ပေ၊ သာဝတ္ထိကော၊ ကပိလဝတ္ထိကော-ကပိလဝတ်မြို့၌ မွေးဖွါးသူ, ဝါ-နေသူ၊ ဝေသာလိကော-ဝေသာလီမြို့၌ မွေးဖွါးသူ, နေသူ။

---

စေ၀ံတေစီဝရိကော၊ပေ၊သောသာနိကော-"တိစီဝရံ"အရ သင်္ကန်း ၃ထည်ကို ဆောင်ခြင်းတိုင်အောင် ယူ, "တိစီဝရံ သီလံ အဿ"ဟုပြု၊ "ကောသနေ ဘောဇန သီလော"စသည့်ဝိဂ္ဂြိုဟ်ပြုခြင်းသာတည်း၊"ကောသန်"ဖြင့် တနေရာထည်း၌ စားခြင်းကြိယာကို ယူ၊ "ကောသနံ သီလံ အဿ"ဟု ပြု၊ "ရုက္ခမူလ်"အရ ရုက္ခမူလ၌ နေခြင်းကို ယူ၊ "ရုက္ခမူလံ သီလံ အဿ"ဟု ပြု၊ အရည-သုသာနတို့အရလည်း ထို၌ နေခြင်းတိုင်အောင် (ဌာနူပစာရအားဖြင့်) ယူပါ၊ [ဤသီလတ္ထ၌ ဏိကပစ္စည်း သက်ပုံကို ထောက်၍"တဿီလတဒ္ဓိတ်"လည်း ရှိသည်-ဟုမှတ်။]

ဇာတတ္ထေ—"ဇာတတ္ထေ"ဟု အစချီထားသော်လည်း ရာဇဂဟိကော စသည်၌ ဝသတိ အနက်ကိုပါ ပြလတ့်ဖြစ်၍ "တတ္ထဇာတော-တတ္ထဝသတိ" ၂ မျိုးလုံး၏ပုံစံကို ပြသည်ဟု-မှတ်၊ မွေးဖွားခြင်း-ဖြစ်ခြင်း ၂ မျိုးလုံးပင် ဇာတ၌ ပါဝင်၏၊ ထို့ကြောင့် "မွေးဖွားသူ-ပေါက်ဖွားသူ-ဖြစ်သောပန်း" စသည်ဖြင့် သင့်သလို အနက်ပေး၊ မိုးကာလတို့၌ ဖြစ်တတ်သော ရောဂါစသည်ကိုယူစေလို၍ ဤဇာတတဒ္ဓိတ်၌ ဝဿိကော စသည်ကို ပြထားသည်၊ဘုရားအလောင်း နန်း ပြာသာဒ်စသည်ကို ယူစေလိုရာ၌ကား

www.dhammaransi.com



ဝိဒိတေ - ဝိဒိတ အနက်၌၊ (ဥဒါဟရဏံ)၊ လောကေ - လောက၌၊ ဝိဒိတော - ထင်ရှားသောတရားသည်၊ လောကိကော-မည်၏၊ လောကာယ- လောက အကျိုးငှါ၊ သံဝတ္တတိ - ဖြစ်၏၊ ဣတိပိ-လည်း၊ လောကိကော- မည်၏၊ တထာ - ထိုမှ တပါး၊ မာတိတော - အမိမှ၊ အာဂတံ - လာသော နာမည်တည်း၊ မာတိကံ - မည်၏၊ ပိတိတော - အဘမှ၊ အာဂတံ - သော၊ နာမံ - တည်း၊ ပိတိကံ - နာမည်၊ .... သမ္ဘူတတ္ထေ - သမ္ဘူတ အနက်၌၊ (ဥဒါဟရဏံ)၊ မာတိတော-မှ၊ သမ္ဘူတံ-ဖြစ်သော ဥစ္စာတည်း၊ မတ္တိကံ- ဥစ္စာ၊ ဧဝံ, ပေတ္တိကံ-အဘမှဖြစ်သော ဥစ္စာ၊.... (တဿ—ထိုက်၏)၊ ဥပဓိ - ခန္ဓာဟူသော၊ ပယောဇနံ အကျိုးသည်၊ (အတ္ထိ) ဣတိ ဩပဓိကံ - မည်၏။

---

"ဝဿံ—မိုးဥတု၌ နေခြင်းကို၊ အရဟတိ—ထိုက်၏၊ ဣတိ ဝဿိကော" စသည်ဖြင့် အရဟတိအနက်၌ ဏ်ပြယုဂ်များကို ထုတ်နိုင်သည်၊ "ဝဿန္တေ ဇာတော ဝါသန္တိကော" ဟု ဝဲ၌ ဝုဒ္ဓိရှိရမည်၊ "စတုဒ္ဒသေ+ဇာတော စာတုဒ္ဒသိကော၊ကပိလဝတ္ထုမှိ ဇာတော ကာပိလဝတ္ထိကော၊ ဝေသာလိယံ ဇာတော ဝေသာလိကော"စသည် ပြု။

**ဝိဒိတေ**—[သီဟိုဠ်မူ၌"ဝိဒိတေ"ဟု အချီစကား မပါ၊ ဝိဒိတ အနက်သာ မက "တဒတ္ထာယ သံဝတ္တတိ, တတော အာဂတော"တို့၏ ပုံစံများလည်း ပြလတ့်။] လောက၌ ထင်ရှားသော (လောက၌ အများသိ ဖြစ်သော)တရား ဟူသမျှသည် လောကိကမည်၏၊ ဘေသုဝုဒ္ဓိဖြင့် ကကို ယ ပြု၍"လောကိယ"လည်းဖြစ်၏၊ လောက အကျိုးငှါဖြစ်သော (လောက၌ အကျိုးပေးသော ကောင်းမှု စသော) အရာဟူသမျှ လည်း လောကိက မည်၏၊ "သဂ္ဂါယ-နတ်ပြည်အလို့ငှါ၊ သံဝတ္တတီတိ သောဝဂ္ဂိကော" လည်း နည်းတူ၊ နတ်ပြည်အလို့ငှါဖြစ်သော (နတ်ပြည်၌ အကျိုးပေးသော) ကောင်းမှု သည် သောဝဂ္ဂိက မည်၏၊ [သဂ္ဂ သဒ္ဒါသည် "သု+အဂ္ဂ"မှ ဖြစ်လာ၏၊ ဝမော- ဒုဒန္တာနံ၌ ယောဂဝိဘာဂဖြင့် ဥကို ဝ ပြု၍ မာယူန မာဂမောဌာနေဖြင့် ဝ ၏ ရှေ့၌ ဩလာလျှင် "သောဝဂ္ဂိက"ဟု ဖြစ်သည်။] ပုန+ဘဝေါ—နောက်ထပ်ဘဝ (နောင် ဘဝ)သည်၊ ပုနဗ္ဘဝေါ-မည်၏၊ ပုနဗ္ဘဝါယ—နောင်ဘဝအကျိုးငှါ၊ သံဝတ္တတိ ဣတိ ပေါနောဘဝိကော—မည်၏၊ ဏ် အနုဗန်ပစ္စည်းကြောင့် ဝုဒ္ဓိပြု၍ "ပေါ"ဟု ဖြစ်၏၊ သုတ်ကြီးဖြင့် သို့မဟုတ် ဧဟသမောလောပေ ယောဂဝိဘာဂဖြင့် န၏ အ ကို ဩပြုလျှင် "နော"ဟု ဖြစ်၏၊ ဩ ဒီဃ ရှေ့ကရောက်လျှင် ဗ လည်း အလိုလိုပျောက်၍ "ပေါနောဘဝိကာ"ဟု ပါဠိမှန်ဖြစ်ကြောင်း ဆရာတို့ ဆုံးဖြတ်ကြသည်။

**တထာ မာတိတော၊ ပေ၊ ဧဝံ ပေတ္တိကံ**—မာတိတော အာဂတံ မာတိကံ၊ပေ၊ ပိတိကံ နာမံ"တို့၌ မာတု ပိတုနောင် အာဂတ အနက်၌ ဏိက ပစ္စည်းသက်ရုံသာ၊ ဝေဿန္တရဇာတ်ဝယ် "နာမံ"ကို အရကောက်ရာ၌ "န မယှံ မတ္တိကံ နာမံ, နာပိ ပေတ္တိက သမ္ဘဝံ"ဟုရှိ၏၊ "ဣဒံ တေ ဇာတ သုဒိန္န မာတု မတ္တိကံ ဓနံ, အညံ ပေတ္တိကံ= ချစ်သား သုဒိန်....ဤရှေ့ပုံ ငွေပုံ ၂ ပုံသော ဥစ္စာကား သင့်မိခင်၏ အမိမှလာသော

www.dhammaransi.com



သကာတ္တေပိ - သကတ္တ၌လည်း၊ (ဏိကော-သည်၊ ဟောတိ၊) အသင်္ခါရေယေဝ - သင်္ခါရမရှိသော စိတ်သည်ပင်၊ အသင်္ခါရိကံ - မည်၏၊ ဧဝံ, သသင်္ခါရိကံ - သင်္ခါရရှိသောစိတ်၊ နာမမေဝ - နာမ်ပုဒ်သည်ပင်၊ နာမိကံ - မည်၏၊ ဧဝံ, အာချာတိကံ - အာချာတ်ပုဒ်၊ ဩပသဂ္ဂိကံ - ဥပသာရပုဒ်၊

---

ဥစ္စာ ဖြစ်သည်၊ အဘမှ လာသော ဥစ္စာကား တခြားရှိသေး၏'' ဟူသော သုဒိန္နကဏ္ဍ၌ မတ္တိက ပေတ္တိက ဟုပင်ရှိသည်၊ သို့ဖြစ်လျှင် မာတိကဟု ပြီးသောအခါ (တ) ဒွေဘော် လာ,မာ၌ ရဿပြု၊ ပိတိကဟု ပြီးသောအခါ ရှေးဦးစွာ ဧဝုဒ္ဓိပြုပြီးမှ (တ်) ဒွေဘော်လာ၊ သမ္ဘူတ အနက်၌ ရုပ်ပြီးပုံလည်း နည်းတူ။

''ဥပမိ တဿ ပယောဇနံ ဩပမိကံ'' ဟု တဿနှင့်တကွ ပါဌ်မှန်ရှိစေ၊ ဥပမိသဒ္ဒါသည် ခန္ဓုပမိ ကိလေသုပမိ စသည်ကို ဟော၏၊ ဤ၌ ဥပပတ္တိဘာဝ ဟူသော ဝိပါက်ခန္ဓာသည် ဥပမိတည်း၊ ထိုဥပမိ အကျိုးပေးသော ကံသည် ဩပမိကမည်၏။ [''ဩပမိကံတိ—ဥပမိဝိပါကံ ပုညံ'' (သဒ္ဒသံယုတ် အဋ္ဌကထာ)။]

သကတ္ထေပိ—တေန ကတာဒိ၌ အာဒိ အရ ''တဒဿ ပယောဇနံ'' တိုင်အောင် ပြပြီး၍ ''ဧဝမာဒိ အတ္ထေ'' ၌ အာဒိအရ သကတ္ထ-တတြဘဝတ္တိ အနက်တို့ကိုလည်းပြလို သောကြောင့် ''သကတ္ထေ'' စသည်မိန့်၊ ''အသင်္ခါရံ'' ဟူသော မိမိပင်ကိုယ်ပုဒ်သည် သကမည်၏၊ ထိုပင်ကိုယ်ပုဒ်၏ ''သင်္ခါရမရှိသောစိတ်'' ဟူသောအနက်သည် သကတ္ထ မည်၏၊ ထို သကတ္ထ၌ ဏိကပစ္စည်း သက်သောကြောင့် အသင်္ခါရိကံကို သကတ္ထတဒ္ဓိတ် ဟု ခေါ်၏၊ သတ္ထိက တဒ္ဓိတ်ဟုရင်း သွတ္ထ တဒ္ဓိတ်ဟုရင်း ခေါ်ကြသေး၏၊ သတ္ထေ (သ အတ္ထေ)—မိမိဟူသော (အသင်္ခါရပုဒ်၏) အနက်၌၊ ပဝတ္တံ-ဖြစ်သော တဒ္ဓိတ်သည် (ပစ္စည်းသည်)၊ သတ္ထိကံ—မည်၏၊ သောယေဝ အတ္ထော—အသင်္ခါရပုဒ်၏ ထိုအနက် သည်ပင်၊ (သော+အတ္ထော,မှ ဩကို ဝ ပြု၍) သွတ္ထော-မည်၏၊ ထို သွတ္ထ၌ ပစ္စည်း သက်သောကြောင့် သွတ္ထတဒ္ဓိတ်လည်းမည်သည်၊ ''အသင်္ခါရော+ဧဝ'' ဟု ဝါကျတည်၍ တမဓိတေ စသောသုတ်ဝယ် တေန ကတာဒိ၌ အာဒိသဒ္ဒါဖြင့် သကတ္ထ၌ ဏိကပစ္စည်း သက်, ဏ် အနုဗန် စသည်ချေ၊ ''အသင်္ခါရ'' ဟု ပကတိပြု, စသည်စီရင်၊ နာမိကံ စသည်လည်း နည်းတူ။

မှတ်ချက်။ ။ဤသို့လျှင် သကတ္ထ၌ ဏိကပစ္စည်း သက်သောကြောင့် ''နိယျာတိ ဧတေနာတိ နိယျာနံ,နိယျာနမေဝ နိယျာနိကံ-ယထာ ဝေနယိကော'' ဟုလောကုတ္တရာ စိတ်ဖွင့် မူလဋီကာ မိန့်သည်၊ ဤ၌ ဝေနယိကောသည် ''ဝိနယံ+အရဟတိ'' ဝိဂြိုဟ်အရ ပြီးသောပုဒ်မဟုတ်, ''ဝိနယမေဝ ဝေနယိကော'' ဟု သကတ္တ၌ ဏိကပစ္စည်း သက်၍ ပြီးသောပုဒ်တည်း၊ [ဝိနယာဒိမှာ ဏိကော, ဥပါယဿ ရဿော စ။... ပဌမန္တာ ဝိနယာ ဒိတော သကတ္ထေ ဏိကော ဘဝတိ ဝါ, ဥပါယ သဒ္ဒဿ ဏိကေ ရဿော၊ ဝိနယော ဧဝ ဝေနယိကော၊ ပေ၊ ဥပါယော ဧဝ ဩပယိကံ (ပါဠိ ရဿပြု)၊.... မောဂ္ဂလ္လာန် နိဿယသစ်၊ ကျမ်းစာတို့၌ကား ရဿမပြုဘဲ ''ဩပါယိကံ'' ဟု အရှိ များ၏။]

www.dhammaransi.com



နေပါတိကံ-နိပါတ်ပုဒ်၊....ဓေတသံ – ဤ နှတ်တို့၏၊ စတုမဟာရာဇေ-နတ်မင်းကြီး ၄-ယောက်၌၊ ဘတ္တိ-ဆည်းကပ်ခြင်းသည် (အတ္ထိ)၊ ဣတိ, စာတုမဟာရာဇိကာ-တို့မည်၏၊ ဧဝံ-ဤ အတူ၊ အညတ္ထေပိ-အခြားအနက်၌လည်း၊ ယောဇေတဗ္ဗံ-ယှဉ်စေရာ၏။

(၃၇၅) ကသာဝေန-ဖန်ရည်ဖြင့်၊ ရတ္တံ-ဆိုးအပ်သော အဝတ်တည်း၊ ဣတိ, ဝိဂ္ဂဟော (သတိ)။

ဏ ရာဂါ၊ ပေ၊ သုစ။ ။ရာဂတ္ထဝါစကာ-ဆိုးရည် အနက်ကို ဟောသော၊ လိင်မှာ – လိန်မှ (နောက်၌)၊ တေန – ထို ဆိုးရည်ဖြင့်၊ရတ္တံ-

---

## အသုံးများသော သကတ္တတဒ္ဓိတ် အချို့.

**ယာဝါဒိမှာ ကော။** ။ယာဝေါ ဧဝ ယာဝကော၊ပေ၊အာ္ဗကော, ဉာတကော, ဘိက္ခုကော, တနုကော, ပေါတကော။

**သီတုဏှေဟိ ဥတုမှိ။** ။ဥတု အနက်ကိုဟောရာ၌ သီတ ဥဏှ နောင် သကတ္တ၌ ကပစ္စည်းသက်၊ သီတော ဧဝ သီတကော ( အဝ ဥတု ), ဥဏှကော၊ [ဥတုကို မဟောရာ၌ "သီတော ဝါယော–ဧသော လေ"ဟု ကပစ္စည်း မသက်ရ။] ထို့ပြင်-"လောဟိတကော-ပဒုမြားနီ, နှာတကော-ရေချိုးသူ, ကာဠကော–အမဲ။

**အဟ မာဒိဝဏ္ဏေဟိ ကာရော။** ။အဟံ, အစရှိသော ဝဏ္ဏနောင် သကတ္တ၌ ကာရပစ္စည်းသက်၊ အဟမေဝ အဟံကာရော, ဧဝကာရော, ဥုံကာရော, သစ္စကာရော, တုကာရော ကကာရော။

**ရူပနာမေဟိ ဓေယျော, ဘာဂါတုယော စ။** ။ရူပနာမ သဒ္ဒါနောင် သကတ္တ၌ ဓေယျပစ္စည်း, ဘာဂ နောင် ယ ပစ္စည်းလည်းသက်၊ ရူပဓေယျံ, နာမဓေယျံ,ဘာဂဓေယျံ,ဘာဂျံ။ ["အသင်္ခိရိုက်,ဝိနယမေဝ ဝေနယိကော" စသည်တို့၌ကား၊ တမဝိဘေသုတ်ဖြင့် ဏိကပစ္စည်းသက်။]

**စတုမဟာရာဇေ ဘတ္တိ ဓေတသံ**–"စတ္တာရော မဟာရာဇာနော စတုမဟာရာဇံ" ဟု ရှေးဦးစွာ ဒိဂုသမာသ်တွဲ။ [စတုနောက်ဗွေဘော် ရောက်မြဲဖြစ်၍ "စတုမ္မဟာရာဇံ" လည်းရှိ၏။] ထိုနောက် တဖြ ဘတ္တိ အနက်၌ (စတုမဟာရာဇေ ဘတ္တိ ဓေတသံ—ဟူသော ဝိဂ္ဂဟ အနက်၌) ဏိကပစ္စည်းသက်၍ "စာတုမဟာရာဇိကာ"ဟု ဖြစ်သည်၊ ဓတရဋ္ဌ စသော"စတုလောကပါလ"ခေါ် နတ်မင်းကြီး ၄ ယောက်၌ဆည်းကပ်ခစား ကြရသော စတုမဟာရာဇ် ဘုံသား နတ်များတည်း၊ ထို့အတူ ဘုရား၌ ဆည်းကပ် ကိုးကွယ်သူသည်"ဗုဒ္ဓေ ဘတ္တိ ဧတဿ"အရ ဗုဒ္ဓိက (ဗုဒ္ဓဘာသာဝင်) မည်၏၊ ဤသို့ စသည်ဖြင့် ဏိက ပစ္စည်းသည် အနက်များစွာ၌ ဖြစ်နိုင်သောကြောင့် "ဧဝ မညတ္ထေပိ ယောဇေတဗ္ဗံ"ဟု မိန့်သည်။

www.dhammaransi.com



ဆိုးအပ်၏၊ ဣလ္စေ့တသ္မိံ အတ္တေ စ - ဤအနက်၌ရင်း၊ တဿာတိ– တဿ ဟူသော၊ ဆဋ္ဌီယန္တတော - ဆဋ္ဌီယန္တပုဒ်မှ (နောက်၌) ဣဒံ ဣလ္စေ့တသ္မိံ အတ္တေ စ-ဣဒံ ဟူသော ဤအနက်၌ရင်း၊ အညတ္ထေသု စ - အခြား အနက်တို့၌ရင်း၊ ဏပစ္စယော ဝါ ဟောတိ၊ ကာသာဝံ - ဖန်ရည်ဖြင့် ဆိုးအပ်သော၊ ဝတ္ထံ – အဝတ်၊ ဧဝံ, ကာသာယံ - ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်၊ ကုသုမ္ဘေန - ဝတ်ပန်းဖြင့်၊ ဝါ-ဆူးပန်းပွင့်ဖြင့်၊ ရတ္တံ-တည်း၊ ကော သုမ္ဘံ– အဝတ်၊ ဟလိဒ္ဒိယာ – နနွင်းဖြင့်၊ ပေ၊ ဟာလိဒ္ဒံ၊ [ "ပါဋ္ဌင် - ချိပ်ရည်ဖြင့် ဆိုးအပ်သောအဝတ်"ဟု နိဿယပေး၏၊ ချိပ်ရည်အနက်ဟော "ပဋ္ဌင်" သဒ္ဒါ အဘိဓာန်၌ မရှိ၊ ထို့ကြောင့် ကစ္စာယနဝဏ္ဏနာ ဖွင့်သော်လည်း ဆင်ခြင်၊ သီမူ၌ "ပတ္တင် - သစ်ရွက်ဖြင့် ဆိုးအပ်သော အဝတ်"ဟု ရှိ၏၊] မဉ္ဇိဋ္ဌ (မဉ္ဇေဋ္ဌ) – ထန်းကျင့်ရည်ဖြင့် ဆိုးအပ်သောအဝတ်၊ ကုင်္ကုမံ–မာလာကျိုကျူဖြင့် ဆိုးအပ်သော အဝတ်၊ နီလေန-ညိုသော ဆိုးရည်ဖြင့်၊ ရတ္တံ-

---

(၃၇၅) ရာဂတ္တ၊ပေ၊တေန ရတ္တမိစ္စေတသ္မိံ—ရာဂသဒ္ဒါသည် "ဆိုးရည်" ဟူသောအနက်ကိုဟော၏၊ထိုဆိုးရည်အနက်ကိုဟောသော"ကာသာဝ-ကာသာယ-ကုသုမ္ဘ"စသည်သည် ရာဂတ္တဝါစကလိင်တည်း၊ "တေနရတ္တံ"၌ တေနဖြင့် "ကသာဝေန"စသော တတိယန္တလိင်များကို ညွှန်ပြသည်၊ ကသာဝ–စသော ရာဂတ္တဝါစကလိင်နောင် "ကသာဝေန+ရတ္တံ" စသောအနက်၌ ဏပစ္စည်းသက်၊ ဤ"ရာဂတ္တ၊ပေ၊ တေန ရတ္တ မိစ္စေတသ္မိံ အတ္တေ"သည် သုတ်၌ပါသော "ရာဂါ"ပုဒ်၏ အဖွင့်တည်း၊ သုတ်၌"ရာဂါ"အရ "ဆိုးရည်အနက်"ကို မယူဘဲ ဆိုးရည်အနက်ကို ဟောသော သဒ္ဒါကို (ကာရဏူပစာရအားဖြင့်) ယူပါဟုသိစေလို၍"ရာဂတ္တဝါစကာ"ဟုဖွင့်သည်။

တဿာတိ၊ပေ၊ဣဒမိစ္စေ၊ပေ၊အညတ္ထေသု—ဤကား သုတ်၌ ပါသော "တဿေဒံ(တဿ+ဣဒံ)၏ အဖွင့်တည်း၊ ထို၌ "တဿာတိ ဆဋ္ဌီယန္တတော"ဖြင့် "မဟိံသဿ"စသော ဆဋ္ဌီယန္တပုဒ်များကို ညွှန်ပြသည်၊ "မဟိံသဿ"ကဲ့သို့သော ဆဋ္ဌီယန္တ လိင်နောင် ဣဒံအနက်၌ ဏိကပစ္စည်းသက်၊ "အညတ္ထေသုစ" အရကို "အညတ္ထဂ္ဂဟဏေန ပန"စသည်ဖြင့် ပြလတ္တံ့။

ကာသာဝံ၊ ပေ ၊ ဝီတ—ကာသာဝံ ရုပ်ပြီးပုံ ထင်ရှားပြီ၊ ကသာယ သဒ္ဒါလည်း "ဖန်ရည်" အနက်ဟောတည်း၊ "ကသာယေန+ရတ္တံ"ဟုပြု၊ "ထန်းကျင့်နွယ်"ဟု အနက်ပြန်ရသော သဒ္ဒါကို မဉ္ဇိပုဒ်နောင် အတိသယ (ဝိသေသ) အနက်၌ ဌပစ္စည်းသက်၍"မဉ္ဇိဋ္ဌာ"ဟု ထောမနိဓိ၌ပြ၏၊ မဉ္ဇိသဒ္ဒါကား မဉ္ဇရိနှင့် အနက်တူ (ပွင့်တံအခိုင်) ဟူသောအနက်ဟောတည်း၊များသောပွင့်တံအခိုင်ရှိသောအနွယ်ကို"မဉ္ဇိဋ္ဌာ-ထန်းကျင့်,ဝါ-နီပါးဆေး"ဟု ခေါ်သတတ်၊ "မဉ္ဇိဋ္ဌာယ-ထန်းကျင့်နွယ်ရည်ဖြင့်၊ရတ္တံ-သည်၊ မဉ္ဇိဋ္ဌံ–မည်၏၊ သီဟိုဠ်မူ၌ ဓေတသုဝဒ္ဓိဖြင့် ဧကို ပြု၍ "မဉ္ဇေဋ္ဌံ"ဟု ရှိ၏၊

www.dhammaransi.com



တည်း၊ နီလံ – အဝတ်၊ ဝေ၊ ပီတံ-ရွှေသော ဆိုးရည်ဖြင့် ဆိုးအပ်သော အဝတ်။

ဣဒ မတ္တေ – ဣဒံ အနက်၌ (ဥဒါဟရဏံ)၊ ဣဒံ-ဤ အသားသည်၊ မဟိံ သဿ—ကျွဲ၏(ဥစ္စာတည်း)၊ မာဟိံသံ-ကျွဲ၏ ဥစ္စာဖြစ်သော၊ မံသံ-အသား၊ ဝါ-တနည်း၊ ဒဓိ သပ္ပိ စမ္မာဒိကံ-နို့မေး, ထောပတ်, အရေ အစ ရှိသည်တည်း၊ ဣဒံ – ဤ အသားသည်၊ သူကရဿ ဝက်၏ (ဥစ္စာတည်း၊) သောကရံ – ဝက်သား၊ တထာ—ထိုမှတပါး၊ ဣဒံ ပကရဏံ—ဤကျမ်းသည်၊ ကစ္စာယနဿ - ကစ္စည်း ထေရ်၏ (ကျမ်းတည်း)၊ ကစ္စာယနံ - ကစ္စည်း ထေရ်၏ ကျမ်းဖြစ်သော၊ ဗျာကရဏံ - ဗျာကရဏ်းကျမ်း, ဝေ, သောဂတံ -

---

အဘိဓာန်နိဿယသစ်၌“ကုကုံမံ-ဂုံဂမံ”ဟုပေး၏၊ ဂုံဂမံကိုပင်“မာလာကျိကျူ” ဟု ခေါ်ဟန်တူသည်၊ နီလံ ပီတံတို့၌ ဏ အနုဗန်ရှိသော ပစ္စည်းနှောင်းသော်လည်း ဝုဒ္ဓါဒိ သရဿဝါသုတ်၌ ပြခဲ့သည့်အတိုင်း ဝါသဒ္ဒါမြစ်သောကြောင့် ဝုဒ္ဓိမပြုဘဲ (နေလံ, ပေတံ-ဟု မပြုဘဲ) ရှိနိုင်သည်၊ [မောဂ္ဂလ္လာန်၌ကား—အညိုဂုဏ်၏ နီလအမည်ကို ဂုဏ်၏တည်ရာ အဝတ်ဒြဗ်၌ တင်စား၍ ဂုဏူပစာ—ဌာန္ယူပစာရအားဖြင့် အဝတ် ကိုလည်း “နီလ”ဟုဆိုနိုင်သည်၊ “ဏ ပစ္စည်း သက်ဘွယ်မလို, ဏ ပစ္စည်း၏အနက်ကို နီလ ပုဒ်ရင်းကပင် ဥပစာအားဖြင့် ဟောနိုင်သည်”ဟု ဆိုလိုသည်၊ ပီတံလည်း နည်းတူ၊ ဤမောဂ္ဂလ္လာန်အဆိုသည် “နီလဝဏ္ဏ ယောဂတော နီလံ ဝတ္ထံဝိယ”ဟု ဈာန်ခဏ်း၌ ဖွင့်လေ့ရှိသော အဋ္ဌကထာများနှင့် ညီပေသည်။]

ဣဒ မတ္တေ—“မဟိံသဿ- ကျွဲ၏၊ ဣဒံ-ဥစ္စာတည်း”ဟု ပေးရိုးရှိ၏၊ သို့သော် “ဣဒံ”ပုဒ်သည် “ဣဒံ—ဣမာနိ”စသည်ဖြင့် သဗ္ဗနာမ်၌ လာသော ပုဒ်တည်း၊ နပုံလိင် အရာဝယ်“ဣဒံ”ဟုဆို၍, ပုလ္လိင် ဣတ္ထိလိင် အရာ၌“အယံ”ဟုဆိုရသည်၊ ထိုဣဒံ=အယံ တို့လည်း သန္တက သဒ္ဒါနှင့် အနက်တူ မဟုတ်ကြ၊ ထို့ကြောင့်“ဣဒံအယံ-ဥစ္စာတည်း” ဟု ပေးရိုးအနက်ကို မသုံးဘဲ“ဣဒံ-ဤအသားသည်”စသည်ဖြင့် အဘိဓေယျကိုကြည့်၍ အနက်ပေးသည်၊“မဟိံသဿ- ကျွဲ၏”ဟုသာသဒ္ဒါနက်ရှိသော်လည်း“မဟိံသဿ” ဟူသော သမ္ဗန်သည် သမ္ဗန္ဓီကို အမြဲငဲ့သောကြောင့်“ဥစ္စာတည်း”ဟု သမ္ဗန္ဓီကို ထည့်၍ ပေးနိုင်သည်၊ဤသို့အနက်ပေးခြင်းသည်.... “ဣဒံတိသာမညတော နပုံသကနိဒ္ဒေသေန ဆဂလကံ နိဒ္ဒိသတိ, ဣဒံ ဆဂလကဇာတံ တိ အတ္ထော၊ အယံ ဆဂလကော တိ ဝုတ္တံ ဟောတိ”—ဟူသော ဒုတိယ ဒုဋ္ဌ ဒေါသ သိက္ခာပုဒ်အဖွင့် တေရသကဏ် ဋီကာနှင့် ညီ၏၊ မှန်၏—“အညဘာဂဿ ဣဒံ, အညဘာဂိယံ”ဟူသော အဋ္ဌကထာ၏ ဣဒံ တဒ္ဓိတ်၌“ဣဒံ-ဤဆိတ်ဖိုသည်”ဟုစွဲဘို့ရာ“ဣဒံ ဆဂလက ဇာတံ”ဟုဖွင့်ခြင်းဖြစ်သည်။

“မဟိံသဿ ဣဒံ မာဟိံသံ”၏ နောက်၌ “မံသံ”သည် အဘိဓေယျတည်း၊ “မာဟိံသံ”အရ“အသား”သာမက, ကျွဲမှဖြစ်သော နို့ဓမ်းစသည် အားလုံးပင် ရနိုင်

www.dhammaransi.com



မြတ်စွာဘုရား၏ ဥစ္စာ ဖြစ်သော၊ သာသနံ – သာသနာတော်၊ [သီ ဟိုဠ်မူ၌ "သောဂတော–သောဓမ္မော-တရား၊ သော ဂ တော – သော၊ သံဃော–သံဃာ" ဟုလည်း ရှိသေး၏။]

( ၃၇၆ ) ဣဒံ-၌ ဝေဒ ဝါကျသည်၊ ဣသိဿ-ရသေ့၏ (ဥစ္စာတည်း)၊ ဣတိအတ္ထေ-၌၊ ဏ ပစ္စယေ-ကို၊ ကတေ-သော်၊ ဝုဒ္ဓိမှိ-သည်၊ သမ္ဘူတေ-သော်၊ သဏေတိ ယူနံတိ အာဂမောတိ ဌာနေတိ စ ဝတ္တတေ။

အာတ္တဉ္စ။ ။ဌာနေ-၌၊ ပရေ, သ ဏကာရ ပစ္စယေ-ကြောင့်၊ ဣဉ ဣတိ-ဟူကုန်သော၊ ဧတေသံ အာဒိသရာနံ - ၏ အစ သရတို့၏၊ အာတ္တဉ္စ-အာ အဖြစ်သည်လည်း၊ ဟောတိ၊ စ သဒ္ဒေန-ဖြင့်၊ ရိကာရာဂမော စ၊ ရိ အက္ခရာလည်းလာ၊ ဣတိ-၌သုတ်ဖြင့်၊ ဣ ကာ ရ ဿ-၏၊ အာတ္တံ-အာပြု။

---

သောကြောင့်"ဒမိသပ္ပိ စမ္မာဒိကံဝါ"ဟု တနည်းပြပြန်သည်၊ [သီဠ်၌"ဝါ"ပါသည်၊] ဤနည်းအလို "ဣဒံ–ဤနို့ဓမ်းစသည်သည်၊ မဟိံသဿ–ကျွဲ၏ဥစ္စာတည်း"ဟုပေး၊ "သူကရဿ ဣဒံ"စသည်လည်းနည်းတူ၊သီမူ၌"သောကရံ"မရှိ"သူကရံ"ဟုပင် ရှိ၏၊ ကစ္စည်း(သဒ္ဒါကြီး)ကျမ်းသည် အရှင်ကစ္စည်းထေရ် ဖွင့်ပြအပ်သော ကျမ်းဖြစ်သော ကြောင့် အရှင်ကစ္စည်းထေရ်၏ဥစ္စာမည်၏၊ ထို့အတူ ဘုရားရှင် တည်ထားအပ်သော သာသနာတော်လည်း သုဂတ၏ဥစ္စာပင်တည်း၊သီဟိုဠ်မူ၌တွေ့ရသော"သောဂတော-ဓမ္မော,သောဂတော–သံဃော"တို့၌ "သုဂတဿ အယံ,သောဂတော"ဟု ဝိဂ္ဂြိုဟ်ပြု၊ လိန်အားလျော်စွာ "အယံ"ဟု ထားသော်လည်း ဣဒံ တဒ္ဓိတ်တွင် ပါဝင်ရသည်၊ [သဗ္ဗတ၌ ဣမပုဒ်ချင်း မဟုတ်"ဣဒံ"ပုဒ်ရင်းဖြစ်ကြောင်း ပြခဲ့ပြီ။]

(၃၇၆) ဣသိဿ+ဣဒံ— "အာရိသန္တိ–ဝေဒဝါကျံ (ဝေဒကျမ်း၌ ပါသော ဝါကျ)"ဟု ဋီကာဖွင့်သောကြောင့် "ဣဒံ-၌ဝေဒဝါကျသည်"ဟု ပေးသည်။ "အဋ္ဌက"စသော ရသေ့တို့ စီရင်အပ်သောကြောင့် ဝေဒကျမ်းလာ စကားစုသည် "အာရိသ"မည်သတတ်၊ ဣဒံ အနက်၌ဣသိဿနောင် "ဏရာဂါတဒ္ဓိတေ မည္ဆွေ-သုစ"သုတ်ဖြင့်ဏ ပစ္စည်း သက်ပြီးနောက် ဏ အနုဗန် စသည်ချေ၍ ပကတိ ပြုပြီးသော အခါ "ဝုဒ္ဓါဒိသရဿဝါ"သုတ်ဖြင့် ဣကို ဧဝုဒ္ဓိပြုခွင့် ရောက်နေသော်လည်း, ထိုဝုဒ္ဓိ အပြုကို တားမြစ်၍ ဤ"အာတ္တဉ္စ"သုတ်ဖြင့် ဣကို အာပြု, ဣ အပြု၏ အခြားမဲ့၌ရိလာ, (အာရိသ) နာမ်ငဲ့, သိ အံပြု၍ "အာရိသံ"ဟုသာ သီမူ၌ ရှိသည်၊ "အာရိသျံ"ဟု ရှိသည်ကား ပါဠ်ပျက်။ [ဘာဝတဒ္ဓိတ်၌သာ ဏျပစ္စည်းသက်၍ "အာရိသျံ"ဟု ရှိနိုင်လတ့်၊]

ဌာဥဣဒ္ဓ၊ ပေ၊ ဌာနေ—သင့်လျော်ရာ ဌာန၌ (ဏ) အနုဗန်ရှိသော ပစ္စည်း နောင်းရာ၌ ဣသိ–ဥသဘတို့ကဲ့သို့ အစဖြစ်သော ဣဥသရတို့ကို အာပြု၊ အာတ္တဉ္စ၌ စ ဖြင့် ရိလည်းလာ၊ ဣဉ ဣစ္စေတေသံ အာဒိသရာနံသည်"ယူနံ"၏အဖွင့်၊ "သဏကာရ ၊ပေ၊ပရေ"သည်"သဏေ"၏ "ရိကာရာဂမော"ကား အာဂမော၏ အဖွင့်တည်း။

www.dhammaransi.com



ဌာနာဓိကာရတော - ဌာနသဒ္ဒါ လိုက်ခြင်းကြောင့်၊ ဣလသုသဘာဥဇာဒီနံ- ဣလသိ, ဥသဘ, ဥဇု အစရှိသည်တို့၏၊ အာတ္တံ-သည်ရင်း၊ ဣလိယာ တု- ဣလသိ သဒ္ဒါ၏ကား၊ အာတ္တာနန္တရေ-အာ အဖြစ်၏ အခြားမဲ့၌၊ ရိကာရာ ဂမော ဝ-ရင်း၊ ဘဝေ-၏၊.... အာရိသံ-ရသေ့၏ဥစ္စာဖြစ်သော ဝေဒဝါကျ၊ ဣဒံ-ဤဌာနသည်၊ ဥသဘဿ-ဥသဘ၏ (ဥစ္စာတည်း)၊ အာသဘံ-ဥသဘ၏ ဥစ္စာဖြစ်သော၊ ဌာနံ-ဌာန၊ အာသဘီ-ဥသဘ၏ ဥစ္စာဖြစ်သော၊ ဝါစာ- စကား။

အညတ္ထဂ္ဂဟဏေန ပန - ဖြင့်ကား၊ အဝိဒူရဘဝေါ-အနီး၌ ဖြစ်သည်၊ တတြ - ထို၌၊ ဘဝေါ - ဖြစ်သည်၊ တတြ - ထို၌၊ ဇာတော - ဖြစ်သည်။ တတော-ထိုမှ၊ အာဂတော-လာသည်၊ အဿ-ထိုသူ၏၊ သောနိဝါသော- ထိုနေရာသည် ( အတ္ထိ )၊ တဿ-ထိုသူ၏၊ ဣဿရော-အစိုးရသူ၊ ကတ္တိကာဒီဟိ - ကြတ္တိကာနက္ခတ် အစရှိသည်တို့နှင့်၊ နိယုတ္တော - ယှဉ်သော၊ (မာသော-လ၊) အဿ - ထိုသူ၏၊ သာ ဒေဝတာ - ထို နတ်သည် (အတ္ထိ)၊ [“သာ ံဿ ဒေဝတာ”ဟု သိဒ္ဓ၌ ရှိသည်၊] တံ-ထိုကို၊ အဝေစ္စ-ညာဏ်ဖြင့်

---

ဌာနာဓိကာရ၊ပေ၊ဘဝေ — မာယူန မာဂမော ဌာနေ သုတ်မှ ဌာနသဒ္ဒါ လိုက်လာ၏၊ထိုဌာနသဒ္ဒါဖြင့်“အာ ပြုသင့်ရာ-ရိလာသင့်ရာ ဌာနဟုတ်မှ အာပြုရမည်- ရိလာရမည်, ဌာနမဟုတ်လျှင် အာ မပြုရ-ရိ မလာရ”ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် “ဣသိ-ဥသဘ-ဥဇု”စသည့်တို့၏ ဣ ဥတို့သာ အာပြုရာဌာနဖြစ်၏၊ဣသိသဒ္ဒါတခုထည်း အတွက် အာ အပြု၏ အခြားမဲ့၌သာ ရိလာရာဌာန ဖြစ်သည်-ဟုမှတ်၊ [ဥဇာဒီနံ၌ အာဒိဖြင့် မုဒုကို ယူ၊ “မဒ္ဒဝံ”ဟု လာလတံ့။ [“ဣသိဏှသဘုဇာဒီနံ”ဟု ပါဌ်ပြင်၍ “ဣသိ-ဣဏ-ဥသဘ-ဥဇု-(အာဒိဖြင့် မုဒု) တို့ကိုလည်း ယူကြသေး၏၊ ဣဏဿ+ ဘဝေါ, အာဏာ-ကြွေးမြီ၏ အဖြစ်။]

ဥသဘဿ၊ပေ၊ဝါစာ — မြတ်သူကို“ဥသဘ”ဟုခေါ်၏၊ထို“ဥသဘ၏အရော” ဟူသည် မကြောက် မရွံ့ ရဲဝံ့ခြင်း-ဘေးအန္တရာယ်ကြောင့် မတုန်မလှုပ်ခြင်းတည်း၊ “ဥသဘဿ”နောင် ဣဒံ အနက်၌ ဏ ပစ္စည်းသက်၍ (ဏ်) အနုဗန်စသည် ချေပြီး နောက်, ဝုဒ္ဓါဒိ သရဿ ဝါသုတ်ဖြင့် ဩဝုဒ္ဓိပြုခွင့် ရောက်လတ်သော် ထိုဝုဒ္ဓိအပြုကို တားမြစ်၍ ဤသုတ်ဖြင့် ဥကို အာပြု၊ အာသဘံ (ဌာနံ) ဟု ဖြစ်၏၊ ဝါစာကို ငဲ့၍ “အာသဘီ”ဟု ဖြစ်၏၊ ဏာဝဏိက ဏေယျဏန္တုဟိဖြင့် ဤ ပစ္စည်းသက်၊ မရွံ့ မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် စကားကို (ရဲရင့်ခြင်း ဂုဏ်နှင့် ယှဉ်သော ကြောင့် ဂုဏူပစာရအားဖြင့်,) တနည်း - အကြောင်းရဲရင့်ခြင်း၏ အမည်ကို အကျိုး စကား၌ တင်စား၍ ကာရဏူပစာရအားဖြင့်) အာသဘီ-ဟုခေါ်သည်။ [“ဥသဘဿ ဣဒံတိ ဟိ အာသဘံ, သူရဘာဝေါ၊ တေန ယုတ္တတ္တာ ပနာယံ ဝါစာ အာသဘီတိ ဝုစ္စတိ” သီလက္ခန် ဋီကာသစ်။]

www.dhammaransi.com



သက်ဝင်၍ အဓိဝေ–ရွတ်အံ၏၊ တသ-ထို၏၊ ဝိသယော-အရာဖြစ်သော၊ ဒေသော–အရပ်၊ တသ္မိံ ဒေသေ-ထိုအရပ်၌၊ အတ္ထိ၊ တေန–ထိုဖြင့်၊ နိဗ္ဗတ္တံ–ဖြစ်၏၊ တံ–ထိုကို၊ အရဟတိ–ထိုက်တန်၏၊ တဿ –ထို၏၊ ဝိကာရော–အထူးပြုအပ်သော အရာ၊ အဿ-ထို၏၊ တံ ပရိမာဏံ–ထို အတိုင်းအရှည်သည်၊ အတ္ထိ၊ [သိဒ္ဓ်၌ "တမဿ ပရိမာဏံ အတ္ထိ"ဟု ရှိ၏၊ နောက်၌လာမည့် ပုံစံနှင့် ညီသည်၊] ဣတိ ဣစ္စေဝမာဒီသု-ဤသို့ အစရှိကုန်သော၊ အတ္ထေသုစ-အနက်တို့၌လည်း၊ ဏ ပစ္စယော-သက်။

ယထာ–ဥဒါဟရဏ်ကား၊ ဝိဒိသာယ–ဝိဒိသာမြို့၏၊ အဝိဒူရေ - အနီး၌၊ ဘဝေါ - ဖြစ်သော၊ ဂါမော - ရွာတည်း၊ ဝေဒိသော–ရွာ၊ ဥဒုမ္ဗရဿ–ရေသဖန်းပင်၏၊ အဝိဒူရေ, ဘဝံ–သော၊ ဝိမာနံ–ဗိမာန်တည်း၊ ဩဒုမ္ဗရံ-မာန်၊....ဘဝတ္ထေ - ဘဝအနက်၌၊ ( ဥဒါဟရဏံ )၊ မနသိ - စိတ်၌၊ ဘဝံ–ဖြစ်သော၊ သုခံ - သုခတည်း၊ မာနသိကံ - ခ၊ သာဂမော – (သ) လာ။ ["မန + ဏိက"ဟု ဖြစ်သောအခါ ဝုဒ္ဓိပြု၍ သသရေ ဝါ ဂမောဖြင့် (သ်) လာ–ဟူလို၊] သရေ–ရေအိုင်၌၊ ဘဝေါ–သော၊ သကုနော-ငှက်တည်း၊ သာရသော-ငှက်၊ သာရသာ-အိုင်၌ ဖြစ်သော၊ သကုနီ-ငှက်မ၊ သာရသံ-သော၊ ပုပ္ဖံ–ပန်း၊ ဥရသိ-ရင်၌၊ ဘဝေါ-သော၊ ပုတ္တော-သားတည်း၊

---

အညတ္ထဂ္ဂဟဏေန၊ပေ၊ဏပစ္စယော–– "ဏရာဂါတဿေဒ မညတ္ထေသုစ" သုတ်၌"တဿေဒံ"၏ပုံစံတို့ကို ပြပြီး၍ (ဆိုအပ်ပြီးသော ရတ္တအနက် ဣဒံအနက်တို့မှ တပါးသော) အညအနက်များကို ပြလိုသောကြောင့် အညတ္ထဂ္ဂဟဏေ-စသည်ကို မိန့်သည်၊ ထိုအညတ္ထဟူသည် အဝိဒူရဘဝ-တတြဘဝ စသော အနက်များဖြစ်သည်–ဟူလို။ [ဤ၌ သီဟိုဠ်မူနှင့် မြန်မာမူသည် အချို့နေရာ၌ ရှေ့နောက်မတူဘဲ ရှိ၏။]

ယထာ, ဝိဒိသာယ၊ ပေ၊ဩဒုမ္ဗရံ––အညတ္ထ၏ ဥဒါဟရဏ်များကို အစဉ်အတိုင်း ထုတ်ပြလို၍ "ယထာ"ဟု မိန့်သည်၊ "ဝိဒိသာယ–ဝိဒိသာမြို့၏"ဟု မောဂ္ဂလ္လာန် နိဿယသစ်ပေး၏၊ ဝိဒိသာမြို့၏အနီးဖြစ်သောတောကို "ဝေဒိသံ"ဟု သုတ္တနိပါတ်၌ ရှိ၏၊ "ဝိဒိသာယ-အထောင့်အရပ်၏"ဟု ပေးကြသည်ကား "အထောင့် အရပ်၏+ အနီးရွာ" မဖြစ်နိုင်သောကြောင့် ဆင်ခြင်၊ အဝိဒူရ သဒ္ဒါကို "အဝိဒူရေနဲ့ သာမန္တံ" စသည်ဖြင့် အနီးဟော ပရိယာယ်၌ အဘိဓာန် ပြသောကြောင့် "အနီး"ဟု ပေး [“မနီးမဝေး”ဟု ပေးကြသည်ကား အဓိပ္ပါယ် မရှိ။]

ဘဝတ္ထေ–မနော-သရော-ဥရော့ဘို့သည် မနောဂိုဏ်းသဒ္ဒါများဘည်း၊ ထို့ကြောင့် (သ်) လာလျက် မာနသံ စသည် ဖြစ်၏၊ သားသမီးများသည် ရင်ခွင်၌ ပိုက်၍ ကြီးပွား စေရသောကြောင့် ဩရသ (ရင်၌ ဖြစ်သူများ) မည်၏၊ "မိတ္တော"နောင်ဘဝအနက်၌

www.dhammaransi.com



ဩရသော – သား၊ (ကသ္မာ–နည်း၊) ဥရသိ-ရင်၌၊ သံဝဍ္ဎိတတ္တာ-ကြီးပွား စေအပ်သည်၏ အဖြစ်ကြောင့်တည်း၊ မိတ္တေ-မိတ်ဆွေ၌၊ ဘဝါ-ဖြစ်သော၊ ချစ်ခြင်းတည်း၊ မေတ္တာ-ခြင်း၊ မေတ္တိဝါ – မေတ္တိ ဟုလည်း ရှိ၏၊ ပုရေ-မြို့၌၊ ဘဝါ–သော၊ ဝါစာ-စကားတည်း၊ ပေါရီ-မြို့၌ ဖြစ်သောစကား။

ဇာတာဒီသု – ဇာတအနက် အစရှိသည် တို့၌၊ (ဥဒါဟရဏံ - ကား)၊ ပါဝုသေ - မိုးဥတု၌၊ ဇာတော – ဖြစ်သော၊ မေဃော – မိုး တည်း၊ ပါဝုသော - မိုး၊ ပါဝုသာ - မိုးဥတု၌ ဖြစ်သော၊ ရတ္တိ – ညဉ့်၊ ပါဝုသံ- သော၊ အဗ္ဘံ – တိမ်တိုက်၊ သရဒေ - သရဒဥတု၌၊ ဇာတော - သော၊ မာသော - လတည်း၊ [သီဟိုဠ်မူ၌ “ရောဂေါ - ရောဂါတည်း”ဟုရှိ၏၊] သာရဒေါ – လ၊ သာရဒါ ရတ္တိ၊ သာရဒံ ပုပ္ဖံ၊ ဇဝံ, သိသိရော - သိသိရ ဥတု၌ ဖြစ်သောလ၊ (ရောဂါ)၊ ဟေမန္တော - ဟေမန္တဥတု၌ ဖြစ်သောလ စသည်၊ ဝသန္တော - ဝသန္တဥတု၌ ဖြစ်သော လ စသည်၊ ဂိမှော – ဂိမှ ဥတု၌ ဖြစ်သော လ စသည်၊ မထုရာယံ – မထုရာပြည်၌၊ ဇာတော-မွေး ဖွားသော၊ ဇနော – လူတည်း၊ မာထုရော- လူ၊ မာထုရာ – မာထုရာပြည်၌ မွေးဖွားသော - ဂဏိကာ - ပြည့်တန်ဆာမ၊ မာထုရံ-သော၊ ဝတ္ထံ–အဝတ်၊ မာထုရာယ–မှ၊ အာဂတော–လာသူတည်း၊ မာထုရော-သူ၊ ဝါ - တနည်း၊ အဿ-ထိုသူ၏၊ မထုရာ – မထုရာပြည် ဟူသော၊ နိဝါသော – နေရာသည်၊ (အတ္ထိ)၊ ဣတိ, မာထုရော – မည်၏၊ မထုရာယ – ကို၊ ဣဿရော – အစိုး ရသော၊ ရာဇာ – မင်းတည်း၊ မထုရော—မင်း၊ သဗ္ဗတော ကောတိ ဧတ္ထ- သုတ်၌၊ ပုန သဗ္ဗတော ဂဟဏေန – နောက်ထပ် သဗ္ဗတော သဒ္ဒါပိုဖြင့်၊

---

ဏ ပစ္စည်းသက်၍“မိတ္တ”ဟု ဖြစ်သောအခါ (သံယောဂန္တ ဖြစ်သောကြောင့် ဝုဒ္ဓါဒိ သရဿ ဝါ သုတ်ဖြင့် ဝုဒ္ဓိ မပြုဘဲ) တေသုဝုဒ္ဓိဖြင့် ဝုဒ္ဓိ ပြု၊ ဣတ္ထိဇောတက အာ ပစ္စည်း သက်၍ မေတ္တာ, ဤပစ္စည်းသက်၍ မေတ္တီဟုဖြစ်၏၊ နာမ်ငဲ့ စသည်စီရင်၊ မြို့သူမြို့သား တို့၏ အသုံးအနှုန်း ဖြစ်သော ယဉ်ကျေးသော စကားသည် မြို့ပြ၌ ဖြစ်သောကြောင့် “ပေါရီ”မည်၏။

**ဇာတာဒီသု**—အာဒိဖြင့် အာဂတ, နိဝါသ, ဣဿရ အနက်များကိုယူ၊ ကာလ ဒေသအလိုက် ပေါ်ပေါက်ခြင်း-မွေးဖွားခြင်း သဘောရှိသော ဖြစ်ခြင်းကို “ဇာတ”ဟု ခေါ်၏၊ ထိုသို့မဟုတ်သောဖြစ်ခြင်းဟူသမျှကို“ဘဝ”ဟုခေါ်သည်၊ “မာထုရကော” စသည်၌ “မာထုရော”ဟု တဒ္ဓိတ်ပြီးပြီးနောက် “သဗ္ဗတောကော”သုတ်၌ သဗ္ဗတော သဒ္ဒါပိုဖြင့် (က်—ဗျည်းချည်း မဟုတ်ဘဲ, အသရနှင့်တကွ) က ဒုကွရာလာ၍“မာထု ရကော”ဟုပြီး၏၊ [သဗ္ဗတော သဒ္ဒါပိုကြောင်းကို/ထို (၂၂၄) သုတ် ပြန်ကြည့်။]

www.dhammaransi.com



တဒ္ဓိတတောပိ – တဒ္ဓိတ်ပစ္စည်းမှ နောက်၌လည်း၊ ကွစိ – အချို့အရာ၌၊ သ သရ က ကာရာဂမော – သရနှင့်တကွ က အက္ခရာလာ၊ မာထုရကော – မထုရာပြည်၌ မွေးဖွားသူ၊ ရာဇဂဟေ–၌၊ ဇာတော–သူတည်း၊ပေ၊ဣတိ, ရာဇဂဟော – မည်၏၊ ရာဇဂဟကောဝါ – ရာဇဂဟကောလည်းရှိ၏၊ ဧဝံ, သာဂလော – သာဂလပြည်၌ မွေးဖွားသူစသည်၊ [ သာဂလကောဝါ – လည်း ရှိ၏၊ ၎င်းပုဒ် သိမ္မူ၌ မရှိ၊] ပါဋလိပုတ္တော – ပါဋလိပုတ်ပြည်၌ မွေးဖွားသူ စသည်၊ [ “ပါဋလိပုတ္တကောဝါ” သိမ်၌ မရှိ၊ ] ဝေသာလိယံ- ဝေသာလီပြည်၌ [ “ဝိသာလိယံ” ရှိလျှင် ပါဌ်ပျက်၊ ] ဇာတော-တည်း၊ ဣတိ အာဒိအတ္ထေ –ဤသို့ အစရှိသောအနက်၌၊ [အာဂတ–နိဝါသ–ဣဿရ အနက်များကို အာဒိဖြင့် ယူ၊] ဝေသာလော-မည်၏၊ ဝေသာလကောဝါ- လည်း ရှိ၏၊ [“ကုသိနာရေ ဇာတော” သီ၌မပါ၊] ကောသိနာရော-ကုသိနာရုံ၌ မွေးဖွားသူ စသည်၊ ကောသိနာရကောဝါ - လည်း ရှိ၏၊ [“ဧဝံ” သိမ်၌ မပါ။] သာကေတော – သာကေတပြည်၌ မွေးဖွားသူစသည်၊ သာကေတ ကော၂ဝါ၊ ကောသမ္ဗော–ကောသမ္ဗီပြည်၌ မွေးဖွားသူ စသည်၊ ကောသမ္ဗ ကောဝါ၊ ဣန္ဒပတ္တော - ဣန္ဒပတ္တတိုင်း၌ မွေးဖွါးသူစသည်၊ ဣန္ဒပတ္တကောဝါ၊ ကာပိလ္လော - ကပိလ္လမြို့၌ မွေး ဖွား သူ စ သည်၊ ကာပိလ္လကောဝါ၊ [“ကပိလ္လေ (ပဉ္စာလ နဂရေ)” ဟု ဖွင့်သောကြောင့် ပဉ္စာလမြို့ကိုပင် “ကပိလ္လ” ခေါ်သည် ဟု မှတ်၊] ‘ဘာရုကစ္ဆော-ဘာရုကစ္ဆရွာ၌ မွေးဖွားသူ စသည်၊ ဘာရုကစ္ဆကောဝါ၊ [“ဘာရုကစ္ဆံနာမ ပဋ္ဋနဂါမော ( ဆိပ်ကမ်းရွာ ) ” ဟု သုပ္ပါရကဇာတ်၌ ဆို၏၊] နဂရေ – မြို့၌၊ ဇာတော – သူတည်း၊ပေ၊ဣတိ, နာဂရော-မည်၏၊ နာဂရကောဝါ၊ ဧဝံ-တူ၊ ဇာနပဒေါ–ဇနပုဒ်၌မွေးဖွားသူ စသည်။

ပန-အထူးကား၊ ဇနပဒနာမေသု-ဇနပုဒ်ဟော နာမ်ပုဒ်တို့၌၊ သဗ္ဗတ္ထ- အလုံးစုံတို့၌၊ ဗဟုဝစနမေဝ—ဗဟုဝုစ်ချည်းသာ၊ ဘဝတိ-၏၊ အင်္ဂေသု-

---

မှတ်ချက်။ ။ဤ၌ (က) ကို ပစ္စည်းဟု မဆို, အာဂုံ (အပိုလာသော အက္ခရာ) ဟု ဆို၏၊ ရှေ့သကတ္ထ ပစ္စည်းကို ပြရာ၌ကား “ပေါတကော”၌ ကကို သကတ္ထပစ္စည်းဟု ဆိုခဲ့၏၊ ထို့ကြောင့် သမာသ် အဆုံး၌ ကကို သမာသန္တ (က) ပစ္စည်း ဟုရင်း, တဒ္ဓိတ်အဆုံး၌ ကကို က အာဂုံဟုရင်း, ကိတ်နှင့် သုဒ္ဓနာမ်တို့၏ နောက်၌ ကကို သကတ္ထ ကပစ္စည်းဟုရင်း ခွဲရလျှင် သင့်မည်ထင်၏၊ ကစ္စည်း, ရူပသိဒ္ဓိတို့၌ကား ထိုကဲ့သို့ ခွဲခြားချက် မရှိ, ဟီနကော ပေါတကောတို့၌ က လည်း အာဂုံ ဟုပင် ဆိုသည်။

www.dhammaransi.com



အင်္ဂတိုင်းတို့၌၊ [တိုင်း–တတိုင်းကိုပင် "ဇနပုဒ်"ဟု ခေါ်သည်၊] ဇာတော–မွေးဖွားသူသည်ငှင်း၊ အင်္ဂေဟိ - အင်္ဂတိုင်းတို့မှ၊ အာဂတော - လာသူသည်ငှင်း၊ အဿ - ထိုသူ၏၊ အင်္ဂါ–အင်္ဂတိုင်း ဟူကုန်သော၊ နိဝါသော - နေရာသည်(အတ္ထိ)၊ သော-ထို အင်္ဂတိုင်းဟူကုန်သော နေရာရှိသူသည်ငှင်း၊ [အဿ နိဝါသတဒ္ဓိတ် မှန်သမျှ၌ ရှေ့ပုဒ်ဝယ် ပဌမာချည်း ရှိခဲ့သည်၊ ထို့ကြောင့် "အင်္ဂေသု"ဟု ရှိသောမူ၌ ပါဠ်ပျက်။] အင်္ဂါနံ–အင်္ဂတိုင်းတို့ကို၊ ဣဿရော ဝါ-အစိုးရသူသည်ငှင်း၊ အင်္ဂေါ-အင်္ဂမည်၏၊ အင်္ဂကောဝါ-လည်း ရှိ၏၊ မာဂဓော-မဂဓတိုင်းတို့၌ မွေးဖွားသူ, ဝါ-မဂဓတိုင်းတို့မှ လာသူ, ဝါ-မဂဓတိုင်းဟူသော နေရာရှိသူ, ဝါ-မဂဓတိုင်းကို အစိုးရသူ၊[ ဤသို့ချည်း နောက်၌ ပေး၊ ကောသလတိုင်း, ကမ္ဗောဇတိုင်း, သုဝီရတိုင်း, သိန္ဓုတိုင်း ("သိန္ဓူသု+ဇာတော" စသည်အရ "လူ, သိန္ဓောမြင်း" ၂ မျိုးလုံးရ၏၊

---

ဇနပဒနာမေသု၊ ပေ၊ ဗဟုဝစနမေဝ — တနင်္သာရီတိုင်း, ပဲခူးတိုင်း စသည်ဖြင့် ခေါ်ဝေါ်သကဲ့သို့ ထိုထိုနယ်ကြီးများကို "ရဋ္ဌ"ဟု ခေါ်၏၊ ဇနပုဒ်ဟုလည်း ခေါ်၏၊ ထိုနယ်ပယ်ဇနပုဒ်အများကိုစုပေါင်း၍ "ပုရ-တိုင်းပြည်"ဟု ခေါ်၏၊ မင်းနေပြည်တခုကို မူ "မြို့"ဟု ခေါ်သည်၊ ထိုတွင် ဇနပဒကိုဟောသော နာမ်ပုဒ်အားလုံး၌ပင် ဗဟုဝုစ်ချည်း သာတည်း၊ ဘာ့ကြောင့်နည်း၊ ထိုဇနပုဒ်ကို ပိုင်စားသော မင်းသားအများ၏ နာမည်ကို ဇနပုဒ် (တိုင်း) ပေါ်တင်စားသော "အဝယင်ရုဠှိ ဥပစာ"နာမည်ဖြစ်သောကြောင့် တည်း၊ ထင်ရှားစေအံ့–"မဂဓ"ဟူသော နာမည်ရင်းသည် ထိုမဂဓနယ်စား မင်းသား အများ၏ နာမည်တည်း၊ ထိုမင်းသားများကို "မဂဓာ"ဟု ဗဟုဝုစ်ဖြင့် နာမည်တပ် ရသည်၊ ထို"မဂဓာ"ဟူသော ဗဟုဝုစ်နာမည်ကို တိုင်းပေါ်၌တင်စားလိုက်သောအခါ "တိုင်း"တတိုင်းထည်းသာဖြစ်သော်လည်း "မဂဓာ"ဟုဗဟုဝုစ်နာမည်ပင်ဖြစ်ရသည်၊ "ကောသလာ"စသည်တို့၌လည်း နည်းတူ၊ ဤသို့ ဇနပုဒ် (တိုင်း) ဟော သဒ္ဒါတို့၌ ဗဟုဝုစ်ချည်းသာ ဖြစ်သောကြောင့် "အင်္ဂေသု, အင်္ဂေဟိ, အင်္ဂါ, အင်္ဂါနံ"ဟု ဗဟုဝုစ် ချည်း ရှိရသည်–ဟူလို။

[အမ္ဗဋ္ဌသုတ္တန္တ] ကောသလေသု ဇနပဒေတိ – ကောသလာနာမ ဇာနပဒိနော (ဇနပုဒ် ပိုင်စားရှိကုန်သော) ရာဇကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠှီသဒ္ဒေန ကောသလာတိ ဝုစ္စတိ၊ တသ္မိံ ကောသလေသု ဇနပဒေ။

မှတ်ချက်။ ။ကောသလေသုကဲ့သို့ရုဠှီ (တင်စားအပ်သော) သဒ္ဒါတို့သည် မတင်စား မီက ရှိရင်းစွဲဖြစ်သော လိင်–သင်္ချာများသို့ လိုက်လေ့ရှိကြ၏၊ နောက် ပဓာနပုဒ်၏လိင်-သင်္ချာသို့ လိုက်လေ့မရှိကြ၊ ထို့ကြောင့် "တသ္မိံ ကောသလေသု ဇနပဒေ-ထို ကောသလ မည်ကုန်သော ဇနပုဒ်၌"ဟု "ကောသလေသု"ကို ဗဟုဝုစ်ထား၍ တခုထည်းဖြစ်သော

www.dhammaransi.com



“သိန္ဓု+အ”ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိဖြင့် ဥကို အဝပြု။] အဿကတိုင်း, ကလိင်္ဂတိုင်း, ပဉ္စာလတိုင်း, သက္ကတိုင်း,] တထာ – ထို့မှတပါး၊ သုရင္ဋ္ဌေ – သုရဋ္ဌတိုင်း၌၊ ဇာတော – သည်ရင်း၊ ပေ၊ သုရဋ္ဌဿ - ကို၊ ဣဿရော ဝါ–သည်ရင်း၊ သောရဋ္ဌော – မည်၏၊ သောရဋ္ဌကော ဝါ - ရှိ၏၊ ဧဝံ, မဟာရဋ္ဌော – မဟာရဋ္ဌတိုင်း၌ မွေးဖွားသူ စသည်၊ မဟာရဋ္ဌကော ဝါ–လည်း ရှိ၏၊ ဣစ္စာဒိ-တည်း။

နက္ခတ္တယောဂေ-နက္ခတ်နှင့် ယှဉ်ခြင်းအနက်၌ (ဥဒါဟရဏံ – ကား၊ ) စန္ဒယုတ္တာယ – ပြည့်သော လနှင့် ယှဉ်သော၊ ကတ္တိကာယ – ကတ္တိကာ (ကြတ္တိကာ) နက္ခတ်နှင့်၊ ယုတ္တော–ယှဉ်သော၊ မာသော–တန်ဆောင်မုန်းလသည်၊ ကတ္တိကော–ကတ္တိက မည်၏၊ စန္ဒယုတ္တေန–သော၊ မဂသိရေန–

---

ဇနပုဒ်ကို ကေဝုစ်အတိုင်းထားသည်၊မြဟ္မဇာလသုတ်“အမ္ဗလဋ္ဌိကာယံ (အမ္ဗလဋ္ဌိကာ ဥယျာဉ်၌) ရာဇာဂါရကေ ဧကရတ္တိဝါသံ ဥပါဂစ္ဆိ”ဟူသော ပါဠိတော်၌လည်း နပုလ္လိန်ဖြစ်သော ဥယျာန်ကို မလိုက်ဘဲ “အမ္ဗလဋ္ဌိကာ”ဟု ဣတ္ထိလိန်အတိုင်းပင် ရုဠှီနာမည်ကို ပြ၏၊ “လဋ္ဌိကာ”ဟူသော ဣတ္ထိလိန်သဒ္ဒါသည် “နု–ပျို”ဟူသော အနက်ကိုဟော၍၊ သရက်ပင်ပျိုသည် အမ္ဗလဋ္ဌိကာမည်၏ ၊ တိုသရက်ပင်ပျို၏ အနီး၌ ဖြစ်သောဥယျာဉ်ကား ရုဠှီ (အတင်ရုဠှီ, အနီးရှိသောသရက်ပင်၏ အမည်ကို အနီး ဖြစ်သော ဥယျာဉ်၌ တင်စားအပ်သော သမီပျူပစာရ) အားဖြင့် အမ္ဗလဋ္ဌိကာ မည်သည်။

[သုတ်ဋီကာ] အမ္ဗလဋ္ဌိကာယ အဝိဒူရေ ဘဝတ္တာ ဥယျာနံ အမ္ဗလဋ္ဌိကာ၊ယထာ-ဝရဏာ နဂရံ, ဂေါဒါဂါမော၊ [ရေခတက်ပင် အများကို“ဝရဏာ”ဟု ဗဟုဝုစ်ဖြင့် နာမည်ခေါ်၏၊ ထိုရေခတက်ပင် အများ၏ အနီးအပါးဖြစ်သော မြို့သည်လည်း နဂရ တခုထည်းပင် ဖြစ်စေကာမူ ဝရဏာဟူသော ဗဟုဝုစ်နာမည်ကို တင်စား၍“ဝရဏာ+နဂရံ”ဟု ခေါ်ထား၏၊ ဂေါဒါဟု ဣတ္ထိလိန်ဖြင့် ထင်ရှားသော ဂေါဒါဝရီမြစ်၏ နာမည်ကို မြစ်ကမ်းရွာ၌ တင်စား၍ မြစ်ကမ်းရွာကိုလည်း “ဂေါဒါ+ဂါမော”ဟု ဣတ္ထိလိန်အတိုင်း ခေါ်ဝေါ်ရသည်–ဟူလို၊ [ဤထက် အကျယ်ကို မောဂ္ဂလ္လာန် နိဿယသစ် ဏာဒိကဏ္ဍ (၁၉) သုတ်အဖွင့်မှာရှု၊ ဋီကာဖွင့်များ အဋ္ဌကထာအာဘော် မကျပုံကို သေချာစွာ ပြထားသည်။]

**တထာ သုရဋ္ဌေ၊ပေ၊မဟာရဋ္ဌကောဝါ**–သုရဋ္ဌ, မဟာရဋ္ဌကို့သည် “တိုင်း”ဟု – အမည်ရသော်လည်း ဇနပုဒ် နာမည်တွင်ကား မပါဝင်ကြ၊ ၎င်းကြောင့် “တထာ”ဟု ချီပြီးလျှင်“သုရဋ္ဌေ”စသည်ဖြင့် ကေဝုစ်ထားသည်၊ ဇာတောနောင်“ပေ”ဟု သီဟိုဠ်မူ ရှိ၏၊တိုပေယျာလဖြင့် “အာဂတော, အဿနိဝါသော” အနက် ၂ ခုကိုညွှန်ပြသည်။

**ကတ္တိကာယ၊ပေ၊ကတ္တိကော**–ဤ၌“ကတ္တိကာယ+ယုတ္တော,ကတ္တိကော”သာ လိုရင်းတည်း၊“ပုဏ္ဏ စန္ဒ ယုတ္တာယ”သည် ကတ္တိကာယ၏ ဝိသေသန (ထိုလအတွက်

www.dhammaransi.com



မဂသိရ မည်သော၊ နက္ခတ္တေန-နှင့်၊ ယုတ္တော-သော၊ မာသော-နတ်တော်လသည်၊ မာဂသိရော-မည်၏၊ ဧဝံ, ဖုဿေန-(ဖုသျှ) နက္ခတ်နှင့်၊ ယုတ္တော, မာသော -ပြာသိုလသည်၊ ဖုဿော-မည်၏၊ မဃာယ - မဃနက္ခတ်နှင့်၊ ယုတ္တော, မာသော-တပို့တွဲလသည်၊ မာဃော-မည်၏၊ [ဤအတိုင်းချည်းပေး] ဖဂ္ဂုနီ နက္ခတ်နှင့် ယှဉ်သော တပေါင်းလ၊ စိတ္တ( စိတြ) နက္ခတ်နှင့်ယှဉ်သော တာကူးလ၊ အသာယုဇော(သီတင်းကျွတ်လ) တိုင်အောင်ဆို။

အဿ-ထိုသူ၏၊ ဗုဒ္ဓေါ-ဗုဒ္ဓ ဟူသော၊ ဒေဝတာ-နတ်သည် ( အတ္ထိ) ဣတိ, ဗုဒ္ဓေါ၊ ဧဝံ, သောဂတော -သုဂတနတ် ရှိသူ၊ "မဟိန္ဒနတ် ရှိသူ, ယမနတ်ရှိသူ, သောမနတ် ရှိသူ"ဟု ပေး၊ .... ဗျာကရဏံ -ကို၊ အဝေစ္စ-

---

ကတ္တိကာ နက္ခတ်၏ ထူးခြားသော နက္ခတ် ဖြစ်ကြောင်း ထင်ရှားပြသော ဝိသေသန) တည်း။ မာသောကား ပောနက် အဘိဓေယျပြတည်း၊ တန်ဆောင်မုန်း လပြည့်နေ့၌ အခြား နက္ခတ်တို့သည် လနှင့် (စန်းနှင့်) နီးကပ်စွာ မယှဉ်ဘဲ ကတ္တိကာ နက္ခတ်သာ လ(စန်း)နှင့်နီးကပ်စွာယှဉ်နေ၏၊ထို့ကြောင့်ကတ္တိကာနက္ခတ်သည်ထိုတန်ဆောင်မုန်း လအတွက် ထူးခြားသော အမှတ်အသား ဖြစ်၏၊ သို့ဖြစ်၍ ထို ကတ္တိကာ နက္ခတ်နှင့် ယှဉ်သော တန်ဆောင်မုန်းလသည်"ကတ္တိက"အမည်ရ၏၊ [ဤ၌ ကတ္တိကာ နက္ခတ်ဖြင့် မှတ်သားအပ်သည်ကို"ယှဉ်သည်"ဟုဆိုသည်၊]"ကတ္တိကာယ+ယုတ္တော"ဟု တည်၍ ထို "ကတ္တိကာယ ယုတ္တော"ဟူသော အနက်၌"ဏ ရာဂါ တသေဒ မညတ္ထေသုစ" သုတ်ဖြင့် (ထိုသုတ်၌ "အညတ္တ"အရဖြင့်) ဏ ပစ္စည်းသက်, ဏအနုဗန် စသည်ချေ, ကတ္တိကာဟု ပကတိပြု, (ကတ္တိကာ+အ) က ခွင်း ချေ, ကပ် "ကတ္တိက"ဟု ဖြစ်၏။

"မဂသိရေန+ယုတ္တော"စသည်တည်၍ တွက်၊"မဃာယ"၌ "မဃာတိ"ဟု သိမူရှိ၏၊ မဃာနက္ခတ်၌ ကြယ် ၅ လုံးရှိသောကြောင့် ဗဟုစုစ်လည်း ဆိုနိုင်၏၊ အားလုံး မဃာချည်း မည်သောကြောင့် ဇာတ်ကိုငဲ့၍ ဧကဝုစ်လည်း ဆိုနိုင်၏—ဟု ဃောမနိမိ၌ ပြသည်၊ ထို့ကြောင့် ပါဠ်၌ ၂ မျိုးလုံးအသင့်ချည်း၊အာသဠှော—အာသဠှီ,သာဝဏော-သာဝဏီတို့သည် လိန် ၂ မျိုးရှိကြောင်းပြ၏၊ (ဤ) ပစ္စည်းသက်၍ "ဋီ—ဏီ"ဖြစ်သည်၊ "ပုဗ္ဗာသဠှ,ဥတ္တရာသဠှ"ဟု ၂ မျိုးရှိသောကြောင့်"ဥတ္တရာသဠှာယ"ဟုဆိုသော်လည်း လိုရင်းမှာ "အာသဠှာယ"တည်း၊ "ဘဒ္ဒေန"အရာဝယ်"ပေါဋ္ဌပဒေန"ဟု သိမူရှိ၏၊ ပေါဋ္ဌပဒ နက္ခတ်ကို ဘဒ္ဒပဒ (ဘဒြပဒ) နက္ခတ်ဟု ဃောမနိမိ ဆိုသောကြောင့် "ဘဒ္ဒပဒေန ယုတ္တော ဘဒ္ဒပဒေါ"ဟု ရှိလျှင် ကောင်း၏၊သို့မဟုတ် "ပေါဋ္ဌပဒေန ယုတ္တော ပေါဋ္ဌပဒေါ"ဟု သိမူအတိုင်းလည်း ကောင်း၏၊ [ဃောမနိမိနှင့် မောဂ္ဂလ္လာန်တို့၌ လပြည့်ညဥ့်ကို "ဖုဿေန လက္ခိတာ"အရ ဖုဿီဟုခေါ်၍ ထိုညဥ့်ရှိသော တလကို "ဖုဿီ ယဿ အတ္ထိ"အရ "ဖုဿ"စသည်မည်၏—ဟု ဆိုသည်။]

www.dhammaransi.com



ဉာဏ်ဖြင့် သက်ဝင်၍၊ အဓိတေ-သင်အံသူတည်း၊ ဝေယျာကရဏော-သူ၊ ဇဝံ, "မုဟုတ်ကျမ်း, နိမိတ်ကျမ်း, အင်္ဂဝိဇ္ဇာကျမ်း, ဝတ္ထုဝိဇ္ဇာကျမ်းကို သင်အံသူ"ဟု ပေး၊ .... ဝသာတိနံ – ဝသာတိ မည်သော မင်းသားတို့၏၊ ဝိသယော – နိုင်ငံဖြစ်သော၊ ဒေသော – အရပ်သည်၊ ဝါသာတော – မည်၏၊

---

**ဗုဒ္ဓေါ အဿ ဒေဝတာ စသည်။** ။ဗုဒ္ဓကိုနတ်ကဲ့သို့ ဆည်းကပ်ကိုးကွယ်သူသည် "ဗုဒ္ဓ"မည်၏၊ ["အဿ–၏၊ဒေဝတာ–ကိုးကွယ်ရာနတ်ကား၊ဗုဒ္ဓေါ–ဘုရားတည်း" ဟုလည်းပေးကြ၏၊] "ဝေယျာကရဏော" ရုပ်ပြီးပုံမှာ ဝေယျာကရဏိကော အတိုင်းတည်း၊"ဏိကနှင့် ဏ" ဟု ပစ္စည်းချင်းသာထူးသည်၊ "အဝေစ္စ အဓိတေ"၏ အဓိပ္ပါယ်လည်း ထိုနှင့် ပြခဲ့ပြီ။

**ဝသာတိနံ ဝိသယော ဒေသော**——ဝိသယသဒ္ဒါသည် "ဝိသယော-ရွာအပေါင်း (နယ်ပယ်) ကို၊ လဒ္ဓေါ-ရအပ်ပြီ"၌ ရွာအပေါင်း (နယ်ပယ်) ဟူသော အနက်ကိုရင်း, "စက္ခုဝိသယော–စက္ခုန္ဒြေ၏ အရာဖြစ်သော၊ ရူပံ–ရူပါရုံ"၌ ဣန္ဒြိယဂယှ (ဣန္ဒြေဖြင့် ယူအပ်သော အာရုံ)ဟူသော အနက်၌ရင်း, "ဒေဝဒတ္တဿ–၏၊ ဝိသယော–အရာ ဖြစ်သော (အမြဲမပြတ် လေ့ကျက်အပ်သော)၊ အနုဝါကော–အနုဝါက မည်သော ဝါကျ"၌ အစ္စာသီလိတ (စင်စစ် အလေ့အလာပြုအပ်သော ကျမ်းစာ) အနက်၌ရင်း, "မစ္ဆာနံ–ငါးတို့၏၊ ဝိသယော–အရာဖြစ်သော၊ ဇလံ–ရေ"၊ ဤ၌ အညတ္ထာဘာဝ ဝိသယာဓာရဟု ခေါ်အပ်သော အညတ္တာဘာဝ အနက်၌ရင်းဖြစ်၏၊ ထို အနက်တို့တွင် "ဒေသော"ဟူသောပါဌ်ကိုထောက်၍ဂါမသမုဒါယ (ရွာအပေါင်း) အနက်၌ဤဝိသယ သဒ္ဒါဖြစ်၏ ဟု သိသာ၏။ [ဋီကာ၌ကား "အနညတြဘာဝေါ (အညတ္ထာဘာဝေါ) ဝိသယော"ဟု ဖွင့်ရာ၌ ဝိသယအမျိုးမျိုးကို မခွဲခြားဘဲ "အာရုံ ဝိသယ-ဒေသ ဝိသယ" ၂ မျိုးမျှသာ ခွဲခြား၍ ထို ၂ မျိုးတွင် မင်း၏အာဏာနှံ့ရာနယ်ပယ်ကိုပင် (အခြားနယ်၌ ထိုမင်း၏ အာဏာ မနှံ့သောကြောင့်) အနညတြဘာဝ ယူသည်–ဟု မှတ်။]

ဒေသသဒ္ဒါလည်း "ညွှန်ပြခြင်း"ဟူသော ကြိယာအနက်ကို တချို့နေရာ၌ ဟောနိုင်သော်လည်း ဝိသယောဟူသော ဝိသေသနကြောင့် အရပ်ဒေသဟူသော အနက်သာ ဖြစ်၏၊ ထို့ကြောင့် "ဝိသယော"ချည်း "ဒေသော"ချည်း တပုဒ်တည်း မဆိုဘဲ "ဝိသယော ဒေသော"ဟု ၂ ပုဒ် တွဲဘက်၍ "တဿ+ဝိသယော ဒေသော"ဟု ပစ္စည်း အနက်ကို ပြသည်၊ ဤ နယ်ပယ်ဒေသ၏ အရှင်သည် "မင်း"သာ ဖြစ်ထိုက် ရကား "ဝသာတိနံ – ဝသာတိ မင်းတို့၏"ဟု ပေးသော ဓောဂ္ဂလ္လာန်ဿယသစ် အလိုသာ ပါဌ်နှင့် အနက်မှန် ဖြစ်ထိုက်၏၊ "ဝသာဒါနံ–ခြင်္သေ့တို့၏"ဟု ပေးကြသော ပါဌ်အနက်ကိုကား စဉ်းစားထိုက်သည်။ [ဤ၌"ဒေသော"သည် ဝိသယောအတွက် အဘိဓေယျ ထည့်ခြင်းသာ၊လိုရင်းမှာ "ဝသာတိနံ ဝိသယော"သာဘည်း၊ ထို့ကြောင့် "ဝသာတိနံ ဝိသယော ဝါသာတော,ဇဝံ–ဂန္ဓာရီနံ ဝိသယော ဂန္ဓာရော"စသည်ဖြင့် "ဒေသော"မပါဘဲ သဏ္ဍာ သဒ္ဒါကိုသ၌ ဆိုသည်။]

www.dhammaransi.com



အသိ္မံ ပဒေသေ – ဤ အရပ်၌၊ ဥဒုမ္ဗရာ – ရေသဖန်းပင်ကိုသည်၊ သန္တိ, ဣတိ, ဩဒုမ္ဗရော – မည်၏၊ ဒေသော – အရပ်၊.... သ ဟ သော န – တဲ ထောင်ဖြင့်၊ နိဗ္ဗတ္တာ – ဖြစ်သော ကျုံးသည်၊ သာဟသီ – မည်၏၊ ပရိက္ခာ – ကျုံး၊ [တူးခ ငွေတထောင် ကုန်ကျသော ကျုံး – ဟူလို၊] ပယသာ – နို့ရည်ဖြင့်၊ နိဗ္ဗတ္တံ – ဖြစ်သော နို့ဃနာသည်၊ ပါယာသံ – မည်၏။ ....သဟဿံ – တထောင်ကို၊ အရဟတိ – ထိုက်တန်၏၊ ဣတိ, သာဟဿီ – မည်၏၊ ဂါထာ – ဂါထာ၊.... အယသော – သံ၏၊ ဝိကာရော – (တမျိုးပြုအပ်သော) ခွက် စသည်သည်၊ အာယသော – မည်၏၊ ဇဝံ, သောဝဏ္ဏော – ရွှေခွက် စသည်၊ အဿ – ထိုရေ၏၊ ပုရိသော – ယောကျ်ားတရပ် ဟူသော၊ ပရိမာဏံ – အတိုင်းအရှည်သည်၊ (အတ္ထိ)၊ ဣတိ, ပေါရိသံ – ၏၊ ဥဒကံ – ရေ၊ [သီဠ္ဌ "သုဂတေ – ဘုရား၌၊ ပသန္နော – ကြည်ညိုသူသည်၊ သောဂတော – မည်၏" ဟု ရှိသေး၏။]

စဂ္ဂဟာဏေန – ဖြင့်၊ တတ္ထ – ထို၌၊ ဇာတော – ဖြစ်သည်၊ တတ္ထ ဝသတိ, တဿ – ထို၏၊ ဟိတံ – စီးပွါး၊ တံ – ထိုကို၊ အရဟတိ – ထိုက်၏၊ ဣတိ, အာဒီသု – ဤသို့ အစရှိသော အနက်တို့၌၊ ဏေယျပစ္စယော(စ)လည်းသက်၊ ဗာရာဏသိယံ – ၌၊ ဇာတော – မွေးဖွားသူ၊ ဝါ, ဗာရာဏသိယံ ဝသတိ၊ ဣတိ, ဗာရာဏသေယျကော – မည်၏၊ ပုရေဝိယ – ရွှေ (မာထုရကော

---

ပါယာသံ၊ ပေ၊ ပေါရိသံ—ပယော အယော တို့သည် မနောဂိုဏ်းဖြစ်၍ "ပယ+အ, အယ+အ" ဟု ဖြစ်သောအခါ မာနသံကဲ့သို့ (သ်) လာသည်။ ["ပါယ+အာသ" ဟုခွဲ၍ "ပါယော စ-သောက်လည်းသောက်အပ်၏၊ အာသော စ-စားလည်း စားအပ်၏၊ ဣတိ ပါယာသော (သောက်၍လည်း ဖြစ်, လက်ကော်၍လည်း စားနိုင်သော နို့ဃနာ)" ဟုလည်း ကျမ်းဂန်တို့၌ ဆို၏၊ ပြစ်နေသည်ကို "ဃန—တခဲနက်" ဟု ခေါ်သည်၊] သံသဝိတ် စသော ခွက်သည် သံကို တမျိုးတဖုံ ပြုအပ်သော ခွက်တည်း၊ ဝိ—တမျိုး+ကာရော—ပြုအပ်သည်၊ "ဝိကာရော—အထူးဟည်း" ဟု ပေးကြသည်မှာ သဒ္ဒါနက်ပျောက်၍ အဓိပ္ပါယ်လည်း မထိရောက်ချေ၊ "ပုရိသော ပမာဏံ" ၌ ပုရိသော အရ ယောကျ်ား၏ တရပ်ပမာဏတိုင်အောင် (ဒွာနူပစာရအားဖြင့်) ယူ၍ လူ့တရပ် နက်သော ရေကို "ပေါရိသံ—ဘရပ်ဘသူရှိသော ရေ" ဟု ခေါ်သည်။

, စဂ္ဂဟဏေန—"ဏ ရာဂါ၊ ပေ၊ မညတ္ထေသု စ" ၌ စ သဒ္ဒါဖြင့် ဇာတ အစရှိသော အနက်၌ "ဗာရာဏသီ+ဏေယျ" သခွင်း ချေ ကပ်၍ "ဗာရဏသေယျ" ဟု ဖြစ်သောအခါ "မာထုရကော" စသည်၌ ဆိုခဲ့သည့် အတိုင်း သဗ္ဗတော ကော သုတ်ဖြင့် က—လာ၍ "ဗာရာဏသေယျက" ဟုဖြစ်၏၊ စမ္ပေယျကော စသည်၌လည်း နည်းတူ၊ ဂင်္ဂေယျံ—

စသည်)၌ကဲ့သို့၊ ကကာရာဂမော-က် အက္ခရာလာ၊ ဧဝံ, စမ္ပေယျ ကော-သူ၊ သာဂလေယျကော- သာဂလပြည်၌ မွေးဖွားသူ, နေသူ၊ [“သာလေယျကော” တချို့ရှိ၏၊ “ဂ” ကျဟန်တူသည်၊ “ကောသမ္ဗုဇ္ဇေနိယော တက္က-သိလာ စမ္ပါ စ သာဂလံ” ဟု စမ္ပါနှင့် သာဂလကို နီးကပ်စွာ အဘိဓာန်၌ တွေ့ရသည်။] မိထိလေယျကော-မိထိလာ ပြည်၌ မွေး ဖွား သော, နေသော၊ ဇနော-လူ၊ ဂင်္ဂေယျကော-ဂင်္ဂါမြစ်၌ ပေါက်ဖွားသော၊ မစ္ဆော၊ သိလာယံ-ကျောက်၌၊ ဇာတံ-ဖြစ်သော ပန်းစသည်သည်၊ သေလေယျကံ-၏၊ ကုလေ-အိမ်၌၊ [အမျိုး၏ “ကုလ” အမည်ကို ဌာနျူပစာအားဖြင့် နေရာ အိမ်၌ တင်စားသည်၊] ဇာတော-ပေါက်ဖွားသော၊ သုနခေါ - ခွေးတည်း၊ ကောလေယျကော-ခွေး၊ ဝနေ, ဇာတံ-သော-ပုပ္ဖံ-ပန်းတည်း၊ ဝါနေယျံ-ပန်း၊ ဧဝံ, ပဗ္ဗတေယျော-တောင်ပေါ်၌ မွေးဖွားသော၊ မနုဿော-လူ၊ [တောင်သူ လူရိုင်း၊] ပဗ္ဗတေယျာ - တောင်၌ ဖြစ်သော၊ နဒီ၊ ပေ၊ ဩသဓံ-ဆေး၊ ပထဿ - လမ်း၏၊ ဟိတံ - စီးပွားဖြစ်သော ရိက္ခာသည်၊ ပါထေယျံ-၏၊ သပတိဿ-ဥစ္စာရှင်၏၊ ဟိတံ-စီးပွားဖြစ်သော၊ ဓနံ - ဥစ္စာသည်၊ သာပတေယျံ-မည်၏၊ ပဒီပေယျံ-ဆီမီး၏ စီးပွားဖြစ်သော၊ တေလံ-ဆီ၊ မာတု-မိခင်၏၊ ဟိတံ-စီးပွားသည်၊ မတ္တေယျံ-၏၊ ဧဝံ, ပေတ္တေယျံ-အဘ၏ စီးပွား၊ ဒက္ခိဏံ - အလှူကို၊ အရဟတိ - ခံထိုက်၏၊ ဣတိ, ဒက္ခိဏေယျော - ၏၊ ဣစ္စာဒိ-တည်း။

---

ဝါနေယျံ စသည်ကား က-လာဖွယ်မလို၊ “ပထဿ+ဟိတံ” စသည်၌ “ဟိတ-စီးပွား”ဟူသည် “ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟိတံ”အရ ထိုထိုအကျိုး၏ ဖြစ်ကြောင်း (အကြောင်း) တည်း၊ [“ဟိတံ-အကျိုးစီးပွား”ဟု အကျိုး ထည့်ပေးခြင်း သည် မကောင်း၊ ဟိတသဒ္ဒါ အကျိုးဟောမဟုတ်, အကြောင်းဟောသာ၊ ထို့ကြောင့် “လမ်း၏+စီးပွား”ဟူသည်လမ်းခရီးအား ကျေးဇူးများသော (ခရီးသွားရာ၌သုံးစားဘို့ ဖြစ်သော) ရိက္ခာတည်း။

သာပတေယျံ—သံ-ဥစ္စာ+ပတိ-အရှင်၊ သဿ+ပတိ သပတိ-ဥစ္စာ၏ အရှင် (ဥစ္စာရှင်)၊ “သပတိဿ+ဟိတံ”အရ ဥစ္စာရှင်၏ စီးပွား (ဥစ္စာရှင်အား ကျေးဇူး များသော ဥစ္စာ) ဟူသည် ရွှေ ငွေ စပါး စသော ဥစ္စာများတည်း၊ ထို့အတူ ဆီမီး၏ အစီးအပွား ဟူသည် ဆီတည်း၊ မတ္တေယျံ-ပေတ္တေယျံ-ဟု သိမှုရှိ၏၊ ရုပ်ပြီးပုံမှာ မတ္တိကံ ပေတ္တိကံနှင့်အတူပင်၊ ပစ္စည်းသာကွဲသည်၊ မေတ္တေယျံ-ဟုရှိသည်ကား (မာတုမှ မေတ္တ မဖြစ်နိုင်သောကြောင့်ရင်း မတ္တိကံ စသည်၌ ပြခဲ့သော သာဓကတို့နှင့် မညီသော ကြောင့်ရင်း) ပါဌ်ပျက်။ [ဋီကာ၌“မိတ္တေ+ဇာတော—မိတ်ဆွေ၌ ဖြစ်သော တရား,

www.dhammaransi.com



(၃၇၇) ဇာတာဒီန မိမိယာ စ။ ။ဇာတ ဣစ္စေဝမာဒီနံ-ဇာတ အစ ရှိကုန်သော၊ သဒ္ဒါနံ-တို့၏၊ အတ္ထေ - ၌၊ ဣမ ဣယ ဣတိ, ဧတေပစ္စယာ ဝါ ဟောန္တိ၊ ပစ္ဆာ - နောက်၌၊ ဇာတော - ဖြစ် သော လူ စ သည် သည်၊ ပစ္ဆိမော-မည်၏၊ ပစ္ဆိမာ-သော၊ ဇနတာ-သတ္တဝါအပေါင်း၊ ပစ္ဆိမံ စိတ္တံ၊ အန္တေ-အဆုံး၌၊ ပေ၊ အန္တိမော-အဆုံး၌ဖြစ်သောဘဝစသည်၊ အန္တိမံ-အဆုံး၌ ဖြစ်သောစိတ်၊ ဧဝံ, မဇ္ဈိမော-အလယ်၌ဖြစ်သူ၊ [ပစ္ဆိမောရှိလျှင်ပါ၌ပျက်၊] ပုရိမော-ရှေ့၌ဖြစ်သူ၊ ဥပရိမော-အထက်၌ဖြစ်သူ၊ ဟေဋ္ဌိမော-အောက်၌ဖြစ်သူ၊ ပစ္စန္တိမော - အစွန်၌ဖြစ်သော ဇနပုဒ်၊ [ "မဇ္ဈိမော" ရှိလျှင်ကား ပါ၌ပျက်၊] ပေါပ္ဖိမော-ဖမျက်၌ ဖြစ်သော အနာစသည်၊ ဂန္ဌိမော-အထုံးအဖွဲ့၌ ဖြစ်သော အရာ။

---

မိတ္တာနံ+ဟိတော—မိတ်ဆွေတို့၏ စီးပွားဖြစ်သူ, မိတ္တံ အရဟတီတိ မေတ္တေယျော"ဟု ရှိသေး၏၊မေတ္တော၌ပြခဲ့သည့်အတိုင်း ဣကို ပြေ၊] "ဒက္ခန္တိ ဝဍ္ဎန္တိ ဧတေန"နှင့် အညီ ကြီးပွားချမ်းသာကြောင်းဖြစ်သောအလှူသည် ဒက္ခိဏာမည်၏၊ထိုအလှူကို ခံထိုက်သော (ထိုအလှူ၏ အကျိုးကို တိုးပွားအောင် လယ်ယာ မြေကောင်းနှင့်တူသော) ရဟန္တာ ပုဂ္ဂိုလ်သည် ဒက္ခိဏေယျ မည်၏။

(၃၇၇) ပစ္ဆိမော, ပစ္ဆိမာ, ပစ္ဆိမံ— တို့ကား ဇနော (ပုလ္လိင်) ဇနတာ (ဣတ္ထိလိင်) စိတ္တံ (နပုံလိင်) ဟူသော အဘိဓေယျအားလျော်စွာ ၃ လိင်ရှိနိုင်ကြောင်း ပြသော ပုံစံများတည်း၊ ရှေ့-နောက် ပုံစံများ၌လည်း ဤသို့ လိင်အားလျော်စွာ ပုံစံပြပုံကို သိပါ၊ "ပစ္ဆာ-ဥပရိ-ဟေဋ္ဌာ"တို့သည် (၌-ဟူသော) သတ္တမီအနက်၌ ဖြစ်သော နိပါတ်တို့တည်း၊ "ပစ္ဆာ-ဥပရိ-ဟေဋ္ဌာ+ဇာတော"ဟု ဝိဂ္ဂြိုဟ်ပြု၊ "မဇ္ဈေ—ပုရာ— ပစ္စန္တေ+ဇာတော, မဇ္ဈိမော"စသည်၊ ဂေါပ္ဖေ—ဖမျက်၌+ဇာတော—ဖြစ်သော အနာ စသည်သည်၊ ဂေါပ္ဖိမော—မည်၏၊ "ဂန္ထေ+ဇာတော ဂန္ထိမော"လည်း နည်းတူ၊ "-ဂေါပ္ဖိမော, ဂန္ထိမော"ဟုတွဲ၍ပြသောရူပသိဒ္ဓိဆရာကားပါရာဇိကဏ် ကုလဒူသက သိက္ခာပုဒ် အဋ္ဌကထာ၌လာသော "ဂန္ထိမ—ဂေါပ္ဖိမ—ဝေဓိမ—ဝေဌိမ—ပုရိမ-ဝါယိမ" ဟူသော သီကုံးအပ်သောပန်းအထူး ၆ မျိုးတွင် "ဂန္ထိမ—ဂေါပ္ဖိမ"ကို ပြလိုဟန်တူ၏၊ သို့သော် ထို၌ ပါသော ဂေါပ္ဖိမ၌ ဣမ ပစ္စည်းသည် ဇာတ အနက်ဟောမဟုတ်၊ ဂေါပ္ဖ သဒ္ဒါသည် ချိမြင် စသည်ဖြင့် ပန်းညှာတို့ကို ထိုသီခြင်းအနက်ကို ဟော၏၊ ဂေါပ္ဖနံ ဂေါပ္ဖေါ၊ ဂေါပ္ဖေန—ထိုးသီခြင်းဖြင့်၊ နိဗ္ဗတ္တံ—ဖြစ်သော ပန်းအထူးသည်၊ ဂေါပ္ဖိမံ— မည်၏၊ ဤသို့ နိဗ္ဗတ္တအနက်၌ "ဣမ" ပစ္စည်းသက်၏။ [ဂန္ထေန+နိဗ္ဗတ္တံ, ဂန္ထိမံ၊ သေနယော ဝေါသေသုပိ"တေရသကဏ်ဋီကာ။]

မှတ်ချက်။ ။မောဂ္ဂလ္လာန်ဝယ် မဇ္ဈိမောစသည်၌ဣမပစ္စည်းကို ဘာဝအနက်ဟော ဟုဆို၍ "မဇ္ဈေ+ဘဝေါ"စသည် ဖြင့် ပြ၏၊ ဩရေ ဘဝေါ ဩရိမော—ဤဘက်ကမ်း၌

www.dhammaransi.com



တတာ - ထိုမှတပါး၊ ဉာယပစ္စယေ - ၌ (ဥဒါဟရဏံ)၊ မနုဿ ဇာတိယာ - လူဇာတ်၌၊ ဇာတော - ဖြစ်သော ယောကျ်ားတည်း၊ မနုဿ ဇာတိယော - ကျ်ား၊ မနုဿ ဇာတိယာ - လူဇာတ်၌ ဖြစ်သော မိန်းမ၊ မနုဿ ဇာတိယံ-လူဇာတ်၌ ဖြစ်သောအမျိုး၊ ဧဝံ၊ အဿဇာတိယော - မြင်းဇာတ်၌ ဖြစ်သူ၊ ဟတ္ထိဇာတိယော - ဆင်ဇာတ်၌ ဖြစ်သူ၊ ဗောဓိသတ္တ ဇာတိယော - ဘုရားအလောင်းဇာတ်၌ ဖြစ်သူ၊ ဒဗ္ဗဇာတိယော - ပညာရှိဇာတ်၌ ဖြစ်သူ၊ သမာနဇာတိယော - တူသောဇာတ်၌ ဖြစ်သူ၊ လောကိယော - လောက၌ ဖြစ်သောတရား၊ ဣစ္စာဒိ-တည်း။

အာဒိဂ္ဂဟဏေန - ဖြင့်၊ တတ္ထ - ထို၌၊ နိယုတ္တော - ယှဉ်သည်၊ အဿ - ထိုသူ၏၊ တံ - ထိုအရာသည်၊ အတ္ထိ၊ တတ္ထ - ထို၌၊ ဘဝေါ - ဖြစ်၏၊ ဣတျာဒိသုပိ - ဤသို့ အစရှိသော အနက်တို့၌လည်း၊ ဣမ ဣယ ပစ္စယာ ဟောန္တိ၊ စသဒ္ဒေန ဣက ပစ္စယော စ၊ အန္တေ - အဆုံး၌၊ နိယုတ္တော - ယှဉ်သူတည်း၊ အန္တိမော၊ ယော၊ ကော - သူ၊ အဿ - ထိုသူ၏၊ ပုတ္တော အတ္ထိ၊ တသ္မိံ - ၌၊ ဝိဇ္ဇတိ၊ ဣတိ ပုတ္တိမော၊ ယော၊ ကော-မည်၏၊ အဿ - ထိုဝေါဟာရ စသည်၏၊ ကပ္ပေါ - ရဟန်းတို့အား အပ်အောင်ပြုခြင်းသည်၊ အတ္ထိ, ဣတိ,

---

ဖြစ်သည်၊ပါရေ ဘဝေါပါရိမော-ထိုဘက်ကမ်း၌ဖြစ်သည်၊အဗ္ဘန္တရေ ဘဝေါ,အဗ္ဘန္တရိမော-အတွင်း၌ဖြစ်သည်၊ ပုရတ္ထာ ( နိပါတ်ပုဒ် ) - ရှေး၌ ( အရှေ့၌ ) +ဘဝေါ ပုရတ္ထိမော၊ ဗာဟိရ(နိပါတ်)—ပြင်ဘက်၌+ဘဝေါ, ဗာဟိရိမော၊ ဤပုံစံတို့ကိုလည်း ထိုနိဿယ၌ ပြထားသည်။

တတော ဉာယပစ္စယေ—များသောအားဖြင့်ဇာတသဒ္ဒါသည်အာဓာရ(၌ဟူသော) အနက်နှင့်စပ်သောကြောင့် "မနုဿဇာတိယာ-၌"ဟု ပေးလိုက်သည်၊ "လောကေ+ဇာတော"ဟု ဧကေန ဝိဂ္ဂဟ်ပြုရမည့် "လောကိယော"ကို ထောက်၍လည်း "၌"ဟုပပ် ပေးခွင့်ရှိသည်၊ "မနုဿဇာတိ"နောင် ဇာတ အနက်၌ ဉာယပစ္စည်းသက်၍ "မနုဿ ဇာတိယော, ယာ, ယံ"ဟု အတိမေယျအားလျော်စွာ ၃ လိင် ဖြစ်၏၊ ဒဗ္ဗ သဒ္ဒါသည် "ဗုဒ္ဓေါ စ ဒဗ္ဗ ဝိဒ္ဒသု"ဟူသော အဘိဓာန်နှင့်အညီ "ပညာရှိ" အနက်ဟောတည်း။

အာဒိဂ္ဂဟဏေန၊ပေ၊စ သဒ္ဒေန ဣကပစ္စယော စ—သုတ်၌ တိုက်ရိုက်ပါသောကြောင့် ဣမ-ဣယပစ္စည်းသက်မှုမှာ သုတ်ရင်းဖြင့်ပင်ပြီး၏၊အနက်ကိုသာဇာတအနက် မဟုတ်သဲ နိယုတ္တစသော အနက်ဖြစ်၍ ဇာတာဒိနံ၌ အာဒိဖြင့် ယူရသည်၊ ထို့ကြောင့် "အာဒိဂ္ဂဟဏေန ၊ပေ၊ ဣမ ဣယ ပစ္စယာ ဟောန္တိ"ဟု မိန့်သည်၊ ဣကပစ္စည်းကား သုတ်၌ တိုက်ရိုက် မပါ, ဣမိယာ စ၌ စ သဒ္ဒါဖြင့် ဆည်းယူ အပ်သော ပစ္စည်းတည်း၊ ထို့ကြောင့် "စသဒ္ဒေန ဣကပစ္စယော စ"ဟုမိန့်သည်၊အန္တိမော အန္တိယော အန္တိကော-စသည်တို့ကား ထို ၃ ပစ္စည်း၏ပုံစံတည်း။

www.dhammaransi.com



ကပ္ပိယော - မည်၏၊ အဿ - ထိုရှုသော့၏၊ ဇဋ္ဌာ - ဆံကျစ်သည်၊ အတ္ထိ, ဣတိ, ဇဋိလော၊အဿ - ထိုသမာဓိ၏၊ ဟာနဘာဂေါ - ဆုတ်ယုတ်ခြင်း အဘို့သည်၊ အတ္ထိ, ဣတိ, ဟာနဘာဂိယော၊ ဧဝံ, ဋ္ဌိတိဘာဂိယော-တည်တံ့ခြင်း အဘို့ ရှိသော သမာဓိ၊ ဗောဓိယာ - မဂ်ဉာဏ်၏၊ ပက္ခေ - အသင်းအပင်း၌၊ ဝါ- ပက်၌၊ ဘဝါ - ဖြစ်သောတရားတို့သည်း၊ ဗောဓိပက္ခိယာ - တို့၊ ပဥ္စဝဂ္ဂေ-၅-ယောက်အစု၌၊ ဘဝါ - ဖြစ်သော ပုဂ္ဂိုလ်တို့တည်း၊ ပဥ္စဝဂ္ဂိယာ - တို့၊ ဧဝံ, ဆဗ္ဗဂ္ဂိယာ - ၆-ယောက်အစု၌ ဖြစ်သော ရဟန်းတို့၊ ဥဒရိယံ - ဝမ်း၌ ဖြစ်သော အစာသစ်၊ ဣဒံ - ဤ ဥစ္စာသည်၊ အတ္တနော - မိမိ၏ ဥစ္စာတည်း၊ အတ္တနိယံ - မိမိဥစ္စာ၊ န ကာရေ ဂမော-န အက္ခရာလာ။

စ သဒ္ဒဂ္ဂဟဏေန - ဖြင့်၊ ကိယ, ယ, ဏျ ပစ္စယာ စ - ကိယ ပစ္စည်း,ယ ပစ္စည်း, ဏျ ပစ္စည်းတို့သည်လည်း၊ ( ဟောန္တိ )၊ ဇာတိယာ - ပဋိသန္ဓေ၌၊

---

**ကပ္ပိယော။** ။ကပ္ပသဒ္ဒါသည် သမဏာဝေါဟာရ (ရဟန်းများ၏ အသုံးအနှုန်း ဖြစ်သော ဝိနည်းနှင့်လျော်စွာ အပ်စပ်အောင်ပြုခြင်း) အနက်ကိုဟော၏၊ ထို အပ်စပ် အောင်ပြုခြင်းရှိသော (အပ်စပ်သော) ပရိက္ခာရ စသည်သည် ကပ္ပိယ မည်၏၊ထိုကပ္ပိယ ပရိက္ခာရ စသည်ကို ပြုတတ်သူကို "ကပ္ပိယ ကာရက"ဟု ခေါ်၏၊ ယခုကာလ၌ကား "ကာရက"ကို ဖြုတ်၍ "ကပ္ပိယ"ဟု ခေါ်နေကြသည်။

**ဟာနဘာဂိယ။** ။ဟာန=ဆုတ်ယုတ်ခြင်း+ဘာဂ=အဘို့၊ ပဌမဈာန် သမာဓိကို ရပြီးနောက် ထို ဈာန်ကို အထပ်ထပ်မဝင်စားဘဲ ပစ်ထားလျှင် (ရပြီးစာကို ပစ်ထားမိ၍ မေ့သကဲ့သို့) ထိုဈာန်ယုတ်လျော့ ပျောက်သွားတတ်၏၊ထိုသမာဓိသည် ဆုတ်ယုတ်ခြင်း အဘို့ရှိသော (ဆုတ်ယုတ်ဘို့ဖြစ်နေသော) ကြောင့် ဟာနဘာဂိယ မည်၏၊ ထို ဈာန်ကို ဝင်စားသော်လည်း အထက်ဈာန်ရဘို့ အားမထုတ်လျှင် တည်တံ့ဘို့သာ ဖြစ်သော ကြောင့် ဋ္ဌိတိဘာဂိယ မည်၏၊ ဤသို့ ဘာဂအတွက် ကောဋ္ဌာသ (အဘို့) အနက် ကြံလိုက်ခြင်းသည် "ဟာနဘာဂိယာဒိဝသေနာတိ-ဟာနကောဋ္ဌာသိကာဒိဝသေန" ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာအတိုင်းတည်း၊ ရူပသိဒ္ဓိ ဋီကာ၌ကား "ဟာနဿ- ဆုတ်ယုတ်ကြောင်းကို၊ ဘဇနံ သေဝနံ-မှီဝဲခြင်းသည်၊ ဟာနဘာဂေါ-မည်၏"ဟု ဘာဂအတွက် သေဝန အနက်ကြံ၍ "ဟာနဘာဂိယော"အရ သမာဓိကို မယူဘဲ "ဝိပက္ခ သေဝိနော ဂုဏာ"ဟု ဖွင့်လေသည်၊ သမာဓိ၏ ဆန့်ကျင်ဘက် ဖြစ်သော ကာမစ္ဆန္ဒနီဝရဏဖြစ်ကြောင်း တရားစုကို မှီဝဲသူ၏မကောင်းဂုဏ်ကို"ဟာနဘာဂိယ" ဟုဆိုလိုသတတ်၊ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ၌ ပြသော ဟာနဘာဂိယသီလကို ရည်ရွယ်၍ ဖွင့်ဟန် တူသော်လည်း ထို၌ "ဟာနဘာဂိယ"အရ သီလကို ရသောကြောင့် ထိုအဘိုင်း မကျချေ။ ["အတ္တ+ဣ ယ"ဟု ဖြစ်သောအခါ ဧတေသုဝုဒ္ဓိဖြင့် န အက္ခရာလာ၍ အတ္တနိယံဖြစ်၏၊ မောဂ္ဂလ္လာန်၌ကား တခါထည်း "နိယ"ပစ္စည်း သက်သည်။]

www.dhammaransi.com



နိယုတ္တော-ယှဉ်သူတည်း၊ ဇာတိကိယော-သူ၊ ဝေံ, အန္ဓကိယော-ကန်းသူ၏ အဖြစ်၌ ယှဉ်သူ၊ ဇစ္စန္ဓေ-သန္ဓေကန်း၏ အဖြစ်၌၊ နိယုတ္တော-တည်း၊ ဇစ္စန္ဓကိယော-သူ၊ အယံ-ဤဥစ္စာသည်၊ သဿ-မိမိ၏ (ဥစ္စာတည်း)၊ ဉာတိသကိယော၊ ဝေံ, ပရကိယော-သူတပါး၏ ဥစ္စာ။

ယ ပစ္စယော-ယ ပစ္စည်းသည်၊ သာဓု ဟိတ ဘဝ ဇာတာဒိအတ္ထေသု - သာဓု၊ ပေ၊ ဇာတ အစရှိသောအနက်တို့၌ (ဟောတိ)၊ ယထာ- ကား၊ ကမ္မနိ-အမှု၌၊ သာဓု-ကောင်းသောစိတ်တည်း၊ ကမ္မညံ-စိတ်၊ သဘာယံ-အစည်းအဝေး သဘင်၌၊ သာဓု - ကောင်းသော စကားတည်း၊ သဗ္ဘ - ကား၊ ယဝတံ တလနာဒိနာ - ယဝတံ တလန အစရှိသော သုတ်ဖြင့် ဉကာရာဒိ-ဉ အပြု အစရှိသော အစီအရင်သည် (ဟောတိ)၊ [သန္ဓိ (၄၂) သုတ်အဖွင့် ပြန်ကြည့်၊] ဝေံ, မေဓာယ-ယဇ်၏၊ ဟိတံ - အစီးအပွားတည်း၊ မေဇ္ဈံ - ပွား၊ [ "ဃတံ - ထောပတ်တည်း" ဟု သီဟိုဠ်မူ၌ အဘိဓေယျပါသည်၊] ပါဒါနံ - ခြေတို့၏၊ ဟိတံ - စီးပွားဖြစ်သော၊ တေလံ – ခြေနယ်ဆီတည်း၊ ပဇ္ဇံ-ဆီ၊ ရထဿ-ရထား၏၊ ဟိတာ - စီးပွားဖြစ်သော လမ်းတည်း၊ ရစ္ဆာ - လမ်း၊ ဂါမေ-ရွာ၌၊ ဘဝေါ-ဖြစ်သော အကျင့်တည်း၊ ဂမ္မော-ကျင့်၊ "ဂမ္မော ဟီနော ပေါထုဇ္ဇနိကော" ဓမ္မစကြာ၊] ဂဝေ-နွားမ၌၊ ဘဝံ-ဖြစ်သော နို့ရည် စသည်တည်း၊ ဂဗျံ -နို့ရည် စသည်၊ သြသရေစာတိ

---

စ သဒ္ဒဂ္ဂ၊ပေ၊ဏျ ပစ္စယာ— [မြန်မာမူ၌ "ကိယ ဏျပစ္စယာ စ"သာ ရှိ၍ "ယ"ကျသည်၊ "ဇာတိယာ"၏အရာ၌ မောဂ္ဂလ္လာန်ဝယ် "ဇာတိယံ"ဟုရှိ၏၊ "အန္ဓ" သဒ္ဒါသည် ကန်းသူကိုသာ ဟောသော်လည်း အန္ဓ၌ ဘာဝပ္ပဓာန-တနည်း ဘာဝလောပ ကြံ၍ "ကန်းသူ၏အဖြစ်၌"ဟု ပေးသည်၊ ဇစ္စန္ဓေလည်း နည်းတူ၊ မှန်၏— "အန္ဓ,အန္ဓကိယ" ၂ ပါး လုံးပင် ကန်းသူကို ဟောရကား " အန္ဓေ—ကန်းသူ၌၊ နိယုတ္တော—ယှဉ်သော ကန်းသူ"ဟု ဆိုလျှင် အဓိပ္ပါယ်မရသောကြောင့် "အန္ဓေ—ကန်းသူ၏ အဖြစ် (မျက်စိကွယ်ခြင်း) ၌"ဟု ဆိုမှ,အဓိပ္ပါယ်ရသည်။

ယ ပစ္စယော၊ပေ၊ဇာတာဒိ အတ္ထေသု—ပြခဲ့သော ၃ ပစ္စည်းတွင် ယပစ္စည်း၏ ပုံစံကိုပြလို၍ (သီဟိုဠ်မူ၌) "ယ ပစ္စယော"စသည်ကို မိန့်သည်၊ "ဏျပစ္စယော"ဟု မြန်မာမူရှိသည်ကား "စသဒ္ဒေန ယပစ္စယော ရူပသိဒ္ဓိယံ ဝုတ္တော"ဟူသော ဗာလာဝတာရ ဋီကာဟောင်းနှင့်ရင်း, "တဗြဲ+သာဓု ယတ်"ဟူသော ကလာပ်နှင့်ရင်း မညီရုံသာမက, ကမ္မညံ စသော ပုံစံအားလုံးပင် ဝုဒ္ဓိ မရောက်သောကြောင့်ရင်း, ထောမနိမိ၌"မဇ္ဈ"ပုဒ်ဝယ်"ယတ်"ပစ္စည်းဟု ဆိုသောကြောင့်ရင်း "ယ ပစ္စယော" သာ သင့်သည်၊ "ဝေံ မေဓာယ ဟိတံ"၌ဝေံကား သဗ္ဘံကဲ့သို့ ယဝတံသုတ်ဖြင့် စီရင်ပုံကို

www.dhammaransi.com



သုတ္တေ – ၌၊ စ သဒ္ဒေန–ဖြင့်၊ ယ ပစ္စယေ·ယ ပစ္စည်းသည်၊ ပရေပိ–နှောင်းသော်လည်း၊ အဝါဒေသော - အဝ ပြုသည် ( ဟောတိ )၊ ကဝိမှိ - ကဗျာဖွဲ့သူ၌၊ ဘဝံ–ဖြစ်သော အစီအကုံး တည်း၊ ကဗျံ – ကုံး၊ [ ထောမနိဓိ၌ "ကဝိနော ကမ္မံ ကဗျံ"ဟု ရှိ၏၊] ဒိဝိ – နတ်ပြည်၌၊ ဘဝါ–ဖြစ်သော ကာမဂုဏ်တို့တည်း၊ ဒိဗျာ–တို့၊ ထနတော–သားမြတ်မှ၊ ဇာတံ–ဖြစ်သော နို့ရည်တည်း၊ ထညံ–ရည်၊ ဓနာယ - ဥစ္စာအလို့ငှါ၊ သံဝတ္တတိ - ဖြစ်၏၊ ဣတိ, ဓညံ–မည်၏၊ [" ထနာယ " စသည်ရှိသော မူ၌ ပါင်ပျက်။]

ဏျော–ဏျ ပစ္စည်းကား၊ ပရိသာယံ – ပရိသတ်၌၊ သာဓု–ကောင်းသော အစေအပါးတည်း၊ ပါရိသဇ္ဇော - ပါး၊ ဒက်ခိုရာဂမော - ဒ အ က္ခ ရာ လာ၊ သမဏာနံ–တို့၏၊ ဟိတာ – စီးပွားတို့တည်း၊ သာမညာ–ရဟန်းတို့၏ စီးပွားဖြစ်ကုန်သော၊ ဇနာ – လူတို့၊ ဗြာဟ္မဏာနံ - တို့၏၊ ဟိတာ-စီးပွားတို့တည်း၊ ဗြာဟ္မညာ – တို့၊ အရူပေ-အရူပဘုံ၌၊ ဘဝါ–ဖြစ်သော တရားတို့တည်း၊ အာရုပ္ပါ-တို့၊ ဣစ္စာဒိ-တည်း။

(၃၇၈) ရာဇပုတ္တာနံ-တို့၏၊ သမူဟော–တည်း၊ ဣတိဝိဂ္ဂဟေ(သတိ)....
**သမူဟတ္ထေ ကဏ် ဏာ။** ။ဆဋ္ဌိယန္တတော - ဆဋ္ဌီဝိဘတ် အဆုံးရှိသောလိင်မှ(နောက်၌)၊ တေသံ – ထိုမင်းသား စသည်တို့၏၊ သမူဟော–အပေါင်းတည်း၊ ဣတိအတ္ထေ – ၌၊ ကဏ် ဏာ ဣတိ-ကဏ်, ဏ ဟူကုန်သော၊ ဧတေပစ္စယာ ဟောန္တိ၊ ရာဇပုတ္တကော–မင်းသားတို့၏ အပေါင်း၊

---

ညွှန်ပြသည်၊ "အဿ မေဓော"စသည်၌ကဲ့သို့ မေဓ သဒ္ဒါသည် ယဇ်ပူဇော်ခြင်းကို ဟော၏၊ ထောပတ်ကိုထည့်၍ မီးနတ်အား ပူဇော်ရသောကြောင့် ထောပတ်သည် ယဇ်၏ စီးပွားဖြစ်သည်၊ ခြေကို ဆီသုတ်ရသောကြောင့် ဆီသည် ခြေ၏ စီးပွားဖြစ်၏၊ ရူဍှာတိုင်အောင် ယဝတံသုတ်ဖြင့် စီရင်ရသည်၊ အဝဏ္ဏော ယေ လောပဉ္စဖြင့် ဓ စသည်၌ အာ စသည်ကိုချေ၍ဦးမည်ကိုလည်း သတိပြု၊ ဂဗျ၌ "ဂဝါ+ယ"ဟုဖြစ်သော အခါ သြသရေစ၌ စ ဖြင့် အဝပြု, ဝ ကို ဗပြု။

ဏျော ပရိသာယံ၊ ဓပ၊ အာရုပ္ပါ—ဤပြယုဂ်များ၌ ဝုဒ္ဓိ ရောက်သောကြောင့် ဏျပစ္စည်းသာဖြစ်သင့်၏၊ ထို့ကြောင့်"ဏျော ပရိသာယံ"ဟု ရှိသော သီပိုဋ္ဌမူသာ သင့်သည်၊ဗာလာဝတာရ ဋီကာ၌လည်း"တေန စသဒ္ဒေန ဏျော ဧ,ပရိသာယံသာဓု ပါရိသဇ္ဇော"စသည်ဖြင့် ဆိုသည်၊ "ပရိသာ+ယ"ဟု ဖြစ်သောအခါ ဝုဒ္ဓါဒိသရဿဝါ ဖြင့် ဝုဒ္ဓိပြု, တေသုဝုဒ္ဓိသုတ်ဖြင့် (ဒ်) ဖျည်းလာ၍"ပါရိသာ+ဒျ"ဟုဖြစ်လျှင် ယဝတံ သုတ်ဖြင့် ဒျ ကို ဇ ပြု, ဒွေဘော်လာ၊ကွစာဒိ မဇ္ဈေတွရာနံဖြင့် သာ၌ ရဿပြု, ပါရိသဇ္ဇ ပြီး၏၊ သာမညာ စသည့်ကား ထင်ရှားပြီ။

www.dhammaransi.com



ရာဇပုတ္တကံဝါ - လည်း ရှိ၏၊ ရာဇပုတ္တော - ပေါင်း၊ ဧဝံ, မာနုဿကော, မာနုဿော - လူတို့၏ အပေါင်း၊ မာဓုရကော, မာဓုရော - ချိုဆိမ့်သော အရသာတို့၏ အပေါင်း၊ ပေါရိသကော, ပေါရိသော - ယောကျ်ားတို့၏ အပေါင်း၊ ဝုဒ္ဓါနံ - ကြီးသူတို့၏၊ သမူဟော, ဝုဒ္ဓကော ဝုဒ္ဓေါ၊ [ "ဗုဒ္ဓါနံ" စသည်လည်း ရှိ၏၊] ဧဝံ,မာယူရကော, မာယူရော-ဥဒေါင်းတို့၏ အပေါင်း၊ (ကာပေါတကော,) ကာပေါတော-ခိုတို့၏ အပေါင်း၊ ကောကိလော-ဥဩတို့၏ အပေါင်း၊ မာဟိံသကော, မာဟိံသော-ကျွဲတို့၏ အပေါင်း၊ ဩဒ္ဒကော - ကုလားအုပ်တို့၏ အပေါင်း၊ ဩရဗ္ဘကော - သိုးတို့၏ အပေါင်း၊ အဇ္ဈန္နံ - ရှစ် ခု တို့ ၏ ၊ ပေ ၊ ရာဇာနံ - မင်းတို့၏၊ ဘိက္ခူနံ - ထ မင်း တို့ ၏၊ သိက္ခာ နံ-သိက္ခာတို့၏၊ ဒွိန္နံ ၂-ခုတို့၏၊ သမူဟော, ဒွယံ ၂-ခုတို့၏အပေါင်း၊ တေသုဝုဒ္ဓိတျာဒိနာ - ဖြင့်၊ ဣ ကာ ရ ဿ - ၏၊.... အယာဒေသော - အယပြု၊ ဧဝံ, တိဏ္ဏံ ၊ ပေ ၊ တယံ - ၃-ခုတို့၏ အပေါင်း၊ ဣစ္စာဒိ။

(၃၇၉) သမူဟတ္ထေတိ ဝတ္တတေ၊

ဂါမ ၊ ပေ ၊ တာ။ ။ဂါမာဒီဟိ-ဂါမ အစရှိသော သဒ္ဒါတို့မှ နောက်၌၊ သမူဟတ္ထေ-၌၊ တာပစ္စယော ဟောတိ၊ ဂါမာနံ-ရွာတို့၏၊ ပေ ၊ ဂါမတာ-ရွာတို့၏ အပေါင်း၊ ဧဝံ, ဇနတာ-လူတို့၏အပေါင်း၊ ဗန္ဓုတာ-ဆွေမျိုးတို့၏ အပေါင်း၊ သဟာယတာ - အပေါင်းအဖော်တို့၏ အပေါင်း၊ နာဂရတာ-မြို့သူမြို့သားတို့၏ အပေါင်း၊ တာတိယောဂဝိဘာဂေန-" တာ " ဟူသော ယော ဂ ဝိ ဘာ ဂ ဖြင့်၊ သကတ္ထေပိ - သ က တ္ထ ၌လည်း၊ တာ -- တာ ပစ္စည်း

---

( ၃၇၈ ) " ရာဇပုတ္တာနံ "နောင် သမူဟ အနက်၌ ကဏ် ပစ္စည်းသက်, ဏ်အနုဗန်ချေ, စသည်စီရင်၍ ရာဇပုတ္တကော, နပုံလိင်ဖြင့် ရာဇပုတ္တကံ ဟု ဖြစ်၏၊ ဏပစ္စည်းသက်လျှင် ရာဇပုတ္တော စသည်ဖြစ်၏၊ "မာထုရကော"ဟု စာကိုယ် ရှိ၏၊ ထို အတိုင်း မှန်လျှင် "မာထုရာနံ–မထုရာ ပြည်သူ ပြည်သားတို့၏၊ သမူဟော မာထုရကော=မာထုရော"ဟု အနက်ပေးသင့်၏၊ ဋီကာ၌"မဓုရာနံ သမူဟော"ဟု ရှိသောကြောင့် "ချိုဆိမ့်သော အရသာတို့၏ အပေါင်း"ဟု ဆိုလိုက်သည်၊ ဗုဒ္ဓါနံ၌ "ဝုဒ္ဓါနံ"ဟု သီဟိုဠ်မူရှိ၏၊ ဒွယံ၌ "ဒွိ+အ"ဟုဖြစ်သောအခါ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ဣကို အယ ပြု၊ တယံလည်း နည်းတူ၊ မောဂ္ဂလ္လာန်၌ကား ဥဘ ဒွိ တိ သဒ္ဒါတို့နောင် အံသ (အဘို့အစု) အနက်၌ "အယ" ပစ္စည်း သက်၏၊ ဥဘယံ, ဒွယံ–၂ ဘို့ရှိသော အပေါင်း၊ တယံ–၃ ဘို့ရှိသောအပေါင်း၊ "ဥဘော အံသာ အဿာတိ ဥဘယံ" စသည် ပြု၊ မုဒ္ဓဗောဓ၌ကား အဝယဝ (အစိတ်အစိတ်) ဟူသော အနက်၌ အယ ပစ္စည်းသက်၏၊ "ဒွယံ-၂ ခုသောအစိတ်ရှိသော အပေါင်း" စသည် ပေး။ ]

www.dhammaransi.com



သက်၊ ဒေဝေါယော – နတ်သည်ပင်၊ ဒေဝတာ – ဒေဝတာ မည်၏၊ တာပစ္စယန္တဿ – တာပစ္စယန္တပုဒ်၏၊ နိစ္စံ – အမြဲ၊ ဣတ္ထိလိင်တာ – ဣတ္ထိလိင်ရှိသည်၏ အဖြစ်သည် (ဟောတိ)။

(၃၈၀) **တဒဿ ဌာန မိယော စ။** ။တံ - ထိုအရာသည်၊ အဿ - ထို ယစ်ခြင်း စသည်၏၊ ဌာနံ – တည်ရာ အကြောင်းတည်း၊ ဣစ္စေတသ္မိံ အတ္ထေ ဆဋ္ဌိယန္တတော ဣယ ပစ္စယော ဟောတိ၊ မဒနဿ–ယစ်မူးခြင်း၏၊ ဌာနံ–တည်ရာအကြောင်းတည်း၊ မဒနိယော, မဒနိယာ, မဒနိယံ–အကြောင်း၊ ဗန္ဓနဿ–နှောင်ဖွဲ့ခြင်း၏၊ ဌာနံ–တည်း၊ ဗန္ဓနိယံ၊ ဧဝံ, မုစ္ဆနိယံ – တွေဝေခြင်း၏ တည်ရာအကြောင်း၊ ရဇနိယံ – တပ်မက်ခြင်း၏ [နည်းတူသက်၊] ဂမနိယံ – သွားခြင်း၏, ဒုဿနိယံ – မနှစ်သက်ခြင်း၏, ဥပ ါဒ ါနိယံ-ဥပ ါဒ ါန်

---

(၃၇၉) တာ ပစ္စည်း နှောင်းရာ၌ ဝုဒ္ဓိမရောက်သောကြောင့် "နဂရေ ဇာတာ, နာဂရာ"ဟု ဏ ပစ္စည်းဖြင့် မြို့သူမြို့သားကို ရစေပြီးမှ "နာဂရာနံ သမူဟော နာဂရတာ" ဟု တာပစ္စည်း ဆင့်ထားသည်ဟု မှတ်၊တာ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် သကတ်အနက်၌ တာပစ္စည်းသက်၍"ဒေဝေါယော+ဒေဝတာ"ဟုဖြစ်၏၊ တာပစ္စည်း ဆုံးသော သဒ္ဒါတို့သည် အမြဲ ဣတ္ထိလိင် ရှိရကား "ဒေဝေါယော"ဟု မူလက ပုလ္လိင် ရှိသော်လည်း တာ ပစ္စည်း သက်သောအခါ "ဒေဝတာ"ဟု ဣတ္ထိလိင် ရှိရသည်၊ ဤ သကတ္ထပစ္စည်းနှင့် စပ်၍ မှတ်ဘွယ်ကို ရှေ့၌ ပြခဲ့ပြီ။

(၃၈၀) "တိဋ္ဌတိ ဧတ္ထာတိ ဌာနံ"အရ မူးယစ်ခြင်းစသည်၏တည်ရာဌာနဟူသည် မြန်မာလို "မူးယစ်စရာ, နှောင်ဖွဲ့စရာ, တွေဝေစရာ, တပ်မက်စရာ, သွားစရာလမ်း, စိတ်ပျက်စရာ, စွဲလမ်းစရာ, ကြည်ညိုစရာ ဘုရားအာရုံ"စသည်တည်း၊ထို တည်ရာ ဌာန သည်ပင်မူးယစ်ခြင်းစသည်၏အကြောင်းလည်းဟုတ်၏၊ထို့ကြောင့်"ဌာနံ=ကာရဏံ" ဟုဋီကာဖွင့်သည်၊ ထိုအဖွင့်လည်း"အာသဝါ တိဋ္ဌန္တိ ဧတေသူတိ အာသဝဋ္ဌာနိယာ၊ ။ပေ။ယသ္မာ နေသံ (ထို အာသဝတို့၏) ဧတေ (ထို ကျူးလွန်ခြင်းတို့သည်) ကာရဏာ ဟောန္တိတိ အတ္ထော"ဟူသော ပါရာဇိကဏ် ဝေရဉ္စကဏ္ဍ အဋ္ဌကထာနှင့် ညီပေသည်။

မဒနဿ၊ပေ၊ပသာဒနိယံ—အာသဝေါ (အရက်) သုရာ (သေရည်) မဇ္ဇံ (သေရည် အရက်) ဤသို့သော အဘိဓေယျကို ငဲ့၍"မဒနိယော,ယာ,ယံ"ဟု ၃ လိင် ထားသည်၊ ယစ်မူးခြင်း၏ တည်ရာ (ယစ်မူးကြောင်း)ဟူသည် သေရည် အရက် စသည်တည်း၊ "ဗန္ဓနိယံ"ဟူသည် ကာမဂုဏ် အာရုံတည်း၊ ထို ကာမဂုဏ် အာရုံသည် မာရ်နတ်က ပုထုဇဉ်စိတ်ကို ဖွဲ့တုတ်ဘို့ရာ လက်နက်တမျိုးဖြစ်၍ "ဗန္ဓနိယ"မည်၏၊ ဋီကာ၌ကား"ဗန္ဓန"အရ သင်္ဂ (ငြိတွယ်ခြင်း) ကို ယူစေလိုသောကြောင့်"သင်္ဂါ သခ်ါ-တဿ ဗန္ဓနဿ"ဟုဖွင့်သည်၊သို့သော် ဗန္ဓနသဒ္ဒါသည် ငြိတွယ်ခြင်းဟူသော အကမ္မက ကြိယာကို မဟော, ဗန္ဓန—ဟူသော ရုပ်ကသာ "ဖွဲ့မိ ငြိတွယ်ခြင်း"အနက်ကို ဟော

www.dhammaransi.com



တို့၏, ပသာဒနီယံ - ကြည်လင်ခြင်း၏ တည်ရာ အကြောင်း၊ စသဒ္ဒေန, ဟိတာဒျတ္ထေပိ - ဟိတ အစရှိသော အနက်၌လည်း၊ (ဣယော - ဣယပစ္စည်း သက်)၊ ဥပါဒါနာနံ - တို့၏၊ ဟိတာ - စီးပွားဖြစ်သော တရားတို့တည်း၊ ဥပါဒါနီယာ-တို့၊ ဣစ္စာဒိ။

(၃၈၁) ဥပမတ္ထာ ယိတတ္တံ။ ။ဥပမတ္ထေ - ဥပမာအနက်၌၊ ("ဥပမာ ဝါစိလိင်္ဂတော-ဥပမာဟော လိန်မှ နောက်၌" ဟု သိမှု၌ ပါ၏၊) အာယိတတ္တ ပစ္စယော - အာယိတတ္တ ပစ္စည်းသည်၊ ဟောတိ၊ ဓူမောဝိယ - အခိုးကဲ့သို့၊ ဒိဿတိ-မြင်အပ်၏၊ ဣတိ, ဓူမာယိတတ္တံ၊ ဧဝံ, တိမိရာယိတတ္တံ-အမိုက်မှောင် ကဲ့သို့ မြင်အပ်သောအရာ။

---

သောကြောင့် ဋီကာဖွင့်ကို စဉ်းစားသင့်သည်၊ ဒုဿနိယံ—အရ မနှစ်သက်ခြင်း စိတ်ပျက် ခြင်း၏ တည်ရာဟူသည် အနိဋ္ဌာရုံ (မကောင်းသော အာရုံ) တည်း၊ ထို့ကြောင့် "ဒုဿနိယံ = အနိဋ္ဌာရမ္မဏံ" ဟု ဋီကာ ဖွင့်သည်၊ ဒဿနိယံ—ဟု ရှိသည်ကား ဋီကာနှင့် မညီ။

**စသဒ္ဒေန၊ပေ၊ဥပါဒါနီယာ**—မိယောစ၌ စ ကို "တံ, တဿ, ဌာနံ—တည်း၊ ဇာတိအတ္ထေစ—၌အနက်၌လည်း" ဟု အတ္ထေနောင် ထိုင်စေပြီးလျှင် ထိုစသဒ္ဒါဖြင့် ဌာန အနက်မှတပါး ဟိတ စသော အနက်များကို ဆည်းယူသည်၊ "ဥပါဒါနီယာ—ဥပါဒါန် တို့၏ စီးပွား" ဟူသည် မာတိကာအကောက်၌ တွေ့ရသော လောကီတရားများတည်း၊ ဟိတာဒိ၌ အာဒိဖြင့် အာရမ္မဏ အနက်ကို ယူ-ဟု ကြံသင့်၏၊ "ဥပါဒါနာနံ+ဟိတံ, တေသံ ဝါ အာရမ္မဏာန္တိ ဥပါဒါနီယံ"—သဒ္ဒနီတိ၊ ဥဒရိယံ စသည်ကား ဘဝ အနက် ဖြစ်၍ ဇာတာဒီနမိမိယာစသုတ်၌ ပြခဲ့ပြီ။ ["မဒနီယံ" စသည်၌ အနီယပစ္စည်းဖြင့် ပြီးသော "မဒနီယံ" စသော ကိတ်ပုဒ် ဟုလည်း မောဂ္ဂလ္လာန် ဆို၏။]

**(၃၈၁) ဥပမတ္ထေ၊ပေ၊အာယိတတ္တ ပစ္စယော**—အလားတူ အနက်သည် အတူရှိသော အနက်တမျိုးကို နှိုင်းယှဉ်ကြောင်း (မလိုရာ အနက်တို့မှ ပိုင်းခြားကြောင်း) ဖြစ်သောကြောင့် ဥပမာ မည်၏၊ "ဘုရားရှင်၏ မျက်နှာတော်သည် လမင်းနှင့် တူ၏" ဟူရာ၌ လမင်းသည် ဘုရားမျက်နှာတော်ကို နှိုင်းယှဉ်ကြောင်း (အခြားသော အရာဝတ္ထု တို့မှ ပိုင်းခြားကြောင်း) ဖြစ်၏၊ ထို့ကြောင့် လမင်းသည် ဥပမာ (ဥပမာန) မည်၏၊ ထိုကဲ့သို့သော ဥပမာအနက်၌ ဥပမာဟော ဖြစ်သော ဓူမောကဲ့သို့ လိန်နောင် အာယိတတ္တ ပစ္စည်းသက်သည်။

**ဓူမောဝိယ၊ပေ၊ဓူမာယိတတ္တံ**—အရှင် ဂေါဓိကသည် လောကီသမာပတ်ကို ရသော်လည်း ဂိလာနဖြစ်သောကြောင့် မကြာမကြာ ဈာန်လျော့လေသည်၊ အခါဘပါး၌ ဈာန်မလျော့ဘဲ သေရလျှင် ဗြဟ္မာ့ပြည်၌ ဂတိမြဲ၏—ဟု နှလုံးပိုက်၍ ဈာန်အားကောင်း တုန်းမှာပင် မိမိလည်မျိုကိုဓားဖြင့်လှီး၍ ကမ္မဋ္ဌာန်းအားထုတ်လေရာ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံလေသော်, မာရ်နတ်သည် အရှင်ဂေါဓိက၏ဝိညာဉ်ကိုရှာရာ၌ မီးခိုးကဲ့သို့သော

www.dhammaransi.com



(၃၀၂) တဒသ ဌာနန္တိ ဝတ္တတေ။

**တန္နိဿိတတ္တေ လော**။ ။တံ - ထိုအရာကို၊ နိဿိတံ - မှီ၍၊ ဣတိ အတ္တေ - ၌ရှင်း၊ တံ - ထိုအရာသည်၊ အဿ - ထို၏၊ ဌာနံ - တည်ရာတည်း၊ ဣတိအတ္တေစ - ၌ရှင်း၊ လော ဟောတိ၊ ဒုဋ္ဌု - မကောင်းသော အရာကို၊ နိဿိတံ - မှီသော အမှုစသည် သည်၊ ဝါ, ဒုဋ္ဌု - မကောင်းမှု၏၊ ဌာနံ - တည်ရာသည်၊ ဒုဋ္ဌုလ္လံ-မည်၏၊ ဒုဋ္ဌုလ္လာ-သော၊ ဝါစာ-စကား၊ လဿ-လ၏၊ ဒွိဘာဝေါ၊ ဧဝံ, ဝေဒလ္လံ-နှစ်သက်ခြင်းကို မှီသော သုတ္တန်။

(၃၀၃) အဿ - ထိုသူ၏၊ အဘိဇ္ဈာ - အဘိဇ္ဈာ ဟူသော၊ ပကတိ ပင်ကိုယ်သဘောသည်၊ (အတ္ထိ)၊ ဝါ, အဿ-၏၊ ဗဟုလာ-များသော၊ အဘိဇ္ဈာ-သည်၊ (အတ္ထိ)၊ ဣတိ ဝိဂ္ဂဟေ(သတိ)။

---

အရာ အဲ့မှောင်ကဲ့သို့သောအရာသည် အရပ်ဆယ်မျက်နှာသို့ ပြန့်နှံ့လျက် ရှိလေသည်ကို "ရူမာယိတတ္တံ တိမိရာယိတတ္တံ ဂစ္ဆတေဝ"ဟု ဆိုသည်၊ ရူမာယိတတ္တံ-အခိုးတိမ်တိုက်နှင့် တူသော အခိုးသည်၊ တိမိရာယိတတ္တံ—အမှောင်တိုက်နှင့်တူသော အမှောင်သည်၊ ဂစ္ဆတေဝ—တသွားထည်း သွားနေ၏၊ "ရူမော ဝိယ—တိမိရံ ဝိယ"တည်၊ ဤသုတ်ဖြင့် အာယိတတ္တပစ္စည်းသက်၊ ဝုတ္တတ္တာန မပ္ပယောဂေါဖြင့် ဝိယကိုချေ,တေသံ ဝိဘတ္တိယော လောပါစဖြင့် ဝိဘတ်ချေ၊ "ရူမာယိတတ္တ"စသည်ဖြစ်၏။

မှတ်ချက်။ ။"ရူမောဝိယ ဒိဿတိ"ဟု ဆိုအပ်သော်လည်း ဒိဿတိကို ရပ်တွက်ရာ၌ မလို၊ အခိုးတိမ်တိုက်နှင့်တူသဖြင့် "အခိုးကဲ့သို့ မြင်အပ်သည်"ဟု အဓိပ္ပါယ်ထင်ရှား ရုံမျှသာ ထည့်အပ်သော ပါဌ်တည်း၊ မောဂ္ဂလ္လာန်၌ကား—"ရူမော ဝိယ အာစရတိ" ဟူသောအနက်၌ ရူမောနောင် ကတ္တုုပမာနာ ဒါစာရေကဲ့သို့သော သုတ်ဖြင့် အာယ ပစ္စည်းသက်၍ "ရူမာယ"ဟူသော နာမဓာတ်နောင် ကတ္တားအနက်၌ တပစ္စည်းသက်၍ "ရူမာယိတ"ဟု ဖြစ်ပြီးမှ သကတ္ထ၌ ဖြစ်စေ ဘာဝအနက်၌ ဖြစ်စေ တ္တ ပစ္စည်းသက်၍ "ရူမာယိတတ္တံ—အခိုးတိမ်တိုက်ကဲ့သို့ ပြုတတ်သောအခိုး၊ တိမိရာယိတတ္တံ—အမှောင် တိမ်တိုက်ကဲ့သို့ ပြုတတ်သော အမှောင်"ဟု တမျိုးမိန့်လေသည်။

(၃၀၂) ဒုဋ္ဌ+နိဿိတံ၊ပေ၊ဒုဋ္ဌုလ္လံ—ဒုဋ္ဌုသဒ္ဒါသည် နိပါတ်တည်း၊ထို့ကြောင့် ဒုဋ္ဌုနောင် အံကိုချေ၍ "ဒုဋ္ဌု—ကို"ဟုရင်း,သကိုချေ၍ "ဒုဋ္ဌု—၏"ဟုရင်း ပေးနိုင်သည်၊ ဒုဋ္ဌုနောင် နိဿိတအနက်၌ဖြစ်စေ, ဌာနအနက်၌ဖြစ်စေ "လ"ပစ္စည်းသက်, ဒွေဘော် လာ, ဒုဋ္ဌုလ္လံဖြစ်၏၊ ဝေဒလ္လံ၌ ဝေဒသဒ္ဒါ "တုဋ္ဌိ—နှစ်သက်ခြင်း" အနက်ဟောတည်း၊ "ဝေဒံ နိဿိတံ ဝေဒဿ ဌာနံဝါ"ဟုပြု၊ [ဒုသဒ္ဒါ ဒူသိတ အနက်ဟော, ထုလသဒ္ဒါ "ရုံ့ရင်းအနက်ဟောကြ၍ ဒွေဘော်လာပြီးလျှင် ထကို ဋပြုသောနည်းလည်း ကျမ်းဂန်၌ ရှိ၏၊ 'ဒုဋ္ဌုလ္လံ-ကိုလေသာသည်လည်းဖျက်ဆီးအပ်,ရုံ့ရင်းလည်းရုံ့ရင်းသော'ဟုပေး။]

www.dhammaransi.com



**အာလု တဗ္ဗဟုလေ။** ။အဿ - ထိုသူ၏၊ ဗဟုလံ - များသော၊ တံ-ထို အရာသည်၊ (အတ္ထိ)၊ ဣစ္စေတသ္မိံ အတ္ထေ, ပဌမာဝိဘတျန္တတော အာလု ပစ္စယော ဟောတိ၊ အဘိဇ္ဈာလု - အဘိဇ္ဈာ သဘောရှိသူ၊ ဝါ-များသော အဘိဇ္ဈာရှိသူ၊ အဘိဇ္ဈာလူ, အဘိဇ္ဈာလဝေါ-တို့၊ ဧဝံ, သီတာလု-များသော အေး ရှိသူ၊ ဓဇာလု-များသော အလံရှိသော ရထား၊ ဒယာလု-များသော သနားခြင်း ရှိသူ။

သဗ္ဗတော ကောတိ ဧတ္ထ ပုန သဗ္ဗတော ဂဟဏေန ကကာရာဂမော၊ [၃၇၆-သုတ်၌ အနက် ဆိုခဲ့ပြီ၊] အဘိဇ္ဈာလုကော-များသော အဘိဇ္ဈာ ရှိသော ယောကျာ်း၊ အဘိဇ္ဈာလုကာ — များသော ၊ပေ၊ မိန်းမ၊ အဘိဇ္ဈာ လုကံ-- (အမျိုး)၊ ဧဝံ, သီတာလုကော-သူ၊ ဒယာလုကော-သူ၊ တထာ- ထိုမှတပါး၊ ဟိနော၀ - ယုတ်သူသည်ပင်၊ [တချို့ စာ၌ "ဝ" မပါ၊]

---

(၃၈၃) တဗ္ဗဟုလေ —တဒေ၀-ထိုအဘိဇ္ဈာ စသည်သည်ပင်၊ဗဟုလံ-များသည် တည်း၊ တဗ္ဗဟုလံ-ထို များသော အဘိဇ္ဈာစသည်၊ ဤ"တဗ္ဗဟုလေ"အရ အဘိဇ္ဈာ စသည်ကို ရသော်လည်း"ထို အဘိဇ္ဈာရှိသူ"ဟူသော အနက်တိုင်အောင် ဌာန္ယူပစာရ (ဌာနီ အဘိဇ္ဈာစသည်၏ အမည်ကို ဌာနလူစသည်၌ တင်စားသော) အားဖြင့်ယူ၊ မှန်၏-အာလုပစ္စည်းသည်"များသောအဘိဇ္ဈာ"ဟူသောအနက်၌ မသက်,"အဘိဇ္ဈာ ရှိသူ"ဟူသော အဿတ္ထိအနက်၌သာ သက်သည်၊ ထို့ကြောင့် ဝုတ္တိ၌လည်း"တဒဿ ဗဟုလံ"ဟု အဿထည့်၍ ဖွင့်သည်၊ ထိုအနက်၌ "အဘိဇ္ဈာ"ကဲ့သို့ဖြစ်သော ပဌမန္တပုဒ် နောင် အာလုပစ္စည်းသက်။

**အဘိဇ္ဈာ အဿ ပကတိ၊ပေ၊အဘိဇ္ဈာလု**—ပင်ကိုသဘောရင်းအတိုင်း အဘိဇ္ဈာ ရှိနေသူသည် အဘိဇ္ဈာအားကြီးသူ အဘိဇ္ဈာများသူပင်ဖြစ်၏၊ ထို့ကြောင့် "အဘိဇ္ဈာ အဿ ပကတိ,အဘိဇ္ဈာ အဿ ဗဟုလာ"ဟု ဝိဂ္ဂြိုဟ် ၂ မျိုးပြသည်၊အဘိဇ္ဈာ-ဟူသည် "သူတပါး စည်းစိမ်ကို ငါ့ဥစ္စာ ဖြစ်လျှင် ကောင်းလေစွ"ဟု မတရား လိုချင်တတ်သော ဝိသမလောဘ (ရိုးရိုးတန်းတန်း လိုချင်မှု မဟုတ်ဘဲ, မတရားလောဘ) တည်း၊ ရုပ်ကို ဝိဂ္ဂြိုဟ် အတိုင်းသော်လည်း တည်၍တွက်၊ သို့မဟုတ် "အဘိဇ္ဈာ"ဟုချည်း တည်၍ ဤသုတ်ဖြင့် "အဘိဇ္ဈာ အဿ ပကတိ"ဟူသော အနက်၌ အာလု ပစ္စည်းသက်—ဟု သော်လည်း ဆို၍ တွက်၊"အဘိဇ္ဈာလူ,လဝေါ"တို့ကား"ဘိက္ခူ-ဘိက္ခဝေါ"တို့ကဲ့သို့ ဗဟုဝုစ် ရုပ်များတည်း၊ သီတာလု စသည်လည်း နည်းတူ၊ အအေး သည်းမခံနိုင်သူသည် သီတာလု မည်၏၊ အလွန် သနားတတ်သူသည် ဒယာလု မည်၏။

**သဗ္ဗတော ကောတိ ဧတ္ထ**—က အက္ခရာလာလျှင် အဘိဇ္ဈာလုကော စသည်ဖြစ်၏။ [သီဟိုဠ်မူ၌"အဘိဇ္ဈာဝေ,အဘိဇ္ဈာလုကော"ဟုရှိ၏၊"ဟီနော၀ဟီနကော"ဟုလည်း ရှိသည်၊] ထိုသို့ ရှိသော်လည်း "က ပစ္စယော"ဟု မဆိုဘဲ "သဗ္ဗတော ကော"သုတ်၌

www.dhammaransi.com



ဟီနကော - မည့်၏၊ ဧဝံ, ပေါတကော - ငယ်ယွယ်သူ၊ ကုမာရကော - သတို့သား၊ မာဏဝကော-လုလင်၊ မုဒုကော-နူညံ့သူ၊ ဥဇုကော-ဖြောင့်မတ်သူ၊ အပ္ပမတ္တကံ-နည်းသော အတိုင်းအရှည်ရှိသော သီလ၊ ဩရမတ္တကံ-အောက်ကျသော အတိုင်းအရှည်ရှိသော သီလ၊ သီလမတ္တကံ - သီလသာ ဖြစ်သောသီလ၊ ဣစ္စာဒိ။

ယဒနုပ ပန္နာ နိပါတနာ သိဇ္ဈန္တီတိ ဣမိနာ - ဤသုတ်ဖြင့်၊ ပင္ဂိဘာဂ ကုစ္ဆိတ သညာ ႋနုကမ္ပါဒျတ္ထေသု - ပင်္ဂိဘာဂ, ကုစ္ဆိတ, သညာ, အနုကမ္ပါ အစရှိသော အနက်တို့၌၊ ကပစ္စယော - ကပစ္စည်း သက်၊ ပင်္ဂိဘာဂတ္ထေ-အတူဟူသော အနက်၌ (ဥဒါဟရဏံ)၊ ဟတ္ထိနော ဣဝ - ဆင်တို့ကဲ့သို့တည်း၊ ဟတ္ထိကာ - ဆင်ရုပ်တို့၊ ဧဝံ, အဿကာ - မြင်းရုပ်တို့၊ .... ကုစ္ဆိတတ္ထေ - စက်ဆုပ်အပ် ဟူသော အနက်၌ ( ဥဒါဟရဏံ )၊ ကုစ္ဆိတော-စက်ဆုပ်အပ်သော၊ သမဏော - ရဟန်းတည်း၊ သမဏကော - ဟန်း၊ ဧဝံ, ဗြာဟ္မဏကော - စက်ဆုပ်အပ်သော ပုဏ္ဏား၊ [မုဒ္ဓကော - စက်ဆုပ်အပ်သော လူအ ( သိမှု၌ မပါ )၊] မုဏ္ဍကော - စက်ဆုပ်အပ်သော ဦးပြည်း (ကတုံး)၊ ပဏ္ဍိတကော-စက်ဆုပ်အပ်သော ပညာရှိ၊ ဝေယျာကရဏကော-

---

သဗ္ဗတောသဒ္ဒါပိုဖြင့် က လာ-ဟုဆိုသောကြောင့် သကတ္ထတဒ္ဓိတ် မဆိုလို၊အဘိဇ္ဈာလု-ဟီန တို့နောင် က လာရုံ သက်သက်သာ-ဟု မှတ်၊ပေါတ စသည်နောင်လည်း နည်းတူ (က) လာ၊ အပ္ပမတ္တ-စသည်၌ မတ္တ သဒ္ဒါသည် "အပ္ပေ ဝဓာရဏေ မတ္တံ"ဟူသော အဘိဓာန်လာ ၂ နက်တွင် အဝဓာရဏ အနက်ဟုကြံ၍"အပ္ပမေဝါတိ အပ္ပမတ္တကံ"ဟု ဋီကာဖွင့်၏၊ အနည်းငယ်သာဖြစ်သော သီလ, ဩရမတ္တကံ-အောက်တန်းစားဖြစ်သော သီလ"ဟုပေးရလိမ့်မည်၊သို့သော်"အပ္ပမတ္တကံခေါ်ဘိက္ခဝေ ဩရမတ္တကံသီလမတ္တကံ" ဟူသော ဗြဟ္မဇာလသုတ်ပါဠိတော်၏အဋ္ဌကထာ၌"မတ္တာ ဝုစ္စတိ ပမာဏံ,အပ္ပံ မတ္တာ, ဩရံ မတ္တာ ဧတဿာတိ"ဟု ဖွင့်သောကြောင့် နိဿယ၌ ထိုအတိုင်း ပေးလိုက်သည်၊ သီလမတ္တကံ၌ကား မတ္တသဒ္ဒါ အဝဓာရဏ အနက်ပင်။ [ဤ အဝဓာရဏတ္ထကိုပင် "ဝိသေသနိဝတ္တိအတ္ထ = အထူးကို တားမြစ်သော သာမညအနက်" ဟုလည်း ဆိုကြသည်၊] အပ္ပမတ္တ-ဟု ဖြစ်သောအခါ (က) လာ၍ အပ္ပမတ္တကံ စသည်ဖြစ်၏-ဟု ရုပသိဒ္ဓိအလိုမှတ်၊ သို့သော် ထို က အက္ခရာကို သဗ္ဗတောကောသုတ်ဖြင့် မလာစေဘဲ သမာသ်ပုဒ်နောင်ဖြစ်၍ ကွစိသမာသန္တသုတ်ဖြင့် (က) ပစ္စည်း သက်ရလျှင် သာ၍ သင့်မည်ဲ့ ထင်သည်။

**ယဒနုပ၊ပေ၊ပုတ္တကော** —— "ဟတ္ထိနော"ဟု တည်၊ ဟတ္ထိနော ဣဝ-ဟူသော အနက်၌ ယဒနုပပန္နာ နိပါတနာစသောသုတ်ဖြင့် ကပစ္စည်းသက်,ဝိဘတ်ချေ၊ဟတ္ထိ-ဟု ဤကာရန္တ ပကတိပြု၊ ကွစာဒိ မဇ္ဈေတွာရာနံဖြင့် ရဿပြု(ဟတ္ထိက) နာမ်ငဲ့, ယောကို

www.dhammaransi.com



စက်ဆုပ်အပ်သော ဗျာကရုဏ်းတတ်သူ၊.... သညာယံ-နာမည်ဟူသော အနက်၌ (ဥဒါဟရဏံ)၊ ကတကော-ပြုအပ်သော ခွက်၊ ဘဋ္ဌကော-စာရင်းငှါး၊.... အနုကမ္ပါယံ-သနားခြင်း အနက်၌ (ဥဒါဟရဏံ-ကား၊) ပုတ္တကော-သနားစဘွယ် သားငယ်။

တထာ-တူ၊ ကိံ ယ တေ·တ တော-ကိံ, ယ, တ, တေတို့မှ နောက်၌၊ ပရိမာဏတ္ထေ — အတိုင်းအရှည် အနက်၌၊ တ္တက ဝန္တုပစ္စယာ-တ္တကပစ္စည်း, ဝန္တုပစ္စည်း တို့သည် (ဟောန္တိ)၊ အဿ - ထိုဝတ္ထု၏၊ ကိံ ပရိမာဏံ-

အာပြု, ဟတ္ထိကာ-ဆင်နှင့်တူသော အရုပ်တို့၊ဝါ-ဆင်ရုပ်တို့၊အဿကာလည်း နည်းတူ၊ [“ဇူမေ နော ဟတ္ထိကာ အဿာ, ဗလိဗဒ္ဒါစ နောဇူမေ = ဤဟာတို့ကား ငါတို့ရဲ့ ဆင်ရုပ် မြင်းရုပ် နွားလားရုပ်ကြီးတွေ”ဝေဿန္တရာဇာတ်၊] ကုစ္ဆိတနက်ကို ကျမ်းဂန်တို့၌ ဂရဟာ (ကဲ့ရဲ့ခြင်း) အနက်ဟု ဆို၏၊ [“မုဏ္ဍကာ သမဏကာတိစ ဂရဟာယံ ကသဒ္ဒေါ” အဘိဓာန်ဋီကာ၊] “သမဏော”တည် “ကုစ္ဆိတော သမဏော” ဟူသော အနက်၌ ကပစ္စည်းသက် စသည်။

သညာယံ။ ။“ကတကော—ပဒုမ္မာကြာချပ် သဏ္ဌာန် ရှိသော ဆူးကို ထစေ၍ ပြုအပ်သော ခြေပွတ်”ဟု နိဿယဟောင်း၌ ပေး၏၊ သို့သော် ထိုအနက်၏ အထောက် ဖြစ်သော....“ကတကံနာမ ပဒုမကဏ္ဏိကာကာရံ ပါဒဃံသနတ္ထံ ကဏ္ဍကေ ဥဋ္ဌာပေတွာ ကတံ”ဟူသော စူဠဝါ ခုဒ္ဒကဝတ္ထု ခန္ဓကအဋ္ဌကထာ၌ “ကတကံ နာမ”ဟု နပုံလိင်ဖြင့် ပြထားသောကြောင့် ဤ“ကတကော”ဟူသော ပုံလိင်ရုပ်၏ သာဓက မဖြစ်နိုင်၊ ““ခပေါင်းရေကြည်ပင်”ကိုဟောသော “ကတကော”လည်း ကသဒ္ဒါပုပဒ တက ဓာတ်ဖြင့် ပြီးသောကြောင့် ဤနေရာနှင့်မဆိုင်၊ [က—ရေကို+တက—ကြည်စေတတ်သော သစ်ပင်၊] သို့ဖြစ်၍ “ကတကော—ကတမလ္လကံ (ပြုလုပ်အပ်သော ခွက်)” ဟူသော ဋီကာနက်ကိုသာ ပေးသည်၊ မောဂ္ဂလ္လာန်၌ကား “မောရောဝိယ—ဥဒေါင်းနှင့် တူ၏၊ ဣတိ, မောရကော—(ဥဒေါင်းနှင့် တူသော) မောရကမည်သော ငှက်”ဟု သညာအနက်၏ ပုံစံပြသည်၊ သာ၍ ရှင်း၏။

အနုကမ္ပါယံ။ ။အနုကမ္ပိတော — သနားအပ်သော (သနားစဘွယ်သော)၊ ပုတ္တော—တည်း၊ ပုတ္တကော—သနားစဘွယ် သားငယ်၊ ဝါ—သားကလေး, လူကလေး၊ ပုတ္တော့နောင် အနုကမ္ပာအနက်၌ ကပစ္စည်းသက်၊ [မောဂ္ဂလ္လာန်စာကိုယ်နှင့် နိဿယ သစ်တို့၌ အခြားအနက်များကိုလည်း ပြသေး၏၊ အညာတတ္ထ—မသိအပ်သော မထင်ရှားသော အနက်၌လည်း ကပစ္စည်း သက်၏၊ “ကဿာယံ အဿကော=ဤမြင်းကား ဘယ်သူ၏ မြင်းလဲ”၊“ရဿ—အပုအတို”အနက်၌လည်း သက်၏၊မနုဿကော—လူပု ရုက္ခကော-သစ်ပင်ပုတို၊ကုစ္ဆိတအနက်၌ကား-“ကုစ္ဆိတံ ဝိနီလံ ဝိနီလကံ”ဟုထုတ်၏၊ ဝိနီလကံ—ဖြူနီ ရောလျက် ညိုမဲကွက်၍ စက်ဆုတ်ဘွယ် အလောင်းကောင်” ဟူသော အဖွင့်တို့နှင့်ညီပေသည်၊အပ္ပအနက်၌လည်း သက်၏၊အပ္ပကံ တေလံ တေလကံ-အနည်းငယ်သောဆီ၊ ဃတကံ—ထောပတ်နဲနဲ၊ ခုဒ္ဒကအနက်၌လည်း သက်၏၊ ရထကန္တိ ခုဒ္ဒက ရထံ (ရထားငယ်)၊ ဝက်ကံ—ထွန်ငယ်၊ ဓနုကံ—လေးငယ်၊ ဤသို့ စသည်တည်း။]

www.dhammaransi.com



ဘယ့်လောက် အတိုင်းအရှည်သည် ( အတ္ထိ - ရှိသနည်း၊ ) ဣတိ - ထိုသို့ မေးအပ်သည်၏ အဖြစ်ကြောင့်၊ ကိတ္တကံ-မည်၏၊ ဧဝံ ယတ္တကံ-အကြင်မျှ အတိုင်းအရှည် ရှိသည်၊ တတ္တကံ - ထိုမျှ အတိုင်းအရှည် ရှိသည်၊ ဧတ္တကံ - ဤမျှ အတိုင်းအရှည် ရှိသည်၊ ဝန္တုမှိ - ဝန္တု ပစ္စည်းကြောင့်၊ အာတ္တဉ္စ- အာ အဖြစ်သည်လည်း ( ဟောတိ )၊ အဿ - ထိုအရာ၏၊ ယံ ပရိမာဏံ- အကြင် အတိုင်းအရှည်သည် (အတ္ထိ)၊ ဣတိ, ယာဝါ-မည်၏။ ယာဝန္တော- အကြင်မျှ အတိုင်းအရှည် ရှိသော အရာတို့၊ ဂုဏဝန္တုသမံ - ဂုဏဝန္တု သဒ္ဒါနှင့် တူ၏၊ ဧဝံ, တာဝါ-ထိုမျှ အတိုင်းအရှည် ရှိသော အရာသည်၊ တာဝန္တော-တို့၊ ဧတာဝါ-ဤမျှပေ၊ပေ၊သည်၊ ဧတာဝန္တော-တို့၊ ဣစ္စာဒိ။

---

**တထာ, ကိံယတ၊ပေ၊ တ္တက ဝန္တုပစ္စယာ**—တတာဖြင့် ယဒနုပပန္နာ စသော သုတ်ကြီးကို ညွှန်ပြသည်၊ "ကိံ"တည့်,ထိုသုတ်ကြီးဖြင့် ပရိမာဏအနက်၌ တ္တကပစ္စည်း သက်, ကိံ ဟု ပကတိပြု, ဗျဥ္ဇနေစသုတ်ဖြင့် နိဂ္ဂဟိတ်ချေ၊ကိတ္တက—ဟု ဖြစ်၏၊ ဧတ္တကံ၌ "ဧတ+တ္တက"ဟု ဖြစ်သောအခါ ဤသုတ်ကြီးဖြင့်ပင် ဧတကို ဧပြု—ဟု ဋီကာဆို၏၊ [မောဂ္ဂလ္လာန်၌ ကိံနောင် အခြားပစ္စည်းများကိုလည်း ပြသေး၏၊ ရတိ ပစ္စည်းသက်၊ ရ်အနုဗန်နှင့်ထက္ခဏ္ဍကိုချေ,ကတိဟုဖြစ်၏၊ဤကတိပုဒ်သည့်နိစ္စဗဟုဝုစ်ဖြစ်၍ယောသက်, ချေ၊ ကတိ—အဘယ်မျှ အတိုင်းအရှည် ရှိကုန်သနည်း၊ "ကတိ+ဝဿာနိ ယဿာတိ ကတိဝဿော-ဘယ်မျှလောက် အတိုင်းအရှည်ရှိကုန်သောနှစ်တို့ရှိသူနည်း,ဘယ်နှစ်နှစ် ရှိသူနည်း"၌လည်း ကတိသည် ဗဟုဝစနန္တပင်၊ ရိဝပစ္စည်းသက်၍ "ကီဝ—အဘယ်မျှ အတိုင်းအရှည်ရှိသနည်း၊ကီဝနောင်ဝိဘတ်များကိုချေ၊ကီဝနိပါတ်လည်းဟူ၏၊ရိဝတက ပစ္စည်းသက်၍"ကီဝတကံ"ဟုငြင်း ရိဝန္တုပစ္စည်းသက်၍"ကီဝန္တော"ဟုငြင်း ဖြစ်၏။]

**ဝန္တုမှိ, အာ တ္တဉ္စ**—အာကို ဤသုတ်ဖြင့်ပင်ပြု-ဟု နိဿယဟောင်းဆို၏၊ ယံဟူသော ပဌမာ ဝိဘတျန္တနောင် ပရိမာဏအနက်၌ ဝန္တုသက်၊ ဝိဘတ်ချေ, ယ ဟု ပကတိ ပြုပြီးနောက် ဤသုတ်ကြီးဖြင့် ယ ၏ အ ကို အာပြု (ယာဝန္တု) နာမ်ငဲ့၍ ဂုဏဝါဒိဂိုဏ်း ရုပ်တွက်လေ၊ တာဝါ စသည်လည်း နည်းတူ၊ ဤအစီအရင်အတိုင်းဆိုလျှင် ကျမ်းဂန် တို့၌ "ဧတာဝတာ စ အမှေဟိ, သမ္ဘတံ ပုညသမ္ပဒံ"စသည်ဖြင့် ဧတာ၌ ဒွေဘော် မပါဘဲ ရှိရလိမ့်မည်၊ ဧတ္တာဝတာ—ဟု ရှိပြန်လျှင်လည်း ဒွေဘော် လာရုံသာ၊ "ယာဝတာ, တာဝတာ, ဧတ္တာဝတာ" တို့ကိုကား အပိုင်းအခြား အနက်ဟော (ပရိစ္ဆေဒတ္ထ) နိပါတ်ဟုလည်း အဘိဓာန်ဆိုသည်၊ သဗ္ဗနောင် ဝန္တု ပစ္စည်းသက်, အာ ပြု၍ "သဗ္ဗာဝန္တံ—အလုံးစုံ အစိတ်အပိုင်းရှိသော၊ လောကံ—သတ္တလောကကို" စသည်လည်း ရှိ၏၊ ဤသို့ ယာဝါစသည်၌ ဝန္တုပစ္စည်းသက်၍ အာပြုခြင်းသည် "သဗ္ဗာဝတောတိ—အကာရဿ အာကာရော ကတော"ဟု ဖွင့်သော သာမညဖလ သုတ် ဋီကာ စသည်နှင့် ညီညွတ်ပေပြီ။

သို့သော် မောဂ္ဂလ္လာန်၌ကား အာဝန္တုပစ္စည်းဖြင့် ရုပ်ပြီးလွယ်စေ၏၊ ထို၌ အခြား ပစ္စည်းများလည်း ပြသေး၏၊ အာဝကတပစ္စည်းဖြင့် "ယာဝတကော-အကြင်မျှ အတိုင်း

www.dhammaransi.com



(၃၀၄) သုဝဏ္ဏဿ - ရွှေ၏၊ ဝိကာရော - တမျိုး တဖုံ ပြုလုပ်သော ရထားတည်း၊ ဝါ, သုဝဏ္ဏေန-ဖြင့်၊ မကတော-ပြုအပ်သော ရထားတည်း၊ [ပကတိ-ရှိသည်ကား "သုဝဏ္ဏမယော ရထော"ဟု ပြလတ္တံ့နှင့် မလျော်၊] ဣတိ ဝိဂ္ဂဟေ (သတိ)....

**တပ္ပကတိဝစနေ မယော။** ။တပ္ပကတိ ဝစနတ္ထေ-တပ္ပကတိ သဒ္ဒါ၏ အနက်၌၊ မယပစ္စယော - မယပစ္စည်းသည်၊ ဟောတိ၊ တဿ-ထိုဝိကာရ၏၊ သာ-ထိုရွှေ အစရှိသော၊ ပကတိ—ပင်ကိုယ်သည်၊ ဝါ - အထည်ကိုယ်သည်၊ (အတ္ထိ)၊ ဣတိ, တပ္ပကတိ-မည်၏၊ ဝိကာရော-တမျိုးတဖုံ ပြုလုပ်သော အရာတည်း၊ တဿ-ထိုဝိကာရကို၊ ဝစနေ-ဆိုလိုရာ၌ (မယော ဟောတိ)၊ အထဝါ-ကား၊ ပကရီယတိ-ပြုလုပ်အပ်၏၊ ဣတိ, ပကတိ-မည်၏၊ တေန-

---

အရှည်ရှိသော ကိုယ်၊ တာဝတကော—ကိုယ်၊ "ယာဝတိကော ယာဝတိကာ"ဟု ရှိရာ၌ကား ယာဝ နိပါတ်နောင် ပရိမာဏ အနက်၌ ဏိက ပစ္စည်းသက်, တ အက္ခရာလာ ဟု ဆို၏။ ["ယာဝတီဟံ ဇာနံ ပဋိစ္စဒေတိ, တာဝတီဟံ၊ပေ၊ပရိဝတ္တံမှိ"၌ ယာဝတိ တာဝတိ ပုဒ်များကိုလည်း တွေ့ရ၏၊ "ယတ္တကာနိ အဟာနိ"ဟု ဖွင့်သောကြောင့် ယာဝတာ နိပါတ်နောင် ပရိမာဏ အနက်၌ (ဤ) ပစ္စည်း သက်သည်-ဟု ကြံသင့်၏၊ ယာဝတိ+အဟံ-အကြင်မျှ အတိုင်းအရှည်ရှိသော ရက်၊ယာဝတီလည်း သင်္ချာသဘော သက်သောကြောင့်"ယာဝတီဟံ"ကိုလည်း သမာဟာရဒိဂုသမာသ်ဟုကြံ၍ ယာဝတီ—အဟာနိ, ယာဝတီဟံ"ဟု ပြု။

(၃၀၄) ဤသုတ်၌ မြန်မာမှု သီဟိုဠ်မှု ကွဲပြားရုံသာမက ထိုမှု ၂ မျိုးလုံးပင် ဋီကာ ဖွင့်ပုံနှင့်လည်း မညီ၊ သို့သော် သီဟိုဠ်မှု ရှိပုံက စာနေ ပိုသောကြောင့် ထိုမှုအတိုင်းပင် နိဿယ ပေးထားသည်။ ["သုဝဏ္ဏဿ + ဝိကာရော, သုဝဏ္ဏေန ပကတောတိ ဝိဂ္ဂဟေ၊ပေ၊မယပစ္စယော ဟောတိ၊ သာ ပကတိ အဿာတိ တပ္ပကတိ—ဝိကာရော, တဿ ဝစနေ၊ အထဝါ—ပကရီယတီတိ"စသည်ဖြင့် သီဟိုဠ်မှု ရှိသည်။]

**သုဝဏ္ဏဿ ဝိကာရော, သုဝဏ္ဏေန ပကတော**—ၚင်းတို့ကား သုဝဏ္ဏမယော၏ ဝိဂ္ဂဟ ၂ မျိုးတည်း၊ ဝိကာရော၌ "ဝိ—တမျိုးတဖုံ+ကာရော—ပြုလုပ်သော ရထား" ရွှေသားအတိုင်း မဟုတ်ဘဲ ရွှေသားကို ရထားဖြစ်အောင် တမျိုးတဖုံပြုလုပ်အပ်သည်ကို "ဝိကာရ"ဟု ခေါ်၏၊ ဤ"သုဝဏ္ဏဿ+ဝိကာရော"အရ ရွှေအတိပြီးသော ရထားကို "သုဝဏ္ဏ မယော"ဟု ဆိုလိုသည်၊ "သုဝဏ္ဏေန ပကတော"အရ ရွှေဖြင့် ပြုလုပ်သော ရထားကို "သုဝဏ္ဏမယ"ဟု ဆိုလိုသည်၊ ထို ၂ နည်းလုံး၏ အချုပ်မှာ—ရွှေရထား ပင်တည်း။

**တပ္ပကတိ ဝစနတ္ထေ မယ ပစ္စယော**—"တပ္ပကတိ ဝစနတ္ထ=တပ္ပကတိ သဒ္ဒါ၏ အနက်"ဟူသည့် ဝိကာရ အနက်—ပကတ အနက်တည်း၊ မှန်၏—"သာ ပကတိ အဿာတိ တပ္ပကတိ—ဝိကာရော၊ပေ၊ တပ္ပကတိ ဝစနံ"ဟုဆိုသည့် သုတ်၌ ပါသော

www.dhammaransi.com



ထို ရွှေ စသည်ဖြင့်၊ ပကတိ–ပြုအပ်သော အရာသည်၊ တပ္ပကတိ–မည်၏၊ တပ္ပကတိယာ–ထိုဖြင့် ပြုလုပ်အပ်သောအရာကို၊ ဝစနံ (ကဲထနံ)–ဆိုခြင်းသည်၊ တပ္ပကတိဝစနံ–မည်၏။

သုဝဏ္ဏမယော-ရွှေ၏ ဝိကာရဖြစ်သော၊ ဝါ-ရွှေဖြင့် ပြုလုပ်အပ်သော၊ ရထော-ရထား၊ သောဝဏ္ဏမယော ဝါ-လည်း ရှိ၏၊ [တေသုဝုဒ္ဓိဖြင့် ဥကို ဩဝုဒ္ဓိပြု၊] သုဝဏ္ဏမယာ – သော၊ ဘာဇနဝိကတိ–အိုးခွက်အထူး၊ သုဝဏ္ဏမယံ – သော၊ ဘာဇနံ-အိုးခွက်၊ ဧဝံ, ရူပိယမယံ–ငွေ၏ ဝိကာရဖြစ်သော ခွက်၊ ဝါ– ငွေဖြင့် ပြုအပ်သောခွက်၊ [နောက်၌လည်း နည်းတူဆို၊] ရဇတမယံ–ငွေခွက်၊ ဇတုမယံ–ချိတ်ခွက်၊ ဒါရုမယံ – သစ်သားခွက်၊ မတ္တိကာမယံ–မြေခွက်၊ [ "မတ္တိကာ " ဟု အာကာရန္တ ဧတ္တိလိန် ပကာဘိအတိုင်းရှိစေ၊] ဧဠဒ္ဒိယာ-တန်ခိုးကြောင့်၊ နိဗ္ဗတ္တံ-ဖြစ်သော သပိတ်သက်န်းတည်း၊ ဧဠဒ္ဓိမယံ။

(၃၇၅) မနတော–စိတ်ကြောင့်၊ နိပ္ဖန္နာ–ဖြစ်ကုန်သော ကုသိုလ်စသော တရားတို့သည်၊ ["ကုသလာဒိဓမ္မာ" ဋီကာ။] မနောမယာ – တို့ မည်၏၊ အယသာ – သံဖြင့်၊ ပကဲတံ – ပြုအပ်သော ခွက်စသည်သည်၊ အယောမယံ–

---

တပ္ပကတိ ဝစနပုဒ်၏ဝိဂ္ဂဟာသံဝဏ္ဏနာတည်း၊ ထိုတွင် "သာ ပကတိ အဿ" ဟူသော ဝိဂ္ဂဟ်ဖြင့် "တပ္ပကတိ" အရ ထို ရွှေစသော အထည်ကိုယ် ပကတိရှိသော (ထို အထည်ကိုယ်မှ တမျိုးတဖုံ ဖြစ်လာသော) ရထားစသော ဝိကာရကိုရ၏၊ ထို့ကြောင့် တပ္ပကတိ ဝစနတ္ထဟူသည် ဝိကာရအနက်တည်း-ဟုမှတ်၊ အထ ဝါ "ပကရီယတီတိ ပကတိ, တေန ပကတိ တပ္ပကတိ" ဟူသော ဝိဂ္ဂဟ်ဖြင့် တပ္ပကတိအရ ထိုရွှေစသည်ဖြင့် ပြုလုပ်အပ်သော ရထားစသည်ပင်ရ၏၊ ဤနည်း၌ တပ္ပကတိ ဝစနတ္ထဟူသည် ပကတအနက် (ရွှေစသည်ဖြင့်ပြုလုပ်အပ်–ဟူသောအနက်) ပင်တည်း၊ [သုတ်နက်ပေးရာ၌ကား "ဝစနတ္ထေ" ဟု အတ္ထမပါသောကြောင့် "တပ္ပကတိ ဝစနေ–ထို ပကတိရှိသော ဝိကာရကို ဆိုလိုရာ၌၊ ဝါ–ထိုဖြင့် ပြုလုပ်အပ်၏ ဟူသော အနက်ကို ဆိုလိုရာ၌ ဟု ရှုပသိဒ္ဓိအလိုပေး။]

သုဝဏ္ဏမယော–"သုဝဏ္ဏဿ+ဝိကာရော" ဟူသောဝါကျဝယ်သုဝဏ္ဏဿနောင် ဝိကာရအနက်၌ဖြစ်စေ, "သုဝဏ္ဏေန ပကတံ" ဝါကျဝယ် သုဝဏ္ဏေန နောင် ပကတအနက်၌ဖြစ်စေ မယ ပစ္စည်းသက်, ဝိဘတ် စသည်ချေ, သုဝဏ္ဏဟု ပကတိပြု, စသည်၊ ရူပိယမယံ စသည်၌လည်း နည်းတူ၊ "ပြုအပ်" ဟူသည် "ဖြစ်စေအပ်" ပင်တည်း၊ "ဖြစ်စေအပ်" ဟူသည်လည်း တစုံတခုဖြစ်အောင်လုပ်ခြင်းပင်တည်း၊ ထို့ကြောင့်ပကတအနက်၌ နိပ္ဖန္န နိဗ္ဗတ္တတို့လည်း ပါဝင်ရကား "ဧဠဒ္ဒိယာ နိဗ္ဗတ္တံ" စသော ဝိဂ္ဂဟ်ဝယ် နိဗ္ဗတ္တအနက်ကိုလည်း တပ္ပကတိ ဟုပင် ဆိုလိုသည်၊ မနသာ နိပ္ဖန္နာ စသည်လည်း နည်းတူ။

www.dhammaransi.com



မည်၏၊ စ – ဆက်၊ တွေ – ၌ ပြယုဂ်တို့၌၊ မနောဂဏာဒီနန္တိ – မနောဂဏာဒီနံ ပုဒ်သည်၊ ဝတ္တမာနေ-လိုက်လတ်သော်....၊

**ဧတေသ မေဝ လောပေ။** ။ဝိဘတ္တိလောပေ – ဝိဘတ် ချေခြင်း ကို၊ ကတေ – ပြုအပ်ပြီးသော်၊ ဧတေသံ မနောဂဏာဒီနံ – ၌ မနောဂိုဏ်း အတူ ရှိသော သဒ္ဒါတို့၏၊ အန္တော – အဆုံး သရသည်၊ ဩတ္တံ – ဩ အဖြစ်သို့၊ အာပဇ္ဇတေ၊ ဣတိ – ၌ သုတ်ဖြင့်၊ ဩကာရော – ဩပြု....ဂဝေန – နွားသည်၊ ပကတံ – ပြုအပ်သော ကျင်ကြီးတည်း၊ ဂေါမယံ – နွားသည် ပြုအပ်သော၊ ကရီသံ – ကျင်ကြီး၊ ဝါ, ဂေါဏာ – နွားမှ၊ နိဗ္ဗတ္တံ – ဖြစ်သော ကျင်ကြီးတည်း၊ ဂေါမယံ – ကြီး၊ မယောတိ ယောဂဝိဘာဂေန – ဖြင့်၊ သကတ္ထေပိ – သကတ် အနက်၌လည်း၊ မယပစ္စယော – မယ ပစ္စည်းသက်၊ ဒါနမေဝ – ဒါနသည်ပင်၊ ဒါနမယံ – မည်၏၊ သီလမယံ – သီလ၊ ဣစ္စာဒိ၊....သံသဋ္ဌာဒိအနေကတ္ထတဒ္ဓိတံ – သံသဋ္ဌ အစရှိသော အနေကတ္ထတဒ္ဓိတ်သည်၊ (နိဋ္ဌိတံ)။

---

(၃၇၅) **ဧတေသမေဝလောပေ**— "မနတော" နောင် နိပ္ဖန္န အနက်၌ မယသက်၊ ဝိဘတ်ချေ, မန ဟု ပကတိပြု၊ ၌သို့ ဝိဘတ်ချေပြီးသည်ကို "လောပေ= ဝိဘတ္တိလောပေ"ဟု ဆိုသည်၊ ထိုသို့ ဝိဘတ်ချေပြီးနောက် "မန–အယ"ဟူသော မနောဂိုဏ်း သဒ္ဒါတို့၏ အဆုံး(အ) သရကို ဩပြု၍ "မနော မယ—အယော မယ"ဟု ဖြစ်သည်။ ["ဧတေသံ+ဩ+လောပေ" ဟူသော သုတ်၌ ဩဝယ် ပဌမာသိဝိဘတ် ကျေသောကြောင့် "အန္တော ဩ ဟောတိ"ဟု ပဌမာအတိုင်း ဝုတ္တိဖွင့်သင့်သော်လည်း "သ ဏ္ဍန္တတော ဝစန ပဝတ္တိ–မိမိ ဆန္ဒအားဖြင့် သဒ္ဒါဖြစ်မြင်းရှိနိုင်၏"ဟူသော ဉာယ (နည်းရှိသော)ကြောင့် "ဩတ္တံ အာပဇ္ဇတေ"ဟု ဖွင့်သည်။]

ဂေါမယံ၌ "ဂဝေန"နောင် ပကတ အနက်၌ (တနည်း–ဂေါဏာနောင် နိဗ္ဗတ္တ အနက်၌) မယ ပစ္စည်းသက်၊ ဝိဘတ်ချေ, ဂေါ–ဟု ပကတိပြု၊ ဂေါဏာ၌လည်း ဂေါ တည်၍ သုဟိနာသုစ၌ စ ဖြင့် သွာကြောင့် ဂေါဏာပြု, ပကတိပြုသောအခါ "ဂေါ"ဟု ပကတိဖြစ်၏၊ ဂေါမယံ-နွားချေး၊ ဒါနမယံ၌ ဒါနံ+ဧဝတည်၊ "မယော"( ) သာ ဒွိခါကရဏာ ယောဂဝိဘာဂဖြင့် သကတ္တ၌ မယ ပစ္စည်းသက်။ [ပုဗ္ဗစေတနာကို "ဒါန" အရ ယူ၍ ထိုဒါနစေတနာကြောင့် ဖြစ်သော မုဉ္စစေတနာကို "ဒါနမယ"ဟု ယူလျှင် "ဒါနတော နိဗ္ဗတ္တံ ဒါနမယံ"ဟု မယ ပစ္စည်းအနက်ရှိသေး၏။] သီလမယံ ဘာဝနာ မယံတို့လည်း နည်းတူ။

**သံသဋ္ဌာဒိ အနေကတ္ထတဒ္ဓိတ်**— "ယေနဝါ သံသဋ္ဌံ"သုတ်မှစ၍ သံသဋ္ဌအနက် စသည်၌ သက်ရသော "ဣက"စသော ပစ္စည်းများသည် (အပစ္စအနက်၌ သက်သော ဏ စသော ပစ္စည်း, ဘောအနက်၌ သက်သော ဏျစသော ပစ္စည်းများကဲ့သို့ တနက် ထည်းသာမက) သံသဋ္ဌ တရတိ စရတိစသော များသောအနက် ရှိသောကြောင့် အနေကတ္ထ တဒ္ဓိတ်မည်၏။

www.dhammaransi.com



## ဘာဝတဒ္ဓိတ်

(၃၀၆) အလသဿ - ပျင်းရိသူ၏၊ ဘာဝေါ - ဖြစ်ခဲ့ရာ အကြောင်းတည်း၊ ဏ္ယတိ ဝိဂ္ဂဟော (သတိ)။

ဏျတ္တ တာ ဘာ ဝေ တု။ ။တဿ - ထို အရာ၏၊ ဘာဝေါ - ဖြစ် ခဲ့ ရာ အကြောင်းတည်း၊ ဏ္ယစ္စေတသ္မိံ အတ္ထေ - ၌၊ ဆဋ္ဌိယန္တတော - ၌၊ ဏျတ္တ တာ ဏ္ယတိ-ဏျ, တ္တ, တာဟူကုန်သော၊ တေပစ္စယာ ဝါဟောန္တိ၊ တုသဒ္ဒဂ္ဂ ဟဏေန - ဖြင့်၊ တ္တန ဏေယျာဒိ ပစ္စယာ -တ္တန ပစ္စည်း, ဏေယျ အစ ရှိသော ပစ္စည်းတို့သည် ( ဟောန္တိ )၊ တေသ္မာ - ဤ သဒ္ဒပဝတ္တိ နိမိတ်မှ၊ ဗုဒ္ဓိသဒ္ဒါ - အသိဉာဏ်သဒ္ဒါတို့သည်၊ ဘဝန္တိ -ဖြစ်လာကုန်၏၊ ဏ္ယတိ - ထိုသို့ အသိဉာဏ်သဒ္ဒါတို့၏ ဖြစ်ခဲ့ရာ၏ အဖြစ်ကြောင့်၊ ( သော - ထို သဒ္ဒပဝတ္တိ နိမိတ်သည်၊) ဘာဝေါ-ဘာဝ မည်၏၊ သဒ္ဒပဝတ္တိနိမိတ္တံ - သဒ္ဒါဖြစ်ခြင်း၏ အကြောင်း ကို၊ ဝုစ္စတိ - ဆို အပ်၏၊ ယဿ ဂုဏဿ ၊ ပေ၊ ဏျတ္တ တာ ဒယော တိ - ယဿ ဂုဏဿ ၊ပေ၊ တာ ဒယော ဟူ၍၊ ဝုတ္တာဥ-ပါဏိနီ၌လည်း

---

(၃၀၆) ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသ္မာ—[သဒ္ဒါကျမ်း၌ စိတ်ကို သိခြင်းကိုလည်း ဗုဒ္ဓိဟု ခေါ်၏၊] အသိဉာဏ် သဒ္ဒါတို့၏ ဖြစ်ခဲ့ရာအကြောင်းသည် "ဘာဝ" မည်၏၊ ထို ဘာဝကို သဒ္ဒပဝတ္တိနိမိတ် ဟုလည်း ခေါ်သည်၊ ထို့ကြောင့် "သဒ္ဒပဝတ္တိ နိမိတ္တံ ဝုစ္စတိ"သည် ဘာဝ၏ အဘိဓေယျကို ပြသောစကားတည်း၊ [သဒ္ဒဿ—၏၊ ပဝတ္တိ—တည်း၊ သဒ္ဒပဝတ္တိယာ—သဒ္ဒါ ဖြစ်ပေါ်လာခြင်း၏၊ နိမိတ္တံ—အကြောင်းတည်း၊ သဒ္ဒပဝတ္တိနိမိတ္တံ—ကြောင်း။]

ရှုဦးအံ့——လူတယောက်သည် ပျင်းရိ၏, ထိုထို အလုပ်ကို မလုပ်ချင်၊ ထိုသူ၏ ပျင်းမှုပျင်းရာကို မြင်ရသူတို့မှာ "ဤသူဟာ ပျင်းရိသူဘဲ" ဟု အသိဉာဏ် (ဗုဒ္ဓိ) ဖြစ်ပေါ် လာ၏၊ ထိုသို့ သိသူတိုင်းကပင် ထိုသူ့အပေါ်၌ "အလသ-ပျင်းသူ" ဟူသော သဒ္ဒါ ကိုလည်း သုံးစွဲပြောဆိုပေလိမ့်မည်၊ ဤစကားစဉ်အရ ပျင်းမှု ပျင်းရာ ဖြစ်နေသော အမူအရာကြီးယာသည် ပဌမအဆင့်၊ ထို ပျင်းမှုပျင်းရာ ကြီးယာမှ တဆင့်တက်၍ပျင်းတဲ့ အကောင်ဘဲဟု သိသော ဗုဒ္ဓိနှင့် အလသ သဒ္ဒါတို့၏ ဖြစ်ပေါ်လာခြင်းကား ဒုတိယ အဆင့်ဟု မှတ်၊ ဤသို့လျှင် ပျင်းမှု ပျင်းရာ ကြီးယာသည် အသိဉာဏ် သဒ္ဒါတို့၏ ဖြစ်ခဲ့ရာ "ဘာဝ" လည်း ဟုတ်၏၊ အလသသဒ္ဒါ ဖြစ်ပေါ်လာခြင်း၏ အကြောင်း ဖြစ်သော သဒ္ဒပဝတ္တိနိမိတ်လည်းဟုတ်၏၊ ထို့ကြောင့် ဘာဝနှင့် သဒ္ဒပဝတ္တိ နိမိတ္တကို သဘောတူ ဟုမှတ်၊ ဤ "ဘဝန္တိ တေသ္မာ ဘာဝေါ" ဟူသော အပါဒါန သာဓနအရ "ဘာဝေါ— ဖြစ်ခဲ့ရာ" ဟုအနက်ပေးရသည်၊ ထိုဖြစ်ခဲ့ရာအကြောင်းသည် ဗုဒ္ဓိနှင့် သဒ္ဒါ၏ဖြစ်ကြောင်း လည်း ဖြစ်သောကြောင့် "ဘဝန္တိ ဧတေနာတိ ဘာဝေါ" ဟု ကရဏသာဓန ဝိဂ္ဂြဟ်ပြု၍ "ဘာဝေါ—ဖြစ်ကြောင်း" ဟုလည်း ပေးနိုင်သည်။

www.dhammaransi.com



ဆိုအပ်ပြီ၊ [ ဟိ – မှန်၏၊ ယဿ ဂုဏဿ-အကြင် ဝိသေသန ဖြစ်သော ဂုဏ်၏၊ ဘာဝေါ – ရှိခြင်းကြောင့်၊ ဒဗ္ဗေ-ဒြပ်၌၊ သဒ္ဒသန္နိဝေသော – သဒ္ဒါ၏ သက်ဝင် တည်နေခြင်းသည် (ဟောတိ)၊ တဒဘိဓာနေ – ထို ဝိ သေ သ န ဂုဏ်ကို ဆိုလိုရာ၌၊ ဏျတ္တ တာဒယော – ဏျ, တ္တ, တာ အစရှိသော ပစ္စည်း တို့သည် (ဟောန္တိ)။]

---

ဂုဏ္ဍကို, ယဿဂုဏဿ ၊ ပေ ၊ ဟောဒယောတိ—ဤပါဌ်ကိုနိသာဝကလည်း ဆိုခဲ့ပြီး အမိပ္ပါယ် အတိုင်း ပင်တည်း၊ ထင်ရှားစေအံ့ – ယဿ ဂုဏဿ၌ ဂုဏ်ဟူသည် "အဗ္ဗနော ဒဗ္ဗံ ဂုဏောတိ ပကာသေတိ"ဟူသော ဝိဂြိုဟ်အရ မိမိတည်ရာ ဒြပ်ကို ထင်ရှားပြတတ်သော ဝိသေသနတည်း၊ ဂုဏ်နှင့် ဝိသေသနကို သဘောတူဟု ဆိုလို သည်၊ မှန်၏-ထိုပြခဲ့သော လူ၌ အပျင်းဂုဏ်ထူးရှိ၏၊ ထို အပျင်းဂုဏ်က အခြားလူတို့မှ ထူးခြားအောင် ထိုသူ့ကို "ပျင်းတဲ့+လူ"ဟု ဝိသေသနပြုလျက် ရှိ၏၊ ထို့ကြောင့် ဝိသေသနကိုပင် ဂုဏ်ဟု (ဤသဒ္ဒါအရာ၌) မှတ်၊ ထိုဂုဏ်ဝိသေသန၏ ရှိခြင်းကြောင့် (ထိုဂုဏ်ရှိသော,) ဒြပ်၌ "အလသော"စသော သဒ္ဒါသည် သက်ဝင် တည်နေ၏၊ [ထို ဝိသေသန ဂုဏ်ကြောင့် ထိုထို ဒြပ်၌ ခေါ်ဝေါ် ပြောဆိုဘွယ်ရာ သဒ္ဒါ ဖြစ်ပေါ် လာသည်ကိုပင် "ဒြပ်၌ သဒ္ဒါ သက်ဝင်နေသည်"ဟု ဆိုလိုသည်၊] ထိုအရင်းခံ ဂုဏ်ဝိသေသနကို (ဝဒန္တ ပုဂ္ဂိုလ်က) ဆိုလိုရာ၌ ဏျတ္တတာ စသော ဘာဝပစ္စည်းများ သက်ကြရသည်။

"ယဂ္ဂုဏဿ သဗ္ဘာဝေန, ဒဗ္ဗေ သဒ္ဒေါ ပဝတ္တတိ၊
သတိ တမ္ဘစနေ ဘာဝ—ပစ္စယော သမုဒီရိတော"

ဟူသော ရှေးဆရာတို့ ဂါထာလည်း ဤပါဌ်နိ သာဝကနှင့် တထပ်တည်းပင်တည်း၊ [ယဂ္ဂုဏဿ =အကြင် ဝိသေသနဂုဏ်၏၊ သဗ္ဘာဝေန—ဒြပ်၌ ထင်ရှား ရှိခြင်းကြောင့်၊ ဒဗ္ဗေ—ဒြပ်၌၊သဒ္ဒေါ-သဒ္ဒါသည်၊ ပဝတ္တတိ-ဖြစ်ပေါ်လာ၏၊တမ္ဘစနေ-သဒ္ဒါဖြစ်ကြောင်း ထို ဝိသေသနဂုဏ်ကိုဆိုလိုခြင်းသည်၊သတိ-ရှိသော်၊ ဘာဝပစ္စယော—ဏျ, တ္တ, တာ စသော ဘာဝပစ္စည်းကို၊ သမုဒီရိတော—ဆိုအပ်၏။]

**သကတ်အပြား။** ။သဿ ဧသော သကော,သကောဝေ အတ္တော သကတ္တော၊ ဧသော—ဤအနက်ကား၊ သဿ—မိမိဟူသော သဒ္ဒါ၏ ဥစ္စာတည်း၊ သကော—မိမိ ဟူသော သဒ္ဒါ၏ ဥစ္စာ၊ သကောဝ—မိမိဟူသော သဒ္ဒါ၏ ဥစ္စာသည်ပင်၊ အတ္တော— အနက်တည်း၊ သကတ္တော—မိမိဟူသောသဒ္ဒါ၏ ဥစ္စာဖြစ်သော အနက်၊ ဤဝိဂြိုဟ် အရ သဒ္ဒါဟူသမျှ၌ မူလအရင်းခံဖြစ်သောအနက်သည် သကတ္တမည်၏၊ထိုသကတ်ကား "သုတိ—ဇာတိ—ဂုဏ—ဒဗ္ဗ—သမ္ဗန္ဓ—ကြိယာ—ကြိယာကာရကသမ္ဗန္ဓ"အားဖြင့် ၇ ပါး ရှိ၏၊ [သဒိသဘော စသည်ကိုထည့်၍ ရှစ်ပါး—ဟုလည်း ဆို၏။]

[ဘောဓိနက္ခ] သုတိ ဇာတိ ဂုဏော ဒဗ္ဗံ, သမ္ဗန္ဓော စ ကြိယာ တထာ၊
ကြိယာ ကာရက သမ္ဗန္ဓော, ဧဗ္ဗာဝံ သတ္တဝိဓော ထဝါ၊
နေယျော အဋ္ဌဝိဓော သာဒိ-သျာဒိနာ စ သကတ္တကော။

www.dhammaransi.com



ဏျတ္တ တ္တနတ္တာနံ - ဏျပစ္စည်း, တ္တပစ္စည်း, တ္တန ပစ္စည်း အဆုံးရှိသော ပုဒ်တို့၏၊ နိစ္စံ - အမြဲ၊ နပုံသကလိင်္ဂတ္တံ - နပုံလိင်ရှိကုန်သည်၏ အဖြစ်သည်၊ ( ဟောတိ )၊ တာပစ္စယန္တဿ - တာပစ္စည်း အဆုံးရှိသော ပုဒ်၏၊ သဘာဝတော - သဘောအားဖြင့်၊ (အာ ဤ ဣနီ ပစ္စည်း မပါဘဲသာလျှင်၊) နိစ္စံ,ဣတ္ထိလိင်္ဂတာ - ဣတ္ထိလိင်ရှိသည်၏အဖြစ်သည်၊ ( ဟောတိ )၊ အယံ ဏျပစ္စယော

---

ထိုသကတ် အားလုံးကို''ဝိသေသန, ဂုဏ်, ဘာဝ, သဒ္ဒပဝတ္တိနိမိတ်''ဟု ခေါ်ရ၏၊ ဘာဝ ပစ္စည်းများလည်း ထိုသုတိ ဇာတိ စသော သကတ်များကိုပင် ဟောသည်။ [ထိုသုတိစသည်တို့၏ အကျယ်ကို ဘေဒစိန္တာမှာ ရှု။] ''ဇာတ်-ဂုဏ်-ကြိယာ,ဒြပ်-နာမ်,ငါးတန် ဘာဝပြား''နှင့်အညီ,ဘာဝပစ္စည်း၏ဟောနက်ကို ၅ မျိုးရှိ၏ဟု ပြောရိုးရှိရာ၌ကား သုတိ-သမ္ဗန္ဓ-ကြိယာကာရက သမ္ဗန်တို့ကို အသုံးနည်းပါး၍ ချန်ထားသည်ဟု မှတ်၊ သကတ် ၇ ပါးတွင် ဇာတိ—ဒဗ္ဗတို့၌ နာမဘာဝပါဝင်သောကြောင့် သကတ် ၇ ပါးကို ပြရာ၌ နာမကို သီးခြားမပြဘဲ ထားသည်။]

ဒြပ်အမျိုးမျိုး။ ။''ယဿ ဂုဏဿ၊ ပေ၊ ဒဗ္ဗေ သဒ္ဒသန္နိဝေသော''၌ ဒဗ္ဗအရ ဒြပ် ဟူသည်လည်း အများ သိနေသော လူ—အိမ်—ရွာ စသော ထင်ရှားတွေ့မြင်ရသော အရာဝတ္ထုများသာ မက, ထိုသကတ်တို့၏ မှီရာ ဝိသေသျ ဟူသမျှကို ဒြပ်ဟု (သဒ္ဒါကျမ်း၌) ဆိုသည်၊ တွေ့-ဤဝိသေသျ၌၊ဝိသေသာ—အထူးပြုတတ်သော သကတ်တို့သည်၊ ဒဝန္တိ—ဖြစ်ရကုန်၏၊ ဣတိ—ထို့ကြောင့်၊ဒဗ္ဗံ—ဒြပ် မည်၏၊ ထိုဒြပ်လည်း ဇာတိ-ဂုဏ-ကြိယာ-ဒဗ္ဗဟု ၄ မျိုး, တနည်း—''နာမ''ထည့်၍ ၅ မျိုးလောက် ပြောရိုးရှိ၏၊ သို့သော် ထိုသကတ် ၇ ပါးတွင် သုတိကို ချန်ထား၍ ကျန်အနက်များမှာ ဒြပ်လည်း ဖြစ်နိုင်ပြန်သည်။

[ဘေဒစိန္တာ] ဒဝန္တျတ္ထ ဝိသေသာတိ, ဒဗ္ဗံ တံ တု စတုဗ္ဗိဓံ၊
ဇာတိ ဂုဏ ကြိယာ ဒဗ္ဗ—ဘေဒေနေ၀ ပတိဋ္ဌိတေ။

ဒြပ်ပေါ် ဘောဆင့်, သကတ်ရ။ ။ဤ ဒြပ် အမျိုးမျိုးကို ဟောသော သဒ္ဒါ၌ ဘောဟောပစ္စည်းဆင့်လျှင် သကတ်ဟုခေါ်သော (သဒ္ဒပဝတ္တိနိမိတ်လည်းမည်သော) ဝိသေသနဂုဏ်ကို ရ၏၊ ထို့ကြောင့် ''ဒြပ်ပေါ်မှာ, ဘောဆင့်လာ, ဂုဏ်သာ ထိုပုဒ် အရတည်း''ဟု ရှေးဆရာတို့ မိန့်ကြသည်၊ ဤနိယာမ်၌ ''ဒြပ်ဟူသည် ဇာတ်—ဂုဏ် စသော ဒြပ် ၅ မျိုးတည်း၊ ဂုဏ်ဟူသည် ပြခဲ့သောသကတ်များတည်း''ဟု မှတ်၊ ပုံစံကို နောက်၌ ''မနုဿတ္တံ မနုဿတာ—ဇာတိ''စသည်ဖြင့် တွေ့ရလတ့်။

ဏျ တ္တ တ္တနတ္တာနံ၊ပေ၊နိစ္စ မိတ္ထိလိင်္ဂတာ—ဏျပစ္စယန္တ၌''အာလသျံ''စသည့်, တ္တ ပစ္စယန္တ၌ ''ပံသုကူလိကတ္တံ''စသည်, တ္တန ပစ္စယန္တ၌ ''ပုထုဇ္ဇနတ္တနံ''စသည်ဖြင့် အမြဲ နပုံလိင်ရှိရ၏၊ စိတ္တာဒိဂိုဏ်းဝင်ချည်းတည်း၊ တာ ပစ္စယန္တ၌''ပံသုကူလိကတာ'' စသည်ဖြင့် အမြဲ ဣတ္ထိလိင်ရှိ၍ ကညာဒိဂိုဏ်းဝင်ချည်းတည်း၊ ထိုသို့ ဣတ္ထိလိင်ဖြစ်ရာ၌ ''အာ''စသော ဣတ္ထိဇောတကပစ္စည်းများ သက်၍ဣတ္ထိလိင်ကို ထွန်းပြနေဘွယ်မလို, ပင်ကိုယ် သဘောအတိုင်းပင် ဣတ္ထိလိင်ရှိသည်—ဟု သိစေလို၍ ''သဘာဝတော''ဟု မိန့်သည်။

www.dhammaransi.com



ဤ ဏျပစ္စည်းသည်၊ ဂုဏ ဝစနေ - ဂုဏ် ဝိသေသနကို ဆိုလိုလတ်သော်၊ ဗြာဟ္မဏာဒိဟိ – ဗြာဟ္မဏ အစရှိသော သဒ္ဒါတို့မှ နောက်၌၊ (ဘဝတိ- ဖြစ်၏၊) တတ္ထ - ထို ဏျပစ္စည်းသက်ရာ၌ [ "ထို အလသပုဒ်၌" ဟု နိဿယ ဟောင်း ပေး၏၊ ] အဝဏ္ဏော ယေ လောပဥ္စာတိ - သုတ်ဖြင့်၊ အဝဏ္ဏ လောပေါ - အဝဏ်ကျေခြင်းသည်ရင်း၊ အာဒိ ဝုဒ္ဓိ – အစ သရ၏ ဝုဒ္ဓိအပြု သည်ရင်း (ဟောတိ)၊ အာလသျံ–အလသ သဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်း၊ ဝါ-ပျင်းသူ၏အဖြစ်၊ ဧဝံ အာရောဂျံ-အရောဂသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း၊ ဝါ - အနာမရှိသူ၏ အဖြစ်၊ ဥဒဂ္ဂဿ -ဥဒဂ္ဂသဒ္ဒါ၏၊ ဝါ- တက်ကြွသူ၏၊ ဘာဝေါ-သည်၊ ဩဒဂျံ-မည်၏၊ သခိနော-သခသဒ္ဒါ၏၊ ဝါ-မိတ်ဆွေ၏၊ ဘာဝေါ - သည်၊ သချံ - မည်၏၊ အဏဏဿ - အဏဏ သဒ္ဒါ၏၊ ဝါ၊ ကြွေးမြီမရှိသူ၏၊ ဘာဝေါ - သည်၊ အာဏဏျံ - မည်၏၊ ဝိမဝါယ–ဝိမဝါ

---

ဏျပစ္စယောယံ၊ပေ၊ဗြာဟ္မဏာဒိဟိ—ဤဝါကျ၌ "ဂုဏဝစနေ"သည် အထူး အဆန်းမဟုတ်,ရှေး"ယဿဂုဏဿ"ဟုပြခဲ့သော ဝိသေသနဂုဏ်တည်း၊ထိုဝိသေသန ဂုဏ်ကိုဆိုလိုရာ၌ ဤဏျပစ္စည်းသည် ဗြာဟ္မဏစသော သဒ္ဒါများနောင် သက်၏၊ ဆိုလို ရင်းကား-"ဝိသေသနဂုဏ်ကိုဆိုလိုရာ၌ဏျပစ္စည်းသက်လျှင် ဗြာဟ္မဏစသောသဒ္ဒါများ နောင်သာ သက်သည်၊ ပံသုကူလိကစသော သဒ္ဒါများနောင် မသက်"ဟူလို။

တတ္ထအဝဏ္ဏော၊ပေ၊အာလသျံ—ထိုသို့ ဏျပစ္စည်းသက်ရာ၌ အဝဏ္ဏော ယေ လောပဉ္စသုတ်ဖြင့် ရှေ့အဝဏ်ကိုချေ၊ဝုဒ္ဓါဒိ သရဿဝါ ဖြင့် ဝုဒ္ဓိပြု၍အာလသျံ,အာရောဂျံ စသောရုပ်များဖြစ်သည်၊ "အလသဿ"ဟူသော ဆဋ္ဌီယန္တပုဒ်နောင် ဘာဝအနက်၌ ဤသုတ်ဖြင့် ဏျပစ္စည်းသက်, ဏ် အနုဗန်, ဝိဘတ်ချေ, ["အလသဿ+ဘာဝေါ"ဟု တည်လျှင် ဘာဝပုဒ်ပါချေ၊] အလသ–ဟု ပကတိပြု, (အာလသျ) နာမ်ငဲ့, သိ အံပြု၊ "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသ္မာတိ ဘာဝေါ"နှင့်ညီအောင်"အလသဿ-အလသသဒ္ဒါ၏၊ ဘာဝေါ-ဖြစ်ခဲ့ရာအကြောင်းတည်း၊အာလသျံ-အလသ သဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း" ဟု ကျနစွာအနက်ပေး။

မှတ်ချက်။ ။ဤအနက်ပေးပုံ၌ "အလသ"သဒ္ဒါသည် ပျင်းသူကိုသာ ဟောရင်း ဖြစ်သောကြောင့်"ပျင်းသူ"ဟူသောအနက်ကိုအကြောင်းပြု၍ သဒ္ဒါကိုလည်း ကာရဏူ ပစာရအားဖြင့် ဟောနိုင်ရကား "အလသဿ—အလသသဒ္ဒါ၏"ဟု ပေးသည်၊ ဆရာ တို့ကား"အလသဿ-ပျင်းသူဟုသိသောဉာဏ်၏၊ ဘာဝေါ-တည်း"ဟုလည်း ပေးကြ သေး၏၊ ဤကျမ်း၌ကား"သဒ္ဒပဝတ္တိနိမိတ္တ"ပုဒ်ကို ထောက်၍"ဘာဝေါ"အရ သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းသာ လိုရင်းဖြစ်သည်ဟု နှလုံးပြုကာ "အလသ သဒ္ဒါ၏"ဟုသာ ပေးသည်၊ [အလသဿ-ပျင်းရိသူ၏၊ ဘာဝေါ-အဖြစ်တည်း"ဟူသော ပေးရိုး အနက်မှာ အလွယ်တကူ ပေးခြင်းသာဟု မှတ်။ ]

www.dhammaransi.com



သဒ္ဒါ၏၊ ဝါ - မှုဆိုးမ၏၊ ဘာဝေါ - သည်၊ ဝေဓဗျံ - မည်၏၊ ဒုဗ္ဗလဿ- ဒုဗ္ဗလသဒ္ဒါ၏၊ ဝါ - အားမရှိသူ၏၊ ဘာဝေါ, ဒုဗ္ဗလျံ၊ ဗာလဿ - ဗာလ သဒ္ဒါ၏၊ ဝါ - လူမိုက်၏၊ ဘာဝေါ, ဗာလျံ၊ စပလဿ-စပလသဒ္ဒါ၏၊ ဝါ- လျှပ်ပေါ်လော်လီသူ၏၊ ဘာဝေါ, စာပလျံ၊ [နောက်၌ "သဒ္ဒါ၏၊ ဝါ-၏" ဟု အနက်ပေးလေ၊ ရိုးရာ အနက်သာ ပြတော့အံ့။]

တထာ-ထိုမှတပါး၊ ဝိယတ္တဿ (ဗျတ္တဿ)-ထင်ရှားသူ၏၊ ဝါ - ပညာ ရှိ၏၊ ဘာဝေါ - အဖြစ်သည်၊ ဝေယတ္တိယံ - မည်၏၊ မစ္ဆရဿ - ဝန်တိုသူ၏၊ ၊ပေ၊ ဝံ, ဣဿရိယံ - အစိုးရသူ၏ အဖြစ်၊ အာလသိယံ - ပျင်းရိသူ၏ အဖြစ်၊ မုဏ္ဍိယံ - ဦးပြည်း၏ အဖြစ်၊ [မူဠိယံ - ဖျင်းအသူ၏ အဖြစ်"သိ၌ မပါ။] ဧတ္ထ (ဝေယတ္တိယံတိ အာဒိသု)-ဤဝေယတ္တိယံ အစရှိသည်တို့၌၊ ဧတေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ ယမှိ-ယ ပစ္စည်းကြောင့်၊ ဣကာရာဂမော-ဣလာ။

ပဏ္ဍိတဿ-ပညာရှိ၏၊ ဘာဝေါ - တည်း၊ ပဏ္ဍိတျံ - အဖြစ်၊ ဣတိ အာဒိသု - တို့၌၊ ယဝတ ၊ပေ၊ ပက်ာရတ္တန္တိ - သုတ်ဖြင့်၊ တျကာရသံယောဂ

---

ဓံ အာရောဂျံ၊ပေ၊စာပလျံ—အနာကင်းခြင်းသည် ဂုဏ်တမျိုးတည်း၊ ထို ဂုဏ်ကြောင့် "အရောဂ" သဒ္ဒါ ဖြစ်ပေါ်လာရကား "အရောဂဿ + ဘာဝေါ, အာရောဂျံ"အရ အနာကင်းခြင်းဂုဏ်ကို ရ၏၊ နောက်ပုဒ်များ၌လည်း ဘာဝအရကို ထိုက်သလိုရှာပါ၊ ဩဒရိျ၌ "ဥဒရ+ယ"ဟု ဖြစ်၍ ဝုဒ္ဓိပြုပြီးနောက် ဂ၏ သရကို ချေ, ယသို့ ကပ်ပြီးသောအခါ အဂျာဂါရိကဲ့သို့ ဂတလုံးကိုချေ၊ သချိ၌ကား ဝုဒ္ဓိမရောက်ရ၊ နဏ္ဍိ ဉာဏံ ယဿာတိ ("န+ဉာဏ"မှ နကို အန်ပြု၍ "အနိဏ"တေသုဝုဒ္ဓိဖြင့် နကို ဏ—ဉကို အ ပြု၍) "အဏာဏ"ဟု ဖြစ်၏၊ ဝေဓဗျံ၌ "ဝိဓဝါ+ယ"ဟု ဖြစ်သောအခါ အဝဏ္ဏော ယေ သုတ်ဖြင့် ရှေ့အာကိုချေ၊ ဒေါဓဿစ၌ စဖြင့် ဝကို ဗပြု။

တထာ၊ပေ၊ဣကာရာဂမော—ဝိယတ္တဿနောင် ဏျသက်, ဏ်အနုဗန် စသည် ချေ, ဝုဒ္ဓိပြု "ဝေယတ္တ+ယ"ဟုဖြစ်၊ (နဂိုရ်က ဏျဖြစ်သော်လည်း (ယ) သာ ကျန် သောကြောင့် ယပစ္စည်းဟု ခေါ်)၊ တေသုဝုဒ္ဓိဖြင့် ယ ပစ္စည်းကြောင့် ရှေ့၌ ဣလာ "ဝေယတ္တိယ"ဟု ဖြစ်၏၊ "ဣဿရဿ—အလသဿ—မုဏ္ဍဿ—မူဠှဿ+ဘာဝေါ, ဣဿရိယံ"စသည်၌လည်းနည်းတူ၊ [သိမှု၌"ဗျတ္တဿ ဘာဝေါ ဝေယတ္တိယံ"ဟု ရှိ၏၊ ဝိပုဗ္ဗ အဉ္ဇဓာတ် တပစ္စည်းဖြင့် "ဝိ+အတ္တ"ဟု ဖြစ်သောအခါ(ယ်)လာလျှင် ဝိယတ္တ, ယ မလာဘဲ ဣကို ယပြုလျှင် ဗျတ္တ—ဟု ဖြစ်သောကြောင့် ပါဠိအနက် သဘောတူပင်၊ သို့သော် ဗျတ္တနောင် ဏျပစ္စည်းသက်ရာ၌ကား မာယူန မာဂမောဌာနေသုတ်ဖြင့် ဝနှင့် ယ အကြား၌ ဧဝုဒ္ဓိလာ, ဝ နှင့် ဗ မှာ အတူပင်တည်း၊ သက္ကတ၌ ဗျတ္တကိုပင် ဝနှင့် ယ တွဲ၍ ရေးရသည်။]

www.dhammaransi.com



ဂါဒီနံ-တျ သံယုဂ်အစရှိသည်တို့၏၊ [တ နှင့် ယ တွဲနေသည်ကို "တျ" သံယုဂ်ဟု ခေါ်သည်၊] စလဥ ဇကာရာဒေသာ-စလဥ ဇ အပြုတို့သည် (ဟောန္တိ)၊ ဒ္ဒိတ္တံ-ဒွေဘော်လာ၊ ပဏ္ဍိစ္စံ-ပဏ္ဍိစ္စံဟု ဖြစ်၏၊ ဗဟုဿုတဿ-များသော သုတရှိသူ၏၊ပေ၊ဗာဟုဿစ္စံ-မည်၏၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ ဥကာရဿ-ဥ၏၊ အ ကာရော-(အ) ပြု၊ ဇဝံ, ပေါရောဟိစ္စံ-ပုရောဟိတ်၏ အဖြစ်၊ အဓိပတိဿ-အကြီးအကဲ၏၊ ပေ၊ မုဋ္ဌဿတိဿ-ပျောက်သော သတိရှိသူ၏၊ ဝါ-မေ့လျော့သူ၏၊ပေ၊မုဋ္ဌဿစ္စံ၊ ဣဝဏ္ဏလောပေါ-ဣဝဏ်ကို ချေ၊ ကုသလဿ-ကျွမ်းကျင်သူ၏၊ ဘာဝေါ, ကောသလ္လံ၊ ဇဝံ, ဝေပုလ္လံ-ပြန့်ပြောသည်၏ အဖြစ်၊ သမာနာနံ-တူသော အရာတို့၏၊ ဘာဝေါ, သာမညံ၊ ဂိလာနဿ-မကျန်းမာသူ၏၊ ပေ၊ ဂေလညံ၊ ကွစာဒိ မဇ္ဈေတ္တရာဒိသုတ္တေန-ဖြင့်။ သံယောဂေ-သံယုဂ်ကြောင့်၊ ရဿတ္တံ-ရဿ အဖြစ်သည် (ဟောတိ)၊ သုဟဒဿ-ကောင်းသော စိတ်နှလုံးရှိသူ၏၊ ဘာဝေါ, သောဟဇ္ဇံ၊ ဇဝံ, ဝေသာရဇ္ဇံ-ရဲရင့်သူ၏ အဖြစ်၊ ကုသီဒဿ-ပျင်းရိသူ၏၊ ဘာဝေါ, ကောသဇ္ဇံ၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ ဤကာရဿ၊ ဤအက္ခရာ၏၊ အကာရော-(အ)ပြု၊ တထာ-ပါး၊ ပုရိသဿ-ယောကျ်ား၏၊ ဘာဝေါ, ပေါရိသံ၊ ဣတိအာဒိသု-တို့၌၊ ယ ဝ တံ တ လ နာ ဒိ သုတ္တေ-၌-

---

ပဏ္ဍိတဿ၊ပေ၊ဣဝဏ္ဏလောပေါ—၌ပြယုဂ်တို့၌ စာကိုယ်အတိုင်း ရုပ်ပြီးနိုင်ပြီ၊ သုတံ, သတိတို့ဝယ် ဒွေဘော်လိုကြောင်းကို သန္ဓိ ဒွေဘော်ခဏ်း ပြန်ကြည့်၊ "ဗဟု+ သုတံ ယဿာတိ ဗဟုဿုတော၊မုဋ္ဌ၌"မုသ-နဿနေ (ပျောက်ခြင်း)"ဟူသောဓာတ်, တပစ္စည်းတည်း၊ မုဋ္ဌာ (ပျောက်သော) သတိ ယဿာတိ မုဋ္ဌဿတိ၊ "လွတ်သော သတိရှိသူ"ဟု ပေးကြသည်ကား မုဋ္ဌ၌ မုစဓာတ်ဟု ထင်မှားသောကြောင့် တည်း၊ "မုဋ္ဌဿတိ+ယ"၌ အဝဏ္ဏော ယေ လောပဉ္စ၌ စသဒ္ဒါဖြင့် ဣချေ, တျကို စပြု, စ ဒွေဘော်လာ, မုဋ္ဌဿစ္စ—ပြီး၏။

ကုသလဿ၊ပေ၊ရဿတ္တံ—အက္ခရာစသည်၌ ကျွမ်းကျင်နားလည်မှုကို "အက္ခရ ကောသလ္လဉာဏ်"စသည်ခေါ်၏၊ထိုနားလည်မှုကို"လိမ္မာ"ဟု မဆိုထိုက်၊ ထို့ကြောင့် "ကုသလဿ—ကျွမ်းကျင်သူ၏"ဟု ပေးသည်၊ဝိပုလဿ—ပြန့်ပြော (များပြား) သော အရာ၏၊ဘာဝေါ, ဝေပုလ္လံ၊"သမာနာနံ"ဟု သီဟိုဠ်မူ၌ရှိ၏၊အရာဝတ္ထု ၂ ခုစသည်တို့ တခုနှင့်တခုတူမျှခြင်းကို "သာမည"ဟု ခေါ်၏၊ ထို့ကြောင့် "သမာနာနံ"ပါဌ်သာ အမှန်တည်း၊ "သမဏာနံ-ရဟန်းတို့၏"ဟုရှိသောပါဌ်ကား နောက်၌လာလတံ့ ဖြစ်၍ ဤနေရာနှင့် မလျော်သောပါဌ်ပျက်၊သာမည-ဂေလည"ဟု ဖြစ်သောအခါ ကွစာဒိ မဇ္ဈေတ္တရာနံဖြင့် အာကို ရဿပြု။

www.dhammaransi.com



ကာရဂ္ဂဟဏေန - ဖြင့်၊ ယဝတံ - ယ အက္ခရာရှိကုန်သော၊ သကာရ က စ ဋ ပဝဂ္ဂါနံ - သအက္ခရာ, က ဝဂ်, စ ဝဂ်, ဋ ဝဂ်, ပ ဝဂ်တို့၏၊ သကာရ က စ ဋ ပဝဂ္ဂါဒေသာ - သအက္ခရာ၊ ပေ၊ ပဝဂ် အပြုတို့သည် (ဟောန္တိ)၊ သုမနဿ - ကောင်းသော စိတ်၏၊ ဝါ - ကောင်းသောစိတ် ရှိသူ၏၊ ဘာဝေါ - သည်၊ သောမနဿံ = မည်၏၊ ဧဝံ, ဒေါမနဿံ - မကောင်းသောစိတ်၏အဖြစ်၊ ဝါ - မကောင်းသောစိတ်ရှိသူ၏အဖြစ်၊ သောဝစဿံ - လွယ်ကူသော စကားရှိသူ၏ အဖြစ်၊ ဒေါဝစဿံ - ခက်ခဲသောစကားရှိသူ၏အဖြစ်၊ တွေ - ဤသောမနဿံ

---

သုဟဒဿ၊ ပေ၊ ပဝဂ္ဂါဒေသာ — "သုဋ္ဌု+ဟဒယံ ယဿ" အရ ကောင်းသော စိတ်နှလုံးရှိသူကို "သုဟဒယော" ဟု ဆိုလိုလျက် သုဘ်ကြီးဖြင့် ဟဒယကို ဟဒ ပြု၍ "သုဟဒေါ" ဟုဖြစ်၏၊ ဒုကို ဇပြု စသည်စီရင်၍ "သောဟဇ္ဇံ" ဟုဖြစ်၏၊ ဝိသာရဒဿ - ရဲရင့်သူ၏၊ ဘာဝေါ, ဝေသာရဇ္ဇံ၊ 'ကုစ္ဆိတံ-စက်ဆုပ်ဘွယ်ရာ၊ သီဒတိ-ဆုတ်နစ်တတ်၏' အရ လုပ်ငန်းကိစ္စရှိလျှင် တွန့်ဆုတ် တွန့်ဆုတ် လုပ်တတ်သူ လူဖျင်းကို "ကုသီဒေါ" ဟု ခေါ်၏။ [ဒကို တပြုမှ "ကုသီတော" ဟု ဖြစ်၏၊ "ကုသီယတိ (အဗ္ဗောသီယတိ) - ဆဲရေးအပ်၏၊ ဣတိ ကုသီတော" ဟု ရှိရာ၌ ကုသဓာတ် တ ပစ္စည်းဖြင့်လည်း တနည်း ပြီးနိုင်၏၊ ဤနေရာ၌ကား "ကုသီဒ" ကိုသာပြလိုရင်းတည်း၊] ထို့ကြောင့် "ကုသီဒဿ" ဟု ရှိသော သီဟိုဠ်မူ ကောင်းသည်၊ သို့မှလည်း ဒုကို ဇပြု, သုတ်ကြီးဖြင့် (ဤ) ကို အ-ပြု၍ "ကောသဇ္ဇ" ဟု ဖြစ်နိုင်မည်၊ ယောကျ်ားပီပီ ရဲရင့်မှုကို "ပေါရိသ-ပုရိသ အစစ်၏ ဖြစ်ကြောင်း ဖြစ်ရာ" ဟု ဆိုသည်၊ "ပုရိသဿ ကမ္မံ, ပေါရိသံ-ယောကျ်ား ပီသသူ၏ အလုပ်" ဟု ကမ္မအနက်၌ ဏျ သက်၍လည်း ပြီးနိုင်၏၊ ယဝတံသုတ်၌ ကာရ သဒ္ဒါဖြင့် သျကို သပြု, ဒွေဘော်လာ။ ["သကာရ က စ ဋ ပ ဝဂ္ဂါနံ" ၌ မြန်မာမူဝယ် "ဋ" မပါ၊ ဝေယျာဝစ္စံ၌ ယပင့် ရှိသော ဋ ကို ဋ ပြုသောကြောင့် သီဟိုဠ်မူ အတိုင်း ပါခြင်းသာကောင်း၏၊ ဤကာရ သဒ္ဒါဖြင့် ပေါရိသံ၌သာ စီရင်မည် မဟုတ်, နောက် ပုံစံများ၌လည်း စီရင်လိမ့်မည်။]

သုမနဿ၊ ပေ၊ သကာရာဂမော — "သုန္ဒရံ+မနော" ဟု ဝိဂ္ဂဟ ပြုလျှင် ကောင်းသောစိတ်သည် "သုမန" မည်၏၊ "သုန္ဒရံမနောယဿ" ဟု ပြုလျှင် ကောင်းသောစိတ် ရှိသူသည် "သုမန" မည်၏၊ ဒုဋ္ဌု+မနော, ဒုမ္မနော၊ ဒုဋ္ဌု+မနော ယဿာတိ ဒုမ္မနော" ဟုပြု၊ သုခံဝစော ဧတသ္မိံတိ သုဝစော၊ ဧတသ္မိံ-ဤသူ၌၊ သုခံ- လွယ်ကူသော၊ ဝစော-ဆုံးမစကားသည် (အတ္ထိ)၊ ပြောဆိုဆုံးမ၍ လွယ်ကူသူသည် "သုဝစ" မည်၏၊ "ဒုက္ခံ ဝစော ဧတသ္မိံ" အရ ပြောဆိုဆုံးမ ခက်သူသည် ဒုဗ္ဗစ မည်၏၊ "ဒုမ္မနဿ-သုဝစဿ-ဒုဗ္ဗစဿ ဘာဝေါ" ဟု ဝိဂ္ဂြိုဟ်ပြု၊ သုမနဿနောင် ဘာဝအနက်၌ ဏျပစ္စည်းသက်, ဏ်အနုဗန်ချေ၊ "သုမန+ယ" ဟုဖြစ်၊ (မန-ဝစပုဒ် တို့က မနောဂိုဏ်းဖြစ်သော်လည်း သရ မနှောင်းသောကြောင့် သသရေဝါဂမောဖြင့် မလာဘဲ) ဧတသုဝုဒ္ဓိဖြင့် သ် လာ, ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့် သျကို သပြု, သ် ဒွေဘော်လာ, သောမနဿ စသည်ဖြစ်၏။

www.dhammaransi.com



စသော ပြယုဂ်တို့၌၊ သကာရာဂမော-သ အက္ခရာ လာ၊ တထာ-ထိုမှတပါး၊ နိပကဿ-ပညာရှိ၏၊ ဘာဝေါ, နေပက္ကံ၊ ဒွိတ္တံ-ဒွေဘော်လာ၊ ဧဝံ, အာဓိက္ကံ-အလွန်အကဲ၏ အဖြစ်၊ ဒုဗ္ဗဂဿ-ဘုန်းမရှိသူ၏၊ပေ၊ဝါဏိဇဿ-ကုန်သည်၏၊ ဘာဝေါ, ဝါဏိဇ္ဇံ၊ ["ကုစာဒိနာ-ကုစာဒိ မဇ္ဈေတ္တရာနံ စသော သုတ်ဖြင့်၊ ရဿတ္တံ-သည် (ဟောတိ)"ဟု သိမှုရှိ၏၊] ရာဇိနော-မင်း၏၊ ဘာဝေါ,ရဇ္ဇံ၊ သရူပဿ-တူသော သဘောရှိသော ဝတ္ထု၏၊ ဘာဝေါ, သာရုပ္ပံ၊ ဧဝံ, သြပမ္မံ-ဥပမာ၏ အဖြစ်၊ သောခုမ္မံ-သိမ်မွေ့သူ၏ အဖြစ်။

---

**တထာ နိပကဿ၊ပေ၊ဝါဏိ°**—နိပကော၌"နိပုဗ္ဗ, ပေ=ဝိသောသနေ"ဟူသော ဓာတ်နောင်ဏွုပစ္စည်းကြီးမှု"ပဋိက္ခံ-ဆန့်ကျင်ဘက် ဟူသမျှကို၊ နိပယတိ (ဇယတိကဲ့သို့ ဧကို အယပြု) ဝိသောသေတိ-ခြောက်သွေ့စေနိုင်၏၊ဣတိ နိပကော၊ ပညာရှိသူသည် ဆန့်ကျင်ဘက်လုပ်သူကို အခြောက်တိုက် ဖြစ်အောင် တတ်နိုင်ကြသည်—ဟူလို၊ နိပုဗ္ဗ ပါဓာတ်ကြီးမှု "ပဋိပက္ခတော အတ္တာနံ ပါတိ ရက္ခတီတိ နိပကော—ပညာရှိသူသည် မိမိကိုယ်ကို ဆန့်ကျင်ဘက်ရန်သူမှ စောင့်ရှောက်နိုင်သည်—ဟူလို၊ (ဝိသုဒ္ဓိမဂ်ဋီကာ)၊ ထိုပညာရှိ၏ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာကို"နေပက္ကံ"ဟုခေါ်သည်၊"နိပက+ယ" ဟုဖြစ်သည့်အခါ ဧဝုဒ္ဓိပြု, အဝဏ္ဏော ယေ လောပဉ္စဖြင့် က၏ အ ကိုချေ, ယဝတံ၌ ကာရ သဒ္ဒါဖြင့် ကျကို ကပြု, ဒွေဘော်လာ၊ "အဓိကဿ ဘာဝေါ အာဓိက္ကံ"လည်း နည်းတူ၊ ဒုဗ္ဘဂ၌ ဒု သဒ္ဒါသည် အဘာဝ အနက်ဟော၊ နတ္ထိ ဘဂေါ ယဿာတိ ဒုဗ္ဘဂေါ—ဘုန်းကံမရှိသူ၊ ဒု၌ ဝုဒ္ဓိ, ဂျကို ဂပြု, ဒွေဘော်လာ၊ "ဝါဏိဇ္ဇံ—ကုန်သည်၏ ဖြစ်ကြောင်း"ဟူသည် ကူးသန်းရောင်းဝယ်ခြင်း အမှုအရာ ကြိယာတည်း၊ ထို့ကြောင့် "ဝါဏိဇာနံ ကမ္မံ ဝါဏိဇ္ဇံ"ဟု ကမ္မအနက်၌လည်း ဏျပစ္စည်းသက်နိုင်သည်။

**မှတ်ချက်။** ။"ပုန်ဗ္ဗဝ"နောင် ဏိက သက်၍ "ပေါနော"ဟု ဖြစ်သောအခါ သြဒီဃ၏ နောက်၌ ဒွေဘော် မရောက်ရသဖြင့် (ဗ) အလိုလို ပျောက်၍ "ပေါနော ဘဝိကာ"ဟု ပါဠိမှန် ဖြစ်ကြောင်းကို ဆရာတို့ ဆုံးဖြတ်ကြသည်ဟု ပြခဲ့ပြီ၊ သို့ဖြစ်လျှင် "ဒေါမနဿံ" စသည်၌ ဒုနောင် ဒွေဘော်ရောက်မြဲအတိုင်း "ဒုမ္မနော, ဒုဗ္ဗစော, ဒုဗ္ဘဂေါ"ဟု ဖြစ်ပြီးသော ပုဒ်နောင် ဏျပစ္စည်းသက်၍ "ဒေါ"ဟု ဝုဒ္ဓိဖြစ်သောအခါ ကျမှ ဒွေဘော်ပျောက်၍ "ဒေါမနဿံ, ဒေါဝစဿံ, ဒေါဘဂ္ဂံ"ဖြစ်သည်ဟု ကြံရလျှင် သာ၍ကောင်းမည် ထင်သည်။

**ရာဇိနော ဘာဝေါရဇ္ဇံ၊ပေ၊သောခုမ္မံ**—ဇင်းပါဠိ၏ရှေ့၌ သီဟိုဠ်မူဝယ် "ကုစာဒိနာ ရဿတ္တံ"ဟုတွေ့ရ၏၊ ဆိုလိုရင်းကား—"ရာဇ+ယ"မှ ယပင့်ရှိသော ဇကို ဇပြု၍ ဒွေဘော်လာပြီးသော အခါ "ရာဇ္ဇ"ဟု ဖြစ်၍ ကုစာဒိမဇ္ဈေတ္တရာနံဖြင့် ရာ၌ ရဿပြုမှ "ရဇ္ဇ"ပြီးသည်—ဟူလို၊"သမာနံ ရူပံ (သဘောသည်) ယဿ"အရ တူသောသဘော ရှိသော (သဘောတူသော) အရာဟူသမျှသည် သရူပမည်၏၊ ထိုသရူပ၏ဖြစ်ကြောင်း

တဏယော - မှန်ကန်သည်၏၊ ဘာဝေါ၊ တစ္ဆံ၊ ဒုမ္မေဓသော - ပညာမရှိသူ၏၊ ပေ၊ သမဏာယော - ရဟန်း၏၊ ပေ၊ ဝေံ၊ ပြာဟွညံ့ - ပြာဟ္မဏ၏အဖြစ်၊ နိပုဏာယော - သိမ်မွေ့သူ၏၊ ဘာဝေါ၊ နေပုညံ၊ တစ္ဆံ တျာဒီသုပိ-တစ္ဆံ အစရှိသည်တို့၌လည်း၊ ကာရဂ္ဂဟဏေနေဝ - ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့်ပင်၊ ယဝတံ-ယ အက္ခရာ ရှိကုန်သော၊ ထ ဓ ဏ ကာရာနံ - ထ, ဓ, ဏ အက္ခရာတို့၏၊ ဆ ဈ ဉ ကာရာဒေသာ - တို့သည်၊ (ဟောန္တိ)။

တ္တ တာ ပစ္စယေသု - တ္တ, တာပစ္စည်းတို့၌ (ဥဒါဟရဏံ)၊ ပံသုကူလိကဿ - ပံသုကူ သင်္ကန်းကို ဆောင်လေ့ ရှိသော ရဟန်း၏၊ ဘာဝေါ, ပံသုကူလိကတ္တံ၊ ဝေံ, ပံသုကူလိကတာ - ပံသုကူသင်္ကန်းကို ဆောင်လေ့ ရှိသော ရဟန်း၏ အဖြစ်၊ တထာ - ထိုမှတပါး၊ တေစီဝရိကတ္တံ, တေစီဝရိကတာ - တိစီဝရိက်ကို ဆောင်လေ့ရှိသော ရဟန်း၏ အဖြစ်၊ ဿဒရိကတ္တံ, ဿဒရိကတာ - အသက်မွေးဝမ်းကြောင်း၌ ယှဉ်သူ၏ အဖြစ် (ဝမ်းရေးအတွက် လုပ်သူ - ဝမ်းစာရှာသူ၏ အဖြစ်, ဟူလို၊) [ဤနေရာဝယ် သီမူ၌ "အမနုဿတ္တံ, တာ - ဘီလူးတို့၏ အဖြစ်"ဟု ရှိသေး၏၊] မနုဿတ္တံ,တာ-

---

ဖြစ်ရာ (တခုနှင့်တခု သင့်လျော် လျောက်ပတ်သော အရာ)သည် သာရုပ္ပံမည်၏၊ "ဥပမာယ ဘာဝေါ"အရ ဥပမာဝတ္ထု၏ဖြစ်ကြောင်းဖြစ်ရာဟူသည် ဥပမေယျဝတ္ထုနှင့် အလှဂုဏ် စသည်အားဖြင့် တူနေခြင်း သဘောတည်း၊ ထိုတူခြင်းသဘောကို ဩပမ္မံဟု ခေါ်သည်၊ ဤအလို "ဥပမာ"အရ ဥပမာနဝတ္ထုကိုယူ၊ [ဥပမာအရ တူခြင်း ညီမျှခြင်းကိုယူလျှင်ကား "ဥပမာယေဝ ဩပမ္မံ"ဟု ဏျပစ္စည်း သကတ္ထ ဖြစ်ရာ၏။] ဉ-ဝုဒ္ဓိပြု, ဗျကို မပြု, ဒွေဘော်လာ၊ "သုခမဿ ဘာဝေါ သုခမ္မံ"လည်း နည်းတူ၊ ဤမျှတိုင်အောင်သော စကားဖြင့် "ပေါရိသံ တျာဒီသု၊ ပေ၊ သကာရ ကစဋ္ဌ-ပဝဂ္ဂါဒေသာ"အရ ပုံစံများပြခဲ့ပြီ။

အထဿ၊ ပေ၊ ဆ ဈ ဉ ကာရာဒေသာ—"တစ္ဆံ စသည်တို့၌လည်း ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့်ပင် ယပင့်ရှိသော (ထ) စသည်ကို (ဆ) စသည်ပြု"ဟု သိစေလို၍ တစ္ဆံ တျာဒီသုပိ-ဟု (ပေါရိသံတျာဒီသုကို ပြန်၍ ပေါင်းသော သမ္ဗန္ဓာနုအနက် ဟောအပိနှင့်တကွ)မိန့်သည်၊ "တထ+ယ,ဒုမ္မေဓ+ယ,သမဏ+ယ"ဟု ဖြစ်သောအခါ ထိုကာရသဒ္ဒါဖြင့်ပင် ဆ—ဈ—ဉ ပြု, ဒွေဘော်လာ၊ ဤ၌ "သမဏာယ—ငြိမ်းစေအပ်ပြီးသောမကောင်းမှုရှိသူ၏၊ဘာဝေါ-ဖြစ်ကြောင်းတည်း"ဟု ဆိုလျှင် အနိယာမဂ်သည် သာမညမည်၏၊ "သမဏ အမည်ရသူ၏+ဖြစ်ကြောင်း"ဟု ဆိုလျှင် ရဟန်းပြုခြင်း ကြိယာသည် (တနည်း,ရဟန်းဇာတ်သည်) သာမည မည်၏၊ [နေပုညံ့ကဲ့သို့ "ပိသုနဿ-ချောပစ် ဂုံးတိုက်တတ်သူ၏၊ ဘာဝေါ ပေသုညံ"လည်း ရှိ၏၊ သို့သော် န ဖြစ်၍ ယဝတံသုတ်ရင်းဖြင့် ဉကို ဉ ပြုရမည်၊ ပိသုနဿနောင် ဏိယ—ဏေယျပစ္စည်း သက်၍ "ပေသုနိယံ, ပေသုနေယျံ—ချောပစ် ဂုံးတိုက်မှု"လည်း ရှိ၏။]

www.dhammaransi.com



လူ၏အဖြစ်၊ ဇာတိ-ဇာတ်တည်း၊ နီလတ္တံ, တာ-အဝတ်ညို၏အဖြစ်၊ ဂုဏော-ဂုဏ်တည်း၊ ယာစကတ္တံ, တာ-တောင်းတတ်သူ၏အဖြစ်၊ ကြိယာ-ကြိယာတည်း၊ ဒဏ္ဍိတ္တံ, တာ-ဒုတ်ရှိသူ၏အဖြစ်၊ ဒဗ္ဗံ-ဒြဗ်တည်း၊ သစ္စဝါဒိတာ-အမှန်ကို ဆိုလေ့ရှိသူ၏အဖြစ်၊ ပါရမိတာ-ပါရမီ၏အဖြစ်၊ [အနက်ဖြစ်ရုံပေးသည်၊] ကတညုတာ-

---

၅၁ တာပစ္စယေ သု၊ ပေ၊ ဩဒရိကတာ—"ပံသုကူလိက"စသည်တို့ကို မာယူနမာဂမော ဣာနေသုတ်၌ ပြခဲ့ပြီ၊ "ပံသုကူလိကဿ"စသည်နောင် ဏ-တာပစ္စည်းသက်၍ ပံသုကူလိကတ္တံ စသည်ဖြစ်၏။ "မနုဿတ္တံ, တာ—ဇာတိ"၌ "ဇာတိ"ကား အဘိဓေယျတည်း၊ နောက်၌ ဂုဏော—ကြိယာ—ဒဗ္ဗံတို့ကိုလည်း အဘိဓေယျဟုမှတ်၊ "မနုဿတ္တံ-လူ၏ အဖြစ်"ဟု အနက်ပေးခြင်းမှာအလွယ်ပေးခြင်းသာ၊ "လူ၏ ဖြစ်ကြောင်းဖြစ်ရာ"ဟုပေးခြင်းလည်း မကျနသေး၊မှန်၏-"လူ၏ဖြစ်ကြောင်း"ဟု ဆိုလျှင် လူဖြစ်ဘို့အကြောင်းဖြစ်သော ရှေးကုသိုလ်ကံသာရ၍ လူ့ဇာတ်ကို မရနိုင်၊ထို့ကြောင့် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာ"ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ "မနုဿဿ—လူဟုသိသောဉာဏ်,မနုဿသဒ္ဒါ၏၊ ဘာဝေါ—ဖြစ်ခဲ့ရာ ဖြစ်ကြောင်း"ဟု ပေးမှ ဇာတ်ကိုရမည်။

ချဲ့ဦးအံ့—မျက်စိ နား နှာ အင်္ဂါခြေလက်ဖြစ်ပုံအားဖြင့် လူတယောက်နှင့် တယောက်တူသော အခြင်းအရာသည် ဇာတ်မည်၏၊ ထို အခြင်းအရာကို ကြည့်၍ ဤသတ္တဝါသည် မနုဿ (လူ) ဘဲဟု အသိဉာဏ်ဖြစ်ပေါ်လာ၏၊ စကားပြောသောအခါ "မနုဿော" ဟူသောပါဠိသဒ္ဒါလည်း ဖြစ်ပေါ်လာ၏၊ဤ၌ မနုဿဘဲဟူသော အသိဉာဏ်နှင့် မနုဿသဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်းရင်းမှာ အခြားလူများနှင့် အရာရာ တူသော အခြင်းအရာပင်တည်း၊ထို့ကြောင့် မနုဿတ္တံအရ တယောက်နှင့် တယောက် တူသော အခြင်းအရာဟူသော လူ့ဇာတ်ရသည်၊ "ဂေါတ္တံ—ဂေါဟု သိသောဉာဏ်, ဂေါသဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်း"ဟူရာ၌ နွားဇာတ်ရပုံ စသည်ကိုလည်း သိပါ။

နီလတ္တံ, တာ၊ ဂုဏော—"နီလော—ညိုသော အဝတ်"စသည်၌ ညိုသောအဝတ်တထည်ကို မြင်ရာဝယ် ထိုညိုသောအဆင်းကိုမြင်ရသူမှာ "ညိုသောအဝတ်"ဟု သိသောဉာဏ် ဖြစ်ပေါ်လာ၏၊ "နီလော အယံ—ဤအဝတ်ကား အညို"ဘဲ စသည်ဖြင့် နီလသဒ္ဒါလည်း စကားပြောသောအခါဖြစ်ပေါ်လာ၏၊ဤသို့"ညိုသော အဝတ်ဟု သိသောဉာဏ်, နီလသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း"ဟူသည် အညိုဂုဏ်ပင်တည်း၊ "သုက္ကတ္တံ—ဖြူသောနွား၏ အဖြစ်"စသည်ကိုလည်း နည်းတူ စိစစ်လေ။

ယာစကတ္တံ, တာ၊ ကြိယာ—လူတယောက်ကား သူတပါးအိမ်စသည်၌ လှည့်လည်တောင်းရမ်းနေ၏၊ ထိုသူ၏ လှည့်လည် တောင်းရမ်းနေခြင်း အမူအရာ ကြိယာသည် "သူတောင်းစား"ဘဲဟု သိသောဉာဏ်နှင့် "အယံ ယာစကော-ဤသူ သူတောင်းစား" ဟုယာစက သဒ္ဒါလည်းဖြစ်ပေါ်လာ၏၊ဤသို့"ယာစကတ္တံ-ယာစကဟု သိသောဉာဏ်, ယာစက သဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်း"ဟူသည် ထိုသူ၏ တောင်းရမ်းခြင်း အမူအရာ ကြိယာတည်း၊ "ဂန္တုတ္တံ—သွားတတ်သော နွား၏အဖြစ်၊ ပါစကတ္တံ—ချက်တတ်သော စဖိုသည်၏အဖြစ်"စသည်ကိုလည်း စိစစ်လေ။

www.dhammaransi.com



ပြုအပ်ဘူးသော ကျေးဇူးကို သိသူ၏အဖြစ်၊ ကုစာဒိနာ-ကုစာဒိမဇ္ဈတ္တရာနံ့ စသောသုတ်ဖြင့်၊ တာပစ္စယေ-တာပစ္စည်းကြောင့် (သိမ္မူ၌"ပိ"မပါ)၊ ရဿတ္တံ-သည်(ဟောတိ)၊ အပ္ပိစ္ဆတာ-အလိုမရှိသူ၏အဖြစ်၊ အသံသဂ္ဂတာ-ရောနှောခြင်း

---

ဒဏ္ဍိတ္တံ, တာ၊ ဒမ္ဘ—လူအများ လိုင်နေရာဝယ် လူတယောက်ကား ဒုတ်ကို ကိုင်ထား၏၊ အထက်လူကြီးက "ထိုလူစုလူဝေး၌ ဒုတ်ကိုင်သူကိုခေါ်ချေစမ်း"ဟုခိုင်းလိုက်သောအခါ လူငယ်တယောက် သွား၍ ရှာဖွေလေသော် ထိုသူ ကိုင်ထားသောဒုတ်ကို မြင်ရ၍ "ဤသူသည် ဒဏ္ဍီ (ဒုတ်ကိုင်သူ) တည်း"ဟု အသိဉာဏ် ဖြစ်ပေါ်ပြီးနောက် "အာဝုသော ဒဏ္ဍိ....တံ ပက္ကောသတိ=ငါ့ရှင် ဒဏ္ဍိ, မင့်ကိုခေါ်နေတယ်"ဟု ပြောဆိုရာ၌ ဒဏ္ဍီသဒ္ဒါ ဖြစ်ပေါ်လာ၏၊ ဤသို့ "ဒဏ္ဍိတ္တံ—ဒဏ္ဍီဘဲ ဟု သိသောဉာဏ်, ဒဏ္ဍီသဒ္ဒါ၏ ဖြစ်ခဲ့ရာအကြောင်း"ဟူသည် ဒုတ် ဒြဗ်ပင် ဖြစ်၏၊ "ဝိသာဏိတ္တံ—ဦးချိုရှိသော နွား၏အဖြစ်"စသည်ကိုလည်း စိစစ်ပါလေ။

နာမဘာဝ။ နာမည်ကိုရသော နာမဘာဝလည်း ရှိသေး၏၊ လူတယောက်ကို "စိတ္တ"ဟုမှည့်ထား၏၊ အများကလည်း စိတ္တဟု ခေါ်ကြ၏၊ ကာလကြာသော် "စိတ္တ-စိတ္တ"ဟု ထင်ရှား၍ အများသိဖြစ်လာ၏၊ ထိုသူကို မြင်ရကြားရသူတိုင်းဝယ် "ဤသူ စိတ္တ"ဘဲဟု သိသောဉာဏ် ဖြစ်ပေါ်လာ၏၊ စကား ပြောသောအခါ "အယံ စိတ္တော= ဤသူ စိတ္တတည်း"စသည်ဖြင့် စိတ္တသဒ္ဒါလည်း ဖြစ်ပေါ်လာ၏၊ ဤသို့ "စိတ္တတ္တံ-စိတ္တ ဟု သိသော ဉာဏ်, စိတ္တသဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်း"ဟူသည် ဇာတ်-ဂုဏ်-ကြိယာ-ဒြဗ်များ မဖြစ်နိုင်၊ စိတ္တ—ဟူသော နာမည်ပင်တည်း၊ ထိုနာမဘာဝကို ဇာတိ, ဒဗ္ဗ၌ ထိုက်သလို သွင်းနိုင်သောကြောင့် ရူပသိဒ္ဓိ၌ သီးခြား မပြတော့ချေ၊ ဤသို့လျှင် ဘာဝပစ္စည်း၏ ဟောနက်များသည် (ပြောရိုးဆိုစဉ် အားဖြင့်) "ဇာတ်-ဂုဏ်-ကြိယာ-ဒြဗ်—နာမ်"ဟု ၅ တန်ရှိ၏၊ အခြားသော သုတိ—သမ္ဗန်—သဒိသဘော စသည်များလည်း ရှိပေသေး၏, ဘေဒစိန္တာ—သဒ္ဒါစစ်တို့မှာ ရှုပါလေ။

**သစ္စဝါဒိတာ ပါရမိတာ**—"မှန်ကန်သော စကားကို ပြောလေ့ရှိသူ"ဟု သိသော ဉာဏ်,သစ္စဝါဒီ သဒ္ဒါ၏ ဖြစ်ခဲ့ရာ အကြောင်း"ဟူသည် မှန်ကန်သော စကားကို ပြောဆိုခြင်းကြိယာတည်း၊ "သစ္စဝါဒိနော ဘာဝေါ"ဟု ပြု၊ "ပရမဿ—မြတ်သော ဘုရားအလောင်း၏ ၊ဘာဝေါ, ပါရမိတာ"ဟု ဋီကာ၌ တွေ့ရ၏၊ သို့သော် "ပရမ"နောင် တာ ပစ္စည်း သက်ရုံမျှဖြင့် "ပါ"ဟု ဝုဒ္ဓိလည်းမဖြစ်နိုင်၊ မိလည်း မဖြစ်နိုင်သောကြောင် စာကိုယ်နှင့်တကွ ပါဠိပျက် နေဟန်တူသည်၊ ပါရမီပုဒ်ကို နောက်သုတ်၌ တွေ့ရလတ့ံ၊ ထို၌ ပါရမိတာပြီးပုံကို ပြမည်။

**ကတညုတာ**—"ကတညုနော ဘာဝေါ"အရ သူ့ကျေးဇူးကို သိတတ်သော ဉာဏ်သည် ကတညုတာ မည်၏၊ ဒဏ္ဍိတာမှစ၍ ကတညုတာတိုင်အောင် "ဒဏ္ဍီ—သစ္စဝါဒီ=ပါရမီ-ကတညူ"ဟုပကတိဖြစ်၏၊ကုစာဒိမဇ္ဈတ္တရာနံ့ဖြင့် တာ ပစ္စည်းကြောင့် ရဿပြု၍ "ဒဏ္ဍိတာ"စသည်ဖြစ်၏။

www.dhammaransi.com



မရှိသူ၏ အဖြစ်၊ နိဒ္ဒါရာမတာ – အိပ်ခြင်း၌ မွေ့လျော်သူ၏အဖြစ်၊ လဟုတာ–ပေါ့သည်၏ အဖြစ်၊ ဇာလ္လကာဒိ-တည်း။

တ္တန ပစ္စယေ-တ္တန ပစ္စည်း၌ (ဥဒါဟရဏံ)၊ ပုထုဇ္ဇနဿ - ပုထုဇဉ်၏၊ ဘာဝေါ, ပုထုဇ္ဇနတ္တနံ၊ ဝေဒနတ္တနံ - ဝေဒနာ၏ အဖြစ်၊ ဇာယတ္တနံ-မယား၏ အဖြစ်၊.... ဏေယျေ - ဏေယျပစ္စည်း၌ (ဥဒါဟရဏံ)၊ [သီ၌ "ဏေယျော" ဟု ရှိ၏။] သုစိဿ - စင်ကြယ်သူ၏၊ ဘာဝေါ, သောစေယျံ၊ ဝေံ, အာဓိပတေယျံ - အကြီးအကဲ၏ အဖြစ်၊ ကဝိဿ - ကဗျာ တတ်သိ ပညာရှိ၏၊ ဘာဝေါ, ကာဝေယျံ၊ ထေနဿ - ခိုးတတ်သူ၏၊ ဘာဝေါ, ထေယျံ၊ မဟာဝုတ္တိနာ–တေသုဝုဒ္ဓိသုတ်ကြီးဖြင့်၊ နကာရဿ - န အက္ခရာကို၊ လောပေါ-ချေ။

ဏျ တ္တ တာ တိ ယောဂဝိဘာဂေန - ဖြင့်။ ကမ္မနိ – ကမ္မ အနက်၌ရင်း၊ သကတ္ထေ စ - သကတ်အနက်၌ရင်း၊ ဏျာဒယော - ဏျ အစရှိသော ပစ္စည်းတို့သည် (ဟောန္တိ)၊ ဝိရာနံ – ရဲရင့်သူတို့၏၊ ဘာဝေါ - အဖြစ်သည်၊ ဝါ, ကမ္မံ – အလုပ်သည်၊ ဝီရိယံ-မည်၏၊ ပရိဘဋဿ – ရှာ သူသားငယ်ကိုချီပွေ့မွေးမြူတတ်သူ၏၊ ကမ္မံ-အလုပ်သည်၊ ပါရိဘဋျံ –မည်၏၊ ပါရိဘဋျဿ– ရှာသူသားငယ်ကို ချီပွေ့မွေးမြူတတ်သူ၏ အလုပ်၏၊ ဘာဝေါ-အဖြစ်သည်၊

---

အပ္ပိစ္ဆတာ၊ပေ၊ဇာလ္လကာဒိ—"အပ္ပါ ဣစ္ဆာ ယဿ"ဟု ဝိဂြိုဟ်ပြုရသော်လည်း လိုချင်မက်မောခြင်းမရှိသူကို"အပ္ပိစ္ဆ"ဟုခေါ်၏၊ထိုအပ္ပိစ္ဆ ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကား အလောဘပြဓာန်းသော ကုသိုလ်စိတ်ဖြစ်ခြင်း အမှုအရာကြိယာတည်း၊ "အသံသဂ္ဂဿ ဘာဝေါ"အရ သူတပါးနှင့်မရောဘဲ တယောက်ထည်း နေခြင်းအမှုအရာ ကြိယာသည် အသံသဂ္ဂတာ မည်၏၊ "ဘဿေ အာရာမော ယဿာတိ ဘဿာရာမော,ဘဿာရာမဿ ဘာဝေါ"အရ စကားများစွာပြောဆိုခြင်း၌မွေ့လျော်ခြင်းရှိသူ၏ ဖြစ်ကြောင်း ဟူသည် စကားများခြင်း ကြိယာတည်း၊ "နိဒ္ဒါယ အာရာမော ယဿ"စသည် အရ အိပ်ခြင်း၌ မွေ့လျော်ခြင်းရှိသူ၏အဖြစ်ဟူသည် အအိပ်ကြီးခြင်း အမှုအရာကြိယာတည်း။

တ္တန ပစ္စယေ၊ပေ၊ဇာယတ္တနံ—"ဝေဒနာယ ဘာဝေါ, ဝေဒနာ+တ္တန၊ "ဇာယာယ-မယား၏၊ ဘာဝေါ,ဇာယာ+တ္တန"ဟုဖြစ်သည့်အခါလည်း နာ-ယာတို့၌ ရဿပြု၊ ["ဇာယတ္တနေဝါ ဇာရတ္တနေဝါ"၌ "ဇာရဿ-လင်၏၊ဘာဝေါ,ဇာရတ္တနံ"ဟုပြု။]

ဏေယျေ၊ပေ၊နကာရဿ လောပေါ– အဓိပတိနော-အကြီးအကဲ၏၊ ဘာဝေါ, အာဓိပတေယျံ၊ "ကာဝေယျံ–ကဝိ၏ ဖြစ်ကြောင်း"ဟူသည် ကဗျာ ဖွဲ့စီတတ်သော ဉာဏ်တည်း၊ "ထေယျံ–ခိုးသူ၏ ဖြစ်ကြောင်း"ဟူသည် ခိုးယူကြောင်း စိတ်တည်း၊ "ထေန+ဏေယျ"ဟု ဖြစ်သောအခါ သုတ်ကြီးဖြင့် (န) ချေ။

www.dhammaransi.com



ပါရိဘဋ္ဋျတာ-မည်၏၊ ဇဝံ, သော ဝစ ဿ တာ-လွယ် ကူသော စကား ရှိသူ၏ အလုပ်၏ အဖြစ်၊ ဘိသဇ္ဇဿ - ဆေးဆရာ၏၊ ကမ္မံ-အလုပ် သည်၊ ဘေသဇ္ဇံ - မည်၏၊ ဗျာဝဋဿ - အားငယ်သူ၏၊ ကမ္မံ-သည်၊ ဝေယျာဝစ္စံ-မည်၏၊ သဌဿ - စဉ်းလဲသူ၏၊ ဘာဝေါ-အဖြစ် သည်၊ ဝါ, ကမ္မံ-သည်၊ သာဌေယျံ-မည်၏။

---

**ဏျ တ္တ တာ တိ ၊ ပေ ၊ သာ ဌေယျံ**—ဘာဝေတုကိုဖြုတ်၍ "ဏျတ္တတာ"ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကမ္မအနက်သကတ်အနက်၌လည်း ဏျစသော ပစ္စည်း သက်၊ ဝိရာနံနောင် ကမ္မ အနက်၌ ဖြစ်စေ ဘာဝအနက်၌ ဖြစ်စေ ဏျပစ္စည်း သက်၍ ဝေယျတ္တိယံ စသည်ကဲ့သို့ပြီးစေ၊ "ပရိဘဋ္ဋတိ" ရှာသူသားငယ်တို့ကိုချီပွေ့တတ် မွေးမြူ တတ်၏"ဟူသော ဝစနတ္ထကြောင့် ဒကာ ဒကမတို့၏ ကလေးများကို အထိန်းကဲ့သို့ ရင်ခွင် ပခုန်းစသည်ဖြင့် ချီပွေ့ယုယတတ်သောရဟန်းသည် ပရိဘဋ္ဋမည်၏၊ [ပရိပုဗ္ဗ "ဘဋ္ဋ=ပေါသနေ"ဟူသောဓာတ်, အပစ္စည်း၊] ထိုရဟန်း၏ အမှုလုပ်ငန်း ဖြစ်သော "ပါရိဘဋ္ဋံ၊"ဟူသည် ချီပွေ့ယုယခြင်း အမှုအရာ ကြိယာတည်း၊ ထိုပါရိဘဋ္ဋျ ကြိယာ၏ ဖြစ်ကြောင်း"ပါရိဘဋ္ဋျတာ"ကား ထိုကလေး၏ မိဘများက မိမိကို ကြည်ညို လှူဒါန်း စေလိုသော စိတ်၏ အမှုအရာ ကြိယာတည်း၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌— "ယော ဟိ ကုလဒါရကေ ခါဒိတဗ္ဗ အင်္ကေနဝါ ခန္ဓေနဝါ ပရိဘဋ္ဋတိ ၊ ပေ ၊ တဿ ပရိဘဋ္ဋဿ ကမ္မံ ပါရိဘဋ္ဋံ, ပရိဘဋ္ဋဿ ဘာဝေါ ပါရိဘဋ္ဋျတာ"ဟု မိန့်သည်။

**ဇဝံ သော ဝစဿတာ။** ။"သောဝစဿံ"ရုပ်ပြီးပုံကို ရှေး၌ ပြခဲ့ပြီ၊ သို့သော် ထို ဏျပစ္စည်းကား ဘာဝအနက်ဟောတည်း၊ ဤ"သောဝစဿံ"၌ ဏျပစ္စည်းကား "သုဝစဿ+ကမ္မံ"အရ ကမ္မအနက်ဟောတည်း၊ "ကောင်းသော စကားရှိသူ၏ အမှု" ဟူသည်လည်း ဆုမ္ဘစကားကိုနားထောင်သော လိုက်နာသော အမှုအရာ ကြိယာတည်း၊ သောဝစဿတာဟူသည်ကား ထိုနားထောင်သော အမှုအရာ ကြိယာ၏ ဖြစ်ကြောင်း ကောင်းသော ကုသိုလ်ကြိယာ စိတ္တုပ္ပါဒ်တည်း။

**ဘိသဇ္ဇဿ ကမ္မံ ဘေသဇ္ဇံ။** ။သီဟိုဠ်မူ၌"ဘိသဇ္ဇဿ"ဟုရှိ၏၊ ဘိသဇ္ဇပုဒ်လည်း ဆေးဆရာအနက်ကိုဟောနိုင်သောကြောင့်ကောင်းပေသည်၊ "ဘိသဇ၏အမှု"ဟူသည် "ဆေးကုမှု"ဖြစ်သော်လည်းဤနေရာ၌ ဆေးကုမှုနှင့်အတူပါသောဆေးကို သဟာစရဏ နည်းအားဖြင့် ဘေသဇ္ဇံဟု ခေါ်။

**ဗျာဝဋဿ ဘာဝေါ ဝေယျာဝစ္စံ။** ။ဤ၌"ဗျာ"မှ"ဝေယျာ"ဖြစ်ပုံကို"ဝေယျာ ကရဏော"၌ ဆိုခဲ့သည့်အတိုင်းမှတ်၊ "ဝေယျာဝဋ+ယ"ဟု ဖြစ်သောအခါ ယပင့် ရှိသော ဋ ကို ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့် ဋ ပြုပြီးနောက် (ဘဒ္ဒေါမှ ဘဒ္ဒွေါဖြစ် သကဲ့သို့) ဒေါ်ဓသည စ၌ စသဒ္ဒါဖြင့် (တနည်း"ဗွော ဋဿ"ဟူသော သုတ္တဝိဘာဂဖြင့်) ဋ ကို စ္စပြု၊ သာဌေယျံကား ထင်ရှားပြီ၊ ကောက်ကျစ်စဉ်းလဲမှုဟူသည် မိမိမှာ မရှိသော ဂုဏ်ကို ရှိလေဟန်ဆောင်ခြင်း အမှုအရာတည်း၊ ကောက်ကျစ်စဉ်းလဲသူ၏ ဖြစ်ကြောင်း ကား စဉ်းလဲသောအားဖြင့် ဖြစ်သောစိတ္တုပ္ပါဒ်တည်း။

www.dhammaransi.com



သကတ္တေ-သကတ်အနက်၌ (ဥဒါဟရဏံ ပန-ဥဒါဟရဏ်ကား၊) ယထာ-ဘူတမေဝ-ဟုတ်မှန်သည့်အတိုင်းပင်၊ ယထာဘုစ္စံ-မည်၏၊ ကရုဏာယေဝ-သနားခြင်းသည်ပင်၊ကာရုညံ-မည်၏၊ပတ္တကာလံ ဧဝ-လျော်ကပ်သောအခါရှိသော ကံသည်ပင်၊ ပတ္တကလ္လံ-မည်၏၊ အာကာသာ နန္တမေဝ-အနန္တကောင်းကင်သည်ပင်၊ အာကာသာနဉ္စံ-မည်၏၊ ကာယ ပါဂုညမေဝ-ကာယပါဂုညသည်ပင်၊ ကာယပါဂုညတာ-မည်၏၊ ဣစ္စာဒိ။

(၃၀၇) ဝိသမယာ-မတူသောဝတ္ထု၏၊ ဘာဝေ ါ-အဖြစ်တည်း၊ ဣတိ ဝိဂ္ဂဟေ(ကတေ)၊ တ္တ တာ တိစ ဘာဝေတိ စ ဝတ္တတေ။

**ဏ ဝိသမာဒီဟိ**။ ။တဿ-ထိုအရာ၏၊ဘာဝေ ါ-ဖြစ်ခဲ့ရာအကြောင်းတည်း၊ ဣစ္စေတသ္မိံ အတ္တေ-၌၊ ဝိသမဣစ္စေဝမာဒီဟိ-ဝိသမ ဤသို့ အတူ ရှိကုန်သော၊ ဆဋ္ဌီယန္တေဟိ-၌၊ ဏပစ္စယော ဟောတိ၊ တ္တ တာစ-တ္တ ပစ္စည်း, တာပစ္စည်းတို့သည်လည်း၊ (ဟောန္တိ၊) [“အာကံတိဂဏောယံ”ဟု သိဟိုဠ်မူရှိ၏၊ အယံ-

---

**သကတ္တေ၊ပေ၊ကာယပါဂုညတာ**—သကတ္တ၏ အဓိပ္ပါယ်ကိုရေးခဲ့ပြီး၊ ယံယံဘူတံ ယထာဘူတံ—အကြင် အကြင် ဟုတ်မှန်သော အနက် (ဝိစ္ဆာအဗျယီဘာဝ သမာသ်)၊ “ယထာဘူတံ ဧဝ”ဟူသော အနက်၌ “ဏျတ္တတာ”ဟူသော ယောဂဝိဘာဂဖြင့် ဏျ သက်, စသည်၊ “ဘူစ္စ”ဖြစ်သောအခါ ကွစာဒိ မဏ္ဍူကဂတိ(ရ)ရာနံ ဖြင့် ရဿပြု၊ “ကရုဏာ+ယ”ဟု ဖြစ်သောအခါ အဝဏ္ဏော ယေ လောပဉ္စ ဖြင့် အာကိုချေ၊ဏျကို ဉ ပြု, ဒွေဘော်လာ၊ “ပတ္တကာလ+ယ”၌ ယပင့်ရှိသော လကို လပြု, ဒွေဘော်လာ၊ “ပတ္တော ကာလော ယဿ”အရ လျော်ကပ်သော အခါရှိသော (ပြုချိန်ရောက်နေသော) ကံသည့်“ပတ္တကာလ”မည်၏။ [ဤပတ္တကလ္လပုဒ်အတွက် မှတ်ချက်ကို သန္ဓိ (ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ) သုတ်၌ ပြခဲ့ပြီ။]

“အာကာသ + အနန္တ=အဆုံး အပိုင်းအခြား မရှိသော ကောင်းကင်”ဟူရာ၌ ဏျ ပစ္စည်းဖြင့် “အာကာသာနန္တျ”ဟု ဖြစ်၏၊ တေသုဝုဒ္ဓိသုတ်ဖြင့် န ကို နိဂ္ဂဟိတ်ပြု, ယဝတံဖြင့် တျ ကို စပြု, နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ“ဉ”ပြု၊ကာယပါဂုညံ ဧဝ—ဟူသောအနက်၌ တာ ပစ္စည်းသက်၊ ဧဝပုဒ်နှင့် ဝိဘတ်တို့ကို ဆိုင်ရာဖြင့်ချေ၊ ဣစ္စာဒိ၌ အာဒိဖြင့်“ကုတော လဗ္ဘာ အလဗ္ဘိယံ (အလဗ္ဘမေဝ+အလဗ္ဘိယံ), ဟိရိဩတ္တပ္ပိပံ ဓနံ (ဩတ္တပ္ပမေဝ+ဩတ္တပ္ပိယံ)”တို့၌ ဏျ (တနည်း—ဣယ) ပစ္စည်း သက်ရသော ပုံစံ စသည်ကို ယူ။

(၃၀၇) [အာကတိဂဏော၏ အဓိပ္ပါယ်ကို ရှေ့(၁၆၅)သုတ်၌ ပြခဲ့ပြီ၊ဝေသမံကို “နာနတ္တံ—မတူထူးခြား ကွဲပြားသည်၏ အဖြစ်”ဟု ဂူဟတ္ထကသုတ် မဟာနိဒ္ဒေသ အဋ္ဌကထာ ဖွင့်သောကြောင့် “ဝေသမံ—မတူသည်၏အဖြစ်”ဟုပေး၊ဏျပစ္စည်းဖြင့် မျကို မပြု, ဒွေဘော်လာ၍“ဝေသမ္မံ”ဟုလည်း ရှိ၏။]

www.dhammaransi.com



ဤဂိုဏ်းသည်၊ အာကတိဂဏော-အခြင်းအရာတူသောအားဖြင့်၊ ယူအပ်သော ဂိုဏ်းတည်း။] ဝေသမံ, ဝိသမတ္တံ, ဝိသမတာ-မတူသည်၏ အဖြစ်၊ သုစိဿ-စင်ကြယ်သော ဝတ္ထု၏၊ ဘာဝေါ, သောစံ, သုစိတ္တံ, သုစိတာ၊ ဂရုနော-အလေးပြုအပ်သူ၏၊ ဘာဝေါ, ဂါရဝေါ၊ အာဒိဝုဒ္ဓိ-အစ၌ ဝုဒ္ဓိပြု၊ ဩသရေ စာတိ သုတ္တေ-၌၊ စသဒ္ဒဂ္ဂဟဏေန-ဖြင့်၊ ဥကာရဿစ, အဝါဒေသော-အဝပြု၊ ပဋုနော-လိမ္မာသူ၏၊ ဘာဝေါ, ပါဋဝံ, ပဋုတ္တံ, ပဋုတာ-အဖြစ်။

ဥဇုနော-ဖြောင့်မတ်သူ၏၊ ဘာဝေါ-သည်၊ အဇ္ဇဝံ-မည်၏၊ မုဒုနော-နူးညံ့သူ၏၊ ဘာဝေါ, မဒ္ဒဝံ-မည်၏၊ ဣစ္စတြ-ဤသို့အစရှိသော ပြယုဂ်တို့၌၊ အာတ္တဉ္စာတိ-သုတ်ဖြင့်၊ ဏာမှီ-ဏ ပစ္စည်းကြောင့်၊ ဣကာရုကာရာနံ-ဣအက္ခရာ ဥအက္ခရာတို့၏၊ အာတ္တံ-အာအဖြစ်သည်ရှင်း၊ ဒွိဘာဝေါ-ရှင်း၊ သံယောဂေ-

ဂါရဝေါ — အလေးပြုအပ်သော ဆရာစသည်ကို ဟောရာ၌ "ဂရု=ဂုရု"ဟု ပါဌ် ၂ မျိုးရှတ်ကြ၏၊ ထိုတွင် သဒ္ဒနီတိ-သီလက္ခန်ဋီကာသစ်တို့၌ အာဝုဒ္ဓိပြု၍ "ဂါရဝံ"ဟု ရှိသောကြောင့် ပါဠိအရာဝယ် "ဂရု"ဟု ရှိရမည်၊ ဥကို ဩပြု၍ "ဂေါရဝံ"ဟု ရှိသောကြောင့် သက္ကတဝယ် "ဂုရု"ဟု ရှိရမည်-ဟု ဆို၏၊ သို့သော် "ပုမေ အာစရိယာ ဒိမှိ,ဂုရု မာတာ ပိတူသွပိ၊ ဂုရု တီသု မဟန္တေ စ,ဒုဇ္ဇရာ လဟုကေသု စ"ဟု အဘိဓာန်၌ ဆရာစသည်ကို ဟောရာဝယ် "ဂုရု"ဟု လာသောကြောင့်ရှင်း, "ဥဇုနော ဘာဝေါ အာဇ္ဇဝံ"စသည်၌ ဥကိုလည်း အာပြုသောကြောင့်ရှင်း "ဂုရု"သာ အမှန်ဟု ဓာတွတ္ထ သင်္ဂဟ၌ ဆုံးဖြတ်၏၊ ရူပသိဒ္ဓိဆရာကား အထူးမပြဘဲ "အာဒိဝုဒ္ဓိ"ဟုဆိုသောကြောင့် "ဂရု"ဟု ဆိုလိုဟန်တူသည်၊ ဂရုသဒ္ဒါသည် "အာစရိယဗ္ဗုဝါဒိ ရူဋ္ဌိ"ပုဒ်တည်းဟုကြံ၍ "ဂရုနော-အလေးပြုအပ်သောဆရာ၏၊ ဘာဝေါ-ဖြစ်ကြောင်းမေတ္တာ ကရုဏာစသော ဂုဏ်, သီလစသော ဂုဏ်သည်၊ ဂါရဝေါ-မည်၏၊ "ဂါရဝေါ စ နိဝါတော စ"စသော မင်္ဂလသုတ်၌ကား "ဂရုကာရ-အလေးပြုတတ်သူ"ဟု ဆိုလိုချက် ကာရပုဒ်ချေ၍ ဂရု မည်၏၊ ဂရုနော-အလေးပြုတတ်သူ၏၊ ဘာဝေါ-ဖြစ်ကြောင်း (ရိုသေခြင်း အမူအရာ) ကြိယာသည်၊ ဂါရဝေါ-မည်၏"ဟု မှတ်၊ ရုပ်ပြီးပုံမှာ စာကိုယ်အတိုင်း သိသာပြီ။

**ဥဇုနော၊ ပေ၊ မဒ္ဒဝံ ဣစ္စတြ** — [မြန်မာမှု၌ "ဣစ္စာဒိ"ဟု ရှိ၏၊ ဣစ္စတြ-ဟု ရှိသော သီမူသာ ကောင်းသည်၊] အဇ္ဇဝံ မဒ္ဒဝံ ပြယုဂ်တို့၌ ဏ ပစ္စည်းသက်, ဏ် အနုဗန် ချေ၍ "ဥဇု+အ, မုဒု+အ"ဟု ဖြစ်သောအခါ "အာတ္တဉ္စ"သုတ်ဖြင့် အစ ဥကို အာပြု, ဩသရေ စ၌ စသဒ္ဒါဖြင့် ဇုဒုတို့၏ ဥကို အဝပြု, ဒွေဘော်လာ (အာဇ္ဇဝ,မာဒ္ဒဝ),ကွစာဒိ မဇ္ဈုတ္တရာနံဖြင့် အာကို ရဿပြု,အဇ္ဇဝ-မဒ္ဒဝဟု ဖြစ်၏။ ["ဣကာရုကာရာနံ အာတ္တံ"၌ "ဣကာရ"ကား လာလတ္တံ့သော အာရိယံအတွက်တည်း၊ ထို့ကြောင့် "ဣစ္စတြ-ဤသို့ အစရှိသော ပြယုဂ်တို့၌"ဟု ဣတိ အတွက် အာဒိအနက် ကြံလိုက်သည်။]

www.dhammaransi.com



သံယုဂ်ကြောင့်၊ အာဒိရဿတ္တဥ္စ-အစ သရ၏ရဿအဖြစ်သည့်ရင်း၊ (ဟောတိ)၊ ဥဇုတာ – ဖြောင့်မတ်သူ၏အဖြစ်၊ မုဒုတာ-နူးညံ့သူ၏အဖြစ်၊ ဧဝံ, ဣသိဿ-ရသေ့၏၊ ဘာဝေါ, အာရိသံ-မည်၏၊ အာသဘံ-ဥသဘ၏အဖြစ်၊ ကုမာရဿ-သတို့သား၏၊ ဘာဝေါ, ကော်မရံ၊ ယုဝဿ–ပျိုယွယ်သူ၏၊ ဘာဝေါ, ယောဗ္ဗနံ၊ ပဟာဝုတ္တိနာ – တေသုဝုဒ္ဓိ သုတ်ကြီးဖြင့်၊ နကာရာဂမော - နအက္ခရာ လာ၊ ပရမာနံ-မြတ်သော အလောင်းတော်တို့၏၊ ဘာဝေါ-သည်၊ ဝါ, ကမ္မံ-အမှုသည်၊ ပါရမီ-မည်၏၊ ဒါနာဒိကြိယာ-ဒါနအစရှိသော အမှုအရာတည်း၊ ဏာဝ ဏိကာဒိ သုတ္တေန – ဏာဝ ဏိက အစရှိသောသုတ်ဖြင့်၊ ဤ ပစ္စယော – ဤ ပစ္စည်းသက်၊ သမဂ္ဂါနံ-ညီညွတ်သူတို့၏၊ ဘာဝေါ, သာမဂ္ဂီ-ဖြစ်။

(၃၇၈) ရမဏီယာဒိတော ကဏ်။ ။ဘာ၁၀တ္တေ -- ဘော အနက်၌၊ ရမဏီယ ဣစ္စေဝ မာဒိတော – ရမဏီယ အစရှိသော သဒ္ဒါတို့မှ နောက်၌၊ ကဏ်ပစ္စယော–ကဏ်ပစ္စည်းသည်၊ ဟောတိ၊ တ္တ တာစ–(ဟောန္တိ)၊ ရမဏီယဿ-မွေ့လျော်ဘွယ်၏၊ ဘာဝေါ, ရာမဏီယကံ, ရမဏီယတ္တံ, ရမဏီယတာ-မည်၏၊ ဧဝံ, မာနုညကံ, မနုညတ္တံ, မနုညတာ-စိတ်ကို လွန်စွာ နှစ်သက်စေ

---

ဣသိဿနောင် ဏသက်,ဏ် အနုဗန်ချေ၊ ဝိဘတ်ချေ (ဣသိ+အ) အာဒိဿဥ္စသုတ်ဖြင့် ဣကို အာပြု, ရိအက္ခရာလည်း လာ (အာရိသိ+အ) ဣဝဏ္ဏောယံ နဝါဖြင့် ဣ ကို ယပြု, သျကို ယဝတံ၌ ကာရသဒ္ဒါဖြင့် သ ပြု, ဒွေဘော်လာလျှင် "အာရိဿံ"ဟု သီဟိုဠ်မူ အတိုင်း ပြီး၏၊ သျကို သ မပြုလျှင် "အာရိသျံ"ဟု မြန်မာမူအတိုင်း ပြီး၏၊ အာသဘံ၌ကား ဥကို အာ ပြုရုံသာ၊ ယုဝဿနောင် ဏ သက်, (ယုဝ+အ) ဝုဒ္ဓါဒိ သရဿ ဝါဖြင့် ဩ ဝုဒ္ဓိပြု, တေသုဝုဒ္ဓိဖြင့် န လာ (ယောဝန) ဝ ဒွေဘော်လာ,ဒေါဿစ၌ စ ဖြင့် ဝ ၂ လုံးကို ဗ ၂ လုံး ပြု, ယောဗ္ဗန–ဟု ဖြစ်၏။

ပါရမီ——နိဗ္ဗာန်ကို ရည်ရူး၍ ဒါန သီလ စသည်ကိုပြုခြင်း အမှုအရာ ကြိယာကြောင့် ထို ပြုသူကို "ပရမ–မြတ်သူ"ဟု ခေါ်ရ၏၊ ထို့ကြောင့် "ပရမာနံ ဘာဝေါ"အရ ပရမ သဒ္ဒါ ဖြစ်ပေါ်လာခြင်း၏ အကြောင်းသည့် ဒါန သီလ စသော ကုသိုလ်ကိုပြုခြင်း အမှုအရာ ကြိယာတည်း၊ တနည်း–ဒါန သီလ စသော ကောင်းမှုလုပ်ငန်းသည် မြတ်သူ တို့၏ လုပ်ငန်း ဖြစ်ရကား "ပရမာနံ ကမ္မံ"အရလည်း ပါရမီ မည်၏။ [ကျမ်းဂန်တို့၌ "ပရမာနံ+ဣဒံ–မြတ်သူတို့၏ ဥစ္စာဖြစ်သောကြောင့်လည်း ပါရမီ"ဟု ဆိုသေး၏၊] ပါရမ ဟု ဖြစ်ပြီးနောက် ဏာဝ ဏိက ဏေယျ ဏန္တုဟိ သုတ်ဖြင့် ဤ ပစ္စည်းသက်၊ သွတ္တ အနက်၌ကာပစ္စည်းသက်လျှင်"ပါရမိယေဝ ပါရမိတာ"ဟုဖြစ်၏၊အချင်းချင်းညီညွတ်မှု ကြိယာသည် သမဂ္ဂသဒ္ဒါဖြစ်ပေါ်လာကြောင်းဖြစ်၍"သာမဂ္ဂါနံ ဘာဝေါ"အရ သာမဂ္ဂီ မည်၏၊

www.dhammaransi.com



တတ်ေသာ အာရုံ၏ အဖြစ်၊ ပိယရူပကံ, တ္တံ, တာ-ချစ်အပ်ေသာ သဘော ရှိသော တရား၏ အဖြစ်၊ ကလျာဏကံ, တ္တံ, တာ-ေကာင်းသည်၏ အဖြစ်၊ စောရကံ - ခိုးတတ်သူ၏ အဖြစ်၊ စောရိကာ ဝါ-လည်း ရှိ၏၊ စောရတ္တံ, တာ-ဖြစ်၊ အဓုကံ, တ္တံ, တာ-ထက်ဝက်၏ အဖြစ်၊ ဣစ္စာဒိ၊ ဘာဝ တဒ္ဓိတံ-ဘာဝ တဒ္ဓိတ်သည် (နိဋ္ဌိတံ)။

## ဝိသေသ တဒ္ဓိတ်

(၃၇၉) သမ္ဗေ - ကုန်သော၊ ဣမေ-ဤသူတို့သည်၊ ပါပါ - ယုတ်မာသူတို့တည်း၊ အယံ-ဤသူကား၊ ဣမေသံ-ဤသူတို့ထက်၊ ဝိသေသေန-အထူးအားဖြင့်၊ ပါပေါ-ယုတ်မာသူတည်း၊ ဣတိ-သို့၊ ဝိဂ္ဂဟေ (သတိ)။

---

(၃၇၇) ရမဏီယ သာ၊ ပေ၊ ရမဏီယ တာ——"ရမိတဗ္ဗော-မွေ့လျော်ထိုက်၏၊ ဝါ-မွေ့လျော်ဘွယ်ကောင်း၏၊ ဣတိ, ရမဏီယော-မည်၏၊ မွေ့လျော်ဘွယ်ကောင်းသောလောက စသည်တည်း၊ ရမဏီယဿ—မွေ့လျော်ဘွယ်ကောင်းသော လောက၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ သာယာတင့်တယ်သောဂုဏ်သည်၊ ရာမဏီယကံ-မည်၏၊ ရမဏီယဿ နောင် ကဏ် ပစ္စည်း သက်, ဏ် အနုဗန် ချေ, ရဉ္ဇ ဝုဒ္ဓိပြု၊ ဤသို့ ဘာဝ အနက်၌ ကဏ် ပစ္စည်းသက်ခြင်းသည် "ရာမဏီယကန္တိ-ရမဏီယဘာဝံ" ဟု ဖွင့်သော သုတ်မဟာဝါ ပါယာသိရာဇညသုတ္တဋ္ဌကထာ စသည်နှင့် လျော်၏။

"ယတ္ထ အရဟန္တော ဝိဟရန္တိ,တံ ဘူမိရာမဏီယကံ=အကြင်မြေအရပ်၌ရဟန္တာများ သီတင်းသုံးတော်မူကြ၏၊ ထို မြေ အရပ်သည် မွေ့လျော်ဘွယ် ကောင်း၏" ဟူသော ဓမ္မပဒ အရဟန္တဝဂ်၌မူ "တံ ဘူမိရာမဏီယကန္တိ—သော ဘူမိပဒေသော ရမဏီယော ဧဝ"ဟု အဋ္ဌကထာ ဖွင့်သောကြောင့် သကတ္ထ၌ ကဏ် ပစ္စည်းသက်ဟု ကြံသင့်၏။ [ထိုပါဠိ၌ "ရာမဏေယျကံ"ဟု ရှိသည်ကား ပါဠိပျက်ဟန်တူသည်၊ သဒ္ဒနီတိ၌ကား "ရမဏီယာ ဧဝ ရာမဏေယျာ"ဟု သကတ္ထ၌ ဏျ ပစ္စည်းသက်၍,ဘူမိစ သာ ရာမဏေယျာစာတိ ဘူမိရာမဏေယျာ"ဟုသမာသ်တွဲလျက် သမာသန္တ၌ က ပစ္စည်း-ဟု ဆိုလေသည်, ဆင်ခြင်၊] ဘာဝအနက်၌ တ္တ တာ ပစ္စည်းသက်လျှင် "ရာမဏီယတ္တံ-တာ"ဟု ဖြစ်၏၊

မာနုညကံ၊ ပေ၊ ဣစ္စာဒိ——မနုညပုဒ်၏အနက်ကို သန္ဓိ ပုထ ဃုဗျဥ္ဇနေသုတ်၌ပြခဲ့ပြီ၊ ပိယံ ရူပံ (သဘောသည်) ယဿာတိ ပိယရူပေါ=ချစ်အပ်သောသဘောရှိသောတရား၊ "စောရဿ ဘာဝေါ စောရက"ဟု ဖြစ်သောအခါ တေသုဝုဒ္ဓိဖြင့် ဇုလာ, အာပစ္စည်း သက်၍ "စောရိကာ—ခိုးတတ်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ (ခိုးခြင်း အမှုအရာ ကြိယာ") ဟုလည်း ရှိ၏။

www.dhammaransi.com



**ဝိသေသေ၊ပေ၊ယိဋ္ဌာ။** ။ဝိသေသတ္ထေ, တရ တမ ဣသိက ဣယ ဣဋ္ဌ ဣတိ-တရ, တမ, ဣသိက, ဣယ, ဣဋ္ဌ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ပါပတရော-အထူးယုတ်မာသောယောကျ်ား၊ ပါပတရာ-အထူးယုတ်မာသော မိန်းမ၊ ပါပတရံ-အထူးယုတ်မာသောအမျိုး၊ တတောပိ-ထို အထူးယုတ်မာသူ ထက်လည်း၊ အဓိကော-သာလွန်သူသည်၊ ပါပတမော-ပည်၏၊ ပါပတမာ-သာလွန်ယုတ်မာသော မိန်းမ၊ ဝါ-အယုတ်မာဆုံး မိန်းမ၊ ပါပတမံ-မျိုး၊ ပါပိသိကော-အထူးယုတ်မာသောယောကျ်ား၊ ပါပိသိကာ-မ၊ ပါပိသိကံ-မျိုး၊ ပါပိယော, ယာ, ယံ, ပါပိဋ္ဌော, ဋ္ဌာ, ဋ္ဌံ-(အနက်တူ)၊ ဧဝံ, ပဋုတရော-အထူး လိမ္မာသူ၊ ပဋုတမော-သာလွန်၍ လိမ္မာသူ၊ ဝါ-အလိမ္မာဆုံး၊ ပဋိသိကော, ယော, ဋ္ဌော-အထူး လိမ္မာသူ၊ သဗ္ဗေသံ-အလုံးစုံတို့ထက်၊ အတိသယေန-အလွန်အကဲအားဖြင့်၊ ဝရော-မြတ်သူသည်၊ ဝရတရော-

---

(၃၇၉) **သဗ္ဗေ၊ပေ၊ပါပေါတိ ဝိဂ္ဂဟေ**—"ဣတိ ဝိဂ္ဂဟေ"ဟု ဆိုသော်လည်း "ပါပတရော"စသည်ကို"သဗ္ဗေ ဣမေ ပါပါ"စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြုရမည်-ဟု ဆိုလိုရင်း မဟုတ်၊ဤနေရာ၌ ဆိုလိုအပ်သော အဓိပ္ပါယ်အနက်ကို ဖေါ်ပြသောဝါကျကို"ဝိဂ္ဂဟော" ဟု ဆိုသည်၊လူယုတ်မာအများ ရှိရာဝယ် သာ၍ယုတ်မာသူကို"ပါပတရ"ဟု ခေါ်၏၊ ထို့ကြောင့် "သဗ္ဗေ ဣမေ ပါပါ-ဤသူအားလုံး လူယုတ်မာချည်းတည်း"ဟု ရှေးဦးစွာ စကားခင်းပြသည်၊"အယံဣမေသံ ဝိသေသေနပါပေါ"သာလိုရင်းတည်း၊ထိုတွင်လည်း "အယံ"သည်"ယော-သော"တို့ကဲ့သို့ အပိုထည့်ရသောပုဒ်တည်း၊"ဣမေသံ"လည်း "ဘာ့ထက်+ထူးသနည်း"ဟု မေးဘွယ်ရှိ၍ "ဤသူတို့ထက်"ဟု အပိုထည့်ပါ၌ပင်၊ လိုရင်းဝိဂ္ဂြိုဟ်မှာ"ဝိသေသေန ပါပေါ"သာတည်း၊ ထို့ကြောင့် နောက်၌"ဝိသေသေန အန္တိကောတိ နေဒိယော"စသည်ဖြင့် လိုရင်းဝိဂ္ဂြိုဟ်မျှကိုသာ ပြလတံ့၊ရုပ်တွက်ရာ၌ကား "ဝိသေသေန"ကိုပင် ထည့်၍တည်ဘွယ်မလို၊"ပါပေါ"ဟုတည်၍ ဤသုတ်ဖြင့်ဝိသေသ အနက်၌ တရပစ္စည်း သက်၊ ဝိဘတ်ချေ, ပကတိပြု, နာမ်ငဲ့စသည် တွက်လေ။

**တတောပိ အဓိကော ပါပတမော**—"တတောပိ အဓိကော"ကား တမပစ္စည်း သည် တရပစ္စည်းထက် သာလွန် ထူးကဲသော အနက်ကို ဟောကြောင်းပြသော အဓိပ္ပါယ်ပြ ဝါကျသာတည်း၊ ဝိဂ္ဂြိုဟ်မှာ "ဝိသေသေန ပါပေါ"ပင်၊ ဤစကားအရ "အများထက် ထူးကဲသောအနက်၌ တရပစ္စည်းသက်၍ ထို ထူးကဲသောအရာထက်ပင် သာ၍ ထူးကဲပြန်သော (အထူးကဲဆုံးဖြစ်သော) အနက်၌ တမပစ္စည်းသက်"ဟု မှတ်၊ ထို့ကြောင့်ပင် "ကာမစိတ်ကို ဟီန, ရူပစိတ်ကို ဥက္ကဋ္ဌ, အရူပစိတ်ကို ဥက္ကဋ္ဌတရ"ဟု နာမည်တပ်၍ လောကုတ္တရာစိတ်ကို "ဥက္ကဋ္ဌတမ"ဟု နာမည်တပ်သည်၊ [မုဒ္ဓဗောဓ၌ကား "၂ ယောက်တွင် သာလွန်သူကို ဟောရာ၌ တရပစ္စည်း, အများတွင် သာလွန် သူကို ဟောရာ၌ တမပစ္စည်း"ဟု ခွဲထား၏။]

www.dhammaransi.com



မည်၏၊ ဝရတမော - သာလွန်မြတ်သူ၊ ဝါ - အမြတ်ဆုံး၊ (ဝရိသိကော, ဝရိယော)ဝရိဋ္ဌော - သူ၊ ဧဝံ ပဏီတ တရော - အထူး မွန်မြတ်သော တရား၊ ပဏီတ တမော-သာလွန်၍ မွန်မြတ်သော တရား၊ ဝါ-အမွန်မြတ်ဆုံး တရား။

(၃၉၀) သဗ္ဗေ ဇ္ဇမေ့ ဇုဓော-ကြီးသူတို့တည်း၊ အယံ ဇ္ဇမေသံ ဝိသေသေန ဝုဓော-ကြီးသူတည်း၊ ဇ္ဇတိအတွေ-၌၊ ဇ္ဇယ ဇ္ဇဋ္ဌ ပစ္စယာ-တို့သည်၊ဟောန္တိ။

**ဝုဍ္ဍဿ ဇော ဇ္ဇယိဋ္ဌေသု။** ။ဇ္ဇယ ဇ္ဇဋ္ဌ ဇ္ဇတိ-ဇ္ဇယ, ဇ္ဇဋ္ဌ ဟူကုန်သော၊ ဧတေသု ပစ္စယေသု-တို့ကြောင့်၊ သဗ္ဗဿေဝ-သော၊ ဝုဍ္ဍသဒ္ဒဿ-ဝုဍ္ဍသဒ္ဒါ၏၊ ဇော-ဇ အပြုသည်၊ ဟောတိ၊ ဇေယျော, ဇေဋ္ဌော - အထူးသဖြင့် - ကြီးသူ၊ စ-ဆက်၊ ဧတ္ထ-ဤ ပြယုဂ်တို့၌၊ သရလောပါဒိသုတ္တေ-သရလောပေါ အစ ရှိသောသုတ်၌၊ တုဂ္ဂဟဏေန-တု သဒ္ဒါကြောင့်၊ လော:ပံ-ရှေသရ ချေခြင်းကို၊

---

ပါဝိသိကော၊ပေ၊အတိသယေန ဝရော—ဇ္ဇသိကနှင့် ဇ္ဇယ ဇ္ဇဋ္ဌပစ္စည်းများကိုကား ဝိသေသ အနက်ဟောဟုသာ ဆိုကြ၏၊ဇ္ဇသိကထက် ဇ္ဇယ-ဇ္ဇဋ္ဌ အနက်က သာသည်-ဟု အဆို မရှိချေ၊ထို့ကြောင့်"ဝိသေသေန ပါပေါတိ ပါဝိသိကော-ပါဝိယော-ပါဝိဋ္ဌော" ဟုချည်း ပြု၊ ဝိသေသအနက်နှင့် အတိသယအနက်သည် သဘောတူ၏၊ ထို့ကြောင့် "အတိသယေန ဝရော, ဝရတရော"စသည်ဖြင့်လည်း ဝိဂ္ဂဟ်ပြုသည်။

**မောဂ္ဂလ္လာန်။** ။ဤအတိသယ အနက်ဟော ပစ္စည်းနောင်လည်း အတိသယတ္ထ ပစ္စည်း ထပ်၍ သက်နိုင်၏ဟု ဆို၏၊ "အတိသယေန ပါပိဋ္ဌော—ပါပိဋ္ဌတရော=အလွန် အကဲအားဖြင့် အထူးယုတ်မာသူ (အလွန့်အလွန်ယုတ်မာသူ) သည်ပါပိဋ္ဌတရမည်၏၊" ဤအတိသယအနက်၌ ဏေယျပစ္စည်းလည်း သက်သည်ဟု မောဂ္ဂလ္လာန်နိဿယ မိန့်၏၊ "ကုတော နီစေယျန္တိ—ဘာသာ နီစတရဘာဝေါ (သာ၍ နိမ့်ကျသူ၏အဖြစ်သည်) ပန မယှံ ကုတော"တည်း။

**"အောက်" ပေးပုံကိုစဉ်းစား။** ။အယုတ်အနိမ့်ကိုဟောရာ၌"မည်သူ့အောက် ယုတ်သူ"စသည်ဖြင့် "အောက်"ဟု သုံးစွဲရိုး ရှိသော်လည်း "တတောပိ အမိကော" ပါပတမော"၌ အမိကောပုဒ်ကို ထောက်လျှင်"တတော်ပိ-ထိုသူ့အောက်လည်း"ဟု ပေး၍ မလျော်၊ "ထိုသူ့ထက်လည်း"ဟု ပေးမှသာ လျော်၏၊ မကောင်းရာ၌ သာလွန် သူကို "သူ့ထက်ကဲသူ"ဟုလည်း "ထက်"သုံးလေ့ရှိ၏၊ ထို့ကြောင့် ဝိဘတ္တ အပါဒါန် ခဏ်း၌ သုံးလေ့ရှိသော "အောက်"ဟူသော အသုံးကို စဉ်းစားကြပါလေ။

(၃၉၀) **ဝုဍ္ဍဿ ဇော ဇ္ဇယိဋ္ဌေသု**—ဝုဍ္ဍောနောင် ဝိသေသ တရတမ သိကို ယိဋ္ဌာ သုတ်ဖြင့် ဇ္ဇယ ပစ္စည်းသက်, ဝိဘတ်ချေ, ဝုဍ္ဍ ဟု ပကတိ ပြု၊ ဤသုတ်ဖြင့် ဝုဍ္ဍကို ဇ ပြု, (ဇ+ဇ္ဇယ) [သရလောပါဒိဖြင့် ရှေ့သရချေသျှင် နောက် ဇ္ဇကို ပကတိပြုရမည်

www.dhammaransi.com



အကတ္တာ-မပြုမူ၍၊ သရာသရေလောပန္တိ-သုတ်ဖြင့်၊ ပုဗ္ဗသရေ-ကို၊ လုတ္တေ-ချေအပ်ပြီးသော်၊ ကွစာသဝဏ္ဏံ လုတ္တေတိ-သုတ်ဖြင့်၊ ကောရော-ဧ ပြု။

(၃၉၁) ဣယိဋ္ဌေသူတိ—ဣယိဋ္ဌေသုသဒ္ဒါသည်၊ အဓိကာရော—တည်း၊ ဇော့တိစ—ဇော ဟူသော ပုဒ်သည်လည်း၊ ဝတ္တတေ-၏။

**ပသတ္ထဿ သော့စ**။ ။ဣယိဋ္ဌေသု - တို့ကြောင့်၊ သဗ္ဗဿေဝ ပသတ္ထသဒ္ဒဿ - ပသတ္ထ သဒ္ဒါ၏၊ သာဒေသော - သ အပြုသည်၊ [ သီဟိုဠ်မူ၌ "သ သဒ္ဒါဒေသော-သ ဟူသော သဒ္ဒါ အပြုသည်"] ဟောတိ၊ ဇော့စ-ဇ အပြုသည်လည်း ( ဟောတိ )၊ အယဥ္စ – ဤသူသည်လည်း၊ ပသတ္ထော - ချီးမွမ်းအပ်သူတည်း၊ အယဥ္စ - သည်လည်း၊ ပသတ္ထော – တည်း၊ သဗ္ဗေ-ဣမေ – တို့သည်၊ ပသတ္ထာ – ချီးမွမ်းအပ်သူတို့တည်း၊ အယံ - ဤသူကား၊ ဣမေသံ – ဤသူတို့ထက်၊ ဝိသေသေန - ဖြင့်၊ ပသတ္ထော - သူတည်း၊ ဣတိ-ထို့ကြောင့်၊ သေယျော, သေဋ္ဌော, ဇေယျော, ဇေဋ္ဌော-မည်၏။

(၃၉၂) **အန္တိကဿ နေဒေါ**။ ။ပေ၊ ဝိသေသေန – အထူးအားဖြင့်၊ အန္တိကော-နီး၏၊ ဣတိ နေဒိယော နေဒိဋ္ဌော-မည်၏။

(၃၉၃) **ဗာဠှဿ သာဓော**။ ပေ၊ ဝိသေသေန, ဗာဠှော-ပြင်းထန်၏၊ ဣတိ သာဓိယော, ဋ္ဌော-၏။

(၃၉၄) **အပ္ပဿ ကဏ**။ ။ပေ၊ ဝိသေသေန, အပ္ပေါ - နည်း၏၊ ဣတိ ကဏိယော ကဏိဋ္ဌော-၏။

---

ဖြစ်၍ ပြေခွင့်မရ၊ ထို့ကြောင့် သရလောပေါသုတ်လာ တုသဒ္ဒါဖြင့် မြစ်၍ ရှေ့သရကို မချေရ၊ ] သရာသရေ လောပံဖြင့် ရှေ့သရကို ချေ၍ နောက်သရကို ဧ အသဝဏ်ပြု, ယ် ခွေဲဘော်လာ, ဇေယျာ၊ ဣဋ္ဌပစ္စည်းသက်လျှင် ဇေဋ္ဌော ပြီး၏။

(၃၉၁) ပသတ္ထဿ သော့စ—"အယဥ္စ ပသတ္ထော အယဥ္စ ပသတ္ထော"ကား အားလုံးချီးမွမ်းဖွယ်သူချည်းဖြစ်ကြောင်းထင်ရှားအောင်ပြသော အခြေခံစကားတည်း၊ ထိုအခြေခံစကားအလိုက် "သဗ္ဗေ ဣမေ ပသတ္ထာ"ဟု ဆက်ရသည်၊ ထိုစကား ၂ ရပ် လုံးပင် "အယံ၊ပေ၊ပသတ္ထော"ဟူသောဝိဂ္ဂုဟ်၏ အခြေခံစကားချည်တည်း၊ ရုပ်တွက် ပုံမှာ ထင်ရှားပြီ။

(၃၉၄,၅) ဤ၂ သုတ်အဆိုအရ အထူးနည်းသောအလွန်နည်းသော အနက်ကို ဟောရာ၌ မုဒ္ဒဇ (ဏ) ဖြင့် "ကဏိယော-ကဏိဋ္ဌော"ဟုရင်း, အလွန် ငယ်ရွယ်သူကို ဟောရာ၌ ဒန္တဇ (န) ဖြင့် "ကနိယော—ကနိဋ္ဌော"ဟုရင်း ခွဲခြား ထားသော်လည်း

www.dhammaransi.com



(၃၉၅) ဝိသေသေန – ဖြင့်၊ ယုဝါ – ပျိုနုသူတည်း၊ ဣတိ အတ္ထေ-၌၊ ကဏ်ဣတိ-ကဏ်ဟူသော ပုဒ်သည်၊ ဝတ္တတေ(ရှေ့သုတ်မှ လိုက်)။

ယုဝါနဥ။ ။ပေ၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ ဏ ကာရဿ–ဏ အက္ခရာ၏၊ နကာရော – နပြုသည် (ဟောတိ)၊ ကနိယော, ကနိဋ္ဌော – အထူး ငယ်ရွယ်သူ၊ ဝါ-အလွန်ငယ်သူ (ညီငယ်)။

(၃၉၆) ဝန္တု မန္တုဝီနဥ လောပေါ။ ။ပေ၊သဗ္ဗေ ဣမေ, ဂုဏဝန္တော-ဂုဏ်ရှိသူတို့တည်း၊ အယံ ဣမေသံ ဝိသေသေန, ဂုဏဝါ-ဂုဏ်ရှိသူတည်း၊ ဣတိ ဂုဏိယော ဂုဏိဋ္ဌော-မည်၏၊ ဝိသေသေန, သတိမာ–သတိရှိသူတည်း၊ ဣတိ သတိယော သတိဋ္ဌော–၏၊ ဝိသေသေန, မေဓာဝီ–ပညာရှိသူတည်း၊ ဣတိ မေဓိယော မေဓိဋ္ဌော–၏၊ ဣစ္စာဒိ၊ [“ဝိသေသ တဒ္ဓိတံ–ဝိသေသတဒ္ဓိတ်သည် (နိဋ္ဌိတံ)”ဟု အချို့မူ၌ရှိသည်။]

## အဿတ္ထိ တဒ္ဓိတ်

(၃၉၇) ယဿ-အကြင်သူ၏၊မေဓာ-ပညာသည်၊အတ္ထိ-ရှိ၏၊ဝါ-တနည်း၊ တသ္မိံ–ထိုသူ၌၊ (မေဓာ-သည်၊)ဝိဇ္ဇတိ–ရှိ၏၊ ဣတိ ဝိဂ္ဂဟေ(သတိ)။

---

သက္ကတ အဘိဓာန်၌မူ ဒန္တဇ(န)ဖြင့် “ကနိဋ္ဌော”ဟုချည်း ရှိ၏၊ ယုဝါသဒ္ဒါသည် “လူပျို”ဟူသော အနက်ကို မဟော၊ “ဒဟရောစ ယုဝါသုသု”ဟု လူငယ် သာမန်ကို ဟော၏၊ ကနိဋ္ဌာ-နှမငယ်, နှမကလေး၊ [ယုဝသဒ္ဒါတခုထည်းဖြစ်ပါလျက်“ယုဝါနဥ” ဟု ဗဟုဝုစ် နိဒ္ဒေသ်ဖြင့် ဆိုခြင်းသည် ဝိဘတ္တိ ဝိပလ္လာသ နည်းရှိကြောင်းကို ပြလိုသော ကြောင့်တည်း၊ ဝိပလ္လာသနည်း ၆ မျိုးကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

ဝန္တု မန္တု ဝီနဥ လောပေါ။ ။ဝန္တုပစ္စည်း သက်၍ပြီးသော ဂုဏဝါနောင် ဣယ ပစ္စည်းသက်, ဝိဘတ်ချေ, ပကတိပြုလျှင် “ဂုဏဝန္တု+ဣယ”ဟု ဖြစ်၏၊ ဤသုတ်ဖြင့် ဝန္တု ချေ၍, ဏ် ခွင်း ချေ ကပ်လျှင် ဂုဏိယော ဟု ဖြစ်၏၊ သတိယော–မေဓိယော စသည်လည်း နည်းတူ၊ ဝန္တုပစ္စည်းစသည် သက်သောသုတ်များကို အဿတ္ထိ တဒ္ဓိတ်၌ တွေ့ရလတ္တံ့။

(၃၉၇) မေဓာ ယဿ၊ပေ၊ဝိဂ္ဂဟေ– “ယဿ အတ္ထိ”အရာ၌“အဿ အတ္ထိ” ဟုလည်းနေနိုင်၏၊ ထို“အဿ+အတ္ထိ”အနက်၌ ဝိ စသော ပစ္စည်းသက်သောကြောင့် မေဓာဝီစသည်ကို“အဿတ္ထိတဒ္ဓိတ်”ဟု ခေါ်၏၊ အဿ+အတ္ထိ အနက်ရှိသောကြောင့် အဿတ္ထျတ္ထ (အဿတ္ထိ အတ္ထ)”တဒ္ဓိတ် ဟုလည်းခေါ်သည်၊ တသ္မိံဝိဇ္ဇတိ အနက်၌ ဝိ စသော ပစ္စည်းသက်သောကြောင့်“တသ္မိံ ဝိဇ္ဇတျတ္ထတဒ္ဓိတ်”ဟု ခေါ်လိုက ခေါ်နိုင်

www.dhammaransi.com



**တဒဿတ္ထီတိ ဝီစ။** ။ပဌမာဝိဘတျန္တာ–ပဌမာဝိဘတ်အဆုံးရှိသောပုဒ်မှ နောက်၌၊ အဿ–ထိုအရာ၏၊ တံ–ထိုဟာသည်၊ အတ္ထိ-၏၊ ဝါ, တသ္မိံ–ထိုအရာ၌၊ (တံ-ထိုဟာသည်)၊ ဝိဇ္ဇတိ-၏၊ ဣစ္စေတေသု အတ္ထေသု-ဤအနက်တို့၌၊ ဝီ ပစ္စယော – ဝီ ပစ္စည်းသည်၊ ဟောတိ၊ စ – ဆက်ဦးအံ့၊ အယံ–ဤ ဝီ ပစ္စည်းသည်၊ မေဓာ မာယာ သဒ္ဒေဟိ – မေဓာ မာယာ သဒ္ဒါတို့မှ (နောက်၌)၊ (ဟောတိ)၊ မေဓာဝီ–ပညာရှိယောကျ်ားသည်၊ မေဓာဝိနော-တို့သည်၊ [ ဒဏ္ဍီကဲ့သို့ ရုပ်စဉ်၊ ] ဣတ္ထိယံ – ဣတ္ထိလိင်၌၊ ဤကာရန္တတ္တာ–ဤကာရန္တ၏အဖြစ်ကြောင့်၊ ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီတိ – သုတ်ဖြင့်၊ ဣနီ-ဣနီပစ္စည်းသက်၊ မေဓာဝိနီ–ပညာရှိမိန်းမသည်၊ မေဓာဝိနိယော-တို့သည်၊ နပုံသကေ-၌၊ မေဓာဝိ-ပညာရှိသော၊ ကုလံ-အမျိုးသည်၊ ဧဝံ, မာယာဝီ–မာယာရှိသော ယောကျ်ား၊ မာယာဝိနီ-မာယာရှိသော မိန်းမ၊ မာယာဝိ-မာယာရှိသော၊ စိတ္တံ-စိတ်။

စဂ္ဂဟဏေန-ဖြင့်၊ သော ဣလ ဝ အာလာဒိ ပစ္စယာစ–သော ပစ္စည်း, ဣလ, ဝ, အာလ အစရှိသော ပစ္စည်းတို့သည်လည်း (ဟောန္တိ)၊ ယထာ-ကား၊ ယဿ–အကြင်သူ၏၊ သုမေဓာ-ကောင်းသော ပညာသည်၊ အတ္ထိ၊

---

သေး၏၊သို့သော် "အဿတ္ထိ တဒ္ဓိတ်,အဿတ္ထျ တ္ထ တဒ္ဓိတ်"နာမည်ရပြီးဖြစ်၍"တသ္မိံ ဝိဇ္ဇတျတ္ထ"ဟူသောနာမည် မဖြစ်တော့ချေ။ [ဝုတ္တိ၌"မည်သူမည်ဝါ-မည်သည့်အရာ" ဟု မထင်ရှားဘဲ အားလုံးအတွက် ညွှန်ပြသောအရာဖြစ်၍ "အဿ–ထိုအရာ၏၊ တံ–ထိုဟာသည်"ဟု သာမည ပေးလိုက်သည်။]

မေဓာ မာယာ သဒ္ဒေဟိစာယံ–ဤဝီပစ္စည်းသည် မေဓာ မာယာ ၂ ပုဒ်နောင်သာ သက်၏၊ ရုပ်တွက်ရာ၌"ခမေဓာ ယဿ အတ္ထိ"ဟုရင်း "မေဓာ တသ္မိံ ဝိဇ္ဇတိ"ဟုရင်း ဝါကျရုပ်လုပ်၍ တွက်လေ့ရှိကြ၏၊ မေဓာနောင် ဝီပစ္စည်းသက်ပြီးနောက်မှ ယဿ အတ္ထိ စသည်ကို ချေကြသည်၊သို့သော်"မေဓာဝီတိ မေဓာ သဒ္ဒတော ယဿအတ္ထိ,တသ္မိံ ဝါ ဝိဇ္ဇတီတိ အတ္ထေ ဣမိနာ ဝီပစ္စယံ ကတွာ"ဟု ရုပ်ကျယ် တွက်လေ့ရှိသော နျာသ၌ပင် "မေဓာ"တည့်,ယဿ အတ္ထိဟူသောအနက်၌, တနည်း-တသ္မိံ ဝိဇ္ဇတိဟူသောအနက်၌ တဒဿတ္ထီတိ ဝီစ သုတ်ဖြင့် မေဓာနောင် ဝီပစ္စည်းသက်, နာမ်ငဲ့, သိသက်, ချေ"ဟု ရုပ်တွက်ပြထားသည်၊ ထို့ကြောင့် ယဿ အတ္ထိ စသည်ကို ထည့်၍ ရေးသား ရုပ်တွက် ဘွယ် မလို၊ ဆိုင်ရာပုဒ်ကို တည်၍ ဝိဂ္ဂြိုဟ်နက်ကို နှုတ်ဖြင့်သာ ဆိုလျက် ဆိုင်ရာပစ္စည်း သက်ခြင်းသာ ရှင်းလင်းသည်၊ အခြား တဒ္ဓိတ်ရုပ်များ၌လည်း ဤနည်းပင်၊ သို့ရာဝယ် ပုဒ်နှင့် ပစ္စည်းချဉ်းစပ်မှတဒ္ဓိတ်ဖြစ်သောကြောင့်"မေဓာ-တပေါ"စသည်ဖြင့် ဝိဘတျန္တ ပုဒ်ပြီး အနေအားဖြင့် ရုပ်တည်ရမည်ကိုကား သတိပြုပါ။

www.dhammaransi.com



ဝါ, တသ္မိံ—၌၊ (သုမေဓာ) ဝိဇ္ဇတိ၊ ဣတိ သုမေဓသော–သုမေဓသော မည်၏၊ ရဿတ္တံ–ရဿ အဖြစ်သည် (ဟောတိ)၊ ဧဝံ, လောမသော–အမွေးရှိသူ၊ အဿ–ထိုသစ်ပင်၏၊ ပိစ္ဆံ–အစေးသည်· အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတိ၊ ဣတိ ပိစ္ဆိလော–မည်၏၊ ဧဝံ, ဖေနိလော–အသီး၌ အမြှုပ်ရှိသော ပတီးနက်ပင်၊ တုဏ္ဍိလော–နှုတ်သီးရှိသော ဝက်၊ ဇဋိလော–ဆံကျစ်

---

စဂ္ဂဟဏေနာ၊ပေ၊ဉ္စုစ္စာဒိ—ဝိစ၌ စ သဒ္ဒါဖြင့် "သော"စသော ပစ္စည်းသက်၊ "သုမေဓာ"တည်, သုမေဓာ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတိ–ဟူသော အနက်၌ တဒဿတ္ထီတိ ဝိစ၌စသဒ္ဒါဖြင့် သော ပစ္စည်းသက် (သုမေဓာ+သော) "သုမေဓာ"ဟု ပကတိပြု၊ ကွစာဒိ မဉ္ဇူ၊တ္တရာန်ဖြင့် ဓာ၌ အာကို ရဿပြု, နာမ်ငဲ့, သိချေ, ပြီး၏၊ ရူပသိဒ္ဓိဋီကာ၌ "ဝဂ္ဂါ ပဥ္စပဉ္စသော မန္တာ"သုတ်ဝယ် ပဉ္စ ပဉ္စနောင် အဿတ္ထိအနက်၌ "သော"ပစ္စည်းသက် ဟု ဆို၏၊ နာမ်ငဲ့ ယော ဝိဘတ်ကို ချေ၊ ဤသို့ ရူပသိဒ္ဓိနှင့် ချွာသ အလို "သော"ဟုပင် ဆိုရမည်။

**သပစ္စည်း သာ။** ။သို့သော် ဇုတ္တိလိန်၌"ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ, တိမ္ဗရုံ သုရိယ ဝစ္ဆသော၊ပေ၊ပိတရံ တေ သုမေဓသေ"ဟူသော သုတ်မဟာဝါ သက္ကပဉ္စသုတ်၌ "ဝစ္ဆ သေ–သုမေဓသေ"ဟု အာလုပ်ပုဒ် ရှိ၍ "ဝစ္ဆသာ–သုမေဓသာ"ဟု ကညာကဲ့သို့ အာကာရန္တပုဒ်ဖြစ်သောကြောင့်၎င်း, "ဗဟူနိ နရသီသာနိ, လောမသာနိ ဗြဟာနိစ" ဟု မူလပဏ္ဏာသ သမ္ဗာသဝသုတ်၌"လောမသာနိ"ဟု စိတ္တာနိကဲ့သို့ ရုပ်ရှိသောကြောင့် ၎င်း လိန် ၃ ပါးရကောင်းသော သပစ္စည်းသာ ကောင်းဖြစ်သင့်၏၊သဒ္ဒနီတိလည်း"သ" ပစ္စည်းကိုပင် နှစ်သက်သည်၊ "လောမသာယာ တိ-ပေ၊လောမံ တေသံ (ဤပရိဒ္ဓိုဇ်မ ၏) အတ္ထီတိ လောမသာ၊ လိင်္ဂတ္တယေပိ ဟိ သပစ္စယေန ပဒသိဒ္ဓိ မိစ္ဆန္တိ သဒ္ဒဝိဒူ" ဟူသော သီလက္ခန် မဟာသီဟနာဒသုတ် ဋီကာသစ်လည်း သ ပစ္စည်းကိုပင် သဘော တူသည်၊လောမာနိ ယဿ အတ္ထီတိ လောမသော=အမွေးများစွာပေါက်သူ၊ (ပုရိသာဒိ ဂိုဏ်း ရုပ်စဉ်)။

**ပိစ္ဆိလော, ဖေနိလော။** ။ပိစ္ဆ သဒ္ဒါ"အစေး"ကို ဟောသောကြောင့် အစေး ရှိသောအရာဝတ္ထု၊အားလုံးပင် အဿတ္ထိအနက်၌ ဣလပစ္စည်းသက်၍"ပိစ္ဆိလ"မည်၏၊ လက်ပန်ပင်ကို ဟောရာ၌"ပိစ္ဆိလာ သိမ္ဗလိ ဒွိသု"ဟုဆိုသောကြောင့် ဇုတ္တိလိန်တည်း၊ ဖေနိလ၌ ဖေနသဒ္ဒါ "အမြှုပ်"အနက်ဟောတည်း၊ အသီး၌ အမြှုပ်ရှိသောကြောင့် ပတီးနက်ပင်ကို "ဖေနိလော"ဟု ခေါ်သတတ်၊ "ဖေနံ အဿ အတ္ထိ"ဟု ပြု။

**တုဏ္ဍိလော။** ။တုဏ္ဍိလဇာတ်၌ ဝက်ညီနောင်ကို မဟာတုဏ္ဍိလ-စူဠတုဏ္ဍိလဟု နာမည်မှည့်ပုံထောက်၍ "တုဏ္ဍံ-နှုတ်သီးသည်၊ယဿ အတ္ထိ"အရ ဝက်ကို"တုဏ္ဍိလ" ဟု ခေါ်စမှတ်ပြုဟန် တူသည်၊ ဝက်ဟော ပရိယာယ်ကား "သူကရော, ဝရာဟော" ဟု ၂ ပုဒ်သာရှိ၏၊ သက္ကတအဘိဓာန်၌ ချက်အနက် ဝမ်းအနက်ကိုဟောသော "တုန္ဒိ" သဒ္ဒါနောင် ဘပစ္စည်း-လပစ္စည်းသက်၍ "တုန္ဒိဘော–တုန္ဒိလော–ကြီးသောချက်ရှိသူ၊ ဝါ–ကြီးသောဝမ်းဗိုက်ရှိသူ"ဟု ရှိ၏၊ သို့ဖြစ်၍ သက္ကတ "တုန္ဒိလ"သည်ပင် မာဂဓ၌

www.dhammaransi.com



ရှိသော ရသေ့၊ ဒသာ–ထိုသူ၏၊ ကေသာ–ဆံပင်တို့သည်၊ အတ္ထိ–ရှိကုန်၏၊ ဣတိ ကေသဝေါ-မည်၏၊ ဝါစာလော-စကားဆုပ်ဘွယ် စကားရှိသူ (စကား များသူ)၊ ဣစ္စာဒိ။

---

''တုလျှိလ''ဟု ဖြစ်လေရော့သလား-ဟု စဉ်းစားဘွယ် ရှိ၏၊ သို့သော် ဣလ ပစ္စည်း၏ ပုံစံကိုပြသော အရာဖြစ်၍ ရူပသိဒ္ဓိအလိုအားဖြင့် နှုတ်သီးဟော တုဏ္ဍနောင် ဣလပစ္စည်း သက်သည်-ဟု ဆိုရတော့သည်၊ ဇဋိလောလည်း ''ဆံကျစ်''ဟော ''ဇဋာ''သဒ္ဒါနောင် ဣလပစ္စည်း တည်း။

**ကေသဝေါ။** ။ကေသာ (ဗဟုဝုစ် ပဌမာ ယောဝစနန္တ) နောင် ဝပစ္စည်းသက်၍ ကေသဝေါ ဖြစ်၏၊သီလဝေါ–သီလရှိသော နဂါး (သီလဝ နဂါးမင်း) ''အဏ္ဏံ ယဿ အတ္ထိ''အရ အဏ္ဏဝေါ–ရေရှိသော သမုဒ္ဒရာ၊ဂါဏ္ဍိဝံ–အဆစ် အဖုရှိသော(ဓနု–လေး) ''ဂါဏ္ဍိ(ဂါဌိ)၊သော အဿ အတ္ထိ''စသော မုဒ္ဓဗောဓဋီကာနှင့် အညီတည်း၊ ''ဂါဏ္ဍိ (မေဏ္ဍာသိင်္ဂ) အဿ အတ္ထိ''ဟုပြသော ပယောဂသိဒ္ဓိအလိုမှ ဆိတ်ချိုရှိသော လေး'' ဟု ပေးသင့်၏၊ဤကား ဝ ပစ္စည်း၏ ပုံစံများတည်း၊ ''မာနဝေါ–(ယစ်မူး ထောင်လွှား မော်ကြွားသော)မာန်မာနရှိသူ''ဟူရာ၌လည်း မာနနောင် ဝ ပစ္စည်းဖြင့် တနည်းပြီး၏။ [အခြား တနည်း ပြီးပုံကို ဏဝေါပက္ကာဒိဟိသုတ်၌ ပြခဲ့ပြီ။]

**ဝါစာလော။** ။ဣတ္ထိလိင်ဝါစာနောင် အာလပစ္စည်းသက်၍ စကားမှိုသူ,စကား များသူကို ဟောသော''ဝါစာလော''ဟုဖြစ်၏၊''ဝါစာ ယဿ အတ္ထိ''ပြု။ [ကဲ့ရဲ့ဘွယ် စကားများသူကိုသာ ''ဝါစာလော''ဟု ဆိုလိုသည်၊ (''ကုစ္ဆိတာ ဝါစာ ဝိဇ္ဇတေ ယဿာတိ ဝါစာလော''ဟု သာရတ္ထဝိဂြိုဟ် ပြု၏၊ မောဂ္ဂလ္လာန်၌လည်း ''နိန္ဒာယ မိလဿာဒိ လောပေ ပရောက္ခစိတိ''ဟု ဆိုသောကြောင့် နိန္ဒာအနက်၌ ဣလ သက်၍ နောက် ဣကို ''ပရောက္ခစိ''သုတ်ဖြင့် ချေသည်၊) ချီးမွမ်းဘွယ် စကားကြွယ်သူကိုကား ''ဝါစာမီ'' သဏ္ဍတ၌ ''ဝါဂ္မိန်''ဟု (မိ ပစ္စည်း=ဂ္မိန် ပစ္စည်းဖြင့်) ပြီး၏၊] ''သုခမံ အဿ အတ္ထီတိ သုခမာလော=သိမ်မွေ့သော သဘောရှိသူ။

**အာလာဒိ ပစ္စယာ စ။** ။အာလာဒိ၌ အာဒိဖြင့်''တုန္ဒိဘော,ဝဋိဘော-ကြီးသော ချက်ရှိသူ၊ဝလိဘော-တွန့်သောအရေရှိသူ''စသည်၌ ဘ ပစ္စည်းသက်၊''သာမီ,သုဝါမီ- ဥစ္စာရှိသူ, အရှင်''ဟူရာ၌ ဥစ္စာ အနက်ဟော ''သံ'' သဒ္ဒါနောင် အာမိ ပစ္စည်း–ဥဝါမိ ပစ္စည်းသက်၊ ''သံ ယဿ အတ္ထိ''ဟု ပြု၊ ''လက္ခဏော-ကျက်သရေရှိသူ''ဟူရာ၌ လက္ခီ နောင် ဏပစ္စည်းသက်၊သုတ်ကြီးဖြင့် က္ခီ၌ ဤကို အ–ပြု၊''အင်္ဂနာ–ကောင်းသော အင်္ဂါ ရှိသော မိန်းမ, ဝလိနော–တွန့်သော အရေရှိသူ''ဟူရာ၌ အင်္ဂ, ဝလိနောင် န ပစ္စည်း သက်၊''ဖလိနော-အသီးရှိသောသစ်ပင်,မလိနော-အညစ်အကြေးရှိသူ''ဟူရာ၌ ဖလ, မလနောင် ဣနပစ္စည်း သက်၊ ပဗ္ဗံ (အဆစ်) အဿ အတ္ထိ–ဝက်ံ (ကောက်သော သဏ္ဍာန်) ယဿ အတ္ထိ''အရ ပဗ္ဗ–ဝက်တို့နောင် (တ) ပစ္စည်း သက်၍ ''ပဗ္ဗတော, ဝက်တော (ဝက်တောင်)''ဟု ဖြစ်၏၊ တပနောင် ဏပစ္စည်း သက်, (သ်) လာ၍ ''တာပသော–ရသေ့၊ တာပသီ–ရသေ့မ''ဟု ဖြစ်၏၊ ဤသို့ စသည်ဖြင့် အဿတ္ထိ

www.dhammaransi.com



(၃၉၈) အဿ-ထိုသူ၏၊ တပေါ-ခြိုးခြံသော အကျင့်သည်၊ အတ္ထိ၊ ဝါ, တသ္မိံ (တပေါ) ဝိဇ္ဇတိ ဣတိ ဝိဂ္ဂဟေ (သတိ)၊ တဒဿတ္ထိတိ-တဒဿတ္ထိ ဟူသော သဒ္ဒါသည်၊ အဓိကာရော-တည်း။

**တပါဒိတော သီ**။ ။အဿ-ထို ဥစ္စာရှင်၏၊ တံ-ထို ဥစ္စာသည်၊ အတ္ထိ-၏၊ ဣစ္စေတသ္မိံ အတ္ထေ-၌၊ တပ ဣစ္စေဝမာဒိတော-တပ အစရှိသော သဒ္ဒါတို့မှ (နောက်၌)၊ သီ ပစ္စယော-သီ ပစ္စည်းသည်၊ ဟောတိ၊ သဿ-သ၏၊ ဒွိဘာဝေါ-(ဟောတိ)၊ တပဿီ-အကျင့်ရှိသော ရသေ့သည်၊ တပဿိနော-တို့သည်၊ [ဒဏ္ဍီကဲ့သို့ ရုပ်စဉ်၊] တပဿိနီ-အကျင့်ရှိသော ရသေ့မ၊ [ဒဏ္ဍိနီကဲ့သို့ စဉ်၊] တပဿီ-အကျင့်ရှိသော အမျိုး၊ [သုခကာရိကဲ့သို့ စဉ်၊] ဧဝံ, တေဇဿီ-တန်ခိုးရှိသူ၊ ယသဿီ-အခြံအရံရှိသူ၊ ဝါ-အကျော်အစောရှိသူ၊ မနဿီ — မြင့်မြတ်သောစိတ် ရှိသူ၊ ပယဿီ — ရေရှိသော အိုင်၊ [ပယသဒ္ဒါ "ရေ-နို့ရည်" အနက်ဟော။]

(၃၉၉) အဿ ထိုသူ၏၊ ဒဏ္ဍော-ဒုတ်သည်၊ အတ္ထိ၊ ဝါ, တသ္မိံ (ဒဏ္ဍော) ဝိဇ္ဇတိ ဣတိ ဝိဂ္ဂဟေ (သတိ)။

**ဒဏ္ဍာဒိတော ဣက ဤ**။ ။အာဒိသဒ္ဒေါ — သည်၊ ပကာရတ္ထော — အတူ ဟူသော အနက်ရှိ၏၊ အဿ-၏၊ တံ-သည်၊ အတ္ထိ၊ ဣစ္စေတသ္မိံ အတ္ထေ - ၌၊ ဒဏ္ဍ ဣစ္စေဝမာဒိတော - ဒဏ္ဍ အတူရှိသော၊ အဝဏ္ဏန္တာ-

---

အနက်၌ မပြီးအပ်သော ပစ္စည်းများကိုယူ၊ ["ဖလိဒေဘာ-ကောင်းစွာဖြစ်ခဲ့သော အသီးရှိသော သစ်ပင်၊ ပုပ္ဖိဘော—ကောင်းစွာဖြစ်ခဲ့သော အပွင့်ရှိသောသစ်ပင်၊ သုခိဘော—လွန်စွာဖြစ်သော သုခရှိသူ၊ ဒုက္ခိတော—သူ၊ မျာခိတော—ပွေန်စွာဖြစ်သော အနာရှိသူ" စသည်၌ကား "သဉ္ဇာတံ ဖလံ ဧတဿာတိ ဖလိတော" စသည် ပြု၍ ပစ္စယာ ဒနိစ္စာ "နိပါတနာ" သုတ်ကြီးဖြင့် ဣတ ပစ္စည်း သက်။]

(၃၉၈) တပါဒိတော—အာဒိဖြင့် မနောဂိဏ်းဝင် သဒ္ဒါစုကို ယူ၊ သဏ္ဍာန်၌ မနောဂိဏ်းသဒ္ဒါစုဝယ် "မနသ်—တပသ်" စသည်ဖြင့် သ် (သဗျည်း) ဆုံးလျက်ရှိသော ကြောင့်(ဤ)ပစ္စည်းမသက်ဘဲ ထိုသဗျည်းပါအောင် သီပစ္စည်းသက်ရသည်၊ "မနသ္မိ"ဟု ဝဆွဲရှိသောကြောင့်လည်း ဝ၏အစား ဋ္ဌေဘော်လာရသည်၊ [သဒ္ဒနိတိ၌ "တေဇဿီ" ပုဒ်ဝယ် ဋ္ဌေဘော် မပါဘဲလည်း ရှိ၏ဟု ဆို၏၊ သက္ကတ အလိုအားဖြင့်ကား ဋ္ဌေဘော် ရှိရမည်သာ။]

(၃၉၉) ဒဏ္ဍာဒိတော—အာဒိ သဒ္ဒါသည် ပကာရ (အတူ) အနက် ရှိ၏၊ ထို့ကြောင့် "ဒဏ္ဍ"ကဲ့သို့ အဝဏ္ဏန္တချင်းတူသော မာလာ-ဆတ္တစသည်ကိုယူ၊ ပုံလိန်

www.dhammaransi.com



အဝဏ္ဏအဆုံးရှိသောသဒ္ဒါမှနောက်၌၊ ဏ္ဍက ဤ ဏ္ဍတိ-ဏ္ဍက,ဤဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ဒဏ္ဍိကော, ဒဏ္ဍီ - ဒုတ် ရှိသူသည်၊ ဒဏ္ဍိနော- တို့သည်၊ ဒဏ္ဍိနီ-ဒုတ်ရှိသော မိန်းမသည်၊ ဧဝံ, မာလိကော, မာလီ-ပန်း ရှိသူသည်၊ မာလိနီ-ပန်းရှိသော မိန်းမသည်၊ ဆတ္တိကော, ဆတ္တီ-ထီးရှိသူ၊ ရူပိကော, ရူပီ-ရုပ်ရှိသူ၊ ကေသိကော, ကေသီ-ဆံပင်ရှိသူ၊ ဉာဏီ-ဉာဏ်ရှိသူ၊ ဟတ္ထီ-နှာမောင်းရှိသော ဆင်၊ ဏ္ဍစ္စာဒိ-တည်း။

(၄၀၀) မဓွာဒိတော ရော။ ။အသာ, တံ, အတ္ထိ ဏ္ဍတိအတ္တေ-၌၊ မဓုအာဒိတော-မဓုအစရှိသောသဒ္ဒါမှ နောက်၌၊ ရ ပစ္စယော-ရ ပစ္စည်းသည်၊ ဟောတိ၊ အသ-ထိုတင်လဲ၏၊ မဓု-ချိုသော အရသာသည်၊ အတ္ထိ၊ ဝါ, တသ္မိံ -ထိုဘင်လဲ၌၊ မဓု-သည်၊ ဝိဇ္ဇတိ၊ ဏ္ဍတိ -ကြောင့်၊ မဓုရော-မည်၏၊ ဂုဠော - တင်လဲတည်း၊ [ ပုရိသာဒိရုပ်စဉ်၊ ] မဓုရော - ချိုသော အရသာ ရှိသော၊ သက္ခရာ - သကာ၊ [ ကညာဒိရုပ်စဉ်၊ ] မဓုရံ - ချိုဆိမ့်သော အရသာရှိသော၊ ခီရံ-နို့ရည်၊ [စိတ္တာဒိရုပ်စဉ်၊ လိင် ၃ မျိုး ရအောင် "ဂုဠော, သက္ခရာ, ခီရံ"ဟု အဘိဓေယျအမျိုးမျိုး ပြထားသည်၊] တေသ- ဤဆင်၏၊ ကုဉ္စာ (ဟနု)-မေးတို့သည်၊ သန္တိ-ရှိကုန်၏၊ [သိ၌ "သန္တိ" ရှိသည်၊] ဏ္ဍတိ, ကုဉ္စရော-မည်၏၊ သဗ္ဗသ္မိံ-သတ္တဝါအားလုံးကို၊ ဝတ္တဗ္ဗေ-

---

ဟူသမျှ ဒဏ္ဍီနှင့် အတူစဉ်၊ ဣတ္ထိလိင် နပုလ္လိင် ဟူသမျှ ဒဏ္ဍိနီ—သုခကာရိနှင့် အတူစဉ်၊ ပေါက္ခရသဒ္ဒါ "ရေ—ကြာ"ဟူသောအနက်ကို ဟော၏၊ "ပေါက္ခရံ တသ္မိံ ဝိဇ္ဇတိ"အရ "ပေါက္ခရီ"ဟုဖြစ်ပြီးနောက် ဣနီပစ္စည်းသက်၍"ပေါက္ခရဏီ"ဖြစ်ကြောင်း နာမ်ခဏ်း၌ ပြခဲ့ပြီ၊ ကုမုဒိနီ—ကုမုဒြာကြာ ရှိသော အိုင်၊ ပဒုမိနီ—ပဒုမာကြာ ရှိသော အိုင်၊ ဥပ္ပလိနီ— ကြာညို ကြာဖြူ ကြာနီရှိသော အိုင်—စသည်၌လည်း ကုမုဒ နောင် ဤပစ္စည်းဖြင့် ကုမုဒီ စသည်ဖြစ်ပြီးမှ ဣနီပစ္စည်း သက်၍ ပြီးသည်။

(၄၀၀) မဓုရော—"မဓု-ပျားရည်"ဟူရာ၌မဓုသဒ္ဒါ"ပျားရည်"ဒြပ်ကိုဟော၏၊ "မဓု—ချိုဆိမ့်သော အရသာ"ဟူရာ၌ အရသာဟောတည်း၊ ထိုဒြပ်-အရသာ ၂ နက် တို့တွင် အရသာဟော မဓု နောင် ရ ပစ္စည်း သက်သည်၊ အကယ်၍ ဒြပ်ဟော နောင် သက်လျှင်"မဓု အသ္မိံ ဃဋေ(ဤအိုး၌) ဝိဇ္ဇတိ"ဟူသော ဝိဂ္ဂဟ်အရ ပျားရည်အိုးသည် မဓုရ မည်ရာ၏၊ ထို အနက်မျိုးကိုလည်း မဓုရသဒ္ဒါက ဟောရိုး မရှိချေ။

ကုဉ္စရော—"ဆင်၏မေး"အနက်ကိုဟောရာ၌ "ကုဉ္စော"ဟုပုလ္လိင်ရှိ၏၊ထို့ကြောင့် "ကုဉ္စာ"ဟူသောဗဟုဝစနန္တပုဒ်ကို"ဟနူ"ဟု ဗဟုဝုစ်ဖြင့်ပင်ဖွင့်၍"သန္တိ"ဟုဗဟုဝုစ် ကြိယာဖြင့်ပြသော သီဟိုဠ်မူသည် ရှေ့နောက်ညီ၏၊ "ကုဉ္စော(ဟနု)တေသ အတ္ထိ"ဟု ရှိလျှင်လည်း ကောင်းသည်သာ၊ ["ကုံ (ပဌဝိံ)—မြေကို၊ ဇရယတိ—(ဖျက်ဆီးသော

www.dhammaransi.com



ဆိုအပ်သော်၊ ဝါ-ဆိုလိုသော်၊ အဿ-ထိုသူ၏၊ မုခံ-ခံတွင်းသည်၊ ဝါ-မျက်နှာသည်၊ အတ္ထိ၊ ဣတိ, မုခရော၊ [အခြားနည်းအားဖြင့် အနက်ပေးပုံကို အမိပ္ပါယ်မှာ ပြထား၏။] အဿ-ထိုသစ်ပင်၏၊ သုသိ-အပေါက်(အခေါင်း)သည်၊ အတ္ထိ၊ ဣတိ, သုသိရော-မည်၏၊ ဝေံ, ရုစိရော-အရောင်ရှိသောနေ၊ နဂရော-သစ်ပင်ရှိသော ဇနပုဒ်။

---

အားဖြင့်) ဆွေးမြေ့စေတတ်၏၊ကုန္ဒေ—တောင်အပြင်၌၊ရုမတိ—မွေ့လျော်တတ်၏''ဟု ဝိဂြိုဟ်ပြုလျှင် တဒ္ဓိတ်မဟုတ်, ကိတ်ပုဒ်တည်း။]

**မုခရော၏အနက်တမျိုး။** ။''သမ္ဗဿိံ ဝတ္တမ္ဗေ''ဖြင့် စကားကောင်းကိုဆိုရာ၌သာ နှုတ်ရှိသည် မဟုတ်, ထိုသူ့မှာ စကားမကောင်းကို ဆိုရာ၌လည်း နှုတ်ရှိ၏၊ ထို့ကြောင့် ''သမ္ဗဿိံ-အကောင်းအဆိုး အမျိုးစုံဖြစ်သော၊ဝတ္တမ္ဗေ-ဆိုထိုက်သောစကားဟူသမျှ၌၊ အဿ—၏၊ မုခံ-ခံတွင်း (နှုတ်) သည်၊ အတ္ထိ—ရှိ၏''ဟု ပေး၊ စကားများသူ စကား ပေါသူဖြစ်၍ ကောင်းသည်ကိုလည်း ပြော—မကောင်းသည်ကိုလည်း ပြောတတ်သူ-ဟု ဆိုလိုသည်၊ မောဂ္ဂလ္လာန်ပဉ္စိကာ၌လည်း ''မုခမဿ အတ္ထီတိ သမ္ဗဿိံ ဝတ္တမ္ဗေ''ဟုပင် ရှိ၏၊ ရှေးနိဿယ၌ကား ''သပ္ပဿိံ—မြွေကို၊ ဝတ္တမ္ဗေ—သော်၊ အဿ—ထို မြွေအား''ဟု ပေး၏၊ မုခရ သဒ္ဒါ မြွေ အနက်ကို မဟောသောကြောင့် ပါဠိပျက် အနက်ပျက်တည်း။ [''မုခံ (မုခဗျာပါရံ) ရာတိ အာဒဒတ္တေတိ မုခရော—နှုတ်၏ ဗျာပါရဖြစ်သော စကားကို ယူတတ်သူ''ဟူသော ထေဝမနိမိ၌ကား တဒ္ဓိတ်မဟုတ်၊ ကိတန္တသမာသ်ပုဒ်တည်း။]

**သုသိရော**—သုသိ (ဣတ္ထိလိင်) သည် အပေါက်(အခေါင်း) အနက်ကို ဟော၏၊ အပေါက်ရှိသောအရာ (သစ်ပင်စသည်) ကို ရ၏၊ နိဿယဟောင်း၌ကား ''အဿ— ထိုဦးခေါင်းအား''ဟု ပေး၏၊ ဦးခေါင်း ဟောရာ၌ ''သုသိရံ သီသံ''ဟု နပုလ္လိင် ဖြစ်သောကြောင့် ''သုသိရော''ဟူသော ပုလ္လိင်ရုပ်နှင့် ထိုအနက် မသင့်။

**ရုစိရော**—သုသိရော နောက်၌ ''ရုစိရော''ဟု သီမူရှိ၏၊ ''ယထာပိ ရုစိရံ ပုပ္ဖံ'' စသည်ဖြင့် အရောင်ဟော ရုစိနောင် ရပစ္စည်း သက်သော ပါဠိရှိ၍ ကောင်းပေသည်၊ မြန်မာမူ၌ကား''အဝ်''ဟူသော အနက်ဟော သုစိနောင် ရ ပစ္စည်းဖြင့်''သုစိရော—အဝ် ရှိသူ''ဟု ရှိ၏၊ တချို့က ''သုစိရော—စင်ကြယ်ခြင်း ရှိသူ''ဟုလည်း ပေး၏။

**နဂရော**—''မြို့''ဟူသောအနက်ကို ဟောရာ၌''နဂရံ-နဂရီ (ပုရံ နဂရ မိတ္ထိ ဝါ) '' ဟု နပုလ္လိင်-ဣတ္ထိလိင်တည်း၊ ဤ၌ ''နဂရော''ဟု ပုလ္လိင်ရှိ၍ ''ဇနပဒေါ''ကို ငဲ့ထား သည်ဟု ကြံ၊ နဂ သဒ္ဒါသည် သစ်ပင် အနက်, တောင် အနက်ကို ဟော၏၊ တနည်း— ''နဂ စ္ဆတီတိ နဂေါ'' အရ ထိုထို ဤဤ မသွားတတ်သောကျောက်ကို ''နဂ''ဟု ခေါ်၏၊ ထို ကျောက်တို့ဖြင့် ပြုလုပ်အပ်သော ပြာသာဒ် အစရှိသော နတ်ကွန်း နတ်နန်း ရှိသော ကြောင့်လည်း ဇနပုဒ်ကို နဂရော, မြို့ကို နဂရံ ဟု ခေါ်သည်။ [နဂါ ပါသာဒါဒယော ပါသာဏမယာ (ကျောက်ဖြင့် ပြီးအပ်ကုန်သော) ဒေဝတာလယာ (နတ်တို့ တည်ရာ နတ်ကွန်းတို့သည်) အသ္မိံ သန္တီတိ နဂရံ''—မောဂ္ဂလ္လာန် ပဉ္စိကာ။]

www.dhammaransi.com



(၄၀၁) အဿ - ထိုသူ၏၊ ဂုဏော အတ္ထိ ဝါ တသ္မိံ (ဂုဏော) ဝိဇ္ဇတိ ဣတိ ဝိဂ္ဂဟေ(သတိ)။

ဂုဏာဒိတော ဝန္တု။ ။အဿ တံ အတ္ထိ ဣတိအတ္ထေ, ဂုဏ ဣစ္စေဝမာဒိတော - ဂုဏ ဤသို့ အစရှိသော သဒ္ဒါတို့မှ (နောက်၌)၊ ဝန္တု ပစ္စယော ဟောတိ၊ ဝိဘတ္တိလောပေ - ဝိဘတ်ချေခြင်းကိုရင်း၊ နာမ ဗျပဒေသေ စ- ကိုရင်း၊ ကတေ - ပြုအပ်ပြီးသော်၊ သျာဒျုပ္ပတ္တိ - သက်၊ ဂုဏဝန္တု+သိ-ဟု ဖြစ်ပြီးသော်၊ .... သဝိဘတ္တိဿာတိ - သ ဝိဘတ္တိဿ ပုဒ်ကိုရင်း၊ န္တုဿာတိ စ - န္တုဿ ပုဒ်ကိုရင်း၊ အဓိကိစ္စ-လိုက်စေ၍၊ ["န္တုဿာတိ စ အဓိကိစ္စ" ဟု သိမှုရှိ၏၊ အမှုသ မမံ သ ဝိဘတ္တိဿ သော-န္တုဿန္တော သုတ်တို့မှ လိုက်စေသည်၊] အာ သိမှိတိ-အာ သိမှိသုတ်ဖြင့်၊ အာတ္တံ-အာပြု၊ ဂုဏဝါ- ဂုဏ်ရှိသော၊ ပုရိသော-ယောကျ်ား၊ သေသံ - ကြွင်းသော ပုဒ်အပေါင်းကို၊ ဉေယျံ - သိအပ်၏၊ ဝါ - သိလောက်ပြီ၊ ဂဏဝါ - ဂိုဏ်းရှိသူ၊ ကုလဝါ- အမျိုးကောင်းရှိသူ၊ ဣစ္စာဒယော - ဤသို့ အစရှိသော သဒ္ဒါတို့သည်၊ ဧဝံ- ဤ အတူတည်း၊ ဣတ္ထိယံ - ဣတ္ထိလိင်၌၊ ဏဝ ၊ပေါန္တုဟိတိ - သုတ်ဖြင့်၊ ဤပစ္စယော - ဤပစ္စည်းသက်။ ဝါတိ - ဝါ ပုဒ်သည်၊ ဝတ္တမာနေ-လိုက်လတ်သော်၊ [နဒါဒိတော ဝါ ဤ သုတ်မှလိုက်သည်၊] န္တုဿတ မီကာရေတိ- သုတ်ဖြင့်၊ တကာရော - တ, ပြု၊ ဂုဏဝတီ, ဂုဏဝန္တီ - ဂုဏ်ရှိသော မိန်းမ၊ ဣစ္စာဒိ – နပုံသကေ - ၌၊ [သိ၌ "နပုံသကေ"ဟု ပါသည်၊] အံ နပုံသကေတိ- သုတ်ဖြင့်၊ သ ဝိဘတ္တိဿ, န္တုဿ-၏၊ အမာဒေသော-အံပြု၊ ဂုဏဝံ - ဂုဏ်ရှိသော အမျိုး၊ ဣစ္စာဒိ-တည်း။

---

(၄၀၁) ဝိဘတ္တိလောပေ နာမဗျပဒေသေ——ရုပ်တွက်ရာ၌ "ဂုဏ"တည်, သိသက် ပြုပြီ၊ ဂုဏောနောင် အဿတ္ထိ အနက်၌ ဤသုတ်ဖြင့် ဝန္တု ပစ္စည်းသက်။ ဂုဏော၌ သိ ကို တေသံ ဝိဘတ္တိယောလောပါ စဖြင့်ချေ၊ဂုဏဟု ပကတိပြု၊ဂုဏဝန္တုကို နာမ်ငဲ့သိသက်လျှင်"ဂုဏဝန္တု+သိ"ဟုဖြစ်၏၊ထို့နောက် ဂုဏဝါဒိဂိုဏ်း ထုံးစံအတိုင်း စီရင်၍ ဂုဏဝါဟု ပြီးစေ။

သေသံဉေယျံ, ဧဝံ ဂဏဝါ ကုလဝါ ဣစ္စာဒယော——ဂုဏဝန္တာ ဂုဏဝန္တော စသောရုပ်များကို နာမ်၌ ပြခဲ့ပြီးဖြစ်၍ သိလောက်ပြီ-ဟူလို၊ "ဂဏော ယဿ, ကုလံ ယဿ အတ္ထိ"အရ ဂဏဝါစသော ဝန္တုပစ္စယန္တပုဒ်ဟူသမျှ၌ ဤနည်းအတိုင်း ရုပ်ပြီးပုံကိုသိပါ၊ "ဝေဒနာဝါ–ဝေဒနာရှိသော တရား၊ သညာဝါ"တို့၌ ဝေဒနာ သညာ ဟူသော မူလနာမည်မပျောက်စေရန် "နာ-ညာ"ဟုရှိရသည်၊"ပညဝါ=ပညာရှိသူ" ဟူရာ၌ကား"ပညာ"ဟူသော နာမည်က လိုရင်း မပျောက်သောကြောင့် ညာ၌ ရဿ

www.dhammaransi.com



(၄၀၂) အဿ-ထိုသူ၏၊ သတိ-သတိသည်၊ အတ္ထိ၊ ဝါ တသ္မိံ (သတိ) ဝိဇ္ဇတိ ဣတိ ဝိဂ္ဂဟေ (သတိ)၊ တဒဿတ္ထီတိ-တဒဿ တ္ထိ ပုဒ်သည်၊ ဝတ္တတေ-၏၊ [၃၉၀-သုတ်၌ "တဒဿတ္ထီတိ အဓိကာရော"ဟု ဆိုခဲ့ပြီး ဖြစ်သောကြောင့် "တဒဿတ္ထီတိ ဝတ္တတေ"သည် ပိုဟန်တူ၏၊]

**သာဒျာဒီဟိ မန္တု။** ။အဿ တံ အတ္ထိ ဣတိ အတ္ထေ, သတိ ဣစ္စေဝ မာဒီဟိ-သတိ ဤသို့ အစရှိကုန်သော၊ အဝဏ္ဏန္တ ရဟိတေဟိ-အဝဏ္ဏန္တ လိန်မှ ကင်းကုန်သော၊ ပဌမာဝိဘတျန္တေဟိ-ပဌမာဝိဘတ် အဆုံးရှိကုန် သော၊ လိင်္ဂေဟိ-လိန်တို့မှ (နောက်၌)၊ မန္တုပစ္စယော ဟောတိ၊ သေသံ-သည်၊ ဂုဏဝန္တုသမံ-ဂုဏဝန္တုသဒ္ဒါနှင့် တူ၏၊ သတိမာ-သတိရှိသော ယောကျ်ား၊ သတိမတီ, သတိမန္တီ-သတိရှိသော မိန်းမ၊ သတိမံ-သတိ ရှိသောစိတ်၊ ဓိတိမာ-ဆောင်ရွက်နိုင်သော လုံ့လရှိသူ၊ ဂတိမာ-ပညာရှိသူ၊ ဣစ္စာဒယော-ဤသို့ အစရှိသော သဒ္ဒါတို့သည်၊ စေ-ဤအတူတည်း။

(၄၀၃) တဿာ-ထိုမှတပါး၊ [ဣကာရန္တနောင် မန္တု သက်သော ပုံစံမှ တပါး ဥကာရန္တနောင် သက်သော ပုံစံကား-ဟူလို၊] အဿ-ထိုသူ၏၊ အာယု-အသက်သည်၊ အတ္ထိ-၏၊ ဣတိ-ထို့ကြောင့်၊ အာယုမန္တု ဣတိ-အာယု+မန္တု ဟု ဖြစ်ပြီးသော၊ အတြ-ဤ၌ ပြယုဂ်၌။

**အာယုဿု ကာရာသ မန္တုမှိ။** ။မန္တုမှိ-ကြောင့်၊ အာယုဿ-အာယု သဒ္ဒါ၏၊ ဥကာရော-သည်၊ အသ်-အသ် အပြုသည်၊ ဟောတိ၊

---

ပြုရသည်၊ ဂုဏဝါဒိဂိုဏ်း ရုပ်စဉ်လေ။ ["စေ ဂုဏဝါ ကုလဝါ ဣစ္စာဒယော"ဟု အချို့ ရှိ၏၊ နာမ်-ဂုဏဝါဒိဂိုဏ်း၌ နံမိုတံဝါသုတ် အဆက်ဝယ် "ဂုဏဝန္တွေသု"ဟု ရုပ်စဉ် ဆုံးပြီးနောက် "စေ ဂုဏဝါ ကုလဝါ ဗလဝါ"စသည်ဖြင့် ပြထားသောကြောင့် ဤ၌လည်း "စေ ဂုဏဝါ"စသည်ဖြင့် ရှိသင့်သည်။]

(၄၀၂) အဝဏ္ဏန္တ ရဟိတေဟိ—အဝဏ္ဏန္တလိန်နောင် ဒဏ္ဍာဒိတော ဣက ဤ, ဂုဏာဒိတော ဝန္တုသုတ်ဖြင့် ပစ္စည်းသက်သောကြောင့် ဤသုတ်က အဝဏ္ဏန္တမှ တပါး သော လိန်နောင်မန္တုပစ္စည်းသက်သည်၊ သတိမာ-အာယသ္မာ-ဂေါမာ စသည်တည်း။ [ဤသုတ်က အဝဏ္ဏန္တမှတပါး လိန်အားလုံးကို သိမ်းယူသောကြောင့် "ဒဏ္ဍာဒိတော ဣက ဤ"သုတ်၌ အဝဏ္ဏန္တလိန်ကိုသာ ယူခဲ့သည်။]

(၄၀၃) [မြန်မာမူ၌ "အသ ဟောတိ"ဟု ရှိ၏၊ သီမူ၌ "အသ် ဟောတိ"ဟု သရ မပါဘဲ ရှိ၏၊ ဘိကို မသို ကပ်ရဦးမည်ဖြစ်၍ သရမပါခြင်းသာ ကောင်း၏၊ မောဂ္ဂလ္လာန် ၌လည်း အာယုပုဒ်ကို "အာယသ်"ပြုသည်။]

www.dhammaransi.com



ဇာတိ - ဤသုတ်ဖြင့်၊ အသာဒေသော - အသ် ပြု၊ အာယသ္မာ - ရှည်သော အသက်ရှိသူ၊ သေသံ - ကြွင်းသော အစီအရင်သည်၊ သမံ - ဂုဏဝန္တု သဒ္ဒါနှင့် တူ၏၊...အဿ - ထိုသူ၏၊ ဂါဝေါ - နွားတို့သည်၊ သန္တိ, ဇာတိ, ဂေါမာ - မည်၏၊ ဂေါမန္တော - နွားရှိသူတို့သည်၊ ဂေါမတီ, ဂေါမန္တီ - နွားရှိသော မိန်းမ၊ ဂေါမံ-နွားရှိသော၊ ကုလံ-အမျိုး၊ ဇာစ္စာဒိ-တည်း။

(၄၀၄) အဿ-ထိုသူ၏၊ သဒ္ဓါ-သဒ္ဓါသည်၊ အတ္ထိ, ဇာတိ ဝိဂ္ဂဟေ(သတိ)၊

**သဒ္ဓါဒိတော ဏ။** ။အဿ တံ အတ္ထိ ဇာစ္စေတသ္မိံ အတ္ထေ, သဒ္ဓါပညာ ဇာစ္စေဝမာဒိတော - သဒ္ဓါ, ပညာ ဤသို့ အစရှိသော သဒ္ဒါမှ (နောက်၌)၊ ဏ ပစ္စယော ဟောတိ၊ သဒ္ဓေါ - သဒ္ဓါရှိသော၊ ပုရိသော - ကျား၊ သဒ္ဓါ- သော၊ ကညာ - သမီး၊ သဒ္ဓံ-သော၊ ကုလံ - မျိုး၊ ဧဝံ, ပညော-ပညာရှိသူ၊ အမစ္ဆရော - ဝန်တိုခြင်း ရှိသူမဟုတ်၊ တထာ - ပါး၊ အဿ - ထိုသူ၏၊ ဗုဒ္ဓံ- (ဗုဒ္ဓိ)-သိတတ်သော ဉာဏ်သည်၊ အတ္ထိ-၏၊ ဇာတိ, ဗုဒ္ဓေါ-မည်၏၊ ဇာစ္စာဒိ- တည်း၊....အဿတ္ထိ တဒ္ဓိတံ-သည် (နိဋ္ဌိတံ)။

---

**သေသံ သမံ**—ဥကို အသ်အပြုမှကြွင်းသောသိနှင့်တကွ န္တုကိုအာပြု၍"အာယသ္မာ" ဟု ဖြစ်အောင် စီရင်မှုနှင့် အာယသ္မန္တော စသောရုပ်—အာယသ္မန္တီ စသော ဣတ္ထိလိင် ရုပ်များကို "သေသံ သမံ"ဟု ညွှန်းသည်၊ နပုံလိင်ရုပ်ကား "အာယသ္မံ"ဟု ဖြစ်နိုင် သော်လည်း ရှိခဲ၏၊ မှန်၏—ဤ"အာယသ္မာ"ပုဒ်သည် တကယ် အသက်ရှည်သူကိုသာ ဟောသည်မဟုတ်,ပိယသမုဒါစာရ (ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး ခေါ်ဝေါ်ကြောင်း) ပသံသာ (ချီးမြှောက်၍ ခေါ်ကြောင်း) သဒ္ဒါဖြစ်၍ အသက် ငယ်ရွယ်သူကိုပင် "အာယသ္မာ"ဟု ခေါ်နိုင်သည်၊ အမျိုးကိုကား ထိုကဲ့သို့ ခေါ်ခွင့်မရှိ၍ နပုံလိင်ရုပ် ရှိဘို့ ခဲယဉ်းသည်၊ "ဂေါမာ"ကား ဩကာရန္တနောင် မန္တုသက်ရာ ပုံစံတည်း၊ ရုပ်ပြီးပုံ ထင်ရှားပြီ။

(၄၀၄) **သဒ္ဓါ ကညာ**—ဣတ္ထိလိင်ကို ခဟာရာ၌ "သဒ္ဓါ ယဿာ(အကြင်သတို့ သမီး၏)အတ္ထိ"ဟုရင်း"သဒ္ဓါ တဿံ(ထိုသတို့သမီး၌)ဝိဇ္ဇတိ"ဟုရင်း ဝိဂ္ဂြိုဟ်ပြု၊ရှေ့၌လည်း ဣတ္ထိလိင် အရာဝယ် "အဿာ—တဿံ"ဟုချည်း ထည့်၊ နပုလ္လိင် ဝိဂ္ဂြိုဟ်မှာ ပုလ္လိင်နှင့် မထူးပြီ၊ "ပညာ ယဿ အတ္ထိတိ ပညော၊" ပညာ—ပညာရှိသော မိန်းမ၊ ပညံ—ပညာ ရှိသော အမျိုး၊ "မစ္ဆရံ ယဿ အတ္ထိတိ မစ္ဆရော"ဟု ဖြစ်ပြီးမှ, "န+မစ္ဆရော, အမစ္ဆ ရော"ဟု ကမ္မဓာရဲ သမာသ်တွဲ၊ "ဗုဒ္ဓံ(ဗုဒ္ဓိ)အဿ"၌ ဗုဒ္ဓိသည် ဗုဒ္ဓံ၏အဖွင့် မဟုတ်လျှင် "ဗုဒ္ဓံ ဗုဒ္ဓိဝါ အဿ"ဟု ဝါသဒ္ဒါ ပါရာ၏၊ ထိုသို့ မပါသောကြောင့်ပင် ဗုဒ္ဓိကို ဗုဒ္ဓံ၏ အဖွင့် ဟု မှတ်၊ ဗုဒ္ဓိနောင်ကား မန္တုပစ္စည်းဖြင့် "ဗုဒ္ဓိမာ"ဟုသာ ရှိရာ၏။ [အဿတ္ထိ တဒ္ဓိတ်တို့ ပစ္စုပ္ပန်ဟောပုံနှင့် "အဿ"ကို "အား"ဟု မပေးဘဲ "၏"ဟု ပေးရခြင်း၏ အကြောင်းနှင့် ကြွင်းသောမှတ်ဘွယ်ကို ကစ္စည်းဘာသာဋီကာ၌ ပြထား၏။]

www.dhammaransi.com



## သင်္ချာတဒ္ဒိတ်

( ၄၀၅ ) ပဥ္စန္နံ - ၅ ခုတို့၏၊ ပူရဏော - ပြည့်ကြောင်းတည်း၊ ဏူတိ ဝိဂ္ဂဟေ (သတိ)။

**သင်္ချာ ပူရဏေ မော။** ။အနေန - ဤအနက်ဖြင့်၊ သင်္ချာ - သင်္ချာသည်၊ ပူရယတိ-ပြည့်၏၊ ဣတိ-ကြောင့်၊ ပူရဏော-မည်၏၊ သင်္ချာယ - သင်္ချာ၏၊ ပူရဏော - ပြည့်ကြောင်းတည်း၊ သင်္ချာ ပူရဏော - သင်္ချာ၏ ပြည့်ကြောင်း၊ တသ္မိံ သင်္ချာ ပူရဏတ္ထေ - ထိုသင်္ချာ၏ ပြည့်ကြောင်း အနက်၌၊ ဆဋ္ဌိယန္တ တော-၌၊ မ ပစ္စယော ဝါ ဟောတိ၊ [သီဒ်၌ "ဟောတိ ဝါ" ဟု ရှိ၏၊] ပဥ္စမော- ၅ ခုတို့၏ ပြည့်ကြောင်း ဖြစ်သော၊ ဝဂ္ဂေါ-အစု၊ [သီဒ်၌ "ဝဂ္ဂေါ" ဟု အဘိ ဓေယျ ပါသည်၊] ပဥ္စန္နံ - ၅ ခုတို့၏၊ ပူရဏီ - ပြည့်ကြောင်းတည်း၊ ပဥ္စမီ- ကြောင်း၊ နဒါဒိတော ဝါ ဤတိ-သုတ်ဖြင့်၊ ဤ ပစ္စယော-သက်၊ ဣတ္ထိယ မတော အာပစ္စယောတိ-သုတ်ဖြင့်၊ အာပစ္စယေ-အာပစ္စည်း သက်လတ်သော်၊ [ ပစ္စယေ - ဟု သီမူရှိ၏၊ ] ပဥ္စမာ - ပဥ္စမာ ဟု ဖြစ်၏၊ ပဥ္စမာ- ၅ ခုတို့၏ ပြည့်ကြောင်း ဖြစ်သော၊ ဝီရိယ ပါရမီ-ဝီရိယ ပါရမီ၊ ပဥ္စမံ-သော၊ ဈာနံ- ဈာန်၊ ဧဝံ, သတ္တမော, မီ, မာ, မံ-ခုနစ်ခုတို့၏ ပြည့်ကြောင်း၊ အဋ္ဌမော၊ပေ၊ ဒသမံ, ဣစ္စာဒိ။

---

(၄၀၅) ပူရယတိ၊ပေ၊သင်္ချာ ပူရဏော—ဤဝါကျကား "သင်္ချာ ပူရဏေ" ပုဒ်၏ ဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ဤဝိဂြိုဟ်အရ "သင်္ချာ၏ပြည့်ကြောင်းအနက်" ဟု ပေးရ သည်၊၄ ခုရှိပြီးသော အစု၌ နောက်ထပ် တခုထည့်လျှင် ၅ ခုပြည့်၏၊ "၅ ခုပြည့်ကြောင်း ဝတ္ထု" ဟူသည် နောက်ထပ် တခုတည်း၊ ထို့ကြောင့် ပဥ္စမောအရ ၅ ခုလုံးကို မရ, ၅ ခုပြည့်ကြောင်း ဖြစ်သော တခုကို ရသည်၊ ထို ၅ ခုပြည့်ကြောင်း ဝတ္ထုသည်ပင် ၄ ခု အပေါ်မှာ မြောက်လျက် မြင့်လျက် ရှိသောကြောင့် "ပဥ္စမော—၅ ခုမြောက်" ဟုလည်း အနက်ပေးကြသည်။

ပဥ္စမီ ပဥ္စမာ—ပဥ္စန္နံ ဟူသော ဆဋ္ဌီယန္တ ပုဒ်နောင် ပူရဏအနက်၌ ဤသုတ်ဖြင့် မပစ္စည်းသက်, နိဂ္ဂဟိတ်ချေ, ပဥ္စ—ဟု ပကတိပြု (ပဥ္စမ) နာမ်ငဲ့ သိကို ညြဖြ၍ ပဥ္စမော (ဝဂ္ဂေါ) ဟု ပုလ္လိင် ပုရိသာဒိဂိုဏ်း ရုပ်ဖြစ်၏၊ (ဤ) ပစ္စည်းသက်လျှင် ပဥ္စမီဟုရင်း, အာပစ္စည်း သက်လျှင် ပဥ္စမာဟုရင်း ဣတ္ထိလိင် နဒါဒိ—ကညာဒိရုပ်ဖြစ်၏၊ ပဥ္စမာ နောင် "ဝီရိယ ပါရမီ" ကား အဘိဓေယျ (ဟောနက်) ပြသော ပုဒ်တည်း၊ ပဥ္စမံ ဈာနံ၌ ဈာနံလည်း အဘိဓေယျပင်။

မှတ်ချက်။ ။ဧက (တခု) သင်္ချာကား ပြည့်ကြောင်းအနက် မဖြစ်နိုင်၍ ဧကကို အထူးမပြပြီ၊ ထို့ကြောင့် "ပဌမအကြိမ်မြောက်" ဟု "မြောက်" နှင့် တွဲ၍ မသုံးစွဲသင့်၊

www.dhammaransi.com



(၄၀၆) သင်္ချာ ပူရဏေတိ-သည်၊ အဓိကာရော-တည်း။

**စတုဆ္ဆေ ဟိထဋ္ဌာ။** ။သင်္ချာပူရဏတ္ထေ, စတု ဆ ဣစ္စေတေဟိ-စတု,ဆ ဟူသော ဤသဒ္ဒါတို့မှနောက်၌၊ ထဋ္ဌဣတိ-ထ ဋ္ဌဟူကုန်သော၊ ဧတေပစ္စယာ ဝါ ဟောန္တိ၊ [သီဋ္ဌ "ဝါ"ပါသည်၊] စတုန္နံ-၄ ခုတို့၏၊ ပူရဏော-တည်း၊ စတုတ္ထော-ကြောင်း၊ ဒွိတ္တံ-ဒွေဘော်လာ၊ စတုတ္ထီ, စတုတ္ထာ, စတုတ္ထံ-၄ ခုတို့၏ ပြည့်ကြောင်း၊ ဆန္နံ-၆ ခုတို့၏၊ ပူရဏော, ဆဋ္ဌော ဆဋ္ဌီ, ဋ္ဌာ, ဋ္ဌံ-၆ ခုတို့၏ ပြည့်ကြောင်း၊ ဝေံ-ဤအတူ၊ ဆဋ္ဌော ဝေ-၆ ခုမြောက်သည်ပင်၊ ဆဋ္ဌမော-ဆဋ္ဌမ မည်၏။

(၄၀၇) ဆာဟံ, သဠာယတနံ ဣစ္စတြ-ဟူသော ဤပြယုဂ်၌၊

**သ ဆဿဝါ။** ။သင်္ချာနေ-သင်္ချာအရာ၌၊ ဆဿ-ဆ၏၊ သကာရာဒေသော၊ သ အပြုသည်၊ ဝါ ဟောတိ၊ အဿ-ထိုသူ၏၊ ဇီဝိတံ—အသက်ရှည်ရာကာလသည်၊ သာဟံ-၆ ရက်တည်း၊ ဆာဟံဝါ-ဆာဟံလည်း ရှိ၏၊ သဠာယတနံ-၆ ပါးသော အာယတန။

---

ဒွိ-စ-တု-ဆ သင်္ချာတို့၏ ပူရဏအနက်၌ မ ပစ္စည်းမသက်ဘဲ, အခြားပစ္စည်း တမျိုးစီ သက်လတံ့၊ ထို့ကြောင့် ဒွိ စသော သင်္ချာတို့ကို ချန်လှပ်၍ ဧဝံ "သတ္တမော" စသည်ဖြင့် ပြသည်၊ဤ (မ) ပစ္စည်းဖြင့် ပြီးရသော သင်္ချာပုဒ်တွေ များသောကြောင့် မပစ္စည်းကိုပင် သင်္ချာတဒ္ဓိတ်၌ ခေါင်းတပ်၍ အစဆုံး ပြထားသည်။

(၄၀၆) "စတု ဆနှင့်,သန္တကိုပြု,သဗျည်းစုနောက်,ဒွေဘော်ရောက်၏"နှင့်အညီ "စတုဆ္ဆေဟိ, စတုတ္ထော,ဆဋ္ဌော"စသည်ဖြင့် ဒွေဘော်နှင့် ရှိရသည်၊ ဆဋ္ဌော၌လည်း ဆန္နံ နောင် ဋ္ဌပစ္စည်းသက်, နံဝိဘတ်ချေ (ဆဋ္ဌ) ဋ္ဌ ဒွေဘော်သာသည်၊ ဣတ္ထိလိန်၌ "စတုန္နံပူရဏီ စတုတ္ထီ"ဟူရင်း, နပုံလိန်၌"စတုန္နံ ပူရဏံ စတုတ္ထံ"ဟုရင်း ဝိဂ္ဂြိုဟ်ပြုရမည်ကို ပုဒ်တိုင်းမှာ သတိပြု။

**ဆဋ္ဌမော**—"ဧဝံ ဆဋ္ဌော ဝေ ဆဋ္ဌမော"ဟု သီဟိုဠ်မူရှိ၏၊ ဧဝံသား "ဆန္နံ ပူရဏော"ဟူသော ဝိဂ္ဂြိုဟ်ကို ညွှန်းသည်၊ "ဆဋ္ဌော ဝေ"ဟူသော သကတ် အနက်၌ သင်္ချာပူရဏောမှာ သုတ်ဝယ် "မော"ဟူသော ယောဂဝိဘာဂဖြင့် မ ပစ္စည်းသက်, "ဆဋ္ဌမော—၆ ခုမြောက်"ဟုဖြစ်၏၊ဆဋ္ဌမာ-၆ ခုမြောက်သော၊ ခန္တိပါရမီ-ခန္တိပါရမီ၊ မောဂ္ဂလ္လာန်၌ကား "ဆာ—ဋ္ဌ ဋ္ဌမာ"ဟု ဋ္ဌမပစ္စည်းတခါထည်းသက်သည်။ ["ဆဋ္ဌမ" ပုဒ်ကို စုဏ္ဏိယ၌ မသုံးရ, ဂါထာ၌သာ သုံးရမည်ဟု ခွဲခြားကြ၏။]

(၄၀၇) "ဆ+အဟာနိ, ဆ+အာယတနာနိ"ဟူသော ဒိဂုသမာသ် ဝါကျဖြင့် ဆာဟံ, (ဠ အက္ခရာလာ၍) "ဆဠာယတနံ"ဟုပြီးသော ဒိဂုသမာသ်လည်း သင်္ချာရှေး

www.dhammaransi.com



(၄၇၀) ဒွိန္နံ-၂ ခုတို့၏၊ ပူရဏော ဣတိ ဝိဂ္ဂဟေ (သတိ)၊

**ဒွိတိဟိ တိယော။** ။သင်္ချာပူရဏေတ္တေ, ဒွိတိ ဣစ္စေတေဟိ-တိယပစ္စယော ဝါ ဟောတိ။

(၄၀၉) ဝိပရိဏာမေန - ဝိဘတ်ပြောင်းလဲသော အားဖြင့်၊ ဒွိတိဏ္ဏန္တိ-ဒွိ, တိဏ္ဏံ ဟူသောပုဒ်သည် (ဝတ္တမာနေ-ဒသင်)၊ [" ဒွိတိဟိ "မှ ဝိဘတ်ပြင်၍ "ဒွိ တိဏ္ဏံ"ဟု လိုက်သည်-ဟူလို၊]

**တိယေ ဒုတာပိစ။** ။ပရေ, တိယ ပစ္စယေ-ကြောင့်၊ ဒွိတိ ဣစ္စေတေသံ-ဒွိတိ ဟူ ကုန်သော ဤ သဒ္ဒါတို့၏၊ ဒုတ ဣစ္စာဒေသော-ဒု, တ ဟူကုန်သော ဤအာဒေသတို့သည်၊ ဟောန္တိ၊ ဒုတိယော - ၂ ယောက်မြောက်သော၊ ပုရိသော -ကျား၊ ဒုတိယာ - ၂ ခုမြောက်သော၊ ["ဝိဘတ္တိ-ဝိဘတ်" သီဟိုဠ်မူ ရှိသည်၊] ဒုတိယံ - ၂ ခုမြောက်သော စိတ်၊ ဇေ, တိဏ္ဏံ-တို့၏၊ ပူရဏော - တည်း၊ တတိယော - ကြောင်း၊ တတိယာ, ယံ-၃ ခုမြောက်၊ အပိဂ္ဂဟဏေန -ဖြင့်၊ အညတ္ထာပိ - အခြား ပုဒ်နှောင်းရာ၌လည်း၊ ဒွိ သဒ္ဒဿ - ၏၊ ဒု အာဒေသော ဟောတိ၊ စ သဒ္ဒေန, ဒိစ-

---

ရှိသောကြောင့် ဤသင်္ချာအခဏ်း၌ သွင်းပြသည်၊ ထို့ကြောင့်ပင် "သင်္ချာနေ"ဟု ဝုတ္တိ၌လည်း ထည့်နိုင်သည်၊"ဆ+အဟ"ဟု ဖြစ်သောအခါ ဤသုတ်ဖြင့် ဆကို သပြု, သာဟံ ဟု ဖြစ်၏၊ ဝါ မြစ်၍ (သ) မပြုသောအခါ"ဆာဟံ"ဟုလည်းဖြစ်၏။ ["အသဿ ဇိဝိတံ"ကို တွဲဘက်ဖြစ်၍ ထည့်ပြသည်။] "ဆ+အာယတန"ဟု ဖြစ်သောအခါ ဆ ကို သ ပြု။

(၄၀၈) ဒွိတိဟိ တိယော—သက္ကတ၌ "တီယ"ဟု ဒီဃဖြင့် "ဒွိတီယော,တြိတီယော"စသည်ရှိ၏၊ရှေးပါဠိများ၌ ဒုတိယ တတိယဟု တိ၌ ရဿဖြင့် အတွေ့များ၏၊ ထို့ကြောင့်"တီယ=တိယ" ၂ မျိုးလုံးပင် အသင့်ချည်းဟု မှတ်။

(၄၀၉) အပိဂ္ဂဟဏေန ၊ ပေ ၊ ဒိဂုံ —— [ဒုတိယော တတိယော စသည်ပြီးပုံ ထင်ရှားပြီ၊]"အပိဂ္ဂဟဏေန အညတ္ထာပိ"အရ ဒုတာပိဝယ် အပိသဒ္ဒါကိုတိယေနောင် ထိုင်စေ၍"တိယေပိ-တိယပစ္စည်းကြောင့်လည်း"ဟုပေး၊ တိယေဟူသော နိမိတ်နောင် ထိုင်သော ပိုအပိဖြင့် တိယ ပစ္စည်းမှတပါး အခြားသော ရတ္တ—ဝိဓေသော နိမိတ်ကို ဆည်းသည်၊ "ဒုတာစ-ဒု တ အပြုတို့သည်လည်း"ဟုပေး၍ ထို ဒု-တ ကာရိယနောင် ထိုင်သော စ သဒ္ဒါလည်း ဒိ အပြုဟူသော အခြား ကာရိယကို ဆည်းသောကြောင့် "စသဒ္ဒေန ဒိစ"ဟုဆိုသည်၊ "ဒွိရတ္တံ"ဟု ဒိဂုသမာသ် ပြီးသောအခါ ဤသုတ်၌ အပိ သဒ္ဒါဖြင့် ဒွိ ကို ဒုပြု၊ "ဒွေ+ဝိဓာ ယဿာတိ ဒုဝိဓံ, ဒွေ+အင်္ဂါနိ ဒုဝင်္ဂံ,ဒွေ+ဂုဏာ ဒုဂုဏံ,ဒွေ+ဂါဝေါ ဒိဂု"ဟု သမာသ်တွဲ၍ ဆိုင်ရာသမာသ်ပြီးသောအခါ ဒု-ဒိပြုလေ။

www.dhammaransi.com



ဒိလည်း ပြု၊ ဒွေ - ၂ ခုကုန်သော၊ ရတ္တိယော - ညဉ့်တို့တည်း၊ ဒွ ရတ္တံ - ၂ ညဉ့်၊ ဒွိဝိစံ - ၂ ပါး အပြား ရှိ၏၊ ဒုဝင်္ဂံ - ၂ ပါးသော အင်္ဂါ၊ (ဒိရတ္တံ - ၂ ညဉ့်)၊ ဒိဂုဏံ - ၂ ထပ်၊ ဒိဂု - ၂ ကောင်သော နွား။

(၄၁၀) **တေသ မဍ္ဎုပ ၊ပေ၊ တိယာ။** ။အဍ္ဎုပ ပဒါနံ - အဍ္ဎ ဟူသော အနီးပုဒ် ရှိကုန်သော၊ တေသံ စတုတ္ထ ဒုတိယ တတိယာနံ - ထို စတုတ္ထ, ဒုတိယ, တတိယ သဒ္ဒါတို့၏၊ အဍ္ဎုပပဒေန - အဍ္ဎ ဟူသော အနီးပုဒ်နှင့်၊ သဟ-တကွ၊ အဍ္ဎုဍ္ဎ, ဒိဝဍ္ဎ, ဒိယဍ္ဎ အဍ္ဎ တိယာဒေသာ - တို့သည်၊ ဟောန္တိ၊ စ-ဆက်၊ တွေ-ဤသုတ်၌၊ အဍ္ဎုပပဒ ပါဒါနုသမတ္တာ-အဍ္ဎ ဟူသော အနီးပုဒ်ကို ယူခြင်း၏ အစွမ်းကြောင့်၊ အဍ္ဎပုဗ္ဗကာ - အဍ္ဎသဒ္ဒါရှေးရှိကုန်သော၊ စတုတ္ထ ဒုတိယာဒယော - စတုတ္ထ ဒုတိယ အစရှိသော သဒ္ဒါတို့ကို၊ တေသံ သဒ္ဒေန-တေသံ သဒ္ဒါဖြင့်၊ ဂယှန္တေ-ယူအပ်ကုန်၏။

အဍ္ဎေန - အခွဲဖြင့်၊ စတုတ္ထော - ၄ ခုတည်း၊ အဍ္ဎုဍ္ဎော - အခွဲဖြင့် ၄ ခု၊ ဝါ-၃ ခုခွဲ၊ အဍ္ဎေန-ဖြင့်၊ ဒုတိယော - ၂ ခုတည်း၊ ဒိဝဍ္ဎော, ဒိယဍ္ဎော - အခွဲဖြင့် ၂ ခု၊ ဝါ-၁ ခုခွဲ၊ အဍ္ဎေန-ဖြင့်၊ တတိယော-၃ ခုတည်း၊ အဍ္ဎတိယော-အခွဲဖြင့် ၃ ခု၊ ဝါ-၂ ခုခွဲ။

---

(၄၁၀) **တေသံ စတုတ္ထ၊ပေ၊အဍ္ဎုပ ပဒါနံ**—"စတုတ္ထေဟိ ထဋ္ဌာ, ဒွိတီဟိ တိယော"သုတ်၌ "စတုတ္ထ—ဒုတိယ—တတိယ"ဟု အစဉ်ရှိခဲ့သောကြောင့် ထို အစဉ် အတိုင်း"တေသံ"၌ တ သဒ္ဒါက ပြန်စွဲသည်၊ထို့ကြောင့်"တေသံ စတုတ္ထ ဒုတိယ တတိယာနံ"ဟု ဖွင့်ရသည်၊ အဍ္ဎံ ဥပ ပဒံ ယေသံ (စတုတ္ထ ဒုတိယ တတိယာနံ)တို့ အဍ္ဎုပ ပဒါ=အဍ္ဎ အနီးပုဒ်ရှိသော စတုတ္ထ စသည်တို့။

**တွေစ, အဍ္ဎုပပဒ၊ပေ၊ဒုတိယာ ဒယော**—သုတ်၌ "အဍ္ဎုပပဒေန"ဟု ရှိ၏၊ ထို"အဍ္ဎုပပဒ"သဒ္ဒါကိုယူခြင်း၏အစွမ်းကြောင့်"စတုတ္ထ-ဒုတိယ-တတိယ သက်သက် မဟုတ်, အဍ္ဎသဒ္ဒါနှင့် တွဲဘက်နေသော အဍ္ဎစတုတ္ထ, အဍ္ဎဒုတိယ, အဍ္ဎတတိယသဒ္ဒါ ဖြစ်ကြောင်း သိသာသည်၊ ထို့ကြောင့် သုတ်၌ပါသော တေသံ သဒ္ဒါဖြင့် အဍ္ဎသဒ္ဒါ ရှေးရှိသော စတုတ္ထ ဒုတိယ တတိယ သဒ္ဒါတို့ကို စွဲယူဘို့ရာ "တေသံ စတုတ္ထ ဒုတိယ တတိယာနံ အဍ္ဎုပပဒါနံ"ဟု ဖွင့်ရသည်—ဟူလို။

**အဍ္ဎေန စတုတ္ထော အဍ္ဎုဍ္ဎော**—အဍ္ဎသဒ္ဒါသည် တွဲဘက် သချ်ာ၏ ထက်ဝက် ဟူသောအနက်ကို ဟော၏၊ထို့ကြောင့်"အဍ္ဎုဍ္ဎော"အရ"၃ ခုခွဲ"ရ၏၊ထိုသို့ ၃ ခုခွဲ ရအောင် "စတုတ္ထော"၌ ထ ပစ္စည်းလည်း ပူရဏအနက်၌ မသက်ဘဲ"သချ်ာပူရဏေ" ဟူသော အလိုက်ကိုကြည့်၍"စတုတ္ထေဟိ ထဋ္ဌာ"သုတ်ဖြင့် သကတ္ထ၌ ထ ပစ္စည်းသက်-ဟု ကြံကြသည်၊ထို့ကြောင့်"အဍ္ဎေန-အခွဲဖြင့်၊စတုတ္ထော-(၄ ခုမြောက်-ဟုမပေးဘဲ)

www.dhammaransi.com



ကေဠူ - တခုလည်း၊ ဒသစ - ဆယ်ခုတို့လည်း၊ ဇာတိအတ္ထေ - ၌၊ ဒွန္ဒသမာသေ - ဒွန်သမာသ်ကို သော်ရင်း၊ ဧကေန - တခုဖြင့်၊ အဓိကာ - လွန်ကုန်သော၊ ဒသ - ဆယ်ခုတို့တည်း၊ ဇာတိအတ္ထေ - ၌ တပ္ပုရိသ သမာသေဝါ - ကိုသော်ရင်း၊ ကတေ - ပြုအပ်သော်၊ ["ကောရသ, ကောဒသ" တို့၌ စပ်၊ ဤသို့ ဝိဂ္ဂိုဟ်ပြုလျှင် ကောရသ - ကောဒသ ဖြစ်သည် - ဟူလို။]

သင်္ချာနေတိ - သင်္ချာနေ ပုဒ်သည်၊ ဝတ္တမာနေ - သော်၊ (ကောဒိတော ဒသ ရ သင်္ချာနေသုတ်မှ လိုက်)၊ ဒွေကဋ္ဌာန မာကာရောဝါတို - သုတ်ဖြင့်၊ အာတ္တံ - အာ အဖြစ်သည် (ဟောတိ)၊ အယံ ဝါသဒ္ဒေါ-သည်၊ ဝဝတ္ထိတ

---

၄ ခုတည်း"ဟု ပေးသည်၊ အဍ္ဎေနှ၌ နာ ဝိဘတ်လည်း ဝိသေသန အနက်၌ သက်၊ "အဍ္ဎေန စတုတ္ထော—အခွဲဖြင့် ၄ ခုတည်း, ၄ ခု အပြည့် မဟုတ်, ၃ ခု အပြည့်တွင် နောက်ထပ် တဝက်ထည့်ထားသော ၃ ခုခွဲ" ဟူလို။

**မှတ်ချက်။** ။သဟတ္ထ၌ နာဝိဘတ်ဟုကြံ၍ "အဍ္ဎေန-အခွဲနှင့်တကွ" ဟု ပေးရိုးရှိ၏၊ ထိုအနက်အတိုင်း "အဍ္ဎေန စတုတ္ထော-အခွဲနှင့်တကွ ၄ ခု" ဟူသည် ၄ ခုခွဲသာဖြစ်ရာ၏၊ ဥပမာ—"အနုဟူသော အနီးပုဒ်နှင့်တကွ စတုတ္ထကို အနုစုပြု" ဟူရာ၌စတုတ္ထသဒ္ဒါချည်း မက,အနုသဒ္ဒါလည်း အပိုပါသကဲ့သို့,ထို့ အတူ ထက်ဝက်နှင့်တကွ ၄ခုဟူရာ၌ ၄ခုချည်း မက, ထက်ဝက်လည်း အပိုပါရာ၏၊ ထို့ကြောင့် "အခွဲနှင့်တကွ" ဟူသော အနက်ကို ဆင်ခြင်သင့်သည်။ [အခြားတနည်းကြံဘွယ်ကို ကစ္စည်းဘာသာဋီကာ၌ပြထားသည်။]

**ဒိ ဝ ခု စ သ ည်။** ။"အဍ္ဎေန ဒုတိယော" စသည် ဝိဂ္ဂိုဟ်ပြုရသော ဒုတိယ—တတိယ တို့၌လည်း တိယ ပစ္စည်းကို သကတ္ထ၌ သက်သည်—ဟု ကြံ၊ "အဍ္ဎေန ဒုတိယော" ဟူသော တတိယာ တပ္ပုရိသ် အနက်၌ "အနု ဒုတိယ" ဟု ဖြစ်သောအခါ ဤသုတ်ဖြင့် ဒိဝနု—ဒိယဍ္ဎုပြု, နာဝ် ငဲ့, သိ သက်, ဩ ပြု၊ အနုတိယလည်း ဤနည်းအတိုင်းတည်း၊ အနုတေယျော ဟု ရှိရာ၌ကား သကတ္ထ၌ ဏျ ပစ္စည်းသက်, တေသုဝုဒ္ဓိဖြင့် တိ၌ ဣ ကို ဧဝုဒ္ဓိပြု။

**ကေဠု၊ပေ၊ကတေ**——ဧကေ အစ ဒသတိုင်အောင် သင်္ချာသဒ္ဒါတို့သည် တပုဒ်နှင့် တပုဒ်ကို ရောစပ် မြှောက်ပွားရသော သမ္ဗန္ဓ-မိဿက-ဂုဏိတ သင်္ချာများ မဟုတ်ကြ၊ နဂိုရ်သင်္ကေတ (အမှတ်အသား) အတိုင်းပင် ဧကသည် (၁) ဟူသော အနက်ကို၊ပေ၊ ဒသသည် (၁၀) ဟူသော အနက်ကို ဟောကြသော အထင်ရှူဋ္ဌိသဒ္ဒါ—သင်္ကေတသင်္ချာ များတည်း၊ ထို့ကြောင့် ထိုဧကစသော သင်္ချာများအတွက် ရုပ်အနေအထားမှာ နာမ် ဝိဘတ် သက်၍ ဆိုင်ရာသုတ်ဖြင့် စီရင်ရုံမျှဖြင့် ပြီးရကား ထိုသင်္ချာများနောင် ပူရဏ အနက်၌ "မ" ပစ္စည်း သက်ပုံကိုသာ ပြခဲ့သည်၊ ကောဒသ စသော သင်္ချာများကား တပုဒ်နှင့် တပုဒ် ရောစပ်ခြင်း စသည်ကို ပြုမှ ပြီးသောကြောင့် ထိုသင်္ချာသဒ္ဒါတို့ ပြီးပုံကို ရှေးဦးစွာ ပြပြီးမှ ထိုသင်္ချာတို့နောင် တဒ္ဓိတ်ပစ္စည်း သက်ပုံကို ပြလိုရကား "ကေဠု" စသည်ကို မိန့်၊ ဆက်ဦးအံ့—"ကောဒသ" ဟု ပြီးအောင် စာကိုယ်အတိုင်း ဒွန်သမာသ်

www.dhammaransi.com



ဝိဘာသဗ္ဗော - ၏၊ စ - ဆက်၊ ကေန - ထို့ကြောင့်၊ ဗ္ဗေ - ဤ သုတ်၌၊ ဝါသုတိ - ဝါ သဒ္ဒါသည်၊ ဒသေ-ဒသ သဒ္ဒါကြောင့်၊ ဒွေကဋ္ဌာနံ - ဒွိ့ ဧက၊ အဋ္ဌ သဒ္ဒါတို့၏၊ နိစ္စံ - မြဲသော၊ အာတ္တံ - အာ အဖြစ်ကိုရင်း၊ အာနဝုတိယာ-နဝုတိ တိုင်အောင်သော သဒ္ဒါကြောင့်၊ ဒွိဿ - ဒွိသဒ္ဒါ၏၊ နဝါ - ဝိကပ် အားဖြင့်၊ အာတ္တံ - ဖုင်း၊ ဣတရေသံ-ဒွိမှ တပါးသော ဧက အဋ္ဌသဒ္ဒါတို့၏၊ (ဝီသတျာဒိသု-ဝီသတိ အစရှိသည်တို့ကြောင့်၊) အသန္တံ-မရှိသော၊ အာတ္တံ-ကိုရင်း၊ ဒီပေတိ-ပြ၏။

ကောဒိတော ဒသ ရ သချာနေတိ-သုတ်ဖြင့်၊ ရတ္တံ-ရ အဖြစ်သည်၊ (ဟောတိ)၊....ရာဒေသော-ရ အပြုသည်၊ ဝဏ္ဏ မတ္တတ္တာ-ဝဏ္ဏမျှ၏ အဖြစ်ကြောင့်၊ ဝဏ္ဏ မတ္တ ပယောဂ - ဒ ဝဏ္ဏမျှကို ပြုရမည်လော၊ သ ဝဏ္ဏမျှကို ပြုရမည်လောဟု တွေးတောဘွယ်ရှိသည်၊ သိယာ-ဖြစ်ရာ၏၊ အပိ-သို့သော်လည်း၊ နိမိတ္တာသန္နဘာဝတော-ကောဒိတောဟူသော နိမိတ်နှင့် နီးကပ်သည်၏ အဖြစ်ကြောင့်၊ ဒသဿ-ဒသ သဒ္ဒါ၏၊ ဒဿေဝ - ဒ၏သာလျှင်၊ (ရာဒေသော-ရ အပြုသည်၊ ဘဝတိ-ဖြစ်၏။)

---

ဖြစ်စေ တပ္ပုရိသ် သမာသ်ဖြစ်စေ ထုံးစံအတိုင်းတွက်၊ ထို့နောက် ဒွေကဋ္ဌာန မာကာရောဝါသုတ်ဖြင့် ဧက၏ အဆုံးသရကို အာပြု "ကောဒသ"ဟု ဖြစ်၏၊ [ဤမျှဖြင့် မပြီးသေး, ဝိဘာတ်သက်၍ ပြီးပုံကိုပြဦးလတ့ံ။]

ဝဝတ္ထိတ၊ပေ၊ဒီပေတိဝါသုတိ—ဒွေကဋ္ဌာန မာကာရောဝါသုတ်ကို နာမ်ခဏ်း၌ ပြခဲ့ပြီးသော်လည်း ရုပ်စီရင်ရာဘွင် ပါဝင်နေသောကြောင့် ဤတဒ္ဓိတ်ခဏ်း၌ ပြရ ပြန်သည်၊ ထိုသို့ ပြရာဝယ် ဝါသဒ္ဒါ၏ အနက်ကျယ်ကို ထို နာမ်ခဏ်း၌ မပြခဲ့ရသေး သောကြောင့် ဤ၌ ပြလိုရကား"ဒွေကဋ္ဌာနံ"စသည်ကိုမိန့်၊ဝဝတ္ထိတ ဝိဘာသာ အနက် ရှိသော ဝါ သဒ္ဒါကြောင့် ဒသသဒ္ဒါ နှောင်းရာ၌ အမြဲအာပြု၍ "ဒွါဒသ—ကောဒသ—အဋ္ဌာဒသ"ဟု ဖြစ်၏၊ ဝီသတိ အစ နဝုတိတိုင်အောင် သချာနှောင်းရာ၌ ဒွိကိုသာ အာ ပြု၏၊ ထိုသို့ပြုရာ၌လည်း ဝိကပ် (အနိစ္စ) ဖြစ်သောကြောင့် "ဒွါဝီသတိ၊ပေ၊ ဒွါနဝုတိ"ဟုရင်း "ဒွေဝီသတိ၊ပေ၊ဒွေနဝုတိ"ဟုရင်း ရှိရသည်၊ ဝီသတိစသည် နှောင်းရာ၌ ဒွိမှတပါး အခြားသော ဧက အဋ္ဌတို့ကိုကား လုံးဝအာမပြု (အသန္တ— အာ အပြုမရှိ"ဟူလို)၊ ထို့ကြောင့် ကောဝီသတိ အဋ္ဌာဝီသတိ စသည်မရှိဘဲ "ဧက ဝီသတိ, အဋ္ဌဝီသတိ"စသည်သာ ရှိရသည်။

ရာဒေသော၊ပေ၊နိမိတ္တာသန္နဘာဝတော—ကောဒိတောဒသရသချာနေသုတ် ၌"ဒသ—ဒသ သဒ္ဒါ၏၊ရ—ရအပြု"ဟု ဆိုသော်လည်း ရ အပြုက ဝဏ္ဏ တလုံးထည်း (ရဗျည်းတလုံးထည်း) ဖြစ်သောကြောင့် "ဒသသဒ္ဒါ တခုလုံးကို ရပြုသည်"ဟုကား

www.dhammaransi.com



တတော - ထိုမှ နောက်၌၊ ဗဟုဝစနံ - ဗဟုဝုစ်ဖြစ်သော၊ ယော - ယော ဝိဘတ်သက်၊ ပဉ္စာဒီန မကာရောတိ-သုတ်ဖြင့်၊ သဝိဘတ္တိသ-သော၊ အန္တဿ-အဆုံးသရ၏၊ ဧတ္တံ-အ အဖြစ်သည်၊ (ဟောတိ)၊ ကောရဿ, ကောဒဿ-ကောရဿ, ကောဒဿ ဟု ပြီး၏၊ လိင်္ဂတ္တယေပိ-လိန် ၃ ပါး အပေါင်း၌လည်း၊ သမာနံ-ရုပ်တူ၏။

(၄၁၁) ဝါတိ ဝတ္တတေ (သဆဿဝါ သုတ်မှ လိုက်)။

**ကောဒိတော ဒဿဿ**။ ။ပူရဏတ္ထေ-သံချာ၏ ပြည့်ကြောင်း အနက်၌၊ ကောဒိတော — ကေ အစရှိသော သံချာ သဒ္ဒါမှ၊ ပရဿ — သော၊ ဒဿဿ-ဒသသဒ္ဒါ၏၊ အန္တေ - အဆုံး၌၊ ဤပစ္စယော - ဤပစ္စည်းသည်၊ ဝါ ဟောတိ၊ .... ဒဿာ - ဆဋ္ဌီယန္တဖြစ်သော ဒသ သဒ္ဒါ၏၊ ပစ္စယာယောဂါ (ပစ္စယ+အယောဂါ)—"ဤ" ဟူသော ပစ္စည်းနှင့် မစပ် မယှဉ်ခြင်းကြောင့်၊ အတ္ထတော - သာမတ္ထိယတ္ထအားဖြင့်၊ အန္တေတိ - အန္တေ ဟူသော အနက်ကို၊

---

ထင်မှားဘွယ် မရှိဇတွချေ၊ ဘာ့ကြောင့်နည်း— "သဒ္ဒါတခုကို အခြား သဒ္ဒါတခု ဖြစ်အောင် ပြုရာ၌ အာဒေသီနှင့် အာဒေသ သဒ္ဒါချင်း ညီမျှမှ သင့်တင့်၍, ဒသ သဒ္ဒါ တခုကို ရဗျည်းပြုလျှင် မညီမျှသဖြင့် မသင့်တင့်သောကြောင့်တည်း၊ (ဤကား ဂါထာ၏ အဓိပ္ပါယ် မဟုတ်သေး, ဂါထာမှ အပိုထွက်သော အဓိပ္ပါယ်တည်း။)

ရာဒေသော၊ပေ၊ဝဏ္ဏမတ္တပသင်္ဂိသိယာ—ရ အပြုက ဝဏ္ဏ (ဗျည်း)တလုံးတည်း ဖြစ်သောကြောင့် (ဒသ ၂ လုံးတွင်) ဒ ဗျည်းကို ရ ပြုရမည်လော—သို့မဟုတ် သ ဗျည်းကို ရ ပြုရမည်လော—ဟုသာ တွေးတောဘွယ် ရှိလေသည်။ [ပသင်္ဂိပိကို "ပသင်္ဂိ+အပိ" ဟု ပုဒ်ဖြတ်။]

အပိဒသဿဒဿဝ၊ပေ၊ဘာဝတော — ထိုသို့ တွေးတော ယုံမှားဘွယ်ရှိသော်လည်း ဒကို ရ ပြုဘို့ဘက်က သာ၍သင့်လျော်၏၊ ဘာ့ကြောင့်နည်း—"ကောဒသ"ဟု ရှိရာ၌ ကေသည် "ကောဒိတော"အရ ပဉ္စမီနိမိတ်တည်း၊ ထိုသို့ နိမိတ်ဖြစ်သော ကေ သဒ္ဒါနှင့် ဒ ဗျည်းကသာ နီးကပ်လျက် ရှိသောကြောင့်တည်း၊ "ကောဒိတော-ကေမှ နောက်ဖြစ်သော (ကေမှ နောက်၌ကပ်လျက်နေသော) ဗျည်း"ကား "ဒ"တည်း၊ထိုသို့ နိမိတ်နှင့် ကပ်လျက်နေသောကြောင့် "ဒ"ကိုသာ ရပြုရသည်-ဟူလို။ [ထိုနောက် နာမ်ငဲ့, ယောသက်၍ ကောရဿ ဖြစ်အောင်တွက်၊ လိန် ၃ ပါးလုံး ကောရဿ ကောဒဿ ချည်းတည်း။

(၄၁၁) ဒဿဿ၊ပေ၊အတ္ထတော—"ကောဒိတော ဒဿဿ"ဟု သုတ်၌လည်း "အန္တေ"သဒ္ဒါမပါ,ရှေ့မှလည်း လိုက်ဘို့ရာမရှိပါဘဲ အဘယ့်ကြောင့် ဝုတ္တိ၌"အန္တေ" ဟူသောအနက်ကို ထည့်စွက် ဖွင့်ပြနိုင်သနည်း-ဟု မေးဘွယ်ရှိသောကြောင့် "ဒဿဿ ၊ပေ၊အတ္ထတော"ဟူသော ၂ ပါဒကို မိန့်သည်၊ "ဒဿဿ + ဤ=ဒသ သဒ္ဒါ၏ + ဤ ပစ္စည်း"ဟု ဆိုလျှင် အနက် အဓိပ္ပါယ် မရှိသောကြောင့် ဒဿဿ ဟူသော ဆဋ္ဌီယန္တ

www.dhammaransi.com



လဒ္ဓံ-ရအပ်၏၊ တဒန္တသာ-ထိုဣပစ္စယန္တ သဒ္ဒါ၏၊ သဘာဝေန-ဣတ္ထိလိန်ကို ထွန်းပြနိုင်သော သဘောသတ္တိအားဖြင့်၊ ဣတ္ထိယံ ယေဝ-ဣတ္ထိလိန်၌သာလျှင်၊ သမ္ဘဝေါ-ဖြစ်ခြင်းသည် (ဟောတိ)၊.... ကောဒသန္နံ-တဆဲ့တယောက်တို့၏၊ ပူရဏီ-ပြည့်ကြောင်း (မိန်းမ)သည်၊ ကောဒသီ-မည်၏၊ ["ဣတ္ထိ-မိန်းမ တည်း"ဟု သိ၌ အဘိဓေယျ ပါ၏၊] အညတြ-အခြားလိန်တို့၌၊ ကောဒသမော-တဆဲ့ တယောက် မြောက်သော ယောကျ်ား၊ ကောဒသမံ-တဆဲ့ တခု မြောက် စိတ်။

---

ပုဒ်ကို (ဤ)၌ စာစပ်၍ မဖြစ်နိုင်၊ ချဲ့အံ့-ဆဋ္ဌီယန္တပုဒ်တို့သည် အာဒေသ-အာဂမ-လောပတို့နှင့်သာ ဆက်စပ်နိုင်၏၊ မှန်၏-"အမှာဿ+မမံ သ ဝိဘတ္တိဿ ဧသ" ဤ၌ အမှာဿ ဟူသော ဆဋ္ဌီယန္တပုဒ်သည် "မမံ"ဟူသော အပြုအာဒေသနှင့် ဆက်စပ်၏၊ သာဂမော ("သဿ+အာဂမော")"ဟူရာ၌ "သဿ"ဟူသော ဆဋ္ဌီယန္တပုဒ်သည် အာဂမနှင့် စပ်၏၊ သရလောပေါ (သရာနံ+လောပေါ)"ဟူရာ၌ "သရာနံ"ဟူသော ဆဋ္ဌီယန္တပုဒ်သည် လောပနှင့် စပ်သည်၊ ဤသို့ ဆဋ္ဌီယန္တပုဒ်တို့သည် အာဒေသ စသည် တို့နှင့် စပ်ရိုးရှိ၍ ပစ္စည်းနှင့် စပ်ရိုး မရှိသောကြောင့် "ဒသဿ+ဤ"၌ "ဒသဿ" ဟူသော ဆဋ္ဌီယန္တလည်း "ဤ"ဟူသော ပစ္စည်းနှင့် တိုက်ရိုက် ဆက်စပ်၍ မဖြစ်နိုင်၊ ယို့ကြောင့် ဒသဿ-ဟူသော ဆဋ္ဌီယန္တပုဒ်ကို အန္တာပေက္ခ ဆဋ္ဌီကြံ၍ ထိုဆဋ္ဌီဝိဘတ်၏ သာမတ္ထိယတ္ထအားဖြင့် ဝုတ္တိ၌"အန္တေ"ဟူသော အနက်ကို ရနိုင်သည်။ ["ဒသဿ"၌ သဝိဘတ်က အန္တာပေက္ခ ဆဋ္ဌီဖြစ်၍ "ဒသဿ-ဒသ သဒ္ဒါ၏ အဆုံး၌" ဟူသော အနက်ကို ဟောစွမ်းနိုင်၏၊ဤသို့ဟောစွမ်းနိုင်ခြင်းကိုပင်"အတ္ထဘော-သာမတ္ထိယတ္ထ" ဟု ခေါ်သည်။]

**တဒန္တဿ၊ပေ၊သမ္ဘဝေါ** — (ဤ) ပစ္စယန္တ ဆုံးသော "ကောဒသီ"စသော ပုဒ်သည်နဂိုရ်သဘောအတိုင်းပင် ဣတ္ထိလိန်ကို ထွန်းပြနိုင်၏၊ ["သဘာဝေန"၌သဘာဝ ဟူသည် သတ္တိပင်တည်း၊ ထို့ကြောင့် ဋီကာ၌"သတ္တိ သဘာဝေန"ဟုဖွင့်သည်၊] ဤသို့ (ဤ) ပစ္စယန္တ ပုဒ်ရင်းကပင် (အာ—ဤ—ဣနီ ဣတ္ထိ ဇောတက ပစ္စည်း မသက်ရဘဲ) နဂိုရ် သဘာအတိုင်း ဣတ္ထိလိန်ကို ထွန်းပြနိုင်သောကြောင့် ကောဒသီ စသော ပုဒ်တို့သည် (ပုံ—နပုံလိန်၌ မဖြစ်ကြ) ဣတ္ထိလိန်၌သာ ဖြစ်ကြရသည်။

**အညတြ၊ပေ၊ကောဒသမံ** — ပုံလိန် နပုံလိန်များ၌ (ဤ) ပစ္စည်း မသက်ကြောင်း ပြလို၍ "အညတြ ကောဒသမော—မံ"ဟု မိန့်သည်၊ "ကောဒသန္နံ ပူရဏော ကော ဒသမော"ဟုပြု၍ သဥ္ဇာ ပူရဏ မော သုတ်ဖြင့် မ ပစ္စည်းသက်၊ "ကောဒသန္နံ ပူရဏံ ကောဒသမံ"လည်း နည်းတူ၊ [ယဒနုပ ပန္နာ—စသော သုတ်ကြီးဖြင့် ပူရဏ အနက်၌ (အ) ပစ္စည်း သက်လျှင် "ကောဒသော-တဆဲ့တရက်တို့၏ပြည့်ကြောင်းနေ့၊ စာတုဒ္ဒသော-၁၄ရက်မြောက် ဥပုသ်၊(စာ၌ ဧတသုဝုဒ္ဓိဖြင့်ဝုဒ္ဓိပြု၊)ပန္နရသော-၁၅ရက်မြောက် ဥပုသ်"ဟု ရုပ်ဖြစ်၏။]

www.dhammaransi.com



ဒွေစ–၂ ခုတို့လည်း၊ ဒသစ-တို့လည်း၊ ဣတိဝါ–ဤ ဒွန်သမာသ် အနက်၌ ၎င်း၊ ဒွိဟိ အဓိကာ ဒသ, ဣတိဝါ-ဤ တပ္ပုရိသ် သမာသ် အနက်၌၎င်း၊ ဒွိဒသ–ဒွိဒသ ဟု ဖြစ်သော၊ ဣစ္စတြ–ဤရုပ်၌၊ [ဗာဒေသော, ရာဒေသော တို့၌စပ်၊] ဝါတိ ဝတ္တတေ (သ ဆသာဝါ-သုတ်မှ လိုက်၊) ဝိသတိ ဒသေသု ဗာဒွိဿ တူတိ-သုတ်ဖြင့်၊ ဗာဒေသေ-ဗာ ပြုပြီးသော် [သိ၌ "ဗာဒေသေ"ဟု ရှိ၏၊] ဒဿ-ဒ ၏၊ ရာဒေသော-ရ ပြု၊ ဗာရသ - ၁၂ ခုတို့၊ [ဒွိဒသ-ဟု သမာသ်ပြီးသည့်အခါ ဗာ ပြုပြီးနောက် "ဧကာဒိတော ဒသရ သင်္ချာနေ" သုတ်ဖြင့် ဒ ကို ရ ပြု (ဗာရသ) နာမ်င့် ယောသက် စသည်။]

အညတြ - ဗာ အပြုမှ တပါးသောအရာ၌၊ အာတ္တံ-အာပြု၊ ဒွါဒသ-တို့၊ [ဗာ မပြုလျှင် "ဒွေကဋ္ဌာန မာကာရောဝါ"ဖြင့် အာပြု၍ "ဒွါဒသ"ဟု ဖြစ်သည်-ဟူလို၊] ဒွါဒသန္နံ –၁၂ ခုတို့၏၊ ပူရဏော-သည်၊ ဗာရသမော, ဒွါဒသမော, ဒွါဒသီ - မည်၏၊ [ဒွါဒသနောင် ပူရဏ အနက်၌ – ီ ပစ္စည်း သက်၍ ဒွါဒသီ-ဟု ဖြစ်၏၊ "ဒွါဒသန္နံ ပူရဏီ"ဟု ဝိဂ္ဂြိုဟ်ပြု။]

တယောစ- ၃ ခုတို့လည်း၊ ဒသစ, ဣတိဝါ-၌၎င်း၊ တိဟိ အဓိကာ ဒသ, ဣတိဝါ-၌၎င်း၊ တေရသ-တေရသ ဟု ဖြစ်၏၊ တေသုဝုဒ္ဓိ လောပါ ဂမာဒိနှာ– တေသုဝုဒ္ဓိ လောပါဂမ စသောသုတ်ဖြင့်၊ အာနဝုတိယာ - နဝုတိတိုင်သော သင်္ချာကြောင့်၊ တိဿ-တိ၏၊ တေ အာဒေသော-တေပြု၊ [သမာသ် အခိုက်၌ "တိဒသ"ဟု ဖြစ်သည့်အခါ ဒ ကို ရပြု, သုတ်ကြီးဖြင့် တိကို တေပြု– ဟူလို၊] တေရသမော, တေရသီ - တဆဲ့သုံးခုတို့၏ ပြည့်ကြောင်း၊ ["တေရ သန္နံ+ပူရဏော, တေရသန္နံ+ပူရဏီ"ဟု ပြု။]

စတ္တာရောစ–၄ ခုတို့လည်း၊ ဒသစ၊ပေ၊စတုဒ္ဒသ–စတုဒ္ဒသဟု ဖြစ်ပြီးသော၊ ဣစ္စတြ-ဤရုပ်၌၊ ဂဏ်နေတိစ ဒသဿာတိစ [သိဟိုဠ်မူ၌ "တိစ"ဟု ရှိ၏၊] ဝတ္တမာနေ-သော်၊ စတူပ၊ပေ၊နဝါတိ-သုတ်ဖြင့်၊ တုလောပေါ-တုချေခြင်း သည်၎င်း၊ စုစောစ-စုအပြု, စောအပြုသည်၎င်း (ဟောတိ)၊ စုဒ္ဒသ, စောဒ္ဒသ, စတုဒ္ဒသ–၁၄ ခုတို့၊ [ယော သက်၍ ပဉ္စာဒီန မကာရောဖြင့် ဧ ရင်၊ နောက် ပဉ္စဒသ စသည်လည်း နည်းတူ၊] စုဒ္ဒသမော စတုဒ္ဒသမော-၁၄ ယောက်တို့၏ ပြည့်ကြောင်း ယောကျ်ား၊ စတုဒ္ဒသီ – မ၊ စာတုဒ္ဒသီဝါ – လည်း ရှိ၏၊ [တေသုဝုဒ္ဓိဖြင့် စာ၌ ဝုဒ္ဓိပြု။]

www.dhammaransi.com



ပဉ္စ၊ ပေ၊ ပဉ္စဒသ, ဣစ္စတြ - ၌၊ တေသုဝုဒ္ဓိလောပါဒိနာ - ဖြင့်၊ ပဉ္စသဒ္ဒဿ - ၏၊ ဒသဝီသေသု - ဒသဝီသ သဒ္ဒါတို့ကြောင့်၊ ပန္နပဏ္ဏာအာဒေသာပိ - ပန္န, ပဏ္ဏာ အပြုတို့သည်လည်း ( ဟောန္တိ )၊ [ ဒသကြောင့် ပန္န, ဝီသတိကြောင့် ပဏ္ဏပြု၊ အပိကြောင့် "မ ပြုသည်လည်းရှိ၏"] အဋ္ဌာဒိတောစာတိ-သုတ်ဖြင့်၊ ရတ္တံ-ရပြု၊ ပန္နရသ ၊ ပေ ၊ ပဉ္စဒသီ – ၁၅ ယောက်မြောက် မိန်းမ။

ဆစ ဒသစ, ဣတိဝါ - ၌ငင်း၊ ဆဟိ အဓိကာ ဒသ, ဣတိဝါ - ငင်း၊ သမာသေ – ကို၊ ကတေ – ပြုအပ်ပြီးသော်၊ ဆဿာတိ – ဆဿပုဒ်သည်၊ ဝတ္တမာနေ - လိုက်လတ်သော်၊ ဒသေ သော နိစ္စဉ္စာတိ - သုတ်ဖြင့်၊ သော-သပြု၊ သင်္ချာနံတိ ဝါတိစ ဝတ္တတေ ("ဝတ္တမာနေ" ဟု ရှိလျှင် သာ၍ကောင်းသည်၊) လ ဒရာနံတိ – သုတ်ဖြင့်၊ လတ္တံ-လပြု၊ အယံ ဝါသဒ္ဒေါ-ဤလဒရာနံသုတ်၌ ဝါသဒ္ဒါသည်၊ ဝဝတ္ထိတ ဝိဘာသတ္ထော - ၏၊ ဝဝတ္ထိတ ဝိဘာသတော - ဝဝတ္ထိတ ဝိဘာသာ ဝါ သဒ္ဒါကြောင့်၊ သောဠသေ-သောဠသ ရုပ်၌၊ ဒဿ – ဒ ၏၊ အယံဠော - ဤ ဠ အပြုသည်၊ နိစ္စံ – အမြဲ၊ ဟောတိ၊ စတ္တာလီသေ စ - စတ္တာလီသ ရုပ်၌ငင်း၊ တေရသေစ - ငင်း၊ (ရဿ – ရ၏၊) အယံဠော - သည်၊ ဝါ-ဝိကပ်အားဖြင့်၊ ဟောတိ၊ အညတြ-ဒသံ, ပန္နရသ စသော အခြားရုပ်တို့၌၊ အယံဠော - သည်၊ နစ ဟောတိ - မဖြစ်သည်သာ။

လဠာနံ - လ ဠ ငှ ကြီးတို့၏၊ ကွစိ–အချို့အရာ၌၊ အဝိသေသော-အထူးမရှိသည်၏ အဖြစ်သည် (ဟောတိ)၊ သောဠသ – တဆဲ့ခြောက်ခုတို့၊ [တေဠသ (တေရသ) – တဆဲ့သုံးခုတို့၊ စတ္တာလီသံ, စတ္တာရီသံ - ၄၀၊] သောဠသမော-တဆဲ့ခြောက်ယောက်မြောက်သော ယောကျ်ား၊ သောဠသီ – မ။

---

ဌေဝါနိစ္စံ၊ ပေ၊ ဝိဘာသတော—[သီဟိုဠ်မူ၌"ဒသံ"အရာ၀ယ် ဝါဿ (ဝါ+အဿ )–ဟု ရှိ၏၊ အဿ အတွက် ဒ-ရ ၂ မျိုးလုံး အစွဲခက်၍ "ဒဿ"ဟု ရှိသော မြန်မာမူအတိုင်း အနက်ပေးသည်၊ ] ဤ ဝါသဒ္ဒါ၏ နိစ္စဝိဓိ စသည်ကို နာမ် ဤသုတ်၌လည်း ပြထား၏၊ ထိုအတိုင်းပင် အမိပ္ပါယ်မှတ်၊ လ ဠ ငှ ကြီးတို့ တချို့ရုပ်၌ မထူးသောကြောင့် စတ္တာလီသံ၌ လ ဠ ငှ နှင့်ရှိနိုင်သည်၊ သောဠသ နောက်၌ "တေဠသ, စတ္တာလီသံ,စတ္တာရီသံ"တို့သည် သင်္ချာအစဉ် မဟုတ်သော်လည်း ဠ အပြုမပြုကြောင်း ပြယုဂ်ဖြစ်၍ ဤ၌ ပြထားသည်၊ စတ္တာလီသံ စတ္တာရီသံ ဟု ၂ ရုပ် ပြသကဲ့သို့"တေဠသ-တေရသ"ဟု ၂ ရုပ် ပြထားလျှင် သာ၍ကောင်းမည်။

www.dhammaransi.com



ဝါတိ-ဝါပုဒ်ကိုရင်း၊ ဒသ်တိ-ကိုရင်း၊ ရတိ-ရပုဒ်ကိုရင်း၊ သင်္ချာနေတိ-ကိုရင်း၊ အဓိကိစ္စ – လိုက်စေ၍၊ အဋ္ဌာဒိတော စာတိ – သုတ်ဖြင့်၊ ရတ္တံ-ရ အဖြစ်သည် (ဟောတိ)၊ အဋ္ဌာရသ, အဋ္ဌာဒသ – တဆဲ့ရှစ်ယောက်တို့၊ အာတ္တံ – အာ အဖြစ်သည် (ဟောတိ)၊ အဋ္ဌာရသန္နံ – တို့၏၊ ပူရဏော – သည်၊ အဋ္ဌာရသမော, အဋ္ဌာဒသမော – မည်၏၊ ဧဝံ, သတ္တရသ, သတ္တဒသ – တဆဲ့ခုနစ်ယောက်တို့၊ သတ္တရသမော, သတ္တဒသမော – တဆဲ့ခုနစ်ယောက်တို့၏ပြည့်ကြောင်း၊ အဋ္ဌာဒိတောတိ – အဋ္ဌာဒိတော ဟူသောသုတ်သည်၊ ကိမတ္ထံ-နည်း၊ စတုဒ္ဒသ – စတုဒ္ဒသ ပြယုဂ်တို့၌ တားမြစ်ခြင်းအကျိုးရှိ၏။ [အဓိပ္ပါယ်ကို နာမ်၌ ပြခဲ့ပြီ။]

ဧကေန – တခုဖြင့်၊ ဦနာ – ယုတ်လျော့သော၊ ဝီသတိ – ၂၀တည်း၊ ဣတိ-ဤသို့၊ တပ္ပုရိသော – တပ္ပုရိသ် သမာသ်သည်၊ (ဟောတိ)၊ ဧကူနဝီသတိ – တခု ယုတ် နှစ်ဆယ်၊ ဝါ – တဆဲ့ကိုးခု၊ ဧကူနဝီသတာဒယော – ဧကူနဝီသတိ အစရှိသော သဒ္ဒါတို့ကို၊ အာနုဝုတိယာ – နဝုတိသဒ္ဒါ တိုင်အောင်၊ ကောဝစနန္တာ – ကောဝုစ်အဆုံးရှိကုန်၏ဟူ၍ရင်း၊ဣတ္ထိလိင်္ဂါစ-ဣတ္ထိလိင်ရှိကုန်၏ဟူ၍ရင်း၊ဒဋ္ဌဗ္ဗာ-ကုန်၏၊ တေစ – ထို ကောဝစနန္တ, ဣတ္ထိလိင် အဖြစ်တို့သည်လည်း။ သင်္ချာနေ = သင်္ချာ ပဓာန အရာ၌ရင်း၊ သင်္ချာယျေစ = သင်္ချာယျ ပဓာန အရာ၌ရင်း၊ ဝတ္တန္တေ = ဖြစ်ကုန်၏။

---

**ဝါ ဒသရ သင်္ချာနေတိ**—သီမူ၌ ဤအတိုင်း ပါ၍ရှိ၏၊ မြန်မာမူ၌ "ကောဒိတော ဒသရ သင်္ချာနေတိ"ဟု ရှိ၏၊ ကောဒိတောပုဒ် မလိုက်သောကြောင့် သီမူအတိုင်းသာ ကောင်း၏၊ ထို"ဝါ–ဒသ–ရ–သင်္ချာနေ"တို့ လိုက်ကြောင်းကို နာမ်၌လည်း ဤသုတ်၌ ပြခဲ့သည်၊ အဋ္ဌာရသ၏နောက်၌ "အဋ္ဌာဒသ"ဟု မြန်မာမူ၌မရှိ၊ လိုက်သော ဝါသဒ္ဒါကြောင့် အဋ္ဌာဒိတောစ သုတ်၏ ရ အပြု မမြဲရကား "အဋ္ဌာဒသ"ဟု (သီမူအတိုင်း) ရှိရဦးမည်၊ ဥပမာ–"၁၇"ဟော သင်္ချာ၌ ထိုဝါကြောင့်ပင် "သတ္တရသ,သတ္တဒသ" ဟု ၂ ရုပ် ပြသကဲ့သို့တည်း။

**ဧကေန ၊ ပေ ၊ ဒဋ္ဌဗ္ဗာ**——"ဦနာ+ဝီသတိ, ဦနဝီသတိ"ဟု ရှေးဦးစွာ ကမ္မဓာရဲ သမာသ်တွဲ၊ ထို့နောက် "ဧကေန + ဦနဝီသတိ"ဟု တတိယာ တပ္ပုရိသ် သမာသ် တွဲရမည်၊ စာကိုယ်၌"ဧကေန+ဦနာ+ဝီသတိ"ဟု ၃ ပုဒ်လုံး တခါတည်းတွဲပြသည်မှာ လဟုကနည်းအားဖြင့် အလွယ်တကူပြခြင်းတည်း-ဟု မှတ်၊ ဧကူနဝီသတိ-ဟု တပ္ပုရိသ် သမာသ်ပြီးသောအခါ နာမ်ငဲ့, သိသက်, ချေ၊ ဣတ္ထိလိင် ကောဝုစ် ချည်း ရုပ်စဉ်။

**သင်္ချာန နှင့် သင်္ချေယျ**။ ။"သင်္ချာယတိ ဧတေနာတိ သင်္ချာနံ၊ ဧတေန-ဤ၁-၂-စသောသင်္ချာဖြင့်၊ သင်္ချာယတိ–ရေတွက်အပ်၏"နှင့် အညီ, ၁–၂–၃၊ ပေ၊ ၁၀-၂၀

www.dhammaransi.com



ယဒါ-အကြင်အခါ၌၊ သင်္ချာနေ ဝတ္တန္တေ၊ တဒါ-ထိုအခါ၌၊ ဘိက္ခူနံ-တို့၏၊ ဧကူနဝီသတိ-တပါးယုတ် ၂၀ သည်၊ တိဋ္ဌတိ-တည်၏၊ ဘိက္ခူနံ, ဘောတိ ဧကူနဝီသတိ-အို တပါးယုတ် ၂၀၊ တိဋ္ဌတု-ရပ်တော်မူပါ၊ ဘိက္ခူနံ, ဧကူနဝီသတိံ-ကို၊ ပဿ-ရှုလော့၊ ဘိက္ခူနံ, ဧကူနဝီသတိယာ-သည်၊ ကတံ-ပြုအပ်၏၊ ဣစ္စာဒိ။

---

စသော ရေတွက်ကြောင်း သင်္ချာသည် သင်္ချာနမည်၏၊ ရဟန်း ၂ ပါး, ၃ ပါး၊ပေ၊ ၁၉ ပါး, ၂၀ စသော အသုံးအနှုန်းများသည် ထိုသင်္ချာနကို (သင်္ချာကို) နောက်ထားသောအားဖြင့် လိုရင်း ပဓာနပြု၍ သုံးနှုန်းခြင်းတည်း၊ "သင်္ချာယတေတိ သင်္ချေယျော"နှင့် အညီ ရေတွက်အပ်သော အရာဝတ္ထုသည် သင်္ချေယျ မည်၏၊ "၂ ပါးသော ရဟန်း၊ပေ၊ ၂၀ သော ရဟန်း"စသော အသုံးအနှုန်းများသည် ထိုသင်္ချေယျကို နောက်ထားသောအားဖြင့် လိုရင်းပဓာနပြု၍ သုံးနှုန်းခြင်းတည်း။

ဟူ၍၊ တေံ-ဤဂါထာစကားကို၊ ဝုတ္တံပိ-ရှေးဆရာတို့လည်း ဆိုအပ်ပြီ၊ [ယံ-အကြင်ပုဒ်သည်၊ တိကာလံ-ကာလ ၃ ပါးရှိ၏၊ တိပုရိသံ-ပုရိသ် ၃ ပါးရှိ၏၊ ကြိယာဝါစိ-ကြိယာကို ဟောတတ်၏၊ တိကာရကံ-ကာရက ၃ ပါးရှိ၏၊ အတိလိင်္ဂံ-လိင် ၃ ပါးမရှိ၊ ဒွိဝစနံ-ဝုစ် ၂ ပါးရှိ၏၊ တံ-ထိုပုဒ်ကို၊ **အာချာတန္တိ**-အာချာတ်ပုဒ် ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။]

ကာလာဒိဝသေန - ကာလ အစရှိသည်တို့၏ အပြားဖြင့်၊ ခါတွတ္ထံ-ခါတ်နက်ကို၊ ဝိဘဇန္တိ - ဝေဘန်တတ်ကုန်၏၊ ဣတိ, ဝိဘတ္တိယော - တို့မည်၏၊ တျာဒယော — တိ အစရှိသည်တို့တည်း၊ တာပန - ထို ဝိဘတ်တို့သည်ကား၊ ဝတ္တမာနာ — ဝတ္တမာန်ဝိဘတ်ရင်း ၊ ပေ ၊ ဘဝိဿန္တိ — ဘဝိဿန္တိ ဝိဘတ်ရင်း၊ ကာလာဒိပတ္တိ - ရင်း၊ ဣတိ အဋ္ဌဝိဓာ ဘဝန္တိ၊ ကြိယံ -

---

ကြိယာ+လက္ခဏံ သညာဏံ၊ပေ၊လက္ခဏံ—[“သညာဏံ” ကား လက္ခဏံ၏ အဖွင့်တည်း၊လက္ခဏာသဒ္ဒါသည်မှတ်သားအပ်သောသဘောကိုရင်း မှတ်သားကြောင်း လက္ခဏာကိုရင်းဟောရာ,ဤ၌နောက်အနက်ကိုသာယူစေလို၍သညာဏံဟုဖွင့်သည်၊] အာချာတ်ပုဒ်မှန်လျှင် ကာလ ကာရက ပုရိသ ဟူသော အနက်တွေပါစေကာမူ ကြိယာ အနက်သည် တံခွန်အလံကဲ့သို့ အထင်ရှားဆုံးဖြစ်ရကား “ကြိယာဟူသော အမှတ် အသားရှိသည်”ဟူလို။

အတိလိင်္ဂ—ဣတ္ထိလိန်စသော လိန် ၃ ပါးလုံး အာချာတ်ပုဒ်၌မရှိ၊ ဤကား ရူပသိဒ္ဓိ ဆရာ၏အယူတည်း၊ ဗာလာဝတာရ—သမ္ဗန္ဓစိန္တာ စသည်တို့၌ကား “ကေမန္တံနိသိဒိ, သာဓုကံ သုဏာထ,မုဒုံ ပစတိ”စသည်၌“ကေမန္တံ စသော ကြိယာဝိသေသနများသည် ကြိယာနှင့် အလားတူစွာ နပုံလိန်ရှိကြ၏”ဟု ဆို၏၊ ထိုစကားဖြင့် “အာချာတ်ကြိယာ များ၌ နပုံလိန်ရှိသည်”ဟု ဆိုလိုသတတ်။

[ဘေဒစိန္တာ] ဗာလာဝတာရ သမ္ဗန္ဓ—စိန္တာဒိသု နပုံသကံ၊
ဒုတိယေက ဝစနန္တံ, ယံ တံ တဂ္ဂတိ တီရိတံ။

ယံ-အကြင်ဝိသေသနသည်၊ ယသ္မာ-အကြင့်ကြောင့်၊ တဂ္ဂတိ-ထိုကြိယာ၌ဖြစ်သော နပုလ္လိန် ရှိ၏၊ ဣတိ—ထိုကြောင့်၊ တံ- ထိုကြိယာ ဝိသေသနကို၊ ဗာလာဝတာရ သမ္ဗန္ဓ စိန္တာဒိသု-တို့၌၊ နပုံသကံ - နပုံလိန်ရှိ၏ဟုရင်း၊ ဒုတိယေကဝစနန္တံ -ဒုတိယာဧကဝုစ် အဆုံးရှိ၏ဟုရင်း၊ ဤရိတံ-ဆိုအပ်ပြီ။

ဝုတ္တမ္ပိ စေတံ၊ ပေ၊ ဝုစ္စတိ—ဤကား “ကာလောတိ အတီတာဒယော” မှစ၍ “ဒွိဝစနံ”တိုင်အောင်သော စကားရပ်၏ သာဓကတည်း၊ အဓိပ္ပါယ်ထင်ရှားပြီ၊ [အာချာတ်ဟူသော နပုံလိန်နှင့်လျော်အောင် “သုခကာရိဒါနံ”ကဲ့သို့“ကြိယာဝါစိ” ဟု ရသဆုံးလျက်ရှိစေ။]

www.dhammaransi.com



ကြိယာကို၊ ဓာရေန္တိ - ဆောင်တတ်ကုန်၏၊ ဣတိ, ဓာတဝေါ - ဓာတုတို့ မည်၏၊ ဘူဝါဒယော - ဘူ အစရှိသည်တို့ရင်း၊ ခါဒိဓာတုပစ္စယန္တာဝစ - ခ အစရှိသော ဓာတုပစ္စယန္တ သဒ္ဒါတို့ရင်းတည်း၊ [" ခါဒိဓာတုယန္တာဝစ" ဟု သီဟိုဠ်မူ၌ ပါသည်၊] တေပန - ထိုဓာတ်တို့သည်ကား၊ အတ္ထဝသာ- အနက်၏ အစွမ်းဖြင့်၊ သကမ္မကာ - ကံနှင့်တကွ ဖြစ်သော ဓာတ်တို့ရင်း၊ အကမ္မကာစ - ကံ မရှိသော ဓာတ်တို့ရင်း၊ ဣတိ, ဒွိဓာ - ၂ ပါး အပြား

---

**ကာလာဒိ၊ ပေ၊ အဌဝိဓာ ဘဝန္တိ**—— အထ အာချာတ ဝိဘတ္တိယော- စသော ပဌမဝါကျ၌"အာချာတ"အရကို အကျယ်ပြပြီး၍ ဝိဘတ္တိယော အရကို အကျယ်ပြလိုသောကြောင့် "ကာလာဒိ၊ ပေ၊ အဌဝိဓာ ဘဝန္တိ"ဟု မိန့်၊ ဤ "ဝိဘတ္တိယော"၏ ဝိဂ္ဂဟကို နာမ် အစ၌လည်း ပြခဲ့ပြီ၊ ထို၌ လိန်အရာဖြစ်၍"ကမ္မာဒိဝသေန လိင်္ဂတ္ထံ"ဟု ဝိသေသနပုဒ် ကံပုဒ်များကို ထည့်ခဲ့၏၊ ဤ၌ ဓာတ်အရာဖြစ်သောကြောင့်"ကာလာဒိဝသေန"ဟူသော ဝိသေသန "ဓာတွတ္ထံ" ဟူသော ကံပုဒ်ကို ထည့်ရသည်၊ ဝိဂ္ဂဟလိုရင်းမှာ "ဝိဘဇန္တိ" သာတည်း၊ တျာဒယောကား ဝိဘတ္တိ၏ သရုပ်ကို ပြသော စကားတည်း၊ ကာလာဒိဝသေန၌ အာဒိအရပြခဲ့သော ကာရက ပုရိသ တို့ကိုရင်း, ဧကတ္တ—ဗဟုတ္တ (ဧကဝုစ် ဗဟုဝုစ် သင်္ချာ) ကိုရပ်းယူ။

ချဲ့အံ့——ဂမုဓာတ်၏အနက်သည် ဂတိအနက်တည်း၊ ဝိဘတ်မပါဘဲ"ဂမု"ဟုသာ ဆိုလျှင် ဂတိအနက်ကိုသာသိရ၏၊ ဂစ္ဆတိဟုတိဝိဘတ်နှင့်တွဲဘက်ဆိုသည့်အခါ၌ကား ပစ္စုပ္ပန်ကာလ-ကတ္တုကာရက-ဧကဝုစ် အနက်ကိုလည်း သိရ၏၊ ဤသို့ စသည်ဖြင့် တိ-အန္တိစသော သဒ္ဒါတို့သည် ဓာတ်နက်ဖြစ်သော ကြိယာတခုဘည်းကို ကာလအမျိုးမျိုး-ကာရကအမျိုးမျိုး—ဝုစ်အမျိုးမျိုးအားဖြင့် ခွဲခြားဝေဘန်တတ်ကြရကား "ဝိဘဇန္တိ" ဟူသော ဝိဂြိုဟ်အရ "ဝိဘတ္တိ" မည်ကြရသည်၊ ထို ဝိဘတ်ကား ဝတ္တမာန် စသော အားဖြင့် ရှစ်မျိုးပြား၏။

**ကြိယံ ဓာရေန္တိ၊ ပေ၊ အကမ္မကာ စာတိ**— ဝိဘတ္တိယောကို အကျယ် ပြပြီး၍ (ကြိယာ ဝါစီဟိ အရ ကြိယာဟောကြောင်းကိုကား"ကြိယာလက္ခဏံ"ပါဌ်ဖြင့်ပြခဲ့ပြီး ဖြစ်၍ မချဲ့တော့ဘဲ) ဓာတုဟိကို ချဲ့ပြလိုသောကြောင့် "ကြိယံ ဓာရေန္တိ"စသည်ကိုမိန့်။ ["ကြိယံ ဓာရေန္တီတိဓာတဝေါ"နောက်၌"ဘူဝါဒယော—ခါဒိဓာတုပစ္စယန္တာဝစ"ဟု ရှိမှ ဋီကာဖွင့်ပုံနှင့်ညီမည်၊ တိတိက္ခ—ဇိဃစ္ဆ စသော သဒ္ဒါတို့လည်း သည်းခံခြင်း ဆာလောင်ခြင်းစသော ကြိယာကို ဟောသောကြောင့် ဓာတု အမည်ရကြ၏၊ ခ စသော ပစ္စည်းကိုလည်း ဓာတုပစ္စယ ဟု နောက်၌ နာမည်မှည့်လိမ့်မည်၊]"ကြိယံ+ဓာရေန္တိ" အရ ကြိယာကို ဆောင်ခြင်းဟူသည် ကြိယာအနက်ကို ဟောနိုင်ခြင်း=ကြိယာအနက် ရှိခြင်းတည်း၊ ထို ဓာတ်တို့သည် သကမ္မကဓာတ် — အကမ္မကဓာတ်ဟု ၂ မျိုးပြား၏၊ သဟ ကမ္မေန ယေ ဝတ္တန္တီတိ သကမ္မကာ၊ နတ္ထိ ကမ္မံ ယေသံတိ အကမ္မကာ၊"ယေ-အကြင် ဓာတ်တို့သည်၊ ကမ္မေန-ကမ္မံ စသော ကံနှင့်၊ သဟ-တကွ၊ ဝတ္တန္တိ-ဖြစ်ကုန်၏" စသည်ဖြင့် အနက်ပေး။

www.dhammaransi.com



အားဖြင့်၊ ဘဝန္တိ၊ တတြ - ထို ၂ ပါးတို့တွင်၊ ယေ ဓာတဝေါ - အကြင် ဓာတ်တို့သည်၊ ကမ္မာပေက္ခံ - ကံကိုငဲ့သော၊ ကြိယံ - ကို၊ ဝဒန္တိ - ဟောကုန်၏၊ တေ - ထို ဓာတ်တို့သည်၊ သ ကမ္မကာ - သကမ္မကဓာတ်တို့ မည်၏၊ ယထာ - ဥဒါဟရဏ်ကား၊ ကဋံ ကရောတိ၊ ပေ၊ ဩဒနံ ပစတိတျာဒယော- ကဋံ၊ ပေ၊ ပစတိ အစရှိသည်တို့တည်း၊ ယေ - အကြင် ဓာတ်တို့သည်၊ ကမ္မနိရပေက္ခံ - ကံကို ငဲ့ခြင်း မရှိသော၊ ကြိယံ ဝဒန္တိ၊ တေ - ထိုဓာတ်တို့သည်၊ အကမ္မကာ - အကမ္မကဓာတ်တို့မည်၏၊ ယထာ - ကား၊ အစ္ဆတိ, သေတိ, တိဋ္ဌတိတျာဒယော - အစ္ဆတိ၊ ပေ၊ အစရှိသည်တို့တည်း။

တေ ပန - ထိုဓာတ်တို့သည်ကား၊ ဝိကရဏ ပစ္စယ ဘေဒေန - ဝိကရဏ ပစ္စည်း တို့၏ အပြား အားဖြင့်၊ သတ္တဝိဓာ - ၇ မျိုး အပြား ရှိကုန်သည်၊ ဘဝန္တိ၊ ကထံ - အဘယ်သို့ ၇ မျိုးပြားကုန်သနည်း၊ အ, ဝိကရဏာ - အ, ဟူသော ဝိကရဏ ပစ္စည်းရှိသော ဓာတ်တို့သည်၊ ဘူဝါဒယော - ဘူဝါဒိ

---

**တတြ သကမ္မကာ၊ ပေ၊ ပစတိတျာဒယော**— ကရဓာတ်၏ အနက် ဖြစ်သော ပြုခြင်းကြိယာသည် ကံကိုငဲ့၏၊ "ငဲ့"ဟူသည်ကား ကံပါမှ အနက်အဓိပ္ပါယ်ပြည့်စုံ၏၊ ကံမပါလျှင် "မည်သည့်အရာကိုပြုသည်"ဟု မသိရ၍ အနက်အဓိပ္ပါယ်မပြည့်စုံ၊ ဤသို့ ကံပါမှ အနက် အဓိပ္ပါယ်ပြည့်စုံသော ကြိယာကို ကံငဲ့သော ကြိယာဟု ခေါ်သည်၊ ကံငဲ့သော ကြိယာကို ဟောသော ဓာတ်သည် သကမ္မက (ကံရှိသော) ဓာတ်မည်၏၊ ကရောတိ ဂစ္ဆတိ ပစတိစသည်၌"ကရ-ဂမု-ပစ"စသောဓာတ်များတည်း၊ထို့ကြောင့် "ကဋံ-ဂါမံ-ဩဒနံ"ဟုကံနှင့်တကွ ပုံစံကိုပြရသည်၊ ["ကဋံ-ဖျာ,သင်ဖြူးကို"ဟုပေး]

**အ ကမ္မကာ၊ ပေ၊ တိဋ္ဌတိတျာဒယော**— အစ္ဆတိ၌ "အာသ = ဥပဝေသနေ (ကပ်ဝင်-နေထိုင်ခြင်း)"ဟူသောဓာတ်တည်း၊ထိုအာသဓာတ်၏နေခြင်းကြိယာသည် "မည်သည့်နေရာကို+နေသည်" ဟု ကံကိုငဲ့, "မည်သည့်နေရာ၌ + နေသည်" ဟု အာဓာရကိုသာငဲ့၏၊ ကံမပါဘဲ အနက်အဓိပ္ပါယ်ပြည့်စုံ၏၊ သေတိ၌ "သိ = သယေ (အိပ်ခြင်း)" တိဋ္ဌတိ၌ "ဌာ=တည်ခြင်း" ဟူသော ကြိယာများလည်း ကံကို မငဲ့, "မည်သည့်အိပ်ရာ၌ + အိပ်ခြင်း, မည်သည့်နေရာ၌+တည်ခြင်း"ဟု အာဓာရကိုသာ ငဲ့ကြသည်၊ ဤသို့ ကံကိုမငဲ့သော ကြိယာကိုဟောသော "အာသ, သိ, ဌာ" စသော ဓာတ်များသည် အကမ္မကဓာတ်များတည်း၊ထို့ကြောင့်"အစ္ဆတိ"စသည်ဖြင့်ကံမပါဘဲ ပုံစံထုတ်ရသည်၊ [အစ္ဆတိ-နေ၏,သေတိ-အိပ်၏,တိဋ္ဌတိ-ရပ်၏,တည်၏"ဟုပေး။]

**တေ ပန သတ္တဝိဓာ ဝိကရဏ ပစ္စယ ဘေဒေန**—ဤကား ဓာတုပဟိအရ အကျယ် ပြသောစကား၌ ဓာတ် ၇ မျိုးကွဲပြားကြောင်းကို ဆက်ပြသောဝါကျတည်း၊ဓာတ် ၇မျိုး ကွဲပြားရခြင်းမှာလည်း ထိုဓာတ်တို့နောင်သက်သောဝိကရဏပစ္စည်းတို့က ၇မျိုးကွဲပြား ခြင်းကြောင့်ဖြစ်သည်၊ ဆိုလိုရင်းမှာ—ဝိကရဏ ပစ္စည်းက ၇ မျိုးပြားခြင်းကြောင့် ထို

www.dhammaransi.com



ဓာတ်တို့ မည်၏၊ နိဂ္ဂဟီတ ပုဗ္ဗက အဝိကရဏာ-နိဂ္ဂဟီတ် ရှေးရှိသော "အ" ဟူသော ဝိကရဏရှိသော ဓာတ်တို့သည်၊ ရုဓာဒယော-ရုဓာဒိဓာတ်တို့မည်၏၊ ယ ဝိကရဏာ-ယ ဟူသော ၊ပေ၊ တို့သည်၊ ဒိဝါဒယော-ဒိဝါဒိဓာတ်တို့ မည်၏၊ ဏုဏာဥဏာ ဝိကရဏာ - ဏု, ဏာ, ဥဏာဟူသော၊ပေ၊တို့သည်၊ သွာဒယော-သွာဒိဓာတ်တို့မည်၏၊ နာ,ပ္ပ,ဏှာဝိကရဏာ -နာ,ပ္ပ,ဏှာဟူသော၊ပေ၊တို့သည်။ ကိယာဒယော - ကိယာဒိဓာတ်တို့ မည်၏၊ ["ကီ+အာဒယော"မှ ဤကို ဈလာနမိယုဝါသရေဝါဖြင့် ဣယ ပြု၊] ဩ ယိရ ဝိကရဏာ - ဩ, ယိရ ဟူသော၊ပေ၊တို့သည်၊ တနာဒယော - တနာဒိဓာတ်တို့ မည်၏၊ [တချို့စာ၌ "ယိရ" ကျသည်၊] သကတ္တေ-သကတ်အနက်၌၊ ဏေဏယန္တာ-ဏေ,ဏယပစ္စည်း အဆုံးရှိသော ဓာတ်တို့သည်။ စုရာဒယော-စုရာဒိဓာတ်တို့ မည်၏။

---

ဝိကရဏ ပစ္စည်းအပြားအားဖြင့် ဓာတ်အမျိုးအစားလည်း ၇ မျိုး ပြားရသည်-ဟူလို၊ ဝိကရိယန္တိ ဓာတဝေါ ဧတေဟီတိ ဝိကရဏာ (အဝုတ္တ ကတ္တုသာဓန)၊ ဧတေဟိ—ဤ ပစ္စည်းတို့သည်၊ ဓာတဝေါ—တို့ကို၊ ဝိကရိယန္တိ—အထူးထူးအပြားပြား ခြားနားအောင် ပြုအပ်ကုန်၏၊ဣတိ-ဤသို့ဓာတ်တို့ကို ခြားနားအောင်ပြုတတ်ကုန်သည်၏အဖြစ်ကြောင့်၊ ဝိကရဏာ—တို့မည်၏၊ ဝိပုဗ္ဗ ကရဓာတ် ယုပစ္စည်း၊ ဝိဥပသာရသည် ဝိဝိဓ (အထူးထူး) အနက်ဟော၊ ဓာတ်တို့ကို တမျိုးနှင့်တမျိုး မတူအောင် ခွဲခြားတတ်သော ပစ္စည်းများ—ဟူလို၊ထိုပစ္စည်းများကား ဘူဝါဒိတော အ--စသော သုတ်တို့ဖြင့် သက်အပ်သော (အ) အစ, ဏယ အဆုံး ၁၇ ပစ္စည်းတည်း။ [ရုဓာဒိတောသုတ်၌ စ ဖြင့် ယူရသော ဣ-ဤ-ဧ-ဩ တို့ပါ ယူသည်။]

အ, ဝိကရဏာ၊ပေ၊စုရာဒယော — ဤကား ၇မျိုး ပြားပုံကို အကျယ် ပြသော စကားတည်း၊ "ဘူဝါဒိတော အ" သုတ်ဖြင့် အ—ဟူသော ဝိကရဏ ပစ္စည်းရှိသော (အ ပစ္စည်းသက်၍ ပြီးရသော) ဓာတ်အပေါင်းသည် ဘူဝါဒိဓာတ် မည်၏၊ ဤ ဘူဝါဒိ ဓာတ်အပေါင်းကိုပင် "ဘူဝါဒိဂိုဏ်း" ဟု ခေါ်စမှတ်ပြုရသည်၊ ဤသို့အားဖြင့် ကစ္စည်း သုတ်စဉ်ကိုရှု၍ "ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဉ္စ-ဒိဝါဒိတော ယော" စသော အစဉ်အတိုင်း ရုဓာဒိဓာတ်(ရုဓာဒိဂိုဏ်း)စသည် မည်ပုံကိုလည်း သိပါ၊ သကတ္တေ ဏေ ဏယန္တာ၌ "သကတ္တေ" ကား ကာရိတ် ဏေ ဏယပစ္စည်းများကို တားမြစ်သော စကားတည်း၊ ဟေတွတ္တ၌ သက်ရသော ကာရိတ် ဏေ ဏယ မဟုတ်, တွဲဘက် ဓာတ်၏ အနက်၌ ဖြစ်သော (သကတ် အနက်၌ပင် သက်ရသော) ဏေ ဏယ ပစ္စည်းများ—ဟူလို၊ ထို့ကြောင့်ပင် "စောရေတိ—ခိုးစေ၏" ဟု မပေးရဘဲ "ခိုး၏" ဟု စုရဓာတ်နက်အတိုင်း သာ ပေးရသည်။ [ဂဟာဒိဂိုဏ်း ဟု သီးခြား မပြမြင်း၏အကြောင်းကို ဂဟာဒိတော ပ္ပ ဏှာ—သုတ်၌ ပြအံ့။]

www.dhammaransi.com



တတ္ထ - ထိုဓာတ်တို့တွင်၊ ပဌမံ - ရှေးဦးစွာ၊ အ, အဝိကရဏောသု - အ ဟူသော ဝိကရဏပစ္စည်း ရှိကုန်သော၊ ဘူဝါဒိသု - ကုန်သော၊ ဓာတူသု - ဓာတ်တို့တွင်၊ ပဌမဘူတာ-ပဌမ ဖြစ်၍ ဖြစ်သော၊ အ ကမ္မကာ- အ ကမ္မက ဖြစ်သော၊ ဘူဣတိ-ဘူ ဟူသော၊ တေသ္မာ ဓာတုတော-ဤဓာတ်မှ၊ ပရာ - နောင်းကုန်သည် (ဖြစ်၍)၊ တျာဒယော-တိ အစရှိသော ဝိဘတ်တို့ကို၊ ယောဇီယန္တေ - ယှဉ်စေအပ်ကုန်၏။

ဘူ - ဘူဓာတ်သည်၊ သတ္တာယံ-(ထင်ရှားရှိသော ဝတ္ထု၏ ဖြစ်ကြောင်း ဖြစ်ရာ) ထင်ရှား ဖြစ်ခြင်းအနက်၌၊ (ဝတ္တတေ - ဖြစ်၏)၊ ဘူဣတိ - ဘူ ဟူသော၊ ဒ,ယံဓာတု - ဤ ဓာတ်သည်၊ သတ္တာယံ - ထင်ရှား ဖြစ်ခြင်း ဟူသော၊ အတ္ထေ - အနက်၌၊ ဝတ္တတေ - ဖြစ်၏၊ ကြိယာ သာမညဘူတေ - သာမညကြိယာ ဖြစ်၍ ဖြစ်သော၊ ဘာဝနေ - ဖြစ်ခြင်းအနက်၌၊ ဝတ္တတေ-၏၊

---

တတ္ထ ပဌမံ၊ပေ၊ယောဇီယန္တေ—ဒိဝါဒိ စသော ဓာတ်တို၏ ရှေးဦးစွာဖြစ် သောကြောင့်"ပဌမံ ဘူဝါဒိသုဓာတူသု"ဟုရင်း,ထို ဘူဝါဒိဓာတ်သည် ဘူ-ဟူ-ပစ-ဂမု စသောအားဖြင့်အများရှိ၏၊ ဒိဝါဒိဂိုဏ်း၌ ဒိဝုဓာတ်သည်ပဌမဖြစ်သကဲ့သို့ဘူဝါဒိဂိုဏ်း ၌လည်း ဘူဓာတ်သည် ပဌမဖြစ်၏၊ ထို့ကြောင့် "ပဌမဘူတာ၊ပေ၊ဘူဣစ္စေတသ္မာ" ပုရင်း, ဤဘူဓာတ်သည် သကမ္မက အ ကမ္မက ၂-မျိုးတွင် အ ကမ္မကဖြစ်၍ အကမ္မကာ ဟုရင်း မိန့်သည်၊မှန်၏-"ဘဝတိ-ဖြစ်၏"ဟူရာ၌"မည်သည့်အရာကို+ဖြစ်၏"ဟုကံကို မငဲ့,"မည်သည့်အရာသည်+ဖြစ်၏"ဟု ကတ္တားကိုသာငဲ့၏၊ ထို့ကြောင့် ဘူဓာတ်သည် အ ကမ္မကဓာတ်တည်း၊"ဓာတုလိင်္ဂေဟိ ပရာပစ္စယာ"နှင့်အညီ ယုံအကမ္မက ဖြစ်သော ဘူဓာတ်နောင် တိ စသော ဝိဘတ်များကို ယှဉ်စေရ—သက်စေရသည်။

ဘူ=သတ္တာယံ၊ပေ၊တျေဿာ—"ဘူ"ကား ဓာတ်, သတ္တာယံ-ကား ထိုဓာတ်၏ အနက်၊"ဘူ ဣစ္စယံ၊ပေ၊ဝတ္တတေ"ကား သုတ်ကို ဝုတ္တိဖွင့်သကဲ့သို့"ဘူ=သတ္တာယံ"၏ အဖွင့်တည်း၊ ကြိယာသာမည၊ပေ၊တျေဿာ—ကား "ဘူ=သတ္တာယံ"၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ပြသော ဥဇုကတ္ထ (အဖြောင့်အနက်ပြ) ဝါကျတည်း၊ သတ္တာယံ၌ သန္တနောင် တာ ပစ္စည်း၊ သန္တ ကို သန္တသဒ္ဒသဿသော သုတ်၌ စ သဒ္ဒါဖြင့် သ ပြု, တ် ခွေဘော်လာ (သတ္တာ) နာမ်ငဲ့, သ္မိံကို ယံပြုပြီးသော တဒ္ဓိတ် နာမ်ပုဒ်တည်း၊ သန္တဿ-ထင်ရှားရှိသော ဝတ္ထု၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (ထင်ရှားခြင်း, ဖြစ်ခြင်း) ကြိယာသည်၊ သတ္တာ-မည်၏၊ "ဖလော+ဘဝတိ=ဖသ+ဖြစ်၏"ဟူရာ၌ ဖသ ဥပါဒ်လျှင် ထိုဖသသည် အထင်အရှားရှိ၏၊ ထိုသို့ အထင်အရှား ရှိခြင်းကို "ဖြစ်ခြင်း"ဟု ဆိုသည်၊ "မနုဿော+ဘဝတိ = လူ+ဖြစ်၏"စသည်၌လည်း လူ၏ ထင်ရှားပေါ်လာခြင်းကို "ဖြစ်ခြင်း"ဟု ဆိုသည်၊ ဤသို့ စသည်ဖြင့် ပရမတ္ထတရား ဖြစ်စေ လူ စသော ပညတ်တရားဖြစ်စေ လောက အမှတ် အသားအတိုင်း ထင်ရှား ရှိခြင်းကို"သတ္တာ"ဟု ဆိုသည်။

www.dhammaransi.com



ဣတိအတ္ထော – ဤကား အနက်၊ ဘူဣတိ-ဘူဟူ၍၊ ဌိတေ - တည်လတ်သော်၊ [“ဓာတုသညာဟောန္တိ” ၌စပ်၊ တနည်း - “ဓာတုသညာဟောန္တိ” နောင် ဣတိဓာတုသညာ” ဟု ထည့်ပြီးလျှင် “ ဣတိ-ဤသုတ်ဖြင့်၊ ဓာတုသညာ– ဓာတ် အမည်သည် (ဟောတိ)”ဟု ပေး၍ ထို “ဓာတုသညာ ”၌ စပ်။]

**ဘူဝါဒယော ဓာတဝေါ။** ။ဘူဣစ္စေဝမာဒယော–ဘူအစ ရှိကုန်သော၊ ကြိယာဝါစိနော - ကြိယာကို ဟောကုန်သော၊ ယေ သဒ္ဒဂဏာ – အကြင် သဒ္ဒါ အပေါင်းတို့သည်၊ (သန္တိ)၊ တေ – ထိုသဒ္ဒါ အပေါင်းတို့သည်၊ ဓာတု သညာ – ဓာတ် အ မည် ရှိကုန် သည်၊ ဟောန္တိ။ ယေသံ – အကြင် သဒ္ဒါ

---

**ကြိယာသာမညဘူတေ ဘဝနေ။** ။ထို သတ္တာကြိယာသည် ကြိယာအားလုံးနှင့် ဆက်ဆံသော သာမညကြိယာတည်း၊ ချဲ့အံ့—“ဂစ္ဆတိ–သွား၏”ဟူရာ၌ သွားခြင်း ကြိယာ၏ထင်ရှားဖြစ်နေခြင်းကို “ဂစ္ဆတိ”ဟု ဆိုသည်၊ ထို့ကြောင့် “ဂစ္ဆတိ–ဂမနံ ဘဝတိ=သွားခြင်းဖြစ်၏”ဟု ဂမနကြိယာသည် သတ္တာ(ဘဝန)ကြိယာနှင့်ဆက်ဆံ၏၊ “ပစတိ-ချက်၏”ဟူရာ၌လည်း ချက်ချင်းကြိယာ၏ အထင်အရှား ဖြစ်ခြင်းကို“ပစတိ” ဟုဆိုသည်၊ ထို့ကြောင့် “ပစတိ–ပစနံ ဘဝတိ=ချက်ခြင်းသည် ဖြစ်၏”ဟု ပစန ကြိယာနှင့် သတ္တာကြိယာသည် ဆက်ဆံလျက်ရှိပြန်၏၊ ဤသို့လျှင် “ရုက္ခ” သဒ္ဒါသည် (မန်ကျည်းပင် ညောင်ပင်စသည်မကျန်) သစ်ပင်အားလုံးနှင့် ဆက်ဆံသကဲ့သို့ဘူဓာတ် ၏ သတ္တာ ကြိယာလည်း ကြိယာ အားလုံးနှင့် ဆက်ဆံသည်။ [ကစ္စည်း ဘာသာဋီကာ ကတ္တရိစ သုတ်နှင့် တွဲကြည့်ပါ။]

**မှတ်ချက်။** ။“ဘူ=သတ္တာယံ၊ ဂမု=ဂတိမှိ” စသည်ဖြင့် “သတ္တာယံ, ဂတိမှိ„ စသော ဓာတ်နက်များကို ပြဆလေ့ရှိ၏၊ ထိုသို့ ဓာတ်နက်ကို ပြခြင်းသည် ဓာတ် ဟူသမျှ ထိုထို ကြိယာကို ဟောကြောင်းသိစေခြင်းအကျိုးရှိ၏၊ ထို့ပြင်–ဘူသဒ္ဒါသည် သတ္တာ ကြိယာကို ဟောနိုက်၍သာ ဘူဝါဒယောဓာတဝေါဖြင့် ဓာတ်အမည်ရ၏၊ “ဘူ-မြေ” ဟူသော ဒြပ်နက်ကိုဟောရာ၌ ဓာတ်အမည်မရ၊ ဂမုလည်း ဂတိကြိယာကို ဟောနိုက် ၍သာ ဓာတ်အမည်ရ၏၊“ဇဂမု-သွားကုန်ပြီတဲ့”စသည်ဖြင့် ကာလ ကာရက ပုရိသ်နှင့် တကွ ကြိယာကိုဟောရာ၌ ဓာတ် အမည် မရ၊ ပစ လည်း ပါက ကြိယာကို ဟောနိုက် ၍သာ ဓာတ်အမည်ရ၏၊ “ပစ-ချက်လေ”ဟူရာ၌ ဓာတ်အမည် မရ (အာချာတ်ပုဒ် ဖြစ်လေပြီ)၊ ဤသို့ စသည်ဖြင့် ဓာတ်နက်ကို ပြရခြင်းသည်ကြိယာကို ဟောကြောင်း– ထိုကြိယာကို ဟောနိုက်၍သာ ဓာတ် အမည် ရကြောင်း သိစေခြင်း အကျိုးရှိသည်၊ ထို့ကြောင့် “အနုဘဝတိ–ခံစား၏”ဟူသော ရုပ်၌လည်း ဓာတ်အမည် မှည့်နိုင်ဘို့ရာ “ဘူ=သတ္တာယံ”ဟုပင် ဓာတ်နက်ဆိုရသည်။

[**ဆောင်**] ထိုထိုဓာတ်ဟွက်, ဓာတ်အနက်မှာ, ကြိယာကိုထို, ဟောဆိုနိုင်ကြောင်း,
ငင်း တချက်၊ သက်သက်ကြိယာ, ဟောနိုက်သာလျှင်, မှန်စွာဓာတု,
အမည်ပြုဟု, ၂ ခုကျိုးမျှ, စဉ်းစားရ, မှတ်ကြဓာတ်တိုင်းပင်။

www.dhammaransi.com



အပေါင်းတို့၏၊ ဘူ-ဘူ ဟူသော၊ အာဒိ-အစသည်၊ အတ္ထိ,ဝတ္တိ,တော-ထို သဒ္ဒါ အပေါင်းတို့သည်၊ ဘူဝါဒယော-ဘူဝါဒိတို့ မည်၏၊ အထဝါ-ကား၊ ယေသံ-တို့၏၊ ဘူဝါ-ဘူဓာတ် ဝါဓာတ် ဟူကုန်သော။ အာဒီ(ပကာရာ)-အတူတို့သည်၊ (သန္တိ) ဝတ္တိ, တေ, ဘူဝါဒယော။

ဘူဝါဒိသု - ဘူဝါဒိတို့၌၊ အယံ ဝ ကာရော - ဤ ဝ အက္ခရာကို၊ အာဂမ သန္ဓိဇော - အာဂမသန္ဓိ၌ ဖြစ်၏ဟူ၍၊ ဥေယျော-သိအပ်၏၊ ဝါ - တနည်း၊ သကမ္မာ'ကမ္မကတ္ထတော - သကမ္မက ကြိယာအနက်, အကမ္မက ကြိယာအနက် အားဖြင့်၊ ဘူ ဝါ ပကာရာ - ဘူ, ဝါ အတူရှိသော သဒ္ဒါ အပေါင်းတို့သည်၊ ဓာတူ-ဓာတ်တို့ မည်၏။

(၄၂၄) ကွစိဓာတူ တျာဒိတော - ကွစိဓာတု အစရှိသော သုတ်မှ၊ ကွစိတိ ဝတ္တတေ။

---

ဘူ+အာဒိ ယေသံ တေ ဘူဝါဒယော—သုတ်၌ လာသော "ဘူဝါဒယော"၏ ဝိဂ္ဂဟတည်း၊ ဘူဝါဒိကို "ဘူ+အာဒိ"ဟု ပုဒ်ဖြတ်၍ ယဝမဒန စသော သုတ်ဖြင့် ဝ အက္ခရာ လာသည်၊ ဤသို့ ဝ-လာရခြင်းသည် အာဂမ သန္ဓိအရာ၌ဖြစ်၏၊ ထို့ကြောင့် "ဘူဝါဒိသု ဝကာရောယံ,ဥေယျော အာဂမသန္ဓိဇော"ဟု ဂါထာ၌ဆိုသည်၊ ဤစကား အရ "ဘူဝါဒယော—ဘူ အစရှိသော သဒ္ဒါအပေါင်းတို့သည်"ဟု သုတ်နက်ပေး။

အထဝါ, ဘူဝါ အာဒီ ပကာရာ၊ပေ၊ဒယော—ဤနည်း၌"ဘူဝါဒိ"ကို"ဘူဝါ+ အာဒိ"ဟု ပုဒ်ဖြတ်၊"ပကာရာ"ကား အာဒိ၏ အဖွင့်တည်း၊ အာဒိသဒ္ဒါ၏ မရိယာဒ— ပကာရစသော အနက်များတွင် ပကာရ(အတူ) အနက်ရှိသည်-ဟူလို၊ ["ဘူဝါတျာဒိ" ဟု ပါဠိပျက်ရှိတတ်၏၊သီမူ၌"ဘူဝါ+အာဒိ"ဟု ရှိသည်၊] ဘူ+ဝါ—ဟု ဓာတ် ၂ မျိုး ပြရာတွင် ဘူသည် အကမ္မကကြိယာကိုဟောသော ဓာတ်များအတွက် ခေါင်းဆောင်, ဝါဓာတ်ကား သကမ္မကကြိယာကိုဟောသော ဓာတ်များအတွက် ခေါင်းဆောင်တည်း။ [ဝါဓာတ်သည် ဂတိ ဗန္ဓနအနက်ကို ဟောသော သကမ္မကဓာတ်တည်း၊ ထို့ကြောင့် သကမ္မကဓာတ်များအတွက် ဝါဓာတ်ကို ခေါင်းဆောင်ပြု၍ ဆိုသည်ဟု ကြံ။]

ဤသို့ ဘူနှင့် အကမ္မက ကြိယာဟောချင်းတူသော သဒ္ဒါအပေါင်းသည်ရှင်း, ဝါနှင့် သကမ္မက ကြိယာဟောချင်းတူသော သဒ္ဒါအပေါင်းသည်ရှင်း ဤသုတ်ဖြင့် ဓာတ်အမည် ရကြသည် ဟူလို၊ "ဘူဝါ ပကာရာ ဝါ ဓာတူ, သကမ္မာ ကမ္မကတ္ထတော"ဟူသော ဂါထာလည်း ဤဝိဂ္ဂြိုဟ်၏ သင်္ဂဟစကားတည်း၊ ဤနည်းအလို "ဘူဝါဒယော—ဘူ, ဝါ အတူရှိသော သဒ္ဒါအပေါင်းတို့သည်"ဟု သုတ်နက်ပေး၊ [ဤစကားစဉ်အရ ရုပ်တွက် ရာ၌ "ဘဝတိကို ဘူတည်, ဘူ=သတ္တာယံဟူသော အနက်၌ ဘူဝါဒယော ဓာတဝေါ သုတ်ဖြင့် ဘူကို ဓာတ်အမည် မှည့်"ဟု ဆိုရသည်ဟု မှတ်။]

www.dhammaransi.com



**ဓာတုသမ္ဗန္ဓော လောပေါ နေကဿရဿ**॥ ။အနေက ၊ ပေ ၊ ဟောတိ၊ ကွစိဂ္ဂဟဏံ - သည်၊ မဟီယတိ သမသောတျာဒီသု - မဟီ ၊ ပေ ၊ ထော အစရှိသော ပြယုဂ်တို့၌၊ နိဝတ္တနတ္ထံ-တားမြစ်ရခြင်းအကျိုးရှိ၏၊ [တျာဒီသု၌ အာဒိဖြင့် ကေလာယတိ စသည်၌ "ကေလေ" ဓာတ်စသည်တို့ကိုယူ၊ အကျယ်ကို ကစ္စည်းဘာသာဋီကာမှာရှု။] ဣတိ-ဤသုတ်ဖြင့်၊ အနေက သရတ္တာဘာဝါ (သရတ္တ+အဘာဝါ)-များသော သရရှိသည်၏အဖြစ်မရှိခြင်းကြောင့်၊ (အနေကသရဓာတ် မဟုတ်ခြင်းကြောင့်၊) ဣဓ-ဤဘူဓာတ်၌၊ ဓာတွန္တလောပေါ-ဓာတွန်ကျေခြင်းသည်၊ နဟောတိ-မဖြစ်။

(၄၂၅) တတော-ထို "ဘူ"ဟု တည်ပြီးသည်မှနောက်၌၊ ဓာတွာ ဓိကာရ ဝိဟိတာနေက ပစ္စယပ္ပသင်္ဂေ - ဓာတ်အရာ၌ စီရင်အပ်သော များစွာသော ပစ္စည်းတို့၏ ကပ်ငြိဘွယ်သည်၊ (သတိ-သော်၊) ဝတ္တိစ္ဆာ နုပုဗ္ဗိကာ သဒ္ဒပ္ပဝတ္တိ-ဟူ၍၊ ကတ္ဘာ-ပရိဘာသာပြု၍၊ ဝတ္တမာန ဝစနိစ္ဆာယံ - ဝတ္တမာန် ဝိဘတ်ကို ဆိုလိုလတ်သော်၊ [၄၂၇ သုတ်၌ "ဝတ္တမာနာ ဝိဘတ္တိ ဟောတိ" သို့ လှမ်းစပ်။]

**ဝတ္တမာနာ-တိအန္တိ ၊ ပေ ၊ မှေ**॥ ။တျာဒယော - တိ အစရှိကုန်သော၊ ဒွါဒသ - ၁၂လုံးသော ဝိဘတ်တို့သည်၊ ဝတ္တမာန သညာ - ဝတ္တမာန်အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဣတိ - ဤသုတ်ဖြင့်၊ တျာဒီနံ - တိ အစရှိသော

---

(၄၂၅) **တတောဓာတွာဓိကာရ ၊ ပေ ၊ ပသင်္ဂေ**— ဘူကို ဓာတ် ဟု အမည်မှည့်ခဲ့ပြီ၊ ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ သုတ်သည် ဓာတ် နောင် ခ စသော ပစ္စည်းနှင့် တိ စသော ဝိဘတ်များပင် သက်ခွင့်ပြုထား၏၊ ဓာတူဟိ ဏေ ဏယ စသောသုတ်ကလည်း ဏေ ဏယစသော ပစ္စည်းများသက်၏၊ ဓာတုယာ ကမ္မာဒိမှိဏော သုတ်ကလည်း ဏ ပစ္စည်းသက်ပြန်၏၊ ဤသို့လျှင် ဓာတ်၏အရာ၌ စီရင်အပ်သော ပစ္စည်းတွေအများပင်ရှိလေသည်၊ ထို့ကြောင့် ဘူဓာတ်နောင် ထိုများစွာသော ပစ္စည်းဝိဘတ်တို့ ငြိကပ်ပါဝင်လျက်(သက်ခွင့်ကြုံလျက်)၌ရကား "ထိုပစ္စည်းဝိဘတ်အားလုံးပင်သက်ရလေမည်လား" ဟု ယုံမှားဘွယ်ရှိသည်၊ သို့သော်....

**ဝတ္တိစ္ဆာနု၊ပေ၊ဝတ္တမာန ဝစနိစ္ဆာယံ**—"ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဝတ္တိ"ဟု ပရိဘာသာ ရှိသောကြောင့် ထို ပရိဘာသာကို ဤနေရာ၌ အသုံးပြု၍ ဝဒန္တပုဂ္ဂိုလ်က ဝတ္တမာန်ဝိဘတ်ကိုဆိုလိုလတ်သော်(တိအန္တိစသော ၁၂ လုံးကို"ဝတ္တမာနာ တိ အန္တိ" စသောသုတ်ဖြင့်ဝတ္တမာန်အမည်မှည့်ပြီးနောက်)ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်ဖြင့်ဝတ္တမာန် ဝိဘတ်သက်ရသည်၊ [ဝတ္တိစ္ဆာနုပုဗ္ဗိကာသဒ္ဒပ္ပဝတ္တိ၏အနက်အဓိပ္ပါယ်ကို နာ၁(၆၅) သုတ်၌ ပြခဲ့ပြီ။]

www.dhammaransi.com



ဝိဘတ်တို့၏၊ ဝတ္တမာနတ္တဝိသယတ္တာ-ဝတ္တမာန်အနက် ဟူသော သက်ရာရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝတ္တမာနသညာ-သည်၊ (ဟောတိ)။

(၄၂၆) **ကာလေ**။ ။အယံ-ဤသုတ်သည်၊ အဓိကာရော-နောက်သုတ်တို့၌ ယှဉ်စေထိုက်သော သုတ်တည်း၊ ဝါ-လိုက်သုတ်တည်း၊ ဣတော-ဤအရာမှ၊ ပရံ-၌၊ တျာဒိဝိဘတ္တိ ဝိဓာနေ-တိ အစရှိသော ဝိဘတ်တို့ကို စီရင်ရာဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသောသုတ်၌၊ ဝတ္တတေ-လိုက်၏။

(၄၂၇) **ဝတ္တမာနာ ပစ္စုပ္ပန္နေ**။ ။ပစ္စုပ္ပန္နေ – ပစ္စုပ္ပန် ဖြစ်သော၊ ကာလေ – ကြိယာကို၊ ဂမျမာနေ – သိအပ်သော်၊ ဝတ္တမာနာ ဝိဘတ္တိ-ဝတ္တမာန်ဝိဘတ်သည်၊ ဟောတိ၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ ကာလောတိ-ကာလ ဟူသည်၊ ကြိယာ - ကြိယာတည်း၊ ကရဏံ - ပြုခြင်း သည်၊ ကာရော – ကာရ မည်၏၊ ရကာရဿ – ရ အက္ခရာ၏၊ လကာရော – လ

---

ဝတ္တမာနတ္တ ဝိသယတ္တာ ဝတ္တမာနသညာ—"ဝတ္တမာနတ္တ ဝိသယတ္တာ"ဟိတ်ဖြင့် "ဝတ္တမာနေ-ဝတ္တမာန်အနက်၌+ဘဝါ-ဖြစ်သောဝိဘတ်တည်း၊ ဝတ္တမာနာ-ဝတ္တမာန်အနက်၌ ဖြစ်သော ဝိဘတ်" ဟူသော ဘဝတဒ္ဓိတ်ကိုပြသည်၊ မှန်၏- "ဝတ္တမာန်အနက် ဟူသော ဟောရာရှိသည်"ဟု ဆိုခြင်းနှင့် "ဝတ္တမာန်အနက်၌+ဖြစ်သည်"ဟူသောဆိုခြင်းသည် သဘောတူပင်တည်း၊ဝတ္တမာန်အနက်ဟူသည် "ဖြစ်ဆဲကြိယာ"ဟူသောအနက်တည်း၊ ယော ကာလော—အကြင် ကြိယာသည်၊ ဝတ္တတိ—ဖြစ်ဆဲ၊ ဣတိ, သောကာလော,ဝတ္တမာနော-မည်၏၊"ဖြစ်ဆဲကြိယာ"ဟူသည်လည်း သွားခြင်းစသော ကြိယာတခုခုကို စတည်ပြီးနောက် ထိုကြိယာ လက်စမသတ် (မပြီးပြတ်) သေးသမျှ ဖြစ်နေသော ကြိယာတည်း၊ ဤ"ဝတ္တမာနတ္တ ဝိသယတ္တာ"ဟူသောဟိတ်ဖြင့် တိစသော ဝိဘတ်တို့၏ ဝတ္တမာန် အမည်သည် အန္ဝတ္ထအမည်ဖြစ်သည်-ဟုလည်း သိစေသည်။

(၄၂၆) ဣတော ပရံ တျာဒိ၊ပေ၊ဝတ္တတေ—ဝတ္တမာနာ ပစ္စုပ္ပန္နေ,သုတ်မှစ၍ (ကစ္စည်း သုတ်စဉ်အတိုင်း) ကြိယာတိပန္နေ တိတေကာလာတိပ္ပတ္တိသုတ် တိုင်အောင် သုတ်များသည် တျာဒိဝိဘတ္တိ ဝိဓာန(တိစသော ဝိဘတ်သက်သော) သုတ်များတည်း၊ ဤကာလေသုတ်သည် ထို သုတ်အားလုံးသို့ လိုက်၏။

(၄၂၇) **ကာလောတိစေတ္ထ၊ပေ၊ကာလော**—ကာလ သဒ္ဒါသည် "အခါကာလ"ဟူသော အနက်ကို ဟောရိုးဖြစ်သော်လည်း "ပစ္စုပ္ပန္နေ ကာလေ"၌ ကာလသဒ္ဒါကား"ကြိယာ"အနက်ဟောတည်း၊သို့ကြောင့်"ကာလောတိစေတ္ထ ကြိယာ"ဟုမိန့်သည်၊ "ကာလ သဒ္ဒါသည် ကြိယာ အနက်ကို ဟောနိုင်လောက်အောင် အဘယ်သဒ္ဒါနည်းဖြင့် စီရင်မည်နည်း" ဟု မေးဘွယ်ရှိ၍ "ကရဏံ၊ပေ၊ကာလော"ဟုမိန့်ပြန်သည်၊ "ကရဏံ ကာရော"ဟု ဘာဝသာဓန ဝိဂ္ဂြိုဟ်ပြု, ကရဓာတ် ဏ ပစ္စည်း၊ ကိရိယာ သဒ္ဒါလည်း"ကရဏံ ကိရိယာ"ဟုပင် ဝိဂ္ဂြိုဟ်ပြု၍ ကရဓာတ် ရိရိယ ပစ္စည်းဖြင့်

www.dhammaransi.com



အာခ္ခရာပြု၊ ကာလော - ကာလောဟု ဖြစ်၏၊ တသ္မာ-ကြောင့်၊ ကြိယာယ- ကြိယာကို၊ ဂမျမာနာယ - သိအပ်သော၊ (ဝါ - သိအပ်ရာ၌၊) ဝိဘတ္တီနံ - ဝိဘတ်တို့ကို၊ ဝိဓာနတော - စီရင်ခြင်း၏ အစွမ်းသတ္တိကြောင့်၊ တျာဒိဝိဘတ္တိယော - တိ စသော အာချာတ် ဝိဘတ်တို့သည်၊ ဓာတုဟိဝေ - ဓာတ်တို့မှ နောက်၌သာ၊ ဘဝန္တိ၊ ဣတိ-ဤအနက်သည်၊ သိဒ္ဓံ-ပြီး၏။

ပန - ဆက်ဦးအံ့၊ ဣမ - ဤ အာချာတ်အရာ၌၊ ကာလဿ - ကြိယာ၏၊ အတီတာ၊ ပေ၊ ကာလာတိ ပဘေဒေန - အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အာဏတ္တိ, ပရိကပ္ပ, ကာလာတိပတ္တိတို့၏ အပြားအားဖြင့်၊ ဆဓာ-၆ ပါး အပြားအားဖြင့်၊ ဘိန္နတ္တာ-ပြားသည်၏ အဖြစ်ကြောင့်၊ ပစ္စုပ္ပန္နေတိ-ဟူ၍၊ ဝိသေသေတိ-အထူးပြု၏။

---

ပြီး၏၊ ဤ စကားအရ ကာရောနှင့် ကိရိယာသည့် အနက် တူကြောင်း သိသာပြီ၊ ထို ကာရော၌ ရကို (မဟာသာရော = မဟာသာလော ကဲ့သို့) လ ပြုလျှင် ကာလော ဟု ပြီး၏၊ဤသဒ္ဒါနည်းဖြင့် ကာလ သဒ္ဒါသည် ကြိယာ ဟူသော အနက်ကို ဟောနိုင်သည်။

**တသ္မာ, ကြိယာယ ၊ ပေ ၊ တျာဒိဝိဘတ္တိယော**—ဝတ္တမာနာ ပစ္စုပ္ပန္နေ သုတ်၌ ကာလအတွက် ကြိယာဟူသော အနက်ကို ယူရခြင်းကြောင့် အဘယ်စကား ကျရောက် ပါသနည်း ဟု မေးဘွယ်ရှိ၍ "တသ္မာ"စသည်ကို မိန့်သည်၊ တသ္မာ-ထိုသို့ ဝတ္တမာနာ ပစ္စုပ္ပန္နေ သုတ်၌ ကြိယာကို"ကာလ"ဟု ခေါ်ဝေါ်ရခြင်းကြောင့်,ထိုကြိယာကို သိအပ် သောအရာဝယ် တိ စသော ဝိဘတ်များကို (ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်က) စီရင်ရကား "တိ စသော ဝိဘတ်များသည် ဓာတ်တို့၏နောက်၌သာ သက်ကြရ၏"ဟူသော စကား သည် ကျရောက်လျက်ရှိတော့၏-ဟူလို။

**ဆက်ဦးအံ့**—ပြီးခဲ့သမျှ ဝိဘတ်ပစ္စည်းတို့သည် တဒ္ဓိတ် ဆုံးသည့်တိုင်အောင် လိန် နောင်သာ သက်ကြရ၏၊ ဤသုတ်သို့ လိုက်ဘို့ရာ ဓာတု သဒ္ဒါလည်း (ကစ္စည်းသုဘ်စဉ် အတိုင်းအားဖြင့်) မပါခဲ့သေး၊ ထို့ကြောင့် တိ စသော အာချာတ် ဝိဘတ်များလည်း လိန်နောင်ပင် သက်ကြရလေမည်လော ဟု တွေးတောဘွယ်ရှိ၏၊ ထို့ကြောင့် တသ္မာ စသော စကားဖြင့် "ဓာတ်နောင် သက်ရသည်"ဟူသောစကား—ကျကြောင်းကို ဆိုရ ပေသည်။ [ကောက်ချက်ချ၍ ရသော အဓိပ္ပါယ်တမျိုးကို "စကားကျ"ဟု ခေါ်၏၊ ထို စကားကျကို ပြရာ၌ သိဒ္ဓံပုဒ်ဖြင့် ထားလေ့ရှိသည်။]

**ဣဓပန ၊ ပေ ၊ ဝိသေသေတိ**—ရှေ့သုတ်မှ ကာလေသဒ္ဒါ လိုက်လာသောကြောင့် "ဝတ္တမာနာ"ဟုသာ သုတ်တည်၍"ကာလေ-ကြိယာအနက်ကို၊ ဂမျမာနေ—သော်၊ ဝတ္တမာနာ—သည်၊ ဟောတိ"ဟူသော အနက်သည် ပြီးနိုင်ပြီ မဟုတ်ပါလော,အဘယ့် ကြောင့် "ဝတ္တမာနာ ပစ္စုပ္ပန္နေ"ဟု ကာလေ ဟူသော လိုက်ပုဒ်ကို ပစ္စုပ္ပန္နေ ဟူသော ဝိသေသနဖြင့် အထူး ပြုရပါသနည်းဟု မေးဘွယ်ရှိ၍ "ဣဓ ပန"စသည်မိန့်၊ ကာလ၏

www.dhammaransi.com



တံတံ ကာရဏံ - ထိုထို အကြောင်းကို၊ ပဋိစ္စ-စွဲ၍၊ ဥပ္ပန္နာ-ဖြစ်သော ကြိယာသည်၊ ပစ္စုပ္ပန္နော-မည်၏၊ ပဋိလဒ္ဓ သဘာဝေါ-ရအပ်သော ထင်ရှား ရှိသော ကြိယာတည်း၊ နတာဝ အတီတော-လွန်ပြီးမဟုတ်သေး၊ ဣတိ အတ္ထော- ဤကား အနက်။

---

အနက် ဖြစ်သော ကြိယာသည် ဤ အာချာတ်အရာဝယ် အတိတ် အနာဂတ် စသော အားဖြင့် ၆ မျိုးပြားသောကြောင့် အတိတ် စသည်ကို နစ်စေတို့ရာ"ကာလေ"ဟူသော လိုက်ပုဒ်ကို "ပစ္စုပ္ပန္နေ"ဟု ငဲ့သေသနဖြင့် ကူမရသည်-ဟူလို။ [အတီတ စသည်တို့၏ အစိပ္ပါယ်မှာ ဆိုင်ရာသုတ်၌ ထင်ရှားလတ္တံ့။]

စဉ်းစားဘွယ်။ ။အတိတ် အနာဂတ် စသော ကာလ ၆ မျိုးကို ခွဲပြခြင်းသည် "ဝတ္တမာနာ ပစ္စုပ္ပန္နေ"သုတ်မှ"ကြိယာတိပန္နေ ဟိတေ ကာလာတိပတ္တိ"တိုင်အောင် သုတ်များ၌ လာသော ကြိယာတို့ကို ခွဲပြခြင်းတည်း၊ သို့ဖြစ်လျှင် ထိုသုတ်၌ ပါသော "အာသိဋ္ဌကြိယာ အနုမတိ ကြိယာများကိုကား ဘာ့ကြောင့် မပြပါလိမ့်မည်နည်း" ဟု စဉ်းစားဘွယ်ရှိ၏၊ပဉ္စမီဝိဘတ်၏သက်ရောချင်းတူသောကြောင့် အာဏတ္တိဖြင့်အာသိဋ္ဌကို ယူ၍,သတ္တမီ ဝိဘတ်၏ သက်ရောချင်းတူသောကြောင့် ပရိကပ္ပဖြင့် အနုမတိကိုယူသည်ဟု စဉ်းစားမိသည်၊ ချဲ့အံ့—ပဉ္စမီ၏ သက်ရော ကြိယာများသည် သုတ်၌ပါသော အာဏတ္တိ အာသိဋ္ဌအပြင် သပထ-အဇ္ဈေသနစသည်ဖြင့် များစွာရှိသေး၏၊ ထိုကြိယာအများတွင် အာဏတ္တိ ကြိယာတခုကိုသာ ဥပလက္ခဏ နည်းအားဖြင့် မှတ်၍ ပြထားသည်၊ သတ္တမီ ကြိယာလည်း အနုမတိ-ပရိကပ္ပ-သမ္ဘာဝနာ-ပတ္ထနာ စသောအားဖြင့် များ၏၊ ထိုတွင် ပရိကပ္ပ တခုကိုသာ ဥပလက္ခဏ နည်းအားဖြင့် မှတ်၍ပြသည်၊ ကြိယာရှိသမျှကို အကုန် ပြလျှင် ၆ မျိုးမက အများအပြားပင် ရှိနိုင်သည်-ဟု စဉ်းစားမိပေသည်။ [သဒ္ဒနီတိ ပဒမာလာ၌ကား ဤ အာဏတ္တိနှင့် ပရိကပ္ပ ကိုသာ ခေါင်းတပ်၍ ပြခြင်းကို "ဂါထာ သီသမတ္တံ-စကား၏ ဦးခေါင်းမျှသာ"ဟု ဆို၏၊ ထို၌လည်း ဥပလက္ခဏ နည်းကိုပင် "ဂါထာသီသ"ဆိုသည် ဟုမှတ်၊ သီသ-ဟု လာတိုင်း ပဓာန နည်းချည်း မဖြစ်နိုင်။]

ရှေ့နောက် မဆန့်ကျင်ပုံ။ ။ရှေ့၌"တိကာလံ"ဟု ဆိုခဲ့ပြီးလျှင် ဤနေရာ၌ ကာလ (ကြိယာ) ၆ ပါးပြားသည်-ဟုပြသော ရူပသိဒ္ဓိအဆိုသည် ရှေ့နောက်ဆန့်ကျင်သကဲ့သို့ ရှိသော်လည်း ရှေ့၌ ကြိယာအပြား ကို ပြလိုရင်းမဟုတ်,အာချာတ်ပုဒ်တို့၏ ဟောနက်၌ ကာလ ၃ ပါးရှိကြောင်းကိုသာ ပြလိုရင်း ဖြစ်သောကြောင့် ရှေးဆရာတို့ ဂါထာအတိုင်း တိကာလံ ဟုပင် ဆိုခဲ့ရသည်၊ ထို့ကြောင့် သူ့နေရာနှင့်သူ အစိပ္ပါယ်သင့်အောင် ပြရ သောကြောင့် ရှေ့နောက် ဆန့်ကျင်သည်-ဟု မမှတ်ဆိုက်။

တံတံ ကာရဏံ၊ပေ၊အတီတော ဟုဇ္ဇော——ဤကား သုတ်၌ ပါသော ပစ္စုပ္ပန္နေ ပုဒ်၏ ဝိဂ္ဂဟနှင့် သရုပ်ကိုပြသော စကားတည်း၊ ပစ္စုပ္ပန္နော၌ "ပတိ+ဥပ္ပန္နော"ဟု ခွဲ၊ ပတိ သဒ္ဒါသည် ပဋိစ္စ အနက်ဟောတည်း—ဟု သိစေလိုရကား "ပဋိစ္စ"ဟုပြ၍ ပဋိစ္စ၏ ကံပုဒ်ကို"တံတံ ကာရဏံ"ဟုထည့်သည်၊ဖြစ်ဆဲကြိယာမှန်သမျှသည် ထိုထိုအကြောင်း တစုံတရာကို စွဲ၍ဖြစ်သည်ချည်းတည်း၊ ဥပမာ—သွားဘိုရာအကြောင်းကိစ္စတခုပေါ်လာ

www.dhammaransi.com



ပစ္စုပ္ပန္န သမီပေပိ – ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ် အနာဂတ် ကြိယာ၌လည်း၊ တဗ္ဗောဟာရူ • ပစာရတော — ထို ပစ္စုပ္ပန် ဝေါဟာရကို တင်စားသော သမီပျူပစာရအားဖြင့်၊ ဝတ္တမာနာ - ဝတ္တမာန်ဝိဘတ်သည်၊

---

လျှင် ထိုအကြောင်းကိစ္စကိုစွဲ၍ သွားခြင်းကြိယာဖြစ်ပေါ်လာ၏၊ ကိစ္စမရှိဘဲ မိမိဘာသာ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာလျှင်လည်း ထိုဆန္ဒသည်ပင် သွားခြင်း၏ အကြောင်း တည်း၊ ဤသို့လျှင် ထိုထိုအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော ကြိယာကို "ပစ္စုပ္ပန္န" ဟု ခေါ်၏။

"ပဋိလဒ္ဓ သဘာဝေါ" ကား ထိုပစ္စုပ္ပန္န၏ သရုပ်ကိုပြသောစကားတည်း၊ "ပစ္စုပ္ပန် ကြိယာ" ဟူသည် ပရမတ်သဘောအားဖြင့်ဖြစ်စေ လောက၌ အသိအမှတ်ပြုအပ်သော ပညတ်သဘောအားဖြင့်ဖြစ်စေ အထင်အရှားရှိနေသော အထင်အရှား သိအပ် ရအပ် သော သဘောတမျိုးဖြစ်သည်-ဟူလို၊ [ပဋိလဒ္ဓ=သိအပ် ရအပ်သော(မြင်ရ ကြားရစိတ် ဖြင့် သိရသည်ကိုပင် ပဋိလဒ္ဓ ဟုဆိုသည်) +သ- ထင်ရှားရှိသော+ဘာဝ = ကြိယာ၊] ထို သိအပ် ရအပ်သော ထင်ရှားရှိနေသော ကြိယာသည် လွန်ပြီး ချုပ်ပြီး—ပြီးပြီးလည်း မဟုတ်စေရ, လွန်ပြီးဖြစ်လျှင် အတိတ်ကြိယာ ဖြစ်သွားလိမ့်မည်—ဟု ပြလို၍ "နတာဝ အတီတော" ဟု မိန့်ရပြန်သည်၊ အချုပ်ကား—"ထိုထိုအကြောင်းကိုစွဲ၍ အထင်အရှား ဖြစ်ဆဲလည်းဟုတ်, ပြီးလည်းမပြီးသေးသော ကြိယာသည် ပစ္စုပ္ပန် မည်၏" ဟု မှတ်။ [နိစ္စပ္ပဝတ္တိ-စသော ဝတ္တမာန် အပြားနှင့် အတိတ် အနာဂတ် ကြိယာများကို ဤသုတ် ၏ ကစ္စည်း ဘာသာဋီကာမှာရှု။]

**ပစ္စုပ္ပန္န သမီပေပိ၊ ပေ၊ ဝတ္တမာနာ**—ဤပါဌ်ဖြင့် ဥပစာ ဝတ္တမာန်တမျိုးကိုပြ သည်၊ချဲဦးအံ့."ပစ္စုပ္ပန္နသမီပေပီတိ ဝတ္တမာနကာလဿ အာသန္နေအတီတကာလေစ အနာဂတကာလေစ ဝတ္တမာနဝိဘတ္တိဟောတိ" ဟူသော ဋီကာအရ အတိတ် သမီပ ဝတ္တမာန်-အနာဂတ်သမီပဝတ္တမာန် ၂ မျိုးကိုသိရ၏၊ထို ၂ မျိုးတွင် အရပ်တပါးမှလာ ခဲ့၍ ထိုင်နေသူ၌ ထိုင်ခြင်းကြိယာသည် ပစ္စုပ္ပန်တည်း၊ ထို ထိုင်ခြင်းကြိယာသည် သမီပီ, လာခဲ့ခြင်းကြိယာကား ထိုင်ခြင်းကြိယာ၏ အနီးဖြစ်သောကြောင့် သမီပတည်း၊ ထို ထိုင်ခြင်းကြိယာ၏ ပစ္စုပ္ပန်အမည်ကို လာခြင်း အတိတ်ကြိယာပေါ်၌ တင်စား၍ "ကုတော အာဂစ္ဆသိ = ဘယ်ကလာခဲ့သနည်း" ဟု ပစ္စုပ္ပန်ကြိယာဖြင့် ပြောဆိုခြင်း ကား သမီပျူပစာ (သမီပီ၏နာမည်)တည်း၊ "ကုဟိံ ဂစ္ဆသိ-ဘယ်သွားမလို့လဲ" ၌ လည်း မသွားမီပြင်ဆင်နေခြင်း ကြိယာသည် ပစ္စုပ္ပန် သမီပီတည်း၊ သွားလတ္တံ့ကြိယာ ကား သမီပတည်း၊ မသွားမီ ပြင်ဆင်နေခြင်းစသောကြိယာ၏ ပစ္စုပ္ပန်အမည်ကို သွား လတ္တံ့ အနာဂတ်ကြိယာ၌ တင်စားခြင်းသည် သမီပျူပစာတည်း။

မှတ်ချက်။ ။နိစ္စပဝတ္တိစသော ဝတ္တမာန် ၄ မျိုးကိုပြသော ကျမ်းဂန်တို့၌ ဥပစာ မတင်ဘဲ သမီပဝတ္တမာန် ဟူသော သီးခြားနာမည်ကို ပြကြသည်၊ ဤရူပသိဒ္ဓိကား ယို ၄ မျိုးကို မပြသောကြောင့် ထို သမီပဝတ္တမာန် ပုံစံများကိုပင် ဥပစာ တင်စားထား သောကြောင့် သမီပျူပစာဝတ္တမာန်ဟု ဆိုလိုဟန်တူသည်၊ ဤ သမီပဝတ္တမာန်၌ ဝဒန္တ ပုဂ္ဂိုလ်ကဝတ္တမာန်ဖြင့်မဆိုလိုလျှင် "ကဒါအာဂတောသိ=ဘယ်တုန်းကလာခဲ့သနည်း"

www.dhammaransi.com



(ဟောတိ - သက်နိုင်၏၊) အတီတေပိ - ဝေးသော အတိတ် ကြိယာ၌လည်း၊ တံကာလဝစနိစ္ဆယာ (ဝစနိစ္ဆာယ) - ထို အတိတ်၌ ဖြစ်ဆဲ ကာလကိုဆိုလိုခြင်းကြောင့် (ဝတ္တမာနာ - သည်၊ ဟောတိ)။

(၄၂၈) တသ္မိံ ပစ္စုပ္ပန္နေ - ထို ပစ္စုပ္ပန်အနက်၌၊ ဝတ္တမာနာ ဝိဘတ္တိံ - ဝတ္တမာန် ဝိဘတ်ကို၊ ကတွာ - ၍၊ တဿာ - ထို ဝတ္တမာန် ဝိဘတ်၏၊ ဌာနာ နိယမေ - သက်ရာဌာနကို မသတ်မှတ်ရသေးသည်၊ (သတိ - ဖြစ်လတ်သော်၊) ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာတိ - ဟူ၍၊ ပရိဘာသတော - ကြောင့်၊

---

ဟုမေးရာ၌ "ဣဒါနေဝ ါဟံ အာဂစ္ဆိံ (ယခုပဲလာခဲ့တယ်?) အာဂစ္ဆိံ (အစ္ဆိံ?) ... "

ဟုမေးရာ၌ "ဣဒါနေဝ ါဟံ အာဂစ္ဆံ (ဟိယျတ္တနီ) အာဂစ္ဆိံ (အဇ္ဇတ္တနီ) အာဂတော (အတိတ် က ပစ္စည်း)"ဟု အတိတ် ဝိဘတ် ပစ္စည်းများဖြင့် သုံးစွဲနိုင်၏၊ အနာဂတ်၌လည်း "ကဒါ ဂမိဿသိ = ဘယ်တော့သွားမလဲ" — "ဣဒါနိ ဂမိဿာမိ = ယခုသွားမှာလို့"ဟုငှင်း "ဂါမိ—သွားလတ္တံ့"ဟုငှင်း အနာဂတ်ဝိဘတ် ဏီ ပစ္စည်းများဖြင့် သုံးစွဲနိုင်သည်ဟုလည်း မှတ်။]

**အတီတေပိ တံကာလဝစနိစ္ဆယာ**— [ဂါထာဖြစ်၍ဇဂိုဏ်းရအောင် "ဝစနိစ္ဆယာ" ဟု အက္ခရာသက်န္တိ ("စ္ဆာယ"-၌ အာ နှင့် အ ကို ပြောင်းရွှေ့မှု) ပြုထားသော်လည်း "ဝစနိစ္ဆာယ"ဟု ပုဒ်ရင်းအတိုင်း အနက်မှတ်။] ဤ၌ ပြခဲ့သော သမီပဝတ္တမာန်မျိုး မဟုတ်သော ဝေးသော အတိတ်ကို "အတီတေပိ"ဟု ဆိုသည်၊ "ဂစ္ဆာမိ အမ္ဗရေ တဒါ=ထိုသုမေဓာဖြစ်သောအခါ၌ကောင်းကင်ဝယ် သွားတော်မူခဲ့၏၊"ဤစကားကား ဘုရားဖြစ်မှ မိန့်တော်မူအပ်သောစကားတည်း၊ ဘုရားဖြစ်သည့်အခါ ထို ကောင်းကင်ကြွသွားမှုကြိယာသည် အလွန်ဝေးသောအတိတ်ဖြစ်၏၊ သို့သော် ထို အတိတ်တုန်းက သွားဆဲကြိယာကို စိတ်ဖြင့်မှန်း၍ ဝတ္တမာန်ဖြင့် ဆိုလိုသောကြောင့် "ဂစ္ဆာမိ" ဟု ဝတ္တမာန်ဖြင့် သုံးစွဲနိုင်သည်၊ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သံဂါယနာ တင်ချိန်ကျမှ "ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ"ဟု သုံးစွဲရာ၌လည်း ဤ ဝတ္တမာန်ပင်တည်း၊ ဤ"တံ ကာလ ဝစနိစ္ဆာ"ဝတ္တမာန်ကို တံကာလာပေက္ခ (ထိုအတိတ်၌ သွားဆဲကြိယာ နေဆဲ ကြိယာကို စိတ်ဖြင့်ငဲ့အပ်သော) ဝတ္တမာန်ဟုလည်း ခေါ်သည်။ [ဤ ဂါထာ၌ နိဿယဟောင်းဝယ် အဓိပ္ပါယ် ချို့ယွင်းလောက်အောင် အနက် ပေးထား၏, သတိပြုကြလေ၊ယာဝပုရာ စသည်တို့နှင့်ယှဉ်ရာဝယ် အနာဂတ်၌ ဝတ္တမာန် သက်ပုံကို ကစ္စည်းဘာသာဋီကာ၌ရှု။]

(၄၂၈) တသ္မိံ၊ပေ၊ပရဿ ပဒ ဝစနိစ္ဆာယံ—"ဝတ္တမာနာပစ္စုပ္ပန္နေ"သုတ်ဖြင့် ပစ္စုပ္ပန်အနက်၌ ဝတ္တမာန် သက်သောအခါ "မည်သည့်နေရာ ဌာန၌ သက်ရမည်" ဟု ဝတ္တမာန် ဝိဘတ်၏ သက်ရာဌာနကို မသတ်မှတ်ရသေးသည်ကို "တဿ ဌာနာ နိယမေ (ဌာန+အနိယမေ)"ဟုမိန့်သည်၊ ထိုသို့ ဌာနမသတ်မှတ်ရသေးသောကြောင့် "ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"ဟူသော ပရိဘာသာဖြင့် "ဓာတ်မှ နောက်ဖြစ်သော ဌာန၌ ဝတ္တမာန် ဝိဘတ်သက်"ဟု သက်ရာဌာနကို သတ်မှတ်ပေးရသည်၊ ထို ဌာနကိုသတ်မှတ်

www.dhammaransi.com



ဓာတုတော ပရံ, ဝတ္တမာန ပစ္စယေ - ဝတ္တမာန်ဝိဘတ်ဟူသော ပစ္စည်းတို့ကို၊ ကတွာ - ၍၊ တေသံ - ထို ဝတ္တမာန် ဝိဘတ် တည်းဟူသော ပစ္စည်းတို့၏၊ အနိယမပ္ပသင်္ဂေ - မည်သည့်ဝိဘတ်ဟု မမှတ်အပ်သေး၍ လျှဉ်းပါးဘွယ်သည်၊ သတိ-သော်၊ ဝတ္တိစ္ဆာ၊ ပေ၊ ပဋိပတ္တိတိ-ဟူ၍ ပရိဘာသာလာသောကြောင့်၊ ပရဿပဒ ဝစနိစ္ဆာယံ - ပရဿပုဒ် ဝိဘတ်ကို ဆိုလိုလတ်သော်....[နောက်သုတ် "ပရဿ ပဒံ ကတ္ဝာ"၌ လှမ်းစပ်။]

**အထ ပုဗ္ဗာနိ ၊ ပေ ၊ ပဒါနိ။** ။အထ (တဒ္ဓိတာ နန္တရံ)- တဒ္ဓိတ်၏ အခြားမဲ့၌၊ ဝုစ္စမာနာနံ - ဆိုအပ်လတံ့ကုန်သော၊ သဗ္ဗာသံ - ကုန်သော၊ ဝတ္တမာနာ ဒီနံ - ဝတ္တမာန် အစရှိကုန်သော၊ အဋ္ဌ ဝိဓာနံ - ရှစ်သွယ် အဲပြား ရှိကုန်သော၊ ဝိဘတ္တီနံ - တို့၏၊ ပုဗ္ဗကာနိ - ရှေ့၌ ဖြစ်ကုန်သော၊ ယာနိယာနိ ဆ ပဒါနိ - အကြင် အကြင် ခြောက်ပုဒ်တို့သည်၊ (သန္တိ)၊ အတ္ထတော-

---

ပေးသော ပရိဘာသာ သုတ်အရ ဓာတ်နောင် ဝတ္တမာန် ပစ္စည်းများကို သက်ရသည်၊ ["ဓာတု လိင်္ဂေဟိ ပရာ ပစ္စယာ"သုတ်၌ ဝိဘတ်နှင့်ပစ္စည်း ၂ မျိုးလုံးကို "ပစ္စယ"ဟု နာမည်တပ်ထားသောကြောင့်ထိုသုတ်နှင့်ညီအောင် ဝတ္တမာန်ဝိဘတ်ကိုပင်"ဝတ္တမာန ပစ္စယေ"ဟု ပစ္စယ နာမည်ဖြင့် သုံးစွဲထားသည်။]

ထို ဝတ္တမာန်ဝိဘတ်လည်း ၁၂ လုံးရှိရကား ထို ၁၂ လုံးတွင် မည်သည့်ဝိဘတ်သက်-ဟု သတ်မှတ်ချက်မရှိသေး၊ ထိုသို့ သတ်မှတ်ချက်မရှိသေးသောကြောင့် ထို ဝတ္တမာန် အားလုံးပင်"ဝတ္တမာနာ ပစ္စုပ္ပန္နေ"သုတ်အရ ငြိတွယ်ပါဝင်လာခွင့်ရှိသည်ကို"တေသံ အနိယမပ္ပသင်္ဂေ"ဟုဆိုသည်၊ [ထိုပသင်္ဂကို သဒ္ဒါနက်အားဖြင့် "ငြိကပ်ခြင်း"ဟု၎င်း, အများသတ်မှတ်ထားသောသင်္ကေတ အနက်အားဖြင့်"လျှဉ်းပါးခြင်း"ဟု၎င်း,အဓိပ္ပါယ် အားဖြင့်ကား"အလျဉ်းသင့်(အဆင်သင့်) ပါဝင်လာခြင်း"ဟု၎င်း ဆိုလိုသည်။]

ထိုသို့ ငြိကပ်ပါဝင်လာခွင့်ရှိသော်လည်း"ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ"ဟူသော ပရိဘာသာနှင့်အညီ ဝဒန္တုပုဂ္ဂိုလ် ဆိုလိုရာ ဝိဘတ်သက်ခွင့် ရှိသောကြောင့် ဤနေရာ၌ ဝဒန္တုပုဂ္ဂိုလ်က ပရဿ ပုဒ်ဝိဘတ်ကိုဆိုလိုလျှင် နောက်လာမည့်"ကတ္တရိ ပရဿပဒံ" သုတ်ဖြင့် ပရဿပုဒ်သာ သက်ရသည်။

အထ ပုဗ္ဗာနိ၊ ပေ၊ ပရဿပဒသညာ— "ထိုသို့ ပရဿပုဒ် သက်ရမည်ဆိုလျှင် အဘယ်ဝိဘတ်များသည် ပရဿပုဒ်အမည်ရကြသနည်း"ဟု မေးဘွယ်ရှိသောကြောင့် ပရဿပုဒ်အမည်မှည့်သော "အထ ပုဗ္ဗာနိ"စသော သညာသုတ်ကို ဤနေရာ၌ ထုတ် ပြရသည်၊ အထ သဒ္ဒါသည်"အဓိကာရ-မင်္ဂလ နိပ္ဖန္န-အဝဓာရဏ-အနန္တရ"စသော အားဖြင့် အနက်များစွာရှိရာ ဤသုတ်၌ပါသော အထ သဒ္ဒါသည် "အနန္တရ" အနက် ရှိ၏ဟု သိစေလို၍ အထကို "တဒ္ဓိတာနန္တရံ"ဟု ဖွင့်သည်၊ "ဝုစ္စမာနာနံ၊ ပေ၊ အဋ္ဌ ဝိဓာနံ"တို့ကား ဖြစ်သင့်၍ ထည့်အပ်သော ပက္ခိပန ဝုတ္တိတည်း။

www.dhammaransi.com



အနက်ဒြဗ်အားဖြင့်၊ အဋ္ဌစတ္တာလီသမတ္တာနိ- ၄၈ အတိုင်းအရှည်ရှိကုန်သော၊ တာနိတာနိ (ဆပဒါနိ) - ထိုထို ၆ ပုဒ်တို့သည်၊ ပရဿပဒသညာနိ - ပရဿပုဒ် အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဣတိ-ဤသုတ်ဖြင့်၊ အာဒိမှိ-အစ၌၊ ဆန္နံ-၆ပုဒ် တို့၏၊ ပရဿ ပဒသညာ-အမည်သည်၊ (ဟောတိ)။

ပရဿတ္တာနိ-သူတပါး၏ အနက်ရှိကုန်သော၊ ပဒါနိ-ပုဒ်တို့သည်၊ ပရဿ ပဒါနိ – ပရဿပုဒ်တို့မည်၏၊ တဗ္ဗာဟုလ္လတော – ထို သူတပါး အနက်ဟောပုဒ် တို့ များကုန်သည်၏အဖြစ်ကြောင့်၊ တဗ္ဗောဟာရော - ထို"ပရဿပဒ"ဟူသော ဝေါဟာရသည်၊ (ဟောတိ-ဖြစ်၏)။

---

ဝိဘတ္တိနံပုဒ်၌ နံ ဝိဘတ်အတွက်"တို့တွင်"ဟု နိဒ္ဓါရဏ အနက်ပေးကြ၏၊ သို့သော် ရှစ်ပါးသော ဝိဘတ် အပေါင်းတွင် ဝတ္တမာန် ဖြစ်စေ ပဥ္စမီ စသည်ဖြစ်စေ တခုခုကို ထုတ်ရာ၌သာ နိဒ္ဓါရဏ ဖြစ်သင့်၏၊ ဤ၌ကား "ပုဗ္ဗကာနိ ဆ ပဒါနိ"ဟု ရှေးရှေး ၆ ပုဒ်ကို ထုတ်ပြသောကြောင့် နိဒ္ဓါရဏ အနက် မဖြစ်သင့်၊"ဝိဘတ်တို့၏+ရှေ့ ၆ ပုဒ်" ဟု ("မနုဿာဿ+သီသံ" ကဲ့သို့) အပေါင်းသမူဟ သမ္ဗန်သာ ဖြစ်သင့်သည်၊ ထို ဝိဘတ် ၈ မျိုးတို့၏ ရှေးရှေး ၆ ပုဒ်စီကိုသာယူလျှင် ၆×၈ လီ=၄၈ ဖြစ်သောကြောင့် ဝိဘတ်ဒြဗ် (ဝိဘတ် လုံးရေ) ၄၈ ရှိရကား "အတ္ထတော အဋ္ဌစတ္တာလီသ မတ္တာနိ"ဟု မိန့်သည်။

**ပရဿတ္တာနိ၊ပေ၊ပရဿ ပဒါနိ**— ဤကား သုတ်၌ပါသော ပရဿပဒါနိ၏ ဝိဂ္ဂဟတ္ထ တည်း၊ "ပရဿတ္တာနိ+ပဒါနိ"ဟူသော ဝိဂ္ဂြဟ်အရ "ပရဿတ္တပဒါနိ"ဟု ဖြစ်သင့်လျက် ပရဿတ္တ ဟူသော ရှေ့ပုဒ်ဝယ် အတ္တ ဟူသော နောက်ပုဒ်ကို ချေ၍ "ပရဿ ပဒါနိ"ဟု ဖြစ်သည်၊ ပရဿတ္တာနိ ကိုလည်း "ပရဿ+အတ္ထော ယေသံတိ ပရဿတ္တာနိ"ဟု ပြု၊ ယေသံ—အကြင် ပုဒ်တို့၏၊ ပရဿ—သူတပါး၏၊ အတ္ထော— အနက်သည်၊ အတ္ထိ-၏၊ ဣတိ,တာနိ-ထိုပုဒ်တို့သည်၊ ပရဿတ္တာနိ-တို့မည်၏၊ဤ၌လည်း "ပရတ္တာနိ"ဟုဖြစ်သင့်လျက် (ပရဿပဒံ-၌ သ ဝိဘတ် မကျေသကဲ့သို့) ဝိဘတ်မကျေ သောကြောင့် "ပရဿတ္တာနိ"ဟု ဖြစ်ရသည်၊ ဤ "ပရဿတ္တာနိ" အရ "သူတပါး အနက်ရှိ"ဟူသည် မိမိမှတပါး အခြားသူ ဟူသော အနက်ကို ဟောနိုင်ခြင်းပင်တည်း၊ ထို့ကြောင့်"အခြားသူ ဟူသော အနက်ကို ဟောသောပုဒ်များသည် ပရဿပုဒ်မည်၏" ဟု ဆိုလိုသည်။

**တဗ္ဗာဟုလ္လတော တဗ္ဗောဟာရော**—နာမယောဂ,တုမှ ယောဂဖြစ်သော"တိ အန္တိ,သိ-ထ"ကဲ့သို့ရှေးရှေး၄ပုဒ်သည် မိမိမှတပါးသော"သူ"ဟူသောအနက်"သင်" ဟူသောအနက်များကို ဟောကြသဖြင့် ပရဿပုဒ်မည်လျှင် ရှိပါစေတော့, အမှ ယောဂ ဖြစ်သော "မိ-မ" ကဲ့သို့သော နောက်နောက် ၂ ပုဒ်ကား မိမိ (ကိုယ့်ကို) ဟူသော အတ္တအနက်ကို ဟောပါလျက် အဘယ့်ကြောင့် ပရဿပုဒ် ဟု အမည် ရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် "တဗ္ဗာဟုလ္လတော တဗ္ဗောဟာရော"ဟုမိန့်သည်၊ မိ-မကဲ့သို့

www.dhammaransi.com



(၄၂၉) ဓာတုဟိ ဏော ဏယ ဏုစ္စာဒိတော–အစရှိသောသုတ်မှ၊ဓာတုဟီတိ-ပုဒ်သည်၊ ဝတ္တမာနေ – သော်[ပရဿပဒံ ကတ္ထာ – ၌စပ်။]

**ကတ္တရိ ပရဿ ပဒံ။** ။ကတ္တရိ ကာရကေ - ကတ္တုကာရကကို၊ အဘိဓေယျေ - ဟောအပ်သော်၊ သဗ္ဗဓာတုဟိ - တို့မှ(နောက်၌)၊ ပရဿပဒံဟောတိ၊ ဣတိ – ဤသုတ်ဖြင့်၊ ပရဿပဒံ – ကို၊ ကတ္ဗာ-၍၊ တဿာပိ - ထို ပရဿပုဒ်၏လည်း၊ အနိယမပ္ပသင်္ဂေ - မည်သည့်ပုဒ်ဟု မသတ်မှတ် အပ်သေးသဖြင့် ငြိကပ် ပါဝင်လာဘွယ်သည် (သတိ)၊ ဝတ္တိစ္ဆာဝသာ၊ ဝဒန္တုပုဂ္ဂိုလ်အလို၏ အစွမ်းဖြင့်၊ [၃၄၁ သုတ် "ပဌမပုရိသံ ကတ္ဗာ"၌ လှမ်းစပ်။]

---

နောက်နောက် ၂ ပုဒ်သည် (အတ္တ) မိမိအနက်ကို ဟောစေကာမူ ၂ ပုဒ်သာ ရှိ၍ ပရအနက်ဟောပုဒ်က "တိ·အန္တိ,သိ-ထ"ဟု၄ပုဒ်ရှိသဖြင့်များသောကြောင့်နောက်နောက် ၂ ပုဒ်လည်း ယေဘုယျနည်းအားဖြင့် ပရဿပဒ မည်ရတော့သည် ဟူလို။

တေသံ-ထို ပရ အနက်ဟောသောပုဒ်တို့၏+ဗာဟုလ္လံ-များသည်၏အဖြစ် (များနေခြင်း) သည်၊တဗ္ဗာဟုလ္လံ-မည်၏၊ တေသံ-ထို ပရ အနက်ဟောပုဒ်တို့၏+ဝေါဟာရော-ခေါ်ဝေါ်အပ်သောနာမည်သည်၊ တဗ္ဗော ဟာရော-မည်၏၊ ရှားပင်တွေများ၍ အခြားအပင်လည်း အနည်းငယ်ပါသော သစ်ပင်အပေါင်းကို ယေဘုယျနည်းအားဖြင့် "ခဒိရဝန = ရှားတော"ဟုခေါ်သကဲ့သို့ ဤ၌လည်း ပရဿပုဒ်တွေများ၍ အတ္တအနက်ဟောပုဒ်လည်း အနည်းငယ်ပါသော ပုဒ်အပေါင်းကို ယေဘုယျနည်းအားဖြင့် ပရဿပဒ ဟု ခေါ်ရသည်၊ ဤကား ရူပသိဒ္ဓိအလိုတည်း၊ သက္ကတကျမ်းတို့ အဆိုကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။

(၄၂၉) ကတ္တရိကာရကေ၊ပေ၊ဝတ္တိစ္ဆာဝသာ—"ကတ္တရိ ကာရကေ အဘိဓေယျေ"၌"ကတ္တုကာရက (ကတ္တားအနက်) ကို ဟောအပ်သော်" ဟူရာ၌"ကတ္တားအနက်ကို ဟောရမည့်အရာဝယ်"ဟု ဆိုလိုသည်၊ အချုပ်မှာ – " ကတ္တားအနက်၌ ပရဿပုဒ် ဝိဘတ်သက်သော သုတ်"ဟုမှတ်၊ [ဝတ္တမာနာ ပဉ္စမျာဒိ သုတ်က ဝတ္တမာန် ဝိဘတ် သက်သော်လည်း ပရဿပုဒ် အတ္တနောပုဒ် ၂ မျိုးလုံးနှင့် ဆိုင်နေသောကြောင့် ပရဿပုဒ်သာ သက်စေလိုရာ၌ ဤသုတ်ဖြင့် ထပ်၍ သက်ရပြန်သည်၊] ပရဿပုဒ် ၆ လုံးတွင်လည်း မည်သည့်ပုဒ်ဟု ခွဲခြားသတ်မှတ်ချက် မရှိသေးသည်ကို "အနိယမ"ဟု ဆို၏၊ထိုသို့သတ်မှတ်ချက်မရှိသေးသဖြင့် ပရဿပုဒ် ၆ပါးလုံးပင်"ပရဿပုဒ်"ဟူသော စကား၌ ငြိကပ်ပါဝင်လာဘွယ်ရှိသည်ကို"ပသင်္ဂ"ဟုဆိုသည်၊ထိုသို့ ပရဿပုဒ်အားလုံး ပါဝင်လာဘွယ်ရှိသော်လည်း"ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ"ဟူသောပရိဘာသာနှင့်အညီ ပဌမပုရိသ်ကိုဆိုလိုသောကြောင့်"နာမမှိ ပယုဇ္ဇမာနေပိ"စသော သုတ်ဖြင့် ပဌမပုရိသ်ဖြစ်သော ပရဿပုဒ်သာ သက်လိမ့်မည်။

www.dhammaransi.com



(၄၃၀) ဝိပရိဏာမေန - အားဖြင့်၊ ပရဿပဒါနန္တိစ - ပရဿပဒါနံ ပုဒ်သည်၎င်း၊ အတ္တနောပဒါနန္တိစ - ၎င်း၊ ဝတ္တတေ - ၏၊ [အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ, ပရာန္ယတ္တနော ပဒါနိ - သုတ်တို့မှ ပဒါနိဟူသော ပဌမန္တပုဒ်တွေသည် ဆဋ္ဌီယန္တ ဖြစ်အောင် ဝိဘတ်ပြောင်း၍ "ပရဿ ပဒါနံ - အတ္တနော ပဒါနံ" ဟု လိုက်သည်။]

ဒွေဒွေ၊ ပေ၊ ပုရိသာ။ ။ပရဿ ပဒါနံ - ပရဿပုဒ်လည်း ဖြစ်ကုန်သော၊ အတ္တနော ပဒါနဉ္စ - အတ္တနောပုဒ်လည်း ဖြစ်ကုန်သော၊ တာသံ ဝိဘတ္တီနံ - တို့၏၊ ဒွေဒွေဝစနာနိ - ဧကဝုစ် ဗဟုဝုစ် ၂ ပုဒ် ၂ ပုဒ်တို့သည်၊ ယထာက္ကမံ, ပဌမ မဇ္ဈိမုတ္တမ ပုရိသာ သညာနိ - ပဌမ ပုရိသ်, မဇ္ဈိမ ပုရိသ်, ဥတ္တမ ပုရိသ် အမည်ရှိကုန်သည်၊ ဟောန္တိ၊ တံယထာ - ထို ပုရိသ်တို့ အဘယ်နည်း၊ တိ အန္တိ ဣတိ - တိ, အန္တိ ၂ ပုဒ်တို့သည်၊ ပဌမ ပုရိသာ - ပဌမ ပုရိသ်တို့ မည်၏၊ ပေ၊ ဥတ္တမ ပုရိသာ၊ အတ္တနော ပဒေသုပိ - အတ္တနော ပုဒ်တို့တွင်လည်း၊ တေ အန္တေ ဣတိ - တေ, အန္တေ ၂ ပုဒ်တို့သည်၊ ပဌမ ပုရိသာ - ၏၊ ပေ၊ ဥတ္တမ ပုရိသာ၊ ဧဝံ - ဤ အတူ၊ သေသာသု - ဝတ္တမာန်မှ ကြွင်းကုန်သော၊ သတ္တသု - ခုနစ်သွယ်ကုန်သော၊ ဝိဘတ္တီသုပိ - တို့၌လည်း၊ [သီဟိုဠ်မူ၌ "ပိ" ပါသည်၊] ယောဇေတဗ္ဗံ - ယှဉ်စေရာ၏၊ ဣတိ ဧဝံ - ဤသို့၊ အဋ္ဌဝိဘတ္တိဝသေန - ရှစ်သွယ်သော ဝိဘတ်တို့၏ အပြားအားဖြင့်၊ ဆန္နဝုတိဝိဓေ - ၉၆ အပြား ရှိသော၊ အာချာတ ပဒေ - အာချာတ် ဝိဘတ် ဟူသော ပုဒ်တွင်၊ ဒွတ္တိံသ ဒွတ္တိံသ - ၃၂ ပုဒ် ၃၂ ပုဒ်သည်၊ ပဌမ မဇ္ဈိမုတ္တမ ပုရိသာ - ပဌမ ပုရိသ် ၊ ပေ ၊ ဥတ္တမ ပုရိသ်တို့သည်၊ ဟောန္တိ၊ ဣတိ - ဤသုတ်ဖြင့်၊ ဝတ္တမာနပရဿပဒါနိမှ - ဝတ္တမာန်ပရဿပုဒ်၏အစ၌၊ ဒွိန္နံ - တိ အန္တိ ၂ ပုဒ်တို့၏၊ ပဌမ ပုရိသ သညာ - ပဌမ ပုရိသ် ဟူသော အမည်သည် (ဟောတိ)။

---

(၄၃၀) တာသံ၊ပေ၊ပဌမ ပုရိသ သညာ—ပဌမ ပုရိသ် ပရဿပုဒ် သက်လတံ့ ဖြစ်သောကြောင့် ရှေ့ဦးစွာ ပဌမ ပုရိသ် စသော အမည်ကို ပြလိုရကား ဤသုတ်ကို ဤနေရာ၌ ထုတ်ပြရသည်၊ ဤသုတ်ဖြင့် ဝတ္တမာန် ပရဿပုဒ် ၆ လုံးတွင် အစဖြစ်သော တိ-အန္တိ ၂ လုံးကို ပဌမ ပုရိသ်ဟုမှည့်။ [တံယထာ- "တိ အန္တိ ဣတိ ပဌမ ပုရိသာ" စသည်ကား ပဌမပုရိသ် စသည် အမည်ရသော ဝိဘတ်များ၏ သရုပ်ကို ထုတ်ပြသော စကားတည်း၊ "ဧဝံ သေသာသု၊ပေ၊ယောဇေတဗ္ဗံ" ဟူသော စကားအရ "တု-အန္တု ဣတိ ပဌမပုရိသာ" စသည်ဖြင့် နောက်နောက် ဝိဘတ်တို့၌လည်း ယှဉ်စပ်ကြပါလေ၊ ပဌမပုရိသ် စသည် ခေါ်ပုံကို ကစ္စည်းဘာသာဋီကာ၌ရှု။]

www.dhammaransi.com



(၄၃၈) နာမမှိ ၊ ပေ။ ပဌမော။ ။တုမှာမှ သဒ္ဒ ဝဇ္ဇိတေ - တုမှ, အမှ သဒ္ဒါသည် ကြဉ်အပ်သော၊ တုလျာဓိ ကရဏ ဘူတေ - ကြိယာ ပုဒ်နှင့် တုလျာဓိ ကရဏ ဖြစ်၍ ဖြစ်သော။ သာမေ ဝါစကေ - ကာရကကို ဟောသော၊ နာမမှိ - နာမ သဒ္ဒါကို၊ ပယုဇ္ဇမာနေပိ - ယှဉ်ဖပ်အပ်သော်ငြား၊ အပယုဇ္ဇမာနေပိ - မယှဉ်ဖပ်အပ်သော်ငြား၊ ဓာတူဟိ - ဓာတ်တို့မှ နောက်၌၊ ပဌမ ဝုရိသော - သည်၊ ဟောတိ၊ ဉတိ - ဤသုတ်ဖြင့်၊ ပဌမ ပုရိသံ-ကို၊ ကတွာ-၍၊ တဿာပိ - ထို ပဌမ ပုရိသ်၏လည်း၊ အနိယမပ္ပသင်္ဂေ - ကေဝုစ်, ဗဟုဝုစ် ဟု မသတ်မှတ်အပ်သေးသဖြင့် ငြိကပ် လျဉ်းပါးဘွယ်သည်၊ (သတိ- ဖြစ်လတ်သော်)၊ ကြိယာသာမညာ - ကြိယာကို ပြီးစေတတ်သော၊ ကတ္တု နော - ကတ္တား၏၊ ဧကတ္တေ - တခုထည်း အဖြစ်ကို၊ ဣစ္ဆိတေ - ဆိုလိုအပ် သော်၊ ဧကမှိဝတ္တဗ္ဗေ ဧကဝစနန္တိ - ဟူ၍ ပရာဘာသာ လာသောကြောင့်၊ ဝတ္တမာန ပရဿပဒ ပဌမ ပုရိသေကဝစနံ - ဝတ္တမာန်, ပရဿပုဒ်, ပဌမပုရိသ်, ဧကဝုစ်ဖြစ်သော၊ တိ-တိ ဝိဘတ်သက်။

(၄၃၁) တုမှာမှ၊ ပေ၊နာမမှိ—နာမ်ဝိဘတ်သက်ရာ သဒ္ဒါဟူသမျှသည်"နာမ" သဒ္ဒါချည်းတည်း၊ ထို့ကြောင့် တုမှ—အမှ သဒ္ဒါတို့လည်း အခြားနေရာ၌ "နာမ"ပင် အမည်ရကြ၏၊ သို့သော်"တုမှေ မဇ္ဈိမော, အမှေ ဥတ္တမော"ဟု တုမှ—အမှ သဒ္ဒါတို့ကို သီးခြားဆိုလတ္တံ့ဖြစ်သော ဤနေရာ၌ကား ဤသုတ်၌ပါသော"နာမမှိ"အရ တုမှ-အမှကို ချန်၍ (ပါရိသေသ နည်းအားဖြင့်) ကျန်နာမသဒ္ဒါများကိုသာ ယူရသည်၊ ထို့ကြောင့် "တုမှာမှ သဒ္ဒဝဇ္ဇိတေ—နာမမှိ"ဟုဖွင့်သည်၊ တုလျာဓိကရဏနှင့် ပယုဇ္ဇမာန စသည်၏ အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာမှာရှု။

**သာမေ ဝါစကေ နာမမှိ**။ ။သာမေ နှင့် ကာရကသဒ္ဒါသည်"ကြိယာကို ပြီးစေ တတ်သော သတ္တိ" အနက်ကိုချည်း ဟောသောကြောင့် အနက်တူ၏၊ ဤ "သာမေ ဝါစကေ"ဟူသော ဝိသေသနဖြင့် ကာရကကိုဟောသော နာမ သဒ္ဒါကိုသာ ဤနေရာ၌ ယူရမည်၊ "အနုဘဝတိ-ခံစား၏"စသည်၌ အနုဥပသာရသည် နာမသဒ္ဒါတွင်ပါဝင်ရုံ မက,ကြိယာနှင့်တွဲဘက်၍ ကြိယာအနက်ကို ဟောသဖြင့် ကြိယာနှင့် တုလျာဓိကရဏ ဖြစ်သော်လည်း ကာရကကို မဟောသောကြောင့် နာမမှိအရ၌ ထိုဥပသာရနာမသဒ္ဒါ မျိုးနှင့် နိပါတ်ဟူသမျှကို မယူရဟု တားမြစ်သည်။ [တုမှာမှ သဒ္ဒဝဇ္ဇိတေ—ဟူသော ဝိသေသနဖြင့် တွံ-အဟံ စသော နာမသဒ္ဒါများကို တားမြစ်၏၊ တုလျာဓိကရဏဘူတေ- ဟူသော ဝိသေသနဖြင့် တုလျာဓိကရဏဖြစ်သော မဂ္ဂံ ပုရိသေန စသော နာမသဒ္ဒါကို တားမြစ်၏၊သာမေဝါစကေ-ဟူသောဝိသေသနဖြင့် ကာရကကိုမဟောသော ဥပသာ ရ နိပါတ်နှင့် အကာရကကိုဟောသော နာမသဒ္ဒါစုံကို တားမြစ်သည်-ဟုမှတ်။]

www.dhammaransi.com



(၄၃၂) ပရောက်ိ, ပစ္စယောတိ, ဓာတုဟိတိစ, အဓိကာရော၊ တထာ ကတ္တရိစာတိ ဣတော-မှ၊ ကတ္တရိတိ-ကတ္တရိ ပုဒ်သည်၊ ဝိကရဏ ပစ္စယ ဝိဓာနေ-ဝိကရဏ ပစ္စည်းကို စီရင်ရာဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသောသုတ်၌၊ ("ဘူဝါဒိတော အ" ကဲ့သို့ ရုဓာဒိတော နိဂ္ဂဟိတ ပုဗ္ဗဉ္စ-စသော ဝိကရဏ ပစ္စည်းသက်ရာ သုတ်တိုင်း၌) ဝတ္တတေ-၏။

ဘူဝါဒိတော အ။ ။ပရေသု-ကုန်သော၊ ကတ္တရိ-ကတ္တားအနက်၌၊ ဝိဟိတေသု-စီရင်အပ်ကုန်သော၊ ဝိဘတ္တိ ပစ္စယေသု-တို့ကြောင့်၊ ဘူဣစ္စေဝမာဒိတော-ဘူ အစရှိသော၊ ဓာတုဂဏတော-ဓာတ်အပေါင်းမှ၊ ("ဘူဝါဒိဂဏိက ဓာတ်မှ"ဟူလို) ပရော-နောက်သည် (ဟုတ္ွာ-၍)၊ အပစ္စယော-အပစ္စည်းသည်၊ ဟောတိ-၏၊ .... သဗ္ဗဓာတုကမ္ဟိယေဝ-သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌သာ၊ အယံ-ဤ (အ)ပစ္စည်းကို၊ ဣစ္ဆတေ-အလိုရှိအပ်၏။

---

ပဉ္စမ ပုရိသံ၊ ပေ၊ တိ—ဤနေရာ၌ ဝိဘတ်သက်သော သုတ် ၃ သုတ်ကို ပြန်၍ သတိပြုရာ၏၊ ဝတ္တမာနာပစ္စုပ္ပန္နေ သုတ်ဖြင့် ဝတ္တမာန် ဝိဘတ် သာမညကိုသာ သက်နိုင်သောကြောင့် ကတ္တရိ ပရဿပဒံ သုတ်ကို ပြရပြန်၏၊ ထို သုတ်ဖြင့်လည်း ပရဿပုဒ် သာမညကိုသာ သက်နိုင်သောကြောင့် နာမမှိ စသော ဤသုတ်ကို ပြရပြန်၏၊ ဤသုတ် အရ ပရဿပုဒ် ၆လုံးတွင် တိ-အန္တိဟူသော ရှေ့ ၂ လုံးနှင့် သက်ဆိုင်နေပြန်သောကြောင့် ထို ဝိဘတ် ၂ ပါးလုံး ငြိတပ်ပါဝင်လာဘွယ် ရှိပြန်ရကား "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဝတ္တိ" နှင့် အညီ ဝဒန္တ ပုဂ္ဂိုလ်က ကတ္တား၏ တခုထည်းအဖြစ်ကို ဆိုလိုလတ်သော် (ကြိယာလည်း တခုသည်းဖြစ်သောကြောင့်)"ဧကမှိ ဝတ္တဗ္ဗေ ဧကဝစနံ"ဟူသော ပရိဘာသာနှင့်အညီ တိဝိဘတ်သာ သက်ခွင့်ရတော့သည်။ ["ကဿုနော ဧကတ္တ ဝတ္တုမိစ္ဆိတေ....တိ=ကတ္တား၏ တခုသည်း အဖြစ်ကို ဆိုလိုလျှင် တိဝိဘတ်သက်" ဟူရာ၌ တိ ဝိဘတ်က ပုရိသော ဟူသော ကတ္တားပုဒ်၏ တခုထည်း အဖြစ်ကို ဟောသကဲ့သို့ အဓိပ္ပါယ် ရနေ၏၊ အမှန်ကား—ကတ္တား၏ တခုသည်းအဖြစ်ကိုဆိုလိုလျှင် ထိုကတ္တား၏ ဘူစသော ကြိယာနက်လည်း တခုထည်းဖြစ်သောကြောင့် ထို ကြိယာ၏ တခုထည်း အဖြစ်ကို ဆိုလိုရာ၌ တိဝိဘတ်သက်ရသည်—ဟုမှတ်။]

(၄၃၂) ကတ္တရိ ဝိဟိတေသု၊ ပေ၊ ပစ္စယေသု—[ပစ္စယ—အရ "မာန အန္တ" ပစ္စည်းကိုယူ၊] "ကတ္တရိ—ကတ္တားအနက်၌၊ အပစ္စယော ဟောတိ—အပစ္စည်းသက်"ဟု ဆိုလျှင် အပစ္စည်းကိုယ်တိုင် ကတ္တားအနက်ကို ဟောရာရောက်၏၊ "ကတ္တရိ ဝိဟိတေသု ဝိဘတ္တိပစ္စယေသု ပရေသု"ဟု ဆိုသောကြောင့် (အ) ပစ္စည်းသည် ကိုယ်တိုင် ကတ္တား အနက်ကို မဟောနိုင်, တိစသော ဝိဘတ်—အန္တစသော ပစ္စည်းတို့က ကတ္တားအနက်ကို ဟောသောအခါ ထိုတိ-အန္တစသောဝိဘတ်ပစ္စည်း နှောင်းရာ၌ ရုပ်ပြီးစေခြင်းအကျိုးငှါ အပစ္စည်း သက်ရသည်—ဟု သိသာသည်၊ ရုဓာဒိတော နိဂ္ဂဟိတ ပုဗ္ဗဉ္စ=စသောနောက် ဝိကရဏ ပစ္စည်းသက်ရာ သုတ်များ၌လည်း ဤနည်းချည်းတည်း။

www.dhammaransi.com



(၄၃၃) အသံယောဂန္တဿာတိ ဝုဒ္ဓိတိ စ ဝတ္တတေ....

**အဒ္ဓေသုစ**။ ။ကာရိတတော - ကာရိတ်ပစ္စည်းမှ၊ အဒ္ဓေသု, ပစ္စယေသု-တို့ကြောင့်၊ အသံယောဂန္တာနံ - သံယုတ်အဆုံးမရှိကုန်သော၊ ဓာတုနံ-တို့၏၊ ဝုဒ္ဓိ-ဝုဒ္ဓိသည်၊ ဟောတိ၊ စဂ္ဂဟဏေန, ဏုပစ္စယဿာပိ· ဏု ပစ္စည်း၏လည်း၊ ဝုဒ္ဓိ ဟောတိ၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ ဃဋ္ဋာဒီနံ ဝါတိ ဣတော-သုတ်မှ၊ ဝါသဒ္ဒေါ-ကို၊ အနုဝတ္တေတဗ္ဗော - လိုက်စေထိုက်၏၊ သောစ-ထို ဝါသဒ္ဒါသည်လည်း၊ ဝဝတ္ထိတဝိဘာသတ္ထော-၏၊ တေန-ထို့ကြောင့်။

---

**သဒ္ဓာတုကမှိ ယေဝါ-ယမိဿ ေတ**——ဟိယျတ္တနီ စသော သဗ္ဗဓာတ် ဝိဘတ် ၄ သွယ်နှောင်းရာ၌သာ အ ပစ္စည်း သက်ခြင်းကို အလိုရှိအပ်၏၊ ပရောက္ခာ စသော အ သဗ္ဗဓာတ် ၄ သွယ်နှောင်းရာ၌ သက်ခြင်းကို အလိုမရှိအပ်၊ ဘာ့ကြောင့်နည်း—— "ပစ္စယော ရူပသိဒ္ဓိမတ္တော ဝ=ပစ္စည်းသည်ရုပ်ပြီးကြောင်းမျှသာဖြစ်၏, ထိုထိုအနက်ကို သီးခြား မဟောနိုင်"ဟူသော ပရိဘာသာနှင့်အညီ တိစသော ဝိဘတ်နှောင်းရာ၌ အ ပစ္စည်း မသက်လျှင် ပစတိ ကဲ့သို့သော ရုပ်များ၌ စ ၏ မှီရာ သရ မရှိသောကြောင့် "ပစ်+တိ"ဟုသာဖြစ်၍ "ပစတိ"ဟုမပြီးရာ၊ ထို့ကြောင့် ရုပ်ပြီးစေဘို့ရာ အ ပစ္စည်း သက်ခြင်းကို အလိုရှိအပ်၏၊ ပစန္တို၌ အန္တိ ဝိဘတ်ဝယ် မှီရာ အ သရ-ရနိုင်သော်လည်း အချို့ သဗ္ဗဓာတ် နှောင်းရာ၌ သက်၍ အချို့ သဗ္ဗဓာတ် ဝိဘတ်နှောင်းရာ၌ မသက်ပြန်လျှင် စာသင်ငယ်တို့ အမှတ် ခက်ဘွယ်ရှိသောကြောင့် ပဋ္ဌပန္နဂတိကနည်းအားဖြင့် အ ပစ္စည်း သက်မြဲ သက်၍ သရလောပေါ်သုတ်ဖြင့်ချေ၊ ပရောက္ခာစသော အသဗ္ဗဓာတ် ဝိဘတ်နှောင်းရာ၌ကား မှီဘို့ရာ"အ—ဥ"စသော သရ ဝိဘတ်များ ရှိသောကြောင့်၎င်း "တ္ထ—မှ"တို့ကဲ့သို့ သရဝိဘတ် မဟုတ်ရာ၌လည်း"ဗျာကာရာဂမော အ သဗ္ဗဓာတုကမှိ" သုတ်ဖြင့် ဣသရလာ၍ "ပစိတ္ထ"စသည်ဖြင့် ရုပ်ပြီးနိုင်သောကြောင့်၎င်း အ ပစ္စည်း သက်ခွင့်မရှိတော့ပြီ၊ ထို့ကြောင့် သဗ္ဗဓာတ် ဝိဘတ် ၄ သွယ် နှောင်းရာ၌သာ အ ပစ္စည်းကို အလိုရှိအပ်သည်။

(၄၃၃) **စဂ္ဂ၊ပေ၊ဏုပစ္စယဿာပိဝုဒ္ဓိ**—— အဒ္ဓေသုစ၌ စ သဒ္ဒါသည် အနုတ္တ သမုစ္စည်း (တိုက်ရိုက် မဆိုအပ်သော အနက်ကို ဆည်းခြင်း) အနက်ရှိ၏၊ သုတ်ရင်းက ဓာတ်ကိုသာ ဝုဒ္ဓိပြု၏၊ ထို စ သဒ္ဒါကား ဓာတ်မဟုတ်သော ဏု ပစ္စည်း၏ ဝုဒ္ဓိ အပြုကို ဆည်းယူသည်-ဟူလို၊ ထို့ကြောင့် "အဘိသုဏောတိ"၌ ဏုကို ဝုဒ္ဓိပြု၍ "ဏော"ဟု ဖြစ်ရသည်။

**ဧတ္ထ စ၊ပေ၊ဆေတွာဒိသု ဝါသိယာ**—— ဃဋ္ဋာဒီနံဝါ ဟူသော (ကစ္စည်းသုတ်စဉ် အတိုင်း) ရှေ့သုတ်မှ ဝါ သဒ္ဒါသည် ဤသုတ်သို့ လိုက်၏၊ ထို ဝါ သည်း ပါဠိပြယုဂ် အားလျော်စွာ သုတ် အစီအရင်ကို သတ်မှတ်ခြင်း ဝဝတ္ထိတ ဝိဘာသာ အနက် ရှိ၏၊ ထို့ကြောင့်....

www.dhammaransi.com



ဃ္လဝဏ္ဏ၊ ဝဏ္ဏန္တာနံ-ဃ္လဝဏ်, ဥဝဏ် အဆုံးရှိကုန်သော၊ ဓာတူနံစ- ဇိ,နိ, သု,ဘူ အစရှိသော ကေဿရ ဓာတ်တို့၏ရင်း၊ လဟုပန္တာနံ-ကပ်ရောက်သော အဆုံးဝဏ္ဏရှိသည့် လဟုရှိကုန်သော၊ ဓာတူနဉ္စ- ဃ္လသ,ကုသ အစရှိသော အနေကဿရ ဓာတ်တို့၏ရင်း၊ ဃ္လဝဏ္ဏ၊ ဝဏ္ဏာန မေဝ-ဃ္လဝဏ် ဥဝဏ်တို့၏သာ၊ ဝုဒ္ဓိ-ဝုဒ္ဓိသည်၊ ဟောတိ-၏၊ ပရဿ-အခြားသော အ အက္ခရာ၏၊ ဝုဒ္ဓိ-သည်၊ နဟောတိ-မဖြစ်။

---

ဃ္လဝဏ္ဏဝဏ္ဏ၊န္တာနံ။ ။ဃ္လဝဏ္ဏန္တဖြစ်သော ဇိ-နိ စသော ဓာတ်, ဥဝဏ္ဏန္တ ဖြစ်သော သု-ဘူ စသော ဓာတ်တို့၏ ဃ္လဝဏ် ဥဝဏ်ကိုသာ ဝုဒ္ဓိပြု၊ ဇေတိ, နေတိ,သဝတိ,ဘဝတိ ဟု ဖြစ်လတ္တံ။

လဟုပန္တာနံ။ ။ဥပဂတော+အန္တော ယဿာတိ ဥပန္တော၊ 'လဟု+ဥပန္တော ယေသံတိ လဟုပန္တာ၊ ယဿ-အကြင် လဟု သရ၏၊ ဥပဂတော-ကပ်ရောက်သော၊ အန္တော-အဆုံးဝဏ္ဏသည်၊ အတ္ထိ,ဃ္လတိ,သော-ထို လဟု သရသည်၊ ဥပန္တော-မည်၏၊ ယေသံ-အကြင်ဓာတ်တို့၏၊ ဥပန္တော-ကပ်ရောက်သော အဆုံး ဝဏ္ဏရှိသော၊ လဟု-လဟု သရသည်၊ အတ္ထိ, ဃ္လတိ, တေ-ထိုဓာတ်တို့သည်၊ လဟုပန္တာ-တို့မည်၏၊ ဃ္လသ—ကုသဓာတ်တို့၌ သ အက္ခရာသည် ဥပန္တ (ရှေ့သရ၏ အနီးသို့ကပ်သော အဆုံးဝဏ္ဏ) တည်း၊ ထိုအဆုံးဝဏ္ဏရှိသော ဃ္လ-ကုတို့၌ သရများကား လဟုပန္တ (ကပ်ရောက်သော အဆုံးဝဏ္ဏရှိသော လဟုသရ) များတည်း၊ ဃ္လသ-လိဟ-ကုသ စသော ဓာတ်များကား လဟုပန္တ ဓာတ်များတည်း၊ ထိုဓာတ်များ၏ ဃ္လ-ဥသရကို ဝုဒ္ဓိပြု၍ "ဃ္လေသတိ, လေဟတိ, အက္ကောသတိ"ဟု ဖြစ်လတ္တံ။ [ဤလဟုပန္တ၏ အဓိပ္ပါယ်ကို "လဟုဿုပန္တဿ" ဟူသော မောဂ္ဂလ္လာန်၏ ပဋိကာကိုမှီ၍ ရေးသည်၊ ဓာသွားချင်း မတူတတ်သဖြင့် "လဟုပန္တ"အရ ဓာတ်ရအောင်လည်း ဝိဂြိုဟ်ပြုသည်။]

မှတ်ချက်။ ။ဤ၌"လဟုပန္တ"ဟု ဆိုသဖြင့် အဆုံး၌ ဝဏ္ဏ ရှိရသေးသောကြောင့် အက္ခရာ ၂ လုံး ၃ လုံးရှိသောဓာတ်များကို"လဟုပန္တ"ဟုသိသာပြီ၊ [ကိလေသော၌ ကိလိသဓာတ်သည် အက္ခရာ ၃ လုံးမှီ၏၊] ဤလဟုပန္တအရ အနေကဿရဓာတ်တို့ကို ယူသဖြင့် ရှေ့ဃ္လဝဏ္ဏ၊ဝဏ္ဏန္တာနံ"အရ ဇိ—စသော ကေဿရဓာတ်များ ဖြစ်ကြောင်း ကိုလည်း သိရပြန်သည်၊ "ရူပတိ-ပုလောင်၏"၌ ရူပဓာတ်သည် ကပ်ရောက်သော အဆုံးဝဏ္ဏရှိ၍ ဥပန္တဖြစ်သော်လည်း ရူ၌ လဟု မဟုတ်၍ ဝုဒ္ဓိမပြုရ။

ဃ္လဝဏ္ဏ၊ ဝဏ္ဏာန မေဝ၊ပေ၊ပရဿ န——ဇိ—နီ—သု—ဘူဟူသော ကေဿရ ဓာတ်တို့၌ ဃ္လဝဏ် ဥဝဏ် ၄ လုံးကိုရင်း, လဟုပန္တဖြစ်သော ဃ္လသ—ကုသဓာတ်တို့၌ ဃ္လ—ဥ ၂ လုံးကိုရင်း ပေါင်း၍ "ဃ္လဝဏ္ဏ၊ဝဏ္ဏာန မေဝ"ဟုဆိုသည်၊မေဝ—၌ဧဝ၏ နိဝတ္တေ တဗ္ဗတ္ထကို ပြလို၍ "ပရဿ န"ဟုမိန့်၊ ပြခဲ့သော ဃ္လဝဏ် ဥဝဏ်တို့မှ တပါးသော အ အက္ခရာကိုကား ဤသုတ်ဖြင့် ဝုဒ္ဓိ မပြုရ—ဟုလို။ [ကာရကော—စသည်၌ ကာရိတ်ဏ္ဏုပစ္စည်းကြောင့် အ ကို အာဝုဒ္ဓိ ပြုသော်လည်း ထိုဝုဒ္ဓိမှာ ဤသုတ်၏ အရာ မဟုတ်, အသံယောဂန္တဿဝုဒ္ဓိ ကာရိတေသုတ်၏ အရာတည်း။]

www.dhammaransi.com



ယ ဏှု ဏာ နာ နိဂ္ဂဟာဒီသု - ယ, ဏှု, ဏာ, နာ, နိဂ္ဂဟ ပစ္စည်း အစရှိသည်တို့ကြောင့်၊ ယုဝဏ္ဏာနမ္ပိ - ဣဝဏ် ဥဝဏ်တို့၏လည်း၊ ဝုဒ္ဓိ-သည်၊ န-မဖြစ်၊ အ,ဝိကရဏေ-ဝိကရဏ အ ပစ္စည်းကြောင့်၊ တုဒါဒိသ-တုဒါဒိဂဏ်ကခာတ်၏၊ ဝုဒ္ဓိ-သည်၊ န-မဖြစ်၊ ဆေတွာဒီသု-ဆေတွာ အစရှိသော ပြယုဂ်တို့၌၊ ဝုဒ္ဓိ-သည်၊ ဝါ-ဝိကပ်အားဖြင့်၊ သိယာ-ဖြစ်၏။

တဿာပိ-ထို ဝုဒ္ဓိ၏လည်း၊ အနိယမပ္ပသင်္ဂေ-မည်သည့်ဝုဒ္ဓိ ဟု မသတ်မှတ်အပ်သဖြင့် ငြိကပ်လျှင်းပါးဘွယ်သည် (သတိ)၊ အယုဝဏ္ဏာနဉ္စာဂမော ဝုဒ္ဓီတိ-ဟူ၍၊ ပရိဘာသတော-ကြောင့်၊ ဥ[ ကာရဿ-ဥ[ အက္ခရာ၏၊ ဩကာရော-ဩအက္ခရာဟူသော၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု။

---

ယုဝဏ္ဏာနံမိ၊ပေ၊ဝုဒ္ဓိ န—"သံယောဂန္တ မဟုတ်သော ဣဝဏ် ဥဝဏ်တိုင်းကိုပင် ဝုဒ္ဓိပြုရမည်လော"ဟု မေးဘွယ်ရှိသောကြောင့် "ယုဝဏ္ဏာနမ္ပိ"စသည်ကို မိန့်၊ ဣဝဏ် ဥဝဏ်ပင် ဖြစ်သော်လည်း ယ စသော ပစ္စည်းနှောင်းရာတို့၌ ဝုဒ္ဓိ မပြုရ-ဟူလို၊ ယ ပစ္စည်းနှောင်းရာ၌ "ဇီယတိ—အောင်အပ်၏, နီယတိ—ဆောင်အပ်၏, သူယတိ—ကြားအပ်၏၊ အဘိဘူယတိ-လွှမ်းမိုးအပ်၏"ဟု ဝုဒ္ဓိမပြုဘဲ ရှိရသည်။ ["အဘိ ဘဝိယတေ"ဟုလည်း ဆိုကြသေး၏, ရူပသိဒ္ဓိအလို ထိုရုပ် မရှိရ၊ ဒိဗ္ဗတိ (ဒိဝု+ယ+တိ) စသော ဒိဝါဒိ ရုပ်များ၌ကား ဗ္ဗ၌ သံယုဂ်ဖြစ်၍ သံယောဂန္တ ဖြစ်သောကြောင့်ပင် ဒိ၌ ဝုဒ္ဓိမပြု။]

သုဏောတိ,သုဏာတိ,ဇိနာတိတို့၌ ဏှု-ဏာ-နာပစ္စည်းတို့ကြောင့် သု-ဇိတို့ဝယ် ဝုဒ္ဓိ မပြု၊ အတိတေ တ တဝန္တု တာဝိသုတ်ဖြင့် သက်ရသော တ-စသော ပစ္စည်းကို နိဂ္ဂဟပစ္စည်း ဟု ခေါ်လတ့်၊ ထိုနိဂ္ဂဟပစ္စည်းကြောင့်လည်း "ဇိတော, ဇိတဝါ, ဇိတာဝီ-အောင်ပြီ"၌ ဝုဒ္ဓိမပြု၊ နိဂ္ဂဟာဒီသု၌ အာဒိဖြင့် ကိတ်၌ ပြလတ္တံ့သော ကိတကပစ္စည်းများကို ယူ-ဟု ဋီကာ ဖွင့်၏၊သို့သော် ကိတ်ပိုင်း၌ ပြမည့် ကိတက ပစ္စည်းတို့တွင် အ-ယုပစ္စည်းတို့လည်း ပါ၏၊ ထိုပစ္စည်းများနှောင်းရာ၌ "ဇယော-နယော-သဝနံ-ဘဝနံ" စသည်ဖြင့် ဝုဒ္ဓိပြုသောကြောင့် နိဂ္ဂဟာဒိ၌ အာဒိ အရ ဘောကံဟော တ ပစ္စည်းနှင့် တိ ပစ္စည်း စသည်ကို ယူသင့်မည် ထင်သည်၊ အဘိဘူတော-လွှမ်းမိုးအပ်ပြီ၊ ဂီတိ-သီဆိုခြင်း,စသည်တည်း။

**တုဒါဒိဿ ဝိကရဏေ န** — "တုဒ=ဖျစ်ခနေ့"စသည်ဖြင့် တုဒ-နုဒ-ဖုသ-ဝိသ-ဒိသ-လိခခာတ်တို့ကို "တုဒါဒိ"ဟုပြလတ္တံ့၊ ထို တုဒါဒိခာတ်များကား ဘူဝါဒိဂိုဏ်းဝင်ပင်တည်း၊ ထို့ကြောင့် ဝိကရဏ အ ပစ္စည်း နှောင်းရာ၌ ထို တုဒါဒိခာတ်များဝယ် ဝုဒ္ဓိ မပြုရ၊ တုဒတိစသည်ဖြင့်သာ ရှိရသည်၊ အ-ဝိကရဏမနှောင်းဘဲ ကိတ်ပစ္စည်းနှောင်းရာ၌ကား "ပတောဒေါ, ပဝေသနံ"စသည်ဖြင့် ဝုဒ္ဓိ ပြုနိုင်၏။

**ဆေတွာ ဒီသု ဝါ သိယာ**—တွာပစ္စည်းစသည် နှောင်းရာ၌ "ဆိန္ဒိတွာ=ဆေတွာ, ဘိန္ဒိတွာ=ဘေတွာ, ဇိတွာ—ဇေတွာ, ဆိန္ဒိတုံ, ဆေတ္တုံ"စသည်ဖြင့် ဝုဒ္ဓိ ပြုသေး၏၊ ဤ"ဝါ+သိယာ"ဖြင့် အနိစ္စဝိဓိကိုရင်း, န-ဖြင့် မြစ်ရာ"ပရဿ န"စသည်၌ အသန္တဝိဓိ ကိုရင်း,ဣဝဏ္ဏုဝဏ္ဏန္တာနဉ္စ-စသည်၌ နိစ္စဝိဓိကိုရင်း ဝါသဒ္ဒါဖြင့် ပိုင်းခြားကန့်သတ်သည်။

www.dhammaransi.com



(၄၃၄) ဝိပရိဏာမေန - ဝိဘတ်ပြောင်းလဲသောအားဖြင့်၊ မာတုနန္တိ - သည်၊ [ဝါတူဟိ ဏော ဏာယစသော သုတ်မှ ဆဋ္ဌီဝိဘတ်ပြင်၍ "မာတုနံ"ဟု] ဝတ္တမာနေ-သော်။

ဩ အဝ သရေ။ ။ပရေ သရေ, မာတုန္တဿ – မာတ် အဆုံး ဖြစ်သော၊ ဩကာရဿ - ၏၊ အဝါဒေသော ဟောတိ၊ ဘရလောပေါ မာဒေသ လုတ္တာဒိနာ-ဖြင့်၊ သရလောပါဒိမှ-သရ ချေခြင်း အစရှိသည်ကို၊ ကတေ-သော်၊ နယေပရံယုတ္တေတိ-ဖြင့်၊ ပရနယနံ-ကို၊ ကာတဗ္ဗံ-ပြုရာ၏၊ သော ပုရိသော-ထို ယောကျ်ားသည်၊ သာဓု-သူတော်ကောင်းသည်၊ ဘဝတိ-ဖြစ်၏၊ သာ ကညာ-သည်၊ သာဓု ဘဝတိ။ တံ စိတ္တံ-ထိုစိတ်သည်၊ သာဓု-စိတ်ကောင်းသည်၊ ဘဝတိ။

ဟိ - မှန်၏၊ တွေ - ဤ ပြယုဂ်တို့၌၊ အာချာတေန-အာချာတ်ပုဒ်သည်၊ ကတ္တုနော-ကတ္တား၏၊ ဝါ-ကို၊ အဘိဟိတတ္တာဝ-ဟောအပ်သည်၏ အဖြစ် ကြောင့်ပင်၊ ကတ္တရိ - ကတ္တား အနက်၌၊ တတိယာ - တတိယာ ဝိဘတ်သည်၊ န ဟောတိ-မဖြစ်၊ လိင်္ဂတ္ထံ ပန-လိင်္ဂ အနက်ကိုကား၊ အပေက္ခိယ-ငဲ့၍၊ ပဌမာ-ပဌမာ ဝိဘတ်သည်၊ ဟောတိ-၏။

---

(၄၃၄) ဩကာရဿ မာတုန္တဿ—"မာတုန္တဿ" ဟု စာအများ ရှိ၏၊ မာတုနံပုဒ်လိုက်လာ၍ ထိုနံကိုလည်းအန္တာပေက္ခ ဆဋ္ဌီကြံပြီးလျှင်"မာတုနမန္တဿ"ဟု မူရင်း ဖြစ်ကောင်း ဖြစ်လိမ့်မည်၊ သို့မှလည်း "မာတုနံ"ဟု လိုက်လာရကျိုး နပ်မည်။

သရလောပေါ၊ပေ၊ကာတဗ္ဗံ – ဩကို ဤသုတ်ဖြင့် အဝ ပြုသောအခါ ဝ၌ သရ ပါသေးသတဲ့၊ ထို့ကြောင့် "ဘဝ+အ+တိ"ဟု အ ပစ္စည်း နောင်းရာ၌ ဝ ၏ အ ကို သရလောပေါဖြင့် ချေပြီးမှ, ဝ်ကို နောက် အ ပစ္စည်းသို့ ကပ်ရမည်-ဟု ဆိုသည်၊ သို့သော် သုတ်၌ "အဝ"ဟု ဝ၌ အ သရနှင့် ဆိုခြင်းကို ဉစ္စာရဏတ္ထ (ရွတ်ဆိုရုံ) ဟု ကြံ၍ ဩကို အဝ ပြုသောအခါ ဝ ၌ သရမပါဘဲ "အဝ်"ဟု ပြုလျှင် နောက်၌ ကပ်ဘွယ် သရ အဆင်သင့် ရှိသောကြောင့် သာ၍ ရုပ်ပြီးလွယ်မည်၊ ချာသဒ္ဒ၌လည်း ရှေ့ သရ ချေ ဘို့ရန် မပြ၊ "အဝါဒေသံ ကတွာ နေတဗ္ဗေ နီတေန (ကပ်သင့်သော သရကို ကပ်လျှင်) ရုပံ"ဟုသာ မိန့်၏၊ ကလာပ်၌လည်း "ဧ အယ် (၃၅), ဩ အဝ် (၃၇) "ဟု သုတ် တည်၍ နယတိ, လဝဏံ စသည်ကို ပုံစံထုတ်၏၊ ထို၌ကား ယ ဝ တို့၌ သရမပါကြောင်း ထင်ရှား၏၊ ထို့ကြောင့် သရလောပေါ စသည်ဖြင့် ရှေ့သရ ချေခြင်းကို စဉ်းစားသင့်၏။

သော ပုရိသော၊ပေ၊သာဓု ဘဝတိ–"သော ပုရိသော, သာ ကညာ, တံစိတ္တံ"ဟု ၃ မျိုး ပြခြင်းကား ဘဝတိဟူသော အာချာတ်ကြိယာ၌ လိင်္ဂကြောင့် ရုပ်မထူးကြောင်း ထင်ရှားအောင် ကတ္တား၌ လိင် ၃ မျိုး ပြခြင်း ဖြစ်သည်၊ "ဘဝတိ"အရ "အဘယ်သို့ ဖြစ်သနည်း"ဟု မေးဘွယ်ရှိ၍ "သာဓု"ဟု ထည့်ရသည်။

www.dhammaransi.com



**ဧတ္တ ဟိ၊ ပေ၊ န ကတ္တရိ တတိယာ**—"ပုရိသော+ဘဝတိ = ယောကျ်ား+ဖြစ်၏" ဟူရာ၌ ယောကျ်ား၏ ဖြစ်စွမ်းနိုင်သော သတ္တိသည် ကတ္တုကာရက (ကတ္တားနက်) မည်၏၊ ထို ဖြစ်စွမ်းနိုင်သော သတ္တိသည် ပုရိသော + ဘဝတိ ၂ ပုဒ်လုံး၏ အနက်ပင် တည်း၊ ထိုသို့ ၂-ပုဒ်လုံး၏ အနက်ဖြစ်သော်လည်း သတ္တိ ဟူသော ကတ္တားအနက်သည့် ဘဝတိ ကြိယာကြောင့်သာ ထင်ရှား၏၊ ပုရိသော ချည်းကား မထင်ရှားနိုင်၊ ထို့ကြောင့် အပယုဇ္ဇမာနဖြစ်သော ဝါကျတို့၌ ကတ္တားပုဒ်မပါဘဲ ကြိယာပုဒ်က ကတ္တား အနက်ကို ဟောနိုင်လေသည်။ ["မဂ္ဂံ ဂစ္ဆတိ=လမ်းသွား၏" စသည်၌ ကတ္တားပုဒ် မပါဘဲပင် ကတ္တားအနက်ကို ဂစ္ဆတိပုဒ်က ဟောနိုင်ပုံ ကြည့်ပါ၊] ဤသို့ ဘဝတိ ဟူသော အာချာတ်ကြိယာပုဒ်က ကတ္တားအနက်ကို တာဝန်ခံ၍ ဟောပြီးဖြစ်သော ကြောင့် "ပုရိသ"ပုဒ်က ကတ္တားအနက်ကို ဟောပြဘွယ် မလိုတော့ပြီ၊ ထို့ကြောင့် ပုရိသ၌ "ကတ္တရိစ"သုတ်ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ် သက်ဘွယ်မလို။

**ပဌမာ ဟောတိ၊ ပေ၊ ပေက္ခိယ**—အဝတ်မပါလျှင် လူပရိသတ်ထဲ မဝင်ဝံ့သကဲ့သို့, ဝိဘတ်မပါလျှင်လည်း ထိုထို ဝါကျတွင် ပုဒ်တခုအဖြစ်ဖြင့် မပါဝင်နိုင်ချေ။ [ဝိဘတျန္တံ+ ပဒံ, ဝိဘတ်ဆုံးမှ ပုဒ်ခေါ်ရသည့်ကို သတိပြု၊] ထိုသို့ ဝိဘတ် တခုခု သက်ရဦးမည် ဖြစ်ရာ, အံ စသော ဝိဘတ်တို့မှာ ကံ စသော အနက်ရှိမှ သက်နိုင်ကြ၏၊ ပဌမာဝိဘတ် ကား ထိုသို့ သီးခြားအနက်ကို မဟောနိုင်ဘဲ, နဂိုရ်လိင်ပုဒ်၌ရှိသော လိင်အနက်ကို သာ ထွန်းပြနိုင်၏၊ ထို့ကြောင့် ပုရိသ၌လည်း လိင်အနက်ကို ထွန်းပြရုံ အကျိုးငှါ ပဌမာ ဝိဘတ်သာ, ထို ပဌမာဝိဘတ်၏ ဧကဝုစ် ၂ မျိုးတွင်လည်း တခုတည်းကို ဆိုလိုသော ကြောင့် ဧကဝုစ် သိ ဝိဘတ်သာ သက်ခွင့်ရတော့သည်၊ ဤ အဓိပ္ပါယ်ကို ရည်ရွယ်၍ "ဟောရာ,ဟောရာ, ပဌမာ"ဟု ဆိုရိုးပြုကြသည်၊ "အာချာတ်-ကိတ် ဟူသော ကြိယာ ပုဒ်က ကတ္တားကို ဟောရာ၌ ကတ္တားပုဒ်ဝယ် ပဌမာ ဝိဘတ် သက်, ကံကို ဟောရာ၌ ကံပုဒ်ဝယ် ပဌမာ ဝိဘတ်သက်" ဟု ဆိုလိုသည်။

**ရုပ်ချယ်တွက်ပုံ။** ။ဤစကားအစဉ်ဖြင့် ဘဝတိ ရုပ်ပြီးပြီ၊ ရူပသိဒ္ဓိ၌ ပြခဲ့သော အစဉ်အတိုင်း ရုပ်ချယ်တွက်ပုံကိုပြဦးအံ့၊..,ဘဝတိကို "ဘူ"တည်၊ဘူ—ဘူသဒ္ဒါသည်၊ သတ္တာယံ—ထင်ရှားရှိသည်၏ အဖြစ်ဟူသောအနက်၌၊ ဝတ္တတိ-ဖြစ်၏၊ ဣတိအတ္ထေ— ဤအနက်၌၊ ဘူဝါဒယော ဓာတဝေါသုတ်ဖြင့် ဘူကို ဓာတ်အမည်မှည့်၊ ဓာတုယန္တော လောပေါ နေကာဿရဿာသုတ်ဖြင့် ဘူ၏ ဦကို ချေသင့်သော်လည်း အနေကာဿရဓာတ် မဟုတ်သောကြောင့် မချေရ၊ "ဝတ္တိ္ယ္သာန ပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ" ဟူသော ပရိဘာသာ နှင့်အညီ ပစ္စုပ္ပန်အနက်ကို ဆိုလိုရကား ဝတ္တမာနာပစ္စုပ္ပန္နေသုတ်ဖြင့် ဝတ္တမာန်ဝိဘတ် သက်၊ ထိုဝိဘတ်ကိုလည်း ဓာတ်၏ရှေ့ဓာတ်၏နောက် ၂ မျိုးတွင် မည်သည့် ဌာန၌ သက်အပ်၏-ဟု မသတ်မှတ်ရသေး၍ လျဉ်းပါးဘွယ်ရှိလတ်သော် "ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"ဟူသော ပရိဘာသာနှင့်အညီဓာတ်၏နောက်၌သက်၊ထိုဝတ္တမာန် ၁၂ လုံးတွင် မည်သည့်ဝိဘတ် သက်-ဟု မသတ်မှတ်အပ်သေး၍ လျဉ်းပါးဘွယ် ရှိလတ်သော် ပရဿ ပုဒ်ကို ဆိုလိုရကား,ကတ္တရိ ပရဿပဒံသုတ်ဖြင့် ပရဿပုဒ်ဝိဘတ်သက်၊ထိုပရဿပုဒ် ၆ လုံးတွင်လည်း မည်သည့်ပရဿပုဒ်ဟု မသတ်မှတ်အပ်သေး၍ လျဉ်းပါးဘွယ်ရှိလတ် သော် ပဌမပုရိသ်ကို ဆိုလိုရကား, နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော

www.dhammaransi.com



ကြိယာယ - ကြိယာ၏၊ ကေတ္တေ - တခုတည်း၏ အဖြစ်သည်၊ သတိပိ - ဖြစ်ပါလော်လည်း၊ ကတ္တူနံ - ကတ္တားတို့၏၊ ဗဟုတ္တာ - များကုန်သည်၏ အဖြစ်ကြောင့်၊ ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစနန္တိ-ဟူ၍ ပရိဘာသာ လာသော ကြောင့်၊ ဝတ္တမာန ပရဿ ပဒ ပဌမပုရိသ ဗဟုဝစနံ-သော၊ အန္တိ-အန္တိ ဝိဘတ်သက်၊ ပုရေ ဝိယ-ရှေ့ ဘဝတိ၌ကဲ့သို့၊ အပစ္စယ ဝုဒ္ဓိ အဝါဒေသာ- အပစ္စည်း, ဝုဒ္ဓိ, အဝ အပြုတို့သည်ရင်း၊ သရလောပါဒိ-သရချေခြင်း အစ ရှိသော အစီအရင်သည်ရင်း (ဟောန္တိ)၊ တေ ပုရိသာ-တို့သည်၊ ဘဝန္တိ-

---

သုက်ဖြင့် ပဌမ ပုရိသ်သက်၊ တိုပဌမပုရိသ် ၂ ပုဒ်တွင် ကေဝုစ် ဗဟုဝုစ်ဟု မသတ်မှတ် အပ်သေး၍ လျဉ်းပါးဘွယ် ရှိလတ်သော် "ကေမှိ ဝတ္တဗ္ဗေ ကေဝစနံ" ဟူသော ပရိဘာသာနှင့် အညီ တနက်တည်းကို ဆိုလိုရကား ကေဝုစ် တိဝိဘတ်သက်၊ ဘူဝါဒိတော အ သုတ်ဖြင့် ဘူဓာတ်နောင် (အ) ပစ္စည်းသက်၊ အညေသုစ သုတ်ဖြင့် ဘူ၏ ဥကို ဩဝုဒ္ဓိပြု၊ ဩ အဝ သရေ သုတ်ဖြင့် ဩကို အဝပြု၊ သရလောပေါ စသော သုတ်ဖြင့် ဝ၏ အကိုချေ၊ နယေ ပရံ ယုတ္တေ သုတ်ဖြင့် ဝ်ကို အ သို့ကပ်၊ ဘဝတိ ပြီး၏၊ ဤကား ရုပ်အကျယ် တွက်ပုံတည်း၊ ဤနည်းထက်ပင် သာလွန် ကျယ်ဝန်းစွာ လိုက်သုတ်များကို ဆို၍ရင်း ဆိုင်ရာ နာမည်ကို မှည့်၍ရင်း တွက်ကြ သေး၏။

**မှာထားချက်။** ။"ရုပ်ဘွက်"ဟူသည် ဓာတ်—ဝိဘတ်—ပစ္စည်းများကို ခွဲခြား တတ်အောင်ရင်း ထိုဓာတ်ဝိဘတ် ပစ္စည်းတို့ အသီးအသီး ဟောပြအပ်သော အနက်ကို နားလည်အောင်ရင်း တွက်ပြခြင်းဖြစ်၏၊ သုတ်တို့ကား ထိုဓာတ် ဝိဘတ် ပစ္စည်းတို့ ဖြစ်လာပုံ ပြောင်းလွဲသွားပုံကို သိဘို့ရာ ဥပဒေသကို ညွှန်ပြရုံသာတည်း၊ ထို့ကြောင့် တိဝိဘတ် သက်ရာ၌ ကတ္တရိ ပရဿ ပဒံ—နာမမှိ ပယုဇ္ဇမာနေပိ စသော သုတ်များ ကိုရင်း ဝတ္တိ၌လာနုပုဗ္ဗိကာစသော ပရိဘာသာကိုရင်း စိတ်ဖြင့်မှန်း၍ ဝတ္တမာနာ ပစ္စုပ္ပန္နေ တသုတ်တည်းဖြင့်ပင် အပြီးသက်နိုင်ဘွယ် ရှိ၏၊ အခြား သဒ္ဒါကျမ်းတို့၌ ဤသို့ တသုတ် တည်းဖြင့်ပင် အပြီးသက်သည်၊ ကာလေ—စသော လိုက်သုတ် များကိုလည်း ရုပ်တွက် ရာ၌ ထည့်၍ ဆိုနေသဖြင့် အကျိုးမများလှ, သုတ်နက်ရနေသူအတွက်မှာ ထို လိုက်ပုဒ် လိုက်သုတ်ကို ဆိုခြင်းသည် အပိုသာ ဖြစ်၏၊ ထို့ကြောင့် တိုတို ကျဉ်းကျဉ်း လိုရင်း ရောက်အောင် ရုပ်အကျဉ်းတွက်ပုံကိုသာ လေ့လာကြရာ၏၊ ပြခဲ့သော ရုပ်ကျယ် တွက်ပုံ ကိုကား အစဉ်နည်းရရုံမျှသာ တွက်ပြရာသည်၊ ရုပ်အကျဉ်းတွက်ပုံကို အခြေပြု၍ပြထားပြီ၊ ထိုတွက်နည်း အကျဉ်းကိုပင် အတော် လေ့လာပြီးဖြစ်၍ ထိုထို ဥပဒေသ သုတ်များကို ကြေပွန်ပြီးသူ့အတွက်ကား "ဘဝတိ၌ ဘူဓာတ်, တိဝိဘတ်, အပစ္စည်း, ဥကို ဩဝုဒ္ဓိ, ဩကို အဝပြုဟု ခွဲခြား ပြရုံမျှဖြင့် ရုပ်တွက်ခြင်းကိစ္စ ပြီးသည်"ဟု ဆိုသင့်ပေသည်။

**သတိပိ ကြိယာ၊ပေ၊ကတ္တူနံ ဗဟုတ္တာ**— "ဘဝတိ"ဟူရာ၌ ဖြစ်ခြင်းကြိယာသည် ယောကျ်ား များစွာ၏ ဖြစ်ခြင်း စသည်ဖြင့် (ဖြစ်ခြင်းအားဖြင့်) တမျိုးတစား ထည်းသာ၊ သို့သော် ဖြစ်တတ်သော ကတ္တားတွေက များသောကြောင့် ဤယောကျ်ား၏ ဖြစ်ခြင်း,

www.dhammaransi.com



ဖြစ်ကုန်၏၊ အပ္ပယုဇ္ဇမာနေပိ – နာမသဒ္ဒါကို တိုက်ရိုက်မယှဉ်အပ်ရာ၌လည်း၊ ဘဝတိ, ဘဝန္တိ–ဘဝတိ, ဘဝန္တိ ဟု ဖြစ်၏။

(၄၃၅) ပယုဇ္ဇမာနေပိတိ တုလျာဓိကရဏေဟိစ ဝတ္တမာနေ။

တုမှေ မဇ္ဈိမော။ ။[ နာမမှိ ပယုဇ္ဇမာနေပိ – သုတ်ကို နည်းမှီး၍ အနက်ပေး၊] ဣတိ – ဤသုတ်ဖြင့်၊ ဝတ္တမာန ၊ ပေ၊ ဝစနံ – သော၊ သိ-သိဝိဘတ်သက်၊ သေသံ – ကြွင်းသော အစီအရင်သည်၊ ပုရိမသမံ – ရှေ့ဘဝတိနှင့်တူ၏၊ တွံ-သင်သည်၊ ဘဝသိ-ဖြစ်၏၊ တုမှေ-တို့သည်၊ ဘဝထ-ကုန်၏၊ အပ္ပယုဇ္ဇမာနေပိ-လည်း၊ ဘဝသိ, ဘဝထ-ဟု ဖြစ်၏၊ တုလျာဓိကရဏေတိ-ပုဒ်သည်၊ ကိမတ္ထံ-နည်း၊ တယာ ပစ္စတေ ဩဒနော-ဟူသော ပြယုဂ်၌ မဇ္ဈိမပုရိသ် မသက်ရခြင်း အကျိုးရှိ၏။

(၄၃၆) တသ္မိံယေဝ – ထို ပယုဇ္ဇမာနေပိ, တုလျာဓိကရဏေ ၂ ပုဒ်သည်ပင်၊ အဓိကာရေ-လိုက်လတ်သော်....

အမှေ ဥတ္တမော။ ။ပေ၊ မိ-မိ ဝိဘတ်သက်၊ အပစ္စယ ဝုဒ္ဓိ အဝါဒေသာ-တို့သည် (ဟောန္တိ)၊ [“ဒေသော”ဟု မြန်မာမှု၌ ကေဝုစ်ချည်း ရှိ၏၊ အာသမာဟာရ ဒွန်ဖြစ်၍ ဗဟုဝုစ်ချည်း သိမှူ၌ ရှိသည်။]

(၄၃၇) အကာရော၊ပေ၊မေသု။ ။ပေ၊ အဟံ-ငါသည်၊ ဘဝါမိ-၏၊ မယံ ဘဝါမ-ကုန်၏၊ ဘဝါမိ, ဘဝါမ ဝါ-ဟုလည်း ရှိ၏။

(၄၃၈) ဝိဘတ္တိနန္တိ, ဆာတိ စ ဝတ္တတေ။

ပရာဏျတ္တနော ပဒါနိ။ ။[ အထ ပုဗ္ဗာနိ ဝိဘတ္တီနံ သုတ်ကို မှီး၍ အနက်ပေး၊ ဋီကာ၌ “ပရာဏီတိတ္တေ ဣမိနာ နိပါတနေန နဿ ဏတ္တံ”ဟု ဆိုသောကြောင့် “ပရာဏျတ္တနော ပဒါနိ”ဟု ဏဖြင့် ရေးသည်၊ “ပရ+ယော”၌ ယောကို နိ ပြု၍ “ပရာနိ”ဟု ရှိရာမှ ရနောင် ဖြစ်၍ န ကို ဏ ပြုသည်၊ ထိုသို့ ဏ ပြုရာ၌လည်း အခြားသုတ်ဖြင့် ပြုဘွယ် မလို၊ ဤသုတ်၌ လာသော “ပရာဏိ” ဟူသော နိပါတန စကားဖြင့်ပင် န ကို ဏ ပြုနိုင်သည်-ဟူလို။]

---

ထို ယောက်ျား၏ ဖြစ်ခြင်း, အခြား ယောက်ျား၏ ဖြစ်ခြင်း စသည်ဖြင့် သူ့ဖြစ်ခြင်းနှင့်သူ ခွဲလိုက်သောအခါ ဖြစ်ခြင်းကြိယာတွေလည်း များပြားလာလေသည်၊ ထိုသို့ ကြိယာတွေ များလာသည့်အခါ “ဗဟုမှိ ဝတ္တဗ္ဗေ”ဟသော ပါဠိဘာသာအရ ဗဟုဝုစ် အန္တိ ဝိဘတ် သက်၍ “ဘဝန္တိ”ဟု ဖြစ်ရသည်၊ အပစ္စည်းသက်ခြင်း စသည်မှာ ဘဝတိ အတိုင်းသာ။

www.dhammaransi.com



(၄၃၉) ခါတုဟိတိ အတ္တနောပဒါနီတိ စ ဝတ္တတေ၊ [ ဋီကာ၌ "ခါတုဟိဏ္ဏကာယ ကြစ္စာဒိတော ခါတုဟိ "ဟု ဆိုသောကြောင့်ရင်း, သုတ်၌ "ခါတုဟိ"ဟု ရှိသောကြောင့်ရင်း "ခါတုဟိ အတ္တနောပဒါနိတို စ ဝတ္တတေ"ဟု သိဟိုင်္ဂမူအတိုင်း ရှိခဲ၏။]

ကတ္တရိ စ။ ။ကတ္တရိ စ ကာရကေ - ကတ္တုကာရက ကိုလည်း၊ အဘိဓေယျေ - ဟောအပ်သော်၊ ခါတုဟိ - ခါတ်တို့မှ နောက်၌၊ အတ္တနော ပဒါနိ - အတ္တနောပုဒ် ဝိဘတ်တို့သည်၊ ဟောန္တိ၊ စဂ္ဂဟဏံ - သည်၊ ကတ္တစိ- အချို့သော အာသခါတ် စသည်၌၊ နိဝတ္တနတ္ထံ-တားမြစ်ရခြင်း အကျိုးရှိ၏၊ ဝေယံ - ကြွင်းသော အစီအရင်ကို၊ ပရဿပဒေ - ပရဿပုဒ်၌၊ ဝုတ္တ နယေနေဝ - ဆိုအပ်ပြီးသော နည်းဖြင့်ပင်၊ ဝေဒိတဗ္ဗံ - ၏၊ ဘဝတေ - ဖြစ်၏၊ ပေ၊ ဘဝါမှေ။

ပစ-ပစခါတ်သည်၊ ပါကေ-ချက်ခြင်း၌၊ ဝါ-ကျက်ခြင်း၌၊ ဝတ္တတိ-၏၊ (ကူတိအတ္ထေ-ဤအနက်၌၊) ခါတုသညာယံ-ခါတ် အမည်ကို၊ (ကတာယံ-ပြီးသော်)၊ ခါတွန္တလောပေါ-ချေ၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ တျာဒျုပ္ပတ္တိ-တိ အစရှိသော ဝိဘတ်သက်၊ တွေ - ဤ ပစ ခါတ်၌၊ ကူဝဏ္ဏု ဝဏ္ဏာနံ - ကူဝဏ် ဥဝဏ်တို့၏၊ အဘာဝေါ - မရှိခြင်းကြောင့်၊ ဝုဒ္ဓိ အဘာဝေ စ - ဝုဍ္ဎိ မဖြစ်ခြင်းသော၊ ဝိသေသော-ထူး၏၊ သော ဒေဝဒတ္တော-ထိုဒေဝဒတ်သည်၊ သြဒနံ - ထမင်းကို၊ ပစတိ - ချက်၏၊ ပစန္တိ - ချက်ကုန်၏၊ ပေ၊ မယံ - ငါတို့ သည်၊ ပစာမှေ-ချက်ကုန်၏။

---

(၄၃၉) စဂ္ဂဟဏံ ကတ္တစိ နိဝတ္တနတ္ထံ—"အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ, ကတ္တရိစ"ဟု သုတ်စဉ်ရှိ၏၊ ထို့ကြောင့် ကတ္တရိစ၌ စ သဒ္ဒါသည် ရှေ့သုတ်၌ လာသော ဘာဝ-ကမ္မ အနက်ပေါ်၌ ပေါင်းသော သမ္ပိဏ္ဍနအနက်-အချို့ခါတ်တို့၌ အတ္တနောပုဒ် သက်ခြင်းကိုတားမြစ်သော နိဝတ္တာပနာဝခါရဏအနက်ဟု ၂-နက်ထွက်၏၊ထို့ကြောင့် သမ္ပိဏ္ဍနအနက်ကို ရည်ရွယ်၍ "ကတ္တရိစ ကာရကေ"ဟု ဖွင့်ခဲ့ပြီးလျှင် အဝခါရဏ အနက်ကိုရည်ရွယ်၍"ကတ္ထစိ နိဝတ္တနတ္ထံ"ဟုဖွင့်ပြန်သည်၊အသခါတ်၌"အတ္ထိ-သန္တိ" စသည်ဖြင့် ပရဿပုဒ်ဝိဘတ်သာ သက်၍"အသတေ,အသန္တေ"စသည်ဖြင့် အတ္တနော ပုဒ် ဝိဘတ် မသက်ရသောကြောင့် "ကတ္တစိ နိဝတ္တနတ္ထံ"ဟု မိန့်သည်၊ ဤစကားအရ "အချို့ခါတ်များ၌ အတ္တနောပုဒ် ဝိဘတ်ဖြင့် ရုပ် မရှိနိုင်"ဟု သတိပြုခဲ့ပါ။

ပစ=ပါကေ—ကြိယာသည် ဗျာပါရကြိယာ-ဖလကြိယာအားဖြင့် ၂ ပါး ပြား၏၊ ဆန်ဆေးမှု,မီးမွှေးမှု,တင်းထည့်မှု,ထမင်းရေငှဲ့မှုစသော ကြိယာသည် လုလ္လ ပယောဂ စိုက်ရသော ဗျာပါရကြိယာတည်း၊ထို ဗျာပါရကြိယာကို"ချက်ခြင်းကြိယာ"ဟု ခေါ်၏၊

www.dhammaransi.com



(၄၄၀) ပဌမပုရိသာဒီနံ-ပဌမပုရိသ်အစရှိသော ဝိဘတ်တို့၏၊ ကေဍ္ဍ ပ္ပဝတ္တိပ္ပသင်္ဂေ-တပေါင်းတည်း ဖြစ်ခြင်း၌ ငြိကပ်လျဉ်းပါဘွယ်သည်၊ (သတိ-သော်၊) ပရိဘာသံ-ကို၊ အာဟ-ပြီ။

သဗ္ဗေသ၊ ပေ၊ ပုရိသော။ ။သဗ္ဗေသံ-ကုန်သော၊ ပဌမ မဇ္ဈိမာနံ-ပဌမ မဇ္ဈိမသော်လည်း ဖြစ်ကုန်သော၊ ပဌမုတ္တမာနံ - ပဌမ ဥတ္တမသော် လည်း ဖြစ်ကုန်သော၊ မဇ္ဈိမုတ္တမာနံ-ကုန်သော၊ တိဏ္ဏံဝါ-၃ ပါးလုံးသော် လည်း ဖြစ်ကုန်သော၊ ပုရိသာနံ-ပုရိသ် တို့၏၊ ဧကတော ၊ ဘိဓာနေ-တပေါင်းထည်း ဆိုခြင်းကို၊ ကာတဗ္ဗေ-ပြုထိုက်သော်၊ ပရော ပုရိသော-နောက် ပုရိသ်ကို၊ ယောဇေတဗ္ဗော-ယှဉ်စေထိုက်၏၊ စ-ဆက်၊ အယံ-

---

ထမင်း၏ နူးနပ်ခြင်းသည် ချက်ခြင်း၏ အကျိုးဖြစ်သော ဖလကြိယာတည်း၊ ထို ဖလ ကြိယာကို "ကျက်ခြင်း"ဟုခေါ်၏၊ ထို့ကြောင့်"ပစတိ-ချက်၏၊ပစ္စတိ-ကျက်၏"ဟု အနက်ပေးနိုင်သည်၊ ထိုတွင် ဗျာပါရကြိယာသည် ချက်တတ်သူ ကတ္တား၌ တည်၏၊ ဖလကြိယာကား ချက်အပ်သော ကံ(ဩဒန စသည်)၌တည်၏၊ ထိုကြိယာ ၂ မျိုးလုံးပင် ပစဓာတ်၏ အနက် ဖြစ်သောကြောင့် "ပစ=ပါကေ-ချက်ခြင်း, ကျက်ခြင်း၌"ဟု ၂ နက်ပေးသည်။

(၄၄၀) ပဌမ ပုရိသာဒီနံ၊ပေ၊ပရိဘာသမာဟ——နာမမှိ ပယုဇ္ဇမာနေပိ-စသော ၃ သုတ်က နာမသဒ္ဒါနှင့် ယှဉ်ရာ၌ ပဌမပုရိသ်-တုမှသဒ္ဒါနှင့် ယှဉ်ရာ၌ မဇ္ဈိမ ပုရိသ်-အမှသဒ္ဒါနှင့်ယှဉ်ရာ၌ ဥတ္တမ ပုရိသ်သက်ဟု ဆိုသောကြောင့် "သော စ တွဉ္စ" စသည်ဖြင့် ကတ္တား ၂ ခု ၃ ခုရှိရာ၌ "ပစတိ သိ"စသည်ဖြင့် ပုရိသ်ဟု ခေါ်အပ်သော ဝိဘတ်ကို ၂ လုံးတွဲ ၃ လုံးတွဲသက်ရလေမည်လားဟု ယုံမှားဘွယ်ရှိ၏၊ မှန်၏—"သော စ တွဉ္စ"ဟု ကတ္တားရှိရာ၌ သောစကို ငဲ့၍ တိဝိဘတ်, တွဉ္စကို ငဲ့၍ သိဝိဘတ်သက်လျက် "သော စ တွဉ္စ ပစတိ သိ"ဟု ပုရိသ် (ဝိဘတ်) ၂ ခုတွဲသက်ရလေမည်လား-ဟု ယုံမှားဘွယ်ရှိ၏၊ "သော စ အဟဉ္စ ပစတိ မိ, တွဉ္စ အဟဉ္စ ပစသိ မိ, သော စ တွဉ္စ အဟဉ္စ ပစတိ သိမိ"ဟု ယုံမှားဘွယ် ရှိပုံကိုလည်း သိသော၊ ဤသို့"ပုရိသ်ချင်းရောယှက်၍ သက်ရလေမည်လား"ဟု ယုံမှားဘွယ်ရှိရာ၌ ထိုသို့ မယုံမှားဘို့ရာ "သဗ္ဗေသ မေကာဘိဓာနေ"စသော ပုရိသ်ချင်း မရောအောင် ရှင်းပြသည့် ပုရိသ်ရှင်းပရိဘာသာ သုတ်ကို မိန့်တော်မူသည်။

သဗ္ဗေသံ၊ပေ၊ဧကတော ဘိဓာနေ——ရှေ့၌ပြခဲ့သည့်အတိုင်း 'သော စ တွဉ္စ"ဟု ကတ္တားရှိရာ၌"ပစတိ သိ"ဟု ပဌမနှင့် မဇ္ဈိမပုရိသ် ၂ ပါးကိုရင်း, "သော စ အဟဉ္စ"ဟု ကတ္တားရှိရာ၌ "ပစတိ မိ"ဟု ပဌမနှင့် ဥတ္တမပုရိသ် ၂ ပါးကိုသော်ရင်း, "တွဉ္စ အဟဉ္စ"ဟု ရှိရာ၌ "ပစသိ မိ" ဟု မဇ္ဈိမနှင့်ဥတ္တမ ပုရိသ် ၂ ပါးကိုသော်ရင်း, "သော စ တွဉ္စ အဟဉ္စ"ဟု ရှိရာ၌ "ပစတိ သိမိ"ဟု ပုရိသ် ၃ ပါးလုံးကိုသော်ရင်း တပေါင်းတည်း ဆိုခြင်းကို ပြုထိုက်သော် (တပေါင်းထည်း ဆိုရမလို ဖြစ်နေသော်)....

www.dhammaransi.com



၍နောက်ပုဂ္ဂိုလ်ကို၊ ကေကာလာနံ-တူသော ကာလရှိသော ကြိယာတို့ကို၊ အတိမာနေ ဧဝ-ဆိုလိုရာ၌သာ၊ (ယောဇေတဗ္ဗာ-၏။)

သောစ ပစတိ တွဉ္စ ပစသိတိ-ဟူ၍၊ ပရိယာယပွသင်္ဂေ-အလှည့်ကျ အားဖြင့် ဖြစ်ခြင်း၌ လျှဉ်းပါးဘွယ်သည်၊ (သတိ-သော်၊)တုမှေ ပစထာတိ-ထဟူ၍၊ ဘဝတိ-ဖြစ်၏၊ ဧဝံ-တူ၊ သောစ ပစတိ အဟဉ္စ ပစာမိတိ-ဟူ၍၊ (ပရိယာယပွသင်္ဂေ သတိ)၊ မယံ ပစာမာတိ-ဟူ၍၊ ဘဝတိ-၏၊ [မပါသော ပုဒ်များကို လိုက်ပုဒ်ဟု မှတ်၊] တထာ-ပါး၊ တွဉ္စ ပစသိ, အဟဉ္စ ပစာမိတိ-ဟူ၍၊ ပရိယာယပွသင်္ဂေ သတိ, မယံ ပစာမာတိ-ဟူ၍၊ ဘဝတိ၊ သဗ္ဗတ္ထ-အလုံးစုံသော ပြယုဂ်တို့၌၊ ဧဝံ-တူ၊ ယောဇေတဗ္ဗံ-ယှဉ်စေရာ၏။

---

**ပရော ပုရိသော ယောဇေတဗ္ဗော**—ထိုကဲ့သို့ ပုရိသ် ၂ ပါး ၃ ပါးတပြိုင်နက် မဆိုဘဲ နောက်ပုရိသ်တခုကို ယှဉ်စေဆိုက်သည့်, ယှဉ်စေရ သက်စေရမည်၊ ထိုသို့ သက်ရာ၌လည်း ''သောနှင့်တွံ''ဟုကတ္တား ၂ ခုဖြစ်၍ များသောကြောင့်''ပစထ''ဟု ဗဟုဝုစ် ချကြသည်၊ ၍သို့စသည်ဖြင့် နောက်ပုရိသ် ယှဉ်စေရပုံသည် ပုံစံ၌ထင်ရှားလတ္တံ့။

**ကေကာလာန၊ပေ၊စာယံ**—ကြိယာက ကာလချင်းတူရာ၌သာ ၍ ပရောပုရိသ်ကို သုံးစွဲရသည်၊ ကာလ မတူလျှင် မသုံးစွဲရ၊ ရှဉ်းအံ့-သူ၏ ချက်ခြင်းကြိယာလည်းပစ္စုပ္ပန်, သင်-ဟု ဆိုအပ်သူ၏ ချက်ခြင်းကြိယာလည်း ပစ္စုပ္ပန်ဖြစ်မှ''သောစ တွဉ္စ ပစထ''ဟု သုံးစွဲနိုင်၏၊ သူ၏ ချက်ခြင်းက ပစ္စုပ္ပန်, သင်၏ ချက်ခြင်းက အတိတ်ဖြစ်လျှင်''သောစ တွဉ္စ ပစထ''ဟု မသုံးစွဲနိုင်၊ သောစ ပစတိ, တွဉ္စ အပစော (သူလည်းချက်၏, သင်လည်း ချက်ပြီး)''ဟု ဝါကျခွဲ၍သာ သုံးစွဲရသည်။ [ကြိယာ တမျိုးထည်းသော်မှ ကာလချင်း မတူရုံမျှဖြင့် ပရောပုရိသ်ကို မသုံးစွဲနိုင်လျှင်''ကြိယာချင်းမတူဘဲ ''သောစ ပစတိ, တွဉ္စ ဂစ္ဆသိ''ဟုရှိနေမှ အဘယ်မှာ ပရောပုရိသ်ကို သုံးစွဲနိုင်တော့အံ့နည်း၊ ယို့ကြောင့်''ကေကာလာတိမာနေဝ''ဟု ကာလ တူရမည့်အကြောင်းကိုသာပြသည်၊ ကြိယာ တူရမည့် အကြောင်းကိုကား အထူးပြနေဘွယ် မရှိတော့ပြီ-ဟူလို။]

**သော စ ပစတိ၊ပေ၊တုမှေ ပစထာတိ ဘဝတိ**—''သူလည်းချက်၏,သင်လည်း ချက်၏''ဟူရာ၌ ထိုသူ ၂ ယောက်၏ချက်ခြင်းကြိယာသည် ပစ္စုပ္ပန်ကာလချင်းတူနေ၏၊ ထိုအကြောင်းကို ပါဠိလိုပြောလျှင် ''သောစ ပစတိ''ဟု ပြောပြီးမှ ''တွဉ္စ ပစသိ''ဟု ပြောရမည်လားဟု လျှဉ်းပါးဘွယ်ရှိ၏၊ ၍သို့ ''တဝါကျပြီးမှ, တဝါကျ ပြောရလေမည်လား''ဟု ယုံမှားဘွယ်ရှိသည်ကို ''ပရိယာယပွ သင်္ဂေ''ဟုဆိုသည်၊ ထိုသို့ယုံမှားဘွယ် ရှိရာ၌''ပစထ''ဟုဖြစ်၏၊ ''ပစထ ဟု ကြိယာတခုထည်းသာ ချရမည်၊ သောစ ပစတိ, တွဉ္စ ပစသိ''စသည်ဖြင့် တလှည့်စီ ဆိုနေဘွယ်မလို-ဟူလို၊ ၍ပုံစံ၌ ''သောစ ပစတိ, တွဉ္စ ပစသိ''တို့သည် ၍သုတ်ပုံစံမဟုတ်သေး, ယုံမှားဘွယ်ရှိပုံကိုသာ ပြသော

www.dhammaransi.com



ကောဘိခါနေတိ - သည်၊ ကိမတ္ထံ - နည်း၊ သောစ - ထိုသူသည်လည်း၊ ပစတိ-၏၊ တုဋ္ဌ-လည်း၊ ပစိဿသိ-ချက်လတ့်၊ အဟံ-သည်၊ ပစိံ-ချက်ပြီ၊ တေ္တ - ဤ ပြယုဂ်တို့၌၊ ဘိန္နကာလတ္တာ - ပြားသော ကာလ ရှိကုန်သည်၏ အဖြစ်ကြောင့်၊ မယံ ပစိမှာတိ-ဟူ၍၊ န ဘဝတိ-မဖြစ်၊ ဣတိ-ဤသို့ သိစေရခြင်း အဲကျိုးရှိ၏။

(၄၄၁) ဂမု - ဂမုဓာတ်သည်ရင်း၊ သပ္ပ - သပ္ပဓာတ်သည်ရင်း၊ ဂတိမှိ-ဂတိအနက်၌၊ ဝတ္တန္တိ-ဖြစ်ကုန်၏၊ ပုရေဝိယ-ရှေ ဘူဓာတ်၌ကဲ့သို့၊ ဓာတု

---

ဝါကျတည်း၊ "တုမှေ ပစထ"၌ တုမှေလည်း "ပစထ"နှင့် သင့်လျော်သော ကတ္တားကို အပိုထည့်ပြခြင်းသာ, ဤသုတ်၏ပုံစံ မဟုတ်၊ ဤသုတ်၏ ပုံစံကား "ပစထ" ကြိယာသာ တည်း၊ ထို ပစထ၏ ကတ္တားလည်း ရှေး ယုံမှားဘွယ်ရှိရာ၌ ပြခဲ့သော "သောစ တုဋ္ဌ"ပင် တည်း၊ ထို့ကြောင့် "သောစ တုဋ္ဌ ပစထ"သာ ဤသုတ်၌ ဆိုလိုရင်း ဟု မှတ်။

**ကာတန္တဝုတ္တိ။** ။"သော ပစတိ, တွံ ပစသိ, အဟံ ပစာမိတိ-ဟူရာ၌၊ ပစာမိ တျေဝ-ပစာမိ ကြိယာ တခုသာ၊ ပပ္ပေါတိ—ရောက်၏၊ အ ပဝတ္တိယံ — (တိုကတ္တား ငဲ့ရမလို, သည်ကတ္တား ငဲ့ရမလို ဖြစ်နေသောကြောင့်) ပုရိသ်တို့၏ လုံးလုံး မဖြစ်ခြင်းသည်၊ သတိ ယံဝါ-ရှိသော်ရင်း၊ ပရိယာယေ-(ပစတိပြီးမှ ပစသိ, ပစသိပြီးမှ ပစာမိဟု) တလှည့်စီ ဖြစ်ခွင့်သည်၊ ပတ္တေဝါ-ရောက်သော်ရင်း၊ (ထိုကဲ့သို့ မဖြစ်ဘိုရာ) အယံ ပရိဘာသာ-ဤ ပရိဘာသာသုတ်ကို၊ ကတာ—စီရင်အပ်ပြီ။

**ဝံ, သောစ၊ေပ၊မယံ ပစာမ**—"သောစ ပစတိ, အဟဉ္စ ပစာမိ"ဟု တဝါကျ ပြီးမှ တဝါကျ ဆိုရလေမည်လား-ဟု ယုံမှားဘွယ် ရှိရာ၌ ထိုကဲ့သို့ မဆိုရ, "သောစ အဟဉ္စ ပစာမ"ဟု အဟံကိုငဲ့၍ နောက်ပုရိသ်ဖြစ်သော အမှယောဂ ဥတ္တမ ပုရိသ်ကို ယှဉ်စေရသည်၊ "တုဋ္ဌ ပစသိ, အဟဉ္စ ပစာမိ"ဟု တလှည့်စီ ဆိုရလေမည်လား-ဟု တွေးတောဘွယ်ရှိရာ၌လည်း "တုဋ္ဌ အဟဉ္စ ပစာမ"ဟုယှဉ်စေရသည်၊ "သောစ ပစတိ, တုဋ္ဌ ပစသိ, အဟဉ္စ ပစာမိ"ဟု ၃ ဝါကျတို့ တလှည့်စီ ဆိုရမလို ဖြစ်နေရာ၌လည်း "သောစ တုဋ္ဌ အဟဉ္စ ပစာမ"ဟု ပရော ပုရိသ်ကို ယှဉ်စေရသည်၊ ဤနည်းအတိုင်း အတ္တနောပုဒ်များ၌ရင်း, ပဉ္စမီစသော ဝိဘတ်များ၌ရင်း ပရောပုရိသ် ချရပုံကို သိလေ။

**ကောဘိခါနေတိ၊ ေပ၊ န ဘဝတိ**—သုတ်၌ "ကောဘိခါနေ—တပေါင်းထည်း ဆိုလိုရာ၌"ဟု ရှိ၏၊ ထိုပုဒ်ကို "ကေဝလာ ကေဗ္ဗံ-တပေါင်းထည်း+အဘိခါနံ-ဆိုခြင်း" ဟု ဋီကာဖွင့်၏၊ ထိုသို့ တပေါင်းထည်း ဆိုခြင်းမှာလည်း ကာလချင်းတူမှ ဆို၍ဖြစ်သည်၊ ကာလချင်း မတူလျှင် တပေါင်းတည်းဆို၍ မဖြစ်၊ ထို့ကြောင့် "ကောဘိခါနေ"သဒ္ဒါ သည် ပဓ္ဓပြုပ်န်၌ "သောစပစတိ"အနာဂတ်၌ "တုဋ္ဌ ပစိဿသိ"-အတိတ်၌ "အဟံ ပစိံ" ဟူရာဝယ် ကာလချင်း မတူသောကြောင့် "ပစိမှာ"ဟု ကောဘိခါန မဖြစ်ဟု ပြရခြင်း အကျိုး ရှိ၏။ [ ဤ ပရောပုရိသ်နှင့် စပ်၍ မှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာ၌ ရှု။ ]

www.dhammaransi.com



သညာယံ-ကို၊ (ကကာယံ-သော်၊) ဓာတွန္တလောပေါ-ချေ၊ ကတ္တရိ-ကတ္တား အနက်၌၊ တျာဒျုပ္ပတ္တိစ-တိ အစရှိသော ဝိဘတ်လည်းသက်။

**ဂမိယာဒန္တောဒ္ဓောဝါ သဗ္ဗာသု။** ။သဗ္ဗာသု ဝိဘတ္တီသု, ဂမု ဂလတိ-ဂမု ဟူသော၊ တေဿ ဓာတုဿ-၏၊ အန္တော-အဆုံးဖြစ်သော၊ မကာရော-သည်၊ ဝါ-စွာ၊ ဆ္ဆော-ဆ္ဆ အပြုသည်၊ ဟောတိ၊ သဗ္ဗဂ္ဂဟဏေန-ဖြင့်၊ မာနန္တ ယ ကာရိတပစ္စယေသုစ - မာန, အန္တပစ္စည်း, ယပစ္စည်း, ကာရိတ်ပစ္စည်း တို့ကြောင့်လည်း၊ (ဆ္ဆော-ဆ္ဆပြု)။

ဒယံ ဝါ သဒ္ဒေါ-သည်၊ ဝဝတ္ထိတ ဝိဘာသတ္တော-၏၊ တေန-ကြောင့်၊ အယံ ဝါသဒ္ဒေါ-သည်၊ မာနန္တေသု-မာန, အန္တပစ္စည်းတို့ကြောင့်၊ ကတ္တရိ-ကတ္တားအနက်၌၊ နိစ္စံ-နိစ္စဖြစ်သော၊ ဝိဓိံ စ-အစီအရင်ကိုငင်း၊ အညတ္ထ-အခြား ဝိဘတ်ပစ္စည်းတို့ကြောင့်၊ အနိစ္စံ-အနိစ္စဖြစ်သော၊ ဝိဓိံ စ-ကိုငင်း ပရောက္ခာယံ-ပရောက္ခာ ဝိဘတ်ကြောင့်၊ အသန္တံ-အသန္တဖြစ်သော၊ ဝိဓိံ စ-ကိုငင်း၊ ဒိပေတိ-ပြ၏။

---

(၄၄၁) ဂမု, သပ္ပ=ဂတိမှိ— ဓာတ် ၂ မျိုးလုံး၏အနက်ချင်း တူသောကြောင့် "ဂမု,သပ္ပ"ဟုပေါင်း၍ပြသည်၊ဤ၌ကား ဂမုဓာတ်သာလိုရင်းတည်း၊ "ယေ ဂတျတ္ထာ တေဗုဒ္ဓျတ္ထာ,ပဝတ္တိပါပုဏတ္ထကာ-အကြင်ဓာတ်တို့သည် ဂတိအနက်ရှိကုန်၏၊ဆိုဓာတ် တို့သည် ဗုဒ္ဓိ (သိခြင်း) အနက်ရှိကုန်,ဖြစ်ခြင်း ရောက်ခြင်း အနက်လည်း ရှိကုန်၏"ဟု ဆိုသောကြောင့် "ဂတိအနက်"ဟုဆိုလျှင် သွားခြင်း တနက်သာမက, သိခြင်းစသော အနက်တို့လည်းပါဝင်၏၊ ယင်းကြောင့် "ဂတိမှိ-လားခြင်း (သွားခြင်း)"ဟု မဆိုဘဲ "ဂတိမှိ—ဂတိအနက်၌"ဟု ဆိုလိုက်သည်။

သဗ္ဗဂ္ဂဟဏေန၊ပေ၊ပစ္စယေသုစ—"ဂမိဿန္တော ဆ္ဆောဝါ ဝိဘတ္တီသု"ဟု မဆိုဘဲ "သဗ္ဗာသု—အလုံးစုံတို့ကြောင့်"ဟု ဆိုသဖြင့် ဝိဘတ်သာမက, မာနစသော ပစ္စည်းများကိုလည်း ယူနိုင်သည်၊ ထို့ကြောင့် မာနအန္တကြောင့် "ဂစ္ဆမာနော ဂစ္ဆန္တော" ယပစ္စည်းကြောင့် "ဂစ္ဆီယတိ" ကာရိတ်ကြောင့် "ဂစ္ဆာပေတိ"စသော ရုပ်ဖြစ်၏။

ဝဝတ္ထိတ၊ပေ၊မသန္တကံ—[တေနာယံ၌ အယံကို ဂါထာတွင်းက "ဝါသဒ္ဒေါ" နှင့်တွဲ၊] မာနအန္တနှောင်းရာ၌ "ဂစ္ဆမာနော, ဂစ္ဆန္တော"ဟု ကတ္တား အနက်၌ရှိ၍, "ဂမမာနော,ဂမန္တော"ဟုမရှိသဖြင့် နိစ္စဝိဓိ (ဆ္ဆပြုမြဲ၏)၊ ကံဟော၌ကား "ဂမိယ မာနော, ဂမိယန္တော"ဟုရှိနိုင်သောကြောင့် ကတ္တရိ-ဟု ဆိုသည်၊ ပရောက္ခာ ဝိဘတ် ၌ကား "ဇဂမ, ဇဂမု"စသည်သာ ရှိ၍ "ဇဂစ္ဆ"စသည်မရှိသောကြောင့် အသန္တ ဝိဓိတည်း၊ ကြွင်းသောဝိဘတ်နှင့် ယ ပစ္စည်းနှောင်းရာ၌"ဂစ္ဆတိ-ဂမေတိ, ဂစ္ဆီယတေ- ဂမီယတေ"စသည်ဖြင့် ဆ္ဆ ပြု-မပြု ၂ မျိုးရှိနိုင်သောကြောင့်အနိစ္စဝိဓိတည်း။ ["အညတ္ထ-

www.dhammaransi.com



အပစ္စယဲ ပရနယနာနိ - အပစ္စည်း သက်ခြင်း, နောက် အက္ခရာသို့ ဆောင်ကပ်ခြင်းတို့သည်၊ ဟောန္တိ။ သော ပုရိသော - သည်၊ ဂါမံ - သို့၊ ဂစ္ဆတိ-သွား၏၊ တေ ဂစ္ဆန္တိ၊ ကွစိဓာတုတျာဒိနာ-ဖြင့်၊ ဂရုပုဗ္ဗရဿတော- ဂရု ရှေးရှိသော ရဿ သရမှ၊ ပရဿ - သော၊ ပဌမ ပုရိသ ဗဟုဝစနဿ- ပဌမပုရိသ် ဗဟုဝုစ်ဝိဘတ်၏၊ ရေ-ရေ အပြုသည်၊ ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ ဂစ္ဆရေ-သွားကုန်၏၊ တံ ဂစ္ဆသိ၊ ပေ၊ ဂစ္ဆာမ၊ ဋ္ဌာဒေသာဘာဝေ-ဋ္ဌ အပြု မရှိရာ၌၊ လောပဉ္စေတ္တ မကာရောတိ-သုတ်ဖြင့်၊ အပစ္စယဿ-၏၊ ဧကာရော- ပြု၊ ဂမေတိ-သွား၏၊ ဂမေန္တိ၊ သရလောပေါ-နောက်သရကို ချေ၊ (အန္တိမှ အသရကို ကွစိဓာတုဖြင့်ချေ)၊ ဂမေသိ၊ ပေ၊ ဂမေမ။

အတ္တနောပဒေပိ - ၌လည်း၊ သော - ထိုယောကျ်ားသည်၊ ဂါမံ - သို့၊ ဂစ္ဆတေ - ၏၊ ဂစ္ဆန္တေ, ဂစ္ဆရေ - ကုန်၏၊ ပေ၊ ဂစ္ဆာမှေ - ကုန်၏၊ ကုတောနုတံ၊ ပေ၊ အာဂစ္ဆာမိတျာဒိသုပန - အစရှိသည်တို့၌ကား၊ ပစ္စုပ္ပန္န သမီပေ - ပစ္စုပ္ပန်၏ အနီး ဖြစ်သော အတိတ်ကာလ၌၊ ဝတ္တမာနဝစနံ- ဝတ္တမာန် ဝိဘတ်သည် (ဟောတိ)။ [ပစ္စုပ္ပန္နသမီပေပိ-ဂါထာ၌ အဓိပ္ပါယ် ပြခဲ့ပြီ။]

(၄၄၂) ဝါတိ ဝတ္တတေ၊ ပေ၊ ဃမ္မန္တိ - သွားကုန်၏၊ ဣစ္စာဒိ - တည်း၊ [ဂမုဓာတ်ကို "ဃ"ပြု၍ "ဃစ္ဆတိ-သွား၏" စသော ရုပ်လည်း ရှိ၏။]

(၄၄၃) ဘာဝကမ္မေသု ပန-ဘောအနက် ကံအနက်တို့၌ကား။

---

မာန-အန္တ ပရောက္ခာမှ အခြားသော ဝိဘတ်ပစ္စည်း'' ဟူရာ၌ ပစ္စည်းအရ ဤသုတ်ဆိုင်ရာ ပစ္စည်းသည် နဂိုရ်ကပင် မာန-အန္တ-ယ ပစ္စည်းသာ ရှိသောကြောင့် "အညတ္ထ"အရ တိ စသော ဝိဘတ်နှင့် ယ ပစ္စည်းကိုသာ ယူ၊ တဗ္ဗ-စသော ပစ္စည်းများကား နဂိုရ်ကပင် ဤသုတ်၏အရာ မဟုတ်သောကြောင့် ထိုပစ္စည်းများ နှောင်းရာ၌ အနိစ္စဝိဓိလေလား ဟု ယုံမှားဘွယ် မရှိ။]

ကွစိဓာတု၊ ပေ၊ ဂစ္ဆရေ—"ဂစ္ဆန္တိ"ဟူသောရုပ်၌ ဝိဘတ်ကို ဖယ်ထား၍"ဂစ္ဆ" ချည်းဆိုလျှင် "ဂစ်+ဆ"ဟု အသံ ဖြစ်၏၊ ဂစ်—ကား ဂရု, ဆ—ကား ဂရု ရှေးရှိသော ရဿတည်း၊ ဤသို့ ဂရုရှေးရှိသော ရဿနောင် ပဌမပုရိသ် ဗဟုဝုစ်ဖြစ်သော န္တိကိုဖြင်း န္တေကိုဖြင်း ရေ ပြု၍ "ဂစ္ဆရေ"ဟု ဖြစ်၏၊ ဝဇ္ဇမာနသာ မက, ဘဝိဿန္တိ၌ ဿန္တိ- ဿန္တေတို့မှ န္တိ-န္တေတို့ကိုလည်း ရေ ပြုသည်ပင်၊ ထို့ကြောင့်"ဘဝိဿရေ-ဂမိဿရေ" စသော ရုပ်များလည်း ရှိနိုင်သည်။

www.dhammaransi.com



**အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ။** ။ဘာဝေ ကာရကေ – ဘာဝ ကာရကကိုရင်း၊ ကမ္မနိ ကာရကေ – ကမ္မကာရကကိုရင်း၊ အဘိဓေယျ-ဟောထိုက်သော်၊ [သိမူ၌ "အဘိဓေယျ"ဟု ပါသည်၊] အတ္တနော ပဒါနိ ဟောန္တိ၊ စသဒ္ဒေန – ဖြင့်၊ ကမ္မကတ္တရိပိ – ကမ္မကတ္တား အနက်၌လည်း၊ (အတ္တနော ပဒါနိ ဟောန္တိ)၊ [ကမ္မကတ္တားကို ကာရကခဏ်း (ယောကာရေတိ သဟေတု)သုတ်၌ ပြခဲ့ပြီ၊ ထို၌ ပြခဲ့သော "ကရီယတေ"၌ "တေ"သည် ဤသုတ်ဖြင့် ကမ္မကတ္တား အနက်၌ သက်အပ်သော ဝိဘတ်တည်း။]

ဘဝနံ ဖြစ်ခြင်းသည်၊ ဘာဝေါ-ဘောမည်၏၊ သောစ-ထို ဘောဟူသည် လည်း၊ ကာရကန္တရေန-အခြား ကာရကနှင့်၊ အသံသဋ္ဌော-မရောနှောသော၊ ကေဝလော-သက်သက်သော၊ ဝါ-သန့်သန့်သော၊ ဘဝနလဝနာဒိကော-ဖြစ်ခြင်း, ရိတ်ခြင်း အစရှိသော၊ ဓာတွတ္ထော-ဓာတ်နက်တည်း၊ ကရီယတိ-ပြုအပ်၏၊ ဣတိ, ကမ္မံ-ကံမည်၏။

---

(၄၄၃) ဘဝနံ၊ပေ၊ဓာတွတ္ထော—"ဘဝနံ ဘာဝေါ"သည် သုတ်၌ပါသော ဘာဝေ၏ ဝိဂ္ဂဟထည်း၊ "သောစ၊ပေ၊ဓာတွတ္ထော"ကား ထို ဘာဝ၏ သရုပ်ပြ ဝါကျတည်း၊သုတ်၌ပါသော ဘာဝကို"ဘဝနံ ဘာဝေါ"ဟု ဘာဝ သာဓနဝိဂ္ဂဟပြု၍ ထို ဘာဝအရ ဓာတ်နက်ကို ကောက်ယူပါ–ဟူလို၊ ချဲဦးအံ့–"ဘူ=သတ္တာယံ"ဟူရာ၌ သတ္တာ (ထင်ရှားဖြစ်ခြင်း) အနက်ကို ဘာဝ ဟု ခေါ်၏၊ ပါက (ချက်ခြင်း) အနက်သည်ရင်း, ဂတိ (သွားခြင်း–သိခြင်းစသော) အနက်သည်ရင်း ဘောအနက်ပင်တည်း၊ ဤသို့လျှင် ထိုထို ဓာတ်နက်သည် ဘောမည်၏၊ ထို့ကြောင့်ပင် ဘော အနက်ပေးသည့် အခါ နဂိုရ် ဓာတ်နက်အတိုင်း "ဘူယတေ-ဖြစ်ခြင်း၊ ပစ္စတေ-ကျက်ခြင်း"စသည်ဖြင့် ပေးကြရသည်၊ "ဖြစ်ရာ၏"စသည်ဖြင့် ပေးကြသော အနက်ကား အဆုံးသတ် ကြိယာ ဖြစ်၍ မြန်မာစကားတရပ် အဆုံးသတ်သံ ပါအောင် ပေးအပ်သော သင်္ကေတ အနက်တည်း။

**ကာရကန္တ၊ပေ၊သဋ္ဌော။** ။ထို ဘောအနက်၌"ကတ္တု–ကမ္မ"ဟူသော အခြား ကာရကနက်များနှင့် ရောလျက်လည်း မရှိရ၊ ချဲအံ့–"ပစတိ–ချက်၏(ချက်တတ်၏)" ဟူရာ၌ "ချက်"ဟူသည် ဓာတ်နက်တည်း၊ "တတ်"ကား ကတ္တုကာရကနက်တည်း၊ ဤသို့လျှင် ချက်ဟူသော ဓာတ်နက်၌ ကတ္တုကာရကနက် ရောလျက်ပါ၏၊ "ဂစ္ဆီယတေ-သွားအပ်၏"၌ကား ကမ္မကာရကနက် ရောလျက်ပါ၏၊ ထို "ချက်တတ်, သွားအပ်" ဟူသော အနက်များကို"ဘောအနက်"ဟု မဆိုရ၊ဘောအနက်ကား ထို"ကတ္တု,ကမ္မ" ကာရကနက်များနှင့် မရောဘဲ သန့်သန့်ဖြစ်သော "ဘူဓာတ်၏ ဘဝန(ဖြစ်ခြင်း)အနက်, လူဓာတ်၏ လဝန (ရိတ်ခြင်း) အနက်"စသော ဓာတ်နက်များသာ ဖြစ်သည်–ဟူလို၊ ["ကရီယတီတိ ကမ္မံ"ကား သုတ်၌ပါသော"ကမ္မနိ"ပုဒ်၏ ဝိဂ္ဂဟတည်း၊ကာရကခဏ်း၌ ပြခဲ့သော ကမ္မကာရကကိုပင် ဤ၌လည်း"ကမ္မ"ဟု ခေါ်၏၊ထို၌ အဓိပ္ပါယ်ရေးခဲ့ပြီ။]

www.dhammaransi.com



အကမ္မကာပိ ဓာတဝေါ-အကမ္မက ဓာတ်တို့သည်လည်း၊ သောပသဂ္ဂါ-ဥပသာရနှင့်တကွဖြစ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လတ်သော်)၊ သကမ္မကာပိ-သကမ္မက ဓာတ်တို့သည်လည်း၊ ဘဝန္တိ-ဖြစ်ကုန်၏၊ တသ္မာ, ဣမဿ-ကံ အနက်၌၊ အနုပုဗ္ဗာ - အနု ရှေးရှိသော၊ ဘူဓာတုတော - ဘူဓာတ်မှ နောက်၌၊ ဝတ္တမာနတ္တနောပဒ ပဌမပုရိသေကဝစနံ - ဝတ္တမာန် အတ္တနောပုဒ် ပဌမပုရိသ် ကေဝုစ်ဖြစ်သော၊ တေ-တေဝိဘတ် သက်။

(၄၄၄) ဓာတူဟိ ဏေဏယ ဏာပေဏာပယ ဏာပေဏာပယ ဂ္ဂ ကာရိတာနိ ... ဟိတွာ ဏာဏ ...

ဘာဝကမ္မေသု ယော။ ။သဗ္ဗဓာတူဟိ = တို့မှ၊ ပရော — နောက်သည်၊ (ဟုတွာ – ၍၊) ဘာဝကမ္မဝိသယေသု - ဘော ကံ အရာတို့၌၊ [သီဟိုဠ်မူ၌ "ဝိသယေသု"ဟု ရှိ၏၊] ယ ပစ္စယော ဟောတိ၊ အယံ- ဤ ယ ပစ္စည်းကို၊ အတ္တနောပဒ ဝိသယေဝ - အတ္တနောပုဒ် အရာ၌သာ၊ ဣစ္ဆတေ - အလို ရှိအပ်၏၊ အညေသုစာတိ သုတ္တေ - ၌၊ အနုဝတ္တိတဝါဂ္ဂဟဏေန – လိုက်စေ

---

အကမ္မကာပိ၊ပေ၊တေ —— "အကမ္မကာပိ၊ပေ၊ဘဝန္တိ"ကား အကမ္မက ဖြစ်သော ဘူဓာတ်ဖြင့် ကံဟောရုပ်ကို ပြလို၍ "ဘူဓာတ်နောင် ကံအနက်၌ တေဝိဘတ် သက်နိုင်ခြင်း၏ အကြောင်းကို ပြသော (ကာရဏ)ဝါကျတည်း၊ ဘူ စသော အကမ္မက ဓာတ်တို့သည် ဥပသာရနှင့် တွဲဘက်ရသောအခါ သကမ္မကဓာတ်လည်း ဖြစ်နိုင်ကြ၏၊ ထို့ကြောင့် အနုဥပသာရနှင့် တွဲဘက်နေသော ဘူဓာတ်သည် သကမ္မက ဖြစ်ရကား ဘူဓာတ်နောင် ကံအနက်၌ တေဝိဘတ် သက်နိုင်သည်။ [သကမ္မကာပိ ဘဝန္တိ၌ အပိ သဒ္ဒါသည် သကမ္မကအဖြစ်၏ မမြဲကြောင်းကို ပြသော အနိယမတ္ထဘည်း၊ ဥပသာရနှင့် တွဲသော်လည်း အမြဲ သကမ္မက ဖြစ်ရမည် မဟုတ်၊ "သမ္ဘဝတိ—ကောင်းစွာ ဖြစ်၏၊ ပတိဋ္ဌာတိ-တည်၏"၌ ဘူ-ဌာ ဟူသော အကမ္မကဓာတ်တို့သည် သံ-ပတိ ဥပသာရနှင့် တွဲရသော်လည်း အကမ္မက ဖြစ်မြဲ ဖြစ်သည်—ဟူလို။]

(၄၄၄) အတ္တနောပဒဝိသယေ ဝါယ မိဿတေ —— ဤသုတ်ဖြင့် သက်သော ယပစ္စည်းကို အတ္တနောပုဒ်ဝိဘတ်နှောင်းရာ၌သာ အလိုရှိအပ်၏၊ ဝိသယေဝ၌ ဧဖြင့် "တဗ္ဗ-အနီယ-တ စသော ဘောကံဟော ပစ္စည်း နှောင်းရာတို့၌ အလိုမရှိအပ်"ဟု ကန့်သည်၊ ထို့ကြောင့် "ဘဝိတဗ္ဗံ"စသည်၌ ယပစ္စည်း မသက်တော့ပြီ။ [ဤ "အတ္တနောပဒဝိသယေ ဝါယ မိဿတေ"ဟူသော စကားကို ကောက်ချက်ချလျှင် ဘော ကံအနက်ကို ဝိဘတ်ကသာ ဟော၏, ယပစ္စည်းက မဟော၊ ယပစ္စည်းမှာ "ပစ္စယော ရူပသိဒ္ဓိမတ္တော"ဝ"နှင့်အညီ ရုပ်ပြီးခြင်းအကျိုးငှါသာ သက်ရ၏၊ "ဘဝိတဗ္ဗံ"စသည်၌ကား ယပစ္စည်းမပါဘဲ ရုပ်ပြီးနိုင်သောကြောင့် ယပစ္စည်း မသက်တော့-ဟု မှတ်ချက်ရသည်။]

www.dhammaransi.com



ဖြပ်သော ဝါ သဒ္ဒါကြောင့်၊ ယ ပစ္စယ-ကြောင့်၊ ဝုဒ္ဓိ-သည်၊ န ဘဝတိ-မဖြစ်၊ ဒေဝဒတ္တေန-သည်၊ သုခံ-ကို၊ အနုဘူယတေ-ခံစားအပ်၏။

အာချာတေန – အာချာတ် ကြိယာပုဒ်သည်၊ အဝုတ္တတ္တာ – ကတ္တားကို မဟောအပ်သည်၏အဖြစ်ကြောင့်၊ ကတ္တရိ – ကတ္တားအနက်၌၊ တတိယာ – သည်၊ ဟောတိ၊ ကမ္မသ-ကံ အနက်၏၊ ဝါ-ကို၊ အဘိဟိတတ္တာ-ဟောအပ်သည်၏ အဖြစ်ကြောင့်၊ ဒုတိယာ - ဒုတိယာ ဝိဘတ်သည်၊ န – မဖြစ်၊ ဣဓ-ဤဝုတ္တကံ၌၊ ပဌမာဝ–ပဌမာ ဝိဘတ်သာ၊ ဟောတိ။

တယာ — သင်သည်၊ သမ္ပတ္တိယော — စည်းစိမ်တို့ကို၊ အနုဘူယန္တေ - ခံစားအပ်ကုန်၏၊ ဒေဝဒတ္တေန-သည်၊ တံ-သင်စည်းစိမ်ကို၊ အနုဘူယသေ-၏၊ တုမှေ – သင် စည်းစိမ်တို့ကို၊ အနုဘူယဝှေ - ကုန်၏၊ တယာ-သည်၊ အဟံ – ငါ စည်းစိမ်ကို၊ အနုဘူယေ - ၏၊ မယံ – ငါ စည်းစိမ်တို့ကို၊ အနုဘူယာမှေ-ကုန်၏။

(၄၄၅) ကွစိ ဓာတုဟုစ္စာဒိနာ - ကွစိ ဓာတု အစရှိသော သုတ်မှ၊ ကွစိတိ-သည်၊ ဝတ္တမာနေ-သော်။

အတ္တနောပဒါနိ ပရဿပဒတ္တံ။ ။အတ္တနောပဒါနိ ၊ ပေ ၊ အာပဇ္ဇန္တေ၊ ဣဓ (တော်)-၌ အတ္တနောပုဒ်ကို ပရဿပုဒ် စီရင်ခြင်းသည်၊ အကတ္တရိ ယေဝ – ကတ္တားဟော မဟုတ်ရာ၌သာ (ဟောတိ)၊ ယကာရဿ - ယ အက္ခရာ၏၊ ဒွိတ္တံ၊ [ ပရဒွေဘာဝေ ဖြင့် ယဒွေဘော်လာ-ဟူလို၊ ] မယာ -

---

အညေသု စ ၊ ပေ ၊ န ဘဝတိ — အညေသု စ သုတ်၌ လိုက်သော ဝါ သဒ္ဒါက "ယုဝဏ္ဏာနမိ ယကာရော" စသည်ဖြင့် ယပစ္စည်း နှောင်းရာ၌ ဝုဒ္ဓိ မပြုရ-ဟု အနုဝုတ်ကို ပြသောကြောင့် "အနုဘူယတေ"၌ ဘူကို ဝုဒ္ဓိ မပြုရ၊ ထို့ကြောင့် "အနုဘဝိယတေ"ဟု ရုပ်မချိုနိုင်-ဟု ဆိုလိုသည်၊သို့သော်"သယမေဝ အဘိဘဝိယတေ ပါပကာရီ"စသည်ဖြင့် ပါဠိတော် ရှိသောကြောင့် ထိုစကားကို အမြဲ ဟု မမှတ်အပ်။

အာချာတေန ၊ ပေ ၊ ပဌမာဝိဓ—"အနုဘူယတေ သုခံ ဒေဝဒတ္တေန"၌ အနုဘူယတေ-ဟူသော အာချာတ်ကြိယာပုဒ်က ကတ္တားကို မဟော၊ ထို့ကြောင့် ကတ္တား အနက်ကို ဟောဘို့ရာ ကတ္တရိစသုတ်ဖြင့် တတိယာသက်၍"ဒေဝဒတ္တေန"ဟု ရှိရသည်၊ ကံ အနက်ကိုကား အနုဘူယတေပုဒ်က ဟောသောကြောင့် "ကမ္မတ္ထေ ဒုတိယာ" သုတ်ဖြင့် ဒုတိယာ သက်ခွင့်မရ, လိန်အနက် ထွန်းပြရုံသာ"လိင်္ဂတ္ထေ ပဌမာ"သုတ်ဖြင့် ပဌမာ သက်၍ "သုခံ"ဟု ရှိရသည်၊သို့ကြောင့်"ဟောရာ ဟောရာ ပဌမာ"စသည်ဖြင့် ဆိုကြရသည်။ ["အနုဘူယန္တေ သမ္ပတ္တိယော"စသည်၌ အဓိပ္ပါယ်မှာ အခြေပြု ကံကတ္တား ခွဲပုံကို နားလည်ပြီးဖြစ်လျှင် မခက်တော့ပြီ။]

www.dhammaransi.com



သည်၊ သုခံ-ကို၊ အနုဘူယျတိ-ခံစားအပ်၏၊ အနုဘူယျတေဝါ-လည်းရှိ၏၊ အနုဘူယျန္တိ-ကုန်၏ ၊ ပေ ၊ အနုဘူယျာမ၊ ဒွိတ္တာဘာဝေ-ဒွေဘော်မဖြစ်ရာ၌၊ အနုဘူယတိ, အနုဘူယန္တိ-ဟု ဖြစ်၏၊ ကွစိတိ ကိံ၊ အနုဘူယတေ-အနုဘူယတေ ဟု ဖြစ်ခြင်း အကျိုးရှိ၏။

ဘာဝေ - ဘောအနက်၌၊ အဒဗ္ဗဝုတ္တိနော - ဒြဗ် အဖြစ်ဖြင့် ဖြစ်ခြင်းမရှိသော၊ ဝါ-ဒြဗ် မဟုတ်သော၊ ဘာဝဿ-ဘော၏၊ ဝါ-ကြိယာ၏၊ ဧကတ္တာ-တခုထည်း၏ အဖြစ်ကြောင့်၊ ဧကဝစနမေဝ - ဧကဝုစ်ချည်းသာ (ဟောတိ)၊ တဥ္စ - ထို ဧကဝုစ်သည်လည်း၊ ပဌမ ပုရိသဿေဝ — ပဌမ ပုရိသ်၏ သာတည်း၊ ဒေဝဒတ္တေန-သည်၊ ဘူယတေ-ဖြစ်ခြင်း၊ ဒေဝဒတ္တေန-သည်၊ သမ္ပတိ ဘဝနံ-ယခုဖြစ်ခြင်း၊ ဣတိ အတ္ထော-နက်။

---

(၄၄၅). **အကတ္တရိ ယေဝေဒံ**– [သီဒ္ဓ၌“ဝေဒံ”ဟု ရှိ၊] ကတ္တားဟော မဟုတ်သော ဘော-ကံဟောသော အရာ၌သာ ဤသုတ်ဖြင့် အတ္တနောပုဒ်ဝိဘတ်ကို ပရဿပုဒ်ပြန်ရခြင်း ဖြစ်သည်၊ ဘာ့ကြောင့်နည်း, ..... ကတ္တားဟောရာ၌ကား “ကတ္တရိ ပရဿပဒံ”သုတ်ဖြင့် ပရဿပုဒ်ဝိဘတ် တိုက်ရိုက်သက်နိုင်ရကား ပရဿပုဒ်ပြန်ဘွယ် မလိုသောကြောင့်တည်း။

**ဘာဝေ၊ပေ၊ဧကဝစနမေဝ**–“ဘောအနက်၌ ဧကဝုစ် ဝိဘတ်သာ သက်ရသည်၊ ဘာ့ကြောင့်နည်း–ဟု မေးဘွယ်ရှိသောကြောင့် “အဒဗ္ဗဝုတ္တိနော ဘာဝဿေကတ္တာ” ဟုမိန့်၊ ဘော–ဟူသည် ဖြစ်ခြင်း သွားခြင်းစသော ကြိယာတည်း, ဒြဗ်မဟုတ်၊ ထိုဒြဗ်မဟုတ်သော ကြိယာသည် တခုထည်းသာတည်း၊ ဓါ့အံ့–ဘူဓာတ်၏ အနက်ဖြစ်သော ဖြစ်ခြင်းကြိယာသည် (အရာဝတ္ထုပေါင်း များစွာ ဖြစ်နေစေကာမူ) ဖြစ်ခြင်းအားဖြင့် ကွဲပြားခြင်းမရှိ၊ထို့အတူ ဂမုဓာတ်၏အနက်ဖြစ်သော သွားခြင်းကြိယာလည်း လူပေါင်း များစွာ သွားစေကာမူ သွားခြင်းကား တမျိုးထည်းသာတည်း၊“ဂစ္ဆန္တိ–သွားကုန်၏” စသည်ဖြင့် ဗဟုဝုစ် သုံးစွဲရခြင်းကား သွားတတ်သူ ဒြဗ်တွေ များသောကြောင့်တည်း၊ သွားခြင်းကြိယာ သက်သက်၌ကား ထိုကဲ့သို့ ဒြဗ်နှင့် ရောစပ်ခြင်း မရှိသောကြောင့် ဒြဗ်အပြားကိုလည်း ငဲ့နေဘွယ်မလို၊ ထို့ကြောင့် ဘော အနက်ဟော ကြိယာပုဒ်၌ ဧကဝုစ်ဝိဘတ်သာ သက်ရသည်။

**တဥ္စ ပဌမပုရိသဿေဝ** —— ကြိယာ သက်သက် ဖြစ်၍ “တုမှ–အမှ” သဒ္ဒါတို့နှင့် အနက် မတူ (တုလျာဓိကရဏ မဖြစ်)ရကား မဇ္ဈိမ-ဥတ္တမ ပုရိသ်တို့လည်း သက်ခွင့်မရှိ၊ ဝိဘတ် မပါလျှင်ပုဒ်ရာ မဝင်သောကြောင့် ပုဒ်ရာ ဝင်စေခြင်းအကျိုးငှါ ပဌမပုရိသ်ဝိဘတ်သာ သက်ရသည်၊ဤစကားအရ “ဘောဟော အာချာတ်ကြိယာပုဒ်၌ ပဌမပုရိသ် ဧကဝုစ်သာ”ဟု မှတ်၊ ထို့ကြောင့် ပုံစံ၌ “ဘူယတေ”ဟု ပဌမပုရိသ် ဧကဝုစ်ဖြင့်သာ တရုပ်ထည်း ထုတ်ပြထားသည်။

**ဘူယတေ၊ပေ၊ဘဝနံ ဗျဉ္ဇော**—[သီဟိုဠ်မူ၌ “ဘူယတေ ဒေဝဒတ္တေန၊ ဒေဝဒတ္တေန သမ္ပတိ ဘဝနန္တျတ္ထော”ဟု ရှိ၏၊မြန်မာမူ၌“ဒေဝဒတ္တေန”တပုဒ် ကျသည့်ပြင်

www.dhammaransi.com



(၄၄၆) ပစခါတုတော-မှ နောက်၌၊ ကမ္မနိ-ကံ အနက်၌၊ အတ္တနော ပဒေ-အတ္တနောပုဒ် ဝိဘတ်ကိုရင်း၊ ယ ပစ္စယေစ-ကိုရင်း၊ ကတေ-ပြုအပ် ပြီးသော်၊ [ "စကာရေ ကတေ"၌ လှမ်းစပ်၊ ] ဝိပရိဏာမေန-ဖြင့်၊ ယဿာတိ-ယဿပုဒ်သည်၊ ဝတ္တမာနေ-သော်၊ ["စဝဂ္ဂ ယကာရဝကာ ရတ္တံ"၌ လှမ်းစပ်။]

**တဿ စဝဂ္ဂ ၊ ပေ ၊ သခါတွန္တဿ။** ။ဘာဝကမ္မ ဝိသယဿ-ဘောကံ ဟူသော အရာရှိသော၊ (ဘောကံ အရာ၌ စီရင်အပ်သော-ဟူလို)၊ တဿ ယ ပစ္စယဿ-ထို ယ ပစ္စည်း၏၊ ခါတွန္တေန-ခါတ်္တန်နှင့်၊ သဟ-တကွ၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည်အားလျော်စွာ၊ စဝဂ္ဂယကာရ ဝကာရတ္တံ-စဝဂ် အဖြစ်, ယ အဖြစ်, ဝ အဖြစ်သည်၊ ဟောတိ။

စ-ဆက်၊ ဧတ္ထ-ဤသုတ်သို့၊ ဣဝဏ္ဏာဂမော ဝါတိ ဣတော-မှ၊ သီဟ ဂတိယာ-ဖြင့်၊ ဝါသဒ္ဒေါ-ကို၊ အနုဝတ္တတဗ္ဗော-လိုက်စေထိုက်၏၊ သောစ-ထို ဝါ သဒ္ဒါသည်လည်း၊ ဝဝတ္ထိတ ဝိဘာသတ္ထော-၏၊ တေန-ထို့ကြောင့်၊ သ, ယ ပစ္စယာနံ-ယ ပစ္စည်းနှင့် တကွ ဖြစ်ကုန်သော၊ ခါတွန္တာနံ-ခါတ်၏ အဆုံးဖြစ်ကုန်သော၊ စ တ ဝဂ္ဂါနံ-စဝဂ် တဝဂ်တို့၏၊ စ ဝဂ္ဂေါ-စ ဝဂ်သည်ရင်း၊ ရဝါနံ-ရ အက္ခရာ ဝ အက္ခရာတို့၏၊ ယဝတ္တံ-ယ, ဝ အဖြစ် သည်ရင်း၊ ယထာက္ကမံ-တိုင်း၊ ဟောတိ-၏၊ ဣတိ-ဤသို့ စီရင်ခြင်းကြောင့်၊....

ခါတွန္တဿ-၏၊ စဂ္ဂါဒိတ္တာ-စ ဝဂ်၏ အစဆုံး အက္ခရာ၏ အဖြစ် ကြောင့်၊ စကာရေ-စအက္ခရာကို၊ ကတေ-သော်၊ ပရ ဒွေဘာဝေါ-

---

"သမ္ဘုတ္တိံ+ဘဝန်"ဟု ပါဌ်ပျက်လျက်ရှိသည်။] ရှေ့"ဒေဝဒတ္တေန"သည် ဘူယတေ၏ ကတ္တား၊ နောက် "ဒေဝဒတ္တေန"ကား ဘဝနံ၏ ကတ္တားတည်း၊ "ဘူယတေ ဒေဝဒတ္တေန"သာ ပုံစံ၊ "ဒေဝဒတ္တေန သမ္ပတိဘဝနံ"ကား ထိုပုံစံ၏ အနက်ဖွင့် တည်း၊ ဘူယတေ၌ တေဝိဘတ် အတွက် ပစ္စုပ္ပန်နက်ကို "သမ္ပတိ"ဟု ဖွင့်၍ ဘူခါတ်၏ ကြိယာ အနက်ကို "ဘဝနံ"ဟု ဖွင့်သည်။ [ကြွင်းသော မှတ်ဘွယ်ကို ဘာဝကမ္မေသုခယာသုတ်ဖွင့် ကစ္စည်းဘာသာဋီကာမှာ ရှု။]

(၄၄၆) စ ဝဂ္ဂေါ၊ပေ၊ယထာက္ကမံ—သုတ်၌ "တဿ စဝဂ္ဂ ယကာရဝကာ ရတ္တံ"ဟု တလုံးထည်းဆိုထားသဖြင့် "မည်သည့်ခါတွန်နှင့် တကွဖြစ်သော ယပစ္စည်းကို (စဝဂ် ယ-ဝ တို့တွင်) မည်သည့် အက္ခရာ ပြုရမည်"ဟု မသိသာချေ၊ ထို့ကြောင့် လာလတံ့သော ဣဝဏ္ဏာဂမောဝါသုတ်မှ ဝါသဒ္ဒါကို ခြင်္သေ့လှည့်သလို ရှေ့သို့ပြန်လိုက်

www.dhammaransi.com



ဌာနေတိ-ဖြင့်၊ ဒွိတ္တံ၊ ဒေဝဒတ္တေန-သည်၊ သြဒနော-ထမင်းကို၊ ပစ္စတေ-ချက်အပ်၏၊ ကုစိဓာတုတျာဒိနာ၊ ပေ၊ ကုစိ ရေ ဟောတိ၊ [“ဂစ္ဆရေ” ရုပ်၌ အနက်ဆိုခဲ့ပြီ၊ ] ပစ္စရေ, ပစ္စန္တေ - ချက်အပ်ကုန်၏၊ ပေ၊ ပစ္စာမေ၊ ပရဿပဒါ ဒေသေ-ပရဿပုဒ် ပြုရာ၌ (အတ္တနောပုဒ်ကို ပရဿပုဒ် ပြန်စေရာ၌ - ဟူလို၊) ပစ္စတိ၊ ပေ၊ ပစ္စာမ-ဟု ဖြစ်၏၊ ကမ္မကတ္တရိ - ကမ္မကတ္တား အနက်၌၊ တထာ - ထို အတိုင်းတည်း၊ [ကံဟော “ပစ္စတေ” အတိုင်း ရုပ် ပြီးသည် - ဟူလို၊] သြဒနော - ထမင်းသည်၊ သယမေဝ - အလိုလိုပင်၊ ဝါ-သူ့ဘာသာ၊ ပစ္စတေ - ချက်တတ်၏၊ ပစ္စန္တေ - ချက်တတ်ကုန်၏၊ ပစ္စတိ, ပစ္စန္တိ ဝါ-ဟုလည်း ရှိ၏၊ [ပရဿပုဒ် ပြန်လျက်လည်း ရှိသည်-ဟူလို၊] ဣစ္စာဒိ-တည်း။

(၄၄၇) ဂမိတော-ဂမုဓာတ်မှ နောက်၌၊ [“တိ ဏာ ဏူ ဥ, ဤလေးခု, ဓာတုနိဒ္ဒေသ”နှင့် အညီ, ဂမုဓာတ်ကိုပင် ဣ အက္ခရာဖြင့် “ဂမိ” ဟု ညွှန်ပြသည်၊] ကမ္မနိ-၌၊ ပေ၊ ကတေ-သော်၊ ဓာတုဟီတိ, တသ္မိံတိ, ယေတိစ ဝတ္တတေ [ဓာတုဟိ ဏေ ဏယ စသော သုတ်မှ ဓာတုဟိလိုက်, တဿ စဝဂ္ဂသုတ်-ဘာဝ ကမ္မေသုယော သုတ်တို့မှ တဿံနှင့် ယောတို့ကား ဝိဘတ် ပြောင်း၍ “တသ္မိံ, ယေ”ဟု လိုက်။]

**ဣဝဏ္ဏာဂမော ဝါ**။ ။ပရေ - သော၊ ဘာဝ ကံမှ ဝိသယေ - သော၊ တသ္မိံ ယ ပစ္စယေ-ထို ယ ပစ္စည်းကြောင့်၊ သဗ္ဗဟိ ဓာတုဟိ-တို့မှ (နောက်၌)၊ ဣဝဏ္ဏာဂမော - ဣဝဏ် လာခြင်းသည်၊ ဝါ ဟောတိ၊ ဣတိ - ဤသုတ်ဖြင့်၊ ဤ ကာရာဂမော (ဟောတိ)၊ အယံ ဝါ သဒ္ဒေါ ဝဝတ္ထိတ ဝိဘာသတ္ထော၊ ဋ္ဌာဒေသော-ဋ္ဌ အပြုသည် (ဟောတိ)၊ [“ဂမိဿန္တော စ္ဆော ဝါ သုတ်ဖြင့် စ္ဆပြု”ဟူလို၊] ဒေဝဒတ္တေန-သည်၊ ဂါမော-ကို၊ ဂစ္ဆီယတေ-သွားအပ်၏၊ ပေ၊ ဂစ္ဆီယာမှေ။

---

စေ၍, ထို ဝါ သဒ္ဒါက ပါဠိတော်နှင့်လျော်အောင် သတ်မှတ်ပေးရသည်၊ ထို ဝါ သဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် ယပစ္စည်းနှင့် တကွဖြစ်သော ဓာတွန် စ ဝဂ် (တ) ဝဂ်ကို အစဉ် အတိုင်း စဝဂ်ပြု၊ စနှင့် တကို စ, ဆနှင့် ထကို ဆ-ဤသို့ အစဉ်ကျအောင်ပြုပါ ဟူလို၊ ယနှင့် တကွ ဓာတွန် ရ-ဝကိုကား အစဉ်အတိုင်း ယ-ဝပြု။ [ ခေါင်ပုဒ်ကို အခြေပြု၍ ပြထားပြီ။ ]

(၄၄၇) **ဝဝတ္ထိတ၊ ပေ၊ ဝါ သဒ္ဒေါ**—ဣဝဏ် လာရာ၌ ဝါသဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် “ဂမ္မတေ, ဂမျတေ—ပစ္စတေ” စသော ရုပ်များ၌ မလာရ, “ဂမိယတေ—ဂစ္ဆီယတေ, ပစီယတေ” စသည်၌သာ လာရသည်၊ အချုပ်မှာ—“ဂမ်+ယ+တေ” ဟု ဖြစ်ရာ၌

www.dhammaransi.com



(၄၄၈) ဠာဒေသာဘာဝေ-ဠ အပြု မရှိရာ၌၊ ဓာတူဟီတိ ယောတိ ဝါတိစ ဝတ္တတေ။

ပုဗ္ဗရူပဥ္စ။ ။ဟေဋ္ဌာ - အောက်သုတ်၌၊ အနုဝတ္တေဟိ - မဆိုအပ်သော ဓာတ်တို့မှ၊ ပရဿေဝ - နောက်ဖြစ်သော ယ ပစ္စည်းကိုသာ၊ ဣဒံ - ဤ သုတ်ဖြင့် ယူခြင်းသည်၊ (ဟောတိ)၊ တေန-ထို့ကြောင့်၊ က ဋ ပ ဝဂ္ဂ ယကာရလသန္တေဟေဝ–က ဝဂ်, ဋ ဝဂ်, ပ ဝဂ်, ယ အက္ခရာ, လ အက္ခရာ, သ အက္ခရာ အဆုံးရှိသည်သာလျှင် ဖြစ်ကုန်သော၊ ဓာတူဟိ-တို့မှ၊ ပရော- သော၊ သော ယပစ္စယော-သည်၊ ပုဗ္ဗရူပံ-သို့၊ ဝါ အာပဇ္ဇတေ- ဝိကပ် ရောက်၏၊ ဣတိ – ဤသုတ်ဖြင့်၊ မကာရာ - မ အက္ခရာမှ၊ ပရဿ - သော၊ ယကာရဿ - ယ အက္ခရာ၏၊ မကာရော – မ ပြု၊ ဂမ္မတေ, ဂမီယတေ - သွားအပ်၏ ၊ ပေ ၊ ဂမ္မသေ - ဂမီယသေ, ဂမ္မဝှေ - ဂမီယဝှေ ၊ ပေ ၊ ဂမ္မာမှေ- ဂမီယာမှေ၊ ပရဿပဒတ္တေ - ပရဿပုဒ် အဖြစ်သည်၊ (သတိ - သော်)၊ ဂစ္ဆိယျတိ ဂစ္ဆိယျန္တိ - ဟု ဖြစ်၏၊ ဂစ္ဆီယတိ ဂစ္ဆီယန္တိဝါ - ဟုလည်း ရှိ၏၊ ဂမ္မတိ ၊ ပေ ၊ ဂမီယန္တိ - ဟု ဖြစ်၏၊ ဣကာရာဂမေ - ဣ လာရာ၌၊ ဂမိယျတိ, ဂမိယျန္တိ-ဟု ဖြစ်၏၊ တထာ-ထို့အတူ ဃမ္မီယတိ ဃမ္မီယန္တိ ဣစ္စာဒိ-တည်း၊ .... ဝတ္တမာနဝိဘတ္တိ - ဝတ္တမာန် ဝိဘတ်သည်၊ (နိဋ္ဌိတာ-ပြီ)။

---

"မ်"ကပ်ဘို့ရာ သရမရှိ၍သာ ဣဝဏ်လာရသည်၊ ယကို ပုဗ္ဗရုပ် ပြု၍ "ဂမ္မတေ"ဟုရင်း, မ်ကို ယသို့ကပ်၍ "ဂမျတေ"ဟုရင်း စသည်ဖြစ်ရာ၌ ကပ်ဘို့သရ မလိုသောကြောင့် ဣဝဏ် လာဘွယ်မလို—ဟု မှတ်။

(၄၄၈) ဟေဋ္ဌာနုဝတ္တေဟိ ၊ ပေ ၊ ဝါ—"တဿ စဝဂ္ဂ" သုတ်ဖြင့် စ ဝဂ်– တ ဝဂ်-ရ–ဝအက္ခရာများကို ဝါသဒ္ဒါ၏ သတ်မှတ်ချက်အရ ယူခဲ့ပြီ၊ ထိုသုတ်၌ မဆိုအပ် သေးသော က-ဋ-ပ ဝဂ် ၃ ခုနှင့် ယ-လ-သ အက္ခရာတို့ ဆုံးလျက်ရှိသော သကဓာတ် စသည်ကို ဤသုတ်ဖြင့် ယူသည်၊ ဟ ဋ္ဌ အံ တို့ကား ပါဠိပုံစံမရှိ၍ ယူဘွယ်မလို၊ ထို့ကြောင့် ဤသုတ်ဖြင့် က ဝဂ် စသည် ဆုံးသော ဓာတ်နောင် ဘောက်အရာ၌ သက်သော ယ ပစ္စည်းကို ရှေ့ဓာတွန် ဖျဉ်းနှင့် တူအောင် ပြုသည်၊ [ဓဆောင်ပုဒ်နှင့်တကွ ကြွင်းသော မှတ်ဘွယ်ကို အခြေပြု၌ ပြထားပြီ။]

www.dhammaransi.com

## ပဌမီ ဝိဘတ်ခဏ်း

(၄၄၉) ပဌမီ၊ ပေ၊ အာမသေ။ ။တ္ဝာဒယော – တု အစရှိကုန်သော၊ ဒွါဒသ – ၁၂ လုံးသော ဝိဘတ်တို့သည်၊ ပဌမီသညာ – ပဌမီ အမည် ရှိကုန်သည်၊ ဟောန္တိ။

(၄၅၀) အာဏတျာ၊ပေ၊ပဌမီ။ ။အာဏတျတ္ထေစ–စေခိုင်းခြင်း အနက် ၌၎င်း၊ အာသိသတ္ထေစ–တောင့်တခြင်း အနက်၌၎င်း၊ အနုတ္တကာလေ–အနီး၌ ဆိုအပ်သော ပစ္စုပ္ပန်ကာလ၌၊ ဝါ–ဆိုအပ်သော ကာလ မဟုတ်ရာ၌၊ ပဌမီ ဝိဘတ္တိ ဟောတိ၊ ကာလာဓိကာရေ–လိုက်သော ကာလ သဒ္ဒါသည်၊ သတိပိ– ရှိပါလျက်လည်း၊ ပုနကာလဂ္ဂဟဏေန–အပိုကာလသဒ္ဒါကြောင့်၊ ဝိဓိနိမန္တနာ. ဇ္ဈေသနာ.နုမတိ ပတ္ထနာ ပတ္တကာလာဒိသုစ–ဝိဓိ, နိမန္တန, အဇ္ဈေသန, အနုမတိ, ပတ္ထနာ, ပတ္တကာလ အစရှိသော အနက်တို့၌လည်း၊ ပဌမီ–ပဌမီ ဝိဘတ်သက်။

အာဏာပနံ – စေခိုင်းခြင်း၊ အာဏတ္တိ–ခြင်း၊ အာသီသနံ–တောင့်တခြင်း, အာသိဋ္ဌော – ခြင်း၊ သောစ – ထို တောင့်တခြင်း ဟူသည်လည်း၊ ဣဋ္ဌဿ– အလိုရှိအပ်သော၊ အသမ္ပတ္တဿ - မရောက်သေးသော၊ [အချို့စာ၌ "အ" ကျ၏၊ "အာသိံသနံ အာသီ, အပ္ပတ္တဿ ဣဋ္ဌဿ အတ္ထဿ ပတ္ထုံဣစ္ဆာ" ဟု ကာသိကာဝုတ္တိ စသည်၌ "အပတ္တဿ"ဟု အ–ပါသည်ချည်းတည်း။]

---

(၄၄၉) သုတ်၌"တုစ+အန္တုစ+ပေ+အာမသေစ,တု အန္တု၊ပေ၊အာမသေ"ဟု သမာဟာရဒွန်သမာသ်တွဲ၍ "တု အန္တု၊ပေ၊အာမသေဟူသော တဆဲ့နှစ်လုံးသည်" ဟုပေး၊"ပဌမီတိ တွာဒိနံ သက္ကတဝေါဟာရော=ပဌမီဟူသောနာမည်သည် တု စသော ဝိဘတ်တို့၏ သက္ကတနာမည်တည်း"ဟု ဋီကာဖွင့်သောကြောင့်"ပဉ္စန္နံ+ပူရဏီ ပဉ္စမီ" ဟု ဝိဂြိုဟ်ပြု၍ "၅ ခုမြောက် ဝိဘတ်"ဟု ကြံနေဘွယ်မလို၊ ဝတ္တမာန်ထောက်၍ ၂ ခု မြောက် ဖြစ်သော်လည်း သက္ကတ၌ တု စသည်ကိုပဉ္စမီ မှည့်သောကြောင့် ထိုသက္ကတ နာမည်ကို ရှင်မဟာကစ္စည်းက ယူထားသော အတွင်ရုဋ္ဌိနာမည်သာ ဖြစ်သည်–ဟူလို၊ သဒ္ဒနီတိ၌ အန္វတ္ထ နာမည်ဖြစ်အောင် ကြံပုံကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။

(၄၅၀) သတိပိ၊ပေ၊ပဉ္စမီ — ကာလေသုတ်မှ လိုက်လာသော ကာလသဒ္ဒါ ရှိသောကြောင့်"အနုတ္တေ"ဟု ဆိုလျှင် ပြီးကောင်းလျက် မဆိုဘဲ"အနုတ္တကာလေ"ဟု ကာလသဒ္ဒါကို ဆိုပြန်၏၊ကာလသဒ္ဒါကလည်း ကြိယာအနက်ကိုဟောရကား ထိုကာလ သဒ္ဒါပိုကြောင့် "ဝိဓိ=စီမံခြင်းစသော ကြိယာအနက်တို့၌လည်း ပဉ္စမီ ဝိဘတ်သက်"ဟု အနက်ပိုကို သိရသည်၊ ဝိဓိ စသည်တို့၏ အဓိပ္ပါယ်ကို ဆိုင်ရာပုံစံ၌ ပြအံ့။

အတ္တသာ — အကျိုးကို၊ ပတ္ထနံ — ဆုတောင်းခြင်းတည်း၊ [ ၎င်းနေရာက်၌ "အာသိဋ္ဌော"ပါသည်ကား အပို၊] တသ္မိံ အာဏာတျာသိဋ္ဌေ-ထိုစေခိုင်းခြင်း, တောင့်တခြင်း အနက်၌ (ပဌမီ ဟောတိ)။

အနု (သမီပေ) – အနီး၌၊ ဥတ္တကာလော - ဆိုအပ်သော ကာလတည်း၊ အနုတ္တကာလော - အနီး၌ ဆိုအပ်သော ကာလ၊ ပစ္စုပ္ပန္နကာလော – ပစ္စုပ္ပန် ကာလတည်း၊ ဣတိ အတ္ထော-နက်၊ ဝါ-တနည်း၊ ဥတ္တကာလော-အတိတ် အနာဂတ် ပစ္စုပ္ပန် ဟု ဆိုအပ်သော ကာလသည်၊ န –မဟုတ်၊ အနုတ္တ ကာလော-ဆိုအပ်သော ကာလမဟုတ်၊ တသ္မိံ အနုတ္တကာလေ - ထို အတိတ် အနာဂတ် ပစ္စုပ္ပန် ဟု မဆိုအပ်သော အနက်၌၊ ကာလံ – ကာလကို၊ အနာမသိတွာပိ–မသုံးသပ်မူ၍လည်း၊ (ပဌမီ) ဟောတိ၊ ဣတိအတ္ထော-နက်။

---

**အာဏာပနံ၊ပေ၊တသ္မိံအာဏာတျာသိဋ္ဌေ**—တို့ကား သုတ်၌ပါသော အာဏာတျာ သိဋ္ဌေ၏ အဖွင့်တည်း၊ "အာဏာပနံ အာဏတ္တိ"ဟု ဝိဂ္ဂြိုဟ်ပြု၊ "ချက်လော,သွားလော, ချက်လေ-ချက်ချေ"စသည်ဖြင့် အထက်လူက အောက်လူကိုစေခိုင်းခြင်းသည် အာဏတ္တိ အနက်မည်၏၊ "အာသီသနံ အာသိဋ္ဌော"ဟု ဝိဂ္ဂြိုဟ်ပြု၊ထို အာသိဋ္ဌဟူသည် မိမိအတွက် ဖြစ်စေ သူတပါးအတွက်ဖြစ်စေ အလိုရှိအပ်သော ရောက်လည်းမရောက်လာသေးသော အကျိုးကိုမြှော်လင့်တောင့်တခြင်းတည်း၊ပုံစံ၌ ထင်ရှားလတံ့၊ "အာဏာပနံ အာဏတ္တိ, အာသီသနံ အာသိဋ္ဌော"ဟု ဝိဂ္ဂဟ ပြုပြီးနောက်, ဝါကျာဝတ္ထိကန္တနည်းဖြင့် သုတ်၌ ပါသည့်အတိုင်း ပြလို၍ "တသ္မိံ အာဏာတျာ သိဋ္ဌေ"ဟု မိန့်ရကား "တသ္မိံ အာသိဋ္ဌေ"ဟု ယခု စာများရှိရာ၌ "အာဏာတျာ"ကျသည် ဟု ထင်သည်။

**အနု သမီပေ၊ပေ၊ပစ္စုပ္ပန္န ကာလော တျတ္ထော** — အာချာတ် ကြိယာများကို ကာလဖြင့် သိမ်းယူ ရေတွက်ပြရာ၌ ကာလ ၃ မျိုးဖြင့် ရေတွက်နည်း, ကာလ ၆ မျိုးဖြင့် ရေတွက်နည်းဟု ၂ မျိုးရှိ၏၊ "ယံ တိကာလံ"စသောဂါထာ၌ ကာလ ၃ မျိုးဖြင့် ရေတွက် ပုံကို သိရ၏၊ "ကာလသ္သ အတီတာ နာဂတ၊ပေ၊ကာလာတိပတ္တိဝသေန ဆဓာ ဘိန္နတ္တာ"ဟူသော စကား၌ ကာလ ၆ မျိုးဖြင့် ရေတွက်ပုံကို သိရ၏၊ ထိုတွင် ကာလ ၃ မျိုးဖြင့် ရေတွက်နည်းနှင့် သင့်လျော်အောင် "အနုတ္တကာလေ"ပုဒ်ကို ဖွင့်ပြလို၍ "အနု၊ပေ၊ပစ္စုပ္ပန္နကာလော တျတ္ထော"ဟု မိန့်သည်၊ "အနု+ဥတ္တ ကာလေ"ဟု ခွဲ၍ အနုဥပသာရသည် သမီပ အနက်ဟောဟည်း-ဟု သိစေလို၍ အနုကို "သမီပေ"ဟု ဖွင့်သည်၊ အတိတ် ကြိယာသည် လွန်ပြီးဖြစ်၍ ဝေး၏၊ အနာဂတ် ကြိယာလည်း မဖြစ်သေး၍ ဝေး၏၊ ပစ္စုပ္ပန် ကြိယာကား အနီးကပ်လျက်ရှိ၏၊ ထို့ကြောင့် "အနု+ဥတ္တကာလော-အနီး၌ ဆိုအပ်သော ကာလ ဟူသည် ပစ္စုပ္ပန် ကာလပင်တည်း"ဟု "အနုတ္တကာလော"အရ သရုပ်ကို ပြလို၍ "ပစ္စုပ္ပန္နကာလော တျတ္ထော"ဟု မိန့်သည်။

www.dhammaransi.com



န+ဥတ္တကာလေသ၊ပေ၊အနာမသိတွာပိ ဟောတီတျတ္ထော—ကာလ ၆ မျိုးနှင့် သင့်လျော်အောင် တနည်းဖွင့်ပြလို၍ "န+ဥတ္တကာလေသ"စသည်ကို မိန့်၊ "န+ဥတ္တ ကာလေသ – အတိတ် အနာဂတ် ပစ္စုပ္ပန် ဟု ဆိုအပ်သော ကာလ မဟုတ်"ဟူရာ၌ "မည်သည့် ကာလ၌ ပဉ္စမီ ဝိဘတ် သက်သည်"ဟု ကာလကို မသုံးသပ်ခြင်းကို "အနုတ္တ ကာလ ခေါ်သည်"ဟု ပြလို၍ "ကာလံ အနမသိတွာပိ"ဟု မိန့်သည်၊"ကာလကို မသုံး သပ်ခြင်း"ဟူသည်လည်း ကာလ နာမည် မတပ်ခြင်းပင်တည်း၊"ဝတ္တမာနာ ပစ္စုပ္ပန္နေ, အပစ္စက္ခေ ပရောက္ခာတီတေ, အနာဂတေ ဘဝိဿန္တိ"တို့ကဲ့သို့ ပစ္စုပ္ပန်ကာလ-အတိတ် ကာလ အနာဂတ် ကာလ ဟု ကာလ နာမည်ကို လုံးဝ မတပ်ဘဲ "အာဏတ္တိ အာသိဋ္ဌ ကြိယာ အနက်၌ ပဉ္စမီ ဝိဘတ်သက်"ဟု ဆိုလိုသည်၊ "ကာလံ အနာမသိတွာပိ"ဟု သီဟိုဠ်မူ၌ ရှိ၏၊ ယို အဝိသဒ္ဒါဖြင့် ပဌမနည်းအလို "ပစ္စုပ္ပန်ကာလ"ဟု ကာလကို သုံးသပ်ခြင်းကို ဆည်းသည်။

ဆက်ဦးအံ့—"သုခီဘဝတု=ချမ်းသာခြင်းရှိသူ ဖြစ်ပါစေ"ဟု ဆုတောင်းရာ၌ ဆုတောင်းမှု ကြိယာသည် နှုတ်ဖြင့် ဆိုလိုက်သည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာ၏၊"ဩဒနံ ပစတု = ထမင်း ချက်လော"ဟု စေခိုင်းရာ၌လည်း စေခိုင်းမှု ကြိယာသည် နှုတ်ဖြင့် ခိုင်းသည်နှင့် တပြိုင်နက် ဖြစ်ပေါ်လာ၏၊ "သွေ+ပစတု=နက်ဖန်+ချက်လော"ဟု အနာဂတ်အတွက်ခိုင်းစေကာမူ စေခိုင်းမှုအာဏတ္တိကြိယာကားခိုင်းသည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာသည်ပင်၊ ထို့ကြောင့် ထို အာဏတ္တိ အာသိဋ္ဌကြိယာတို့ကို "အနု+သမီပေ ဥတ္တကာလေသ"အရ ပစ္စုပ္ပန်ကာလဟု ပဌမနည်း ဖွင့်ပြခြင်းသည် သင့်လျော်၏။

"ဂစ္ဆတု-သွားလော"စသည်ဖြင့် စေခိုင်းရာ၌ စေခိုင်းခြင်း ကြိယာကိုသာ တွေ့ရ၏၊ "မဂ္ဂံ ဂစ္ဆတိ"စသည်တို့ကဲ့သို့ သွားဆဲ-သွားပြီး-သွားလတံ့ကြိယာကို မတွေ့ရ၊ထို့အတူ "သုခီ ဘဝတု-ချမ်းသာပါစေ"ဟု တောင့်တရာ၌လည်း တောင့်တခြင်း ကြိယာကိုသာ တွေ့ရ၏၊ ချမ်းသာပြီး—ချမ်းသာဆဲ—ချမ်းသာလတံ့ ကြိယာကို မတွေ့ရ၊ ထို့ကြောင့် အာဏတ္တိ အာသိဋ္ဌကြိယာများကို "မည်သည့်ကာလ"ဟု မဆိုရ၊ ကာလကို လုံးဝ မသုံးသပ်-ကာလ နာမည် မတပ်ဘဲ အာဏတ္တိ ကြိယာအနက် အာသိဋ္ဌ ကြိယာအနက်၌ ပဉ္စမီသက်သည်ဟု ပြလို၍"န+ဥတ္တကာလေသ"စသည်ဖြင့် ဒုတိယနည်းဖြင့်ပြခြင်းလည်း သူ့အာဘော်နှင့်သူ သင့်လျော်သည်ပင်။

သဒ္ဒနီတိ။ ။အတ္ထာနံ ဂမနာဒီနံ, နိပ္ဖတ္တိံ န တု ဒိဿတိ၊
ဂစ္ဆတု ဂစ္ဆေယျိစ္စာဒိ, ဝုတ္တကာလေ ယတော တတော၊
အဝုတ္တကာလေ နိဒ္ဒိဋ္ဌာ, တဒ္ဒိပကဝိဘတ္တိယော။

ယတော—အကြင့်ကြောင့်၊ ဂစ္ဆတု ဂစ္ဆေယျိစ္စာဒိ ဝုတ္တကာလေ—ဂစ္ဆတု, ဂစ္ဆေယျ အစရှိသည်ကို ဆိုအပ်ရာအခါ၌၊ ဂမနာဒီနံ အတ္ထာနံ—သွားခြင်းစသော ကြိယာ အနက် တို့၏၊ နိပ္ဖတ္တိ—ဖြစ်ခြင်းကို၊ နဒိဿတိ—မမြင်အပ် (မတွေ့ရ)၊ တတော—ကြောင့်၊ တဒ္ဒီ ပကာ—ထို အာဏတ္တိ အာသိဋ္ဌ အနက်ကို ပြတတ်သော ဝိဘတ်တို့ကို၊ အဝုတ္တကာလေ— ကာလကို မဆိုအပ်ရာ၌၊ ဝါ-ကာလတို့ မသုံးအပ်ဘဲ၊ (ထေရေန-ကစ္စည်းထေရ်သည်၊) နိဒ္ဒိဋ္ဌာ—ညွှန်ပြအပ်ကုန်၏။

www.dhammaransi.com



တတ္ထ-ထို အာဏတ္တိ အာသိဋ္ဌ အနက်တို့တွင်၊ အာသီသနတ္ထေ-တောင့်တခြင်း အနက်၌၊ ဘူဝါတုတော-မှ နောက်၌၊ ပဉ္စမီ ပဌမ ပုရိသေကဝစနံ-ပဉ္စမီဝိဘတ် ပဌမပုရိသ် ဧကဝုစ်ဖြစ်သော၊ တု-တု ဝိဘတ်သက်၊ အပစ္စယ ဝုဒ္ဓိ အဝါဒေသာ-အပစ္စည်း, ဝုဒ္ဓိ, အဝအပြုတို့သည် (ဟောန္တိ)၊ သော-ထိုသူသည်၊ သုခီ-ချမ်းသာခြင်း ရှိသူသည်၊ ဘဝတု-ဖြစ်ပါစေသတည်း၊ တေ-ထိုသူတို့သည်၊ သုခိတာ-သုခ ရှိကြကုန်သည်၊ ဘဝန္တု-ဖြစ်ပါစေကုန်သတည်း။

(၄၅၁) ဝိပရိဏာမေန-ဖြင့်၊ အကာရတောတိ ဝတ္တတေ။

ဟိလောပံဝါ။ ။အကာရတော-မှ၊ ပရော-သော၊ ဟိဝိဘတ္တိ-သည်၊ လောပံ, ဝါ, အာပဇ္ဇတေ၊ တွံ, သုခီ-သည်၊ ဘဝ-ဖြစ်ပါစေသတည်း၊ ဘဝါဟိ ဝါ-လည်း ရှိ၏၊ ဟိမှိ-ဟိ ဝိဘတ်ကြောင့်၊ ဒီဃော-ဒီဃပြု၊ [အကာရေ ဒီဃံ ဟိမိမေသု-ဖြင့် ပြု၊] တုမှေ သုခိတာ ဘဝထ၊ အဟံ သုခီ, ဘဝါမိ-ဖြစ်ရပါလို၏၊ မယံ သုခိတာ(''သုခိနော''ဟူလည်း ရှိ၏), ဘဝါမ-ဖြစ်ရပါလိုကုန်၏၊ အတ္တနောပဒေ-၌၊ သော သုခီ ဘဝတံ-ဖြစ်ပါစေသတည်း၊ပေ၊မယံ သုခိတာ ဘဝါမသေ-ဖြစ်ရလိုကုန်၏။

---

**တတ္ထ၊ပေ၊သုခီ ဘဝတု** — သုတ်၌ အာဏတ္တိ အနက်ကို ရှေ့ထားသော်လည်း ဖွင့်ခဲ့သော အနက် ၂ ပါးတွင် အာသိဋ္ဌ အနက်က နီးကပ်နေသောကြောင့် ပစ္စာသတ္တိ နည်းအားဖြင့် အာသိသဋ္ဌ အနက်၏ ပုံစံကို ရှေးဦးစွာ ပြလိုရကား ''တတ္ထ အာသီသနတ္ထေ''စသည် မိန့်၊ ''သော သုခီ ဘဝတု''သည် သူတပါးအတွက် တောင့်တခြင်း၊ ထိုတောင့်တအပ်သော ချမ်းသာမှုသည် အလိုရှိအပ်သောကြောင့် ဣဋ္ဌလည်း ဖြစ်၏, ထိုသူ့မှာ မရသေးသောကြောင့် အသမ္ပတ္တလည်း ဖြစ်၏၊ ထို့ကြောင့်''သောစ ဣဋ္ဌဿ အသမ္ပတ္တဿ အတ္ထဿ ပတ္ထနံ''ဟု ဖွင့်ခဲ့သည်၊ ဤသို့ သူတပါးအတွက် တောင့်တရာ၌ ''ဘဝတု-ဖြစ်ပါစေသတည်း, ဖြစ်ပါစေ ခလို, ဖြစ်စေချင်၏, ဖြစ်စေလို၏'' ဟု သင့်သလို မြန်မာ ပြန်ကြသည်။

(၄၅၁) **အဟံ သုခီ ဘဝါမိ**—ဤင်းကား မိမိအတွက် တောင့်တခြင်းတည်း၊ မိမိအတွက် တောင့်တမှု၌ ဆုတောင်းခြင်း(ပတ္ထနာ)လည်းပါဝင်၏၊မှန်၏-ဆုတောင်းခြင်း ဟူသည် ဣဋ္ဌလည်းဖြစ်–အသမ္ပတ္တလည်းဖြစ်သော အကျိုးကို မြော်လင့်တောင့်တခြင်း ပင်တည်း၊ ဤသို့ ဆုတောင်းရာ၌ ''အယံ သုမန မာလာဝ-ဤ မြလေးပန်းကဲ့သို့၊ နိဗ္ဗတ္တဋ္ဌာနေ—ဖြစ်လေရာ ဌာန၌၊ ပိယာဝ—ချစ်အပ်သူသည်သာ၊ ဟောမိ—ဖြစ်ရပါလို၏''ဟု ကောင်းသော ဆုတောင်းခြင်း ''ဣမံ—ဤသူ့ကို၊ ဇီဝိတာ—အသက်မှ၊ ဝေါရောပေတုံ—ချခြင်းငှါ၊ သမတ္ထော—စွမ်းနိုင်သူသည်၊ ဘဝါမိ—ဖြစ်ရပါလို၏''ဟု မကောင်းသော ဆုတောင်းခြင်း, ဤ ၂ မျိုးလုံးပင် ပါဝင်သည်၊ ဤ မိမိအတွက် အာသီသ ပြုရာ၌ ''ဖြစ်ရပါလို၏, ဖြစ်ရပါစေသား''စသည်ဖြင့် သင့်သလို ပေးနိုင်သည်။

www.dhammaransi.com



ကမ္မနိ – ၌၊ တယာ - သည်၊ အနုဘူယတံ - ခံစားအပ်စေသတည်း၊ပေ၊ အနုဘူယာမသေ၊ ပရဿပဒတ္တေ – ပရဿပုဒ်အဖြစ်၌၊ အနုဘူယတု၊ ပေ ၊ အနုဘူယာဟိ – သတည်း၊ ဣစ္စာဒိ - တည်း၊ ဘာဝေ - ဘော အနက်၌၊ ဘူယတံ – ဖြစ်ရာသတည်း၊ [သိမှူ၌ ၊ "အနု"မပါ၊ ဝတ္တမာန်တုန်းကလည်း မပါခဲ့။]

အာဏတ္တိယံ - စေခိုင်းခြင်း အနက်၌၊ ကတ္တရိ - ကတ္တား အနက်၌၊ (ဥဒါဟရဏံ-ကား၊) ဒေဝဒတ္တော–သည်၊ ဒါနိ–ယခု၊ ဩဒနံ-ကို၊ ပစတု– ချက်လော၊ ပစန္တု - ချက်ကုန်လော ၊ ပေ ၊ ပစာမသေ – ချက်ကုန်လော၊ ကမ္မနိ–၌၊ ယပစ္စယ စဝဂ္ဂါဒိ–ယ ပစ္စည်း, စ ဝဂ် အစရှိသော အစီအရင်သည် (ဟောတိ)၊ ဒေဝဒတ္တေန–သည်၊ ဩဒနော–ကို၊ ပစ္စတံ-ချက်အပ်လော၊ပေ၊ ပစ္စာမသေ-ချက်အပ်ကုန်လော၊ ပရဿပဒတ္တေ၊ပေ၊ပစ္စာမ-ချက်အပ်ကုန်လော၊ တထာ–ထိုမှတပါး၊ ဂါမံ-သို့၊ ဂစ္ဆတု-သွားလော၊ပေ၊ဃမ္မန္တု-သွားကုန်လော၊ ဣစ္စာဒိ – တည်း၊ ကမ္မနိ - ၌၊ ဂစ္ဆီယတံ - သွားအပ်လော၊ပေ၊ဂမ္မတု - လော၊ ဣစ္စာဒိ။

ဝိဓိမှိ-စီရင်ခြင်း အနက်၌၊ (ဥဒါဟရဏံ)၊ ဣဓ-ဤအရပ်၌၊ ပဗ္ဗတော- တောင်သည်၊ ဟောတု - ဖြစ်စေ၊ အယံ ပါသာဒေါ – ဤ ပြာသာဒ်သည်၊ သုဝဏ္ဏမယော - ရွှေအတိ ပြီးသည်၊ ဟောတု–ဖြစ်စေ၊ ဣစ္စာဒိ-ဤသို့ အစ

---

**အာဏတ္တိယံ**–"ချက်လော, သွားလော, ချက်စေ, သွားစေ" စသည်ဖြင့် အမိန့် အာဏာ ပေးခြင်းသည် အာဏတ္တိ မည်၏၊ ပျင်းရိနေသော မိမိကိုယ်ကိုပင် မိမိဘာသာ စေခိုင်းခြင်းမျိုးလည်း ရှိနိုင်သောကြောင့် "အဟံ ပစာမိ-ငါချက်လော" ဟူသော ဥတ္တမ ပုရိသ်လည်း ရှိနိုင်၏၊ ထိုသို့ မရှိနိုင်သော အရာ၌လည်း ရုပ်စဉ် မပျက်စေခြင်းငှါ ထည့်၍ ပြထားရသည်။ [အာဏတ္တိနှင့် ကာရိတ်အထူးကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

**ဝိဓိမှိ**—ဤ "ဝိဓိမှိ" စသည်ကား ကာလ သဒ္ဒါပိုဖြင့် ရအပ်သော အနက်များ၏ ပုံစံကိုပြသောစကားတည်း၊ မောဂ္ဂလ္လာန်၌ "ပဉ္စပတ္တနာ ဝိဓိသု" ဟု အနက် ၃ မျိုးကိုပြ၍ ဝိဓိအတွင်း၌ ဒိဋ္ဌဓမ္မိကတ္ထ (မျက်မှောက်အကျိုးကို စီမံခြင်း) သမ္ပရာယိကတ္ထ (တမလွန် အကျိုးကို စီမံခြင်း)နှင့် နိမန္တန, အာမန္တန, အဇ္ဈေသန, ပေသန (အာဏတ္တိ), အနုညာ, ပတ္တကာလ တို့ကို သွင်းယူသည်၊ ရူပသိဒ္ဓိ၌ကား နိမန္တနစသည်ကို ကာလ သဒ္ဒါပိုဖြင့် သီးခြား ယူထားသောကြောင့် ထို သီးခြားပြထားသော နိမန္တန စသည်မှ ကြွင်းသော စီမံမှု (စီရင်မှု) ကိုသာ ဝိဓိဟု ဆိုရတော့သည်၊ ထို့ကြောင့် "ဣဓ ပဗ္ဗတော ဟောတု– ဤနေရာ၌ တောင် ပေါ်ပေါက်စေ"ဟု မိဋ္ဌာန်မှုသည် တောင် ပေါ်အောင် စီမံမှု ဝိဓိ တမျိုးပင်တည်း–ဟု မှတ်၊ "ဤပြာသာဒ်သည် ရွှေအတိ ပြီးစေသတည်း"ဟု မိဋ္ဌာန် ရာ၌လည်း နည်းတူ။

www.dhammaransi.com



ရှိသည်တည်း၊ ["ဣတျာဒီသု"ရှိသည်ကား ပါဠ်ပျက်၊ သီဟိုဠ်မူ၌ "ဣတိ အာဒိ"ဟုသာ ရှိသည်။] နိမန္တနေ-ပင့်ဘိတ်ခြင်း အနက်၌ (ဥဒါဟရဏံ)၊ ဘန္တေ-ရား၊ ဘဂဝါ-သည်၊ မေ-တပည့်တော်၏၊ ဘောဇနံ-ဘောဇဉ်ကို၊ အဓိဝါသေတု – လက်ခံတော်မူပါ၊ ဣဓ – ဤနေရာ၌၊ ဘဝံ – အရှင်သည်၊ နိသီဒတု-ထိုင်တော်မူပါ။

အဇ္ဈေသနေ – တိုက်တွန်းခြင်း အနက်၌၊ (ဥဒါဟရဏံ)၊ ဘန္တေ, ဘဂဝါ-သည်၊ ဓမ္မံ-ကို၊ ဒေသေတု-ဟောတော်မူပါ.... အနုမတိယံ-ခွင့်ပြုခြင်း အနက်၌ (ဥဒါဟရဏံ)၊ ဘဝံ-အရှင်သည်၊ ပဉှံ-ပြဿနာကို၊ ပုစ္ဆတု-မေးတော့၊ ဘဝံ-သည်၊ ပဝိသတု-ဝင်ခဲ့တော့၊ ဧတ္ထ-ဤနေရာ၌၊ နိသီဒတု-ထိုင်တော့၊ ["ဓေဝံနိသီဒ"ဟု ပါဠ်တချို့ရှိ၏။]

---

နိမန္တန—ယခုခေတ် ဆွမ်းစားပင့်သော အပင့်အဖိတ်မျိုး, နေရာဖြင့် ဖိတ်မန်သော အဖိတ်မျိုးသည်နိမန္တန မည်၏၊ပုံစံကိုကြည့်ပါ၊ ဤ၌"အာမန္တန—ခေါ်ငင်ခြင်းအနက်" မပါသေး၊"အာဂစ္ဆတု ဘဝံ-အရှင်လာပါ"တည်း၊မြန်မာလို"လာခဲ့ပါဦး,ကြွခဲ့ပါဦး" ဟုခေါ်သော အခေါ်မျိုးတည်း၊ထို ခေါ်ငင်ခြင်းသည် ဘိတ်ခေါ်ခြင်းပင်ဖြစ်၍ နိမန္တန၌ သွင်းယူဟန်တူသည်။

အဇ္ဈေသန—ရိုသေသော စေခိုင်းခြင်းကိုပင် "အဇ္ဈေသန—တိုက်တွန်းခြင်း"ဟု ခေါ်၏၊ ထို့ကြောင့် "ဒေသေတု—ဟောတော်မူပါ"ဟု ရိုသေသံ ပါသော ပုံစံကို ပြထားသည်၊ မောဂ္ဂလ္လာန်ပဉ္စိကာ၌လည်း"သက္ကာရပုဗ္ဗိကာ—ရိုသေခြင်း ရှေးရှိသော၊ ဗျာပါရဏာ—ထိုထို ကိစ္စ၌ ယှဉ်စေခြင်းသည်၊ ဝါ—တိုက်တွန်းခြင်းသည်၊ အဇ္ဈေသနံ—မည်၏"ဟုဖွင့်၏၊အဇ္ဈေသန မဟုတ်သော အာဏတ္တိမျိုးကား"ပေသန-စေခိုင်းခြင်း" ဟုဖွင့်သည်၊ ထို့ကြောင့် ဤရူပသိဒ္ဓိအလိုအားဖြင့် ဆိုခဲ့ပြီးသော အာဏတ္တိ အနက်၌ ရှိသေသော တိုက်တွန်းခြင်းမျိုး မပါ၊မောဂ္ဂလ္လာန်အလိုအားဖြင့်ကား အာဏတ္တိ အနက် ဟု သီးခြားမရှိ, အဇ္ဈေသန ပေသန ၂ မျိုးကိုပင် အာဏတ္တိ ဟု ခေါ်၏၊ ထို့ကြောင့် "သုဏာတုတိ သဝနာဏတ္တိဝစနံ"ဟူရာ၌ အာဏတ္တိသည်အဇ္ဈေသန(တိုက်တွန်းခြင်း) အာဏတ္တိ ဟု မှတ်။

အနုမတိယံ— "အနု—လျော်စွာ+မတိ—သိခြင်း" ဟူသည် သူတပါး၏ အလိုကို သိခြင်း, အလိုက်သိခြင်း, သူ့အလိုအတိုင်း ခွင့်ပြုခြင်းတည်း၊ ပြဿနာ မေးလိုသူကို "ပုစ္ဆတု—မေးတော့"ဟုရင်း, ဝင်လိုသူကို"ပဝိသတု—ဝင်တော့"ဟုရင်း,ထိုင်လိုသူကို "နိသီဒတု—ထိုင်တော့"ဟုရင်း ဤသို့ ပြောဆိုမှုကို"ခွင့်ပြုသည်"ဟု ခေါ်၏၊ "မေးခွင့်-ဝင်ခွင့်-ထိုင်ခွင့် ပြုသည်"ဟု ဆိုလိုသည်၊ ဤ အနုမတိကိုပင် "အနုညာ" ဟုလည်း ခေါ်သေး၏၊ အနု=အလျော်+ဉာ=သိခြင်း။

www.dhammaransi.com



ပတ္တနာ - ပတ္တနာ ဟူသည်၊ ယစနာ – တောင်းရမ်းခြင်းတည်း၊ မေ - ကျွန်တော်မျိုးအား၊ ပဉ္စ – ၅ ရွာကုန်သော၊ ဂါမ ဝရာနိ – ရွာဆုတို့ကို၊ ဒဒါဟိ – ပေးတော်မူပါ၊ .... မေ-အား၊ ကေ်ံနယာနံ-မျက်စိတလုံးကို၊ ဒေဟိ-ပေးတော်မူပါ၊ .... ပတ္တကာလေ - ရောက်လာသောအချိန်အခါကို ပြောခြင်း အနက်၌ (ဥဒါဟရဏံ)၊ တေ - အရှင်၏၊ ကဋ္ဌကရဏော-ဖျာကို ရက်ခြင်း၌၊ ကာလော – အချိန်သည်၊ သမ္ပတ္တော – ဆိုက်ရောက်ပြီ၊ ဘဝံ - အရှင်သည်၊ ကဋ္ဋံ-ဖျာကို၊ ကရောတု-ရက်ပါလော၊ ဣစ္စာဒိ-တည်း၊....ပဉ္စမီ ဝိဘတ္တိ-သည်၊ (နိဋ္ဌိတာ—ပြီ။)

## သတ္တမီ ဝိဘတ်ခဏ်း

(၄၅၂) **သတ္တမီ၊ပေ၊ယျေါမှေ။** ။ယျေါဒယော-ယျေ အစရှိကုန်သော၊ ဒွါဒသ-တို့သည်၊ သတ္တမီသညာ ဟောန္တိ။

---

**ပတ္ထနာ ယာစနာ** — "ကာလဂ္ဂဟဏေန၊ပေ၊ပတ္ထနာ ပတ္တကာလာဒိသု" ၌ ပြခဲ့သော ပတ္ထနာဟူသည် အာသီသ ပတ္ထနာမဟုတ်, တောင်းရမ်းခြင်း ပတ္ထနာတည်း-ဟု သိစေလို၍ "ပတ္ထနာ"ကို "ယာစနာ"ဟု ဖွင့်သည်၊ ထို့ကြောင့်လည်း ပုံစံ၌ တောင်းရမ်းခြင်းသာပြယုဂ်များကိုသာ ထုတ်ပြသည်၊မောဂ္ဂလ္လာန်၌ကား ခွင့်တောင်းခြင်း ယာစနာ အနက်, ဆုတောင်းခြင်း အာသီသ အနက်ကိုပါ ပတ္ထနာ၌ သွင်းသည်၊ ထို့ကြောင့် "သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ – အရှင်တို့ ... သံဃာတော်ကို ရဟန်းဖြစ်ခွင့် တောင်းပါ၏"ဟူသော ယာစနာလည်း ဤပတ္ထနာပင်တည်းဟု မှတ်၊ အာသီသ ပတ္ထနာကိုကား အာသိဋ္ဌ အနက်၌ ပြခဲ့ပြီ။

**ပတ္တကာလေ** — " ပတ္တ – ရောက်လာသော + ကာလ – အချိန်အခါ " ဤ၌ ရောက်လာသော အချိန်အခါကို ပြောပြခြင်း တိုင်အောင် ပတ္တကာလ အနက်ဟု မှတ်၊ လူတယောက်သည် အချိန်မှန်မှန် သင်ဖြူး(ဖျာ) ရက်ရ၏၊ ထိုအချိန်ကျရောက်ပါလျက် မရက်သေးသူကို "သမ္ပတ္တောတေ ကာလော ကဋ္ဌကရဏော–သင်ဖြူးရက်ချိန် တန်ပြီ၊ ကရောတု ဘဝံ ကဋ္ဋံ–အရှင်သည် သင်ဖြူး ရက်ပါလော"ဟု ပြောဆိုခြင်းတည်း၊ ဤ၌ "ကရောတု ဘဝံ ကဋ္ဋံ"သာပုံစံထုတ်လိုရင်း၊ "သမ္ပတ္တော တေ ကာလော ကဋ္ဌကရဏော" ကား ပတ္တကာလ အနက် ထင်ရှားအောင် ထည့်အပ်သော အခြံအရံ စကားသာတည်း၊ "ကရောတု-ပြုလော"ဟု အာဏတ္တိသံ ပါသော်လည်း အာဏတ္တိ သက်သက် မဟုတ်, "သမ္ပတ္တော တေ"သော စကားကြောင့် ပတ္တကာလ အနက်ဟု သိသာသည်။ [အခြား ကျမ်းတို့၌ လာသော သမ္မုစ္ဆာ,သပထ,အဇ္ဈေသတို့ကို ကစ္စည်းဘာသာဋီကာမှာရှု။]

(၄၅၂) ပရိကပ္ပ ဝါကျ၌ ပဋ္ဌမပုရိသ်စသော ဧကဝုစ်ဝိဘတ်များကို ပြေသောအခါ "ဘဝေ-ဖြစ်ရာ၏၊ ဝန္ဒေ-ရှိခိုးရာ၏"စသည်ဖြင့် ရုပ်ဖြစ်၏၊ ထို "ဘဝေ-ဝန္ဒေ"စသော ရုပ်များသည် နာမ်၌ သတ္တမီဝိဘတျန္တ ဖြစ်သော "ပုရိသေ–စိတ္တေ"စသော ရုပ်များနှင့်

www.dhammaransi.com



(၄၅၃) အနုတ္တကာလေတိ ဝတ္တတေ။

**အနုမတိ ၊ ပေ ၊ သတ္တမီ။** ။အနုမတျတ္ထေစ - ခွင့်ပြုခြင်း အနက်၌ရင်း၊ ပရိကပ္ပတ္ထေစ-ကြံဆခြင်း အနက်၌ရင်း၊ အနုတ္တကာလေ-၌၊ ဝါ-၌၊ သတ္တမီ ဝိဘတ္တိ ဟောတိ၊ အတ္ထဂ္ဂဟဏေန-အတ္ထသဒ္ဒါပိုဖြင့်၊ ဝိဓိ နိမန္တနာဒီသုစ – ဝိဓိအနက်, နိမန္တန အနက် အစရှိသည်တို့၌လည်း၊ သတ္တမီ – သတ္တမီ ဝိဘတ်သက်။

ကတ္တုံ - ပြုခြင်းငှါ၊ ဣစ္ဆတော - အလိုရှိသော၊ ပရဿ - သူတပါးကို၊ အနုဇာနနံ - ခွင့်ပြုခြင်းသည်၊ အနုမတိ – မည်၏၊ ပရိကပ္ပနံ-ကြံဆခြင်းသည်၊ ပရိကပ္ပေါ - မည်၏၊ ယဒိနာမ ဘဝေယျ - အကယ်၍ ဖြစ်အံ့၊ ဣတိ – သို့၊ သလ္လက္ခဏံ-မှတ်သားခြင်း, နိရူပနံ-ကြံစည်ခြင်းသည်ရင်း၊ ဟေတုကြိယာယ-အကြောင်းကြိယာ၏၊ သမ္ဘဝေ-ဖြစ်သင့်ခြင်းသည်၊ သတိ-ရှိသော်၊ ဖလ

---

တူ၏၊ ထို သတ္တမီဝိဘတျန္တရုပ်နှင့် တူသော "ဘဝေ"စသည်ကို အစွဲပြု၍ ယေျစသော ဝိဘတ်များကို သဒိသူပစာရ (နာမ်သတ္တမီနှင့် တူသော) အားဖြင့် သတ္တမီဝိဘတ် ဟု မှည့်ခေါ်ရကြောင်းကို "ပရိကပ္ပဝစနေ ပဌမပုရိသာဒိ ကေဝစနန္တာနံ ဘဝေ ဝဒ္ဓေတျာဒိနံ သတ္တမိယန္တ ပတိရူပကတာ ဒဿနတော ယေျာဒိနံ သတ္တမီသညာ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ"ဟု ဋီကာဖွင့်၏၊ သို့သော် ထို နာမ် သတ္တမျန္တ ရုပ်နှင့် တူသောရုပ်များကား အနည်းငယ်သာ ရှိသောကြောင့်ရင်း, ထိုနာမ်ကျမ်း၌ မှည့်ခဲ့သော နာမည်နှင့် ဆက်သွယ်ခြင်း ရှိရိုးမှန်လျှင် ပဥ္စမီဟူသော နာမည်လည်း ဆက်သွယ်လျက် ရှိသင့်သောကြောင့်ရင်း, ပဥ္စမီ နာမည်ကို နာမ်နှင့်မဆက်သွယ်နိုင်လျှင် သတ္တမီနာမည်ကိုလည်းမဆက်သွယ်သင့်သောကြောင့်ရင်း ထိုဋီကာအဖွင့်ကို ဆရာအဆက်ဆက်တို့ ပြောရိုး မပြုကြ။ [အခြားကျမ်းများ၏ ဖွင့်ပုံကို နောက်၌ ပြအံ့။]

(၄၅၃) **အတ္ထဂ္ဂဟ၊ပေ၊နိမန္တနာဒီသုစ** – "အနုမတိ ပရိကပ္ပေသု သတ္တမီ"ဟု သုတ်တည်လျှင် ပြီးလောက်လျက် "ပရိကပ္ပတ္ထေသု"ဟု အတ္ထသဒ္ဒါပိုကို ဆို၏၊ ထို အတ္ထသဒ္ဒါပိုဖြင့် ဝိဓိ နိမန္တန စသော အနက်များ၌လည်း သတ္တမီဝိဘတ် သက်ရခြင်း ဟူသော အနက်ပိုကို သိရသည်၊ နိမန္တနာဒီသု၌ အာဒိဖြင့် ပဥ္စမီဝိဘတ်၌ ပြခဲ့သော အဇ္ဈေသန စသော အနက်များကို ယူ။ [မောဂ္ဂလ္လာန်၌ ပဥ္စမီဝိဘတ်နက်ထက် သတ္တမီ ဝိဘတ်၏ အနက်က သာ၍ များသေး၏။]

**ကတ္တု၊ပေ၊အနုမတိ** – တစုံတခု ပြုလုပ်လိုသူကို ခွင့်ပြုခြင်း(အလိုက်သိခြင်း)သည် အနုမတိ မည်၏။ [အနုညာလည်း မည်၏၊] ဤ "ကတ္တု၊ မိစ္ဆတော" စသည်ကား သုတ်၌ ပါသော အနုမတိ ပုဒ်၏ အဖွင့်တည်း၊ "ပရိကပ္ပနံ ပရိကပ္ပေါ"စသည်လည်း သုတ်၌ပါသော ပရိကပ္ပပုဒ်၏ အဖွင့်တည်း။

www.dhammaransi.com



ကြိယာယ-၏၊ [သီဉ်‘‘ကြိယာယ’’ဟု ရှိ၏၊] သမ္ဘဝပရိကပ္ပေါ စ-ဖြစ်သင့်ခြင်းကို ကြံဆခြင်းသည်ရင်း တည်း၊

တတ္ထ-ထို အနုမတိ့, ပရိကပ္ပ အနက်တို့တွင်၊ ပရိကပ္ပေ-ပရိကပ္ပအနက်၌၊ သတ္တမီ၊ပေ၊ကဝစနံ-သတ္တမီ ဝိဘတ် ပရဿပုဒ် ပဌမပုရိသ် ဧကဝုစ် ဖြစ်သော၊ ယျေ - ယျေဝိဘတ် သက်၊ အ ပစ္စယ ဝုဒ္ဓါဒိ - အ ပစ္စည်း, ဝုဒ္ဓိ အစရှိသော အစီအရင်သည်၊ ပုရိမသမံ-ရှေးဘဝတိရုပ်နှင့်တူ၏၊ ကွစိခေါတု ဝိဘတ္တိတျာဒိနာ-ဖြင့်၊ ယျေ ၊ ပေ ၊ ဋ္ဋစ္စတေသံ – ယျေ ၊ ပေ ၊ ယျံ ဟူသော ဤဝိဘတ်တို့၏၊ ဝိကပ္ပေန-ဖြင့်၊ ဧကာရာဒေသော-ဧ အပြုသည် (ဟောတိ)၊ သော—ထိုသူသည်၊ ဒါနိ-ယခု၊ ဘဝေ ကိ နုခေါ-ဖြစ်ရာအံ့လော၊ [ပရိကပ္ပ အနက်သံ ပါအောင် ပေးသည်။]

---

ယဒိနာမ၊ပေ၊ပရိကပ္ပေါစ —ကား ထို ပရိကပ္ပအပြားကို ပြသော စကားတည်း၊ ‘‘ယဒိနာမ ဘဝေယျာတိ သလ္လက္ခဏာံ နိရူပနံ’’ပါဌ်ဖြင့် အကြောင်းပြုကြိယာ ကြံဆပုံကို ပြ၏၊ ‘‘ဟေတုကြိယာ၊ပေ၊ဖလကြိယာယ သမ္ဘဝပရိကပ္ပေါစ’’ပါဌ်ဖြင့် အကျိုးကြိယာ ကြံဆပုံကို ပြ၏၊ ချဲ့ဦးအံ့— ‘‘သူသည် အကယ်၍ ရဟန်းပြုအံ့, ရဟန္တာ ဖြစ်လောက်ရာ၏’’ဟူသော ၂ ဝါကျ၌ ‘‘အကယ်၍ ရဟန်းပြုအံ့’’ဟူသော ဝါကျသည် ရဟန္တာ ဖြစ်ခြင်း၏ အကြောင်းကို ကြံဆသော ပရိကပ္ပ ဝါကျတည်း၊ ပရိကပ္ပ ဖြစ်ကြောင်းကို လည်း ‘‘ယဒိ’’ ဟူသော ပရိကပ္ပ ဇောတက နိပါတ်ဖြင့် သိနိုင်၏၊ ‘‘ရဟန္တာ ဖြစ်လောက်ရာ၏’’ဟူသော နောက်ဝါကျသည် ရဟန်းပြုခြင်းကြောင့် ရလောက်သော အကျိုးကို ကြံဆသော ပရိကပ္ပ ဝါကျတည်း၊ ထို့ကြောင့် အကြောင်းကို ကြံဆခြင်း, အကျိုးကို ကြံဆခြင်း ပရိကပ္ပ ၂ မျိုးရှိ၏၊ မောဂ္ဂလ္လာန်၌လည်း ‘‘ဟေတုဘူတာယံ ဖလဘူတာယံ စ ကြိယာယံ၊ပေ၊ယျောဒယော ဝါ ဟောန္တိ’’ဟု မိန့်သည်။]

ယဒိနာမ ဘဝေယျာတိ၊ပေ၊နိရူပနံ။ ။‘‘ယဒိနာမ ဘဝေယျ’’ဖြင့် ‘‘ယဒိ ပဗ္ဗဇေယျ, သစေ နိစ္စာ ဘဝေယျုံ’’ စသော အကြောင်း ပရိကပ္ပ ဝါကျအားလုံးကို ပြ၏၊ သလ္လက္ခဏာံကို နိရူပနံဟုဖွင့်ခြင်းသည် အဓိပ္ပါယ်ဖွင့်သာတည်း၊‘‘နိရူပိတ’’ကို‘‘ကပ္ပိတ’’ဟု ထောမနိမိ ဖွင့်သောကြောင့် နိရူပနကိုလည်း ကပ္ပန (ကြံဆခြင်း) ဟု အနက်မှတ်၊ ထို့ကြောင့် ‘‘အကယ်၍ ဖြစ်အံ့, အကယ်၍ ရဟန်းပြုအံ့’’စသည်ဖြင့် အကျိုးကြိယာ ဖြစ်လောက်သော အကြောင်းကို မှတ်သားခြင်း ကြံဆခြင်းသည် အကြောင်းကို ကြံဆသော ဟေတုပရိကပ္ပတည်း။ [ဤအကြောင်းသည်ပင် ‘‘အကယ်၍ ရဟန်းပြုအံ့, ရဟန်းပြုသည် ရှိသော်’’ဟု လက္ခဏာအနက်လည်း ဖြစ်သောကြောင့် ‘‘သလ္လက္ခဏာံ’’ဟု ဆိုထားသည်။]

ဟေတု ကြိယာယ ၊ ပေ ၊ ပရိကပ္ပေါစ။ ။ ‘‘အကယ်၍ ရဟန်းပြုအံ့’’ ဟူရာ၌ ရဟန်းပြုခြင်းသည် ရဟန္တာဖြစ်ခြင်း၏ အကြောင်း ကြိယာတည်း၊ [ထိုကဲ့သို့ အကြောင်း ကြိယာ ဖြစ်လတ်သော် ‘‘ရဟန္တာ ဖြစ်လောက်ရာ၏’’ ဟု ရဟန္တာ ဖြစ်ခြင်းဟူသော အကျိုး ကြိယာကို ကြံဆခြင်းသည် အကျိုးကို ကြံဆသော ဖလပရိကပ္ပတည်း။]

www.dhammaransi.com



သော-ထိုသေဌေးသားသည်၊ ပဌမ ဝယေ-ပဌမအရွယ်၌၊ ယဒိ ပဗ္ဗဇေယျ-အကယ်၍ ရဟန်းပြုအံ့၊ အရဟာ-ရဟန္တာသည်၊ ဘဝေယျ-ဖြစ်လောက်ရာ၏၊ သင်္ခါရာ – သင်္ခါရတရားတို့သည်၊ နိစ္စာ – မြဲကုန်သည်၊ သစေ ဘဝေယျုံ–အကယ်၍ ဖြစ်ကုန်အံ့၊ နနိရုဇ္ဈေယျုံ – မချုပ်ကုန်ရာ၊ တွံ - သည်၊ ယဒိ ဘဝေယျာသိ-အကယ်၍ ဖြစ်အံ့၊ တုမှေ့ (ယဒိ) ဘဝေယျာထ-အကယ်၍ ဖြစ်ကုန်အံ့၊ ကထံ-အဘယ်သို့လျှင်၊ အဟံ-ငါသည်၊ ဒေဝေါ-နတ်သည်၊ ဘဝေယျာမိ-ဖြစ်ရပါအံ့နည်း၊ မယံ-ငါတို့သည်၊ ကိံ နုခေါ-အဘယ်သို့လျှင်၊ ဘဝေယျာမ-ဖြစ်ရပါကုန်အံ့နည်း။

တထာ - ထိုပရဿပုဒ်အတိုင်း၊ ဘဝေထ - ဖြစ်ရာ၏၊ပေ၊ဘဝေယျာဝှေ–ဖြစ်ကုန်ရာ၏၊ ပတ္ထနေတု–တောင့်တခြင်းအနက်၌ (ဥဒါဟရဏ်)ကား၊ အဟံ သုခီ, ဘဝေ - ဖြစ်ရလို၏၊ ဗုဒ္ဓေါ – သည်၊ ဘဝေယျံ – ဖြစ်ရပါလို၏၊ ဘဝေယျာမှေ၊ ဖြစ်ရလိုကုန်၏၊ ကမ္မနိ-၌၊ တယာ–သည်၊ သုခံ-ကို၊ အနုဘူယေထ - ခံစားအပ်ရာ၏ ၊ ပေ ၊ အနုဘူယေယျာမှေ - ခံစားအပ်ကုန်ရာ၏၊ ပရဿပဒတ္တေ–၌၊ပေ၊ဣစ္စာဒိ-တည်း၊ ဘာဝေ-ဘောအနက်၌၊ ဘူယေထ-ဖြစ်ရာခြင်း။

ဝိဓိမှိ-စီရင်ခြင်း အနက်၌ (ဥဒါဟရဏ်)၊ သော – ထိုသူသည်၊ ဩဒနံ - ကို၊ ပစေ, ပစေယျ–ချက်ပစေ၊ ပစေယျုံ - ချက်ပစေကုန်၊ တွံ, ပစေ, ပစေ

---

ယဒိသော၊ပေ၊န နိရုဇ္ဈေယျုံ—တို့ကား အကြောင်းကို ကြံဆသော ဟေတု ပရိကပ္ပ, အကျိုးကို ကြံဆသော ဖလပရိကပ္ပ ပုံစံများကို တွဲဘက် ဝါကျများနှင့် တကွ ထည့်ပြထားသော ပုံစံတို့တည်း၊ လိုရင်းမှာ–"အရဟာ ဘဝေယျ, နိစ္စာ ဘဝေယျုံ"၌ "ဘဝေယျ-ဘဝေယျုံ"တို့သာတည်း၊ "ယဒိသော၊ပေ၊ဘဝေယျ"၏ ဟေတု ပရိကပ္ပ ဖလပရိကပ္ပဖြစ်ပုံကို ပြခဲ့ပြီ၊ သစေ သင်္ခါရာ-စသည်၌"သင်္ခါရတို့ အကယ်၍ဖြစ်ကုန်အံ့" ဟု ကြံဆခြင်းသည် ဟေတု ပရိကပ္ပ (မချုပ်ခြင်း၏ အကြောင်းကို ကြံဆခြင်း)တည်း၊ "န နိရုဇ္ဈေယျုံ"ဟု ကြံဆခြင်းကား (မြဲလို့ရှိလျှင် မြဲခြင်းဟူသော အကြောင်းကြောင့်) မချုပ်ခြင်းဟူသော ဖလပရိကပ္ပတည်း။

ယဒိ တွံ ဘဝေယျာသိ —စသည်၌ ယဒိကား ပရိကပ္ပအနက် ထင်ရှားအောင် ထည့်အပ်သော နိပါတ်ပုဒ်တည်း၊ ကထံ အဟံ ဒေဝေါ ဘဝေယျာမိ,ကိံ နုခေါ-စသည်၌ ကထံ-ကိံ နုတို့လည်း"ဘယ်လိုနည်းနှင့် နတ်ဖြစ်ရပါမလဲ,ဘယ်ကိုများ ဖြစ်ကြရပါမလဲ" ဟု ကြံဆပုံ ထင်ရှားအောင် ထည့်သွင်း ပြထားအပ်သော ပုဒ်တို့တည်း၊ အမှယောဂ၌ ပရိကပ္ပ အနက်အပြင် ပတ္ထနာ အနက်လည်း ရသင့်သောကြောင့် ပတ္ထနာ အနက်ကိုပါ ပြလိုရကား "ပတ္ထနေတု"စသည် မိန့်သည်။

www.dhammaransi.com



ယျာသိ - ချက်လော ၊ ပေ ၊ အဟံ, ပစေ ပစေယျာမိ - ချက်လော၊ [နောက်၌ "ချက်လော, ချက်ကုန်လော" ဟုချည်း ပေး၊] ပစေယျာမ၊ ကမ္မနိ, ပစ္စေထ - ချက်အပ်လော၊ ပစ္စေရံ - ချက်အပ်ကုန်လော ၊ ပေ ၊ ပစ္စေယျာသိ, ဣစ္စာဒိ။

•

အနုမတိယံ-ခွင့်ပြုခြင်း အနက်၌ (ဥဒါဟရဏံ)၊ သော-သည်၊ ဂါမံ-သို့၊ ဂစ္ဆေ, ဂစ္ဆေယျ - သွားတော့၊ ကွစိ-ဝေတူတျာဒိနာ - ဖြင့်၊ ဧယျုံ-ဧယျုံ ဝိဘတ်၏၊ ဥုံဝါ-ဝိကပ်ဥုံအပြုသည်လည်း (ဟောတိ) ဂစ္ဆုံ, ဂစ္ဆေယျုံ- သွားကုန်တော့၊ [နောက်၌ "သွားတော့, သွားကုန်တော့"ချည်းပေး၊ ဂမေရံ ဣစ္စာဒိ၊ ကမ္မနိ - ၌၊ ဂစ္ဆီယေထ - သွားအပ်တော့၊ပေ၊ဂမီယေရံ - သွားအပ် ကုန်တော့၊ ဣစ္စာဒိ၊ ပရဿ ပဒတ္တေ-၌၊ ဂမေ့ယျ-သွားအပ်တော့၊ ဣစ္စာဒိ၊ တထာ-ပါး၊ ဃမ္မေ, ဃမ္မေယျ-သွားတော့၊ပေ၊ဣစ္စာဒိ၊ သတ္တမီ ဝိဘတ္တိ-သည်၊ နိဋ္ဌိတာ-ပြီ၊....ပစ္စုပ္ပန္နာ ဏတ္တိ ပရိကပ္ပ ကာလိက ဝိဘတ္တိနယော-ပစ္စုပ္ပန် ကာလ ရှိသော ဝိဘတ်, အာဏတ္တိ ကာလရှိသော ဝိဘတ်, ပရိကပ္ပ ကာလရှိသော ဝိဘတ်တို့ကို သိကြောင်းနည်းသည်၊ နိဋ္ဌိတော-ပြီ။

---

ဝိဓိမှိ—"ဝိဓိမှိ"ဟု စရှိထားသောကြောင့် ပစခါတ်ဆိုင်ရာ ရုပ်အားလုံးကို ဝိဓိ အနက်ချည်း ပေးလိုက်သည်၊ ပရိကပ္ပစသော အခြား အနက်များလည်း ရနိုင်ပါ၏၊ "ချက်ပစေ"ဟူရာ၌ အရှင်က မိမိအနား နေသူကို "ထမင်းချက်သမားသည် ထမင်း ချက်ပေစေ,ထမင်းအချက်ခိုင်းလိုက်"ဟု စိမံသော အရာမျိုးတည်း၊"တွံ ပစေယျာသိ" စသည်၌ကား "တွံ ဧဝံ ပစေယျာသိ"ဟု ဧဝံ ပါမှ"သင်သည် သည်လို ချက်လော"ဟု စိမံသံ ထင်ရှားသည်။

အနုမတိယံ—"အနုမတိ ပရိကပ္ပတ္ထေသု"ဟု အနုမတိ အနက်က ပဌမဆုံးဖြစ်သော ကြောင့် ပဌမဆုံး ပြသင့်သော်လည်း ဂမုခါတ်ဖြင့် ခွင့်ပြုသံပါအောင် ပုံစံထုတ်ဘို့ လွယ်ကူသောကြောင့် ဂမုခါတ်ကျမှ အနုမတိ အနက်ကို ပြသည်၊ ဤ၌လည်း "အနုမတိယံ" ဟု စရှိခဲ့သောကြောင့် ဂမုခါတ်ရုပ် အားလုံးကို ခွင့်ပြုသံချည်း ပေးလိုက်သည်၊ အခြား အနက်များလည်း ရသင့်ပါ၏၊ ဤသတ္တမီ ဝိဘတ်၌ နိမန္တန စသော အနက်များ၏ ပုံစံတွေ ကြံနေသေး၏၊ ထို ပုံစံများနှင့်တကွ ပဉ္စမီ သတ္တမီ သညာ၌ အနက်ထူး ကြံကြံပုံကို ကစ္စည်းဘာသာဋီကာမှာ ရှုလေ။

www.dhammaransi.com

## ဟိယျတ္တနိ ဝိဘတ်ခဏ်း

(၄၅၄) ဟိယျတ္တနိ အာ ဦ၊ ပေ၊ မှသေ။ ။အာ အာဒယော — အာ အစရှိကုန်သော၊ ဒွါဒသ, ဟိယျတ္တနီသညာ ဟောန္တိ။

(၄၅၅) အပစ္စက္ခေတိ အတီတေတိ စ ဝတ္တတေ၊ ...

**ဟိယျော ပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ။** ။ဟိယျော ပဘုတိ - ယမန်နေ့မှ စ၍၊ ပစ္စက္ခေဝါ - မျက်မှောက်မူလည်း ဖြစ်သော၊ အပစ္စက္ခေဝါ - မျက်ကွယ် မူလည်း ဖြစ်သော၊ အတီတေ – အတိတ် ဖြစ်သော၊ ကာလေ - ကြိယာကို၊ (ဂမျမာနေ — သိအပ်သော်၊) ဟိယျတ္တနီ ဝိဘတ္တိ — ဟိယျတ္တနီ ဝိဘတ်သည်၊ ဟောတိ — ၏၊ ဣတိ - ဤသုတ်ဖြင့်၊ ဟိယျတ္တနီ ပရဿပဒ ပဌမပုရိသေက ဝစနံ-သော၊ အာ—အာဝိဘတ် သက်။

---

(၄၅၄) အာ-ဦ, ဩ-တ္ထ, အ-မှာ — [ကစ္စည်းကျမ်း၌ သတ္တမီ ဝိဘတ်နောင် ပရောက္ခာ ဝိဘတ်ကို ထားသော်လည်း ဤ၌ သဗ္ဗဓာတ် ဝိဘတ်များကို တသန့် ပြလို၍ သတ္တမီ၏ အခြားမဲ့၌ ဟိယျတ္တနီကို ပြထားသည်။] "အ+မှာ"၌ တချို့စာဝယ် "အံ+မှာ"ဟုပင် ရှိ၏၊ သို့သော် ဆရာတို့ကား—"အံ-ဠုံ-ဿထ တယော တယော" ဟု မိန့်၏၊ "အံ ဠုံ ဿထ"ဟူသော ဝိဘတ် ၃ လုံးသည် ပရောက္ခာ အံ, ဟိယျတ္တနီ အံ, အဇ္ဇတ္တနီ အံ စသည်ဖြင့် ၃ လုံးစီ ရှိကြသည်—ဟူလို၊ သဒ္ဒနီတိ ပဒမာလာ၌လည်း ထို အတိုင်းပင် "အံ" ၃ လုံးဖြင့် ပရောက္ခာ၌ "ပဘူဝံ" ဟိယျတ္တနီ အဇ္ဇတနီ၌ "ဘဝံ"ဟု ရုပ်ရှိ၏၊ ထို့ကြောင့် "အံ+မှာ=အံ+မှာ"သု ပါဌ် ၂ ထွေ ရှိကြောင်းကို မှတ်သား၍ "အံ" ဆရာတို့အလို ကွဲစိတ်တုဖြင့် အံ ကို အ-ပြု၍ "အဘဝံ–အဘဝ"ဟု ၂ ရုပ် ရှိနိုင်ကြောင်းကို မှတ်ပါ။

(၄၅၅) ပစ္စက္ခ—အပစ္စက္ခ။ ။"ဝိသယိတ္ထကွမိန္ဒြိယံ"ဟု အဘိဓာန်၌ အက္ခနှင့် ဣန္ဒြိယကို အနက်တူ ဆိုသောကြောင့် အက္ခ သဒ္ဒါသည် စက္ခု၊ သောတ (မျက်စိ, နား) အစရှိသော ဣန္ဒြေ ၅ ပါးကို ဟော၏၊ ထို့ကြောင့် ကိုယ့်မျက်စိဖြင့် မြင်အပ်, ကိုယ့်နားဖြင့် ကြားအပ်, ကိုယ့်နှာခေါင်းဖြင့် နံအပ်, ကိုယ့်လျှာဖြင့် သာယာအပ်, ကိုယ့် ကိုယ်ခန္ဓာဖြင့် တွေ့ထိအပ်သော အာရုံ (ကြိယာ) ဟူသမျှကို "ပစ္စက္ခ"ဟု မှတ်၊ ဤ ပစ္စက္ခကိုပင် "မျက်မှောက်"ဟု သင်္ကေတ အနက်ပေးကြရသည်၊ ထိုသို့ မိမိ၏ ဣန္ဒြေ ၅ ပါးဖြင့် မသိ အပ်သော ကြိယာသည် အပစ္စက္ခ မည်၏။ [ အက္ခာနံ — ဣန္ဒြေတို့၏ + ပတိ — ရှေးရှု ကြိယာသည်၊ ပစ္စက္ခံ-မည်၏။] ဤသို့လျှင် မနေ့ကစ၍ လွန်လေပြီးသော မျက်မှောက် မျက်ကွယ် ကြိယာ ၂ မျိုးကို သိအပ်သည်ရှိသော် (သိစေလိုရာ၌) ဓာတ်နောင် ဟိယျတ္တနီ ဝိဘတ်များ သက်ကြရသည်။

(၄၅၆) ကုစ္ဆိခေတ္တ ဂူဠှာဒိဓေဟာ - သုတ်မှ၊ ကုစ္ဆိတိ ခေတ္တန္တိ စ ဝတ္တတော၊....

**အကာရော၊ ပေ၊ ကာလာတိပတ္တိသု။** ။ဟိယျတ္တနိ အဇ္ဇတနိ ကာလာတိပတ္တိ ဣတိ-ဟူကုန်သော၊ တီသု-၃ သွယ်ကုန်သော၊ တောသု ဝိဘတ္တီသု-တို့ကြောင့်၊ ကုစ္ဆိ-အချို့အရာ၌၊ ခေတ္တနံ-တို့၏၊ အာဒိမှိ-အစ၌၊ အကာရာဂမော - အ အက္ခရာလာသည်၊ ဟောတိ၊ ကထံ - အဘယ့်ကြောင့်၊ အယံ အကာရာဂမော – ဤ (အ) လာခြင်းသည်၊ ခေတ္တာဒိမှိ - ခေတ်၏ အစ၌ (ဟောတိ-ဖြစ်ရသနည်း၊) ဣတိ စေ-ဤသို့ မေးအံ့၊....

ခေတ္တန္တေ – ခေတ်၏ အဆုံး၌၊ သရေ - သရသည်၊ သတိပိ – ရှိပြီးဖြစ်ပါလျက်လည်း၊ ပုန-ထပ်၍၊ ဣဓ-ဤခေတ် အဆုံး၌၊ အကာရာဂမဿ – (အ) လာခြင်း၏၊ နိရတ္ထကတ္တာ – အကျိုးမရှိသည်၏ အဖြစ်ကြောင့်၊ ပယောဂါနုရောဓ - ပြယုဂ်အားလျော်သောအားဖြင့်၊ ခေတ္တာဒိတော – ခေတ်၏အစ၌၊ အယံ- ဤ (အ) လာခြင်းသည်၊ ဟောတိ-၏။

---

• (၄၅၆) ကုစ္ဆိခေတ္တန မာဒိမှိ—ကုစ္ဆိ သဒ္ဒါကြောင့် အချို့ရုပ်၌သာ အ-လာ၍ အချို့၌ မလာရ၊ ထို့ကြောင့် "အပစာ, ပစာ" စသည်ဖြင့် ရုပ် ၂ မျိုးစီ ရနိုင်သည်၊ ခေတ္တန မာဒိမှိ၌ ခေတ္တနံသည် အနုဝတ္တန ဝုတ္တိ၊ အာဒိမှိကား ပက္ခိပန ဝုတ္တိတည်း။

ကထံ၊ ပေ၊ ဒိမှိစေ—— ဤကား "ခေတ္တန မာဒိမှိ" ဟူသော စကားနှင့် စပ်၍ စောဒနာဘွယ်ကိုပြသောစကားတည်း၊ ဤအအက္ခရာသည် ဣ အက္ခရာကဲ့သို့ အဆုံး၌ လာသင့်လျက် အဘယ့်ကြောင့် ခေတ်၏အစ၌ လာရသနည်း—ဟုလို။

သတိသရေပိ၊ ပေ၊ အယံ —— ဤကား ယို စောဒနာကို ပယ်ချသော ပရိဟာရစကားတည်း၊ ခေတ်၏ အဆုံး၌ သရရှိပြီး ဖြစ်ပါလျက် ဤခေတ်၏ အဆုံး၌ ထပ်၍ အ—လာပြန်လျှင် (ကျက်ပြီး ထမင်းကို ထပ်၍ ချက်သကဲ့သို့) အကျိုးမရှိသောကြောင့် ပါဠိ ပြယုဂ်နှင့် လျော်စွာ ခေတ်၏အစ၌ အ—လာရသည်—ဟုလို။

"သတိသရေပိ၊ ပေ၊ ခေတ္တန္တေ" အရ ခေတ်၏အဆုံး၌ သရရှိပုံကား ဘူဝါဒိ ရုဓာဒိ ခေတ်များ၌ "ဘူခေတ် အပစ္စည်း, ရုဓခေတ် အပစ္စည်း" ဟု ပစ္စည်းသရ ရှိနေ၏၊ အခြား ခေတ်များ၏ အဆုံး၌လည်း ဣကာရာဂမော အသဗ္ဗ ခေတုကမှိ—သုတ်ဖြင့် လာသော ဣသရ, အာ ဥ—စသော ဝိဘတ်သရများ လိုက်သည်အားလျော်စွာ ရှိနေ၏၊ အ ဒိဗ္ဗဿ—စသော ရုပ်များ၌လည်း ယပစ္စည်း စသည်ဝယ် ယ၌ အသရ စသည် ရှိနေ၏၊ ဤသို့လျှင် ခေတ်၏အဆုံး၌ တနည်းနည်းအားဖြင့် သရရှိနေသည်။ [သရေပိ၌ အပိသဒ္ဒါကား သမ္ဘာဝနာတည်း၊ သရေပိကို အကာရာဂမဿ၌ စပ်၊ အပိသဒ္ဒါက သရရှိခြင်းကို ချီးမြှောက်၍ နောက်ထပ် အ—လာခြင်းကို "အကျိုးမရှိ" ဟု နှိပ်ချ ကဲ့ရဲ့သည်။]

www.dhammaransi.com



အစ္စယ ဝုဒ္ဓိ အဝါဒေသ သရလောပါဒိ-အစ္စည်း, ဝုဒ္ဓိ, အာ အပြု, သရ ချေခြင်း အစရှိသော အစီအရင်သည်၊ ဝုတ္တနယမေဝ – ဆိုအပ်ပြီးသောနည်း ရှိသည်သာ။ [ဘဝတိ ရုပ်၌ ဆိုခဲ့ပြီးသော နည်းအတိုင်းပင် ဖြစ်သည်-ဟူသို၊] အဘဝါ-သူဖြစ်ပြီ၊ အဘဝူ-သူတို့ ဖြစ်ကုန်ပြီ၊ အဘဝေါ-သင်ဖြစ်ပြီ၊ အဘဝတ္ထ-သင်တို့ ဖြစ်ကုန်ပြီ၊ ကွစိဓာတုတျာဒိနာ – ဖြင့်၊ အကာရဿ-အ အက္ခရာ၏-အ မာဒေသော-အံ အပြုသည်၊ ဝါ (ဟောတိ)-ဝိကပ်ဖြစ်၏၊ အဘဝ, အဘဝံ၊ ငါဖြစ်ပြီ၊ အဘဝမှာ-ငါတို့ ဖြစ်ကုန်ပြီ၊ အဘဝတ္ထ-သူဖြစ်ပြီ၊ပေ၊အဘဝမှသေ-ငါတို့ ဖြစ်ကုန်ပြီ။

ကမ္မနိ – ကံ အနက်၌၊ ယ ပစ္စယော – ယ ပစ္စည်းသည် ( ဟောတိ )၊ တယာ – သည်၊ သုခ – ကို၊ အနုဘူယတ္ထ – ခံစားအပ်ပြီ၊ [အနုပုဗ္ဗ ဘူဓာတ်, တ္ထ ဝိဘတ်, ယ ပစ္စည်း, ဓာတ်၏ရှေ့၌ (အ)လာ, နု၌ ဥကို "ယဝကာရာစ" သုတ်ဖြင့် ဝ ပြု၊] အ ကာရာဂမာ ဘာဝေ-(အ)မလာရာ၌၊ အနုဘူယတ္ထ-အနုဘူယတ္ထ ဟု ဖြစ်၏၊ [သရ မနှောင်းသောကြောင့် ဥ ကို ဝ မပြုနိုင်၍

---

အဘဝါ၊ပေ၊အဘဝမှသေ – နာမယောဂ, တုမှယောဂ, အမှယောဂ, ဧကဝုစ် ဗဟုဝုစ် ကွဲပြားအောင် "သူ+ဖြစ်ပြီ"စသည်ဖြင့် အနက်ပေးလိုက်သည်၊ အဘဝတ္ထ နောက်၌ "ကွစိဓာတု တျာဒိနာ ဩကာရဿ အ အာဒေသော ဝါ"ဟု တမျိုးစာရှိ၏၊ ဩကို (အ) ပြုရာ ရုပ်ကို ရူပသိဒ္ဓိ၌ ဤနေရာ မပြ၊တ္ထ ဝိဘတ်ကို ပြပြီး မှ လည်း ဩကို ပြန်၍ (အ) မပြုသင့်၊ သိမ္ဘူ၌ "အကာရဿ အမာဒေသော ဝါ"ဟု ရှိ၏၊ အမှယောဂ ဧကဝုစ် အ ဝိဘတ်ကို အံပြု–ဟု ဆိုလိုသည်၊ သဒ္ဒနီတိ အလို နဂိရဂ အံဝိဘတ်ဆိုလျှင် "အံကာ ရဿ အ အာဒေသော ဝါ"ဟုရှိရမည်၊ရုပ်မှာ"အဘဝ-အဘဝံ"ဟု ၂ ရုပ်ချည်းတည်း။

အမှာ။ ။"ဟိယျတ္တနီ-ပြလော အ ဇ္ဇ"ဟု ဆိုသောကြောင့် ဩ ဝိဘတ်ကို အ-ဇ္ဇ ပြု၍"အဘဝေါ"အရာဝယ်"အဘဝ-အဘဝိ"ဟုလည်းရှိနိုင်သေး၏၊"ဟိယျတ္တတ် အာ, ဤဥမှာကို,ရဿပြုရ"ဟု ဆိုသောကြောင့် အာ၌"အဘဝါ-အဘဝ" ဥ၌ "အဘဝု-အဘဝု"မှာ၌ "အဘဝမှာ-အဘဝမှ"ဟုရင်း အံ့မလာဘဲ "ဘဝ-ဘဝိ"စသည်ဖြင့်ရင်း ရှိနိုင်သေး၏၊ နောက်အဇ္ဇတ္တနီ၌ ဤကဲ့သို့ ဖြစ်နိုင်လျက် မပါသော ရုပ်များ ရှိလတ့်၊ ထို့ကြောင့် ဤအာချာတ် ရူပသိဒ္ဓိကို မလေ့လာမီ မိမိတို့ လေ့လာနေကျ ဖြစ်သော အာချာတ် ပဒမာလာကို ရှေးဦးစွာ နှုတ်တက်လေ့လာပြီး ဖြစ်စေမှသာ ဤရူပသိဒ္ဓိလာ အာချာတ် ရုပ်စဉ်များကို (ထိုထို ယောဂ–ထိုထို ဝုစ်နှင့် တကွ) ကြွင်းကျန်ရစ်သော ရုပ်များကိုပါ နားလည်နိုင်မည်၊ ဤ ရူပသိဒ္ဓိကျမှ ရုပ်စဉ်ကို ကျက်မည် လေ့လာမည် ဟု ကြံလျှင် ဉာဏ်ထည်း၌ မရှင်းလင်းဘဲ ပျင်းရိဘွယ် ဖြစ်ပေလိမ့်မည်၊ ဤ ဘာသာဋီကာ၌ကား အနည်းငယ် ရှုပ်ပုံရသော ရုပ်များကိုသာ တွက်ပြ၍ရင်း အရေးကြီးမည် ထင်သော ရုပ်များကိုသာ ထည့်သွင်း၍ရင်း ကျဉ်းကျဉ်းနှင့် ပြီးအောင် စီစဉ်ထား ပါသည်။

www.dhammaransi.com



"အန္န"ဟု မဖြစ်နိုင်၊] ကွစိဓာတုတျာဒိနာ-ဖြင့်၊ တ္တဿ-တ္တ၏၊ ထာဒေသော-ထ တလုံးပြု၊ အန္နဘုယထ, အနုဘုယထ - ခံစားအပ်ပြီ ၊ ပေ ၊ အန္နဘုယမှသေ, အနုဘုယမှသေ - ငါတို့ကို ခံစားအပ်ကုန်ပြီ၊ ပရဿပဒတ္တေ - ၌၊ အန္နဘုယာ, အနုဘုယာ-ခံစားအပ်ပြီ၊ ဣစ္စာဒိ-တည်း၊ ဘာဝေ-ဘောအနက်၌၊ ဘူယတ္တ-ရှေး၌ ဖြစ်ခြင်း၊ (ဝါ-ဖြစ်ပြီးခြင်း, ဖြစ်ရာပြီ။)

ဇထာ-ထိုမှ တပါး၊ သော-ထိုသူသည်၊ ဩဒနံ-ထမင်းကို၊ အပစာ-ချက်ပြီ၊ အပစူ-ချက်ကုန်ပြီ၊ အပစော - သင်ချက်ပြီ၊ပေ၊အပစမှသေ - ငါတို့ ချက်ကုန်ပြီ၊ [အ-မလာဘဲ "ပစာ, ပစူ"စသည်လည်း ရှိနိုင်၏၊ မြန်မာမှု၌ "အပစာ-ပစာ, အပစူ-ပစူ"ဟု ရှိပြီးလျှင် နောက်ရုပ်များ၌ အ-မလာသော ရုပ်ကို မတွေ့ရ၊ သီဟိုဠ်မှု၌ကား "အပစာ, အပစူ" ဟု အ - လာသော ရုပ်ချည်းသာ ရှိသည်၊ အမှယောဂ၌ "အပစ-အပစံ"ဟု ၂ မျိုး ရှိစေ။] ကမ္မနိ-ကံ အနက်၌၊ အပစ္စတ္တ, အပစ္စထ-ချက်အပ်ပြီ၊ပေ၊အပစ္စမှသေ-ငါတို့ကို ချက်အပ်ကုန်ပြီ၊ အပစ္စာ-ချက်အပ်ပြီ၊ အပစ္စူ-ကုန်ပြီ၊ [ဤ ၂ ရုပ်ကား ပရဿပုဒ် ပြန်ထားသော ရုပ်ဘည်း၊] ဣစ္စာဒိ၊

တထာ - ပါး၊ အဂစ္ဆာ-သွားပြီ ၊ ပေ ၊ အဂမှသေ - ငါတို့ သွားကုန်ပြီ၊ ကမ္မနိ-၌၊ အဂစ္ဆိယတ္တ, ဂစ္ဆိယတ္တ-သွားအပ်ပြီ၊ပေ၊ဂမိယတ္ထုံ-သွားအပ်ကုန်ပြီ၊ ဣစ္စာဒိ - တည်း၊ တထာ - ပါး၊ အဃမ္မာ-သွားပြီ ၊ ပေ ၊ ဣစ္စာဒိ - တည်း၊.... ဟိယျတ္တနီဝိဘတ္တိ-သည်၊ (နိဋ္ဌိတာ)။

( ၄၅၇ ) ဟိယျတ္တနီ ၊ ပေ ၊ သဗ္ဗဓာတုကံ။ ။ ဟိယျတ္တနာဒယော — ဟိယျတ္တနီ အစရှိကုန်သော၊ စတဿော—၄ သွယ်ကုန်သော၊ ဝိဘတ္တိယော-တို့သည်၊ သဗ္ဗဓာတုက သညာ — သဗ္ဗဓာတ် အမည်ရှိကုန်သည်၊ ဟောန္တိ၊

---

ကမ္မနိယ ပစ္စယော၊ပေ၊ဘူယတ္တ — "အန္နဘုယတ္ထုံ အနုဘုယတ္ထုံ—ခံစားအပ်ကုန်ပြီ၊ အန္နဘူယသေ—သင်ချင်းသာကို ခံစားအပ်ပြီ၊ပေ၊ အန္နဘုယိ—ငါချမ်းသာကို ခံစားအပ်ပြီ"ဟု ခွဲခြား၍ ပေးသင့်၏၊ သို့သော် ထိုသို့ပေးလျှင် အလွန်ဉာဏ်ရှုပ်မည် ထင်ရသော စာသင်သားတို့အား "သင်—ငါ"ဟု မထည့်ဘဲလည်း အနက်ချပါလေ၊ ဘော၌ "အနုဘုယတ္ထ"ဟု တချို့စာရှိ၏၊ အနုဥပသာရကို ထည့်ရသည်မှာ ဘူဓာတ်က အကမ္မကဓာတ်ဖြစ်၍ အနုအတွက် "သုခံ"စသော ကံပေါ်လာအောင် ထည့်ရခြင်း ဖြစ်၏၊ ဘော၌ကားကံ မလိုသောကြောင့် အနုထည့်ဘွယ် မလို, ဝတ္တနာန်တုန်းကလည်း အနု မပါခဲ့၊ ထို့ကြောင့် ဘောဟောရုပ် ဟူသမျှ၌ အနုမပါခြင်းသာ ကျမ်းရင်း အာဘော် ကျမည်၊ ပစဓာတ် ဂမုဓာတ် ရုပ်များ ထင်ရှားပြီ။

www.dhammaransi.com



ဣတိ - ဤသုတ်ဖြင့်၊ ဟိယျတ္တနာဒိနံ - ဟိယျတ္တနီ အစရှိသော ဝိဘတ်တို့၏၊ သဗ္ဗဓာတုက သညတ္တာ - သဗ္ဗဓာတ် အမည်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဣကာရာဂမော အသဗ္ဗဓာတုကမှိတိ-ဣကာရာဂမော အသဗ္ဗဓာတုကမှိ ဟူ၍၊ ဝုတ္တော ဆိုအပ်သော၊ ဣကာရာဂမော-ဣလာခြင်းသည်၊ န ဘဝတိ-မဖြစ်၊.... သဗ္ဗဓာတုကံ-သဗ္ဗဓာတ် ဝိဘတ် ၄ သွယ်သည်၊ (နိဋ္ဌိတံ)။

## ပရောက္ခာ ဝိဘတ်ခဏ်း

(၄၅၈) ပရောက္ခာ၊ပေ၊ ဣမ္မေ။ ။အ အာဒယော - အ အစရှိကုန်သော၊ ဒွါဒသ, ပရောက္ခာသညာ ဟောန္တိ၊ အက္ခာနံ (ဣန္ဒြိယာနံ) - ဣန္ဒြေတို့၏၊ ပရံ - ကွယ်ရာတည်း၊ ပရောက္ခံ - ရာ၊ တဒ္ဒီပကတ္တာ - ထို မျက်ကွယ်အနက်ကို ပြတတ်သည်၏ အဖြစ်ကြောင့်၊ အယံ ဝိဘတ္တိ - ကို၊ ပရောက္ခာတိ - ဟူ၍၊ ဝုစ္စတိ-၏။

(၄၅၇) ဟိယျတ္တနာဒီနံ၊ပေ၊န ဘဝတိ— ဤသို့ ဟိယျတ္တနီ အစရှိသော ဝိဘတ် ၄ သွယ်ကို သဗ္ဗဓာတ်ဟုအမည်မှည့်ထားရကား''ဣကာရာဂမော အသဗ္ဗဓာတုကမှိ''ဟု ဆိုအပ်သော ဣ အာဂုံသည် ဟိယျတ္တနီ စသော ဝိဘတ်နှောင်းရာ၌ မဖြစ်နိုင်တော့ပြီ၊ ''ပရောက္ခာစသော အ သဗ္ဗဓာတ် ဝိဘတ် ၄ သွယ် နှောင်းရာ၌သာ ဣ အာဂုံ ဖြစ်သည်'' ဟူလို။ [''ဣကာရာဂမော အသဗ္ဗဓာတုကမှိတိ ဝုတ္တတ္တာ''ဟု တချို့စာရှိ၏၊သဗ္ဗဓာတုက သညတ္တာ—ဟု ဟိတ်ပုဒ် ရှိပြီးဖြစ်၍ ''ဝုတ္တတ္တာ''ဟု မရှိဘဲ ''ဝုတ္တော''ဟုရှိသော သီဟိုဠ်မူသာ ကောင်းသည်။]

(၄၅၈) အံ—မှ ဣမ္မေ —— အ+မှ=အံ+မှ,ဣ+မ္မေ=ဣမ္မေ ဟု ပါဠ် ၂ ထွေစီ ရှိ၏၊ သီမူနှင့် မောဂ္ဂလ္လာန်တို့၌ ''အ+မှ, ဣ+မ္မေ''ဟု ရှိ၏၊ သဒ္ဒနီတိ၌''အံတယံ တတ္ထ အာဒိယံ၊ပေ၊ဣံ တယံ တတိ ရူပံ = ပရောက္ခာ ဟိယျတ္တနီ အဇ္ဇတနီအားဖြင့် ''အံ— ဝိဘတ် ၃ လုံး—ဣံဝိဘတ် ၃ လုံး ရှိသည်''ဟု ဆိုသောကြောင့် ''အံ+မှ, ဣံ+မ္မေ''ဟု ရှိသင့်၏၊ ''အံ—ဣံ—ဿထ တယော တယော''ဟု မိန့်သော ဆရာတို့ အလိုလည်း ''အံ—ဣံ''ပင်။

အက္ခာနံ၊ပေ၊ပရောက္ခံ —''အက္ခသဒ္ဒါသည် စက္ခုစသော ဣန္ဒြေ ၅ ပါးကိုဟော၏'' ဟု သိစေလို၍ အက္ခာနံကို ''ဣန္ဒြိယာနံ''ဟု ဖွင့်သည်၊ ''အက္ခာနံ+ပရံ, ပရောက္ခံ'' သာလိုရင်း၊ ပရံ-ဟု နပုလ္လိင်ကို ရှု၍ ''ပရောက္ခံ''ဟု ရှိသော သီမူအတိုင်း ကောင်းသည်၊ အာရမဏ်ကို အရကောက်၊ ထို အာရုံ ဟူသည်လည်း မျက်ကွယ်၌ ဖြစ်သော ကြိယာ ပင်တည်း၊ [''အက္ခ+ပရ''ဟု သမာသ် ဖြစ်သောအခါ ၌''ပရောက္ခာ''ဟူသော နိပါတနဖြင့်''ပရ+အက္ခ''ဟုရှေ့နောက်ပြန်၊သုတ်ကြီးဖြင့် အက္ခ၏ အကို ညှဲပြီ,ရှေ့သရကိုချေ ''ပရောက္ခ''နာမ်င့်, သိ အံပြု၍ ''ပရောက္ခံ''ဟု ဖြစ်၏။]

www.dhammaransi.com



(၄၅၉) အပစ္စက္ခေ၊ ပေ၊ တီတေ။ ။အပစ္စက္ခေ - ဣန္ဒြေတို့၏ ကွယ်ရာ ဖြစ်သော၊ ဝါ-မျက်ကွယ် ဖြစ်သော၊ ဝတ္တုနော - ပြောဆိုသူ၏၊ ဣန္ဒြိယာဝိသယ ဘူတေ—ဣန္ဒြေတို့၏ အရာမဟုတ်သည် ဖြစ်၍ ဖြစ်သော၊ အတီတေ- အတိတ်ဖြစ်သော၊ ကာလေ-ကြိယာ၌၊ ပရောက္ခာဝိဘတ္တိ-သည်၊ ဟောတိ-၏၊ အတိက္ကမ္မ-(ပစ္စုပ္ပန် အခိုက်အတန့်ကို)လွန်၍၊ ဣတော-ဖြစ်သော ကြိယာသည်၊ အတီတော - အတိတ်မည်၏၊ ဟုတွာ - ဖြစ်ပြီး၍၊ အတိက္ကန္တော - လွန်သော ကြိယာတည်း၊ ဣတိအတ္ထော - နက်၊ ဟေဋ္ဌာ - အောက်၌ (ဘဝတ်ရုပ်၌)၊ ဝုတ္တနယေန - ဆိုအပ်ပြီးသောနည်းဖြင့်၊ ပရောက္ခာ ပရဿပဒ ပဌမပုရိသေက ဝစနံ—သော၊ အ-အ ဝိဘတ်သတ်။

---

တဒ္ဒီပကဂ္ဂါ၊ ပေ၊ ပရောက္ခာတိ ဝုစ္စတိ —— ဤပါဌ်ဖြင့် "ပရောက္ခေ-မျက်ကွယ် ကြိယာ၌+ဘဝါ—ဖြစ်သော ဝိဘတ်တည်း"ဟု ဘဝအနက်၌ ဏပစ္စည်း သက်, ဗုဒ္ဓိ ဇောတက အာပစ္စည်းလည်း သက်၍ "ပရောက္ခာ"ဝိဘတ် အမည်ရကြောင်း ပြသည်၊ [ကေနဋ္ဌေန ပရောက္ခာ, ပရောက္ခေ ဘဝါတိ အတ္ထေန၊ တယာဟိ စက္ခာဒိန္ဒြိယ သင်္ခါ တဿ အက္ခဿ ပရော (တိရော ဘာဝေါ) ပရောက္ခံ, တဗ္ဗာစကဘာဝေန ပရောက္ခေ ဘဝါတိ ပရောက္ခာ"=သဒ္ဒနီတိ။]

(၄၅၉) အပစ္စက္ခေ ဝတ္တုနော၊ ပေ၊ ကာလေ —— အပစ္စက္ခေကို "ဝတ္တုနော ဣန္ဒြိယာဝိသယ ဘူတေ"ဟု ဖွင့်သည်၊ ဆိုလိုရင်းကား—"သော ကိရ ရာဇာ ဗဘူဝ"ဟု ပြောဆိုရာ၌ ပြောဆိုသူ့ကိုယ်တိုင်က "ထိုသူ မင်းဖြစ်နေသည်ကို ကိုယ့်မျက်စိဖြင့်လည်း မမြင်ရ, ထိုသူ့ကို ဘိသိက်မြောက်သံကို ကိုယ့်နားဖြင့်လည်း မကြားရ, ဘိသိက်ပွဲ၌ ပါဝင်သော ပန်းနံ့ စသည်, ထမင်းအရသာ စသည်, ဖဿတွေ့ရာ စသော အတွေ့များကို ကိုယ်တိုင်လည်း မနံရ—မစားရ—မတွေ့ရ၊ ဤသို့ ပြောဆိုသူ၏ ဣန္ဒြေ ၅ ပါးလုံးမှ ကွယ်ရာ၌ ဖြစ်သော အာရုံ (ကြိယာ) များကို "အပစ္စက္ခ"ဟု ဆိုလိုသည်၊ ဤသို့ အပစ္စက္ခလည်း ဖြစ်—လွန်ပြီးအတိတ်လည်း ဖြစ်သော ကြိယာ၌ ဤ ပရောက္ခာဝိဘတ် သက်ရသည်။ [ဤပရောက္ခာ၏ သက်ရာ ၃ ဌာနကို ကစ္စည်းဘာသာဋီကာ၌ရှု။]

အတိက္ကမ္မ၊ ပေ၊ တျဓေတ္တာ — အတီတောကို "အတိ+ဣတော"ဟု ခွဲ၊ အတိ ဥပသာရသည် အတိက္ကမ္မ အနက်ဟောတည်း၊ ထို့ကြောင့် "အတိက္ကမ္မ+ဣတောတိ အတီတော"ဟု ဖွင့်၊ "အတိက္ကမ္မ"အရ "လွန်ခြင်း"ဟူသည်လည်း ပစ္စုပ္ပန် အခိုက်အခါကို လွန်ခြင်းတည်း၊ "လွန်၍ဖြစ်သောကြိယာ"ဟူရာ၌ အဖြောင့်အားဖြင့်ဆိုလျှင် "ဖြစ်ပြီး၍ လွန်သွားသော ကြိယာတည်း"ဟု ပြလို၍ "ဟုတွာ အတိက္ကန္တော တျဓေတ္တော"ဟု ဖွင့်ပြန်သည်၊ ဤ"ဟုတွာ အတိက္ကန္တော=ဖြစ်ပြီး၍+လွန်သောကြိယာ"ဟု ဆိုသဖြင့် အတိက္ကမ္မ အရ လွန်ခြင်းလည်း "ဖြစ်ဆဲ ပစ္စုပ္ပန် အခိုက်အတန့်ကို လွန်ခြင်း"ဟု သိနိုင်ပြန်သည်။

www.dhammaransi.com



(၄၆၀) ဘူ + အ ဣတိ – ဘူ + အဟု ဖြစ်ပြီးသော၊ ဣဓ – ဤရုပ်၌၊ [ "ဒွေဘာဝေါ"စပ်၊ ] ဝိပရိဏာမေန-ဖြင့်၊ ဓာတုန္တံ-ဓာတုန် ပုဒ်သည်၊ ဝတ္တတေ။

**ကွစာဒိ ၊ ပေ ၊ ဒွေဘာဝေါ**။ ။ဓာတူနံ - ဓာတ်တို့၏၊ အာဒိဘူတာနံ - အစဖြစ်၍ ဖြစ်ကုန်သော၊ ဧကဿရာနံ - တလုံးသော သရ ရှိကုန်သော၊ ဝဏ္ဏာနံ – ဝဏ္ဏတို့၏၊ ကွစိ - ပြယုဂ်အားလျော်စွာ၊ ဒွေဘာဝေါ ဟောတိ၊ အယံ ကွစိသဒ္ဒေါ-သည်၊ ဝဝတ္ထိတဝိဘာသတ္ထော-၏၊ တေန-ထို့ကြောင့်၊ ခ ဆ သေသု – ခ, ဆ, သပစ္စည်း တို့ကြောင့်ရင်း၊ ပရောက္ခာယံ – ပရောက္ခာ ဝိဘတ်ကြောင့်ရင်း၊ သဗ္ဗဓာတူနံ–အလုံးစုံသော ဓာတ်တို့၏၊ (နိစ္စံ-အမြဲ၊) ဒွေဘာဝေါ-သည်၊ ဟောတိ၊ အပစ္စယေ–အပစ္စည်းကြောင့်၊ ဇုဟောတျာ ဒိဿပိ - ဇုဟောတျာဒိ ဓာတ်၏လည်း၊ (နိစ္စံ - မြဲ၊) ဒွေဘာဝေါ ဟောတိ၊ ကိစ္စာဒိကေ - ကိစ္စ အစရှိသော ပစ္စည်းကြောင့်၊ ကွစိ - ဝိကပ်အားဖြင့်၊ ဒွေဘာဝေါ ဟောတိ။

---

(၄၆၀) **ဓာတုန၊ပေ၊ဒွေဘာဝေါ**—တလုံးထည်းရှိသော ဘူဓာတ် ဒါဓာတ် စသည်၌ အာဒိဝဏ္ဏကို အထူးစိစစ်ဘွယ် မလို၊ ပစဓာတ် စသည်၌ ပသည် ဓာတ်တို့၏ အစဝဏ္ဏတည်း၊ထို အစဝဏ္ဏလည်း သရရှိသော (သရနှင့်တကွဖြစ်သော) ဝဏ္ဏတည်း-ဟု သိစေလို၍ "ဧကဿရာနံ"ဟု ဝိသေသန ပြုရသည်၊ "ဧကဿရာနံ"သည် အာဒိ ဝဏ္ဏာနံ၏ ဝိသေသနတည်း၊ "ဧကော သရော ဧတေသံတိ ဧကဿရာ"ဋီကာဝိဂ္ဂြိုဟ်၊ "ဧတေသံ-ဤဝဏ္ဏတို့၏၊ဧကော-တလုံးသော"စသည်ပေး၊ဤကောားအရ ဥ(သရရှိသော (ဘ) ဝဏ္ဏကို ဒွေဘော်ပြုသောအခါ "ဘူ ဘူ"ဟု ဖြစ်၏၊ ပစဓာတ်၏ အစလည်းဖြစ် အ သရလည်းရှိသော (ပ) ဝဏ္ဏကို ဒွေဘော်ပြုသောအခါ "ပပ"ဖြစ်သည်ဟု မှတ်။

**တေန, ခ ဆသေ၊ပေ၊ကွစိ** — "အနေကတ္ထာပိ နိပါတာ"နှင့် အညီ နိပါတ်တို့သည် များသောအနက်ရှိရကား ဤသုတ်၌ ကွစိသဒ္ဒါလည်း ဝါသဒ္ဒါကဲ့သို့ ဝဝတ္ထိတ ဝိဘာသာ အနက်ရှိ၏၊ ထို ကွစိသဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် ဂါထာ၌ လာသော နိစ္စ ဝိဓိ–အနိစ္စဝိဓိကိုရင်း ဂါထာ၌ မပြအပ်သော ရုပ်များ၏ အသန္တဝိဓိကိုရင်း သိရသည်၊ ထိုတွင်"ခဆသေသု ''မှ"ဇုဟောတျာ ဒိဿပိ ''အထိသည် နိစ္စဝိဓိပြစကားတည်း၊ ကိစ္စာဒိကေ ကွစိ''သည် အနိစ္စဝိဓိပြ စကားတည်း၊ ဂါထာ၌ မပါသော ပစ္စည်းဝိဘတ်တို့ နှောင်းရာ၌ကား ဤသုတ် အစီအရင် မရှိရာ အသန္တဝိဓိတည်း။

ခ ဆ သေသု။ ။ခ ဆ သ ပစ္စည်းနှောင်းရာ၌"တိတိက္ခတိ,ဇိဃစ္ဆတိ,ပိဝါသတိ" စသည်ဖြင့် အမြဲဒွေဘော် ဖြစ်၏။

ပရောက္ခာယံ။ ။ပရောက္ခာဝိဘတ် နှောင်းရာ၌လည်း "ဗဘူဝ, ဇဂါမ, ပပစ" စသည်ဖြင့် အမြဲ ဒွေဘော်ပြုရသည်။

www.dhammaransi.com



(၄၆၁) ဘူ ဘူ အ ဣတိ-"ဘူဘူ+အ"ဟု ဖြစ်ပြီးသော၊ ဣမ-ဤရုပ်၌၊ ["အဗ္ဘာသသညာ"၌ စပ်၊ အချို့စာ၌ "ဘူဘူ ဣတိ မ"ဟု (အ-ကျသည်။)

**ပုဗ္ဗော ဗ္ဘာသော**။ ။ဒွေဘူဘာသာ-၂ လုံးဖြစ်၍ဖြစ်သော၊ ဓာတုဿ-၏၊ ပုဗ္ဗော-ရှေ့ဖြစ်သော၊ ယော အဝယဝေါ-အကြင် အစိတ် အက္ခရာသည်၊ အတ္ထိ-၏၊ သော-ထို အစိတ် အက္ခရာသည်၊ အဗ္ဘာသသညော-အဗ္ဘာသ အမည်ရှိသည်၊ ဟောတိ၊ ဣတိ-ဤသုတ်ဖြင့်၊ အဗ္ဘာသသညာ-အဗ္ဘာသ အမည်သည် (ဟောတိ)။ [အဗ္ဘာသ၏ အနက် အဓိပ္ပါယ်ကို ကစ္စည်း ဘာသာဋီကာမှာ ရှု။]

(၄၆၂) အဗ္ဘာသဂ္ဂဟဏံ, အနုဝတ္တတေ-အစဉ်လိုက်၏။

**အန္တဿိ ဝဏ္ဏာကာရော ဝါ**။ ။အဗ္ဘာသဂတဿ-အဗ္ဘာသ၌ ဖြစ်သော၊ အန္တဿ-အဆုံး သရ၏၊ ဣဝဏ္ဏော-ဣဝဏ်သည်ရင်း၊ အကာရော စ-

---

**အပစ္စ၊ ပေ၊ သမိ**။ ။ဘူဝါဒိဂိုဏ်း၏ နောက်ဆက်တွဲ ဖြစ်သော ဇုဟောတျာဒိ ဂိုဏ်း၌ "ဘူဝါဒိတော အ"ဖြင့်ပင် အ ပစ္စည်းသက်ရ၏၊ ထို့ကြောင့် "အပစ္စယေ"ဟု ဆိုသည်၊ "ဇုဟောတိ" စသောရုပ်၌ ဟု ဓာတ်, တိဝိဘတ်, အပစ္စည်း၊ ဟုကို "ဟု+ဟု" ဒွေဘော် အမြဲပြုရသည်၊ [အဝိဖြင့်"စက်မတိ"စသည်ကို ဆည်းယူ၏-ဟု ဋီကာဖွင့်၏။]

**ကိစ္စာဒိကေ ကွစိ**။ ။တဗ္ဗ အနီယ စသော ကိစ္စပစ္စည်း နှောင်းရာ၌လည်း ဇုဟောတျာဒိ ဓာတ်စုကိုသာ ယူရမည်၊ အခြား ဓာတ်များ၌ကား ကိစ္စာဒိပစ္စည်း နှောင်းသော်သည်း ဒွေဘော်မပြုရ။ [ဇုဟောတျာဒိ ဓာတ်များကို လှန်းကြည့်ပါ၊] ဇုဟိတဗ္ဗံ+ဟောတဗ္ဗံ-ပူဇော်ရာ၏၊ ပဇဟိတဗ္ဗံ+ပဟာတဗ္ဗံ-ပယ်စွန့်ရာ၏၊ ပိဒဟိတဗ္ဗံ+ပိဓာတဗ္ဗံ-ပိတ်ရာ၏၊ ဤသို့ ရုပ် ၂ မျိုး ရှိရသည်၊ ကိစ္စာဒိ၌ အာဒိဖြင့် တွာ-တုံ စသော တချို့ ကိတ်ပစ္စည်းကို ယူ၊ ဇဟိတွာ+ဟိတွာ-စွန့်၍၊ ဇဟိတုံ+ဟာတုံ - စွန့်ခြင်းငှါ၊ ပိဒဟိတွာ+ပိဓာယ-ပိတ်၍၊ ဤသို့ စသည်ဖြင့် ဒွေဘော် မပြုသောရုပ်များ ရှိရသည်။ [ဇုဟောတျာဒိဂိုဏ်းပင် ဖြစ်သော်လည်း "ဒါတဗ္ဗံ-ဒတွာ-ဘုတံ (ပူဇော်အပ်၏) ဒိန္နံ"စသည်၌ကား ကွစိသဒ္ဒါ၏ အသန္တဝိဓိကို ပြခြင်းကြောင့် ဒွေဘော်ပြု မရှိ၊ အခြား ပစ္စည်းနှောင်းရာ အခြားဓာတ်များ၌လည်း အသန္တဝိဓိပင်။

(၄၆၂) သုတ်၌"အန္တဿိ ဝဏ္ဏာကာရော ဝါ-အဗ္ဘာသ၏အဆုံးသရကို ဣဝဏ်နှင့် အ အက္ခရာ ပြု"ဟု လုံး၍ ဆိုထားသော်လည်း ဝါ၏ သတ်မှတ်ချက်ကြောင့် ဂါထာလာတိုင်း ခွဲခြား၍ပြုရသည်၊ ဂါထာ၌ "ခ ဆ သေသု"ဟု ဆိုသော်လည်း ခ အတွက် ပုံစံ မရှိ၊ ထို့ကြောင့် "တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါ"ဟု ဆ သ တို့နှင့် အတူ တွဲဘက်ပစ္စည်းဖြစ်၍ ခ ကို ထည့်ထားသည်၊ လိုရင်းမှာ"ခ-သ" ၂ ပစ္စည်းသာဟု မှတ်။

www.dhammaransi.com



အ အက္ခရာသည်ရှင်း၊ ဝါ-စွ၊ ဟောတိ-၏၊ အယံ ဝါ သဒ္ဒေါ ဝဝတ္ထိတ ဝိဘာသတ္ထော၊ တေန-ကြောင့်၊....

ခ ဆသေသု-ခ ဆ သ ပစ္စည်းတို့ကြောင့်၊ သဂုပုဿ-ဂုပ ဓာတ်၏ ဥ နှင့် တကွ ဖြစ်သော။ အဝဏ္ဏဿ-အဝဏ်၏၊ ဣကာရော-ဣ အပြုသည်ရှင်း၊ ဝါဿ-ဝါ၏ အဆုံး အာ၏၊ ဤ-ဤ အပြုသည်ရှင်း ( ဟောတိ )၊ ပရောက္ခာယံ-ပရောက္ခာ ဝိဘတ်ကြောင့်၊ ဘူဿ-ဘူဓာတ်၏ အဆုံး ဥ၏၊ အကာရော-အ အပြုသည် (ဟောတိ)၊ အပရဿ-အခြားသော အဗ္ဘာသ သရ၏၊ ဣမေ-ဤ ဣဝဏ် အပြု, အ အပြုတို့သည်၊ န-မဖြစ်ကုန်၊ ဣတိ-ဤသုတ်ဖြင့်၊ ဥကာရဿ (ဥကာရဿ-ဟု ရှိသည်ကား ပါဌ်ပျက်။) ဘူဒ္ဓ ဥ၊ အက္ခရာ၏၊ အကာရော-(အ) အပြုသည် (ဟောတိ)။

---

ခဆသေသု၊ ပေ၊ သဂုပုဿ — ဂုပုဿ – ဂုပဓာတ်၏+ဥ–ဥတည်း၊ ဂုပု–ဂုပ ဓာတ်၏ ဥ၊ "ဂုပ ဓာတ်၏ ဥ"ဟု ဆိုသော်လည်း ရုပ်တည့်တုန်းက "ဂုပ"ဓာတ်၏ ဥကို မယူရ "ဂုဂုပ"ဟု ဖြစ်သောအခါ အဗ္ဘာသဖြစ်သော ဂု၏ ဥကို ယူရမည်၊ ဘာ့ကြောင့် နည်း....သုတ်၌ပင် "အဗ္ဘာသဂတဿ အန္တဿ"ဟု အဗ္ဘာသဖြစ်ကြောင်းကို ဆိုခဲ့ပြီး ဖြစ်သောကြောင့်တည်း၊ "အဝဏ္ဏဿ-ဝါဿ-ဘူဿ"တို့၌လည်း အဗ္ဘာသ၏ အဝဏ် စသည်ပင်တည်း၊ ဇိဃစ္ဆတိ (အကို ဣပြု) ပိပါသတိ (အာကို ဣပြု) ဇိဂုစ္ဆတိ (ဂုပ၏ ဥကို ဣပြု)။

ဝါဿ—စာအုပ်၌ "ပဿ"ဟု ပါဌ်ပျက်၏၊ သီဟိုဠ်၌ "ဝါဿ"ဟု ရှိ၏၊ ဝီမံသတိ၌ "မာနသတိ"ဟု ဖြစ်ရာ မာဒွေဘော်ပြု၍ "မာမာနသတိ"ဟု ဖြစ်၏၊ "တတော ပါမာနာနံ ဝါမံသေသု"ဖြင့် မာနကို မံပြု၊ "မာနကိတာနံ ဝတဝတ္တံဝါ"ဖြင့် မကို ဝပြု (ဝါမံသတိ)ဟု ဖြစ်၏၊ ထို အဗ္ဘာသ ဖြစ်သော ဝါ၏ အဆုံး အာကို ဤသုတ်ဖြင့် ဤပြုလျှင် "ဝီမံသတိ"ဟု ဖြစ်၏၊ ထို့ကြောင့် "ဝါဿ—ဝါ၏ အဆုံး အာ၏"ဟု ပါဌ်အနက်မှန်ကို ယူပါ၊ ဋီကာ၌လည်း "အဗ္ဘာသဂတဿ ဝါဿ (ဝါ၏) အန္တဿ (အဆုံး အာ၏) ဤကာရော ဟောတိ"ဟု ပါဌ်မှန် ရှိစေရမည်။

ဘူဿ ပရောက္ခာယံ အကာရော—"ဗဘူဝ"စသည်၌ ပရောက္ခာ အဝိဘတ် သည့်ကြောင့် "ဘူဘူအ"စသည် ဖြစ်နေရာဝယ် အဗ္ဘာသ ဘူ၏ အဆုံး ဥကို (အ)ပြု (ဘဘူ+အ)ဟု ဖြစ်၏၊ ထို့နောက် ဆိုင်ရာ သုတ်ဖြင့် ပြီးအောင် ဓိရင်လိမ့်မည်၊ ဋီကာ၌ "အကာရော ပန ပရောက္ခာယံ ဘူဿ အန္တဿဝ"ဟု ပါဌ်မှန် ရှိစေရမည်၊ ဤဘိုင်အောင် ဝါသဒ္ဒါက ဣပြုရာ—ဤပြုရာ—(အ) ပြုရာ ဌာနများကိုရှင်း ထို ဌာနများ၌ နိစ္စဝိဓိ ဖြစ်ကြောင်းကိုရှင်း သိအပ်သည်။

နာပရဿိမေ—သုတ်၌ "အန္တဿ"အရ အဗ္ဘာသ၏ အန္တကို ယူခဲ့သောကြောင့် ဤ "အပရဿ"အရလည်း သုတ်ဖြင့် ဓိရင်နိုင်သော အဗ္ဘာသ၏ အန္တမှတပါး အခြား

www.dhammaransi.com



(၄၆၃) **ဒုတိယ၊ ပေ၊ တတိယာ။** ။အဠ္ဌာသ ဂဘာနံ — ကုန်သော၊ ဒုတိယစတုတ္ထာနံ - ဒုတိယစတုတ္ထ - ဖြစ်ကုန်သော၊ ဝဂ္ဂဗျဉ္ဇနာနံ - ဝဂ်ဗျည်း တို့၏။ [ဤစကားဖြင့် အဝဂ်၏ ဒုတိယ စတုတ္ထ အက္ခရာကို နှစ်စေသည်၊] ယထာက္ကမံ, ပဌမတတိယာ–ပဌမက္ခရာတတိယက္ခရာတို့သည်၊ ဟောန္တိ၊ ဣတိ– ဤသုတ်ဖြင့်၊ ဘကာရဿ–ဘအက္ခရာ၏၊ ဗကာရော-ဗ အပြုသည် (ဟောတိ)။

(၄၆၄) **ဗြူဘူန၊ ပေ၊ ပရောက္ခာယံ။** ။ပရောက္ခာဝိဘတ္တိယံ - ကြောင့်၊ ဗြူဘူဣတိ-ဗြူဘူ ဟူကုန်သော၊ ဧတေသံ ဓာတူနံ-ဤဓာတ်တို့၏၊ အာဟ ဘူဝဣတိ-အာဟ ဘူဝ ဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ ဟောန္တိ၊ ဣတိ-ဖြင့်၊ ဘူသဒ္ဒဿ-ဘူသဒ္ဒါ၏၊ ဘူဝါဒေသော-ဘူဝ အပြုသည်(ဟောတိ)၊ သရလောပေါ၊ ပေ၊ တျာဒိနာ - ဖြင့်၊ သရလောပါဒိ - သရချေခြင်း အစ ရှိသော အစီအရင်သည် (ဟောတိ၊) သော–ထိုသူသည်၊ ရာဇာ-မင်းသည်၊ ဗဘူဝကိရ-ဖြစ်ပြီတဲ့၊ တေ-တို့သည်၊ ဗဘူဝု ကိရ-ဖြစ်ကုန်ပြီတဲ့၊ တွံ-သည်၊ ဗဘူဝေ ကိရ-တဲ့။

(၄၆၅) ဓာတူဟိတိ ဝတ္တတေ၊ သိဟဂတိယာ-ဖြင့်၊ ကွစိဂ္ဂဟဏဥ္စ-လည်း၊ (ကွစိဓာတုသုတ်မှ ပြန်၍) ဝတ္တတေ။

**ဣကာရာဂမော အသဗ္ဗဓာတုကမှိ။** ။ပရေ — သော၊ သဗ္ဗသ္မိံ — အလုံး စုံသော၊ အသဗ္ဗဓာတုကမှိ-အသဗ္ဗဓာတ် ဝိဘတ် ၄ သွယ်ကြောင့်၊ ကွစိ-၌၊ ဓာတူဟိ-တို့မှ၊ ပရော-နောက်သည်၊ (ဟုတ္ဝာ-ဖြစ်၍၊) ဣကာရာဂမော- ဣလာသည်၊ ဟောတိ။

---

အဋ္ဌာသဗ၏အနက်ကိုယူ၊ ဤ''နာပရဿ မေ''ဖြင့် အခြားသော ဗု ဘုဏှတိ,ဗုဟောတိ, ဓိက်ဆွတိ, တိက်ဆွတိ, ဒဒါတိ, ဒဓာတိ ရုပ်တို့၏ အဋ္ဌာသဂဏ ဖြစ်သော သရများ၌ အသန္တဝိဓိ ဖြစ်ကြောင်းကိုလည်း ဝါ သဒ္ဒါက သတ်မှတ်၏ဟု ပြသည်၊ အနိစ္စဝိဓိကား ဂါထာ၌ မပါတော့ပြီ။

(၄၆၄) မာဟ ဘူဝါ—ဘူ၌ ဥ၊သရနှင့် တကွ ''ဘူဝ''ပြု၍ ''ဗဘူဝ''ပုံပင် စာအများရှိ၏၊ဘူဝဖြစ်သည့်အခါ ဝ၌အ သရပါသည်ဟု နှလုံးပြု၍ ''သရလောပါဒိ'' ဟု ဆိုသည်၊ မောဂ္ဂလ္လာန်၌ကား ဝ၌ သရ မပါ၊ ထိုအလို ''သရချေခြင်း စသည်မရှိ ဝ်ကို အ-ဥ စသည်သို့ ကပ်ရုံသာ၊ သော ကိရ သည်ဖြင့် ''ကိရ'' ထည့်သည်ကား ''ကိုယ်တိုင် သိခြင်း မဟုတ်—(အပစ္စက္ခ) တဆင့်ကြားခြင်း ဖြစ်ကြောင်း'' ထင်ရှား စေအောင် ထည့်ရခြင်း ဖြစ်သည်။

www.dhammaransi.com



ကုစာဓိကာရတော - လိုက်သော ကွစိသဒ္ဒါကြောင့်၊ ဗျဥ္ဇနာဒိမှေဝ-အစ၌ ဗျည်းရှိသည် သာလျှင် ဖြစ်သော၊ အသဗ္ဗဓာတုကေ - အသဗ္ဗဓာတ် ဝိဘတ် ကြောင့်၊ အယံ အာဂမော-ဤ ဣလာခြင်းသည် (ဟောတိ)၊ ဗျဥ္ဇနာဒေါပိ-အစ၌ ဗျည်းရှိသော အသဗ္ဗဓာတ် ဝိဘတ်ကြောင့်လည်း၊ ကွစိ-တချို့အရာ၌၊ နောသိယာ-မဖြစ်။

စ-ဆက်၊ တွေ-ဤသုတ်၌ ["ဝုစ္စတိ"၌ စပ်၊] သဗ္ဗဓာတုကံ - သဗ္ဗဓာတ် ဝိဘတ်သည်၊ န - မဟုတ်၊ အသဗ္ဗဓာတုကံ - သဗ္ဗဓာတ် ဝိဘတ် မဟုတ်၊ ဣတိကတွာ – ဤသို့ ဝိဂ္ဂိုဟ် ပြု၍၊ ဟိယျတ္တနီ ၊ ပေ ၊ သဗ္ဗဓာတုကန္တိ – သုတ်ဖြင့်၊ ဟိယျတ္တနီ အာဒီနံ–ဟိယျတ္တနီ အစရှိသော ဝိဘတ်တို့၏၊ သဗ္ဗဓာတုက သညာယ - သဗ္ဗဓာတ် ဟူသော အမည်၏၊ ဝါ–ကို၊ ဝုတ္တတ္တာ–ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ တဒညာ - ထို သဗ္ဗဓာတ် ဝိဘတ်တို့မှ

---

(၄၆၅) အသဗ္ဗဓာတ် ၃ မျိုး။ ။သရဝိဘတ်, သရာဒိဝိဘတ်, ဗျဥ္ဇနာဒိဝိဘတ် ဟု အသဗ္ဗဓာတ် ဝိဘတ် ၃ မျိုးရှိ၏၊ ထိုတွင် အ-ဥ စသော သရသက်သက် ဝိဘတ်သည် သရဝိဘတ်တည်း၊ အံဤ စသော ဝိဘတ်သည် အစ၌သရရှိ၍ နိဂ္ဂဟိတ်ဗျည်းက နောက်နေသော သရာဒိ ဝိဘတ်တည်း၊ တ္ထ–မှ စသော ဝိဘတ်ကား အစ၌ ဗျည်းရှိ၍ သရက နောက်နေရသော ဗျဥ္ဇနာဒိဝိဘတ်တည်း၊ "ဗျဥ္ဇနံ အာဒိမှိ ယဿာတိ ဗျဥ္ဇနာဒိ" ယဿာ–အကြင်ဝိဘတ်၏၊ အာဒိမှိ–အစ၌ (ရှေ့၌)၊ ဗျဥ္ဇနံ–ဗျည်းသည်၊ အတ္ထိ ဣတိ ဗျဥ္ဇနာဒိ။

အသဗ္ဗ၊ ပေ၊ မိကာရတော–လိုက်သော ကွစိသဒ္ဒါကြောင့် ပြခဲ့သော အသဗ္ဗဓာတ် ဝိဘတ် ၃ မျိုးတွင် ဗျဥ္ဇနာဒိ အသဗ္ဗဓာတ် ဝိဘတ်နှောင်းရာ၌သာ ဣလာသည်၊ "ဗျဥ္ဇနာဒိမှေဝ"၌ ဧဝဖြင့် သရဝိဘတ် သရာဒိဝိဘတ် ၂ မျိုးကို ကန့်သည်၊ ဘာ့ကြောင့်နည်း– သရဝိဘတ် သရာဒိဝိဘတ်များ၌ ကပ်ဘွယ်သရရှိသဖြင့် "ဗဘူဝ,ဗဘူဝိံ" ဟု ရုပ်ပြီးနိုင်၍, ဗျဥ္ဇနာဒိ ဝိဘတ်နှောင်းရာ၌ "ဗဘူဝ်+တ္ထ" ဟု ဖြစ်သည့်အခါ (ဝ်)၏ ကပ်ရာ သရမရှိ သဖြင့် ပါဠိနှင့် လျော်အောင် ရုပ်မပြီးနိုင်သောကြောင့်တည်း။ [ဤအဓိပ္ပါယ်အရ ဖူကို ဘူဝ် ပြုသည့်အခါ (ဝ်)၌ သရမပါမှသာ ရှေ့နောက် အဆင်ပြေသည်၊ ဝ၌ သရ ပါနေ သေးလျှင် "ဗဘူဝတ္ထ" ဟု ရုပ်ပြီးနိုင်သောကြောင့် ဣလာရကျိုး မနပ်ဘဲ ရှိချိမ့်မည်။]

ဗျဥ္ဇနာဒေါပိ ကွစိနော သိယာ–"ဒဿတိ–ပေးလတ့ံ" စသော ပြယုဂ်၌ "ဒါ+ဿတိ" ဖြစ်၍ ဗျဥ္ဇနာဒိဖြစ်သော ဘဝိဿန္တိ အသဗ္ဗဓာတ် ဝိဘတ် နှောင်းသော်လည်း ဒါဓာတ်၌ သရပါပြီးဖြစ်၍ ကပ်ဘွယ် သရမလို၊ ထို့ကြောင့် ပါဠိတော်နှင့် လျော်အောင် ကွစိသဒ္ဒါ၏ တားမြစ်ချက်အရ ဣ မလာရတော့ပြီ။ [ဋီကာ၌ "တဒနုပယောဓေနာတိ ပရိဘာသတောစ ဗျဥ္ဇနာဒေါပိ ဗျဥ္ဇနပုဗ္ဗကေပိ အသဗ္ဗဓာတုကေ ပရေ ဒဿတိတျာဒိသု ကွစိ ဣကာရာဂမော နောသိယာ (န သိယာ တျဓေ္ဗာ)" ဟု ပါ၍မှန် ရှိစေ။]

www.dhammaransi.com



အခြားကုန်သော၊ စတသော - ကုန်သော၊ ဝိဘတ္တိယော - တို့ကို၊ အ သဗ္ဗ ဓာတုကန္တိ-အသဗ္ဗဓာတုက ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

တုမှေ့, ဗဟုဝိတ္တ ကိရ-ဖြစ်ကုန်ပြီတဲ့၊ အဟံ, ဗဟုဝံ (သိဥ္ "ဗဟုဝ") ကိရ-တဲ့၊ မယံ, ဗဟုဝိမှ ကိရ - ကုန်ပြီတဲ့၊ အတ္တနောပဒေ - ၌၊ သော, ဗဟုဝိတ္တ - ဖြစ်ပြီတဲ့၊ [ကိရ မပါသော်လည်း ကိရ အနက် ထည့်ပေး]၊ ပေ၊ ဗဟုဝိမှေ၊ ကမ္မနိ - ၌၊ အတ္တနောပဒေ - ၌၊ ဤကာရာဂမ ယပစ္စယိကာရာ ဂမာ - ဤလာခြင်း, ယပစ္စည်း သက်ခြင်း, ဣ လာခြင်းတို့သည် (ဟောန္တိ)၊ အနုဗဟုဝီယိတ္တ - ခံစားအပ်ပြီတဲ့၊ ယံ ပစ္စယဿ - ယ ပစ္စည်းကို၊ အသဗ္ဗ ဓာတုကမှိ - အ သဗ္ဗဓာတ် ဝိဘတ်ကြောင့်၊ ကွစိဓာတုတျာဒိနာ - ဖြင့်၊ လောပေ - ချေခြင်းကို၊ ကတေ - သော်၊ ဣဝဏ္ဏာဂမော - ဣဝဏ် လာခြင်းသည်၊ န ဘဝတိ - မဖြစ်၊ တယာ - သည်၊ အနုဗဟုဝိတ္တ - ခံစားအပ်ပြီတဲ့၊ အနုဗဟုဝိရေ-တဲ့၊ ဣစ္စာဒိ၊ ဘာဝေ-၌၊ ဗဟုဝီယိတ္တ-ဖြစ်ခြင်း, ဖြစ်ရာပြီတဲ့၊ ဗဟုဝိတ္တဝါ-လည်း ရှိ၏၊ [ယ ပစ္စည်းကို ချေသည် - ဟူလို၊] တထာ-ပါး၊ ပပစ-ချက်ပြီတဲ့၊ ပေ၊ ပပစိမှေ-ကုန်ပြီတဲ့၊ ကမ္မနိ-၌၊ ပပစ္စိတ္တ-ချက်အပ်ပြီတဲ့၊ ပပစ္စိရေ-ကုန်ပြီတဲ့၊ ပပစ္စ, ပပစ္စုဝါ-ဟုလည်း ရှိ၏၊ ဣစ္စာဒိ-တည်း၊ [ဣစ္စာဒိဖြင့် ညွှန်ရာ၌ နာမယောဂ အပြီးတွင် ညွှန်တတ်သည်၊ ထို့ကြောင့် "ပပစ္စိတ္တော, ပပစ္စိုဝါ ဣစ္စာဒိ"ရှိသည်ကား မကောင်း၊ "ပပစ္စ, ပပစ္စုဝါ ဣစ္စာဒိ"ဟု (ပရဿပုဒ်ပြန်လျက်ရှိသော)သိမူအတိုင်းသာ ကောင်းသည်။]

(၄၆၆) ဂမိမှိ – ဂမုဓာတ်၌ [ဂမိ၌ ဣဖြင့် ဓာတ်ကို ညွှန်ပြသည်၊] ကွစာဒိဝဏ္ဏာနန္တျာဒိနာ-ဖြင့်၊ ဒွေဘာဝေါ-သည်ရင်း၊ ပုဗ္ဗောဗ္ဘာသောတိ-သုတ်ဖြင့်၊ အဗ္ဘာသသညာ - သည်ရင်း (ဟောတိ)၊ အဗ္ဘာသေတိ-ပုဒ်သည်၊ ဝတ္တတေ။

ကဝဂ္ဂဿ စဝဂ္ဂေါ။ ။အဗ္ဘာသေ-၌၊ပေ၊ဟောတိ၊ ဣတိ-ဤသုတ်ဖြင့်၊ ဂကာရဿ — ဂ အက္ခရာ၏၊ ဇကာရော — ဇပြု၊ ကွစိ ဓာတုတျာဒိနာ - ဖြင့်၊

---

ဗ္ဗေဓ၊ ပေ၊ ဝုစ္စတိ — "န+သဗ္ဗဓာတုကံ" ဟု ဝိဂ္ဂြိုဟ်ပြု၍ ဟိယျတ္တနီ စသည်မှ တပါးသော ပရောက္ခာ စသော ဝိဘတ် ၄ သွယ်ကို အသဗ္ဗဓာတုက ဟု ခေါ်၏၊ ဤ၌ "န"သဒ္ဒါသည် သဒိသအနက်ဟောတည်း၊ဟိယျတ္တနီစသောဝိဘတ်များနှင့်ဝိဘတ်ချင်း တူသောကြောင့် "န+သဗ္ဗဓာတုကံ"အရ အသဗ္ဗဓာတ် ခေါ်သည်-ဟု ဋီကာဖွင့်၏၊ "တဒညာ"ပါဌ်ကိုထောက်လျှင်"န"သဒ္ဒါ အညအနက်ဟောသာ ဖြစ်သင့်၏၊ "သဗ္ဗ ဓာတ် ဝိဘတ်မှ တပါးသော အာချာတ် ဝိဘတ်များကို အသဗ္ဗဓာတ် ခေါ်သည်"ဟူလို။

www.dhammaransi.com



အနဗ္ဘာသဿ - အဗ္ဘာသ မဟုတ်သော သရ၏၊ ပဌမ ပုရိသေက ဝစနံမို-ပဌမပုရိသ် ဧကဝုစ်ဝိဘတ်ကြောင့်၊ ဒီဃော-ဒီဃပြု၊ သော-သည်၊ ဂါမံ-သို့၊ ဇဂါမကိရ - သွားပြီတဲ့၊ ဇဂမ၀ါ - ဇဂမ ဟုလည်း ရှိ၏၊ပေ၊ ဇဂမိမှ - သွားကုန်ပြီတဲ့၊ ကမ္ဗနိ-၌၊ ဇဂမီယိတ္ထ-သွားအပ်ပြီတဲ့၊ ဇဂမိတ္တဝါ-(ယပစ္စည်းကို ချေ၍) ဇဂမိတ္ထ ဟုလည်း ရှိ၏၊ ဣစ္စာဒိ၊....ပရောက္ခာဝိဘတ္တိ-သည် (နိဋ္ဌိတာ)။

## အဇ္ဇတနီ ဝိဘတ်ခဏ်း

(၄၆၇) အဇ္ဇတနီ၊ပေ၊အမှ။ ။ဤ အာဒယော-ဤ အစရှိကုန်သော၊ ဒွါဒသ အဇ္ဇတ္တနီသညာ ဟောန္တိ၊ အဇ္ဇ-ယနေ့မှ စ၍၊ ဘဝေါ-ဖြစ်သော ကြိယာသည်၊ အဇ္ဇတနော - မည်၏၊ တံဒီပကတ္တာ - ထိုယနေ့မှစ၍ဖြစ်သော ကြိယာကို ပြတတ်သည်၏ အဖြစ်ကြောင့်၊ အယံ ဝိဘတ္တိ - ဤ ဝိဘတ်ကို၊ အဇ္ဇတနီတိ-ဟူ၍၊ ပဝုစ္စတိ-၏။

---

(၄၆၆) ဇဂါမ ဇဂမ ဝါ—ဂမုဓာတ် အ ဝိဘတ်, ဒွေဘော်ပြု, ဤသုတ်ဖြင့် အဗ္ဘာသ ဖြစ်သော ဂကို ဇပြု (ဇဂမ) ကွစ်ဓာတု သုတ်ကြီးဖြင့် အဗ္ဘာသ မဟုတ်သော ဂ၏ အကို ဒီဃပြု (ဇဂါမ) ဒီဃ မပြုလျှင် (ဇဂမ)ဟု အ ဝိဘတ်ဖြင့် ၂ ရုပ်ရှိ၏၊ ဉ စသော ဝိဘတ်များ၌ကား ဒီဃပြုရုပ် မရှိ၍ "ဇဂမု"စသည်ဖြင့်သာ ပြသည်၊ သို့သော် ပုံစံများ၌ကား "နာဟံ ကာလိင်္ဂံ ဇဂါမိံ"ဟု ဒီဃရုပ်ကိုလည်း တွေ့ရသည်။ ["အံ+ဣံ=အ+ဣ"ဟု ပါဠိ၌ ၂ ထွေရှိသည့်အတိုင်း"ဇဂမံ=ဇဂမ၊ဇဂမိံ=ဇဂမိ"ဟု မှ ၂ မျိုးရှိပုံကိုလည်း သတိပြု။]

[ဆောင်] ဝိဘတ် ပရောက္ခာ, အ—ကြောင့်သာလျှင်, အဗ္ဘာ-မဟု, ဂမုဒီဃ, ပြုထုံးပြ၍, သေသဝိဘတ်, မပြုအပ်ဟု, သတ်မှတ်ထားဟန်, ရှိကုန်ပြန်လည်း, ပုံစံ ခပင်း, ရှာဖွေလျှင်းက, ကြွင်းဝိဘတ်မှာ, ဒီဃပါ, ရံခါတွေ့ရသည်။

(၄၆၇) ["အံ+မှေ=အ+မှ"ဟု ပါဠိ၌ ၂ ထွေ ရှိသည်၊ နောက်၌ "ဩ အာ အ ဝစနာနံ ဣတ္ထ အမာဒေသော"ဟုဆိုလတ္တံ့ဖြစ်၍ ရူပသိဒ္ဓိအလို"အ"သာပါဠိမှန်တည်း။] "အဇ္ဇ+ဘဝေါ"၌ကာလောဂဲ့ဂွဲ၍"အဇ္ဇဘနော"ဟုထား၏၊ ထို အဇ္ဇတနကာလကို ပြသော ဝိဘတ်လည်း "အဇ္ဇတနေ—ယနေ့မှစ၍ ဖြစ်သော အတိတ်ကြိယာ အနက်၌+ ဘဝါ—ဖြစ်သော ဝိဘတ်တည်း"ဟူသော ဘဝတဒ္ဓိတ်အရ"အဇ္ဇတနီ"မည်၏၊ တဒ္ဓိတ် "ယဒနုပပန္နာ"သုတ်၌ကား"အဇ္ဇ+ဘဝါ"ဟု ဝိဂ္ဂြဟ်ပြု၍ "အဇ္ဇဘနီ"ပြီးပုံကို ပြခဲ့ပြီ၊ သူ့နည်းနှင့်သူသင့်သည်ချည်းဖြစ်၍ တမျိုးစီပြထားဟန်တူသည်။ [အဇ္ဇတနီဝိဘတ်သည် ယနေ့အတွင်း၌ လွန်ပြီး ကြိယာကိုသာ ဟောသည် မဟုတ်, ယနေ့မှစ၍ လွန်လေသမျှ ကြိယာကို ဟောနိုင်သောကြောင့်, "အဇ္ဇ—ယနေ့မှစ၍"ဟု ပေးလိုက်သည်။]

www.dhammaransi.com



(၄၆၈) အတီတေတိစ အပစ္စက္ခေတိစ ပစ္စက္ခေတိစ ဝတ္တတေ၊ [“အပစ္စက္ခေ ပရောက္ခာ တီတေတိ ဣတော အပစ္စက္ခေ အာတီတေတိစ ဟိဒယျာ၊ပေ၊ ပစ္စက္ခေတိစ ဝတ္တတေ”ဟု ဋီကာ ရှိသောကြောင့် “အတီတေ အပစ္စက္ခေ ပစ္စက္ခေတိစ ဝတ္တတေ”ဟု ရှိစေ။]

**သမီပေ,ဇ္ဇတနီ။** ။သမီပေ – အနီး ဖြစ်သော၊ သမီပတော – အနီး ဖြစ်သော ကြိယာမှ၊ ပဋ္ဌာယ – စ၍၊ အဇ္ဇ ပဘုတိ – ယနေ့မှစ၍၊ ပစ္စက္ခေစ အ ပစ္စက္ခေစ အတီတေ ကာလေ အဇ္ဇတနီ ဝိဘတ္တိ ဟောတိ [ဤ ဖွင့်ပုံမှာ ကစ္စည်းဝုတ္တိနှင့် သဘော တူသောကြောင့် အဓိပ္ပါယ်ကို ကစ္စည်းဘာသာ ဋီကာမှာ ရှု၊] ဣဘိ–ဤသုတ်ဖြင့်၊ အဇ္ဇတနီ ပရဿပဒ ပဌမပုရိသေကဝစနံ– သော၊ ဤ-ဤ ဝိဘတ်သက်၊ ပုရေ ဝိယ-ရှေးရှုပ်၌ကဲ့သို့၊ အကာရာဂမော– အ အက္ခရာလာခြင်းသည်ရင်း၊ ဝုဒ္ဓါဒိစ–ဝုဒ္ဓိ အစရှိသော အစီအရင်သည်ရင်း၊ (ဟောတိ)၊ ကွစိဓာတု ဝိဘတ္တိတျာဒိနာ – ဖြင့်၊ ဤမှာဒိ ဝိဘတ္တိနံ–ဤ, မှာ အစရှိသော ဝိဘတ်တို့၏၊ ကွစိ-၌၊ ရဿတ္တံ-ရဿအဖြစ်သည်ရင်း၊ ဩအာ အ ဝစနာနံ-ဩ, အာ, အ ဝိဘတ်တို့၏၊ ဣ, တ္ထ, အ မာဒေသာစ – ဣ အပြု, တ္ထ အပြု, အံ အပြုတို့သည်ရင်း၊ (ဟောန္တိ)၊ သရလောပါဒိ-သည် (ဟောတိ)၊ သော-သည်၊ အဘဝိ - ဖြစ်ပြီ၊ အဘဝိဝါ – ၏၊ အကာရာဂမာဘာဝေ – အ အက္ခရာလာခြင်း မရှိရာ၌၊ ဘဝိ-ဖြစ်ပြီ။

(၄၆၉) မဏ္ဍူကဂတိယာ-ဖြင့်၊ ပါတိ ဝတ္တတေ၊....

**သဗ္ဗတော ဉံ ဣံသု။** ။ပေ၊ ဣံသွာဒေသော – ဣံသု အပြုသည်၊ ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ တေ ထိုသူတို့သည်၊ အဘဝိံသု-ကုန်ပြီ၊ ဘဝိံသု ဝါ-လည်း ရှိ၏၊ အဘဝုံ ဘဝုံဝါ-လည်း ရှိ၏၊ တုံ့ အဘဝိ-ပြီ၊ ဘဝိဝါ- လည်း ရှိ၏၊ အဘဝေါ ဘဝေါဝါ-၏၊ [“ဘဝိ”ကား ဩကို ဣ ပြုရုပ်၊ “ဘဝေါ”ကား ဩအတိုင်း ရုပ်၊] တုမှေ, အဘဝိတ္ထ ဘဝိတ္ထဝါ၊ ဣကာရာ ဂမော-ဣလာ၊ အဟံ အဘဝိံ ဘဝိံဝါ၊ မယံ အဘဝိမှ ဘဝိမှ ဝါ [မှာ၌ ရဿ ပြုရုပ် ] အဘဝိမှာ ဘဝိမှာဝါ [ ရဿ မပြုဘဲ ရုပ် ] သော-သည်၊

---

၄၆၈။ ။ဤအဖွင့်များ၌“သမီပတော ပဋ္ဌာယ”သည်“သမီပေ”ကိုအနက်ပေးဘို့ သဒ္ဒါနက် တိုက်ရိုက်ဖွင့်ခြင်း မဟုတ်, ဖြစ်သင့်သော အဓိပ္ပါယ်ကို ဖွင့်ပြသော အဓိပ္ပါယ် ဖွင့်သာ၊ ကစ္စည်းဝုတ်၌ “အဇ္ဇပဘုတိ”ဟု ရှိသောကြောင့် ထို ကစ္စည်းဝုတ္တိနှင့် ထပ်မိ အောင် “သမီပတော ပဋ္ဌာယ”ကို “အဇ္ဇပဘုတိ” ဟု ရှုသင့်၍ ထပ်၍ ဖွင့်ပြန်သည်။

www.dhammaransi.com



အဘာဝိတ္ထ ဘာဝိတ္ထဝါ [အာကို ထ္ထ ပြုရပ်] အဘာဝါ ဘာါဝါ၊ပေ၊အဘာဝိမှေ ဘာဝိမှေဝါ။

ကမ္မနိ-၌၊ ယ ပစ္စယလောပေ-ယ ပစ္စည်း ကြေပြီးသော်၊ ဝုဒ္ဓိ အဝါဒေသာဒိ-ဝုဒ္ဓိ အဝ အပြု အစရှိသော အစီအရင်သည် (ဟောတိ)၊ တယာ-သည်၊ သုခံ၊ အနုဘာဝိတ္ထ - ခံစားအပ်ပြီ၊ အနုဘူယိတ္ထ၊ အနု ဘူယိတ္ထ ဝါ-လည်း ရှိ၏၊ ဣစ္စာဒိ-တည်း၊ ပရဿပဒတ္တေ-၌၊ တယာ, အနုဘူယိ အနုဘူယိ-ခံစားအပ်ပြီ၊ပေ၊ အနုဘူယိမှာ အနုဘူယိမှာ ဝါ၊ ဘာဝေ-၌၊ တယာ, အဘာဝိတ္ထ အဘူယိတ္ထ-ဖြစ်ခြင်း ဖြစ်ရာပြီ။

သော, အပစိ ပစိ-ချက်ပြီ၊ အပစိ ပစိဝါ-လည်း ရှိ၏၊ တေ, အပစိံသု ပစိံသု အပစုံ ပစုံ-ကုန်ပြီ၊ ပေ၊ ဣစ္စာဒိ-တည်း၊ ["အပစိဝံ" နောက်၌ "တထာ"ဟု ရှိသည်ကား အပို, သိဒ္ဓိ၌လည်း မပါ၊ "အပစံ, ပစံ, အပစ, ပစ, ဝါ"၌ "စံ-ပစ"တို့သည် ရှိနိုင်သကဲ့သို့ "ပစိသေ-ပစိဝံ"တို့လည်း ရှိနိုင်၏၊ သိမှူမှာကား "ပစု-ပစ-ပစိမှေ"တို့လည်း မပါ၊] ကမ္မနိ-၌၊ပေ၊ ပရဿပဒတ္တေ-၌၊ အပစ္စိ ပစ္စိ-ချက်အပ်ပြီ၊ပေ၊အပစ္စိမှာ ပစ္စိမှာ ဝါ။

သော, ဂါမံ အဂစ္ဆိ ဂစ္ဆိ-သွားပြီ၊ အဂစ္ဆိ ဂစ္ဆိဝါ-လည်း ရှိ၏၊ပေ၊ အဂစ္ဆိမှာ ဂစ္ဆိမှာဝါ၊ ကွစိဓာတု ဗျာဒိနာ - ဖြင့်၊ အဇ္ဇတနိမှိ - ကြောင့်၊ ဂမိဿ - ဂမုဓာတ်၏၊ စ္ဆဿ - စ္ဆ၏၊ ကွစိ-၌၊ ဥာဒေသော - ဥ္ဆပြု၊ သော, အဂဥ္ဆိ ဂဥ္ဆိ - သွားပြီ၊ အဂဥ္ဆိ ဂဥ္ဆိဝါ၊ပေ၊အဂဥ္ဆိမှာ ဂဥ္ဆိမှာဝါ၊ စ္ဆာဒေသာ ဘာဝေ-စ္ဆအပြု မရှိရာ၌ ["ဥ္ဆာဒေသာ ဘာဝေ"ဟု ပါ၌ပျက်တတ်၏၊ စ္ဆမှ ဥ္ဆ ဖြစ်ရသောကြောင့် စ္ဆ မပြုလျှင် ဥ္ဆ အပြုမှာ ဆိုဘွယ်မရှိပြီ၊] သော, အဂမီ ဂမီ-သွားပြီ၊ အဂမိ ဂမိဝါ။

ကရဿ ကာသတ္တ မဇ္ဇတနိမှိတိ ဧတ္ထ-ဟူသော ဤသုတ်၌၊ ဘာဝနိဒ္ဒေသေန-ကာသတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့်သော်ရင်း၊ သတ္တ မဇ္ဇတနိမှိတိ ယောဂဝိဘာဂေနဝါ-ဖြင့်သော်ရင်း၊ သာဂမော-(သ)လာ၊ အဂမာသိ-ပြီ၊ သာဂမေ - (သ) လာပြီးသော်၊ ကွစိဓာတုဗျာဒိနာ-ဖြင့်၊ ဗျဥ္ဇနတော-

---

ကရဿ ကာသတ္တ၊ပေ၊ဇ္ဇမှေသု ကွစိ—[ဤပါဌ်၌ မြန်မာမူနှင့် သီဟိုဠ်မူ မတူကြ၊ မြန်မာမူအတိုင်း အနက်ပေးထားသည်၊] ကရဿ ကာသတ္တ မဇ္ဇတနိမှိ သုတ်၌ ဘာဝနိဒ္ဒေသ—ယောဂဝိဘာဂတို့ အဓိပ္ပါယ်ကို ထိုသုတ်ကျမှ ပြအံ့၊ အ ဂမာသိ၌ "အ+ဂမ်+ ဥ" ဟု ဖြစ်သည့်အခါ ယို ဘာဝနိဒ္ဒေသ သို့မဟုတ်—ယိုယောဂဝိဘာဂဖြင့် (သ်) လာ,

www.dhammaransi.com



ဂမုဓာတ်၏ (မ်)ဗျည်းမှ နောက်၌၊ အာကာရာဂမော - အာ လာသည်ရှင်း၊ ဥုံဝစနသ္မာ - ဥုံဝိဘတ်၏၊ ကွစိ - ၌၊ အံသွာဒေသော - အံသုအပြုသည်ရှင်း၊ တ္တမေ့သု-တ္တ, မှ ဝိဘတ်တို့ကြောင့်၊ ကွစိ-၌၊ ဥအာဂမောစ - ဥလာသည်ရှင်း (ဟောတိ)၊ အဂမိံသု ဂမိံသု၊ပေ၊အဂမိမှာ ဂမိမှာ ဝါ။

ကွစိဓာတုဘျာဒိနာ-ဖြင့်၊ ဂမိဿ-၏၊ အဇ္ဇတနိမှိ-ကြောင့်၊ ဂါအာဒေသောစ-ဂါ အပြုသည်လည်း၊ (ဟောတိ)၊ သော-သည်၊ အဇ္ဈဂါ-ရပြီ၊ ပရလောပေါ-နောက် သရကိုချေ၊ တေ, အဇ္ဈဂုံ-ရကုန်ပြီ ၊ ပေ ၊ အဇ္ဈဂုတ္ထ ၊ ပေ ၊ အဇ္ဈဂုမှ၊ အတ္တနောပဒေ-၌၊ သော, အဂစ္ဆိတ္ထ ဂစ္ဆိတ္ထ အဂဉ္ဆိတ္ထ ဂဉ္ဆိတ္ထ-သွားပြီ၊ [အာကို တ္ထ ပြုရပ်၊] ဣစ္စာဒိ-တည်း၊ စ္ဆာဒေသော ဘာဝေ-စ္ဆ အပြု မရှိရာ၌၊ သော, အဂမိတ္ထ၊ပေ၊အဂမူ ဂမူ - သွားကုန်ပြီ၊ အဇ္ဈဂူ - ရကုန်ပြီ၊ အဂူ - သွားကုန်ပြီ၊ [အဓိပုဗ္ဗ ဂမုဓာတ်, ဥုံဝိဘတ်, (အ)လာ (အဓိ အဂမ်ဥုံ) ကွစိဓာတုဖြင့် ဂမ်ကို ဂါပြု၊ အဇ္ဈောအဓိဖြင့် အဓိကို အဇ္ဈပြု ဂခွင်း ချေကပ် (အဇ္ဈဂူ), အဓိရှေး မရှိလျှင် "အဂူ"။]

တံ - သည်၊ အဂမိသေ ဂမိသေ - ပြီ၊ အဂမိပုံ ဂမိပုံ - သွားကုန်ပြီ၊ [ဂမိသေ, ဂမိပုံတို့ သိဒ္ဓိ မပါ၊] အဟံ, အဂမံ ဂမံ အဂမ ဂမ-သွားပြီ၊ အဇ္ဈဂါပါ-လည်း ရှိ၏။ [မြန်မာမူ၌ "အဇ္ဈဂံပါ"ဟု-ရှိ၏၊] အဂမိမှ

---

ယို့နောက် ကွစိဓာတုဖြင့် (မ်) ဗျည်းနောင် အာလာ, ၉ ကိုလည်း ရဿပြု "အဂမာသိ" ဖြစ်၏။ ["အကာရာဂမော"၌ "အာကာရာဂမော"ဟု ရှိမှ "မာ"ဟု ဖြစ်မည်။]

**ဥုံဝစနဿ ကွစိ အံသွာဒေသော။** ။ဤ"အံသု"ကိုလည်း ကွစိဓာတုဖြင့်ပင် ပြုရသည်၊ "အဂမံသု"ကား ပုံစံ၊မောဂ္ဂလ္လာန်၌ "ဥံဿိံ သွံသု"ဟုသုတ်တည်၏၊ "ဥုံကို ဣံသု, အံသုပြု"ဟူလို၊ အံသု သာမက သဒ္ဒနီတိ၌ "ဒိသတာသုံ"ဟု သုတ်တည်၍ ဒိသ ဓာတ်နောင် ဥုံကို အာသုံလည်းပြု၍ "အဒ္ဒသာသုံ"ဟု မိန့်သည်။

**ဥစာဂမော တ္ထမှေသု။** ။ဤ"ဥ"လာခြင်းလည်း ကွစိဓာတုဖြင့်ပင်တည်း၊ "အဂမုတ္ထ—အဂမုမှာ"တို့ကား ပုံစံ။ ["ဥ စာဂမောစ"ဟု စတလုံးပို၏၊သိဒ္ဓိ၌ မပါ၊ဤသို့လျှင် ကွစိဓာတု သုတ်ဖြင့် အာပြုခြင်း—အံသုပြုခြင်း—ဥလာခြင်းတို့ကို စီရင်ရမည် ဖြစ်သော ကြောင့် "အဂမာသိ၊ သာဂမေ ကွစိဓာတုဘျာဒိနာ ဗျဥ္ဇနတော အာကာရာဂမော၊ပေ၊ တ္ထမှေသု"ဟု ရှိသော မြန်မာမူသာ ကောင်း၏၊ သိဒ္ဓိကား တမျိုးရှိလေသည်။]

**သော အဇ္ဈဂါ၊ပေ၊အဟံ၊ပေ၊အဇ္ဈဂါ**—သော အဇ္ဈဂါ၌ "အဓိပုဗ္ဗ ဂမုဓာတ် ဥ ဝိဘတ်"ဓာတ်၏ အစ၌ အ—လာ, အဓိကို အဇ္ဈပြု, ကွစိဓာတုဖြင့် ဂမ်ကို ဂါပြု (အဇ္ဈဂါ+ဥ) နောက်ဝိဘတ် သရကို ချေ၊ စ္ဆ မပြုရာ၌ "အဟံ အဂမံ, ဂမံ, အ,ဂမ

ဂမိဿေ-သွားကုန်ပြီ၊ ကမိဿံ-၌၊ ဂါမော-ရွာသို့၊ ယော-ထိုသူသည်၊ အဂစ္ဆိ ယိတ္ထ၊ပေ၊ဂမိတ္ထ-သွားအပ်ပြီ။ [ယပစ္စည်းချေ၍ ဂမိတ္ထ ဖြစ်သည်၊] ဣစ္စာဒိ-တည်း၊ ပရဿပဒတ္တေ-၌၊ အဂစ္ဆိယိ-သွားအပ်ပြီ၊ အဂမိယိဝါ-၏၊ အဂစ္ဆိယုံ အဂမိယုံ ဝါ၊ တထာ-ထိုမှတပါး၊ အဃမ္မိ-သွားပြီ၊ အဃမ္မိံသု၊ ဣစ္စာဒိ။ ["အဃမ္မိယုံ"ဟု တချို့စာရှိ၏၊ ပါဠိပျက်။]

(၄၇၀) ဟိယျတ္တနီတိ အဇ္ဇတနီတိစ ဝတ္တတေ၊....

**မာ ယောဂေ သဗ္ဗကာလေစ။** ။ယဒါ-အကြင်အခါ၌၊ **မာယောဂေ**ါ- "မာ"ဟူသော နိပါတ်ပုဒ်နှင့် ယှဉ်ခြင်းသည် (ဟောတိ)၊ တဒါ-ထိုအခါ၌၊ ဟိယျတ္တနီ အဇ္ဇတနီ ဝိဘတ္တိယော - ဟိယျတ္တနီ အဇ္ဇတနီ ဝိဘတ်တို့သည်၊ သဗ္ဗကာလေပိ - အလုံးစုံသော ကာလ၌လည်း၊ ဟောန္တိ၊ စသဒ္ဒေန - ဖြင့်၊ ပဥ္စမိစ - ပဥ္စမီ ဝိဘတ်လည်းသက်၊ မာဘဝတိ - မဖြစ်ဆဲ၊ ဣတိအတ္ထေ - ဤအနက်၌ရင်း၊ မာဘဝိ-မဖြစ်ပြီ၊ ဣတိ အတ္ထေဝါ-ရင်း၊ မာ ဘဝိဿတိ- မဖြစ်လတ္တံ၊ ဣတိ အတ္ထေဝါ-ရင်း၊ [မာဘဝိဿာ-မဖြစ်ရာပြီ၊ ဣတိ အတ္ထေဝါ-ရင်း၊ (ဤပုဒ် သိမှူ၌ မပါ၊)] ဟိယျတ္တနဇ္ဇတနီ ပဥ္စမီဝိဘတ္တိယော-တို့သည်၊ (ဟောန္တိ)၊ [အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။] သေသံ

ဂမ အဇ္ဇုဂါ''(မြန်မာမှု၌''အဇ္ဇုဂံ'')ဟုရှိသေး၏၊ထိုတွင် အဇ္ဇုဂံဟုရှိလျှင် ဂါပြုပြီးနောက် အံသို့ ခွင်းချေ ကပ်ရှိသာ၊ အဇ္ဇုဂါဟု ရှိရာ၌ကား ဂမ်ကို ဂါပြုပြီးနောက် ကွစ်ခြေတုဖြင့် အမှယောဂ (အ) ဝိဘတ်ကို တချို့မှုအလို (အံ) ဝိဘတ်ကို အာ ပြုပြီးမှ ဂါကို ခွင်း၍ နောက်အာသို့ကပ်ရလိမ့်မည်၊ထို''အဇ္ဇုဂံ-အဇ္ဇုဂါ'' ၂ ရုပ်တွင်''တဏှာန် ခယ မဇ္ဇုဂါ'' ဟု ပဌမဗုဒ္ဓဝစနပါဠိတော်ရှိသောကြောင့်''အဇ္ဇုဂါ''ရုပ်က သာ၍ကောင်းဘွယ်ရှိသည်။

သိလက္ခန်ဋီသစ်။ ။အဇ္ဇုဂါတိစ အဇ္ဇတနီယ မာတ္တမိဝါ အံဝါတိ ဝဒန္တိ၊ ယဒိ ပန စိတ္တမေဝ ကတ္တာ, တဒါ ပရောက္ခာယေဝ။ [အဇ္ဇုဂါ၌ "အဟံ"ဟု ကတ္တားထည့်ရသောကြောင့် အဇ္ဇတနီ ဥံကို ဖြစ်စေ အံ ကို ဖြစ်စေ အာ ပြုရမည်၊အကယ်၍ ကတ္တားကို "စိတ္တံ"ဟု ထည့်လျှင် ပရောက္ခာ အ ဝိဘတ်ပင် ဖြစ်သည်-ဟူလို၊ ထို၌ "ဘုရားရှင်၏ မျက်ကွယ် မဟုတ်သောကြောင့် ပရောက္ခာ ဝိဘတ် ဟု ဆိုသည်ကို ဆင်မြင်၊ "သော အဇ္ဇုဂါ"ကဲ့သို့ အဇ္ဇတနီ အာ ဝိဘတ်သာ ဖြစ်သင့်မည်၊ "အဇ္ဇတနီယ မာတ္တမိဝါ အံဝါ"ကား ယဒ္ဒနီတိသုတ်တည်း၊ ထို့ကြောင့် "ဝဒန္တိ"ဟူရာ၌ သဒ္ဒနီတိဆရာကိုပင် ဆိုဟန်တူသည်။]

မာ ဘဝတိ၊ပေ၊ဘဝိဿတိ-"မာ ဘဝတိ၊ပေ၊အတ္ထေ"ကား"မာဘဝါ မာဘဝိ" ရုပ်တို့၏အနက်ကို ပြသော ပုဒ်တို့တည်း၊ မာ ဘဝတိဟူသော ပစ္စုပ္ပန်အနက်, မာ ဘဝိ ဟူသော အတိတ် အနက်, မာ ဘဝိဿတိ ဟူသော အနာဂတ် အနက်, ဤအားလုံး

www.dhammaransi.com



ကြွင်းသော အစီရင်ကို၊ နေယျံ - သိအပ်၏၊ ဝါ - သိလောက်ပြီ၊ သော - ထိုသူသည်၊ မာဘဝါ, မာဘဝိ-မဖြစ်လင့်၊ တေ-သင်အား၊ အန္တရာယာ- အန္တရာယ်တို့သည်၊ မာဘဝန္တု-မဖြစ်ပါစေကုန်သတည်း၊ မာပစာ, မာပစိ- မချက်လင့်၊ မာပစတု-မချက်လင့်၊ မာဂစ္ဆာ, မာဂစ္ဆိ, မာဂစ္ဆတု-မသွားလင့်၊ ကိစ္စ-တစုံတခုသော၊ ပါပံ-မကောင်းမှုသည်၊ မာ အာဂမာ-မရောက်လာပါ စေလင့်၊ မာ အဂမီ, မာ အာဂမ, မာ ဂမိ, မာ ဂမေတု-မသွားလင့်၊ တွံ-သင်သည်၊ မာဂစ္ဆော, မာဂစ္ဆိ, မာဂစ္ဆာဟိ-မသွားလင့်၊ [ဂမေတုဉ္စ "လောပဒ္ဓေတ္တ မကာရော"ဖြင့် အ-ကို ပြေ၊ တုမှယောဂ မာဂစ္ဆိ၌ ဩဝိဘတ်ကို ဣပြု၊] ဣစ္စာဒိ-တည်း၊ အဘီတကာလိက ဝိဘတ္တိ-အတိတ်ကာလ ရှိသော ဝိဘတ်သည် (နိဋ္ဌိတာ)။

---

ပေါင်းလျှင် ကာလ ၃ ပါးစုံ၏၊ ထို အနက်များ၌ ဟိယျတ္တနီ သက်၍ "မာဘဝါ"ဟုရင်း အဇ္ဇတနီသက်၍"မာ ဘဝိ"ဟုရင်း ဖြစ်သည်။ ["မာ ဘဝိဿာ"ဟု ကာလာတိ ပတ္တိ အနက်ကိုလည်း မြန်မာမှု၌ တွေ့ရသေး၏၊ သိမ္မှု၌ မပါ၊ သုတ်၌ "သဗ္ဗကာလေ"အရ "မာ ဘဝတိ, မာ ဘဝါ, မာ ဘဝိဿတိ"ဟု ကာလ ၃ ပါး စုံရှိပြခြင်းသာ ကောင်း၏၊ "မာ ဘဝိဿာ"ဟု ကာလာတိပတ္တိကို ပြခြင်းကား မိုဟန်တူသည်။]

**တနည်း**—သဗ္ဗကာလ၌"ကာသ"အရ ကြိယာကို ယူလျှင် ကာလာတိပတ္တိကြိယာ လည်း ပါဝင်နိုင်သောကြောင့် "မာ ဘဝိဿာ" အနက်ပြခြင်းလည်း သင့်သည်ပင်၊ ထို့ကြောင့် သဒ္ဒနီတိ၌လည်း "မာဘဝိဿာ"ဟူသော ကာလာတိပတ္တိ အနက်ကိုပါ ပြထားသည်၊ ဤအနက်ပြပုံအလိုက် "မာ ဘဝါ—မဖြစ်ဆဲ, မဖြစ်ပြီ, မဖြစ်လတ့်, မဖြစ် တန်ရာ"ဟု အနက် ၄ မျိုးတွင် ကျမ်းဂန်တို့၌ အရေဌာနအားလျော်စွာ သင့်တော်သော အနက်တခုခုကို သုံးစွဲခွင့်ရှိ၏၊ သဒ္ဒနီတိကား ထိုအနက် ၄ မျိုးကို ကစ္စည်းသုတ် အလိုကျ ဖွင့်ပြပြီး၍"သဗ္ဗမေတံ အတ္တကထနံ အဋ္ဌကထာသု နဒိဿတိ-ဤအားလုံး အနက်ဆိုပုံကို အဋ္ဌကထာတို့၌ မတွေ့ရ"ဟု ပယ်ချလေသည်။

**သေသံ နေယျံ**—ဘူဟည့်,ဘူ=သဗ္ဗဝါယံဟူသော အနက်၌ ဝေတ်မည့်,"မာ ဘဝတိ မာ ဘဝါ မာ ဘဝိဿတိ"ဟူသော(ဤကျမ်းအလို)ကာလ ၃ ပါးအနက်၌ မာယောဂေ သဗ္ဗကာလေစသုတ်ဖြင့် ဟိယျတ္တနီစသည်သက်၊ဤသို့ ကာလ၃ပါးအနက်၌ ဤသုတ်ဖြင့် ဝိဘတ်သက်ရခြင်း အစီအရင်မှ ကြွင်းသော ဘူ၏ဥကို ဩပြုရခြင်း ဩကို အဝပြုရခြင်း စသော အစီအရင်တို့မှာ ရှေး ဘဝတိ စသော ရုပ်တို့ကို နည်းမှီ၍ သိပါလေ ဟု ပြလို၍ "သေသံ နေယျံ"ဟု မိန့်သည်။

www.dhammaransi.com

## ဘဝိဿန္တိ ဝိဘတ်ခဏ်း

(၄၇၁) ဘဝိဿန္တိ ဿတိ၊ပေ၊ဿာမှေ။ ။ဿတျာဒိနံ – ဿတိ အစရှိကုန်သော၊ ဒွါဒသန္နံ-ကုန်သော၊ ဝစနာနံ–ဝိဘတ်တို့၏၊ ဘဝိဿန္တိ သညာ-ဘဝိဿန္တိ အမည်သည်၊ ဟောတိ-၏၊ ဘဝိဿန္တ ကာလ ဒီပ ကတ္တာ-အနာဂတ်ကာလကို ပြတတ်သည်၏ အဖြစ်ကြောင့် [ ဋီကာ၌ "ဘဝိဿတိကာလယောဂတော"ဟု ရှိ၏၊] အယံ-ဤဝိဘတ်ကို၊ ဘဝိဿန္တိတိ-ဘဝိဿန္တိ ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

(၄၇၂) အနာဂတေ ဘဝိဿန္တိ။ ။အနာဂတေ – ၌၊ ဘဝိဿန္တိ ဝိဘတ္တိ ဟောတိ၊ အနေက ဇာတိသံသာရံ, သန္ဓာဝိဿံတိ အာဒိသု-အစရှိသော ပါဠိတို့၌၊ တံ ကာလ ဝစနိစ္ဆာယာ - ထို အနာဂတ် ကာလဖြင့်

---

(၄၇၁) ဿတျာဒိနံ၊ပေ၊ဘဝိဿန္တိ သညာ ဟောတိ— "ဿတျာဒိနံ ဝစနာနံ"တို့ကို "ဘဝိဿန္တိသညာ"၌စပ်၊ "ဿတိစသော ဝိဘတ် ၁၂ လုံးတို့၏+ဘဝိဿန္တိ အမည်"ဟူလို၊ ထို ဘဝိဿန္တိ အမည်သည် တခု (တနာမည်) သာ ဖြစ်ရသောကြောင့်"သညာ+ဟောတိ"ဟု ဧကဝုစ်ဖြင့် ရှိရမည်၊ သီမူ၌လည်း ဧကဝုစ်ဖြင့်ပင် ရှိ၏၊ "ဟောန္တိ"ဟု ဗဟုဝုစ်ရှိသည်ကို ဆင်ခြင်။

ဘဝိဿန္တ ကာလ၊ပေ၊ဝုစ္စတိ—"ဘဝိဿတိ ဂမာဒိဟိ ဏီ ဃိဏ်"သုတ်၌ သတ္တမီ ဝိဘတ်ဖြင့် "ဘဝိဿတိ"ဟု ရှိ၏၊ သတ္တမီဖြင့် "ဘဝိဿတိ"ဟုရှိလျှင် ပဌမာဝိဘတ်ဖြင့် "ဘဝိဿန္တော"ရုပ်လည်း ရှိနိုင်၏၊ ဘူဓာတ်, သေသေ ဿန္တ၊ မာနာနာ—သုတ်ဖြင့် ဿန္တ၊ ပစ္စည်းသက်, ဣအာဂံ၊ "ဘဝိဿတိတိ ဘဝိဿန္တော ကာလော=ဖြစ်လတ္တံ့သောကြိယာ (အနာဂတ်ကြိယာ) တည်း။" "ထို ဘဝိဿန္တကြိယာကို ပြတတ်သည်"ဟု ဆိုလျှင် "ဘဝိဿန္တကြိယာ၌+ဖြစ်သည်"ဟု ဆိုခြင်းနှင့် သဘောတူသောကြောင့် "ဘဝိဿန္တေ–ဖြစ်လတ္တံ့သော ကြိယာ၌+ဘဝါ-ဖြစ်သော ဝိဘတ်တည်း"ဟု ဝိဂ္ဂဟပြု၊ ဤဝိဂ္ဂဟ်အရ ဘဝအနက်၌ ဏပစ္စည်းသက်, ဣတ္ထိဇောတက ဤပစ္စည်းလည်း သက်၍ "ဘဝိဿန္တီ"ဟု ပြီးသည်၊ "ပရောက္ခေ+ဘဝါ ပရောက္ခာ"၌ကဲ့သို့ ဏ ပစ္စည်းသက်သော်လည်း "ဘဝ"ဟု ဝုဒ္ဓိ မပြု။

မှတ်ချက်။ ။ယခုစာတို့၌ကား "ဘဝိဿန္တိ"ဟု မရှိဘဲ "ဘဝိဿန္တိ"ဟု ရှိ၏၊ ထိုအလို "ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့" ဟူသော အနက်ဟော "ဘဝိဿန္တိ"ပုဒ်ကို တင်စား၍ ရှဋ္ဌိနာမည်အားဖြင့် "ဘဝိဿန္တိ" ဝိဘတ် ခေါ်သည်ဟု ကြံရတော့မလို ထင်ရ၏၊သို့သော် ထိုကဲ့သို့ကြံစေလိုလျှင် ဿန္တိဝိဘတ်ဆုံးသောပုဒ်ဖြင့် နာမည်မတပ်ဘဲ အစဆုံး ဿတိဝိဘတ်ဆုံးသော ပုဒ်ဖြင့်သာ "ဘဝိဿတိ ဝိဘတ်"ဟု နာမည်တပ်သင့်သည်၊ ဘာ့ကြောင့်နည်း—အစဆုံး ဝိဘတ်ဖြင့် နာမည်တပ်မှ အာဒိလဒ္ဓနာမလည်း ဖြစ်ခေါ်၍လည်း လွယ်သဖြင့် ရိုးရာလည်း ကျသောကြောင့်တည်း။

www.dhammaransi.com



ဆိုလိုခြင်းကြောင့်၊ အတီတေပိ-အတိတ်အနက်၌လည်း၊ ဘဝိဿန္တိ-ဘဝိဿန္တိ ဝိဘတ်သည် (ဟောတိ)၊ [အဲနေက ဇာတိသံသာရံ-ဘဝများစွာ သံသရာ ပတ်လုံး၊ သန္ဓာဝိဿံ-ပြေးသွားခဲ့ရပြီ။]

---

(၄၇၊) **အတီတေပိ၊ပေ၊သန္ဓာဝိဿံတိ အာဒိသု** — ''အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ''ဟူသော ဂါထာသည် ဘုရားဖြစ်တော်မူပြီးလျှင် ပြီးခြင်း စိတ်တော်ဖြင့် မှတ်အပ်သော ပဌမဗုဒ္ဓဝစနတည်း၊ ထိုအခါ၌ သံသရာဝယ် ကျင်လည်၍ ပြီးခဲ့ပြီဖြစ်သောကြောင့် ကျင်လည်ခြင်းကြိယာသည် အတိတ်တည်း၊ ယိုအတိတ်အနက်၌ ''သန္ဓာဝိဿံ''ဟု အနာဂတ်ဟော (ဿံ)ဝိဘတ်သည် ဘယ်နည်းဖြင့် သက်နိုင်ပါလိမ့်မည်နည်း-ဟု ယုံမှားဘွယ်ရှိသောကြောင့် ''အတီတေပိ ဘဝိဿန္တိ, တံ ကာလ ဝစနိစ္ဆယာ''ဟု မိန့်သည်၊ ထို အတိတ်ကာလကိုပင် အနာဂတ်ကာလအနေဖြင့် ဆိုလိုသောကြောင့် အတိတ်အနက်၌ အနာဂတ်ဝိဘတ်သက်နိုင်သည်-ဟူလို၊ ဆိုလိုရင်းကား— ''အနက် အစစ် အမှန်မှာ အတိတ်ကာလပင်ဖြစ်၏၊ သို့သော် ထို အတိတ်ကာလကို အနာဂတ်ကာလလုပ်၍ ဆိုလိုသော အလိုဆန္ဒတော်ကြောင့် အနာဂတ်ဝိဘတ် ဖြစ်နေရသည်၊ ထိုအနာဂတ်ဝိဘတ်၏ ဟောအပ်သော အနက်အစစ်မှာ ဤနေရာ၌ အတိတ်ကြိယာ အနက် ဖြစ်သည်—ဟူလို၊ ဤ အဓိပ္ပါယ်ကိုပင် မောဂ္ဂလ္လာန်၌ ကာလဝိပလ္လာသ (အတိတ်ကာလမှ အနာဂတ်ကာလ ပြောင်းလွဲနေသည်)ဟု ဆို၏။

**မောဂ္ဂလ္လာန်။** ။ကာလ ဗျတ္တယော (ကာလ ဝိပလ္လာသော) ဝါ ဧသော၊ ဘဝန္တေ့ဝ ဟိ ကာလန္တရေပိ တျာဒယော ဗဟုလကာ၊ သန္တေသု ပဒိဂ္ဂဟာဓိ, ကာယဿ ဘေဒါ အဘိသမ္ပရာယံ သဟဗျတံ ဂစ္ဆတိ ဝါသဝဿ,အနေကဇာတိ သံသာရံ သန္ဓာဝိဿံ, အတိဝေလံ နမဿိဿံတိ။

သန္တေသု-လူဘွယ်အများ ထင်ရှားရှိကုန်လျက်၊ပဒိဂ္ဂဟာဓိ-လျှို့ဝှက်ခဲ့မိပြီ၊ (အတိတ်ကာလ၌ ပစ္စုန်ဝိဘတ်သက်၍ ဝိပလ္လာသဖြစ်ပုံ၊ ထိုဘူသ ပေတဝတ္ထု အဋ္ဌကထာ၌လည်း ''ကာလ ဝိပလ္လာသေန ဟေတံ ဝုတ္တံ''ဟုမိန့်၊) ကာယဿ-၏၊ဘေဒါ-ပျက်ခြင်းကြောင့်၊ အဘိသမ္ပရာယံ-တမလွန်ဘဝ၌၊ဝါသဝဿ-သကြား၏၊ သဟဗျတံ-အပေါင်း၏အဖြစ်သို့၊ ဂစ္ဆတိ-ရောက်ရလတ့် (အနာဂတ ဝိပလ္လာသ ပစ္စုပ္ပန်)၊ပေ၊သန္ဓာဝိဿံ-ပြေးသွားရခဲ့လေပြီ၊ အတိဝေလံ—အချိန်လွန်အောင်၊ နမဿိဿံ—ရှိခိုးမိပြီ၊ (အတီတ ဝိပလ္လာသ အနာဂတ်)၊ ဤသို့ ဝိပလ္လာသပြု၍ ဆိုခြင်းသည် ဝဒန္တုပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်းဆိုခြင်းဖြစ်သောကြောင့် ရူပသိဒ္ဓိလာ ''တံကာလဝစနိစ္ဆာယ''နှင့် အဓိပ္ပါယ်တူပင် ဖြစ်သည်၊ [တံကာလ-ထို အနာဂတ်ကာလကို+ဝစနိစ္ဆာ (ဝစန+ဣစ္ဆာ)-ဆိုလိုခြင်း၊ဝစနိစ္ဆာယ ဟု ဖြစ်သင့်လျက် ဂါထာဆန်းတဲ့စေခြင်းငှါ''ဝစနိစ္ဆယာ''ဟု အာနှင့် အ ကို ရှေ့နောက် ပြောင်းရွှေ့ထားသည်။]

**သဒ္ဒနီတိ။** ။သဒ္ဒနီတိ၌ကား ရူပသိဒ္ဓိ မောဂ္ဂလ္လာန်တို့နှင့် အဆိုမတူဘဲ''ဂါထာယ မတီတတ္ထေ ဣမိဿံ=ဂါထာအရာ၌ အတိတ်အနက်၌ အဇ္ဇတနီ ဣံဝိဘတ်ကို ဣဿံပြု''ဟု သုတ်တည်၍ ဤ''သန္ဓာဝိဿံ''နှင့် ''ဥပေါသထံ ဥပဝသိဿံ (စောင့်သုံးခဲ့ပြီ), နိရယမှိ

www.dhammaransi.com



အာဂတော - လာပြီ လာဆဲသည်၊ န - မဟုတ်၊ အနာဂတော-၊ပေ၊ မဟုတ်၊ ပစ္စယ သာမဂ္ဂိယံ-အကြောင်း ညီညွတ်ခြင်းသည်၊ သတိ-သော်၊ အာယတိံ - နောင်အခါ၌၊ ဥပ္ပဇ္ဇနာရဟော - ဖြစ်ထိုက်သော ကြိယာတည်း၊ ဣတိအတ္ထော-နက်၊ ဣကာရာဂမော-ဣလာခြင်းသည်ရှင်း၊ ဝုဒ္ဓိ အဝါဒေသာစ- ဝုဒ္ဓိ, အဝ အပြုတို့သည်ရှင်း၊ သရလောပါဒိစ-ရှင်း (ဟောန္တိ)၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ပေ၊ဘဝိဿာမေ-ဖြစ်ကုန်လတ္တံ့။

ကမ္မေ—၌၊ ယပစ္စယ လောပေါ-ယပစ္စည်းကို ချေ၊ တယာ သုခံ အနု ဘဝိဿတေ-ခံစားအပ်လတ္တံ့၊ပေ၊ အနုဘဝိဿာမှေ-ခံစားအပ်ကုန်လတ္တံ့၊ ပရဿ ပဒတ္တေ-၌၊ ဒေဝဒတ္တေန-သည်၊ အနုဘဝိဿတိ-ခံစားအပ်လတ္တံ့၊ အနုဘဝိဿန္တိ ဣစ္စာဒိ၊ ဘာဝေ-၌၊ တေန-ထို ယောကျ်ားသည်၊ ဘဝိဿတေ-နောင်ခါဖြစ်ခြင်း၊ ယပစ္စယ လောပါဘာဝေ – ယပစ္စည်း ကျေခြင်းမရှိရာ၌၊ အနုဘူယိဿတေ - လတ္တံ့၊ အနုဘူယိဿန္တေ ဣစ္စာဒိ၊ ဘာဝေ-၌၊ ဘူယိဿတေ-နောင်ခါဖြစ်ခြင်း။

---

အပဗ္ဗိသံ(ကျက်ခဲ့ရပြီ)''ဟူသောပုံစံများကိုထုတ်ပြသည်၊ထိုဝါဒတို့တွင်''ပဒိဂ္ဂဟာမိ''၌ ကာလ ဝိပလ္လာသ ဟု အဋ္ဌကထာ တိုက်ရိုက်ရှိသောကြောင့် မောဂ္ဂလ္လာန်အဆိုက သာ၍ ခြေမြစ်ပေသည်။

**သန္တာဝိဿံတိအာဒိသု** —၊ဤ၌ အာဒိသဒ္ဒါဖြင့် ပြခဲ့သော ''နမဿိဿံ, ဥပဝသိဿံ အပဗ္ဗိသံ''တို့ကိုရှင်း, ''န အတ္တနာ ပဋိဝေဒေဿံ=ကိုယ်တိုင်လည်း မဝေဒနာမိခဲ့၊ န ဂဏာဿ အာရောစေဿံ=ဂိုဏ်းအားလည်း မလျှောက်မိခဲ့၊ န ပုဗ္ဗေ ဓနံ မေသိဿံ= ရှေးတုန်းက ဉစ္စာကို မရှာမိခဲ့၊ ပလ္လင်္ကံ န ပယိရုပါသိဿံ,ဣတိ ပ ဏ္ဍိတာနုဘပ္ပတိ=ပညာရှိကို မဆည်းကပ်မိခဲ့ဟု နောင်တ တဖန် ပူပန်ရ၏၊ ဤသို့စသော နောင်တ တဖန် ပူပန်ရာ၌ သုံးစွဲလေ့ရှိသောပုံစံများကိုရှင်း ယူ၊ ထို ဿံ ဝိဘတ်များသည် ဆန္ဒာနုရက္ခဏာအကျိုးငှါ အချို့အရာ၌ သဘလုံး ကျေနေတတ်၏၊ ''နိရယမှိ အပဗ္ဗိသံ.... အဒိန္နံ ပရိဘုဉ္ဇိသံ,.... ဂစ္ဆန္တော နံ ဥဒိက္ခိသံ,....ယောနိသော ပစ္စဝေက္ခိသံ''စသည်တည်း၊ ထိုတွင် ''သန္တာ ဝိဿံ—ရှေးက ပြေးသွားခဲ့ရပြီ, ယခု ပြေးသွားရတော့မည် မဟုတ်'' ဟု ဝမ်းမြောက် သကဲ့သို့''ယောနိသော ပစ္စဝေက္ခိသံ''လည်း ရှေးအကြောင်းကိုတွေး၍ ဝမ်းမြောက်ခြင်း ဖြစ်သောကြောင့် ''ပစ္စနုမောဒန''အနက်ဟု ဆိုကြသည်။ [ဋီကာ၌ကား ''နိမိတ္တာနိ ပဒိဿန္တိ''ကို အာဒိဖြင့် ယူရမည်—ဟု ဆို၏၊ ပ ပုဗ္ဗ ဒိသဓာတ် အန္တိဝိဘတ် ကံဟော ယပစ္စည်း, သို့မဟုတ် ဒိဝါဒိ ယပစ္စည်းဖြင့် ပြီးနိုင်သောကြောင့် ထိုစကားကို ဆင်ခြင်။]

**န+အာဂတော၊ပေ၊ဥပ္ပဇ္ဇနာရဟော**—ဤကား ''အနာဂတေ ဘဝိဿန္တိ'' သုတ်၌ အနာဂတပုဒ်၏ အဖွင့်တည်း၊ အာဂတော၌ တပစ္စည်းသည် အတိတ်ကိုလည်း ဟော—ပစ္စုပ္ပန် အနက်ကိုလည်း ဟောနိုင်၏၊ ထို့ကြောင့် ''လာပြီ,လာဆဲ''ဟု ၂ နက်

www.dhammaransi.com



တထာ – ထိုမှတပါး၊ ပစိဿတိ-ချက်လတ္တံ့၊ပေ၊ ပစိဿာမ - ချက်အပ်ကုန်လတ်ံ၊ ဂစ္ဆိဿတိ-သွားလတ္တံ့၊ပေ၊ဂစ္ဆိဿာမေ့၊ အော-ထိုသူသည်၊ သင်္ဂ-နတ်ပြည်သို့၊ ဂမိဿတိ-ရောက်လတ္တံ့၊ပေ၊တထာ-ပါး၊ ဃမ္မိဿတိ-သွားလတ္တံ့၊ ဃမ္မိဿန္တိ ဣစ္စာဒိ၊....ဘဝိဿန္တီဝိဘတ္တိ-သည် (နိဋ္ဌိတာ)။

## ကာလာတိပတ္တိ ဝိဘတ်ခဏ်း

(၄၇၃) **ကာလာတိပတ္တိ၊ပေ၊ ဿာမှသေ။** ။ဿာဒီနံ – ဿာ အစရှိကုန်သော၊ ဒွါဒသန္နံ-တို့၏၊ ကာလာတိပတ္တိသညာ-ကာလာတိပတ္တိ အမည်သည်၊ ဟောတိ၊ [“ဟောန္တိ”ကား ပါဌ်ပျက်၊] ကာလဿ-ကြိယာ၏၊ အတိပတနံ-လွန်သွားခြင်းသည်၊ ကာလာတိပတ္တိ-မည်၏၊ ပန-ဆက်၊ သာ-ထို ကြိယာ၏ လွန်သွားခြင်းဟူသည်၊ဝိရုဒ္ဓပစ္စယူပ နိပါတတော ဝါ-ဆန့်ကျင်ဘက်အကြောင်း၏ ကျရောက်ခြင်းကြောင့်သော်၎င်း၊ ကာရဏ ဝေကလ္လတော ဝါ – အကြောင်း၏ ချို့တဲ့ခြင်းကြောင့်သော်၎င်း၊ ကြိယာယ-ကြိယာ၏၊ အနဘိနိဗ္ဗတ္တိ-မဖြစ်ခြင်းတည်း၊ တဒ္ဒီပကတ္တာ-ထိုကာလာတိပတ္တိကို ပြတတ်သည်၏ အဖြစ်ကြောင့်၊အယံ-ဤဝိဘတ်ကို၊ ကာလာတိပတ္တီတိ-ဟူ၍၊ ဝုစ္စတိ-၏။

---

ပေးသည်၊ လာ ဆိုသည်မှာလည်း “ဖြစ်ပေါ်လာခြင်း”ပင်၊ ထို့ကြောင့် အတိတ်၌ ဖြစ်ပြီးလည်း မဟုတ်, ပစ္စုပ္ပန်၌ ဖြစ်ဆဲလည်း မဟုတ်သော ဖြစ်ဘွယ်ရာ အကြောင်း ညီညွတ်လျှင် နောင်ခါ ဖြစ်ထိုက်သောကြိယာသည် အနာဂတ်ကာလ မည်၏၊ ထို အနာဂတ်ကာလ၌ ဘဝိဿန္တီဝိဘတ် သက်သည်၊ “ပစ္စယသာမဂ္ဂိယံ၊ပေ၊တျွေသော” ကား အနာဂတော၏ သဒ္ဒါနက် မဟုတ်, အနာဂတော၏ အရကို ကောက်ပြသော အဘိဓေယျ အနက်ပြဘည်း။ [ဤမှ နောက်၌ ရုပ်ပြီးပုံ အနက်ပေးပုံများ ထင်ရှားပြီ။]

(၄၇၃) **ကာလဿ၊ပေ၊အနဘိနိဗ္ဗတ္တိ**– ကာလအရ ကြိယာကိုယူ၊ အတိပတန၌ ပတဓာတ်သည် “ပတ–ဂတိမှိ”နှင့် အညီ ဂတိအနက်ဟောတည်း၊ “အတိ ပတနံ အတိပတ္တိ,ကာလဿ+အတိပတ္တိ, ကာလ ာတိပတ္တိ”ဟုပြု၊ “သာပန ကြိယာယ အနဘိနိဗ္ဗတ္တိ”ဖြင့် ကာလာတိပတ္တိ၏သရုပ်ကိုပြ၏၊ “ကြိယာ၏လွန်သွားခြင်း”ဟူရာ၌ “ဖြစ်ပြီး၍ လွန်သွားသော ကြိယာတမျိုး”ဟု မမှတ်လင့်၊ ထိုကြိယာ ဖြစ်သင့် ဖြစ်ထိုက်ပါလျက် မဖြစ်ခြင်းဟု မှတ်ပါ-ဟူလို၊ “ဝိရုဒ္ဓ ပစ္စယူပ နိပါတတော ကာရဏဝေကလ္လတော”ဖြင့် ထိုကြိယာမဖြစ်ခြင်း၏ အကြောင်း ၂ မျိုးကို ပြ၏၊ ထိုတွင် ကြိယာတခုဖြစ်ခြင်း၌ ရှိရိုးရှိစဉ် ဖြစ်သော အလျော်အကြောင်းသည် ကာရဏ, ထိုအကြောင်း ချို့တဲ့မှုသည် ကာရဏ ဝေကလ္လမည်၏၊ ထိုကြိယာ ဖြစ်ခြင်း၏ ဆန့်ကျင်ဘက် အကြောင်းသည် ဝိရုဒ္ဓ ပစ္စယ, ထိုအကြောင်း ပေါ်လာခြင်းကား ဝိရုဒ္ဓပစ္စယူပနိပါတ မည်၏။

www.dhammaransi.com



(၄၇၄) **ကြိယာတိပန္နေ၊ ပေ၊ ပတ္တိ။** ။ကြိယာတိပန္န မတ္တေ-ကြိယာ၏ လွန်သွားခြင်းမျှ ဖြစ်သော၊အတီတေ ကာလေ ကာလာတိပတ္တိ ဝိဘတ္တိ ဟောတိ၊ ကြိယာယ - ၏၊ အတိပတနံ - လွန်သွားခြင်းသည်၊ ကြိယာတိပန္နံ - မည်၏၊ ပန-ဆက်၊ တံ ထို ကြိယာတိပန္န ဟူသည်၊ သာဓက သတ္တိဝိရဟေန-ကြိယာကို ပြီးစေတတ်သော ကာရက၏ သတ္တိ ကင်းခြင်းကြောင့်၊ ကြိယာယ-၏၊ အစ္စန္တံ-စင်စစ်၊ အနုပ္ပတ္တိ-မဖြစ်ခြင်းတည်း၊ စ-ဆက်၊ တွေ-၌ ကြိယာတိပန္န အရာ၌၊

---

ထင်ရှားစေအံ့—ထမင်းချက်ရာ၌ ဆန်-ထင်း-ရေ စသော တခုခု၏မရှိခြင်းသည် ကာရဏဝေကလ္လ ထိုအကြောင်းချို့တဲ့မှုကြောင့် ထမင်းကျက်မှုကြိယာ၏မဖြစ်ခြင်းသည် ကာလာတိပတ္တိတည်း၊ မိုးကြီးရွာခြင်း—လေကြီးတိုက်ခြင်း—ထမင်းအိုးကွဲခြင်း စသည် သည် ဝိရုဒ္ဓ ပစ္စယ ဥပနိပါတ၊ ထိုဆန့်ကျင်ဘက် အကြောင်း ပေါ်ပေါက်လာမှုကြောင့် ထမင်း မကျက်ခြင်းသည် ကာလာတိပတ္တိတည်း၊ စာသင်ရာ၌ ဉာဏ်ထိုင်းခြင်း-စာအုပ် မရှိခြင်း-ဆရာကောင်းမရှိခြင်းစသော အကြောင်းတခုခုသည် ကာရဏဝေကလ္လတည်း၊ ထိုအကြောင်း ချို့တဲ့မှုကြောင့် စာတတ်မှု ကြိယာ၏ မဖြစ်ခြင်းသည် ကာလာတိပတ္တိ တည်း၊ ဆရာ မိဘတို့က မလွှတ်ခြင်း မိမိမှာ ရောဂါဖြစ်နေခြင်း—အပေါင်းအသင်း မကောင်းခြင်း—အပျော်အပါး လိုက်ခြင်းများသည် ဝိရုဒ္ဓ ပစ္စယ ဥပနိပါတ (စာသင် ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သောအကြောင်းများ ပေါ်ပေါက်နေခြင်း)တည်း၊ စာမတတ် ခြင်းကား ကာလာတိပတ္တိတည်း-ဟု မှတ်။

**တဒ္ဒိပကတ္တာ၊ပေ၊ဝုတ္တိ**—"ကြိယာ၏ မဖြစ်ခြင်းကို ကာလာတိပတ္တိ"ဟု မုချ အားဖြင့် ခေါ်၏၊ ထိုကြိယာ မဖြစ်ခြင်းကို ပြတတ်သော ဝိဘတ်ကိုကား အကြောင်း အနက်၏ ကာလာတိပတ္တိအမည်ကို အကျိုးဖြစ်သော ဝိဘတ်ပေါ်၌ တင်စား၍ ကာရ ဏူပစာရအားဖြင့် "ကာလာတိပတ္တိ"ဟု ခေါ်ရသည်၊ ဝုတ္တိကြိယာနှင့် ထားသော ကြောင့်လည်း "ဝုတ္တိ ဝုတ္တံ, နာမံ ပရိယာယ, ရှိလက မူ, ဥပစာ"ဟူသော နိယာမ်နှင့် အညီ ကာလာတိပတ္တိ နာမည်၏ ဥပစာ နာမည်ဖြစ်ကြောင်း သိနိုင်ပြန်သည်၊ ဤသို့ ဥပစာ တင်စားရာ၌ မူလပုဒ်၏ လိန်ဝုစ် မပျက်ရပုံကိုလည်း သတိပြုရာ၏၊ဝတ္တမာန်စသည် တို့၌ကား မူလလိန်က "ဝတ္တမာနော"ဟု ပုံလ္လိန်ဖြစ်၍ ဝိဘတ်ကို အရကောက်ရာ၌ "ဝတ္တမာနာ"ဟု ဣတ္ထိလိန်ဖြစ်သောကြောင့် ဥပစာ တင်စား၍ မဖြစ်၊ "ဝတ္တမာနေ+ ဘဝါ"စသည်ဖြင့် တဒ္ဓိတ်ပုဒ် ကြံခဲ့ရသည်။

(၄၇၄) **ကြိယာယ၊ပေ၊အစ္စန္တာနုပ္ပတ္တိ** — ရှေ့သုတ်၌ ကာလာတိပတ္တိနှင့် ဤသုတ်၌ ကြိယာတိပန္နသည် အနက်အရတူ၏၊ ထို၌ ကာလကို ဤသုတ်၌ ကြိယာဟု ဆို၏၊အတိပတ္တိ၌ အတိပုဗ္ဗ ပတဓာတ်ဖြစ်သကဲ့သို့ အတိပန္န၌လည်း အတိပုဗ္ဗ ပတဓာက် ပင်၊ တိပစ္စည်းနှင့် တပစ္စည်းဖြစ်ခြင်းသာ ထူး၏၊ထို့ကြောင့် ကာလာတိပတ္တိပုဒ်၏ ဝိဂ္ဂဟ ကဲ့သို့ "ကြိယာယ+အတိပတနံ, ကြိယာတိပန္နံ"ဟု ဝိဂ္ဂဟပြုသည်၊ "တံ ကြိယာယ

www.dhammaransi.com



ကြိယာ-မဖြစ်သော ကြိယာကို၊ အတီတသဒ္ဒေန-အတီတသဒ္ဒါဖြင့်၊ ကိဥ္စာပိ န ဝေါဟရိတဗ္ဗာ-အကယ်၍ကား မခေါ်ဝေါ်ထိုက်၊ တထာပိ-ထိုသို့ပင် မခေါ် ထိုက်ပါသော်လည်း၊ တကြိယုပ္ပတ္တိ ပဋိဗန္ဓကရ ကြိယာယ-ထို ကြိယာဖြစ်ခြင်းကို တားမြစ်မှုကို ပြုတတ်သော ကြိယာ၏၊ ကာလဘေဒေန-ကာလ အပြားအားဖြင့်၊ အတီတ ဝေါဟာရော-အတိတ်ဟူသော ဝေါဟာရကို၊ လဗ္ဘတေဝ-ရအပ် သည်သာ၊ ဝုတ္တိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-၏။

---

အစ္စန္တာနုပ္ပတ္တိ''လည်း ရှေ့သုတ်၌''သာ ကြိယာယ အနဘိနိဗ္ဗတ္တိ''နှင့် အဓိပ္ပါယ်တူပင်၊ ကြိယာ၏ မဖြစ်ခြင်းဟူသည် ကြိယာကို ပြီးစေတတ်သော ကာရက၏ သတ္တိကင်းခြင်း (သတ္တိမရှိခြင်း) ကြောင့်တည်း။

ချဲဥုးအံ့—ထမင်းကျက်ခြင်းကြိယာကို ပြီးစေတတ်သော ကာရကသည် စဖိုသည် (ထမင်းချက်သူ) တည်း၊ ထိုသူသည် အကြောင်းညီညွတ်နေလျှင် ထမင်းကျက်ခြင်း ကြိယာကို ပြီးစေနိုင်သော သတ္တိရှိ၏၊ ဆန်မရှိခြင်း သို့မဟုတ် ထင်းရေမရှိခြင်း စသော ထမင်းကျက်ခြင်း၏ အကြောင်းတို့က ချို့တဲ့နေလျှင်ရင်း, ထမင်းကျက်မှုနှင့် ဆန့်ကျင် ဘက်ဖြစ်သော လေကြီး မိုးကြီးကျခြင်း စသော အကြောင်းတို့ ပေါ်ပေါက်လျှင်ရင်း ထို စဖိုသည်၌ ထမင်းကျက်ခြင်း ကြိယာကို ပြီးစေနိုင်သော သတ္တိမရှိတော့ချေ၊ ဤသို့လျှင် ရှေ့သုတ်၌ ပြခဲ့သော အကြောင်း ၂ ပါးတွင် ဝိရုဒ္ဓပစ္စယူပနိပါတကြောင့်သော်ရင်း ကာရကာ ဝေကလ္လကြောင့်သော်ရင်း စဖိုသည်ကတ္တား၌ ကျက်ခြင်း ကြိယာကို ပြီးစေ နိုင်သော ကတ္တုသတ္တိမှကင်း၏၊ ထိုသို့ သတ္တိကင်းခြင်းကြောင့် ကျက်ခြင်းကြိယာကို မဖြစ် စေနိုင်၊ ကြိယာ မဖြစ်စေနိုင်ခြင်းကြောင့် ဖြစ်ခွင့်ရှိသော ကျက်ခြင်းကြိယာ၏ မဖြစ် ခြင်းသည် ကြိယာတိပန္န မည်၏၊ ကာလာတိပတ္တိလည်း မည်သည်။ [စာသင်သား ဖြစ်သော ကတ္တား၌ သာမကသတ္တိ (စာတတ်မှု ကြိယာကို ပြီးစေနိုင်သော သတ္တိ) မှ ကင်းရပုံ, ထိုသတ္တိကင်းခြင်းကြောင့် စာတတ်မှု ကြိယာ၏ မဖြစ်ခြင်းဟူသော ကြိယာတိ ပန္န ဖြစ်ပုံကိုလည်း ချဲ့ထွင် ပြောပြပါ။]

ဧတ္ထစ ကိဥ္စာပိ၊ပေ၊ဒဋ္ဌဗ္ဗံ— [''ပဋိဗန္ဓကကတ္တု—ကြိယာယဟု ရှိသော်လည်း တကြိယုပ္ပတ္တိပရိဗန္ဓကရကြိယာယ''ဟု သီမုဋ်၌ရင်း,သဒ္ဒနီတိ၌ရင်း ရှိ၏၊] အတိတ်ကြိယာ ဟူသည် နဂိုရ်ရှိးရာအားဖြင့်ဖြစ်ပြီးသော ကြိယာတည်း၊ ဤသုတ်၌ ကြိယာ၏မဖြစ်ခြင်းကို ကြိယာတိပန္န—ဟု ခေါ်လျှင် ထိုမဖြစ်သော ကြိယာကို အတီတ သဒ္ဒါဖြင့် မခေါ်ဝေါ် ထိုက်သည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် သုတ်၌ ''ကြိယာတိပန္နေ တီတေ''ဆိုရသနည်းဟု စောဒနာဘွယ်ကို ပယ်လိုသောကြောင့် ''ဧတ္ထစ ကိဥ္စာပိ'' စသည်ကို မိန့်၊ မဖြစ်သောကြိယာကို အတီတသဒ္ဒါဖြင့် မခေါ်ထိုက်သည်ကား မှန်ပေ၏၊ (အမြုံမ၏ သားကို လှ—မလှ ပြောဘွယ်မလိုသကဲ့သို့ နဂိုရ်ကမှ မဖြစ်သော ကြိယာကို အတိတ် အနာဂတ် ပစ္စုပ္ပန် ဟု စိစစ်ဘွယ် မလိုသည်ကား အမှန်ပင် ဖြစ်ပေသည်-ဟူလို) သို့သော် ထို ကြိယာကို တားမြစ်တတ်သော ကြိယာ၏ ကာလ အပြားအားဖြင့် ထို မဖြစ်သော ကြိယာကိုလည်း အတိတ် ဟု ခေါ်ဝေါ်နိုင်သည်။

www.dhammaransi.com



ကာလာတိပတ္တိ ပရဿပဒ ပဌမပုရိသေကဝစနံ-သော၊ ဿာ-ဿာဝိဘတ် သက်၊ အကာရိကာရာဂမာ-အ အက္ခရာ ဣ အက္ခရာလာခြင်းတို့သည်ရှင်း၊ ဝုဒ္ဓိ အဝါဒေသာစ-ဝုဒ္ဓိ, အဝ အပြုတို့သည်ရှင်း (ဟောတိ)၊ ကွစိဓာတုတျာဒိနာ-ဖြင့်၊ ဿာ ဿာမှာ ဝိဘတ္တီနံ - ဿာဝိဘတ်, ဿာမှာ ဝိဘတ်တို့၏၊ ကွစိ, ရဿတ္တံ-ရှင်း၊ ဿေ ဝစနဿ - ဿေ ဝိဘတ်၏ သေရ၏၊ အတ္တံ-အ အဖြစ် သည်ရှင်း (ဟောတိ)၊ သော-ထိုသေဌ္ဌေးသားသည်၊ ပဌမဝယေ-ပဌမအရွယ်၌၊ ပဗ္ဗဇ္ဇံ - ရှင်ရဟန်းအဖြစ်ကို၊ စေ အလဘိဿ - အကယ်၍ ရအံ့၊ အရဟာ-ရဟန္တာသည်၊ အဘဝိဿ ဘဝိဿ-ဖြစ်လောက်ရာပြီ၊ အဘဝိဿာ ဝါ-လည်း ရှိ၏၊ တေ-ထိုသူတို့သည်၊ တံ-ထိုရဟန်းအဖြစ်ကို၊ စေ အလဘိဿံသု-အကယ်၍ ရကုန်အံ့၊ အရဟန္တာ-ရဟန္တာတို့သည်၊ အဘဝိဿံသု ဘဝိဿံသု-ဖြစ်လောက် ကုန်ရာပြီ၊ ဝံ-တူ၊ တွံ-သည်၊ အဘဝိဿ ဘဝိဿ-ဖြစ်လောက်ရာပြီ။ [သေဒ္ဒ ကို (အ) ပြု၊] အဘဝိဿေ ဝါ-အဘဝိဿေ ဟုလည်း ရှိ၏၊ တုမှေ အဘဝိဿ ထ, အဟံ အဘဝိဿံ, မယံ အဘဝိဿာမ ဘဝိဿာမ-ဖြစ်လောက်ကုန်ရာပြီ၊ အဘဝိဿာမှာ ဘဝိဿာမှာဝါ - လည်း ရှိ၏ ၊ ပေ ၊ အဘဝိဿာမှသေ - ကုန်ရာပြီ။

---

ရှေ့ဦးအံ့—ဆန် မရှိခြင်းကြောင့် ထမင်းချက်မှု ကြိယာ မဖြစ်ခဲ့ရာ၌ ဆန်၏ မရှိခြင်းသည် ထမင်းချက်မှု ကြိယာ၏ ဖြစ်ခြင်းကို တားမြစ်တတ်သော ကြိယာတည်း၊ ထို ဆန် မရှိခြင်းကား ထင်ရှားသော အတိတ် ကြိယာလည်း ဟုတ်၏၊ ထို ဆန် မရှိခြင်း၏ အတိတ်ကာလ အပြားအားဖြင့် ဆန်ရှိလျှင် ချက်ရလောက်သော, ယခုသော် ဆန်မရှိ၍ ချက်ခြင်းကြိယာ မဖြစ်ခဲ့ရသော ကြိယာတိပန္နကို အတိတ် ဟု ခေါ်ဝေါ်ရသည်၊ အချုပ်မှာ—မမွေးသော အမြုံမ သားကို "မွေးများ မွေးလျှင် ယခုအခါ အတော် ကြီးလောက်ပြီ"ဟု စိတ်ကူးဖြင့် ပြောသကဲ့သို့ မဖြစ်သော ကြိယာကို အတိတ်ကြိယာ ဟု ပြောခြင်းမှာလည်း စိတ်ကူးဖြင့် ပြောရသော တဒ္ဓိဋ္ဌပစာ စကားပင်တည်း။

**သော စေ ပဌမဝယေ၊ပေ၊အ ဘဝိဿာ**—"သစေ ဟိ အယံ ပဌမဝယေ၊ပေ၊ နိက္ခမိတွာ ပဗ္ဗဇိဿာ, အရဟတ္တံ ပါပုဏိဿာ "ဟူသော ဓမ္မပဒ မဟာဓန သေဋ္ဌိပုတ္တ ဝတ္ထုကိုမှီး၍"သော စေ၊ပေ၊အဘဝိဿ"ဟု ပုံစံပြုလုပ်ထားသည်၊ဤ၌"အ ဘဝိဿာ" သည်သာ ပြလိုရင်း ပုံစံတည်း၊ "အလဘိဿာ"ကား ဟွဲဘက်ဝါကျဖြစ်၍ ထည့်ပြ အပ်သော ပုံစံဖြစ်သည်၊ နောက်၌ "တေ စေ၊ပေ၊အဘဝိဿံသု"လည်း ရှေးကေဝုစ် ဝါကျကို နည်းမှီး၍ စီစဉ်အပ်သော ပုံစံတည်း၊ ထို ပုံစံ၌လည်း "အ ဘဝိဿံသု"သာ လိုရင်းဖြစ်၏၊ [ "အဘဝိဿ ဘဝိဿ အဘဝိဿာ ဘဝိဿာ,အဘဝိဿံသု ဘဝိဿံသု" ဟု ဘူဓာတ်ဖြင့် ရုပ်စဉ်ရပုံကို သတိပြု၍ "အဘဝိဿာ"စသည် "အဘဝိဿံသု"

www.dhammaransi.com



ကမ္မေ–၌၊ အနုဘဝိဿထ–ခံစားအပ်ရာပြီ၊ အနုဘဝိဿိံသု–ကုန်ရာပြ၊ [ယ ပစ္စည်း ချေထားသည်၊] အနုဘူယိဿထ ဝါ-လည်း ရှိ၏၊ [ယ ကို မချေ၊] ဣစ္စာဒိ၊ ပရဿပဒတ္တေ-၌၊ပေ၊ဣစ္စာဒိ၊ ဘာဝေ—၌၊ ဒေဝဒတ္တေန-သည်၊ အဘဝိဿထ အဘူယိဿထ-ဖြစ်လောက်ရာခြင်း။

တထာ-ပါး၊ သော-ထိုသူသည်၊ တံဓနံ-ထိုဥစ္စာကို၊ စေအလဘိဿထ-အကယ်၍ ရအံ့၊ ဩဒနံ-ကို၊ အပစိဿ ပစိဿ-ချက်လောက်ရာပြီ၊ အပစိဿာ ပစိဿာ ဝါ-လည်း ရှိ၏၊ပေ၊ပစိဿာမှသေ၊ ကမ္မေ-၌၊ ဒေဝဒတ္တေန ဩဒနော အပစိဿထ – ချက်အပ်လောက်ရာပြီ၊ [ယ ချေ၊] အပစိဿိံသု – ကုန်ရာပြီ၊ ယ ပစ္စယလောပါဘာဝေ – ယ ပစ္စည်း ကျေခြင်း မရှိရာ၌၊ အပစီယိဿထ-ချက်အပ်ရာပြီ၊ [''အပစ္စိဿထ, ပစ္စိဿထ''ဟု သိမ္မူရှိ၏၊ နောက်၌ ''ပစ္စိဿ'' စသည် ပြလတ့်ဖြစ်၍၊ သိမ္မူအတိုင်း ကောင်းသည်၊] ဣစ္စာဒိ၊ ပရဿပဒတ္တေ-၌၊ အပစ္စိဿ၊ပေ၊အပစ္စိဿံသု ပစ္စိဿံသု ဣစ္စာဒိ၊ သော-ထိုသူသည်၊ အဂစ္ဆိဿ၊ပေ၊ ဂစ္ဆိဿာ-သွားရာပြီ၊ပေ၊ဂစ္ဆိဿထ ဝါ ဣစ္စာဒိ၊ ကမ္မေ-၌၊ အဂစ္ဆိယိဿထ၊ပေ၊ အဂမိယိဿထ-သွားအပ်ရာပြီ၊ ဣစ္စာဒိ၊ တထာ အဃမ္မိဿာ-သွားရာပြီ၊ပေ၊ ဣစ္စာဒိ၊.... ကာလာတိပတ္တိ-သည် (နိဋ္ဌိတာ)။

ပဥ္စမီ သတ္တမီ ဝတ္တမာနာ – ပဥ္စမီဝိဘတ် သတ္တမီဝိဘတ် ဝတ္တမာန်ဝိဘတ်တို့သည်၊ သမ္ပတိ-ပစ္စုပ္ပန်ကာလ၌ (ဟောန္တိ)၊ ဘဝိဿန္တိ–ဘဝိဿန္တိဝိဘတ်သည်၊ အနာဂတေ-အနာဂတ်ကာလ၌ (ဟောတိ)၊ ပရောက္ခာဒီ-ပရောက္ခာ အစရှိကုန်သော၊ စတဿော-၄ သွယ်သော ဝိဘတ်တို့သည်၊ အတီတကာလိကာ-အတိတ်ကာလ၌ ဖြစ်ကုန်၏၊....ဆကာလိကဝိဘတ္တိဝိဓာနံ-၆ ပါးသော ကြိယာ၌ ဖြစ်သော ဝိဘတ်တို့ကို စီရင်ရာအခဏ်းသည် (နိဋ္ဌိတံ-ပြီ)။

---

စသည်တို့သာ ထုတ်လိုရင်းပုံစံဖြစ်ကြောင်း အလဘိဿ စသည်တို့ကား တွဲဘက်ဖြစ်၍ ထည့်ရကြောင်းကို သိပါ။ ဤရူပသိဒ္ဓိ၌ အတိတ် ကြိယာတိပန္နကိုသာ ပြသော်လည်း အနာဂတ် ကြိယာတိပန္နလည်း ရှိနိုင်ကြောင်းကို ကစ္စည်းဘာသာဋီကာ၌ ပြအံ့။]

www.dhammaransi.com



(၄၇၅) ဣသု-ဣသုဓာတ်သည်၊ ဣစ္ဆာကန္တီသု-လိုချင်ခြင်း, နှစ်သက်ခြင်းတို့၌၊ ဝတ္တတိ-၏၊ ပုရေဝိယ-ရှေး၌ကဲ့သို့၊ (ဘဝတိ-ပစတိစသည်၌ကဲ့သို့၊) ဓာတွန္တဖလာပေါ-ချေ၊တျာဒျုပ္ပတ္တိ-တိအစရှိသောဝိဘတ်သက်၊အ ပစ္စယောစ-အ ပစ္စည်းလည်း သက်၊ ဓာတူနန္တိ-သည်၊ ဝတ္တမာနေ-သော်၊....

ဣသုယမူနံမန္တောစ္ဆောဝါ။ ။ဣသုယမုဣတိ-ဟူကုန်သော၊ ဧတေသံ ဓာတူနံ-တို့၏၊ အန္တော-အဆုံးဗျည်းသည်၊ ဝါ-စွ၊ စ္ဆော-သည်၊ ဟောတိ၊ အယံ ဝါသဒ္ဒေါ ဝဝတ္ထိတဝိဘာသတ္တော၊ အန္တော စ္ဆောဝါတိ ယောဂဝိဘာဂေန-"အန္တော စ္ဆောဝါ"ဟူသော ယောဂဝိဘာဂဖြင့်၊ အာသဿာပိ-အာသဓာတ်၏လည်း၊ (အန္တော စ္ဆော ဟောတိ)၊ သော-ထိုသူသည်၊ သဂ္ဂံ-နတ်ပြည်ကို [သိဒ္ဓ၌ "သမ္ပတ္တိ-စည်းစိမ်ကို"ဟု ရှိ၏၊] ဣစ္ဆတိ-လိုချင်၏၊ ဝါ-နှစ်သက်၏။ [နောက်၌လည်း ၂နက်ပေးနိုင်သည်။]၊ပေ၊ဣစ္ဆာမ၊ စ္ဆာဒေသာဘာဝေ-စ္ဆ အပြုမရှိရာ၌၊ အသံယောဂန္တတ္တာ-သံယုဂ်အဆုံးမရှိသည်၏ အဖြစ်ကြောင့်၊ အဥေသု စာတိ-သုတ်ဖြင့်၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု၊ ဧသတိ-လိုချင်၏၊ ဧသန္တိ၊ ဣစ္ဆာဒိ။

---

ဣသု=ဣစ္ဆာကန္တီသု—ဘူဝါဒိဂဏ်ိကဓာတ်တို့တွင် စုဓာတ် မရဓာတ်စသည်တို့မှာ "စဝတိ, မရတိ"စသည်ဖြင့် ဘဝတိနှင့် ရုပ်နေ တူသောကြောင့် မပြတော့ဘဲ ရုပ်အစီအရင် ထူးသော ဓာတ်တ်ကိုသာ ဆက်၍ ပြလိုသောကြောင့်ရင်း, ထို ရုပ်အစီအရင်ထူးသော ဓာတ်တို့တွင်လည်း ဣသု ယမု ဓာတ်တို့၏ ရုပ်နေပုံသည် ဂစ္ဆတိ စသည်နှင့်တူသည့်အတွက် သာ၍ လွယ်ကူသောကြောင့်ရင်း ဣသု ယမုဓာတ်တို့ကို ရှေးဦးစွာ ပြဘောင်မူလိုရကား "ဣသု=ဣစ္ဆာကန္တီသု"စသည်ကို မိန့်။

ဝဝတ္ထိတ၊ပေ၊ဝါသဒ္ဒေါ—ဣသုဓာတ်၌"ဣစ္ဆတိ–ဧသတိ"စသည်ဖြင့်ရင်း, ယမုဓာတ်၌ နိရှေးရှိရာဝယ်"နိယစ္ဆတိ နိယမတိ"စသည်ဖြင့်ရင်း ဝါသဒ္ဒါသည် အနိစ္စဝိဓိကို ပြ၏၊ သံရှေးရှိရာဝယ်"သညမတိ"စသည်ဖြင့် အသန္တဝိဓိကို ပြ၏၊ နိစ္စဝိဓိကား မရှိနိုင်။

အန္တော စ္ဆော ဝါတိ၊ပေ၊အာသဿာပိ—ဣသု ယမုနံကို ဖြုတ်၍ "အန္တော စ္ဆောဝါ"ဟူသော ဒွိခါကရဏယောဂဝိဘာဂဖြင့် အာသဓာတ်၏အဆုံး(သ်)ကိုလည်း စ္ဆပြုနိုင်၏။ [စ္ဆပြုရာ၌ ဣသု ယမု အာသတို့၏ဓာတွန်ကို ချေပြီးဖြစ်သောကြောင့်"သ်+မ်"တို့၌ သရမရှိတော့ရကား စ္ဆ၌လည်း သရမပါဘဲ ပြသင့်၏၊ နောက် ပစ္စည်းကို ကပ်လျှင် "ဣစ္ဆတိ"စသည် ဖြစ်၏။]

www.dhammaransi.com



ကမ္မေ–၌၊ အတ္တနောပဒဿ – အတ္တနောပုဒ် ဝိဘတ်၏၊ ယောဘုယျေန– များသောအားဖြင့်၊ ပရဿပဒတ္တ မေဝ –ပရဿပုဒ် ဝိဘတ် အဖြစ်ကိုသာ၊ ပယောဇီယတိ – ယှဉ်စေအပ်၏။ [အတ္တနောပုဒ် ဝိဘတ်ကို ပရဿပုဒ်ပြု၍ သုံးစွဲထားသည်သာ ကျမ်းဂန်၌ များသည်-ဟူလို၊] တေန – ထို့ကြောင့် [“ဝုတ္တ-ဉာရူပသိဒ္ဓိ၌” သီမူ၌ မပါ၊] အတ္တနောပဒ ရူပါနိ - အတ္တနောပုဒ် ရုပ်တို့ကို၊ သင်္ခိပိဿာမ-ချုံးကုန်အံ့၊ သော-ထို နတ်ပြည်ကို၊ ဂစ္ဆီယတိ၊ပေ၊ ဂစ္ဆိယတိ – လိုချင်အပ်၏၊ ယကာရဿ - ၏၊ ပုဗ္ဗရူပတ္တံ – ပုဗ္ဗရုပ် အဖြစ်သည် (ဟောတိ)၊ [“ဂစ္ဆ်+ယ, တိ”ယကို ပုဗ္ဗရုပ်ပြု၍ “ဂစ္ဆိယတိ”ဖြစ်သည်ဟူလို။]

တထာ - ပါး၊ ဂစ္ဆတု, သေတု – လိုချင်လော၊ ဂစ္ဆေယျ, သေယျ– လိုချင်ရာ၏၊ ပရောက္ခာ ဟိယျတ္တနီသု ပန-ပရောက္ခာ ဟိယျတ္တနီ ဝိဘတ် တို့၌ကား၊ ရူပါနိ-ရုပ်တို့ကို၊ သဗ္ဗတ္ထ-အလုံးစုံသော ဓာတ်တို့၌၊ ပယောဂံ- ပြယုဂ်ကို၊ အနုဂမ္မ-အစဉ်လိုက်၍၊ ပယောဇေတဗ္ဗာနိ – ယှဉ်စေထိုက်ကုန်၏၊ [“ပရောက္ခာ ဟိယျတ္တနီ ဝိဘတ်၌ ရုပ်များကို မပြတော့ပြီ, ပါဠိတော် ပြယုဂ်ကိုလိုက်၍ ထိုက်သလို သုံးစွဲလေတော့”ဟူလို၊] ဂစ္ဆိ, သေိ-လိုချင်ပြီ၊ ဂစ္ဆိဿတိ, သေိဿတိ - လိုချင်လတ့်၊ ဂစ္ဆိဿာ, သေိဿာ - လိုချင်ရာပြီ၊ ဝါ-နှစ်သက်ရာပြီ၊ ဂစ္စာဒိ-တည်း။

ယမု-ယမုဓာတ်သည်၊ ဥပရမေ–ရှောင်ကြဉ်ခြင်း၌ (ဝတ္တတိ)၊ နိပုဗ္ဗော- နိရှေးရှိသည်ငင်း၊ ဍ္ဆာဒေသော စ–ဍ္ဆ အပြုသည်ငင်း (ဟောတိ)၊ နိယစ္ဆတိ- ရှောင်ကြဉ်၏ ၊ ပေ ၊ နိယမန္တိ -ရှောင်ကြဉ်ကုန်၏၊ သံပုဗ္ဗော– သံ ရှေးရှိသည် (ဟောတိ-ဖြစ်အံ့)၊ သယေစာတိ-သယေစ သုတ်ဖြင့်၊ ဉ တ္တံ-ဉ အဖြစ်သည်ငင်း၊ ဒွိတ္တံ စ - ငင်း (ဟောတိ)၊ သညမတိ - ရှောင်ကြဉ်၏၊ ဝါ – စောင့်စည်း၏၊ [မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကိုပင် “စောင့်စည်း”ဟု ခေါ်သည်၊]သညမန္တိ- ကုန်၏၊ ကမ္မေ-၌၊ နိယစ္ဆီယတိ၊ပေ၊နိယမ္မတိ–ရှောင်ကြဉ်အပ်၏၊ [ပုဗ္ဗရုပ် ပြု၍ “နိယမ္မတိ”ပြီး၏၊] သညမီယတိ ဝါ-လည်း ရှိ၏။

---

အသံယောဂန္တဿ၊ပေ၊သေတိ—“ဂွသ်+အ+တိ”ဟု ရှိရာ၌ ဂွသ်ဝယ် သံယုဂ် မဆုံးသေးကြောင့် အညေသုစဖြင့် ဝုဒ္ဓိပြု၍“သေတိ”စသည်လည်း ဖြစ်နိုင်၏၊ ဂစ္ဆတိ ၌ကား“ဂစ္ဆ”ဟု ဖြစ်သည့်အခါ “ စ္ဆ”ဟု သံယုဂ်ဆုံးလျက်ရှိသောကြောင့် ဂ လို ဝုဒ္ဓိ မပြုနိုင်၊ ဂစ္ဆဟု မဖြစ်ခင် “ဂွသ”တုန်းက ဝုဒ္ဓိပြုနှင့်ပါတော့လော–ဟူအံ့၊ဂွသုယမုန-

www.dhammaransi.com



တထာ-ပါး၊ နိယစ္ဆတု-ရှောင်ကြဉ်လော၊ သညမတု-စောင့်စည်းလော၊ [ပရောက္ခာ ဟိယျတ္တနီရုပ်များ မပါသည်ကို ခေတ်တိုင်းမှာ သတိပြု]၊ပေ၊ သညမိယာ-ပြီ၊ ဣစ္စာဒိ၊ [ဝိ+အာ ရှေးရှိသော ယမုဓာတ်ဖြင့် "ဝါယမတိ-အားထုတ်၏၊ ဝါယမိယတိ-အားထုတ်အပ်၏" စသော ရုပ်များလည်း ရှိ၏၊] အာသ-သည်၊ ဥပဝေသနေ-ကပ်ဝင်ခြင်း၌ (ဝတ္တာတိ)၊ ယောဂဝိဘာဂေန-ဖြင့်၊ ["အန္တေ ာစ္ထော ဝါ"ဟု ပြခဲ့သော ယောဂဝိဘာဂဖြင့်၊] စ္ဆာဒေသော-စ္ဆပြု၊ ရဿတ္တံ-ပြု၊ ["အာစ္ဆတိ"ဟု ဖြစ်သောအခါ "ကွစာဒိ မဇ္ဈုတ္တရာနံ"ဖြင့် အာကို ရဿပြု၊ သန္ဓိစပ်သော အရာမဟုတ်၍ "ရဿ"သုတ်ဖြင့် မပြုရ၊] အစ္ဆတိ-ကပ်ဝင်၏၊ ဝါ-နေ၏၊ပေ၊အစ္ဆာမ၊ အညတြ-အခြားရုပ်၌၊ ဥပပုဗ္ဗော-ဥပ ရှေးရှိသည်၊ (ဟောတိ-ဖြစ်အံ့၊) ဥပါသတိ-အနီး၌ ကပ်ဝင်၏၊ ဝါ-ဆည်းကပ်၏။ ["ဥပ+အနီး+အာသတိ-ကပ်ဝင် နေထိုင်၏"ဟူသည်ကို ယခု ကာလဝယ် ဆည်းကပ်"ဟု ဆိုသည်၊] ဥပါသန္တိ+အစ္ဆိယတိ-ကပ်ဝင်အပ်၏၊ ဥပါသိယတိ-ဆည်းကပ်အပ်၏၊ပေ၊ဥပါသိသာ ဣစ္စာဒိ။

လဘ, လာဘေ-ရခြင်း၌ (ဝတ္တတိ)၊ လဘတိ-ရ၏၊ပေ၊လဘာမေ-ကုန်၏၊ ကမ္မေ-၌၊ ယကာရဿ-၏၊ ပုဗ္ဗရူပတ္တေ-ပုဗ္ဗရုပ်အဖြစ်ကို၊ ကတေ-ပြုအပ်ပြီးသော်၊ ကွစိဓာတူတျာဒိနာ-ဖြင့်၊ ပုရိမ ဘကာရဿ-ရှေ့ ဘအက္ခရာကို၊ ဗကာရော-ဗပြု၊ လဗ္ဘတေ-ရအပ်၏၊ပေ၊လဗ္ဘေယျ-ရအပ်ရာ၏၊ [ပုဗ္ဗရုပ်ပြု၍ "လဘဘတေ"ဟု ဖြစ်သောအခါ ကွစိဓာတုဖြင့် ရှေ့ ဘကို ဗပြု၍ "လဗဘတေ" (မြန်မာ အရေးအားဖြင့် "လဗ္ဘတေ")စသည် ဖြစ်၏၊]

---

မန္တော္သုတ်က အခုညသုစ သုတ်ထက် အရာကျဉ်း၏၊ အရာကျဉ်းသောသုတ်နှင့် အရာ ကျယ်ခဲ့သော သုတ် ၂ မျိုးတွင် အရာကျဉ်းသောသုတ်က မိမိဆိုင်ရာ၌ အားရှိမြဲဖြစ်၍ ဇာသု ယမုနမန္တော္သုတ်က ရှေးဦးစွာ စီရင်သောကြောင့် ဝုဒ္ဓိ မပြုနိုင်၊ ထိုဖြစ်လျှင် သေတိ ၌လည်း ထိုသုတ်က ရှေးဦးစွာ ဆ ပြုနိုင်ပါဘော့လော-ဟူအံ့၊ ဝါသဒ္ဒါ၏ သတ်မှတ်ချက် ကြောင့် ဆ မပြုဘဲထားရသည်၊ အရာတိုင်းမှာ ဤနည်းကို သတိပြုပါ၊ ဤမှ နောက်၌ ရုပ် စီရင်ပုံမှာ စာကိုယ်အတိုင်း သိသာပြီ။ [သာဝကာသဝိဓိဘောတု, ဗလီ နိဝရကာ သကော၊ သာဝကာသဝိဓိတော (သ+အဝကာသ ဝိဓိတော) — ကျယ်သော အရာ ရှိသော ဝိဓိထက်၊ နိရဝကာသကော—ကျယ်ခဲ့သောအရာ မရှိသော (အရာကျဉ်းသော) ဝိဓိသည်၊ ဗလီ—အားရှိ၏၊ (စီရင်ရာနယ်ကို "အရာ"ဟု ဆိုသည်)။]

www.dhammaransi.com



(၄၇၆) လဘာသွာ ဤ ဣနံ ထ ထံ။ ။လဘာ ဣတိ - ဟူသော ၊ ပေ ၊ ဓာတွန္တသာ လောပေါ စ (ဟောတိ)၊ အလတ္ထ, အလဘိ, လဘိ-ရပြီ၊ [ဤကို ထပြု, ဓာတ္ဆန်(သ်)ကို ချေ၍ "အလတ္ထ" ဤကို ရသပြု၍ "အလဘိ" ပြီး၏၊ သိမ္မူ၌ "အလတ္ထ, အလဘိ, လဘိ" ဟု ရှိသည်၊] အလဘိံသု, လဘိံသု-ကုန်ပြီ။ [ဩကို ဣပြု၍ရင်း မပြုဘဲရင်း "အလဘော, လဘော, အလဘိ, လဘိ-ရပြီ" ဟု ရှိရဲဦးမည်၊ မူတိုင်း၌ ကျ၏၊] အလဘိတ္ထ လဘိတ္ထ, အလတ္ထံ-အလဘိံ လဘိံ, အလဘိမှ လဘိမှ ဣစ္စာဒိ။

ဘဝိဿန္တိမှိ-ဘဝိဿန္တိဝိဘတ်၌၊ ကရဿ သပစ္စယဿကာဟောတိ ဇ္တေ-ကရဿ ၊ ပေ ၊ ကာဟော ဟူသော ဤသုတ်၌၊ သပ္ပစ္စယဂ္ဂဟဏေန - သပစ္စယ် သဒ္ဒါပိုဖြင့်၊ ဝစ မုစ ဘုဇာဒိတော - ဝစ, မုစ, ဘုဇ အစရှိသော ဓာတ်မှ၊ (ပရဿ-သော)၊ ဿဿ-ဿ၏၊ ခါဒေသော-ခ အပြုသည်ရင်း၊ ဝသ ဆိဒ လဘာဒိတော-ဝသ, ဆိဒ, လဘ အစရှိသော ဓာတ်မှ (ပရဿ) ဿဿ-၏၊ ဆာဒေသော-ဆ အပြုသည်ရင်း၊ ဝါ ဟောတိ-ဝိကပ်ဖြစ်၏၊ ဣတိ-တို့ကြောင့်၊ ဿဿ-၏၊ ဆာဒေသော-ဆ ပြု။ [ကရဿ သပစ္စယကာဟောသုတ်၌ "ဝစ မုစ၊ပေ၊ဆာဒေသောစ ဝါ ဟောတိ" ဟု ဆိုသောကြောင့် ထိုသုတ်၌ သပစ္စယ သဒ္ဒါပိုဖြင့် လဘ နောင် ဿကို ဆပြုပါ-ဟူလို၊ သပစ္စယ သဒ္ဒါပိုပံ့ကို ထိုသုတ်ကျမှ ပြအံ့၊]ဗျဉ္ဇနန္တဿ စော ဆပ္ပစ္စယေ သုတ္တော-သုတ်ဖြင့်၊ ဓာတွန္တဿ-ဓာတ္ဆန်(သ်)ကို၊ စကာရော-စပြု၊ လစ္ဆတိ-ရလတ္တံ၊ပေ၊လစ္ဆာမ၊ ဆာဒေသာဘာဝေ-ဆ အပြု မရှိရာ၌၊ လဘိဿတိ၊ပေ၊လဘိဿာမ ဣစ္စာဒိ။ [ဣစ္စာဒိဖြင့် "လဘိဿတေ"စသည်ကို ယူ၊] အလဘိဿာ-ရရာပြီ၊ အလဘိဿံသု-ကုန်ပြီ၊ ဣစ္စာဒိ။.... ဝစ, ဝိယတ္တိယံ-အနက်ကို ထင်ရှားပြဟတ်သော၊ ဝါစာယံ-စကား ပြောဆိုခြင်း၌ (ဝတ္တတိ) ဝစတိ-ပြော၏, ဆို၏၊ပေ၊ဝစာမ။

---

မှတ်ချက်။ ။စိတ်ထည်း၌ ကြံစည်အပ်သော စကားလုံးနှင့် အပြင်သို့ ထုတ်ဖေါ် ပြောဆိုအပ်သောစကားသံ ၂ မျိုးတွင် စိတ်၌ စကားလုံးများသည် သူတပါးအား အနက် အဓိပ္ပါယ်ကို ထင်ရှား မပြနိုင်, ထုတ်ဖေါ် ပြောဆိုအပ်သော စကားသံသာ အနက် အဓိပ္ပါယ်ကို ထင်ရှား ပြနိုင်၏၊ ထို ထုတ်ဖေါ်ပြောဆိုအပ်သော စကားသံသည် "အတ္တံ ဗျဉ္ဇယတိ ပကာသေတိ" အရ ဝိယတ္တိ မည်၏၊ "ဝိပုဗ္ဗ+အဉ္ဇဓာတ်, တိ ပစ္စည်း"၊ "ဝိယတ္တိယံ–လိမ္မာသူ၏ ဥစ္စာ ဖြစ်သော" ဟု ပေးကြရာ၌ မလိမ်မမာ ဆဲဆိုသော ဝါစာများ မပါနိုင်သောကြောင့် ထိုအနက်ကို သဒ္ဒါပုဒ်ရင်းနှင့်တကွ စဉ်းစားပါ။

www.dhammaransi.com



(၄၇၇) ကမ္မေ-ကံအနက်၌၊ အတ္တနော ပဒေ-ကိုရင်း၊ ယ ပစ္စယေစ-ကိုရင်း၊ ကတေ-ပြုအပ်ပြီးသော် ("ဝစ, ယ, တေ"ဟု ဖြစ်ပြီးသော်-ဟူလို။)

ဝစ ဝသါပေါယေ။ ။ပရေ ယပစ္စယေ, ဝစ ဝသ ဝဟ ဣစ္စေဝ မာဒီနံ ဓာတူနံ ဝကာရဿ ဥကာရော ဟောတိ၊ အာဒိသဒ္ဒေန-ဖြင့်၊ ဝစုဿစ-ဝစုဓာတ်၏လည်း ( ဝကာရဿ ဥကာရော ဟောတိ )၊ ဝဿ - ဝ၏၊ အ-အတည်း၊ ဝ-ဝ၏ အ၊ ဣတိသမာသေန-ဤ သမာသ်ဖြင့်၊ ဧတ္ထ-ဤ "ဝဿ"ဟူသော ပါဌ်၌၊ ဒုတိယံ-၂ ခုမြောက်သော၊ ဝဂ္ဂဟဏံစ-ဝ သဒ္ဒါကိုလည်း၊ ဣစ္ဆိတဗ္ဗံ-အလိုရှိထိုက်၏၊ တေန - ထို့ကြောင့်၊ အကာရဿပိ-အ၏လည်း၊ ဥကာရော ဟောတိ၊ ပုရိမပက္ခေ - ဝ ဗျဉ်းကိုသာ ဥပြုရာဖြစ်သော ရှေ့ပက္ခ၌၊ ပရလောပေါ-နောက်သရကို ချေ၊ တဿ စဝဂ္ဂ ဣစ္စာဒိနာ - တဿ စဝဂ္ဂ အစရှိသော သုတ်ဖြင့်၊ သဓာတွန္တဿ - ဓာတွန်နှင့်တကွဖြစ်သော၊ ယကာရဿ-ယပစ္စည်း၏၊ စကာရော-စပြု၊ ဒွိတ္တံ-လာ၊ ဥစ္စတေ-ဆိုအပ်၏၊ ပေါဝုစ္စန္တေ-ကုန်၏၊ ဝုစ္စတိ ဝုစ္စန္တိဝါ-လည်း ရှိ၏၊ ဣစ္စာဒိ။

---

(၄၇၇) ဝဿ အ၊ ပေ၊ ဥကာရော ဟောတိ—"ဝဿ ယေ"၌ "ဝဿ-ဝ၏" ဟူသော အနက်ကား ပဌမ အနက်တည်း၊ ထို ဝဿ၌ "ဝဿ+အ,ဝ"ဟု တပ္ပုရိသ် သမာသ်ပြု၍ ဒုတိယ ဝ တလုံးကို လိုလားအပ်၏၊ ထို ဒုတိယ ဝ အတွက် "ဝဿ-ဝ၏ အ၏"ဟု အနက်ပေး၊ ဤအနက်အလို ဝ ကို ဥ မပြုဘဲ ဝ ၏ အ သရကို ဥ ပြုရသည်၊ ဤစကားအရ ယက်ကန်း တချက် ခတ်လိုက်လျှင် အတိုင်ချည် အဖေါက်ချည် ၂ မျှင် တပြိုင်နက် ထပ်နေသကဲ့သို့ ဝဿ၌ တန္တနည်း (ယက်ကန်း ယက်နည်း) အားဖြင့် ဝ ၂ လုံး ထပ်လျက်ရှိသည်၊ ဝဿဟု တချက် ရွတ်လိုက်လျှင် ဝ ၂ လုံးထပ် တခါထည်း ပါလာသည်—ဟူလို၊ တနည်း—"ဝေါစ ဝေါစဝေါ"ဟု ဧကသေသ ပြု၍သော်လည်း ဒုတိယ ဝ ကို ရနိုင်၏၊ "ဝေါစ—ဝလည်း၊ ဝေါစ—ဝ၏ အလည်း၊ ဝေါ—ဝ, ဝ ၏ အစိတ် အ"ဟု အနက်ဆို၊ ၂ နည်းလုံးအတွက်"ဝဿ—ဝ,ဝ၏ အ၏"ဟု သုတ်နက်ဆို။

ပုရိမပက္ခေ ပရလောပေါ—"ဝဿ—ဝ၏"ဟု ပေးရသော ပဌမပက္ခ၌ ဝ ဗျဉ်းကိုသာ ဥ ပြုရကား ဝ ၏ မှီရာ အ သရ ကျန်နေသောကြောင့်၊ (ဥ အ စယတေ)ဟု ဖြစ်၏၊ ထို့ကြောင့် "ပရလောပေါ-နောက် အသရကို ချေ"ဟု ဆိုသည်။ [ဤနောက် သရကို ချေရာ၌ "ဝါပရော အသရူပါ"ဖြင့် ချေရမည်—ဟု ထင်ဘွယ် ရှိသော်လည်း သန္ဓိ စပ်သောအရာ မဟုတ်၍ "ကွစိဓာတု"သုတ်ဖြင့်သာ ချေသင့်မည် ထင်သည်၊ ဥစ္စတေ၌ ဤနည်းအတိုင်း စီရင်ပြီးနောက် တဿ စဝဂ္ဂသုတ်ဖြင့် ဓာတွန် စနှင့် ယကို စ ပြု, ဒွေဘော်လာ၊ ဝုစ္စတေ၌ကား နောက်နည်းအရ ဝ ၏ အ ကို ဥ ပြုရုံသာ။]

www.dhammaransi.com



တထာ-ပါး၊ ဝစတု-ဆိုလော၊ ဝုစ္စတု-ဆိုအပ်လော၊ ဝစေယျ-ဆိုရာ၏၊ ဝုစ္စေယျ-ဆိုအပ်ရာ၏၊ အ ဝစာ အဝစ-ဆိုပြီ၊ ["အဝစ္စာ"ဟု ကမ္မရုပ်လည်း တမျိုးရှိ၏၊] အဝစူ အဝစု-ဆိုကုန်ပြီ၊ ["အဝစ္စုံ"ဟု ကမ္မရုပ်လည်း တမျိုး ရှိ၏၊] အဝစ အဝစော-ပြီ၊ [ဩ ကို အ ပြု၍ "အဝစ"ဖြစ်၏၊] အ ဝစုတ္ထ-ဆိုကုန်ပြီ၊ [ဥ မလာဘဲ "အဝစတ္ထ"လည်း ရှိသင့်၏၊] အဝစ အဝစံ-ဆိုပြီ၊ အဝစမှာ-ကုန်ပြီ၊ [ဥ လာ၍ "အဝစုမှာ"လည်း ရှိသင့်၏၊] အဝစုတ္ထ-ဆိုပြီ၊ ဣစ္စာဒိ-တည်း၊ ["ဣစ္စာဒိ"ဖြင့် ဟိယျတ္တနီ အတ္တနောပုဒ် ရုပ်များကို ညွှန်ပြ၏၊ "အဝစတ္ထုံ, အဝစသေ, အဝစဝှံ, အဝစိံ, အဝစမှသေ"ဟု စဉ်လေ၊ "များသောအားဖြင့် ပရောက္ခာ ဟိယျတ္တနီရုပ်များကို ချုံးတော့အံ့"ဟု မှာခဲ့သော်လည်း ဤနေရာ၌ ပါဠိပြယုဂ် ရှိသောကြောင့် ဟိယျတ္တနီရုပ်ကို ပြထားသည်။]

(၄၇၈) **ဝစဿဇ္ဇတနိမှိ၊ပေ၊ဩ။** ။အဇ္ဇတနိမှိ ဝိဘတ္တိမှိ ဝစ ဣတိ ဧတဿ ဓာတုဿ အကာရော ဩတ္တံ အာပဇ္ဇတေ၊ အဝေါစိ-ဆိုပြီ၊ အဝေါစုံ-ဆိုကုန်ပြီ၊ အဝေါစော (သိဒ္ဓိ၌ "အဝစော")-ဆိုပြီ၊ပေ၊အဝေါစုမှ-ကုန်ပြီ၊ ဥတ္တံ-ဥ၏ အဖြစ်သည်၊ ဝါ-ဥလာသည် (ဟောတိ)၊ [ဒိတ္တံ၌ ၂ လုံး၏ အဖြစ် ဟူသည် နောက် တလုံး လာခြင်း ဖြစ်သကဲ့သို့ ဤ ဥတ္တံ၌လည်း ဥ၏ အဖြစ်ဟူသည် "ကွစိဓာတု"ဖြင့် ဥ လာခြင်းပင်တည်း။] အဝေါစ–ဆိုပြီ၊ ရဿတ္တံ–သည် (ဟောတိ)၊ [အာ ဝိဘတ်ကို ရဿ ပြု–ဟူလို၊ သိမှု၌ "အဝစ"ဟု ရှိ၏၊] အဝေါစူ-ဆိုကုန်ပြီ၊ ဣစ္စာဒိ၊ အဝုစ္စိတ္ထ-ဆိုအပ်ပြီ၊ [အတ္တနောပုဒ် အာ ဝိဘတ်ကို တ္ထ ပြုပြီးမှ ဣ လာ၊ သီဟိုဠ်မူ၌ "အဝစိတ္ထ"ဟုရှိ၏၊ ယ ပစ္စည်းချေ၍ သိမှုအတိုင်းလည်း ဖြစ်နိုင်သည်။]

ဘဝိဿန္တိမှိ – ၌၊ သပစ္စယဂ္ဂဟဏေန – သပ္ပစ္စယသဒ္ဒါဖြင့်၊ ["ကရဿ သပစ္စယဿ ကာဟော"သုတ်၌ သပစ္စယ သဒ္ဒါပိုဖြင့် – ဟူလို၊] ဿဿ – ဿ ၏၊ ခါဒေသော -- ခ အပြုသည်ရင်း၊ ဗျဥ္ဇနန္တဿာတိ – ဗျဥ္ဇနန္တဿ

---

မှတ်ချက်။ ။ဝကို ဥပြုရာ၌ ဝ ဗျဉ်းကိုသာပြု၍ အသရ မပါဟု အယူရှိသဖြင့်"ပုနိမ ပဓေ့ ငရလောပေါ"ဟု ဆိုသည်၊ ထိုစကားကို စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း ... ဤသုတ်နှင့် ဆင်တူသော "ဝစဝါဝု" "ဝဿ ဝါဝု"သုတ်တို့၌ ဝ ကို ဥ ပြုသောအခါ အသရ ချေဘို့ရာ မညွှန်ပြဘဲ (အ သရနှင့်ဘက္ခ) ဝ ကို ဥ ပြုသောကြောင့်ရင်း, ချွာသ ရုပ်တွက်ရာ၌ နောက်သရ ချေဘို့ရာ မညွှန်ပြဘဲ ဝ တခုလုံးကို ဥ ပြုသောကြောင့် ရင်းတည်း။

www.dhammaransi.com



ပုဒ်သည်၊ ဝတ္တမာနေ-သော်၊ [ဗျဥ္ဇနန္တသ္သ စောဆပ္ပစ္စယေသု-မှ ဗျဥ္ဇနန္တ သဒ္ဒါလိုက်စေ၍-ဟူလို၊] ကောခေစောတ်-သုတ်ဖြင့်၊ ဓာတွန္တဿ-ဓာတွန်(စ်)၏၊ ကာဒေသော-က အပြုသည်ရှင်း (ဟောတိ)၊ ဝက္ခတိ-ဆိုလတ္တံ၊ပေ၊ဝက္ခာမ-ဆိုကုန်အံ့၊ ဣစ္စာဒိ။

ဝသ, နိဝါသေ-နေခြင်း၌ (ဝတ္တတိ)၊ ဝသတိ-နေ၏၊ ဝသန္တိ၊ ကမ္မေ-၌၊ ဥတ္တံ-ဥ အဖြစ်သည်ရှင်း (ဝစ ဝသ-စသော သုတ်ဖြင့် ဝ ၏ အ ကို ဥပြု-ဟူလို)၊ ပုဗ္ဗရူပတ္တဥ္စ-ပုဗ္ဗရူပ်အဖြစ်သည်ရှင်း (ဟောတိ)၊ ဝုဿတိ-ကျင့်သုံးအပ်၏၊ ဝုဿန္တိ-ကျင့်သုံးအပ်ကုန်၏၊ ဣစ္စာဒိ-တည်း၊ နေခြင်း ကြိယာ၌ ကံ မရှိ၍ ကံဟောပုဒ်၌ ''ကျင့်သုံးအပ်''ဟု ပေးသည်၊] ဝသတု-နေလော၊ပေ၊ ဝသိ-နေပြီ၊ ဘဝိဿန္တိယံ-၌၊ ဿဿ-ဿ၏၊ ဆာဒေသော-ဆ အပြုသည်ရှင်း (သပစ္စယ သဒ္ဒါပိုဖြင့် ပြု၊) ဓာတွန္တဿ-ဓာတွန်(သ်)၏၊ စ ကာရောစ-စ အပြုသည်ရှင်း၊ ဟောတိ၊ [ဗျဥ္ဇနန္တဿ စော-စသော သုတ်ဖြင့် ''သ်''ကို စပြု၊] ဝစ္ဆတိ-နေလတ္တံ၊ ပေ၊ ဝသိဿန္တိ၊ အဝသိဿာ-နေရာပြီ၊ အဝသိဿံသု၊ တထာ-တူ၊ ရုဒိ-ရုဒိဓာတ်သည် (ရုဒ-လည်းရှိ)၊ အဿုဝိမောစနေ-မျက်ရည်လွှတ်ခြင်း (ငိုခြင်း)၌ (ဝတ္တတိ)၊ ရောဒတိ-ငို၏၊ ရုစ္ဆတိ, ရောဒိဿတိ-ငိုလတ္တံ၊ ဣစ္စာဒိ-တည်း။

---

တထာ ရုဒ၊ပေ၊ရုစ္ဆတိ ရောဒိဿတိ—တထာဖြင့် ရုဒဓာတ်လည်း ဝသဓာတ်ကဲ့သို့ ဘဝိဿန္တိ ဝိဘတ်၌ ဿတိ စသည်မှ ဿကို ဆပြု၍ ဓာတွန်ကို (စ်) ပြုဘို့ရန် ညွှန်ပြ၏၊ ထို့ကြောင့် ဘဝိဿန္တိဝိဘတ်၌ ဝစ္ဆတိကဲ့သို့''ရုစ္ဆတိ''ဟုရုပ်ရှိရသည်၊''ရုဒ်+ဿတိ''ဟု ဖြစ်သောအခါ သပ္ပစ္စယ သဒ္ဒါပိုဖြင့် (ဝသ ဆိဒ လဘာဒိတော၌ အာဒိအရ ရုဒ စသည်ကို ယူ၍) ဿကို ဆပြု စသည် စီရင်။

မောဂ္ဂလ္လာန်။ ။''လဘဝသဆိဒဘိဒရုဒါနံ စ္ဆင်''မောဂ္ဂလ္လာန်သုတ်၊လဘ၊ပေ၊ ရုဒါနံ—လဘဓာတ်၊ပေ၊ရုဒဓာတ်တို့၏၊ ဿေန—ဝိဘတ်၏ ဿနှင့်တကွ၊ စ္ဆင်—''င'' အနုဗန်ရှိသော စ္ဆ အပြုသည်၊ ဟောတိ (သုတ်နက်) ၊ဤမောဂ္ဂလ္လာန်၌ ကာလာတိပတ္တိ ဝိဘတ်၏ ဿကိုလည်း ပြု၏၊ ထို့ကြောင့် အလစ္ဆာ အလဘိဿာ—ရရာပြီ၊ အဝစ္ဆာ အဝသိဿာ—နေရာပြီ။အစ္ဆေစ္ဆာ အစ္ဆိန္ဒိဿာ—ဖြတ်ရာပြီ၊အဘေစ္ဆာ အဘိန္ဒိဿာ—ခွဲရာပြီ၊ အရုစ္ဆာ အရောဒိဿာ—ငိုရာပြီ ဟူသော ရုပ်များလည်း ဖြစ်၏၊ ဤမောဂ္ဂလ္လာန် သုတ်အလို''ရုစ္ဆတိ''ဟုဘဝိဿန္တိ ရုပ်ရှိကြောင်း သာ၍ထင်ရှား၏၊ဝေဿန္တရာတ်တော် စသော ပါဠိများ၌လည်း''သာ နုန ကပဏာ အမ္မာ,စိရရတ္တာယ ရုစ္ဆတိ''ဟု ယခုစာတို့၌ တွေ့ရသည်မှာပါဠိပျက်သာ၊ ''စိရရတ္တာယရုစ္ဆတိ''ဟုရင်းအဋ္ဌကထာ၌လည်း ''ရုစ္ဆတိ တိ ရောဒိဿတိ''ဟုရင်း ရှိရမည်။ [သဒ္ဒနီတိ၌ကား''ရုဒဿ ဒဿ စော ဘဝိဿန္တိယံ၊

www.dhammaransi.com



ကုသ=အကောသေ - ဆဲခြင်း၊ ရေရွတ်ခြင်း၌ (ဝတ္တတိ) [နောက်၌ "ဝတ္တတိ" ပုဒ်ကို ထည့်၍ဆို၊] အာပုဗ္ဗော - အာရှေးရှိသည်ရှင်း၊ ဒိတ္တရဿတ္တာနိ - ဒွေဘော်, ရဿအဖြစ်တို့သည်ရှင်း၊ အပ္ပစ္စယ ဝုဒ္ဓိယောစ - အပစ္စည်း ဝုဒ္ဓိတို့သည်ရှင်း၊ ( ဟောန္တိ )၊ အက္ကောသတိ - ဆဲ၏၊ ပေ၊ အက္ကောသေယျ။

(၄၇၉) အန္တလောပေါတိ-သည်၊ ဝတ္တတေ၊ မဏ္ဍူက ဂတိယာ-ဖြင့်၊ ဝါတိစ-လည်း၊ ဝတ္တတေ၊ [ဟ ဝိပရိယယော လောဝါ-မှ ခုန်ကျော်၍ ဝါသဒ္ဒါ လိုက်သည်။]

**ကုသသ္မာ ဒီ စ္ဆိ။** ။ကုသဣတိ-ကုသဟူသော၊ တေသ္မာဓာတုတော-မှ၊ (ပရဿ) ဤဝိဘတ္တိဿ - ဤဝိဘတ်၏၊ စ္ဆိ-သည်၊ ဟောတိ၊ ဓာတွန္တဿ - ၏၊ လောပေါစ - လည်း (ဟောတိ)၊ မံ-ငါ့ကို၊ အက္ကောစ္ဆိ - ဆဲဘူးပြီ၊ အက္ကောသိဝါ-လည်း ရှိ၏၊ပေ၊ဣစ္စာဒိ။ ["ကုသသ္မာ"ပါဠိ၌သာ မှန်ကန်ကြောင်းကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

---

သသအစ စော"ဟု သုတ်တည်၍ ဒကို စပြု,သကိုလည်း စပြုလျက် "ရုစ္ဆတိ-ငိုလတ့်"ဟု ဆို၏၊ ဤသဒ္ဒနီတိအဆိုသည် ဆိဒ ဘိဒဓာတ်တို့နှင့် ရုပ်တူသား၍ "ဆေစ္ဆတိ ဘေစ္ဆတိ ရုစ္ဆတိ"ဟု ပြသော မောဂ္ဂလ္လာန်လောက် မခြေမြဲ၊ ရူပသိဒ္ဓိအလိုလည်း ဝသဓာတ်နှင့် အတူညွှန်ပြသောကြောင့် "ရုစ္ဆတိ"ပင် ဖြစ်သင့်သည်၊ သီမူ၌လည်း "ရုစ္ဆတိ"ပင်။]

**ကံရှိသင့်-မရှိသင့်။** ။ဤရုဒဓာတ်သည် မိခင်က ရိုက်၍ ကလေးငိုရာ၌ကဲ့သို့သော ငိုခြင်းမျိုး၌ မူလက အကမ္မကဓာတ်တည်း၊ "နာဟံ ဘန္တေ တော် ရောဒါမိ—ဘပည့်တော် ဤဘုရားရှင်၏အဖြေကို ငိုသည်မဟုတ်ပါ"ဟူသော မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတသုတ် "မတံဝါ အမ္မ ရောဒန္တိ—အိုမိခင်....သေသူကိုသော်လည်း ဟ-သ၍ ငိုကြပါ၏"စသော ယက္ခသံယုတ်ပါဠိများ၌ကား တစုံတရာကို ရည်စူး၍ငိုခြင်း ဖြစ်သောကြောင့် သကမ္မက ဓာတ် ဖြစ်ရသည်၊ ထို့ကြောင့် ပဏ္ဏာသဋီကာ၌ "ယထာ ဓာတုသဒ္ဒါ အတ္ထဝိသေသ ဝသေန အကမ္မကာ ဟောန္တိ၊ပေ၊ဝံ အတ္ထဝိသေသဝသေန အကမ္မကာပိ (ပင်ကိုယ်က အကမ္မက ဖြစ်သော ရုဒဓာတ် စသည်တို့လည်း) အတ္ထဝိသေသဝသေန သကမ္မကာ ဟောန္တိတိ ဒဿေတုံ—န ပရိဒေဝါမိ န အနုတ္ထုနာမီတိ အာဟ"ဟု မိန့်သည်။

အက္ကောသတိ—"အာ+ကုသ်+အ+တိ"သ်ကို အ-ကပ်,ကုဥ ဝုဒ္ဓိပြု, ဒွေဘော်လာ အာနှင့် က္ကောသတိကို သန္ဓိစပ်ခြင်း ဖြစ်သောကြောင့် ရဿသုတ်ဖြင့် အာကို ရဿပြု၊ ထို ရဿသုတ်၌ "အာ+သာဒေါ=အဿာဒေါ"စီရင်ပုံကို သတိပြု။

www.dhammaransi.com



(၄၇၀) ဝဟ, ပါပဏေ-ရောက်စေခြင်း (ဆောင်ခြင်း)၌၊ ဝဟတိ-ဆောင်၏၊ ဝဟန္တိ၊ ကမ္မေ-၌၊ အတ္တနောပဒေ-ကိုရင်း၊ ယပစ္စယေစ-ကိုရင်း၊ ကတေ-သော်....ယေတိ-ယေပုဒ်သည်၊ ဝတ္တတေ။

ဟ ဝိပရိယယော လော ဝါ။ ။ပဒေ ယပစ္စယေ, ဟကာရယ-ဟ အက္ခရာ၏၊ ဝိပရိယယော - ပြောင်းပြန် ဖြစ်ခြင်းသည်၊ ဟောတိ၊ ယပစ္စယဿစ-ယ ပစ္စည်း၏လည်း၊ လကာရော-လ အပြုသည်။ ဝါ-စွာ၊ ဟောတိ၊ အယံ ဝါသဒ္ဒေါ ဝဝတ္ထိတဝိဘာသတ္ထော၊ တေန-ထို့ကြောင့်၊ဂယှတိတျာဒီသု-ဂယှတိ အစရှိသော ပြယုဂ်တို့၌။ လတ္တံ-လ အဖြစ်သည်၊ နဟောတိ-မဖြစ်၊ နိမိတ္တ ဘူတ-ယကာရဿဝ-နိမိတ်ဖြစ်၍ ဖြစ်သော ယ ၏သာ၊ တော် လတ္တံ-ဤလ အဖြစ်သည်(ဟောတိ)၊ ဝစဝသ ဣစ္စာဒိနာ—ဝစဝသအစရှိသော သုတ်ဖြင့်၊ ဥတ္တံ-ဥအဖြစ်သည်(ဟောတိ)၊ ဝုလှတိ, ဝုယှတိ-ဆောင်အပ်၏၊ ဝါ-မျှောအပ်၏၊ ဝုယှန္တိ၊ ဝဟတု - ဆောင်လော၊ ဝုယှတု - ဆောင်အပ်လော၊ ဝဟေယျ-ရာ၏၊ ဝုဧယှယျ - အပ်ရာ၏၊ အဝဟိ - ဆောင်ပြီ၊ အဝုယှိတ္ထ (အာ ဝိဘတ်ကို တ္ထပြု)-မျှောအပ်ပြီ၊ အဝဟိတ္ထ-မျှောအပ်ပြီ၊ [ယပစ္စည်းကို ချေအားသော ရုပ်တည်း၊] ဝဟိဿတိ၊ ပေ၊ ဣစ္စာဒိ။

---

(၄၇၀) ဝဟ=ပါပဏေ—"ဝဟ=ပါပုဏေ-(ရောက်ခြင်း၌)"ဟူ တချို့ရှိ၏၊ "ဝဟတိ—ဆောင်၏"ဟူရာ၌ အရပ်တပါးသို့ ရောက်စေခြင်းကို "ဆောင်"ဟု ခေါ်၏၊ ထို့ကြောင့်"ပပုဗ္ဗ အပဓာတ် (ကာရိတ် ဏေ ပစ္စည်း ကျေ) ယု ပစ္စည်း အနပြု, ရှေ့၌ ပဉပသာရသည့် သက္ကတ၌ "ပြ" ဟု ရှိ၍ ထို "ရ" အတွက်ကြောင့် နု ကို ဏ ပြု၍ "ပါပဏေ"ဟု ပါဠိမှန် ဖြစ်စေရမည်၊ ဘောဟော ကိတ်ပုဒ်ဖြင့် "ပါပုဏေ"ရုပ်မျိုး ပါဠိသုံးမတွေ့ရ၊ အခြားဓာတ်ကျမ်းများနှင့် သီမူ၌လည်း "ပါပနေ=ပါပဏေ"ဟုပင် ရှိကြသည်။

ဝဝတ္ထိတ၊ ပေ၊ လတ္တံ နှ ဟောတိ—ဝါ သဒ္ဒါ၏ သတ်မှတ်ချက်ကြောင့်ဂယှတိ၌ (ဟနှင့် ယ ရှိသော်လည်း) ရှေ့နောက် မပြန်ရ, အသန္တဝိဓိတည်း၊ ဝုလှတိ, ဝုယှတိ စသည်ကား အနိစ္စဝိဓိတည်း၊ နိစ္စ ဝိဓိကား မရှိ။

နိမိတ္တဘူတ၊ ပေ၊ လတ္တံ—သုတ်၌ "လောဝါ"ဟု သာမည ဆိုထားသောကြောင့် အဘယ်ကို လ ပြုရမည်—ဟု သုတ်အဆိုအတိုင်း မသိသာသော်လည်း,အဓိကာရ နည်းအားဖြင့် လိုက်လာသော"ယ ပစ္စယေ"အရနိမိတ်ဖြစ်သော ယ ကိုသာကြားနေရသဖြင့် ထိုကြားအပ်သော လက်တွေ့ ဒိဋ္ဌ ယ ပစ္စည်းကိုသာ လ ပြုရမည်၊ တိုက်ရိုက် ကြားရ တွေ့ရသော ယ ရှိလျက် အခြားတစုံတရာကို ရှာဘွေ မှန်းဆနေသဖြင့် နည်းလမ်းလည်း မကျ အကျိုးလည်း မရ—ဟူလို။

www.dhammaransi.com



(၄၇၁) ဇရ=ဝယော ဟာနိမှိ-အရွယ်၏ ယုတ်ခြင်း(အိုခြင်း)၌၊....၏။

**ဇရမရာနံ ဇီရဇီယျမိယျာ ဝါ။** ။ဇရ မရ၊ ပေ၊ ဝါ ဟောန္တိ၊ သရလောပါဒိ-သည်(ဟောတိ)၊ ဇီရတိ-အို၏၊ ဇီရန္တိ၊ ဇီယျတိ-အို၏၊ ဇီယျန္တိ၊ ကွစာဒိသုတ္တေန-ကွစိဓာတု အစရှိသော သုတ်ဖြင့်၊ ကေယကာရယာ-ယ တလုံး၏၊ ကွစိ-၌၊ လောပေါ ဟောတိ၊ ဇီယတိ-အို၏၊ ဇီယန္တိ၊ ကမ္မေ-၌၊ ဇီရီယတိ-အိုအပ်၏၊ ဇီရီယန္တိ-ကုန်၏၊ ဇီယျတိ-အိုအပ်၏၊ ဇီယျန္တိ-န်၏၊ ဇီရတု, ဇီယျတု-အိုလော၊ ဇီရေယျ, ဇီယေျယျ-အိုရာ၏။ [သိဒ္ဓိ၌ "ဇီယေယျ" ဟုရှိ၏၊] အဇီရိ, ဇီရိ, ဇီယျိ-အိုပြီ၊ ဇီရိဿတိ, ဇီယျိဿတိ-အိုလတံ့၊ အဇီရိဿာ, အဇီယျိဿာ-အိုရာပြီ။

မရ = ပါဏ စာဂေ-အသက်စွန့်ခြင်း၊ (သေခြင်း)၌၊....၏၊ မိယျာဒေသော-မိယျပြု၊ မိယျတိ-သေ၏၊ မိယျန္တိ-န်၏၊ မိယတိ မိယန္တိ ဝါ-လည်းရှိ၏။ [ယတလုံးချေသည်၊) မရတိ-သေ၏၊ မရန္တိ-ဣစ္စာဒိ။ (မြန်မာမှု၌ "မိယတိ မိယန္တိ ဝါ" ဟု ယ တလုံးချေသော ရုပ်များ ကျသည်။)

---

(၄၇၁) **သရလောပါဒိ**—ဇရဓာတ်၌ ဓာတွန် သရကို ချေလျှင် "ဇရ်" ဟုဖြစ်၏၊ ဇရ်ကို "ဇီရ ဇီယျ" ပြုသည့်အခါ ရ—ယျ တို့၌ သရ ပါနေသောကြောင့် တိ ဝိဘတ်အ ပစ္စည်းဖြင့် "ဇီရ+အ, တိ" ဟုဖြစ်၏၊ ရ၏ အသရကို ချေ, ရ်ကို အ ပစ္စည်းသို့ ကပ်, အန္တိဝိဘတ် ရှိရာ၌ အ ပစ္စည်းပါ တခါထည်း ချေ၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ "သရလောပါဒိ" ဟု မိန့်ဟန်တူသည်၊ သို့သော် နဂိုရ်က "ဇရ်" ဟု ဗျဉ္ဇနန္တ ရှိသောကြောင့် ကာရိယ ဖြစ်သော ဇီရ ဇီယျတို့၌သည်း ဗျဉ္ဇနန္တဖြစ်မှသာ ကာရီနှင့် ကာရိယ သင့်တန်သောကြောင့်၎င်း, မူသည် သရ ချေဘို့ရန် မပြုသောကြောင့်၎င်း "သရလောပါဒိ" ဟူသော ဤစကားကို စဉ်းစားသင့်သည်။

**ကွစာဒိ သုတ္တေန၊ ပေ၊ ဇီယတိ**—ဇီယျ ပြုရာ၌ ဇီယျတိရုပ်အပြင် ကွစိဓာတုဖြင့် ယ တလုံးကိုချေလျှင် "ဇီယတိ" ရုပ်လည်းရှိ၏ဟု ဆို၏၊ မောဂ္ဂလ္လာန်၌ကား "ဇရမရာန မိယင်" ဟု သုတ်တည်၍ ဓာတွန် ရ်ကို ယ တလုံးတည်းဖြင့် "မိ ယင်" ပြု၍ "ဇီယန္တာ မိယန္တာ" စသည်သာ ဆိုသည်။

**ကမ္မေ ဇီရီယတိ၊ ပေ၊ အဇီရိဿ အဇီယိဿ**—"ဇရ်+ယ, တိ" ၌ ဇရ်ကို ဇီရပြု, ယ ပစ္စည်းကြောင့် (ဤ)လာ "ဇီရီယတိ" ဟု ဖြစ်၏၊ ဇီရ မပြုဘဲ "ဇရီယတိ" ဟုလည်း ကျမ်းစာတို့၌ တွေ့ရ၏၊ "ဇီယိယျတိ" ဟု မြန်မာမှု ရှိ၏၊ "ဇီယျ" ပြု ယ တလုံးချေ, ယပစ္စည်းကိုလည်း ဒွေဘော်ပြု၍ပြီးနိုင်သော်လည်း ရုပ်ပွေသည် "ဇီယျတိ" ဟုသိမှုရှိ၏၊ "ဇရ်ယတိ" ဇီယျပြု ယ တလုံးချေ၊ ယ်ကို နောက် ယ ပစ္စည်းသို့ ကပ်လျှင် "ဇီယျတိ" ဟု ဖြစ်နိုင်၏၊ သို့သော် ဇီယ ပြုရာ၌ သရပါလျှင် သုတ်ကြီးဖြင့် သရကို ချေရပေလိမ့်ဦးမည်၊ သရ မပါလျှင်ကား ရှင်း၏၊ ဇီယျတု—ဇီယေျယျ စသည်တို့ကား ဇီယျပြု၍ ယပစ္စည်းကို ချေထားသော ကမ္မရုပ်များ ချည်းတည်း။

(၄၈၂) ဒိသ=ပေက္ခဏေ-ကြည့်ရှုခြင်း၌....၏။

**ဒိသဿ၊ပေ၊ဒက္ခာ ၀ါ။** ။ဒိသ ဣတိ၊ ဧတဿ ဓာတုဿ ပဿ ဒိဿ ဒက္ခ ဣတိ ဧတေ အာဒေသာ-တို့သည်၊ ၀ါ-စွာ၊ ဟောန္တိ၊ အယံ ၀ါ သဒ္ဒေါ ၀ဝတ္ထိတ ဝိဘာသတ္ထော၊ တေန-ကြောင့်၊ ဒိဿာဒေသော-ဒိဿ အပြုသည်၊ ကမ္မနိ-ကံအနက်၌၊ သဗ္ဗဓာတုကေ ဧဝ — သဗ္ဗဓာတ် ဝိဘတ် ကြောင့်သာ (ဟောတိ)၊ ပဿတိ-မြင်၏၊ (ကြည့်၏, တွေ့၏)၊ပေ၊ဒက္ခန္တိ-ကုန်၏၊ ကမ္မနိ-၌၊ ယကာရ လောပေါ-ယပစ္စည်းချေ၊ ဒိဿတေ-မြင်အပ်, တွေ့အပ်၏၊ ဒိဿန္တေ, ဒိဿတိ, ဒိဿန္တိ-ကုန်၏၊ ဝိပဿီယတိ-အထူးအားဖြင့် မြင်အပ်၏၊ ဒက္ခီယတ်-မြင်အပ်၏။

ပဿတု, ဒက္ခတု-မြင်လော၊ ဒိဿတု-မြင်အပ်လော၊ ပဿေယျ ဒက္ခေယျ-မြင်ရာ၏၊ ဒိဿေယျ - မြင်အပ်ရာ၏၊ ဟိယျတ္တနီယံ - ဝိဘတ်၌၊ ကွစိဓာတု တျာဒိနာ-ဖြင့်၊ ဓာတု ဣကာရဿ-ဓာတ်၏ ဣ အက္ခရာ၏၊ အတ္တံ-(အ)ပြု၊ အဒ္ဒသာ(အဒ္ဒသ) - မြင်ပြီ၊ အဒ္ဒိဿ – မြင်အပ်ပြီ။ [၀ါ-ရှိလျှင် အပိ၊] တထာ-ပါး၊ အပဿိ ပဿိ-ပြီ၊ပေ၊ပဿိမှ-ကုန်ပြီ။

---

(၄၈၂) ၀ဝတ္ထိတ၊ပေ၊သဗ္ဗဓာတုကေ ဧဝ—၀ါသဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် "ဒိဿ"ပြုပြီးသောအခါ ကံ့ဟော ယ ပစ္စည်းကိုလည်း ကွစိဓာတုဖြင့် ချေရမည်၊ ဤ၌ "ဒိဿတိ"စသော ရုပ်ကို ကမ္မရုပ်ဟု ဆိုခဲ့သော်လည်း သဒ္ဒနီတိ၌မူ "ဒိ၀ါဒိကတ္တုရုပ်"ဟု ဆိုသည်၊ဒိသဓာတ် ဒိ၀ါဒိ ယကို တထာ ကတ္တရိစဖြင့် ပုဗ္ဗရုပ် ပြုရလိမ့်မည်၊ဤ ၂ ၀ါဒတွင် ဒိဿတိသည် ကမ္မရုပ် ဖြစ်ရိုးမှန်လျှင် ကံကော ယကို ပုဗ္ဗရုပ် ပြုရုံဖြင့် ပြီးနိုင်သောကြောင့် ဤသုတ်ဖြင့် ဒိဿပြုဘွယ် မလိုရကား ကတ္တုရုပ်ကိုသာ ကစ္စည်းဆရာလည်း အလိုရှိဟန် တူသည်၊"ဒိဿတိ-ထင်၏"ဟု ကတ္တားနက်ပေး၊ ဤသို့ သဒ္ဒနီတိနှင့် ကစ္စည်းဆရာအလို ကတ္တုရုပ် ဖြစ်ဟန်တူသော်လည်း မောဂ္ဂလ္လာန် နိဿယသစ်၌ ကတ္တုရုပ်ဝယ် "ဂမယမိ သာသဒိသာနံ ၀ါစ္ဆင်"(၅,၁၇၃)သုတ်ဖြင့်(ဣသုယမုနမန္တော ဆွော ၀ါ ယောဂဝိဘာဂ ဖြင့်သော်လည်းဟူ) သကို စ္ဆပြု၍"ဒိစ္ဆတိ—မြင်၏"ဟု ရှိသင့်ကြောင်း"ဒိဿတိ"မှာ ကမ္မရုပ်သာ ဖြစ်သင့်ကြောင်း ဆုံးဖြတ်တော်မူသည်၊"ဒိဿတိ-တွေ့အပ်,မြင်အပ်၏"ဟု အနက်ပေး။ ["တေ,မ ဃောသေန္တု-ဒိစ္ဆန္တာ" ဟူသော ရာဇပုတ္တပေတဝတ္ထု၌ "အဒိဿ မာနရူပါ ဃောသေန္တိ"ဟု ဖွင့်သည်ကား ဒိသမှ ဒိစ္ဆ ဖြစ်ပုံတည်း။]

ဟိယျတ္တနီယံ၊ပေ၊အဒ္ဒသာ—ဒိသဓာတ် အာ ဝိဘတ် အ အာဂုံ ဒွေဘော်လာ၍ "အဒ္ဒိသာ"ဟု ဖြစ်ပြီးနောက် သုတ်ကြီးဖြင့် ဣကို အပြု "အဒ္ဒသာ"ဟု ဖြစ်၏၊ အကို ရဿပြုလျှင် "အဒ္ဒသ"ဟု ဖြစ်၏၊ ဤရုပ်များကား အဇ္ဇတနီ အာ ဝိဘတ်ဖြင့်လည်း ရှိနိုင်၏၊ ["အဒိဿ"ကား ကမ္မရုပ်တည်း၊ ထို့ကြောင့် "အဒိဿ ၀ါ"ဟု ၀ါသဒ္ဒါ ပါဘွယ် မလို။]

www.dhammaransi.com



အဒ္ဒသိ ဒသိ-မြင်ပြီ၊ အဒ္ဒသံသု ဒသံသု-မြင်ကုန်ပြီ၊ အဒ္ဒသိံသု ဝါ-လည်း ရှိ၏။ ("အဒိသံသု ဝါ"ကား ကမ္ဘရုပ်ဖြစ်၍ မကောင်း၊) **အဒ္ဒသိ** ဒသိ-မြင်ပြီ။ (ဩကို ဠပြု၊) အဒ္ဒသိတ္ထ ဒသိတ္ထ-ကုန်ပြီ၊ အဒက္ခိ-မြင်ပြီ၊ အဒက္ခိံသု - ကုန်ပြီ၊ ဘဝိသန္တိမှိ သဿစာတိ ယောဂဝိဘာဂေန - ဖြင့်၊ သဿ-သကို၊ လောပေါ-ချေ၊ ဋကာရာဂမော စ-ဋအက္ခရာလည်း လာ၊ ဒက္ခိတိ - မြင်လတံ့၊ ဒက္ခိန္တိ - ကုန်လတံ့၊ လောပါ ဘာဝေ—သ ကျေခြင်း မရှိရာ၌၊ ဒက္ခိဿတိ — မြင်လတံ့၊ ဒက္ခိဿန္တိ — ကုန်လတံ့၊ အပဿိဿ, အဒက္ခိဿ-မြင်ရာပြီ၊ ဣစ္စာဒိ။

---

အဒ္ဒါ။ ။ရူပသိဒ္ဓိ၌"အဒ္ဒါ—မြင်ပြီ"ဟု ရုပ်မရှိသော်လည်း မောဂ္ဂလ္လာန်၌"ဒိသဿ ပဿ ဒဿ ဒသ် ဒ ဒက္ခာ"ဟု သုတ်တည်၍ဒိသဓာတ်ကို ဒပြု ဒွေဘော်လာ၍ ဟိယျတ္တနီ အဇ္ဇတနီ (အာ) ဖြင့်"အဒ္ဒါ"ဟု ဖြစ်၏၊"ယာယခာနော မဟာရာဇာ,အဒ္ဒါသီဒန္တရေ နဂေ=သွားလတ်သော် နေမိမင်းသည် သီဒါတို့၏ အကြားဖြစ်သော တောင်တို့ကို မြင်ရလေသည်" "ယော သုခံ ဒုက္ခတော အဒ္ဒ"စသည်၌လည်း အာ ကို ရဿ ပြုရုံပင်၊ အံ ဝိဘတ်ဖြင့် "အဲဒ္ဒံ"ဟုလည်း ရှိနိုင်၏၊ "ဥသဘ မဒ္ဒံ ယူထဿ မဇ္ဈေ=နွားအုပ် အလယ်၌ ဥသဘကို မြင်ရပြီ"စသည်တည်း။

**အဒ္ဒသိ၊ ပေ၊ ဒသိတ္ထ**—"အပဿိ ပဿိ၊ ပေ၊ ပဿမှ"တို့ကား ထင်ရှား၏၊ "အဒ္ဒသိ"စသည်၌ကား မူကွဲ ရှိ၏၊ မြန်မာမူ၌"အဒဿ"စသည်ဖြင့် သ ဒွေဘော်နှင့် ရှိ၏၊ ထိုရုပ်မျိုးကား မောဂ္ဂလ္လာန်နည်းဖြင့် ဒဿပြုလျှင် ပြီးနိုင်သော်လည်း ရူပသိဒ္ဓိ၌ ဒဿ အပြု မရှိ၍ ရူပသိဒ္ဓိအလို မဟုတ်နိုင်၊ အဒ္ဒသ ရုပ်ကဲ့သို့ ဋ ကို အ ပြု၍ "အဒ္ဒသိ" စသည်သာဖြစ်သင့်၏ဟု နှလုံးသွင်း၍"အဒ္ဒသိ၊ပေ၊အဒ္ဒသိတ္ထ ဒသိတ္ထ"ဟုပြလိုက်သည်၊ အဒ္ဒသံသု၌ ဉုံကို အံသု ပြု၊ အာသုံ ပြုလျှင် "အဒ္ဒသာသုံ"လည်း ဖြစ်၏။ [သဒ္ဒနီတိ၌ "ဒိုသာဘာသုံ (ဒိသတော+အာသုံ)"ဟု သုတ်တည်သည်၊] သီမူ၌ကား"အဒ္ဒသာသိ-မြင်ပြီ၊ အဒ္ဒသံသု, အဒ္ဒသုံ-မြင်ကုန်ပြီ၊အဒ္ဒသံ ဝါ အပဿတ္ထ ပဿတ္ထ အဒ္ဒက္ခိ အဒ္ဒက္ခိံသု" ဟုသာ ရှိ၏၊ ထိုတွင်"အဒ္ဒသုံ"ကား သင့်၏၊ "အဒ္ဒသံ ဝါ"ကား အ-အံ ဝိဘတ်သာ ဖြစ်သင့်၏၊ ဩဝိဘတ် စသည်အတွက် မပါ၍ ကျဟန်တူသည်။

**ဘဝိဿန္တိမှိ၊ ပေ၊ ဒက္ခိတိ ဒက္ခိန္တိ**—ဒက္ခပြုပြီးနောက်"ဟောတိဿရေ ဟောဟေ ဘဝိဿန္တိမှိ သဿစ"သုတ်၌"ဘဝိဿန္တိမှိ သဿစ"ဟူသော ယောဂဝိဘာဂဖြင့် ဿကိုချေ,ဋကာရာဂမော အသမ္ဗဓာတုကမှိဖြင့်ဋလာ၍ ရူပသိဒ္ဓိအလို"ဒက္ခိတိ ဒက္ခိန္တိ" ဟုသာ ဖြစ်၏၊ သဒ္ဒနီတိ မောဂ္ဂလ္လာန်တို့၌ကား ဿ ကိုသာ ချေ၍ ဋမလာဘဲ "ဒက္ခတိ ဒက္ခန္တိ"ရုပ်ကို ပြကြသည်၊ "ဿလောပေါ ဿတျာဒိနံ" (သဒ္ဒနီတိသုတ်) "ဒက္ခ ခ ဟေဟိ ဟောဟိဟိ လောပေါ—ဒက္ခ, ခ, ဟေဟိ ဟောဟိ အပြုတို့မှ နောက်ဖြစ်သော ဿဟိ စသည်၏ ဿကို ချေ" (မောဂ္ဂလ္လာန်သုတ်)၊ ထိုတွင် ဝတ္တမာန် ဒက္ခတိရုပ်နှင့် ရောယှက်ဘွယ် ရှိသောကြောင့် "ဒက္ခိတိ" ဟူသော ရူပသိဒ္ဓိနည်းကို ဆရာတို့ လိုက်ကြသည်။

www.dhammaransi.com



(၄၇၃) သဒ=ဝိသရဏ ဂတျာ.ဝသာဒနေသု-ညှဉ်းဆဲခြင်း, ဂတိ, အနက်, နစ်မြုပ်ခြင်း အနက်တို့၌....၏၊ သဗ္ဗတ္ထာတိ ဝတ္တတေ၊ မဏ္ဍူက ဂတိယာ-ဖြင့်၊ ကွစိတိစ-လည်း၊ ဝတ္တတေ [ဒဓန္တတော ယော ကွစိ-မှ လိုက်။]

**သဒဿ သီဒတ္တံ။** ။သဗ္ဗတ္ထ-အလုံးစုံကုန်သော၊ ဝိဘတ္တိ ပစ္စယေသု-ဝိဘတ် ပစ္စည်းတို့ကြောင့်၊ ကွစိ-၌၊ သဒဂ္ဂတိ ဓာတုဿ ဓာတုဿ သီဒါ ဒေသော ဟောတိ၊ သေသံ-ကြွင်းသော အစီအရင်ကို၊ နေယံ-သိအပ်၏၊ ဝါ-သိလောက်ပြီ၊ နိသီဒတိ - နေ၏, ထိုင်၏၊ နိသီဒန္တိ - န်၏၊ [အကမ္မက ဓာတ်ဖြစ်သောကြောင့် ကံဟောရုပ်မရှိ၍ မပြဘဲ ဘောဟောရုပ်ကို ပြလို ရကား "ဘာဝေ"စသည်မိန့်၊] ဘာဝေ-ဘော အနက်၌၊ နိသဇ္ဇတေ-ထိုင်ခြင်း၊ ဣမေ-ဤ နိသဇ္ဇတေ ရုပ်၌၊ ကွစာဒိကာရေန-လိုက်သော ကွစိသဒ္ဒါကြောင့်၊ သီဒါဒေသော-သီဒ အပြုသည်၊ နဘဝတိ-မဖြစ်၊ နိသီဒတု-လော၊ နိသီဒေ-ထိုင်ရာ၏။ [ကွစိဓာတုဖြင့် ယေကို ပြေ၊] နိသီဒိ-ထိုင်ပြီ၊ ပေ၊ ဣစ္စာဒိ။

---

(၄၇၃) ဝိသရဏ ဂတျာ ဝသာဒနေသု—[သိဒ္ဓ၌"ဝသာဒနေသု"ဟုရှိသည်။] သရဏ သဒ္ဒါသည် "ညှဉ်းဆဲခြင်း"အနက်ဟောသကဲ့သို့ ဝိသရဏလည်း ညှဉ်းဆဲခြင်း အနက်ဟော—ဟု ဓာတွတ္ထသင်္ဂဟ၌ မိန့်၏၊ မုဒ္ဓဗောဓ(၅၉၁) သုတ် ဖလ ဓာတ်၏ အနက်၌ကား"ဝိသရဏ—ဖြစ်စေခြင်း"ဟု ဆရာတို့ အနက်ပေးကြသည်၊ ဂတျာဝသာ ဒနေသုကို"ဂတိ+အဝ သာဒနေသု"ဟု ဖြတ်၊ အဝသာဒန ဟူသည် "နစ်မြုပ်ခြင်း, ပင်ပန်းခြင်း"အနက်တည်း၊ "သီဒတိ—ညှဉ်းဆဲ၏, သွား၏, နစ်မြုပ်၏"ဟု ဤဓာတ် နက်များအတိုင်း ပေး၊ ထိုင်ခြင်း နေခြင်း အနက်ကိုကား သဒဓာတ် သက်သက်က မဟော, နိပုဗ္ဗ သဒဓာတ်ကသာ ဟော၏၊ ထို့ကြောင့် ဓာတ်နက်ကို ပြရာ၌ကား နိပုဗ္ဗ မဟုတ်၍ ဝိသရဏ စသော အနက်များကိုသာ ပြထားသည်။

**သဒ္ဒနီတိ။** ။"ဝိသရဏ ဂတျာ ဝသာနေသု"ပါဌ်ကို အမှန်ယူ၍"ဝိသရဏံ=ဝိပ္ဖ ရဏံ—ပြန့်နှံ့ခြင်း၊ ဂတျာဝသာန—ဂတိ အဝသာန(သွားခြင်း၏ အဆုံး)၊"သွားခြင်း၏ အဆုံး"ဟူသည် ထိုင်ခြင်း ပင်တည်းဟု ယူ၍ နိသီဒနန္တိ အဝေဋ္ဌာ ဟု ဖွင့်၏၊ ဤ၌ သွားခြင်း၏ အဆုံးဟူသည်"ဌာ=ဂတိနိဝတ္တိမှိ"ကဲ့သို့ ထိုင်ခြင်းနှင့် မဆိုင်ဘဲ, သွား၍ ဆုံးလျှင် ရပ်ဘို့သာ ရှိရကား ရပ်ခြင်းနှင့်သာ ဆိုင်သောကြောင့် ဂတျာ-ဝသာနဟူသော ပါဌ်နှင့် ထိုအနက်ကို စဉ်းစားသင့်၏၊ ဝိသရဏ—ပြန့်နှံ့ခြင်းဟူရာ၌လည်း ပါဠိပြယုဂ်ကို ရှာသင့်၏၊ ဝိသာဒ—နစ်မြုပ်ခြင်း အနက်၌ကား"လာဗူနိ—ဗူးတောင်းတို့သည်၊ သီဒန္တိ-နစ်မြုပ်ကုန်၏၊ သီဒါ—နစ်မြုပ်ရာဖြစ်သော သီဒါမြစ်၊ ပင်္ကေ—ညွန်၌၊ သန္နော—ကျံနစ်သော၊ ကုဉ္ဇရော ဣဝ—ဆင်ကဲ့သို့"စသည်ဖြင့် ပါဠိပြယုဂ် များစွာရှိသည်။

www.dhammaransi.com



(၄၁၄) ယဇ-သည်၊ ဒေဝပူဇာ သင်္ဂတကရဏ ဒါနေသု-ယဇ်နတ်ပူဇော်ခြင်း, အပေါင်းအစု ပြုခြင်း, ပေးလှူခြင်းတို့၌....၏၊ ယဇတိ-ယဇ် ပူဇော်၏၊ ဝါ-အပေါင်းပြု၏၊ ဝါ-ပေးလှူ၏၊ ယဇန္တိ၊ ကမ္မေ-၌ ယဇီယတိ ဝတ္တတေ။

**ယဇဿာဒိဿိ။** ။ပရေ ယပစ္စယေ ယဇဣတိ ဧတဿ ဓာတုဿ အာဒိဿ-အစဖြစ်သော၊ ယကာရဿ-ယအက္ခရာ၏၊ ဣကာရာဒေသော ဟောတိ, ပရလောပေါ- နောက်သရကိုချေ၊ [သိဒ္ဓ်၌"ပရလောပေါ"ဟုရှိ၏၊ ဝစဝသ သုတ်တုန်းကလည်း "ပရလောပေါ"ဟု ပရလောပေါ"ဟု ပါခဲ့သောကြောင့် ရှေ့နောက်ညီသည်။] မယာ-ငါသည်၊ ဗုဒ္ဓေါ-ကို၊ ဣဇ္ဇတေ-ပူဇော်အပ်၏ တထာ-ပါး၊ ယဇတံ-ပူဇော်လော၊ ဣဇ္ဇတံ-ပူဇော်အပ်လော၊ ယဇေ-ရာ၏၊ ဣဇ္ဇေထ-ပူဇော်အပ်ရာ၏၊ ယဇိ-ပြီ၊ [ "ယဇိတ္ထ-ပြီ"ဟုလည်း ရှိသေး၏၊ သိမူ၌ မပါ၊] ဣဇ္ဇိတ္ထ ပူဇော်အပ်ပြီ၊ ယဇိဿတိ-သတံ့၊ ဣဇ္ဇိဿတေ-ပူဇော်အပ်လတံ့၊ ယဇိဿာ-ရာပြီ၊ ဣဇ္ဇိဿာ-ပူဇော်အပ်ရာပြီ၊ ဣစ္စာဒိ။

(၄၁၅) ဝဒ, ဝိယတ္တိယံ ဝါစာယံ (ဝစနှင့် တူ)၊ တျာဒျုပ္ပတ္တိ-ဘိ အစရှိသော ဝိဘတ်သက်၊ အပစ္စယောစ-လည်း သက်၊ ဝါတိ-ဝတ္တတေ၊

---

**သဗ္ဗတ္ထ ဝိဘတ္တိ ပစ္စယေ သု**—ပစ္စည်းနှောင်းရာ၌"နိသီဒန္တော"စသည်ရှိသောကြောင့် "သဗ္ဗတ္ထ"၏ သရုပ်ကို ဝိဘတ်ကုန် ပစ္စည်းကုန်ဖွင့်ပြသည်၊ နိသဇ္ဇတေ၌ "နိပုဗ္ဗသဒ ဓာတ်ယ,ကေ"တဿ စဝဂ္ဂဖြင့် ဓာတွန်နှင့် တကွ ယကို ဇပြု ဒွေဘော်လာ၊လိုက်သော ကွစိ သဒ္ဒါကြောင့် နိသဇ္ဇတေ စသော အချို့ရုပ်၌"သီဒ"မပြုဘဲ ပြီးသည်။

(၄၁၄) **ဒေဝပူဇာ၊ ပေ၊ ဒါနေသု**— "ဒေဝ-နတ်ကို+ပူဇာ – ပူဇော်ခြင်း" ဟူသည် ပုဏ္ဏားများ ယဇ်နတ် ပူဇော်ခြင်းတည်း၊ သဒ္ဒနီတိ၌ "ဒေဝပူဇာဖြင့် ဗုဒ္ဓပူဇာ စသည်ကိုလည်း ယူရသည်"ဟု ဆို၏၊ "သင်္ဂတကရဏံ သမောဓာနကရဏံ (အပေါင်းပြုခြင်း)"ဟု သဒ္ဒနီတိ ဖွင့်သောကြောင့်"သင်္ဂတကရဏ"ဟု ပါဌ်မှန်ဖြစ်စေ၊ "သင်္ဂတိကရဏ"ဟု မောဂ္ဂလ္လာန် ပဉ္စိကာ၌ ရှိ၏, သင့်သည်ပင်။

**ယဇဿာဒိဿိ၊ ပေ၊ ပရလောပေါ**—ယကို ဣ ပြုသောအခါ(ယ်) ဖျဉ်းကိုသာ ပြု၍ အ သရ ကျန်နေသောကြောင့်"ပရလောပေါ—ဣမှ နောက်ဖြစ်သော အ သရကို ချေ"ဟု ဆိုသည်၊ သို့သော် (မုန့်လုံးကိုဝယ်စားရာဝယ် ထန်းလျက်ဘိုးသီးခြားပေးဘွယ် မလိုသကဲ့သို့) ယကို ဣ ပြုရာဝယ် သရနှင့်တကွ ပြုသင့်သည့်ပြင်, ဉာသ၌လည်း နောက် သရချေဘို့ရန် မညွှန်ပြသောကြောင့် ဤ"ပရလောပေါ"ဟူသော စကားကိုလည်း စဉ်းစားသင့်သည်။

www.dhammaransi.com



**ဝဒဿဝဇ္ဇံ**။ ။သဗ္ဗာသု ဝိဘတ္တီသု သဗ္ဗဿ ဝဒဣတိ ဧတဿ ဓာတုဿ ဝဇ္ဇာဒေသော ဝါ ဟောတိ၊ စ-ဆက်၊ ဝိဘတျာဓိကာရတ္တာ-ဝိဘတ်အရာ၏ အဖြစ်ကြောင့်၊ ဧတ္ထ-ဤသုတ်၌၊ သဗ္ဗာသူတိ-သဗ္ဗာသုဟူ၍၊ အတ္ထတော-အနက်အားဖြင့်၊ သိဒ္ဓံ-ပြီး၏။

(၄၈၆) ဝါတိ ဝတ္တတေ။ ယေျဿ ဉာတော ဣယာ ဉာ ဝါ သုတ်မှလိုက်၊ [ယခုစာတို့၌ကား ထိုသုတ်မှာ ဝါမပါ၊ ကျနေသည် ဟု မှတ်။]

**လောပဥ္စေတ္တ မကာရော**။ ။ဘူဝါဒိတော-ဘူဝါဒိဓာတ်မှ၊ ပရော-သော၊ အပစ္စယော-သည်၊ ဧတ္တံ-ဧ အဖြစ်သို့၊ အာပဇ္ဇတေ-၏၊ လောပဥ္စ-ကျေခြင်းသို့လည်း၊ ဝါ - စွာ၊ အာပဇ္ဇတေ - ၏၊ စ-ဆက်၊ ဝိကရဏ ကာရိယ ဝိဓိပ္ပကရဏတော-ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်ရာ၏ အဖြစ်ကြောင့်၊ ဧတ္ထ-ဤသုတ်၌၊ အကာရောတိ-အကာရောပါ၌ဖြင့်၊ အပစ္စယော-အပစ္စည်းကို၊ ဂယှတိ-ယူအပ်၏။

---

(၄၈၅) ဝိဘတျာ၊ပေ၊အတ္ထတော သိဒ္ဓံ— [“ကာရတ္တာ စေတ္ထ”ဟု သီမှု၌ “စေတ္ထ”ပါသည်၊] ဤသုတ်၌ “သဗ္ဗာသု”ဟု တိုက်ရိုက်လည်း မရှိ, အလိုက်လည်း မရှိပါဘဲ အဘယ့်ကြောင့် “သဗ္ဗာသု”ဟူသော အနက်သည် ပြီးနိုင်ပါသနည်း—ဟု မေးဘွယ်ရှိ၍ “ဝိဘတျာဓိကာရတ္တာ”စသည်ကို မိန့်၊ ကစ္စည်းသုတ်စဉ်ကို ကြည့်လျှင် “ထဿ ဋ္ဌတ္တံ,တိဿ ဋ္ဌိတ္တံ၊ပေ၊ကုသဿာဒိစ္ဆိ”တိုင်အောင် ဝိဘတ်များကို စီရင်သော သုတ်များတည်း၊ ထိုသုတ်များ၏ အရာ၌အနဝယ် “ဒါဓာတုဿ ဒဇ္ဇံ, ဝဒဿ ဝဇ္ဇံ” ဟူသော ဤသုတ်များကို ဆိုထား၏၊ ဤသို့ ဝိဘတ်ကို စီရင်သော အရာဝယ် ဤသုတ်ကို ဆိုထားသောကြောင့် ဤသုတ်သည် ဝိဘတ်နှောင်းရာ၌ စီရင်သောသုတ် ဟု သိသာ၏၊ ထိုသို့ ဝိဘတ်နှောင်းရာဝယ် စီရင်လျှင် မည်သည့်ဝိဘတ် ဟု ကန့်သတ်ချက် မပါရကား “သဗ္ဗာသု-ဝိဘတ်အားလုံးကြောင့်”ဟူသော အနက်လည်း အထူးမပြောရဘဲ ပြီးနိုင်၏၊ ထိုသို့ ပြီးနိုင်သောကြောင့် “သဗ္ဗာသု”ဟု ဖွင့်ရသည်—ဟူလို။

မှတ်ချက်။ ။မည်သည့်အရာ-ဟုကန့်သတ်ချက်မပါလျှင် ဆိုင်ရာအားလုံးကို ယူရ၏ထုံး ရှိ၏၊ ဥပမာ—“ဒိက္ခိတော—ဦးပြည်းကတုံးသည်၊ န ဒဒါတိ—မပေးတတ်” ဟူရာ၌ “မည်သည့်ဝတ္ထုကို မပေးတတ်”ဟု ကန့်သတ်ချက် မရှိရကား “ဘာမဆို အားလုံးကို မပေးတတ်”ဟု သိရသကဲ့သို့တည်း၊ ထို့ကြောင့်“ပဒေသဿ အဂ္ဂဟဏေ သတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ ဝိညာယတိ, ယထာ-ဒိက္ခိတော န ဒဒါတိ”ဟု ဖွင့်လေ့ရှိကြသည်။

(၄၈၆) ဝိကရဏ၊ပေ၊အပစ္စယော ဂယှတိ—သုတ်၌ အပစ္စယောဟု မဆိုဘဲ “အကာရော”ဟု သာမည ဆိုထားပါလျက် ဝုတ္တိ၌ အဘယ့်ကြောင့်“အပစ္စယော”ဟု ဖွင့်နိုင်ပါသနည်းဟုမေးဘွယ်ရှိ၍“ဝိကရဏ ကာရိယ”စသည်ကို မိန့်(သုတ်စဉ်အတိုင်း) ဤသုတ်၏ ရှေ့၌ “နာဿလောပေါ ယကာရတ္တံ”သုတ်သည် ဝိကရဏ နာပစ္စည်းကို

www.dhammaransi.com



ဝဝတ္ထိတ ဝိဘာသတော–ဝဝတ္ထိတ ဝါသဒ္ဒါကြောင့်၊ ဘူဝါဒိတော–သဝုဒ္ဓိက ဘူဝါဒိဓာတ်မှရင်း၊ ဇုဟောတျာဒိတော–ဇုဟောတျာဒိဓာတ်မှရင်း၊ ပရော–သော၊ အပစ္စယော–သည်၊ လောပံ–သို့၊ အာပဇ္ဇတေ–၏၊ အညော–အခြား အပစ္စည်းသည်၊ [အဝုဒ္ဓိကဘူဝါဒိ, တုဒါဒိမှ နောက်ဖြစ်သော အပစ္စည်း–ဟူလို။] လောပံ–သို့၊ နာပဇ္ဇတေ–မရောက်၊ ဣတိ–ဤသုတ်ဖြင့်၊ အပစ္စယဿ–အပစ္စည်း၏၊ ကောရော–ပြေ၊ သရလောပါဒိ–သရ ချေခြင်း အစရှိသော အစီအရင်သည် (ဟောတိ)၊ ဝဇ္ဇေတိ, ဝဒေတိ, ဝဒတိ–ပြော၏။

---

စီရင်သော သုတ်တည်း၊ ထိုသို့ ဝိကရဏပစ္စည်းကို စီရင်သောအရာဌာနဝယ် ဤသုတ်ကို ဆက်၍ ဆိုထားသောကြောင့် "အကာရော" ဟု (အ အက္ခရာ) အားလုံးနှင့် ဆိုင်သော သဒ္ဒါကို ဆိုထားသော်လည်း အရာဌာနအား လျော်စွာ "အပစ္စည်း" ကိုသာ ယူရ၏၊ ထို့ကြောင့် "အပစ္စယော" ဟု ဖွင့်နိုင်သည်–ဟူလို၊ မှန်၏–အနက်အဓိပ္ပါယ်ကို ပြောဆို ဖွင့်ပြရာ၌ "အတ္ထ–အကျိုးရှိ,မရှိကိုရင်း, ပကရဏ–အရာဟုတ်,မဟုတ်ကိုရင်း" ဤသို့ စသည်ဖြင့် နှိုင်းချိန်ပြီးမှ သင့်တော်သော အနက်ကို ဖွင့်ပြရိုးရှိသည်။ [ဤ အတ္ထ ပကရဏ စသည်တို့ကို သန္ဓိ အတိယဿစန္တဿ သုတ်၌ အကျယ်ပြခဲ့ပြီ။]

**ဘူဝါဒိတော၊ပေ၊ဝိဘာသတော**–ဘူဝါဒိဓာတ်သည် "အနုဘောတိ-ဟောတိ" တို့ကဲ့သို့ ဝုဒ္ဓိ အထင်အရှားရှိသော သဝုဒ္ဓိက ဘူဝါဒိ, "ဘဝတိ–လဘတိ" တို့ကဲ့သို့ ဝုဒ္ဓိ အထင်အရှား မရှိသော အဝုဒ္ဓိက ဘူဝါဒိ ဟု ၂ မျိုး ရှိ၏။ [ဘဝတိ၌ ဝုဒ္ဓိ ပြုရသော်လည်း ထိုဝုဒ္ဓိသည် "အနုဘောတိ" ကဲ့သို့ အထင်အရှားမရှိ] ထိုတွင်ဘူဝါဒိတော၌ သဝုဒ္ဓိကဘူဝါဒိကိုသာ ယူ၊ [အနုပုဗ္ဗ ဘူဓာတ်၌ ဦ၊ကို ဩဝုဒ္ဓိပြု၍ "အနုဘောတိ" ဟု ပြီးလျှင် အ ပစ္စည်းကို ချေရ၏၊] သဒ္ဒတ္ထ၌ ဇုဟောတျာဒိဂိုဏ်းဟု ဂိုဏ်းတမျိုး ရှိသေး၏၊ ကစ္စည်း၌ ထိုဂိုဏ်းကို ဘူဝါဒိ၌ သွင်းထားသည်၊ ဇုဟောတိ စသော ထို ဇုဟောတျာဒိ ဓာတ်များ၌လည်း အ ပစ္စည်းကို ချေရသည်၊ ဤသို့လျှင် ဝါသဒ္ဒါသည် သဝုဒ္ဓိကဘူဝါဒိ ဓာတ် ဇုဟောတျာဒိဓာတ် နောင် (အ) ကို အမြဲချေရခြင်း ဟူသော နိစ္စဝိဓိကိုရင်း, ဘဝတိစသည်ကဲ့သို့ ဝုဒ္ဓိမထင်ရှားသော အဝုဒ္ဓိက ဘူဝါဒိဓာတ်–တုဒတိစသော တုဒါဒိ ဓာတ်များ၌ အ ပစ္စည်း မချေရ–ဟု အသန္တဝိဓိကိုရင်း ပိုင်းခြား ကန့်သတ်ပေးသည်။ [တုဒါဒိဓာတ် ဟု နောက်၌ ဘူဝါဒိဂိုဏ်းတွင်းမှာပင် သီးခြား လာဦးလတ့ံ၊ ဋီကာ၌လည်း "နာညော–အဝုဒ္ဓိကဘူဝါဒိတော တုဒါဒိတော စ၊ ပေ၊ အ ဝုဒ္ဓိကေဟိ ဝိ ကွစိ ဒေဝ အပစ္စယဿ ကောရော" ဟု ပါ၍မှန် ရှိစေ။]

ဧ အပြု။ ။ဤ ဧ အပြုကိုကား မည်သည့်ဓာတ်နောင် ပြု-ဟု သတ်မှတ်ချက်မပြချေ၊ သို့သော် သဝုဒ္ဓိက ဘူဝါဒိနှင့် ဇုဟောတျာဒိနောင် အ ပစ္စည်း ချေပြီးဖြစ်၍ ဧ ပြုခွင့် မရှိ၊ အဝုဒ္ဓိက ဘူဝါဒိ နောင်သာ တဒနု ပရောမေန ဟူသော ပရိဘာသာနှင့် အညီ ဧ ပြုခွင့် ရှိတော့၏၊ ထိုသို့ ပြုခွင့်ရှိရာ၌လည်း ထိုပရိဘာသာနှင့်အညီ "ဝဇ္ဇေတိ" စသော အချို့ အရာ၌သာ ဧ ပြုရတော့သည်၊ ဆောင်ပုဒ်ကို အခြေပြုမှာ ရှု။

www.dhammaransi.com



(၄၇၇) အန္တိမှိ-အန္တိဝိဘတ်၌ [''အန္တိအကာရဿ လောပေါ''၌စပ်၊]

**ကွစိဓာတု၊ ပေ၊ ဂမာစ။** ။ဓာတွာဒိကာရေ-ဓာတ်၏အရာဖြစ်သော၊ ဣမအာချာတေ-ဤ အာချာတ်၌ရင်း၊ ကိတကေစ-ကိတ်၌ရင်း [တချို့ပေါ၌ ''စ''မပါ၊] အဝိဟိတ လက္ခဏေသု - မစီရင်အပ်သောသုတ် ရှိကုန်သော၊ ပယောဂေသု-ပြယုဂ်တို့၌၊ ကွစိ-၌၊ ဓာတူနံ-ဓာတ်တို့၏ရင်း၊ တျာဒိဝိဘတ္တိနံ-တိ အစရှိသော ဝိဘတ်တို့၏ရင်း၊ ဓာတု ပိဟိတ ပစ္စယာနဉ္စ-ဓာတ်အရာ၌ စီရင်အပ်သော ပစ္စည်းတို့၏ရင်း၊ ဒီဃ တဗ္ဗိပရီတ အာဒေသ လောပါဂမ ဣတိ-ဒီဃဖြစ်ခြင်း, ထိုဒီဃ၏ ပြောင်းပြန်ဖြစ်ခြင်း, အာဒေသပြုခြင်း, ချေခြင်း ဟူကုန်သော၊ ဧတာနိ ကာရိယာနိ-ဤ ပြုအပ်သော အစီအရင်တို့သည်၊ ဇိနဝစနာနုရူပတော-အားဖြင့်၊ ဘဝန္တိ။

---

**သရလောပါဒိ**—ဝဒဓာတ်ကို ဝဇ္ဇပြုပြီးသောအခါ ဇ္ဇ၌ အသရပါနေသောကြောင့် ထိုသရကို ချေပြီးမှ နောက် ေ သို့ ကပ်ရမည်—ဟု ရူပသိဒ္ဓိ ဆိုလို၏၊ သို့သော်''ဝဒ''၌ ဓာတွန့် ချေလိုက်သည့်အခါ ''ဝဒ်''ဟု ဗျဉ္ဇနန္တဖြစ်၍ ထို''ဝဒ်''ကို ''ဝဇ္ဇ''ပြုသည့်အခါလည်း ဇ္ဇ၌ သရမပါဘဲ ဗျဉ္ဇနန္တပင်ပြုသင့်၏၊ သုတ်၌ ဝဇ္ဇ ပြုဟု သရနှင့်တကွ ဆိုထားသည်မှာ ရွတ်ဖြစ်ရုံသာ ဆိုထားခြင်းဖြစ်သည်-ဟု ဆိုလျှင် သရလောပ စသည် မလို, နျာသ၌လည်း အထူးမပြသဖြင့် ထိုသရလောပါဒိကို စဉ်းစားသင့်၏။

(၄၇၇) **ဣမ၊ ပေ၊ ပယောဂေသု**—ဤသုတ်ကား ဓာတ်နှင့်ဆိုင်ရာဝယ် သုတ်သီးခြားမရှိသေးသော သုတ်ကြီးတည်း၊ ထို့ကြောင့် ''ဓာတွာဒိကာရေ''ဟု မိန့်သည်၊ ဓာတ်၏အရာဟူသည်လည်း အာချာတ်နှင့် ကိတ်ခဏ်းပင်ဖြစ်၏၊ ထိုတွင် အာချာတ်ခဏ်းမှာ ယခုဆိုဆဲဖြစ်၍ နီးကပ်သောကြောင့်''ဣမ''ဟုမိန့်သည်၊''ဓာတွာဒိကာရေ'' ဟု ဆိုသောကြောင့် ဤသုတ်ကြီးသည် ဓာတ်အရာမဟုတ်သော သမာသ် တဒ္ဓိတ်ခဏ်း စသည်၌ ပါဝင်စွက်ဖက်လိမ့်မည် မဟုတ်၊ ဓာတ်ခဏ်း၌မူ ရုပ်မပြီးသမျှဝယ် ဤသုတ်ကြီးက ပြီးစေမည်--ဟူလို။

**ဓာတူနံ၊ ပေ၊ ပစ္စယာနဉ္စ**—ဓာတု သဒ္ဒါနှင့် တွဲဘတ်''ဝိဘတ္တိ ပစ္စယာနံ''ဟု ဆိုသောကြောင့် (သဟစရဏနည်းအားဖြင့်) ဓာတ်နှင့်ဆိုင်သော အာချာတ် ဝိဘတ်များကိုသာရင်း၊ ဓာတ်အရာ၌ စီရင်အပ်သော (အ) စသော အာချာတ်ပစ္စည်း,အန္တ စသော ကိတ်ပစ္စည်းများကိုသာရင်း ယူရမည်—ဟု သိစေလို၍''တျာဒိဝိဘတ္တိနံ ဓာတုဝိဟိတပစ္စယာနံ''ဟု မိန့်သည်။

**ဒီဃ တဗ္ဗိပရီတ၊ ပေ၊ ကာရိယာနိ**—တဿ-ထိုဒီဃ၏+ဝိပရီတော—ပြောင်းပြန်သည်၊ တဗ္ဗိပရီတော—မည်၏၊ ဤ၌ဒီဃကို ပြောင်းပြန်ပြုခြင်း ဟူသည် ဒီဃကို ရဿပြုခြင်းပင်တည်း၊ ဘုရားပါဠိတော်နှင့် လျော်စွာ ဤဒီဃဖြစ်ပုံ ဝိပရိတ်ဖြစ်ပုံ စသည်မှာ ဂါထာ၌ ထင်ရှားလတ့်။

www.dhammaransi.com



တတ္ထ-ထိုကာရိယ ၅မျိုးတို့တွင်၊ နာမှိ-နာပစ္စည်းကြောင့်၊ ကိယာဒီနံ-ကိယာဒိ ဓာတ်တို့၏ရင်း၊ သံယောဂေ-သံယုဂ်ကြောင့်၊ အညဓာတူနံ-အခြားသော ဒါ ဌာ ဓာ အစရှိသော ဓာတ်တို့၏ရင်း၊ ရဿော-ရဿအဖြစ်သည်၊ (ဟောတိ)၊ အာယူနံ ဝိဘတ္တီနံ-အာ,ဤ,ဦ ဝိဘတ်တို့၏ရင်း၊ မှာ ဿာန္တဿစ-မှာဝိဘတ် ဿာ ဝိဘတ်တို့၏ အဆုံး အာ၏ရင်း၊ ရဿတာ-ရဿ အဖြစ်သည် (ဝါဟောတိ-ဝိကပ် ဖြစ်၏။)

အဇ္ဇတနိမှိ-အဇ္ဇတနိဝိဘတ်ကြောင့်၊ ဂမိတော-ဂမုဓာတ်မှ(ဖြစ်သော)၊ ဿဿ-ဿ၏၊ စ္ဆော-စ္ဆအပြုသည်ရင်း၊ အဿဂမိဿ-ထို ဂမုဓာတ်၏၊ ဂါ-ဂါအပြုသည်ရင်း၊ ဝါ ဟောတိ-ဝိကပ် ဖြစ်၏၊ တ္တမှေသု-တ္တဝိဘတ် မှဝိဘတ်တို့ကြောင့်၊ ဥစ အာဂမော-ဥလာခြင်းသည်လည်း၊ ဝါဟောတိ၊ ယမှိ-ယ ပစ္စည်းကြောင့်၊ ဓာတူနံ-သုဓာတ်, ဇိဓာတ် စသည်တို့၏၊ ဒီဃတာ-ဒီဃ အဖြစ်သည် (ဟောတိ)။

ဧယျေယျာသေယျာမေတ္တံ-ဧယျ, ဧယျာသိ, ဧယျာမိ ဝိဘတ်တို့၏ ဧ အဖြစ်သည်လည်း၊ ဝါဟောတိ, ဿေဿ - ဿေဝိဘတ်၏၊ ဧ - ဧသည်၊ အတ္တံ-အ အဖြစ်သို့၊ ပပ္ပုဏာ - ရောက်၏။ ဩကာရ - ဟိယျတ် အဇ္ဇတ် ဩဝိဘတ်တို့သည်၊ အတ္တံ - အ အဖြစ်သို့ရင်း၊ ဣတ္တဉ္စ — ဣ အဖြစ်သို့ရင်း၊

---

နာမှိ၊ ပေ၊ ရဿတာ—ကိယာဒိ ဓာတ်၌"ကီနာတိ"ဟု ဖြစ်ရာ (ဤ) ကို ရဿပြု၍ "ကိနာတိ"ဟု ပြီး၏၊ လူနာတိ ဓူနာတိတို့၌ လု-ဓု ဟု ရဿ ပြုပုံကိုလည်း တွေ့လတ္တံ့၊ ဤကိယာဒိဓာတ်မှ အခြားသော ဒါ-ဌာ-ဓာ ဓာတ်တို့၌ ဿတိ စသော ဝိဘတ်တို့၏ ဿ သံယုဂ်ကြောင့် ရဿပြု၍ "ဒဿတိ-ဌဿတိ-ဓဿတိ"စသည်ဖြင့် ဖြစ်၏၊ အာ-ဤ-ဦ ဟူသော ဟိယျတ္တနီ အဇ္ဇတနီဝိဘတ်တို့ကိုရဿပြု၍"အဘဝ,အဘဝိ,အဘဝု" စသော ရုပ်များလည်းဖြစ်၏၊ထို ဟိယျတ် အဇ္ဇတ် (မှာ) ဝိဘတ်၏ရင်း၊ ကာလာတိပတ္တိ (ဿာ)ဝိဘတ်၏ရင်း အဆုံးအာကို ရဿပြု၍"အဘဝမှ, အဘဝိမှ,အဘဝိဿ"ဟု ဖြစ်သည်၊ဤကား ဝိပရီတတည်း၊ဤပြောင်းလွဲပုံကိုထောက်၍"ဝိပရိတ"ဟူသောအမည် သည်"ဩမှ ဖြစ်သော ဥ၏အမည်တည်း"ဟု ဆိုသော "ဝိပရီတော ဩကာရဿ, သညာ ပေါရာဏဋီကာ မတာ"ဟူသော စကားကို ထိုကျမ်းတို့၏ အလိုဟုသာမှတ်။

ဂမိတော၊ ပေ၊ ဒီဃတာ—အဇ္ဇတနီ ဝိဘတ်ကြောင့် ဂမုဓာတ်မှ ဖြစ်သော ဿကို စ္ဆပြု၍ "အဂစ္ဆိ"စသောရုပ်,ဂမ်ကို ဂါပြု၍"အဇ္ဇဂါ"စသောရုပ်များကိုရှေ့၌တွေ့ခဲ့ပြီ၊ ဤကား အာဒေသကာရိယတည်း၊"အဘဝုတ္တ, အဘဝုမှ"စသည်ဖြင့် တ္တ-မှ ဝိဘတ်တို့ နောင်းရာ၌ ဝိကပ် ဥလာသည်၊ ဤကား အာဂမကာရိယတည်း၊ သုဓာတ် ဇိဓာတ်၌ ယ ပစ္စည်းနောင်းလျှင်"သူယတိ, ဇီယတိ"ဟု ဖြစ်၏၊ ဤကား ဒီဃကာရိယတည်း၊

www.dhammaransi.com



အာတ္တာ-အာဝိဘတ်, ဋ္ဌ ဝိဘတ်တို့သည်၊ ဋ္ဌ ထေ-ဋ္ဌ အဖြစ်, ထအဖြစ်တို့သို့ရင်း၊ ဝါပဒေပွါန္တိ-ဝိကပ် ရောက်ကုန်၏။

တထာ-ထိုမှတပါး၊ ဗြူတော-ဗြူဓာတ်မှ နောက်၌၊ တိ အန္တီနံ-တိဝိဘတ် အန္တိဝိဘတ်တို့၏၊ အဥ-အအပြု ဥအပြုတို့သည်ရင်း၊ ဓာတုယာ-ဗြူဓာတ်၏၊ အာဟစ - အာဟ အပြုသည်ရင်း၊ ဝါ ဟောန္တိ၊ ပရောက္ခာယ ဝိဘတ္တိမှိ-ပရောက္ခာ ဝိဘတ်ကြောင့်၊ အနပ္ဘာသသ - အပ္ဘာသ မဟုတ်သော သရ၏၊ ဒီဃတာ-ဒီဃ အဖြစ်သည် (ဟောတိ)။

---

ယျ၊ ပေ၊ မေ ဗွဥ္ဖ—ယျေစသော ဝိဘတ် ၃ လုံးကို ပြေ၍ "ဘဝေ" ဟုဖြစ်၏၊ မောဂ္ဂလ္လာန်၌ ယျံကိုလည်း ပြေ၏၊ ဤ ၄လုံးသာမက မောဂ္ဂလ္လာန်နိဿယ၌ တိစသော ဝိဘတ်များကိုလည်း ပြေသေး၏၊ "ပုတ္တောဝါ ပိတရံ ယာစေ (ယာစတိ), နပ္ပဇဟေ ဝဏ္ဏဗလံ ပုရာဏံ (နပ္ပဇဟာသိ), ကိံ စာဏ္ဍဝေ ကာနိ ဖလာနိ ဘုဉ္ဇေ (ဘုဉ္ဇထ), သော လောဘော န မယိ ဝသေ (ဝသတု), အဟံ ဂါမဝရံ ဇဒ္ဒေ (ဇဉ္ဇာမိ)" စသည်တည်း, ထို့ကြောင့် "တိတု သိထ, မိနှစ်ဝန္တင့်, ယျေယျောသိ, ယျာမိ ယျံ, ဆယ်တန် ပြေ" ဟု ဆိုသင့်သည်။

သေ သေ ဗွဥ္ဖ ပါပုဏော၊ ပေ၊ မိ ဗွဥ္ဖ— "သေ သံ + ဧ + အတ္တံ" ဟု ပုဒ်ဖြတ်၊ ကာလာတိပတ္တိ "သေ" ဝိဘတ်၏ ဧကို အ—ပြု၍ "အဘဝိသေ, အဘဝိဿ" ဟု ဖြစ်၏၊ ဟိယျတ္တနီ အဇ္ဇတနီ ဩဝိဘတ်တို့ကို အ—ဇပြု၍ "အဘဝေါ, အဘဝ, အဘဝိ" ဟု ဖြစ်၏၊ [မောဂ္ဂလ္လာန်၌ ဩကို ဏ္ဍ-ဏ္ဍော လည်းပြု၏၊ "ဝိသံ မာပတိသော ဒိဋ္ဌ (တွံ)" ဒွါဒသ-ဖုဋ္ဌ နာရဒဇာတ်၊... "တိဏာမတ္တေ အသဇ္ဇိတ္ထော" ဧကာ, ကုဟကဇာတ်၊ ဤ "အသဇ္ဇိတ္ထော" ၌ မျက်ကွယ်မဟုတ်သောကြောင့် ပရောက္ခာ "ထော" ဝိဘတ်မဖြစ်သင့်၍ ဩကို ထ္ထောပြု" ဟု ကြံဟန်တူသည်။

အာတ္တာ ပပ္ပေါန္တိ ဝါ ဋ္ဌထေ— "အတ္တနောပုဒ် ဖြစ်သော အဇ္ဇတနီ အာ ကို ဋ္ဌပြု၍ ဟိယျတ္တနီ ဋ္ဌကို ထပြု" ဟု ဋီကာဖွင့်၏၊ ဆရာတို့သည်း "ဟိယျဘတ္တကို, ထဘလုံးသာ, အဇ္ဇ အာမှာ, ဋ္ဌေဘာ ဋ္ဌပြု" ဟု မိန့်သည်၊ ထိုတွင် ဟိယျတ်ဋ္ဌသည် တုမှယောဂ မဟုတ်ဝစ်ဋ္ဌတည်း၊ ထို့ကြောင့် "ဇမ္ဘာဂါထာ ဗုဘာသထ, မေဒနီ သံပကမ္ပထ" စသည်၌ကား အဇ္ဇအာကို ဋ္ဌပြု၍ "အဘာသိဋ္ဌ" ဟု ဖြစ်ပြီးနောက် ဂါထာအရာဖြစ်၍ ဆန်းစောင့်ခြင်းငှါ ဇကို အပြု, ဋ္ဌကိုလည်း ထပြုသည်—ဟု သဒ္ဒနီတိ ကြံ၏၊ မောဂ္ဂလ္လာန်နိဿယသစ်၌ကား ဟိယျတ္တနီ ပရဿပုဒ် အာကိုပင် ဋ္ဌ ပြု၍ သံယုဂ် "တ" ကို ချေ—ဟု မိန့်သည်။

ဗြူတော၊ ပေ၊ ဓာတုယာ— "ဗြူ + အ, တိ" ဟု ရှိရာ၌ တိဝိဘတ်ကို (အ) ပြု, ဗြူကိုလည်း အာဟ ပြု, အပစ္စည်းကို ချေ၊ "အာဟ-ဆို၏" ဟု ပစ္စုပ္ပန် ဟောဖြစ်၏၊ အန္တိ ဝိဘတ်ကိုကား ဥ ပြု၍ "အာဟု—ဆိုကုန်၏" ဟုဖြစ်၏။ ["ဇာဒါနိ အာဟ, ရှိက ကောန်, ပစ္စုပ္ပန်ကို, အမှန်အာဟ ဟောလေမြဲ" ဟူသော ရှေးနိယာမ်လည်း ဤ၌ အာဟကိုပင် ရည်ရွယ်ဟန်တူသည်။]

www.dhammaransi.com



တွေ့ - ဤခါတ်အရာ၌၊ ကောရောကာရတော - အောက္ခရာ ဩအက္ခရာမှ၊ ပရော - နောက်ဖြစ်သော၊ ဝိဘတ္တိပစ္စယာဒိ-ဝိဘတ် ပစ္စည်းတို့၏ အစလည်း ဖြစ်သော၊ သံယောဂန္တော-အဆုံး၌ သံယုဂ်ရှိသော၊ အကာရော-အ အက္ခရာ သည်၊ နိစ္စံ-အမြဲ၊ လောပံ-သို့၊ အာပဇ္ဇတေ-ရောက်၏။

ဋ္ဌတိ-ဤသို့ ဆိုခြင်းကြောင့်၊ ကောရတော-ဧ အက္ခရာမှ၊ ပရဿ-သော၊ အန္တိအကာရဿ-အန္တိ ဝိဘတ်၏ အ အက္ခရာ၏၊ လောပေါ-သည်၊ (ဟောတိ)၊ ဝဇ္ဇေန္တိ ဝဒေန္တိ (သိ၌ "ဝဒန္တိ"လည်းပါ)-ဆိုကုန်၏၊ပေ၊ဝဒါမ-ဆိုကုန်၏၊ ကမ္မနိ-၌၊ ဝဇ္ဇီယတိ-ဆိုအပ်၏၊ ဝဇ္ဇီယန္တိ-န်၏၊ ဝဇ္ဇတိ-ဆိုအပ်၏၊ ဝဇ္ဇန္တိ-န်၏၊ ["ဝဒ်+ယ, တေ"ဟုရှိရာ၌ တဿစဝဂ္ဂ သုတ်ဖြင့် ဒ်+ယကို ဇပြု၊]ဝဒီယတိဝါ-လည်း ရှိ၏၊ ဝဇ္ဇေတု ဝဒေတု ဝဒတု-ဆိုလော၊ ဝဇ္ဇေ၊ပေ၊ဝဒေယျ-ဆိုရာ၏၊ [ဝဇ္ဇေ၌ ယျေကို ပြေုသည်၊ အ ပစ္စည်းကိုကား ချေရမည်]၊ပေ၊ဝဇ္ဇေယျာသိ, ဝဇ္ဇေသိ, ဝဒေယျာသိ-ဆိုရာ၏၊ပေ၊အဝဒိဿ-ပြီ၊ ဋ္ဌစ္စာဒိ။

---

**ပရောက္ခာယ၊ပေ၊ဒီဃံတာ**—ဤ ၂ ပါဒကား သီမူ၌ မပါ၊ပရောက္ခာ နှောင်းရာ၌ "ဇဂမ်+အ"ဟုဖြစ်ရာ, ဤသုတ်ကြီးဖြင့် အဗ္ဘာသမဟုတ်သော ဂ၏အကို ဒီဃပြု, မ်ကို အသို့ကပ်၍ "ဇဂါမ"ဟု ဖြစ်၏၊ ဤသို့ ပရောက္ခာ အဝိဘတ် နှောင်းသော ဂမု ဓါတ်၏ အသရကိုသာ ဒီဃပြုရာ ဌာနရှိသောကြောင့် "ပရောက္ခာယ ဝိဘတ္တိမှိ" ဟု ပရောက္ခာအားလုံးကို သိမ်းကြုံးထားခြင်း,"အနဗ္ဘာသဿ"ဟု အဗ္ဘာသမဟုတ်သော သရအားလုံးကို သိမ်းကြုံးထားခြင်းကြောင့် ဤ ၂ ပါဒသည် မူလပါဌ် ဟုတ်ကောင်းမှ ဟုတ်မည်၊ သီဟိုဠ်မူအတိုင်း မပါခြင်းသာ ကောင်းမည်ထင်သည်။

**သံယောဂန္တော၊ပေ၊ပရော**—["ဒိစ"နောင်(ပ)ဟု ရှိ၏,အပိုပင်၊]ပါလေန္တိ, ကာရေန္တိ, ပါလေန္တော, ကာရေန္တော"တို့၌ ဏေပစ္စည်း ဩပစ္စည်း အန္တိဝိဘတ် အန္တ ပစ္စည်းများတည်း၊ အန္တိ အန္တောတို့ဝယ် အဆုံး၌ "န္တ"ဟု သံယုဂ်ဖြစ်၍ "အ"တို့သည် သံယောဂန္တ (အဆုံး၌ သံယုဂ်ရှိသော အသရ)များတည်း၊ အန္တိဝိဘတ် အန္တပစ္စည်း တို့၏ အစ သရများလည်း ဟုတ်၏၊ "လေ—ရော"ဟူသော ဧ—ဩတို့၏ နောက်လည်း ဟုတ်၏၊ဤသို့လျှင် ၁—သံယောဂန္တလည်း ဖြစ်, ၂—ဝိဘတ်ပစ္စည်းတို့၏ အစလည်း ဖြစ်, ၃—ဧဩတို့၏ နောက်လည်း ဖြစ်, ဤ ၃ ချက်ညီသော အ အက္ခရာသည် အမြဲကျေ၏၊ ထို့ကြောင့်"ပါလေန္တိ"စသည်ဖြင့်(အ)သရပျောက်သောရုပ်များကိုချည်းတွေ့ရသည်။

**ဝဇ္ဇေန္တိ၊ပေ၊ဝဇ္ဇေသိ**— ဝဒ်ကို ဝဇ္ဇ ပြု, အ ပစ္စည်းကို ဧပြု၍ "ဝဇ္ဇေ အန္တိ"ဟု ဖြစ်သည့်အခါ ဤသုတ်ကြီးဖြင့် (ပါလေန္တိ ကဲ့သို့) အန္တိမှ အသရကို ချေ၍"ဝဇ္ဇေန္တိ"ဟု ဖြစ်၏၊ဝဇ္ဇေယျာသိ ဝဇ္ဇေသိ၌ကား ဤသုတ်ကြီးဖြင့် ယျာသိဝိဘတ်မှ ယျာကို ချေသည်၊ သဒ္ဒနီတိ၌ "ဝဇ္ဇမှေယျာသိဿသိ"ဟုသုတ်တည်၍ ဝဇ္ဇအပြုနောင် ယျာသိကိုအာသိ

www.dhammaransi.com



(၄၈၈) ကမု=ပဒဝိက္ခေပေ-ခြေကို အထူးထူး ပစ်လွှတ်ခြင်း၌၊ ဝါ- သွားခြင်း၌....၏၊ အ ပစ္စယေ-ကို၊ ကတေ-သော်၊ ကွစာဒိဝဏ္ဏာနမေက သရာနံ ဒွေဘာဝေါတိ-သုတ်ဖြင့်၊ ဒွိတ္တံ၊ ကဝဂ္ဂဿ-ကဝဂ်၏၊ စဝဂ္ဂေါ- စဝဂ် ပြု၊ [ကဝဂ်၏ ကကို စဝဂ်၏ စ ပြု-ဟူလို၊] အဗ္ဘာသဂ္ဂဟဏံ-အဗ္ဘာသ သဒ္ဒါသည်ငှင်း၊ အန္တဂ္ဂဟဏံ-အန္တသဒ္ဒါသည်ငှင်း၊ ဝဂ္ဂါဟဏံ စ-ငှင်း၊ဝတ္တတေ။

နိဂ္ဂဟီတဉ္စ။ ။အဗ္ဘာသန္တေ - အဗ္ဘာသ၏ အဆုံး၌၊ နိဂ္ဂဟီတဉ္စ- သည်လည်း၊ ဝါ-စွာ၊ အာဂမော ဟောတိ၊ အယံ ဝါသဒ္ဒေါ ဝဝတ္ထိတ ဝိဘာသတ္တော၊ တေန-ထို့ကြောင့်၊ ကမာဒီန မေဝ-ကမု အစရှိသော ဓာတ်တို့၏သာလျှင်၊ [အာဒိဖြင့် စလဓာတ် ဂမုဓာတ် စသည်ကို ယူ၊] ဇတံ-၍ နိဂ္ဂဟိတ် လာခြင်းသည် (ဟောတိ)၊ စင်္ကမတိ-စင်္ကြံသွား၏၊ စင်္ကမန္တိ၊ ဣစ္စာဒိ။

စလ = ကမ္ပနေ - တုန်လှုပ်ခြင်း၌....၏၊ စဉ္စလတိ စလတိ-တုန်လှုပ်၏၊ ဒလ = ဒလနေ - ထွန်းတောက်ခြင်း၌....၏၊ ဒဒ္ဒလ္လတိ - ထွန်းတောက်၏၊ စျေ = စိန္တာယံ - ကြံခြင်း အနက်၌....၏၊ အပစ္စယေ - အပစ္စည်း(သက်ပြီး သော်)၊ ဩတိ-ဩ ပုဒ်ကိုငှင်း၊ သရေတိ-ငှင်း၊ ဇေတိစ-ကိုငှင်း၊ အဓိကိစ္စ- လိုက်စေ၍၊ တေအာဝါယာတိ ယောဂဝိဘာဂနေ - ဖြင့်၊ အကာရိတေပို-

---

ပြု၍ ''ဝဇ္ဇာသိ''ဟု စီရင်၏၊ မောဂ္ဂလ္လာန်နိဿယ၌လည်း ဝဇ္ဇ ပြုနောင် ယေျုံစသည်၏ ယျေကိုချေ၍ ''ဝဇ္ဇုံ ဝါနဝါ ဝဇ္ဇုံ(တိက,ပဒုမ)-ဝဇ္ဇာသိ ခေါ်တွံ ဝါမူရုံ(ကာမဝိလာမ)'' ''အမ္ဗံအာရောဂျံ ဝဇ္ဇာထ-ပြောရစ်ပါကုန်(ဝေဿံ)''တို့ကို ထုတ်ပြတော်မူသည်။

(၄၈၈) ဒလ=ဒလနေ—မောဂ္ဂလ္လာန် ပဉ္စိကာ၌''ဇလ, ဒလ=ဒိတ္တိယံ (ထွန်း တောက်ခြင်း၌)''ဟုရှိ၏၊ ထို့ကြောင့် ''ဒလနေ—ထွန်းတောက်ခြင်း၌''ဟုပေးသည်၊ ''ဒလ,အ,တိ''ကွစာဒိဝဏ္ဏာန စသော သုတ်ဖြင့် ဒွေဘော်ပြု, ပရဒွေဘာဝေါဖြင့် ဒ—လ တို့ကိုလည်း ဒွေဘော်ပြု၍ ''ဒဒ္ဒလ္လတိ''ဟုပြီး၏၊ မောဂ္ဂလ္လာန် နိဿယသစ်၌ ''ဇလ—ဒိတ္တိယံ''ဟူသော ဓာတ်ဖြင့် ''ဇဇလတိ''ပြီးသည့်အခါ သုတ်ကြီးဖြင့် ဇဇ ကို ဒဒ ပြု, ထို့နောက် ဒွေဘော် ၂ လုံးပြု၍''ဒဒ္ဒလ္လတိ''ဟု တနည်းစီရင်၍''ဒဒ္ဒလမာနာတိ ဇဇ္ဇလကာရဿ ဒဒ္ဒလကာရံ ကတွာ နိဒ္ဒေသောတိ၊တေနာဟ-အတိ ဝိယ ဇလမာနာ'' ဟူသော သဂါထာဝဂ္ဂ မာရသံယုတ်ဋီကာကို သာဓကပြုတော်မူသည်၊ ထိုဋီကာပါဌ်များ ၌ လဒွေဘော်မဟုတ်ရကား''ဒဒ္ဒလတိ''ဟု လ တလုံးထည်းဖြင့်လည်း ပါဌ်ရှိသင့်၏၊ လ-၂ လုံးရှိရှိ, ၁ လုံးရှိရှိ, ''ဒဠ=ဒိတ္တိယံ''ဟူသောဓာတ်မှဖြစ်သော''ဒဒ္ဒဠတိ''မဟုတ် ကြောင်းကား ထင်ရှားနေပြီ၊ ပါဋ္ဌိတော်များ၌ကား ''ဒဒ္ဒဠမာနာ''ဟု အတွေ့များ၏၊

www.dhammaransi.com



ကာရိတ်ပစ္စည်း မနှောင်းသော်လည်း၊ ကောရဿ-၏၊ အာယာဒေသော-အာယပြု၊ ဈာယတိ-ကြံစည်ဘတ်၏၊ ဈာယန္တိ ဣစ္စာဒိ၊ ဝိသေသဝိဓာနံ-ထူးသော အစီအရင်သည် (နိဋ္ဌိတံ)၊.... အဝုဒ္ဓိက ဘူဝါဒိနယော-ဝုဒ္ဓိမရှိသော ဘူဝါဒိနည်းသည် (နိဋ္ဌိတော)။

## တုဒါဒိ ဘူဝါဒိဂိုဏ်း

တုဒ=ဗျထနေ-နှိပ်စက် ထိုးဆွခြင်း၌....၏၊ တျာဒျုပ္ပတ္တိ-သက်၊ အပစ္စယော-အပစ္စည်း သက်၊ အညေသုစာတိတ္တေ-သုတ်၌၊ အနုဝတ္တိတ ဝါဂ္ဂဟဏေန-လိုက်စေအပ်သော ဝါသဒ္ဒါကြောင့်၊ တုဒါဒီနံ-တုဒါဒိ ဓာတ်တို့၏၊ ဝုဒ္ဓိ အဘာဝေါဝ-ဝုဒ္ဓိ မဖြစ်ခြင်းသည်သာ၊ ဝိသေသော-ထူး၏။ [ဘဝတိရုပ်မှ ထူးသည် ဟူလို၊] တုဒတိ-ထိုးဆွ၏၊ ပေ၊ တုဒါမ၊ ကမ္မေ-၌၊ တဿ

---

တချို့ဓာတ်ကျမ်း၌လည်း "ဒဋ္ဌ=ဒိတ္တိယံ"ဟူသော ဓာတ်ဖြင့်"ဒဒ္ဒဋ္ဌတိ"ကို ထုတ်၏၊ သို့သော် ဇလ-ဒလဓာတ်တို့ဖြင့်"ဇလတိ, ဒလိဒ္ဒတာ"စသောရုပ်များထင်ရှားသကဲ့သို့၊ ဒဋ္ဌဓာတ်ဖြင့်"ဒဋ္ဌတိ"စသော ရုပ်များမထင်ရှားသောကြောင့် ("ဒဋ္ဌ-မြိမြိစွာ"ဟူရာ၌လည်း ဒဋ္ဌဓာတ် မဟုတ်သောကြောင့်) ဒဒ္ဒဋ္ဌမာနာ စသော ပါဠိနှင့်"ဒဋ္ဌ=ဒိတ္တိယံ" ဟူသော ဓာတ်ကို စဉ်းစားသင့်သည်။

ဈာယတိ—"ဈေ+အ,တိ"ဟု ဖြစ်သည့်အခါ ဩအဝ သရေ, ဧ အယ-သုတ်တို့မှ ဩ-ဧ-သရေပုဒ်တို့ကိုလိုက်စေ၍ "ဧတ အာဝါယာ ကာရိတေ"သုတ်၌ "ဧတေအာဝါယာ"ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကာရိတ်မနှောင်းသော်လည်း ဧကို အာယပြု၍"ဈာယတိ"ဟု ဖြစ်၏။

**ဝိသေသဝိဓာနံ, အဝုဒ္ဓိက ဘူဝါဒိနယော**—"ဇုသု=ဇုဋ္ဌာကန္တိသု"မှစ၍ ဘူဝါဒိ ဓာတ်တို့တွင် အစီအရင် ထူးရာ ရုပ်များကိုပြခဲ့ရာ ဤနေရာ၌ ပြီးပြီ—ဟူလို, ဘူ, ဟူ=သတ္တာယံ"ဟု လာလတ့်သော ဟူဓာတ် ဘူဓာတ် စသည်တို့ကို ဝုဒ္ဓိ ထင်ရှားသောကြောင့် "သဝုဒ္ဓိက ဘူဝါဒိဓာတ်"ဟု ခေါ်၏၊ ဤပြခဲ့သောဓာတ်များ၌ကား ဘဝတိ၌ ဝုဒ္ဓိပြုရစေကာမူဝုဒ္ဓိမထင်ရှားသောကြောင့် အဝုဒ္ဓိက ဘူဝါဒိမည်၏၊ ထိုအဝုဒ္ဓိကဘူဝါဒိ ဓာတ်တို့ကို သိရာ သိကြောင်း နည်းကား ဤတွင်ပြီးပြီ—ဟူလို။ ["သဝုဒ္ဓိက"ဟု ယခု စာတို့၌ တွေ့ရ၏, စိစစ်ကြပါကုန်။]

**တုဒါဒိဓာတ်**။ ။သက္ကတ သဒ္ဒါကျမ်းတို့၌ "တုဒါဒိဓာတ်"ဟု သီးခြားပြထားသည်အားလျော်စွာ ဤရူပသိဒ္ဓိ၌လည်း "တုဒါဒိဓာတ်စု"ကို သီးခြားပြထားသည်၊ မောဂ္ဂလ္လာန်၌ တုဒါဒိဓာတ်နောင် (က်) အနုဗန်ရှိသော အ ပစ္စည်းသက်၏၊ ထို (က်) အနုဗန်ကား ဝုဒ္ဓိမပြုရခြင်း၏အထိမ်းအမှတ်တည်း၊ "တုဒ=ဗျထနေ"၌"ဗျထနေ"ဟုလည်းရှိ၏၊ "ဗျဓထ=ဒုက္ခစလနေ့ယေ—ဒုက္ခဖြစ်ခြင်း, တုန်လှုပ်ခြင်း,ကြောက်ခြင်း၌"

www.dhammaransi.com



စဝဂ္ဂ ဣစ္စာဒိနာ – ဖြင့်၊ သ, ဒကာရဿ – ဓာတ်နှ်ဒ နှင့် တကွဖြစ်သော၊ ယပစ္စယဿ – ၏၊ ဇကာရော – ဇပြု၊ ဒိဒ္တံ၊ တုဇ္ဇတေ – ထိုးဆွအပ်၏ ၊ ပေ ၊ တုဇ္ဇန္တိ၊ တုဇ္ဇရေဝါ-လည်း ရှိ၏၊ တုဒတု–လော၊ တုဒန္တု၊ပေ၊အတုဒိဿ ဣစ္စာဒိ။

ဝိသ = ပဝိသနေ – ဝင်ခြင်း၌....၏၊ ပပုဗ္ဗော – ပ ရှေးရှိသည် (ဟောတိ)၊ သော-ထိုသူသည်၊ ဂါမံ-ရွာသို့၊ ပဝိသတိ–ဝင်၏၊ပေ၊ပဝိသာမ၊ ကမ္မေ-၌၊ ပဝိသိယျတေ - ဝင်အပ်၏ ၊ ပေ ၊ ပဝိဿတေဝါ – လည်း ရှိ၏။ [ပုဗ္ဗရုပ် ပြု၊] တထာ, ပဝိသတု–လော ၊ ပေ ၊ ပါဝိသိ, ပဝိသိ-ဝင်ပြီ။ [အကာရာဂမောဖြင့် အ-လာ၍ ပ၏ အကို ချေ, ဒီဃပြု, ပါဝိသိ၊ အ မလာလျှင် ပဝိသိ၊] ပါဝက္ခိ-ဝင်ပြီ၊ ကွစိဓာတုတျာဒိနာ - ဖြင့်၊ အဇ္ဇတနိမှိ - ကြောင့်၊ ဝိသဿ - ၏၊ ဝက္ခာဒေသောစ – ဝက္ခလည်း ပြု၊ ပါဝိသိံသု ပဝိသိံသု၊ ကမ္မေ, ပါဝိသီယိတ္ထ, ပဝိသီယိတ္ထ, ပါဝိသီယိ – ဝင်အပ်ပြီ။ [ပဝိသီယိ-လည်း ရှိနိုင်၏၊] ပဝိသိဿတိ - ဝင်လတ့် ၊ ပေ ၊ ပါဝိသီယိဿတေ - ဝင်အပ်လတ့်။ [ဘဝိဿန္တိ နှောင်းရာ၌ (အ) မလာသောကြောင့် "ပါဝိသိဿတိ" စသည် မရှိရ၊] ပါဝိသိဿာ - ဝင်ရာပြီ၊ ပါဝိသီယိဿ - ဝင်အပ်ရာပြီ။ [ ကာလာတိပတ္တိ၌ အ လာသောကြောင့် "ပါ"ဟု ရှိ၏၊ ဣစ္စာဒိ။]

နုဒ = ခေပေ – ပစ်ပယ်ခြင်း၌....၏၊ နုဒတိ - ပယ်နုတ်၏၊ နုဒန္တိ၊ ဒိသ – သည်၊ အတိသဇ္ဇနေ – တရားပေးခြင်း (ဟောပြောခြင်း)၌....၏၊ ဥဒ္ဒိသတိ - ရွတ်ပြ၏၊ ဥဒ္ဒိသန္တိ၊ လိခ = လေခနေ – ရေးခြင်း (ခြစ်ခြင်း )၌ .... ၏၊

---

ဟုရင်း "ဗျဓော=တာဠနေ (ပုတ်ခတ်ခြင်း၌)"ဟုရင်း ဓာတွတ္ထ သင်္ဂဟ ရှိ၏၊ တုဒ ဓာတ်လည်း"ပတောဒေါ-နှင်တန်(နွားမောင်းဒုတ်)"စသည်၌ နှိပ်စက်ခြင်း အနက်ကို ဟော၏၊ ယို့ကြောင့် "ဗျဓနေ"နှင့်သာ အနက်ချင်း လိုက်လျောသည်။

ဝိသ=ပဝိသနေ—"ပဝေသနေ"ဟု စာတို့၌ တွေ့ရ၏၊ သို့သော် ဤဓာတ်သည် ဏ် အနုဗန်မနှောင်းလျှင် ဝုဒ္ဓိပြုရသောဓာတ်မဟုတ်ရကား ပပုဗ္ဗဝိသဓာတ် ယုပစ္စည်းဖြင့် "ပဝိသန"ဟုသာ ရှိသင့်၏၊ "ပဝေသနံ–ဝင်စေခြင်း, ဝါ–သွင်းခြင်း"ဟူရာ၌ကား ကာရိတ် ပစ္စည်း ကျေသောကြောင့် ဝုဒ္ဓိရောက်ရသည်။

ဒိသ=အတိသဇ္ဇနေ — ထောမနိဓိ၌ အတိပုဗ္ဗ သဇ္ဇဓာတ်ကို "ဒါန–ပေးခြင်း, ဗဓ–နှိပ်စက်ခြင်း,ဝိပ္ပလမ္ဘ–ရောင်ရမ်းပြောဆိုခြင်း"ဟု ဖွင့်၏၊ "ဓမ္မော ဒေသိတော" စသည်၌ "ဓမ္မဿ အတိသဇ္ဇနံ ပဗောဓနံ ဒေသနာ"ဟု သာရတ္ထဒီပနီကာ စသည်တို့၌ ဒိသဓာတ်ကို "အတိသဇ္ဇနံ"ဟုပင် ဖွင့်၏၊ ထို အတိသဇ္ဇနံကို "ပဗောဓနံ"ဟု ဖွင့်ပြန်သောကြောင့်ထောမနိဓိလာသော"ဒါန-ပေးခြင်း"ဟူသည်တရားကိုသိစေခြင်းတည်း၊

www.dhammaransi.com



လိဒတိ-ရေး၏၊ လိခန္တိ၊ ဖုသ=သမ္ဖဿ-ကောင်းစွာထိခြင်း၌....၏၊ [မထိတထိ မဟုတ်, သေသေချာချာထိခြင်းကို "သမ္ဖဿ" ဟု ဆိုသည်၊] ဖုသတိ-ထိ၏၊ဖုသန္တိ၊ ဣစ္စာဒိ၊ တုဒါဒိနယော-တုဒါဒိ ဓာတ်တို့ကို သိကြောင်းနည်းသည်(နိဋ္ဌိတော)။

## ဟူဝါဒိ ဘူဝါဒိဂိုဏ်း

(၄၇၉) ဟူ-ဟူဓာတ်သည်ဒင်း၊ ဘူ-ဒင်း၊ သတ္တာယံ-၌....၏၊ တျာဒျုပ္ပတ္တိ-သက်၊ ဘူဝါဒိတော အဏ္ဍတိ-သုတ်ဖြင့်၊ အ ပစ္စယော-သက်၊ ဝါတိ-ဝါပုဒ်ကို၊ အဓိကိစ္စ - (ဧယျာဿညာတော စသော သုတ်မှ) လိုက်စေ၍၊ လောပဥ္စေတ္တ မကာရေတိ-သုတ်ဖြင့်၊ ဟူဝါဒိတော-ဟူ အစရှိသောဓာတ်မှ၊ [သိမူ၌ "ဟူဝါဒိတော" ဟုရှိ၏၊] ပရဿ-သော၊ အပစ္စယဿ-ကို၊ လောပေါ-ချေ၊ အညေသုစာတိ-ဖြင့်၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု၊ သော-ထိုသူသည်၊ ဟောတိ-ဖြစ်၏၊ တေ ဟောန္တိ၊ ကွစိဓာတုတျာဒိနာ — ဖြင့်၊ ပရသရဿ — နောက်သရကို၊ လောပေါ-ချေ၊ [အ ပစ္စည်းကို ချေပြီးနောက် "ဟော + အန္တိ" ဟုရှိရာ "သံယောဂန္တော အကာရေတ္တ" စသည်ဖြင့် ဆိုခဲ့သည့်အတိုင်း သံယောဂန္တ လည်းဖြစ်-ဝိဘတ် အစလည်းဖြစ်-သြမှ နောက်လည်းဖြစ်သော အ သရကို ချေပါ-ဟူလို၊] ဟောသိ-ဖြစ်၏၊ ပေ၊ ဟောမ၊ ဘာဝေ-၌၊ ဟူယတေ-ဖြစ်ခြင်း၊ [အကမ္မက ဓာတ်ဖြစ်၍ ကမ္မရုပ်ကို မပြ။]

တထာ-ပါး၊ ဟောတု-ဖြစ်စေသော (ဖြစ်စေသဘည်း)၊ ပေ၊ ဟောတိ၊ အနကာရ ပရတ္တာ (န အကာရပရတ္တာ)—အ အက္ခရာမှ နောက် မဟုတ်သည်၏အဖြစ်ကြောင့်၊ ဟိလောပေါ - ဟိချေခြင်းသည်၊ နဘဝတိ—မဖြစ်၊ [ဟိလောပံ ဝါသုတ်က (အ)မှ နောက်ဖြစ်သော ဟိကို ချေရာ, ဟောဟိ၌ သြ နောက်ဖြစ်၍ ဟိကို မချေရ-ဟူလို၊]ပေ၊ ဟောမ၊ ဘာဝေ—၌၊ ဟူယတံ-ဖြစ်ခြင်း, ဖြစ်ရာသတည်း။

---

သိစေခြင်း ဟူသည်လည်း ဟောပြောခြင်းပင်တည်း၊ ထို့ကြောင့် "အတိသဇ္ဇနေ—တရားပေးခြင်း (ဟောခြင်း) ၌....၏" ဟု ဆိုလိုက်သည်၊ သို့ဖြစ်လျှင် "ဥဒ္ဒိသတိ—ဟောပြောရွတ်ပြ၏" ဟူသော အနက်လည်း ဓာတ်နက်ပင်ဖြစ်တော့၏၊ အပစန္တာပိ ဒိန္နန္တိ = မချက်ကုန်သော်လည်း ပေးကြကုန်၏" ဟူသော ဇာတ်ပါဠိ၌ကား ဒိသ ဓာတ်သည် ပေးခြင်းအနက်ကိုပင် တိုက်ရိုက်ဟော၏။ ["ဒိသ=ပေက္ခဏေ" တုန်းကအတိုင်း ဒိန္န ပြီးစေ။]

www.dhammaransi.com



သတ္တမိယံ - သတ္တမီဝိဘတ်၌၊ သရလောပါဒိ (ဟောတိ)၊ ဟောယျ - ဖြစ်ရာ၏၊ ပေ၊ ဟောယျာမ—ဖြစ်ကုန်ရာ၏၊ ဟောယံ၊ဝါ—ဟောယံ၊လည်းရှိ၏၊ [အတ္တနောပုဒ်ဖြင့် "ဟောထ" စသည် ရှိဘို့ရန် ခဲယဉ်းသော်လည်း ယံ၊ ဝိဘတ်ဖြင့်ကား "ဟောယံ၊"ဟု ရှိသည် ဟူလို၊] ဘာဝေ—၌၊ ဟူယေထ- ဖြစ်ခြင်း,ဖြစ်ရာ၏။

ဟိယျတ္တနိယံ-၌၊ အပစ္စယလောပေ အပစ္စည်း ချေခြင်းကို (ကတေ- သော်)၊ ကွစိဓာတုတျာဒိနာ-ဖြင့်၊ ဟူဓာတုဿ-၏၊ ဉကာရဿ-ဉအက္ခရာ၏၊ ဥဝါဒေသော-ဥဝပြု။ [မြုဝန္တိ၌ "ဈလာန မိယုဝါ သရေဝါ" သုတ်ဖြင့် ဥဝ ပြုလတံ့ ဖြစ်သောကြောင့် ဤ၌လည်း ထိုသုတ်ဖြင့်ပင်ပြုနိုင်မည်ထင်သည်၊] အဟုဝါ ဖြစ်ပြီ၊ အဟုဝူ-ကုန်ပြီ၊ အဟုဝ, အဟုဝေါ-ပြီ၊ အဟုဝတ္ထ၊ ပေ၊ အဟုဝမှသေ၊ ဘာဝေ, အဟူယတ္ထ-ရှေး၌ဖြစ်ခြင်း။ [ဣမလာနိုင်သောကြောင့် "အဟူယိတ္ထ"ဟု မရှိရ။]

အဇ္ဇတနိမှိ-၌၊ ကွစိဓာတု တျာဒိနာ-ဖြင့်၊ ဟူတော-ဟူဓာတ်မှ(ပရဿ- သော၊) ဤဝိဘတ္တိဿ-ဤဝိဘတ်ကို၊ လောပေါ - ချေ၊ ရဿတ္တံ -ရဿပြု၊ သော-ထိုသူသည်၊ အဟု-ဖြစ်ပြီ။ [သီဠ"ရဿတ္တံ"မပါ၊ အဟူ-ဟု ရှိ၏၊] လောပါဘာဝေ-ကျေခြင်း မရှိရာ၌၊ ကရဿ ကာသတ္တ မဇ္ဇတနိမှိတိ တွေ- ဤသုတ်၌၊ သတ္တ မဇ္ဇတနိမှိတိ ယောဂ ဝိဘာဂေန-ဖြင့်၊ သာဂမော- သ အက္ခရာလာ၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု၊ အဟောသိ-ဖြစ်ပြီ၊ [ (ဤ) ဝိဘတ်ကိုလည်း ကွစိဓာတုဖြင့် ရဿပြု၊] အဟေသုံ-ဖြစ်ကုန်ပြီ၊ ကွစိဓာတုတျာဒိနာ - ဖြင့်၊ ဩကာရဿ - ဩအက္ခရာ၏၊ ဧကာရော - ဧပြု။ [အဟောသုံ - ဟု ဖြစ်သည့် အခါ ဩကို ဧပြု၍ "အဟေသုံ" ပြီးသည် - ဟူလို၊ "ဩကာရဿ

---

သတ္တမိယံ—သဒ္ဒနီတိ၌ ဉကိုဥဝပြုသော"ဟုဝေယျ, ဟုဝေယျုံ"စသောရုပ်များ ပြ၍, ဥပကနှင့် ဘုရားရှင်တွေ့ခဏ်း၌ "ဟုဝေယျပါဝုသော (ဟုဝေယျပိ+အာဝုသော= ငါ့ရှင်+ဟုတ်လဲ ဟုတ်လောက်ပါပေရဲ့"ဟူသော စကားကို သာဓကပြ၏၊ ထိုပါဠိ၌ ဝကို ပပြု၍ "ဟုပေယျပါဝုသော"ဟုလည်းရှိသည်။

ဟိယျတ္တနိယံ—စတုက္က, သကုနဇာတ်၌ အတ္တနောပုဒ် အမှယောဂဗဟုဝုစ်ရုပ်နှင့် တူသော "အဟုဝါမှသေ"ဟု ရုပ်တမျိုးရှိ၏၊ ထို၌ အတိတ်အနက်ကို ထွန်းပြသော "သ္မ" နိပါတ်တမျိုး သက္ကတမှာရှိသကဲ့သို့ "မှ" နိပါတ်နှင့် သေ-ကားဂါထာပူရဏ နိပါတ်တည်း၊ "အဟုဝါ"သာ လိုရင်းဖြစ်သည်—ဟု မောဂ္ဂလ္လာန် နိဿယသစ်ဆုံးဖြတ် သည်၊သဒ္ဒနီတိ၌ကား တမျိုးကြံလေသေး၏။

www.dhammaransi.com



ကာရော''ဟု ပါဌ်ရှိစေ၊] အဟာဝုံဝါ - အဟာဝုံလည်းရှိ၏၊ အဟောသိ - ပြီ၊ [ဩကို ဣပြု၊] အဟောသိတ္တ - ကုန်ပြီ၊ အဟောသိ အဟုံ ဖြစ်ပြီ၊ ပရ သရဿ-နောက်သရကို၊ လောပေါ-ချေ၊ ရဿတ္တဉ္စ-လည်းပြု။ ["အဟူ+ ဣံ''ဟု ရှိရာ၌ ကစ္စိခါတုဖြင့် နောင်ဣကိုချေ, ဥကိုလည်း ဥရဿပြုလျှင် နိဂ္ဂဟိတ် အလိုလို ဥသို့ရောက်၍"အဟုံ''ပြီးသည်၊] အဟောသိမှ, အဟုမှ- ကုန်ပြီ၊ ရဿတ္တံ-ပြု။ (ကစ္စိခါတုဖြင့် ဟူ၌ ဥကို ရဿပြု၊] ဘာဝေ-၌၊ အဟူယိတ္ထ-ရှေး၌ဖြစ်ခြင်း။ [ဟိယျတ္တနီ၌"အဟူယတ္ထ''ဟုရှိခဲ့၏၊ ဣလာခြင်း သာပို၍"အဟူယိတ္ထ''ဟု အဇ္ဇတနီ၌ရှိသင့်၏၊ ယခုစာ၌ "ဘာဝေ ဘဝိတ္ထ, (သိမူ၌)အဟဝိတ္ထ''ဟု ရှိသည်ကား ပါဌ်ပျက်ဟန်တူသည်။]

ဟိံ့လာပံဝါတိ ဣတော-သုတ်မှ၊ လောပေါတိ ဝါတိစ ဝတ္တတေ။

**ဟောတိဿရေ၊ ဧဟ၊ သဿစ။** ။ဘဝိဿန္တိမှို ဝိဘတ္တိမှို-ကြောင့်၊ ဟူဣတိ-"ဟူ''ဟူသော-ဓာတ်ဓာတုဿ-၏၊ [တချို့စာ၌ "ဓာတုဿ''ကျ သည်၊] သရော-ဥသရသည်၊ ဧဟ ဩဟ တွေ့-ဧဟ အဖြစ်, ဩဟအဖြစ်, ဧ အဖြစ်သို့၊ အာပဇ္ဇတေ-၏၊ ဿဿစ-ဿ၏လည်း၊ လောပေါ-သည်၊ ဝါ့ဟောတိ-ဝိကပ်ဖြစ်၏၊ ဣကာရာဂမော - ဣလာ၊ သရလောပါဒိ - သည် (ဟောတိ)၊ ဟေဟိတိ - ဖြစ်လတံ့၊ ဧဟ၊ ဟေဟာမ—န်လတံ့၊ [ဟေဟာမိ၌ ဟူမှ ဥကိုဧဟပြု-ဿ ချေပြီးနောက်, ဣမလာဘဲ, အကာရောဒီဃံ ဟိမိမေသု ဖြင့် ဒီဃပြုသည်၊ ဟေဟာမ၌လည်း နည်းတူ၊] လောပါဘာဝေ-ကျေခြင်း မရှိရာ၌ (ဿဿစ လောပေါ ဟောတိဝါ-ဿ ချေခြင်းကို ဝိကပ်ဟု ဆိုသော ကြောင့် ဿ မချေဘဲ ဟေချည်သာပြုလျှင်-ဟူလို) ဟေဟိဿတိ-ဖြစ်လတံ့၊ ၊ဧဟ၊ ဟေဟိဿာမ။

ဩဟာ ဒေသေ-ဩဟပြုရာ၌၊ဟောဟိတိ-ဖြစ်လတံ့၊ဧဟ၊ ဟောဟာမ- န်လတံ့၊တထာ-ပါး၊ ဟောဟိဿတိ၊ ဧဟ၊ ဟောဟိဿာမ။ [ဿ မချေဘဲ

---

**အဟာဝုံ ဝါ**—မြန်မာမူ၌ "အဘဝုံ''ရှိသည်ကား ပါဌ်ပျက်၊ အဟဝုံကိုပင် စဉ်းစား သင့်၏၊ ဘာ့ကြောင့်နည်း....ဟိယျတ္တနီ ဥ၌"အဟုဝု(ရူ)''ရှိခဲ့သောကြောင့်ရင်း ဝုဒ္ဓိ ပြုရိုးမှန်လျှင် သဝုဒ္ဓိက ဘူဝါဒိ ဓာတ်ဖြစ်၍ ဝုဒ္ဓိအထင်အရှား ရှိသင့်သောကြောင့်ရင်း "အဟုဝုံ ဝါ''ဟုသာ ရှိသင့်သည်၊မောဂ္ဂလ္လာန် နိဿယသစ်၌လည်း "ဘဝန္တိအဟုဝုံ စာတိ ဘူတာ''ဟူသော ဘူတဂါမ သိက္ခာပဒ ဝဏ္ဏကထာကိုထောက်၍"အဟုဝုံ'' သင့် ကြောင်းဆုံးဖြတ်တော်မူသည်။ [သို့သော် ပဋိကာ၌မူ"အဟာဝုံ''ကို ရုပ်ပွက်ပြလေ ၏။]

www.dhammaransi.com



ဩဟာချည်းပြုပုံတည်း။] ကောရာဒေသေ - ပြေုရာ၌၊ ဟောတိ-ဖြစ်လတံ့၊ ပေ၊ ဟေဿာမ၊ [ ဟေဿတိ စသည့်၌ ဿာ မချေဘဲ (ဧ) သာ ပြုသည်၊ ] ဘာဝေ-၌၊ ဟူယိဿတေ-နေဝင်၌ ဖြစ်ခြင်း၊ ကာလာတိပတ္တိယံ-၌၊ အဟုဝိဿ-ဖြစ်ရာပြီ၊ အဟုဝိဿံသု၊ အဟူယိဿထ-ရှေး၌ ဖြစ်ခြင်း၊ ဣစ္စာဒိ။

သရေလာပါဒိ၊ (ဏာ၌ အာချေ နောက်ကပ်၊) သုဏိဿတိ - ကြားလတ္တံ၊ ပေ၊ သုဏိဿာမ၊ ဏာပစ္စယလောပေ – ချေ၊ ဝုဒ္ဓိ၊ ပြု။ [ဏာပစ္စည်း နှောင်းလျှင် ဝုဒ္ဓိ မပြုနိုင်သောကြောင့် ဏာချေပြီးမှ ဝုဒ္ဓိပြု၊] သောဿတိ - ကြားလတ္တံ၊ ပေ၊ သောဿာမ, သူယိဿတေ သူယိဿတိ – ကြားအပ်လတ္တံ၊ အသုဏိဿ - ကြားရာပြီ၊ အသူယိဿာ - ကြားရာအပ်ပြီ၊ ဣစ္စာဒိ။

ဟိ - ဟိသာဒ္ဒါသည်၊ ဂတိမှိ – ဂတိ အနက်၌....၏၊ ပပုဗ္ဗော – ပရှေးရှိသည်ဖြစ်၍ (ဟောတိ)၊ ပဟိဏာတိ – စေလွှတ်၏၊ ပဟိဏတိဝါ - လည်းရှိ၏။ [သုတ်ကြီးဖြင့် ရအပ်ပြု၊] ပဟိဏန္တိ – နံ၏၊ ပဟိဏာတု – စေလော၊ ပဟိဏန္တု၊ ပဟိဏေယျ - ရာ၏၊ ပဟိဏိ, ပါဟေသိ-စေလွှတ်ပြီ၊ ပဟိဏိဿတိ-လတ္တံ၊ ပဟိဏိဿာ-ရာပြီ၊ ဣစ္စာဒိ။

---

ဟိ=ဂတိမှိ—ဂတိ အနက်ဟု ဆိုသော်လည်း ပ ရှေးရှိသောကြောင့် "ပေသန-ပို့ခြင်း,စေလွှတ်ခြင်း,အနက်ကိုလည်း ဟောနိုင်၏၊ ထောမနိဓိ၌"ပဟိတော=ပို့အပ်, စေလွှတ်အပ်"ပုဒ်ကို ပ ပုဗ္ဗ ဟိ ဓာတ်ဟုပင် ဆိုသည်၊ ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု"ဟု ဝိဂြိုဟ်ပြုရာ၌ကား ဏု ပစ္စည်းမှ ဏ ကို သုတ်ကြီးဖြင့် န ပြုသည် ဟုကြံ၊ပါဟေသိ၌လည်း ဏာပစ္စည်းကို ကွစိဓာတုဖြင့်ချေ၊အဇ္ဇတနီကြောင့် အ လာ၍ ပ ၏ အ ကို ချေ, ဒီဃပြု၊ ဟိ၌ ဣကို ဧ ပြု, (သ်) လာ၍ ပြီးစေ၊ ဓာတွတ္ထသင်္ဂဟ၌မူ ပဟာဓာတ်ကြီ၍"ပါဟေသိ"ဟု ထွေ့မာန်ပုံစံထုတ်၏၊ ပါဠိ၌ ရှိမရှိကိုသတိပြုသင့်သည်။

www.dhammaransi.com



ဝုံ=သံဝရဏေ–စောင့်ရှောက်ခြင်း (စောင့်စည်းခြင်း)၌ ၊ ၏၊ အာဝုံ ဏာတိ - စောင့်ရှောက်၏၊ အာဝုဏန္တိ - န် ၏။ [ပန်းသီကုံးရာ၌လည်း ပန်းများကို စောင့်ရှောက်ခြင်းပင်ဖြစ်၍ "သီကုံး၏" ဟု ပေးနိုင်သည်။]

မိ=ပက္ခေပေ - ထည့်သွင်းခြင်း၌....၏၊ ကွစိ ဓာ တု တျာ ဒိ နာ - ဖြင့်၊ ဏာဿ - ဏာ၏၊ နတ္တံ-နအဖြစ်သည် (ဟောတိ)၊ မိနောတိ - ထည့်သွင်း၏၊ မိနန္တိ - န်၏၊ ဣစ္စာဒိ။

အပ=ပါပုဏနေ - ရောက်ခြင်း၌....၏၊ ပပုဗ္ဗော - ပ ရှေး ရှိ ၏၊ သရလောပေါ-ချေ။[သိဒ္ဓိ၌ "သရလောပေ- ရှေ့ သ ရကို ချေ ပြီး သော်" ဟု ရှိ၏၊] ဒီဃန္တိ – ဒီဃံသုတ်ဖြင့်၊ ဒီဃော-ဒီဃပြု။ [ပ၏အကို သရာ သရေ လောပံ ဖြင့် ချေ၍, အပမှ အကိုဒီဃပြု, "ပါ"ဟု ဖြစ်သည် ဟူလို၊] ဉဏာပစ္စယော-ဉဏာ ပစ္စည်းသက်၊ သမ္ပတ္တိံ - စည်းစိမ်သို့၊ ပါပုဏာတိ - ရောက်၏၊ ပေ၊ ပါပုဏာမ၊ ကမ္မေ-၌၊ ပါပီယတိ - ရောက်အပ်၏၊ ပါပီယန္တိ၊ တထာ, ပါပုဏာတု-လော၊ ပေ၊ ပါပီယိဿ-ရောက်အပ်ရာပြီ၊ ဣစ္စာဒိ။

သက=သတ္တိမှိ - စွမ်းနိုင်ခြင်း၌ ၊ ၏၊ ဒွိဘာဝေါ-လာ၊ သက္ကုဏာတိ- စွမ်းနိုင်၏၊ သက္ကုဏန္တိ-န်၏၊ ဘာဝေ-၌ ပုဗ္ဗရူပဥ္စာတိ - သုတ်ဖြင့်၊ ပုဗ္ဗရူပတ္တံ - ပုဗ္ဗရုပ်ပြု။[ငင်းနောက်၌ "ဒွိတ္တဉ္စ"ဟု မြန်မာမူ ရှိသည်ကား အပို, ပုဗ္ဗရုပ်ပြုလျှင် "သက္က"ဟု ဖြစ်သည်။] ဟယာ - သင်သည်၊ သက္ကတေ - စွမ်းနိုင်ခြင်း၊ သက္ကုတိ ဝါ - လည်း ရှိ၏၊ သက္ကုဏာတု - စွမ်းနိုင်လော၊ သက္ကုဏေယျ - ရာ၏၊ ကွစိဓာတူတျာဒိနာ – ဖြင့်၊ အဇ္ဇတနာဒ်မှ - အဇ္ဇတနီ အစရှိသော ဝိဘတ်ကြောင့်၊ သကန္တဿ - သက၏ အဆုံး (က်) ဗျည်း၏၊ ခါဒေသော - ခ ပြု၊ အသက္ခိ သက္ခိ-စွမ်းနိုင်ပြီ၊ ပေ၊ အသက္ခိဿံသု - ကုန်ရာပြီ၊ ဣစ္စာဒိ၊....သွာဒိနယော-သည်၊ နိဋ္ဌိတော။

---

အသက္ခိ—က်ကို ခ်ပြုပြီးနောက် အသဒိဿ ဒွေဘော် (က်) လာ, သုတ်ကြီးဖြင့် ဉဏာ ပစ္စည်းကိုလည်း ချေရဦးမည်၊ ဤဂိုဏ်း၌ "အပ—သက"စသော အနေဂဿရ ဓာတ်နောက်၌ ဉဏာ ပစ္စည်းသာ သက်၍, ဏု ဏာ ပစ္စည်းတို့ မသက်ရ—ဟု သဒ္ဒနီတိ သတ်မှတ်သည်၊ သု—စသော ဧကဿရ ဓာတ် နောက်၌ကား ဏုဏာပစ္စည်းများသာ သက်၍ ဉဏာ မသက်ရ-ဟုလည်း သတ်မှတ်သင့်၏။

[ဆောင်] သက ဓာတ်၏, အသက္ခိကို, ကွစိဓာတု, က—ခ ပြုလျက်, ကလည်း
ဆက်ကာ, ဒွေဘော်လာ, များစွာ ပြီးနိုင်သည်။

www.dhammaransi.com

## ကိယာဒိဂိုဏ်း

(၅၁၂) ကိ=ဒဗ္ဗဝိနိမယေ—ဥစ္စာကိုလဲလှယ်ခြင်း၌၊ ဝါ-ရောင်းဝယ်ခြင်း၌....၏၊ ဝိပုဗ္ဗော—ဝိရှေးရှိ၏၊ ဒွိတ္တံ-လာ၊ ပုရေဝိယ, ဝိဘတ္တုပ္ပတ္တိ-သက်။

**ကိယာဒိတော နာ** ["ကီ+အာဒိ" ဟု ပုဒ်ဖြတ်၍ ဈလာန မိယုဝါ-ဖြင့် ဠယပြု]။ ။ကတ္တရိ - ၌၊ (ဝိဟိဘေသု ဝိဘတ္တိ ပစ္စယေသု)၊ ကီဣစ္စေဝ မာဒိတော - ကီအစရှိသော၊ ဓာတုဂဏတော - ၌၊ နာပစ္စယော-နာပစ္စည်းသည်၊ ဟောတိ၊ နာပရတ္တာ - နှောင်းသော နာပစ္စည်းရှိသည်၏ အဖြစ်ကြောင့်၊ ဝုဒ္ဓိ - ဝုဒ္ဓိသည်၊ န - မဖြစ်။ [အညေသုစ သုတ်၌ "ယုဝဏ္ဏာနမိ့,ယဏုဏာ, နာနိဋ္ဌာဒိသု ဝုဒ္ဓိ န" ဟု သတ်မှတ်ခဲ့သောကြောင့် နာပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိမပြုရ - ဟူလို၊] ကွစိဓာတူတျာဒိနာ-ဖြင့်၊ ကိယာဒီနံ-ကီအစရှိသော ဓာတ်တို့၏၊ နာမှိ - နာပစ္စည်းကြောင့်၊ ရဿတ္တံ - ပြု၊ ကီတော - ကီဓာတ်မှ နှောက်၌၊ နာပစ္စယ နကာရဿ - နာပစ္စည်း၏ န၏၊ ဏတ္တဥ္စ - ဏလည်းပြု။

ဘဏ္ဍံ - ဘဏ္ဍာကို၊ ဝိက္ကိဏာတိ - ရောင်း၏၊ ဝိက္ကိဏန္တိ၊ ဝိက္ကိယတိ -ရောင်းအပ်၏။ [နာပစ္စည်းမနှောင်းသောကြောင့် ကီ၌ ရဿမပြုရ၊] ဝိက္ကီယန္တိ။ [သီ၌ "ဝိက္ကိယန္တိဝါ" ဟု ဝါပါသောကြောင့် "ဝိက္ကီယတေ, ဝိက္ကီယန္တေ, ဝိက္ကိယတိ ဝိက္ကိယန္တိဝါ" ဟု မူရင်းဖြစ်ဟန်တူသည်၊] ဝိက္ကိဏာတု - လော၊ ဝိက္ကိဏန္တု၊ ဝိက္ကီယတု - ရောင်းအပ်လော၊ ဝိက္ကီယန္တု ၊ ပေ ၊ အဝိက္ကိဏိဿ - ရောင်းရာပြီ၊ အဝိက္ကိဏိံသု - ကုန်ရာပြီ။ ["အဝိက္ကီ ယိဿထ - ရောင်းအပ်ရာပြီ" ဟု ကမ္မရုပ် ကျဟန်တူသည်၊] ဣစ္စာဒိ။

ဇိ=ဇယေ - အောင်ခြင်း (နိုင်ခြင်း) ၌ ...၏၊ ကိလေသေ - ကိလေသာတို့ကို၊ ဇိနာတိ - အောင်၏၊ [ကိလေသာ နှင့် စစ်ဖြစ်ရာ၌ "နိုင်သည်" ဟူလို၊] ဇိနန္တိ၊ ဇီယတိ - အောင်အပ်၏။ [ယပစ္စည်းကြောင့် ကွစိဓာတုဖြင့် ဒီဃပြု၊] ဇီယန္တိ၊ ဝေ-ဤအတူ၊ ဇိနာတု-လော၊ ဇိနေယျ-ရာ၏၊ အဇိနိ, ဇိနိ-အောင်ပြီ၊

---

**ဝိက္ကိဏာတိ—** သက္ကတ၌ "ကြီ" ဓာတ်ဟု ရပင့်ရှိ၍ ပါဠိ ရောက်သည့်အခါ ထို ရ ပျောက်သောကြောင့် (ရှေး၌ အက္ခရာ ရှိလျှင်) ရ အစား ဒွေဘော်လာရသည်၊ ရှေ့က "ဝိ" ဥပသာရ မရှိလျှင် "ကိဏာတိ-ဝယ်၏" ဟု ဖြစ်၏၊ ကြီ၌ ရ ရှိသောကြောင့်ပင် "ရဟာဒိတော ဏ" အစီအရင်ကဲ့သို့ ကွစိဓာတုဖြင့် န ကိုလည်း ဏ ပြုရသည်။

www.dhammaransi.com



အဇိနိံ သု၊ အဇေသိ - အောင်ပြီ၊ [နာပစ္စည်းကို ကွစိခေါတုဖြင့် ချေပြီးနောက် အညေသုစဖြင့် ဇိဒ္ဓ ဣကို ဝေ့ဒ္ဓိပြု။ ] အဇေသုံ - နှ်ပြီ၊ အဇိနိတ္ထ - ပြီ၊ [အတ္တ နေ၁ပုဒ် အာကို တ္ထပြု ] အဇီယိတ္ထ အဇီယိ-အောင်အပ်ပြီ၊ ဇိနိဿတိ-လတ့်၊ ဇိနိဿန္တိ၊ ဝိဇေဿတိ - လတံ့။ [ဝိပုဗ္ဗ ဇိဓာတ်, နာချေ, ဝုဒ္ဓိပြု၊] ဝိဇေ ဿန္တိ၊ ဇီယိဿတိ ၊ ပေ ၊ အဇီယိဿ-အောင်အပ်ရာပြီ၊ ဣစ္စာဒိ။

တထာ-ပါး၊ စိ=စယေ-ဆည်းပူးခြင်း၌....၏၊ စိနာတိ-စီ၏၊ စိနန္တိ။

(၅၁၃) ဉာ=အဝဗောဓနေ -ထိုးထွင်း၍ သိခြင်း၌....၏၊ [ဗုဓ နှင့် တူ၊] နာပစ္စယော - နာပစ္စည်းသက်၊ ဝါတိ ဝတ္တတေ။ အန္တဿ ဝဏ္ဏာကာရော ဝါ - မှ လိုက်။]

---

စိ - စယေ—သွာဒိ, ကိယာဒိ, ဘူဝါဒိ, စုရာဒိ ၄ ဂိုဏ်း၌ဖြစ်သော စိ ဓာတ်သည် စယ အနက်ဟော,ဉ ရှေးရှိလျှင် ဝနုန-တိုးပွားခြင်းအနက်ဟော (ပစ္စန္တ-ပစ္စန္တရာဇ်ကို၊ ဥစ္စိနထ-ပွားစေကြကုန်၊ဝါ-စည်ကားစေကြကုန်), အပရှေးရှိလျှင် ဘိန္ဒန-ဖျက်ဆီးခြင်း အနက်(စိတံ စိတံ-စီအပ် စီအပ်တိုင်းကို၊ အပစိနောတိ-ဖျက်ဆီး၏) ,အဝ၏ ကာရိယ ဖြစ်သော ဩ ရှေးရှိလျှင် ဆေ-ဖြတ်ခြင်း ဆွတ်ခူးခြင်းအနက် (ပုပ္ဖါနိ ဩစိနာတိ-ဆွတ် ခူး၏) , သံ,ဉ ရှေးရှိလျှင် သမုစ္စယ-ပေါင်းစည်းခြင်း အနက်ဟောတည်း၊ ဝိ ရှေးရှိရာ ၌ကား စူးစမ်းစိစစ်ခြင်း အနက်ဟောလည်းရှိ၏၊ ဝိစိနာမိ ဣတောစိတော—ထိုမှ ဤမှ ရှာဖွေ စိစစ်အံ့။

[ဓာတွတ္ထ သင်္ဂဟ] စယော ပူဇာ နိသာမနေ, စိ စယေ သွာ ကီ ဘူ စု,ဉ၊
ဝနုနေ အပ ဆိန္ဒနေ, ဩ ဆေ—သံ ဉ သမုစ္စယေ။

[“စယော ပူဇာနိသာမနေ” ကို တွဲဘက် ဂါထာပိုဒ်ဖြစ်၍ ထည့်လိုက်သည်၊ ဤနေရာနှင့် မဆိုင်၊ အပစာယန စသည်၌ စာယ ဓာတ်သည် ပူဇော်ခြင်း,ကြည့်ရှုနား ထောင်ခြင်း အနက်၌ ဖြစ်သည်—ဟူလို။]

(၅၁၃) ဉာ=အဝ ဗောဓနေ—ဘူဝါဒိဖြစ်မူ မာရဏ-သတ်ခြင်း, နိသာန- ထက်အောင်သွေးခြင်း, တုဋ္ဌိ-နှစ်သက်ခြင်းတို့၌ဖြစ်၏၊ မန်-စိတ်ကို၊ဉေ တိတောသေတိ (ကာရိတ်ဝင်)—နှစ်သက်စေတတ်၏၊ ဣတိ,မနည်း၊ကံ (ပုရိသံ) -ယောကျ်ားကို၊ ဉာတိ တုဿတိ-နှစ်သက်တတ်၏၊ဉေ တိတောသေတိဝါ-နှစ်သက်လည်းနှစ်သက်စေတတ်၏၊ ဣတိ ဉာဏ — သတ္တိသွီးမည်၏၊ စုရာဒိဂိုဏ်းဖြစ်မူ ပေရဏ—စေခိုင်းခြင်း, ထုတ်— ချီးမွမ်းခြင်း,အာလောစန-ကြည့်ရှုခြင်းတို့၌ဖြစ်၏၊ ဤဗုဗ္ဗန ( အဝဗောဓန) အနက်ကား ဘူဝါဒိ ကိယာဒိ ၂ ဂိုဏ်း၌ဖြစ်၏၊ ထို့ကြောင့် ဇာနာတိကဲ့သို့ “ဉာတိဉ န္တိ”စသော ဘူဝါဒိရုပ်များလည်း ရှိသည်။

ဉာ ဘူ မာရဏ နိသာန, တုဋ္ဌိသု စုတု ပေရဏာ၊
ထုတိ အာလောစနေသူပိ, ဘူကီတု ဗုဇ္ဈနေ မတော။

www.dhammaransi.com



**ဉာဿ ဇာဇံနာ။** ။ဉာဣတိ – ဉာဟူသော၊ ဧတဿ ဓာတုဿ – ၏၊ ဇာဇံနာ ဣတိ-ဇာ, ဇံ, နာဟူကုန်သော၊ ဧတေ အာဒေသာ-တို့သည်၊ ဝါ-စွာ၊ ဟောန္တိ၊.... ဣစ – ဤသုတ်သို့၊ ဝဝတ္ထိတ ဝိဘာသတ္တ ဝါသဒ္ဒဿ-ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသော ဝါသဒ္ဒါ၏၊ အနုဝတ္တနာ – လိုက်လာခြင်းကြောင့်၊ ဇာဒေသော – ဇာအပြုသည်၊ နာမှိဝေ – နာပစ္စည်း နှောင်းရာ၌သာ၊ (ဟောတိ)၊ ဇံ – ဇံ အပြုသည်၊ ဉာမှိဝေ–ဉာအပြု နှောင်းရာ၌သာ၊ (ဟောတိ)၊ နာဘာဝေါ – နာအဖြစ်သည်၊ တိမှိဝေ–တိဝိဘတ် နှောင်းရာ၌သာ (ဟောတိ)။

---

ဇာဒေသော နာမှိ၊ ဧဝ၊ ဣစ— [တိမှိ ဧဝ မှ ဧဝကို"နာမှိ,ဉာမှိ" တို့၌လည်းလိုက်၊] သုတ်၌ "ဇာ-ဇံ-နာ"ဟု အာဒေသ ၃ ခုရှိရာ, ဇာအပြုသည် နာ ပစ္စည်းနှောင်းရာ၌သာ ဖြစ်၏။ ["ဇာဒေသော နာမှိ ပရေ ဧဝ, န ဉာဒိသု ပရေသု၊ ဣစဧဝါယံ နိယမော၊ ဧတေန ဇာနန ဇာနနကာဒိသု ကိတကေသု ဇာဒေသော အနိဝါရိတော= (နာ) မနှောင်းသော်လည်း ဇာအပြုကို မတားမြစ်အပ်"ဟုဖွင့်သော ဋီကာအလို"ဣစ-ဤအာချာတ် အရာ၌"ဟု ပေးရလိမ့်မည်၊ သို့သော် ကိတ် အရာ၌ "ဇာနိတဗ္ဗံ" စသော ရုပ်များကို တွေ့ရသောကြောင့်၎င်း, နုဒါဒိဟိ စသော သုတ်၏ဋီကာ၌ သဥ္စာနနကာ ရုပ်တွက်ရာဝယ် "ကာရိတဿ သဟ ဝိကရဏေန (ဝိကရဏ နာ ပစ္စည်းနှင့် တကွ) လောပေါ"ဟု ဋီကာ ဆိုပြန်သောကြောင့်၎င်း, ကိတ်၌လည်း နာပစ္စည်းနှောင်းမှသာ ဇာပြုနိုင်ရကား "ဣစ-ဤသုတ်သို့"ဟုသာ ပေးလိုက်သည်။

ဇံ ဉာမှိ—"ယေဿ ဉာတော ဥာသာဥာ"သုတ်ဖြင့် ယော်ကို ဥာပြု၍၊ ထိုဥာအပြု နှောင်းရာ၌သာ ဇံ ပြု၍ "ဇညာ"ဟု ဖြစ်သည်၊ အခြားသော အာချာတ် ကိတ်အရာ တို့၌ မဖြစ်။

နာဘာဝေါ တိမှိ ဧဝ— "ဝိနာယတိ-သိ၏" ဤ၌ နာပစ္စည်းကို ယ ပြု, ဉာကို နာ ပြု၊ ဤသို့ တိဝိဘတ် နှောင်းရာ၌သာ နာ အပြုဖြစ်သည်၊ အခြားအရာ၌ မဖြစ် ဟု သတ်မှတ်၏၊သို့သော် တိမနှောင်းဘဲ အန္တေနှောင်းရာ၌လည်း"အနိမိတ္တာ န နာယရေ-မသိအပ်ကုန်"ဟု သဂါထာဝဂ္ဂ ဒေဝတာသံယုတ် အဋ္ဌကထာ ရှိ၏၊ ထို့ကြောင့် "နာဘာဝေါ တိမှိ ဧဝ"၌"နာဘာဝေါ ယမှိ ဧဝ"ဟု ဆရာတို့ပြင်လိုကြသည်၊ "ဥာယတိ-သိအပ်၏"၌ ယ နှောင်းလျက် နာ မပြုဘဲရှိသော်လည်း နာ အပြု မှန်သမျှ၌ကား ယ နှောင်းလျက် ရှိရမည်-ဟု ဆိုလိုသည်။

ထို ယ လည်း နာဿ လောပေါ ယကာရတ္တံဖြင့် နာ ပစ္စည်းကို ပြုသော ယ-ကံဟော ယ ဟု ၂ မျိုးပင်ရှိ၏၊ "ဝိဓေယျံ ဝိဓေယျ – စိစစ်၍ စိစစ်၍၊ အတ္တေ–အကျိုးတို့ကို၊ ပနာယတိ–သိတော်မူတတ်၏"၌ နာ ပစ္စည်းမှဖြစ်သော ယ တည်း၊ "ကောဝိဋ္ဌ ယေသံ န နာယတိ=အကြင်အသခေျာ်တို့၏ အစွန်းအပိုင်းအခြားကို မသိအပ်-မသိနိုင်"ဟူသော ဗုဒ္ဓဝင်နှင့် "အနိမိတ္တာ – အမှတ်အသား မရှိကုန်သည်ဖြစ်၍၊ န နာယရေ–မသိအပ်

www.dhammaransi.com



ဓမ္မံ – ကို၊ ဝိဇာနာတိ – သိ၏၊ ဝိနာယတိ ဝါ – လည်း ရှိ၏၊ ဝိဇာနန္တိ၊ ကမ္မေ – ၌၊ ဝိညာယတိ – သိအပ်၏၊ ဝိညာယန္တိ၊ ဍလဝဏ္ဏာ ဂမေ – ဍလဝဏ် လာလတ်သော်၊ ပုဗ္ဗလောပေါ – ရှေ့သရကိုချေ၊ ကွစိဓာတုတျာဒိနာ – ဖြင့်၊ ကောရော – ပြေ၊ ဒွိတ္တဉ္စ – လည်းလာ၊ ညေယျတိ – သိအပ်၏၊ ညေယျန္တိ၊ [ညဥ် အာကိုချေ, ကွစိဓာတုဖြင့် လာသော ဍလကို ပြေ, သန္ဓိအရာ မဟုတ်၍ ကွစာသဝဏ္ဏံဖြင့် မပြုရ, သဒ္ဒနီတိ၌လည်း ဤပုံစံပါသည်၊ ] ဝိဇာနာတု – သိလော၊ ဝိဇာနန္တု၊ ရဿတ္တံ – ရဿပြု၊ ဝိဇာန, ဝိဇာနာဟိ – သိလော၊ [ "ရဿတ္တံ" ကား "ဝိဇာန" အတွက်တည်း၊ နာ၌ ကွစိဓာတုဖြင့် ရဿ ပြု၍, ဟိလောပံဝါ သုတ်ဖြင့် ဟိကိုချေ၊ ] ဝိဇာနာထ၊ ပေ၊ ဝိဇာနာသုံ၊ ဝိညာယတု – သိအပ်လော၊ ဝိညာယန္တု။

(၅၁၄) ယေျသ ဉာတော ဍလယာ·ဉာ ဝါ။ ။ဉာဏ္ဍတိ – ဉာဟူသော၊ တောယ ဓာတုယာ – မှ၊ ပရဿ, ယေျသ ဝိဘတ္တိဿ – ၏၊ ဍလယာ ဉာဏ္ဍတိ – ဍလယာ ဉာဟူကုန်သော၊ ဧတေ အာဒေသာ – တို့သည်၊ ဝါဟောန္တိ – ဝိကပ် ဖြစ်ကုန်၏၊ သရဃလာပါဒိ၊ ဝိဇာနိယာ – သိရာ၏။

(၅၁၄) ဉာဒေသေ – ဉာပြုပြီးသော်၊ ဉဿ – ဉာဓာတ်၏၊ ဇံအာဒေသော – ဇံပြု။ [ "ဇံနာဉာ" ဟု ဖြစ်နေပြီ၊ ] ဉာတောတိ ဝါတိစ ဝတ္တတေ။

**နာဿ လောပေါ ယကာရတ္တံ။** ။ဉာဏ္ဍတိ တောယ ဓာတုယာ ပရဿ, နာပစ္စယဿ – ၏၊ လောပေါ – သည်ရင်း၊ ယကာရတ္တံစ – ယအဖြစ်သည်ရင်း၊ ဝါဟောတိ – ၏၊ ဝဝတ္ထိတ၊ ပေ၊ ဝါသဒ္ဒေါ၊ တေန – ထို့ကြောင့်၊....

ဉာမှ – ဉာအပြုကြောင့်၊ နိစ္စံ – အမြဲ၊ နာလောပေါ – နာ ပစ္စည်း၏ ကျေခြင်း သည်၊ (ဟောတိ)၊ အဇ္ဇတနာဒိသု – အဇ္ဇတနီ အစရှိသော ဝိဘတ် ၃ သွယ်တို့ ကြောင့်၊ ဝိဘာသာ – ဝိကပ်အားဖြင့်၊ နာလောပေါ (ဟောတိ)၊ အညတ္ထ – ဝတ္တမာန်စသော အခြား ဝိဘတ်တို့ကြောင့်၊ အယံ – ဤ နာပစ္စည်း ကျေခြင်း

---

မသိနိုင်ကုန်" တို့၌ကံဟော ယ ပစ္စည်းတည်း။ [ "န နာယရေ-ပနာယတိ" တို့၌ဉာဓာတ် မဟုတ်, ဇာနန အနက်ဟော "နီ" ဓာတ်ဟု မဟာပဒါနသုတ် ဋီကာဖွင့်၏၊ ထိုအတိုင်း ဆိုလျှင် ဤကို ဝေဒိတဗ္ဗ,ဧ ကို အယပြု၍, "ပနယတိ" ဟု ပါဌ်မှန် ယူ၍, "န နာယရေ" ၌ကား ဆန်းကြောင့် ဒီဃ ရှိသည်-ဟု ဆိုလိုဟန်ရှိသည်၊ သဒ္ဒနီတိ၌မူ ဉာဓာတ် အရာ၌ "န နာယရေ" ကိုပင် ထုတ်သည်။]

www.dhammaransi.com



သည်၊ န စ ဟောတိ မဖြစ်သည်သာ၊ နာတော-နာအပြုမှ နောက်၌၊ တိမှိ-တိဝိဘတ်ကြောင့်၊ ယကာရတာ-နာပစ္စည်း၏ ယအဖြစ်သည်(ဟောတိ)။

နိဂ္ဂဟီတဿ-နိဂ္ဂဟိတ်၏၊ ဝဂ္ဂန္တတ္တံ-ဝဂ္ဂန္တပြု၊ ["ဇံ+ဉာ" ဖြစ်သည့်အခါ နိဂ္ဂဟိတ်ကို (ဉ်) ပြု၍ "ဇညာ" ဖြစ်သည်] ဝိဇညာ ဝိဇာနေယျ - သိရာ၏၊ ပေ၊ ဝိဇာနေယျာမ - သိကုန်ရာ၏၊ ဝိဇာနေမုဝါ - လည်းရှိ၏၊ [ကွစိ ဓာတုဖြင့် ယျာမကို မေပြု၊] ဝိဇာနေထ-ရာ၏၊ ဝိညာယေယျ-သိအပ်ရာ၏၊ ဝိညာယေယျုံ-န် ရာ၏။

---

(၅၁၅) **ဉာမှိ နိစ္စဉ္စ နာလောပေါ**—သုတ်၌ နာ ပစ္စည်းကို ချေခြင်း,ယပြုခြင်းဟု ကာရိယ ၂ ခု ရှိရာ မည်သည့်အရာ၌ချေ, မည်သည့် အရာ၌ ယ ပြု-ဟု ဝါသဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် ယျေကို ဉာ အပြု နောင်းရာ၌ နာ ပစ္စည်းကို အမြဲချေ, နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ ပြု၍ "ဇညာ" ဟု ၁ ရုပ်သာ ရှိသည်-ဟူလို။

**ဇညျု စသည်**။ ။"ကတ္တာန ပါပကံ ကမ္မံ, မာ မံ ဇညျူတိ ဣစ္ဆတိ-မကောင်းမှုကို ပြုပြီးနောက် ငါ့ကို သူများ မသိပါစေကုန်လင့်—ဟု မြော်လင့်လိုလား၏"ဟူသောသုတ္တနိပါတ် ဝသလ သုတ်၌ ယျုံကို သုတ်ကြီးဖြင့် ဉျု ပြု၊ "သယံ အာယံ ဝယံ ဇညာ= ကိုယ်တိုင် အရနှင့် အကုန်ကို သိစေပါလော"ဟူသော စတ္တာလီသ တေသကုန ဇာတ်၌ ယျာသိကို ဉာပြု ရုပ်များ ရှိသောကြောင့် ယျုံကို ဉျု, ယျာသိကို ဉာသိ—ဉာ, ယျာထကို ဉာထ, ယျာမိကို ဉာမိ, ယျာမကို ဉာမ, ယျံကို ဉံပြု၍ ဤသုတ်ဖြင့် ထို ဉျု အပြု စသည် နောင်းရာ၌လည်း ဇံ ပြု နာကို ချေလျှင်"ဇညျု, ဇညာသိ-ဇညာ, ဇညာထ, ဇညာမိ, ဇညာမ, ဇညံ"စသော ရုပ်များလည်း ရှိနိုင်၏ဟု မောဂ္ဂလ္လာန် နိဿယသစ် မိန့်တော်မူသည်၊ ထို့ကြောင့်"ဉာမှိ နိစ္စဉ္စ နာလောပေါ"ဉာ အပြုကြောင့် နာချေဟူရာဝယ် ဉျုစသည်ကြောင့်လည်း နာချေသေးသောကြောင့် ထိုစကားကို နေရာတိုင်းမန္တိဟုမှတ်၊ "ဇာဒေသော နာမှိ ဇံ ဉာမှိ"ဟူသော စကားလည်း ထို့အတူပင်မန္တိ။

**ဝိဘာသန္တတနာဒိသု**—အာဒိနှင့် ဘဝိဿန္တိ ကာလာတိပတ္တိကို ယူ၍ ထိုဥသွယ် နောင်းရာ၌"သမဇာနိ-အညာသိ,ဝိဇာနိဿတိ-ဉာဿတိ,အဇာနိဿ-ပညာယိဿ" ဟု နာပစ္စည်း ကျေ-မကျေ ရုပ် ၂ မျိုးစီပင်ရှိသည်။

- **အညတ္ထ န စ ဟောတာယံ**—ယျေ၏ ဉာ အပြုမှလည်း တပါး, အဇ္ဇတနီစသော ဝိဘတ်ငြ့်မှလည်း တပါးသော ဝတ္တမာန် စသော အခြား ဝိဘတ်တို့ကြောင့်ကား နာပစ္စည်းမကျေ, "ဇာနာတိ-ဇာနာတု-ဇာနေယျ" စသည်ဖြင့် ရုပ်ရှိရသည် — ဟူလို၊ [ဇညျုစသောရုပ်များ၌ နာ ပစ္စည်းကျေဒသေးသောကြောင့် ဤမှတ်ချက်လည်းမန္တိပင်။]

**နာတော တိမှိ ယကာရတာ**—"နာဘာဝေါ တိမှိ ဝေ"ဟု သတ်မှတ်ခဲ့သော စကားနှင့် ရှေ့နောက်ညီစွာ"နာ အပြုနောင် တိဝိဘတ် နောင်းရာ၌သာ နာ ပစ္စည်းကို ယ ပြုရမည်"ဟု သတ်မှတ်သည်။

www.dhammaransi.com



သမဇာနိ, သဇ္ဇာနိ - သိပြီ၊ သဇ္ဇာနိံသု။ [သံပုဗ္ဗ ဉာ,ဓာတ်၏ ရှေ့၌ အလာ, နိဂ္ဂဟိတ်ကို (မ်)ပြု, "သမဇာနိ"၊ သဇ္ဇာနိ၌ အ-မလာလဲ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၊ ] နာလောပေ-နာပစ္စည်း ကျေပတ်သော်၊ အညာသိ-သိပြီ၊ အညာသုံ၊ ဝိဇာနိတ္ထ-သိပြီ။ [ဩကို တ္ထပြု] ဝိညာယိတ္ထ-သိအပ်ပြီ၊ [အာကို တ္ထပြု၊] ပညာယိ-အပြားအားဖြင့် သိအပ်ပြီ၊ ["ဝါ-ထင်ရှားပြီ" ဟု အဓိပ္ပါယ်နက် ဖြစ်၏၊ ] ပညာယိံသု-န်ပြီ၊

ဝိဇာနိဿတိ - သိလတ့ံ၊ ဝိဇာနိဿန္တိ၊ ဉဿတိ-သိလတ့ံ၊ ဉဿန္တိ၊ [နာပစ္စည်းကိုချေ၊ သုတ်ကြီးဖြင့် ဉာကိုလည်း ရဿပြု၊ ဘူဝါဒိဂိုဏ်းလည်း သင့်၏၊] ဝိညာယိဿတေ - သိအပ်လတ့ံ၊ ဝိညာယိဿန္တေ၊ ပညာယိဿတိ - အပြားအားဖြင့် သိအပ်လတ့ံ၊ ဝါ - ထင်ရှားလတ့ံ၊ ပညာယိဿန္တိ၊ ကွစိဓာတု တျာဒိနာ - ဖြင့်၊ ဿဿ - ဿ၏၊ ဟိစ - ဟိလည်းပြု၊ ပညာယိဟိတိ - အပြားအားဖြင့် သိအပ်လတ့ံ၊ ပညာယိဟိန္တိ၊ အဇာနိဿ အဇာနိဿထ - သိရာပြီ၊ ပညာယိဿထ အညာယိဿ - သိအပ်ရာပြီ၊ ဣစ္စာဒိ။

---

**နာလောပေ အညာသိ**— နာဿ လောပေါ ယကာရတ္တံ သုတ်ဖြင့် နာ ပစ္စည်းကို ချေလျှင်, ရှေ့၌ အ လာ, ဉ ဒွေဘော်လာ, သတ္တ မဇ္ဈာနိမှ ယောဂဝိဘာဂဖြင့် (သ်) လည်းလာ၍"အညာသ်"စသော ရုပ်များဖြစ်၏။ [ထို"အညာသိ"ဟူသော အာချာတ် ကြိယာပုဒ်သည်ပင် နာမည်ကို ဟောရာ၌ ရုဠ္ဌီနာမ် အဖြစ်သို့ရောက်၍ ထိုပုဒ်နောင်နာမ် ဝိဘတ် သက်လျှင်"အညာသိ-အညာသိမည်သော၊ ကောဏ္ဍညော-ကောဏ္ဍညတည်း၊ အညာသိကောဏ္ဍညော-အညာသိ မည်သော ကောဏ္ဍညထေရ်"ဟု နာမ်ပုဒ်ဖြစ်၏။ ]

**ပညာယိ**— ပပုဗ္ဗဉာဓာတ် ကံဟော ယ ပစ္စည်းဖြင့် "ပညာယိ" စသည် ဖြစ်၏၊ "အပြားအားဖြင့်သိအပ်" ဟူရာ၌ သိနိုင်လောက်အောင် "ထင်ရှားခြင်း"ဖြစ်သော ကြောင့် "ပညာယိ—ထင်ရှားပြီ"ဟုလည်း အဓိပ္ပါယ်နက် ပေးနိုင်သည်၊ ထို့ကြောင့် "ဉပ္ပါဒေါ-ဉပါဒ်သည်၊ ပညာယတိ—ထင်ရှား၏"ဟူသော အနက်သည် အဓိပ္ပါယ် နက်သာ ဖြစ်သင့်၏၊ ဤဉာဓာတ်သည် ဒိဝါဒိဂိုဏ်း၌ မပါ။

**ပညာဟိတိ**— ဝပုဗ္ဗဉာ (ကံဟော ယ) ဿတေမှ ပြန်သော ဿတိဖြင့် ဇ္ဇ အာဂုံ လာ၍ "ပညာယိဿတိ"ဟု ဖြစ်သည့်အခါ ဿကို သုတ်ကြီးဖြင့် ဟိ ပြု၊ သဒ္ဒနီတိ၌ "ဉာဓာတုယံ ယ ပုဗ္ဗတော ဿဿ ဟိ=ဉာဓာတ် အရာ၌ ယ ရှေးရှိသော ဇ္ဇ အာဂုံမှ နောက် ဿကို ဟိပြု"ဟု သုတ်တည်၏၊ မောဂ္ဂလ္လာန်၌လည်း "ဿဿ ဟိ ကမ္မေ-ကံ၌ ဉာနောင် ဿတ် စသည်၏ ဿကို ဟိပြု"ဟု သုတ်တည်သည်၊ နိဿယသစ်၌ အခြား ဓာတ်နောင် ယောဂဝိဘာဂဖြင့်ဟိပြု၍"ဇာယိဟိသိ ပဿဒေါ-ကြည်ညိုခြင်းဖြစ်လတ့ံ၊ ကထံ ဇီဝိဟိသိ တုစံ—သင် ဘယ်သို့ အသက် ရှည်နိုင်လတ့ံနည်း- ခိပ္ပံကရိဟိတိ-လျင်စွာ ပြုလတ့ံ၊ သန္တိကာဟိတိ—မျက်မှောက်ပြုလတ့ံ"စသည်ကို ထုတ်ပြတော်မူသည်။

www.dhammaransi.com



မာ = မာနေ - ချင့်ခြင်း၌....၏၊ ကွစိမာတူ တျာဒိနာ - ဖြင့်၊ မာန္တသာ-မာ၏ အဆုံး အာ၏၊ ဣကာရော-ဣပြု၊ မိနာတိ-နှိုင်းချင့်၏၊ မိနန္တိ၊ ကမ္မေ-၌၊ မီယတိ—နှိုင်းချင့်အပ်၏၊ မီယန္တိ။ [ယမှိ ဒါဓာ - စသောသုတ်ဖြင့် အာကို (ဤ) ပြု၊] ဣစ္စာဒိ။

လူ = ဆေဒနေ - ဖြတ်ခြင်း၌....၏၊ နာမှိ - နာပစ္စည်းကြောင့်၊ ရဿတ္တံ-ပြု၊ လုနာတိ-ရိတ်ဖြတ်၏၊ လုနန္တိ၊ လူယတိ-ရိတ်ဖြတ်အပ်၏၊ လူယန္တိ ဣစ္စာဒိ။

ဓူ – ကမ္ပနေ - တုန်လှုပ်ခြင်း၌....၏၊ ဓုနာတိ - တုန်လှုပ်၏၊ ဓုနန္တိ၊ ဓူယတိ-လှုပ်အပ်၏၊ ဓူယန္တိ ဣစ္စာဒိ။

(၅၁၆) ဂဟ = ဥပါဒါနေ - ကပ်၍ယူခြင်း (ကိုင်ယူခြင်း)၌....၏၊ နာမှိ-နာပစ္စည်းသည်၊ သမ္ပတ္တော - ရောက်လှလတ်သော် [ "ပ္ပဏှာ ဣစ္စေတေ ပစ္စယာ" ၌ စပ်၊ "ကိယာဒိတော နာ" ဖြင့် နာပစ္စည်း သက်ခွင့် ရောက်နေသော် ထို နာပစ္စည်းကို တ..းမြစ်၍ ဤသုတ်ဖြင့် ပ္ပ-ဏှာ ပစ္စည်းသက်-ဟူလို။]

**ဂဟာဒိတော ပ္ပဏှာ။** ။ကတ္တရိ-၌ (ဝိဟိတေသု ဝိဘတ္တိ ပစ္စယေသု) ဂဟဣစ္စေဝ မာဒိတော ဓာတုဂဏတော, ပ္ပဏှာ ဣတိ-ပ္ပ, ဏှာ ဟူကုန်

---

မာ =မာနေ—"ဘူဝါဒိ ကိယာဒိ တနာဒိ ဒိဝါဒိ" ၄ ဂိုဏ်း၌ မာနအနက်ဖြစ်၏၊ သို့သော် ဤမာန အနက်သည် နှိုင်းချင့်ခြင်း,မြတ်နိုးခြင်း ၂ မျိုးနှင့်ဆိုင်၏၊ "ပုဏ္ဏံ,မာတိ-နှစ်သက် မြတ်နိုးတတ်၏၊ ဇူဘိ, မာတာ—မည်၏" ၌ ဘူဝါဒိ၊ ဥပ ပုဗ္ဗ မာဓာတ်ဖြင့် "ဥပမာ-နှိုင်းယှဉ်ကြောင်း,ပတိမာ-ဆင်းတု (အရုပ်)၊ "မိနာတိ တေနာတိ မာနံ"၌ ချင့်ကြောင်းဖြစ်သော တင်းတောင်းစသောခွက်၊ ပမာဏံ-နှိုင်းယှဉ်ကြောင်းဖြစ်သော အရာဝတ္ထု၊ အပ္ပမေယျော—မနှိုင်းယှဉ်အပ်, မနှိုင်းယှဉ်နိုင်၊ "မိနောတိ—ချင့်တတ်၏"၌ တနာဒိဂိုဏ်း ဟု ဆိုကြ၏၊ (နိ) အာဂုံ ကြံဟန်တူသည်၊မာယတေ—မြတ်နိုး၏၊ဘူဝါဒိ သက်သက်ဖြစ်မှု သဒ္ဒ—အသံမြည်ခြင်း၌....၏။

"မာ မာနမှိ ဘူ'ကိတဒိ, ဘူတု သဒ္ဒေစ ဝတ္တတိ"

ဓူ=ကမ္ပနေ—ဤ ဓူဓာတ်လည်း "ဘူဝါ-သွာ-ကီ-စု"ဟု ၄ ဂိုဏ်းရှိ၏၊ ဓဝတိ-တုန်လှုပ်၏(ဘူ)၊ ဓူဏောတိ ဓုနာတိ-တုန်လှုပ်၏ (သွာ,ကီ)၊ "ဓာဝေတိ ဓာဝယတိ-တုန်လှုပ်၏"၌ စုရာဒိ ဟူ၏၊ သဒ္ဒနီတိ၌ "ဓု" ဓာတ်ဟု ဥကာရန္တလည်း ဆိုသည်။

(၅၁၆) ဂဟ=ဥပါဒါနေ—"ဥပ-ကပ်၍+အာဒါန-ယူခြင်း"ဟူသည် ထိထိ မိမိ ကိုင်ခြင်း ယူခြင်းပင်တည်း၊ ဤဂဟဓာတ်သည် ဘူဝါဒိ စုရာဒိသည်းရှိ၏၊ထို့ကြောင့် "ဂဟတိ, ဂဟေတိ ဂဟယတိ—ယူ၏"ဟူသော ရုပ်လည်း ရှိနိုင်သည်။ [ဂဟေတိ ဂဟယတိ တို့၌ (ဃဋာဒိနံဝါ သုတ်အရ) ဝုဒ္ဓိလည်း မရောက်ရ။]

www.dhammaransi.com



သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ အယံ အာဒိသဒ္ဒေါ-ဤ အာဒိသဒ္ဒါသည်၊ ပကာရေ-ဇတူ ဟူသော အနက်၌ (ဟောန္တိ)။

(၅၁၇) ဂဟဿာတိ ဝတ္တတေ။

**ဟလောပေါဏှာမို့။** ။ပရေ, ဏှာမို့ ပစ္စယေ - ဏှာပစ္စည်းကြောင့်၊ ဂဟ ဣတိ ဧတဿ ဓာတုဿ - ၏။ ဟ ကာရဿ - ဟ အက္ခရာ၏၊ လောပေါ ဟောတိ၊ သိလံ - ကို၊ ဂဏှာတိ - ယူ၏၊ ရဿတ္တေ - ရဿ

---

**အာဒိသဒ္ဒေါယံ ပကာရေ**—ဂဟာဒိတော၌ အာဒိသဒ္ဒါသည်“အတူ”ဟူသော ပကာရ အနက်၌ ဖြစ်၏၊ ဥသ=ဒါဟေ-ပူလောင်ခြင်း၌၊ ဥဏှာပေတိ—ပူစေတတ်၏၊ ဝါ-နွေး၏၊ ဥသဓာတ် ဏှာ ပစ္စည်းဏာပေ ပစ္စည်း , ဓာတွန် သ်ကို ကွစိဓာတုဖြင့် ချေ၊ ဥဏှာ-အပူ၊ တသ=ပိပါသာယံ-မွတ်သိပ်ခြင်း၌၊ တသတိ ပရိတဿတိ-မွတ်သိပ်တတ်, တပ်မက်တတ်၏၊ ဣတိ တဏှာ၊ တသဓာတ်, ဏှာ ပစ္စည်း အ ပစ္စည်း၊ ဇုသိ=ပီတိ မေသဝနေသု-နှစ်သက်ခြင်း, မှီဝဲခြင်းတို့၌၊ ဇောသေတိ (လောကဿ ပီတိသောမနဿံ ဥပ္ပါဒေတိ)-လူအပေါင်း၏ နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏၊ ဣတိ, ဇုဏှာ-လဆန်းပက္ခမည်၏၊ ဇုတ=ဒိတ္တိယံ=ထွန်းလင်းခြင်း၌၊ ဇောတေတိ-(မိမိမှာ အရောင် မရှိသော်လည်း (လရောင် ကြယ်ရောင်ဖြင့် ထွန်းပြောင်တတ်၏၊ ဣတိ ဇုဏှာ—လဆန်းပက္ခ ည၌၊ သာ=တနုကရဏေ-နုနယ်အောင် ပြုခြင်း၌၊သိယတိ တနုကရိယတိ-နုနယ်အောင် ပြုအပ်၏၊ ဣတိသဏှာ-သိမ်မွေ့သောစကားတည်း၊ သော=အန္တကမ္မနိ-အဆုံးပြုခြင်း၌၊ သိယတိ-(မိမိက အလွန်သိမ်မွေ့သည့်အတွက် အလွန်သိမ်မွေ့သောအနက်ကိုလည်း) ပြီးဆုံးအောင် ပြုတတ်၏၊ ဣတိ, သဏှံ—သိမ်မွေ့သောဉာဏ်၊ တိဇ=နိသာနေ—ထက်မြက်ခြင်း၌၊တိဏှော-ထက်သောအရာ၊ ကု=ကုစ္ဆာယံ-စက်ဆုပ်ခြင်း၌၊ ကဏှာ-မည်းနက်သောတရာတို့၊ ဤသို့လျှင် ဏှာ ပစ္စည်းသက်၍ ပြီးခြင်း တူသော တသဓာတ် စသည်ကို အာဒိသဒ္ဒါဖြင့် ယူ-ဟု သိစေလို၍ “အာဒိသဒ္ဒါပကာရေ”ဟု မိန့်သည်။

**ဂိုဏ်း သီးခြား, သင့် မသင့်။** ။ဤသို့ ဏှာ ပစ္စည်းသက်ရာ ဓာတ်များစွာရှိသော ကြောင့်“ဂဟာဒိတောပ္ပဏှာ”ဟူသောသုတ်စဉ်အတိုင်း “ဂဟာဒိဂိုဏ်း”ဟု သီးခြား တဂိုဏ်းပြုခြင်းကို သဒ္ဒနီတိ ဓာတုမာလာ နှစ်သက်၏၊ သို့သော် ဥသဓာတ် စသည်၌ အာချာတ်ရုပ်လည်းမရှိ, “ဥဏှာပေတိ” လည်း သုဒ္ဓကတ္တုရုပ် မဟုတ်, ဟေတုကတ္တု ရုပ်သာ ဖြစ်သောကြောင့် အာချာတ်ဂိုဏ်းဟု တဂိုဏ်း မခွဲလောက်ရကား ရှုပသိဒ္ဓိ၌ ကိယာဒိဂိုဏ်းတွင် သွင်းပြထားသည်၊ သက္ကတ၌လည်း ဂဟာဒိဂိုဏ်းဟု သီးခြားမရှိ။

**ဏှာ ပစ္စည်းကို ဆိုရကျိုး။** ။ဂဟဓာတ်ကို ကိယာဒိဂိုဏ်း၌ သွင်းလိုသော ရှုပသိဒ္ဓိစသည်တို့ အလိုအားဖြင့် နာ ပစ္စည်းသက်၍ “ဂဟ်+နာတိ”ဟု ပြီးသည့်အခါ ရဟာဒိတောဏသုတ်နှင့်အညီ န ကို ဏ ပြုလျှင် “ဂဟ္ဏာတိ”ဟု (ဟ-ရှေ့,ဏ-နောက်) ဖြစ်ရသောကြောင့် ဟနှင့်ဏကို ရှေ့နောက်ပြန်ပြီးသားဖြစ်စေခြင်းအကျိုးငှါ “ဂဟာဒိ တောပ္ပဏှာ”သုတ်ဖြင့် ဏှာ ပစ္စည်းကို သီးခြားသက်ရသည်။.... [ဋီကာ။]

www.dhammaransi.com



အဖြစ်သည် (သတိ)၊ ဂဏှာတိ ဝါ-လည်း ရှိ၏။ [ကွဆိခါတုဖြင့် ဏှာ၌ ရဿပြုလျှင် "ဂဏှာတိ" ဖြစ်သည်၊] ဂဏှန္တိ၊ ပေ၊ ဂဏှာမ၊ ကမ္မေ-၌၊ ယေတ်-ယေဟူသော ပုဒ်သည်၊ ဝတ္တမာနေ-သော်။ ["ဝစ ဝသ၊ ပေ၊ ယေ" သုတ်မှ "ယေ" ကို လိုက်စေ၍, ဟူလို၊] ဟဝိရိယယော လောဝါတိ-သုတ်ဖြင့်၊ ဟကာရဿ-၏၊ ယကာရေန-နှင့်၊ ဝိပရိယယော-ရှေ့နောက် ပြန်ခြင်းသည်၊ ဟောတိ၊ ဂယှတိ-ယူအပ်၏၊ ဂယှန္တိ ဣစ္စာဒိ၊ ဂဏှာတု-ယူလော၊ ဂဏှန္တု၊ ပေ၊ ဂဏှာသု၊ ဂယှတံ-ယူအပ်လော၊ ဂယှတု-လော၊ ဂယှန္တု၊ ဂဏှေ ဂဏှေယျ-ယူရာ၏။ ဂဏှေယျ-ယူအပ်ရာ၏၊ ဂဏှေယျုံ၊ အဂ္ဂဏှိ ဂဏှိ-ယူပြီ၊ အဂ္ဂဏှိံသု ဂဏှိံသု ဂဟခါတ်၏ရှေ့၌ အက္ခရာရှိလျှင် ဒွေဘော်လာမြဲတည်း။]

ယဒါ-အကြင်အခါ၌၊ ကွဆိခါတု တျာဒိနာ-ဖြင့်၊ အသမ္ဗခါတုကေ-အသမ္ဗခါတ် ဝိဘတ်ကြောင့်၊ ဝိကရဏာဿ-ဝိကရဏ ပစ္စည်း၏။ [ဏှာ ပစ္စည်းကို ဆိုလိုသည်၊] လောပေါ-ချေ၊ တေနေဝ-ထို ကွဆိခါတုဖြင့်ပင်၊ ဣကာရာဂမဿ-ဣအာဂုံ၏၊ ကောရော့စ-လေည်းပြု၊ တဒါ-ထိုအခါ၌၊ သာဂမောစ-သလည်းလာ။ [သတ္တ မဇ္ဇတနီမှ ယောဂဝိဘာဂဖြင့်လာ၊ ထို သအာဂုံလည်း (ဣ) မလာမှ လာရမည်-ဟု ဋီကာဆိုသည်၊ သာဂမော စ-ဟု သီမှု၌ ရှိသောကြောင့် သ-မလာလျှင်လည်း ဖြစ်၏,ဟု ဆည်းပါ၊] အဂ္ဂဟေသိ-ယူပြီ၊ အဂ္ဂဟေသုံ၊ အဂ္ဂဟိ-ပြီ၊ အဂ္ဂဟိံသု အဂ္ဂဟုံ-နံပြီ၊ အဂ္ဂယှိ အဂ္ဂယှိတ္ထ-ယူအပ်ပြီ၊ [အဂ္ဂဏှိ အဂ္ဂဏှိတ္ထ-ဟု မြန်မာမှု၌ ကတ္တုရုပ် ရှိသည်ကား ပါဠ်ပျက်၊] ဂဏှိဿတိ-လတ္တံ၊ ပေ၊ ဂဟေဿန္တိ၊ ဂဟီယိဿတေ ဂယှိဿတိ-ယူအပ်လတ္တံ၊ ဂယှိဿန္တိ၊ အဂ္ဂဏှိဿ အဂ္ဂဟိဿ-ယူရာပြီ၊ အဂ္ဂယှိဿ အဂ္ဂယှိဿထ-ယူအပ်ရာပြီ၊ ဣစ္စာဒိ၊ [မြန်မာမှု၌ ပါဠ်ပျက်များ၏။]

(၅၁၈) ပ္ပ ပစ္စယေ-ပ္ပ ပစ္စည်း နှောင်းရာ၌။

**ဂဟဿ ဃေ ပ္ပေ။** ။ပရေ, ပ္ပေ-ပ္ပ ပစ္စည်းကြောင့်၊ သမ္ဗဿ-သော၊ ဂဟ ဣတိ-ဟူသော၊ တေဿ ခါတုဿ-၏၊ ဃေ အာဒေသော-ဃေ အပြုသည်၊ ဟောတိ၊ ဃေပ္ပတိ-ယူ၏၊ ဣစ္စာဒိ၊.... ကိယာဒိ နယော-ကိယာဒိ ခါတ်တို့ကို သိကြောင်းနည်းသည် (နိဋ္ဌိတော)။

www.dhammaransi.com

## တနာဒိဂိုဏ်း

(၅၁၉) တနု = ဝိတ္ထာရေ - ချဲ့ခြင်း၌....၏၊ ပုရေဝိယ - သို့၊ ဓာတုန္တ လောပ ဝိဘတ္တျုပ္ပတ္တိယော - တို့သည် (ဟောန္တိ)။

**တနာဒိတော ဩယိရာ။** ။ကတ္တရိ-၌ (ဝိဟိတေသု ဝိဘတ္တိ ပစ္စယေသု)၊ တနုဣစ္စေဝ မာဒိတော, ဓာတု ဂဏတော - ၌၊ ဩယိရ ဣတိ-ဩ, ယိရ ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ အယံ ယိရ ပစ္စယော - ဤယိရ ပစ္စည်းသည်၊ ကရတော ဝ - ကရဓာတ်မှ နောက်၌သာ (ဟောတိ)၊ [“တဒနုံ ပရောဓနေ” ဟူသော ပရိဘာသာ အရ ပါဠိတော်နှင့် လျော်အောင် ယိရ ပစ္စည်းကို ကရဓာတ်နောက်၌သာ သက်ရသည်၊] ဓမ္မံ-ပါဠိကို၊ တနောတိ - ချဲ့၏၊ ဝါ-အကျယ်ဖွင့်၏၊ တနောန္တိ၊ ပေ၊ တနောမ။

(၅၂၀) ဝါတိဝတ္တတေ (ဧယျသ ဉာတော ဣယာ ဉာဝါ- မှလိုက်)။

**ဥတ္တမော ကာရော။** ။တနာဒိတော - တနု အစရှိသော ဓာတ်မှ နောက်၌၊ ဩကာရ ပစ္စယော - ဩပစ္စည်းသည်၊ ဥတ္တံ-ဥ အဖြစ်သို့ ဝါ-စွာ၊ အာပဇ္ဇတေ - ၏၊ အယံ ဝါ သဒ္ဒေါ၊ ပေ၊ သတ္တော။ [“ဩကို ဥပြု” သော်လည်း ပြယုဂ်အားလျော်စွာ “တနုတေ” စသည်၌သာ ပြုရသည်၊ တနောတိ-စသည်၌ မပြုရ - ဟု သတ်မှတ်သည်။]

စ - သက်၊ ဧတ္ထ-ဤသုတ်၌၊ ဝိကရဏ ကာရိယ ဝိဓိပ္ပကရဏတော-ဝိကရဏ ပစ္စည်းတို့၏ ကာရိယကို စီရင်ရာ ပကရဏ၏ အဖြစ်ကြောင့်၊ ဩကာရောတိ- ဩကာရော ဟူသော ပါဌ်ဖြင့်၊ ဩဝိကရဏံ - ဩဟူသော ဝိကရဏ ပစ္စည်းကို၊ ဂယှတိ - ယူအပ်၏၊ တနုတေ - ချဲ့၏၊ ဗဟုဝစနေ - ဗဟုဝုစ်၌၊ ယဂကာရော စ ဣတိ-ယာဂကာရာစ သုတ်ဖြင့်၊ ဝတ္တံ-ဝပြု၊ [ဥကို ဝပြု-ဟူလို] တန္ဝန္တေ - ချဲ့ကုန်၏၊ ပေ၊ တနုမှေ၊

---

(၅၂၀) ဧတ္ထစ၊ ပေ၊ ဩဝိကရဏံ ဂယှတိ—သုတ်၌“ဩကာရော”ဟု သာ ရှိသောကြောင့် ဩဟူသမျှကို ယူသင့်သည်မဟုတ်ပါလော, အဘယ့်ကြောင့် “ဩကာရ ပစ္စယော”ဟု ဝုတ္တိ၌ ဩပစ္စည်းကို ယူထားပါသနည်း— ဟု မေးဘွယ် ရှိသောကြောင့် “ဧတ္ထစ” စသည်ကို မိန့်၊ ဤသုတ်၏ ရှေ့၌ တဆက်တည်း နေသော သုတ်များသည် “နာဿ လောပေါယကာရတ္တံ(နာပစ္စည်းကိုယပြုသောသုတ်),လောပဉ္စေတ္တမကာရော (အပစ္စည်းကို ဧပြုသော သုတ်) ”တို့တည်း၊ ထို သုတ်များကား ဝိကရဏ ပစ္စည်း၏ အပြုကာရိယကိုစီရင်သောသုတ်များဖြစ်၏၊ ထိုဝိကရဏပစ္စည်း၏ကာရိယကိုစီရင်သော

www.dhammaransi.com



ကမ္မေ – ၌၊ ကွစိဓာတုတျာဒိနာ – ဖြင့်၊ တနု ဓာတွန္တဿ – တနု ဓာတ်၏ အဆုံး (န်) ဗျည်း၏၊ ယမှိ – ယပစ္စည်းကြောင့်၊ အာကာရော – အာပြု၊ ပတာယတေ – ချဲ့အပ်၏။ [ပပုဗ္ဗတနုတည်၊]။ပေ။ ပတာယန္တိ၊ အာကာရာဘာဝေ – အာအပြု မရှိရာ၌၊ ပတညတိ – ချဲ့အပ်၏။ [တဿ စဝဂ္ဂဖြင့် ဓာတ္ဝန်နှင့် တကွ ယကို ဉပြု, ဒွေဘော်လာ၊] ပတညန္တိ၊ တနောတု–လော၊ တနောန္တု၊ [ကွစိဓာတုဖြင့် အန္တုမှ အကို ချေ၊ သံယောဂန္တော – စသည်ဖြင့် ထိုသုတ်ကြီး၌ ဆိုခဲ့သည်ကို သတိပြု၊ ]။ပေ၊ အတနိံသု၊ အတာယိတ္ထ ပတာယိတ္ထ – ချဲ့အပ်ပြီ၊ [ "အ – လာ၍ အတာယိတ္ထ, အ မလာဘဲ ပပုဗ္ဗ တနုဓာတ်ဖြင့် ပတာယိတ္ထ" ဟု သိမှုရှိ၏၊ ]။ပေ၊ ပတာယိဿ – ချဲ့အပ်ရာပြီ၊ ဣစ္စာဒိ။

(၅၂၁) ကရ = ကရဏေ – ပြုခြင်း၌ .... ၏၊ ပုညံ – ကောင်းမှုကို၊ ကရောတိ – ပြု၏၊ ဗဟုဝစနေ – ၌၊ ဝါတိ ဝတ္တမာနေ [ယေျဿ ဉာဘော-စသော သုတ်မှ ဥတ္တမောကာရော သုတ်သို့ လိုက်သည်ကို ဆိုသည်၊ ဤ "ဝတ္တမာနေ" ကို ဥတ္တမော ကာရော တိ၌သာစပ်] ဥတ္တမော ကာရောတိ-သုတ်ဖြင့်၊ ဥတ္တေ-ဥအဖြစ်ကို၊ ကတေ-ပြုအပ်ပြီးသော် [ဥတ္တမာ ပဇ္ဇတေ၌ စပ်၊ ] ဝါတိ ဥတ္တန္တိစ ဝတ္တတေ။

**ကရဿ ကာရော စ။** ။ကရဣတိ တေဿ ဓာတုဿ, အကာရော – အ အက္ခရာသည်၊ ဝါ – စွ၊ ဥတ္တံ – ဥ အဖြစ်သို့၊ အာပဇ္ဇတေ၊ အယံ ဝါ သဒ္ဒေါ၊ပေ၊သတ္တော၊ ကုရုတေ – စသည်၌ များသောအားဖြင့် ဥပြု၍, ကရောတိ – စသည်၌ မပြုရ, ကုံဟော၌လည်း မပြုရ – ဟု သတ်မှတ်သည်၊] ယဝကာရာစာတိ – သုတ်ဖြင့်၊ **အပဒန္တဿ** – ပုဒ်အဆုံး မဟုတ်သော၊ ပရ ဥကာရဿ–နောက် ဥ အက္ခရာ၏၊ ဝကာရော–ဝပြု၊ ကွစိဓာတုတျာဒိနာ–ဖြင့်၊ ဓာတုရကာရဿ – ဓာတ်၏ ရအက္ခရာကို၊ ဝကာရသ္မိံ – ဝအက္ခရာကြောင့်၊ လောပေါ – ချေ၊ ဝကာရဿ – ၏၊ ဒွိတ္တေ – ကို (ကတေ – သော်)၊ တဿ-ထို ဝ ၂ လုံး၏၊ ဗွောဝွဿာတိ – ဗွောဝွဿသုတ်ဖြင့်၊ ဗကာရဒွယံ-ဗ ၂ လုံးပြု၊

---

သုတ်တို့အရာဝယ် ဤသုတ်ကို ဆိုထားသောကြောင့် "အတ္ထပ္ပကရဏာ လိင်္ဂါ,ဥစိတျာ ကာလ ဒေသတော" စသော ပရိဘာသာနှင့်အညီ ပကရဏ (အရာဌာန)ကိုထောက်ဆ၍ "ဩကာရော"ဟူသော သာမညစကားအရ ဩပစ္စည်းဟူသော ဝိသေသအနက်ကို ယူနိုင်သည်—ဟူလို။ [အတ္ထပ္ပကရဏ စသည်တို့၏ အကျယ်ကို သန္ဓိ၌ ပြခဲ့ပြီ။]

(၅၂၁) ယဝကာရာ စာတိ၊ပေ၊ကုဗ္ဗန္တိ "ကရ်+ဩ+အန္တိ"ဟု ဖြစ်သည့်အခါ ဤသုတ်ဖြင့် ကရ်ဓာတ်၏ အကို ဥပြု (ရ်–၌ အ-မရှိ, က၌သာ (အ) ရှိသောကြောင့်

www.dhammaransi.com



ကုဗ္ဗန္တိ, ကရောန္တိ-ပြုကုန်၏၊ ကရောသိ၊ပေ၊ကရောမ၊ တထာ-ပါး၊ကုရုတေ-ပြု၏၊ ၊ပေ၊ကုရုမှေ။

ယိရပစ္စယေ-ယိရပစ္စည်း နောင်းရာ၌၊ ရကာရ လောပေါ-ရကို ချေ၊ [ကစ္စိခါတုဖြင့် ချေ၊] ကယိရတိ-ပြု၏၊ ကယိရန္တိ၊ ဣစ္စာဒိ၊ ကမ္မေ-၌၊ ယပစ္စယေ-ကြောင့်၊ ဣဝဏ္ဏာဂမော ဝါတိ-သုတ်ဖြင့်၊ ဤကာရာဂမော - ဤလာ၊ ယကာရဿ-ယပစ္စည်း၏၊ ဒွိတ္တံ-လာ၊ တေန - ထိုသူသည်၊ ကဋော-ဖျာကို၊ ကရီယတေ-ပြုအပ်၏၊ ကရီယျတိ-၏၊ ကရီယျတိ-၏၊ ကရီယျန္တိ-န်၏၊ ကရီယတိ ကရီယန္တိဝါ၊ [ယဒွေဘော် မလာဘဲလည်း ရှိသည်-ဟူလို။]

ဤ ကာရ ဘာဝေ-ဤ အကၡရာ မရှိရာ၌ (ဤ-မလာရာ၌)၊ တဿ စဝဂ္ဂ ဣစ္စာဒိနာ-ဖြင့်၊ သဓာတွန္တဿ-ဓာတွန်နှင့် တကွဖြစ်သော ယပစ္စည်း၏။ ယကာရတ္တံ-ယပြု၊ ဒွိတ္တဥ္စ-လည်းလာ၊ ကယျတိ-ပြုအပ်၏၊ ကယျန္တိ၊ ဣကာရာဂမေ-ဣလာရာ၌၊ ကစ္စိခါတုတျာဒိ သုတ္တေ-၌၊ စဂ္ဂဟဏေန-ဖြင့်၊ ရယာနံ-ရနှင့် ယတို့၏၊ ဝိပရိယယော-ရှေ့နောက် ပြန်ခြင်းသည် (ဟောတိ)[ကစ္စိခါတု သုတ်၌ ဝိပရ်ယယပြုဘို့ရာ တိုက်ရိုက်လည်းမရှိ, ခါတ်အရာ ဖြစ်၍ အခြား သုတ်ဖြင့်လည်း စီရင်ခွင့် မရှိ, ထို့ကြောင့် ကစ္စိခါတု၌ စ သဒ္ဒါဖြင့် "ကရိယတိ" ဝယ် ရ် နှင့် ယ် ကို ရှေ့နောက်ပြန်သည်၊] တေန ကဋော ကယိရတိ-ပြုအပ်၏၊ ကယိရန္တိ ဣစ္စာဒိ။ [ကယိရတိ-စသည်တို့ ကတ္တုရုပ် ကမ္မရုပ် ၂ မျိုး ရှိပုံကို သတိပြု။]

တထာ, ကုသလံ-ကို၊ ကရောတု -ပြုလော၊ ကုရုတု ဝါ-လည်း ရှိ၏၊ ကုဗ္ဗန္တု ကရောန္တု -ပြုကုန်လော။ [မောဂ္ဂလ္လာန် အလို "ကုဗ္ဗတု" လည်း ရှိ၏၊] ကရောဟိ၊ပေ၊ကုဗ္ဗန္တံ၊ ကုရုဿု -ပြုလော၊ ကုရဿုဝါ- လည်း ရှိ၏။ [ဩကို ကစ္စိခါတုဖြင့် အပြုရလိမ့်မည်၊ သီမူ၌ "ကရဿု ဝါ" လည်း

ကာ၏ အကို ဥပြု ဟူလို)"ကုရ်ဩအန္တိ"ဥတ္တမော ကာရောဖြင့် ဩပစ္စည်းကိုဥပြု,"ကုရ်ဥ အန္တိ" ဝဲ့ ဥကို လမှည့်, ယဝကာရာစ သုတ်ဖြင့် ပုဒ်အဆုံး မဟုတ်သော နောက်ဥကို (ဝ)ပြု [ပုဒ်အဆုံးဖြစ်လျှင် သန္ဓိခေါ်ရမည် ဖြစ်၍ ဝမောဒုဒန္တာနံဖြင့် ဝပြုရမည်၊ဤ၌ကား ပုဒ်အဆုံး မဟုတ်၍ "ယဝကာရာစ"ဖြင့် ဝပြုသည်၊ ထိုသို့ ဝပြုရာ၌လည်း ဥ ၂ လုံးတွင် နောက်ဥကို ပြုပါ-ဟူလို၊] ကစ္စိခါတုဖြင့် ဝကြောင့် ခါတွန်ရ်ကိုချေ "ကုဝ်အန္တိ"ဝဒွေဘော်လာ, ဝ ၂ လုံးကို ဗ ၂ လုံးပြု, ဗ္ဗကို အသို့ကပ်, ကုဗ္ဗန္တိ။ [မိမ ဝိဘတ်နောင်းရာ၌ ဩပစ္စည်းနှင့် တကွ ကရ်ခါတ်ကို ကုံပြု၍ "ကုမ္မိ–ကုမ္မ" ရုပ်များကိုလည်း မောဂ္ဂလ္လာန် ပြသေး၏၊ ဗ္ဗကပ်ဘို့ရာ သရရှိမှ ကုဗ္ဗန္တိ ရုပ်ကို ပြသော ရူပသိဒ္ဓိအလို"ကုဗ္ဗတိ"ဟု မ ရှိ နိုင်သော်လည်း ဩပစ္စည်းနှင့်တကွ ကုဗ္ဗပြုသော မောဂ္ဂလ္လာန်အလို ရှိနိုင်သည်၊]

www.dhammaransi.com



ရှိ၏, သဘောတူပင်၊] ကုရုဝေ့ါ, ကုဗ္ဗေ့, ကုဗ္ဗာမသေ၊ ကမ္မေ့, ကရီယတု- ပြုအပ်လော၊ ကံရီယန္တု၊ ကယျတံ ကယိရတံ ကယိရတု – ပြုအပ်လော၊ သတ္တမီယံ-၌၊ ကရေ ကရေယျ - ပြုရာ၏၊ ပေ၊ ကရေယျာမ။ [ ဩပစ္စည်းကို ကွစိခေတုဖြင့် ချေရလိမ့်မည်၊ ] ဥတ္တေ – ဥ အဖြစ်၌။ [ဩ ပစ္စည်းကို ဥပြုရာ၌၊ ] ကုဗ္ဗေ ကုဗ္ဗေယျ-ပြုရာ၏။

ယိရပစ္စယေ-ယိရ ပစ္စည်း၌ (ဥဒါဟရဏံ – ကား)၊ ကွစိခေတူတိ အာဒိနာ- ဖြင့်၊ ယိရတော - ယိရပစ္စည်းမှ နောက်၌၊ ယေျသာ - ယေျဝိဘတ်၏ရင်း၊ ထောဒိဿ – ထေဝိဘတ်၏ အစ ဧ၏ရင်း၊ အာတ္တံ-အာအဖြစ်သည်(ဟောတိ)၊ ယေျမာဒိသု-ယေျံ အစရှိသော ဝိဘတ်တို့၌၊ ယေျသဒ္ဒဿ - ယေျသဒ္ဒါ၏၊ လောပေါ-ကျေခြင်းသည် (ဟောတိ)။

သရလောပါဒိ-သည်(ဟောတိ)။ [ယိရ၌ ရ၏ အကို ချေ,ရ်ကို နောက် အာစသည်သို့ ကပ်-ဟူလို၊] ကယိရာ – ပြုရာ၏။ ကယိရုံ - ပြုကုန်ရာ၏၊ ပေ၊ ကယိရာမ၊ အတ္တနော ပဒေ – အတ္တနောပုဒ်၌၊ ဓီရော - ပညာရှိသည်၊ ကယိ ရာထ, ကုဗ္ဗေထ – ပြုရာ၏၊ ကရေထဝါ - လည်း ရှိ၏၊ [ယိရပစ္စည်းကို ကွဲခိ ခေတုဖြင့် ချေရလိမ့်မည်၊] ကွစိခေတု တျာဒိနာ – ဖြင့်၊ ကုဿ – ကု၏၊ ကြုစ – ကြု လည်းပြု၊ ကြုဗ္ဗေထ – ပြုရာ၏၊ ပေ၊ ကြုဗ္ဗေယျံ, ကြုဗ္ဗေယျာမှေ၊ ကမ္မေ–၌၊ ကရီယေယျ ပြုအပ်ရာ၏၊ ကရီယေယျုံ၊ ဟိ ယျတ္တနိယံ – ဟိယျတ္တနီ ဝိဘတ်၌၊ ကရဿ ကာတိ ယောဂဝိဘာဂေန – ဖြင့်၊ ကာ - ကာပြု၊ သရ လောပါဒိ၊ အကာ, အကရာ – ပြုပြီ။ [ကွစိခေတုဖြင့် ဩပစ္စည်းကို ချေရ ဦးမည်၊ ] အကရူ – နှုံပြီ၊ အကရော အကတ္ထ အကရောဘ္ထ, အကံ အကရံ၊ အကမှ အကရမှ, အကတ္ထ, အကရိံ, အကရမှသေ။

---

ယိရတော၊ ပေ၊ တျာဒိနာ——ကွစိခေတုဖြင့် ကရခေတ် ယိရ ပစ္စည်းနောင်ယေျ ကိုရင်း ထေ၏ အစ ဧကိုရင်း အာပြု၊ ကယိရာ, ကယိရာထ – ဟု ဖြစ်၏၊ ခေတွေ့ရ် ကိုလည်း ဤသုတ်ကြီးဖြင့်ပင် ချေ၊ ယေျံ ယျောသိ စသော ဝိဘတ်တို့၏ အစိတ်ဖြစ်သော ယေျ သဒ္ဒါကိုလည်း ချေ၍ "ကယိရုံ, ကယိရာသိ"စသော ရုပ်များဖြစ်၏။

[ဆောင်] ကရ ခေတ်၏, ယိရ နောင်မှ, ထေ ပေ, ယေျ အာတည်း၊ ပြုရာမှချ, ယေျံ စ၌, ယေျ ချေမှု, စဉ်တိုင်း ရှုသည်, ခေတုကွစိ အရာတည်း။

ဟိယျတ္တနိယံ၊ ပေ၊ အကရမှသေ-ကရဿကာသတ္တမဇ္ဈတနိမှိသုတ်၌"ကရဿကာ" ဟူသော ဒွိခေကရဏ ယောဂဝိဘာဂဖြင့် ကရ်ကို ကာပြု, ကာခွင်း ချေ ကပ် – အကာ၊ ကာ မပြုလျှင် အကရာ ဟု ဖြစ်၏၊ ကွစိခေတုဖြင့် ဩ ပစ္စည်းကိုလည်း ချေရဦးမည်၊

www.dhammaransi.com



(၅၂၂) ဝါတိ ဝတ္တတေ။

**ကရဿ ကာသတ္တမဇ္ဇတနိမှိ။** ။ ပရေ, အဇ္ဇတနိမှိ - အဇ္ဇတနိ ဝိဘတ်ကြောင့်၊ သဗ္ဗဿေဝ - သော၊ ကရဣတိ - ကရဟူသော၊ တဿ ဓာတုဿ-၏၊ ကာသတ္တံ-ကာသ အဖြစ်သည်၊ ဝါ ဟောတိ-၏၊ ကာသတ္တန္တိ-ကာသတ္တံ ဟူသော၊ ဘာဝနိဒ္ဒေသေန - ဘောအနက်ကိုညွှန်ပြသော သဒ္ဒါဖြင့်၊ အညသ္မာ-ကရဓာတ်မှ အခြားသော၊ ဓာတုတော ပိ-ဓာတ်မှ နောက်၌လည်း၊ သာဂမော - သ လာသည်၊ ဟောတိ။

အထဝါ — တနည်း၊ ယဒါ - အကြင်အခါ၌၊ အဇ္ဇတနိမှိ - ကြောင့်၊ ကရဿ - ကရဓာတ်၏၊ ကာ - ကာ အပြုသည်၊ ဝါဟောတိ၊ သတ္တံ - သ၏

---

တ္ထ ဝိဘတ်ဖြင့် အကတ္ထ၌ကား ဋီကာ၌ "အကတ္ထာတိ ဧတ္ထ ကွစိဓာတုတျာဒိနာ ရဿ (ဓာတွန်ရ၏ရင်း)ဒြပစ္စယဿ လောပေါ"ဟုဆို၏၊ "ကရဿကာ" ယောဂဝိဘာဂဖြင့်ကာ ပြုပြီးနောက်ကွစိဓာတုဖြင့် ကာ၌ရဿ ပြုလျှင်လည်းပြီးနိုင်သည်ပင်၊ ထို့ကြောင့် "ဟိယျတ္တနိယံ ကရဿကာတိ ယောဂဝိဘာဂေန ကာဟောတိ"၌ ဟိယျတ္တနီတွင် မည်သည့် ဝိဘတ် ဟု မသတ်မှတ်ဘဲ "ဟိယျတ္တနိယံ" ဟု သာမညဆိုထားသည်၊ တ္ထ ဝိဘတ်ဖြင့် "အကတ္ထ"နောင် "တ္ထုံ-သေ-ဝံ"ဝိဘတ်များကို ကျော်၍ "ဣ-မှသေ" ဝိဘတ်များကို ပြထားရာ၌ "တ္ထုံ"စသော ဝိဘတ်များ၏ရုပ်ကို အတွေ့ နည်းပါးသော ကြောင့် ကျော်သွားသည်-ဟု ကြံရာ၏၊ ထို ဝိဘတ်များဖြင့်လည်း "အကတ္ထုံ"ဟုရင်း ဩပစ္စည်းကို ဥ ပြု, က၏ အ ကိုလည်း ဥ ပြု၍ "အကုရုသေ, အကုရုဝှံ"ဟုရင်း ရုပ် ရှိနိုင်သည်။ [သဒ္ဒနီတိ၌ "အကရုသေ, အကရုဝှံ"ဟု တွေ့ရ၏။]

**အကရမှသေ။** ။သဒ္ဒနီတိ၌"သေကာရာဂမော အာချာတ နာမေဟိ=အာချာတ် ပုဒ် နာမ်ပုဒ်တို့နောင် သေ အက္ခရာလာ"ဟု သုတ်တည်၍ "ကထံ အမှေ ကရောမသေ, အကရမှသေ တေ ကိစ္စံ့ ယံ ဗလံ အဟုဝါမှသေ"ဟု အာချာတ်နောင် သေ လာပုံကိုရင်း "ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ"ဟု နာမ်ပုဒ်နောင် သေလာပုံကိုရင်း ပြထား၏၊ "အကရမှသ"၌ ဂါထာဖြစ်၍ဆန်းစောင့်ခြင်းငှါ ဧကို သုတ်ကြီးဖြင့် အ-ပြု၊ ["အဟု ဝါမှသေ"၌"အဟုဝါ"ပုဒ်ရင်း, သက္ကတ၌ သ္မနိပါတ်ကဲ့သို့"မှ"လည်း ဂါထာပြည့် စေရကျိုးရှိသော နိပါတ်ပင်, ထို"သေ"အားလုံးလည်း အာဂုံမဟုတ်-ဂါထာ ပူရဏ နိပါတ်ပင်-ဟု မောဂ္ဂလ္လာန် နိဿယသစ် မိန့်တော်မူသေး၏။]

(၅၂၂) **ကာသတ္တန္တိ၊ပေ၊သာဂမော**—"ကရဿ ကာသ မဇ္ဇတနိမှိ"ဟု သာဆိုလျှင် အဇ္ဇတနီကြောင့် ကာသအပြု ပြီးနိုင်လျက် "ကာသတ္တံ"ဟု ဘောအနက် ဟော တ္တပစ္စည်းသဒ္ဒါပိုကြောင့် ကရဓာတ်မှ အခြားသော ဓာတ်များနောင်လည်း သ-လာခြင်းဟူသော အနက်ပိုကို ရနိုင်သည်၊ ထို့ကြောင့် ဂမုဓာတ်တွန်းက"ကရဿကာ သတ္တမဇ္ဇနိ မှီတိ ဧတ္ထ ဘာဝနိဒ္ဒေသေန သာဂမော, အဂမာသိ"ဟု ဆိုခဲ့ရသည်။

www.dhammaransi.com



ဖြစ်ကြောင်းဖြစ်သော၊ အာဂမောစ - အာဂုံသည်လည်း။ [တနည်း, သတ္တံ အာဂမောစ - သလာသည်လည်း၊ ] ဟောတိ၊ ဣတိအတ္ထော-ဤအနက်သည် (ဟောတိ)၊ တဒါ-ထိုအခါ၌၊ သတ္တမဇ္ဈတနိမိတ္တိ ယောဂဝိဘာဂေန-ဖြင့်၊ အညသ္မာ-ကရမာတ်မှ အခြားသော။ ဓာတုတောပိ - လည်း၊ သာဂမော-သ, လာခြင်းသည်၊ သိဇ္ဈတိ - ပြီး၏၊ ယောဂဝိဘာဂတော ဣဋ္ဌပ္ပသိဒ္ဓိတိ - ယောဂဝိဘာ ဂတော ဣဋ္ဌပ္ပသိဒ္ဓိ ဟူ၍ ပရိဘာသာ လာသောကြောင့်၊ ယေဘုယျေန - များသောအားဖြင့်၊ ဒီဃတော ဝ - ဒီဃ သရမှ နောက်၌သာ (သာဂမော - သည်၊) ဟောတိ၊ ကရဿ ကာဒိ ယောဂဝိဘာဂေန - ဖြင့်၊ ဟိယျတ္တနိယံ - ဟိယျတ္တနီ ဝိဘတ်ကြောင့်၊ ကာဘာဝေ ါစ - ကာ အဖြစ် သည်လည်း၊ သိဒ္ဓေါ-ပြီးသည်၊ ဟောတိ၊ အကာသိ-ပြုပြီ၊ အကံသု-နှ်ပြီ၊

---

**အထဝါ,ယဒါ၊ပေ၊သာဂမော သိဇ္ဈတိ**— ["သာဂမောပိ"ဟု ရှိသည်ကား အပို, သိမှု၌လည်းမရှိ၊] သုတ်ကို "၁—အာ့ရဿကာ, ၂—သတ္တမဇ္ဈတနိမှိ"ဟု ၂ ဝါကျ ခွဲ၍, ၁ နံပါတ်ဝါကျဖြင့်"အဇ္ဈတနီကြောင့် ကရမာတ်ကို ကာပြု"ဟု အနက်ထွက်၏၊ ၂ နံပါတ်ဝါကျဖြင့် "သလည်းလာ"ဟု အနက်ထွက်၏၊ ဤသုတ်ရင်းအတိုင်း ဆိုလျှင် ကရကို ကာပြုပြီးမှ သ-လာရသည်၊ "သတ္တမဇ္ဈတနိမှိ"ဟူသော ဒွိတိယကရဏ ယောဂ ဝိဘာဂဖြင့်ကား ကရ၏ကာအပြုကို မငဲ့ရ,အခြားဓာတ်နောင်လည်း(သ)လာနိုင်သည်၊ ထို့ကြောင့် ဂမုဓာတ်၌ပင်"သတ္တ မဇ္ဈတနိမှိတိယောဂဝိဘာဂေန ဝါ သာဂမော"ဟု တနည်းပြခဲ့ရသည်။ ["သတ္တမ္ဘု အာဂမော"၌ (သ မလာလျှင် သ-မဖြစ်, သ-လာမှ သ-ဖြစ်သောကြောင့်) သ လာခြင်းကို "သတ္တ=သ၏ ဖြစ်ကြောင်း" ဟု ဆိုသည်၊ ထို့ကြောင့်"သတ္တံ—သ၏ဖြစ်ကြောင်းဟူသော၊အာဂမောစ"ဟု အနက်ပေးရသည်၊]

**ယောဂ ဝိဘာဂတော၊ပေ၊ဒီဃတော ဝ ဟောတိ**—"သတ္တမဇ္ဈတနိမှိ"ဟူသော ယောဂဝိဘာဂဖြင့် (သ) လာလျှင် အဘယ် သရနောင် လာရမည်နည်း ဟု မေးဘွယ် ရှိသောကြောင့် "ယောဂဝိဘာဂတော" စသည်ကိုမိန့်၊ "ယောဂဝိဘာဂတော ဣဋ္ဌပ္ပ သိဒ္ဓိ"ဟု ရှေးပရိဘာသာ ရှိ၏၊ "လိုအပ်သော ရုပ်များ ပြီးစီးဘို့သာ ယောဂဝိဘာဂကို ပြုလုပ်ရသည်,မလိုရာရုပ်တွေ ပါဝင်နေအောင် ယောဂဝိဘာဂကို ပြုရသည်မဟုတ်"ဟု ထိုပရိဘာသာက ဆိုလိုသည်၊ထို့ကြောင့်ဤ"သတ္တမဇ္ဈတနိမှိ"ဟူသော ယောဂဝိဘာဂ ဖြင့် "(ဤ) ဝိဘတ် နှောင်းရာဝယ် အဂမာ, ဒဇ္ဇဟေ, အဿော"ကဲ့သို့ ဒီဃ သရ နောက်သာ(သ်)လာသည်၊ဤ၌"ယေဘုယျေန"ဖြင့်ရဿ သရနောင်အနည်းငယ်(သ) လာသည် ဟု မမှတ်ရ, ဒီဃ သရနောက်၌ သ အလာများသည်-ဟု ဆိုလိုသည်။ [ဤ ဝါကျ၌မြန်မာမူငယ်"ယောဂဝိဘာဂတော ဣဋ္ဌပ္ပသိဒ္ဓိ ယေဘုယျေန ဒီဃတော ဟောတိ" ဟု ပါ၌ပျက်နေသည်၊"ယောဂဝိဘာဂတော ဣဋ္ဌပ္ပသိဒ္ဓီတိ ယေဘုယျေန ဒီဃတော ဝ ဟောတိ"ဟု သိမှုအတိုင်း ရှိရမည်၊ "ယောဂဝိဘာဂတော—ကြောင့်၊ ဣဋ္ဌပ္ပသိဒ္ဓိ-အလို ရှိအပ်သော ရုပ်၏ ပြီးစီးခြင်းသည်(ဟောတိ)"ဟု ပရိဘာသာကို အနက်ပေး။

www.dhammaransi.com



၊ပေ၊ အကာသိတ္ထ၊ ကာသတ္တာဘာဝေ–ကာသ အဖြစ် မရှိရာ၌၊ အကရိ, ကရိ-ပြုပြီ၊ အကရိံသု အကရုံ-နံပြီ၊ အကရိ-ပြီ၊ အကရိတ္ထ-နံပြီ၊ပေ။ အကရိတ္ထ-ပြီ၊ (အာ ကို တ္ထပြု၊) ကရိယိတ္ထ-ပြုအပ်ပြီ၊ အကရိယိဝ ါ။

(၅၂၃) ဝါတိ လောပေါတိ ဘဝဿန္တိမှိတိဿာဿစာတိ ဝတ္တတေ၊ [ "ဟိလောပံဝါတိ ဣတော ဝါတိ" ဟု ဋီကာဆိုသောကြောင့် "ဝါလောပေါ"ဟု ဝါသဒ္ဒါ ပါစေရမည်။]

ကရဿ သပစ္စယဿ ကာ ဟော၊ ။ ဘဝိဿန္တိမှိ – ဘဝိဿန္တိ ဝိဘတ်ကြောင့်၊ သပစ္စယဿ – ပစ္စည်းနှင့် တကွ ဖြစ်သော၊ ကရဣတိ တေဿာတုဿ – ၏၊ ကာဟာဒေသော – ကာဟ အပြုသည်၊ ဝါဟောတိ၊ ဿဿာစ – ဿ ၏လည်း၊ လောပေါ - သည်၊ ဟောတိ၊ အဓိက ဘူတ သပစ္စယဂ္ဂဟဏေန - အပို ဖြစ်၍ ဖြစ်သော သပစ္စယ သဒ္ဒါဖြင့်၊ ဝစ မုစ ဘုဇာဒိတော – ဝစ, မုစ, ဘုဇ အစရှိသော ဓာတ်မှ (ပရဿ) ဿဿ -

---

ကရဿ ကာ တိ၊ပေ၊သိဒ္ဓေါ ဟောတိ—"ကရဿ ကာ, သတ္တမဇ္ဇတနိမှိ" ဟု ၂ ဝါကျခွဲ၊ ထိုတွင် "ကရဿကာ"ဟူသော ယောဂဝိဘာဂဖြင့် ဟိယျတ္တနီဝိဘတ် ကြောင့် ကရကို"ကာ"သာပြု၍ (သ) မလာဘဲ"အကာ"စသော ရုပ်များလည်း ပြီးစီး နိုင်သည်၊ ဟိယျတ္တနီကြောင့် ကာပြုရာ၌ "အာ-တ္ထ-အံ-မှာ-တ္ထ-မှသေ" ၏ဝိဘတ် ၆ လုံးကြောင့်သာ ပြုသည်၊ ထိုသို့ပြုရာ၌ "ကာ" ဟု ဒီဃနှင့်ပြုမှ မူလ သုတ်အတိုင်း ကျမည်၊ က-ပြုရမည်ဟု မမှတ်လင့်။

[ဆောင်] ကရဿကာ, ဝိဘာဂါဖြင့်, ဟိယျာ အာ-တ္ထ, အံ-မှာ-တ္ထ-မှသေ, ၏ခြောက်ထွေကြောင့်, ကရကို ကာ, ပြုဘို့မှာ၏၊ နောက်လာ သတ္တ - မဇ္ဇတနိမှိ, ယောဂဝိကြောင့်, ကြွင်းသည့်ဓာတ်နောက်, အဇ္ဇရောက်က, ဒီဃ နောက်သာ, သ - လာရာ ဟု, အဖွင့်ပြု, မှတ်ရှု ရူပသိဒ်။

ဤသို့လျှင်"ကရဿ ကာ,သတ္တ မဇ္ဇတနိမှိ"ဟု ၂ ဝါကျခွဲရာ၌ ယောဂဝိဘာဂ ၂-မျိုးရသဖြင့် ဤနည်းကို ကစ္စည်းဝုတ္တိ မဖွင့်ပြသော်လည်း လွန်စွာအကျိုးရသောနည်းဖြစ် ၍ ကောင်းမှတ်သားသင့်သည်-ဟု ရူပသိဒ္ဓိဆရာ ဆိုလိုသည်၊ "ကာသပြု၍ ဘာဝနိဒ္ဒေသ ဖြင့် အခြားဓာတ်နောင်(သ)လာ"ဟူသော ပဌမနည်းကား ကစ္စည်းဝုတ္တိမှာလည်းပါ သည်၊ ဤယောဂဝိဘာဂဖြင့် ဘဝိဿန္တိ ဝိဘတ်ကြောင့်လည်း ကာပြု၍"ကဿံ ပုရိသ-ကာရိယံ-ယောကျ်ားလုပ္လကိုပြုပေအံ့"ဟု ဖြစ်သေး၏၊ [အကာသိ စသည်၌ ပဌမနည်း အလို ကရကို"ကာသ"ပြု၍တွက်၊ ဒုတိယနည်းအလို "ကရ ကို ကာပြု၍, သ လည်း လာ"ဟုဆို၍ တွက်,ဩ ပစ္စည်းကိုကား သုတ်ကြီးဖြင့်ချေ၊ ဥံဝိဘတ်ဖြင့် "အကံသု"ရုပ် ကိုလည်း မောဂ္ဂလ္လာန်၌တွေ့ရ၏၊ သုတ်ကြီးဖြင့် ဥံကို အံသုပြု၍ ကရကို ကာပြုလေ။]

www.dhammaransi.com



ဃ၏၊ ခါဒေသော-ခအပြုသည့်ဒုင်း၊ ဝသ ဆိဒ လဘာဒိတော-ဝသ, ဆိဒ, လဘ အစရှိသောဓာတ်မှ (ပရဿ ဃဿ)၊ ဆာဒေသော-ဆအပြုသည်ဒုင်း၊ ဟောတိ၊ ကာဟတိ-ပြုလတ့်၊ ပေ ၊ ကာဟာမ၊ ဣကာရာ ဂမေ-ဣလာရာဥ်၊ ကာဟိတိ-ပြုလတံ့၊ ကာဟိန္တိ,ဣစ္စာဒိ၊ ကာဟာဒေသာ ဘာဝေ-ကာဟအပြု မဖြစ်ရာဥ်၊ ကရိဿတိ၊ ပေ၊ ကရိဿာမ၊ ကရိယိဿတိ-ပြုအပ်လတ့်၊ ကရိယိ-ဿန္တိ၊ အကရိဿ-ပြုရာပြီ၊ အကရိယိဿ-ပြုအပ်ရာပြီ၊ ဣစ္စာဒိ။

ယဒါ-အကြင်အခါ၌၊ သံပုဗ္ဗော-သံရှေးရှိ၏၊ တဒါ-၌၊ ပုရသမုပပရိဟိ ကရောတိဿ ခခရာဝါတိ ယောဂဝိဘာဂေန-ပုရ၊ ပေ၊ ဝါဟူသော ဒွိခါကရဏ ယောဂ ဝိဘာဂဖြင့်။ [တပစ္စယေသုစကို ဖြုတ်၍ ယောဂဝိဘာဂ လုပ်သည်၊] တျာဒိဝိဘတ္တိသုပိ-တိအစရှိသော ဝိဘတ်တို့ကြောင့်လည်း၊သံပုဗ္ဗ ကရောတိဿ-သံရှေးရှိသော ကရဓာတ်၏၊ ခရာဒေ့သော-ခရ အပြုသည် (ဟောတိ)၊ အဘိ-သင်္ခရောတိ-ပြုစီမံ၏၊ အဘိသင်္ခရောန္တိ၊ အဘိသင်္ခရီယတိ-ပြုစီမံအပ်၏၊ အဘိ-သင်္ခရီယန္တိ၊ အဘိသင်္ခရောတု၊လော၊ပေ၊အဘိသင်္ခရိဿ ဣစ္စာဒိ။ "အဘိ+သံ+ ကရ+ဩ+တိ" ယောဂဝိဘာဂဖြင့် ကရ်ကို ခရ်ပြု။]

သက=သတ္တိမှိ-စွမ်းနိုင်ခြင်း....၏၊ ဩပစ္စယော-ဩပစ္စည်းသက်၊ သက္ကောတိ-စွမ်းနိုင်၏ [က် ဒွေဘော်လာ၊] ပေ၊သက္ကောမ။ [သွာဒိဂိုဏ်း၌လည်း ဤဓာဟ်

---

(၅၂၄) အမိက ဘူတ၊ ပေ၊ ဆာဒေသော ဟောတိ— "ဟောတိဿရေ ဓ္ခဟာဟေ ဘဝိဿန္တိမှိ ဿဿစ" သုတ်မှ ဿဿစ ပုဒ်လိုက်လာသောကြောင့် ဤသုတ်၌ သပစ္စယသဒ္ဒါ မပါဘဲ ပြီးနိုင်ရကား သပစ္စယသဒ္ဒါ ပိုသည်ကို "အမိကဘူတ သပစ္စယ"ဟု ဆိုသတဲ့၊ ချွဲဦးအံ့—ဤ၌ "သပစ္စယ"အရ ဘဝိဿန္တိ ဝိဘတ်၏ တစိတ် ဖြစ်သော(ဿတိ-စသည်မှ)ဿကိုဆိုလိုသတဲ့၊ ထို့ကြောင့်"ကရိဿတိ"ဟု ဖြစ်သည့် အခါ ဿနှင့်တကွ ကရ်ကို ကာဟ ပြုလျှင်"ဿဿစ လောပေါ"အရချေဘွယ်ရာ ဿမရှိ၊ တဘန် ကရ်ကိုသာ ကာဟပြု၍ "ဿဿစ လောပေါ"အရ ဿကို ချေလျှင် ဿပစ္စယ သဒ္ဒါပိုနေသည်၊ ရှေ့သုတ်မှ လိုက်လာရုံမျှဖြင့် ပြီးလျှင်လည်း အပိုမဆိုထိုက်၊ထို့ကြောင့် "သဒ္ဒါဓိကာ အတ္ထာဓိကော"နှင့် အညီ ထို သပစ္စယသဒ္ဒါပိုဖြင့် ဝစ မုစ ဘုဇ စသော ဓာတ်တို့နောင် ဿကို ခပြု၍, ဝသ ဆိဒ လဘ စသောဓာတ်တို့နောင် ဿကို ဆပြု ဟူသော အနက်ပို ရနိုင်သည်—ဟူလိုသတတ်၊ "ဘုဇာဒိဖြင့် ဝိသဓာတ်ကို လဘာဒိဖြင့် ဘိဒ ရုဒ ဓာတ်တို့ကို ယူ၍ ပဝေက္ခတိ-ဝင်လတံ့၊ဘေစ္ဆတိ-ခွဲလတံ့၊ရုစ္ဆတိ-ငိုလတံ့"ဟု ဖြစ်၏။ [သဒ္ဒါမပိုသောနည်းဖြင့် ကစ္စည်းဘာသာဋီကာ၌ တနည်း ကြံထားသေး၏။]

www.dhammaransi.com



ပါခဲ့ပြီ၊] အပ=ပါပုဏနေ – ရောက်ခြင်း....၏။ [“ပါပုဏေ”ဟု ရှိသည်ကို ဆင်ခြင်၊] ပပုဗ္ဗော – ပရှေးရှိသည် (ဟောတိ)၊ ပမ္ဗေါတိ – ရောက်၏၊ [ပဒွေဘော်လာ၊ ဤရောက်ခြင်းအနက်၌ “အပ္ပ” ဓာတ်လည်း ရှိ၏၊ တနာဒိ ဂိုဏ်းပင်၊] ပေ၊ ပပ္ပေါန္တု ဣစ္စာဒိ။ [သဒ္ဒနီတိ၌ ယေျာမဝိဘတ်ကို ခြံမှုပြု၍ “ပပ္ပေါမု – ရောက်ကုန်ရာ၏”ဟုလည်း ပြသေး၏၊] တနာဒိနယော – တနာဒိ ဓာတ်တို့ကို သိကြောင်း နည်းသည် (နိဋ္ဌိတော)။

## စုရာဒိဂိုဏ်း

(၅၂၄) စုရ=ထေယျေ – ခိုးသူ၏ဖြစ်ကြောင်း၌၊ ဝါ – ခိုးခြင်း၌...၏၊ ပုရေဝိယ–သို့၊ ဓာတွန္တ လောပေါ-ဓာတွန်ချေ၊ ဝိဘတ္တုပ္ပတ္တိ-သက်၊ တထာ ကတ္တရိစာတိဣတော - ဤသုတ်မှ၊ ကတ္တရိတိစ – ကတ္တရိ ဟူသောပုဒ်သည်၎င်း၊ သီဟဝိလောကနေန - သီဟဝိလောကန အဝိကာရနည်းဖြင့်၊ ဘာဝ ကမ္မဂ္ဂဟဏာနိစ – ဘာဝ ကမ္မသဒ္ဒါတို့သည်၎င်း၊ ဝတ္တန္တေ၊ မဏ္ဍူကဂတိယာ - ဖြင့်၊ ကာရိတဂ္ဂဟဏဉ္စ–သည်လည်း (ဝတ္တတေ)။

**စုရာဒိတော ဏေဏယာ**။ ။ကတ္တရိ–၌၎င်း၊ ဘာဝေစ–၎င်း၊ ကမ္မနိစ–၎င်း၊ (ဝိဟိတေသု) ဝိဘတ္တိပ္ပစ္စယေသု - တို့ကြောင့်၊ စုရဣစ္စေဝမာဒိတော–သော၊ ဓာတု ဂဏတော–၌၊ ဏေဏယ ဣတိ–ဏေ,ဏယ ဟူကုန်သော၊ ဧတေပစ္စယာ ဟောန္တိ၊ ကာရိတ သညာစ–သည်လည်း၊ ဟောန္တိ။

(၅၂၅) **ကာရိတာနံ ဏော လောပံ**။ ။ကာရိတပစ္စယာနံ ၊ ပေ ၊ အာပဇ္ဇတေ–၏။

(၅၂၆) **အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ**။ ။ပရေ, ကာရိတေ – ကြောင့်၊ အသံယောဂန္တဿ – သော၊ ဓာတုဿ–၏၊ ဝုဒ္ဓိ – သည်၊ ဟောတိ၊ ဣတိ- ဤသုတ်ဖြင့်၊ ဉ ကာရဿ - ဉ အက္ခရာ၏၊ ဩကာရော - ဩ အက္ခရာ ဟူသော၊ ဝုဒ္ဓိ–ပြု။ [သီ၌“ဟောတိတိ”ဟုရှိ၏၊ ဝါ-လည်း မပါ, ဃဋာဒီနံ

---

(၅၂၄) စုရ = ထေယျေ၊သီဟ ၊ ပေ ၊ ဂဟဏဉ္စ— [ထေနဿ - ခိုးသူ၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ ခိုးခြင်းကြိယာသည်၊ ထေယျံ—မည်၏၊ ဘာဝ အနက်၌ ဏျ ပစ္စည်း,န ကိုလည်းချေ, ယ ဒွေဘော်လည်းလာ။] စုရာဒိတောဏေဏယာသုတ်၏ နောက်၌ “အတ္တနော ပဒါနိ ဘာဝေ စ ကမ္မနိ”သုတ် ရှိသောကြောင့် ထိုသုတ်မှ ဘာဝ ကမ္မသဒ္ဒါ ၂-ခုသည် ရှေ့သို့ပြန်၍ သီဟဝိလောကန (ခြင်္သေ့ ကြည့်နည်း) ဖြင့် လိုက်၊ ဓာတူဟိ ဏေဏယ ၊ ပေ ၊ ကာရိတာ နိ ဟေတွတ္ထေ-သုတ်မှ ကာရိတ သဒ္ဒါကား ဖါးခုန်သကဲ့သို့ သုတ် အတော်များများကို ခုန်၍ လိုက်လာသည်။

www.dhammaransi.com



ရုပ်များကို သုတ်သီးခြား ပြထားသောကြောင့် "ဝါ" မပါခြင်းသာ ကောင်း၏။] ဓနု-ဥစ္စာကို၊ စောရေတိ-ခိုး၏၊ ပေ၊ စောရေမ၊ ဏယ ပစ္စယေ-၌၊ စောရယတိ ၊ပေ၊ စောရယာမေ၊ ကမ္မေ-၌၊ ယပစ္စယေ-ကြောင့်၊ ဤကာရာ ဂမော-ဤလာ၊ သရလောပါဒိစ၊စောရီယတိ-ခိုးအပ်၏၊ စောရီယန္တိ ဣစ္စာဒိ။

စောရေတု-ခိုးလော၊ ပေ၊ စောရေယျ-ရာ၏၊ ပေ၊ အစောရေသိ စောရေသိ-ပြီ၊ ပေ၊ အစောရယုံ စောရယုံ၊ အစောရေသိ-(သင်)ခိုးပြီ၊ အစောရေသိတ္ထ-(သင်တို့) ခိုးကုန်ပြီ။ [ဤရုပ် မြန်မာမှု၌ကျသည်၊] တွံ-သည်၊ အစောရယိ-ပြီ၊ အစောရယိတ္ထ-နှ်ပြီ၊ အစောရေသိံ-ပြီ၊ အစောရေသိမှ-နှ်ပြီ၊ အစောရယိံ, အစောရယိံမှ၊ အစောရယိတ္ထ-ပြီ။ [အာကိုတ္ထပြုရာ ကတ္တုရုပ်။] အစောရီယိတ္ထ အစောရီယိ-ခိုးအပ်ပြီ၊ စောရိဿတိ စောရယိဿတိ-လတံ့၊ပေ၊ စောရယိဿန္တေ-နှ်လတံ့၊ စောရီယတိ-ခိုးအပ်လတံ့၊ စောရီယိဿန္တိ၊ အစောရိဿ အစောရယိဿ-ခိုးရာပြီ၊ အစောရီယိဿ-ခိုးအပ်ရာပြီ၊ ဣစ္စာဒိ။

တထာ, စိန္တ=စိန္တာယံ - ကြံခြင်း, သိခြင်း၌....၏၊ သံယောဂန္တတ္တာ-သံယုဂ် အဆုံးရှိသောဓာတ်၏ အဖြစ်ကြောင့်၊ ဝုဒ္ဓိအဘာဝေ ါဝ-ဝုဒ္ဓိ မဖြစ်ခြင်းသည်သာ၊ ဝိသေသော—ထူး၏၊ စိန္တေတိ စိန္တယတိ—ကြံ၏၊ ဝါ—သိ၏၊ ပေ၊အစိန္တယိဿ စိန္တယိဿ ဣစ္စာဒိ၊ မန္တ =ဂုတ္တဘာသနေ-လုံခြုံစွာ ပြောဆိုခြင်း၌....၏။ [လုံခြုံအောင် တိုးတိုး တိတ်တိတ် ပြောဆိုခြင်းကို "တိုင်ပင်" ဟု ခေါ်သည်၊] မန္တေတိ မန္တယတိ-တိုင်ပင်၏၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်စဉ်သည်၊ ပုရိမသမံ-ရှေးစိန္တဓာတ်နှင့် တူ၏။

ပါလ=ရက္ခဏေ – စောင့်ရှောက်ခြင်း၌....၏၊ ဓမ္မံ-တရားကို၊ ပါလေတိ ပါလယတိ=စောင့်ရှောက်၏၊ ပါလီယတိ-စောင့်ရှောက်အပ်၏။["ပါလီယန္တိ" ဟုသိ၌ ရှိသေး၏၊] ပါလေတု ပါလယတု-လော၊ ဣစ္စာဒိ၊ ဃဋ္ဋ=ဃဋ္ဋနေ-စေ့ဆော် အားထုတ်ခြင်း၌........၏၊ ဃာဋ္ဋေတိ ဃာဋ္ဋယတိ-စေ့ဆော်၏၊ ဝါ-

---

ဃဋ္ဋ=ဃဋ္ဋနေ—ယှဉ်ဘက် တရားစုကို စေ့စေ့စပ်စပ် ဖြစ်အောင် ဆော်ဩမှုကိုပင် "စေ့ဆော်"ဟုရင်း"အားထုတ်"ဟုရင်းခေါ်၏၊ဘူဝါဒိစုရာဒိ ၂ ဂိုဏ်း၌ပင် အားထုတ်ခြင်းနှင့်"သင်္ဃာဋ္ဋ-ပေါင်းစပ်ခြင်း"ကို ဟော၏၊ ပုပ္ဖဃဋ္ဋာ-ပန်းအပေါင်း,ပစ္စယဃဋ္ဋာ-ပစ္စယ သတ္တိအပေါင်း, တည်း၊ စုရာဒိဂိုဏ်းသက်သက်ဖြစ်မူ "ဟိံသန—ညှဉ်းဆဲခြင်း,

www.dhammaransi.com



အားထုတ်၏။ [ "ဃဋ္ဋေတိ, ဃဋ္ဋယတိ၊ ဃဋ္ဋာဒိတ္တာ ဝိကပ္ပေန ဝုဒ္ဓိ" ဟု သိမှုရှိသေး၏။] ဝိဒ = ဉာဏေ-သိခြင်း၌....၏၊ ဝေဒေတိ ဝေဒယတိ-သိ၏၊ ဂဏ = သင်္ချာနေ-ရေတွက်ခြင်း၌....၏၊ ဃဋ္ဋာဒီနံဝါတိ-"ဃဋ္ဋာဒီနံဝါ" ဟု ဆိုခြင်းကြောင့်၊ နဝုဒ္ဓိ-ဝုဒ္ဓိမပြုရ၊ ဂဏေတိ ဂဏယတိ – ရေတွက်၏၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်ကို၊ သဗ္ဗတ္ထ-အလုံးစုံသောဓာတ်တို့၌၊ သုဗောဓံ-လွယ်ကူစွာသိအပ်၏။ ဝါ-သိလွယ်ပြီ....စုရာဒိနယော-သည် (နိဋ္ဌိတော)။

ဣမ-ဤအာချာတ်၌၊ ဂဏာ-ဓာတ်အပေါင်းတို့သည်၊ ဝါ-ဂိုဏ်းတို့သည်၊ ဘူဝါဒီစ – ဘူဝါဒိဓာတ်တို့ရင်း၊ ရုဓာဒီစ – ရုဓာဒိဓာတ်တို့ရင်း၊ ဒိဝါဒီစ-ဒိဝါဒိဓာတ်တို့ရင်း၊ သွာဒယော-သွာဒိဓာတ်တို့ရင်း၊ ကိယာဒီစ-ကိယာဒိဓာတ်တို့ရင်း၊ တနာဒီစ-တနာဒိဓာတ်တို့ရင်း၊ စုရာဒီစ-စုရာဒိဓာတ်တို့ရင်း၊ (ဣတိ-ဤသို့၊) သတ္တဓာ-၇ ပါး ပြားကုန်၏။....ဝိကရဏ ဝိဓာနံ-ဝိကရဏပစ္စည်းတို့ကို စီရင်ရာအခဏ်းသည်၊ သမတ္တံ-စုံလင်ပြီ။

---

ဒိတ္တိ-တောက်ပခြင်း"၌လည်းဖြစ်၏၊ ဉ ရှေးရှိလျှင် "ဉဃ္ဃါဋေန—ဖွင့်လှစ်ခြင်း"၌လည်း ဖြစ်၏၊ "ဒွါရံ ဉဃ္ဃါဋေတိ—တခါးဖွင့်၏" တည်း။

ဝိဒ=ဉာဏေ—ဤ ဝိဒဓာတ်သည် ဘူဝါဒိ၌ ဉာဏ အနက်,မင်္ဂလာ-ကောင်းမွန်စင်ကြယ်ခြင်းအနက် ရှိ၏။ ဒိဝါဒိဖြစ်မူ ဘာဝ-ထင်ရှားရှိခြင်းအနက်ရှိ၏၊ "ဝိဇ္ဇတိ-ထင်ရှားရှိ၏"တည်း၊ရုဓာဒိဖြစ်မူ ဝိစာရဏ-စုံစမ်းခြင်း,လာဘ-ရခြင်း, တုဋ္ဌိ-နှစ်သက်ခြင်း အနက်ရှိ၏၊စုရာဒိဖြစ်မူအနုဘဝန-ခံစားခြင်း,နိဝါသ—နေခြင်း, အာချာန-ပြောဆိုခြင်း, ထေရိယ-မြဲမြံခိုင်ခံ့ခြင်းအနက်ရှိ၏။ ] "ဝေဒယာမိတိ ဇာနာမိ" ဟု ဗုဒ္ဓဝါသမုစ္စယ ခန္ဓကဋီကာတို့ဖွင့်သောကြောင့် စုရာဒိ၌ ဉာဏအနက်လည်းရှိသည်ဟု မှတ်။]

ဝေဒယတိ။ ။ဝိဒဓာတ် ဏယ ပစ္စည်းဖြင့် "ဝေဒယတိ"ဟု ပြီးသောကြောင့်ရင်း, ဤစုရာဒိ ဝိဒဓာတ်၏ အနုဘဝ-အာချာန အနက်ကို ဟောသောကြောင့်ရင်း ပရိဝါသ်ပြောရာ၌ "ဝေဒယာမဟံ ဘန္တေ, ဝေဒယတီတိ မံ သံဃော ဓာရေတု"ဟု ဓာတွတ္ထ သင်္ဂဟ၌ပါ၍မှန်ဆုံးဖြတ်တော်မူသည်၊"ဝေဒယာမိတိစိတ္တေနသမ္ပဋိစ္ဆိတွာအနုဘဝါမိ" ဟုတေရသကဏ်(သမုစ္စယခန္ဓက) အဖွင့်နှင့်ရင်း "ဝေဒယာမိတိဇာနာမိ, အာရောစေမိတိအတ္ထော"ဟူသော ဝိမတိဋီကာနှင့်ရင်း ညီပေသည်၊ မောဂ္ဂလ္လာန်ခါဒိကဏ္ဍ(၁၃၆) သုတ်၌ကား ဝိဒဓာတ်နောင် ကာရိတ် ဏိ ပစ္စည်းဖြင့် "ဝေဒိ"ဟု ပြီးသည့်အခါဏကို ဧယင် ပြု၍"ဝေဒိယတိ-သိစေ၏"ဟုရှိ၏၊ နိဿယသစ်၌လည်း"ဝေဒိယာမဟံဘန္တေ, ဝေဒိယတီတိ မံ သံဃော ဓာရေတု"ဟုပင် ပုံစံပြတော်မူသည်၊ နှစ်သက်ရာယူပါ။

www.dhammaransi.com

## ဓာတုပစ္စယန္တ သဒ္ဒါများ

(၅၂၇) အထ-ဝိကရဏ ဝိဓာန၏ အခြားမဲ့၌၊ ဓာတုပစ္စယန္တာ-ဓာတုပစ္စယ အဆုံးရှိသော သဒ္ဒါတို့ကို၊ ဝုစ္စန္တေ။ တတ္ထ-ထို "အထ ဓာတုပစ္စယန္တာ ဝုစ္စန္တေ" ဟူသော ရှေးဝါကျ၌၊ ဓာတွတ္ထေ-ဓာတ်အနက်၌၊ နိဒ္ဒိဋ္ဌာ-ညွှန်ပြအပ်ကုန်သော၊ ခါဒိကာရိတန္တာ - ခ အစရှိကုန်, ကာရိတ်အဆုံး ရှိကုန်သော၊ ပစ္စယာ- တို့သည်၊ ဓာတုပစ္စယာနာမ - ဓာတုပစ္စယတို့မည်၏၊ တိဇ = နိသာန ဗန္ဓနခမာသု-ထက်အောင် သွေးခြင်း, နှောင်ဖွဲ့ခြင်း, သည်းခံခြင်းတို့၌ .... ၏၊ ဓာတုသညာဒိ - ဓာတ်အမည် အစရှိသော အစီ

---

(၅၂၇) တတ္ထ၊ ပေ၊ ဓာတုပစ္စယာနာမ—"အထ ဓာတုပစ္စယန္တာ ဝုစ္စန္တေ" ဟူသော ရှေးဝါကျ၌ "ဓာတုပစ္စယ" ပုဒ်ကို အဘယ်သို့ ဝိဂ္ဂြိုဟ်ပြု၍ အဘယ် ပစ္စည်းစုကို အရကောက်ရမည်နည်း-ဟု မေးဘွယ်ရှိသောကြောင့် "တတ္ထ၊ပေ၊ဓာတုပစ္စယာနာမ" ဟု မိန့်၊ ဤ၌"ဓာတွတ္ထေ နိဒ္ဒိဋ္ဌာ ပစ္စယာ" ဖြင့် ဝိဂ္ဂြိုဟ်ကိုပြ၍, "ခါဒိကာရိတန္တာ" ဖြင့် ဓာတုပစ္စယ၏ သရုပ်အရကိုပြသည်၊ ["ဓာတွတ္ထေ နိဒ္ဒိဋ္ဌာ ပစ္စယာ" ဟူသော ဝိဂ္ဂြိုဟ်အတိုင်း "ဓာတွတ္ထ နိဒ္ဒိဋ္ဌ ပစ္စယ" ဟု ဆိုသင့်လျက် နိဒ္ဒိဋ္ဌ ဟူသော အလယ်ပုဒ်ကိုရင်း, ဓာတွတ္ထ ဟူသောရှေ့ပုဒ်ဝယ် "အတ္ထ" ဟူသော နောက်ပုဒ်ကိုရင်း ချေ၍"ဓာတုပစ္စယ" ဟု ခေါ်သည်၊] ထို ဓာတုပစ္စယများကား ခပစ္စည်းအစ ကာရိတ် ပစ္စည်းအဆုံးရှိသော ပစ္စည်းများတည်း၊ နာမည် တူရာ ပေါင်း၍ တွက်လျှင် ရူပသိဒ္ဓိ၌ ၉ ပစ္စည်းသာရှိ၏။ ကစ္စည်း၌ကား အာရ—အာလထည့်၍ ၁၁ ပစ္စည်းရှိသည်၊တနည်း—ဓာတ်၏အနက်၌ ဖြစ်သောကြောင့် ဓာတ်ကဲ့သို့ ကြိယာအနက်ကို ဟောနိုင်ရကား "ဓာတုဘူတာ-ဓာတ်ဖြစ်၍ ဖြစ်ကုန်သော၊ ပစ္စယာ=ပစ္စည်းတို့တည်း၊ ဓာတုပစ္စယာ=ဓာတ်ဖြစ်၍ ဖြစ်သော ပစ္စည်းတို့" ဟု ဋီကာ၌ ဝိဂ္ဂြိုဟ် ပြသေး၏၊ ယို ဝိဂ္ဂြိုဟ်လည်း "သနာဒျန္တာဓာတဝေါ" ဟူသော ပါဏိနီသုတ်နှင့်ညီပေ၏၊ ထိုသုတ်က သန် (သ) စသည် ဆုံးသောသဒ္ဒါစုကို ဓာတ်ဟု အမည်မှည့်သည်။

**ဓာတ်အနက်ညွှန်ပြရပုံ။** ။တိဇဓာတ်သည်"သည်းခံခြင်းအနက်ရှိ၏၊ ခ ပစ္စည်း သက်သည့်အခါလည်း ခ အတွက်အနက်တမျိုးမထွက်တော့,တိဇဓာတ်၏အနက်ကိုပင် ထင်ရှားအောင် တွဲဘက်၍ ဟောပြ၏၊ မှန်၏—ခပစ္စည်း မသက်လျှင်"တေဇေတိ"ဟု ရုပ်ဖြစ်၍ "သည်းခံခြင်းအနက်" မထင်ရှား၊ "ဟေဇေတိ-ထက်မြက်၏,ဝါ-နှောင်ဖွဲ့၏"ဟုအခြားအနက်များနှင့်ရောယှက်နေဘွယ်ရှိ၏၊ခပစ္စည်းသက်မှသာ"တိဇ"ဓာတ်၏ သည်းခံခြင်းအနက် ထင်ရှားသည်၊ ဤသို့လျှင် ခ-ဆ-သ ပစ္စည်းတို့သည်(မူလဓာတ်နက်၌ တွဲဘက်၍ဟောပြသဖြင့်) ထိုဓာတ်နက်၌ပင် ညွှန်ပြရ-သက်ကြရသောကြောင့် ဓာတုပစ္စယ အမည်ရကြသည်။ ပဗ္ဗတာယတိ စသည်၌ "အာယ" စသော ပစ္စည်းများကား "ပဗ္ဗတ-တောင်ကဲ့သို့+အာယ—ပြုကျင့်" ဟုအာပုဗ္ဗစရဓာတ်၏အနက်၌ညွှန်ပြရ၏၊ထို အာပုဗ္ဗစရဓာတ်၏အနက်ကိုဟောကြသည်—ဟူလို၊ဏေ စသောကာရိတ်ပစ္စည်း

www.dhammaransi.com



[ဓာတ်အမည်မှည့်, ဓာတွန် ချေ-ဟူလို၊]ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာတိ ဣတော-မှ၊ ဓာတုဂ္ဂဟဏံ ဓာတုသဒ္ဒါသည်၊ အနုဝတ္တတေ-လျော်စွာလိုက်၏၊ ပရာတိ-ပရာ သဒ္ဒါသည်ရင်း၊ ပစ္စယာတိ စ-ပစ္စယာသဒ္ဒါသည်ရင်း၊ အဓိကာရော-ယှဉ်စပ်ထိုက်သော သဒ္ဒါတည်း၊ ဝါ-လိုက်သော သဒ္ဒါတည်း။

**တိဇ၊ပေ၊ခဆသာဝါ။** ။တိဇ ဂုပ ကိတ မာနဣတိ-တိဇ, ဂုပ, ကိတ, မာန ဟူကုန်သော၊ ဧတေဟိ ဓာတူဟိ-တို့မှ (နောက်၌)၊ ခဆသဣတိ-ခ,ဆ, သ ဟူကုန်သော၊ ဧတေပစ္စယာ-တို့သည်၊ ဝါ-စွာ၊ ဟောန္တိ၊....ဝဝတ္ထိတ ဝိဘာသတော-ကြောင့်၊ တိဇတော-တိဇ ဓာတ်မှ နောက်၌၊ ခန္တိယံဝ-သည်းခံခြင်း အနက်၌သာ၊ ခေါ-ခပစ္စည်းသည်သာ (ဟောတိ)၊ ဂုပတောတု-ဂုပဓာတ်မှ နောက်၌ကား၊ နိန္ဒာယံဝ-ကဲ့ရဲ့ခြင်း အနက်၌သာ၊ ဆဝ-ဆပစ္စည်းသည်သာ (ဟောတိ)၊ ကိတာ-ကိတဓာတ်မှ နောက်၌၊ သံသယ ရောဂါပနယနေသု ဧဝ

---

များလည်း ဓစခိုင်း တိုက်တွန်းခြင်း ဟူသော အဓိပ္ပါယ်သန ဥပသန ကြိယာ ဓာတ်နက်၌ ညွှန်ပြရ သက်ကြရ၏၊ ထို့ကြောင့် အာယ စသည်တို့၏ ဓာတုပစ္စယ (ဓာတ်၏အနက်၌ ညွှန်ပြအပ်သော ပစ္စည်း)ဖြစ်ကြောင်းမှာ သာ၍ ထင်ရှားပေသည်။

**ဓာတုလိင်္ဂေဟိ၊ပေ၊အဓိကာရော**—"ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"ဟု ဓာတု လိင်၂ မျိုးလုံးကို တပေါင်းထည်း တပုဒ်ထည်း ဆိုထားသော်လည်း တိဇဂုပစသည်တို့က ဓာတ်ဖြစ်သောကြောင့် ဓာတုသဒ္ဒါသာ လိုက်ဘို့ရာ သင့်လျော်၏၊ ထို့ကြောင့်"ဓာတုဂ္ဂဟဏံ အနုဝတ္တတေ"ဟု အနုသဒ္ဒါထည့်၍ ဆိုသည်၊ "ဓာတုသဒ္ဒါတခုသာ အရာအား လျော်စွာ လိုက်သည်"ဟူလို၊ ပရာ ပစ္စယာတို့ကား အာချာတ်ကိတ် ၂ ဌာနပင် ပစ္စည်း သက်မည့် သုတ်တိုင်းသို့ လိုက်ရမည်ဖြစ်သောကြောင့်"ပရာ ပစ္စယာတိစ အဓိကာရော" ဟု အဓိကာရသဒ္ဒါဖြင့် ဆိုသည်။

**တိဇတော ခန္တိယံခေါဝ**—တိဇဓာတ်သည် နိသာန အနက်၌ ဘူဝါဒိ စုရာဒိဂိုဏ်း, တေဇတိ တေဇေတိ တေဇယတိ—ထက်အောင် သွေး၏၊ ဗန္ဓနအနက်၌ ဘူဝါဒိဂိုဏ်း, တေဇတိ—နှောင်ဖွဲ့၏၊ ထိုအနက်များ၌ ခပစ္စည်းမသက်ရ, သည်းခံခြင်း (ခန္တိ-ခမာ) အနက်၌သာသက်ရမည်၊ ခန္တိယံဝ၌ ဧဝဖြင့်နိသာန ဗန္ဓနာ အနက်တို့ကိုကန့်၊ ဤတိဇ ဓာတ်နောင်လည်း ခပစ္စည်းသာ သက်ရမည်၊ ခေါဝ၌ ဧဝဖြင့် ဆ-သပစ္စည်းကိုကန့်၊ ဤသို့လျှင် ဓာတ်နက်ကိုရင်း ပစ္စည်းကိုရင်း ဝါသဒ္ဒါက သတ်မှတ်သည်၊ ထို့ကြောင့် ခေါဝမှ ဧဝကို"ခန္တိယံဝ"ဟု လိုက်စေ၊ နောက်ဓာတ်များ၌လည်း ဤနည်းပင်။

**နိန္ဒာယံ ဂုပတောတုဆ**—ဂုပဓာတ်သည် ဘူဝါဒိဖြစ်မှ စောင့်ရှောက်ခြင်းအနက် ရှိ၏၊ ဂေါပတိ-စောင့်ရှောက်၏၊ဒိဝါဒိဖြစ်မှ"ဂုပ္ပတိ-ရောထွေး ရှုပ်ထွေး၏"ဟု ဗျာကုလ (ရှုပ်ထွေးခြင်း) အနက်၌လည်းဖြစ်၏၊ စုရာဒိဖြစ်မှ "ဂေါပေတိ-ထွန်းပ၏"ဟု ဒိတ္တိ

www.dhammaransi.com



ရောဂါပနယနေသု ဧဝ-ယုံမှားခြင်း, ရောဂါကို ပယ်ခြင်း အနက်တို့၌သာ၊ ဆောဝ-ဆ ပစ္စည်းသည်သာ (ဟောတိ)၊ မာနမှာ-မာနမာတ်မှ နောက်၌၊ ဥပဓာရဏေ ဧဝ-စုံစမ်းခြင်း အနက်၌သာ၊ သောဝ-သ ပစ္စည်းသည်သာ (ဟောတိ)။

---

အနက်၌လည်း ရှိ၏၊ ထိုအနက်တို့၌ ဆ ပစ္စည်း မသက်ရ, နိန္ဒာ အနက်၌သာ ဂုပ မာတ်နောင် ဆပစ္စည်းသာ သက်ရမည်။

**ကိတာ ဆော**—ဤ၌ဓာတ်နက်ကို မပြသော်လည်း ဋီကာ၌ "သံသယ ရောဂါပန ယေသု"ဟု ပြ၏၊ ဉာဏ-သိခြင်း, ဇိဃစ္ဆာ-လိုချင်ခြင်း, ဝါသ-နေခြင်း အနက်တို့၌လည်း ဖြစ်၏၊ ထိုအနက်များ၌ ဆ ပစ္စည်း မသက်ရ, "ဝိစိကိစ္ဆတိ-ယုံမှား၏, တိကိစ္ဆတိ-ဆေးကု၏"ဟု သံသယ အနက်-ရောဂါပနယန အနက်တို့၌သာ ဆပစ္စည်းသာ သက်ဟု သတ်မှတ်သည်။

**သောဝ မာနမှာ**—ဤ၌လည်းဓာတ်နက်မပါ၊ဋီကာ၌"ဥပ ဓာရဏတ္ထေ"ဟုဖွင့်၏၊ မာနဓာတ်သည် ဘူဝါဒိ စုရာဒိ ဖြစ်မှု "မာနတိ မာနေတိ-ပူဇော်၏"ဟု ပူဇာအနက်၌ ဖြစ်၏၊ စုရာဒိ သက်သက်ဖြစ်မှု "မာနေတိ-မြတ်နိုး၏"ဟု ပေမန-ချစ်ခင် မြတ်နိုးခြင်း အနက်၌ ဖြစ်၏၊ ထိုအနက်တို့၌ သပစ္စည်း မသက်ရ, ဥပဓာရဏ-စူးစမ်း နှိုင်းချိန်ခြင်း အနက်၌သာ သပစ္စည်းသာ သက်ရမည်။

ဗီဘစ္ဆတိ — နိန္ဒာ အနက်ကို ဟောသော ဗဓ နောင် ဆပစ္စည်း သက်၍ [ဗ ဒွေဘော်ပြု, အဗ္ဘာသ ဗ၏ အ ကို အန္တသိဝဏ္ဏာကာရောဝါဖြင့် (ဤ)ပြု, သုတ်ကြီးဖြင့် အဗ္ဘာသနောင် ဗ ကို ဘ ပြု, အသဒိသ ဒွေဘော်လာ၍] "ဗီဘစ္ဆတိ-စက်ဆုပ်၏, ဗီဘစ္ဆာ-စက်ဆုပ်ခြင်း"ဟု ဖြစ်၏၊ မောဂ္ဂလ္လာန်၌ "နိန္ဒာယံ ဂုပ ဗဓာ ဗဿ ဘောစ"ဟု ခါဒိကဏ္ဍ၌ သုတ်တည်သည်၊ အဋ္ဌကထာ ဋီကာတို့၌ "ဗီဘစ္ဆံ" နေရာဝယ်"ဝိဂစ္ဆံ=ဝိဗစ္ဆံ"ဟု ပါဌ်ပျက်တတ်ကြောင်းကို မောဂ္ဂလ္လာန် နိဿယသစ်မှာ မိန့်၏၊ ထို့ကြောင့် ရူပသိဒ္ဓိဂါထာကို အောက်ပါအတိုင်း ပြင်သင့်၏။

တိဇတော ခန္တိယံ ခေါ၀, နိန္ဒာယံ ဆော ဗဓာဂုပါ၊
ကိတာ ဆော သံသယေစေ၀, ရောဂါပနယနေ ပိစ၊
ဥပဓာရေ မာနမှာ သော, ဝဝတ္ထိတ ဝိဘာသတော။

ဝဝတ္ထိတ ဝိဘာသတော-ကြောင့်ပေ၊ ဗဓာ-ဗဓ ဓာတ်မှ နောက်၌ရင်း၊ ဂုပါ-မှ နောက်၌ရင်း၊ နိန္ဒာယံဝ-သာ၊ ဆောဝ-သာ၊ ဟောတိ-၏၊ ကိတာ-၌၊ သံသယေစေဝ-ယုံမှားခြင်းအနက်၌ရင်း၊ရောဂါပနယနေပိစ-ရောဂါပျောက်မှုဆေးကုခြင်းအနက်၌ရင်း၊ ဆောဝ—သာ၊ ဟောတိ—၏၊ မာနမှာ—၌၊ ဥပဓာရေဧဝ—စုံစမ်းခြင်း အနက်၌သာ၊ သောဝ-သ ပစ္စည်းသည်သာ၊ ဟောတိ-၏။

www.dhammaransi.com



(၅၂၈) ကစ္စာဒိဝဏ္ဏာန မေကာသဃရာနံ ဒွေဘာဝေါတိ – သုတ်ဖြင့်၊ ဓာတွာဒိဿ-ဓာတ်၏ အစဖြစ်သောတိ၏၊ ဒွေဘာဝေါ - ဒွေဘော်လာ၊ ဗျဉ္ဇ-နန္တဿာတိ-ဗျဉ္ဇနန္တဿပုဒ်သည်၊ ဝတ္တမာနေ-သော်။

**ကော ခေစ။** ။ပရေ ခပစ္စယေ, ဓာတွန္တဿ-သော၊ ဗျဉ္ဇနဿ - ၏၊ ကကာရာဒေသော–ကအပြုသည်၊ **ဟောတိ။**

(၅၂၉) တိတိက္ခ ဣတိ-တိတိက္ခ ဟူ၍၊ ဌိတေ-တည်ပြီးသော်၊ ဓာတုဝိဟိတာနံ–ဓာတ်မှနောက်၌ စီရင်အပ်ကုန်သော၊ တျာဒိ ဝိဘတ္တီနံ-တိ အစရှိသော ဝိဘတ်တို့၏၊ အဓာတုတော-ဓာတ် မဟုတ်သော ပစ္စည်းမှ(နောက်၌)၊ အပဝတ္တိယံ–မဖြစ်ခြင်းသည် (သတိ-သော်၊) အာဟ-၍ ပရိဘာသာသုတ်ကို မိန့်ပြီ။

**ဓာတု ပစ္စယေဟိ ဝိဘတ္တိယော။** ။ဓာတွတ္ထေ–၌၊ နိဒ္ဒိဋ္ဌေဟိ-ကုန်သော၊ ခါဒိ ကာရိတန္တေဟိ - ခ အစရှိကုန် ကာရိတ်အဆုံးရှိကုန်သော၊ ပစ္စယေဟိ-ပစ္စည်းတို့မှ (နောက်၌)၊ တျာဒယော – တိ အစရှိကုန်သော၊ ဝိဘတ္တိယော ဟောန္တိ၊ ပုရေ ဝိယ-ရှေး၌ကဲ့သို့(ဘဝတိ စသော ရုပ်များကဲ့သို့)၊ ဝတ္တမာနာဒယော – ဝတ္တမာန် အစရှိသော ဝိဘတ်တို့ကို၊ ယောဇေတဗ္ဗာ – ယှဉ်စေထိုက်ကုန်၏၊ အတိဝါကျံ – လွန်မိုး၍ဖြစ်သော စကားကို၊ ဝါ – ကြမ်းတမ်းသော စကားကို၊တိတိက္ခတိ–သည်းခံ၏၊ တိတိက္ခန္တိ-န်၏၊ ကမ္မေ–၌၊ တိတိက္ခီယတိ-

---

(၅၂၉) [ခစသော ဓာတု ပစ္စယတို့ ဝိဘတ်မသက်မီ (ဝိဘတ် အလျင်) သက်ရခြင်း၏အကြောင်းကို အခြေပြု၍ပြခဲ့ပြီ၊ ] "တိတိက္ခ"ဟုဖြစ်သည့်အခါ ခပစ္စည်းဆုံးလျက်ရှိ၏၊ တိ စသော ဝိဘတ်များ၏ ထုံးစံမှာလည်း ဓာတ် နောက်၌သာ သက်လေ့ရှိ၏၊ ထို့ကြောင့် ပစ္စည်းနောက်၌ တိစသော ဝိဘတ်တို့ မသက်နိုင်သကဲ့သို့ ဖြစ်နေသည်ကို "အဓာတုတော အပဝတ္တိယံ=ဓာတ်မဟုတ်သော ပစ္စည်းနောင် မဖြစ်လတ်သော်"ဟု ဆိုသည်။ [ "အပဝတ္တိယံ"ဟု ဆိုသောကြောင့် တကယ့်ကို မသက်နိုင်-ဟု မမှတ်လင့် ထုံးစံမကျ၍ မသက်နိုင်သလို ဖြစ်နေသည်ကို "အပဝတ္တိယံ"ဟု ဆိုသည်၊ ] ဤသို့ မသက်နိုင်သလို ဖြစ်နေသောကြောင့် "ဓာတု ပစ္စယေဟိ ဝိဘတ္တိယော"ဟူသော ပရိဘာသာ သုတ်ကို မိန့်ရပြန်သည်၊ ထို ပရိဘာသာ သုတ်အရ ခ စသော ဓာတု ပစ္စယတို့နောင် တိ စသော ဝိဘတ်များ သက်နိုင်ကြောင်း သိရသည်။

**တိတိက္ခတိ**—တိတိက္ခဟု ဖြစ်ပြီးနောက် တိဝိဘတ်သက်ရုံဖြင့် " တိတိက္ခတိ " ရုပ်ပြီး၏၊ပစ္စည်းသက်ဘွယ်မလို့,ဘုဇာဒိဂိုဏ်း တမျိုးဖြစ်၍ အပစ္စည်းမသက်ရ-ဟု အာယ နာမတော သုတ်ဋီကာ၌ဆိုသည်၊မောဂ္ဂလ္လာန်၌မူ အပစ္စည်းနှင့်တူသော"လ"ပစ္စည်းကို ခါဒိ ကာရိတန္တ ပစ္စည်းအားလုံးနောင်သက်သေး၏၊ဓာတ်ကျမ်းတို့၌လည်းသည်းခံခြင်း

www.dhammaransi.com



သည်းခံအပ်၏၊တထာ–ပါး၊တိတိက္ခတု–လော၊ပေ၊အတိတိက္ခိ–ပြီ၊ အတိတိက္ခိတ္ထ (အဇ္ဇတနီ အတ္တနောပုဒ် အာကို တ္ထပြု)–ပြီ၊တိတိက္ခိဿတိ–လတ္တံ့၊ အတိတိက္ခိဿ–ရာပြီ၊ ဣစ္စာဒိ၊ ခပစ္စယာဘာဝေ–ခပစ္စည်းမဖြစ်လတ်သော်၊ အပစ္စယဿ–အပစ္စည်း၏၊ ကောရော–ပြု၊ [ဘူဝါဒိ အပစ္စည်းကို ပြု၊] တေဇေတိ–ထက်အောင်သွေး၏၊ တေဇတိဝါ–လည်းရှိ၏၊ တေဇေန္တိ–န်၏၊ ဣစ္စာဒိ–တည်း။

(၅၃၀) ဂုပ=ဂေါပနေ - စောင့်ရှောက်ခြင်း၌....၏၊ ဆ ပစ္စယေ–ဆ ပစ္စည်းကြောင့်၊ [သီမူ၌“ယေ”ဟုရှိ၏၊] ဒွိဘာဝေါ–လာ၊ ပုဗ္ဗာဗ္ဘာသောတိ–သုတ်ဖြင့်၊ အဗ္ဘာသ သညာ–မှည့်၊ အဗ္ဘာသဿာတိ–ပုဒ်သည်၊ ဝတ္တမာနေ–သော်၊ အန္တဿိ ဝဏ္ဏာကာရောဝါတိ–သုတ်ဖြင့်၊ အဗ္ဘာသန္တဿ–အဗ္ဘာသ၏ အဆုံးသရ၏၊ ဣကာရော–ဣပြု၊ [“ဂုဂု”ဟု ရှိရာ၌ အဗ္ဘာသ မည်သော ရှေ့ဂု၏ ဥကို ဣပြု၊] ကဝဂ္ဂဿ စဝဂ္ဂေါတိ–သုတ်ဖြင့်၊ အဗ္ဘာသ ဂကာရဿ–အဗ္ဘာသ ဂ အက္ခရာ၏၊ ဇကာရော–ဇ လည်းပြု။

**ဗျဉ္ဇနန္တဿ စော ဆပ္ပစ္စယေသု**။ ။ပရေသု–န်သော၊ ဆပ္ပစ္စယေသု–ဆပစ္စည်းတို့ကြောင့်၊ ဓာတွန္တဿ–သော၊ ဗျဉ္ဇနဿ–ဗျည်း၏၊ [“ဂုပ်”၌“ပ်”ဝယ် သရ မရှိသောကြောင့် “ဗျဉ္ဇနဿ”ဟု ဆိုသည်၊] စကာရာဒေသော–စ အပြုသည်၊ ဟောတိ၊ ....တတော–ထိုမှနောက်၌၊ ဝိဘတ္တိယော–တို့သည်၊ (ဟောန္တိ)၊ ကာယံ–ကိုယ်ကို၊ ဇိဂုစ္ဆတိ–ကဲ့ရဲ့၏၊ ဝါ–စက်ဆုပ်၏၊ ဇိဂုစ္ဆန္တိ၊ သေသံ–ကြွင်းသောရုပ်အပေါင်းသည်၊ ပုရိမသမံ–ရှေးနှင့်တူ၏၊ [“တိတိက္ခ–

---

အနက်ဟော တိဇစသောဓာတ်ကို ခန္တိစသော အနက်၌ ဘူဝါဒိဟု ဆို၏၊ ဘူဝါဒိ ဖြစ်လျှင်လည်း “ဘူဝါဒိတော အ”သုတ်ဖြင့် ဝိကရဏ(အ)ပစ္စည်းသက်ဦးမှသင့်မည်။

(၅၃၀) ဂုပ=ဂေါပနေ—စောင့်ရှောက်ခြင်း“ဂေါပန”အနက်ကိုဟောရာ၌ ဆ ပစ္စည်း မသက်သောကြောင့်“ဂေါပနေ”ဟူသော ဓာတ်နက်ကိုဓာတ်အမည်မှည့်ဘို့ လောက်သာ ရည်ရွယ်၍ ဆိုအပ်သော အနက်ဟု မှတ်၊ ဇိဂုစ္ဆတိနှင့် လျော်အောင်ကား “ဂုပ=နိန္ဒာယံ”ဟု ဓာတ်နက် ဆိုရမည်။

**ဆပ္ပစ္စယေသု ပရေသု**—ဆ ပစ္စည်း တမျိုးထည်းဖြစ်ပါလျက် အဘယ့်ကြောင့် “ဆပ္ပစ္စယေသု”ဟု ဗဟုဝုစ်ဖြင့်ဆိုပါသနည်းဟု မေးဘွယ်ရှိ၏၊အဖြေကား–“ဝစ္ဆတိ–နေလတ္တံ့၊ မုစ္ဆတိ–လွတ်လတ္တံ့၊ ရုစ္ဆတိ–ငိုလတ္တံ့”စသည်၌ ဿတိစသော ဝိဘတ်၏ အစိတ်ဖြစ်သော ဿကို ပြုထားသော “ဆ”ရှိ၏၊ ထိုဆတို့ကိုလည်း ယူစေလိုသော

www.dhammaransi.com



ယတေ, တိတိက္ခတု-စသည်ကဲ့သို့ "ဇိဂုစ္ဆယတေ, ဇိဂုစ္ဆတု-စသည်ဖြင့် တူပြီ-ဟူလို၊] ဆာဘာဝေ-ဆ ပစ္စည်း မဖြစ်ရာ၌၊ ဂေါပေတိ-စောင့်ရှောက်၏၊ ဂေါပေန္တိ၊ [ဘူဝါဒိအ ပစ္စည်းကို ပြေ၊] ဣစ္စာဒိ။

(၅၃၁) ကိတ=ရောဂါပနယနေ၊ အနာကိုပယ်ခြင်း၌၊ ဝါ-ဆေးကုခြင်း၌....၏၊ ဆပ္ပစ္စယော-ဆ ပစ္စည်းသက်၊ ဒွိတ္တာဒွ-ဒွေဘော်လည်းလာ၊ အဗ္ဘာသဂ္ဂဟဏံ-သည်၊ အနုဝတ္တတေ-၏။

မာန၊ ပေ၊ တတ္တံဝါ။ ။အဗ္ဘာသဂတာနံ-န်သော၊ မာန ကိတ ဣတိ-မာန, ကိတ ဟူကုန်သော၊ ဓေတေသံ ဓာတူနံ, ယထာက္ကမံ, ဝကာရ တကာရတ္တံ-ဝ အဖြစ်, တအဖြစ်သည်၊ ဝါ ဟောတိ၊ ဣတိ-ဤသုတ်ဖြင့်၊ တကာရော-တပြု၊ ဓာတွန္တဿ-၏၊ စကာရော-စပြု၊ သေသံ-ကြွင်းသော အစီအရင်သည်။ သမံ-တူ၏၊ [တိတိက္ခတိ စသည်နှင့် တူပြီ-ဟူလို၊] ရောဂံ-ရောဂါကို၊ တိကိစ္ဆတိ-ကု၏၊ တိကိစ္ဆန္တိ ဣစ္စာဒိ၊ တကာရာ ဘာဝေ-တ အပြု မဖြစ်ရာ၌၊ ကဝဂ္ဂဿ စဝဂ္ဂေါတိ-သုတ်ဖြင့်၊ စကာရော-စပြု၊ ဝိစိကိစ္ဆတိ-ယုံမှား၏၊ ဝိစိကိစ္ဆန္တိ ဣစ္စာဒိ။

(၅၃၂) မာန=ဝီမံသ ပူဇာသု-စူးစမ်းခြင်း, ပူဇော်ခြင်းတို့၌....၏၊ သပစ္စယ ဒွိဘာဝ ဤကာရ ဝကာရော-သပစ္စည်း, ဒွေဘော်, ဤအက္ခရာ,

---

ကြောင့်"ဆပ္ပစ္စယေသု"ဟုဆိုထားသည်၊မြန်မာမူ၌"ဆပ္ပစ္စယေ ပရေ"ဟု ကေဝုစ်ရှိ၏၊ ဆင်ခြင်၊ [ဆပ္ပစ္စယေသူတိ ဧတ္ထ ဗဟုဝစနေန ဝစ္ဆတိတျာဒီသု ပစ္စယေကဒေသဘူတဿ (ဿတိ စသော ဝိဘတ်ကိုပင်"ပစ္စယ"ဟု ဆိုထားသည်၊) အာဒေသဿာပိ ဂဟဏံ ဝေဒိတဗ္ဗံ-ဋီကာ။]

မှတ်ချက်။ ။တိဇဂုပသုတ်-ဘုဇဃသသုတ်တို့ဖြင့် သက်သော ဆပစ္စည်း ၂-မျိုးကို ယူစေလိုသောကြောင့်"ဆပ္ပစ္စယေသု"ဟု ဗဟုဝုစ် ဆိုရကြောင်းကို နိဒ္ဒေသဆို၏၊ဆပစ္စယေသု-ဟု ဆိုသောကြောင့် အာဒေသ ဆ ကို တားမြစ်၏-ဟုလည်း ဖွင့်၏၊ သို့သော် ဝစ္ဆတိ စသည်၌ အာဒေသ (ဆ) နှောင်းလျက် ပြုသောကြောင့် ထိုစကားကို စဉ်းစား သင့်သည်။

(၅၃၁) ဝိစိကိစ္ဆတိ—ဝိပုဗ္ဗ ကိတ, ဆ, ဒွေဘော်ပြု (ဝိ ကိ ကိတ်ဆ) ရှေ့ကိကို အဗ္ဘာသ မှည့်၍ ကကို စပြု, ဓာတွန်(တ်)ကို စပြု, တိဝိဘတ် အပစ္စည်း သက်၍ "ဝိစိကိစ္ဆတိ"ဟု ဖြစ်၏၊ ဤကိတဓာတ်ကား သံသယတ္ထတည်း၊ ထို့ကြောင့် ဋီကာ၌ "ဝိစိကိစ္ဆတိ-သံသယ မာပဇ္ဇတိ"ဟုဖွင့်သည်၊ ဝိ မပါဘဲ"စိကိစ္ဆတိ—ဆေးကု၏"ဟုလည်း ရှိ၏၊ ["ဝိဂတာ စိကိစ္ဆာ(ဉာဏ်ဖြင့် ကုစားခြင်းမှ+ကင်းသော)တိ,ဝိစိကိစ္ဆာ" အဋ္ဌသာလိနီ။]

www.dhammaransi.com



ဝအက္ခရာတို့သည်၊ (ဟောန္တိ)။ [“မာမာန်သ”ဟု ဖြစ်သည့်အခါ အန္တသိဝဏ္ဏာကာရောဝါဖြင့် အဗ္ဘာသ မာ၏အာကို (ဤ)ပြု၊ မာန ကိတာန်စသော သုတ်ဖြင့် မကို ဝပြု။]

**တတော ပါမာနာနံ၊ ပေ၊ သေသု။** ။ပရေ — သော၊ သပစ္စယေ — သပစ္စည်းကြောင့်၊ တတော အဗ္ဘာသတော — ထို အဗ္ဘာသမှ၊ ပရာသံ - ကုန်သော၊ ပါမာနာနံ-ပါ, မာနဟူကုန်သော၊ ဓာတူနံ - တို့၏၊ ဝါမံ ဣတိ- ဝါ, မံ ဟူကုန်သော၊ ဧတေ အာဒေသာ, ယထာက္ကမံ ဟောန္တိ၊ သေသူတိ- သေသု ဟူ၍၊ ဗဟုဝစန နိဒ္ဒေသော-ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းသည်၊ ပယောဂေပိ-ပြယုဂ်၌လည်း၊ ဝစန ဝိပလ္လာသ ဉာပနတ္ထံ-ဝုစ်ဖေါက်ပြန်ခြင်းကို သိစေရခြင်းအကျိုးရှိ၏၊ အတ္ထံ – အနက်ကို၊ ဝါ – အကျိုးကို၊ ဝိမံသတိ - စူးစမ်းဆင်ခြင်၏၊ ဝိမံသန္တိ ဣစ္စာဒိ၊ အညတ္ထ-ဝိမံသာ အနက်မှ အခြားသောအနက်၌၊[“ပူဇာအနက်၌”ဟူလို၊] လောပဠေတ္တ မကာရောတိ-သုတ်ဖြင့်၊ အပစ္စယဿ- အပစ္စည်း၏၊ ကောရော - ငပြု၊ မာနေတိ-မြတ်နိုး ကော်ရော် ပူဇော်၏၊ မာနေန္တိ။

---

(၅၃၂) **ပါမာနာနံ ဓာတူနံ**—ဋီကာ၌ “ပါစ+မာစ=ပါမာ၊ တေသံ” ဟု ဆိုသောကြောင့်သုတ်၌ “ပါမာနံ” ဟုသာ ရှေးမူရှိဟန်တူ၏။ [သီဟိုဠ် မူ၌လည်း “ပါမာနံ”ဟုပင်ရှိသည်၊] မာသည် မာနဓာတ်၏ တစိတ်သာမဟုတ်ပါလော,အဘယ့် ကြောင့် မာဓာတ်ဟု ဆိုရသနည်းဟု မေးဘွယ်ရှိသောကြောင့် “ဓာတွေ-ကဒေသတ္တာ ဓာတု ဝေါဟာရေန”ဟုဋီကာမိန့်ပြန်သည်၊ ဤသို့ ရှေးမူ၌“ပါမာနံ”ဟု ရှိဟန်တူသော်လည်း မံပြုသည့်အခါ မာနဓာတ်ကိုသာ ပြုသောကြောင့် ယခုရှိသော “တတော ပါမာနာနံ ဝါမံသေသု”ပါဌ်သာ ရှင်းလင်းသည်။

**ဝိဝါသတိ**—စာကိုယ်၌ ဝါသဒ္ဒါလိုက်ပုံကို မပြသော်လည်း ဋီကာ၌ “အန္တသိ ဝဏ္ဏာ ကာရောဝါ”သုတ်မှ ဝါသဒ္ဒါကို လိုက်စေရမည်၊ ထိုဝါသဒ္ဒါကြောင့် (တနည်း၊ “တဒနုပရောဓေန”ဟူသော ပရိဘာသာကြောင့်) ပါကို ဝါပြုခြင်းသည် ဝိကပ် သာ တည်း၊ ထို့ကြောင့် “ဝိပါသတိ”ဟု ဝါမပြုဘဲလည်း ရုပ်ပြီးသည်။

**သေသူတိ၊ပေ၊ ဉာပနတ္ထံ** —သပစ္စည်း တမျိုးထည်းသာ ဖြစ်သောကြောင့် “သေ”ဟု ဧကဝုစ်ဖြင့် ဆိုသင့်လျက် မဆိုဘဲ “သေသု”ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းသည် ပါဠိပြယုဂ်များ၌လည်း(ဧကဝုစ်မှ ဗဟုဝုစ်, ဧကဝုစ်မှလည်း ဧကဝုစ်ပြန်ခြင်း ဟူသော) ဝစန ဝိပလ္လာသ ရှိသည်ဟု သိစေရခြင်းအကျိုးရှိသည်။ [ပယောဂေပိ၌ အပိဖြင့် သုတ်ကို ဆည်း၏၊ ထို့ကြောင့်သုတ်၌ “သေသု”ဟူသော ဗဟုဝုစ်လည်း ဝစန ဝိပလ္လာသပင် ဖြစ်သည်—ဟူလို။]

www.dhammaransi.com



(၅၃၃) ဘုဇ = ပါလန ဗျဝဟရဏေသု-တို့၌…၏၊ [ရုဓာဒိ၌ပြခဲ့ပြီ၊] ဘောတ္တုံ-စားခြင်းငှါ၊ ဣစ္ဆတိ-လိုလား၏၊ (အလိုရှိ၏)၊ ဣတိအတ္ထေ-၌၊ ["ခဆသ ဣစ္ဆတေ ပစ္စယာ"၌ စပ်၊] ခဆသာတိ – ခဆသာပုဒ်သည်ရင်း၊ ဝါတိစ-ရင်း၊ ဝတ္တတေ၊ [သိမူ၌ "ခဆသာ, ဝါတိစ" ဟုရှိသည်။]

**ဘုဇဃသ၊ ပေ၊ တုမိစ္ဆတ္ထေသုစ။** ။[သိမူ၌ 'သုစ' ဟု အနုကစုန စသဒ္ဒါ ပါ၏၊ ထို စဖြင့် ခ-ဆ-သဝါ တို့ကို ငင်၏၊ ငင်ရကျိုးကို ပုဗ္ဗာစ သုတ်အတိုင်း သိပါ။] ဘုဇ ဃသ ဟရ သု ပါ ဣစ္စေဝ မာဒီဟိ-ဘုဇ, ဃသ, ဟရ, သု, ပါ အစရှိကုန်သော။ ဓာတူဟိ-ဓာတ်တို့မှ (နောက်၌)၊ တုမိစ္ဆတ္ထေသုစ – တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၏ အနက်တို့၌လည်း၊ ခ ဆ သ ဣတိ ဧတေ ပစ္စယာ, ဝါ ဟောန္တိ-ဝိကပ်ဖြစ်ကုန်၏။

တုမိစ္ဆာနံ – တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၏ ၊အတ္ထာ - အနက်တို့တည်း၊ တုမိစ္ဆတ္ထာ-တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၏ အနက်တို့၊ ဝါ-တနည်း၊ တုမန္တ ယုတ္တ ဣစ္ဆာယ-တုံ ပစ္စယန္တပုဒ်နှင့် ယှဉ်သော ဣစ္ဆာသဒ္ဒါ၏၊ အတ္ထာ-တို့တည်း၊ တုမိစ္ဆတ္ထာ – တုံပစ္စယန္တပုဒ်နှင့် ယှဉ်သော ဣစ္ဆာ သဒ္ဒါ၏

---

(၅၃၃) တုမိစ္ဆာနံ၊ ပေ၊ တုမိစ္ဆတ္ထာ—ကား သုတ်၌ "တုမိစ္ဆတ္ထေသု" ၏ ဝိဂ္ဂဟတည်း၊ ဤ၌ဣစ္ဆာသဒ္ဒါ၏အနက်ဟူသည်"ဣသု=ဣစ္ဆာကန္တီသု"အရလိုလားခြင်း နှစ်သက်ခြင်း အနက်တည်း၊ ပဌမနည်းအလို "တုံစ+ဣစ္ဆာစ တုမိစ္ဆာ (တုံပစ္စည်း, ဣစ္ဆာသဒ္ဒါတို့)"ဟု အသမာဟာရဒွန်တွဲပြီးနောက်"တုမိစ္ဆာနံ+အတ္ထာတုမိစ္ဆတ္ထာ" ဟု ဆဋ္ဌီ တပ္ပုရိသ် တွဲစေလိုသည်၊ ဤနည်းအရ "ဘောတ္တုံ+ဣစ္ဆတိ"၌ တုံပစ္စည်းနှင့် ဣစ္ဆာ သဒ္ဒါ၏ အနက်ဖြစ်သော "ငှါ+လို" ဟူသော အနက်ဝယ် ခ ပစ္စည်းသက်၏၊ "ဗုဘုက္ခတိ—စားခြင်းငှါ လိုလား၏၊ ဝါ-စားလို၏" ဟု အနက်ပေး။ [သိမူဝယ် "တုမိစ္ဆာနံ" ဟုမရှိဘဲ" တုံယုတ္တ ဣစ္ဆာနံ" ဟုရှိ၏၊ ဣစ္ဆာနံ ဟူသော ဗဟုဝုစ်ကို ထောက်လျှင် "တုမိစ္ဆာနံ"ဟု ဒွန်ရှိမှ ဋီကာနှင့်လည်း ညီ,ကောင်းလည်း ကောင်း— ဒုတိယနည်းနှင့်လည်း ကွဲသည်၊] ဒုတိယနည်း၌" တုမန္တယုတ္တာနံ ဣစ္ဆာယ"ဟုပါ၌ ပျက်၏၊ ဋီကာ၌လည်း တုမန္တ ယုတ္တ ဣစ္ဆာဧဝ ဝါ"ဟု ပါဌ်ပျက်၏၊ "တုမန္တယုတ္တ ဣစ္ဆာယ ဝါ" ဟု ပါဌ်မှန်ရှိစေ၊ တုမိစ္ဆာ၌ တုံဖြင့် တုံပစ္စည်းကိုသာ မယူဘဲ တုံပစ္စည်း အဆုံးရှိသော "ဘောတ္တုံ"စသည်ကို ယူစေလို၍"တုမန္တ ယုတ္တ (တုံ+အန္တယုတ္တ— တုံအဆုံးရှိသောပုဒ်နှင့်ယှဉ်သော)" ဟု ဆိုသည်။ [အစိတ်ဖြင့်အပေါင်းကိုယူရသော ဧကဒေသူပစာနည်းတည်း၊] တုံယုတ္တာ+ဣစ္ဆာ တုမိစ္ဆာ=ဟု ကမ္မဓာရဲတွဲ,ယုတ္တ ပုဒ်ကြေ၊ တုမိစ္ဆာယ-တုံပစ္စယန္တပုဒ်နှင့်ယှဉ်သော ဣစ္ဆာသဒ္ဒါ၏၊ အတ္ထာ-တို့တည်း၊ တုမိစ္ဆတ္ထာ—တို့ဟုတွဲ၊ ဤနည်းအလို တုံပစ္စယန္တပုဒ်၏ အနက်၌ ခ ပစ္စည်းသက်သည် မဟုတ်, တုံပစ္စယန္တပုဒ်နှင့်ယှဉ်သော ဣစ္ဆာသဒ္ဒါ၏ "အလို"ဟူသော အနက်၌သာ

www.dhammaransi.com



အနက်တို့၊ တေနႈ - ထို့ကြောင့်။ တုမန္တရဟိတေသု - တုံပစ္စယန္တ ပုဒ်မှ ကင်းကုန်သော၊ ဘောဇန မိစ္ဆတိတျာဒိသု-ဘောဇန မိစ္ဆတိ အစရှိသော ပြယုဂ်တို့၌၊ [မြန်မာမူ၌ "ဃဋ္ဌကရဏ မိစ္ဆတိတျာဒိသု" ဟုရှိ၏၊] နဟောန္တိ -ခ,ဆ,သ ပစ္စည်းတို့ မဖြစ်ကုန်၊ [မြန်မာမူ၌ "ဝါ" သည်အပို။]

ဝုတ္တတ္ထာန မပ္ပယောဂေါတိ - ဟူ၍ ပရိဘာသာ လာခြင်းကြောင့်၊ ဝါကျဿ-ဝါကျကို၊ အပ္ပယောဂေါ၊ မယှဉ်စေရခြင်းသည်၊ ဝါ-မသုံးစွဲရခြင်းသည်၊ ဟောတိ၊ ဓာတွာဒိဿ-ဓာတ်၏ အစ၏၊ ဒွေဘာဝေ-ကို၊ ကတေ-သော်၊ ဒုတိယစတုတ္ထာနံ ပဌမတတိယာတိ-သုတ်ဖြင့်၊ အဗ္ဘာသ ဘကာရဿ-အဗ္ဘာသဘ၏၊ ဗကာရော-ဗပြု၊ ခါတွန္တဿ-ခါဘွန် (ဇ်) ၏၊ ကောခေစာတိ-သုတ်ဖြင့်၊ ကကာရော-ကပြု၊ ဗုဘုက္ခတိ- စားလို၏၊ ဝါ-စားချင်၏၊ ဗုဘုက္ခန္တိ ဣစ္စာဒိ။ [အ ပစ္စည်း အာ ပစ္စည်း သက်လျှင် "ဗုဘုက္ခာ" တိ ပစ္စည်းသက်လျှင် "ဗုဘုက္ခိတော" ဟု ကိတ်နာမ်သည်း ဖြစ်၏၊] ဝါတိ-သည်၊ ကိမတ္ထံ-နည်း၊ ဘောတ္တုံ မိစ္ဆတိ- တို့၌ တားမြစ် ရခြင်း အကျိုးရှိ၏။ [ဝါသဒ္ဒါက ဝိကပ်အနက်ရှိသောကြောင့် ဗုဘုက္ခတိ အပြင် ခပစ္စည်း မသက်ဘဲ "ဘောတ္တုံ ဣစ္ဆတိ" ဟု ဝါကျအတိုင်းလည်း

---

ခပစ္စည်းသက်သည်၊ သို့သော်အနက်ပေးပုံမှာ (ရှေ၌ တုံပစ္စယန္တရှိရသေးသောကြောင့်) ပဌမနည်းနှင့်မတူးပြီ။ ["ဣစ္ဆာယ" သည် အနုကရဏ သဒ္ဒါတည်း၊ ထို့ကြောင့် "လိုချင်ခြင်း၏" ဟု မပေးဘဲ "ဣစ္ဆာသဒ္ဒါ၏" ဟု ပေးနိုင်၏၊ အပရိစ္စတ္တာနုကရဏဖြစ် သောကြောင့် "ဣစ္ဆာယ" ဟုမထားဘဲ "ဣစ္ဆာယ" ဟု မူလလိန်အတိုင်းထားသည်။]

**တေန တုမန္တ၊ ပေ၊ နဟောန္တိ**—တေန–ထိုသို့ တုံပစ္စည်း ဣစ္ဆာသဒ္ဒါတို့၏ အနက်,သို့မဟုတ် တုံပစ္စယန္တနှင့် ယှဉ်သော ဣစ္ဆာသဒ္ဒါ၏ အနက်တို့၌ ခ-ဆ-သတို့ သက်သောကြောင့် "ဘောဇနံ+ဣစ္ဆတိ"၌ ဣစ္ဆာအနက်ရှိသော်လည်း တုံပစ္စည်း၏ အနက်လည်း မပါ—တုံပစ္စယန္တပုဒ်နှင့်လည်း မယှဉ်ရကား ခပစ္စည်းမသက်နိုင်၊ မိစ္ဆတိ တျာဒိသု၌ အာဒိဖြင့် "ဘောတ္တုံ+ဝဇတိ = စားခြင်းငှါ+သွား၏" ဟု ဋီကာပြ၏၊ ဤ၌ "ဘောတ္တုံ" ဟု တုံပစ္စည်း၏ အနက်ရှိသော်လည်း ဣစ္ဆာအနက် မရှိသောကြောင့် ခပစ္စည်းမသက်ရ "ဗုဘုက္ခတိ" ဟု ရုပ်မဖြစ်နိုင်—ဟူလို၊ "ဘောဇနမိစ္ဆတိ" အရာ၌ နျာသ၌လည်း "ဃဋ္ဌကရဏ မိစ္ဆတိ—အိုးလုပ်ခြင်းကို လိုလား၏" ဟုရှိ၏၊ သို့သော် "ဗုဘုက္ခတိ" အတွက် ပြောင်းပြန်ထုတ်သော အရာဖြစ်၍ "ဘောဇန မိစ္ဆတိ" က သာ၍ကောင်းသည်။]

**ဝုတ္တတ္ထာန၊ ပေ၊ အပ္ပယောဂေါ**—မဟာ ပုရိသောစသော သမာသ်ရုပ်တွက်ရာ၌ တည်ထားပြီးသော တချို့ပုဒ်များကို မယှဉ်စေ=မသုံးစွဲစေဘို့ရာ "ဝုတ္တတ္ထာနမပ္ပယော ဂေါ" ဟု ပရိဘာသာပြ၏၊ ဤ၌ကားနဂိုရ်ကပင် "ဘောတ္တုံ+ဣစ္ဆတိ" ဟူသော ဝါကျကို

www.dhammaransi.com



ကိမတ္ထံ-နည်း၊ ဘောတ္တုံ-ငှါ၊ ဂစ္ဆတိ-သွား၏၊ ဣတိ-ဤသို့ စသည်၌ တားမြစ်ရခြင်းအကျိုးရှိ၏။ [ဣစ္ဆာအနက်မဟုတ်၍ ခပစ္စည်းမသက်ရ-ဟူလို။]

ဃသ=အဒနေ-စားခြင်း၌....၏၊ ဃသိတုံ-စားခြင်းငှါ၊ ဣစ္ဆတိ-၏၊ ဣတိ အတ္ထေ-၌၊ ဆပစ္စယော-ဆပစ္စည်းသက်၊ ဒွိတ္တံ-လာ၊ တတိယ စဝဂ္ဂ ဃကာရ စကာရာဒေသာ-တတိယက္ခရာ ပြုခြင်း, စဝဂ် ပြုခြင်း, ဃပြုခြင်း, စအက္ခရာ ပြုခြင်းတို့သည်(ဟောန္တိ)၊ ဇိဃစ္ဆတိ-စားလို၏၊ ဝါ-ထမင်းဆာ၏၊ ဇိဃစ္ဆန္တိ, ဣစ္စာဒိ။ [တိတိက္ခာကဲ့သို့ အပစ္စည်း အာပစ္စည်း သက်၍ "ဇိဃစ္ဆာ"စသည် ဖြစ်၏။]

(၅၃၄) ဟရ=ဟရဏေ-ဆောင်ခြင်း၌....၏၊ ဟရိတုံ-ဆောင်ခြင်းငှါ၊ ဣစ္ဆတိ-၏၊ ဣတိအတ္ထေ-၌၊ သ ပစ္စယော-သ ပစ္စည်းသက်။

**ဟရဿ ဂီ သေ။** ။ပရေ သ ပစ္စယေ, သဗ္ဗဿ ဟရဣတိ ဓာတုဿ ဓာတုဿ, ဂီ-ဂီ အပြုသည်၊ ဟောတိ၊ ဂိသေတိ ယောဂဝိဘာဂေန-ဖြင့်၊ ဇိဃပိ-ဇိဓာတ်၏လည်း၊ (ဂီ-ဂီ အပြုသည်၊ ဟောတိ)၊ ဌာနောပစာရေန-ဌာနူပစာရအားဖြင့်၊ အာဒေသဿာပိ-အာဒေသ၏လည်း၊ ဓာတုဝေါဟာ ရတ္တာ-ဓာတ်ဟူသော ဝေါဟာရ ရှိသည်၏ အဖြစ်ကြောင့်၊ ဒွိတ္တံ-သည်၊ (ဟောတိ)၊ ဘိက္ခံ-ထမင်းကို၊ ဇိဂီသတိ-ဆောင်လို၏၊ ဇိဂီသန္တိ။

---

မတည်ရတော့ချေ၊ ဤသို့ ဝါကျကို မှတည်ရခြင်းကိုပင်၊ "ဝုတ္တဋ္ဌာနံ-ဟောအပ်သော အနက်ရှိသောပုဒ်တို့ကို၊ ဝါ-အနက်ပြဝါကျတို့ကို၊ အပ္ပယောဂေါ-မယှဉ်စေရ, မသုံးစွဲရခြင်းသည်၊ ဟောတိ-၏"ဟု ဆိုသည်။

(၅၃၄) ဌာနောပစာ၊ပေ၊ဒွိတ္တံ— [ယောဂဝိဘာဂ အမိပ္ပါယ်မှာ ဝိဇိဂီသတိ ရုပ်၌ထင်ရှားလတံ့၊] "ဟရ်သ"မှ ဤသုတ်ဖြင့် ဟရ်ကို ဂီပြုလျှင် "ဂီသ"ဟု ဖြစ်၏၊ ဤ၌ "ဂီ"သည် ဓာတ်မဟုတ်တော့ပြီ၊ ဓာတ် မဟုတ်လျှင်"ကွစာဒိ ဝဏ္ဏာန"စသော သုတ်ဖြင့် ဒွေဘော်မပြုနိုင်ဟုမှတ်ဘွယ်ရှိ၏၊ သို့သော် ဟရ၏ ဓာတ်ဟူသော အမည်ကို (ဟရ်ကိုပြုထားသော) ဂီအာဒေသအပေါ်၌ တင်စား၍ ဌာနူပစာအားဖြင့် ဂီကိုလည်း ဓာတ်ဟုပင် ခေါ်နိုင်ပြန်သည်၊ ထို့ကြောင့် ကွစာဒိဝဏ္ဏာန စသောသုတ်ဖြင့်"ဂီဂီ"ဟု ဒွေဘော်ပြုနိုင်သည်-ဟူလို၊ ထို့နောက် အဗ္ဘာသမှည့်, ဂ ကို ဇ ပြု,ရသော သုတ်ဖြင့် ဤကိုလည်း ဇ္ဇရဿ ပြု, တိ ဝိဘတ်သက်၍ ဇိဂီသတိ-ဟု ဖြစ်၏၊ [အာဒေသီ ဖြစ်သော မူလ "ဟရ"ဓာတ်ကို "ဌာန"ယူ၍ အာဒေသ ဖြစ်သော ဂီ ကို ဌာနီဟု ယူသည်၊ ထို့ကြောင့် ဟရ၏ အမည်ကို ဂီ၌ တင်စားမှုကို "ဌာနောပစာရ"ဟု ဆိုသည်။]

www.dhammaransi.com



သု=သ၀နေ၊ သောတုံ – ကြားခြင်း၌၊ ဏ္ဏုပစ္စတို – ၏၊ သုဏ္ဏုသတိ-ကြားလို၏, နာချင်၏၊ သုဏ္ဏုသန္တိ၊ ကွစိဓာတုတျာဒိနာ–ဖြင့်၊ ဒီဃော–ပြု၊ (သုဏ္ဏု၌ ဿုကို ဒီဃပြု – ဟူလို၊) ပါ=ပါနေ၊ ပါတုံ - သောက်ခြင်း၌၊ ဏ္ဏုပစ္စတို-၏၊ ဏ္ဏုတိအတွေ–၌၊ သ ပစ္စယေ–သ ပစ္စည်းကြောင့်၊ ဒွိတ္တ(ရဿတ္တ) ဏ္ဏုကာရာဒေသာ – ဒွေ့ဘော်, ရဿ အဖြစ်, ဏ္ဏု အပြုတို့သည် (ဟောန္တိ)၊ တတော ပါမာနာနံ ၀ါ မံ သေယူတိ - သုတ်ဖြင့်၊ ၀ါဒေသော – ၀ ပြု၊ ပိ၀ါသတိ-သောက်လို၏၊ ၀ါ–ရေတော်၏၊ ပိ၀ါသန္တိ ဏ္ဏုစ္စာဒိ၊ ဇိ=ဇယေ-၌....၏၊ ၀ိဇေတုံ-အောင်နိုင်ခြင်း၌၊ ဏ္ဏုစ္စတို-၏၊ ၀ိဇိဂီသတိ-အောင်နိုင်လို၏၊ ဏ္ဏုစ္စာဒိ။ [ရုပ်ကို အခြေပြု၍ တွက်ခဲ့ပြီ။]

(၅၃၅) သံဃော-သံဃာသည်၊ ပဗ္ဗတံ ဏ္ဏု၀–တောင်ကိုကဲ့သို့၊ အတ္တာနံ-မိမိကို၊ အာစရတိ – ပြုကျင့်၏၊ ဏ္ဏုတိ အတ္ထေ၀ါ – ဤအနက်၌သော်၎င်း၊ ပဗ္ဗတော ဏ္ဏု၀ - တောင်သည် ကဲ့သို့၊ အာစရတိ - ၏၊ ဏ္ဏုဘိ အတ္ထေ၀ါ–၌ သော်၎င်း။ ["အာယ ပစ္စဒယာ ဟောတိ"၌ စပ်။]

**အာယ နာမတော ၊ ပေ ၊ စာရေ။** ။ ["အာယ – နာမတော+ကတ္တု+ဥပမာနာ+အာစာရေ"ဟု ၅–ပုဒ်ရှိ၏၊ ဒ်ကားအာဂုံ၊] အာစာရဏ်

---

**သ ပစ္စယေ ဒွိတ္တ(ရဿတ္တ)ဏ္ဏုကာရာဒေသာ**—ဤ၌"ရဿတ္တ"ကို ဆင်ခြင်သင့်၏၊ သ ပစ္စည်းသက်, ဒွေ့ဘော်ပြု၍"ပါပါသ"ဟုဖြစ်သည့်အခါ အမှာ်ာသမည့်၍"အန္တ္တသိ ၀ဏ္ဏာကာရော၀ါ"ဖြင့်ပါ၏ အာကိုလည်း ဏ္ဏု ပြုနိုင်၏၊ အာကို ရဿ ပြုနေဘွယ် မလို၊ ထိုသုတ်၌ "ခဆသေသု အ၀ဏ္ဏဿ, ဏ္ဏုကာရော သဂုပုဿ"ဟု ဆိုခဲ့သောကြောင့် အာကိုလည်း ဏ္ဏုပြုနိုင်ကြောင်း ဆိုခဲ့၏၊ ထို့ကြောင့် "ရဿတ္တ"ကို ဆင်ခြင်သင့်၏၊ "ပိပါသ"ဟုဖြစ်သည့်အခါ တတော ပါမာနာနံ ၀ါမံသေသုဖြင့် ပါကို ၀ါပြု, တိသက်, ပိ၀ါသတိ၊ ထိုသုတ်၌ ၀ါသဒ္ဒါ လိုက်သည်ဟု ဋီကာဆိုခဲ့ရကား ထို၀ါသဒ္ဒါကြောင့် "ပိပါသတိ"ဟု ၀ါမပြုသောရုပ်လည်းရှိ၏၊ "ဇိဃစ္ဆာစ ပိပါသာစ,ယဿ ဘာယတိ မစ္ဆရီ"ဒသနိပါတ် မိဋ္ဌာရကောသိယ ဇာတ်။

(၅၃၅) **သံဃော ပဗ္ဗတ မိ၀ ၊ ပေ ၊ ပဗ္ဗတော ဏ္ဏု၀**—သံဃောသည် ကတ္တား, ပဗ္ဗတံကား (တနည်း–"ပဗ္ဗတော"ကား)ထို ကတ္တား၏ ဥပမာနတည်း၊ "ဥပမာန, ဥပမေယျ, ပဒနှစ်ပါး, လိန်ဝုစ်ပြားလည်း, ၀ိဘတ်ကားမူ, တူမြဲဟူ၏"ဟူသော နိယာမ်နှင့်အညီ ဥပမာနပုဒ်နှင့် ဥပမေယျ ပုဒ်သည် လိန်ဝုစ် ကွဲပြားသော်လည်း ၀ိဘတ်မှာ ပဌမာချင်း ဒုတိယာချင်း စသည်ဖြင့် တူမြဲဖြစ်၏၊ ထို့ကြောင့် သံဃော ဟူသော ပဌမာကတ္တားနှင့်တူစွာ "ပဗ္ဗတော ဏ္ဏု၀"ဟူသော ပဌမန္တဥပမာန ပုဒ်သာ သင့်၏-ဟု ဆရာတို့ မိန့်တော်မူကြသည်၊ မောဂ္ဂလ္လာန်၌လည်း "ပဗ္ဗတောဏ္ဏု၀"ဟု ပဌမန္တ တနည်းသာပြသည်။

www.dhammaransi.com



ကြိယာယ-ပြုကျင့်ခြင်း ကြိယာ၏၊ ကတ္တုနော-ကတ္တား၏၊ ဥပမာနဘူတမှာ-ဥပမာနဖြစ်၍ ဖြစ်သော၊ နာမတော-နာမ်ပုဒ်မှ နောက်၌၊ အာစာရတ္ထေ-ပြုကျင့်ခြင်း အနက်၌၊ အာယပစ္စယော ဟောတိ၊ ဧတေန-ဤဝတ္တုဖြင့်၊ ဥပမိယတိ-နှိုင်းယှဉ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ ဥပမာနံ-ဥပမာန မည်၏၊ ကတ္တုနော-ကတ္တား၏၊ ဥပမာနံ-ဥပမာနတည်း၊ ကတ္တုပမာနံ-ကတ္တား၏ ဥပမာန။

ဝုတ္တတ္ထာန မပ္ပယောဂေါတိ-ဟူသော ပရိဘာသာကြောင့်၊ ဣဝ သဒ္ဒနိဝတ္တိ-ဣဝ သဒ္ဒါ၏ နစ်ခြင်းသည် (ဟောတိ)၊ ဓာတုပစ္စယန္တတ္တာ-ဓာတုပစ္စယအဆုံးရှိသည်၏ အဖြစ်ကြောင့်။ [သီမူ၌ "အာယပစ္စယန္တတ္တာ"ဟု ရှိ၊] တေသံ ဝိဘတ္တိယောလောပါစာတိ သုတ္တေ-သုတ်၌၊ တေသံဂဟဏေန-တေသံသဒ္ဒါဖြင့်၊ ဝိဘတ္တိလောပေါ-ဝိဘတ်ကိုချေ၊ ပကတိစဿသရန္တဿာတိ-သုတ်ဖြင့်၊ပကတိဘာဝေါ-ပကတိပြု၊ သရလောပါဒိ (ပဗ္ဗတ၌ တ၏ အကိုချေ, နောက်အာသို့ကပ်-ဟူလို၊) ဓာတုပစ္စယေဟိ ဝိဘတ္တိယောတိ-ဓာတုပစ္စယေဟိ

---

**အာစရတ၊ ပေ၊ အာစာရတ္ထေ**—"သံဃော၊ ပေ၊ အာစရတိ"၌ အာစရဏ ကြိယာ ဟူသည် "အာစရတိ"တည်း၊ ထို ကြိယာ၏ ကတ္တားကား "သံဃော"တည်း၊ ထိုကတ္တား၏ဥပမာနမှာ ပဗ္ဗတောတည်း၊ [ဣဝ—ကား ဥပမာကို ထွန်းပြသော ဥပမာဇောတကမျှသာ၊] ထိုပဗ္ဗတောသည် ဥပမာနလည်း ဟုတ်, နာမ်ပုဒ်လည်း ဟုတ်၏၊ ထိုသို့ ဥပမာနနာမ်ပုဒ် ဖြစ်သော"ပဗ္ဗတော"ဟူသော ဝိဘတျန္တပုဒ်နောင် ပြုကျင့်ခြင်း ဟူသောအနက်၌ အာယပစ္စည်း သက်သည်။

**ဥပမိယတိ၊ ပေ၊ ကတ္တုပမာနံ**—ကား သုတ်၌ပါသော ကတ္တုပမာန၏ ဝိဂ္ဂဟ၊ "မျက်နှာသည် လပြည့်ဝန်းနှင့် တူ၏"ဟူရာ၌ လပြည့်ဝန်းသည် မျက်နှာ၏ လှပုံကိုနှိုင်းယှဉ်ကပ်၍ ကြည့်ဘို့ရာ ဥပမာန ဖြစ်သကဲ့သို့ ထို့အတူ"သံဃော ပဗ္ဗတော ဣဝ" စသည်၌ သံဃာ၏ သီလ သမာဓိ ခိုင်မြဲပုံကို တောင်ကြီး ခိုင်မြဲပုံနှင့် နှိုင်းပြိုင်၍ ပြုရသောကြောင့်"ဥပမိယတိ ဧတေန"ဟူသော ကရဏ သာဓ်ဝိဂ္ဂြိုဟ်အရတောင်ကြီးတည်း ဟူသော ဝတ္ထုသည် ဥပမာန မည်၏၊ ဥပမာ—ဟုလည်းခေါ်၏၊ သံဃော ဟူသော ကတ္တားပုဒ်၏ ဥပမာနဖြစ်၍ ဤသုတ်၌ "ကတ္တုပမာန"ဟု ခေါ်သည်။

**ဝုတ္တတ္ထာန၊ ပေ၊ ဣဝသဒ္ဒနိဝတ္တိ**—"ပဗ္ဗတ+ဣဝ"တည်,သိ ၂-လုံးသက်,ရှေ့သိကို ညြပြ, နောက်သိ ချေ "ပဗ္ဗတော+ဣဝ"ဟု ဖြစ်၏၊ ဤသုတ်ဖြင့် ဥပမာနဖြစ်သော "ပဗ္ဗတော"နာမ်ပုဒ်နောင် အာစာရ အနက်၌ အာယသက်၊ "ပဗ္ဗတော+အာယ+ဣဝ"ဝုတ္တတ္ထာန မပ္ပယောဂေါ ဟူသော ပရိဘာသာဖြင့် ဣဝကို ချေ၊ ဤသို့ တည်ပြီးမှ ချေရသည်ကို "ဣဝသဒ္ဒနိဝတ္တိ"ဟု ဆိုသည်။

ဝိဘတ္တိယောဟူသော ပရိဘာသာဖြင့်၊ ဝိဘတ္တျပ္ပတ္တိ-ဝိဘတ်သက်။ [ဝိဘတ်သက်ရာ၌ ထို ပရိဘာသာသုတ်ကို ဆို၍ သက်ရမည်မဟုတ်, ထို ပရိ ဘာသာကြောင့် ဝတ္တမာနာပစ္စုပ္ပန္နေ-စသော သုတ်ဖြင့် သက်ရမည်။]

သံဃော-သည်၊ ပဗ္ဗတာယတိ-တောင်ကဲ့သို့ ပြုကျင့်၏။ ဧဝံ-တူ၊ သမုဒ္ဒမိဝ-သမုဒြာကိုကဲ့သို့၊ အတ္တာနံ-ကို၊ အာစရတိ-၏၊ သမုဒ္ဒါယတိ-သမုဒြာကဲ့သို့ ပြုကျင့်၏၊ သဒ္ဒေါ-အသံသည်၊ စိစ္စိဋမိဝ-စိဋ်စိဋ် အသံကိုကဲ့သို့၊ အတ္တာနံ-ကို၊ အာစရတိ-၏၊ စိစ္စိဋာယတိ-စိဋ်စိဋ် အသံကဲ့သို့ ပြုကျင့်၏၊ ဧဝံ-တူ၊ ဓူမာယတိ-မီးခိုးကဲ့သို့ ပြုကျင့်၏။

---

**ဓာတုပစ္စယ၊ ပေ၊ ပကတိဘာဝေါ**-"ပဗ္ဗတော အာယ"ဟု ဓာတုပစ္စယဆုံးလျက်ရှိ၏၊ သမာသ်တေသံဝိဘတ္တိယော လောပါစသုတ်၌ "တေသံသဒ္ဒါဖြင့် တဒ္ဓိတ်ပစ္စည်း အာယာဒိ ဓာတုပစ္စည်း ဆုံးသောပုဒ်တို့၏ ဝိဘတ်ကို ချေရမည်"ဟုဆိုခဲ့သောကြောင့် ထို တေသံ သဒ္ဒါဖြင့် ပဗ္ဗတော၌ သိ၏ ကာရိယ ကြိုချေ၊ ပကတိစဿသရန္တဿ သုတ်ဖြင့် "ပဗ္ဗတ"ဟု သရဆုံးလျက် ရှိသည့်အတိုင်း ပကတိပြု, တ်ခွင်း, ချေ, ကပ်, "ပဗ္ဗတာယ" ထိုနောင် တိသက်၍ "ပဗ္ဗတာယတိ" ဖြစ်၏။

**ဋီကာ**။ ။ဤသုတ်ဋီကာ၌ "ပဗ္ဗတာယတိတိ ဧတ္ထ ဓာတုပစ္စယာနံ (အာယစသော ဓာတ်နက်ဟော ပစ္စည်းတို့၏) ဘုဇာဒိတ္တာ (ဗုဘုက္ခတိ-စသည့်ကဲ့သို့ ဘုဇာဒိဂိုဏ်း တမျိုး၏အဖြစ်ကြောင့်) ဘူဝါဒိတော အဋ္ဌတိ အ ပစ္စယော န ဟောတိ"ဟု မိန့်သည်၊ ထို့ကြောင့် အာယပစ္စည်းနောင် အ ပစ္စည်း ထပ်၍မသက်ရ, တိတိက္ခတိ စသည်၌လည်း ဤနည်းပင်၊ မောဂ္ဂလ္လာန်၌ကား လ-ဝိကရဏ ပစ္စည်း သက်သေး၏၊ "ပဗ္ဗတာယတိ, ပဗ္ဗတာယန္တိ, ပဗ္ဗတာယသိ"စသည်ဖြင့် ဘူဝါဒိဂိုဏ်းကဲ့သို့ ရုပ်ဇဉ်။

**ဧဝံ၊ ပေ၊ သမုဒ္ဒါယတိ**- သမုဒ္ဒသဒ္ဒါ ပုလ္လိင်ဖြစ်၍ ဆရာတို့အလို "သမုဒ္ဒေါ ဣဝ အတ္တာန မာစရတိ သမုဒ္ဒါယတိ"ဟုရှိရမည်၊ "သမုဒ္ဒ ဣဝ"ဟုဘည်၍"ပဗ္ဗတာယတိ" အတိုင်းတွက်၊ သမုဒြာသည် ကမ်းအနိုင်းအခြားကို မလွန်သကဲ့သို့ သံဃာတော်လည်း သီလတည်းဟူသောကမ်းကို မလွန်ရကား မိမိကို သမုဒြာနှင့်တူအောင် ပြုကျင့်၏-ဟူလို။

**စိစ္စိဋမိဝ၊ ပေ၊ စိစ္စိဋာယတိ**-ရူပသိဒ္ဓိအလို"ပဗ္ဗတမိဝ"စသည်ကဲ့သို့ စိစ္စိဋမိဝဟု ရှိသင့်သော်လည်း ဆရာတို့အလို မရှိသင့်, "စိစ္စိဋော ဣဝ" ဟု ကတ္တား ဖြစ်အောင် ပြင်ဘို့ရန်လည်း 'စိစ္စိဋာယတိစိဋ စိဋာယတီတိ-ဧဝရူပံသဒ္ဒံကရောတိ'ဟူသောဗြာဟ္မဏ သံယုတ်အရဟန္တဝဂ် အဋ္ဌကထာ၌ပင် ဒုတိယန္တဖွင့်သောကြောင့် မပြင်နိုင်၊ ထို့ကြောင့် "စိစ္စိဋံ ကရောတိ"ဟူသော အနက်၌"အာယ နာမတော"ဟူသော ယောဂဝိဘာဂဖြင့် ဖြစ်စေ "သဒ္ဒါဒိနိ ကရောတိ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့်ဖြစ်စေ "စိစ္စိဋံ" ဟူသော ဒုတိယန္တနာမ်ပုဒ်နောင်အာယ သက်၍ ရုပ်တွက်သင့်၏၊ ဓူမာယတိလည်း "ဓူမံ-မီးခိုးကို၊ ကရောတိ-ပြု၏" ဟူသော အနက်၌ ဤအတိုင်း တွက်သင့်သည်၊ ရူပသိဒ္ဓိ အလိုမူ

www.dhammaransi.com



(၅၃၆) နာမတောတိ အာစာရေတိစ ဝတ္တတေ။

ဤယျူပမာနာဒ၊ ။ဥပမာန ဘူတာ-သော၊ နာမတော-၌၊ အာစာရတ္ထေ-၌၊ ဤယပစ္စယော-ဤ ယပစ္စည်းသည်၊ ဟောတိ၊ ပုန ဥပမာနဂ္ဂဟဏံ-တဘန် ဥပမာန သဒ္ဒါသည်၊ ကတ္တုဂ္ဂဟဏ နိဝတ္တနတ္ထံ-ကတ္တုသဒ္ဒါကို နစ်စေခြင်း အကျိုးရှိ၏၊ တေန-ထို့ကြောင့်၊ ကမ္မတော-ကံပုဒ်မှနောက်၌၊ (ဤယ-ဤယ ပစ္စည်းသက်၊) ဣတိ-ဤအနက်သည်၊ သိဇ္ဈတိ-ပြီး၏၊ သေသံ-ကြွင်းသောအစီ အရင်သည်၊သမံ-တူ၏၊[ကမ္မူပမာနဖြစ်ခြင်းဤယပစ္စည်းသက်ခြင်းမှကြွင်းသော အစီအရင် သည် ရှေ့ပဗ္ဗတာယတိ စသည်နှင့် တူပြီ-ဟူလို၊] (ဝနကမ္မိကော-တောအမှုလုပ်သူသည်၊ဝါ-တောင်သူသည်)အဆတ္တံ-ထီးမဟုတ်သောသစ်ခက်ကို၊ ဆတ္တမိဝ-ထီးကိုကဲ့သို့၊ အာစရတိ-ပြုကျင့်၏၊ ဆတ္တီယတိ-ထီးကဲ့သို့ပြု၏၊ ဝါ-ထီး လုပ်ဆောင်း၏၊ အာစရိယော-ဆရာသည်၊ အပုတ္တံ-သား မဟုတ်သော၊ သိဿံ-တပည့်ကို၊ ပုတ္တမိဝ-သားကိုကဲ့သို့၊ အာစရတိ-၏၊ ပုတ္တီယတိ-သားကဲ့သို့ ပြု၏၊ ဝါ-သားလို စောင့်ရှောက်၏၊ ဥပမာနာတိ-သည်၊ ကိံ-နည်း၊ ဓမ္မံ အာစရတိ-ဟူသောပြယုဂ်၌ (ဤယ) ပစ္စည်းမသက်ရခြင်း အကျိုးရှိ၏။ [ဓမ္မံ-တရားကို၊ အာစရတိ-ကျင့်၏၊] အာစာရေတိ-သည်၊ ကိံ-နည်း၊ အဆတ္တံ-ထီး မဟုတ်သောဝတ္ထုကို၊ ဆတ္တမိဝ-သို့၊ ရက္ခတိ-စောင့်ရှောက်၏၊ ဣတိ-ဤပြယုဂ် တို့၌၊ (ဤယ) မသက်ရခြင်း အကျိုးရှိ၏။

---

"ရူမော ဝိယ အတ္တာနံ မာစရတိ"ဟူသော အနက်၌ "ရူမာယတိ"ဟုဖြစ်၏၊ "ရူမော ဝိယ"ဟု တည်၍တွက်၊ သို့သော် ဤအတိုင်း "ရူမာယတိ"ရုပ်ပြီးနိုင်ရိုးမှန်လျှင် တဒ္ဓိတ် "ဥပမတ္ထာ ယိတတ္တံ"သုတ်၌ ရူမာယိတတ္တံ စသည်တို့လည်း မောဂ္ဂလ္လာန် စီရင်သည့် အတိုင်းပင် ကောင်း၏, ထိုသုတ်ကို ပြန်ကြည့်ပါ။

(၅၃၆) ပုနဥပမာ၊ပေ၊ သိဇ္ဈတိ—ရှေ့သုတ်မှ ဥပမာနပုဒ်ကို အလိုက်ခံလျှင် ပြီးသည်မဟုတ်ပါလော, အဘယ့်ကြောင့် ဥပမာန သဒ္ဒါကို ထပ်၍ဆိုရသနည်း—ဟု မေးဘွယ်ရှိသောကြောင့် "ပုနဥပမာနဂ္ဂဟဏံ၊ ပေ၊ နိဝတ္တနတ္ထံ"ဟုမိန့်၊ ရှေ့သုတ်မှ ဥပမာနသဒ္ဒါ အလိုက်ခံလျှင် ထို ဥပမာနကို သတ်မှတ်သော (ကတ္တားအ၏+ဥပမာန ဖြစ်သည့်, ကံစသည်အ၏ ဥပမာနမဟုတ်ဟု သတ်မှတ်သော) ကတ္တုသဒ္ဒါလည်း လိုက်ပါ လာရာ၏။ [ဥပမာ-ထွန်၏နောက်၌ ရေလိုက်ပါလာသကဲ့သို့တည်း၊] ဤသို့"ကတ္တု" သဒ္ဒါလည်း ရောနှောလိုက်ပါလာမည် စိုးသောကြောင့် ထို ကတ္တုသဒ္ဒါကို တားမြစ် ခြင်းငှါ"ဥပမာန"အသစ်ကို ထပ်၍ဆိုအပ်သည်-ဟူလို၊ ကတ္တုသဒ္ဒါ အလိုက်မခံလို၍

www.dhammaransi.com



## (၅၃၇) ဉာယောတိ ဝတ္တတေ။

**နာမမှာ တွိစ္ဆတ္ထေ**။ ။နာမမှာ- နာမ်ပုဒ်မှ နောက်၌၊ အတ္တနော- မိမိဘို့၊ ဣစ္ဆတ္ထေ-အလိုရှိခြင်းအနက်၌၊ ဉာယ ပစ္စယော ဟောတိ၊ အတ္တနော – မိမိဘို့၊ ပတ္တံ-သပိတ်ကို၊ ဣစ္ဆတိ-အလိုရှိ၏၊ ပတ္တီယတိ-သပိတ်ကို အလိုရှိ၏၊ဧဝံ-တူ၊ ဝတ္ထီ-ယတိ-အဝတ်ကို အလိုရှိ၏၊ ပရိက္ခာရီယတိ - ပရိက္ခရာကို အလိုရှိ၏၊ စီဝရီယတိ-သင်္ကန်းကိုအလိုရှိ၏၊ ပဋီယတိ - ပုဆိုးကိုအလိုရှိ၏၊ ဓနီယတိ-ဥစ္စာကိုအလိုရှိ၏၊ အတ္တိစ္ဆတ္ထေတိ-သည်၊ ကိမတ္ထံ-နည်း၊ အညဿ-အခြားသူ၏(အကျိုးငှါ)၊ ဝါ-အခြားသူဘို့၊ပတ္တံ-ကို၊ ဣစ္ဆတိ-၏၊ ဤသို့ အစရှိသော ပြယုဂ်တို့၌ ဘားမြစ်ရခြင်းအကျိုးရှိ၏။

---

ဥပမာန သဒ္ဒါကို အသစ်ဆိုသောကြောင့် ကမ္မူပမာနမှ နောက်၌ ဉာယပစ္စည်းသက်-ဟူသောအနက်သာည် ပြီး၏၊ [သီမူ၌ "ဧတေန ကမ္မတောတိ သိဇ္ဈတိ" ဟု ရှိသည်။]

**အာဓာရာ**။ ။[မောဂ္ဂလ္လာန်သုပ်] ဥပမာနာ-သော၊ အာဓာရာ-အာဓာရပုဒ်မှ နောက်၌၊ အာဓာရေ-၌၊ ဉာယော-ဉာယပစ္စည်းသည်၊ ဟောတိ၊ ကုဋိယ မိဝါစရတိ ကုဋီယတိ ပါသာဒေ၊ ပါသာဒီယတိ ကုဋိယံ ဘိက္ခု၊ ဘိက္ခု—သည်၊ ပါသာဒေ—ပြာသာဒ်၌၊ ကုဋိယံ ဣဝ-ကုဋိ၌ကဲ့သို့၊ အာစရတိ—၏၊ ကုဋီယတိ- ကုဋိ၌ကဲ့သို့ပြုကျင့်၏။ ၊ပေ၊ ပါသာဒီယတိ-ပြာသာဒ်၌ကဲ့သို့ပြုကျင့်၏၊ကစ္စည်း၌ကား ဉာသုတ်မရှိသောကြောင့် "ဉာယူ ပမာနာစ" သုတ်ဖြင့်ပင် ဉာယပစ္စည်း သက်ရတော့မည်၊ ထို့ကြောင့် "ဉာယူ ပမာနာ"၌ ဥပမာနအရ (ရူပသိဒ္ဓိအတိုင်းကမ္မူပမာနသာ မက) အာဓာရူပမာနကိုပါ ယူသင့်သည်။

(၅၃၇) **နာမမှာ အတ္တနော ဣစ္ဆတ္ထေ**— ဥပမာန သဒ္ဒါမပါဘဲ "နာမမှာ" ဟု သာမည ဆိုသောကြောင့် ဥပမာန မဟုတ်သော "ပတ္တံ" စသော နာမ်ပုဒ်ကို ယူ၊ "အတ္တနော—၏ + အတ္ထာယ-အကျိုးငှါ + ဣစ္ဆာ—လိုချင်ခြင်းတည်း၊ အတ္တိစ္ဆာ—မိမိအကျိုးငှါ လိုချင်ခြင်း၊ ဝါ-မိမိဘို့လိုချင်ခြင်း"ဟုဋီကာ၌"အတ္ထာယ"ဟူသော အလယ်ပုဒ်ကိုထည့်၍ ဖွင့်သောကြောင့် "အတ္တနော"၌ သ ဝိဘတ်ကို တဒတ္ထသမ္ပဒါန်အနက်၌ သက်-ဟု ကြံသင့်၏၊ ဥပမာ- "ကထိနဿ ဒုဿံ ကထိနဒုဿံ" စသည်ကဲ့သို့တည်း၊ ထို့ကြောင့် "အတ္တိစ္ဆာ"ဟူသည် မိမိ၏ နဂိုရ် ရှိပြီးဖြစ်သော (သူများအထံ၌ ရောက်နေသော) ပစ္စည်းကို လိုချင်ခြင်းမဟုတ်, မိမိမှာ မရှိသေးသော ပစ္စည်းကို မိမိဘို့ (မိမိအတွက်) လိုချင်ခြင်း"ဟုမှတ်၊ ထို့ကြောင့်ပင်"အညဿ ပတ္တ မိစ္ဆတိ–သူများဘို့ သပိတ်ကို လိုချင်ရာ၌ ဉာယပစ္စည်း မသက်ရ"ဟု ပြောင်းပြန် ဥဒါဟရုဏ်ကို ပြသည်၊ ရုပ်တွက်ပုံမှာ-"ပတ္တ" တည်, အံ ဝိဘတ်သက် (ပတ္တံ) ဉာသုတ်ဖြင့် ပတ္တံ ဟူသော နာမ်ပုဒ်နောင် အတ္တိစ္ဆာအနက်၌ ဉာယ ပစ္စည်းသက်, စသည် ဆို၍တွက်။

www.dhammaransi.com



(၅၃၇) ဝိရိယံ·ဝီရိယကို။ [သီဒ္ဓ "ဝိနယံ–ဝိနည်းကို"] ဒဠှံ·မြဲမြံစွာ၊ ကရောတိ·ပြု၏၊ ဣတိအတ္ထေ-၌၊ ["ဏာယ ပစ္စယော ဟောတိ"၌စပ်၊] ကာရိတဂ္ဂဟဏံ-သည်၊ အနုဝတ္တတေ·၏။

ဓာတုရူပေ၊ ပေ၊ ဏာယော စ။ ။ဓာတုယာ–ဓာတ်၏၊ ရူပေ–သဘောကို၊ နိပ္ဖါဒေတဗ္ဗေ–ဖြစ်စေထိုက်သော်၊ ကရောတိ အတိက္ကမတိ ဣစ္စာဒိကေ–ကရောတိ အတိက္ကမတိ အစရှိသော၊ [အာဒိဖြင့် ဥပဂါယတိ ဟောတိ-ပုစ္ဆတိစသော ကြိယာများကို ယူ၊] ပယုဇ္ဇိတဗ္ဗေ· ယှဉ်စပ်ထိုက်သော ကြိယာသည်၊ သတိ-ရှိလတ်သော်။ ["ယုဉ္ဇိဘဗ္ဗေ"ဟု ရှိသည်ကား မကောင်း၊] နာမမှာ–နာမ်ပုဒ်မှ နောက်၌။ [သီမူ၌ "တံ ကရောတိ တေန အတိက္ကမတိ·ဣစ္စာဒိကေ–ထိုကိုပြု၏, ထိုဖြင့်လွန်မြောက်၏, အစရှိသော၊ နာမယောဂိနီ–နာမ်ပုဒ်နှင့် ယှဉ်စပ်ခြင်း ရှိသော၊ ဓာတုပ္ပယောဂေ–ဓာတ်ပြယုဂ်သည်၊ ဝါ-ကြိယာပြယုဂ်သည်၊ သတိ-သော်၊ တတော နာမမှာ–ထိုနာမ်ပုဒ်မှနောက်၌"ဟု ရှိ၏၊] ဏာယပစ္စယော—ဏာယ ပစ္စည်းသည်၊ ဟောတိ-၏၊ ကာရိတသညာ စ–ကာရိတ်လည်း မည်၏။

---

(၅၃၇) ဓာတုယာ၊ ပေ၊ သတိ— သုတ်၌ပါသော ဓာတုရူပေပုဒ်ကို "ဓာတုယာ ရူပေ နိပ္ဖါဒေတဗ္ဗေ"ဟုဖွင့်၍ ထိုအဖွင့်ကိုပင် "ကရောတိ၊ ပေ၊ ပယုဇ္ဇိတဗ္ဗေ"ဟု ထပ်၍ ဖွင့်ပြန်သည်၊ နဂိုရ်က "ဒဠှံ"ဟု နာမ်ပုဒ်ရိုးရိုးဖြစ်၏၊ ထိုနာမ်ပုဒ်နောင် "ကရောတိ" ကြိယာကို ယှဉ်စပ်လိုက်လျှင် "ဒဠှံကရောတိ"ဟုဖြစ်ဘွယ်ရှိ၏၊ ထိုသို့ ကရောတိကြိယာ ယှဉ်စပ်ဆိုက်ရာဝယ် ထိုကြိယာကို မယှဉ်စပ်(အသုံးမပြု)တော့ဘဲ ထိုကြိယာ၏အနက်၌ ဏာယပစ္စည်း သက်သည့်အခါ (ချေသင့်ရာကိုချေ၍) "ဒဠှယ" ဟု ဖြစ်၏၊ အနက်မှာလည်း "ခိုင်မြဲအောင်ပြု" ဟု ဓာတ်နက် (ကြိယာနက်) ပါလာ၏၊ ထိုသို့ ဏာယ ပစ္စည်းနှင့်တွဲဘက်ရ၍ ကြိယာအနက်ကိုဟောပြနိုင်သောကြောင့် ဒဠှသည် "ဓာတုရူပ" ဖြစ်ရပေသည်။ [ဓာတုရူပ=ဓာတ်၏သဘော, ဓာတ်၏ပုံဟန်, ဓာတ်ကဲ့သို့ ကြိယာကို ဟောသော သဒ္ဒါတမျိုး။]

[ဘေဒစိန္တာ] ဓာတွတ္ထာ ဝါစကေနေဝ, ပစ္စယေန ပယောဂတော၊
နာမတ္တံ ပဇဟိတွာန, ဓာတုရူပေဝ တိဋ္ဌတေ။

ဓာတုရူပဖြစ်ပုံ။ ။နဂိုရ်ဓာတ်အစစ်တို့သည် ကြိယာနက်ကိုဟော၏၊ ဤ"ဒဠှယ" သဒ္ဒါလည်း "ခိုင်မြဲအောင်ပြု"ဟုပြုခြင်းကြိယာနက်ကိုဟောနိုင်၏၊နဂိုရ်ဓာတ်နက်ဟော ကြိယာတို့သည် ကံဘတ္တားရှိ၏၊ ဤ ဒဠှယတိ သဒ္ဒါလည်း ဘိက္ခုဝီရိယံ ဒဠှယတိ= ရဟန်းသည် ဝီရိယကို ခိုင်မြဲအောင်ပြု၏"ဟု ကတ္တားကံရှိ၏၊ ဤသို့လျှင် ဓာတ်(ကြိယာ) ပုဒ်နှင့် အလုံးစုံ တူရကား ဒဠှယသဒ္ဒါကို "ဓာတုရူပ"ဟု ဆိုရပေသည်၊ အတိဟတ္ထယတိ

www.dhammaransi.com



ဏလောပ (ဏ်လောပေ-ဟုလည်းရှိ၏၊) ဝိဘတ္တိလောပသရ လောပါဒိသု-ဏအနုဗန်ချေခြင်း, ဝိဘတ်ချေခြင်း, သရချေခြင်းအစရှိသည်တို့ကို၊ ကတေသု-ပြုအပ်ကုန်ပြီးသော်၊ဝိဘတ္တုပ္ပတ္တိ-ဝိဘတ်သက်၊ ဝီရိယံ-ကို၊(ဝိနယံ-ကို၊)ဒဠှယတိ-မြဲစွာပြု၏၊ ဝေံ-တူ၊ ပမာဏယတိ-ပမာဏကိုပြု၏၊ အမိဿယတိ-မရောနှောသည်ကိုပြု၏၊ တထာ-ပါး၊ ဟတ္ထိနာ-ဆင်ဖြင့်၊ အတိက္ကမတိ-လွန်၏၊ အတိဟတ္ထယတိ-ဆင်ဖြင့်လွန်၏၊ ဝီဏာယ- စောင်းဖြင့်၊ ဥပဂါယတိ- သီချင်းဆို၏၊ ဥပဝီဏယတိ-စောင်းဖြင့်သီချင်းဆို၏၊ရတ္တိ-သည်၊ဝိသုဒ္ဓါ-စင်ကြယ်သည်၊ဟောတိ-၏၊ ဝိသုဒ္ဓယတိ-စင်ကြယ်၏၊ ကုသလံ-ကျန်းမာသူ၏အဖြစ်ကို၊ ဝါ-ကျန်းမာကြောင်းကို၊ ပုစ္ဆတိ-မေး၏၊ ကုသလယတိ-၏၊ ဣစ္စာဒိ-တည်း။

---

စသောပုဒ်များနှင့် ပဗ္ဗတာယတိစသော ပုဒ်များ၏ ဓာတုရူပ အမည် ရကြပုံကိုလည်း ဤနည်းမှီ၍ သိပါ၊ ဓာတုရူပဟူသည်နှင့် နာမဓာတ်ဟူသည်လည်း သဘောတူပင်။

[ဘေဒစိန္တာ] အတ္တနာ ဝစနီယဿ, ကတ္တုကမ္မဟိ ပါကဋော,
သကတ္တုကော သကမ္မောတိ, ဓာတုရူပေါတိ ဝုစ္စတိ။

**ကာရိတသညာစ**— ဏ် အနုဗန် ရှိသောကြောင့် ထို ဏယပစ္စည်းကို ကာရိတ် အမည်မှည့်၊ [သီမူ၌ "ကာရိတသညာစ" နောက်၌ 'စဂ္ဂဟဏေန ဏောစ' ဟု ရှိသေး၏၊ ဋီကာ၌လည်း ထိုပါဌ်ပါရကား ဋီကာပါဌ်ကို ယူထားဟန်တူသည်။]

**ဒဠှယတိ**— ဒဠှ တည်, အံသက် (ဒဠှံ) "ဒဠှံ-မြဲစွာ၊ ဝီရိယံ-ကို၊ ကရောတိ-ပြု၏" ဟူသောအနက်၌ ဤသုတ်ဖြင့် ဏယပစ္စည်း သက်, ကာရိတ် မှည့်, တေသံ ဏောလောပံ-ဖြင့် ဏ် အနုဗန်ချေ, တေသံဝိဘတ္တိယောလောပါစ၌ တေသံသဒ္ဒါဖြင့် ဝိဘတ်ကို ချေ, ဋ္ဌဉ်း ချေကပ် (ဒဠှယ) တိ သက်, ဒဠှယတိ။

ပမာဏယတ် စသည်၌ "ပမာဏံ ကရောတိ, အမိဿံ ကရောတိ" ဟုဆို၊ အတိဟတ္ထယတိ၌ အတိဟတ္ထတည်, (ရှာသင်္၌ "အတိပုဗ္ဗ ဟတ္ထ" တည်၏) ဟတ္ထိနာ အတိက္ကမတိ ဟူသောအနက်၌ ဏယပစ္စည်းသက် စသည်ဆို၊ ဟတ္ထယတိချည်းသက်သက် "ဆင်ဖြင့်+လွန်၏" ဟူသောအနက်ကိုမပြနိုင်သောကြောင့် အတိဥပသာရ ကူရသည်၊ဥပဂါယတိ၌ ဥပဥပသာရ ကူရပုံကိုလည်း သိ၊ ဒဠှယတိစသည်၌ကား ဥပသာရ မကူဘဲပင် ဆိုင်ရာ အနက်ကိုပြနိုင်သောကြောင့် ဥပသာရ မထည့်ရ၊ "ဝိသုဒ္ဓါ ဟောတိ ဝိသုဒ္ဓယတိ" ကား ပဌမန္တမုဒ်နောင် သက်ပုံ,ကုသလယတိကား ကံပုဒ်နောင် သက်ပုံတည်း၊ "ကဏ္ဍုယာ-ယားသည်၊ ဘဝတိ-၏၊ ကဏ္ဍုယာယတိ-ယား၏၊ သုခံကရောတိ-သုခယတိ, ဒုက္ခံ ကရောတိ ဒုက္ခယတိ" တို့လည်း နည်းတူ၊ "မေတ္တာယနံ-မေတ္တာကို ဖြန့်ခြင်း" ၌လည်း ဤသုတ်ဖြင့် ဏယပစ္စည်းသက်၍ ထို့နောက် ယု ပစ္စည်းသက်။

www.dhammaransi.com



(၅၃၉) ဓာတူဟိ၊ ဏေ၊ ဟေတွတ္ထေ။ ။ဟေတွတ္ထေ-အကြောင်းကြိယာဟူသော အနက်ကို၊ အဘိဓေယျေ-ဟောထိုက်သော်၊ (ဟောလိုရာ၌-ဟူလို၊) သဗ္ဗေဟိ ဓာတူဟိ-တို့မှ၊ ပရာ-နောက်ဖြစ်ကုန်၍၊ ဏေ ဏယ ဏာပေ ဏာပယ ဣတိ-ဏေ, ဏယ, ဏာပေ, ဏာပယဟူကုန်သော၊ ဧတေ ပစ္စယာ-တို့သည်၊ ဟောန္တိ၊ ဧတေ-ထိုပစ္စည်းတို့သည်၊ ကာရိတသညာစ-ကာရိတ်အမည်ရှိကုန်သည်လည်း။ (ဟောန္တိ)

ဟေတု ယေဝ- အကြောင်းသည်ပင်၊ အတ္ထော- တည်း၊ ဟေတွတ္ထော-နက်၊ သောစ -ထို ဟေတွတ္ထ ဟူသည် လည်း၊ ယော ကာရေတိ သဟေတူတိ- သုတ်ဖြင့်၊ လဒ္ဓဟေတု သညော - ရအပ်သော ဟေတု အမည်ရှိသော၊ သုဒ္ဓကတ္တုနော - သုဒ္ဓကတ္တားကို၊ ပယောဇကော - တိုက်တွန်းတတ်သော၊ ဟေတု ကတ္တာ - ဟေတုကတ္တားတည်း၊ အတ္ထတော - လိုရင်းအနက်အားဖြင့်၊ ပေသနဇ္ဈေ သနာဒိကော - စေခိုင်းခြင်း, တိုက်တွန်းခြင်း

---

(၅၃၉) ကာရိတ သညာ စ—"ချ, လ, ပ" တို့ကဲ့သို့ တလုံးတည်းဖြင့်ပြီးသော သဘာ သညာကို မမှည့်ဘဲ "ကာရိတ" ဟု ဂရုသညာ (ပုထုသညာ-ကြီးလေးသောနာမည်) ကို ပြုခြင်းသည် အန္တတ္ထသညာဖြစ်ကြောင်းကို သိစေရခြင်းအကျိုးရှိ၏၊ "ကာရိတ"ဟူသောနာမည်အားလျော်စွာ ဏေစသော ပစ္စည်းများသည် တကယ့်ကို ပြုစေခြင်း အနက်ရှိကြသည်"—ဟူလို၊ "ယောအတ္ထော—အကြောင်း စေခိုင်းတိုက်တွန်းမှုသော ဗျာပါရကို၊ ကာရေတိ-သူတပါးကို ပြုစေတတ်၏၊ ဣတိ, သော အတ္ထော—သည်၊ ကာရိတော—မည်၏၊ ဤစိတ်ဖြင့်ဟူအရ စေခိုင်းတိုက်တွန်းမှုစသော ဗျာပါရသည် မုချအားဖြင့် ကာရိတ မည်၏၊ ထို အနက်ကို ဟောသော ဏေ စသော ပစ္စည်းကား အနက်ကို အကြောင်းပြု၍ ကာရဏူ ပစာရအားဖြင့် ကာရိတ အမည်ရသည်။ ['ကရ, ဏေ, တ"ဖြစ်သောကြောင့် "ကာရေတ"ဟု ဖြစ်သင့်လျက် ကွဲမြားတာဖြင့် ဧကို ဣ ပြုပြီး၍"ကာရိတ"ဟု ပြီးသည်။]

ဟေတုဒယော၊ ဏေ၊ ဟေတုကတ္တာ—ဤကားသုပ်၌ပါသော "ဟေတွတ္ထေ" ပုဒ်၏ ဝိဂ္ဂဟနှင့် အရကောက်တည်း၊ "ဟေတုယေဝ+အတ္ထော, ဟေတွတ္ထော" ဟု အဝဓာရဏ ကမ္မဓာရဲ တွဲ၍ "ယောကာရေတိ သဟေတု"သုတ်ဖြင့် "ဟေတု" ဟု နာမည်မှည့်ရသော "ဟေတုကတ္တား" ကို အရကောက်ပါ— ဟူလို၊ ထို ဟေတုကတ္တား—ဟူသည်လည်း သုဒ္ဓကတ္တားကို စေခိုင်းတိုက်တွန်းတတ်သော "ပယောဇက ကတ္တား" တည်း၊ ထို ဟေတုကတ္တားဖြစ်သော ပဒတ် အနက်ဟူသည်လည်း "ပေသန—ကြီးသူက ငယ်သူကို စေခိုင်းခြင်း, အဇ္ဈေသန—ငယ်သူက ကြီးမြင့်သူကို တိုက်တွန်းခြင်းအစရှိသော စေခိုင်းတိုက်တွန်းသူ၏ ဗျာပါရပင်တည်း၊ ထို့ကြောင့် "အတ္ထတော ပေသနဇ္ဈေသနာဒိကော" စသည်ကို မိန့်သည်။

www.dhammaransi.com



အစရှိသော၊ ပယောဇက ဗျာပါရော-စေခိုင်းသူ တိုက်တွန်းသူ၏ လုံ့လပယောဂသည်၊ ဟေတုနာမ-ဟေတု မည်၏။

စ-ဆက်ဦးအံ့၊ ထွေ-ဤသုတ်၌၊ မဏ္ဍူက ဂတိယာ-မဏ္ဍူက ဂတိက အဓိကာရ နည်း၏၊ ဝသာ-အစွမ်းအားဖြင့်၊ ဝါသဒ္ဒဿ-၏၊ အနုဝတ္တနတော-လိုက်ခြင်းကြောင့် ဥဝဏ္ဏန္တာ—သု, ဘူစသော ဥဝဏ္ဏန္တဓာတ်မှ နောက်၌၊ ဏော ဏယာ-ဏောပစ္စည်း ဏယပစ္စည်းတို့သည်၊ သိယုံ-ဖြစ်ကုန်၏။

---

**ဆက်ဦးအံ့**— "သခင်က ကျွန်ကိုသွားစေ၏"ဟူရာ၌ သခင်မှာ "လက်ပြ ခြေပြမှု ဟူသော ကိုယ်အမူအရာ, သွားလော—ဟုပြောဆိုသော နှုတ်အမူအရာဖြစ်၏၊ ထိုတွင် သခင်သည် စေခိုင်းတိုက်တွန်းတတ်သော ပယောဇကပုဂ္ဂိုလ်တည်း၊ ထိုကိုယ်အမူအရာ နှုတ်အမူအရာများကား "ဗျာပါရ"ဟုခေါ်သော ပယောဂတည်း၊ ထိုသခင်၏ ဗျာပါရ ကြောင့် ကျွန်သည် သွား၏၊ ထို့ကြောင့် သခင်၏ဗျာပါရသည် ကျွန် သွားရခြင်း၏ အကြောင်းဖြစ်၍'ဟေတု'လည်း ဟုတ်၏၊ သွားခြင်းကြိယာကိုပြီးစေတတ်သောကြောင့် ကတ္တားလည်းဟုတ်၏၊ ထို့ကြောင့် "ဟေတွတ္ထ, ပယောဇက ဗျာပါရ,ဟေတုကတ္တာ" ဟူသော ၃ ချက်သည် အနက်အသားကျအားဖြင့် တူမျှသည်—ဟု မှတ်။

**ပေ သန္ဓေ၌ သနာဒိကော**— ဤ၌ အာဒိဖြင့်"ဘိက္ခာ ဘိက္ခုံ ဝါသေတိ"စသည်၌ လာသော အနုကူလ ဟေတုကြိယာကို ယူ၊မှန်၏—"ထမင်းသည် ရဟန်းကို နေစေ၏" ဟူရာ၌ ထမင်းဒြပ်ဝယ် စေခိုင်းတိုက်တွန်းမှုဗျာပါရ မရှိ၊ သို့သော် ထမင်းကြောင့်ရဟန်း နေရကား ထမင်းက ရဟန်းကို နေဘို့ရန် မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ထမင်း၏နေစေခြင်းလည်း ပယောဇက ဗျာပါရမျိုးတွင် ပါဝင်ရသည်၊"ပယောဇေတိ—စေခိုင်းတိုက်တွန်းတတ်၏၊ ဣတိ—ကြောင့်၊ ပယောဇကော—မည်၏၊ ပယောဇကဿ—စေခိုင်း တိုက်တွန်းတတ်သူ၏၊ ဗျာပါရော—လုံ့လစိုက်ခြင်း အမူအရာ ပယောဂသည်၊ ပယောဇက ဗျာပါရော-မည်၏။

**ထွေ စ၊ ပေ၊ မဏ္ဍူကဂတိယာ**—တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါ-သုတ်မှ မဏ္ဍူက ဂတိက နည်းအားဖြင့် ခုန်ကျော်၍လိုက်လာသော ဝဝတ္ထိတ ဝါ သဒ္ဒါကြောင့် ဤဂါထာ၌ပြသော သတ်မှတ်ချက်များဖြစ်သည်။ [သီမူ၌ "သုတ္တေ ဝါသဒ္ဒဿ အနုဝတ္တနတ္တော"ဟုမပါ၊"ထွေစ—ဏောဏယာ ဥဝဏ္ဏန္တာ၊ပေ၊ဝါသဒ္ဒဿာနုဝတ္တိတော" ဟု ရှိ၏၊ ဋီကာ၌ကား- "ဝါသဒ္ဒဿ နုဝတ္တနတောတိ—တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါတိ ဣတော ယထာနုပုဗ္ဗိက ဝါဓိကာရာ နုဝတ္တနတော"ဟုရှိ၏၊ ထိုဋီကာ ပါဌ်လည်း သီဟိုဠ်မူနှင့် မတူသည့်ပြင် "မဏ္ဍူကဂတိယာ ဝသာ"ဟု မဏ္ဍူက ဂတိက နည်းဖြင့်လိုက်သော ဝါသဒ္ဒါဟုဆိုသော မြန်မာမူနှင့်လည်း မတူ၊ ဤ၌ကား မြန်မာမူ အတိုင်း ရေးလိုက်သည်။

**ဏော ဏ ယာ စ ဥဝဏ္ဏန္တာ**— "သု—ဘူ" တို့ကဲ့သို့ ဥ, ဦ ဆုံးသောဓာတ်နောင် ဏော—ဏယ ၂ ပစ္စည်းသာ သက်၏၊ ဏာပေ ဏာပယ ၂ ပစ္စည်း မသက်၊ ယုတ္တိကား-

www.dhammaransi.com



အာတော-ဒါစသော အာကာရန္တဓာတ်မှ နောက်၌၊ ပစ္ဆိမာ-နောက် ဖြစ်ကုန်သော၊ ဒွေ-ဏာပေ ဏာပယ ၂ ပစ္စည်းတို့သည်၊ သိယုံ၊ သေသတော-ကြွင်းသော ဗျဥ္ဇနန္တ ဓာတ်မှနောက်၌၊ စတုရော၀ါ-၄ ပစ္စည်းလုံးတို့သည်သော်ငင်း၊ ဒွေ၀ါ-ရွေ ၂ ပစ္စည်းတို့သည်သော်ငင်း၊ သိယုံ။

---

ဥ၀ဏ်ကို ဩဝုဒ္ဓိပြု၍ ဩကိုအ၀ပြုလျှင်"သ၀တိ-ဘ၀တိ"ဟုဖြစ်ရာ၌ ဏာပေ ဏာပယ သက်လျှင်"သာ၀ါပေတိ, သာ၀ါပယတိ, ဘာ၀ါပေတိ, ဘာ၀ါပယတိ"ဟု ဖြစ်ဘွယ်ရှိ၏၊ ထိုသို့ဖြစ်လျှင် နောက်၌လာမည့် ဥ၀ဏ္ဏန္တဓာတ်-ဧကာရန္တ ဩကာရန္တ ဓာတ်တို့နှင့် ရုပ်အနေချင်း ရောယှက်ဘွယ်ရှိ၏၊ ထို့ကြောင့် ဏာပေ ဏာပယ မသက်ဘဲ ဏေ-ဏယသာသက်၍ 'သာ၀ေတိ သာ၀ယတိ-ကြားစေ၏၊ ဘာ၀ေတိ,ဘာ၀ယတိ-ဖြစ်စေ၏, ၀ါ—တိုးပွားစေ၏"ဟု ဖြစ်သည်။

**အာတောဒွေပစ္ဆိမာ**— "ဒါ-ဌာ" ကဲ့သို့ အာကာရန္တ ဓာတ်နောင် "ဏာပေ ဏာပယ"နောက် ၂ ပစ္စည်းသာ သက်၏၊ ဏေဏယ မသက်၊ ယုတ္တိကား—ဏေ ဏယ သက်လျှင် "ဒေတိ, ဒယတိ"ဟု ရုပ်ဖြစ်ဘွယ်ရှိ၏၊ ထိုသို့ဖြစ်လျှင် "ဒေတိ"သည် သုဒ္ဓကတ္တုရုပ်နှင့် ရောဘွယ်ရှိ၍, 'ဒယတိ'ကား ဒယဓာတ်နှင့် ယုံမှားဘွယ်ရှိ၏၊ ထို့ကြောင့် ဏေဏယမသက်ဘဲ, ဏာပေ ဏာပယသာ သက်၍ "ဒါပေတိ, ဒါပယတိ-ပေးစေ၏၊ ပတိဋ္ဌာပေတိ, ပတိဋ္ဌာပယတိ-တည်စေ၏"ဟု ဖြစ်၏။

**မှတ်ချက်။** ။စာကိုယ်၌"အာတော"ဟု အာကာရန္တတမျိုးသာပြထားသော်လည်း ဋီကာ၌မူ "သိ-နီတို့ကဲ့သို့ ဣ၀ဏ္ဏန္တဓာတ်, ချေကဲ့သို့ ဧကာရန္တဓာတ်, စုရာဒိဂဏ်က ဓာတ်တို့နောင်လည်း ဏာပေ ဏာပယ ၂ ပစ္စည်းသက်-ဟု ဆိုသေး၏၊ ယုတ္တိကား—ဣ၀ဏ်ကို ဧပြုလျှင် ယိုဧကို အာယပြု၍ ဏေ ဏယပစ္စည်းဖြင့်'သာ၀ေတိ-သာယယတိ' စသည် ဖြစ်၍, ပြခဲ့သော ဥ၀ဏ္ဏန္တ ဓာတ်တို့နှင့် ရုပ်နေချင်း ရောယှက်ဘွယ် ရှိ၏၊ စုရာဒိဂိုဏ်း ဓာတ်များ၌ကား ဏေ ဏယ ၀ိကရဏပစ္စည်းဖြင့် သုဒ္ဓကတ္တုရုပ် ရှိပြီးဖြစ်၍ ထိုရုပ်နှင့် ရောယှက်ဘွယ်ရှိ၏၊ ထို့ကြောင့် ထိုဓာတ်များနောင် ဏေ-ဏယမသက်ဘဲ ဏာပေ ဏာပယသက်ခြင်းသာ ယုတ္တိရှိသည်၊ ပုံစံကား—သယာပေတိ သယာပယတိ-အိပ်စေ၏၊နယာပေတိ,နယာပယတိ-ဆောင်စေ၏၊ချာပေတိချာပယတိ-လောင်စေ၏၊ ၀ါ-မီးတိုက်၏၊ ပရိ အ၀ပုဗ္ဗ "သော" ဓာတ်ဖြင့် "ပရိယောသာပေတိ, ပရိယောသာ၀ယတိ (ပကို ၀ပြု) -ပြီးဆုံးစေ၏၊ စိန္တာပေတိ စိန္တာပယတိ (စုရာဒိ)-ကြံစေ၏။

**သေသတော စတုရော ဒွေ၀ါ**—(စုရာဒိဓာတ်မှတပါး) ပြခဲ့သောဓာတ်များသည် ကေဝလ (သရ တလုံးသာ ပါသော) ဓာတ်များတည်း၊ ကရစသော ဓာတ်များ၌ ဓာတွန်ကိုချေလျှင် "ကရ်" ဟု ဗျဥ္ဇနန္တဖြစ်၏၊ ထို့ကြောင့်ဋီကာ၌"သေသတော"ကို "ဗျဥ္ဇနန္တတော" ဟု ဖွင့်၍ သဒ္ဒနီတိ၌ "အနေကဿရတော စတုရော ဒွေ၀ါ" ဟု သုတ်တည်သည်၊ ထိုကဲ့သို့ မူလက အနေကဿရဓာတ် ဖြစ်၍ ဓာတွန်ချေသည့်အခါ ဗျဥ္ဇနန္တဖြစ်သောဓာတ်များကို 'သေသ'ဟုဆိုသည်၊ထိုကြွင်းသော ဗျဥ္ဇနန္တဓာတ်များ၏

www.dhammaransi.com



ကာရိတေ-ကာရိတ်ပစ္စည်းရှိရာ၌၊ အကမ္မာ-ကံမရှိကုန်သော၊ ဓာတဝေါ-ဓာတ်တို့သည်၊ သကမ္မကာ-ကံရှိကုန်သည်၊ ဟောန္တိ-ကုန်၏၊ သကမ္မကာ-ကံဖြစ်သော ရှိသောဓာတ်တို့သည်၊ ဒွိကမ္မာ-ကံ ၂ ခု ရှိကုန်သည်၎င်း၊ ဒွိကမ္မာ-ကံ ၂ ခု ရှိသောဓာတ်တို့သည်၊ တိကမ္မာစ- ကံ ၃ ခု ရှိကုန်သည်၎င်း၊ အသုံး-ဖြစ်ကုန်ရာ၏။ တသ္မာ-ထို့ကြောင့်၊ ကာရိတေ-ကာရိတ်အရာ၌၊ ကတ္တရိ-ကတ္တားအနက်၌၎င်း၊ ကမ္မေစ—ကံအနက်၌၎င်း၊ အာချာတ သမ္ဘဝေါ- အာချာတ်ဝိဘတ်၏ ဖြစ်ခြင်းသည်(ဟောတိ)၊ ဘာဝေ-ဘောအနက်၌၊ န–အာချတ်ဝိဘတ် မဖြစ်၊ ကာရိတေ-ကာရိတ်အရာ၌၊ သုဒ္ဓကတ္တာစ-သုဒ္ဓကတ္တားကိုလည်း၊ ကမ္မသညိတော၊

---

နောက်၌ကား တချို့ဓာတ်၌ ၄ ပစ္စည်းလုံးသက်၍ "ကာရေတိ, ကာရယတ, ကာရာပေတိ, ကာရာပယတိ" ဟု၎င်း, အချို့ဓာတ်၌ ၂ ပစ္စည်းသာ သက်၍ "ဒမေတိ, ဒယမတိ-ဆုံးမ၏" ဟု၎င်း ဖြစ်သည်၊ ဆောင်ပုဒ်ကို အခြေပြုမှာ ရှု။

**အကမ္မာ၊ ပေ၊ တိကမ္မကာ—** ကာရိတ် ပစ္စည်းသည် သူတပါးကို စေခိုင်းတိုက်တွန်းခြင်းစသော အနက်ကိုဟောရကား ကာရိတ်ပစ္စည်းနှင့်ယှဉ်သည့်အတွက် ကံတခု အပို ရစမြဲဖြစ်၏၊ ဌာ, သီဓာတ်တို့သည် အကမ္မက ဖြစ်၏၊ ကာရိတ် ယှဉ်ရာ၌ကား ဉာတ္တိံ—ဉာတ်ကို၊ ဌပေတိ-တည်စေ၏၊ ဝါ-ထား၏၊ ပုတ္တံ-သားကို၊ သယာပေတိ-အိပ်စေ၏၊ ဝါ-သိပ်၏၊ ဤသို့ ကေကမ္မကဖြစ်လာ၏၊ ဂမု-ပစဓာတ်တို့သည် ကေကမ္မက ဓာတ်တို့တည်း၊ ကာရိတ်ယှဉ်ရာ၌ "ပုရိသံ ဂါမံဂမယတိ,ဒေဝဒတ္တံ ဩဒနံ ပါစေတိ" ဟု ဒွိကမ္မကဖြစ်လာ၏၊ နီ-ဒုဟစသော ဓာတ်တို့သည် နဂိုရ်က ဒွိကမ္မကဖြစ်၍ ကာရိတ် ယှဉ်ရာ၌ "သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ-သခင်သည် ဆိတ်ကျောင်းသားကို ဆိတ်ကို ရွာသို့ဆောင်စေ၏" ဟု၎င်း "သာမိကော ဂေါပါလံ ဂါဝိံ ခီရံဒုဟာပေတိ-သခင်သည် နွားကျောင်းသားကို နွားမကို နို့ကိုညှစ်စေ၏" ဟု၎င်း တိကမ္မက ဖြစ်လာသည်။

**တသ္မာ ကတ္တရိ၊ ပေ၊ န ဘာဝေ**-"ကာရိတေ ရူပသမ္ဘဝေါ" ဟု မြန်မာမူ၌၏၊ ထိုမူ အတိုင်းဆိုလျှင် ကာရိတ်အရာဝယ် ကတ္တားကံ၌ ရုပ်ဖြစ်၍ ဘော၌ ရုပ်မဖြစ်" ဟု အနက် ထွက်၏၊ ထိုအနက်အတိုင်း ကာရိတ်နှင့်ယှဉ်သော ဘာဝရုပ် မရှိဘူးလား-ဟုဆိုလျှင် "ဘာဝနာ-ဖြစ်စေခြင်း၊ ပါစနာ-ချက်စေခြင်း" စသည်ဖြင့် ကိတ်အရာ၌ ကာရိတ်နှင့် ယှဉ်သော ဘာဝရုပ်တွေ များစွာရှိ၏၊ အာချာတ် အရာ၌ကား "ဘာဝေတိ-ဖြစ်စေ၏၊ မဂ္ဂေါ-မဂ်ကို၊ဘာဝိယတေ-ဖြစ်စေအပ်၏" ဟုကတ္တားအနက်ကံအနက်၌သာအာချာတ် ဝိဘတ် သက်သည်ကို တွေ့ရ၏၊ ဘောအနက်၌ "မဂ္ဂံ-ကို၊ဘာဝီယတေ-ဖြစ်စေခြင်း" ဟု မတွေ့ရ၊ နောက်ပုံစံတို့၌လည်း ဘာဝရုပ်ကို ပြမည်မဟုတ်၊ ထို့ကြောင့် "တသ္မာ ကတ္တရိ ကမ္မေစ, ကာရိတာ-ချာတသမ္ဘဝေါ, နဘာဝေ" ဟူသော ပါဌ်သာ အဓိပ္ပါယ်ရ၍ "တသ္မာ ကာရကာ ကာရိတေ ကတ္တရိစ ကမ္မေဝေစ(ဝေဖြင့် ဘောကိုကန့်)အာချာတ ဝိဘတ္တိယာ သမ္ဘဝေါ ဟောတိ၊ နဘာဝေ" ဟူသော ဋီကာဖွင့်နှင့်လည်း ညီသည်။

www.dhammaransi.com



ကံဟု သမုတ်အပ်၏။နယာဒီနံ၊ နယာဒိဓာတ်တို့၏၊ ပဓာနဋ္ဌ-ပဓာနကံသည့်ရင်း၊ ဒုဟာဒီနံ-ဒုဟာဒိ ဓာတ်တို့၏၊ အပ္ပဓာနံ-အပ္ပဓာန ကံသည့်ရင်း၊ ကာရိတေ-ကာရိတ်အရာ၌၊သုဒ္ဓကတ္တာ-သုဒ္ဓကတ္တားဟူသော၊ကမ္မံစ-ကံသည့်ရင်း၊အာချာတ ဂေါစရံ-အာချာတ်၏ ကျက်စားရာကံတည်း၊ ဝါ-အာချာတ်ဝိဘတ် ဟောအပ်သော ကံတည်း၊ ဣတိ-ဤသို့ မှတ်အပ်၏။

---

သုဒ္ဓကတ္တာစ၊ ပေ၊ ကမ္မသညိတော– “ဒါသော ဂါမံ ဂစ္ဆတိ” ဟူသော သုဒ္ဓကတ္တုဝါကျ၌ “ဒါသော”ဟူသော သုဒ္ဓကတ္တားသည် “ဒါသံ ဂါမံ ဂမယတိ”ဟူသော ကာရိတ်အရာဝယ်“ဒါသံ”ဟုကံဖြစ်လာရသည်။ [ဤ၌‘ကံ’ဟူရာဝယ် ‘အဝုတ္တကံ’ကို ဆိုလိုသည်၊ ဝုတ္တကံအတွက်ကား “သုဒ္ဓကတ္တာစ ကမ္မ မာချာတ ဂေါစရံ”ဟု လာဦးလတ္တံ့။] ဤသို့‘ဒါသော’ဟူသောဓာတ်ကတ္တားသည် ကာရိတ်ကံဖြစ်လာသောကြောင့် ကာရိတ်ကံနှင့် ဓာတ်ကတ္တားသည် အရ မကွဲပြားဘဲ “ဒါသ”ချည်းဖြစ်၏၊ သို့သော် ဓာတ် ကတ္တားဖြစ်ခိုက် ဝုတ္တကတ္တား, ကာရိတ်ကံ ဖြစ်ခိုက် အဝုတ္တကံ, ဤသို့ ဝုတ္တ အဝုတ္တသာ ကွဲပြားသည်ကို ရည်ရွယ်၍.... “ကာရိတ်ကံကား, ဓာတ်ကတ္တား, မပြား ဝုတ္တ–အဝုတ္တ”ဟု ရှေးဆရာတို့ မိန့်ကြသည်၊ ဤ၌ အရမပြားသည်ကို “မပြား”ဟု ဆိုသည်၊ ဝုတ္တ-အဝုတ္တကား ကွဲပြားသေး၏- ဟူလို။

နယာဒီနံ၊ ပေ၊ ဒုဟာဒီနံ– “နီ”စသော “ဒုဟ”စသော ဒွိကမ္မက ဓာတ်စုကို (နီဓာတ်ခဏ်း၌)ပြခဲ့ပြီ၊ ထိုတွင် နီစသော ဓာတ်တို့၏ ကံ ၂ ပါးတွင် ကံဟော ဝါကျ၌ ပဓာနကံကို အာချာတ်ဝိဘတ်က ဟော၏၊ ပဓာနကံကို ဝုတ္တကံထား၍ အ ပဓာနကံကို အဝုတ္တကံ ထားရသည်-ဟူလို၊ ဒုဟစသော ဓာတ်တို့၏ကံ ၂ ပါးတွင် ကံဟောဝါကျ၌ အပဓာနကံကို ဟော၏၊ အပဓာနကံကို ဝုတ္တကံထား၍ ပဓာနကံကို အဝုတ္တကံ ထားရ သည်–ဟူလို။

ချဲဦးအံ့– ‘အဇပါလော အဇံ ဂါမံ နေတိ’ ဤ၌ အဇံဟူသောကံသည် ဆောင်ခြင်း ကြိယာနှင့်အထူးသက်ဆိုင်၏၊ “ဆိတ်ကို+ဆောင်၏”ဟူသော စကားကို စဉ်းစားပါ၊ ထို့ကြောင့် “အဇံ”သည် ပဓာနကံ (လိုရင်းကံ)တည်း၊ ကံဟောဝါကျ၌ ထို အဇံ ဟူသောကံသည် ဝုတ္တကံဖြစ်၏၊ “အဇပါလေန အဇော ဂါမံ နီယတေ”တည်း၊ ဤ၌ “ဆောင်အပ်သော(အဆောင်ခံရသော)”အရာကား ဆိတ်ဖြစ်၍ “အဇ”ကို ဝုတ္တကံ ထားရသည်၊ နယာဒိ ဓာတ်ဟူသမျှ ဤနည်းချည်းတည်း။

“ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ” ဤ၌ “ခီရံ” သည် ညှစ်ခြင်း ကြိယာနှင့် အထူး သက်ဆိုင်၏၊ “နို့ကို+ညှစ်၏” ဟူသော စကားကို စဉ်းစားလျှင် ခီရံ၏ ပဓာနကံ ဖြစ်ကြောင်း ထင်ရှားသည်၊ ကံဟောဝါကျ၌ကား ခီရံကို အဝုတ္တ ကံ,ဂါဝိံကို ဝုတ္တကံ ထားရသည်၊ “ဂေါပါလေန ဂါဝီ ခီရံ ဒုယှတေ = နွားကျောင်းသားသည် နွားမကို

www.dhammaransi.com



နို့ညှစ်အပ်၏’’တည်း၊ ဤ၌ နို့ညှစ်အပ် (နို့ညှစ်ခံရ) သူကား နွားမ ဖြစ်၍ ဂါဝိကို ဝုတ္တကံ ထားရသည်၊ အခြား ဒုဟာဒိ ဓာတ်များ၌လည်း ဤနည်းအတိုင်းသိပါ။

နယမာနော အဇံ ဂါမံ, ဇပါလော နယတိတိစ။
နီယမာနော အဇော ဂါမံ, တေန နီယတိ ဝါတိစ။
ဒုဟမာနော ဂဝံ ခီရံ, ဂေါပေါ ဒုဟတိ ဝါတိစ။
ဂေါခီရံ ဒုဟိဘာ တေန, ဒုယှတေ ဝါတိ စာဖြစ်။

[နယမာနော—စသော ၂ ပါဒဖြင့် ကတ္တုဝါကျကို ပြ၏၊ နီယမာနော—စသော ၂ ပါဒဖြင့် ကမ္မဝါကျကိုပြ၏၊ ‘‘တေန-ထိုဆိတ်ကျောင်းသားသည်၊ အဇော—ကို၊ ဂါမံ—သို့၊ နီယမာနော—ဆောင်အပ်၏ (ဤကား ကိတ်ကြိယာဖြင့်ပုံစံ), ဝါ—တနည်း၊ နီယတိ-ဆောင်အပ်၏၊ ဤကား အာချာတ်ကြိယာဖြင့် ပုံစံတည်း၊ ဒုဟမာနော-စသော ၂ ပါဒဖြင့် ကတ္တုဝါကျကို, ဂေါခီရံ-စသော ၂ ပါဒဖြင့် ကံဟောဝါကျကို ပြ၏၊ တဝါကျ တဝါကျ၌ ကိတ်ကြိယာ အာချာတ်ကြိယာ ၂ မျိုးစီ ပြထားသည်၊ ‘‘ဂဝံ—နွားမကို၊ ဂေါ-နွားမကို’’ဟု ပေး။ ... ဘာဒစိန္တာ။ ]

**ကာရိတေ၊ ပေ၊ ဂေါစရံ**— [‘‘သုဒ္ဓကတ္တာကမ္မံ = သုဒ္ဓကတ္တား ဟူသောကံ၊ အာချာတဂေါစရံ = အာချာတ်ဝိဘတ်၏ ကျက်စားရာ’’ဟူရာ၌ အာချာတ်ဝိဘတ် ဟောအပ်သော ဝုတ္တကံဖြစ်သည်-ဟု ဆိုလိုသည်၊] ကတ္တုဝါကျ၌ သုဒ္ဓကတ္တားဖြစ်ခဲ့သောကြောင့် ‘‘သုဒ္ဓကတ္တား’’ဟု ဆိုသည်၊ ထို သုဒ္ဓကတ္တားသည် ကာရိတ်အရာဝယ် ကံဖြစ်လာ၏၊ ‘‘ဒါသော ဂါမံ ဂစ္ဆတိ’’၌ ဒါသောသည် သုဒ္ဓကတ္တားတည်း၊ ထိုဒါသော ဟူသော သုဒ္ဓကတ္တားသည် ကာရိတ်ယှဉ်ရာ၌ ‘‘သာမိကေန ဒါသော ဂါမံ ဂမာပီယတေ-သခင်သည် ကျွန်ကို ရွာသို့ သွားစေအပ်၏’’ဟု အာချာတ် ဝိဘတ်သည် ဟောအပ်သော ဝုတ္တကံ ဖြစ်လာသည်။

**ဓာတ်ကံကိုလည်း ဟောပုံ။** ။ဒါသသည်ကာရိတ်ကံတည်း၊ ‘‘ကံဟောဝါကျ၌ ထို မိမိဘည်းဟူသော ကာရိတ်ပစ္စည်း၏ ကံကိုသာ ဟော၏၊ ကာရိတ်ကံသာ ဝုတ္တကံ ဖြစ်၏’’ဟု ရူပသိဒ္ဓိစသည်၌ တထစ်ချဆိုထားသော်လည်း မောဂ္ဂလ္လာန် စသည်တို့၌မူ ‘‘ကာရိတ်အရာဝယ် ကာရိတ်ကံမှတပါး ဓာတ်ကံကိုလည်းတရံတခါဟောသေး၏’’ဟု မိန့်၏၊ ထိုအမိန့်အတိုင်းလည်း ဓာတ်ကံကို ဟောသော ဟေတု ကမ္မဝါကျကို တရံတခါ တွေ့ရပေသည်၊ ထို့ကြောင့် ‘‘သာမိကေန ဒါသော ဂါမံ ဂမာပီယတေ’’ဟု ကာရိတ်ကံကို ဟောသော ပုံစံ, ‘‘သာမိကေန ဒါသံ ဂါမော ဂမာပီယတေ’’ဟု ဓာတ်ကံကိုဟောသော ပုံစံ, ၂ မျိုးလုံးကိုပင် သတိပြုခဲ့ပါ၊ သို့ရာဝယ် ရှေ့ပုံစံမျိုးသာ အတွေ့များ၍ နောက်ပုံစံကို အတွေ့နည်းပါးသည်—ဟုမှတ်။

**ဒွိကမ္မက ဓာတ်၌ ကာရိတ် ယှဉ်ပုံ။** ။‘‘သာမိကော’’အဇပါလံ အဇံ ဂါမံ နယာပေတိ—သခင်သည် ဆိတ်ကျောင်းသားကို ဆိတ်ကို ရွာသို့ ဆောင်စေ၏’’-ကတ္တုဝါကျ- ‘‘သာမိကေန အဇပါလော အဇံ ဂါမံ နယာပီယတေ’’ဤကံဟော ဝါကျ၌ ကာရိတ်ကံ ဖြစ်သော အဇပါလသည် ဝုတ္တကံဖြစ်၏၊ ‘‘သာမိကော ဂေါပါလံ ဂါဝိံ ခီရံ ဒုဟာပေတိ

www.dhammaransi.com



တတ္ထ—ထိုကာရိတ်ပစ္စည်း သက်ရာ၌ (ဥဒါဟရဏံ-ကား)၊ ယောကောစိ-အမှတ်မရှိ တစုံတယော က်သည်၊ ဘပတိ- ဖြစ်စွမ်းနိုင်၏၊ တံ-ထို ဖြစ်စွမ်းနိုင်သူကို၊ အညော-အခြားသူသည်၊ ဘဝါဟိ ဘဝါဟိ-ဖြစ်လော + ဖြစ်လော၊ ဣစ္စေဝံ-ဤသို့၊ ဗြဝီတိ-ပြောဆို တိုက်တွန်း၏၊ အထဝါ-တနည်းကား၊ ဘဝန္တံ-ဖြစ်စွမ်းနိုင်သူကို၊ (ဘဝိတုံ-ဖြစ်ခြင်းငှါ၊ သမတ္ထံ-စွမ်းနိုင်သူကို၊) ပယောဇယတိ-စေခိုင်းတိုက်တွန်း၏၊ ဝါ-တနည်း၊ ဘဝိတုံ-ဖြစ်ခြင်းငှါ၊ ပယောဇယတိ-၏၊ ဣတိအတ္ထေ-၌၊ ဣမိနာ-ဤသုတ်ဖြင့်၊ ဏေ ဏယပစ္စယာ-တို့သည်ဝင်း၊ ကာရိတသညာစ-ကာရိတ်အမည် ရှိကုန်သည်ဝင်း(ဟောန္တိ)၊ ဝုတ္တတ္ထာန မပ္ပယောဂေ ါတိ

---

(ညှစ်စေ၏၊)"- ကတ္တုဝါကျ၊ "သာမိကေန ဂေါပါလော (ကို) ဂါဝီ ဒိရံဒုဟာပိယတေ-ညှစ်စေအပ်၏" ဤ၌ ကာရိတ်ကံသည် ဝုတ္တကံဖြစ်၏၊ သို့သော် မိမိကာရိတ်ကံမှ တပါး တရံတခါ ဓာတ်ကံကိုလည်း ဟောသေးကြောင်းကို သိပါ။

**ယောကောစိ၊ ပေ၊ ပယောဇယတီတိဝါ**— "ယောကောစိ ဘဝတိ"ကား သုဒ္ဓကတ္တုဝါကျတည်း။ ["သုဒ္ဓကတ္တားသည် ကာရိတ်ကံဖြစ်လာ၏"ဟု ဆိုခဲ့သောကြောင့် သုဒ္ဓကတ္တုဝါကျကို အပိုထည့်၍ ခင်းပြသည်၊] "တမညော ဘဝါဟိဘဝါဟိ" ကား ဟေတုကတ္တားက ထို သုဒ္ဓကတ္တားဖြစ်ခဲ့သောကံကို စေခိုင်းတိုက်တွန်းပုံ ပြသော ဝါကျတည်း။ [ဤဝါကျသည် ဟေတုဝါကျ မဟုတ်သေး, ဟေတုဝါကျ၏ အနက်ပြ ဝါကျဖြစ်သည်၊] "ဣစ္စေဝံဗြဝီတိ" အရ ဤသို့ တကယ်ဆိုသည်ဟု မမှတ်ရ, "ဖြစ်စေ၏"ဟု ကာရိတ်ကြိယာကို သုံးစွဲရာ၌ "ဖြစ်လောဖြစ်လော"ဟု ဆိုရာ ရောက်သောကြောင့် "ဣစ္စေဝံ ဗြဝီတိ"ဟုပြထားသည်၊"ဖြစ်လော ဖြစ်လော"ဟုမဆိုသော်လည်း ဆိုသကဲ့သို့ "ဖြစ်စေခြင်း" အနက်၌ ဏေ ဏယပစ္စည်း သက်ပါ-ဟူလို။

**အထဝါ ဘဝန္တံ၊ ပေ၊ ပယောဇယတိ**—ဤကား ကာရိတ်ပစ္စည်း၏အနက်ကိုပင် "ဘဝန္တံ"ဟု ကိတ်ကြိယာနှင့်တွဲဘက်၍ တနည်းပြသောဝါကျတည်း၊ ဘဝန္တံ၌ အန္တပစ္စည်းသည်သတ္တိအနက်ကိုလည်းဟော၏-ဟုသိစေလို၍ဘဝန္တံကို"ဘဝိတုံသမတ္ထံ"ဟု ဖွင့်သည်၊ အရာဝတ္ထုတခုသည် ဖြစ်စွမ်းနိုင်သောသတ္တိ ရှိ၏၊ သူ့ဘာသာကား ဖြစ်မည် မဟုတ်၊ ထိုသို့ဖြစ်စွမ်းနိုင်လျက် မဖြစ်ဘဲနေသော အရာဝတ္ထုကို ဖြစ်စေခြင်း(ဖြစ်အောင် တိုက်တွန်းခြင်း)ကို"ဘဝန္တံ ပယောဇယတိ"ဟု ဆို၏။

**ဘဝိတုံ ပယောဇယတိ**—ဤသည်း ကာရိတ်ပစ္စည်း၏အနက်ကိုတနည်းပြပြန်သော ဝါကျတည်း၊ ဒုတိယနည်း၌ ဘဝန္တံဝယ် ပုလ္လိင် နပုလ္လိင်နှင့်ဆက်ဆံ၍ ကေဝစ် သချာ ပစ္စုပ္ပန်ကာလ ရှိ၏၊ ဤဘဝိတုံ၌ကား ထိုကဲ့သို့ လိင်သချာကာလ အထူးမရှိ, ထိုသို့ လိင်သချာကာလကို မသုံးသပ်ဘဲ သာမညအားဖြင့် ကာရိတ်ပစ္စည်း၏အနက်ကို ပြလို၍ "ဘဝိတုံ ပယောဇယတိ" ဟု မိန့်ပြန်သည်၊ "ဘဝိတုံ ပယောဇယတိ- ဖြစ်ခြင်းငှါ (ဖြစ်ဘို့ရာ-ဖြစ်အောင်) စေခိုင်းတိုက်တွန်း၏" ဟူသော အနက်၌ ဏေ ဏယစသော ပစ္စည်းသက်ပါ, ဟူလို၊ ထိုပစ္စည်းများကို ကာရိတ်လည်း မှည့်။

www.dhammaransi.com



ဟူသော ပရိဘာသာကြောင့်၊ ဝါကျာ-ဝါကျကို၊ အပ္ပယောဂေါ-မယှဉ်စေ ရခြင်းသည် (ဟောတိ)၊ ကာရိတာနံ ဏော ၊ လောပံတိ-သုတ်ဖြင့်၊ ဏလော ပေါ-ဏ အနုဗန်ကိုချေ၊ အသံယော ဂန္တဿ ဝုဒ္ဓိ ကာရိတေတိ-သုတ်ဖြင့်၊ ဥကာရဿ-၏၊ ဩကာရော-ဩ ဟူသော၊ ဝုဒ္ဓိ-ပြု။

(၅၄၀) ဩတိ, ဓာတုဂ္ဂဟဏဉ္စ-ဓာတု သဒ္ဒါသည်ရင်း၊ ဝတ္တတေ-**တေ အာဝါယာ ကာရိတေ**။ ။ပရေ, ကာရိတေ- ကာရိတ် ပစ္စည်းကြောင့်၊ ဓာတွန္တဘူတာ- ဓာတ္တန် ဖြစ်၍ ဖြစ်ကုန်သော၊ တေ ဩကာရေ ကာရာ-ထို ဩအက္ခရာ ဧ အက္ခရာတို့သည်၊ အာဝ အာယာဒေသာ-အာဝ အာယ အပြုတို့သို့၊ ပါပုဏန္တိ-ရောက်ကုန်၏။ တေ အာဝါ ယာတိ ယောဂဝိဘာဂေန-ဖြင့်၊ ဧျ အာဒိနံ-ဧျ အစရှိသော ဓာတ်တို့၏၊ အကာရိ တေပိ-ကာရိတ် ပစ္စည်း မနှောင်းသော်လည်း၊ (အာဝ အာယာ ဒေသာ-တို့ သည်) ဟောန္တိ၊ ဠတိ-ဤသုတ်ဖြင့်၊ ဩကာရဿ-ဩအက္ခရာ၏၊ အာဝါ ဒေသော-အာဝပြု၊ သရလောပါဒိ၊ ဓာတု ပစ္စယေဟိ ဝိဘတ္တိယောတိ-ဟူ၍ ပရိဘာသာ လာသောကြောင့်၊ တျာဒယော-တိ အစရှိသော ဝိဘတ်တို့သည် (ဟောန္တိ)။

---

(၅၄၀) **တေ အာဝါယာတိ၊ ပေ၊ ဟောန္တိ**—ကာရိတေကို ဖြုတ်၍ "တေ အာဝါယာ"ဟု ဒွိဓာကရဏ် ယောဂဝိဘာဂ ပြုလိုက်သည့်အခါ ကာရိတ် မနှောင်း သော်လည်း ပြုနိုင်၏၊ ထိုသို့ပြုရာ၌ ဧျအာဒိနံဝယ် အာဒိဖြင့် ဂေဓာတ်ကိုသာ ယူစရာ ရှိ၍ အာဝပြုဘို့ရန် "ဩ"မရှိသောကြောင့် "အာဝအာယာဒေသာ"ဟု ထည့်သင့်မည် မထင်,"အာယာဒေသာ"ဟု ထည့်သင့်သည်၊ သို့ရာဝယ်"ဟောန္တိ"ဟု ဗဟုဝုစ်ကြိယာ တိုက်ရိုက်ပါသောကြောင့် အာဝပြုခွင့်ကိုလျှင် ပြုဘို့ရာ "အာဝ အာယာဒေသာ"ဟု ထည့်ရတော့သည်။

**သရလောပါဒိ**—အာဝ အာယပြုရာ၌"ဝ-ယတို့ဝယ် သရပါသည်" ဟုအယူရှိ၍ ထိုသရကိုချေ၍ နောက်စေသည်သို့ ကပ်ဘို့ရာ"သရလောပါဒိ"ဟုဆိုသည်၊သို့သော်ဝ-ယတို့၌ သရပါခွင့် မရှိကြောင်းကို "ဩ အဝ သရေ"သုတ်၌ ပြခဲ့သည့်အတိုင်း သိပါ။

ဝုတ္တဇ္ဇာ၊ ပေ၊ ဝုဒ္ဓိ—"ဘူ"တည်, ဓာတ်မှည့်, ပြခဲ့သောဝါကျ ၃ ခု၏ အနက်၌ ဏေ—ဏယ သက် (ဥဝဏ်နောင်ဖြစ်၍ ဏာပေ-ဏာပယ မသက်ရ), ကာရိတ် မှည့်, [ဝုတ္တဇ္ဇာ၌ မပ္ပယောဂေါဟူသောပရိဘာသာကြောင့် ပြခဲ့သောဝါကျ၃ခုကို ရုပ်တွက် ရာ၌ ထည့်၍မတွက်ရ၊] ဆိုင်ရာသုတ်များဖြင့် ဏ် အနုဗန်ချေ, ဘူ၌ဥကို ဩဝုဒ္ဓိပြု, "ဘော+ဧ—,ဘော+ယ"ဟု ရုပ် ၂ ခုဖြစ်နေပြီ။

www.dhammaransi.com



သော-ထိုရဟန်းသည်၊ သမာဓိံ-သမာဓိကို၊ ဘာဝယတိ-ဖြစ်စေ၏၊ ဝါ-တိုးပွားစေ၏၊ ပေ၊ ဘာဝယတေ, ဘာဝယန္တေ-ဖြစ်စေကုန်၏။ [အတ္တနောပုဒ်၌ "ဏေ"ပစ္စည်းဖြင့် ရုပ်မရှိသင့်သောကြောင့် "ဘာဝယတေ"ဟု ဏယပစ္စည်းကိုသာ ပြတော့သည်] ကမ္မေ-၌၊ အတ္တနောပဒယပစ္စယ ဤကာရာဂမာ-အတ္တနောပုဒ် ဝိဘတ်, ယပစ္စည်း, ဤအာဂုံတို့သည်ရှင်း၊ သရလောပါဒိစ-သရ ချေခြင်း အစရှိသည်ရှင်း(ဟောန္တိ)၊ [သီမူအတိုင်း] တေန—ထိုရဟန်းသည်၊သမာဓိ-ကို၊ ဘာဝီယတေ-ဖြစ်စေအပ်၏၊ ဝါ-တိုးပွါးစေအပ်၏၊ ပေ၊ ဘာဝီယန္တိ။

တထာ-ပါး၊ ဘာဝေတု ဘာဝယတု-ဖြစ်စေလော၊ ပေ၊ ဘာဝယန္တု၊ ကမ္မေ, ဘာဝီယတံ-ဖြစ်စေအပ်လော၊ ဘာဝီယန္တု၊ ဘာဝေယျ ဘာဝယေ (ယျေကို ေပြ)၊ ဘာဝယေယျ-ဖြစ်စေရာ၏၊ [တချို့မူ၌ ရှေ့နောက် လွဲနေသည်]၊ ပေ၊ ဘာဝေရုံ ဘာဝယေရုံ-ဖြစ်စေကုန်ရာ၏၊ ကမ္မေ,ဘာဝီယေယျ-ဖြစ်စေအပ်ရာ၏၊ ဘာဝီယေယျုံ။

အဇ္ဇတနိမှိ-၌၊ ယောဂဝိဘာဂေန-ဖြင့်၊ (ကရသကာ သတ္တမဇ္ဇတနိမှိ၌ "သတ္တမဇ္ဇတနိမှိ" ဟူသော ယောဂဝိဘာဂ)ဖြင့်၊ ကာရိတန္တာပိ-ကာရိတ် အဆုံးရှိသည်လည်း ဖြစ်သော၊ ဒီဃတော-ဒီဃမှ (နောက်၌)၊ သကာရာဂမော-(သ) လာ၊ အဘာဝေသိ ဘာဝေသိ အဘာဝယိ ဘာဝယိ – ပြီ၊ ပေ၊ အဘာဝယုံ ဘာဝယုံ-နံပြီ၊[" အဘာဝေယျုံ ဘာဝေယျုံ" ကား ပါဠ်ပျက်။] အဘာဝေသိ ဘာဝေသိ [သြကို ဠပြု] အဘာဝိတ္ထ

---

သော သမာဓိံ ဘာဝေတိ— "သမာဓိ+ဘဝတိ=သမာဓိသည်+ဖြစ်၏" ဟု သုဒ္ဓကတ္တုဝါကျဖြစ်၏၊ ထို "သမာဓိ" ဟူသော သုဒ္ဓ ကတ္တားသည် ကာရိတ်ကတ္တုဝါကျ၌"သမာဓိံ"ဟု အဝုတ္တကံဖြစ်လာ၏၊"သုဒ္ဓကတ္တာစ ကာရိတေကမ္မသညိတော" နှင့်ညီ၏၊ ကာရိတ်ကံဟော ဝါကျ၌လည်း "တေန သမာဓိ ဘာဝီယတေ"ဟု ထိုသုဒ္ဓ ကတ္တားသည်ပင် ကာရိတ်ပစ္စည်း၏ ဝုတ္တကံ ဖြစ်လာပြန်၏၊ "ကာရိတေ သုဒ္ဓကတ္တာစ ကမ္မမာချာတ ဂေါစရံ"နှင့်ညီ၏၊ ဤကံဟောဝါကျကိုထောက်လျှင် ကာရိတ်ဝုတ္တကံနှင့် ဓာတ်ဝုတ္တ ကတ္တားသည် အရလည်းမပြား "ဝုတ္တ အဝုတ္တ" ဟု ၂ မျိုးလည်း မခြားဘဲ ဝုတ္တချည်းဖြစ်သောကြောင့်"ကာရိတ်ကံကား, ဓာတ်ကတ္တား, မပြားဝုတ္တ အဝုတ္တ".... ဟူသော နိယာမ်ဝယ် "မပြား"ကို ဝုတ္တ အဝုတ္တ၌စပ်၍ "ဝုတ္တ အဝုတ္တလည်း မပြား, ဝုတ္တချည်းဖြစ်သည်"ဟူသော အဓိပ္ပါယ်လည်း ဖြစ်နိုင်ပြန်သည်။ [တေန သမာဓယော (တို့ကို) ဘာဝီယန္တေ၊ တေန တွံ(သင် သမာဓိကို) ဘာဝီယသေ" စသော ဝါကျတို့ကိုလည်း သိလေ။]

www.dhammaransi.com



အဘာ၀ယိတ္ထ၊ ပေ၊ အဘာ၀ယိမှ၊ ကမ္မေ, အဘာဝီယိတ္ထ, အဘာဝီယိ၊ ဖြစ်စေ
အပ်ပြီ။

ဘာဝေဿတိ ဘာ၀ယိဿတိ-လတ္တံ၊ ပေ၊ ဘာဝေဿထ၊ ပေ၊ ဘာ၀ယိ
ဿာမ၊ ကမ္မေ, ဘာဝီယိဿတေ၊ ဘာဝီယိဿန္တေ, ဘာဝီယိဿတိ ဘာဝီ
ယိဿန္တိ၊ [တချို့မူ၌ "ဘာဝိဿတေ"ဟု ရှိ၏၊ ယံပစ္စည်း ချေထားသည်ဟု ကြံ၊]
အဘာဝိဿ အဘာ၀ယိဿ-ရာပြီ၊ အဘာဝိဿံသု အဘာ၀ယိဿံသု၊ ကမ္မေ,
အဘာဝိဿထ အဘာ၀ယိဿထ-ဖြစ်စေအပ်ရာပြီ၊ [ယံပစ္စည်း ချေသားသည်-ဟု
ကြံ၊ သိမ်မူ၌ကား "အဘာဝိဿထ, အဘာဝီယိဿထ, အဘာဝီယိဿ"ဟု ၃ ချက်
ရှိ၏၊ ပဌမရုပ်၌ ယပစ္စည်းကြေသည်၊] ဣစ္စာဒိ။

တထာ-ပါး၊ ယော-ကောစိ-သည်၊ ပစတိ-ချက်စွမ်းနိုင်၏၊ တံ-ထိုသူ့ကို၊
အညော-သည်၊ ပစာဟိ ပစာဟိ-ချက်လော ချက်လော၊ ဣစ္စေဝံ ဗြဝီတိ၊
အထ ဝါ-ကား၊ ပစန္တံ-ချက်စွမ်းနိုင်သူကို၊ ပယောဇေတိ-စေခိုင်း၏၊ ဝါ-
ကား၊ ပစိတုံ-ချက်ခြင်းငှါ၊ ပယောဇယတိ-၏၊ ဤ-အဘိအတ္ထေ-၌၊ ဝုတ္တနယေန-
ဆိုအပ်ပြီးသောနည်းဖြင့်၊ ဏေ ဏ ယာ ဒယော-ဏေ ဏယ အစရှိသော ပစ္စည်း
တို့သည်ရင်း၊ အကာရဿ-အ အက္ခရာ၏၊ အာကာရော-အာ အက္ခရာ ဟူသော၊
ဝုဒ္ဓိ-သည့်ရင်း(ဟောန္တိ)၊ သေသံ-ကြွင်းသော အစီအရင်ကို၊ နေယျံ-ဆောင်၍
သိထိုက်၏။ [ဤသုတ်ဖြင့် ဏေစသော ပစ္စည်းသက်ခြင်း ကာရိတ်မှည့်ခြင်းကို
"ဝုတ္တနယ"ဟုဆို၍, ဏ် အနုဗန်ချေခြင်းစသည်ကို"သေသံ နေယျံ"ဟုဆိုသည်။]

သော-ထိုသူသည်၊ ဒေဝဒတ္တံ-ကို၊ ဩဒနံ-ကို၊ ပါစေတိ-ချက်စေ၏၊ ပေ၊
ပါစယာမ။ [ဏေပစ္စည်းနှင့် ဏယပစ္စည်းကို တွဲ၍ပြသည်၊] ဏာပေ ဏာပယေ
သုပန-ဏာပေ ဏာပယ ပစ္စည်းတို့၌ကား၊ သောပုရိသော-ထို ယောကျ်ားသည်၊
တံ ပုရိသံ—ကို၊ ဩဒနံ-ထမင်းကို၊ ပါစာပေတိ-ချက်စေ၏၊ ပေ၊ ပါစာပယန္တိ၊
ကမ္မေ, [သော ဩဒနံ ပါစီယတိ တေန, ပါစာပီယတိ, ပါစာပယီယတိ ပါစာ
ပယီယန္တိ"ဟု ဏေစသော ပစ္စည်း ၄ ချက် အစဉ်အတိုင်း ပါ၍မှန်ရှိစေ၊] တေန-
ထိုယောကျ်ားသည်၊ သော-ထို ယောကျ်ားကို၊ ဩဒနံ-ကို၊ ပါစီယတိ၊ ပေ၊
ပါစာပယီယတိ-ချက်စေအပ်၏၊ ပါစာပယီယန္တိ-ကုန်၏။

www.dhammaransi.com



တထာ,ပါစေတု၊ ပေ၊ ပါစာယတု-ချက်စေလော၊ ပါစီယတံ၊ ပေ၊ ပါစာပီယတု-ချက်စေအပ်လော၊ ပါစာပီယန္တု၊ ပါစာပယီယတု, ပါစာပယီယန္တု၊ ပါစေယျ၊ ပေ၊ ပါစာပယေယျ-ရာ၏၊ ပါစီယေယျ-ချက်စေအပ်ရာ၏၊ ပါစီယေယျုံ၊ အပါစေသိ အပါစယိ အပါစာပေသိ အပါစာပယိ-ချက်စေပြီ၊ပါစေဿတိ၊ ပေ၊ အပါစာပယိဿ-ရာပြီ၊ ဣစ္စာဒိ။

(၅၄၁) ဂစ္ဆန္တံ-သွားစွမ်းနိုင်သူကို၊ ပယောဇယတိ-၏၊ ဝါ, ဂန္တုံ-သွားခြင်းငှါ၊ ပယောဇယတိ-၏၊ ဣတိအတ္ထေ ဏေ ဏယ‌ော ဒယော (ဟောန္တိ)၊ [“ယောကောစိဂစ္ဆတိ, တ မညော ပယောဇယတိ” ဟူသော အနက်လည်းရနိုင်သည်ပင်၊] ဝုဒ္ဓိယံ-ဝုဒ္ဓိအပြုသည်၊ သမ္ပတ္တာယံ-ရောက်လုလတ်သော်၊ [“ဝုဒ္ဓိနဟောတိ”၌ စပ်၊] အသံယောဂန္တဿ ဝုဒ္ဓိကာရိတေတိ-သုတ်သည်၊ ဝတ္တတေ။

ဃဋာဒီနံဝါ။ ။ကာရိတေ-ကာရိတ်ပစ္စည်းကြောင့်၊ အသံယောဂန္တာနံ-ကုန်သော၊ ဃဋာဒီနံ-ဃဋ-အတူရှိကုန်သော၊ ဓါတူနံ-တို့၏၊ ဝါ-စွာ၊ ဝုဒ္ဓိ၊ ဟောတိ၊ ဣတ္ထိဝ္တေ-ဤသုတ်၌၊ ဝါဂ္ဂဟဏေန-ကြောင့်၊ ဝုဒ္ဓိ-သည်၊ နဟောတိ၊ အယံ ဝါသဒ္ဒေါ၊ ပေ၊ အတ္ထော၊ သော-ထိုသူသည်၊ တံပုရိသံ-ကို၊ ဂါမံ-သို့၊ ဂမေတိ၊ပေ၊ ဂစ္ဆာပယတိ-သွားစေ၏။ တေန-ထိုသူသည်၊ သော-ထိုယောကျာ်းကို၊ ဂါမံ-သို့၊ ဂမီယတိ၊ ပေ၊ ဂစ္ဆာပယီယတိ-သွားစေအပ်၏။ ဣစ္စာဒိ-ဤသို့အစရှိသည်ကို၊ သဗ္ဗတ္ထ-အလုံးစုံသောရုပ်၌၊ ယောဇေတဗ္ဗံ-၏၊ ဥပရိပိ-အထက်၌လည်း၊ ဧဝံ-တည်း။

ဃဋ=ဤဟာယံ- အားထုတ်ခြင်း၌....၏၊ ဃဋန္တံ-အားထုတ် စွမ်းနိုင်သူကို၊ ပယောဇယတိ-၏၊ ဃဋေတိ-အားထုတ်စေ၏၊ ဃဋာဒီနံဝါတိ-ဃဋာဒီနံဝါဟု ဝါသဒ္ဒါဖြင့် ဆိုခြင်းကြောင့်၊ နဝုဒ္ဓိ-ဝုဒ္ဓိမဖြစ်၊ ဃဋယတိ ဃဋာပေတိ ဃဋာပယတိ-အားထုတ်စေ၏။

---

(၅၄၁) ဃဋာဒီနံဝါ– အာဒိသဒ္ဒါသည် “အတူ” အနက်ရှိ၏-ဟု အခြားကျမ်းတို့၌ဆို၏၊ ထို့ကြောင့် ဃဋကဲ့သို့ ဝုဒ္ဓိအပြု မမြဲခြင်းတူသော ဂမု-ဂဏ-ကမု-ဒမု-သမုစသော သဒ္ဒါများကို ယူ၊ ဝါသဒ္ဒါကို ဝဝတ္ထိတ ဝိဘာသတ္တဟု ဆိုသော ဤရူပသိဒ္ဓိအလိုအားဖြင့်“ဃဋ္ဌေတိ ဥဋ္ဌ ါဋ္ဌေတိ,အတိက္ကမေန္တော အတိက္ကာမေန္တော” တို့၌ အနိစ္စဝိဓိ, ဂမေန္တော-ဟူသော ကာရိတ်ရုပ်, ဒမေန္တော သမေန္တော ဟူသော စုရာဒိရုပ်တို့၌အသန္တဝိဓိ-ဟုပိုင်းခြားသတ်မှတ်ကြောင်းကို ဋီကာဖွင့်၏၊သဒ္ဒနီတိ၌ကား ဝါကို ဝိကပ်ဟုကြံ၍ “ဃဋ္ဌေတိ ဃာဋ္ဌေတိ, ဂမေတိ ဂါမေတိ”ဟု ပြသည်။

www.dhammaransi.com



## (၅၄၂) ကာရိတေတိ ဝတ္တတော၊....

**ဂုဟာဒုသာနံ** ဒီဃံ။ ။ပရေ, ကာရိတေ – ကြောင့်၊ ဂုဟာဒုသဣတိ – ဂုဟာဒုသ ဟူကုန်သော၊ ဓာတုနံ-တို့၏၊ သရော-သရသည်၊ ဒီဃံ အာပဇ္ဇတေ၊ အယံ-ဤသုတ်သည်၊ ဝုဒ္ဓါပဝါဒေါ – ဝုဒ္ဓိကို တားမြစ်သော သုတ်တည်း၊- ဂုဟ = သံဝရဏေ - စောင့်ရှောက်ခြင်း၌ .... ၏၊ ဂုဟိတုံ – စောင့်ရှောက်ခြင်းငှါ၊ ပယောဇယတိ – ၏၊ ဂူဟယတိ - စောင့်ရှောက်စေ၏၊ ဂူဟယန္တိ - န်၏၊ ဒုသ=အပ္ပီတိမှိ - မနှစ်သက်ခြင်း၌....၏၊ ဒုသန္တံ - မနှစ်သက် စွမ်းနိုင်သူကို၊ ပယောဇယတိ-၏၊ ဒူသယတိ-မနှစ်သက်စေ၏၊ ဝါ-ဖျက်ဆီး၏၊ ဒူသယန္တိ–န်၏၊ ဣစ္စာဒိ။

တထာ-ပါး၊ [ဘူဝါဒိဂိုဏ်း၌ ဘူ-ဂမု-ပစတို့နောင် ဣသုယမုစသော ဓာတ်တို့ကို ပြခဲ့ရကား ထိုဓာတ်အချို့ကို ကာရိတ်ပစ္စည်းနှင့် တွဲပြလို၍ "တထာ" စသည် မိန့်၊] ဣစ္ဆန္တံ – လိုချင်စွမ်းနိုင်သူကို၊ ပယောဇယတိ – ၏၊ ဣစ္ဆာပေတိ ၊ ပေ ၊ သေယတိ – လိုချင်စေ၏၊ နိယစ္ဆန္တံ – ရှောင်ကြဉ်စွမ်း နိုင်သူကို ၊ ပေ ၊ နိယာမေတိ နိယာမယတိ - ရှောင်ကြဉ်စေ၏၊ အာသန္တံ -

---

(၅၄၂) ဝုဒ္ဓါပဝါဒေါယံ–ဤသုတ်မရှိလျှင် "အသံယောဂန္တဿ ဝုဒ္ဓိကာရိတေ" ဖြင့် ဝုဒ္ဓိပြု၍ "ဂေါဟယတိ, ဒေါသယတိ" စသည် ဖြစ်ရာ၏၊ ထိုသို့ မဖြစ်စေဘဲ ဝုဒ္ဓိအပြုကို ဤသုတ်က တားမြစ်၍ ဒီဃပြုသည်၊ ဤသုတ်က ကာရိတ်နောင်းရာ၌သာ ဒီဃပြုမည်–ဟု ဆိုသော်လည်း "ဂုဟနံ–စောင့်ရှောက်ခြင်း, ဝါ–လျှို့ဝှက်ခြင်း" စသည်၌ ကာရိတ် မနောင်းဘဲလည်း ဒီဃပြု၏၊ မောဂ္ဂလ္လာန်၌လည်း ဤဂုဟဓာတ်၌ ကာရိတ်နောင်းခြင်းကို မဆို "ဂုဟိဿ သရေ" ဟု သုတ်တည်၍ သရနောင်းလျှင် ဒီဃပြုရမည်–ဟု ဆိုသည်၊ သရ မနောင်းလျှင်ကား "ဂုယှံ–လျှို့ဝှက်အပ်သော အရပ်" စသည်ဖြင့် ဒီဃမပြုရ။

**ဒုသဓာတ်**။ ။ဒုသဓာတ်၌ကား ကာရိတ် နောင်းမှပင် ဒီဃပြုဘို့ရန် တညီ တညွတ်ထည်း ဆိုကြ၏၊ ကာရိတ် မနောင်းလျှင် "ဒုဿနံ–ပဒုဿတိ" စသည်ဖြင့် ဒီဃ မပြုရ၊ ကာရိတ် နောင်းလျှင် "ဒူသေတိ, ဒူသယတိ, ဒူသိတော, ဒူသကော" စသည်ဖြင့် ဒီဃပြုရသည်၊ မှန်၏– "ဒူသေတိ–ဖျက်ဆီး၏" ဟူရာ၌ "ဒုသ=ဝိဂတေ–ကင်းကွာ ပျက်စီးခြင်း" ဟူသောဓာတ်တည်း၊ ထို့ကြောင့် "ဒူသေတိ-ပျက်စီးစေ၏" ဟု သဒ္ဒါနက် နှင့်အညီ, ပေးရသည် "ဒူသိတော" ကို မောဂ္ဂလ္လာန်၌ ကာရိတ် ဏိပစ္စည်းဖြင့် "ဒူသိ" ဖြစ်စေပြီးမှ တပစ္စည်း သက်သည်၊ ကစ္စည်းကျမ်းအလို ကာရိတ် ဏေပစ္စည်း သက်ပြီးမှ ဧကို ချေသည် ဟု ဆိုသင့်၏၊ ဒူသကော၌လည်း ကာရိတ် ဏေပစ္စည်း သက်။ [ဒုဋ္ဌ ဒေါသ သိက္ခာပုဒ်၌ "ဒူသေတိ ဝိနာသေတီတိ ဒေါသော" ဟု ဝိဂ္ဂဟပြု၍ ဒေါသော၌ ဒုသဓာတ် ကာရိတ် ဏေပစ္စည်း ဏပစ္စည်းဖြင့် ဝုဒ္ဓိပြုသားသည်ကို တွေ့ရသောကြောင့် ဒီဃအပြု မမြဲ, ရံခါ ဝုဒ္ဓိလည်း ပြုသေး၏– ဟုမှတ်။]

www.dhammaransi.com



နေစွမ်းနိုင်သူကို၊ ပေ၊ အစ္ဆာပယတိ - နေစေ၏၊ လဘန္တံ - ရစွမ်းနိုင်သူကို၊ [ ပယောဇယတိ - စသည်၌ အနက်ထင်ပြီ၊ ] ဝစန္တံ - ဆိုစွမ်းနိုင်သူကို၊ပေ၊ ဝါစေတိ၊ ပေ၊ ဝါစာပယတိ - ဆိုစေ၏၊ ဝါ-ပို့ချ၏၊ ဝဲ-တူ၊ ["ဝသန္တံ ပယောဇယတိ" စသည်ကို ညွှန်ပြသည်၊ ] ဝါသေတိ၊ ပေ၊ ဝါသာပေတိ - နေစေ၏၊ ဝါဟေတိ၊ ပေ၊ ဝါဟာပယတိ - ဆောင်စေ၏၊ ဝါ-မျှော၏၊ပေ၊ ဇီရေတိ၊ ပေ၊ - ဆွေးမြေ့စေ၏၊ ပေ၊ မာရေတိ - သေစေ၏၊ ဝါ - သတ်၏၊ ဒဿေတိ ဒဿယတိ-မြင်စေ၏၊ ဝါ-ပြ၏၊ [ဤ၌ ဒိသကို သုတ်ကြီးဖြင့် "ဒဿ"ပြုပြီးမှ ဏေ ဏယပစ္စည်း သက်။]

တထာ, တုဒန္တံ - ထိုးဆွ စွမ်းနိုင်သူကို ၊ ပေ ၊ ပဝိသန္တံ - ဝင်စွမ်းနိုင်သူကို ၊ပေ၊ ပဝေသေတိ-ဝင်စေ၏၊ ဝါ - သွင်း၏ ၊ ပေ၊ ဥဒ္ဒိသန္တံ - ရွတ်ပြစွမ်းနိုင်သူကို ၊ ပေ ၊ ပဟောန္တံ - အပြားအားဖြင့် ဖြစ်စွမ်းနိုင်သူကို၊ ပယောဇယတိ - ၏၊ ပဟာဝေတိ, ပဟာဝယတိ-အပြားအားဖြင့် ဖြစ်စေ၏၊ [တုဒါဒိဓာတ် နောင် "ဟူဝါဒိ"ဓာတ်ကို ပြခဲ့ရကား ဤ ပဟာဝေတိ၌ "ပ ပုဗ္ဗ ဟူဓာတ်, ဏေ, ဥကို ဩဝုဒ္ဓိ, ဩကို အာဝ ပြု၍ ပြီးသည်။ [ပဟာပေတိ စသည် ရှိလျှင် ပါဌ်ပျက်။] သယန္တံ - အိပ်စွမ်းနိုင်သူကို၊ ပယောဇယတိ - ၏၊ သာယေတိ သာယယတိ - အိပ်စေ၏၊ ဧတ္ထ-ဤ ပြယုဂ်တို့၌၊ ကောရဿ - ဧကို၊ အာယာဒေသော-အာယပြု၊ [သိဓာတ်, ဣကို ဧ ဝုဒ္ဓိ, ဧကို အာယ ပြု၍ ဏေ ဏယ ပစ္စည်းဖြင့် "သာယေတိ, သာယယတိ" ဟု ပါဌ်မှန် ရှိစေ၊] သယာပေတိ သယာပယတိ-အိပ်စေ၏၊ ကွစိဒါဒိနာ - ဖြင့်၊ ဏာပေ ဏာပယေသု - ဏာပေ, ဏာပယ ပစ္စည်းတို့၌၊ အာယာဒေသဿ-အာယ အပြု၏၊ ရဿတ္တံ-ပြု၊ [ဏာပေ ပစ္စည်းဖြင့် "သာယာပေတိ"ဟု ပြီးသင့်သော်လည်း သုတ်ကြီးဖြင့် သာ၌ အာကို ရဿပြု၍ "သယာပေတိ" ဟု ပြီးသည်၊ သယာပယတိ - လည်း နည်းတူ။] နယန္တံ - ဆောင်စွမ်းနိုင်သူကို၊ ပယောဇယတိ-၏၊ နာယေတိ နာယယတိ နယာပေတိ နယာပယတိ-ဆောင်စေ၏၊ သိမှု၌- "နာယေတိ"မပါ၊ သိဓာတ်ကဲ့သို့ နီဓာတ်၌လည်း နည်းတူပင် ၄ ရုပ် ပြသင့်၏၊ သိမှု၌ "နယာပယတိ"နောင် "အာနာပေတိ ဝါ - ရှေးရှု ဆောင်စေ၏း'ဟုလည်း ရှိသေး၏၊....သိဓာတ် နီဓာတ်တို့သည် ဣဝဏ္ဏန္တဓာတ်များဖြစ်၍ ဋီကာအလို "ဏာပေ ဏာပယ" ၂ ပစ္စည်းသာ သက်သင့်၏၊ "သာယေတိ နာယေတိ သာယယတိ နာယယတိ"ရုပ်များ မရှိသင့်၊ သို့သော် စာကိုယ်၌ တားမြစ်ချက် မရှိသောကြောင့် စာကိုယ်

အလိုအတိုင်း ပါနေသည်၊] ပတိဋ္ဌန္တံ - တည်စွမ်းနိုင်သူကို၊ ပေ၊ ပတိဋ္ဌာပေတိ ပတိဋ္ဌာပယတိ-တည်စေ၏၊ ပတိဋ္ဌပေတိ ဝါ-လည်း ရှိ၏၊ [ဌာဉ် ကွစိခါတုဖြင့် ရဿပြု၊ ဤဉ်“ပတိဋ္ဌပေတိ”ဟု ရဿရုပ်ကို ပြသောကြောင့် “သံ+အာပုဗ္ဗဒါ, ဏာပေ”ဖြင့် “သမာဒပေတိ” စသော ရဿရုပ်များလည်း ရှိနိုင်ကြောင်း သိရသည်။]

(၅၄၃) ဟန္တံ-ညှဉ်းဆဲ စွမ်းနိုင်သူကို၊ပေ၊ဃာတိ အဓေ္တာ, ဏော ဏယာ ဒယော-တို့သည် (ဟောန္တိ)၊ ဏမှိတိ ဝတ္တတေ။

**ဟနဿ ဃာတော။** ။ပရေ - သော၊ ဏ ကာရဝတိ - ဏ အက္ခရာ ရှိသော၊ ကာရိတ ပစ္စယေ - ကြောင့်၊ ဟာန ဣတိ တေဿ ဓာတုဿ, ဃာတာဒေသော-ဃာတ အပြုသည်၊ ဃာတိ၊ ဃာတေတိ - ညှဉ်းဆဲစေ၏၊ ဝါ-သတ်စေ၏၊ပေ၊ ဝဓော ဝါ သဗ္ဗတ္ထာတိ-သုတ်ဖြင့်၊ ဝဓာဒေသေ-ဟာနကို ဝဓ ပြုရာ၌၊ ဝဓေတိ ဝဓာပေတိ-ညှဉ်းဆဲစေ၏၊ [“ဝဓယတိ ဝဓာပယတိ”တို့ မပါသော်လည်း ရှိနိုင်၏။]

ဇုဟောန္တံ-ပူဇော်စွမ်းနိုင်သူကို၊ပေ၊ဇုဟာဝေတိ ဇုဟာဝယတိ-ပူဇော်စေ၏၊ [ဥဝဏ္ဏန္တခါတ်ဖြစ်၍ “ဏော ဏယ”သက်၊ ဟု၏ ဥ ကို ဩ ဝုဒ္ဓိ, ဩကို အာဝပြု၊ ဇုဟာဝေတိ-စသည် ရှိစေ၊] ဇဟန္တံ-စွန့်စွမ်းနိုင်သူကို၊ပေ၊ဇဟာပေတိ ဇဟာပယတိ-စွန့်စေ၏၊ ဟာပေတိ ဟာပယတိ-ယုတ်လျော့စေ၏၊ [“ဟာ”ဟု အာကာရန္တ ဖြစ်၍ “ဏာပေ, ဏာပယ”သက်, ဟာ ဟာ ဒွေဘော်ပြု, ရှေ့ ဟာကို ဇပြု, ရဿလည်းပြု၊] ဒဒန္တံ - ၊ပေ၊ပိဒဟန္တံ - ပိတ်စွမ်းနိုင်သူကို၊ [ရုပ်ပြီးပုံ ကတ္တုရုပ်ပြန်ကြည့်။]

ရုန္ဓန္တံ - ပိတ်ဆို့စွမ်းနိုင်သူကို ၊ပေ၊ ရောဓေတိ-ပိတ်ဆို့စေ၏ ၊ပေ၊ ဆိန္ဒန္တံ - ဖြတ်စွမ်းနိုင်သူကို ၊ ပေ ၊ ယုဉ္ဇန္တံ - အားထုတ်စွမ်းနိုင်သူကို ၊ပေ၊ ဘုဉ္ဇန္တံ-စားစွမ်း နိုင်သူကို၊ပေ၊ဘောဇေတိ - စားစေ၏၊ ဝါ - ကျွေး၏၊ မုဉ္စန္တံ - လွှတ်စွမ်း နိုင်သူကို ၊ ပေ ။

ဒိဗ္ဗန္တံ - တောက်ပစွမ်းနိုင်သူကို ၊ ပေ ၊ ဒေဝေတိ ဒေဝယတိ - တောက်ပ စေ၏၊ ဥပ္ပဇ္ဇန္တံ - ဖြစ်စွမ်းနိုင်သူကို ၊ ပေ ၊ ဗုဇ္ဈန္တံ - သိစွမ်းနိုင်သူကို ၊ ပေ ၊ [“ဗုဇ္ဈာပေတိ၌ ဗုဓနောင် ဒါဓန္တတောယောက္ကွစိ”ဖြင့် ယလာ-ဟူရာ၌ ဒိဝါဒိတော ယော သုတ်ဖြင့် ယ ပစ္စည်း သက်၍လည်း ပြီးနိုင်ရာ၏။] တုဿန္တံ - နှစ်သက်စွမ်း နိုင်သူကို ၊ ပေ ၊ သမန္တံ - ငြိမ်းစွမ်း နိုင်သူကို ၊ ပေ ၊

www.dhammaransi.com



သဇမတိ သမယတိ - ငြိမ်းစေ၏၊ ဝါ - ငြိမ်း၏၊ ပေ၊ ဃဋ္ဌာဒိတ္တာ - ဃဋ္ဌာဒိ ဓာတ်၏ အဖြစ်ကြောင့်၊ န ဝုဒ္ဓိ-ဝုဒ္ဓိ မဖြစ်၊ ကပ္ပန္တံ-စိတ်ဆိုးစွမ်းနိုင်သူကို၊ပေ၊ ဇာယန္တံ - ဖြင့်စွမ်းနိုင်သူကို၊ သုဏန္တံ - နားထောင်စွမ်းနိုင်သူကို၊ပေ၊သာဝေတိ သာဝယတိ - နားထောင်စေ၏၊ ဝါ - ကြားစေ၏၊ ပါပုဏန္တံ - ရောက်စွမ်း နိုင်သူကို၊ပေ၊ [ဘူဝါဒိဓာတ်, ရုဓာဒိဓာတ်, ဒိဝါဒိဓာတ်တို့ကို အစဉ်အတိုင်း ပြပြီး၍ ဤသွာဒိဓာတ်၌ ၂ ရုပ်သာ ပြသည်၊ နောက်၌လည်း ကိယာဒိ တနာဒိ စုရာဒိဓာတ်ကို အစဉ်အတိုင်း ပြလတ့်။]

' ဝိက္ကိဏန္တံ-ရောင်းစွမ်းနိုင်သူကို၊ ပယောဇယတိ၊ "ဝိက္ကာယေတိ ဝိက္ကာယ ယတိ ဝိက္ကယာပေတိ ဝိက္ကယာပယတိ-ရောင်းစေ၏" [ဤသို့ သိဓာတ်ကဲ့သို့ ၄ ရုပ်ပင်၊ ဋီကာအလို နောက် ၂ ရုပ်သာ ရှိသင့်၏၊] ဇိနန္တံ-အောင်စွမ်း နိုင်သူကို၊ပေ၊ဇယာပေတိ ဇယာပယတိ-အောင်စေ၏ [ဇာ၌ အာကို ရဿပြု၊] ဇာနန္တံ-သိစွမ်းနိုင်သူကို၊ပေ၊ဂဏှန္တံ-ယူစွမ်းနိုင်သူကို၊ပေ၊ဂါဟေတိ ဂါဟယတိ ဂဏှာပေတိ ဂဏှာပယတိ-ယူစေ၏။

ဝိတနန္တံ - ချဲ့စွမ်းနိုင်သူကို၊ [တနောန္တိကို ထောက်၍ "တနောန္တံ" ဟု ရှိလျှင် သာ၍ ကောင်းမည်]၊ပေ၊ ဝိတာနေတိ ဝိတာနယတိ - ချဲ့စေ၏၊ ယော်ကောစိ၊ ပေ၊ ဣစ္စေဝံ ဖြစ်တိ၊ (".အထဝါ" ပါသင့် သေး၏၊ ) ကရောန္တံ-ပြုစွမ်းနိုင်သူကို၊ ပယောဇယတိ၊ ဝါ, ကာတုံ-ငှါ၊ (ပယောဇယတိ) ကာရေတိ၊ပေ၊ကာရာပယတိ-ပြုစေ၏၊ ဣစ္စာဒိ။

စောရေန္တံ - ခိုးစွမ်းနိုင်သူကို၊ ပယောဇယတိ၊ပေ၊ စိန္တေန္တံ - ကြံစွမ်းနိုင် သူကို၊ပေ၊ပူဇေန္တံ - ပူဇော်စွမ်းနိုင်သူကို၊ ပယောဇယတိ၊ ပူဇာပေတိ -

---

ဂဏှာပေတိ။ ။"ဂဟ်+...+ဏာပေ"ဟုဖြစ်သည့်အခါ"ဂဟာဒိတော ပ္ပဏှာ" ဟူသော ဝိနာမိကာရ (ကတ္တားအနက်၌ သက်သော ဝိဘတ်ပစ္စည်း နှောင်းရာ၌သာ သုတ်ရင်းကသက်သောကြောင့် ထို"ကတ္တရိ"အလိုက်ကိုကြည့်သော)ယောဂဝိဘာဂဖြင့် ကာရိတ်ပစ္စည်းကြောင့် ဏှာပစ္စည်းသက်၍ "ဂဏှာပေတိ"သည်ဖြစ်၏။

ကာရေတိ၏ သုဒ္ဓကတ္တု တမျိုး။ ။"ရန္တံ ကာရေတိ"စသည်၌ "ရန္တံ-မင်း၏ ဖြစ်ကြောင်း ဖြစ်ရာ အကြောင်းကြောင့် အဖြစ်ကို၊ မဟာဇနေန-များစွာသော လူအပေါင်း သည်၊ ဝါ-ကို၊ ကာရေတိ-ပြုစေ၏"ဟူရာ၌ ဤကာရိတ် ကတ္တုရုပ်တည်း၊ တချို့အရာ ၌ကား "ရန္တံ-မင်း၏ကိစ္စကို၊ ကာရေတိ-ပြု၏"ဟု သုဒ္ဓကတ္တုရုပ် ရှိသေး၏၊ ထို၌ "စုရာဒိတော ဏေ ဏယာ"ဝယ် "ဏေ ဏယာ"ဟူသော ယောဂဝိဘာဂဖြင့် ဏေ သက်, တနာဒိဂိုဏ်း ဖြစ်၍ ဩပစ္စည်းလည်း သက်, ချေ၍ ပြီးသည်။

www.dhammaransi.com



ပူဇာပယတိ-ပူဇော်စေ၏၊ [စာကိုယ်၌ စုရာဒိနောင် ဏာပေ ဏာပယ ၂ ပစ္စည်းသာ သက်-ဟု မဆိုခဲ့သော်လည်း "သေသတော စတုရော ဒွေဝါ"၌ "ဒွေ"အရ ၂ ပစ္စည်းသာ ပြသည်၊] ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်ကို၊ သဗ္ဗတ္ထ-အလုံးစုံသောဓာတ်တို့၌၊ သုဗောခံ-လွယ်ကူစွာ သိအပ်၏၊ ဝါ-သိလွယ်ပြီ။

ဓာတုပစ္စယတော ဝါပိ-ဓာတုပစ္စယမှ နောက်၌လည်း၊ ကာရိတပစ္စယာ-တို့သည်၊ သိယုံ-ဖြစ်ကုန်၏၊ စ-ဆက်ဦးအံ့၊ သကာရိတေဟိ-ကာရိတ်ပစ္စည်းနှင့် တကွ ဖြစ်သော ဓာတ်တို့မှ (နောက်၌)၊ ယုဏ္ဘုနံ-ယုပစ္စည်း ဏွု ပစ္စည်းတို့၏ (အစီအရင်ကို)၊ ဒဿနံ-ပြကြောင်းဖြစ်သော "နုဒါဒီဟိ ယုဏ္ဘူနမနာနနာ ကာနနကာ သကာရိတေဟိ စ" သုတ်သည်၊ ဉာပကံ — သိစေတတ်သော သက်သေခံတည်း။

တေန-ထို့ကြောင့်၊ ["ဣစ္စာဒိ သိဇ္ဈတိ"၌ လှမ်းစပ်၊] တိတိက္ခန္တံ-သည်းခံစွမ်းနိုင်သူကို၊ ပယောဇယတိ-၏၊ တိတိက္ခေတိ တိတိက္ခယတိ၊ တိတိက္ခာပေတိ၊ တိတိက္ခာပယတိ-သည်းခံစေ၏၊ (တချို့စာ၌ "၂ ရုပ်သာ ရှိ၏") [တိကိစ္ဆန္တံ-ဆေးကုစွမ်းနိုင်သူကို၊ပေ၊ တိကိစ္ဆေတိ၊ပေ၊ တိကိစ္ဆာပယတိ-ဆေးကုစေ၏၊ ဧဝံ-တူ၊ ဗုဘုက္ခေတိ၊ပေ၊ ဗုဘုက္ခာ

---

**ဓာတုပစ္စယေ၊ပေ၊ဉာပကံ**—ရှေး၌ ပြခဲ့သော ရုပ်များသည် ဓာတ်နောင် ကာရိတ်ပစ္စည်း သက်ပုံတည်း၊ ထိုပြခဲ့သော ဓာတ်နောင်သာမက ခ-စသော ဓာတုပစ္စယတို့နောင်လည်း ကာရိတ်ပစ္စည်းများ သက်သေး၏၊ ထိုကဲ့သို့ သက်နိုင်ကြောင်း သက်သေခံကား "နုဒါဒီဟိ ယုဏ္ဘူန မနာနနာ ကာနနကာ သကာရိတေဟိစ"သုတ်ပင်တည်း၊ ထင်ရှားစေအံ့—ထိုသုတ်၌ "ကာရိတ်ပစ္စည်းနှင့် တကွဖြစ်သော နုဒဓာတ် စသည်နောင် ယုကို အန—အာနန၊ ဏွုကို အက—အာနကပြု"ဟု ဆိုထား၏၊ထိုသုတ်အရ "ကာရိတ် ပစ္စယန္တ ဓာတ်နောင် ကာရိတ် အမည်ရသော ဏွု သက်နိုင်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် "ကာရိတ်ပစ္စည်းနောင် ကာရိတ်ပစ္စည်းတခု ထပ်၍ သက်နိုင်၏"ဟု သိသာ၏၊ သို့ဖြစ်လျှင် ကာရိတ်ပစ္စည်းနှင့် ဓာတုပစ္စယချင်းတူသော ခ-စသော ပစ္စည်း နောင်လည်း ကာရိတ်ပစ္စည်း သက်နိုင်ကြောင်း သိသာပြန်သည်။

**တေန၊ပေ၊ဣစ္စာဒိ သိဇ္ဈတိ**—"တေန-ထိုသို့ ဓာတု ပစ္စယနောင် ကာရိတ်ပစ္စည်း သက်နိုင်သောကြောင့်" တိတိက္ခ—ဟူသော ဓာတုပစ္စယန္တ သဒ္ဒါနောင် ဏေ စသော ပစ္စည်းသက်၍ "တိတိက္ခေတိ"စသော ရုပ်များဖြစ်၏၊ ကာရိတ် ပစ္စည်းနောင် အခြား ကာရိတ် ပစ္စည်းလည်း ၁—ဆင့်၊ ၂—ဆင့် ဆင့်၍ သက်နိုင်သေး၏၊ လောက သုံးစွဲရိုး အားဖြင့် ကာရိတ် ၃ ဆင့်သာ သက်ရိုးရှိသည်၊ ထိုတွင် ရှေးရှေး (၂ ဆင့် သက်လျှင်

www.dhammaransi.com



ပယာဘိ - စားလိုခြင်း၏၊ ပဗ္ဗတာယန္တံ - တောင်ကဲ့သို့ ပြုကျင့်စွမ်းနိုင်သူကို ၊ပေ၊ ပဗ္ဗတာယယတိ - တောင်ကဲ့သို့ ကျင့်စေ၏၊ [ပဗ္ဗတာယ - နာမဓာတ် နောင် ဏယသက်၊] ပုတ္တီယယတိ-သားကဲ့သို့ ပြုကျင့်စေ၏၊ ဣစ္စာဒိပိ-ဤသို့ အစရှိသော ရုပ်သည်လည်း၊ သိဒ္ဓံ - ပြီးသည်၊ ဘဝတိ-၏၊ .... ဓာတုပစ္စယန္တ နယော - ဓာတုပစ္စယ အဆုံးရှိသော ပုဒ်တို့ကို သိရာသိကြောင်း နည်းသည်

---

ရှေ့ဘဆင့်ကို, ၃ ဆင့် သက်လျှင် ရှေ့ ၂ ဆင့်) ပစ္စည်းကို ကွဲဓာတုဖြင့် ချေရမည်—ဟု ဘောဒိန္တော မိန့်သည်။

သော ဟိ လောကပ္ပမာဏေန, တိက္ခတ္တုံ ပဋိပဇ္ဇတေ၊
အတြ ဟိ ပုရိမော လုတ္တော, ကာရိတော ဝ နိပါတနာ။

၂ ဆင့်သက်ပုံ။ ။[ကာရိတ် တဆင့်သက်ပုံကို ပြခဲ့ပြီ၊] ၂-ဆင့် သက်ပုံတား— "အမစ္စော သာမိကံ ဒါသံ ဂါမံ ဂမယတိ—အမတ်သည် သခင်ကို ကျွန်ကို ရွာသို့ သွားပစေဟု စေခိုင်း၏" (ဂမု+ဏေ+ဏယ+တိ) ဂါမံသည် ဂမုဓာတ်၏ကံ, ဒါသံသည် ပဌမကာရိတ်ဏေ၏ကံ, သာမိကံသည် ဒုတိယကာရိတ်ဏယ၏ ကံ၊ ဏေ၌ ဧကို သုတ်ကြီးဖြင့် ချေ၍ "ဂမယတိ" ဟု ပြီးသည်၊ကံဟောဝါကျ၌ ဒုတိယကာရိတ်ကံသည် အခိုင်းခံ ရသော ကံဖြစ်၍ ဝုတ္တကံ ဖြစ်၏၊ "အမစ္စေန သာမိကော ဒါသံ ဂါမံ ဂမယီယတေ—သွားပစေဟု စေခိုင်းအပ်၏"။

၃ ဆင့်သက်။ ။ရာဇာ အမစ္စံ သာမိကံ ဒါသံ ဂါမံ ဂမာပေတိ = သွားပစေဟု စေခိုင်း စေ၏၊ (ဂမု+ဏေ+ဏယ+ဏာပေ+တိ) အမစ္စံသည် တတိယ ကာရိတ် ဏာပေပစ္စည်း၏ ကံတည်း၊ရှေ့ ၂ ပစ္စည်းကို သုတ်ကြီးဖြင့်ချေ၍ "ဂမာပေတိ" ဟု ပြီးသည်၊ ဏေချည်းဖြစ်စေ ဏယချည်းဖြစ်စေ ၂ ဆင့် ၃ ဆင့် ဆင့်၍ သက်နိုင်သည်ပင်၊ ကံဟော ဝါကျ၌ "ရညာ အမစ္စော သာမိကံ ဒါသံ ဂါမံ ဂမာပီယတေ=သွားပစေဟု စေခိုင်းစေ အပ်၏" [ကာရိတ် အဝုတ္တကံတို့၌ ဒုတိယာ ဝိဘတ်အပြင် တဘိယာ ဆဋ္ဌီဝိဘတ်လည်း ရှိနိုင်၏၊ အဝုတ္တဖြစ်၍ သဒ္ဒါ(နာမ—တုမ္ဟ—အမှ) ၃ မျိုး, ဝုစ် ၂ မျိုးလည်း ရှိနိုင်၏၊ ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ—ဟူသော ကာရကသုတ်၌ ပြခဲ့သည့်အတိုင်း နည်းမှီး၍ရင်း ဆရာအထံ နည်းခံ၍ရင်း သိကြပါလေတော့၊ "အတ္တနာ ဝိပ္ပကတံ ပရေဟိ ပရိယောသာဝါပေတိ=မိမိ မပြီးစေအပ်သေးသော ကျောင်းကို သူတပါးတို့ကို ပြီးစေပါဟု စေခိုင်း၏"၌ ပရိ+အဝ ပုဗ္ဗ, သောဓာတ် ဏာပေ ၂ ဆင့်သက်၍ "ပရိယော သာပါပေတိ" ဟု ဖြစ်ရာမှ ရှေ့ပကို ဝပြုထားသည်၊ ဤပါဠိတော် ပြယုဂ်ကို ထောက်၍ ရှေ့ပစ္စည်းကို မချေသော အရာလည်း ရှိသေး၏—ဟု မှတ်။]

**အာဏတ္တိနှင့် ကာရိတ် အထူး။** ။တထာစ—ထို့ကြောင့်လျှင်၊ပယောဇ္ဇ ပဝတ္တိ ဥပဟိတာ—ပယောဇ္ဇ ကတ္တားရဲ့ ဖြစ်ခြင်းကြိယာနှင့် စပ်သော၊ ယာ ပယောဇက နိုင်၌

www.dhammaransi.com



(သမတ္တော-ပြည့်စုံပြီ)။ [အချို့စာ၌ "သာသနတ္ထံ သမုဒ္ဒိဋ္ဌံ, အာချာတံသာက ဗုဒ္ဓိယာ၊ ဗဟုဿစ္စဗလေနိဒံ, စိန္တယန္တု ဝိစက္ခဏာ"ဟု ရှိသေး၏၊ နောက်မှ ထည့်ပါ၌ ဖြစ်ဟန်တူသည်၊ ....အာချာတံ-အာချာတ်ကို၊ သကဗုဒ္ဓိယာ-မိမိဉာဏ်ဖြင့်၊ သာသနတ္ထံ-သာသနာတော်၏အကျိုးငှါ၊ သမုဒ္ဒိဋ္ဌံ-ကောင်းစွာပြအပ်ပြီ၊ ဗဟုဿစ္စဗလေန-ဗဟုဿုတ အစွမ်းဖြင့်၊ ဣဒံ- ဤ အာချာတ်ကို၊ ဝိစက္ခဏာ-ပညာရှိတို့သည်၊ စိန္တယန္တု-ကြံကြပါကုန်။]

---

ပဝတ္တိ-အကြင်ပယောဇက ကတ္တားဖြင့်တည်သော ဖြစ်ခြင်းကြိယာသည်(အတ္ထိ)၊ သော-ထို ပယောဇက ကတ္တား၌ တည်သော ဖြစ်ခြင်း ကြိယာသည်၊ ဏိဇတ္တော—ကာရိတ်ပစ္စည်း၏(စေခိုင်းခြင်း)အနက်တည်း၊ တဒနုပဟိတာ-ထိုပယောဇ္ဇကတ္တား၏ ဖြစ်ခြင်းကြိယာနှင့်မစပ်သော၊ ပယောဇက ပဝတ္တိတု-ပယောဇက ကတ္တား၏ ဖြစ်ခြင်းကြိယာသည်ကား၊ ပဉ္စမျတ္ထော ပဉ္စမီဝိဘတ်၏ (စေခိုင်းခြင်း) အနက်ဘည်း၊ ဣတိ-ဤကား၊ ဥဘယ ဘေဒေါ—၂ ပါး၏ အထူးတည်း။

**ဆိုလိုရင်းကား**—"ဘဝံ ပဉှံ ပုစ္ဆတု-အရှင်သည် ပြဿနာကို မေးလော"ဟုစေခိုင်းရာ၌ စေခိုင်းခြင်းကြိယာသည် စေခိုင်းအပ်သူနှင့် မစပ်, စေခိုင်းတတ်သူ၌သာ တည်၏၊ ဤသို့စေခိုင်းတတ်သူတဦးဘည်း၌တည်သော စေခိုင်းခြင်း တိုက်တွန်းခြင်းကြိယာသည် အာဏတ္တိမည်၏၊ "ပဏ္ဍိတော ဘဝံ ပဉှံ ပုစ္ဆယတိ=သုခမိန်သည် အရှင့်ကို ပြဿနာကို မေးစေ၏"ဟူရာ၌ကား မေးစေခြင်း(အမေးခိုင်းခြင်း)ကြိယာသည်စေခိုင်းသူ ပဏ္ဍိတ၌ တည်သော်လည်း စေခိုင်းအပ်သူ ဘဝံနှင့် စပ်၍နေ၏၊ ဤသို့ စေခိုင်းအပ်သူနှင့် စပ်၍ စေခိုင်းတတ်သူ၌ တည်သော စေခိုင်းခြင်း ကြိယာသည် ကာရိတ် အနက်မည်၏—ဟု ဆိုလိုသည်။ [မောဂ္ဂလ္လာန် နိဿယသစ်၌ လာသော တတ္တဗောဓိနီ သဒ္ဒတ္ထဘေဒစိန္တာ ဋီကာကို မှီရေးသည်။]

**တနည်းခွဲပုံ**။ "ဂစ္ဆတု ဂါမံ=ရွာသို့သွားလော"စသည်ဖြင့် ကိုယ်တိုင်တိုက်ရိုက် စေခိုင်းရာ တိုက်တွန်းရာ၌စေခိုင်းခြင်းအနက်သည် အာဏတ္တိ, "သာမိကော ဒါသံ ဂါမံ ဂမယတိ-အရှင်က ကျွန်ကို ရွာသို့သွားစေ၏"ဟု သခင်က ကျွန်အား စေခိုင်းနေပုံကို သိသူတယောက်က အခြားသူအား တဆင့် ပြော(ကြား)ရာ, အဟံ ဒါသံ ဂါမံ ဂမယာမိ"ဟု မိမိခိုင်းလိုက်ကြောင်းကို မိမိက သူတပါးအား တဆင့်ပြောရာတို့၌ "စေ"ဟူသောအနက်ကား ကာရိတ်တည်း—ဟုလည်း အာဏတ္တိနှင့် ကာရိတ်အထူးကို ပြကြသေး၏။

[**ဆောင်**] ရှေးရှုတိုက်ရိုက်, စေခိုင်းလိုက်မှု, အာဏတ်ဟူ၏၊ သူတပါးအား, တဆင့်ကြားမှာ, ကာရိတ်သာ, မှတ်ပါခွဲဘို့တည်း။

www.dhammaransi.com



ဘဝတိ တိဋ္ဌတိ သေတိ အဟောသိ ဧဝမာဒယော-ဘဝတို၊ ပေ၊ အဟောသိ အစရှိသော ကြိယာတို့ကို၊ အကမ္မကာတိ-ကံမရှိသော ကြိယာတို့ ဟူ၍၊ ကမ္မလက္ခဏညုတာ-ကံ၏ လက္ခဏာကို သိသော ပညာရှိသည်၊ ဝိဇ္ဇေယျာ-သိထိုက်ကုန်၏၊ ဟေတုဘူတပစ္စယန္တာ- ကာရိတ်ပစ္စည်း အဆုံး ရှိကုန်သော၊ အကမ္မကာ-အကမ္မက ကြိယာတို့သည်၊ သကမ္မကာ-ကံ ရှိကုန်သည်၊ ဟောန္တိ-၊ တံ-ထို ဥဒါဟရဏ်သည်၊ ယထာ-အဘယ်နည်း၊ ဘိက္ခု၊ ပေ၊ ဒူသကံ-ဟူသည်တည်း၊ [ဘိက္ခု-သည်၊ ရာဂါဒိ ဒူသကံ ရာဂ အစရှိသည်ကို ဖျက်ဆီးတတ်သော၊ မဂ္ဂံ-မဂ်ကို၊ ဘာဝေတိ-ဖြစ်စေ၏၊] ဣတိ-အပြီးတည်း။

ဣတိ-ဤကား၊ ပဒရူပသိဒ္ဓိယံ-၌၊ ဆဋ္ဌော- ၆ခဏ်းမြောက်သော၊ အာချာတကဏ္ဍော-အာချာတ် ခဏ်းတည်း၊ [“အာချာတ ပဒရူပသိဒ္ဓိ-သည်၊ နိဋ္ဌိတာ-ပြီးပြီ”ဟု ကချို့စာပါသေး၏။]

---

တနည်းခွဲပုံ။ ။“သာဒရာ နာဒရ, ခုစက အာဏာတ်, ကင်းပြတ်ရိသေ, နာဒခရ, စေမူ ကာရိတ်သံ”ဟု နိယာမ်ဆို၍ လေးစားခြင်းရှိသော တိုက်တွန်းခြင်း, မလေးမစား စေခိုင်းခြင်း အနက်သည် အာဏတ္တိ၊ ပုံစံကား-“ဒေသေတု ဘဂဝါမေ့-ဘုရားရှင်သည် တရားဟောတော်မူပါ။ (လေးလေးစားစား တိုက်တွန်းတောင်းပန်ပုံ)၊ “ဂစ္ဆတု ဂါမံ-ရွာသို့သွားလော (မလေးမစားခိုင်းပုံ)၊ လေးစားခြင်းမရှိဘဲ စေခိုင်းခြင်းအနက်သည် ကာရိတ်တည်း၊ ပုံစံကား-“သာမိကော ဒါသံ ဂါမံ ဂမယတိ”တည်းဟု ခွဲပြကြသေး၏၊ သို့သော် “ဘိက္ခုသံဃံ- ရဟန်းအပေါင်းကို၊ နိသီဒါပေတိ- ထိုင်နေစေ၏” ဟူရာ၌ လေးစားသော“စေ”ခြင်း ဖြစ်၍ ဤဝါဒ၌ အာဏတ္တိနှင့် ကာရိတ် မကွဲပြား၍ စဉ်းစားသင့်သည်။

ဘဝတိ၊ ပေ၊ ဒူသကန္တိ—ဤ၂ ဂါထာသည် သီဟိုဠ်မူ၌ မပါ၊ သကမ္မက အကမ္မက အခွဲကို ဤ အာချတ် အစ၌ ပြခဲ့ပြီးဖြစ်သောကြောင့်ရင်း, ကာရိတ်ပစ္စည်း ဆုံးသော အကမ္မက ဓာတ်နောင် ကံရှိကြောင်းကို “အကမ္မာ ဓာတဝေါ ဟောန္တိ, ကာရိတေတု သကမ္မကာ”ဟု ပြခဲ့ပြီးဖြစ်သောကြောင့်ရင်း ဤ ၂ ဂါထာ မပါသော သီဟိုဠ်မူသာ သန့်ရှင်းသည်။

ဤကား အာချာတ်ရူပသိဒ္ဓိ

ဘာသာဋီကာ

www.dhammaransi.com

# ကိတ်ဘာသာဋီကာ

(၅၄၄)အထ-အာချာတကဏ္ဍ၏ အခြားမဲ့၌၊ ဓာတူဟိယေဝ-ဓာတ်တို့မှ (နောက်၌)ပင်၊ ဘာဝ၊ ပေ၊ သဟိတံ-ဘော, ကံ, ကတ္တား, ကရိုဏ်းအစရှိသော သာဓနတို့နှင့်တကွ ဖြစ်သော၊ ကိတဗ္ဗိဓာနံ-ကိတ်ပစ္စည်းတို့ကို စီရင်ရာအခန်းကို၊ အာရဗ္ဘိယတေ-အားထုတ်အပ်၏၊ ဟိ-ချဲ့အံ့၊ တတ္ထ-ထိုကိတ်ခန်း၌၊ ပစ္စယာ—တို့သည်၊ ကိစ္စကိတကဝသေန-ကိစ္စ, ကိတကတို့၏ အပြားအားဖြင့်၊ ဒုဝိဓာ—ကုန်၏၊ တေသု-ထို ၂ပါးတို့တွင်၊ ကိစ္စသညာယ-ကိစ္စအမည်၏၊ ဝါ-ကို၊ ပဌမံ-ရှေးဦးစွာ၊ ဝုတ္တတ္တာ—ဆိုအပ်ပြီး၏ အဖြစ်ကြောင့်ရင်း၊ ကိစ္စာနံ-ကိစ္စပစ္စည်းတို့၏၊ အပ္ပကတ္တာစ-နည်းကုန်သည်၏ အဖြစ်ကြောင့်ရင်း၊ တာဝ-ကိတက ပစ္စည်းတို့မှ ရှေးဦးစွာ၊ ကိစ္စပစ္စယာ-တို့ကို၊ ဝုစ္စန္တေ—န်၏။

---

(၅၄၄) **အထ၊ ပေ၊ အာရဗ္ဘီယတေ—** အာချာတကဏ္ဍကိုဖွင့်ပြပြီး၍ ကိတဗ္ဗိဓာန ကဏ္ဍကို ဖွင့်ပြတော်မူလိုသော အရှင်ဗုဒ္ဓပ္ပိယ ဆရာသည် အထဓာတူဟိ-စသည်ကို မိန့်၊ "ဓာတူဟိယေဝ"ကို"အာရဗ္ဘီယတေ"၌စပ်၊ ဓာတူဟိယေဝ၌ ဧဝကား သန္နိဋ္ဌာနာ ဝဓာရဏတည်း၊ အာချာတ်ဝိဘတ်များကို ဓာတ်တို့မှနောက်၌ စီရင်အပ်သကဲ့သို့ ထို့အတူဓာတ်တို့မှနောက်၌ပင် ကိတ်ပစ္စည်းများကို စီရင်ရသည်-ဟူလို ။ [သာဓန ပုဒ်၏ အနက်အရကောက်ကို ရင်းကာရကနှင့် သာဓနအထူးကိုရင်း ကစ္စည်းဘာသာ ဋီကာ၌ ပြထား၏။]

**တတ္ထ၊ ပေ၊ ပစ္စယာ—** ကိတဗ္ဗိဓာန (ကိတ+ဝိဓာန—ကိတ်ပစ္စည်းတို့ကို+စီရင်ရာ အခန်း) ဟူရာ၌ ပစ္စည်းတို့သည် ကိစ္စပစ္စည်း—ကိတပစ္စည်းဟု၂ မျိုးပြား၏၊ ထိုတွင် တဗ္ဗ အနီယ—ဏျ—တေယျ—ရိစ္စ [ကစ္စည်းကျမ်းလာ] ၅ပါးပစ္စည်းသည် ကိစ္စ, ကြွင်းသော ဏ စသောပစ္စည်းများသည် ကိတတည်း၊ ကိတ၌ ကိရဓာတ်, တပစ္စည်း၊ "သိဿာနံ ကင်္ခံ ကိရတိ အပနေတီတိ ကိတံ"ဟူသော ဝိဂ္ဂုဟ်အရ"ကိတ"ဟူသော အမည်သည် ဏ-စသောပစ္စည်းများ၏ အမည်ဖြစ်သော်လည်း"ကိတဗ္ဗိဓာနံ"ဟူသော စကား၌ကား ယေဘုယျနည်းအားဖြင့် ကိစ္စပစ္စည်းများလည်း ပါဝင်နိုင်သည်၊ ထို့ကြောင့် ကိစ္စပစ္စည်း ကိတပစ္စည်း ၂မျိုးကို စီရင်ရာ အခန်းကို "ကိစ္စ ကိတဗ္ဗိဓာန"ဟု မဆိုဘဲ ယေဘုယျ နည်းအားဖြင့် "ကိတဗ္ဗိဓာန" ဆိုထားသည်—ဟု မှတ်။

**တေသု၊ ပေ၊ တာဝဝုစ္စန္တေ—**ထိုပစ္စည်း၂မျိုးတွင် ကိစ္စပစ္စည်းကို ရှေးဦးစွာပြမည်၊ ဘာ့ကြောင့်နည်း....အရှင်ကစ္စည်း ကိုယ်တော်တိုင် "တေ ကိစ္စာ, အညေ ကိတ်"ဟု သုတ် ၂ သုတ် တည်ရာဝယ် ကိစ္စနာမည်ကို ရှေးဦးစွာဆိုထားသောကြောင့်ရင်း, ကိစ္စ ပစ္စည်းက နည်း၍ ကိတပစ္စည်းက များသောကြောင့်ရင်း (အနည်းနှင့်အများတွင် အနည်းက သာ၍သိလွယ်သောကြောင့်—ဟူလို) ကိစ္စပစ္စည်းများကို ရှေးဦးစွာဆိုမည်။

www.dhammaransi.com



ဘူ=သတ္တာယံ၊ ဒေ၀ဒတ္တေန-သည်၊ ဘူယတေ-ယခုဖြစ်ခြင်း၊ ဝါ-တနည်း၊ အဘဝိတ္ထ-အတိတ်၌ဖြစ်ခြင်း၊ ဝါ, ဘဝိဿတေ-အနာဂတ်၌ဖြစ်ခြင်း၊ ဣတိ-သို့၊ ဝိဂ္ဂဟော-ဝိဂြိုဟ်ကို(ကတေ-ပြုအပ်သော်၊)[တဗ္ဗအနီယဣစ္စေတေပစ္စယာဟောန္တိ-၌ စပ်၊]ဓာတုယာ ကမ္မာဒိမှိ ဉာတေ ဣတိ တော-မှ၊ ဓာတုယာတိ-ဓာတုယာပုဒ်သည်၊ သဗ္ဗတ္ထ-သော၊ ပစ္စယာဒိ ဝိဓာနေ—ပစ္စည်း အစရှိသည်ကို စီရင်ရာသုတ်၌၊ ဝတ္တတေ၊ ပရာတိပစ္စယာတိစ အဓိကာရော။

**ဘာဝ ကမ္မေသုတဗ္ဗာနီယာ။** ။ဘာဝကမ္မဣတိ- ဘော, ကံဟူကုန်သော၊ ဧတေသု အတ္ထေသု-တို့၌၊ သဗ္ဗဓာတူဟိ-တို့မှ၊ ပရာ-နှောင်းကုန်သည်၊ (ဟုတ္ဝာ-၍၊) တဗ္ဗအနီယ ဣတိ-တဗ္ဗအနီယ ဟူကုန်သော၊ ဧတေပစ္စယာ ဟောန္တိ၊ ယောဂ ဝိဘာဂေန-ဖြင့်၊ အညတ္ထာပိ-ဘောကံမှ အခြားသော အနက်တို့၌လည်း၊(တဗ္ဗာ နီယာ-တို့သည်၊ ဟောန္တိ။)

တတ္ထ-ထိုဘောကံ အနက်တို့တွင်၊ ကိစ္စာ-ကိစ္စ ပစ္စည်းတို့သည်၊ အကမ္မကေဟိ ကံ မရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှနောက်၌၊ဘာဝေ-ဘောအနက်၌၊ ဘဝန္တိ-ဖြစ်ကုန်၏။ တေ-ထိုကိစ္စပစ္စည်းတို့သည်၊ သကမ္မကေဟိ-ကံ ရှိကုန်သော၊

---

ဘူယတေ၊ ပေ၊ ဝိဂ္ဂဟေပိ—"ဉာဒယော တေကာလိကာ"သုတ်၌ ဉာဒယော အရကိစ္စပစ္စည်းတို့ကိုပါယူနိုင်သောကြောင့် ကိစ္စပစ္စည်းများလည်း ကာလ၃ပါး၌ဖြစ်၏၊ ယင်းကြောင့် ကာလ ၃ ပါးနှင့်ဆိုသော ဝိဂြိုဟ် ၃ မျိုးကို ပြလို၍ "ဘူယတေ" စသည်မိန့်၊ "ဘူယတေ ဘဝိတဗ္ဗံ, အဘဝိတ္ထ ဘဝိတဗ္ဗံ, ဘဝိဿတေ ဘဝိတဗ္ဗံ"ဟု ၃ ဝိဂ္ဂဟပြုပါ ဟူလို။ [အဘဝိတ္ထ, ဘဝိဿတေတို့၌ ဘောဟော ယပစ္စည်းကြေ၊]

**သဗ္ဗတ္ထ ပစ္စယာဒိ ဝိဓာနေ**—"ပစ္စယ ဝိဓာန"အရ"ဘာဝကမ္မေသု တဗ္ဗာနီယာ" ကဲ့သို့ ပစ္စည်းသက်သော သုတ်, "ရဟာဒိတော ဏ" ကဲ့သို့ ပစ္စည်းကို တမျိုးတဖုံ စီရင်သောသုတ် စသည်ကို ယူ၊ ပစ္စယာဒိ၌ အာဒိအရ "ကဂါစဇာနံ" စသည်ကဲ့သို့ ဓာတ်ကိုစီရင်သော သုတ် စသည်ကိုပါ ယူ၊ ထိုသုတ်များသို့ ဓာတုယာပုဒ်လိုက်သည်၊ ["ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"သုတ်မှ ပရာပုဒ်ပစ္စယာပုဒ်များကား အဓိကာရ နည်း အားဖြင့် လိုက်သည်။]

**ယောဂဝိဘာဂေန၊ ပေ၊ အညတ္ထာပိ**—သုတ်ရင်းဖြင့် ဘောကံ အနက်၌သက်၍ "ဘာဝကမ္မေသု"မထည့်ဘဲ"တဗ္ဗာနီယာ" ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကတ္တားကရိုဏ်းစသော အခြားသာဓနတို့၌လည်း တဗ္ဗအနီယ ပစ္စည်းသက်၊ ပုံစံများကို နောက်(၅၅၀)သုတ်၌ ပြလတ္တံ့။

www.dhammaransi.com



ခေတူပဟိ-၌၊ ကမ္မတ္ထေ-ကံအနက်၌၊ ဘဝန္တိ၊ တေ-ထိုကိစ္စပစ္စည်းတို့သည်၊ အရဟ သက္ကတ္ထ ဒီပကာ-အရဟ အနက်, သက္ကအနက်ကို ပြတတ်ကုန်၏။

---

**အကမ္မကေဟိ၊ ပေ၊ ကမ္မတ္ထေ**—ဘူ စသော အကမ္မကဓာတ်နောင် ဘောအနက်၌ ကိစ္စပစ္စည်းသက်၍၊ "ဘဝိတဗ္ဗံ-ဖြစ်ခြင်း,ဖြစ်ရာ၏" စသည်တည်း၊ [ဤဘောအနက်၌ နပုလ္လိင် ရှိကြောင်းကိုလည်း ဆိုဦးလတံ့၊ ] ကရစသော သကမ္မက ဓာတ်နောင် ကံ အနက်၌ ကိစ္စပစ္စည်းတို့ သက်ကုန်၏၊ "ကတ္တဗ္ဗံ ကုသလံ-ကုသိုလ်ကို ပြုသင့်ပြုထိုက်၏" စသည်တည်း။ [သကမ္မက ဓာတ်နောင်လည်း ကံကို မဆိုလိုလျှင် ဘော အနက်၌ပင် သက်၏၊ "ဒေဝဒတ္တေန ဂေဟေ ပစိတဗ္ဗံ-ဒေဝဒတ်သည် အိမ်၌ချက်ရာ၏" တည်း။ ]

**အရဟ သက္ကတ္ထဒီပကာ-** ထို ကိစ္စပစ္စည်းတို့သည် "ထိုက်၏-သင့်၏" ဟူသော အရဟ အနက်ကိုရင်း "စွမ်းနိုင်"ဟူသော သက္ကအနက်ကိုရင်း အပိုပြနိုင် ကုန်သေး၏၊ [အရဟတ္ထ၌ "သင့်"ဟူသော ယုတ္တအနက်လည်း ပါဝင်၏။] သာဓန ၇ ပါးတွင် အရဟ သက္က အနက်သည် သီးခြား သာဓန မဟုတ်, ထို့ကြောင့် မူလ ကမ္မသာဓန ဘာဝ သာဓနအပေါ်၌ အရဟသက္က အနက်များ အပိုပါလာအောင် ကိစ္စ ပစ္စည်း များက ပြနိုင်သည်-ဟုဆိုလိုသည်၊ [ဥပမာ-အာလုပ်ဝိဘတ်သည် လိင်္ဂတ္ထ အနက်အပြင် အာလုပ်အနက်ကိုလည်း အပိုပြနိုင်သကဲ့သို့တည်း။] မောဂ္ဂလ္လာန် ("၅၃၂"သုတ်၌) "အရဟေ—ထိုက်သော၊ ကတ္တရိစ—ကတ္တားကိုရင်း၊ သတ္တိဝိသိဋ္ဌေ— စွမ်းနိုင်ခြင်းသည် အထူးပြုအပ်သော၊ ကတ္တရိစ—ကိုရင်း၊ ပေ၊ ပတီယမာနေ—သိအပ်သော်—ဘာဝါဒေါ-ဘော ကံအနက်၌၊ သိဒ္ဓါ-တဗ္ဗာဒိပစ္စည်းတို့ပြီးကုန်၏"ဟုဆို၍၊ ဘောတာ-အရှင်သည်၊ ရဇ္ဇံ မင်းအဖြစ်ကို၊ ကတ္တဗ္ဗံ—ပြုသင့်ပြုထိုက်၏ (အရဟတ္ထ)၊ ဘောတာ-သည်၊ ဘာရော-ဝန်ကို၊ ဝဟိတဗ္ဗော-ဆောင်စွမ်းနိုင်၏(သက္ကတ္ထ)ဟု ပုံစံထုတ်၏၊ ဤ၌ထိုက်သူဆောင်နိုင် သူကား "ဘောတာ" ဟူသော ကတ္တားတည်း၊ ထိုကဲ့သို့ အရဟတ္ထ သက္ကတ္ထ ရှိသော ကတ္တားကို ပြလိုရာ၌ ဘောကံအနက်ဝယ် တဗ္ဗစသော ပစ္စည်းသက်၊ ဤမောဂ္ဂလ္လာန် ဆိုပုံလည်း "အရဟ သက္ကတ္ထ ဒီပကာ" ဟူသော ရူပသိဒ္ဓိနှင့် သဘောတူပင်၊ ကတ္တဗ္ဗံ စသည်ကိုအနက်ပေးရာ၌'အပ်'ဟူသောကံအနက်သံမပါသော်လည်း သာဓန၇ပါးတွင် ကမ္မသာဓန၌ပင် သွင်းရသည်၊ ဘာ့ကြောင့်နည်း.... "ကတ္တဗ္ဗံ"အရ ပြုခြင်းကြိယာဖြင့် ရောက်ထိုက်သောမင်းအဖြစ်ကိုပင်ရသောကြောင့်တည်း၊ဝဟိတဗ္ဗော၌လည်း နည်းတူ။

**မှတ်ချက်။** ။ဤစကားအရ တကယ်မှုချ ကြိယာပါပုဗ္ဗန သတ္တိရှိရာ၌ "အပ်"ဟု အနက်ပေး၍, ကြိယာပါပုဗ္ဗန သတ္တိကား မရှိသေး, ရှိသင့်ရှိထိုက်ရာ၌ "ထိုက်, သင့်, နိုင်"ဟု လျော်အောင်ပေးရမည်—ဟု မှတ်ပါ၊ ထို့ကြောင့် "ဉာဒံ-ဤအဆုံးအဖြတ်ကို၊ ဓာရေတဗ္ဗံ—မှတ်အပ်၏"ဟုမပေးဘဲနှင့်"မှတ်ထိုက်၏"ဟုပေး၊ဘာ့ကြောင့်နည်း—တကယ် မှတ်သူမရှိသေး၍ ကြိယာပါပုဗ္ဗန (ကမ္မ) သတ္တိ မရှိသေးသောကြောင့်တည်း၊ ထို့ပြင်-ကျမ်းဂန်တို့၌ တကယ် ပြုအပ်ပြီး-ပြုအပ်ဆဲ ကြိယာ၌ တပစ္စည်းဖြင့် "ကတံ"စသည် ထား၍, ပြုသင့်ပြုထိုက်ရာ၌ "ကတ္တဗ္ဗံ"စသည်ဖြင့် ထားတတ်သည်ကိုလည်း သတိပြုပါ၊ ထို့ကြောင့်ပင် "ပူဇိတော" ဟု တပစ္စည်းဖြင့် ရှိရာဝယ် တကယ် ပူဇော်အပ်ပြီ ပူဇော်

www.dhammaransi.com



(၅၄၅) တေစ-ထို ကိစ္စပစ္စည်းတို့သည်လည်း [“ကာလတ္တယေပိဟောန္တိ” ၌ စပ်၊]

**ဏာဒယော တေကာလိကာ။** ။တိကာလေ-၃ ပါးသောကာလ၌၊ နိယုတ္တာ-ယှဉ်သော ပစ္စည်းတို့ဘည်း၊ တေကာလိကာ-တို့၊ တတိယေ-၃ခုမြောက်သော၊ ဣစ ဓာတ္ဂဝိကာရေ-ဤဓာတ်အရာ၌၊ ဝိဟိတာ-စီရင်အပ်ကုန်သော၊ အနိဒ္ဒိဋ္ဌကာလာ-မညွှန်ပြအပ်သော ကာလရှိကုန်သော၊ ဏာဒယော-ကုန်သော၊ ယေ ပစ္စယာ-တို့သည် (သန္တိ-ရှိကုန်၏၊) တေ-ထို ပစ္စည်းတို့သည်၊ တေ ကာလိကာ-ကာလ ၃ ပါး၌ ယှဉ်ကုန်သည်၊ ဟောန္တိ၊ ဣတိ ပရိဘာသတော-ဤ ပရိဘာသာကြောင့်၊ ကာလတ္တယေပိ-ကာလ ၃ ပါး အပေါင်း၌လည်း၊ ဟောန္တိ။

(၅၄၆) သီဟ ဂတိယာ-သီဟဂတိကနည်းဖြင့်၊ ကွစီတိ ဝတ္တတေ။

**ယထာဂမ မိကာရော။** ။ယထာ ဂမံ – အာဂုံ ပါဠိ အား လျော်စွာ၊ ယထာပယောဂံ – ပြယုဂ်အား လျော်စွာ၊ ဇိနဝစနာ နုပရောဓေန – ဘုရား ပါဠိတော်နှင့် မဆန့်ကျင်သော အားဖြင့်၊ ကွစိ-အချို့ ကုန်သော၊ ဗျဉ္ဇနာဒိ ကေသု - အစ၌ ဗျည်း ရှိကုန်သော၊ ကိစ္စကိတက ပစ္စယေသု - ကိစ္စပစ္စည်း

---

အပ်ဆဲ အနက်ထက်“ပူဇော်ထိုက်”ဟူသော အနက်က သာ၍ သင့်မြတ်သောကြောင့် “ပူဇိတာ”ကို‘ပူဇာရဟာတိအတ္ထော’ဟုအဘိဓမ္မာ၏ ဝစနတ္ထကိုပြသော အဋ္ဌကထာတို့ ဖွင့်ကြရသည်၊ “ပူဇော်ချင်သူ ပူဇော်, မပူဇော်ချင်သူ နေ၊ ဓမ္မတွေကား ကေန် ပူဇော်ထိုက်ကြသည်”ဟုလို။

(၅၄၅) **တိကာလေ၊ ပေ၊ အနိဒ္ဒိဋ္ဌကာလာ**—ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလ ၃ ပါး၌သက်သောပစ္စည်းကို “ကာလ၃ပါး၌ယှဉ်သောပစ္စည်း”ဟု ခေါ်သည်၊ “အတီတေ တ တဝန္တုတာဝီ”စသည်ဖြင့် ကာလကို သီးခြားညွှန်ပြသော ပစ္စည်းများ ရှိသေး၏၊ ဏ စသော ပစ္စည်းများကား “မည်သည့် ကာလ၌ သက်” ဟု ကာလကို ညွှန်ပြခြင်းမရှိ၍ အနိဒ္ဒိဋ္ဌ ကာလပစ္စည်းများတည်း၊ ထိုအနိဒ္ဒိဋ္ဌကာလ ပစ္စည်းဖြစ်သော ဏ စသော ပစ္စည်းတို့သည် ကာလ၃ပါး၌ဖြစ်ကြသည်—ဟုလို၊ “ဏာဒယော”၌အာဒိ အရယူရသော ပစ္စည်းများကို အခြေပြု၌ပင် ပြထားပြီ။

**တတိယေ ဓာတွာဓိကာရေ**— “ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ, ဓာတူဟိဏေဏယ၊ပေ၊ ဟေတွတ္ထေ”ဟု ဓာတုသဒ္ဒါကို ၂ နေရာ၌ ပြခဲ့ပြီ “ဓာတုယာ ကမ္မာဒိမှိဏော” သုတ်၌ ဓာတုသဒ္ဒါ ရှိပြန်၏၊ ဤဓာတုသဒ္ဒါကား ရှေ့ ၂ နေရာကို ထောက်၍ ၃ ခုမြောက် အရာတည်း၊ ဤသို့လျှင် တတိယဓာတ် အရာ၌ စီရင်အပ်သော ဏ စသော ပစ္စည်းများသည် ကာလ ၃ ပါး၌ သက်ကြရသည်၊ ဤသို့ ကာလ၃ပါး၌ ဖြစ်သောကြောင့်ပင် “ဘူယတေ, အဘဝိတ္ထ, ဘဝိဿတေ”ဟု ဘာဝတမ္မိအတွက် ၃ ဝိဂ္ဂဟ ပြခဲ့ရသည်။

www.dhammaransi.com



ကိတ ပစ္စည်းတို့ကြောင့်၊ ခါတူဟိ - တို့မှ၊ ပရော - သည်၊ (ဟုတ္ဘာ-၍)၊ ဏ္ဍကာရာဂမော ဟောတိ၊ အညေသုစာတိ - သုတ်ဖြင့်၊ ဝုဒ္ဓိ - သည်ရင်း၊ သြ အဝ သရေတိ-သုတ်ဖြင့်၊ အဝါဒေသော-သည်ရင်း (ဟောတိ)၊ နယေ ပရံယုတ္တေတိ - သုတ်ဖြင့်၊ ပရံ - သို့၊ နေတဗ္ဗံ - ဆောင်ကပ်ရာ၏၊ [ဤ၌ "ဘရလောပ"ကို မပြဘဲ နောက် သရကပ်ဘို့ကိုသာ ပြသဖြင့် "အဝ" ပြုရာ၌ သရ မပါ ဟု ဆိုရာရောက်၏။]

(၅၄၇) တေ ကိစ္စာ။ ။ဣခ - ဤ ကစ္စည်းကျမ်း၌၊ ဝုတ္တာ - ဆိုအပ်ကုန်သော၊ ယေ တဗ္ဗာ နီယ ဏျ ဧတယျ ရိစ္စ ပစ္စယာ - အကြင် တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စပစ္စည်းတို့သည် (သန္တိ)၊ တေ - ထိုပစ္စည်းတို့သည်၊ ကိစ္စသညာ - ကိစ္စ အမည် ရှိကုန်သည်၊ ဟောန္တိ၊ ဣတိ ဝေဒိတဗ္ဗာ - သိထိုက်ကုန်၏။

---

(၅၄၆) ယထာဂမံ၊ပေ၊ခါတူဟိ ပရော— အာဂမ သဒ္ဒါသည် မိမိ သူတပါး စီးပွားတို့၏ လာရာ လာကြောင်း ဖြစ်သော "ဘုရားပါဠိ"ကို ဟော၏၊ ပယောဂ သဒ္ဒါလည်း ပါဠိတော်၌ သုံးစွဲအပ်သော ထိုထိုပုဒ်ကို ဟော၏၊ထို့ကြောင့်"ယထာဂမံ" ဟူသော သုတ်လာစကားကို"ယထာပယောဂံ"ဟု ဖွင့်၍ ထို"ပြယုဂ်အား အလျော်" ဟူသည် "ဘုရားစကားတော်နှင့် မဆန့်ကျင်ခြင်း"ပင်တည်းဟု ပြလို၍ "ဇိနဝစနာ နုပရောဓေန"ဟု အဖြောင့် ဖွင့်ရပြန်သည်၊ ဣ လာရာ၌လည်း ခါတ်၏ရှေ့မှာ လာလျှင် ပါဠိတော်နှင့် ဆန့်ကျင်၏၊ ထို့ကြောင့် ခါတ်နောက်၌သာ လာရမည်။

ကွစိ ဗျဉ္ဇနာဒိကေသု— အ စသော သရပစ္စည်း, အနီယ စသော အစ၌ သရ ရှိသော သရာဒိပစ္စည်း, တဗ္ဗ စသော အစ၌ ဗျည်းရှိသော ဗျဉ္ဇနာဒိ ပစ္စည်းဟု ၃ မျိုးရှိရာ အချို့သော ဗျဉ္ဇနာဒိပစ္စည်းနှောင်းရာ၌သာ ဣလာဟုသိစေလို၍"ကွစိ ဗျဉ္ဇနာဒိကေသု" ဟု မိန့်သည်၊ကွစိသဒ္ဒါကို ဗျဉ္ဇနာဒိကေသု ကိစ္စကိတကပစ္စယေသု၏ ဝိသေသနဟု မှတ်၊ ဤကွစိဖြင့် အ-အနီယစသော ပစ္စည်းနှောင်းရာ၌ (ကပ်ဘွယ် သရ ရှိသောကြောင့်) ဣ မလာရဟု ကန့်သည်၊ ဤကား ကွစိ သဒ္ဒါ အလိုက်ခံသော ရူပသိဒ္ဓိ အလိုတည်း။ [ကွစိ သဒ္ဒါ မလိုက်ဘဲ "ယထာဂမံ" သဒ္ဒါဖြင့်ပင် အ-စသော ပစ္စည်း နှောင်းရာ၌ ပါဠိတော်နှင့် မလျော်သောကြောင့် ဣ မလာရဟု ကန့်လျှင်လည်း ဖြစ်မည်ထင်သည်။]

(၅၄၇) ယေ ဣခ ဝုတ္တာ၊ပေ၊ရိစ္စပစ္စယာ– "ဤကစ္စည်းကျမ်း၌ ဆိုအပ်သော တဗ္ဗ-စသောပစ္စည်း"ဟု ဆိုသဖြင့် "ကျမ်းဂန်တို့၌ ဤ ငါးပစ္စည်းအပြင် အခြား ကိစ္စပစ္စည်းများ ရှိသေး၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် "ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယံ"စသည်၌ တဗျပစ္စည်းကိုလည်း ကိစ္စပစ္စည်း၌ သွင်းယူကြသည်၊ ပါတဗျ= ပါခါတ်, တဗျပစ္စည်း၊ ထို တဗျပစ္စည်းကို တေယျပစ္စည်းကဲ့သို့ ဈောစ၌ စသဒ္ဒါဖြင့် သက်သင့်၏။

www.dhammaransi.com



တတော-ထိုမှ နောက်၌ (ကိစ္စမှည့်ပြီးသည်မှ နောက်၌)၊ အညေ ကိတ်တိ-ဟူ၍၊ ဝစနတော - ဆိုခြင်းကြောင့်၊ ကိစ္စပစ္စယာနံ - တို့၏၊ အကိတကတ္တာ - ကိတ မဟုတ်ကုန်သည်၏ အဖြစ်ကြောင့်၊ နာမဗျပဒေသေ—နာမ်ငဲ့ခြင်းသည်၊ အသမ္ဘဝတော - မရောက်လတ်သော်၊ တဒ္ဓိတ ၊ ပေ ၊ သုစာတိဧတ္ထ - ဤသုတ်၌၊ စဂ္ဂဟဏေန-ဖြင့်၊ နာမ ဗျပဒေသော-နာမ်ငဲ့၊ တတော-၌၊ (နာမ်ငဲ့ပြီးသည်မှ နော:က်၌)၊ သျာဒျုပ္ပတ္တိ-သက်။

ဘာဝေ – ဘောအနက်၌၊ ဘာဝဿ – ဘော၏၊ ဧကတ္တာ – တခုထည်း၏ အဖြစ်ကြောင့်၊ ဧက ဝစနမေဝ – ဧကဝုစ်ချည်းသာ၊ သိန္တိ - သိ သုတ်ဖြင့်၊ အမာဒေသော-အံပြု၊ ဘဝတာ-အရှင်သည်၊ ပဉ္ဉေန-ပညာရှိသည်၊ ဘဝိ တဗ္ဗံ, ဘဝနီယံ-ဖြစ်ရာ၏၊ ဝါ-ဖြစ်ထိုက်၏၊ ဣဓ-ဤဘဝနီယံ ပုဒ်၌၊ ဗျဉ္ဇနာ ဒိတ္တာဘာဝါ-အစ၌ ဗျဉ်းရှိသော ပစ္စည်းအဖြစ်၏ မဟုတ်ခြင်းကြောင့်၊ (အစ၌ ဗျဉ်းမရှိခြင်းကြောင့်၊) အနုဝတ္တိတ ကွစိဂ္ဂဟဏေန-လိုက်စေအပ်သော ကွစိ သဒ္ဒါကြောင့်၊ ဣကာရာဂမာဘာဝေါ-ဣအာဂုံ၏ မရှိခြင်းသည် (ဟောတိ)၊ ဘာဝေ-ဘောအနက်၌၊ ကိစ္စ ပစ္စယန္တာ — ကိစ္စပစ္စည်း အဆုံးရှိသော သဒ္ဒါ တို့သည်၊ နပုံသကာ - နပုံလိင်ရှိကုန်၏၊ ကမ္မနိ - ကံအနက်၌၊ တိလိင်္ဂါ - ၃ လိင်ရှိကုန်၏။

---

**တဒ္ဓိတ၊ပေ၊နာမ ဗျပဒေသော**— ဘူဓာတ်နောင် တဗ္ဗသက်, ဣလာ, ဘူ၏ ဦကို ဩပြု, ဩကို အဝ်ပြု, ဣသို့ကပ်၍ “ဘဝိတဗ္ဗ”ဟု ဖြစ်ရာ, ထိုတဗ္ဗပစ္စည်းကို ဤသုတ်ဖြင့် ကိစ္စအမည် မှည့်ပြီးနောက် နာမ်ဝိဘတ် သက်ခွင့် ရောက်ချေပြီ၊ သို့သော် “ဒဗ္ဗဝါစကံ နာမံ”နှင့် အညီ ဒြပ်နက်ကို ဟောမှ နာမ်ဖြစ်၏၊ ဘဝိတဗ္ဗ၌ ဘူဓာတ်သည် ကြိယာနက်ကို ဟော၍ တဗ္ဗပစ္စည်းက ဘာဝသာဓနကို ဟောသော ကြောင့် နာမ်မဟုတ်သေး၊ သို့ဖြစ်၍ နာမ်ငဲ့ရလိမ့်မည်၊ ထိုသို့ နာမ်ငဲ့သည့်အခါ “တဒ္ဓိတ သမာသ ကိတကာ”စသောသုတ်ဖြင့် ကိတက ပစ္စယန္တ ပုဒ်တို့ကိုသာ နာမ်ငဲ့၏၊ “အညေကိတ်—တဗ္ဗစသော ၅ ပစ္စည်းမှ ကြွင်းသမျှကိုသာ ကိတ်မည်၏”ဟု ဆိုထားသောကြောင့် ကိစ္စပစ္စည်းတို့မှာ ကိတအမည် မရနိုင်၍ သုတ်ရင်းဖြင့် နာမ်ငဲ့ခွင့် မရော:က်၊ ထို့ကြောင့် “တဒ္ဓိတ၊ပေ၊ဒီသုစ”၌ စသဒ္ဒါဖြင့် ကိစ္စပစ္စယန္တ သဒ္ဒါကို နာမ်ငဲ့ရသည်၊ ထို့နောင် သိစသော ဝိဘတ်သက်။

**ဘာဝေ၊ပေ၊ဘဝိတဗ္ဗံ ပဉ္ဉေန**—ဘောဟူသည် ကြိယာတည်း၊ လူပေါင်း သိန်း သန်း ဖြစ်သော်လည်း ဖြစ်ခြင်းကြိယာမှာ တမျိုးထည်း တခုထည်းသာ “ဘဝန္တေဟိ— အရှင်တို့သည်၊ ပဉ္ဉေဟိ-ပညာရှိတို့သည်”ဟု ဗဟုဝုစ် ကတ္တားများစွာ ရှိသော်လည်း ဖြစ်ခြင်းကြိယာမှာ တမျိုးထည်းသာဖြစ်၍ “ဘဝိတဗ္ဗံ”ဟုပင် ဧကဝုစ် ထားရသည်၊ ထို့ကြောင့် ဒုတိယာ စသော ဝိဘတ်တို့၌လည်း “ဘဝိတဗ္ဗံ, ဘဝိတဗ္ဗေန”စသည်ဖြင့်

www.dhammaransi.com



ကမ္မနိ - ကံ အနက်၌၊ အဘိပုဗ္ဗော - အဘိ ရှေးရှိ၏၊ [အကမ္မက ဓာတ် ဖြစ်သောကြောင့် ကံ အနက် ဟောနိုင်ဘို့ရာ အဘိ ဥပသာရ ကူစွက် ရသည်-ဟူလို။] ပဏ္ဍိတေန-သည်၊ ကောဓော-အမျက်ကို၊ အဘိဘူယတေ-လွှမ်းမိုးအပ်ဆဲ၊ အဘိဘူယိတ္ထ-ပြီ၊ အဘိဘူယိဿတေ-လတ္တံ့၊ ဣတိ, အဘိဘဝိတဗ္ဗော-မည်၏၊ အဘိ ဘဝိတဗ္ဗာ-လွှမ်းမိုးအပ်, လွှမ်းမိုးထိုက်သော၊ တဏှာ-တဏှာ၊ အဘိဘဝိတဗ္ဗံ - သော၊ ဒုက္ခံ-ဒုက္ခ၊ ဧဝံ - တူ၊ အဘိ ဘဝနီယော - လွှမ်းမိုးအပ်, လွှမ်းမိုးထိုက်သော အမျက်၊ အဘိ ဘဝနီယာ - လွှမ်း ၊ပေ၊ တဏှာ၊ အဘိ ဘဝနီယံ-လွှမ်း ၊ပေ၊ ဒုက္ခ၊ ပုရိသ ကညာ စိတ္တ သဒ္ဒနယေန-ပုရိသ, ကညာ, စိတ္တ သဒ္ဒါတို့၏ နည်းဖြင့်၊ နေတဗ္ဗံ - ဆောင်၍ သိရာ၏၊ [သိမှု၌ "နေတဗ္ဗာ"] သဗ္ဗတ္ထ-အလုံးစုံသော ပုဒ်တို့၌၊ ဧဝံ-ဤအတူတည်း။

ဟိ-ဆက်ဦးအံ့၊ ဧတ္ထ-ဤ "အဘိ ဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန" စသော ဝါကျ၌၊ တဗ္ဗာဒိဟေဝ - တဗ္ဗ အစရှိသော ပစ္စည်းတို့သည်ပင်၊

---

ကေဝုစ် စိတ္တာဒိဂိုဏ်း ရုပ်စဥ်ရသည်၊ စိတ္တာဒိဂိုဏ်း ဖြစ်ကြောင်းကိုကား "ဘာဝေ ကိစ္စ ပစ္စယန္တာ နပုံသကာ" ဟူသော စကားဖြင့် သိနိုင်သည်။ ["ပညာ ယဿ အတ္ထိ" ဟု ဝိဂ္ဂဟပြု၍ "ပညေန—ပညာရှိသူသည်" ဟု အနက်ပေးရသည်။]

. **ကမ္မနိ ၊ ပေ ၊ ဒုက္ခံ**—"အဘိဘူယတေ ၊ ပေ ၊ အဘိဘူယိဿတေတိ" သည် အဘိ ဘဝိတဗ္ဗော၏ တေကာလိက ဝိဂ္ဂြိုဟ်တည်း၊ "ကမ္မေ တိလိင်္ဂါ" ဟု ဆိုခဲ့သည့်အတိုင်း "ကောဓော" ဟူသော အဘိဓေယျ၏ ပုလ္လိင်သို့ လိုက်၍ "အဘိဘဝိတဗ္ဗော" ဟုရင်း, တဏှာ ဟူသော အဘိဓေယျ၏ ဣတ္ထိလိင်သို့ လိုက်၍ "အဘိဘဝိဘဗ္ဗာ" ဟုရင်း, ဒုက္ခံ ဟူသော အဘိဓေယျ၏ နပုလ္လိင်သို့လိုက်၍ "အဘိဘဝိတဗ္ဗံ" ဟုရင်း ထားသည်၊ ဤအရာမျိုးကို "ကိတကာ အဘိဓေယျလိင်္ဂါ=ကိတ်ပစ္စယန္တသဒ္ဒါတို့သည် ဟောနက်၏ လိင်နှင့် တူသော လိင် ရှိကုန်၏" ဟု ဆိုသည်။

**ဧဝံ အဘိ ဘဝနီယော**—"အဘိဘူယတေ, အဘိဘူယိတ္ထ, အဘိဘူယိဿတေတိ အဘိဘဝနီယော, ယာ, ယံ" ဟု နည်းတူ ဖြစ်သောကြောင့် "ဧဝံ အဘိဘဝနီယော" စသည်ကို မိန့်သည်၊ နာမ်ငဲ့ပြီးနောက် နာမ်၏ နယ်တွင်းသို့ ရောက်သည့်အခါ နာမ်ပုဒ် ရိုးရာအတိုင်း ပုရိသာဒိစသော ဂိုဏ်း ၃ ဂိုဏ်းသို့သွင်း၍ ရုပ်စဥ်ရသောကြောင့် "ပုရိသ ၊ ပေ ၊ နယေန နေတဗ္ဗံ" ဟု မိန့်သည်၊ "အဘိဘဝိတဗ္ဗော....အဘိဘဝိတဗ္ဗာ၊ ဘော အဘိဘဝိတဗ္ဗ, ဗ္ဗာ....ဘောန္တော အဘိဘဝိတဗ္ဗာ" စသည်ဖြင့် စဥ်လေ။

**ဧဝံ သဗ္ဗတ္ထ**—နောက် "ဥပါသိတဗ္ဗော" စသော ရုပ်များ၌လည်း အဘိဓေယျလိင်သို့ လိုက်၍ ၃ လိင် ထားနိုင်ပုံ, ပုရိသာဒိ စသော ဂိုဏ်းသို့သွင်း၍ လိင်အားလျော်စွာ ရုပ်စဥ် ရပုံကို ဤနည်းအတိုင်း သိပါလေ။

www.dhammaransi.com



ကမ္မဿ-ကံအနက်၏၊ ဝါ-ကို၊ ဝုတ္တတ္တာဝ-ဟောအပ်ပြီး၏ အဖြစ်ကြောင့်ပင်၊ ပုန - တဖန်၊ ဝါ - ထပ်၍၊ အဝုတ္တနာ - မိမိသည်၊ (ဒုတိယာ ဝိဘတ်သည်)၊ ဝတ္တဗ္ဗဿ-ဟောထိုက်သော ကံအနက်၏၊ အဘာဝါ-မရှိတော့သည်၏ အဖြစ်ကြောင့်၊ တတော-ထို"အဘိ ဘဝိတဗ္ဗ"စသည်မှ နောက်၌၊ ဒုတိယာ-သည်၊ န-မဖြစ်၊ ပဌမာဝ-ပဌမာဝိဘတ်သည်သာ (ဟောတိ)။

အာသ=ဥပဝေသနေ-၌။ [အာချာတ်၌ ပါပြီးသော ဓာတ်နက်များကို အနက် မပေးတော့ပြီ၊ အနက်မထင်လျှင် အခြေပြု ဓာတ်စဉ်မှာ ရှုပါ၊] တယာ — သင်သည်၊ အာသိယိတ္တ - ရှေး၌ နေခြင်း၊ အာသိယတေ - ယခု နေခြင်း၊ အာသိယိဿတေ — နောင်ခါနေခြင်း၊ ဣတိ - ဤ ဝစနတ္ထကြောင့်၊ အာသိတဗ္ဗံ, အာသနီယံ-မည်၏၊ ကမ္မေ-၌၊ ဥပါသိတဗ္ဗော, ဥပါသနီယော-ဆည်းကပ်ထိုက်သော၊ ဂုရု - ဆရာ။ [ "ဥပါသီယတေတိ ဥပါသိတဗ္ဗော" စသည်ဖြင့် ၃ ဝိဂ္ဂဟစီပြု၊ အကမ္မက ဓာတ်ဖြစ်၍ ကံဟောရာ၌ ဥပသာရပုဒ် ကူစွက်ရသည်၊ နောက်၌လည်း နည်းတူ။]

သိ=သယေ။ [အာချာတ် "ဧအယ"သုတ်၌ "သိ"ဟု ဣကာရန္တဖြင့် ပြခဲ့သည်၊] ဘဝတာ-သည်၊ အသိယိတ္ထံ-ရှေး၌ အိပ်ခြင်း၊ပေ၊သိယိဿတေ-နောင်ခါအိပ်ခြင်း၊ ဣတိ-ကြောင့်၊ သယိတဗ္ဗံ, သယနီယံ-မည်၏၊ ဧအယာတိ-သုတ်ဖြင့်၊ အယာဒေသော၊ ပရော - သူတပါးကို၊ အတိသယိတဗ္ဗော, အတိသယနီယော-လွန်အောင် အိပ်၏။

ပဒ=ဂတိမှိ၊ တေန-ထိုသူသည်၊ ဥပ္ပဇ္ဇိတ္ထ-ရှေး၌ ဖြစ်ခြင်း ၊ ပေ ၊ ဣတိ, ဥပ္ပဇ္ဇိတဗ္ဗံ, ဥပ္ပဇ္ဇနီယံ-မည်၏၊ စ-ဆက်၊ ဧတ္ထ-ဤရုပ်တို့၌၊ ကတ္တရိစတိ အဓိကာရံ - ကတ္တရိ ဟူသော လိုက်ပုဒ်ကို၊ ဝိနာ - ၍၊ ဒိဝါဒိတော ယောတိ - ဟူသော၊ ဝိနာဓိကာရ ယောဂဝိဘာဂေန - ဖြင့်၊ ယပစ္စယော - သက်၊ တဿ စဝဂ္ဂ ယကာရ ဝါဒ္ဓိနာ — တဿ စဝဂ္ဂ ယကာရ အစရှိသော

---

တဗ္ဗာဒီဟေဝ၊ပေ၊တတော—အဘိ ဘဝိတဗ္ဗ="လွှမ်းမိုးထိုက်"ဟုရာ၌ လွှမ်းမိုးခြင်း ကြိယာဖြင့် ရောက်အပ်သော ကြိယာ ပါပုံကံန သတ္တိ (ကံ) အနက်ကို တဗ္ဗပစ္စည်းသည် ဟောပြီး ဖြစ်၏၊ထို့ကြောင့်"အဘိဘဝိတဗ္ဗ"နောင် ကံအနက်ကို ဟောသော ဒုတိယာ ဝိဘတ်သက်ခွင့် မရ၊ "လွှမ်းမိုးအပ်သော ကော"ဟု လိန်အနက်ကို ထွန်းပြခြင်းငှါ ပဌမာ ဝိဘတ်သာ သက်ရတော့သည်။ [ရုပ်စဉ်သည့်အခါ "အဘိဘဝိတဗ္ဗံ, အဘိဘဝိတဗ္ဗေ"စသည်ဖြင့် ဒုတိယာစသော ဝိဘတ် သက်ရခြင်းကား"အဘိဘဝိတဗ္ဗံ ပဇဟာတိ-လွှမ်းမိုးအပ်သော ကောဓကို ပယ်၏" စသည်ဖြင့် နောက်ကြိယာ ငဲ့၍ သက်ရခြင်းတည်း။]

သုတ်ဖြင့်၊ စဝဂ္ဂေါ စဝဂ်ပြု၊ ပရဿဘာဝေါ ဌာနေတိ-ဒိဘာဝေါ-လာ၊ [ဒိပါဒိဂိုဏ်း ဖြစ်၍ ဒိပါဒိတော ယောဖြင့် ယပစ္စည်း သက်စေ၏၊ သို့သော် ဘောက် အနက် ဖြစ်၍ သုတ်ရင်းဖြင့် မသက်နိုင်သောကြောင့် ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် သက်ရသည်၊] မဂ္ဂေါ - လမ်းကို။ ပဋိပဇ္ဇိတဗ္ဗော,ပဋိပဇ္ဇ နီယော - သွားလိုက်၏။ [ပဘိပုဗ္ဗ ပဒဓာတ် ဖြစ်၍ 'ကွစိ ပဋိပတိဿ'' ဖြင့် ပဋိပြုရသေးသည်၊ ပတိအာဂုံးလည်း ရှိနိုင်ပါ၏၊] ဗုဓ=အဝဂမနေ၊ ဓမ္မော-ကို၊ အဝဗုဇ္ဈိတဗ္ဗ - ရှေး၌ သိအပ်ပြီ၊ ပေ၊ ဗုဇ္ဈိတဗ္ဗော ဗုဇ္ဈနီယော မည်၏။ [ဤ၌လည်း ဒိဝါဒိယပစ္စည်း သက်ရဦးမည်။]

သု=သဝဏေ၊ ပေ၊ သောတဗ္ဗော-မည်၏၊ ဣဓ-ဤရုပ်၌၊ ယထာဂမဂ္ဂ ဟဏော-ယထာဂမသဒ္ဒါကြောင့်၊ ဣကာရာဂမာဘာဝေါ-ဣ လာခြင်း၏ မရှိခြင်းသည် (ဟောတိ)၊ [''သောတဗ္ဗော''၌ ဗျဥ္ဇနာဒိ ပစ္စည်း နှောင်းသောကြောင့် ဣ လာရမည်ကဲ့သို့ ထင်ရ၏၊ သို့သော် ဣလာလျှင် ပါဠိတော်နှင့် မလျော်ရကား ယထာဂမ သဒ္ဒါ၏ တားမြစ်ချက်ကြောင့် ဣ မလာရ-ဟူလို၊ အညသုဖြင့် သု၏ ဥ ကို ဩ ဝုဒ္ဓိပြု။] သုဏိတဗ္ဗော-ကြားနာတိုက် သော တရား၊ သွာဒိတော ဏုဏာ ဥဏာဝတိ-ဟူသော၊ ဝိနာဓိကာရ ယောဂဝိဘာဂေန-ကတ္တရိ ဟူသော လိုက်ပုဒ်ကို ကြဉ်သော ယောဂဝိဘာဂ ဖြင့်၊ ဏာ ပစ္စယော-သက်၊ သဝနီယော-ကြားနာတိုက်၏။

(၅၄၀) ကရ=ကရဏေ၊ ကရိယိတ္ထ - ပြုအပ်ပြီ၊ ပေ၊ ဣတိအတ္ထေ-၌၊ တဗ္ဗာနီယာ - တဗ္ဗပစ္စည်း, အနီယပစ္စည်းတို့သည် (ဟောန္တိ)၊ အန္တဿာတိ ကရဿ စာတိ တတ္တာန္တိ စ ဝတ္တတေ။

ဏျ ဏနူ အေဗ္ဗသု ဝါ။ ။တုံ ယုန ယာဗ္ဗ ဣတိ -ဟူကုန်သော၊ ဧတေသု ပစ္စယေသု-တို့ကြောင့်၊ [သို့မှဉ် ''ပရော'' ဟု ပါသေး၏၊] ကရဿေဝ တဿ, ဓာတုဿ ၏၊ အန္တဘူတဿ-အဆုံး ဖြစ်၍ ဖြစ်သော၊ ရကာ ရဿ-ရ အက္ခရာ၏၊ တကာရတ္တံ - တအဖြစ်သည်၊ ဝါ ဟောတိ၊ ဘဝတာ-

ဒိဝါဒိယ သက်ရပုံ။ ။ပဋိပဇ္ဇိတဗ္ဗောစသောရုပ်များ၌ကံဟောဖြစ်၍ ဘာဂကမ္မ သုယောသုတ်ဖြင့်သာ ယပစ္စည်းသက်သင့်ပါသည် မဟုတ်လော,အဘယ်ကြောင့် ဒိဝါ ဒိတောယောသုတ်၏ယောဂဝိဘာဂဖြင့်ယပစ္စည်းသက်ရပါသနည်း-ဟုမေးဘွယ်ရှိ၏၊ အဖြေကား-ကံအနက်ကို တဗ္ဗပစ္စည်းက ဟောပြီးဖြစ်သောကြောင့် ရုပ်ပြီးရုံလောက် အကျိုးကိုမျှော်၍ ဒိဝါဒိဂိုဏ်းလည်းဖြစ်သောကြောင့် ဒိဝါဒိတောယောသုတ်၏ ယောဂဝိဘာဂဖြင့် သက်ရပါသည်။

www.dhammaransi.com



သည်၊ ဓမ္မော-ကို၊ ကတ္တဗ္ဗော-ပြုထိုက်၏၊ ပူဇာ-ကို၊ ကတ္တဗ္ဗာ၊ ကုသလံ-ကို၊ ကတ္တဗ္ဗံ [လိင် ၃ မျိုး ပြထား၏၊] တတ္တာဘာဝေ·တ အဖြစ် မရှိရာ၌၊ ကရောတိဿာတိ-ကရောတိဿ ပုဒ်သည်၊ ဝတ္တမာနေ-သော်၊ တဝေ တုနာ ဒီသုကာတိ တွေ-၌၊ အာဒိသဒ္ဒေန-ဖြင့်၊ တဗ္ဗေပိ-တဗ္ဗ ပစ္စည်းကြောင့်လည်း၊ ကာဒေသော-ကာပြု၊ ဟိတံ·စီးပွားကို၊ ကာတဗ္ဗံ-၏။

(၅၄၉) **ရဟာဒိတော ဏ။** ။ရ ကာရ ဟကာရာ ဒျန္တေဟိ-ရအက္ခရာ ဟအက္ခရာ အစရှိသော အက္ခရာ အဆုံးရှိကုန်သော၊ ဓာတူဟိ-တို့မှ၊ ပရဿ-သော၊ အနာနီယာဒိ နကာရဿ-အန, အနီယ အစရှိသည်တို့၏ နအက္ခရာ၏၊ ဏကာရော-ဏအပြုသည်၊ ဟောတိ၊ အာဒိသဒ္ဒေန-ဖြင့်၊ ရမု အပ ဉာ တာဒိတောပိ-ရမုဓာတ်, အပဓာတ်, ဉာဓာတ်, တာဓာတ်, အစရှိသည်တို့မှလည်း၊ (ပရဿအနာနီယာဒိနဿ ဏကာရော ဟောတိ)။

---

(၅၄၉) **ရကာရ၊ပေ၊ဏကာရော**-ကရ,သရ,မရ,စရစသောရကာရန္တဓာတ်, ဂဟဟူသောဟကာရန္တဓာတ်ခနောင်ယုပစ္စည်းကိုပြုသော အန=အနီယပစ္စည်း စသည်တို့၏ နကိုဏပြု၊"ကရဏံ,ကရဏီယံ,သရဏံ,မရဏံ,စရဏံ,ဂဟဏံ"စသည်၊ ဤသို့ နကို ဏပြုခြင်းသည် ရှေ၌ ရအက္ခရာရှိသောကြောင့်တည်း၊မှန်၏-ဂဟဏံ၌ "ဂြဟ" ဓာတ်ဟု သက္ကတဆို၏၊ဂြ၌ ရအက္ခရာပါသောကြောင့် နကို ဏပြုသည်၊ ဂြဟဓာတ် မဟုတ်ဘဲ"ဂါဟ"ဓာတ်မှ"တောအရှုပ်အထွေး" အနက်ဟော "ဂဟန" ၌ကား ဏမပြုရ၊ "တိဏဂဟနံ-မြက်ရှုပ်၊ ဝနဂဟနံ-တောရှုပ်၊ သကသမယ သမယန္တရ ဂဟနံ-မိမိအယူသူတပါးအယူတည်းဟူသောတောရှုပ်"ဟုနအက္ခရာအတိုင်းရှိရသည်၊ ထို့အတူအခြားသော"ဇဟ,ဒဟ,သဟ,နဟာ (နှာ) ဓာတ်တို့နောင်လည်း နကို ဏမပြုရ"ဇဟနံ"စသည်ဖြင့်သာ ရှိစေရသည်၊နကိုဏပြုရာ၌ရှေ့ရအက္ခရာနှင့် သရခြား လျက်ငင်း ဟ-ယ-ဝအက္ခရာ,ကဝဂ်ပဝဂ်ခြားလျက်ငင်းပြုနိုင်၏၊ကရဏံ (ကရ်အန)၌ သရခြားလျက်ပြု၏၊ ဂြဟဏံ၌ ဟအက္ခရာနှင့်အသရခြားလျက်ပြု၏။

**အာဒိသဒ္ဒေန၊ပေ၊တာဒိတောပိ**-"ရမု"ဓာတ်၌ ရနောင်ပဝဂ်(မ)ခြားလျက် ဏပြု၊ရမဏီယံ-အာရမ္မဏံစသည်၊အပဓာတ်၏ပုံစံကို "ပါပဏီယော" ဟုထုတ်၏၊ ပ ပုဗ္ဗ အပဓာတ်,အနီယပစ္စည်း၊ ဤ၌ အပဓာတ်ကြောင့် ဏပြုဟန်မတူ, ပဥပသာရ နောင်ဖြစ်၍ ဏပြုဟန်တူသည်၊ ထိုသို့ ဖြစ်သင့်ပုံကား- ပဥပသာရသည် သက္ကတ၌ "ပြ"ဟုရှိ၏၊ထိုပြ၌ ရအက္ခရာကြောင့် နကို ဏပြုရသည်၊ ထို့ကြောင့် ပပုဗ္ဗ နမု ဓာတ်ဖြင့်"ပနာမ"ဟုဖြစ်ပြီးမှ ဏပြု၍ "ပဏာမ-ရှိခိုးခြင်း" ဟုရင်း, ပပုဗ္ဗ မာဓာတ် ယုကို အနပြု၍"ပမာန"ဟုဖြစ်ပြီးမှ ဏပြု၍ "ပမာဏ" ဟုရင်း, ပပုဗ္ဗ နီဓာတ်ဖြင့် "ပဏီတ"ဟုရင်း,ပပုဗ္ဗ အနဓာတ်ဖြင့် "ပါဏ"ဟုရင်း, ပ-နိပုဗ္ဗ ပတ ဓာတ်ဖြင့် "ပဏိပါတသရဏာဂုံ"ဟုရင်း များစွာရှိလေသည်။

www.dhammaransi.com



တ္တေ-ဤသုတ်၌၊ ရဟာဒိတော-ရကာရန္တ, ဟကာရန္တဓာတ်မှ၊ ပရဿ-နောက်၌ ဆက်စပ် ကပ်နေသော၊ နကာရဿ - န အက္ခရာ၏၊ အသမ္ဘဝါ-မဖြစ်သင့်ခြင်းကြောင့်၊ သာမတ္ထျာ-အညထာ နုပ ပတ္တိ ဟူသော အစွမ်းဖြင့်၊ အနာနီယာဒိ နသော၀-အနအနီယ စသည်တို့၏ နကိုသာ၊ အယံ ဏကာရတာ-ဤ ဏ အဖြစ်သည် (ဟောတိ)၊ ဓမ္မော-ကို ကရဏီယော - ပြုထိုက်၏၊ ကရဏာရဟော-ပြုထိုက်၏၊ ဣတိအတ္ထော-နက်၊ [အနီယ ပစ္စည်း၏ အရဟ အနက်ဟောကြောင်း သိစေလို၍"ကရဏာရဟော"ဟု ဖွင့်သည်၊]ကရဏီယာ-ပြုထိုက်သောပူဇော်ခြင်း၊ ကရဏီယံ-ပြုထိုက်သော ကုသိုလ်။

---

ဉာဓာတ်ကားသက္ကတ၌ "ညာ"ဓာတ်ဟု ဇနွှင့် ဥ တွဲလျက်ရှိ၏၊ ထိုဓာတ်နောက် သက္ကတ၌ ဏ မပြု, ပါဠိ၌မူ "ဉာဏ"ဟု ဏပြုရာရပ်တွေများသဖြင့်ပါဠိသုံးတမျိုးဟု ခွဲခြားသင့်၏၊ဆရာတို့ကား သက္ကတလိုက်၍ "ဉာန"ဟုပင် ရေးသားကြသည်၊ တာ ဓာတ်သည် သက္ကတ၌ "တြာ"ဓာတ်ဟုရှိ၏၊ ထို့ကြောင့် "တာဏ" စသည်ဖြင့် ဏ ပြုသည်၊တာဒိတော၌ အာဒိဖြင့်ရက္ခ-ဣက္ခ-လက္ခ-ပိသ ဓာတ်တို့ကိုယူ၍"ရက္ခဏ-စောင့်ရှောက်ခြင်း၊ ဣက္ခဏာ-ကြည့်ရှုခြင်း လက္ခဏ-အမှတ်အသား၊ ပိသဏ-ကြိတ်ချေခြင်း,စသည်တို့ကိုယူ၊ရက္ခဏ၌ရရှိသောကြောင့် ပိသဏ၌"ပြိသ"ဓာတ် ဖြစ်၍ ရရှိသောကြောင့် ဏပြု၊ ဣက္ခ လက္ခ ဓာတ်တို့၌ကား ရမရှိဘဲ သက္ကတ၌ ဏပြုသည်။

**ပရာ စသည့် နောင် ဏ ပြုပုံ။** ။ပ ဥပသာရနောင်ဏ ပြုပုံကိုပြခဲ့ပြီ၊ပရာ,နိ,ဒု, ပရိ ဥပသာရတို့ နောင်လည်း ဏပြု၏၊ပရာယဏ (ပရာ+အယန)- အလွန်ရောက်အပ်ရာ,လည်းလျောင်းရာ၊ ["ပရံ+အယန"ဟု ပုဒ်ဖြတ်လျှင် ရေနာမ်ပုဒ်နောင်ဖြစ်၍ ဏ ပြု၊ ]နိ ဒုတို့သည်သက္ကဘ၌"နိရ်+ဒုရ်"ဟုရှိ၏၊ထို့ကြောင့် ရ် အတွက် ဏပြုသည်၊ နိဏ္ဏယော (နိ+နယော) အဆုံးအဖြတ်၊ဒုဏ္ဏာမော (ဒု+နာမော-မကောင်းသော နာမည်ရှိသူ၊ဒုဏ္ဏယော (ဒု+နယော) ခဲယဉ်းစွာ သိအပ်သည်။

**ရဟာဒိတော၊ပေ၊ဏ ကာရတာ-** ရ,ဟဓာတ်တို့နောင်တစုံတရာ အက္ခရာ မခြားဘဲ ဆက်စပ်ကပ်နေသောနအက္ခရာမရှိခြင်းကို"ရဟာဒိတော၊ပေ၊အသမ္ဘဝါ" ဟုဆိုသည်။ အန-အနီယတို့မှ န အက္ခရာသည် (ကရ်+အန,ကရ်+အနီယ-ဟု) အသရခြားနေသော်လည်း ထို နအက္ခရာမှတပါး အခြားယူစရာ မရှိတော့ခြင်းကို "အညထာနုပပတ္တိ"ဟုဆိုသည်၊ဤသို့လျှင် အန-အနီယစသည်တို့၏ နကို မယူလျှင် မဖြစ်နိုင်သောကြောင့် အန-အနီယတို့၏ နကိုသာ ယူရတော့သည်၊ အန-အနီယ တို့၏ နကို ဏပြုရတော့သည်-ဟူလို။ [အညထာ-အခြားနည်းအားဖြင့်+အနုပပတ္တိ (န+ဥပပတ္တိ)-မသင့်လျော်ခြင်း၊] ဤအညထာနုပပတ္တိနည်းကိုပင်"သာမတ္ထျ" ဟုဆိုသည်၊ထိုသာမတ္ထျ ဟူသည်ရဟာဒိတောဏာသုတ်က အန,အနီယစသည်တို့၏နကို အသရခြားနေပါလျက် ဏပြုစွမ်းနိုင်သောသတ္တိတည်း၊ သမတ္ထဿ-စွမ်းနိုင်သည့်၏၊

www.dhammaransi.com



ဘရ=ဘရဏေ–မွေးမြူခြင်း၌....၏၊ ဘရီယတိ - မွေးမြူးအပ်၏၊ ဣတိ ဘရိတဗ္ဗော ဘရဏီယော-မည်၏။ ဂဟ=ဥပါဒါနေ – အဂ္ဂယှိတ္တ-ယူအပ်ပြီ၊ ၊ပေ၊ ဣတိ ဂဟေတဗ္ဗော-မည်၏၊ တေသုဝုဒ္ဓိ တျာဒိနာဖြင့်၊ ဣကာရဿ-ကို၊ ဧကာရော–ပြု၊ သင်္ဂဏှိတဗ္ဗော–သိမ်းယူထိုက်၏၊ ဂဟာဒိတော ပ္ပဏ္ဍာတိ-ဟူသော၊ ဝိနာမိ၊ ပေ၊ ဧေန–ဖြင့်၊ (ကတ္တရိ အလိုက်ကို ကြည့်သည်)၊ ဏှာပစ္စယော–ဏှာပစ္စည်း သက်၊ ဟလောပ သရလောပါဒိ-ဟချေခြင်း,သရ ချေခြင်း အစရှိသော အစီ အရင်သည် (ဟောတိ)။ [သံပုဗ္ဗဂဟ်+ဏှာ+ တဗ္ဗ''ဟု ဖြစ်သည့်အခါ-ဟလောပေါ ဏှာမှိဖြင့် ဟ်ချေ၊ ဏှခွင်း ချေကပ်၊] သင်္ဂဏှနီယော–သိမ်းယူအပ်၏၊ ဂဟဏီယော-ယူအပ်၏။

အာဒိဂ္ဂဟဏေန–ဖြင့်။ [ရဟာဒိတော၌ အာဒိ ဖြင့်၊] ရမု=ကီဠာယံ-မွေ့လျော် ပျော်ပါး ကစားခြင်း၌ ...၏၊ ရမိယိတ္ထ–မွေ့လျော်အပ်ပြီ၊ ပေ၊ ရမိတဗ္ဗော ရမဏီယော –မည်၏၊ ဝိဟာရော-ကျောင်းတည်း။ [ဤသို့ အဘိဓေယျကို နောက်မှလည်း ပေးနိုင်၏၊ ''ဝိဟာရော - ကို၊ ရမိယိတ္ထ၊ ပြီ''ဟု ရှေးဦးစွာလည်း ပေးနိုင်၏၊] အပ - ပါပုဏနေ။ [ပါပုဏနေ– သင့်ကြောင်း ပြခဲ့ပြီ၊] ဥဏှာ ပစ္စယော-ဥဏှာ ပစ္စည်းသက်။ ပါပီယတိ– ရောက်အပ်၏၊ ဣတိ ပါပုဏိတဗ္ဗော၊ ဂုပါဒီနဉ္စာတိ-သုတ်ဖြင့်၊ ဓာတွန္တဿ- ဓာတွန်၏၊ လောပေါ၊ ဒွိတ္တဉ္စ၊ ပတ္တဗ္ဗော, ပါပုဏနီယော, ပါပဏီယော– ရောက်ထိုက်၏။

---

ဘာဝေါ-ဖြစ်ကြောင်းသတ္တိသည်၊သမ္ဘဝ-မည်၏၊ အနာနီယာဒိ၌အာဒိဖြင့်ကီဓာတ် နောင် နာပစ္စည်းကို ယူ ''ကိဏာတိ,ဝိက္ကိဏာတိ''စသည်တည်း။

မှတ်ချက်။ ။ရဟာဒိတော ဏသုတ်က ရကာရန္တစသော ဓာတ်နောင်သာ အန-အနီယစသည်တို့၏ နကို ဏပြုသောကြောင့် ဓာတ်နောင်လည်း မဟုတ်-အန အနီယစသည်တို့၏ နလည်းမဟုတ်ရာ၌ဏပြုလိုလျှင် ဤသုတ်ဖြင့်မပြုနိုင်၊ ပဏီတ-ပဏိ ပါတတို့၌ နီဓာတ်မှ နကို ဏပြုသောကြောင့် ဓာတ်အရာဖြစ်၍ကွစိဓာတုသုတ်ကြီးဖြင့် ဖြစ်စေ၊ ဒေါမဿစ၌စသဒ္ဒါဖြင့်ဖြစ်စေဏပြု, ပရာဏာ၂ တ္တနောပဒါနိသုတ်၏အဖွင့်ဋီကာ၌ကား ''ပရာဏိ''၏နကိုဏပြုရာဝယ်သုတ်သီးခြားမရှိဘဲ ''ပရာဏိ''ဟူသောနိပါတန် ဖြင့်ပင် ပရာနီမှ နကိုဏပြုသည်။

ပတ္တဗ္ဗော (သင်္ဂဏှနီယော) ပါပုဏနီယော-ပပုဗ္ဗ အပဓာတ် တဗ္ဗပစ္စည်း, ဂုပါဒီနဉ္စဖြင့်ဓာတွန်ပ်ကိုချေ၍ဒွေ့ဘော်ပြု,ရှေ့ပကိုခွင်းချေကပ်လျှင်''ပတ္တဗ္ဗ''ဟုဖြစ်၏၊ ပပုဗ္ဗအပ+ဥဏှာ+အနီယ၊ပ၏ အကိုချေ, နောက်အကို ဒီဃပြု, ပါပုဏနီယ-ဟု

www.dhammaransi.com



(၅၅၀) ဝါတိ ဝတ္တတေ[“အန္တာနံ ဝါတိစ” ဟု မြန်မာမူ၌“အန္တာနံ” ပါသေးသည်ကား “အန္တာပေက္ခာယံ ဆဋ္ဌီ” ဟူသော ဋီကာနှင့် မညီ” ရှေးအနီး၌ လိုက်မည့်ပုဒ်လည်း မရှိ, သီမူ၌လည်း မပါ။]

ဂမ၊ ပေ၊ ဒိသုန။ ။ပရေသု-ကုန်သော၊တို့၊ပေ၊ တွာလ္လစ္စေဝမာဒီသု-တို့, တဗ္ဗ, တဝေ, တုန, တွာ အစရှိကုန်သော၊ တကာရာဒိ ပစ္စယေသု၊ အစ၌ တ အက္ခရာရှိသော ပစ္စည်းတို့ကြောင့်၊ ဂမ ခန ဟန ဣစ္စေဝမာဒီနံ-ဂမ ခန ဟန အစရှိကုန်သော၊ မကာရ နကာရန္တာနံ-မအက္ခရာ နအက္ခရာ အဆုံး ရှိကုန်သော၊ ဓာတူနံ-တို့၏၊ အန္တော - အဆုံးဖြစ်သော မ-န အက္ခရာ၏၊ နကာရော-နအပြုသည်၊ ဝါဟောတိ၊ အဂန္တွာ(ယပစ္စည်းကြေ)-သွားအပ်ပြီး၊ ပေ၊ ဂန္တဗ္ဗော-၏၊ မဂ္ဂေါ-လမ်းတည်း၊ ဂမိတဗ္ဗံ ဂမနီယံ-သွားထိုက်သော လမ်းခရီး၊ ခနု=အဝဒါရဏေ-အောက်သို့ ခွဲခြင်း၌၊ ဝါ-တူးခြင်း၌....၏၊ [အဝ–အောက်သို့–ဒါရဏ-ခွဲခြင်း,ဟူသည် “တူးခြင်း”ပင်တည်း၊ ]အခနိတ္တ (ယကြေ)-တူးအပ်ပြီး၊ ပေ၊ ခန္တဗ္ဗံ--မည်၏၊ အာဝါဋံ-တွင်းတည်း၊ ခနိတဗ္ဗံ-တူးထိုက်သောတွင်း၊ကွစိဓာတူ တျာဒိနာ-ဖြင့်၊ခနန္တဿ-ခနအဆုံးန၏၊ဏတ္တဥ္စ-ဏ အဖြစ်သည်လည်း(ဟောတိ)၊ ခဏိတဗ္ဗ-တူးထိုက်သောတွင်း၊ ခနနီယံဝါ-လည်းရှိ၏၊ဟန–ဟိံသာဂတိသု၊အဟနိတ္တ-သတ်အပ်ပြီး၊ပေ၊ဟန္တဗ္ဗံဟနနီယံ-၏

မန=ဉာဏေ။ [ဤဓာတ်ကား ဟနာဒိနံ၌ အာဒိ အရ ပံ့စံတည်း၊] အမညိတ္တ–သိအပ်ပြီး၊ ပေ၊ မန္တဗ္ဗော–မနိတဗ္ဗော--မည်၏၊ ယပစ္စယေ-ကြောင့်၊ စဝဂ္ဂါဒိ-စဝဂ် အပြု အစရှိသော အစီအရင်သည် (ဟောတိ)၊ မညိတဗ္ဗံ မည နိယံ–သိထိုက်၏၊ [“မန(ဣ) တဗ္ဗ”ဟု ဖြစ်သည့်အခါ ဒိဝါဒိဂိုဏ်းဖြစ်၍ “ဒိဝါဒိတော ယော” ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ယပစ္စည်းသက်၊ တဿစဝဂ္ဂဖြင့် ဓာတ္တန်နှင့်တကွ ယကိုဉပြု,ဒွေဘော်လာ၊ မညိတဗ္ဗ စသည် ဖြစ်၏။]

ပူဇ=ပူဇာယံ-အပူဇိယိတ္တ-ပူဇော်အပ်ပြီး၊ ပေ၊ ဣတိအတ္ထေ - ၌၊ တဗ္ဗာ နီယာ (ဟောန္တိ)၊ စုရာဒိတော ဏေဏယာတိ–သုတ်ဖြင့်၊ အကတ္တရိပိ–

---

ဖြစ်၏၊ဥပသာရနောင် ပခြားချဲဖြစ်မှုနကို ဏပြု၍“ပါပဏီယ”ဟုဖြစ်နိုင်၏၊ ဤပါပုဏ နီယ၌ကား“ပု+ဏ”ဟု ၂လုံးခြားနေသောကြောင့်ဏမပြုတော့ပြီ'ထို့အတူသံဂြနောင် ဟခြားချဲဖြစ်၍“သင်္ဂဟဏီယော”ဟု ဏပြုနိုင်၏၊သင်္ဂဏှနီယော၌ကား ဏ+ဟ ၂လုံး ခြားသောကြောင့် ဏမပြုရ၊သီမူ၌ “သင်္ဂဏှနီယော,ပါပုဏနီယော”ဟုပါ၌ရှိသည်။

www.dhammaransi.com



ကတ္တားအနက်မှ အခြား အနက်၌လည်း၊ ဏော ဏယာ(ဟောန္တိ)။ [ကတ္တာရိ အလိုက်ကို ကြည့်ဘွယ်မလို,သုတ်ရင်းဖြင့်ပင် ဏော ဏယ သက်နိုင်သည်၊ ထိုသုတ်ကို ပြန်ကြည့်၊] ဣကာရာဂမာနိယေသု-ဣအာဂုံ, အနိယ ပစ္စည်းတို့ကြောင့်၊ သရလောပေါ တျာဒိနာ—ဖြင့်၊ ကာရိတ သရဿ-ကာရိတ်သရကို၊ လောပေါ-ချေ။ [“ပူဇ+ဏေ+(ဣ)ဘဗ္ဗ”ဟု ဖြစ်ရာ၌ ဣအာဂုံကြောင့် ကာရိတ် ဧသရကို ချေ။ ဣကို ဂဟေတဗ္ဗာ၌ကဲ့သို့ပြေ။ပူဇနီယော၌ကား အနိယပစ္စည်းကြောင့် ကာရိတ်ကိုချေ၊] ဘဂဝါ—ဘုရားကို၊ ပူဇေတဗ္ဗော,ပူဇယိတဗ္ဗော,(မြန်မာမှု၌ကျသည်),ပူဇနီယော-ပူဇော်ယိုက်၏။ [ဤ ပူဇနီယော၌လည်း ဏေပစ္စည်းသက်၍ ဧသရကို ချေရဦးမည်။]

တဗ္ဗာနီယာဒိတိယောဂ ဝိဘာဂေန-ဖြင့်၊ ကတ္တု[ကရဏေသုပိ - ကတ္တား ကရိုဏ်း အနက်တို့၌လည်း၊ (တဗ္ဗာနီယာ ဟောန္တိ၊) ယာ=ပါပုဏနေ၊ နိယျာတိ—ဝဋ်မှ ထွက်မြောက်တတ်၏၊ ဣတိ နိယျာနီယော-မည်၏၊ အရိယမဂ္ဂေါ-အရိယ မဂ်တည်း။ [သီဒ္ဓိ၌“အရိယ” ပါသည်၊] ဂစ္ဆန္တိ - ရောက်တတ်ကုန်၏၊ ဣတိ ဂမနီယာ-တို့မည်၏၊ ဘောဂါ—စည်းစိမ်တို့တည်း၊ နဟာ—နဟာ သဒ္ဒါသည်၊ သောစေ-စင်ကြယ်ခြင်း၌....၏၊ ဧတေန-ဤ ဆပ်ပြာမှုန့်ဖြင့်၊ နဟာယတိ-စင်ကြယ်ရ၏၊ ဝါ - ရေချိုးရ၏၊ ဣတိ နဟာနီယံ၊ စုဏ္ဏံ-ဆပ်ပြာမှုန့်တည်း။

---

တဗ္ဗာနီယာတိ၊ပေ၊စုဏ္ဏံ-ဘာဝကမ္မေသုတဗ္ဗာနီယာသုတ်၌ “တဗ္ဗာနီယာ” ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် ကတ္တားကရိုဏ်းအနက်၌လည်းတဗ္ဗ-အနီယ ပစ္စည်းသက်၊ နိပုဗ္ဗယာဓာတ်,နိနောက် ဒွေဘော်ရောက်၍ (နိယျာ+အနီယ) ရှေ့အာချေ, နောက် အကိုဒီဃပြု,နိယျာနီယ-ဟုဖြစ်၏။ ဤကို ရဿ, ယကို အပြုလျှင် “နိယျာနိကောဓမ္မော”စသည်ဖြစ်၏။

“နဟာ”ကိုအာကာရန္တဖြင့်ဓာတ်ကျမ်းတို့၌ရင်းသီမှု၌ရင်းရှိ၏၊ “နဟာယတိ”၌ နဟာဝယ်ဓာတွန်အာကိုမချေဘဲ ဒိဂါဒိယ ပစ္စည်းဖြင့် ပြီးသကဲ့သို့“နဟာ+အနီယ” ၌လည်း “ဓာတုဿန္တောသောပေါ”သုတ်၌ ကွစိသဒ္ဒါကြောင့် ဓာတွန်မချေရ၊ သရလောပေါသုတ်၌ တုသဒ္ဒါမြစ်၍ ထိုသုတ်ဖြင့်မချေဘဲ, သရာသရေ လောပံဖြင့် ရှေ့အာကိုချေ,နောက် အကို ဒီဃပြု“နဟာနီယံ”ဟုဖြစ်၏ “သိနာ-သောစေယျေ-စင်ကြယ်သည်၏ အဖြစ်၌”ဟူသောဓာတ်, “နှာ=သောစေ”ဟူသော ဓာတ်တို့ဖြင့်လည်း သိနာနီယံ, နှာနီယံ ·ရေချိုးကြောင်းဆပ်ပြာမှုန့်”ဟုဖြစ်၏။

မောဂ္ဂလ္လာန်၌“ဒါနီယော-ပေးရာဖြစ်သော၊ ဗြာဟ္မဏော-ပုဏ္ဏား”ဟု သမ္ပဒါန် အနက်၌ အနီယသက်ပုံကိုလည်းပြ၏၊ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ “အာသဝဋ္ဌာနီယာ

www.dhammaransi.com



(၅၅၁) ဘာဝကမ္မေသူတိ အဓိကာရော။

**ဈော့ဝ**။ ။ဘာဝ၊ ပေ၊ ဉာတေယျန္တုံ့ဒါဒိသု-ဉာ**တေယျံ** အစရှိသော ပြယုဂ်တို့၌၊ တေယျ ပစ္စယောစ-တေယျ ပစ္စည်းသည်လည်း (ဟောတိ)။

(၅၅၂) **ကာရိတံ ဝိယ ဏာ့နုဗန္ဓော**။ ။[အနုဗန္ဓော - အနုဗန် ဟူသည်၊ အပ္ပယောဂီ - ပါဠိတို့၌ သုံးစွဲရခြင်း မရှိသော အက္ခရာတည်း၊] ဏ ကာရ နုဗန္ဓော-ဏအနုဗန်ရှိသော၊ ပစ္စယော-ကို၊ ကာရိတံဝိယ-**ကာ**ရိတ်ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗော - ၏၊ ဣတိ-ဤသုတ်ဖြင့်၊ ကာရိတ ဗျပဒေသော-ကာရိတ်ငဲ့ခြင်းသည် (ဟောတိ)၊ ကာရိတာနံဏော လောပံတိ - သုတ်ဖြင့်၊ ဏ လောပေ - ဏအနုဗန်ကိုချေ၊ အသံ၊ ပေ၊ တေတိ-သုတ်ဖြင့်၊ ဝုဒ္ဓိ-ဝုဒ္ဓိပြု၊ ဣကာရာဂမော - ဣ**အ**က္ခရာလာ၊ ကတ္တဗ္ဗံ-ပြုထိုက်သော ကိစ္စသည်၊ ကာရိယံ - မည်၏။ ["ကတ္တဗ္ဗံ"သည် လိုရင်းမဟုတ်, ရှေ့၌ပြခဲ့ပြီ၊ ကာရိယံ၏ အနက်ကို ပြလို၍ ထည့်အပ်သောပုဒ်ဖြစ်သည်။]

ဟရ=ဟရဏေ-ဆောင်ခြင်း၌....၏၊ အဟရိယိတ္ထ-ဆောင်အပ်ပြီ၊ ပေ၊ ဟရဏီယံ - မည်၏၊ ဘရ = ဘရဏေ - ဆောင် ခြင်း ၌ ....၏၊ ဘရိတဗ္ဗံ၊ ဘရဏီယံ ဘာရိယံ - ဆောင်ရွက်ထိုက်သော ဝန်၊ ဝါ-လေးသောဝန်, လဘ=လာဘေ၊ လဘိတဗ္ဗံ လဗ္ဘံ - ရထိုက်သောပစ္စည်း၊ ဝါ - လာဘ်၊ ယဝတံ တလနက္ခစွာဒိသုတ္တေ-၌၊ ကာရဂ္ဂဟဏေန - ဖြင့်၊ ယဝတော-ယအက္ခရာရှိသော၊ ဘကာရဿ-ဘကို၊ ဘကာရော - ဘပြု၊ ဒွိတ္တံ။ [လံကို

---

ဓမ္မာ''ပုဒ်ကိုလည်း''အာသဝေါ တိဋ္ဌန္တိ တေသူဘိအာသဝဋ္ဌာနီယာ''ဟုအဓိကရဏ သာဓနဖြင့် အဋ္ဌကထာ ဖွင့်၏၊ထို့ကြောင့်''တဗ္ဗနီယာ''ယောဂဝိဘာဂ်ဖြင့် ကတ္တား ကရိုဏ်းအပြင် သမ္ပဒါန် အပါဒါန် အဓိကရဏသာဓနတို့၌လည်းတဗ္ဗအနီယသက်ဟု ဆိုသင့်၏၊အပါဒါန သာဓန၏ ပုံစံကိုကား ရှာကြပါလေ။

(၅၅၁) ဉာတေယျံ-သိအပ်သိထိုက်၏၊အာဒိဖြင့်''ဝိဒ္ဓေယျံ မံ အမည်ထ=ငါ့ကို ပစ်ဖေါက်ထိုက်၏ဟု မှတ်ထင်ဘိ၏၊ (သုဝဏ္ဏသာမဇာတ်),လဒ္ဓေယျံ လာဘတေ မစ္ဆော-သတ္တဝါသည် ရထိုက်သည်ကိုရ၏၊ (ဘူရိဒတ်) ''စသည်ကိုယူ၊တေယျမှတကို ဝိဒ္ဓေါ-လဒ္ဓေါကဲ့သို့ စီရင်။

(၅၅၂) အနုဗန္ဓော အပ္ပယောဂီ-ဏော ဏယ စသည်၌ဏစသည်ကိုအနုဗန် ခေါ်ကြောင်းအနုဗန်ကိုထည့်ထားသဖြင့်အကျိုးရှိကြောင်းကို အခြေပြု၍ပြခဲ့ပြီ၊ ထိုအနု ဗန်အက္ခရာကို ချေပစ်ရ၍ ပါဠိတို့၌ သုံးစွဲခြင်းမရှိသောကြောင့် ''နတဿသုံ့တ္တန္တေသု (ပါဠိတို့၌) ပဋယာဂေါ (သုံးစွဲရခြင်းသည်) အတ္ထိတိအပ္ပယောဂီ''ဟုဋီကာဖွင့်သည်။

www.dhammaransi.com



ရုပ်တွက်ပြသည်၊ "လဘိတဗ္ဗံ" ၌ 'လဗ္ဘိတဗ္ဗံ'ဟု ပါဠိပျက်လေသည်။] သာသ (ယိဥ္ "သာသု") = အနုသိဋ္ဌိမို-ဆုံးမခြင်း၌၊ သာသိတဗ္ဗော-ဆုံးမထိုက်၏၊ ဋ္ဌတိ သိဿော (တပည့်) မည်၏၊ ကွစိဓာတု တျာဒိနော-ဖြင့်၊ အာကာရဿ - သာ၌ အာကို၊ ဣကာရော ဣပြု။ [သိဒ္ဓိ၌ "သာသာကာရဿ ဣကာရော-သာသ၏ အာကို ဣပြု" ဟုရှိ၏။]

(၅၅၃) ဝစ=ဝိယတ္တိယံ ဝါစာယံ၊ ထျပစ္စယာဒိမှိ - ထျပစ္စည်း အစရှိသည်ကို၊ [အာဒိဖြင့် ကာရိတ်ဖှည့်၊ ဏ်-အနုဗန် ချေ, ဝုဒ္ဓိပြု, ဝ့ကို ယူ၊] ကတေ-သော်၊ ...အန္တာနံတိ ဏာနုဗန္ဓောတိစ ဝတ္တတေ။

က ဂါ စ ဇာ နံ။ ။ပရေ ဏကာရာ နုဗန္ဓေ ပစ္စယေ, စ ဇ္ဇကတိ-စ,ဇ ဟူကုန်သော၊ ဓာတွန္တာနံ - ဓာတ်အဆုံး အက္ခရာတို့၏၊ က ကာ ရ ဂကာရာဒေသော ဟောန္တိ၊ ဋ္ဌတိ-ဤသုတ်ဖြင့်၊ စဿ - စ၏၊ ကာဒေသော-က ပြု၊ ဝစနိယံ ဝါကျံ - ဆိုအပ်သောစကား၊ ဘဇ = သေဝါယံ - မှီဝဲဆည်းကပ်ခြင်း၌....၏၊ ဘဇနိယံဘာဂျံ မှီဝဲအပ်သော ဘုန်း၊ ဇဿ ဇ၏၊ ဂါဒေသော - ဂ,ပြု။

စိ = စယေ၊ အစိယိတ္တ - စီအပ်ပြီ၊ ပေ၊ စေယျံ စေတဗ္ဗံ စီအပ်သော ဝတ္ထု၊ ဣကာရဿ-ဣ၏၊ ဧကာရော-ဧဟူသော၊ ဝုဒ္ဓိ-ပြု၊ ယကာရဿ-ယ၏၊ ဒွိတ္တံ-လာ [စိ၌ ဣကို ဏျကြောင့် အသံယောဂန္တဿဝုဒ္ဓိကာရိတေ ဖြင့်, တဗ္ဗကြောင့် အညေသုစဖြင့် ဧ ဝုဒ္ဓိပြု၊] ပိ နိ ပုဗ္ဗော - ပိ နိရှေ့ရှိမူ၊ ဒေါဿ စာတိ သုတ္တေ-၌၊ စဂ္ဂဟဏေန၊ စကာရဿ - စ၏၊ ဆကာရော-ဆပြု၊ ဝိနိစ္ဆေယျံ ဝိနိစ္ဆိနိတဗ္ဗံ - ဆုံးဖြတ်ထိုက်၏၊ ကိယာဒိတော နာထိ-ဟူသော၊ ဝိနာဓိကာရ ဧယာဂဝိဘာဂေန -ဖြင့်၊ တဗ္ဗာနီယတုံတုနာဒိသုစ-တဗ္ဗ, အနီယ,တုံ,တုန အစရှိသော ပစ္စည်းတို့ကြောင့်လည်း၊ နာပစ္စယော-နာ ပစ္စည်းသက်၊ ဝိနိစ္ဆေတဗ္ဗံ ဝိနိစ္ဆနီယံ - ဆုံးဖြတ်ထိုက်၏၊ [ဤ ၂ ရုပ်၌ကား နာပစ္စည်းမသက်ရ။] နီ=ပါပဏေ၊ အနိယိတ္တ-ဆောင်အပ်ပြီ၊ ပေ၊ ဋ္ဌတိ, နေယျံ၊ ပေ၊ နေတဗ္ဗံ-ပည်၏။

---

သိဿ။ ။"သာသ+ဏျ"၌ ဏ် အနုဗန် ချေ၍"သာသျ"သုတ်ကြီးဖြင့်အာကို ဣပြု၍"သိသျ"ယဝတံ၌ကာရဖြင့် သျကို သပ္ပို့ဒွေဘော်လာ၍"သိဿ"ဟုဖြစ်သည်။
[ဆောင်] သာသ+ဏျ,ရှိကာလငယ် သာသျဖြစ်စေ, နုဗန်ချေလော၊ တဖေ့ သာရှိ,အာကိုဣကား,ကွစိဓာတု,သုတ်ဖြင့်ပြုလျက်, ဆက်၍ကဘန်, ယဝတံနှင့်,ဒွေဘော်ဆင့်,ပြီးလင့် သိဿောရုပ်။

www.dhammaransi.com



(၅၅၄) ဣတ္ထိဂ္ဂဟဏံ - သည်၊ ဆဋ္ဌီယန္တဝသေန ဆဋ္ဌီ ဝိဘတ် အဆုံးရှိသည်၏ အဖြစ်ဖြင့်၊ အနုဝတ္တပေ၊ မဏ္ဍူကဂတိယာ-ဖြင့်၊ အန္တဂ္ဂဟဏာနု-အန္တ သဒ္ဒါသည်လည်း၊ တတိယန္တဝသေန-ဖြင့်၊ (အနုဝတ္တတေ)။

**ဘူတော-ဗ္ဗ။** ။ဘူ ဣတိ - ဟူသော၊ တေသ္မာ-ဤ ဓာတ်မှ၊ ပရသ္မာ ဏျပစ္စယသ္မာ-၏၊ ဓာတ္ဝန္တေန-ဓာတ္ဝန်နှင့်၊ သဟ - တကွ၊ အဗ္ဗာဒေသော အဗ္ဗ အပြုသည်၊ ဟောတိ၊ ဘဝိတဗ္ဗော ဘဗ္ဗော ဘဗ္ဗာ ဘဗ္ဗံ-ဖြစ်ထိုက်၏။

(၅၅၅) ဏျသာတိ အန္တေနာဝတိစ ဝတ္တတေ။

**ဝဒ မဒ၊ ဝေ၊ ဂါရော ဝါ။** ။ဝဒ၊ ဝေ၊ ဣစ္စေဝ မာဒီဟိ-ဝဒ, မဒ, ဂမု, ယုဇ, ဂရဟ အစရှိကုန်သော၊ ဓာတူဟိ-တို့မှရင်း၊ အာကာရန္တေဟိစ-အာကာရန္တ ဓာတ်တို့မှရင်၊ ပရသ္မာ ဏျပစ္စယသ္မာ ဓာတ္ဝန္တေန သဟ ယထာက္ကမံ, ဇ္ဇ မ္မ ဂ္ဂ ယှ ယျေဣတိ - ဇ္ဇ,မ္မ,ဂ္ဂ, ယှ, ယျ ဟူကုန်သော၊ အော ဒေသာ-တို့သည်၊ ဝါ-စွာ၊ ဟောန္တိ၊ ဂရဿစ-ဂရ သဒ္ဒါ ၏လည်း၊ ဂါရာဒေသော-ဂါရုပြု၊ ဂရဟဿ - ဂရဟ ဓာတ်၏၊ ဂရဿ - ဂရ၏ သာလျှင်၊ အယံဂါရော-ဤဂါရ အပြုသည် (ဟောတိ)၊ အယံ ဝါသဒ္ဒေါ ဝဝတ္ထိတ ဝိဘာသတ္ထော။ [ဘောဇ္ဇံ၌ ဏျ ပစ္စည်းရှိလျက် ဤသုတ်ဖြင့် မစီရင်ရ၍ အသန္တဝိဓိ, ဝဇ္ဇံ မဇ္ဇံ စသည်၌ နိစ္စဝိဓိ ဟု သတ်မှတ်ကြောင်း ဋီကာ ဖွင့်၏။]

---

(၅၅၄) ဘဗ္ဗော ဘဗ္ဗာ ဘဗ္ဗံဟုပုရိသကညာ့ စိတ္တာဒိဂိုဏ်းရုပ်ကို ပြထားသော ကြောင့် ဏျပစ္စည်းကို"ကမ္မေတိလိင်ါ"နှင့်အညီကံဟောဟုဆိုလိုဟန်တူ၏၊သို့သော် ပါဠိတော်များ၌ကား "သဒ္ဒေါ ဘိက္ခဝေ ဘိက္ခု၊ပေ၊ ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေဝုဍ္ဎိ, ဝိရုဠ္ဟိံ ဝေပုလ္လံအာပဇ္ဇိတုံ"....ပဋ္ဌာန အင်္ဂုတ္တိုရ်၊"သေယျထာပိ နာမ သီသစ္ဆိန္နော တာလော အဘဗ္ဗော ပုန ဝိရုဠ္ဟိယာ" ရဟန်းသစ် ဩဝါဒဏ်း စသည်၌ ကတ္တား အဖြစ်သာလာ၏၊ဘာကြောင့်နည်း .."သဒ္ဓေါဘိက္ခု တာလော" ဟု ကတ္တားပုဒ်ကို ပြထားသောကြောင့်တည်း၊ထို့ကြောင့် ဘဗ္ဗောစသည်၌ ဏျပစ္စည်းကတ္တားဟောဟု ကြံသင့်၏၊ ဘဗ္ဗော-ဖြစ်ထိုက်၏" စသည်ဖြင့် ပေး၊ မောဂ္ဂလ္လာန် ပဉ္စိကာ၌လည်း "ဘဝတီတိ ဘဗ္ဗော,ကတ္တရိယော"ဟု ကတ္တားအနက်၌ ယပစ္စည်းသက်၍ ဘဗ္ဗော ရုပ်ကို စီရင်သည်။

(၅၅၅ ယထာက္ကမံ-"ဝဒ,မဒ" ဟူသော ဒကာရန္တဓာတ်နောင်ဓာတွန်နှင့် တကွ ဏျ ကိုဇ္ဇပြု၊ဂမနောင်မ္မ,ယုဇနောင်ဂ္ဂ ဂရဟနောင်ယှ,အာကာရန္တဓာတ်နောင် ဓာတွန်ဏျာနှင့်တကွ ဏျ ကိုယျ,ဟု အစဉ်အကိုင်းပြု၊ ဝါသဒ္ဒါ၏သတ်မှတ်ချက် ကြောင့် ဂရဟဓာတ်၏ ဂရကိုသာ ဂါရပြု။

www.dhammaransi.com



ဝဒ=ဝိယတ္တိယံ ဝါစာယံ၊ အဝဇ္ဇိတ္ထ-ပြောဆိုအပ်ပြီ၊ ပေ၊ ဝဇ္ဇံ ဝဒနီယံ-မည်၏၊ ရသတ္တံ-သည် (ဟောတိ)၊ ဝဇ္ဇံ-ဝဇ္ဇံ ဟူသည်၊ ဒေါသော-အပြစ်တည်း၊ မဒ=ဥမ္မာဒေ-ယစ်မူး ရူးသွပ်ခြင်း၌....၏၊ တေန-ဤ သေရည်ဖြင့်၊ အမဇ္ဇိတ္ထ-ယစ်မူးပြီ၊ ပေ၊ ဣတိ မဇ္ဇံ မဒနီယံ-မည်၏။ [သီမူ၌ "မဒဂ္ဂဟဏေန-မဒဓာတ်ကို ယူခြင်းကြောင့်၊ ကရဏေပိ-ကရိုဏ်း-အနက်၌လည်း၊ ဏျပစ္စယော-ဏျပစ္စည်းသက်"ဟု ရှိသေး၏။]

---

အဝဇ္ဇိတ္ထ၊ ပေ၊ ရသတ္တံ-ဝဒ+"ဏျ"ကာရိတ်မှည့်,ဏ် အနုဗန်ချေ, ကာရိတ်ပစ္စည်းကြောင့် ဝ၏ အကို အာဝုဒ္ဓိပြု (ဝါဒ်+ယ) ဤသုတ်ဖြင့် ဓာတွန်ဒ်နှင့်တကွ ဏျကို ဇ္ဇပြု, [ဤ၌ ဏာအနုဗန်ချေ၍ ကျန်သောယကိုဘူတပုဗ္ဗဂတိကနည်းဖြင့် ဏျဟုခေါ်သည်၊] ကွစိဓာတုသုတ်ကြီးဖြင့် ဝါ၌ ရဿပြု၊ ["ရဿတ္တန္တိ=ဏျပစ္စယပရတ္တာ ဓာတုဿရဿ ဝုဒ္ဓိမှိ ကတေဒဇ္ဇာတိအာဒေသေ ကတေ၊ ပေ၊ ရဿတ္တံ....ဋီကာ]

ဝဇ္ဇံဒေါသော-ဝဇ္ဇံအရ "ကဲ့ရဲ့ပြောဆိုထိုက်သောအပြစ်ကိုယူ"ဟု သိစေလို၍ "ဒေါသော"ဟုအဘိဓေယျကိုထည့်ပြသည်၊ချဲ့အံ့-"ဝဇ္ဇံဒေါသေစဘောရိယံ"ဟူသော အဘိဓာန်နှင့်အညီ ဝဇ္ဇံသဒ္ဒါသည် "အပြစ်ဒေါသ"ဟူသောအနက်,"တီးအပ်သော စည်"ဟူသောအနက်ကိုဟော၏၊ထိုတွင် စည်ကိုဟောရာ၌ "ဝါဒိယတေ-မြည်စေအပ်၏"ဟု ကာရိတ်ပစ္စည်းနှင့်တကွဟောတုကမ္မသာဓနကြောင့်ဝဇ္ဇံမည်၏၊ဝဒဓာတ် ကာရိတ် ဏေပစ္စည်း ဏျပစ္စည်းဖြင့်ပြီး၏၊ကာရိတ် ဏေပစ္စည်း၌ ကအနုဗန် ချေ၍ ဏေကိုလည်း သုတ်ကြီးဖြင့် ချေရဦးမည်၊ဤဝဇ္ဇံ ဝဒနီယံ၌ဝဇ္ဇံသဒ္ဒါကား သုဒ္ဓ ကမ္မသာဓန ဖြစ်၍"ကဲ့ရဲ့ပြောဆိုထိုက်သောအပြစ်ကို ဝဇ္ဇံ ခေါ်သည်"ဟု ပြလို၍ "ဝဇ္ဇံ= ဒေါသော"ဟု မိန့်သည်။[သီမူ၌ကား"အဝဇ္ဇံ=ဒေါသော"ဟုရှိ၏၊ ထို၌ အသဒ္ဒါသည် အနက်သီးခြားမရှိ,ဝဇ္ဇံအနက်၌ဖြစ်သော"တဗ္ဘာဝဝုတ္တိ"သဒ္ဒါတည်း၊ဥပမာ"လာဗု=အလာဗု"ဟူရာ၌ အသဒ္ဒါကဲ့သို့တည်း၊"အဝဇ္ဇသဒ္ဒေါ ဒေါသတ္တော ဂါရယှပရိယာယတ္တာ အသဒ္ဒဿစ တဗ္ဘာဝဝုတ္တိတောတိ အာဟ သာဝဇ္ဇာတိ သဒေါသာတိ"-သီလက္ခန်ဋီကာသစ်, မဟာသီဟနာဒသုတ်။]

မဒဂ္ဂဟဏေန၊ ပေ၊ဏျပစ္စယော- [ဤပါဌ်ကို ဋီကာလည်းဖွင့်သည်၊] ဝဒဓာတ်ဖြင့်ဒကာရန္တဓာတ်ဟူသမျှကိုယူနိုင်ပါလျက်"ဝဒ မဒ"ဟု မဒဓာတ်ကိုအဘယ့်ကြောင့်သီးခြားဆိုရပါသနည်း-ဟုမေးဘွယ်ရှိ၍"မဒဂ္ဂဟဏေန"စသည်ကို မိန့်သည်၊ ဆိုလိုရင်းကား-မဒဓာတ်ဖြင့်ပြီးသော မဇ္ဇံသဒ္ဒါသည် စိတ်စေတနာမရှိသေးသေရည်အရက်ကိုဟော၏၊ထိုသေရည်၌ ယစ်မူးတတ်သော ကတ္တုသတ္တိ- ယစ်မူးအပ်သော ကမ္မသတ္တိမရှိ၊ယစ်မူးကြောင်း ကရဏသတ္တိသာရှိ၏၊သို့ဖြစ်၍မဒဓာတ်ကိုဝဒဓာတ်ဖြင့် ယူရသော ဒကာရန္တဓာတ်၌သွင်းလျှင် ကံဟောဟုထင်ဘွယ်ရှိသောကြောင့် မသွင်းဘဲ သီးခြားယူခြင်းကြောင့် မဇ္ဇံ၌ ဏျပစ္စည်းသည် ကရဏသာဓန၌ သက်ဟုသိစေရကျိုးရှိသည်၊ [ဤမဇ္ဇံနှင့်တကွ နောက်နောက်ရုပ်များ၌လည်း ပုဒ်ပြု၍ ရသပြုရဦးမည်။]

www.dhammaransi.com



ဂမု, သပ္ပ=ဂတိမှိ၊ ဂန္တဗ္ဗံ-ရောက်ထိုက်သော အရပ်သည်၊ ဂမ္မံ-မည်၏။ ယုဇ=ယောဂေ=ယှဉ်ခြင်း၌....၏၊ အသုဇ္ဇိတ္တ-ယှဉ်အပ်ပြီ၊ ပေ၊ ယောဂ္ဂံ-(ယာဉ်)မည်၏၊နိယောဇ္ဇောဝါ-လည်းရှိ၏၊ ဂရဟ=နိန္ဒာယံ-ကဲ့ရဲ့ခြင်း၌....၏၊ အဂရဟိတ္တ-ကဲ့ရဲ့အပ်ပြီ၊ ပေ၊ ဤသိအတ္ထေ-၌၊ ဏျပစ္စယော - သက်၊ တသ်-ထို ဏျပစ္စည်း၏၊ ဣမိနာ-ဤသုတ်ဖြင့်၊ ဓာတွန္တေနသဟ,ယှာဒေသော-ယှပြု၊ ဂရဿ-ဂရသဒ္ဒါ၏၊ ဂါရာဒေသောစ-ဂါရလည်းပြု၊ ဂါရယှော, ယှံ, ဂရဟ ဏီယံ-ကဲ့ရဲ့ထိုက်၏။

အာဒိသဒ္ဒေန-ဖြင့်၊ အညေပိ-(ဝဒ-မဒ-ဂမ-ယုဇ-ဂရဟ တို့မှ) အခြားလည်း ဖြစ်ကုန်သော ဒ မ ဇ ဟန္တာ-ဒ,မ,ဇ,ဟ အဆုံး ရှိသော ဓာတ်တို့ကို၊ ဂယှန္တေ-ယူအပ်ကုန်၏၊ ဂဒ ဝိယတ္တိယံဝါစာယံ၊ ဂဇ္ဇတေ-ဆိုအပ်၏၊ ဝါ, ဂဒနီယံ-ဆိုထိုက်၏၊ (ဣတိ-ကြောင့်၊) ဂဇ္ဇံ-မည်၏၊ (စုဏ္ဏိယ ဝါကျတည်း)၊ ပဒ=ဂတိမှိ၊ ပဇ္ဇနီယံ-လှည့်ပြောင်း ရွတ်ဆိုအပ်သော ဝါကျအထူးသည်၊ပဇ္ဇံ-ပဇ္ဇမည်၏၊ ဂါထာ-ဂါထာတည်း၊ ခါဒ=ဘက္ခဏေ-စားခြင်း၌ ...၏၊ ခဇ္ဇတေ-ခဲစားအပ်၏၊ ဣတိ, ခဇ္ဇံ-မည်၏၊ ခါဒနီယံ-ခဲဘွယ်တည်း။

ဒမု=ဒမနေ - ဆုံးမခြင်း၌....၏၊ အဒမ္မိတ္ထ--ဆုံးမအပ်ပြီ၊ ဒမ္မတေ - ဆဲ၊ ဒမ္မိဿတိ-လတံ့၊ ဣတိဒမ္မော - မည်၏၊ ဒမနီယော - ဆုံးမထိုက်သူ၊ ဘုဇ=

---

**နိယောဇ္ဇောဝါ**-နိ ပုဗ္ဗယုဇ,ဏျဤသုတ်ဖြင့်ဇ္ဇပြုလိုဟန်ဟူသော်လည်း ဇကာရန္တဓာတ်နောင် ဂ္ဂပြုသောကြောင့် ဤသုတ်ဖြင့် မစီရင်နိုင်,ဏ် အနုဗန်ချေပြီးနောက်,ဝုဒ္ဓိပြု ယဝတံသုတ်၌ကာရသဒ္ဒါဖြင့် ယပင့်ရှိသော ဇကို ဇပြု,ဒွေဘော်လာ၍ ပြီးသင့်သည်။ [နောက်၌ ဘောဇ္ဇရုပ်တွက်ပုံကိုနည်းမှီး။] ဂမ္မံဂါရယှောစသည်တို့လွယ်ပြီ။

**အာဒိ၊ ပေ၊ ဣစ္စာဒိ**-တို့ကား "ဂရဟာကာရာဒီဟိ"၌ အာဒိဖြင့် ယူရသော ပုံစံတို့တည်း၊ဂဇ္ဇံကို ထောမနိဓိ၌"ဂဒျ"ဟု ယပစ္စည်းဖြင့်ပြ၏၊"ဂါထာ မဟုတ်သော ရွတ်ဆိုထိုက်သော ပုဒ်အပေါင်းကိုဖွင့်၏၊ထိုပုဒ်အပေါင်းကိုပင် ယခုကာလ၌ စုဏ္ဏိယဝါကျဟုခေါ်သည်၊ သို့သော် ဂဇ္ဇံဂါကျကားစုဏ္ဏိယအပြင် အမျိုးမျိုးရှိသေး၏၊ပဇ္ဇကို "ပဒျ"ဟုယ ပစ္စည်းဖြင့်ပင်ပြ၏၊"ကဝိကတေ-ကဗျာဆရာတို့ ပြုအပ်သော စတုစရဏ တွကေ-အခြေ ၄ ချောင်းသဖွယ်၊အထည်ကိုယ် ၄ ပါဒရှိသော၊ ဝါကျဘေဒေ-ဝါကျ အထူး၌ဖြစ်၏" ဟုဖွင့်၏၊၄ ပါဒရှိသောကြောင့် တပါဒနှင့်တပါဒလှည့်လည်ပြောင်း ရွေ့တတ်ရကား ကတ္တားဟော ဏျ ပစ္စည်းဖြင့် "ပဇ္ဇ"ပြီးစေရလျှင် "ပဒ=ဂတိမှိ" ဟူသော ဓာတ်နက်နှင့်သာ၍ သင့်ဘွယ်ရှိ၏၊ ဤ၌ကား ရူပသိဒ္ဓိအလို ကံဟော ဏျ ပစ္စည်း ဟုကြံ၍"လှည့်လည်ရွေ့ပြောင်း၍ရွတ်ဆိုအပ်သောဂါထာ"ဟုကြံရ်တော့သည်။

www.dhammaransi.com



ပါလန ဗျဝဟာမုဏောသု၊ အဘုဇ္ဇိတ္တ -စားအပ်ပြီ၊ ပေ၊ ဘောဂ္ဂံ-မည်၏၊ ဘောဇ္ဇံဝါ-လည်းရှိ၏၊ ကာရဂ္ဂဟဏေန-ယာဝတံ၌ ကာရသဒ္ဒါဖြင့်၊ ဗျဿယပင့်ရှိသော ဇ၏၊ ဇကာရော-ဇပြု၊ ဂဟေတဗ္ဗံ-ယူထိုက်သော ဝတ္ထုသည်၊ ဂယှံ-မည်၏၊ ဣစ္စာ-ဒိတည်း။

အာကာရန္တတော ပန-အာကာရန္တဓာတ်မှ နောက်၌(ဥဒါဟရဏ်ကား)၊ [သုတ်၌ ဂရုဟဓာတ် တိုင်အောင် ပုံစံပြပြီး၍ အာကာရန္တပုံစံပြလိုသောကြောင့် ''အာကာရန္တတောပန''စသည်မိန့်။] ဒါ--ဒါနေ၊ အဒိယိတ္တ-ပေးအပ်ပြီ၊ ပေ၊ ဣတိ အတ္တေ, ဏျပစ္စယော၊ တဿ -ထို ဏျပစ္စည်းကို၊ ဣမိနာ-ဤသုတ်ဖြင့်၊ ဓာတွန္တေနေ-ဓာတ္ထန်ဖြစ်သော၊အာကာရေန-အာနှင့်၊ သဟ,ယျောဒေသော ယျေ၊အပြုသည်(ဟောတိ)၊ဒေယျံ,ဒါတဗ္ဗံ-ပေးထိုက်သော ဝတ္ထု။[ဒေယျံသာ လိုရင်းဖြစ်သော်လည်း ဒါတဗ္ဗံနှင့် ဒေယျံသည် ပရိယာယ်တည်းဟု သိစေလို၍ ''ဒါတဗ္ဗံ''ထည့်သည်၊ နေရာတိုင်း ဤနည်းချည်း၊] အနီယေ-အနီယပစ္စည်း၌-သရလောပေါ တျာဒိနာ-ဖြင့်၊ ပုဗ္ဗသရဿ--၏၊ လောပေ-ကြေခြင်းသည်၊ သမ္ပတ္တေ-သော်၊ တတ္တေဝ-ထိုသရလောပေါ စသော သုတ်၌ပင်၊ တုဂ္ဂဟဏေန•ဖြင့်၊ နိသေဓေတွာ-တားမြစ်၍၊ သရာသရေလောပန္တိ - သုတ်ဖြင့်၊အာကာရေ-အာ အက္ခရာကို၊ (ဒါ၌အာကို)၊ လုတ္တေ-ချေအပ်ပြီးသော်၊ ပရသရေဿ-နောက်သရ၏၊ (အနီယ၌ အ၏)၊ ဒီဃော-သည်(ဟောတိ)၊ဒါနီယံ - ပေး ထိုက်သော ဝတ္ထု။

---

ဘောဇ္ဇံရုပ်စီရင်ရာ၌မြန်မာမှုဝယ် ''ပုဇ္ဇျု၊ဒ္ဓ၊ ဘိဿ ဿ ဘ.ကာခရာ''ဟုရှိ၏၊ စဝဂ်ဆိုင်ရာဖြစ်၍ထဿစဝဂ္ဂသုတ်ဖြင့်သာ စီရင်ဘွယ်ရှိ၏၊သို့သော် ယပစ္စည်းသက်သက်မဟုတ်,ဏျပစ္စည်းဖြစ်၍ထိုသုတ်၏အရာလည်းမဟုတ်နိုင်ပုဗ္ဗရူ၊ဥနှင့်ကားသာ၍မဆိုင်၊ သီမူ၌''ကာရဂ္ဂဟဏေန ယဿ ဇကာရော''ဟု ရှိ၏၊ထိုအတိုင်းပင် တော်သေး၏။ သို့သော် ယချည်း ဇပြုသည်မဟုတ်''ဘုဇ်ယ''ဟု ဖြစ်သောအခါ ရှေး၌စွာ ဝုဒ္ဓိပြု၍ ယဝတံ၌ ကာရသဒ္ဒါဖြင့်''ဇ်ယ''ကိုဇပြု၍ဒွေဘော်သာရသည်၊ ထို့ကြောင့်''ကာရဂ္ဂဟဏေနဇျဿ''ဟုသော်ရင်း,''ယဝတော ဇဿ''ဟုသော်ရင်းရှိသင့်၏၊ နောက်၌ ဤစာသွားမျိုးကိုတွေ့ရဦးလတံ့။[ခဇ္ဇံ တိုင်အောင် ဝဒအရဒကာရန္တစုတည်း၊ ဒမ္မ ဘောဂ္ဂ ဂယှတို့ကား အစဉ်အတိုင်းဂမ-ယုဇ-ဂဟနှင့်တူသောအာဒိအရယူရသော ဓာတ်တို့တည်း၊ရုပ်ပြီးပုံထင်ရှားပြီ၊ခါခနီယံစသည်တို့ကား ဤသုတ်နှင့်မဆိုင်, အဘိ ဓမ္မယျတို့သာတည်း။

www.dhammaransi.com



ပါ=ပါနေ၊ အပီယိတ္ထ သောက်အပ်ပြီ၊ ပေ၊ ဣတိ-ကြောင့်၊ ပေယျံ, ပါတဗ္ဗံ, ပါနီယံ-မည်၏၊ (သောက်ထိုက်သော သောက်ဘွယ်)၊ဟာ=စာဂေ၊ အဟီယိတ္ထ-စွန့်အပ်ပြီ၊ဣတိ,ဟေယျံ,ဟာတဗ္ဗံ,ဟာနီယံ-(စွန့်ထိုက်သောဝတ္ထု) မည်၏၊ မာ=မာနေ-နှိုင်းယှဉ်ခြင်း၌....၏၊ အမီယိတ္ထ-နှိုင်းယှဉ်အပ်ပြီ၊ ပေ၊ ဣတိ မေယျံ မာတဗ္ဗံ မိနိတဗ္ဗံ-(နှိုင်းယှဉ်အပ်သော ဝတ္ထု)မည်၏၊မေတဗ္ဗ ဝါ-လည်း ရှိ၏။ [သိဒ္ဓိ၌ "မိနိတဗ္ဗံ မေတဗ္ဗံဝါ" ဟု ရှိသည်၊ ထိုအတိုင်းသာ "မိနိ တဗ္ဗ တိတ္ထေ ကွစိခါဟွာဒိနာခါတွန္တသ္သ ဣကာရော, ကိယာဒိတော နာတိ (ကတ္တရိအလိုက် ကြဉ်သော ယောဂဝိဘာဂဖြင့်)နာပစ္စယော၊ မေတဗ္ဗံတိ ဧတ္ထ ဣကာရာဂမေ သရာသရေလောပန္တိ ပုဗ္ဗလောပေ (မာ၌အာချေခြင်း) ကို၊ ကတေ, ကွစာသဝဏ္ဏံ လုတ္တေတိ ဣကာရဿေကာရော" ဟူသော ဋီကာနှင့် ညီသည်။]

ဉာ=အဝဗောဓနေ၊ အဉာယိတ္ထ-သိအပ်ပြီ၊ ပေ၊ ဣတိဉေယျံ ဉာတဗ္ဗံ ဉာတေယျံ- (သိထိုက်သော ဝတ္ထု) မည်၏။ [သိဒ္ဓိ၌ "ဉာတေ" ပါသည်၊ တေယျပစ္စည်းသက်၊ ဉာဿ ဇာဇံနာတိ-သုတ်ဖြင့်၊ ဇာဒေသော-ဇာပြုပြီးသော်၊ ကိယာဒိတော နာတိ-ဟူသော၊ဝိနာဓိကာရေန-ကတ္တရိ အလိုက်ကိုကြဉ်သော၊ ယောဂဝိဘာဂေန-ဖြင့်၊ နာပစ္စယော-နာပစ္စည်းသက်၊ ဣကာရာဂမောစ-ဣလည်း လာ၊ ဇာန်တဗ္ဗံ, ဝိဇာနနီယံ- (သိထိုက်သော ဝတ္ထု) မည်၏ ။ [နာပစ္စည်း မသက်လျှင် "ဇာဒေသော နာမှိ" ဟုဆိုသောကြောင့် ဇာမပြုနိုင်၊ ထို့ကြောင့် ရူပသိဒ္ဓိအလို "ဝိဇာနနီယံ" ဟုသာ ရှိသင့်၏၊ သို့သော် စာတို့၌ နာပစ္စည်း မပါပဲ "ဝိဇာနီယံ"ဟုချည်းရှိသည်၊ ထိုသို့ရှိရာ၌ နာပစ္စည်းကိုချေ၊] ချာ=ပဟာထနေ—ပြောဆိုခြင်း၌....၏၊ သင်္ချာတဗ္ဗံ သင်္ချေယျံ-ရေတွက်ထိုက်သော ဝတ္ထု၊ ဣစ္စာဒိ။

(၅၅၆) **ကရမှာ ရိစ္စ။** ။ပေ၊ ကရခါတုတော ရိစ္စပစ္စယော ဟောတိ။

(၅၅၇) **ရမှိရန္တော ရာဒိနော။** ။ပရေ-သော၊ ရကာရာ နုဗန္ဓေ-ရအနုဗန်ရှိသော၊ ပစ္စယေ-ကြောင့်၊ ရာဒိ-ရအနုဗန် အပိုင်း အခြား ရှိသော၊

---

(၅၅၇) ရကာရာနုဗန္ဓေ-သုတ်၌ "ရမှိ" ကို "ရကာရာနုဗန္ဓေ ပစ္စယေ ပရေ" ဟုဖွင့်၏၊ထိုအဖွင့်အရ "ရော+အဿ အတ္ထီတိရော,တသ္မိံ ရမှိ" ဟု ပြု၊ "အဿ-ထို ပစ္စည်း၏၊ ရော-ရ် အနုဗန်သည်၊အတ္ထိ-ရှိ၏" ဟု ပေး၊ရော၌ အဿတ္ထိ အနက်ဝယ် ဏပစ္စည်းသက်။

www.dhammaransi.com



ပစ္စယ ရကာရ မရိယာဒေါ-ပစ္စည်းဖြစ်သော ရအက္ခရာ အပိုင်းအခြားရှိသော၊ သဗ္ဗော-သော၊ ဓာတွန္တော-ဓာတ်၏ အဆုံးသည်၊ နော-ကြေသည်၊ ဟောတိ၊ လောပံ-သို့၊ အာပဇ္ဇတေ-၏၊ ဣတိအတ္ထော—နက်၊ [ရန္တောတိ တ္တေ-ရန္တော ဟူသော ဤပါဌ်၌၊ ရကာရော-သည်၊ သန္ဓိဇော—သန္ဓိ၌ဖြစ်၏၊ဋီကာမှာလည်း ဤဝါကျပါနေသောကြောင့် ရှေးပါဌ် ဟုတ်ချင်မှဟုတ်မည်၊ ]ကတ္တာဗ္ဗံ-ပြုထိုက်သောအမှုသည်၊ ကိစ္စံ မည်၏၊ ရိစ္စာတိ ယောဂဝိဘာဂေန—ဖြင့်၊ ဘရာဒိ တောပိ-ဘ ၊ အစရှိသော ဓာတ်မှ နောက်၌လည်း၊ ရိစ္စပစ္စယော—ရိစ္စ ပစ္စည်း သက်၊ ယထာ-ကား၊ ဘရိယတိ-မွေးမြူအပ်၏၊ ဣတိ ဘစ္စော၊ သရလောပေါ-နောက်ဣသရချေ၊ [“ပရလောပေါ” ရှိလျှင် သာ၍ ကောင်းမည်၊ ] ဣ-ဣဓာတ် သည်၊ ဂတိမှိ၊ ပတိတေဗ္ဗော—ရှေးရှုရောက်ထိုက်၏၊ ဣတိ, ပဋိစ္စော-မည်၏။

---

ရာဒိပစ္စယရကာရမရိယာဒေါ-ရာဒိ၌“ရ” အရ ပစ္စည်း၌ပါသော ရ်အနုဗန်ကို ယူ၍“အာဒိ”၏အနက်ကိုလည်း မရိယာဒ (အပိုင်းအခြား) အနက်ကိုယူပါ-ဟု သိစေလိုသောကြောင့် “ရာဒိ”ကို“ပစ္စယရကာရ+မရိယာဒေါ”ဟုဖွင့်သည်။

နော ဟောတိ လောပ မာပဇ္ဇတေ-“နော”အရ ကြေပျောက်ခြင်း အနက်ကို ယူစေလို၍“လောပံ”ဟုဖွင့်သည်၊ကရ်+ရိစ္စ”ဟု ရှိရာ၌ အနုဗန်ရှိသော ရိစ္စပစ္စည်း ကြောင့် ရ် အနုဗန်ဖြင့် ပိုင်းခြားလျက်ရှိသော ဓာတွန်ရ်ကိုချေပါ၊ “ရ်အနုဗန်နှင့်တကွ ဓာတွန်ရ်ကိုပါချေပါ”ဟူလို၊ ဤသို့ချေ၍ “က+ဣစ္စ” ဟု ဖြစ်သည့်အခါ ဣင်း,ချေ ကပ်၍“ကိစ္စ”ဟုဖြစ်သည်၊ [တချို့ကား မာတွန်ချေရာ၌ ကာ၏ အ သရပါချေ၏၊ ထိုသို့ချေလျှင် ဘစ္စ၌ ကပ်ဘွယ်သရ မရှိဘဲ ဖြစ်လတံ့။]

ရိစ္စာတိ၊ ပေ၊ သရလောပေါ—“ဟာရမှာ ရိစ္စ”၌ ရိစ္စဟူသော ဋ္ဌိမာ ကရဏ္ဍ ယောဂဝိဘာဂဖြင့် ကရမဟုတ်သော သရ စသောဓာတ်နောင်လည်းရိစ္စပစ္စည်းသက်၊ ရ်အနုဗန်နှင့်တကွ မာတွန်ချေ၍“ဘ+ဣ ဘစ္စ”နောက်သရချေ၍ “ဘစ္စ”ဟု ဖြစ်၏။ နောက်သရချေရာ၌“သရလောပေါတိ ကွစိမာဟ္ဂာဒိနာ”ဟု ဋီကာဖွင့်၏၊ သန္ဓိ စပ်ရာ၌ဝါနမဟုတ်သောကြောင့် ဝါပရောဖြင့် မချေဘဲကွစိဓာတုဖြင့်ချေဟန်တူသည်။ [“ကောမာရဘစ္စော”ပုဒ်၌ကား “ကုမာရေန-အဘယမင်းသားသည်၊ ဘတော-မွေးစားအပ်သူတည်း၊ကုမာရဘတော=သူ”ဖြစ်ပြီးမှ သကတ္ထ၌ ဏ ပစ္စည်းသက်၍ “ကောမာရ ဘစ္စ”ဖြစ်သည်ဟု သီလက္ခန်ဋီကာတို့ဖွင့်ကြသည်၊ဒေါဓသစ သုတ်၏ ဣစ္စည်း ဝုတ္တိ၌ကား တမျိုးဆိုသေး၏။]

ပတိ တေဗ္ဗောတိ ပဋိစ္စော-“ပတိ ပုဗ္ဗဣ+ရိစ္စ”ဤ၌ဓာတ်၏ အဆုံး ဟူ၍မရှိ, ဣဓာတ်သာရှိ၏၊ ထို့ကြောင့် ရမိရန္တော-သုတ်ဖြင့် ရ် အနုဗန်နှင့်တကွဣကိုပင်ချေစေ လိုဟန်တူသည်၊သို့သော် မူလဓာတ်ရင်း လုံးလုံးပျောက်သွားရမည်မှာ မသင့်တော်

www.dhammaransi.com



(၅၅၈) **ပေသာ၊ ပေ၊ ကိစ္စာ။** ။ပေသ အတိသဂ္ဂ ပတ္တကာလ ဣတိ-ပေသ, အတိသဂ္ဂ, ပတ္တကာလ ဟူကုန်သော၊ ဧတေသု အတ္ထေသု ကိစ္စ ပစ္စယာ ဟောန္တိ၊ ပေသနံ နာမ-ပေ သန မည်သည်၊ ဘဝတာ-အရှင်သည်၊ ဣဒံ-ဤ ကိစ္စကို၊ ကတ္တဗ္ဗံ - ပြုထိုက်၏၊ ဝါ-ပြုရမည်၊ ဝါ-ပြုပါလော၊ ဣတိ-ဤသို့၊ အာဏာပနံ-စေခိုင်းခြင်းသည်ရင်း၊ အဇ္ဈေသနဥ္စ-တိုက်တွန်းခြင်းသည် ရင်းတည်း၊ အတိသဂ္ဂေါနာမ - အတိသဂ္ဂ မည်သည်၊ မယာ-အကျွန်ုပ်သည်၊ဣဒံ - ဤအမှုကို၊ ကတ္တဗ္ဗံကိံ — ပြုထိုက်ပါသလော၊ ဝါ-ပြုရမှာပါလား၊ ဣတိ-သို့၊ ပုဋ္ဌဿဝါ-မေးအပ်သော အမှုကိုသော်ရင်း၊ ပါဏော-သတ္တဝါကို၊ နဟန္တဗ္ဗော - မသတ်ထိုက်၊ ဝါ - မသတ်ကောင်း၊ ဣတိ အာဒိနာ - ဤသို့ အစရှိသော၊ ပဋိပတ္တိဒဿန မုခေန - ကျင့်ဝတ် ပြခြင်းကို အမူးပြုသဖြင့်၊ ကတ္တဗ္ဗဿဝါ-ပြုထိုက်သော အမှုကို သော်ရင်း၊ အနုညာ-ခွင့်ပြုခြင်းတည်း၊ ပတ္တကာလော - ပတ္တကာလ ဟူသည်၊ သမ္ပတ္တ

---

သကဲ့သို့ ထင်၏၊ ထို့ကြောင့် ပတိပုဗ္ဗ ဣခါတ် ဟ ပစ္စည်းဖြင့်''ပတိဧယျ''ဟုပြီးပြီးမှ ဒွေဘော်လာ၍ (ဘတ္တော၌ တ္တကို ဗ္ဗ (ကစ္စည်း ဝုတ္တိ) ပြုသကဲ့သို့) တ္တကို ဗ္ဗ ပြု-ပတိကိုလည်း ပဋိပြု၍''ပဋိစ္စော''ဟုပြီးစေရလျှင် သာ၍သင့်မည်ထင်သည်၊ တွာပစ္စယန္တဖြင့် ပဋိစ္စဟု တနည်းပြီးနိုင်သေးသည်၊''စက္ခုံ ပဋိစ္စ''စသည်၌လာသော ပဋိစ္စပုဒ်မှာ တွာပစ္စယန္တသာတည်း၊စနန္တေ ဟိရစ္စံယောဂဝိဘာဂ၌ ကြည့်။]

(၅၅၈) **ပေ သနံ နာမ၊ပေ၊အဇ္ဈေသနဥ္စ**—''သင်သည် ဤအမှုကို ပြုထိုက်၏,ပြုလော''ဟု အထက်လူက အောက်လူကိုစေခိုင်းခြင်းသည် အာဏာပန မည်၏၊ ''အရှင်သည် ဤအမှုကိုပြုထိုက်၏,ပြုတော်မူပါ''ဟု အောက်လူက အထက်လူကို တိုက်တွန်းတောင်းပန်ခြင်းသည် အဇ္ဈေသနမည်၏၊ထိုသို့စေခိုင်းခြင်း-တိုက်တွန်းခြင်း အနက်သည် ပေသ မည်၏။ [သက္ကဘာ၌''ဘဝံ''သည် တုမှ၏ ပရိယာယ်တည်း၊ထို့ကြောင့် ''ဘဝတာ-သင်သည်''ဟု ပေးလိုက ပေးနိုင်သည်။

**အတိသဂ္ဂေါ၊ပေ၊အနုညာ**-အတိပုဗ္ဗ သဇ (သဇ္ဇ)ခါတ်သည် စွန့်လွှတ်ခြင်း အနက်ကိုဟော၏၊ ထို့ကြောင့် ''တစုံတယောက်က ဤအမှုကို ပြုရမှာပါလား''ဟု မေးသည့်အခါ''ပြုလော''ဟု ခွင့်ပြုလိုက်ခြင်းသည် ထိုအမှုကို စွန့်လွှတ်ရာရောက်၏၊ ထို့ကြောင့်''အတိသဂ္ဂေါနာမကိမိဒံကတ္တဗ္ဗံတိ ပုဋ္ဌဿဝါအနုညာ''ဟု ပဌမတနည်း ဖွင့်သည်၊ဒေသိတော ပညတ္တောပုဒ်ကိုဖွင့်ပြသော သာရတ္ထဋီကာစသည်တို့၌ ''အတိသဇ္ဇနံ=ပဗောဓနံ''ဟု ဖွင့်သောကြောင့် အတိပုဗ္ဗ သဇခါတ်သည်သိစေခြင်းအနက် ကိုလည်းဟော၏၊ ထို့ကြောင့် ''ပါဏောနဟန္တဗ္ဗော-သူ့အသက်ကိုမသတ်ကောင်း အဒိန္နံ န အာဒါတဗ္ဗံ,ကာမေသုမိစ္ဆာ န စရိတဗ္ဗာ,မုသာ နဘာဏိတဗ္ဗာ''စသည်ဖြင့် တရားလမ်းမှန်ကို သိစေခြင်းသည်လည်း အနုညာပင် မည်၏၊ထို့ကြောင့် ''ပါဏော

www.dhammaransi.com



သမယော-သိုက်ရောက်လာသော အချိန်တည်း၊ ဘော - အကြွင်သူသည်၊ အတ္တနော-၏၊ ကိစ္စကရဏ သမယံ-ကိစ္စ ပြုချိန်ကို၊ အနုပ ပရိက္ခတ္တာ-မစူးစမ်း ပဆင်ခြင်မှု၍၊ ဝါ-အမှတ်ဟာမဲ့ နေလျက်၊ နကရောတိ - မပြု၊ တဿ- ထို မပြုပဲနေသူအား၊ သာယာရောစန်-အချိန်ကို ပြောခြင်းတည်း၊ တတ္ထ- ထို အချိန်ကို ပြောပြရာ၌၊ အဓ္ဓေသန်-ဟိုက်တွန်းခြင်းသည်၊ နတ္ထိ-မရှိ၊ ဣဓာပိ - ဤသို့ မှတ်အပ်၏၊ ဘော-ထို ပေသအနက် စသည်၌ မိရင် အပ်သော ကိစ္စပစ္စည်း တို့သည်လည်း၊ ဘာဝကမ္မေသု ကိစ္စတ္တာဒတ္တာတိ-ဟူ၍၊ ဝုတ္တတ္တာ - မိန့်အပ်သည်၏ အဖြစ်ကြောင့်၊ ဘာဝကမ္မသွေဝ-ဘောကံ အနက်တို့၌ပင်၊ ဟောန္တိ-ဖြစ်ကုန်၏။

တာဝ-စွာ၊ ပေသနေ-စေခိုင်းတိုက်တွန်းခြင်း အနက်၌ (ဥဒါဟရဏံ-ကား၊) ဘဝတာ-သည်၊ ကမ္မံ-အမှုကို၊ ကရိယဘု ပြုအပ်လော၊ (အာဏာပန်) ဝါ-ပြုအပ်ပါလော၊ ရှိသေစွာ တောင်းပန်သော အဓ္ဓေသန အနက်)၊ ဣတိအတ္ထေ-၌၊ ဣမိနာ ဤသုတ်ဖြင့်၊ တဗ္ဗာနိယာ (ဟောန္တိ၊) သေသ-ကြွင်းသော အမိအောင်သည်။ [ဓာတွန်ရကို တ-ပြုခြင်း, အနိယာ၌ နှ ကို ဏ ပြုခြင်း အမိအရင်သည်၊] ဝုတ္တနယမေဝ-တည်း၊ ဘဝတာကမ္မံ ကတ္တဗ္ဗံ-ပြုလော၊ ဘပတာ ကိစ္စံ ကရဏီယံ-လော၊ အတိဘဂ္ဂေ - စွန့်သွတ်ခြင်း,

။ပေ။ကတ္တဗ္ဗသာ အနုညာ"က ဒုတိယ တနည်းဖွင့်ပြန်သည်၊ ဤနည်း၌ "အနုညာ တရားအားလျော်စွာသိစေခြင်းတည်း"ဟုအနက်ပေးရလျှင်သာ၍သင့်မည်ဟုယင်သည်။

ပတ္တကာလေ။ပေ။မတ္တိုတိ-ပတ္တ- ဆိုက်ရောက်လာသော+ ကာလ- အချိန်၊ ဤ၌ အချိန်တွင်မက,ယုံဆိုက်ရောက်လာသော အချိန်အခါကို ပြောခြင်းပိုင်အောင် (ကာရဏူပစာရအားဖြင့်) ယူစေလို၍"ယောအတ္တနော။ပေ။တဿသမယာရောစနံ" ဟုဖွင့်သည်၊လူတယောက်သည် နံနက် ၆-နာရီ၌ အလုပ်ဝင်ဖို့ ကိစ္စရှိ၏၊ သူသော် ထိုအချိန်၌ မဝင်ဘဲ (ဂရုမစိုက်ဘဲ) ထိုအလုပ်ဝင်ဖို့ကိစ္စကိုမပြုဘဲနေအံ့၊ ယိုသူ့အား အချိန်ကျပြီ,၉-နာရီထိုးပြီဟု စသည်ဖြင့်ပြောခြင်းမျိုးတည်း၊ ယုံသို့အချိန်ပြောရာ၌ အချိန်ကျကြောင်းကိုသာပြောသည်၊အလုပ်ဝင်ပါ-စသည်ဖြင့် တိုက်တွန်းသံ မပါချေ၊ ထို့ကြောင့် ပေသအနက်နှင့် ဤပတ္တကာလအနက်သည် ကွဲပြားလျက်ရှိသည်။

တေစ။ပေ။ဘာဝကမ္မေသွေဝ-ပေသ အတိသဂ္ဂ ပတ္တကာလ အနက်တို့သည် တိုက်ရိုက်အားဖြင့် သာဓန ၇-ပါးတွင် မပါဝင်ကြ၊သာဓနတွင် သွင်းလျှင် ထိုအနက်များသည် ဘာဝသာဓန-ကမ္မသာဓနတို့၌သာဝင်၏၊ထို့ကြောင့် "ဘာဝကမ္မေသု ကိစ္စတ္တခတ္တာ"ဟု သုတ်တည်တော်မူသည်၊ထိုသုတ်အရ ပေသ အနက် စသည်ကို ဖြှာသော ဤကိစ္စပစ္စည်းသည် ဘောကံ အနက်ကို ဟောကြသည်-ဟုမှတ်ပါ။

www.dhammaransi.com



ခွင့်ပြုခြင်းအနက်၌ (ဥဒါဟရဏ်)၊ ဘုဝတာ ဘုန်းတော်-စားအပ်တော့၊ ဝါ-စားတော့၊ ဣတိအတွေ့၌၊ တဗ္ဗာဒိ-တဗ္ဗ အစရှိသော ပစ္စည်းသည် (ဟောတိ)။ [အာဒိဖြင့် အနီယ, ဏျပစ္စည်းများကို ယူ၊] အညေသုစာတိ-သုတ်ဖြင့်၊ ဝုဒ္ဓိ ပြု။

(၅၂၉) တဿာတိ ဝတ္တတေ။ [''တဿာတိစ''ဟု ရှိလျှင် ''စ''ပို။]

ဘုဇာဒိနမန္တော နော ဒွိစ။ ။ဘုဇလ္လဗ္ဗေဝ မာဒိနံ- ဘုဇ အစရှိကုန်သော၊ ဇကာရာဒိအန္တာနံ အဆုံး၌ ဇအစရှိသော အက္ခရာရှိကုန်သော၊ မာတူနံ, အန္တော။ အဆုံးသည်၊ နော- ကြေသည်၊ ဟောတိ၊ ပရဿ-နောက်ဖြစ်သော၊ ကိစ္စကိတကပစ္စယ တကာရဿစ- ကိစ္စပစ္စည်း, ကိတ ပစ္စည်းတို့၏ တ အက္ခရာ၏လည်း။ [တဗ္ဗ တေယျ ဟူသော ကိစ္စပစ္စည်းတို့၏ တ အက္ခရာ, တ-တို စသော ကိတက ပစ္စည်းတို့၏ တ အက္ခရာကို ဆိုသည်] ဒွေဘာဝေါ ဟောတိ၊ ဘုဝတာ, ဘောဇနံ-ကို၊ ဘောတ္တဗ္ဗံ-စားအပ်တော့၊ ဝါစားတော့၊ ဘုဝတာ-သည်၊ ဘောဇနီယံ- တော့၊ ဘောဇ္ဇံ-စားအပ်တော့၊ ဝါ-စားတော့၊ ဝါ-စားနိုင်သည်။

ဣကာရာဂမယုတ္တ တကာရေ ပန-ဣအာဂုံနှင့် ယှဉ်သော တ ပစ္စည်း ကြောင့်ကား။ [''ဘုဥ္ဇိတဗ္ဗံ''၌ ''တ''သည် ဣအာဂုံရှိ၍၊ ထိုကဲ့သို့ တ ပစ္စည်းကို ဆိုသည်၊ နမကရာနမန္တာနံ နိယုတ္တတမှိတိ ဣတ္ထ-နမ၊ ပေ၊ မှိ ဟူသော ဤသုတ်၌၊ အန္တာနံ နိယုတ္တတမှိတိ ယောဂဝိဘာဂေန- ဖြင့်၊ ဓာတွန္တလောပါဒိ နိသေဓော-ဓာတွန်ချေခြင်း အစရှိသည်ကို တားမြစ်ရခြင်းသည် (ဟောတိ)။ [သုတ်ရင်းက ''န-မ-က-ရ ဆုံးသော ဓာတွန်ကိုသာ မချေဖို့ရန် တားမြစ်သောကြောင့် ဘုဇ၌ ဇဆုံးသော ဓာတ်ဖြစ်၍ သုတ်ရင်းဖြင့် မတားမြစ်နိုင်, ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် တားမြစ်ရသည်၊ ဓာတွန္တလောပါဒိ၌ အာဒိဖြင့် ဒွေဘော်ပြုခြင်းကိုယူ၊] ရမာဒိတော နိဂ္ဂဟီတပုဗ္ဗန္တိ-ဟူသော၊ ဝိနာဓိကာရေန- ကတ္တရိအလိုက်ကို ကြဉ်သော ယောဂဝိဘာဂေန ဖြင့်သော်ရင်း၊ နိဂ္ဂဟီတဥ္စာတိဝါ- (သန္ဓိ) နိဂ္ဂဟီတဥ္စ သုတ်ဖြင့်သော်ရင်း၊ နိဂ္ဂဟီတာဂမော- နိဂ္ဂဟိတ်လာ။ (ထို ၂ သုတ်တွင် အလိုရှိရာ တသုတ်သုတ်ဖြင့် လာနိုင်သည်-ဟူလို၊] တယာ- သင်သည်၊ ဘုဥ္ဇိတဗ္ဗံ-စားအပ်တော့၊ မယာ-သည်၊ ဘုဥ္ဇိတဗ္ဗံ-တော့။

သမယာ ရောစနေပန-အချိန်ကိုပြောင်းခြင်း၌(ဥဒါဟရဏ်)ကား၊ဣ= အဇ္ဈယနေ-သရဇ္ဈာယ်ခြင်း၌....၏၊ အဓိပုဗ္ဗော- အဓိရှေးရှိ၏၊ ဘုဝတာ-

www.dhammaransi.com



သည်၊ အမိယတံ - သရဏ္ဏာယ်ချိန်တန်ပြီ၊ ဣတိအတ္ထေ, တဗ္ဗာနီယာဒိ-တဗ္ဗ အနီယ အစရှိသော ပစ္စည်းသည်ရှင်း [အောင်ဖြင့် - ကျကိုယူ၊] ဣကာရာဂမ ဝုဒ္ဓိ အယာဒေသ အဏ္ဏာဒေသာစ-ဣလာခြင်း, ပုဒ္ဓိပြုခြင်း, အယ ပြုခြင်း၊ အဏ္ဏ ပြုခြင်းတို့သည်ရှင်း၊ (ဟောန္တိ)၊ [ဣကို အယ၊ အဏ္ဏောအမိဖြင့်အမိကို အဏ္ဏပြု ဟူလို၊] ဏျပစ္စယေသု- ဏျစ္စည်းဌကား၊ ဝုဒ္ဓိ-သည်ရှင်း၊ ယကာ ရဿ-ယ အက္ခရာ၏၊ ဒွိတ္တဥ္စ-သည်ရှင်း (ဟောတိ)။[အဏ္ဏေယျံ၌ ဏျ ပစ္စည်း ဖြစ်၍ ဣကို''တေအာဝါယာကာရိတေ''ဖြင့် ဝုဒ္ဓိသာပြု,အယ မပြုနှင့်တော့၊ ထို့နောက် ယကို ဒွေဘော်ပြုပါ-ဟူလို] ဘဝတာ, အဏ္ဏယိတဗ္ဗံ အဏ္ဏေယျံ- သရဏ္ဏာယ်ချိန်တန်ပြီ၊ ဘဝတာ အဏ္ဏယနီယံ--ပြီ။

အဝဿံ၊မချွတ်၊ ဝါ-ကေန်၊ ကတ္တဗ္ဗံ-ပြုထိုက်၏၊ ဣတိ ဝါကျေပန ဤ ဝါကျ၌ကား၊ ကိစ္စပဒံ-ကိစ္စပုဒ်ကို၊ အမိကိစ္စ-၍၊ အဝဿကာဓမိ ဏောသု ဏီစာတိ - သုတ်ဖြင့်၊ အဝဿကာဓ မိဏတ္ထေ စ - အဝဿက အနက်, အဓမိဏ အနက်၌လည်း၊ တဗ္ဗာဒယော-တဗ္ဗ အစရှိသော ပစ္စည်း တို့သည်၊ (ဟောန္တိ)၊ ဘဝတာ-သည်၊ မေ-ငါ၏၊ ဂေဟံ-အိမ်ကို၊ ကတ္တဗ္ဗံ, ကရဏီယံ-မချွတ်ပြုထိုက်၏။ [''အဓမိဏ'' ၏ အဓိပ္ပါယ်ကို အခြေပြု၌၊ ရေးခဲ့ပြီ၊] ဓရ=ဓရဏေ-ဆောင်ခြင်း၊ ဆပ်ခြင်း၌....၏၊ စုရာဒိတ္တာ-စုရာဒိ ဓာတ်၏ အဖြစ်ကြောင့်၊ ဏေဏယာ - ဏေဏယပစ္စည်း တို့သည်ရှင်း၊ ဣကာရာဂမော စ-သည်ရှင်း (ဟောတိ)၊ ဓာရေတဗ္ဗံ၊ ဓာရယိတဗ္ဗံ- ဆောင်ထိုက်၏၊ ဝါ၊ဆပ်ထိုက်၏၊ ဣစ္စာဒိ။

နုဒါဒီဟိ၊ ပေ၊ သကာရိတေဟိ စာတိ-သုတ်ဖြင့်၊ သကာရိတေဟိပိ- ကာရိတ်ပစ္စည်းနှင့်တကွ ဖြစ်သော ဓာတ်တို့မှ နောက်၌လည်း၊ ယုဏ္ဍျုနံ- ယု, ဏ္ဍု ပစ္စည်းတို့၏၊ အာဒေသ ဝိဓာနတောယေဝ - အာဒေသကို စီရင် ခြင်းကြောင့်ပင်၊ ဓာတုပစ္စယန္တတောပိ - ဓာတုပစ္စယန္တသဒ္ဒါတို့မှ နောက် ၌လည်း၊ ကိစ္စ ကိတကပစ္စယာ - ကိစ္စပစ္စည်း ကိတကပစ္စည်း တို့သည်၊

---

နုဒါဒီဟိ၊ပေ၊ဘဝန္တိတိဒဋ္ဌဗ္ဗာ-နုဒါဒီဟိ စသော သုတ်သည် ကာရိတ်ပစ္စည်း ဆုံးသော ''အာဏာပ,သဥ္ဇာန''စသည်နောင်ယုပစ္စည်းကိုအနစသည်ပြု၍''အာဏာ ပနံ, အာဏာပကော, သဥ္ဇာနနံ,သဥ္ဇာနကော''စသောရုပ်များဖြစ်၏၊ ထို့ကြောင့် ကာရိတ်ပစ္စည်းဆုံးသောသဒ္ဒါနောင် ယု ဏ္ဍု စသောပစ္စည်းများ သက်နိုင်ကြောင်းကို တိုက်ရိုက်သိရပြီ၊ သို့ဖြစ်လျှင် ကာရိတ်ပစ္စည်းနှင့် ဓာတုပစ္စယချင်းတူသော ခ စသော

www.dhammaransi.com



ဘာဝန္တိ-န်၏၊ ဣတိ-သို့၊ ဒဋ္ဌဗ္ဗာ—န်၏၊ တေန-ထို့ကြောင့်။ [သိဒ္ဓံ ဘဝတိ-၌ စပ်၊] တိတိက္ခာပီယတိ--သည်းခံစေအပ်၏၊ ဣတိ—ကြောင့်။ တိတိက္ခာပေတဗ္ဗော – မည်၏၊ ဧဝံ– တူ၊ တိကိစ္ဆာပေတဗ္ဗော, တိကိစ္ဆာပနီယော–ဆေးကုစေထိုက်၏၊ မဂ္ဂေါ–မဂ်ကို၊ အဘာဝယိတ္ထ – ဖြစ်စေအပ်ပြီ၊ ပေ၊ ဣတိ, ဘာဝေတဗ္ဗော, ဘာဝယိတဗ္ဗော, ဘာဝနီယော–မည်၏။ ဘာဝနီယာ-ပွားစေထိုက်သော ဘာဝနာ၊ ဘာဝနီယံ-ပွားစေထိုက်သော ဈာန်၊ အကာရီယိတ္ထ-ပြုစေအပ်ပြီ၊ ပေ၊ ဣတိ, ကာရေတဗ္ဗံ၊ ပေ၊ ကာရာပဏီယံ-မည်၏၊ ဣစ္စာဒိစ-ဤသို့ အစရှိသော ပြယုဂ် သည်လည်း၊ သိဒ္ဓံ - ပြီးသည်၊ ဘဝတိ—ဖြစ်၏။

ကတ္တဗ္ဗံ–ကတ္တဗ္ဗံပုဒ်ငင်း၊ ကရဏီယံ စ-ငင်း၊ ကာရိယံ– ငင်း၊ ကာရေတဗ္ဗံ-ငင်း၊ တထာ – ထိုမှတပါး၊ ကာရာပေတဗ္ဗံ–ကာရာပေတဗ္ဗံပုဒ်ငင်း၊ ဣစ္စပိ-ဤပုဒ် အပေါင်းကိုလည်း၊ ကိစ္စသင်္ဂဟော – ကိစ္စပစ္စယန္တ၌ သိမ်းယူရခြင်းသည် (ဟောတိ-၏)၊ .... ကိစ္စပစ္စယန္တနယော - ကိစ္စ ပစ္စယန္တပုဒ်တို့ကို သိကြောင်းနည်းသည် (သမတ္တော–ပြည့်စုံပြီ)။

(၅၆၀) ဣဒါနိ–ကိတက ပစ္စယာ-ကိတမည်သော ပစ္စည်းတို့ကို၊ ဝုစ္စန္တေ၊ ကရ=ကရဏေ၊ ပုရေဝိယ – သို့၊(ဘူ, ဂမု စသော ဓာတ်တို့၌ ကဲ့သို့) ဓာတုသညာဒိ– ဓာတ်အမည် အစရှိသော အစီအရင်သည် (ဟောတိ)၊ ကုမ္ဘဣတိ-ကုမ္ဘ ဟူသည်၊ ဥပပဒံ–ဓာတ်၏ အနီး၌ ရွတ်အပ်သောပုဒ်တည်း၊ ဘတော - ထို ကုမ္ဘသဒ္ဒါမှ နောက်မှ [စ ပါလျှင် အပို]

---

ပစ္စယန္တနောင်လည်း ယု ဏျုသက်နိုင်ကြောင်းကိုငင်း ယု, ဏျုနှင့် ဓာတ်နောင်သက်ရသော ပစ္စည်းချင်းတူသော အခြားကိစ္စကိတ ပစ္စည်းများလည်း သက်နိုင်ကြောင်းကို ငင်း သဒ္ဒါသူပစာရ နည်းအားဖြင့် သိမှတ်ထိုက်၏။ ထို့ကြောင့် "တိတိက္ခာပေ" ဟူသော ဓာတုပစ္စယနောင် တဗ္ဗ စသော ပစ္စည်းသက်၍ တိတိက္ခာပေတဗ္ဗောစသော ရုပ်များ ပြီးနိုင်သည်၊ တိတိက္ခနောင် တဗ္ဗ စသည် သက်၍လည်း "တိတိက္ခိတ-သည်းခံထိုက်၏" စသော ရုပ်များလည်း ရှိနိုင်သည်ပင်။

"ကတ္တဗ္ဗံ ကရဏီယံ စ, ကာရိယံ ကိစ္စမိစ္စပိ၊
ကာရေတဗ္ဗံ တထာ ကာရာ-ပေတဗ္ဗံ ကိစ္စသင်္ဂဟော"

ကားသင်္ဂဟဂါထာတည်း၊ တဗ္ဗ အနီယ ဏျ ရိစ္စနှင့် ဓာတုပစ္စယနောင် တဗ္ဗစသည် သက်ပုံကိုပါ သင်္ဂဟ ပြုသည်။

www.dhammaransi.com



ဒုတိယာ - ဒုတိယာ ဝိဘတ်သက်· ကုမ္ဘံ-အိုးကို၊ ကရောတိ-ပြုဆဲ၊ အကာသိ-ပြုပြီ၊ ကရိဿတိ-လတံ့၊ ဣတိ၊ ဝိဂ္ဂဟော-ကို၊ (ကတော-သော်၊) [ဏပစ္စယော ဟောတိ-၌ စပ်] ပရောတိ ပစ္စယောဘိ စ ဝတ္တတေ [ဓာတုလိင်္ဂေဟိပရာ ပစ္စယာသုတ်မှ ဝိဘတ်ပြောင်း၍ "ပရောပစ္စယော" ဟုလိုက်။]

**ဓာတုယာ ကမ္မာဒိမှိ ဏော။** ။အာဒိမှိ – အစဖြစ်သော၊ ကမ္မသ္မိံ-ကံပုဒ်သည်၊ သတိ-သော်၊ ဓာတုယာ-မှ၊ ပရော နောက်သည်၊ (ဟုတွာ-၍)၊ ဏ ပစ္စယော ဟောတိ၊ သောစ – ထို ဏပစ္စည်း သည်လည်း၊ [ကတ္တရိ၊ ဘဝတိ-၌ စပ်။]

---

(၅၆၀) ကိတက ပစ္စယာဝုစ္စန္တေ-ဏ စသော ပစ္စည်းများကို "ကိတ်" ဟုရင်း, "ကိတ" ဟုရင်းခေါ်၏၊ကိတသဒ္ဒါနောင် သညာအနက်၌ က ပစ္စည်းသက်၍ "ကိတက" ဟုဖြစ်၏၊ထို့ကြောင့် "ကိတက ပစ္စယာဝုစ္စန္တေ" ဟုမိန့်သည်၊ထိုဏ စသောပစ္စည်းများကို "အညေကိတ်" သုတ်ဖြင့် ကိတ်အမည်မှည့်၊ "ကတ္တရိကိတ်" ဟု သတ်မှတ်သောနိယမသုတ်ကြောင့်ထိုကိတ်ပစ္စည်းများသည်ကတ္တားအနက်၌သက်၏၊ "ဏာဒယော တေ ကာလိကာ" ဟု ပရိဘာသာလာသောကြောင့် ကာလ ၃ ပါးနှင့် ယှဉ်၏။

မှတ်ချက်။ ။ကိစ္စ ပစ္စည်းများမှ အခြားပစ္စည်းစုကို "ကိတ်" ဟုနာမည်တပ်၍ "ထိုကိတ် ပစ္စည်းများ ကတ္တားအနက်ဟောကြသည်" ဆိုရာ၌ ကိတ် ပစ္စည်းစုတွင် ဏ-တ စသော ပစ္စည်းများလည်း ပါဝင်နေ၏၊ထို ဏ စသည်တို့ကား "ဘာဝေစ, ဘာဝကမ္မေသုတ, ဏမှိရန္တဿ ဇော ဘာဝကရဏေသု" စသောသုတ်တို့အရ ကတ္တား အနက်မှတပါး အခြားအနက်များ၌လည်း သက်နိုင်ကြောင်းထင်ရှား၏၊ထို့ကြောင့် ဘောအနက်၌ သက်,ကံအနက်၌ သက်-ဟု သီးခြားသတ်မှတ်ချက်မရှိသော ကိတ် ပစ္စည်းများအတွက်သာ "ကတ္တရိကိတ်" ဟု နိယမပြုကြောင်းကိုရင်း, အတီတေတ တဝန္တုတာဝီ-စသောသုတ်တို့ဖြင့် ကာလသီးခြား သတ်မှတ်ချက်မရှိသော ပစ္စည်း များအတွက်သာ "ဏာဒယော တေ ကာလိကာ" ဟု ပရိဘာသာပြုကြောင်းကိုရင်း မှတ်ပါ၊ ထိုကဲ့သို့ နိယမပြုပြီး ပစ္စည်းများတွင်လည်း "ဟာရကံ-ဆောင်အပ်" ဟု ဏွု ပစ္စည်းသည်ပင် ကံအနက်၌ သက်သောကြောင့် "ကတ္တရိကိတ်" ဟု သတ်မှတ် ခြင်းလည်း များရာလိုက်၍ တဗ္ဗာဟုလ္လနည်းအားဖြင့် သတ်မှတ်ခြင်းဟုမှတ်။

ကုမ္ဘကာရပုဒ်- "ကုမ္ဘ+ကရ" ဟုတည်၊ "ကုမ္ဘ" ကား ကာရဓာတ်၏အနီး၌ ရွတ်ဆိုအပ်သောပုဒ်ဖြစ်၍ "သမီပေ+ဥစ္စာရိတံ+ပဒံ" အရ ဥပပဒ မည်၏၊ [ဥပသဒ္ဒါ သမီပအနက်ဟော၊ဥစ္စာရိတံ-ဟူသောအလယ်ပုဒ်လည်းကြေ၊ထို့ကြောင့် ယခုကာလ၌ "ကုမ္ဘသဒ္ဒူပပဒ ကရတည်" ဟုဆိုကြသည်၊ကုမ္ဘသဒ္ဒ သင်္ခါတံ ဥပပဒံ ယဿာတိ ကုမ္ဘံ သဒ္ဒူပ ပဒေါ-ကုမ္ဘသဒ္ဒါ ဟူသော အနီးပုဒ်ရှိသော ကရ သဒ္ဒါ။] ဓာတုယာ ကမ္မာဒိမှိဏောသုတ်က အစ၌ ကံပုဒ်ရှိသော ဓာတ်နောင်သာ ဏပစ္စည်းသက်သော ကြောင့် ကုမ္ဘနောင် အံ့ဝိဘတ်သက်၍ "ကုမ္ဘံ" ဟုပြီးစေ၊ထို့နောက် ဏပစ္စည်းသက် ကာရိက်မှည့်, ဏ် အနုဗန်ချေ, ဝုဒ္ဓိပြု၍ "ကုမ္ဘံ=ကာရ" ဟုဖြစ်ပြီ။

www.dhammaransi.com



(၅၆၁) **အညေကိတ်**။ ။တတိယေ ခေတ္တာဓိကာရေ ဝိဟိတာ (၅၃၉သုတ်နှင့် တူ)၊ ကိစ္စေဟိ-ကိစ္စပစ္စည်းတို့မှ၊ အညေ-ပစ္စယာ-အခြားပစ္စည်းတို့သည်၊ ကိတိစ္စေဝ သညာ-ကိတ် ဟူ၍သာ အမည်ရှိကုန်သည်၊ ဟောန္တိ၊ ဣတိ-ဤသုတ်ဖြင့်၊ ကိတသညတ္တာ-ကိတအမည်ရှိကုန်သည်၏အဖြစ်ကြောင့်။ [သီမူ၌"ကိတ်သညာ-ကို၊ ကတာ-၏"ဟု ရှိ၏။]

(၅၆၂) **ကတ္တရိတ်**။ ။ကတ္တရိ ကာရကေ — ကတ္တု ကာရက ၌၊ ကိတ်ပစ္စယော ဟောတိ၊ ဣတိ-သို့၊ နိယမတော-သတ်မှတ် ခြင်းကြောင့်၊ ကတ္တရိ-ကတ္တားအနက်၌၊ ဘဝတိ-၏၊ သောစ-ထို ဏ ပစ္စည်း သည်လည်း၊ ဏာဒယော တေကာလိကာတိ-ဟူ၍၊ ဝုတ္တတ္တာ--ကြောင့်၊ ကာလတ္တယေဝ-ကာလ ၃ပါးလုံး၌ပင်၊ ဟောတိ၊ ပုရေဝိယ-သို့၊ (ကာရိယံ-စသောပုံစံ၌ကဲ့သို့), ကာရိတ ဗျပဒေသ ဏလောပ ဝုဒ္ဓိယော-ကာရိတ်ငဲ့ခြင်း,ဏ အနုဗန်ချေခြင်း, ဝုဒ္ဓိပြုခြင်းတို့သည် (ဟောန္တိ)။

ပစ္စယန္တသာ-ပစ္စည်းအဆုံးရှိသော သဒ္ဒါ၏၊ အလိင်္ဂတ္တာ — လိင် မဟုတ်သည်၏ အဖြစ်ကြောင့်၊ သျာဒိမှိ-သိ အစရှိသော ဝိဘတ်သည်၊ အသမ္ဘဝေ-မရောက်လတ်သော်၊ တဒ္ဓိတ၊ ပေ၊ တဝေတု နာဒီသုစာတိ - သုတ်ဖြင့်၊ ကိတကန္တတ္တာ - ကိတပစ္စည်း အဆုံးရှိသည်၏ အဖြစ်ကြောင့်၊ နာမံဝ-နာမ်ကို ကဲ့သို့၊ ကတေ - ပြုအပ်ပြီးသော်၊ သျာဒျုပ္ပတ္တိ - သိအစရှိသော ဝိဘတ်သက်၊ တတော-ထို ဝိဘတ်သက်ပြီးသည်မှ နောက်၌။ [တပ္ပုရိသ သမာသော-၌ စပ်၊] ကုမ္ဘံ-အိုးကို၊ ကရောတိ-ပြုတတ်၏၊ ဣတိအတ္ထေ-၌၊ အမာဒယော ပရပဒေဘိတိ-သုတ်ဖြင့်၊ ဒုတိယာ တပ္ပုရိသ—သမာသော—

---

**ပစ္စယန္တသာ ပေ၊နာမံဝ ကတေ** သျာဒျုပ္ပတ္တိ—"ကုမ္ဘံ+ကာရ"ဟု ဖြစ်သည့်အခါ ကာရ၌ ဏပစ္စည်းဆုံးလျက်ရှိရကား ဏ ပစ္စည်း၏ ကတ္တုသတ္တိ အနက်သည် လွှမ်းမိုးလျက်ရှိသောကြောင့် ဒြဗ်ကိုမဟောနိုင်သေး၊ "ဒဗ္ဗ ဝါစကံ နာမံ"နှင့် အညီ ဒြဗ်ဟောမှ လိင်အမည်နာမ်အမည်ရနိုင်ရကား ဒြဗ်မဟောလျှင် လိင်မဟုတ်"တတော စ ဝိဘတ္တိယော"နှင့်အညီ လိင်နောင်သာ ဝိဘတ်သက်သောကြောင့်လိင်မဟုတ်လျှင် ဝိဘတ်မသက်နိုင်၊ထို့ကြောင့် ဝိဘတ်သက်နိုင်အောင်တဒ္ဓိတ-စသောသုတ်ရင်းဖြင့်ပင် ကိတ ပစ္စယန္တဖြစ်သော ကာရသဒ္ဒါကိုနာမ်ငဲ့ ထို့နောက် သိ သက်၍"ကုမ္ဘံ+ကာရော"ဟူသော ဝါကျဖြစ်၏။ သျာဒျုပ္ပတ္တိ၌ အာဒိဖြင့် (သမာသ်ဝါကျ ခင်းနေသော အရာဖြစ်၍) ယော တလုံးသာ ယူနိုင်သည်၊အံစသည်ကိုမယူနိုင်၊ ထို့ကြောင့် ဗဟုဝုစ် ဖြစ်လျှင် ယော သက်၍ "ကုမ္ဘံ+ကာရာ"ဟုဝါကျဖြစ်၏။

www.dhammaransi.com



ဒုတိယာ၊ တပ္ပုရိသ် သမာသ်သည် (ဟောတိ)၊ နာမာနံ တျာဒိနာ—နာမာနံ သမာသော ယုတ္တတ္ထော သုတ်ဖြင့်၊ သမာသ သညာ-သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စာတိ-သုတ်ဖြင့်၊ ဝိဘတ္တိလောပေါ- ဝိဘတ် တို့ကို ချေ၊ ပကတိစဿ သရန္တဿာတိ — သုတ်ဖြင့်၊ ပကတိ ဘာဝေါ— ပကတိပြု၊ ပန—တဘန်။ [နာမမိဝကတော-ဥစပ်၊] သမာသတ္တာ—သမာသ်၏ အဖြစ်ကြောင့်၊ နာမမိဝ—သို့၊ ကတော-သော်၊ သျာဒျုပ္ပတ္တိ၊သိ အစရှိသော ဝိဘတ်သက်၊ သော ကုမ္ဘကာရော - ထို အိုးထိန်းသည်သည်၊ တေကုမ္ဘ ကာရာ — တို့သည်၊ ဣစ္စာဒိ—တည်း၊ ဣတ္ထိယံ — ဣတ္ထိလိင်၌၊ ကုမ္ဘကာရီ— အိုးထိန်းသည်မသည်၊ ကုမ္ဘကာရိယော-တို့သည်၊ ဣစ္စာဒိ။

တထာ—ပါး၊ ကမ္မံ—အမှုကို၊ ကရောတိ—၏၊ ဣတိ ကမ္မကာရော-မည်၏ (အလုပ်သမား)၊ဧဝံ-တူ။ [သိမှု၌''ဧဝံ''ပါသည်၊] မာလာကာရော—ပန်းကို

---

တတောကုမ္ဘံ၊ပေ၊သော ကုမ္ဘကာရော- ''ကုမ္ဘံ+ကာရော''ဖြစ်သည့်အခါ ''ကုမ္ဘံကရောတိ''ဟူသောအနက်၌ အမာဒယော စသောသုတ်ဖြင့် သမာသ်စပ်၍ ဒုတိယာ တပ္ပုရိသ်မှည့်၊နာမာနံ သမာသေယုတ္တတ္ထော သုတ်ဖြင့်သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယောသုတ်ဖြင့် အံဝိဘတ် သိဝိဘတ်တို့ကို ချေ၊ ''ကုမ္ဘ+ကာရ'' ဟု ပကတိပြု၊ထို့နောက် သမာသ်ဖြစ်သောကြောင့် ထပ်၍နာမ်ငဲ့,သိစသော ဝိဘတ်သက် လျှင်''ကုမ္ဘကာရော,ကုမ္ဘကာရာ၊သောကုမ္ဘကာရ,ရာ၊ သောနွေကုမ္ဘကာရာ၊ကုမ္ဘ ကာရံ''စသည်ဖြင့် ပုရိသာဒိဂိုဏ်း ရုပ်စဉ်ဖြစ်၏။ [''သော-တေ'' တို့ကိုကောငုစ် ဗဟုဝုစ် ထင်ရှားအောင်ထည့်ထားသည်။] ဣတ္ထိလိင်၌''ဝ''ပစ္စည်းသက်၍နဒီဒိဂိုဏ်း ရုပ်စဉ်ဖြစ်သည်၊ ဤကား ယခုတွေ့ရသော ရူပသိဒ္ဓိစာကိုယ်အတိုင်း အဓိပ္ပါယ်တည်း။

**ဋီကာ**။ ။ယဒိဟိ သမာသတော ပုရေတရ မေဝ၁ ကာရသဒ္ဒဿ ကိတ်န္တတ္တာ တတော သျာဒျုပ္ပတ္တိ ဘဝေယျ၊တဒါ''ကုမ္ဘံ+ကာရော''တိ သကပဒေနေဝ ဝါကျံ ဘဝေယျ-''ဘူမိ+ဂတော''တျာဒိသု ဂတသဒ္ဒဿေဝ၊''ကာရော''တိ ဣမဿ ဝိသုံ ပယောဂေါ ဝိအာပဇ္ဇေယျ၊ န စ တံ ယုတ္တံ-ဓာတုယာ ကမ္မာဒိမှိတိ ဧပံ သုတ္တေကမ္မုပ ပဒေ သတိယေဝ ဏပစ္စယဝိဓာနတော၊ဧဝံသတိ''ကာရော''တိ အယံသဒ္ဒေါအဝိဘ တျန္တော ကုမ္ဘသဒ္ဒေန သမသီယတီတိ သိဒ္ဓံ။

ဤဋီကာ၏ဆိုလိုရင်းကား။ ။သမာသ်မစပ်ခင် နာမ်ဝိဘတ် သက်ထားလျှင် ''ကုမ္ဘံ+ကရောတိ''ဟု ကာရ၏ကိုယ်စားဖြစ်သောအာချတ်ပုဒ်ဖြင့်ဝိဂြိုဟ်ပြုနေဘွယ် မလို၊''ဘူမိံ+ဂတော-ဘူမိဂတော''၌ ဂတ သဒ္ဒါကဲ့သို့ ''ကုမ္ဘံ+ကာရော-ကုမ္ဘ ကာရော''ဟုမိမိပုဒ်ဖြင့်ပင် ဝိဂြိုဟ်လုပ်ဘွယ်ရှိသည်၊''ကုမ္ဘံ+ကာရော''ဟုဝိဂြိုဟ်ဝါကျ ဖြစ်နိုင်ပြန်လျှင်လည်းကတ္တားဟော''ကာရ''သဒ္ဒါသည် မိမိချည်းသက်သက် ပါဠိ၌ ပြယုဂ်အဖြစ်ဖြင့် တည်နေနိုင်၏-ဟူသော အဓိပ္ပါယ်လည်းရောက်၏၊ထိုသို့ကာရသဒ္ဒါ ချည်းသက်သက် (ကံပုဒ်နှင့်မတွဲဘဲ) တည်နေခြင်းလည်းမသင့်၊ ဘာ့ကြောင့်နည်း--

www.dhammaransi.com



ပြုသူ၊ ဝါ – ပန်းသည်၊ [မာလာသည် အာကာရန္တ ဣတ္ထိလိင် တည်း၊ ပကတိ ပြုသည့်အခါ "မာလာ" ဟုပင် ပြုရသည်]၊ ကဋ္ဌကာရော-ထင်းကို ပြုသူ (ထင်းသည်)၊ ရထကာရော – ရထားလုပ်သမား၊ သုဝဏ္ဏကာရော– ရွှေကို ပြုသူ(ရွှေပန်းထိမ်သည်)၊ သုတ္တကာရော-သုတ်ကို ပြုသော ဆရာ၊ ဝုတ္တိကာရော-ဝုတ္တိကို ပြုသော ဆရာ၊ ဋီကာ ကာရော–ဋီကာကို ပြုသော ဆရာ၊ [ဋီကာလည်း အာကာရန္တ ဣတ္ထိလိင်တည်း။]

ဂဟ=ဥပါဒါနေ၊ ပတ္တံ – ခွက်ကို (သပိတ်ကို)။ အဂ္ဂဏှိ–ယူပြီ၊ ပေ၊ ပတ္တဂ္ဂါဟော-မည်၏၊ ဇဝံ – တူ၊ ရသ္မိဂါဟော-ကြိုးကိုင်သူ၊ ဝေ=တန္တသန္တာနေ–ချည်မျှင်အစဉ်ကို ပြုခြင်း၌....၏၊ တန္တံ–ရက်ကန်းကို၊ အဝါယိ– ရက်ပြီ၊ ပေ၊ တန္တဝါယော– (ရက်ကန်းသည်)မည်၏၊ တေ အာဝါယာ ကာရိတေတိ–သုတ်ဖြင့်၊ အာယာဒေသော–အာယပြု၊ ဝါကျေပန • တန္တံ အဝါယိ စသော ဝိဂ္ဂဟ်ဝါကျ၌ကား၊ တွေ–ဤသုတ်၌၊ တေ အာဝါယာတိ ယောဂဝိဘာဂေန–ဖြင့်၊ အာယာဒေသော-ပြု၊ ["အဝါယိ"၌ ဏ် အနုဗန် ရှိသော ကာရိတ် မနှောင်းသောကြောင့် သုတ်ရင်းဖြင့် မပြုနိုင်, ယောဂ ဝိဘာဂဖြင့် ဝေ၏ ဧကို အာယ ပြုပါ-ဟူလို၊] ဇဝံ-တူ၊ တုန္နဝါယော– အပ်ချုပ်သမား၊ [တုန္နံ-အပ်ချုပ်ခြင်းကို၊ အဝါယိ-အစဉ်ပြုပြီ၊ ဝါ- ချုပ်ပြီ၊ ဝါယတိ, ဝါယိဿတီတိ တုန္နဝါယော။]

(၅၆၃) မာ=ပရိမာဏေ၊ ဓညံ-စပါးကို၊အမိနိ-ချင့်ပြီ၊ (ချင်ပြီ) ၊ပေ၊ ဏပစ္စယေ ကတေ-သော်၊ ဏမှီတိ ဝတ္တတေ။

**အာကာရန္တာန မာယော။** ။ပရေ ဏကာရာနုဗန္ဓေ – ဏ အနုဗန် ရှိသော၊ ပစ္စယေ – ကြောင့်၊ အာကာရန္တာနံ – အာအဆုံးရှိကုန်သော၊ ဓာတူနံ - တို့၏၊ အန္တဿ - အဆုံး အာ၏၊ အာယာဒေသော - အာယ အပြုသည်၊ ဟောတိ၊ သရလောပါဒိ-သည်၊ (ဟောတိ)၊ [အာယ ပြုသည့်

---

ဓာတုယာ ကမ္မာဒိမှိဏောသုတ်က ကံပုဒ်အစ၌ရှိမှသာ ကာရဓာတ်စသည်၏ နောက်၌ ဏပစ္စည်းသက်သောကြောင့်တည်း၊ ထို့ကြောင့် "ကုမ္ဘံ+ကာရ"ဟု ကာရနောင် ဝိဘတ် မသက်ခင်ပင် တပ္ပုရိသ် သမာသ်စပ်, သမာသ်မှည့်, အံဝိဘတ်ချေ, ကုမ္ဘဟု ပကတိ ပြုပြီးမှ နာမ်ငဲ့ ဝိဘတ်သက်၍ "ကုမ္ဘကာရော" စသည်ဖြစ်သင့်သည်- ဟူလို၊ [အလုတ္တတပ္ပုရိသ်"ပဘင်္ကရော"ရုပ်တွက်ပုံနှင့်စပ်ကြည့်ပါ၊ဤဋီကာအလို"ပစ္စယန္တဿာ လိင်္ဂတ္တာ၊ပေ၊နာမံဝကကေ သျာချုပ္ပတ္တိ"ဟူသော ရှေ့ဝါကျသည် ရှုပသိဒ္ဓိမူရင်းမဟုတ်-နောက်မှ ထည့်ထားသောဝါကျဖြစ်တန်ရာသည်၊]

www.dhammaransi.com



အခါ ယင်္ခ သရပါသည်-ဟု အယူရှိ၍ "သရလောပေါဒိ" ဟု ဆိုသည်၊ သို့သော် အာ-သရ တလုံးကို 'အာယ" ၂လုံး ပြုရာ၌ ယဝယ် သရပါဘွယ် မရှိပြီ၊[ ဥညမာယော-စပါးချင်သူ တင်းချင့်သမား)၊ ဝေ-တူ၊ဒါန်-အလှူကို၊ ဒဒါတိ-၏၊ ဣတိ ဒါနဒါယော-မည်၏(အလှူဒါယကာ)၊ကမု=ကန္တိမှိ-နှစ်သက်ခြင်း၌..၏၊ ဓမ္မံ ကို၊အကာမယိ နှစ်သက်ပြီ၊ ဝါ-လိုလားပြီ၊ ပေ၊ ဓမ္မကာမော- တရားကို နှစ်သက် လိုလားသော၊ ပုရိသော၊ ကျား၊ ဓမ္မ ကာမ -သော၊ ကညာ-သမီး၊ ဓမ္မကာမံ-သော၊ စိတ္တံ-စိတ်၊ ဝေ, အတ္ထ ကာမော-ဒ.ကျိုးကို လိုလားသူ၊ ဟိတ-စီးပွါး၊ သုခ-ချမ်းသာ၊ (ရွှေအတိုင်း ပေး)၊ဓမ္မံ-ကို၊ပါလေတိ၊စောင့်ရှောက်တတ်၏၊ဣတိ၊ဓမ္မပါလော-၏၊ဣစ္စာဒိ။

(၅၆၄) ဒမု=ဒမနေ-ဆုံးမခြင်း၌....၏၊ အရိံ -ရန်သူကို၊ အဒမိ-ဆုံးမပြီ၊ ပေ၊ ဝိဂ္ဂဟေ-ကို၊ (ကတေ) ဓာတုယာတိ အဓိကာရေ၊ကမ္မာဒိမှိတိစ ဝတ္တတေ။

သညာယ မနု။ ။အာဒိမှိ-အစဖြစ်သော၊ ကမ္မူပပဒေ-ကံ ဟူသော အနီးပုဒ်သည်၊ သတိ - သော်၊ သညာယ - နာမည်ကို၊ ဂမျမာနာယံ-သိအပ်သော်၊ ဓာတုယာ-၌၊ အပစ္စယော ဟောတိ၊ဥပပဒန္တေ-အနီးပုဒ်၏ အဆုံး၌၊ နုကာရာ ဂမော၀-နု အက္ခရာ လာသည်လည်း (ဟောတိ)၊ စ-ဆက်၊ တွေ-ဤ အရိန္ဒမောပြယုဂ်၌၊ နု နိဂ္ဂဟိတံ ပဒန္တေတိ သုတ္တေ-နုနိဂ္ဂဟိတံ ပဒန္တေ သုတ်၌၊ ပဒန္တေတိ-ပဒန္တေ ဟူ၍၊ ဝစနတော-ဆိုခြင်း ကြောင့်၊ ဥပပဒန္တေယေဝ- အနီးပုဒ်၏ အဆုံး၌သာ၊ နု ကာရာဂမော-နု လာခြင်းသည်၊ ဟောတိ၊ ဣတိဒဋ္ဌဗ္ဗံ၊ တေသုဝုဒ္ဓိ တျာဒိနာ-ဖြင့်၊ ဥကာရ လောပေါ-ဥကိုချေ၊ပန ဆက်၊အယံနွာဂမော-ဤနုအာဂုံသည်၊ သမာသံ-သမာသ်ကို၊ ကတွာ ပြုပြီး၍၊ ဥပပဒဝိဘတ္တိလောပေ- အနီးပုဒ် ဝိဘတ် ချေခြင်းကို၊ ကတေယေဝ-ပြုအပ်ပြီးမှသာ၊ ဟောတိ၊ ဣဝ, ဝေဒိတဗ္ဗံ။

---

(၅၆၄) ကမ္မူပ၊ပေ၊နုကာရာဂမောစ- "အရိ+ဒမု" တည်, ဓာတ်မှည့်, ဓာတွန့်ချေ,အံသက်(အရိံ) ဤသို့ ကံပုဒ်ဟူသော ဥပ ပဒ ရှိသော ဒမု စသော ဓာတ်နောင် အပစ္စည်းသက် (အရိံ+ဒမ), [ဤသို့ အပစ္စည်းသက်ပြီးလျှင် ပြီးခြင်း နု မလာနိုင်သေး၊] အရိံ=ကို၊အဒမိ=ဆုံးမပြီ၊ပေ၊ဒမိသတိ=လတံ့၊ဣတိအတ္ထေ-၌၊ ဆိုင်ရာသုတ်များဖြင့် သမာသ်စပ်၍ ဒုတိယာ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊ အရိံ၌ အံဝိဘတ်ကိုချေ, ပကတိပြု (ရိ+ဒမ) ဤသို့ဖြစ်ပြီးမှ နု အက္ခရာ လာရသည်၊ ထို့ကြောင့် "အယံပန နွာဂမော၊ပေ၊ကတေယေဝ ဟောတိ"ဟုမိန့်သည်။

www.dhammaransi.com



(၅၆၅) နုနိဂ္ဂဟိတံ ပဒန္တေ။ ။ဥပပဒဘူတာ နာမပဒန္တေ-ဥပပဒ ဖြစ်၍ဖြစ်သော နာမ်ပုဒ်အဆုံး၌၊ ဝတ္တမာနော-ဖြစ်သော၊ နုကာရာဂမော-နု အာဂုံသည်၊ နိဂ္ဂဟီတံ-သို့၊ အာပဇ္ဇတေ-၏၊ [ဤသုတ်ဖြင့် နု ကို နိဂ္ဂဟိတ်ပြု၍ 'အရိံ+ဒမ''ဟု ဖြစ်ပြီ၊] နိဂ္ဂဟီတသ္မာ-၏၊ ဝဂ္ဂန္တတ္တံ - ဝဂ္ဂန္တပြုသော-ကြောင်းသော အစီအရင်သည်၊ သမံ - တူ၏၊ ဝုဒ္ဓါဘာဝေါ-ဝုဒ္ဓိမဖြစ်ခြင်းသည်သာ၊ ဝိသေသော ထူး၏၊ [နု လာခြင်း, နုကို နိဂ္ဂဟိတ်ပြုခြင်းမှကြောင်းသော အစီအရင်သည် ''ကုမ္ဘကာရော' စသည်နှင့် တူ၏၊ သို့သော် ကာရကဲ့သို့ ဝုဒ္ဓိမပြုရခြင်းကား ထူးသည်-ဟူလို၊] အရိန္ဒမော-အရိန္ဒမ မည်သော၊ ရာဇာ-မင်း၊ တထာ-ပါး၊ တရ = တရဏေ=လွန်မြောက်ခြင်း၌....၏၊ ဝေဿံ-ကုန်သည်လမ်းကို၊ တရတိ-လွန်တတ်၏။ [မြို့တော်တည်ရာဝယ် ကုန်သည်တို့လမ်း အလွန်တွင် ဝေဿန္တရာ မင်းလောင်းကို ဖွားမြင်တော်မူသည်။ ဣတိ ဝေဿန္တရော – မည်၏၊ တဏှံ-တဏှာကို၊ ကရောတိ-ညှဉ်းဆဲတတ်၏၊ ဣတိ တဏှင်္ကရော-မည်၏၊ ဘဂဝါ တည်း၊ ဧဝံ, မေဓင်္ကရော- (ပညာကို ပြုတော်မူတတ်သော) မေဓင်္ကရာ ဘုရား၊ သရဏင်္ကရော- (ကိုးကွယ်ရာကို ပြုတော် မူတတ်သော) သရဏင်္ကရာ ဘုရား၊ ဒီပင်္ကရော- (ပညာဆီမီးကို ပြုတော်မူတတ်သော)ဒီပင်္ကရာဘုရား။

(၅၆၆) အာဒိမှိတိ, အက္ခတိစ-အဟူသော ပုဒ်သည်ရင်း၊ ဝတ္တတေ။

ပုရေ ဒဒါစ ဣံ။ ။ပုရသဒ္ဒေ-သည်။ အာဒိမှိ-၌၊ သတိ-သော်၊ ''ဒဒ = ဒါနေ''ဣတိ-''ဒဒ=ဒါနေ''ဟူသော၊တောယဓာတုယာ-ဤဓာတ်မှ နောက်၌၊ အပစ္စယော ဟောတိ၊ ပုရသဒ္ဒေ-ပုရသဒ္ဒါ၌၊ အကာရဿ-အ အက္ခရာ၏၊ ဣံစ-ဣံအပြုသည်လည်း၊ ဟောတိ၊ စ - ဆက်၊ ဧတ္တ-ဤသုတ်၌။ [ဒဇ္ဇ္ဈံ- ၌စပ်၊] တဒန္ဒ ပရောဓေနာတိ-ဟူ၍၊ ပရိဘာသတော-

---

(၅၆၅) အရိန္ဒမော-စသော နာမည်ဟောသဒ္ဒါတို့သည်သဒ္ဒါယမ်န သုတ်ဖြင့် အပစ္စည်းသက်သည့်ပြင် နုလည်း လာရသေးသောကြောင့် သမာသ်အတွင်း၌ရှိသော အံ့ဝိဘတ်ကိုချေပစ်ရကား ကိုတန္တတပ္ပုရိသ် လုတ္တသမာသ်များဖြစ်ကြ၏၊ ပဘင်္ကရော စသည်တို့ကားနာမည်ဟောမဟုတ်သောကြောင့် သဗ္ဗတော ဏွု တွာပိဝါ သုတ်ဖြင့် အပစ္စည်းသာ သက်၍ နု အက္ခရာ မလာရသဖြင့် ''အလုတ္တ တပ္ပုရိသ်''ဟု တပ္ပုရိတ သမာသ်ခဏ်း၌ ဆိုခဲ့သည်၊ ''မေဓံ+ကရောတိ အကာသိကရိဿတိတိမေဓင်္ကရော'' စသည်ဝိဂ္ဂြိုဟ်ပြု၊ဤမေဓင်္ကရောစသည်ကား ဘုရားရှင်များ၏နာမည်တော်ချည်းတည်း၊ ထို့ကြောင့် ''သဒ္ဒါယံ''နှင့်အညီ ဤသုတ်၏ပုံစံများဖြစ်ကြရသည်။

www.dhammaransi.com



ကြောင့်၊ ပုရသဒ္ဒန္တဿေဝ - ပုရသဒ္ဒါ၏ အဆုံး အဇါသာ၊ ဣုံပေါတိ- ဣုံ အပြုဖြစ်၏၊ ဣတိ ဒဋ္ဌဗ္ဗံ။

ဏာဒိနံ - ဏ အစရှိသော ပစ္စည်းတို့၏၊ တေကာလိကတ္တေ - ကာလ ၃ ပါး၌ ယှဉ်ကုန်သည်၏အဖြစ်သည်၊ (သတိ) ပိ-ဖြစ်ပါသော်လည်း၊ ဥပ ပဒတ္ထ ဝိသေသေန - အနီးပုဒ်နက်၏ အထူး ပြုခြင်းကြောင့်၊ အတီတေ ယေဝ - အတိတ်ကာလ၌သာ၊ အယံ အပစ္စယော - ဤ အပစ္စည်းသည်၊ ဟောတိ၊ ဣတိ ဒဋ္ဌဗ္ဗံ၊ ပုရေ-ရှေး၌၊ ဒါနံ-အလှူကို၊ အဒဒိ-လှူဘူးပြီ၊ ဣတိ ပုရိန္ဒဒေါ-မည်၏၊ သက္ကော-သိကြားတည်း၊ ဣမာပိ - ဤပြယုဂ်၌လည်း၊ ဝိဘတ္တိလောပေ-ကို၊ ကတေယေဝ-ပြုအပ်ပြီးမှသာ၊ ဣုံအာဒေသော-ဣုံပြု။

(၅၆၇) ကမ္မာဒိမှိတိ အတိစ ဝတ္တတေ]

**သဗ္ဗတော ဏွုတွာ ဝိဝါ**။ ။ကမ္မာဒိမှိ - အစ၌ ကံပုဒ် ရှိသည်၊ သတိဝါ-ဖြစ်သော်ငြား၊ အကမ္မာဒိမှိ-အစ၌ ကံပုဒ်မရှိသည်၊ သတိဝါ-ငြား၊ သဗ္ဗတော ဓာတုတော, အဏ္ဍု ဘု အာဝီဣတိ-အ, ဏ္ဍု, ဘု, အာဝီ

---

(၅၆၆) **ဒဒ=ဒါနေ၊ပေ၊ဓာတုယာ**- "ဒဒ ဂါတုယာ "ဟုမဆိုဘဲ" ဒဒ= ဒါနေဣစ္စေတာယ ဓာတုယာ"ဟုဆိုခြင်းကား ဒဒဓာတ်၏ဒါန,ဓာရဏ ၂ နက်တွင် ဓာရဏ(ဆောင်ခြင်း) အနက်ကို ဟောသော ဒဒဂါတ်ကို တားမြစ်၍ "ဒါန" အနက်ဟော ဒဒဓာတ်ကိုသာ ယူစေလိုသောကြောင့်တည်း။

**ဧတ္ထ၊ပေ၊ပုရသဒ္ဒဿေဝဣုံ**- သုတ်၌ "ပုရေ ဒဒါစ ဣုံ"ဟု ဆိုထားသော ကြောင့် ပုရ၏ အကို ဣုံပြုရမည်ဟုငြား, ဒဒဓာတ်မှ အကို ဣုံပြုရမည်ဟုငြား မသိသာ သော်လည်း"တဒနု ပရောဓေန- ဘုရားပါဠိတော်နှင့်မဆန့်ကျင်စေရ" ဟူသော ပရိ ဘာသာကြောင့် ပါဠိတော်အားလျော်စွာ ပုရ၏ အဆုံး အကိုသာ ဣုံပြုရသည်။

**ဏာဒီနံ၊ပေ၊ အတီတေ ယေဝါယံ အပစ္စယော**- ဏာဒယော အရတွင် (အရိန္ဒမော-စသည်၌) အပစ္စည်းများလည်း ပါဝင်သောကြောင့် ဤသုတ်လာ အပစ္စည်းလည်း ကာလ ၃ ပါး၌ သက်ရလေမည်လားဟု ယုံမှားဘွယ်ရှိ၏၊ သို့သော် "ပုရေ"ဟူသော ဥပပဒက"ရှေး၌"ဟု ဝိသေသန ပြုထား၏၊ရှေး- ဆိုလျှင်လည်း အတိတ်ကာလသာဖြစ်တော့၏၊ထို့ကြောင့်ဤသုတ်လာ အပစ္စည်းကို အတိတ်ကာလ ၌သာ သက်သည်-ဟုမှတ်၊ ထို့ကြောင့်"ပုရေဒါနံ အဒဒိ"ဟု အတိတ်ဝိဂ္ဂြိုဟ်တခုသာ ပြုသည်၊ဤရုပ်၌လည်း ပုရေ၌ သို့ ဝိဘတ်ကိုချေပြီး၍ ပကပါပြုပြီးမှ အကိုဣုံ ပြုရသည်၊ ရုပ်တွက်ပုံအစဉ်မှာ အရိန္ဒမော-အတိုင်းပင်တည်း။ [ဣုမာဂံ၌ ဝိသဒ္ဒါသည် အရိန္ဒမ ၌ ဝိဘတ်ချေပြီးမှ နုလာရသကဲ့သို့ ဤ၌လည်း ဝိဘတ်ချေပြီးမှဣုံပြု-ဟု ဝိဘတ်ချေမှုချင်း တူသောကြောင့် ဆည်းသောသဒ္ဒါတည်း။

www.dhammaransi.com



ဟူကုန်သော၊ စတ္တာရော–၄-ပါးကုန်သော၊ ဒေဝပစ္စယာ ဟောန္တိ၊ ဝါဂ္ဂ ဟဏံ-သည်၊ အကမ္မာဒိမှိ ဝါတိ၊ အကမ္မာဒိမှိ ဝါဟူ၍၊ ဝိကပ္ပနတ္ထံ-ဝိကပ် ပြုခြင်း အနက်ရှိ၏၊ တာ၁၀ • ရှေးဦးစွာ၊ အပစ္စယေ – အ ပစ္စည်း၌(ဥဒါ ဟရဏံ-ကား၊) ဓရ-ဓရဏေ၊ ဓမ္မံ–တရားကို၊ အဓရိ-ဆောင်ပြီ၊ ပေ၊ ဓမ္မဓရော၊ ဧဝံ, ဝိနယာဓရော-ဝိနည်းဆောင်သူ၊ ဝါ-ဝိနည်းမိုရ်၊ တထာ–ပါး၊ တံ-ထို ခိုးမှုကို၊ ကရောတိ-ပြုတတ်၏။ ဣတိ တက္ကရော-(ခိုးသူ) မည်၏၊ ဒွိတ္တံ-ဒွေဘော်လာ၊ ဧဝံ,ဟိတကရော – စီးပွားကိုပြုသူ၊ ဒိဝသကရော, ဒိန ကရော, ဒိဝါကရော-နေ့ကိုပြုသော နေ၊ နိသာကရော–ညဉ့်ကိုပြုသော လ၊ မန်-လေးကို၊ ဂဏှာတိ-ကိုင်တတ်၏၊ ဣတိ မနုဂ္ဂဟော၊ ဧဝံ, ကဋ္ဌဂ္ဂဟော– အောင်လံကို ကိုင်သူ၊ သဗ္ဗကာမံ – အလုံးစုံ အလိုရှိအပ်သော ဝတ္ထုကို၊ ဒဒါတိ-၏၊ ဣတိ သဗ္ဗကာမ ဒဒေါ-အလုံးစုံကို ပေးသူ။

အာတော ပန–အာကာရန္တဓာတ်မှနောက်၌ (အ ပစ္စည်း သက်ပုံကား၊) [“အန္န ဒဒေါပန” ဟု ရှိသည်ကား ပါဌ်ပျက်၊] အန္နံ–အစာကို၊ အဒါသိ-

---

(၅၆၇) ဝါဂ္ဂဟဏံ၊ပေ၊ဝိကပ္ပနတ္ထံ- ဤ၌ ဝိကပ္ပနဟူသည် တိုက်ရိုက်မဆို အပ်သော အနက် တမျိုးကိုစီရင်ခြင်းသော အတ္ထန္တရဝိကပ်တည်း၊ကမ္မာဒိမှိပုဒ်သည် ရှေ့ ဓာတုယာ ကမ္မာဒိမှိဏော သုတ်မှ လိုက်လာသောကြောင့် တိုက်ရိုက်ဆိုအပ်ပြီးဖြစ်၏၊ အကမ္မာဒိမှိကား မည်သည့်သုတ်ကမှလိုက်မလာသောကြောင့်မဆိုအပ်သေး၊ဝါသဒ္ဒါ သည် ထို တိုက်ရိုက် မဆိုအပ်သော“အကမ္မာဒိမှိ”ဟူသော အနက်တမျိုးကို သီးခြား စီရင်ခြင်းအနက်ရှိ၏၊ထို့ကြောင့်ဝုတ္တိ၌“အကမ္မာဒိမှိ”ဟုဖွင့်နိုင်သည်-ဟူလို။

**တက္ကရော**ဒွိတ္တံ-ဓမ္မဓရောမှစ၍ ကံပုဒ်အနီးရှိသောပုဒ်တို့သည် ကိတန္တဒုတိယာ တပ္ပုရိသ် သမာသ် ချည်းတည်း။ ရုပ်တွက်ပုံကို ကုမ္ဘကာရောအတိုင်းသိ၊ တက္ကရော ၌လည်း“တ+ကရ”တည်,အံသက်,ဤသုတ်ဖြင့် အ ပစ္စည်းသက်၍ သမာသ်စသည် စီရင်ပြီးနောက်“တ+ကရ”ဟုဖြစ်သည့်အခါ က ဒွေဘော်လာရသည်၊ ဘာ့ကြောင့် နည်း....ယသဒ္ဒါ တသဒ္ဒါတို့နှင့်သမာသ်တွဲရာ၌ နောက်ပုဒ်ဝယ်ဒွဲဘော်သော်လည်း လာရ၏၊ပုံစံကား-“ယဂ္ဂုဏော-အကြင်ဂုဏ်၊ တပ္ပရမော=ထိုလျှင် အလွန်ရှိ၏၊” ဒွေဘော်မလာလျှင် ယ တ နောင် နိဂ္ဂဟိတ် သော်လည်း လာရ၏။ ပုံစံကား- “ယံဘာဝေါ-အကြင်ကြိယာ၊တံသမ္ဘယုတ္တော-ထိုနှင့်ယှဉ်သည်” ထို့ကြောင့်တည်း။

**ဒိဝါ,နိသာ,ကဋ္ဌ**- “ဟိတံ ကရောတိ”စသည်ဖြင့် ဝိဂြိုဟ်ပြု၊ ဒိဝသော-နေ့၊ ဒိနံ-နေ့၊ဒိဝါကား “နေ့”ဟော နိပါတ်၊“ဒိဝါ-နေ့ကို၊ကရောတိတိဒိဝါကရော”ဟု ပြု၊ ဒိဝါနောင် အံသက် ချေ၊ “နိသာ”ကား အာကာရန္တ ဣတ္ထိလိင်၊ “နိသံ-ညဉ့် ကို၊ ကရောတီတိ နိသာကရော”ဟု ပြု၊ “ကဋ္ဌော ဇယတ္ထိ နိမိတ္တော”ဟု အဘိဓာန် ဆိုသောကြောင့် “ကဋ္ဌော”ဟူသည် “ဇယ-အောင်လံ”တည်း။

www.dhammaransi.com



ပေးပြီ၊ ပေ၊ ဣတိ အန္တဒေါ၊ ဧဝံ ဓနဒေါ·ဥစ္စာ ပေးသူ၊ သစ္စံ–မှန်သော စကားကို၊ သန္ဓဟတိ=စပ်တတ်၏၊ ဣတိ သစ္စသန္ဓော၊ပါ=ပါနေ၊ မဇ္ဇံ–သေရည်ကို၊ ပိဝတိ–သောက်တတ်၏၊ ဣတိ မဇ္ဇပေါ၊ တာ=ပါလနေ-စောင့်ရှောက်ခြင်း၌....၏၊ ဂဝံ(သဒ္ဒံ) –သဒ္ဒါကို၊ ဟာယတိ-စောင့်ရှောက်တတ်၏၊ ဣတိ,ဂေါတ္တံ၊ ကတ္တရိ–ကတ္တားအနက်၌၊ ဧဝံ·ဤသို့အတူတည်း။

အကမ္မာဒိမှ ပန-အစ၌ ကံပုဒ်မရှိသောဓာတ်၌(ဥဒါဟရဏ်ကား)၊ ယသ္မာ ဒပေတိ သုတ္တေ–ယသ္မာဒပေတိ စသောသုတ်၌၊ဘယဂ္ဂဟဏေန–ဘော အနက် ဟော ဘယ သဒ္ဒါကြောင့်၊ သေသ သာမနေပိ-ကတ္တုမှ ကြွင်းသော သာမန ၌လည်း (အပစ္စယော-အပစ္စည်း သက်၊) နီ=ပါပဏော၊ ဝိပုဗ္ဗော ဝိရှေးရှိ၏၊ ဧတေန-ဤတရားဖြင့်၊ ဝါ,ဧတ္ထ-၌၊ ဝိနေသိ-ဆုံးမပြီ၊ ပေ၊ ဣတိ-ထိုသို့ ဆုံးမကြောင်း, ဆုံးမရာ၏အဖြစ်ကြောင့်၊ ဝိနယော–(ဝိနည်းတရား) မည်၏၊ အညေသုစာတိ-သုတ်ဖြင့်၊ ဝုဒ္ဓိ–ဝုဒ္ဓိပြု၊ အယာဒေသော စ - အယ လည်းပြု၊ နယနံ-ဆောင်ခြင်း၊ နယော-ခြင်း။

---

**အာတောပန၊ပေ၊ဧဝံ ကတ္တရိ-** ''အန္တဒေါပန'' ကား အဓိပ္ပါယ်မရှိ၊ ''အန္နဒေါ'ဗလဒေါဟောတိ''ဟုသဂါထာဝဂ္ဂသံယုတ်ပါဠိတော်နှင့်အညီ''အန္န+ဒါ'' စသည်ဖြင့် ဂေါတ္တံတိုင်အောင် အာကာရန္တဓာတ်ချည်းဖြစ်ရကား''အာတော ပန'' ဟူသော သီဟိုဠ်မူသာ ယုတ္တိရှိ၏၊ ထို့ကြောင့် ''အန္နဒေါ,ဓနဒေါ''ဟုချည်းပါဌ်မှန် ရှိစေ၊ ''သစ္စ သဒ္ဒူပ ပဒ, သံပုဗ္ဗ ဓာဝာတ်ဖြင့် ''သစ္စသန္ဓ''ဟု ဖြစ်၏၊ဂေါသဒ္ဒါသည် ''ပသုမှိ ဝသုဓာယဉ္စ,ဝါစာဒေါဂေါပုမိတ္ထိယံ''အဘိဓာန်နှင့်အညီသားကောင်-မြေ-စကားသံစသောအနက်များစွာကိုဟော၏၊ဤဂေါတ္တံ၌ဂေါသဒ္ဒါသည်ကားစကားသံ (သဒ္ဒ)ဟူသောအနက်ကို ဟော၏၊ထို့ကြောင့် ဂဝံကို (သဒ္ဒံ)ဟု ဖွင့်သည်၊ ''ပုထုဇ္ဇန ဂေါတ္တ-ပုထုဇဉ်အနွယ်''ဟူသည် ဒိဋ္ဌိဝိစိကိစ္ဆာ မကင်းသေးသော ခန္ဓာ အစဉ်တည်း၊ထို အနွယ် ရှိသေးသမျှ ''ပုထုဇ္ဇန''ဟူသော သဒ္ဒါလည်းမပျက်ရကား ထိုအနွယ်ကို ပုထုဇ္ဇနဟူသောသဒ္ဒါကိုစောင့်ရှောက်သည်-ဟုလို၊''ဂေါ+တာ+အ''ဟု ဖြစ်သည့်အခါ တာ၌အာချေ,တဒွေဘော်လာ၍''ဂေါတ္တံ''ဟုဖြစ်၏၊ နပုံလိင်တည်း။

**ယသ္မာဒပေတိ၊ ပေ၊ သေသ သာမနေပိ-** ယသ္မာဒပေတိ ဘယမာဒတ္တေဝါ- စသောသုတ်၌ ဘယ သဒ္ဒါသည် ဘီဓာတ်,ဤသုတ်က အပစ္စည်းဖြင့် ပြီး၏၊ ထို အပစ္စည်းသည်''ဘယနံ-ကြောက်ခြင်း၊ဘယော-ခြင်း''ဟုဘာဝသာဓနကိုဟော၏၊ ''ကတ္တရိကိတ်''သုတ်ကကိတ်ပစ္စည်းမှန်လျှင်ကတ္တားအနက်၌သက်ရမည်ဟုသတ်မှတ် ထားသော်လည်း ထိုသတ်မှတ်ချက်မမြဲသောကြောင့် ကိတ်ပစ္စည်းတွင်ပါဝင်သောအ ပစ္စည်းသည် ကံစသောအနက်၌လည်း သက်နိုင်သည်-ဟုလို၊ထို့ကြောင့် ဝိနယော၌ ''ဧတေန-ဧတ္ထာတိဝါ''ဟု ကရဏ-အဓိကရဏဝိဂ္ဂြိုဟ်ပြုထားသည်။

www.dhammaransi.com



သိ=သေဝါယံ-မှီခို ဆည်းကပ်ခြင်း၌....၏၊ နိပုဗ္ဗော-နိရှေးရှိ၏၊ နိသီယိတ္တ-မှီအပ်ပြီ ၊ ပေ၊ နိဿယော။ [နည်းပယူသော အားဖြင့် မှီအပ်သော နိဿယကျမ်း, မှီခိုဆည်းကပ်အပ်သော နိဿယည်း ဆရာ ၊] သိ=သယေ၊ အနုသေသိ (အနုသယ်-လည်းရှိ၏၊)- ကိန်းဝပ်ပြီ၊ ပေ၊ အနုသယော၊ဣ-ဂတ်မှိ၊ ပတိပုဗ္ဗော-ပတိရှေးရှိ၏။ [မူလက ''ပတိ'' ဥပသာရတည်း၊နောက်မှ ''ပစ္စိ''ပြုသည်၊] တေသ္မာ-ဤအကြောင်းမှ၊ ပဋိစ္စ-စွဲ၍၊ ဖလံ-အကျိုးသည်။ ဧတိ-ဖြစ်တတ်၏၊ ဣတိ ပစ္စယော-မည်၏၊ သမုဒယော-သမုဒယသစ္စာ။

စိ=စယေ-စည်ခြင်း, ဆည်းပူးခြင်း၌....၏၊အနေန - ဤစကားအစဉ်ဖြင့်၊ ဝိနိစ္ဆိသတေ-ဆုံးဖြတ်အပ်၏၊ ဣတိ, ဝိနိစ္ဆယော၊ ဝါ, ဝိနိစ္ဆယနံ-ဆုံးဖြတ်ခြင်းသည်၊ ဝိနိစ္ဆယော-မည်၏။ [ဆုံးဖြတ်ကြောင်း စကားအစဉ်ကိုရင်း, ဆုံးဖြတ်ခြင်း ကြိယာကိုရင်း ဝိနိစ္ဆယ ဟု ခေါ်သည်၊] ဥစ္စယနံ-တိုးပွားခြင်း၊ ဥစ္စယော-ခြင်း။ [ဥပုဗ္ဗ စိဓာတ်၊] သဥ္စယော-ပေါင်းစုခြင်း၊ [သံပုဗ္ဗ စိဓာတ်၊ သိဟိုဠ်မူ၌ ''ဓမ္မံ-ကို၊ ဝိစိနာတိ-စိစစ်တတ်၏၊ ဣတိ-ဓမ္မဝိစယော''ဟု ဤနေရာ၌ရှိ၏။] ခိ=ခယေ - ကုန်ခန်းခြင်း၌....၏၊ ခယနံ-ကုန်ခြင်း၊ ခယော-ခြင်း၊ ဇိ=ဇယေ၊ ဝိဇယနံ-အောင်ခြင်း၊ ဝိဇယော-ခြင်း [ဇယော-အောင်ခြင်း'' ဟုလည်း သိမူ၌ရှိသေး၏။] ကီ=ဒဗ္ဗ ဝိနိမယေ၊ ဝိက္ကယနံ-ရောင်းခြင်း၊ ဝိက္ကယော-ခြင်း ကယော-ဝယ်ခြင်း၊ လီ=သိလေသနေ - ငြိကပ်ခြင်း၌ ၏၊ ဧတ္ထ - ဤနေရာအိမ်၌၊ အလ္လီယတိ - ကပ်ငြိ (တွယ်တာ) ၏၊ ဣတိ အာလယော - မည်၏၊ လယော-ကပ်ငြိရာ၊ ဣဝဏ္ဏန္တေ-ဣဝဏ် အဆုံးရှိသော ဓာတ်၌၊ [သိမူ၌ ''ဣဝဏ္ဏန္တတော-မှ

---

**နိဿယော**-နိဿယ ဆိုသည်မှာ အတော်အတန်ဉာဏ်ရှိပြီးသူတို့ မှီငြမ်းပြုဘို့ရာ အကျဉ်းချုပ် စီရင်အပ်သော (ဘာသာပြန်,အဖွင့်) ကျမ်းများသာဖြစ်ထိုက်၏၊ ယခုကာလ၌ကား ပါဠိရှိသမျှ) ''ဟောတိ''ပါမချန်) ပါဠိနှင့်မြန်မာ တွဲပြထားသော ကျမ်းကျယ်တွေကို ''နိဿယ''ဟု ခေါ်နေကြ၍ ''နိဿယ=မှီအပ်သောကျမ်း'' ဟူသော မူလနာမည်နှင့် မထပ်မိဘဲ ရှိရသည်။

**သမုဒယော**-ဤသမုဒယောလည်း သံ+ဥ+ပုဗ္ဗ ဣဓာတ်ပင်၊ သံ သဒ္ဒါသည် သံယောဂ (စပ်မိခြင်း) အနက်ဟော၊သံယောဂေ-အဝိဇ္ဇာ ကံစသောအကြောင်းနှင့် ပေါင်းမိလတ်သော်၊တေန-ဤတဏှာလောဘကြောင့်၊ဒုက္ခံ-သည်၊ဥဒေဘိ-ဖြစ်ပေါ်လာတတ်၏၊ဣတိ သမုဒယော၊လောဘချည်းသက်သက် ဒုက္ခဖြစ်စေနိုင်သည်မဟုတ်, အဝိဇ္ဇာ ကံစသောအဖေါ်အပေါင်းတို့နှင့်ပေါင်းမိမှ လောဘကအရင်းခံအနေအားဖြင့် ဒုက္ခကိုဖြစ်စေနိုင်သည်-ဟူလို။

www.dhammaransi.com



နောက်၌''ဟု ရှိ၏၊] ဇေ-ဤ့ အဘူတည်း။ [ဋင်းနောက်၌''မမ္ပံ ဒိစိနာတိတိ မမ္ပဝိစယော''ဟု မြန်မာမှုရှိ၏၊ တချို့စာ၌ ''ဇေ ဣဝဏ္ဏာဒေ္တ''၏ ရှေ့၌ရှိ၏၊ စိမ္မာတ်ချင်းတူသော ''သဥ္စယော''နောက်၌သာ ရှိရမည်။]

အာသုဏန္တိ-ရိုသေစွာ နာယူတတ်ကုန်၏၊ ဣတိ အဿဝါ-အဿဝ တို့ မည်၏၊ အဝါဒေသော – အဝပြု။ [အာပုဗ္ဗ သုဓာတ်, အာသဒ္ဒါသည် ''အာဒရ-ရိုသေခြင်း'' အနက်ဟော၊ ထိုအာကို ရဿံသုတ်ဖြင့် ရဿပြု၊] ပဋိဿဝနံ–ချေးရှုနားထောင်ခြင်းသည်၊ ဝါ ဝန်ခံခြင်းသည်၊ ပဋိဿဝေါ-မည်၏။ [ပဋိပုဗ္ဗ သုဓာတ်, ကြားနာခြင်း အနက်ဟော ''သု'' ဓာတ်၌ ဒွေဘော်ရောက်မြဲ၊] သု=ဂတိမှို၊ အာဘဝဂ္ဂါ-ဘဝဂ်တိုင်အောင်၊ သဝန္တိ-ဖြစ်တတ်ကုန်၏၊ဣတိ အာသဝါ၊ ရု=သဒ္ဒေ-အသံပြုခြင်း၌....၏ ရဝတိ-မြည်တတ်၏၊ ဣတိ,ရဝေါ-ရဝမည်၏(အသံ)၊ဘဝတီတိ ဘဝေါ (ဖြစ်တတ်သော ဘဝ)၊ တေသွာ-ဤတရားမှ၊ ဝါ-ဤအရပ်မှ၊ ပဘဝတိ-စ၍ ဖြစ်တတ်၏။ ဣတိ ပဘဝေါ။ [ပပုဗ္ဗ ဘူဓာတ်, ပသဒ္ဒါသည် ''အစ'' အနက်ဟော၊] လူ= ဆေဒနေ၊ လဝနံ-ဖြတ်ခြင်းသည်၊ လဝေါ • မည်၏၊ ဥဝဏ္ဏာန္တေ-ဥဝဏ် အဆုံးရှိသော ဓာတ်၌။ [''ဥဝဏ္ဏန္တတော''သိ၊] ဇေ–တည်း။

နိဂ္ဂဏှာတိ–နှိပ်တတ်၏၊ (ဣတိ) နိဂ္ဂဟော - မည်၏၊ ဝါ, နိဂ္ဂဟဏံ–နှိပ်ခြင်းသည်၊ နိဂ္ဂဟော – မည်၏၊ [''ပဂ္ဂဟော • ချီးမြှောက်ခြင်း'' ဟု သိဒ္ဓိ၌ ရှိသေး၏။] ဧတေန–ဤပစ္စည်းဖြင့်၊ သင်္ဂဏှာတိ-ချီးမြှောက်၏ (ဣတိ) သင်္ဂဟော၊ ဝါ, သင်္ဂဟဏံ-ချီးမြှောက်ခြင်းသည်၊ သင်္ဂဟော - မည်၏။ [''သင်္ဂဏှာတိ ဧတေန သင်္ဂဟဏံ ဝါ''ဟု သိမ္မူ၌ရှိ၏၊] ဝရ=ဝရဏေ–စောင့်ရှောက်ခြင်း၌....၏။ သံဝရဏံ-စောင့်ရှောက်ခြင်း၊ သံဝရော–ခြင်း၊ ဒရ=အာဒရေ-ရိုသေခြင်း၌....၏၊ အာဒရဏံ-ရိုသေခြင်း၊ အာဒရော-ခြင်း။

အာဂစ္ဆတိ-လာတတ်၏၊ ဣတိ အာဂမော၊ ဝါ, အာဂမနံ-လာခြင်း၊ အာဂမော–ခြင်း။ [ဤဝိဂ္ဂဟဖြင့် ''သာဂမော''စသည်၌ ပါသော အာဂမ ပုဒ်ကို ပြ၏။] ဧတ္ထ-ဤမမ္မ၌၊ ဝါ, ဧတေန–ဤမမ္မဖြင့်၊ အတ္ထာ-အကျိုးတို့ကို၊ ဝါ-အနက်တို့ကို၊ အာဂမိယန္တိ–ရှေးရှု သိအပ်ကုန်၏၊ ဣတိ,အာဂမော-

---

မှတ်ချက်။ ။''အာဂမိဿတိ ဧတ္ထ ဧတေန ဝါတိ အာဂမော''ဟု မြန်မာမှု၌ ''အာဂမိဿတိ''ဟု အနာဂတ်ဖြင့်ဆိုသည်ကားမကောင်း၊ လာလတံ့မဟုတ်,အမြဲ လာနိုင်သောသတ္တိရှိ၍ဝတ္တမာန်သာသင့်၏၊ ထို့ကြောင့်သိဒ္ဓိ၌'အာဂမိယန္တိ အတ္ထာ'ဟု

www.dhammaransi.com



အာဂမ မည်၏၊ ပရိယတ္တိ-ပရိယတ် တရားရ၏၊ သပ္ပတိ - သွားတတ်၏၊ ဣတိ သပ္ပေါ၊ ဒိဗ္ဗတိ-မြူးတူးပျော်ပါးတတ်၏၊ ဣတိ ဒေဝေါ၊ ကမု=ပဒဝိက္ခေပေ၊ ပက္ကမနံ - ဖဲသွားခြင်း၊ ပက္ကမော-ခြင်း၊ ဝါ, ပက္ကမတိ-ဖဲသွားတတ်၏၊ ဣတိ ပက္ကမော၊ စေ၊, ဝိက္ကမော-ကြွလှမ်းခြင်း။

စရ=စရဏေ၊ ဝနေ — တော၌၊ စရတိ-လှည့်လည်တတ်၏၊ ဣတိ ဝနစရော-(မုဆိုး) မည်၏၊ တွေ-ဤလေးဂါထာ၌ (ဘုံ၌)၊ ကာမေ-ကာမသည်၊ အဝစရတိ-ဖြစ်တတ်၏၊ ဣတိ ကာမာဝစရော-၏၊ လောကော — ကာမလောက (ကာမဘုံ)၏၊ ကာမာဝစရာ - ကာမ၏ ဖြစ်ရာ ဖြစ်သော၊ သညာ-သညာ၊ ကာမာဝစရံ-သော၊ စိတ္တံ-စိတ်၊ ဆဋ္ဌတပ္ပုရိသော - ဆဋ္ဌီတပ္ပုရိသ်တည်း။

ရုဟ=ဇနနေ-ဖြစ်ခြင်း၌....၏၊ သိရသ္မိံ-ဦးခေါင်း၌၊ ရုဟတိ - ပေါက်တတ်၏၊ ဣတိ သိရောရုဟော- (ဆံပင်) မည်၏၊ [မနောဂိုဏ်း ဖြစ်၍ "သိရော"ဟု ဩ ရှိရသည်၊] ဂုဟာယံ - ဟဒယဝတ္ထုတည်း ဟူသော လိုဏ်ဂူ၌၊ သယတိ - ကိန်းဝပ်တတ်၏၊ ဣတိ ဂုဟာသယံ-၏၊ စိတ္တံ-စိတ်၏၊ စေ၊ ကုစ္ဆိသယာ - ဝမ်း၌ကိန်းကုန်သော၊ ဝါတာ-လေတို့၊ ဌာ=ဂတိနိဝတ္တိမှို၊ ပဗ္ဗတေ၊ တောင်၌၊ အဋ္ဌာသိ တည်ပြီ၊ ပေ၊ ပဗ္ဗတဋ္ဌာ-တောင်၌တည်သော၊ နဒီ-မြစ်၊ ပေ၊ ဩသဓံ-ဆေး၊ စေ၊, ထလဋ္ဌ-ကုန်း၌တည်သော ဝတ္ထု၊ ဇလဋ္ဌ — ရေ၌တည်သောဝတ္ထု၊ သတ္တမီတပ္ပုရိသော-တည်း၊ [သိရောရုဟော စသည်တို့ကို သတ္တမီ တပ္ပုရိသ် ဟု ဆိုသည်၊ ပဗ္ဗတဋ္ဌောကား နိစ္စသမာသ်တည်း-ပဗ္ဗတသဒ္ဒါပုပဒ ဌာတည်၍တွက်။]

တွေ-ဤအရပ်၌၊ ဂါဝေါ-နွားတို့သည်၊ စရန္တိ - လှည့်လည်ကုန်၏၊ ဣတိ ဂေါစရော၊ ["စရန္တိ တွောတိ စရော, ဂုန္နံ+စရော, ဂေါစရော"ဟု

ရှိသည့်အတိုင်းပေးလိုက်သည်၊ "အာဂမ ဝရဿ"ပုဒ်ကိုဖွင့်သော သီလက္ခန်ဋီကာ သစ်၌ကား "အာဂစ္ဆန္တိ အတ္ထတ္ထပရတ္တာဒယော ဧတ္ထ ဧတေန ဧတသ္မာတိဝါ အာဂမော"ဟု ဖွင့်၏၊ ထိုဋီကာဟောင်း၌ စာပျက်လျက်ရှိ၏။

**မှတ်ချက်။** ။["အဝစရတိ တွောတိ အဝစရော"ဟုရှေးဦးစွာဝိဂ္ဂဟပြု၍ကာမနှင့် အဝစရကို "ကာမဿ+အဝစရော, ကာမာဝစရော"စသည်ဖြင့် ဆဋ္ဌီတပ္ပုရိသ်တွဲရမည်။ "ကာမေ အဝစရတိ တွေ"ကား လဟုက နည်းအားဖြင့် ပြီးစလွယ် ပြုထားသော ဝိဂ္ဂဟ ဖြစ်သည်-ဟူလို၊ ၃ လိန် ဆက်ဆံကြောင်းပြလို၍ "လောကော, သညာ, စိတ္တံ"ဟု အဘိဓေယျ ထည့်သည်။]

www.dhammaransi.com



ဆင်္ဂီတပ္ပုရိသ် ပြု၊[ ပါဒေန-အမြစ် တည်းဟူသော ခြေဖြင့်၊ပိဝတိ- ရေ သောက်တတ်၏၊ ဣတိပါဒပေါ- (သစ်ပင်)မည်၏၊ ဇဝံ, ကစ္ဆပေါ-လိပ်၊ [''ကစ္ဆေန-လက်ကတီးကြားဖြင့်၊ပိဝတိ-ရေသောက်တတ်၏''ဟုဝိဂ္ဂြိုဟ်ပြု၊] တတိယာ တပ္ပုရိသော- (ပါဒပေါ, ကစ္ဆပေါတို့)တဘိယာ တပ္ပုရိသ် တည်း၊ [ဤဌာနကား နိစ္စ သမာသ် ဖြစ်၍ ''ပိဝတီတိ ပေါ''ဟု မဖြစ်နိုင်၊ ''ပါဒေန ပိဝတိ''ဟု ကိတန္တ တပ္ပုရိသ် ပြုရမည်။]

(၅၆၈) ဂဟဿု ပဝဿေ ဝါ။ ။ဂဟ ဣတိ တေဿ ဓာတုဿ- ၏၊ ဥပဓဿ-ဥပဓာ မည်သော အက္ခရာ၏၊ ဧတ္တံ-သည်၊ ဝါ ဟောတိ၊ ဥပဓာတိ-ဥပဓာ ဟူသော အမည်သည်၊ အန္တက္ခရတော- အဆုံးအက္ခရာမှ၊ ပုဗ္ဗက္ခရဿ-ရှေ့အက္ခရာ၏၊ ပရသမညာ- တပါးသော သက္ကတကျမ်း၏ အမည်တည်း၊ ဂယှတိ-ယူအပ်၏၊ ဣတိ ဂေဟံ-၏၊ ဂဟံဝါ-လည်းရှိ၏။

ဏွုပစ္စယေ-၌ (ဥဒါဟရုဏ်ကား)၊ ရထံ-ကို၊ ကရောတိ ဣတိ အတ္တေ, ဏွုပစ္စယော- သက်၊ သောစ- ထိုဏွုပစ္စည်းသည်လည်း၊ အညေ ကိတ်တိ-သုတ်ဖြင့်၊ ကိတ် သညတ္တာ ကိတ်အမည်ရှိသည်၏ အဖြစ်ကြောင့်၊ ကတ္တရိ ကိတ်တိ-ဟူ၍ သတ်မှတ်ခြင်းကြောင့်၊ ကတ္တရိယေဝ- ၌သာ၊ ဘဝတိ၊ တတော-ထိုမှနောက်၌၊ ကာရိတဗျပဒေသ ဏာလောပဝုဒ္ဓိယော- ကာရိတ်မှည့်ခြင်း ဏ် အနုဗန်ချေခြင်း ဝုဒ္ဓိ ပြုခြင်း တို့သည် (ဟောန္တိ)။

---

(၅၆၈) ဥပဓာတိ၊ပေ၊ပရသမညာ-''ဂဟ''၌ အဆုံးအက္ခရာသည်''ဟ'' တည်း။ထိုအဆုံးအက္ခရာ၏ရှေ့အက္ခရာဟူသည် ဂ ၌ အသရတည်း၊ထိုအဆုံးဝဏ္ဏ၏ ရှေ့ဖြစ်သော အက္ခရာ(အသရ)ကို''ဥပဓာ''ဟုသက္ကတ၌နာမည်မှည့်၏၊ ဤကစ္စည်း ကျမ်း၌ကား ''ပရသမညာ ပယောဂေ''သုတ်ဖြင့် ''ဂ''၌အကို ''ဥပဓာ''ဟုမှည့်၊ ဥပေစ္စ-အဆုံး ဝဏ္ဏသို့ကပ်၍+ဓီယတေ-ထားအပ်၏။ ဣတိ ဥပဓာ-မည်၏၊ ရုပ်ကို အခြေပြု၌ ရှု၊ ဤသုတ်က ဧ မပြုသည့်အခါ''ဂဟံ''ဟု ဖြစ်၏၊

ဏွုပစ္စယေ၊ပေ၊ကတ္တရိယေဝဘဝတိ- သဗ္ဗတော ဏွုတွာဝိဝါ သုတ်၌ အ ပစ္စည်း၏ပုံစံကို ဂေဟံ-ဂဟံ တိုင်အောင်ပြပြီး၍ ဏွုပစ္စည်း၏ပုံစံကိုပြလိုသောကြောင့် ''ဏွုပစ္စယေ''စသည်ကိုမိန့်၊ ဤဏွုပစ္စည်းကို ကတ္တားအနက်သာ သက်ဟု ဆိုရာ၌ များရာလိုက်၍ တဗ္ဗာလုလ္လနည်းအားဖြင့် ဆိုသည်ဟု မှတ်၊'သတ္တဟာရကံ ဝါဿ ပရိယေသေယျ''ဟူသော တတိယပါရာဇိကာ၌ ''ဟရိတဗ္ဗံ-ဆောင်ယူထိုက်၏၊ ဣတိ ဟာရကံ''ဟု အဋ္ဌကထာဖွင့်ပြသောကြောင့် ကံအနက်၌လည်း ဏွု ပစ္စည်းသက် သည်ဟုမှတ်။[ကမ္မသာဓနေဝါယံ ဟာရကသဒ္ဒေါဗဟုလံ ဝိဓာနေန ကတ္တရိဏွုပစ္စ ယဿသိဒ္ဓနတောတိ အာဟ-''အထဝါဟရိတဗ္ဗံတိဟာရကံ''တိ၊....ကင်္ခါဋီကာ။]

www.dhammaransi.com



(၅၆၉) အနကာ ယုဏ္ဍုနံ။ ။ယုဏ္ဍု ဣတိ၊ ပေ၊ ဟောန္တိ၊ ဣတိ- ဤသုတ်ဖြင့်၊ အကာဒေသော-အကပြု၊ သေသံ-ကြွင်းသောအစီအရင်သည်၊ ကုမ္ဘကာရသဒ္ဒသမံ-၏၊ ရထကာရကော-ရထားပြုလုပ်သူ (ရထားလုပ်သမား, သားရေနယ်သမား) တထာ-အန္တံ ဒဒါတီတိ အန္တဒါယကော၊ အာကာရန္တာန မာယောတိ-သုတ်ဖြင့် အာယာဒေသော-အာယပြု။ [''အန္တ+ဒါ+အက''ဟု ဖြစ်သည့်အခါ ဒါ၌ အာကို အာယပြုပါ-ဟူလို၊ ဤကား ပုလ္လိင်ရုပ်တည်း၊ ဣတ္ထိလိင်ရုပ်ကို ပြလို၍ ''ဣတ္ထိယမတော''စသည်မိန့်၊] ဣတ္ထိယမတောတ်- သုတ်ဖြင့် အာပစ္စယော-သက်၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ အကာဒိဿ- အက အပြု၏ အစ အ၏၊ ဣကာရော-ဣပြု၊ အန္တဒါယိကာ-အစာကိုပေးတတ်သော၊ ကညာ၊ အန္တဒါယကံ-သော၊ ကုလံ၊ လောကံ-သတ္တလောကကို၊ နေတိ- ဆောင်တတ်၏၊ ဣတိလောကနာယကော၊ သတ္တေ-တို့ကို၊ ဝိနေတိ—ဆုံးမတော် မူတတ်၏၊ ဣတိဝိနာယကော၊ ဘော အာဝါယာ ကာရိတေဘ- ဖြင့်၊ အာယာဒေသော-အာယပြု။

အကမ္ဗုပပဒေ- ဥပပဒဖြစ်သော ကံပုဒ်မရှိရာ၌ (ဥဒါဟရဏ်ကား)၊ ကရောတိ-၏၊ ဣတိ ကာရကော ကာရိကာ ကာရကံ- မည်၏၊ ပေ၊ နာယက-မည်၏၊ ဘဂဝတော-၏၊ ဩဝါဒါနုသာသနံ- ရှေးဦးစွာဆုံးမ ခြင်းဟူသော ဩဝါဒ, အဘန်ဘန် ဆုံးမခြင်း ဟူသောအနုသာသနီကို၊ အသုဏ်- နားထောင်ပြီ၊ ပေ၊ သာဝကော, သာဝိကာ- မည်၏၊ အာဝါ ဒေသော-အာဝပြု။ [တေအာဝါယာကာရိတေဖြင့်ပြု၊] လုနာတိ- ရိတ်ဖြတ် တတ်၏၊ ဣတိ လာဝကော။ ''လူ=ဆေဒနေ''၊] ပု=ပဝနေ စင်ကြယ်ခြင်း ၌...၏၊ [''ပူ=ပဝနေ''လည်းရှိ၏၊ အဘူပင်၊ နာပစ္စည်းကြောင့် တေသုဝုဒ္ဓိ ဖြင့် ရဿပြု၊] ပုနာတိ-ဖြူစင်တတ်၏၊ ဣတိ ပါဝကော- (မီး) မည်၏၊ ဥပါသတိ- ဆည်းကပ်တတ်၏၊ ဣတိ ဥပါသကော-၏၊ ဥပါသိကာ- ဆည်းကပ်တတ်သော မိန်းမ။ [''ဥပပုဗ္ဗအာသ–ဥပဝေသနေ'' ဟူသော

---

အကာဒိဿိကာရော-(သီမူ) မြန်မာမူ၌ ''အကာရဿ ဣက-ရော'' ဟု ရှိ၏၊ အက ပြုသော က နှောင်းရာ၌သာမက ''ပုတ္တိကာ-သမီး''စသည်ဖြင့် သတ္တ စသည်၌ သက်သော က ပစ္စည်းနှောင်းရာ၌လည်း ဣတ္ထိလိင်အရာဝယ် အကို ဣပြုသည်၊ ''ကေ ပစ္စယေ ထိကတာကာရပရေ ပုဗ္ဗောကာရော ဣကာရံ''-ကလာပ်နာမ် (၁၄၂) သုတ်၊ [ထိကတာကာရပရေ-ဣတ္ထိလိင်၌ သက်အပ်သော အာ ပစ္စည်းနောက်ရှိသော၊ ကေ ပစ္စယေ-က ပစ္စည်းကြောင့်၊ ပုဗ္ဗောကာရော-ရှေ့ အအက္ခရာသည်၊ ဣကာရံပပ္ပေါတိ။]

www.dhammaransi.com



ခံတတ်သည်း၊] [ဘဝတိ-ဖြစ်တတ်၏၊ ဣတိ ဘာ၀ကော၊ သိမ္မူ၌ ဤပုဒ် မပါ။] ဂဏှာတီတိ **ဂါဟကော**။

(၅၇၀) ပစတီတိ ပါစကော၊ **အယဒိ-ပုဗ္ဗော်ပြီ၊ ပေ၊ ယာဇကော**၊ ဟိ-ဆက်၊ ဧတ္ထ ဤ ပါစကော ယာဇကော ရုပ်တို့၌၊ **ကဂါ** စဇာနံတိ-သုတ်ဖြင့်၊ စ ဇာနံ-စ ဇ တို့၏၊ **က ဂတ္တေ-က**, ဂ အဖြစ်သည်၊**သမ္ဘတ္တေ**-**ရောက်လုလတ်သော်**၊....[ပဋိသိဒ္ဓတ္တာ နဘာ၀တိ-၌ စပ်။]

နကဂတ္တံ စ ဇာဏှုမို့။ **၊ပရေ** ဏှုပစ္စယေ ခါတွန္တဘူတာ-ခါတ်၏ **အဆုံးဖြစ်၍ ဖြစ်ကုန်သော**၊ စကာရဇကာရာ-တို့သည်၊ **ကကာရ ဂကာရ** တ္တံ-သို့၊ **နာပဇ္ဇန္တေ**၊ ဣတိ-ဤသုတ်ဖြင့်၊ ပဋိသိဒ္ဓတ္တာ-**တားမြစ်အပ်သည်၏** **အဖြစ်ကြောင့်**၊ **န** ဘာ၀တိ က, ဂ, မဖြစ်။

ဇန=ဇ**နနေ**၊ ဇနေတိ-ဖြစ်**စေ**တတ်၏၊ ဣတိ ဇန**ကော**-မည်၏၊ (ဖြစ်စေ **တတ်သော** အဘ)၊ ဇနိကာ-ဖြစ်**စေ**တတ်**သော** အမိ၊ ဃဋ္ဌာဒီနံ၀ါတိ၀တ္ထေ-**သု**တ်၌၊ ၀ါဂ္ဂဟ**ဏေန-ကြောင့်**၊ ဝုဒ္ဓိ-**သည်**။ န ဘာ၀တိ-မဖြစ်၊ **ဝေ့**,ခနတိ-တူး**တတ်၏**၊ ဣတိ ခန**ကော**၊ **သမေ**တိ - ငြိမ်**သက်စေ**တတ်၏၊ ဣတိ **သမကော**-မည်၏၊ **ဒမေ**တိ-ဆုံးမတတ်၏၊ ဣတိ-**ဒမကော**-မည်၏။

**အ**ဟနိ-သတ်ပြီ၊ **ဟန္တိ-သ**တ်ဆဲ၊ **ဟ**နိဿတိ ဣတိ ၀ဓကော - ၏၊ **၀ဓော ၀ါ သဗ္ဗတ္ထာ**တိ-**သုတ်**ဖြင့်၊ ဟနဿ-ဟနခါတ်၏၊ **၀ဓာဒေသော**-၀ဓပြု၊ ဟန္တိ-**သတ်**တတ်၏၊ ဣတိ ဃာတ**ကော**-၏၊ ဟနဿဃာ**တော**-တိ-**သု**တ်ဖြင့်၊ ဏှုမို့-ဏှု **ပစ္စည်းကြောင့်**၊ ဃာတာ**ဒေသော**၊ ဃာတ ပြု၊ [ဟန္တိရုပ်**ကား** အာချာတ်၌ပါခဲ့ပြီး] ဂါ၀ေါ **ဟနတီတိ** ဂေါဃာတကော (**နွားသတ်သမား**)၊ ရုန္ဓတိ-ပိတ်ဆို့တတ်**၏**၊ ဣတိ ရုန္ဓ**ကော**၊ နိဂ္ဂဟိတာ **ဂမော**-နိဂ္ဂဟိတ်လာ [ရုဓာဒိဂိုဏ်း ဖြစ်၍ "ရုဓာဒိ**တော** နိဂ္ဂဟီတ ပုဗ္ဗဉ္စ" ၌ ၀ိနာဓိကာရ (အ ပစ္စည်းအလိုက် ကြဉ်သော) **ယောဂ၀ိဘာဂ**ဖြင့် ဖြစ်**စေ**, နိဂ္ဂဟိတဉ္စ သုတ်ဖြင့်ဖြစ်**စေ** နိဂ္ဂဟိတ်**လာ**၊"] **သံယောဂန္တတ္တာ-ကြောင့်**၊ ဝုဒ္ဓိ န **ဟော**တိ၊ ["ရုဓ" **ဖြစ်သည့်**အခါ နိဂ္ဂဟိတ် အာဂုံကို**လည်း** **သံယော** **ဂန္တ**၌ **သွင်းယူသည်**။] **ဝေ့**, ဘုဥ္ဇတီတိ ဘုဥ္ဇ**ကော** (စားသူ)၊ ကိဏာတိ-

သမေတိ ဒမေတိ-[ဒမုခါတ်သည်စုရာဒိဂိုဏ်းဖြစ်၍ကာရိတ်မ၀င်ပဲ "ဒမေတိ" ဟု ဖြစ်နိုင်၏၊သမုခါတ်ကား ဒိ၀ါဒိသာဖြစ်၍ကာရိတ်မ၀င်လျှင်"သမ္မတိ-ငြိမ်းအေး ၏"ဟုသာ ရှိ၍ "သမေတိ"၌ ကာရိတ် ဏေ ပစ္စည်းသက်၍ ချေသင့်သည်။

www.dhammaransi.com



ဝယ်တတ်၏၊ဣတိ ကာဒေယကာ၊ပါလေ ဘီတိ ပါလကော (စောင့်ရှောက်သူ)၊ ပူဇေတီတိ ပူဇကော (ပူဇော်သူ)။

(၅၇၁) နုဒါဒီဟိ၊ ပေ။ ။နုဒါဒီဟိ-နုဒ အစရှိကုန်သော၊ ဓာတူဟိ-တို့မှရင်း [အာဒိ အရ ယူရသော ဓာတ်တို့ ကစ္စည်း၌ ပါပြီ၊] သကာရိတေဟိ ကာရိတ် ပစ္စည်းနှင့် တကွဖြစ်ကုန်သော၊ ဓာတူဟိ စ-ငင်း၊ ပရေသံ ယုဏွုပစ္စယာနံ ယထာက္ကမံ အန အာနန အက အာနနက ဣတိ ဟူကုန်သော၊ စေတေ အာဒေသာ ဟောန္တိ၊ ဟိ-ဆက်၊ ဧ ဘ္က-ဤသုတ်၌၊ သကာရိတေဟိ ကာရိတ်ပစ္စည်းနှင့် တကွဖြစ်သော ဓာတ်တို့မှ နောက်၌၊ ယုဏွုနံ-ယုဏွု ပစ္စည်းတို့၏၊ ကာရိယ ဿ-ကာရိယကို၊ဝါ-ပြုဖွယ်ရင်အပ်သော အာဒေသကို၊ ဝိဓာနတော-စီရင်ခြင်းကြောင့်၊ ဓာတုပစ္စယေဟိ-ဓာတု ပစ္စယ တို့မှ နောက်၌၊ ကိစ္စကိတက သမ္ဘဝေါ-ကိစ္စပစ္စည်း, ကိတ ပစ္စည်းတို့၏ ဖြစ်သင့်ခြင်းကို၊ ဝေဒိယော-သိထိုက်၏။ [ဤဂါထာ၏ အဓိပ္ပါယ်မှာ ကိစ္စ ပစ္စယန္တနယ အဆုံးနား၌ ပြခဲ့သော''နုဒါဒီဟိ ယုဏွုန၊ ပေ၊ ကိစ္စ ကိတက ပစ္စယာ ဘဝန္တီတိ ဒဋ္ဌဗ္ဗာ''ဟူသော စုဏ္ဏိယ၏ အဓိပ္ပါယ်နှင့်တူ၏၊ ထို စုဏ္ဏိယ စကားကိုပင် ဤဂါထာ စီထားသည်။]

နုဒ=ခေပေ-ပစ်ပယ်ခြင်း၌....၏၊ပ ပုဗ္ဗော-သည် (ဟောတိ)၊ ပနုဒိ-ပယ်ပြီ၊ ပေ၊ ဣတိအတ္ထေ, ဏွုပစ္စယော-သက်၊ တဿ- ထို ဏွုပစ္စည်း၏၊ ဣမိနာ--ဤသုတ်ဖြင့်၊ အကာဒေသော-အကပြု၊ ဝုဒ္ဓိဓာတူတျာဒိနာ-ဖြင့်၊ နုဒဿ-နုဒဓာတ်၏ ဥ၏၊ ဒီဃော-ပြု၊ ပနူဒကော ပယ်တတ်သူ၊ သူဒ= ပဂ္ဃရဏေ-ယိုချခြင်း၌-၏၊ သူဒတိ-ယိုချတတ်၏၊ ဣတိ သူဒကော၊ ဉာ=အာဝဗောဓနေ၊ ပေ၊တဿ-ထို ဏွုပစ္စည်း၏၊ အနေန-ဤသုတ်ဖြင့်၊ အာနနကာဒေသော-အာနနက ပြု၊ ပေ၊ ဇာနနကော-သိတတ်သူ။

---

(၅၇၁) အန,အက ပြု ထည့်ရပုံ။ ။အနကာ ယုဏွုနံ သုတ်ဖြင့် အန-အက ပြုပြီးဖြစ်၍ ဤသုတ်ဖြင့် အန-အက ပြုပြန်ခြင်းသည် ပုနရုတ္တဒေါသ မရောက်ပါလော-ဟု စောဒနာဘွယ်ရှိ၏၊အနကာယုဏွုနံသုတ်သည် မည်သည့်ဓာတ်နောင်ဟု မသတ်မှတ်သဖြင့် သာမညဝိဓိသုတ်ဖြစ်၏၊ဤသုတ်ကား နုဒ စသော ဓာတ်, သကာရိတ ဓာတ်နောင်ဟု သတ်မှတ်ထားသဖြင့် ဝိသေသဝိဓိသုတ်ဖြစ်၏၊ဝိသေသဝိဓိသုတ်သည် သာမညဝိဓိသုတ်ကို တားမြစ်လေ့ရှိ၏၊ထို့ကြောင့်ဤသုတ်၌အန-အကအပြုမပါလျှင် နုဒ စသောဓာတ်နှင့် သကာရိတ ဓာတ်များနောင် အန-အက အပြုကိုတားမြစ်၍ ''အာနန-အာနနက''သာ ပြုသည်ဟု ထင်မှားဘွယ်ရှိ၏။ ထိုသို့မထင်မှားဘို့ရာ နုဒ

www.dhammaransi.com



သကာရိတေဟိ ပန - သကာရိတ ဓာတ်မှ နောက်၌ကား၊ အာဏေ= ပေသန-စေခိုင်းခြင်း၌....၏၊ အာဏာပေသိ - စေခိုင်းပြီ၊ ပေ၊ အာဏာ ပကော-မည်၏၊ [အာဏာဓာတ်နောင် ဏာပေ ပစ္စည်းသက်၍ "အာဏာပ" ဟုဖြစ်ပြီးမှ ဏ္ဍုသက်၊ ဓာတ်ရင်းကပင် စေခိုင်းခြင်းအနက်ကို ဟောနေပြီ ဖြစ်သောကြောင့် ကာရိတ် ပစ္စည်းအတွက် အနက်ထူး မရှိတော့၊] သညာ ပေတိ - သိစေတတ်၏၊ ဣတိ သညာပကော ၏၊ သဥ္ဉာနနကော - သိစေ တတ်သူ၊ ဧတ္ထ-ဤရုပ်၌၊ အာနနကာဒေသော အာနနကပြု၊ ကွစိဓာတု တျာဒိနာ-ဖြင့်၊ ကာရိတလောပေါ-ချေ၊ တထာ ဒါပေတိ-ပေးစေတတ်၏၊ ဣတိ ဒါပကော၊ အနကာယုဏ္ဍုနံတိ-သုတ်ဖြင့် အကာဒေသော - အက ပြု၊ ပတိဋ္ဌာပေတိ - တည်စေတတ်၏၊ ဣတိ ပတိဋ္ဌာပကော၊ နိဗ္ဗာနံ-သို့၊ သမ္ပာပေတိ - ကောင်းစွာ ရောက်စေတတ်၏၊ ဣတိ နိဗ္ဗာနသမ္ပာပကော၊ ကာရာပေတိတိ ကာရာပကော, ကာရာပိကာ ဣစ္စာဒိ။

---

စသော ဓာတ်,သကာရိတဓာတ်တို့နောင်လည်း အန်-အက ပြုသေး၏-ဟု သိစေလို၍ အန အက အပြုကိုထည့်၍ပြရသည်။ [နုဒါဒီဟိ တိ ဧတ္ထ အနကာဒေသဂ္ဂဟဏံဋ္ဌမိနာ ဝိသေသဝိဓိနာ ပုဗ္ဗေ ဝုတ္တသာမညဝိပ် နိသေဓပ္ပသင်္ဂနိဝတ္တနတ္ထံ၊....ဋီကာ။]

သဥ္ဉာနနကော-သံပုဗ္ဗဉာ, ဏာပေ ပစ္စည်း, ဝိကရဏ နာပစ္စည်း, ဏ္ဍုပစ္စည်းကို အာနနကပြု, ဉာကို ဇာပြု၍ "သဥ္ဉာ နာ အာပေ အာနနက"ဟုဖြစ်ရာ,ကွစိဓာတုဖြင့် နာ ပစ္စည်းနှင့် တကွ ကာရိတ် အာပေကိုချေ၊ "ကာရိတလောပေါတိ-သဥ္ဉာ နာပေ အာနနက ဣစ္စတြ အာပေတိ ကာရိတဿ သဟ ဝိကရဏေန လောပေါ....ဋီကာ၊ "ဇာဒေသော နာမှိ ဇံ ဉာမှိ"ဟု 'ဉာဿ ဇာဇံနာ''သုတ်၌ နာ ပစ္စည်း နှောင်းမှ ဇာ ပြုရမည်-ဟု သတ်မှတ်ခဲ့သောကြောင့် နာပစ္စည်းသက်ရာ၌သာ ဉာကို ဇာပြုရမည်၊ သို့ဖြစ်၍ "ဇာနနကော" ရုပ်တုန်းကလည်း "ဉာ+နာ, ဏ္ဍု" ဟု နာပစ္စည်းသက်၍ ထို နာပစ္စည်းကို ကွစိဓာတုဖြင့် ချေသင့်သည်=ဟု ဋီကာအလို ကြံပါ၊ သို့သော်- ဤစာကိုယ်၌ရင်း ချာသ၌ရင်း, နာ ပစ္စည်းချေဘို့ မပြသောကြောင့် နာပစ္စည်းမသက် ဘဲပင် ဇာ ပြုနိုင်သည်၊ "ဇာဒေသော နာမှိ"ဟူသောသတ်မှတ်ချက်မှာအာချာတ်ပုဒ် အတွက် သတ်မှတ်ချက်သာ-ဟုလည်း ကြံဘွယ်ရှိသည်။

**ဒါပကော အနကာ၊ ပေ၊အကာဒေသော**—ဒါပကော စသည်၌ အနကာ ယုဏ္ဍုနံသုတ်ဖြင့် အကပြုရမည်-ဟုဆိုထား၏၊သို့သော် နုဒါဒီဟိသုတ်က သကာရိတ ဓာတ်နောင် ယုဏ္ဍုတို့ကို "အန အာနန, အက အာနနက"ပြု-ဟု ဆိုထားသဖြင့် "ဒါပ"ဟူသောသကာရိတ ဓာတ်နောင်'အက' မပြုနိုင်စရာမရှိ၊သို့ဖြစ်၍ "အနကာ ယုဏ္ဍုနန္တိ အကာဒေသော"၌ "အနကာ ယုဏ္ဍုနန္တိ"သည် ပိုဟန်တူသည်၊ သမ္ပာ ပကော၌လည်း သံ+ပ+အပဓာတ်, ကာရိတ် ဏာပေပစ္စည်း(ချေ)၊ ဏ္ဍုကို အကပြု။

www.dhammaransi.com



တုပစ္စယေ-၌၊ (ဥဒါဟရဏံ - ကား)၊ အကာသိ ပြုပြီ၊ ကရောတိ ဆဲ၊ ကရိဿတိ ဇူတိ အတွေ၊ ပေ၊ တု ပစ္စယော - တု ပစ္စည်းသက်၊ သောစ ကိတသညတ္တာ ကျွပစ္စယော ဝိယ - ကျွပစ္စည်းကဲ့သို့၊ သဗ္ဗတ္ထ-အလုံးစုံသော ရုပ်တို့၌၊ ကတ္တရိယေဝ - သာ၊ ဘဝတိ၊ [ကျွပုံစံကို ပြပြီး၍ တုပုံစံကို ပြလိုသောကြောင့် "တုပစ္စယေ" စသည်မိန့်၊]

(၅၇၂) အန္တဿာတိ ဝတ္တတေ။

ကရဿ စ တတ္တံ တုသ္မိံ။ ။ပရေ တုပစ္စယေ ကရဇူတိ တေဿ ဓာတုဿ အန္တဿ ရကာဿ တကာရတ္တံ ဟောတိ၊ စ သဒ္ဒေန - ဖြင့်၊ တရာဒီနဥ္စ တရ အစရှိသော ဓာတ်တို့၏လည်း (အန္တဿ ရကာရဿ တကာရတ္တံ ဟောတိ၊) တတော - ထိုမှ နောက်၌၊(တပြုပြီးနောက်၌)နာမမိဝ ကတေ သျာဒျုပ္ပတ္တိ၊ သဏ္ဍု၊ ပေ၊ စာတိ-သုတ်ဖြင့်၊ အာတ္တသိလောပါ-(သိမှု)အာ အဖြစ် သိကြေခြင်းတို့သည် (ဟောန္တိ)၊ [မြန်မာမှု၌ "အာတ္တံ သိလောပေါ"ဟု ရှိ၏၊] တဿ-ထိုအမှုကို၊ ကတ္တာ- ပြု တတ် သူ တည်း၊ တက္ကတ္တာ သူ၊ ဆ ဋ္ဌီ သ မာ သော - ဆဋ္ဌီတ ၁၊ ရိ သိ သ ၁ာသ် တည်း၊ ["တ + ကရ" တည်၍ ကုမ္ဘကာရော နည်းမှီးတွက်၊] တထာ ဘရတိ၊ မွေးမြူတတ်၏၊ ဣတိ ဘတ္တာ- (လင် · အရှင်) မ ် ၏၊ [ဟရ= ဟရဏေ ဟရတိ - ဆောင်တတ်၏၊ ဣတိ ဟတ္တာ၊ ဤရုပ် သိဒ္ဓိ မပါ, ဟတ္တာ - ဟု ပါဠိလည်း မရှိ၊ ဘိန္ဒတိ - ခွဲဘတ်၏၊ဣတိဘေတ္တာ -၏၊ ဘေဒိတာဝါလည်း ရှိ၏၊ ဆိန္ဒတိ - ဖြတ်တတ်၏၊ ဣတိဆေတ္တာ - မည်၏၊ ဘိဒိ - ဆိဒိ တည်၊ ဓာတွန် ဣချေ အညေသုစဖြင့် ဝုဒ္ဓိပြု, ဤသုတ် စ သဒ္ဒါ ်င့် ဒ် ကိုတ်ပြု· ကုကပ်၊ နာမ်င့်၍ ကတ္တာကဲ့သို့စီရင်၊ ကရဿစ တတ္တံ သုတ်ဆိုင်ရာ ပြီးပြီ]

ဒဒါတိတိ ဒါတာ - မည်၏၊ ဘောဇနဿ-ဘောဇဉ်ကို၊ ဒါတာ-ပေး တတ်သူကည်း၊ ဘောဇနဒါတာ - သူ၊ [ဆဋ္ဌီတပ္ပုရိသ်] သန္ဓာတိ-စပ်တပ် ၏၊ [သိမှု"သန္ဒဟတိ' ရှိ၊] ဣတိသန္ဓာဘာ၊ အဝစိ-ဆိုပြီ၊ ပေ၊ ဝတ္တာ (ပြောဆိုတတ်သူ)၊ ဘုဇာဒီနမန္တော နော ဒွိစာတိ သုတ်ဖြင့်၊ ဓာတွန္တ လောပေါ - ဓာတွန်ချေ၊ ဒွိတ္တဥ္စ၊ ဘုဥ္ဇတိတိ ဘောတ္တာ၊ [ဝတ္တာကဲ့သို့စီရင်, ဝုဒ္ဓိအရင်ပြု၊] အဗုဇ္ဈိ - သိပြီ၊ ပေ၊ ဗုဇ္ဈိတာ၊ ယကာရိကာရာဂမာ-ယပစ္စည်း ဣအာဂုံတို့သည် (ဟောန္တိ)၊ ["ဗုဓ+တု" ဒိဝါဒိဂိုဏ်း ဖြစ်သောကြောင့် ဒိဝါဒိတော ယော ဖြင့် ယပစ္စည်းသက်၊ ဋီကာ၌ကား ဒခန္တတော ယော ကွစိဖြင့်၊ယလာ ဟု ဆို၏၊) တထာ ကတ္တရိစဖြင့် စီရင်၊ ဒွေဘော်လာ(ဗုဇ္ဈ)

www.dhammaransi.com



ယထာဂမ မိကာရေဖြင့် ဣ လာ၊ ဗုဒ္ဓိတာ - သိတတ်သူ၊[ ဇာနာတိတိ ဉာတာ၊ ဇေတာ-အောင်တတ်သူ၊ သောတာ နာယူတတ်သူ စ သင်သား)၊ ဂဟေတာ-ယူတတ်သူ၊ (ဣအာဂုံကို သုတ်ကြီးဖြင့် ပြေ)ဘဝိတာ-ဖြစ်တတ်သူ၊ သရိတာ-အောက်မေ့တတ်သူ၊ ဂန္တာ - သွားတတ်သူ၊ ဂမ ခန ဟနာဒီနံ တုံ တဗ္ဗာဒီသု န ဣတိ-သုတ်ဖြင့်၊ ဓာတွန္တသ ဓာတွန် (န်) ၏၊ နတ္တံ-န ပြု၊ ဇဝံ...ခန္တာ-တူးတတ်သူ၊ မန္တာ - သိတတ်သူ၊ ပါလေတာ ပါလယိတာ စောင့်ရှောက်တတ်သူ။ [စုရာဒိတော ဏေ ဏယ သက်၊ ဝိဂြိုဟ် ပုဒ်များကို အနက်ပေးတတ်လောက်ပြီ။]

ကာရိတေ-ကာရိတ်ပစ္စည်းရှိရာ၌ ဥဒါဟရဏ်)၊ဘာဝေတိတိဘာဝေတာ ဘာဝယတိ-မည်၏၊ ဇေ့သာရေတာ သာရယိတာ-အောက်မေ့စေတတ်သူ၊ ဒါပေတာ ဒါပယိတာ ပေးစေတတ်သူ၊ ဟာဝေတာ ဟာဝယိတာ ပူဇော် စေတတ်သူ၊ [''ဟု+ဧ''ဟု ဖြစ်သည့်အခါ ဥကို-ဩပြု, ဩကို အာဝ ပြု၍ ''ဟာဝေ''ဟု ဖြစ်၏၊ ]နိရောဓေတာ နိရောဓယိတာ-ချုပ်စေတတ်သူ၊ ဗောဓေတာ ဗောဓယိတာ ဉာပေတာ ဉာပယိတာ-သိစေတတ်သူ၊ သာဝေတာ သာဝယိတာ-ကြားစေတတ်သူ၊ ဂါဟေတာ ဂါဟယိတာ-ယူစေတတ်သူ၊ ကာရေတာ၊ ပေ၊ ပြုစေတတ်သူ၊ ဣစ္စာဒိ။

အာဝီပစ္စယေ-၌(ဥဒါဟရဏ်)၊ဒိသ=ပေ ္ဏေ၊ ဘယံ ဘေးကို၊အပဿီ ရှုပြီ၊ ပေ၊ အာဝီပစ္စယော-သက်၊ ကွစိဓာတုဟျာဒိနာဖြင့်၊ ဒိဿ-ဒိသ ဓာတ်၏၊ ဒဿာဒေသော ဒဿပြု၊ ဘယဒဿာဝီ-ဘေးကို ရှုလေ့ရှိသူသည်၊ ဘယ ဒဿာဝိနော-တို့သည်၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်ကို၊ ဒဏ္ဍိဝ-ဒဏ္ဍီ သဒ္ဒါကိုကဲ့သို့။ နေယျံ သိထိုက်၏၊ ဣတ္ထိယံ-ဣတ္ထိလိင်၌၊ ဘယဒဿာဝိနီ-ဘေးကို ရှုလေ့ရှိသော မိန်းမ၊[''ဒဏ္ဍိနီ''ကဲ့သို့ စဉ်၊] နပုံသကေ-၌၊ ဘယ ဒဿာဝိ-သော၊ စိတ္တံ၊ [သုခကာရိကဲ့သို့ စဉ်။]

(၅၃၃) သာသ=အနုသိဋ္ဌိ – ဆုံးမခြင်း၌ ၏ သဒေသာ - နတ်နှင့် တကွ ဖြစ်သော၊ ေ ာကံ-လော ကကို၊ ဒိဋ္ဌဓမ္မိကာဒိ ဝသေန - ဒိဋ္ဌဓမ္မိက စီးပွား အစရှိသည်၏ အစွမ်းဖြင့်၊ [အာဒိဖြင့် သမ္ပရာယိက, လောကုတ္တရာ စီးပွားတို့ကို ယူ၊] သာသတိ-ဆုံးမတော်မူတတ်၏၊ ဣတိ အတ္ထေ။

သာသာဒီဟိရတ္ထု။ ။ပေ၊ ရမှိရန္တော ရာဒိနောတိ - သုတ်ဖြင့်၊ ရာဒိလောပေါ-ရ အနုဗန် အပိုင်းအခြားရှိသော ဓာတွန် ချေ၊ သရလော

www.dhammaransi.com



ပါဒိ–ဝင်း၊ နာမ ဗျပဒေသော–ဝင်း၊ သျှာဒ္ဒ၂ပ္ပတ္တိ·ဝင်း၊ အာတ္တာသိလောပါ.. အာ အဖြစ် သိ ကြောင်းခြင်းတို့သည်ဝင်း၊ (ဟောန္တိ)၊ သတ္ထား–ဆရာသည်၊ သတ္ထာရော–တို့သည်။

(၅၇၄) ပါ=ရက္ခဏေ- စောင့်ရှောက်ခြင်း၌....၏၊ ပုတ္တံ – သားကို၊ ပါဘိ-စောင့်ရှောက်တတ်၏၊ ဣတိ အတ္ထော။

ပါဒိဘော ရိတု။ ။ပေ၊ ရာဒိလောပါဒိ·ရ အနုဗန္ဓ အပိုင်းအခြား ရှိသော ဓာတွန်ချေခြင်း အစရှိသော အစီအရင်သည် (ဟောတိ)၊ ပိတာ, အဘ၊ [ပါဒိတော ၌ အာဒ်ဖြင့်ဓရဓာတ်ကို ယူစေလို၍ ''ဓရ=ဓာရဏေ'' မိန့်၊] ဓရ=ဓာရဏေ · ဆောင်ခြင်း၌ ...၏၊ မာတာ ပိတူဟိ – တို့သည်၊ ဓရီယတိ - ဆောင်ရွက်အပ်၏၊ ဣတိ ဓီတာ၊ ကွစိဓာတုဘျာဒိနာ – ဖြင့်၊ ဣကာရဿ-ဣအက္ခရာ၏၊ ဒီဃော-ပြု။

(၅၉၇) အာဒိစသည့်ဝယ် တစုံတခုဝတ္ထု၏နာမည်ကိုဟောရာ၌ ဤသုတ်ဖြင့် ဣ ပစ္စည်းသက်-ဟု ဆိုထား၏၊ သို့သော် ဥဒဓိစသည်တို့မှာ သညာဟောဖြစ်နိုင်ဘွယ် ရှိသော်လည်း ''အာဒိ-ဥပါဒိ-ဝိဓိ'' တို့ကို သညာဟောဟု ဆိုဘို့ရန် ခဲယဉ်း၏၊ မောဂ္ဂလ္လာန်၌ကား ''သညာယံ''မပါ၊ ''ဒါဓာ''တို့ဟုသာ သုတ်တည်၏၊ထို့ကြောင့် ''သညာယံ''ဟု ကစ္စည်း၌ ထည့်ရကျိုးကို ရှာကြပါကုန်။

www.dhammaransi.com



အာပုစ္ဆာ၊ အာဒိယတိ-အစစ္စာယူအပ်၏၊ဣတိ အာဒိ-မည်၏၊ ဇေ ဥပ ဒြိ- ဥပါဒိမည်သောတရား၊ [''ဥပဂန္တာ-ကပ်၍၊ အာဒိယတိ ယူအပ်၏''ဟုပြု၊] မာ=ဝာရဏော၊ ဥဒကံ- ရေကို၊ ဒဓာတိ- ဆောင်တတ်၏၊ ဣတိ ဥဒဓိ- (သမုဒ္ဒြာ) မည်၏၊ တေသုဝုဒ္ဓိလောပါဒိနာ ဖြင့်၊ သညာယံ- နာမည်ကို ဟောရာ၌၊ ဥဒကဿ- ဥဒကသဒ္ဒါ၏၊ ဥဒါဒေသော- ဥ၊အပြု။ [နာမည် ဟောရာ၌သာ ဥဒကကို ဥဒ ပြုရသည်၊ နာမည်ဟော မဟုတ်ရာ၌ ဥဒကကို ဥဒမပြု-ဟူလို၊] အသ္မိံ- ဤသမုဒ္ဒြာ၌၊ ဇလံ-ရေကို၊ ဓီယတေ- ဆောင် အပ်၏၊ ဣတိ ဇလဓိ၊ တသ္မိံ- ထိုမြိုးတံ၌၊ ဝါလာနိ-မြီးဆံတို့ကို၊ဒဓာတိ- ဆောင်တတ်၏၊ ဣတိ ဝါလဓိ၊ သန္ဓီယတိ- ကောင်းစွာ စပ်အပ်၏၊ ဝါ သန္ဒဓာတိ- ကောင်းစွာ စပ်တတ်၏၊ ဣတိ သန္ဓိ- နိဓီယတိ မြှုပ်ထားအပ်၏၊ ဣတိ နိဓိ-(ရွှေအိုး) မည်၏၊ ဝိဓီယတိ- စီရင်အပ်၏၊ ဝါ, ဝိဒဓာတိ-စီရင် တတ်၏၊ ဝါ,ဝိဓာနံ-စီရင်ခြင်းသည်၊ ဝိဓိ-မည်၏၊ သမ္မာ ကောင်းစွာ၊ ဝါ, သမံ-အညီအမျှ၊ စိတ္တံ-ကို၊ အာဒဓာတိ-ထားတတ်၏၊ ဣတိ သမာဓိ။

(၅၉၈) ဣတ္ထိယ၊ပေ၊ဝါ။ ဣတ္ထိယံ- ဣတ္ထိလိင်ကို၊ အဘိဓေယျာယံ- ဟောထိုက်သော်၊ဘာဝကမ္မာဒီသု-ဘောကံ အစရှိသောအနက်တို့၌၊ သဗ္ဗဓာတုဟိ, အကာရ တိ ယု ဣတိ- အ အက္ခရာ, တိ, ယု ဟူကုန်သော၊ တေ ပစ္စယာ ဝါ ဟောန္တိ။ [''ဟောန္တိ ဝါ ဘာဝကမ္မာဒီသု'' ဟု သိဟိုဠ်မူ ရှိ၏၊] တာဝ-တိ, ယု ပစ္စည်းတို့မှ ရှေးဦးစွာ၊ အပစ္စယေ- ၌၊ (ဥဒါဟရဏ်)၊ ဇရ=ဝယော ဟာနိမှု၊ ဇီရတိ- အိုတတ်၏၊ ဝါ, ဇီရဏံ- အိုခြင်း၊ ဣတိ ဇရာ။ [''ဇီရဏံတိ ဝါ''ဟု သိရှိ၊] ဣတ္ထိယ မတော အာပစ္စ

---

ဘာဝကမ္မာဒိအဓိကာရေဝါယံ- [ဤပါဌ်ကိုမြန်မာမူ၌မတွေ့ရ၊] သညာယံ ဟု ဆိုထားသောကြောင့်''သညာအနက်၌ဣပစ္စည်းသက်သည်,သာဓနအနက်၌မသက်'' ဟု ယုံမှားဘွယ်ရှိသောကြောင့် ကိတ်ပစ္စည်းတို့ သက်ရိုး သက်စဉ် ဖြစ်သော ''ဘာဝ သာဓနနှင့် ကမ္မသာဓန စသော သာဓန အရာ၌ပင် သက်သည်''ဟု တမင်လာ ပြရ လေသည်၊ထို့ကြောင့် ဤပါဌ်သည် မူရင်းမှာပင် ရှိပေလိမ့်မည်၊ မောဂ္ဂလ္လာန်၌လည်း ''ဘာဝ ကာရကေသု-ဘာဝအနက်,ကာရက (သာဓန) အနက်တို့၌'' ဟု ပါသည်၊ [ထို့ပြင်-''ပါဒိပုဗ္ဗေဟော ဝ ဒါဓာတိ ဣ (အာ+ဒါ, စသည်ကဲ့သို့ပ စသော ဥပသာရ ရှေးရှိမှသာ ဒါ-ဓာတ်တို့နောင် ဣသက်)၊ ကမ္မူပပဒေ ပန သပါဒီဟိ အပါဒီဟိ စ အာဓာရေယေဝ (ဝါလ+ဓာ-စသည်ကဲ့သို့ ကမ္မူပပဒရှိရာ၌ကား ပ စသော ဥပသာရ ရှေးရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ''ဝါလာနိ ဒဓာတိ အသ္မိံ''ကဲ့သို့''အာဓာရအနက် ၌သာ ဣ သက်''ဟု မောဂ္ဂလ္လာန်ပဉ္စိကာ မိန့်သေး၏။]

www.dhammaransi.com



ယောတိ-သုတ်ဖြင့်၊အာပစ္စယော-သက်၊ ပဋိသမ္ဘိဇ္ဇတိ- ခွဲစိတ်ဝေဘန်တတ်၏၊ ဣတိ ပဋိသမ္ဘိဒါ။[ပဋိ+သံပုဗ္ဗဘိဒဓာတ်၊ တောယ-ဤအကျင့်ဖြင့်၊ပဋိပဇ္ဇတိ-ကျင့်ရ၏၊ ဣတိ ပဋိပဒါ၊ ဧဝံ, သမ္ပဒါ-ပြည့်စုံကြောင်းတရား၊[''သမ္ပဇ္ဇတိ တောယ''ဟုပြု] အာပဒါ ဘေးရန်၊[ဧဝံ-ဟုညွှန်ပြသောကြောင့်''တောယ-ဤဘေးရန်ဖြင့်၊အာပဇ္ဇတိ မကောင်းကျိုးဖြစ်လာ:တတ်၏''ဟုကရဏသာဓန ပြုစေလိုဟန်တူသည်၊''အာပဇ္ဇန်အာပဒါ''ဟုလည်းပြုကြသည်၊]ဥပါဒိယတိ-ကပ်၍ယူတတ်(စွဲလမ်းတတ်)၏။ [ဒိဝါဒိ ယပစ္စည်း၊]ဣတိ ဥပါဒါ-မည်၏၊ [ဥပါဒါရုပ်စသည်တည်း။]

သဉ္ဇာနာတိ-အမှတ်အသားပြု၍သိတတ်၏၊ ဣတိ သညာ။ [သံပုဗ္ဗဉာ၊] ပဇာနာတိ- အပြားအားဖြင့်သိတတ်၏၊ ဣတိ ပညာ၊ ဥပေက္ခတိ အသင့်အားပြင့်ရှုတတ်၏၊ ဣတိ ဥပေက္ခာ၊ [ဥပ ပုဗ္ဗ ဣက္ခ] စိန္တနံ- ကြံခြင်း၊စိန္တာ၊ ပတိဋ္ဌာနံ-တည်ခြင်း၊ ပတိဋ္ဌာ၊သိက္ခ=ဝိဇ္ဇောပါဒါနေ(ဝိဇ္ဇာ+ဥပါဒါနေ)-အတတ်ကို သင်ယူခြင်း၌ ၏၊ သိက္ခနံ- သင်ယူခြင်း၊ သိက္ခာ- ခြင်း၊ ဝါ, သိက္ခိယတိ သင်ယူအပ်၏၊ ဣတိ ဘိက္ခာ၊ ဧဝံ, ဘိက္ခာ- တောင်းခြင်း၊ဝါ, တောင်းအပ်သော ထမင်း၊ ဧဇျ=စိန္တာယံ ပရသမ္ပတ္တိ- သူ့စည်းစိမ်ကို၊ အဘိမုခံ- ရှေးရှု၊ ဈာယတိ-ကြံတတ်၏၊ ဣတိ အဘိဇ္ဈာ၊ [အဘိ - ဈေ၊ အဘိသည် အဘိမုခအနက်ဟော၊ ဇ် ဒွေဘော်လာ၊] ဟိတေသိတံ (ဟိတ+ သိတံ)-စီးပွားကို လိုလားအပ်သူ၏ အဖြစ်ကို၊ ဥပဃာတော- ဖြစ်စေ၍၊ ဈာယတိ-ကြံတတ်၏၊ ဣတိ ဥပဇ္ဈာ- မည်၏၊ ဥပဇ္ဈာယော- ဥပဇ္ဈာယ် ဆရာတည်း၊ ဧတ္ထ- ဤနေရာ၌၊ သမ္မာ ကောင်းစွာ၊ ဈာယတိ- ကြံတတ်၏၊ ဣတိ သဇ္ဈာ၊ [သံပုဗ္ဗ ဈေဓာတ်၊ နိဂ္ဂဟိတ်ချေ, ဇ် ဒွေဘော်လာ၊ ဤသဇ္ဈာ၏

ဥပဇ္ဈာ, ဥပဇ္ဈာယော-ဥပဇ္ဈာယောသည် ဥပဇ္ဈာ၏ အနက်ပြ အဘိဓေယျသာတည်း၊ ဤသုတ်၏ အရာမဟုတ်၊ ဏ ပစ္စည်း,ဈေန္ဒ ကို အာယပြု၍ ပြီးသည်၊ [ဇုတ္တိယ မတိယဝေါဝါသုတ်၌ ပုံစံထုတ်သော ရူပသိဒ္ဓိဆရာသည် ဥပဇ္ဈာပုဒ်ကို ဣတ္ထိလိင်ပုဒ်ဟု ဆိုလိုဟန်တူ၏၊သို့သော် ဝိမတိဝိနောဒနီဋီကာ,မဟာဝါ ပဗ္ဗဇ္ဇာက္ခန္ဓက အဖွင့်၌ ''ဥပဇ္ဈာယ သဒ္ဒေါ ဝေဝါ ဥပဇ္ဈာ၊ ဥပယောဂ ပစ္စတ္တ ဝစနေသု ယကာရလောပံ ကတွာ ဝုံ (ဤသို့ ဥပဇ္ဈာဟူ၍) ဝုတ္တော''ဟု တနည်းဖွင့်သောကြောင့် ဥပဇ္ဈာယ ပုဒ်ကဲ့သို့ ပုလ္လိင်သာ ဖြစ်သင့်၏၊ ပဥ္စမာ ဒုတိယာမှ တပါး အခြား ဝိဘတ်များဖြင့် ဥပဇ္ဈာပုဒ်၏ ရုပ်မရှိ၊ သက္ကတ၌ကား ဤပုဒ်လုံးဝမရှိ၊ ဥပါဓျာယ (ဥပါဇ္ဈာယ)'' ဟု ဥပ+အဓိ+ဣဓာတ် ဏ ပစ္စည်းဖြင့် တမျိုးထည်းသာရှိသည်။

www.dhammaransi.com



အာဘိမေယျကို ပတ္တေရ၊ ငွေဟော "သဋ္ဌိ"ကား သဥ္စခါတ် ၈၂ ပစ္စည်း နပုံလိနှ်တည်း။]

ဣလသု=ဣစ္ဆာယံ၊ သေနံ- လိုချင်ခြင်း၊ ဣတိအတ္တေ- ၌၊ အပ်စ္စယော- သက်၊ ဣလသု ယမုနမန္တောဓေ္တာဝါတိ- သုံတ်ဖြင့်၊ စ္ဆာဒေသော- စ္ဆပြု၊ ဣစ္ဆာ-လိုချင်ခြင်း၊ ပုစ္ဆနေ၊ ပုစ္ဆနံ- မေးခြင်း၊ ပုစ္ဆာ- ခြင်း၊ တိကိစ္ဆနံ- ဆေးကုခြင်း၊ တိကိစ္ဆာ-ခြင်း၊ ဃသိတုံ-စားခြင်းငှါ၊ ဣစ္ဆာ- အလိုရှိခြင်း၊ ဇိဃစ္ဆာ- စားလိုခြင်း၊ တိတိက္ခာ- သည်းခံခြင်း၊ ဗုဘုက္ခာ- စားလိုခြင်း၊ ပါတုံ- သောက်ခြင်းငှါ၊ ဣစ္ဆာ- အလိုရှိခြင်း၊ ပိပါသာ သောက်လိုခြင်း၊ မဏ္ဍူကဂတိယာ- နည်းဖြင့်၊ ဝါမိကာရဘာ-ကြောင့်၊ ဝါဒေသာဘာဝေါ- ဝါအပြု၏ မရှိခြင်း၊သည်၊ (ဟောတိ)၊[တတော ပါမာနာနံ ဝါမံသေသု- သုတ်၌ ဝါသဒ္ဒါလိုက်လာခြင်းကြောင့် ပါကို ဝါမပြုရ၊] ဗျာပိတုံ- ပြန့်နှံ့ခြင်းငှါ၊ ဣစ္ဆာ-ခြင်း၊ ဝိစ္ဆာ-ပြန့်နှံ့စေလိုခြင်း။ [''ဝိ+ဣစ္ဆာ''ဟုခွဲ၊ ဝိဥပသာရသည် ''ဗျာပန ပြန့်နှံ့ခြင်း''အနက်ဟောတည်း၊ 'ဝိ+ဣလသု' တည်၍ ဣစ္ဆာအတိုင်းတွက်၊ ဣစ္ဆာဒိ။]

တိပစ္စယေ-၌ (ဥဒါဟရဏံ)။ [''အ-တိ-ယု'' ဟု ၃ ပစ္စည်း ပြခဲ့ရာ ပစ္စည်း၏ ပုံစံကို ပြပြီး၍ တိပစ္စည်း၏ ပုံစံကို ပြလိုသောကြောင့်. "တိပစ္စယေ''မိန့်၊] သမ္ဘဝနံ-ကောင်းစွာဖြစ်ခြင်း၊ သမ္ဘူတိ-ခြင်း- [''သံပုဗ္ဗဘူ''တည်း၊] ဝါမိကာရတော-ကြောင့်၊တိပစ္စယမှိ-တိပစ္စည်း နောင်းရှာ၌၊ န ဝုဒ္ဓိ-ဝုဒ္ဓိမပြုရ၊ [အညေသုစ၌ ဝါ သဒ္ဒါလိုက်သောကြောင့် တိ နောင်းရှာ၌ ဝုဒ္ဓိ မပြုရ၊] သဝဏံ- ကြားခြင်း၊ သုတိ-ကြားခြင်း၊ နယနံ- ဆောင်ခြင်း၊ နီတိ- ခြင်း၊ ဝါ, တောယ-၌နည်းဖြင့်၊နိယယိ-ဆောင်အပ်၏၊ဣတိ နီတိ။ [''လောကနီတိ''စသည်၌ ပါသော နည်းလမ်းများကို "နီတိ''ဟုခေါ်၏၊] မန-ဉာဏေ၊ မညတိ-သိတတ်၏၊ ဣတိ မတိ။

(၅၉၉) နောတိ တိမှိတိ ဝတ္တတော။

ဂမ ခန ၊ပေ၊ မန္တော။ ။တပစ္စယေ-ကြောင့်ငင်း၊ တိမှိတိ စ- ငင်း၊ ဂမ၊ပေ၊ ဣစ္စေဝမာဒိန- ဂမ,ခန, ဟန,ရမ အစရှိကုန်သော မကာရန္တကာရန္တာနံ- မ အက္ခရာ န အက္ခရာအဆုံးရှိကုန်သော၊ ဓာတူနံ-တို့၏၊ [သီမှ၌ ဤအတိုင်းရှိသည်] အန္တော- အဆုံးဖြစ်သော၊ ဗျဥ္ဇနော- မဗျည်း နဗျည်း သည်၊ နေ ဗ ကြေသည်၊ ဟောတိ၊ ဣတိ-ဤသုတ်ဖြင့်၊ ဓာတွန္တလောပေါ-

www.dhammaransi.com



ဓာတွန်ချေ။[မတိ၌ဓာတွန်(န်)ကိုချေ ဟူလို၊] ဂမနံ-သွားခြင်း၊ ဂတိ-ခြင်း၊ ဝါ, ဂန္တဗ္ဗာ-ရောက်ထိုက်သော ဘုံသည်၊ ဂတိ-ဂတိမည်၏၊ [ဤနေရာ၌ ''ခနနံ ခန္တဗ္ဗာတိ ဝါ ခတိ''ဟု ရှိလျှင် ''ဂမခန''အစဉ်ကျ၍ကောင်း၏၊ ခနနံ- တူးခြင်း၊ ဝါ, ခန္တဗ္ဗာ-တူးထိုက်၏၊ ဣတိ ခတိ၊] ဥပဟနနံ-ကပ်၍ နှိပ်စက်ခြင်း၊ ဥပဟတိ-ခြင်း၊ တာယ- ထိုအရာဖြင့်၊ ရမန္တိ- မွေ့လျော် ကုန်၏၊ ဣတိ ရတိ၊ ဝါ, ရမဏံ- မွေ့လျော်ခြင်း၊ ရတိ-ခြင်း၊ တနု= ဝိတ္ထာရေ၊ တနနံ-ချဲ့ခြင်း၊ တတိ-ခြင်း၊ ယမု= ဥပရမေ၊ နိယမနံ-ရှောင်ခြင်း၊ နိယတိ-ခြင်း၊ ရမတေ ရမတိ ဘျာဒီသု နန - ရမတေ ရမတိဟူသော အာချာတ် ကြိယာတို့၌ကား၊ အကာရဗျဝဟိတတ္တာ- ဝိကရဏ အပစ္စည်း ခြားအပ်သည်၏ အဖြစ်ကြောင့်၊ န ဓာတွန္တလောပေါ- ဓာတွန်ကိုမချေရ။ [''အကာရ ဗျဝဟိတတ္တာတိ- ဝိကရဏပစ္စယဘူတေန အကာရေန ဗျဝ ဟိတတ္တာ''ဟု ဋီကာဖွင့်သောကြောင့် ''ရမတေ- မွေ့လျော်၏၊ ရမတိ- ၏''တို့ အာချာတ်ပုဒ်များဖြစ်သည်၊ 'ရမတော''ဟုရှိသည်ကား ပါဌ်ပျက်။]

ဘုဉ္ဇနံ-စားခြင်း၊ ဘုတ္တိ- ခြင်း၊ ယုဉ္ဇနံ- အားထုတ်ခြင်း၊ ယုတ္တိ-ခြင်း၊ ဘုဇာဒိန မန္တော နော ဒွိစာတိ-သုတ်ဖြင့်၊ မာတွန္တလောပေါ, ဒွိတ္တဉ္စ သမာပဇ္ဇနံ-ကောင်းစွာရောက်ခြင်း၊ သမာပတ္တိ- ခြင်း၊ ဝါ, သမာပဇ္ဇတေ- ကောင်းစွာ ရောက်အပ်၏၊ ဣတိ သမာပတ္တိ။ [သံ+ အာပုဗ္ဗ ပဒဓာတ်၊ ''ချာန်=သမာပတ်''ဟူရာ၌''ကောင်းစွာရောက်အပ်''ကိုပင်''ဝင်စားအပ်'' ဟုခေါ်၏၊]သမ္ပတ္တိ-ကောင်းစွာရောက်ခြင်း ဝါ,ကောင်းစွာရအပ်ရောက်အပ် သောစည်းစိမ်။ [သံပုဗ္ဗ ပဒဓာတ်၊] ဂုပါဒီနဉ္စာတိ- သုတ်ဖြင့်၊ ဓာတွန္တ လောပ ဒွိတ္တာနိ-တို့သည်(ဟောန္တိ)၊ကွစိဓာတု တျာဒိနာ-ဖြင့်၊ ဟာဒိတော- ဟာ အစရှိသော ဓာတ်မှနောက်၌။ [အာဒိဖြင့် ဇာဓာတ်ကိုယူ၊] တိသာ- တိပစ္စည်း၏၊ နိ-နိ အပြုသည်၊ ဟောတိ၊ ဟာနိ- ဆုတ်ယုတ်ခြင်း၊ ဇာနိ- ဆုံးရှုံးခြင်း၊ ဣစ္စာဒိ။ [မောလ္လာန်၌ကား ''ဇာဟာဟိနိ''ဟူ သုတ်တည်၍ နိပစ္စည်းသက်၏။]

ယုပစ္စယေ-၌ (ဥဒါဟရဏံ)၊စိတ=သဉ္စေတနေ- ကောင်းစွာစေ့ဆော် ခြင်း၌....၏၊ စေတယတိ-စေ့ဆော်တတ်၏၊ ဣတိ အတ္တော, ယုပစ္စယော- သက်၊ အနာဒေသဝုဒ္ဓိ-အန အပြု, ဝုဒ္ဓိ အပြုတို့သည် (ဟောန္တိ)၊ အာပစ္စ ယော- အာပစ္စည်းသက်၊ စေတနာ- စေ့ဆော်တတ်သောတရား၊ ဝိဒ= ဉာဏေ။ [''ဝိဒ=အနုဘဝနေ''ဆိုလျှင် သာ၍လိုက်ရော၏။] ဝေဒယတိ-

www.dhammaransi.com



အရသာကိုသိတတ်(ခံစားတတ်)၏၊ဣတိဝေဒနာ၊ ဒိသီ=ဥစ္စာရဏေ-ရွတ်ဆို ခြင်း၌....၏၊ ဒေသီယတိ- ဟောအပ်၏၊ ဣတိဒေသနာ၊ ဘာဝီယတိ- ဖြစ်စေအပ် ပွားစေအပ်၏၊ ဣတိဘာဝနာ၊ (ဘာဝနာကမ္မဋ္ဌာန်း)။ဣစ္စာဒိ။

(၆၀၀) ဣဿိယံတိ ဝါတိစ ဝတ္တတေ။

ကရတော ရိရိယ။ ။ဣတ္ထိယံ- ဣတ္ထိလိင်ကိုသော်ၿငင်း၊ အနိတ္ထိယံဝါ- ပုံလိင် နပုံလိင် ကိုသော်ငင်း၊ အဘိဓေယျာယံ- ဟောအပ်သော်၊ ကရ ဓာတုတော- မှနောက်၌၊ ရိရိယပစ္စယော ဟောတိ-ရာင်လောပေါ၊ ကတ္တဗ္ဗာ- ပြုထိုက်သော အမှုအရာသည်၊ ကိရိယာ-မည်၏၊ ကရဏီယံ- ပြုထိုက်သော အမှုသည်၊ကိရိယံ-မည်၏၊ [''အကိရိယေ မေမ္ဗ''ဟု ပုလ္လိင်လည်းရှိ၏။]

(၆၀၁) ကတ္တရိတိ ဝတ္တတေ။

ဇိတော ဣန သဗ္ဗတ္ထ။ ။သဗ္ဗကာလေ- အလုံးစုံသော ကာလ ၃ ပါး၌၊ ကတ္တရိ-၌၊ ဇိဣတိ- ဇိဟူသော၊ တောယခာတုယာ- မှ၊ ပရော (ဟုတွာ) ဣန ပစ္စယော ဟောတိ၊ ပါပကေ- ယုတ်မာကုန်သော၊ အကု သလေ ဓမ္မေ-တို့ကို၊ အဇိနိ-အောင်တော်မူပြီ၊ ပေ၊ဣတိ ဇိနော။

(၆၀၂) ဣနာတိ ဝတ္တတေ။

သုပတော စ။ ။ပေ၊ သုပ=သယေ၊ သုပတိ- အိပ်တတ်၏၊ ဝါ၊ သုပနံ-အိပ်ခြင်း၊ ဣတိ သုပိနော၊သုပိနံ-အိပ်ခြင်း၊ဝါ-အိပ်မက်။[အိပ်ပျော် ခြင်းကို သုပိနဟု ခေါ်၏၊ ထို အိပ်ပျော်ခိုက်၌ဖြစ်သော အိပ်မက်ကိုလည်း ကေဒေသျူပစာရအားဖြင့် ''သုပိန''ပင် ခေါ်သည်။]

(၆၀၃) သီ=သယေ၊ ဉှသံ ဣတိ-ဉှသံ ဟူသည်၊ ဥပပဒံ-တည်း၊ ဘဝတာ-သည်၊ ဉှသံ-မငြိုငြင်သဖြင့်၊ သီယတိ- အိပ်ခြင်း၊ ဣတိအတ္ထေ။

ဉှသံ ဒု သုဟိ ခ။ ။ဉှသံဒုသု ဣတိ=ဉှသံနိပါတ်,ဒု သု ဥပသာရ ဟူကုန်သော၊ ဧတေဟိ ဥပပဒေဟိ-ဤဥပပဒတို့မှ၊ ပရေဟိ- ကုန်သော၊ ဓာတူဟိ- တို့မှ နောက်၌၊ ခ ပစ္စယော ဟောတိ၊ သောစ- ထို ခပစ္စည်း သည်လည်း၊ [''ဘာဝကမ္မေသွေဝ ဟောတိ''၌စပ်။]

(၆၀၄) ဘာဝကမ္မေသု၊ပေ၊ခတ္ထာ။ ။ဘာဝကမ္မေသု ဣတိ - သော ကံဟူကုန်သော၊ ဧတေသု အတ္ထေသု-တို့၌- ကိစ္စ က္တ ခဋ္ဌဣတိ- ကိစ္စအနက် ရှိသော ပစ္စည်း, တ္တ အနက်ရှိသော ပစ္စည်း ခ အနက်ရှိသော ပစ္စည်း- ဟူကုန်သော၊ ဧတေ ပစ္စယာ ဟောန္တိ၊ ဣတိ-သို့၊ နိယမတော- မှတ်သား

www.dhammaransi.com



ခြင်းကြောင့်၊ ဘာဝကမ္မေသွ ဝ- ဘောကံ အနက်တို့၌သာ၊ ဟောဘိ။ [ ''သောစ'' ကတ္တားနှင့် ညီအောင် ''ဟောတိ''ဟု ပါ၍မှန်ရှိစေ၊] ကွစိ ဓာတုတ္ထျာဒိနာ- ဖြင့်၊ ခကာရ နုဗန္ဓဿ ခ အနုဗန်ကို၊ လောပေါ-ချေ၊ ဝုဒ္ဓိ အယာဒေသ ဒွိတ္တာနီ-ဝုဒ္ဓိ, အယ အပြု, ဒွေဘော်တို့သည် (ဟောန္တိ)၊ ဘဝတာ- သည်၊ ဤသဿယော-မပြိုင်ပြင်သဖြင့် အိပ်ခြင်း။ ဒုက္ခေန-ဆင်းရဲသဖြင့်၊ သိယတိ-အိပ်ခြင်း၊ ဣတိ, ဒုဿယော-၏၊ သုခေန- ချမ်းသာသဖြင့်၊ ၊ပေ၊သုဿယော။

---

(၆၀၄) ကိစ္စ ဣ ခတ္ထာ-[''ကွတ္ထာ''ဟုရှိကြ၏၊ ''ဤ သံ ဒု သုဟိခ''ဟုရင်း, ''ကွစိဓာတုတျာဒိနာ ခကာရနုဗန္ဓဿ''ဟုရင်း ဆိုခြင်းကြောင့်''ခတ္ထာ'' ဟုသာ ရှိစေ၊] ''ကိစ္စတ္ထ,ဣတ္ထ,ခတ္ထ''ဟု အဟ္ထကို ရှေ့ပုဒ်များနှင့်လည်း တွဲ၊ ထိုတွင် ကိစ္စ ပစ္စည်း၏ အနက်ဟူသည်''ပေသာ တိသဂ္ဂ ပတ္တကာလေသု ကိစ္စာ''သုတ်၌ ပြအပ်သော ပေသ-အတိသဂ္ဂ-ပတ္တကာလ အနက်တို့တည်း၊ဣတ္ထ ဟူသည်''ဘျာဒိဟိ မတိ ဗုဒ္ဓိ ပူဇာဒီဟိ စ တ္တော''သုတ်ဖြင့် ပြသော ကြောက်ခြင်း သိခြင်း ပူဇော်ခြင်း စသော အနက်တည်း။ ထို ဘီ စသော ဓာတ်နောင်သက်ရသဖြင့် ထိုဓာတ်၏အနက်များကို လည်း ဣ ပစ္စည်းက တွဲဘက်၍ ဟောရရောက်၏။ခတ္ထဟူသည်''ဤ သံ ဒု သုဟိ ခ'' သုတ်ဖြင့်ပြအပ်သော''ဤသံ- ဒု-သု''တို့၏ အနက်တို့တည်း၊ ထိုဥပပဒရှိသောဓာတ် နောင်သက်ရသဖြင့်ထိုဥပပဒတို့၏အနက်ကိုလည်း ခ ပစ္စည်းကဟောရရောက်၏။

ဣစ္ဆေ ဝ ဗော ပစ္စယာ- ''ကိစ္စတ္တ ခတ္ထ''အရ ပစ္စည်း၏ အနက်ကို ရသော်လည်း အနက်ကိုအကြောင်းပြု၍ကာရကျူပစာရအားဖြင့် ထိုအနက်ရှိသော ပစ္စည်းများကိုပင် ''ကိစ္စ ဣ ခတ္ထ''အရ ယူစေလို၍''ကိစ္စ ဣ ခတ္ထ ဣစ္ဆေတေ ပစ္စယာ''ဟု ဖွင့်သည်၊ ဤသုတ်၏ဆိုလိုရင်းကား-''ပေသ အဘိသဂ္ဂ ပတ္တကာလအနက်၌ ကိစ္စပစ္စည်းသက်'' ဟုဆိုထားရာဝယ် ထိုအနက်များသည် သာဓနအနက်မဟုတ်သေး၊ သာဓနအနက်ကို မဟောလျှင်လည်းကိတ်ပစ္စည်းမဟုတ်၊ထို့ကြောင့် ပေသ စသောအနက်၌သက်သော ကိစ္စပစ္စည်းသည် အဘယ်သာဓနအနက်၌သက်သနည်း-ဟုမေးဘွယ်ရှိ၏၊ထို့ကြောင့် ''ဘာဝကမ္မေသုကိစ္စ ဣ ခတ္ထာ''ဟု ဤသုတ်က ပေသ စသော အနက်၌ သက်သော ကိစ္စပစ္စည်း၏ သာဓနအနက်ကို သတ်မှတ်ပြရသည်၊ ထို့အတူ ဘီ စသော အနက်၌ သက်သော ဣ ပစ္စည်း ဤသံစသောအနက်၌ သက်သော ခ ပစ္စည်းတို့လည်း ထိုသုတ်များ၌မည်သည့်သာဓနဝယ် သက်-ဟုသတ်မှတ်ချက်မပါသေးသောကြောင့်ဤသုတ်က ဘာဝကမ္မသာဓန၌သက်-ဟု သတ်မှတ်ပြရသည်၊ ထို့ကြောင့် ဤသုတ်သည် သာဓန အနက်ကို သတ်မှတ်ပြသော ပရိဘာသာ (နိယမ) သုတ်တည်းဟု မှတ်။

ဤသ ဿယော-''ဤသံ- သိ,ခ''၌ အနုဗန်ချေ၊ အညေသုစဖြင့် ဝုဒ္ဓိပြု,ဧကို အယ ပြု(ဤသံ+သယ)ကမ္မဓာရဲစပ် (ဤသံ+သယ) ဗျဉ္ဇနေစဖြင့် နိဂ္ဂဟိတ်ချေ, သ် ဒွေဘော်လာ၊ [သက္ကတ၌ ''ဤသတ်''နိပါတ်သည် ပါဠိ၌ ''ဤသံ''ဟု ဖြစ်၏၊ ထိုဤသံလည်း အကိစ္စ အနက်ဟော ဟု ကာတန္တ ဆို၏။]

www.dhammaransi.com



ကမ္မေ-၌(ဥဒါဟရဏံ)၊ ဉာသံ-မငြိုငြင်သဖြင့်၊ ကရိယတိ- ပြုအပ်၏၊ ဣတိ ဉာသက္ကရံ- မည်၏၊ ဘဝတာ-သည်၊ ကမ္မံ- အမှုကို၊ ဉာသက္ကရံ-မငြိုငြင်သဖြင့် ပြုအပ်၏၊ ဧဝံ, ဘဝတာ-သည်၊ဟိတံ-စီးပွားကို၊ ဒုက္ခေန-ဖြင့်၊ ကရိယတိ- ၏၊ ဣတိ ဒုက္ကရံ။ [ဉာ၌လည်း ကတ္တားကံပုဒ် တို့ကို ရှေးဦးစွာ ပေးနိုင်၏၊] ဗာလေန- လူမိုက်သည်၊ ပါပံ- ကံ၊ သုကရံ-လွယ်ကူစွာ ပြုအပ်၏။ [''သုခေန ကရိယတိတိ'' ဟု ဝိဂ္ဂဟပြု၊] ဒုက္ခေန, ဘရိယတိ- မွေးမြူအပ်၏၊ ဣတိ ဒုဗ္ဘရော- မည်၏၊ မဟိစ္ဆော- အလိုကြီးသူတည်း၊ သုခေန- ဖြင့်၊ ဘရိယတိ- ၏၊ ဣတိ,သုဘရော-၏၊အပ္ပိစ္ဆော-အနည်းငယ်သာ အလိုရှိသူတည်း၊ ဒုက္ခေန ဖြင့်၊ ရက္ခိတဗ္ဗံ စောင့်ရှောက်ထိုက်၏၊ ဣတိ ဒုရက္ခံ- ၏၊ စိတ္တံ- စိတ်တည်း၊ ဒုက္ခေန, ပဿိတဗ္ဗော-မြင်ထိုက်၏၊ ဣတိ ဒုဒ္ဒသော-၏၊ ဓမ္မော-တည်း၊ [ဒိသာ၌ ဣကို ကွစိဓာတုဖြင့်(အ)ပြု၊] သုခေန, ပဿိတဗ္ဗံ-မြင်ထိုက်၏၊ ဣတိ သုဒဿံ-၏ ပရဝဇ္ဇံ-သူတပါးအပြစ်တည်း။ [ကွစိဓာတုဖြင့် ဒိသကို ဒဿပြု၊] ဒုက္ခေန, အနုဗုဇ္ဈိတဗ္ဗော လျှော်စွာ သိထိုက်၏၊ ဣတိ ဒုရနုဗောဓော။ [ဒု+အနုဗောဓ၌ ရ် အာဂုံ၊] သုခေန, ဗုဇ္ဈိတဗ္ဗံ-သိအပ် သိနိုင်၏၊ ဣတိ သုဗောဓံ၊ ဣစ္စာဒိ။

(၆၀၅) ဗုဓ=အဝဂမနေ၊ သဗ္ဗေ- ကုန်သော၊ သင်္ခတာ သင်္ခတ သမ္မုတိဘေဒေ-သင်္ခတ, အသင်္ခတ ပညတ် အပြားရှိကုန်သော၊ [ရုပ်နာမ်ခန္ဓာကို သင်္ခတ, နိဗ္ဗာန်ကို အသင်္ခတ, ပညတ်ဟူသမျှကို သမ္မုတိ= ဟုခွဲ၊] ဓမ္မေ- တရားတို့ကို၊ အဗုဇ္ဈိ- သိတော်မူပြီ၊ပေ၊ဣတိအတ္ထေ-၌။ [တပစ္စယော ဟောတိ-၌ စပ်၊] တ ဣတိဝတ္တတေ။

ဗုဓဂမာဒိတ္ထေကတ္တရိ။ ။ဗုဓဂမ ဣစ္စေဝ မာဒီဟိ-ဗုဓ, ဂမ အစရှိကုန်သော၊ ဓာတူဟိ- တို့မှ နောက်၌၊ တဒတ္ထေ- ထို ဗုဓ ဂမုစသော ဓာတ်တို့၏ အနက်ကို၊ ဂမျမာနေ-သော်၊ ကတ္တရိ- ၌၊ သဗ္ဗကာလေ- ၌၊ တပစ္စယော-ဟောတိ။

---

(၆၀၅). သုတ်၌ ''ဗုဓဂမာဒီနံ+အတ္ထော, ဗုဓဂမာဒိတ္ထော''ဟုပြု၊ ထိုပါဌ်က ဗုဓဂမ အစရှိသော ဓာတ်တို့၏ အနက်၌ တ ပစ္စည်းသက်''ဟု တိုက်ရိုက်ပြသဖြင့် ဗုဓဂမ စသောဓာတ်တို့မှနောက်၌ သက်ရကြောင်းကို သာမတ္ထိယတ္ထအားဖြင့်သိသာသည်၊ထို့ကြောင့် ''ဗုဓဂမ ဣစ္စေဝမာဒီဟိ ဓာတူဟိ''ဟု ဝုတ္တိဖွင့်သည်။ [တေသံ အတ္ထေ ဗုဇ္ဈနာဒိဘေဒေ ဂမျမာနေသာမတ္ထိယတော တဒတ္ထေဟိ ဗုဓဂမာဒီဟိယေဝ တ ပစ္စယော၊ တေန ဝုတ္တံ-ဗုဓဂမ ဣစ္စေဝမာဒီဟိ ဓာတူဟီတိ-ဋီကာ။] နျာသ၌တမျိုး ဖွင့်ထား၏၊ ကစ္စည်း ဘာသာဋီကာမှာ ရှု။]

www.dhammaransi.com



(၆၀၆) တဿာ တိ ဝတ္တတေ၊....

**ဓေဘဟေဟိဓေါစ**။ ။ဓေန္တ ဘဟန္တေ္ဟိ ဓ ဎ **အဆုံးရှိကုန်**, ဘဟ **အဆုံးရှိကုန်သော**၊ ဓာတူဟိ **ပရဿ**, ပစ္စယတကာရဿ — ပစ္စည်းတွင် ပါဝင်သော တ အက္ခရာ၏၊ ယထာက္ကမံ ကော့ရ ဧကာရာဒေသာ **ဟောန္တိ**၊ ဣတိ ဤသုတ်ဖြင့်၊ ဘေတော-ဓ, ဘမှ (ပရဿ)တကာရဿ- တပစ္စည်း၏၊ **ဓကာရော**-ဓပြု၊ ဟ စတုတ္ထာနန္တိ ဧတ္ထ- **ဟ** စတုတ္ထာနံ **စသော** သုတ်၌၊ **ဟကာရဂ္ဂဟဏတော**- ဟ အက္ခရာကိုယူခြင်းကြောင့်၊ ဟကာရတော ပိ-ဟမှ **နောက်၌လည်း**။ ကွစိ, ဓတ္တံ-ဓပြု၊ အဗျဝဓာနေဝ မခြားရာ၌သာ၊ အယံ-ဤအစီအရင်သည် **ဟောတိ**)၊ ဘေန- ကြောင့်၊ ရုန္ဓတိ အာရာဓိတော ဝဍ်ဎိတော လဘိတွာ ဂဟိတော တျာဒီသု တို့၌၊ ပစ္စယာဂမဗျဝဟိတတ္တာ- အပစ္စည်း, ဣအာဂုံ ခြားအပ်သည်၏ အဖြစ်ကြောင့်၊ န ဘဝတိ ဓ,ဎ အပြု မဖြစ်။

---

(၆၀၆) ဓ ဎန္တ ဘဟန္တေဟိ-ဓ ဎန္တဓာတ်တို့နောင် အစဉ်အတိုင်း ဓ-ဎ ပြု၊ ဘဟန္တဓာတ်တို့နောင်လည်း အစဉ်အတိုင်း ဓ-ဎ ပြု၊ ဤသို့ စဉ်စေလို၍ "ဓဎန္တ-ဘဟန္တေဟိ" ဟု ခွဲ၍ဖွင့်သည်၊ ဤအဖွင့်အရ ဓ-ဘ ဆုံးသောဓာတ်နောင်တပစ္စည်းကို ဓပြု-ဟု သိသာ၏၊ ထို့ကြောင့် "ဓ ဘတော တကာရဿ ဓကာရော" ဟု နောက်၌ မိန့်သည်၊ တ ကို ဓ-ဎပြုရာ၌လည်း "က" ပစ္စည်းတမျိုးသာမက, တုံ-တွာ စသည်၌ ပါသော တ ကိုပါ ယူစေလို၍ "ပစ္စယ တကာရဿ" ဟုဖွင့်၏ ထို့ကြောင့် "သုဗုဒ္ဓံ၊" စသော ပြယုဂ်များကို တွေ့ရပေသည်။

ဟ စတုတ္ထာန၊ ပေ၊ ကွစိ ဓတ္တံ - ဖွင့်ခဲ့သည့်အတိုင်းဆိုလျှင် ဟ ဆုံးသော ဓာတ်နောင် ဎ-သာ ပြုနိုင်ခွင့်ရှိ၏၊ သို့သော် "ဟ စတုတ္ထာန မန္တာနံ ဒေါဓေ" သုတ်၌ ဓ အပြုနှောင်းရာ ယ ဘ နှင့် စတုတ္ထအက္ခရာစုကို ဒ-ပြု ဟု ဆိုထားသဖြင့် ဟကာရန္တ ဓာတ်နောင် တ ကို ဓ ပြုသေးကြောင်း ဟင်ရှား၏၊ ထို့ကြောင့်ဟကာရန္တဓာတ်နောင် ဤ ဓ ဎ ဘဟေဟိ-သုတ်ဖြင့် အနည်းငယ်, ဓ ပြုရသေးသည် ဟုလည်းမှတ်ပါ-ဟူလို။

**အဗျဝဓာနေဝါယံ**-- ဤသုတ်က "တ ကို ဓ ဎ ပြုမည်" ဟု ဆိုထားသော်လည်း တစုံတခုဖြင့် မခြားမကွယ်ရာ၌သာ ပြုသည်၊ ရုန္ဓတိ၌ "ရုဓ် မ် အတိ" ဟုဖြစ်သည့်အခါ မ် နှင့် တအကြား၌ အပစ္စည်းခြားသောကြောင့်ရင်း, အရာဓိတော စသည်၌ "အာပုဗ္ဗ ရာဓ်+ဣ တ" ဟု ဖြစ်သည့်အခါ မ် နှင့် တအကြား ဣ အာဂုံ ခြားသောကြောင့်ရင်း တကို ဓ မပြုရ၊ ဂဓု-လဘ-ဂ ဟ တို့၌လည်း ဣ အာဂုံခြားပုံကိုသိပါ၊ ဓ ဎ ဘ ဟ စုံအောင် ပုံစံအများ ပြထားသည်။ [အာပုဗ္ဗ, ရာဓ- တောသနေ (နှစ်သက်ခြင်း) ဟူသောဓာတ်ဖြင့် အာရာဓိတောဟု ပြီး၏, "အာရဒ္ဓံ (နှစ်သက်အပ်သော) စိတ္တံ ယေသံတိ အာရဒ္ဓ စိတ္တာ=နှစ်သက်အပ်သော စိတ်ရှိသူတို့" ဟူရာ၌ ရာ၏ အာကို ကွစိဓာတုဖြင့် ရဿပြု။]

www.dhammaransi.com



(၆၀၇) ဟာစတုတ္ထာနါမေပ၊ဝေ။ ။ပရေ, ကောရေ· ဓအပြုကြောင်း။ မာတွန္တ ဘူတာနံ– ကုန်သော၊ ဟကာရဿ– ဟ အက္ခရာ ၏ ရင်း၊ ဝဂ္ဂစတုတ္ထာနည– ဂ၏ စတုတ္ထ အက္ခရာတို့၏ရင်း၊ ဒကာရာဒေသော၊ ဟောတိ။ [သိမှုအတိုင်း၊] ငှုဒ္ဒေါ–သိတော်မူသော ဘဂဝါ–ဘုရား။

သရဏံ– ကိုးကွယ်ခြင်းသို့၊ အဂစ္ဆိ– ရောက်ပြီ၊ ၊ပေ၊ ဣတိ သရဏံ့တော–၏၊ ဥပါသကော–ဥပါသကာတည်း၊ ဂမ ခန ဟန ရမာဒီန မန္တောတိ· သုတ်ဖြင့်၊ ဓာတွန္တ လောပေါ– ချေ။ [သရဏံ၌ အံလည်း မကြေသော အလုတ္တ သမာသ်စပ်၊ ဝေံ, ဇာနာတိ– သိတတ်၏၊ ဣတိ ညုတော၊ ကူ=ဂက်မို၊ ဥပေတိ– ကပ်ရောက်တတ်၏၊ ဣတိ ဥပေတော။ [ဥပ+ကူဓာတ်၊ ကူကို ဌ အသဝဏ်ပြု၊ ဗုဓ ဂမာဒိတ္တေ သုတ်အရ ဗုဓ– ဂမု အနက်ရှိသော ဓာတ်များပြီး၍ အာဒိအရ ပုံစံကို ပြလတ်။]

စိန္တ=စိန္တာယံ-သိကြံ၌...၏။ "စိတိစိန္တော့တု ဇာနနေ" စိန္တေတိ– သိတတ်၏၊ ဣတိ စိန္တံ၊ ဂုပါဒီနဉ္စာတိ– သုတ်ဖြင့်၊ ဓာတွန္တလောပဒိတ္တာနိ– တို့သည်၊ (ဟောန္တိ)၊ သန္ဓ=သင်္ဂေ၊ရူပါဒီသု– ရူပ အစရှိသောအာရုံတို့၌၊ အသန္တ- ငြိကပ်ပြီ၊ပေ၊ သဉ္ဇိဿတီတိ သတ္တော - သတ္တ မည်၏၊ ဘုဇာဒီနမန္တော နောဒ္ဒိစာတိ· သုတ်ဖြင့်၊ ဓာတွန္တလောပေါ ချေ၊ ဒွိတ္တာဉ္စ-လာ။

(၆၀၈) သညာယန္တိ ဝတ္တတေ၊

တိကိစ္ဆာသိဥ္ဆေ။ ။သညာယံ– နာမည်ကို၊ အဘိဓေယျာယံ– ဟောသော်၊ အာသိဥ္စဘောင့်တခြင်းအနက်ကို၊ဂမျမာနေ· သော်၊ ဓာဟူဟိ·တို့မှနောက်၌။ တိ ပစ္စယော–သည်ရင်း၊ ကိတ် ပစ္စယောစ– ကိတ်ပစ္စည်းသည်ရင်း၊ ဟောတိ၊ ဇိနော- ဘုရားရှင်သည်၊ နံ- ဤသူ့ကို၊ ဗုဇ္ဈတု- သိတော်မူပါစေ၊ ဣတိ· ဤတောင့်တ စကားကြောင့်၊ ဇိနဗုဒ္ဓိ မည်၏၊ ကောရကာရာဒေသော– တ ပစ္စည်း၏ ဓ အပြု, ဓာတ်၏ ဒ အပြုတို့သည်၊ (ဟောန္တိ)၊ အဿ– ထိုသူ့ အား၊ဓနံ- ဥစ္စာသည်၊ ဘဝတု-ဖြစ်ရှန်းပါစေ၊ ဣတိ–ဤတောင့်တ စကားကြောင့်၊ ဓနဘူတိ–မည်၏။

---

အသန္တ- အသဇ္ဇိစသည်ဖြင့် ရှိကြ၏၊ သန္ဓဓာတ်ဘူဝါဒိဖြင့် "အသဇ္ဇိ"မဖြစ်နိုင်၊ သဇ္ဇဓာတ်ဖြင့်သာ အသဇ္ဇိဖြစ်နိုင်၏၊ အခြားကျမ်း၌လည်း "ရူပါဒီသု သဇ္ဇတီတိ သတ္တော"ဟု ပြု၏၊ ထို့ကြောင့် အသန္တ"ဟု ပြင်သည်၊ ဓာတွန်ချေရာ၌လည်း စိန္တ-သန္ဓတို့၏ န္တ-န္ဓကိုပင် ချေသင့်ချေ၏၊ ရူပသိဒ္ဓိ ဆဒါဒိဟိ တ တြက်သုတ်၌ ကား န ကို နိဂ္ဂဟိတ်ပြု၍ ချေပြီးမှ တ-ဇ တို့ကို ချေသည်။

www.dhammaransi.com



ကိတ် ပစ္စယေ–၌ (ဥဒါဟရဏံ)၊ ဘဝတု- ဖြစ်ပါစေသတည်း၊ ဣတိ ဤတောင့်တ စ ားကြောင့်၊ ဘူတော မည်၏၊ မေမွာ–တရားတော်သည်၊ ဒေနံ–ဤသူ့ကို၊ ဒဒါတု-ပေးပါစေ၊ ဣတိ, မေဗ္ဘိဒ္ဒေသာ၊ဘိဒါဒိတော ဏ္ဍန္ဒအန္တ ဤအာဝါတို့ သုတ်ဖြင့်၊ တ ပစ္စယဿ–၏၊ ဏ္ဍန္နာဒေသော၊ ဏ္ဍန္နပြု၊ ဝဍ္ဎတု- တိုးပွါးပါစေ၊ ဣတိ, ဝဍ္ဎမာနေသာ၊ ဘူဝါဒိတော အဏ္ဍတိ- သုတ်ဖြင့်၊ မာနန္တေသု မာန အန္တ ပစ္စည်းတို့ကြောင့်၊ အပစ္စယော- သက်။ [ဝဍ္ဎ ဓာတ်၏ ဓာတွန့် သရကို ချေသည့်အခါ ကပ်တိုရာ သရမရှိ၍ အပစ္စည်း သက်မှုပြီးသည်၊] နန္ဒတု-နှစ်သက်ပါစေ၊ ဣတိ နန္ဒကော၊ ဇီဝတု- အသက် ရှည်ပါစေ၊ ဣတိ ဇီဝကော၊ ဣစ္စာဒိ။ [ဤသုတ်ဆိုင်ရာ အဓိပ္ပါယ်များကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

(၆၀၅)အာဂမာ တုကော။ ။အာပုဗ္ဗဂမိတော – အာရှေးရှိသော ဂမုဓာတ်မှ (နောက်၌)၊ တုကပစ္စယော ဟောတိ၊ ကိတ ကတ္တာ = ကိတ အမည်ရှိသည်၏ အဖြစ်ကြောင့်၊ ကတ္တရိ - ၌ (ဟောတိ)၊ အာဂစ္ဆတိ- လာရောက်တတ်၏၊ ဣတိ အာဂန္တုကော-(ဧည့်သည်)မည်၏။

(၆၁၀) ဂမာတိဝတ္တတေ၊....

ဘဗ္ဗေ ဣက။ ။ဘဗ္ဗတ္ထေ-"ထိုက်သူ" ဟူသော အနက်၌၊ ဂမိကော ဣက ပစ္စယော ဟောတိ၊ ဂန္တုံ-သွားခြင်းငှါ၊ ဘဗ္ဗော- ထိုက်သူတည်း၊ ဂမိကော- ခရီးသွားထိုက်သူ၊ ဘိက္ခု- ခရီးသွားမည့် ရဟန်းတည်း။.... တေကာလိက ပစ္စယန္တနယော၊ ကာလ ၃ ပါးရှိသော ပစ္စည်းအဆုံးရှိသော ပုဒ်တို့ကို သိကြောင်းနည်းသည် (တေကာလိက ကိတက ပစ္စယန္တနယော– ကာလ ၃-ပါးရှိသော ကိတပစ္စည်းတို့ကို သိကြောင်းနည်းသည်" ဟုလည်း ပါဌ်ရှိ၏၊) နိဋ္ဌိတော–ပြီ။

---

ရှုပ်တွက်။ ။"ဇိန သဒ္ဒူပပဒဗုဓ, ဓန သဒ္ဒူပပဒ ဘူ"စသည်ဖြင့် တည်၍ ဥပပဒ ရှိသမျှ၌ ဆိုင်ရာ ဓိဘတ် သက်, သမာသ်စင်, ဓိဘတ်ချေ၊ ဘူတော-စသော ဥပပဒ မရှိရာ၌"ဘူ"စသည်တည်။ ဤသုတ်ဖြင့်ဆိုင်ရာပစ္စည်းသက်၍ ရုပ်တွက်လေ၊ "ဘဝ တူတိ ဘူတော" အရာဝယ် မောဂ္ဂလ္လာန်၌"ဘာကော"ဟု ဏွုပစ္စည်းဖြင့်ရှိ၏၊ဤဇိန ဗုဒ္ဓိ စသော ပုဒ်များသည် အမြဲနာမည်ဟောချည်း မဟုတ်၊အချို့အရာ၌သာနာမည် ဟော၍ များစွာသော အရာ၌ကား"ဘုရား၏+သိခြင်း"စသည်ဖြင့် ကြိယာ စသော အနက်များကို ဟောသည်၊ ထို့ကြောင့် "ဇိနဗုဒ္ဓိတိ အာသိသတ္ထေစ ကွစိ သညာ= ဇိန ဗုဒ္ဓိဟူသည် အာသိသ အနက်ဝယ် အချို့ အမည်သညာတည်း, အများအားဖြင့် ကား အမည်သညာ မဟုတ်-ဟူလို"ဟု ရူပသိဋ္ဌိဋီကာမိန့်သည်။

www.dhammaransi.com



(၆၁၁) အတီတေ၊ ပေ' တာဝီ။ ။အတီတေ-သော၊ ပေ၊ ဟောန္တိ၊ ဧတေ ဧဝ ဤပစ္စည်းတို့သည်ပင်၊ ပရ'သမညာယ-တပါးသော သက္ကတကျမ်းတို့၏ အမည်ဖြင့်၊ နိဋ္ဌ သညကာပိ- နိဋ္ဌ၊ အမည် ရှိကုန်သည်လည်း (ဟောန္တိ)၊ တေစ-ထိုပစ္စည်းတို့ သည်လည်း၊ ကိတ် သညတ္တာ ကတ္တရိ ဘဝန္တိ၊ အဘာဝီ-ဖြစ်ပြီ၊ ဣတိ ဘူတော ဘူတာ ဘူတံ-မည်၏ [၃ လိင်]၊ အဓ္ဓေသုစာတိ ဧတ္ထ ၌၊ အနုဝတ္တိတ ဝါဂ္ဂဟဏေန ကြောင့်၊ တ တဝန္တု တာဝီသု တို့ကြောင့်၊ ဝုဒ္ဓိနဟောတိ၊ ဟုတ=ဒါနာဒနဟဗျျာဒါနေသု၊ အဂ္ဂိံ-မီးကို အဟာဝိ-ပူဇော်ပြီ။ [ကတ္တားဟောဖြစ်၍-“အဂ္ဂိံ”ဟု အဝုတ္တကံရှိစေ၊] တဝန္တုပစ္စယော ၌ အာသိမှိတို့ သုတ်ဖြင့်၊အာကာရော-အာပြု၊ အဂ္ဂိံ-ကို၊ ဟုတဝါ- ပူဇော်ပြီးသူ၊ ဟုတဝန္တော - ပူဇော်ပြီးသူတို့၊ ဣစ္စာဒိ-သည်၊ ဂုဏဝန္တုသမံ ၏ တာဝီမှိ-၌၊ အဂ္ဂိံ-ကို၊ ဟုတာဝီ- ပူဇော်ပြီးသူ၊ ဟုတာဝိနော တို့၊ ဣစ္စာဒိ-သည်၊ ဒဏ္ဍီသမံ-ဒဏ္ဍီသဒ္ဒါနှင့် တူ၏။ [“ဣတ္ထိယံ ဣတ္ထိလိင်၌”ဟု သိမှတ်ပါသည်၊] ဣနီပစ္စယော-သက်။ [“ဣနီပစ္စယေ”ဟု ရှိ၏၊ “ပစ္စယော”ရှိမှသာ ကောင်းမည်၊]ဟုတာဝိနီ- ပူဇော်ပြီးသောမိန်းမ၊ နပုံသကေ ၌၊ ရဿတ္တံ။ [သုခကာရိဒ္ဒါနံ ကဲ့သို့ ရဿပြု ဟူလို၊] ဟုတာဝိ- ပူဇော်ပြီးသောအမျိုး။

(၆၁၂) ဝသ=နိဝါသေ၊ ဝဿံ- မိုးလပတ်လုံး၊ အဝသိ- နေပြီ၊ ဣတိ အတ္ထေ၊ တ ပစ္စယော- သက် (သ)ကာရန္တတ္တာ- (သ) ကာရန္တဓာတ်တို့၏ အဖြစ်ကြောင့်၊ သာဒိ သန္တ ဣစ္စာဒိနာ- သုတ်ဖြင့်၊ ဌာဒေသော- ဌ အပြုသည်၊ သမ္ပတ္တေ - သော်။ [ဥတ္တာ-ဓေဒသော ဟောတိ- ၌ စပ်၊] တဿာတိ- တဿ ဟူသော သဒ္ဒါသည်၊အဓိကာရော- တည်း၊သာဒီတိ စ- သာဒိ ဟူသော သဒ္ဒါသည်လည်း အဓိကာရော တည်း။

---

(၆၁၁) ဧတေ ဧဝ နိဋ္ဌသညကာပိ- ကလာပ်၌“တ္တ,တ္တဝန္တူ နိဋ္ဌာ”ဟု သုတ်တည်၍ တ တဝန္တု နှင့်တူသော တ္တ-တ္တဝန္တု ပစ္စည်းတို့ကို“နိဋ္ဌ”ဟု မှည့်သည်၊ ဤနိဋ္ဌ အမည် ရသော တ တဝန္တု တာဝီ ပစ္စည်းတို့ ကိုပင် ရည်ရွယ်၍ အဓ္ဓေသုစ သုတ်၌ “ယုဝဏ္ဏာနမိ ယ ဏာဏာ, နာ နိဋ္ဌာဒီသုပုဗ္ဗိ န”ဟု နိဋ္ဌ နာမည်ကို အသုံးပြုခဲ့ရသည်၊ နိဋ္ဌ သဒ္ဒါသည်“ပြီးပြီ”ဟူသော အနက်ကို ဟော၏၊ ဤတ စသော ပစ္စည်းများလည်း ပြီးပြီးသော အတိတ် အနက်ကို ဟော၏၊ ထို့ကြောင့် နိဋ္ဌ နာမည်သည် အနက်အားလျော်စွာ အနွတ္ထနာမည်ပင်တည်း။ [ဏ စသော ပစ္စည်းတို့ကဲ့သို့ တေကာလိကဝိဂ္ဂဟမပြုဘဲ”အတီတေ ကာလေ”နှင့်အညီ “အဘဝိ”ဟု အတိတ် ကာလ ဟော ဝိဂ္ဂဟ တခုသာ ပြုသည်၊ ရုပ်ပြီးပုံများထင်ရှားပြီ၊]

www.dhammaransi.com



**ဝသတော ဥတ္တ။** ။ဝသ႓တိ တေသ္မာ ဓာတုမှာ ပရဿ တကာ ရဿ-၏၊ အာဒိ ဗျဉ္ဇနေန-ပစ္စည်း၏ အစဖြစ်သော သဗျည်းနှင့်၊ သဟ-ကွ၊ ဥတ္တာဒေသော-ဥတ္တအပြုသည်၊ ဟောတိ၊ သရလောပေါ်၊ ဝဿံ-လုံး၊ ဝုတ္ထော-နေပြီးသောရဟန်း၊ ဝုတ္ထာ-နေပြီးသော၊ သာ-ထိုမိန်းမ၊ သရလောပေါတိ အာဒိသုတ္တေ-၌၊ တဂ္ဂဟဏတော-ကြောင့်၊ ပုဗ္ဗပေါပါ ဘာဝေ-ရှေ့သရကြေခြင်း မရှိလတ်သော်၊ အဓိဝုတ္ထာ ဒေဝတာ, ဝုတ္ထဗ္ဗံ တျာဒိသု-အစရှိသောပြယုဂ်တို့၌၊ ပရလောပေါ-နောက်သရကိုချေ။

(၆၁၃) ဝိပရိဏာမနေ-ဖြင့်၊ ဝသဿာတိ ပတ္တတော၊ (ဝသတောကို ဝိဘတ်ပြောင်း၍ "ဝသဿ"ဟု လိုက်စေ)။

**ဝဿ ဝါ ဝု။** ။ပရေ တကာရေ ဝသ႓တိ တေဿဓာတုဿ ဝကာ ရဿ-ဝ အက္ခရာ၏၊ ဥကာရော ဥအပြုသည်၊ ဟောတိ၊ တတ္ထ ထိုဝကို ဥပြုရာ၌၊ ဝကာရာဂမော-စ-ဝလာသည်လည်း ဝါဟောတိ-ဝိကပ်ဖြစ်၏၊ အယံ-ဤအစီအရင်သည်၊ နိစ္စတကာရေ ဝေ- နိစ္စ ပစ္စည်း၏ တ အက္ခရာ နှောင်းရာ၌သာ (ဟောတိ)။

---

(၆၁၂) သဟာဒိ ဗျဉ္ဇနေန ဥတ္တာဒေသော-"ဝသ+တ"၌အာဒိဟူသည် တ ပစ္စည်း၏ အစ"သ"တည်း၊ထို့ကြောင့် တ နှင့်တကွ ဓာတွန် သကို ဥတ္တပြု(ဝ+ ဥတ္တ) သရလောပေါဖြင့် ဝ ၏ အကို ချေ, ပုလ္လိန်၌ဝုတ္ထော,ဣတ္ထိလိန်၌ အာပစ္စည်းဖြင့် "ဝုတ္ထာ"ဟု ဖြစ်၏၊ "သာ"ကား ဣတ္ထိလိန် ထင်ရှားအောင် ပြသော ပုဒ်တည်း၊ "အဓိဝုတ္ထာ ဝုတ္ထဗ္ဗံ"တို့၌ အဓိပုဗ္ဗ ဝသ+တ"ဖြင့် "အဓိ ဝ+ဥတ္တ"ဟု ဖြစ်သည့် အခါ သရလောပေါ သုတ်၌ တု သဒ္ဒါဖြင့် ရှေ့သရ ချေခြင်းကို တားမြစ်ခြင်းကြောင့် ဝါပရောသုတ်ဖြင့် နောက် ဥသရချေ, အာ ပစ္စည်းသက်, အဓိဝုတ္ထာ တဗ္ဗ ပစ္စည်းမှ တ ကို ဥတ္တ ပြုလျှင်"ဝုတ္တဗ္ဗံ"ဟု ဖြစ်၏။ [ဝုတ္ထ,ဝုဋ္ဌအသုံးအဖြတ်ကို ကစ္စည်းဘာသာ ဋီကာ၌ ပြထား၏။]

(၆၁၃) ဝဿ ဝါဝု- ရှေ့သုတ်မှ "ဝသဿ-ဝသဓာတ်၏" ဟု လိုက်လာ သောကြောင့်ဤသုတ်၌"ဝဿ-ဝ၏"ဟုသာအနက်ပေးခွင့်ရှိရကား"ဝဿဝါဝု"ဟု ပါဌ်မှန်ရှိစေ၊ဝုတ္တိ၌"ဝသဣစ္စေတဿ ဓာတုဿ"သည် လိုက်သောဝသဿ၏အဖွင့်၊ "ဝကာရဿ"သည် ဤသုတ်လာ"ဝဿ"၏အဖွင့်၊ ဝုကို "ဝ+ဥ"ဟု ပုဒ်ဖြတ်၊ "ဥကာရော"သည် ထိုဥ၏ အဖွင့်၊ "ဝကာရာဂမော"သည် ထိုဝ၏ အဖွင့်၊ ဝါ ဟောတိ-ဟု ဝါပါစေရမည်၊ ထို ဝါသည် သုတ်၌ ပါသော ဝါပင်တည်း၊ ဤနည်း၌ "တကာရေ-ကြောင့်၊ ဝသဿ-၏၊ ဝဿ-ဝ၏၊ ဥ-ဥအပြုသည်၊ ဟောတိ၊ ဝ-စ-လာ သည်လည်း၊ ဝါဟောတိ-ဝိကပ်ဖြစ်၏"ဟု သုတ်နက်ပေးရမည်၊ ဤနည်းအရ- ဝုသိတောကို ဝသတည့်, တပစ္စည်း,ဤသုတ်ဖြင့် ဝကို ဥပြု၍ဝလည်းလာ, ယထာဂမ

ဒုဟ- ထဝေါ ကား၊ ဂူတိ ဥက္ကံ- ဝုဟူသော ဤပါဌ်၌၊ ဝကာရော- သည် သန္ဓိဇော အာဂမသန္ဓိ၌ ဖြစ်၏၊ ဥက္ကံ- ဤ ဒုတိယနည်း၌၊ တန္တ္ရာ- ယေန- တန္တ္ရနည်းဖြင့်၊ဒုတိယံ- ၂ ခုမြောက်သော၊ ဝဂ္ဂဟာဏံ စ- ဝ သဒ္ဒါကိုလည်း၊ ကတ္တဗ္ဗံ- အလိုရှိထိုက်၏၊ တေန- ကြောင့်၊ [ဒုတိယ ဝကို အလိုရှိထိုက်သောကြောင့်၊] အကာရဿပိ- အ၏လည်း၊ (အပိဖြင့် ဧကိုပေါင်းသည်) ဥကာရော-ဥ အပြုသည်၊ သိဒ္ဓေါ- ပြီးသည်၊ ဘဝတိ- ၏၊ ဖြဟ္မစရိယံ- မြတ်သောအကျင့်ကို၊ ဥသိတော ဝုသိတော ဝုသိတဝါ ဝုသိတာဝီ - ကျင့်သုံးပြီး၊ ဣကာရာဂမေန- ဣအာဂုံသည်၊ ဗျဝဟိတတ္တာ- ခြားအပ်သည်၏ အဖြစ်ကြောင့်၊ ဥဋ္ဌာပေသော ဥဋ္ဌ အပြုသည်-န ဘဝတိ-မဖြစ်။

ဘုဇ=ပါလန ဗျဝဟရဏေသု၊ ဩဒနံ- ထမင်းကို၊ အဘုဉ္ဇိ- စားပြီး၊ ဣတိအတ္ထေ ၌၊ တတဝန္တုတာဝီ- တို့သည်၊ (ဟောန္တိ)၊ ဘုတ္တော, ဘုတ္တဝါ, ဘုတ္တာဝီ-စားပြီးသူ၊ ဘုဇာဒိနမန္တော နောဒ္ဓိစာတို- သုတ်ဖြင့်၊ မာဘုန္တိ လောပေါ-ချေ၊ ဒွိတ္တဥ လာ။ [ယခုတွေ့ရသောမူ၌ 'ဘုတ္တော''မှ စ၍ ကျသည်၊] တထာ- တူ၊ ရဉ္ဇ=ရာဂေ၊ အရဉ္ဇိ-တပ်မက်ပြီ၊ ဣတိ ရတ္တော ရတ္တာ ရတ္တံ- မည်၏၊ ယုဇ = ယောဂေ၊ အယုဉ္ဇိ- အားထုတ်ပြီ၊ ဣတိယုတ္တော ယုတ္တာ ယုတ္တိ ၏။ ဝိစ=ဝိဝေစနေ၊ ဝိပုဗ္ဗော ဝိဝိစ္စိ ကင်းပြီ၊ ဣတိ ဝိဝိတ္တော ဝိဝိတ္တာ ဝိဝိတ္တံ၊ မုစ=မောစနေ၊ ဗန္ဓနာ- အညှာမှ၊ အမုစ္စိ- လွတ်ပြီ၊ ဣတိ မုတ္တော။ [ဖိဝါဒ်မုစဓာတ်ဖြစ်ကြောင်း သိစေလို၍ ''ဗန္ဓနာ''ဟု ထည့်သည်၊ ''လွတ်''ဟု ပေးရသော ရုဒ္ဓာဒိ မုစဓာတ် မဟုတ်၊]

---

ဝိကာရောဖြင့် ဇူ လာ (ဝုသိတော)၊ ဝ လာခြင်းသည် ဝိကပ် ဖြစ်သောကြောင့် ဝ မလာဘဲ ဥသာပြုလျှင် ဥသိတော-ဟုလည်း ဖြစ်၏။

အထဝါဂူတိ၊ ပေ၊ သိဒ္ဓေါဘဝတိ- [''ဝသဿ''ကို လိုက်မြဲလိုက်စေ၊] ဝုဋ္ဌ ဝသည် ယ ဝ မ ဒ နဖြင့် လာသော အာဂမသန္ဓိတည်း၊ ဤနည်း၌ ဝအတွက် အနက်မရှိ၍''ဝကာရာဂမော''ဟု မဖွင့်နိုင်၊ထို့ကြောင့် ဝဿ၌ ဒုတိယ ဝ တလုံးကို တန္တ္ရနည်းဖြင့် အလိုရှိအပ်၏၊ထို ဒုတိယ ဝ ကိုလည်း''ဝဿ+အ,ဝ''ဟု တပွဲရိသ် သမာသ်ပြု၍ ''ဝ၏ အ''ဟု အနက်ဆို၊ပဌမ ''ဝ''ကိုကား ဝ အတိုင်းပင်အနက်ဆို၊ ဤစကားစဉ်အရ ''ဝဿ-ဝ,ဝ၏ အစိတ်အ၏''ဟုသုတ်နက်ပေးရမည်၊ထိုတွင် ဝကို ဥပြုရာ၌ ''ဥသိတော''ဟု ရုပ်ဖြစ်၏၊ ဝ၏ အစိတ် အကို ဥပြုရာ၌ ''ဝုသိတော, ဝုသိတဝါ,ဝုသိတာဝီ''ဟု ဖြစ်သည်၊ [ဤဒုတိယနည်းမျိုးကို ''ဝစ ဝသ ဝဟာဒီန မုကာရော ဝဿယေ''သုတ်၌ ဝဿပုဒ်ဝယ် ဖွင့်ခဲ့ဘူးပြီ၊ ဤ၂-နည်းလုံးပင်နျာသနှင့် မတူ၊ နျာသဖွင့်ပုံကို ကစ္စည်းဋီကာမှာ ရှု။

www.dhammaransi.com



တထာ-ပါ၊ တိ ပစ္စယေပိ-၌လည်း၊ ဣမိနာ- ဤ ဘုဇာဒိနမန္တော-စသောသုတ်ဖြင့်၊ ဓာတွန္တလောပဒိတ္တာနိ တို့သည်၊ (ဟောန္တိ)၊ အာသဇ္ဇနံ-ကပ်ငြိခြင်း၊ အာသတ္တိ-ခြင်း၊ [အာပုဗ္ဗ သဉ္ဇဓာတ်] ဝိမုစ္စနံ- လွတ်ခြင်း၊ ဝါ တောယ ဤ အရပတ္တဖိုလ်ဖြင့်၊ ဝိမုစ္စတိ လွတ်ရ၏၊ ဣတိ ဝိမုတ္တိ-၏၊ ["ဝိမုစ္စနံ, ဝိမုစ္စတိ ဝါ တေ၀ယာတိ ဝိမုတ္တိ"ဟု ပါဌ်မှန် ရှိစေ။]

ကုဇ=ကောပေ၊ အကုဇ္ဈိ-စိတ်ဆိုးပြီ၊ ဣတိ အဇ္ဈော-၌၊ တ ပစ္စယော သက်၊ [အဘိတော တ တဝန္တု တာဝီဖြင့် သက်၊] တဿ-ထို တပစ္စည်း၏၊ ဓ ဃ ဘဟေဟိ ဓေါ စာတိ-သုတ်ဖြင့်၊ ဓတ္တံ-ဓ ပြု၊ ဟ စတုတ္ထာန မန္တာနံ-ဒေါမေဟိ- သုတ်ဖြင့်၊ ဇကာရဿ-ဓ အက္ခရာ၏၊ ဒကာရော-ဒပြု၊ ကုဒ္ဓေါ-စိတ်ဆိုးပြီးသူ၊ ယုဇ-သမ္ပယောဂေ၊ အယုဇ္ဈိ- စပ်ထိုးပြီ၊ ဣတိ ယုဒ္ဓေါ ယုဒ္ဓေါ မည်၏။ [သိမ္မူ၌ "ယုဒ္ဓေါ"ဟု ဣတ္တိလိန်ရှိသည်၊ မြန်မာမှု၌"ယုဒ္ဓံ"ဟု ရှိ၏၊] သိဓ = သံသိဒ္ဓိမှ၊ အသိဇ္ဈိ- ပြီးစီးပြီ၊ ဣတိ သိဒ္ဓေါ၊ အာရဘ= အာရမ္ဘေ၊ ဂန္တုံ-- သွားခြင်းငှါ၊ အာရဘိ-အားထုတ်ပြီ၊ ဣတိ အာရဒ္ဓေါ။ [နဟ= ဗန္ဓနေ၊ သံပုဗ္ဗော၊ သန္နယှိ- ဖွဲ့ပြီ၊ ဣတိ သန္နဒ္ဓေါ၊ [တဿ- ပါသည်ကား အပို၊] ဓဃဘဟေဟိ ဓေါ စာတိ-သုတ်ဖြင့်၊ နဟာဒိတော-နဟ အစရှိသော ဓာတ်မှ နောက်၌၊ တကာရဿ-တ၏၊ ဓကာရော-ဓပြု။

(၆၁၄) ဝဓ=ဝဓနေ၊ အဝဓိ-ကြီးရင့်ပြီ၊ ဣတိ အဝဍ္ဎော တပစ္စယော၊ တဿ-တပစ္စည်း၏၊ ဎတ္တံ-ဎပြု၊ ကွစိဒါတု တျာဒိနာ-ဖြင့်၊ ဓာတွာကာရဿ-ဓာတ်၏ အ အက္ခရာ၏၊ ဥတ္တံ-ဥပြု၊ ဝုဍ္ဎော လောပေါစ- ဥလည်းချေ။ [ဓာတွန္တ- ဟုရင်း, ဒလောပေါစ- ဟုရင်း ပါဌ်ပျက် တတ်သည်၊] ဟ စတုတ္ထာန မန္တာနန္တိ- ဟ စတုတ္ထာနံ, အန္တာနံ ၂ ပုဒ်သည်၊ ဝတ္တတေ။

ဍော ဎကာရေ။ ။ပရေ ဎကာရေ, ဓာတွန္တာနံ- ဓာတ်၏ အဆုံးဖြစ်သော။ ဟ စတုတ္ထာနံ- ဟ အက္ခရာ စတုတ္ထက္ခရာတို့၏၊ ဍ ကာရာ ဒေသောဟောတိ ["ဓာတွန္တာနံ"၌"ဓာတူနံ"ဟုရှိ၏၊ မကောင်း] ဝုဍ္ဎော-အဖိုးကြီး၊ ဝုဍ္ဎာ-အမယ်ကြီး၊ ဗေဒ ဝဿာတိ-ဗေဒဝဿ သုတ်ဖြင့်၊ [ဒေါ ဓေသစ၌ စသဒ္ဒါပင်၊] ဗတ္တေ-ဗ ပြုလတ်သော်၊ ဗုဍ္ဎော- ဗုဍ္ဎောဟု ဖြစ်၏။

---

အာရဒ္ဓ- ဓာတွန်"ဒ္ဓ"ကိုပင် ဒပြု၊"အာပုဗ္ဗ,ရဘ-ရာဘသေ-အားထုတ်ခြင်း" ဟူသော ဓာတ်ဖြင့်လည်း အာရဒ္ဓေါပြီး၏၊သာ၍ ရှင်းသည်၊သို့သော် "အာရဒ္ဓတိ" စသည်၌ "အာရဒ္ဓ"ချည်းရှိကြ၏၊ သဒ္ဒနီတိကား အာပုဗ္ဗ ရဘ ဓာတ်ဖြင့် အသဒိသ ဒွေဘော်ဆင့်၍ "အာရဗ္ဘတိ" စသော ပါဌ်ကို ဆိုသည်။

www.dhammaransi.com



တိပစ္စယေ–၌၊ ဗုဇ္ဈန်-သိခြင်း ဝါ,တောယ-ဤပညာဖြင့်၊ ဗုဇ္ဈတိ-သိ၏၊ ဣတိ ဗုဒ္ဓိ၊ ဓေ-တူ၊ သိဒ္ဓ-ပြီးစီးခြင်း၊ ဝါ, ပြီးစီးကြောင်း။ [သိဇ္ဈတိတော ယာတုံ သိဒ္ဓိ၊ ရူပါနံ-နာမ် အာချာတ် နိပါတ် ဥပသာရ သေးဝသော ဝိဘတျန္တ ရုပ်တို့၌၊ သိဒ္ဓိ-ပြီးစီးကြောင်း ကျမ်းသည်၊ ရူပသိဒ္ဓိ-မည်၏၊] ဝုဍ္ဍိ-တိုးပွားခြင်း၊ ဝါ· တိုးပွားကြောင်းအလုပ်၊ တဗ္ဗပစ္စယေ· ၌၊ ဗောဒ္ဓဗ္ဗံ-သိထိုက်၏၊ဣစ္စာဒိ တည်း။ [“တဗ္ဗပစ္စယေ ဗောဒ္ဓဗ္ဗံ” ဟု သိမှု ရှိ၏၊ ဗုဓ-တဗ္ဗ”ဟု ဖြစ်ခိုက်၌ ဝုဒ္ဓိပြု။]

(၆၁၅) အန္တောတိ နောတိ စ အခိကာရော။ [သိမှု၌ “နော”မပါ, နျာသ၌ ပါ၏။]

တရာဒီဟိ ဣဏ္ဏော။ ။ပေ၊ သရလောပါဒိ၊ တရ= တရဏေ= ကူး ခြင်း၌…၏၊ သံသာရဏ္ဏဝံ- သံသရာ သမုဒ္ဒရာကို၊ အတရိ-ကူးပြီ၊ ဣတိ တိဏ္ဏော၊ တိဏ္ဏော–ကူးပြီးသည်(သာဓနော ဖြစ်လတ်သော်၊) တာရေယျံ-ကူးစေအံ့၊ ဝါ-ကယ်တင်အံ့။ [‘တိဏ္ဏော တာရေယျံ” ဟူသော စကား တော်ကို ပုံစံထုတ်သဖြင့် “တာရေယျံ”ပါ ထည့်ထားသည်၊ “တိဏ္ဏော” သာလိုရင်း၊] ဝေ, ဥတ္တိဏ္ဏော ကူးပြီးသူ၊ တိဏ္ဏံဝါ- တိဏ္ဏံလည်း ရှိ၏၊ [“ကူးပြီးသောစိတ်”ဟု ပေး။]

ပူရ=ပူရဏေ-ပြည့်ခြင်း၌….၏၊ သမ္ပူရိ- ကောင်းစွာ ပြည့်ပြီ၊ ဣတိ သမ္ပုဏ္ဏော၊ သရလောပေါ တျာဒိ သုတ္တေ-၌၊ တုဂ္ဂဟဏတော- ကြောင့်၊ ပုဗ္ဗသောပါဘာဝေ- ရှေ့သရ ကြေခြင်း မရှိလတ်သော်၊ ဥဝဏ္ဏတော-မှ၊ ပရဿ-နောက်သရကို၊ ဝါပရော အသရူပါတို- ဖြင့်၊ လောပေါ- ချေ၊ သံယောဂေ-သံယုဂ်ကြောင့်၊ ရဿတ္တံ၊ [ကွစာဒိ မဇ္ဈေတ္တရာနံ ဖြင့် ဥကို ရဿပြု၊] တုဒ=ဗျထနေ၊ အတုဒိ- ထိုးဆွပြီ၊ ဣတိ တုဏ္ဏော။ [အတုဒိ-လျင်မြန်ပြီ၊ ဣတိတုဏ္ဏောဟု ရှိလျှင် တရဓာတ်နှင့် ရကာရန္တ ချင်း တူသောကြောင့် အာဒိအရ အဆင်ပြေသည်၊] ဇရ= ဝယော ဟာနိမှိ၊ ပရိဇီရိ-ရင့်ရော်ပြီ၊ ဣတိ ပရိဇိဏ္ဏော၊ ကိရ= ဝိကိရဏေ· ဖရိုဖရဲကြဲခြင်း၌….၏၊ အာကိရိ- ရောပြွမ်းပြီ၊ ဣတိ အာကိဏ္ဏော၊ ဣစ္စာဒိ။

(၆၁၆) သုသ ပစ၊ ပေ၊ က္ကာ စ။ ။သုသပစသကာ ဣတိ ဓာတုဟိ ပရဿ တပစ္စယဿ, က္ခက္ကာဒေသာဟောန္တိ၊ အန္တော – အဆုံး ဖြစ်သော၊ ဗျဉ္ဇနော စ- သည်လည်း၊ နော· ကြေသည်၊ ဟောတိ၊စသဒ္ဒေန-

www.dhammaransi.com



ဖြင့်၊ မုစာဒိတော မုစ အစရှိသော ဓာတ်မှ နောက်၌။ (တပစ္စယဿ ၏၊) က္ကာဒေသော က္ကပြု၊ သုသ=သောသနေ-ခြောက်သွေ့ခြင်း၌….၏၊ အသုဿိ-ခြောက်သွေ့ပြီ၊ ဣတိသုက္ခော၊ ရုက္ခော-သစ်ပင်တည်း၊ အပစ္စိ-မှည့်ရင့်ပြီ၊ ဣတိပက္ကံ၊ဖလံ-သစ်သီးတည်း၊ သက=သာမတ္ထေ· စွမ်းနိုင်သူ၏ အဖြစ်၌….၏၊ အသက္ခိ-စွမ်းနိုင်ပြီ၊ ဣတိ သက္ကော-မည်၏၊သက္ကော-စွမ်းနိုင်သည့်၊ အဿ-ဖြစ်ရာ၏။ [မေတ္တသုတ်မှ ''သက္ကော ဥဇူစ၊ ပေ၊သုဝစော စဿ'' ပါဠိဟု သိစေလို၍ ''သက္ကော အဿ''ဟု အဿထည့်ထားသည်၊ ဩမုစ္စိ-ချွတ်အပ်ပြီ၊ ဣတိ ဩမုက္ကာ-၏၊ ဥပါဟနာ ဘိနပ်တည်း။ [ဘာဝကမ္မေသု တ-ဖြင့် ပစ္စည်းသက်၊] ''ပစိ ဘုံ ပစိတဗ္ဗံ''ဟျာဒိသုပန အစရှိသော ပြယုဂ်တို့၌ကား၊ နဘာဝတိ-က္ကအပြုမဖြစ်၊ (ကသ္မာ-နည်း) ဣကာရေန- သည့်၊ ဗျဝဟိတတ္တာ-ခြားကွယ် အပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဧဝံ- တူ၊ သဗ္ဗတ္ထ-အလုံးစုသော ပြယုဂ်တို့၌၊ ဗျဝခာနေ-ခြားကွယ်ရာ၌၊ န ဘဝတိ-ဆိုင်ရာအစီအရင် မဖြစ်။

(၆၁၇) သီဟဂတိယာ·ဖြင့်၊ တိဂ္ဂဟဏံ-တိသဒ္ဒါသည်၊ အနုဝတ္တတေ၊ [ဇနာဒိနမာတိမှိ-မှရှေ့သို့ သီဟဂတိကနည်းဖြင့် တိသဒ္ဒါလိုက်သည်။]

ပက္ကမာဒီဟိ န္တော စ။ ။ပက္ကမ ဣစ္စေဝ မာဒီဟိ·ပပုဗ္ဗ ကမု အစရှိကုန်သော၊ မကာရန္တေဟိ-မ အဆုံးရှိကုန်သော၊ ဓာတူဟိ ပရဿ တပစ္စယဿ,န္တာ ဒေသော·န္တ အပြုသည်၊ ဟောတိ၊ ဓာတွန္တဿစ-လည်း၊ နော ဟောတိ၊ စသဒ္ဒေန တိပစ္စယဿ,န္တိ စ န္တိ အပြု သည်လည်း၊ ဟောတိ၊ ကမု=ပဒဝိက္ခေပေ၊ ပက္ကမိ-ဖဲသွားပြီ၊ ဣတိပက္ကန္တော၊ ဧဝံ, သင်္ကန္တော-ပြောင်းရွှေ့ပြီ၊ နိက္ခန္တော-ထွက်သွားပြီ၊ ဒေါ်ခဿစာတိ သုတ္တေ-၌၊ စဂ္ဂဟဏေန- ဖြင့်၊ ကဿ·က ၏၊ ခတ္တံ-ခပြု။ [နိ+ကမု,တ၊ န္တပြုပြီးနောက် ကကို ခပြု, အသဒိသဒွေဘော်(က်) လာ၊] ဘမု = အနဝဋ္ဌာနေ- မရပ်မတည်သည်ခြင်း၌….၏၊ ဝိဗ္ဘမိ-လူထွက်ပြီ၊ ဣတိ ဝိဗ္ဘန္တော၊ ဘန္တော-တုန်လှုပ်သူ၊ ဒမု= ဒမနေ· ယဉ်ကျေးခြင်း၌….၏၊ အဒမိ – ယဉ်ကျေးပြီ၊ ဣတိ ဒန္တော။ [ဘုဝါဒိဂိုဏ်းဖြစ်၍ ''အဒမိ''ဟု ရှိစေ။]

တိမှိ တိပစ္စည်း၌ (ဥဒါဟရဏံ)၊ - သင်္ကမနံ-ပြောင်းရွှေ့ခြင်း၊သင်္ကန္တိ-ခြင်း၊ ဝါ-သကြန်၊ ဧဝံ,ဥက္ကန္တိ- ခုန်ကျော်ခြင်း။ [ဥပုဗ္ဗ,ကမု၊] ဝိဗ္ဘန္တိ-လူထွက်ခြင်း၊ ခန္တိ-သည်းခံခြင်း၊ [ခမု]၊ သန္တိ-ငြိမ်းခြင်း၊ [သမုဓာတ်]၊ ဒန္တိ-ယဉ်ကျေးခြင်း၊ ဣစ္စာဒိ။

www.dhammaransi.com



(၆၁၈) ဇနာဒီန မာ တိမှိစ။ ။တ ပစ္စယေ—ကြောင့်ရင်း၊ တိမှိစ— ရင်း၊ ဇန ဣစ္စေဝ မာဒီနံ-ဇန အစရှိကုန်သော၊ ဓာတူနံ,အန္တဿ-အဆုံး ဖြစ်သော၊ ဗျဉ္ဇနဿ-၏၊ အာတ္တံ- အာ အဖြစ်သည်၊ ဟောတိ၊ ယောဂ ဝိဘာဂေန-"ဇနာဒီန မာ"ဟူသော ယောဂဝိဘာဂဖြင့်၊ အညတ္ထာပိ-တ, တိပစ္စည်းမှ အခြားသော ပစ္စည်းကြောင့်လည်း (အာ- အာအဖြစ်သည်၊ ဟောတိ၊) ဇန=ဇနနေ၊ အဇနိ—ဖြစ်ပြီ၊ ဣတိ၊ ဇာတော၊ ပုတ္တံ-သားကို၊ ဝိဇာ-ယိတွားပြီ၊ဣတိ ဝိဇာတာ၊ [ဝိဇာယိ၌ဝိပုဗ္ဗ,ဇန, ဒိဝါဒိယ, "ဇနာဒီန မာ"ယောဂဝိဘာဂဖြင့် ယကြောင့်(န်) ဗျည်းကိုအာပြု၊ ဥဏာဒိ၌"ဇာနု" လည်း ဤယောဂဝိဘာဂဖြင့် ပြီးလတ်၊] ဇနနံ-ဖြစ်ခြင်း၊ ဇာတိခြင်း၊

တ ပစ္စယေ-၌၊တကာရေ-တ အက္ခရာသည်၊ သတိပိ- ရှိပါလျက်လည်း။ ပုန,တိဂ္ဂဟဏ ကရဏံ- တိ သဒ္ဒါကို ပြုခြင်းသည်၊ ပစ္စယန္တရတကာရေ-တ,တိမှ အခြားပစ္စည်း၏ တ အက္ခရာကြောင့်၊အာတ္တ နိဝတ္တနတ္ထံ- အာ အဖြစ်ကို တားမြစ်ရခြင်း အကျိုးရှိ၏၊ ယထာ— ကား၊ ဇန္တု-ဇန္တုဟူသည် တည်း၊ ဇနိတွာ ဇနိတုံ တျာဒိသု ပန-တို့၌ကား၊ ဣကာရေန- သည်၊ ဗျဝဟိတတ္တာဝ ကြောင့်ပင်၊ န ဘဝတိ-အာ အပြု မဖြစ်။

(၆၁၉) အာကာရဿာတ္တိ တိမှိတိ စ ဝတ္တတေ၊....

ဌာပါန မိ ဤ စ။ ။တပစ္စယေ်မှိစ ဌာပါဣတိ ဧတေသံ ဓာတူနံ အန္တဿ - အဆုံးဖြစ်သော၊ အာကာရဿ- ၏၊ ယထာက္ကမံ ဣကာရ

---

(၆၁၈) တပစ္စယေ၊ပေ၊အာတ္တနိဝတ္တနတ္ထံ ယထာ ဇန္တု-တိပစ္စည်းကိုမဆိုဘဲ "တ"တခုထည်းသာ လိုက်လာသည့်အတိုင်းထားလျှင် တု ပစ္စည်းစသည်မှတ တို့ကို လည်း ယူရသည်-ဟုထင်မှားဘွယ်ရှိ၏၊ တိ-ဟုဆိုလိုက်သည့်အတွက်ကား "တ"အရ တ ပစ္စည်း,"တိ"အရတိပစ္စည်း၊ဤ၂ မျိုးကြောင့်သာ အာပြုရသည် အခြား "တ" နောင်းရာ၌ အာမပြုရ-ဟု တားမြစ်ရခြင်းအကျိုးရှိ၏၊ ထို့ကြောင့်"တိမှိ" ဟု တိ ပစ္စည်းကိုထပ်၍ဆိုရသည်၊ထို့ကြောင့်ပင် "ဇန္တု-သတ္တဝါ"ဟူရာ၌ဇနဓာတ် ("ဟနာဒီဟိ ဏုနုတဝေါ"သုတ်ဖြင့်) တု ပစ္စည်း၊ တု၌ (တ) နောင်းသော်လည်း (န်)ကို အာမပြုနိုင်, န် ကို တု ကပ်၍ပြီးသည်။ [ဇနိတွာ စသည်ကား ဤသို့ တိ သဒ္ဒါပိုဖြင့် အထူးတားမြစ်ဘွယ် မလိုတော့ပြီ၊ဣအာဂံခြားသောကြောင့် (န်)ကို အာမပြုနိုင်။]

(၆၁၉) အာကာရဿာတိ-ရှေ့၌ "အာကာရဿ" ဟု လိုက်ဘွိုရာ သုတ်မရှိ၊ ဇနာဒီနမာ၌လည်း "အာကာရ" မဟုတ်, အာ-သာဖြစ်သည်။ ထိုအာလည်းကာရိယ ဖြစ်၍"အာကာရဿ"ဟု ကာရီအနေအားဖြင့် လိုက်ရိုးမဟုတ်၊ ရှာသော်လည်း မပါ "ဌာပါန"၌ အန္တာပေက္ခဆင့်ကြိုလျှင် "အန္တဿအာကာရဿ" ဟု ဖွင့်နိုင်၏၊ ထို့ကြောင့်"အာကာရဿ"အလိုက်ကိုစဉ်းစားထိုက်သည်။

www.dhammaransi.com



ဤကာရာဒေသော ဟောန္တိ၊ စသဒ္ဒေန ဖြင့်၊ အညတြာပိ- အခြားပစ္စည်းကြောင့်လည်း၊ (တဝန္တု-တွာစသည် နှောင်းရာ၌လည်း)ကွစိ-၌၊ (ဣဤ-ဣ အပြု, ဤအပြု တို့သည်၊)ဌာ=ဂတိ နိဝတ္တိမှ၊ အဋ္ဌာသိ- တည်ပြီ၊ ဣတိ ဌိတော၊ ဂုရုံ ဆရာကို၊ ဥပဋ္ဌိတော- လုပ်ကျွေးပြီ၊ ဌိတဝါ- တည်ပြီးသူ၊ အဓိဋ္ဌိတွာ-ဆောက်တည်၍၊ ဌာနံ-တည်ခြင်း၊ ဌိတိ- တည်ခြင်း၊ ပါ=ပါနေ၊ ယာဂုံ-ယာဂုကို၊ အပါယိ- သောက်ပြီ၊ ဣတိ ပီတော- ပီတဝါ- သောက်ပြီးသူ၊ ပါနံ သောက်ခြင်း၊ ပီတိ-သောက်ခြင်း၊ ပီတွာ သောက်၍။

(၆၂၀) ဟန္တေဟိဟော၊ပေ၊ နဟာနံ။ ။ဒဟ နဟေ – ဒဟဓာတ် နဟဓာတ်တို့ကို၊ ဝဇ္ဇေတွာ-ကြဉ်၍၊ ဟကာရန္တေဟိ ဓာ တူဟိ ပရဿ, တ ပစ္စယဿ- ၏ရင်း၊ တိဿစ- တိ – ပစ္စည်း၏ရင်း၊ ဟကာရာဒေသော ဝါဟောတိ၊ ဓာတွန္တဿ – သော၊ ဟဿ- ဟ၏၊ လကာရော=သည်၊ ဟောတိ၊ အယံ- ဤသုတ်သည်၊ ဝတ္တာပဝါ– ဝ အဖြစ်ကို တားမြစ်သောသုတ်တည်း၊ ရုဟ- ဇနနေ-ဖြစ်ခြင်း၌....၏၊ ရုက္ခံ- သစ်ပင်ကို၊ အာရုဟိ– တက်ပြီ၊ ဣတိ အာရုဠှော- လဠှာနံ- တို့၏၊ အဝိသေသော- အထူးမရှိကုန်သည်၏ အဖြစ်သည်(ဟောတိ)၊ အာရုဠှော ဝါ- လည်း ရှိ၏၊ရုဟနံ- တက်ရောက်ခြင်း၊ ရုဠှိ ခြင်း၊ ဂါဟု=ဝိလောဠနေ – မွှေနှောက်ခြင်း၌....၏၊ အဂါဟိ- မွှေနှောက်ပြီ၊ ဣတိ ဂါဠှော၊မဟဏ္ဏဝေ - ကြီးကျယ်သောသမုဒ္ဒရာ၌၊ အဇ္ဈော ဂါဠှော (အဝိ+ဩ+ဂါဠှော)-သက်ဝင်ပြီ။ [မြင့်မိုရ်တောင် အကြောင်းကို ပြရာ၌ "မဟဏ္ဏဝေ"ဟု ချည်းရှိ၏။]

ဗဟ=ဝုဒ္ဓိမှ-ကြီးမားခြင်း၌....၏၊ အဗဟိ-ကြီးမားပြီ၊ ဝါ- ပြင်းထန်ပြီ၊ ဣတိ ဗာဠှော၊ ကွစိဓာတု တျာဒိနာ ဒီဃော၊ မုဟ= ဝေစိတ္တေ၊ အမုယှိ– တွေဝေပြီ၊ ဣတိ မူဠှော။ [မူ၌ ဒီဃပြု၊] ဂုဟ= သံဝရဏေ - စောင့်ရှောက်ခြင်း၌=၏၊ အဂူဟိ–စောင့်ရှောက်ပြီ၊ ဣတိ ဂူဠှံ၊ ဝဟ=ပါပဏေ-ရောက်စေခြင်း၌....၏၊ [ပါပုဏေ-ရှိသည်ကား မကောင်း၊] ဥပဝဟိ-ဆောင်ယူပြီ၊ ဣတိ ဥပဝုဠှော၊ ဝစဝသ ဝဟာဒီန မုကာရော ဂဿာတိ- ဟူသော၊ ယောဂ ဝိဘာဂေန– (ယောကို ဖြတ်ထားသော) ဒွိဓာကရဏ ယောဂဝိဘာဂဖြင့်၊ ဥတ္တံ-ဥပြု။ [ဝုဠှော-၌ ဝ၏ အကို ဥပြု–ဟူလို။]

အဒဟနဟာနန္တိ-သည်၊ ကိုမတ္ထံ–နည်း၊ ဒဍ္ဍော သန္နဒ္ဓေါ- တို့၌ ဟ အပြုကို တားမြစ်ရခြင်း အကျိုးရှိ၏၊ ["ဒဟ=ဒါဟေ–ပူလောင်ခြင်း, တ သံပုဗ္ဗ နဟ, တ" တို့၌ ဒဟ န ဟဓာတ်ဖြစ်သောကြောင့် တ ကို ဟ မပြုရ၊

www.dhammaransi.com



ဓ စ ဘဟောဟိ ဓေါစ-ဖြင့် တ ကို စ ပြု, ဒွော စကာရေဖြင့် ဓာတွန် (ဟ်)ကို ဍုပြု၍ ဒဓော ပြီး၏၊ သန္ဓဒွေါကား (၅၁၃)သုတ်၌ရှိ၏၊] ဝါတိ ကိ°၊ ဒုဒွေါ, သိနိဒွေါ–တို့၌ တားမြစ်ခြင်းအကျိုးရှိ၏၊ ဒုဒွေါ-နို့ညှစ်ပြီ၊ သိနိဒွေါ-စေးကပ်ပြီ၊ [ဒုဟ=ဒေါဟနေ-နို့ညှစ်ခြင်း၊ဝါမြစ်၍ဤသုတ်ဖြင့် တ ကို ဟ မပြုရ၊ သိနိဟ=သိနေဟေ–စေးကပ်ခြင်း၊ ရုပ်ကို သန္ဓဒွေါနှင့် အဘူတွက်၊] ဂဟိတံ-ယူအပ်၏၊ မဟိသံ- ပူဇော်အပ်၏၊ ဣတိ အာဒိသု ပန-တို့၌ကား၊ ဣကာရာဂမေန ဗျဝဟိတတ္တာ, န ဘဝတိ-ဟ အပြုမဖြစ်။

ဓာတုပစ္စယန္တတောပိ– ဓာတုပစ္စယန္တ သဒ္ဒါ တို့မှ, နောက်၌လည်း တ ပစ္စယော သက်၊ အဘုဘုက္ခိ -- စားလိုပြီ၊ ဣတိ ဗုဘုက္ခိတော – ၏၊ [ဗုဘုက္ခ- ပြီးအောင် တွက်ပြီးမှ တ ပစ္စည်းသက်, ဣလာ၊] ပေ,ဇိဃစ္ဆိ တော စားလိုပြီ၊ ဝါ ဆာပြီ၊ပိပါသိတော–ရေသောက်လိုပြီ၊ ဝါ၊ရေငတ်ပြီ၊ ဣစ္စာဒိ-တည်း၊ ကတ္တရိ- ၌၊ နိဋ္ဌနယော- နိဋ္ဌ ပစ္စည်းတို့ကို သိကြောင်း နည်းသည်၊ ဇေ-ဤအဘူတည်း။ [“ဣစ္စာဒိ”ဖြင့် မံသိတော– စသော ဓာတုပစ္စယန္တ ရုပ်များကို ညွှန်ပြသည်၊ “ဧဝံ ကတ္တရိ နိဋ္ဌနယော”ဖြင့်ကား ကတ္တားဟော နိဋ္ဌပစ္စည်းဖြင့် ပြီးနိုင်သမျှသော နိဋ္ဌ ပစ္စယန္တရုပ်ကို ညွှန်ပြ သည်၊ “ဧဝံ ကတ္တရိ နိဋ္ဌနယော”ဟု ပါဆက်ထည်း ပါ၍ရှိစေ၊ ကံဟော တပစ္စည်းဖြင့် နိဋ္ဌပစ္စယန္တရုပ်ကိုကား ပြဦးလတံ့။]

(၆၂၁) အတီတေတိ ဝတ္တတေ။–

ဘာဝကမ္မေသု တ။ ။ဘာဝ ကမ္မဣတိ–ဘော, ကံ ဟူကုန်သော။ တေသု အတ္ထေသု၊ အတီတကာလေ– အတိတ်ကာလကို၊ ဂမျမာနေ- သော်၊ ပေ၊ ဟောတိ။

(၆၂၂) တာဝ-စွာ၊ ဘာဝေ-ဘောအနက်၌ (ဥဒါဟရဏံ)၊ ဂေ= သဒ္ဒေ-အသံပြုခြင်း၌... ၏။ [သိမ္ဒ၌ “ကေ,ဂေ= သဒ္ဒေ”ဟု ဓာတ် ၂ ခု တွဲပြ၏၊ “ဟူ,ဘူ=သတ္တာယံ” ကဲ့သို့တည်း၊] ဂါယနံ- သီဆိုခြင်း၊ ဣတိ အတ္ထေ ဝါ-၌ရင်း၊ အဂါယိတ္ထ–ရှေး၌သီဆိုခြင်း၊ ဣတိအတ္ထေ ဝါ-၌ရင်း၊ တပစ္စယော–သက်။[“ဘာဝေ တာဝ”ဟုဆိုသောကြောင့် “အဂါယိတ္ထ” ကိုလည်း ဘောအနက် ပေးသည်။]

သဗ္ဗတ္ထ ဂေဂီ။ ။သဗ္ဗတ္ထ- အလုံးစုံသော တပစ္စည်း တိ ပစ္စည်းကြောင့်၊ ဓ ဂဣတိ တေသဓာတုဿ ဂီအာဒေသော ဟောတိ၊ တပစ္စယ တိပစ္စယေ၊

www.dhammaransi.com



သေဝ - တပစ္စည်း, တိပစ္စည်းတို့ကြောင့်သာ၊ အယံ - ဤ ဂီအပြုသည်၊ ဟောတိ၊ တဿ·ထိုသူ၏၊ ဂီတံ–သီဆိုခြင်း။ [ဘောဟော၀မှန်းသိသာအောင် "တဿ"ဟု သမ္ဗန်ထည့်ရှိပြသည်၊] ဂါယနံ-သီဆိုခြင်း၊ ဝါ, ဂါယိတဗ္ဗာ-သီဆိုထိုက်၏၊ ဣတိ ဂီတိ။ [တိ ပစ္စည်းအတွက်ဖြစ်၍ "ဂါယိတဗ္ဗာ" ဟု ကံအနက်ပါ ဝိဂ္ဂဟ ပြုသည်၊] ဘာဝေ - ဘောအနက်၌၊ တပစ္စယန္တာ–တပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည်၊ နပုံသကာ-နပုလ္လိန်ရှိကုန်၏၊ ကမ္မနိ-၌၊ တိလိင်္ဂါ-၃လိန်ရှိကုန်၏။ [ဤစကားအရ-ဘောဟော"ဂီတံ"ကိုနပုလ္လိန် ချရသည်၊ကံဟောတပစ္စည်းအတွက် ၄ လိန်ရှိကြောင်းနောက်၌ ပြလတံ့။]

(၆၂၃) နတ=ဂတ္တဝိနာမေ- ကိုယ်ကို ညွတ်စေခြင်း (ကခြင်း)၌....၏၊ နစ္စနံ-ကခြင်း၊ ဝါ,အနစ္စိတ္ထ–ရှေး၌ကခြင်း၊ ဣတိအတ္တေ တပစ္စယော။

ပစ္စယာ၊ပေ၊သိဇ္ဈန္တိ။ ။ဣဓ - ဤ ကစ္စည်းကျမ်း၌၊ ဆ ပစ္စယာ-ပစ္စည်းနှင့်တကွ ဖြစ်သော၊ ယေ သဒ္ဒါ- အကြင် သဒ္ဒါ တို့သည်၊ ပစ္စယေဟိ- ပစ္စည်းတို့ဖြင့်၊ နိဋ္ဌံ- ပြီးခြင်းသို့၊ နဂတာ- မရောက်ကုန်၊ တေ-ထို သဒ္ဒါတို့သည်၊ နိပါတနတော- ဤ နိပါတနသုတ်ကြောင့်၊ သိဇ္ဈန္တိ-ပြီးစီးရကုန်၏၊ ဣတိ- ဤသုတ်ဖြင့် ("သိဇ္ဈန္တိတိ"ဟု ရှိစေ၊)ဓာတ္ဝန္တေန-ဓာတွန်(တ်)နှင့်၊ သဟ- တကွ၊ တပစ္စယဿ- ၏၊ စ္စ ဋ္ဌာဒေသာ- စ္စ အပြု, ဋ္ဌ အပြုတို့သည်(ဟောန္တိ)၊ နစ္စံ နဋ္ဋံ- ကခြင်း။ [ဤသုတ်ကို ကစ္စည်း ဝုတ္တိ၌ ကျယ်ဝန်းစွာ ဖွင့်ထား၏၊ရုပ်ကို အခြေပြု၍ တွက်ထားပြီ။]

ဟသ=ဟသနေ- ပြုံးရယ်ခြင်း၌...၏၊ ဟသနံ- ပြုံးခြင်း၊ ဟသိတံ-ခြင်း၊ ဣကာရာဂမော-လာ၊ ဂမနံ-သွားခြင်း၊ဂတံ-သွားခြင်း၊ဝေ့ဌိတံ–ရပ်ခြင်း၊ သယိတံ- အိပ်ခြင်း၊ ဝါမိကာရဿ-၏၊ ဝဝတ္ထိတာဝိဘာသတ္တာ-ကြောင့်၊ ဝုဒ္ဓိ-ပြု၊ ရုဒိ=အဿုဝိမောစနေ၊ အရုဒ္ဒိတ္ထ- ရှေး၌ငိုခြင်း၊ ဣတိ ရောဒိတံ၊ ရုဏ္ဏ ဝါ–လည်းရှိ၏။ [ဘိဒါဒိတော-သုတ်ဖြင့် စီရင်၊]ဣစ္စာဒိ။

---

ဝါမိကာ ရဿ၊ပေ၊ဝုဒ္ဓိ-သယိတံ၌ တပစ္စည်းသည် အတိတ်ဟော နိဋ္ဌပစ္စည်း တည်း၊အညေသုစသုတ်၌ "နိမ္မာဒိသုံ ဝုဒ္ဓိ န"ဟု တားမြစ်ခဲ့သောကြောင့် သယိတ်၌ သိဝယ် ဇကို ဝေုဒ္ဓိ မပြုသင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် ဇ ကို ဝေုဒ္ဓိ ပြု၍ (ကေို အယပြုပြီးလျှင်) သယိတံဟု ဖြစ်နိုင်ပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "ဝါမိကာရဿ"စသည်မိန့်၊ထို အညေသုစ သုတ်၌ လိုက်လာသော ဝါ သဒ္ဒါက တချို့ဝုဒ္ဓိပြုရပါသေး၏ဟု သတ်မှတ်သောကြောင့် သိ၌ ဇကို ဝေုဒ္ဓိပြုနိုင်သည်-ဟူလို၊ ရောဒိတံ စသည်၌လည်း နည်းတူ။

www.dhammaransi.com



ကမ္မနိ–၌ (ဥဒါဟရဏံ)၊ ဘဝတာ–သည်၊ ကောဓော–ကောဓကို၊ အဘိဘူယိတ္ထ–လွှမ်းမိုးအပ်ပြီ၊ ဣတိ အဘိဘူတော–၏၊ အဘိဘူတာ၊ ပေ၊ မိန်းမ၊ အဘိဘူတံ–စိတ်၊ ဘာသ= ဗျတ္တိယံ (ဝိယတ္တိယံ) ဝါစာယံ၊ တေန– ထို ပုဂ္ဂိုလ်သည်၊ ဓမ္မော– ကို၊ အဘာသိတ္ထ (ယ ကြေ) – ဟောအပ်ပြီ၊ ဣတိ ဘာသိတော ၏၊ ဘာသိတာ– ဟောအပ်သော၊ ဂါထာ၊ ဘာသိတံ–သော၊ သုတ္တံ– သုတ်၊ ဒိသီ=ဥစ္စာရဏေ– ရွတ်ဆိုခြင်း၌....၏၊ စုရာဒိတ္တာ–စုရာဒိ၏ အဖြစ်ကြောင့်၊ ဏေ· ဏေ ပစ္စည်းသက်၊ ဘဂဝတာ–သည်၊· ဓမ္မော·ကို၊ အဒေသီယိတ္ထ· ဟောတော်မူအပ်ပြီ၊ ဣတိ ဒေသိတော၊ ဣကာ ရာဂမေ–ဣ အာဂုံကြောင့်၊ ကာရိတ သရလောပေ၊ ကာရိတ်သရကို ချေ။ [“ဒေသ+ဧ+ိ တ”၌ စုရာဒိတော သုတ်ဖြင့် သက်၍ ကာရိတ်မှည့်ထားသော ဧကိုချေ–ဟူလို၊] ဇိ=ဇယေ၊ မာရော– မာရ်ကို၊ အဇီယိတ္ထ၊ အောင်တော်မူအပ်ပြီ၊ ဣတိ ဇိတော၊ နီ=ပါပဏေ၊ ဂါမံ· သို့၊ အဇာ–ဆိတ်တို့ကို၊ အနီယိံသု– ဆောင်အပ်ကုန်ပြီ၊ [အဇာနှင့် ဝုစ် တူအောင် “အနီယိံသု”ဟု ဗဟုဝုစ်ရှိစေ] ဣတိ နီတာ·နီတတို့မည်၏၊ တယာ· သည် ဓမ္မော· ကို၊ သုတော· နာအပ်ပြီ၊ ဉာတော· သိအပ်ပြီ။ [အသူယိတ္ထာတိ သူတော၊ အညာယိတ္ထာတိ ဉာတော။]

(၆၂၄) ဿာသ=အနုသိဋ္ဌိမှိ၊ အနုဿာသီယိတ္ထ– သွန်သင်အပ်ပြီ၊ ဣတိ အတ္တေ တပစ္စယော။

သသာ ဒိသ၊ ပေ၊ ရိဋ္ဌော၀။ ။ပေ၊ စသဒ္ဒေန, တိယာ· တိပစ္စည်း၏၊ ရိဋ္ဌိစ· ရိဋ္ဌိလည်းပြု၊ ဒိသတော– ဒိသ ဓာတ်မှ နောက်၌၊ ကိစ္စ တကာရ တုံတွာဒိနဉ္စ– ကိစ္စ ပစ္စည်း၏ တအက္ခရာ, တုံပစ္စည်း, တွာပစ္စည်း အစရှိသည် တို့၏လည်း၊ ရဋ္ဌ ရဋ္ဌုံ ရဋ္ဌာ ဒေသာ - ရဋ္ဌ, ရဋ္ဌုံ ရဋ္ဌာ အပြု တို့သည်၊ ဟောန္တိ။ [သိမ္မူ၌ “ရဋ္ဌ ရဋ္ဌုံ ရဋ္ဌု အာဒေသာ”ဟုရှိ၏၊] ရာဒိလောပေ၊ မယာ–ငါသည်၊ သော· ထိုပဉ္စင်းလောင်းကို၊ အနုသိဋ္ဌော– သွန်သင်အပ်ပြီ။

---

(၆၂၄) စသဒ္ဒေန၊ပေ၊ ရဋ္ဌာ ဒေသာ-ဒဋ္ဌဗ္ဗံ ဒဋ္ဌေယျံ တို့၌ ကိစ္စပစ္စည်းဖြစ်သော တဗ္ဗ-တေယျတို့၏ တ ကို ရဋ္ဌပြု၊ဒဋ္ဌုံ၌ တုံကို ရဋ္ဌုံပြု၊ဒဿနီယံသည်ဒဋ္ဌဗ္ဗံ ဒဋ္ဌေယျံ တို့၏ အနက်ဖွင့်၊ ပဿိတုံသည် ဒဋ္ဌုံ၏ အနက်ဖွင့် ဖြစ်သကဲ့သို့ ထို့အတူ ပဿိတွာလည်း ဒဋ္ဌုံ ဒဋ္ဌာ တို့၏ အနက်ဖွင့်တည်း၊သို့ဖြစ်လျှင် ဒဋ္ဌုံ ဒဋ္ဌာ၌ ဒဋ္ဌုံသည် တွာပစ္စည်းကို ရဋ္ဌုံပြု၍ ပြီးသော ပုံစံတည်း-ဟု သိသာ၏၊ မောဂ္ဂလ္လာန် ၌ကား

www.dhammaransi.com



[နည်းလမ်းညွှန်ပြအပ်ပြီ၊] သာ- ထိုမိန်းမကို၊ အနုသိဋ္ဌာ- ပြီ၊ အနုသိဋ္ဌံ- သွန်သင်အပ်သောအမျိုး။ [သီမူဌ်၌ "ဒိသ=ပေက္ခဏော" ဟု ရှိသေး၏၊] မေ- သည်၊ ရူပံ-ရူပါရုံကို၊ အဒိဿိတ္တ- မြင်အပ်ပြီ၊ ဣတိ ဒိဋ္ဌံ၊ တိမှိ-တိပစ္စည်း၌၊ (ဥဒါဟရဏံ)၊ အနုသာသနံ-သွန်သင်ခြင်း၊ အနုသိဋ္ဌိ-ခြင်း၊ ဒဿနံ-မြင်ခြင်း၊ ဒိဋ္ဌိ-ခြင်း။

ကိစ္စာဒီသု- ကိစ္စပစ္စည်း အစရှိသည်တို့၌ (ဥဒါဟရဏံ) ဒဿနီယံ- မြင်ထိုက်သော ဝတ္ထုသည်၊ ဒဋ္ဌဗ္ဗံ, ဒဋ္ဌေယျံ-မည်၏၊ ပဿိတုံ- မြင်ခြင်းငှါ၊ ဣတိ- ဤအနက်ကြောင့်၊ ဒဋ္ဌုံ-မည်၏၊ ဒဋ္ဌုံ-မြင်ခြင်းငှါ၊ ဂစ္ဆတိ-သွား၏၊ ပဿိတွာ- မြင်၍၊ နေက္ခမ္မံ ရဟန်းအဖြစ်ကို၊ ဒဋ္ဌု-မြင်၍။ [သီမူဌ်၌ "ဒဋ္ဌု- မြင်၍" ဟု ရှိ၏၊] ဒဋ္ဌာ-မြင်၍၊ ဣကာရ ဂမေန- သည်၊ အန္တရိတဿ- ခြားကွယ်အပ်သော ပစ္စည်း၏၊ (အယံ- ဤအစီအရင်သည်၊) နဘဝတိ- မဖြစ်၊ ယထာ-ကား၊ အနုသာသိတံ၊ပေ၊ဒဿိတံ ဣစ္စာဒိ- အရှိသည်တည်း။ [အနုသာသိတံ- သွန်သင်အပ်ပြီ၊ အနုသာသိတဗ္ဗံ- ထိုက်၏၊အနုသာသိတုံ- ငှါ၊ အနုသာသိတွာ-၍၊ ဒဿိတံ-မြင်အပ်ပြီ။]

---

"တုံ ယာ နာ" ဟု သုတ်တည်၍ ဒဋ္ဌုံ၌ တွာကို တုံပြုပြီးမှ, ထိုတုံ၏တ်ကို ဋ္ဌပြု, ဒိသ်ကို ဒသ်ပြုသည်၊မည်သည့်နည်းဖြင့် ပြီးသည်ဖြစ်စေ ဒဋ္ဌုံ၌မူလက တွာ ပစ္စည်းဖြစ်ခြင်းမှာ သဘောတူရကား "နေက္ခမ္မံ ဒဋ္ဌု ခေမတော" ဟူသော သုတ္တနိပါတ် ပဗ္ဗဇ္ဇသုတ်၌ ဂါထာဖြစ်၍ ဒဋ္ဌုမှ နိဂ္ဂဟိတ်ကိုချေထားသော တွာ ပစ္စယန္တပုဒ်ဟုမှတ်။ ["နေက္ခမ္မံ- ရဟန်းအဖြစ်ကို၊ ခေမတော-ဘေးမဲ့အားဖြင့်၊ ဒဋ္ဌု-မြင်၍၊"]

တနည်း- "အဘိဟဋ္ဌုံ (အဘိဟဋ္ဌုံ)-ရှေ့ရှုဆောင်၍၊ ပဝါရေယျ-ဖိတ်အံ့" ဟူသော နိဿဂ္ဂိယ တတုတ္ထရိ သိက္ခာပုဒ်၏ အဋ္ဌကထာ၌ကား ဒဋ္ဌုံကို အဘိဟဋ္ဌုံ၏ ဥပမာပြု၍ ဖွင့်ထား၏၊ထိုအဖွင့်အလို အဘိဟဋ္ဌုံ၌ တုံပစ္စည်းဖြစ်သကဲ့သို့ ဒဋ္ဌုံ၌လည်း တုံပစ္စည်းဖြစ်ကြောင်း သိသာ၏၊ သို့ဖြစ်လျှင် တွာပစ္စည်းကို ရဋ္ဌုံပြု၍ ထိုတုံပစ္စည်း သည်ပင် တွာ ပစ္စည်းအနက်ကို ဟောနိုင်သည်ဟု တနည်းမှတ်ဘွယ်ရှိ၏၊ ထို့ကြောင့် "တွာပစ္စည်းနက်,တချက်ဟောငြား,ကတ္တားနှင့်ကံ, သမ္ပဒါန်, ထွန်းပြန် တုံပစ္စည်း သဘောတည်း" ဟု နိယာမ်ရှိသည်၊ [ကာတုံ-ပြုခြင်းသည်၊ဝဋ္ဋတိ-အပ်၏ (ကတ္တား)၊ ကာတုံ-ပြုခွင့်ကို၊ လဗ္ဘတိ-ရအပ်၏ (ကံ)၊ကာတုံ-ပြုခြင်းငှါ (သမ္ပဒါန်။]

ဒဋ္ဌာ=ဒိဋ္ဌာ မူကွဲ။ ။ရူပသိဒ္ဓိ၌ တွာ ပစ္စည်းဖြင့် သီမူဝယ် "ဒဋ္ဌာ" မြန်မာမူ၌ "ဒိဋ္ဌာ" ဟု ပါဌ် ၂ ထွေကွဲ၏၊ ဥမ္မာဒန္တီမဟံ ဒဋ္ဌာ (မြင်ရ၍) နံ့ သုပ္ပါမိ ဒိဝါရတ္တိံ" ဟူသော ဥမ္မာဒန္တီဇာတ်....."နာဒိဋ္ဌာ (မမြင်မူ၍) ပရတော ဒေါသံ" ဟူသော ပဒုမဇာတ်တို့၌လည်း "ဒဋ္ဌာ=ဒိဋ္ဌာ" ဟု ပါဌ် ၂ ထွေကွဲလျက်ရှိသည်၊သို့ရာဝယ် ဒဋ္ဌဗ္ဗံ ဒဋ္ဌေယျံ ဒဋ္ဌုံတို့၌ ဒိ၏ ဇူသရကြေသကဲ့သို့ ဒဋ္ဌာ၌လည်း ရှေ့ဇူသရကြေသော သီဟိုဠ်

www.dhammaransi.com



(၆၂၅) တုသ=ပီတိမှိ၊ အတုဿိ-နှစ်သက်ပြီ၊ဣတိအတ္ထေ-၌၊ကတ္တရိ၌၊ တပစ္စယော-သက်၊ တဿာတိ အဓိကာရော။

သာဒိ သန္တ၊ပေ၊ဋ္ဌော။ ။အာဒိနာ- အစဗျည်းနှင့်၊ သဟ, ဝတ္တတိ ဣတိ သာဒိ၊ သကာရန္တေဟိ- သအက္ခရာ အဆုံးရှိသော ဓာတ်တို့မှရင်း၊ ပုစ္ဆဘန္ဇဟံသ ဣစ္စေဝမာဒီဟိ-ပုစ္ဆ ဘန္ဇ ဟံသ အစရှိကုန်သော၊ဓာတူဟိ-တို့မှရင်း၊ ပရဿ, အနန္တရိတဿ- မခြားအပ်သော။ [ဣအာဂုံစသည် မခြားအပ်သော] တကာရဿ- တအက္ခရာ၏၊ အာဒိ ဗျဉ္ဇနေန- အစဗျည်း ဖြစ်သော၊ ဓာတွန္တေန-နှင့်၊ သဟ, ဋ္ဌာဒေသော- ဋ္ဌအပြုသည်၊ ဟောတိ၊ [ဋ္ဌ၌ သံယုဂ် ဋလည်းပါစေ၊] ဟံသဿ-ဟံသဓာတ်၏၊ သန္တတ္တေ- သအဆုံး ရှိသည်၏ အဖြစ်သည်၊ သတိပိ- ဖြစ်ပါလျက်လည်း၊ ပုနဂ္ဂဟဏံ- ထပ်၍ ယူခြင်းသည်၊ ကွစိ-အချို့သော သကာရန္တဓာတ်၌၊ ဋ္ဌာဒေသဿ-ဋ္ဌအပြု၏၊ အနိယတဒီပနတ္ထံ-မမြဲသည်၏အဖြစ်ကို ပြရခြင်းအကျိုး ရှိ၏၊တေန-ကြောင့်၊ ဝိဒ္ဓဿော-ဥတြဿောတျာဒိသု အစရှိသော-ပြယုဂ်တို့၌၊န ဟောတိ-ဋ္ဌအပြုမဖြစ်၊ [ဝိဒ္ဓဿော-ဖျက်ဆီးအပ်ပြီ၊ ဥတြဿော ထိတ်လန့်ပြီ၊] တုဋ္ဌော- နှစ်သက်ပြီ၊ သန္တုသိတော ကောင်းစွာနှစ်သက်ပြီ။

---

မူရှိပါဠိသာ ရှေ့နောက်ညီညွတ်ပေသည်၊ တွာပစ္စည်းကို ဤသုတ်၏စသဒ္ဒါဖြင့် ရဋ္ဌာပြု၊ မောဂ္ဂလ္လာန်၌ကား "နာဒဋ္ဌာပရတော ဒေါသံ"၌ တွာမှ ဝကိုချေ၍, တကို ဋ္ဌပြုသည်။

(၆၂၅) အာဒိနာ၊ပေ၊သာဒိ- "သ+အာဒိ"ဟုခွဲ၊ အာဒိဟူသည်တပစ္စည်း၏ အစတည်း၊တကို ဋ္ဌပြုရာ၌ တပစ္စည်း၏ အစဖြစ်သော ဓာတွန် ဗျည်းနှင့်တကွ ပြုပါ- ဟူလို၊ထို့ကြောင့်"သဟာဒိဗျဉ္ဇနေနဓာတွန္တေန"ဟုဝုတ္တိဖွင့်သည်၊ ဤသာဒိကိုလည်း ဋ္ဌော၌ ဝိသေသနအဖြစ်ဖြင့် စပ်။

ဟံသဿ၊ပေ၊အနိယတ ဒီပနတ္ထံ- "သန္တ-သ အဆုံးရှိသောဓာတ်"ဟု ဆိုလျှင် "ဟံသ"ဓာတ်လည်း ပါနိုင်သည် မဟုတ်ပါလော၊သို့ပါလျက်အဘယ့်ကြောင့် ဟံသ ဓာတ်ကို ထပ်၍ ဆိုရပါသနည်းဟု မေးဖွယ်ရှိ၍ "ဟံသဿ"စသည် မိန့်၊ ဟံသ ဓာတ်ကို ထပ်၍ဆိုသဖြင့် ဟံသမှတပါးသော သကာရန္တဓာတ်များဝယ်အချို့ဓာတ်၌ ဋ္ဌ အပြု မမြဲဟု သတ်မှတ်ခြင်းအကျိုးရှိ၏၊ထိုအကျိုးငှါဟံသဓာတ်ကိုထပ်၍ဆိုရသည်- ဟူလို၊ထို့ကြောင့်"ဥ ပုဗ္ဗ တြသ=ဥဗ္ဗေဇနေ-ထိတ်လန့်ခြင်း၊တကို ဋ္ဌမပြုဘဲ (သ်)ကို တ သို့ကပ်, "ဥတြဿော"ဟုရင်း ဝိပုဗ္ဗ ဓံသ=ဝိဒ္ဓံသနေ-ဖျက်ဆီးခြင်း၊ သ် ဗျည်းကို တသို့ကပ်, နိဂ္ဂဟိတ်ချေ, ဓွဲဘော်လာ၍"ဝိဒ္ဓဿော"ဟုရင်းပြီးရသည်၊ ဤစကားစဉ် အရ "ဟံသဓာတ်၌မူ ဋ္ဌ အပြု မြဲသည်" ဟုလည်း ပြန်၍ သိနိုင်သည်။ [တုဋ္ဌောကို ရုပ်တွက်၊သန္တုသိတောကား ဣ အာဂုံ ခြားသဖြင့် ဋ္ဌ မပြုရသော ပုံစံတည်း။]

www.dhammaransi.com



ဘသ=ဘသနေ-လျှောကျခြင်း၌...၏၊ အဘသိ-လျှောကျပြီ၊ ဣတိ ဘဿော,ဘသိတော-၏။ [ဣ အာဂုံ ခြား၍ ဖြင့် ဘသိတော၌ ဌ မပြုရ၊] နသ=အဒဿနေ- မမြင်ရခြင်း၌....၏၊ နဿိ-ပျက်စီးပြီ၊ ဝါ ပျောက်ပြီ၊ ဣတိ နဋ္ဌော၊ ဒံသ=ဒံသနေ - ကိုက်ဖြတ်ခြင်း၌..၏၊ သ ေန- မြွေသည်၊ အဒံသီယိတ္ထ-ကိုက်အပ်ပြီ၊ ဣတိ ဍဋ္ဌော-ဍံသိတော ဝါ-လည်းရှိ၏၊ ကွစိ ဓာတု တျာဒိနာ-ဖြင့်၊ ဒသ-ဍ၏၊ ဍဿံ-ဍံအဖြစ်သည် (ဟောတိ)၊ဖုသ= ဖဿနေ- တွေ့ထိခြင်း၌ ၏၊ ရောဂေန- ရောဂါသည်၊ အဖုသီယိတ္ထ- တွေ့ထိအပ်ပြီ၊ဣတိဖုဋ္ဌော၊ဖုသိတော ဝါ- လည်းရှိ၏၊ [“ဟုသ=ဟဿနေ”ဟူ စာပျက်တတ်သည်၊] ဣသု=ဣစ္ဆာယံ၊ ဧသီယိတ္ထ- လိုချင်အပ်ပြီ၊ ဣတိ ဣဋ္ဌော-၏၊ ဣဋ္ဌိတော ဧသိတော- လိုချင်အပ်ပြီ။ [ဣအာဂုံခြား၍ ဌမပြုရ, ဣသု ယမုနမဂ္ဂေ၊ ဧဋ္ဌော ဝါ ဖြင့် စီရင်၊ ဧသိတော ၌ ဝုဒ္ဓိပြု၊] မသ=အာမသနေ၊ အာမသီယိတ္ထ သုံးသပ်အပ်ပြီ၊ ဣတိအာမဋ္ဌော၊ ဝသ= သေစနေ- သွန်းခြင်း၌..၏၊ ဒေဝေါ-မိုးသည်၊ အဝဿိ-သွန်းချပြီ၊ဝါ- ရွာပြီ၊ ဣတိ ဝုဋ္ဌော။ [“ဝဿဝါဝု”ဖြင့် စီရင်၊] ပဝိသီယိတ္ထ- ဝင်အပ်ပြီ၊ ဣတိ ပဝိဋ္ဌော၊ [ပပုဗ္ဗ ဝိသဓာတ်၊] ဥဒ္ဒိသီယိတ္ထ ရွတ်ပြအပ်ပြီ၊ ဣတိ ဥဒ္ဒိဋ္ဌော၊[ဥပုဗ္ဗ,ဒိသ=အတိသဇ္ဇနေ၊] ဤတွင်သန္တဓာတ်များပြီးပြီ။

ပုစ္ဆ=ပုစ္ဆနေ၊ ပဉှံ-ပြဿနာကို၊ အပုစ္ဆယိတ္ထ-မေးအပ်ပြီ၊ ဣတိ ပုဋ္ဌော ပုစ္ဆိတော-၏၊ ဘဉ္ဇ= အဝမဒ္ဒနေ- နှိပ်နင်း ဖျက်ဆီးခြင်း၌..၏၊ အဘဉ္ဇိ ယိတ္ထ- နှိပ်နယ်အပ်ပြီ၊ ဣတိ ဘဂ္ဂေါ၊ ဓည့်- စပါးတည်း။ [“ဘဉ္ဇ-ပါကေ၊ ဘဉ္ဇ-အဝမဒ္ဒနေ ဝါ”ဟု သိမ္မူ၌ ဓာတ် ၂ မျိုးပြ၏၊ “အဘဉ္ဇိတ္ထ”ဟုလည်း ရှိသည်၊] ဟံသ-ပီတိမှိ-နှစ်သက် ရွှင်လန်းခြင်း၌....၏၊ အဟံသိ- ရွှင်လန်းပြီ၊ ဣတိ ဟဋ္ဌော၊ ပဟံသိတော အလွန်ရွှင်လန်းပြီ။ ပပုဗ္ဗ ဟံသ။

အာဒိသဒ္ဒေန-ဖြင့်။ [ဟံသာဒီဟိ၌ အာဒိဖြင့် “ဋ္ဌာဒေသော” ၌စပ်၊] ယဇ-ဒေဝပူဇာ သင်္ဂတိကရဏဒါနေသု၊ဣဇ္ဇိတ္ထ-ပူဇော်အပ်ပြီ၊ဣတိအဋ္ဌော-၌၊ တပစ္စယော-သက်၊ တဿ- ထိုပစ္စည်း၏၊ဋ္ဌာဒေသော-ဋ္ဌပြု။

(၂၆၂) ဇယာသ သရဿိ ဋ္ဌေ။ ။ပရေ. ဋ္ဌေ- ဋ္ဌအပြုကြောင့်၊ ယဇ ဣတိ တေသ ဓာတုဿ-၏၊ သရဿ- သရ၏။ [“ယဇ်” ၌ ယဝယ် အသရ၏၊]ဣကာရာဒေသော ဟောတိ၊ မယာ-သည်၊ဇိနော-ဘုရားရှင်ကို၊ ယိဋ္ဌော- ပူဇော်အပ်ပြီ၊ သဇ=ဝိဿဂ္ဂေ- စွန့်လွှတ်ခြင်း၌....၏၊ [ဓာတွတ္ထ သင်္ဂဟ၌ “သဇ္ဇ”ဟု သံယုဂ်ဖြင့်ရှိ၏၊ သက္ကတ၌“သရိဇ”ဟုရှိသောကြောင့်

www.dhammaransi.com



သဇ္ဇာတ်ဟုဆိုခြင်းက သာ၍ကောင်းသည်။] သံပုဗ္ဗော-သံရှေးရှိ၏၊တေန- ထိုသူသည်၊ သံသဇ္ဇိတ္တ- ယောနှောအပ်ပြီ၊ ဣတိ သံသဋ္ဌော၊ ပိဿဋ္ဌော- စွန့်လွှတ်အပ်ပြီ၊ မဇ=သုဒ္ဓိမှ စင်ကြယ်ခြင်း၌ ...၏ အမဇ္ဇိ-စင်ကြယ်ပြီ၊ ဣတိ မဋ္ဌော။ [စင်ကြယ်ချောမောသောအရာ၊] ဣစ္စာဒိ။

၊ ကိစ္စ တကာရသုဒ္ဓိ- ကိုဋ္ဌ ပစ္စည်း၏ တ အက္ခရာ အစရှိသည် တို့၌၊ (ဥဒါဟရဏံ)၊ တုသိတဗ္ဗံ- နှစ်သက် ထိုက်သော ဝတ္ထုသည်၊ တုဋ္ဌဗ္ဗံ- မည်၏၊ [''တောဋ္ဌဗ္ဗံ''ဟု ဝုဒ္ဓိနှင့် ရှိကြ၏၊ ပါဠိ၌ကား ''ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ'ဟု ဝုဒ္ဓိမပြုဘဲ ရှိသည်၊ ဖုသိတဗ္ဗံ- တွေ့ထိထိုက်သော, အာရုံသည်၊ ဖောဋ္ဌဗ္ဗံ-၏၊ [''ဖုသ, တဗ္ဗ ပစ္စည်း၊]ပုစ္ဆိတုံ,ပုဋ္ဌုံ-မေးခြင်းငှါ၊ယဇိတုံယိဋ္ဌုံ- ပူဇော်ခြင်းငှါ၊ အဘိဟရိတုံ အဘိဟဋ္ဌုံ- ရှေးရှုဆောင်ခြင်းငှါ၊ တောသနံ တုဋ္ဌိ- နှစ်သက်ခြင်း၊ ဃသနံ ဃဋ္ဌိ-ရှာခြင်း၊ ဝဿနံ ဝုဋ္ဌိ- ရွာခြင်း၊ ဝိဿဇ္ဇနံ ဝိဿဋ္ဌိ-စွန့်လွှတ်ခြင်း၊ ဣစ္စာဒိ။

(၆၂၇) တဿာတိ သာဒီတိစ ဝတ္တတေ၊ ....

ဘဉ္ဇတော ဂ္ဂေါ စ။ ။ပေ၊အနေန- ဤသူသည်၊ ရဂေါ- ရဂကို၊ ဘဂ္ဂေါ- ချိုးဖျက်အပ်ပြီ။

ဝသ=နိဝါသေ၊ ပရိဝသီယိတ္ထ- ကျင့်အပ်ပြီ၊ ဣတိ ပရိဝုတ္ထော ပရိဝါသော- ပရိဝါသ် ရ၏၊ ဗြဟ္မစရိယံ- မြတ်သော အကျင့်ကို၊ ဝုသိတံ- ကျင့်သုံးအပ်ပြီ၊ ဥတ္ထ ဥအာဒေသော- ဥတ္ထအပြု, ဥအပြုတို့သည်(ဟောန္တိ)၊ [ပရိဝုတ္ထော၌ ဝသတော ဥတ္တဖြင့် ဥတ္ထပြု, ဝုသိတံ၌ ဝဿဝါ ဝုဖြင့် ဥပြု, ဟူလို၊ သီဟိုဠ်မူ မြန်မာမူကဲ့၏]၊ ဝသ = အစ္ဆာဒနေ- ဖုံးလွှမ်းခြင်း၌....၏၊ နိ ဝသီယိတ္ထ-ဖုံးလွှမ်းအပ်ပြီ၊ ဣတိ နိဝတ္ထံ၊ ဝတ္ထံ — အဝတ်တည်း၊ ကွစိ ဓာတုတျာဒိနာ- ဖြင့်၊ သ္တကာရ သံယောဂဿ- သ္တသံယုဂ်၏၊ ထ္တတ္တံ — ထ္တ အဖြစ်သည် (ဟောတိ)၊ [ဝသ တ၊ ဓာတွန်ကို ချေ, ဝတ္ထံ၊ သုတ်ကြီးဖြင့် သ္တကို ထ္တပြု၊] ဝေံ, နိဝတ္တဗ္ဗံ- ဝတ်ရာ၏၊ သံသ- ပသံသနေ- ချီးမွမ်းခြင်း၌....၏၊ ပသံသီယိတ္ထ- ချီးမွမ်းအပ်ပြီ၊ဣတိ ပသတ္ထော၊ ပသံသိတော-

---

(၆၂၆) ပုစ္ဆိတုံ ပုဋ္ဌုံ၊ ပေ၊ ဣစ္စာဒိ-''တဿာတိအဓိကာရော''ဟု သုတ်၏ အစဉ်ပြခဲ့သော တ အရ တုံ တဗ္ဗတိ စသည်တို့မှ တဲ ကိုလည်း ယူနိုင်သောကြောင့် ပုဋ္ဌုံ စသော ပုံစံများကို ပြနိုင်သည်၊ ပုစ္ဆိတုံ ဖုသိတဗ္ဗံ-စသည်ကား ပုဋ္ဌုံစသည်၏ အနက်ဖွင့်သာ၊ပုဋ္ဌုံ စသည်သာ ပုံစံရင်းတည်း။

www.dhammaransi.com



ပြီ၊ ပသံသနံ· ချီးမွမ်းခြင်း၊ ပသတ္ထိ၊ ခြင်း၊ (တိ ပစ္စည်း၊) [ဤပသတ္ထိ တိုင်အောင် ကွစိဒ္ဓာတုဖြင့် ဋကိုဋ္ဌပြု၊ ဝိပုဗ္ဗသသ=ဝိဿာသေ (အကျွမ်းဝင်ခြင်း) ဟူသော ဓာတ်ဖြင့် "ဝိဿတ္ထော — အကျွမ်းဝင်သူ"ဟု လည်း ဖြစ်၏၊ ဝသတော ဥတ္တဋ္ဌ ပြခဲ့သော အဓိဝတ္ထာ ဝတ္ထဗ္ဗံ ကဲ့သို့ စီရင် လျှင်လည်း နိဝတ္ထံ စသော ရုပ်များပြီးနိုင်သည်။]

ဗန္ဓ=ဗန္ဓနေ၊ ရည်ဝ-သည်၊ အပဗ္ဗျိတ္ထ-နှောင်ဖွဲ့အပ်ပြီ၊ ဣတိ ဗဒ္ဓေါ၊ မေ-သည်၊ နေ့· ကို၊ အလဘိယိတ္ထ- ရအပ်ပြီ၊ ဣတိ လဒ္ဓံ၊ ဓတ္တ ဒတ္တာနိ- ဓ အဖြစ် ဒ အဖြစ်တို့သည် (ဟောန္တိ)။ [ဓ ဗ ဘဟောဟိ, ဟ စတုတ္ထာနံ စသော သုတ်တို့ဖြင့် ပြု၊] ရဘ=ရာဘသော- အားထုတ်ခြင်း၌....၏၊ အာရဘီယိတ္ထ-အားထုတ်အပ်ပြီ၊ ဣတိ အာရဒ္ဓံ ပိရိယံ-တည်း။ [အာရမ္ဘဓာတ် ဖြင့်လည်း ပြခဲ့ပြီ၊ ဒဟ=ဘသ္မီကရဏေ-ပျာကိုပြုခြင်း (လောင်ကျွမ်းခြင်း) ၌ ၏၊ အဒယှိတ္ထ-လောင်အပ်ပြီ။ ဣတိ-ဒဍ္ဎံ၊ ဝနံ-တောတည်း၊ အဘုဉ္ဇိတ္ထ-စားအပ်ပြီ၊ ဣတိ ဘုတ္တော သြဒနော တည်း၊ ဘုဉ္ဇာဒိတ္တာ - ဘုဇာဒိဓာတ်၏ ပရိစ္စဇီယိတ္ထ-စွန့်အပ်ပြီ၊ ဣတိ ပရိစ္စတ္တံ၊ မနံ-တည်း၊ အမုစ္စိတ္ထ-ပစ်လွှတ် အပ်ပြီ၊ ["အမုဉ္စိယိတ္ထ"ဟု ရှိသည်ကား မကောင်း၊] ဣတိ မုတ္တော၊ သရော- မြားတည်း။

(၆၂၈) ဝစ=ဓိယတ္တိယံ ဝါစာယံ· အဝစီယိတ္ထ-ပြောဆိုအပ်ပြီ၊ ဣတိ အတ္တော, တပစ္စယော၊ အန္တောတိ, နောတိ, ဒွိတ်စ အဓိကာရော။

ဝါစ ဝါဝု။ ။ဣဒံ-ဤသုတ်သည်၊ စတုပဒံ။ [ချွာသ၌ "တိပဒံ" ဟူ ဆိုသောကြောင့် "ဝစ+ဝါ+ဝ+ဥ" ၄-ပုဒ်ဟု ဖွင့်သည်၊] ဝစဣတိ၊ပေ၊ ဟောတိဝါ· ဖြစ်သည်သာ· ဓာတွန္တော စကာရော စ, နော- ကြေသည်၊ ဟောတိဝါ- သာ၊ တပစ္စယဿ-၏၊ ဒွိဘာဝေါစ, ဟောတိ ဝါ- သာ။ ["တပစ္စယဿ"ဟု သီရှိသည်] ဝါဂ္ဂဟဏံ- သည်၊ အဝဓာရဏတ္ထံ- ၏၊ [ဥအပြု, ဓာတွန် ချေ, ဒွေဘော်ပြု-ဟူသော အစီအရင် အားလုံးမြဲသည် ဟု ပိုင်းခြား သတ်မှတ်သော သန္နိဋ္ဌာနာ ဝဓာရ ဟူလို၊] ဓာတွာဒိမှို-၌၊ ဝကာရာဂမော- ဝအက္ခရာလာ။[ တေသုဝုဒ္ဓိဖြင့် လာ၊] ဘဂဝတာ-သည်၊ ဣဒံ-ဤစကားတော်ကို၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊ ဥတ္တံဝါ-လည်းရှိ၏။

(၆၂၉) ဂုပါဒိနဉ္စ။ ။ပေ၊ဂုပ=ဂေါပနေ·စောင့်ရှောက်ခြင်း၌... ၏၊ သုဂေါပီယိတ္ထ- ကောင်းစွာ စောင့်ရှောက်အပ်ပြီ၊ ဣတိ သုဂုတ္တော-၏၊

www.dhammaransi.com



သုဂေါပိတော-ပြီ၊ ဣကာရာဂမေန ဗျဝဟိတတ္တာ, န မာတုန္တလောပေါ-မာတုန်ကို မချေရ၊ အညေသုစာတိ သုတ္တေ-၌၊ ဝါမိကာရဿ ဝဝတ္ထိတ ဝိဘာသတ္တာ, နိဋ္ဌတကာရေပိ- နိဋ္ဌ တပစ္စည်းကြောင့်လည်း၊ ကွစိ-၌၊ ဝုဒ္ဓိ။ [သုဂေါပိုတော၌ ဝုဒ္ဓိ ပြု-ဟူလို၊] ဂေါဒန်-စောင့်ရှောက်ခြင်း၊ဂုတ္တိ-ခြင်း။

လိပ= လိပ္ပနေ-လိမ်းကျံခြင်း (သုတ်လိမ်းခြင်း)၌..၏၊ သုဂန္ဓေန-ကောင်းသော အနံ့ဖြင့်၊ အလိမ္ပိယိတ္ထ- သုတ်လိမ်းအပ်ပြီ၊ ဣတိ လိတ္တော၊ တပ= သန္တာပေ၊ တေဇေန- မီးသည်။ သန္တပီယိတ္ထ- ပြင်းစွာပူလောင်အပ်ပြီ၊ ဣတိ သန္တတ္တော၊ ဒီပ=ဒိတ္တိမှ၊ အဂ္ဂိနာ- မီးသည်၊ အာဒိပီယိတ္ထ-ပြင်းစွာ လောင်ခံပြီ၊ ဣတိ အာဒိတ္တော၊ ရဿတ္တံ။ [ကွစိခာတုဖြင့် ဒိ၌ ရဿပြု၊] ဒီပနံ- တောက်လောင်ခြင်း၊ ဒိတ္တိ-ခြင်း၊ အပ = ပါပုဏနေ-ရောက်ခြင်း၌....၏၊ ပါပီယိတ္ထ ရောက်အပ်ပြီ၊ ဣတိ ပတ္တော, ဂါမော။ [ပပုဗ္ဗ အပ,တ၊ မာတုန်ချေ၊တ် ငွေဘော်,ပခွင်းချေ, ကပ်၊] သုခံ-သုခသို့၊ ပါပုဏိ-ရောက်ပြီ၊ ဣတိ ပတ္တော။ [သုခံ-ဟူသော အဝုတ္တကံကိုထောက်၍ "ပါပုဏိ"ဟုကတ္တားဟောရှိစေ၊]ပါပုဏနံ-ရောက်ခြင်း၊ပတ္တိ-ခြင်း၊ပတ္တဗ္ဗံ--ရောက်ထိုက်၏၊ မဒ=ဥမ္မာဒေ၊ ပမဇ္ဇိ-မေ့လျော့ပြီ၊ ဣဘိ ပမတ္တော၊ သုပ....သယနေ၊ အသုပိ-အိပ်ပြီ၊ဣတိ သုတ္တော၊ဣစ္စာဒိ။ [ဤတွင် ဂုပါဒိပုံစံပြီး၏။]

စရ= စရဏေ၊ ဓမ္မော-ကို၊ အစရိယိတ္ထ- ကျင့်အပ်ပြီ၊ဣတိ စိဏ္ဏော၊ ဣဏ္ဏာဒေသော ဣဏ္ဏာပြု။ [တရာဒိဟိ-စသောသုတ်ဖြင့် ပြု၊] စရိတော ဝါ-၏၊ဝေ်, ပုဏ္ဏော, ပူရိတော-ပြည့်ပြီ။ [ပုဏ္ဏော၌နောက်၌ ဣချေ, ဥကိုရဿပြု။] နုဒ= ခေပေ၊ ပနုဇ္ဇိတ္ထ- ပယ်နုတ်အပ်ပြီ၊ ဣတိ ပနုဏ္ဏော၊ပနုဒိတော-ပယ်နုတ်အပ်ပြီ၊ ဒါ=ဒါနေ၊ အာဒိယိတ္ထ-ယူအပ်ပြီ၊ ဣတိအာဒိဏ္ဏော၊အတ္တော ဝါ-လည်း ရှိ၏၊ ကွစိခာတုတျာဒိနာ, ဒါသဒ္ဒဿ-ဒါ သဒ္ဒါ၏၊ တကာရော-တပြု၊ရဿတ္တဉ္စ(သီ၌ ပါ၏)-ရဿလည်း ပြု။

---

အာဒိဏ္ဏော-ဒိန္န ပုဒ်ကဲ့သို့ အာ ရှေးရှိရာ၌လည်း"အာဒိန္န"ဟု ဘိဒါဒိတော-စသောသုတ်ဖြင့် ဧန္န အပြုသာ ရှိသင့်၏၊ဥပါဒိန္န-စသည်၌"ဥပါဒိဏ္ဏ"ဟု မရှိသင့်၊ အကယ်၍ အာဒိဏ္ဏ-ဥပါဒိဏ္ဏတို့၌ ဏဖြင့်ရှိသင့်လျှင်"အာဒါဏ-ဥပါဒါဏ"ဟုလည်း ရှိရာ၏၊ ထိုသို့ကားမရှိ၊ ထို့ကြောင့် "အာဒိဏ္ဏော" ကို ဆရာတို့ မနှစ်သက်ကြ၊ အာတ္တော၌"အာ ပုဗ္ဗ ဒါ-တ, ဒါကို တ, အာကိုလည်း ရဿပြု၊ (တ)ကို နောက် တ ပစ္စည်းသို့ ကပ်ရမည်ဖြစ်၍(တ) ပြုသည့်အခါ သရ မပါသင့်၊ ["အတ္တ မနော-ပီတိ ဘုခ စသည်တို့ ယူအပ်သော စိတ်ရှိသည်"ဟု အနက်ပေးရာ၌ ဤအတ္တပုဒ်ပင် တည်း၊ ထို့ကြောင့် "ဂဟိတ မနော"ဟု ဖွင့်ကြသည်။]

www.dhammaransi.com



(၆၃၁)ဘိဝါဒိတော၊ပေ၊ဝါ။ ။ပေါဘိဒ= ဝိဒါရဏေ- ဖောက်ခွဲခြင်း၌...၏၊ ဘဝတော-သည်၊ ဃဋ္ဌော-အိုးကို၊ အဘိဇ္ဇိတ္တ- ခွဲအပ်ပြီ၊ ဣတိ ဘိန္နော· ဒေဝဒတ္တော-သည်၊ ဘိဇ္ဇတိ-ကွဲ၏၊ ဣတိဝါ-ထို့ကြောင့်လည်း၊ ဘိန္နော-၏၊ ဆိဒိ= ဒွိဓာကရဏေ၊ ရုက္ခော-ကို၊ အစ္ဆိဇ္ဇိတ္တ- ဖြတ်အပ်ပြီ၊ ဣတိ ဆိန္နော၊ အစ္ဆိန္နံ- ဖြတ်တောက် လုယူအပ်သော၊ စဝရံ- သင်္ကန်း။ [အာပုဗ္ဗ ဆိဒိ၊] ဥစ္ဆိဇ္ဇိ-ပြတ်ပြီ၊ ဣတိ ဥစ္ဆိန္နော၊ သုင်္ကော- အခွန်ကို၊ အဒိယိတ္တ-ပေးအပ်ပြီ၊ ဣတိ ဒိန္နော၊ သဒ=ဝိသရဏ ဂတျာ ဝသာဒနေသု၊ နိသီဒိ-ထိုင်ပြီ၊ ဣတိ နိသိန္နော၊ ခိဒ=ဥဘ္ဘာသနေ-ထိတ်လန့်ခြင်း၌ ၏၊ ဝါ ခိဒ=ဒီနဘာဝေ-ပင်ပန်းသည်အဖြစ်၌...၏၊ အခိဇ္ဇိ-ပင်ပန်းပြီ၊ဣတိ ခိန္နော။

အန္နာဒေဆော- အန္န အပြုကား၊ သဒ=အပဝါရဏေ တားမြစ်ခြင်း၌...၏၊ အစ္ဆာဒိယိတ္တ-ဖုံးကွယ်အပ်ပြီ၊ ဣတိ ဆန္နော၊ ပဋိစ္ဆန္နံ- ဖုံးကာအပ်သော၊ ဂေဟံ အိမ်၊ ပသီဒိ-ကြည်လင်ပြီ၊ဣတိ ပသန္နော၊ ပဒ=ဂတိမှိ ဥပ္ပဇ္ဇိ-ဖြစ်ပြီ၊ ဣတိ ဥပ္ပန္နော။ [''ဥပပဇ္ဇိ-ဖြစ်ပြီ၊ ဣတိ ဥပပန္နော''ဟု သိမှုရှိ၏၊] ဈာနံ-ဈာန်သို့၊ သမာပန္နော· ကောင်းစွာ ရောက်ပြီ၊ဝါ·ဝင်စားပြီ။ [သံ+အာပုဗ္ဗ ပဒ၊] ရုဒိ=အဿုဝိမောစနေ၊ ရုန္နော-ငိုပြီ၊ ပရလောပေါ-နောက်သရကို ချေ။ [ရ နောက်ဖြစ်၍ န္နကို ဏ္ဏပြန်လျက် ''ရုဏ္ဏံ'' ဟူလည်းရှိ၏၊ ပစ္စယာ ဒနိဋ္ဌာသုတ် အနက်၌, 'ရုဏ္ဏံဝါ''ဟု ပြခဲ့ပြီ။]

ခီ=ခယေ၊ ဤဏာဒေသော-ဤဏပြု၊ဒေါသော·ဒေါသသည်၊ အခီယိ-ကုန်ပြီ၊ ဣတိ ခီဏော၊ ဇာတိ- ပဋိသန္ဓေသည်၊ ခီဏာ-ကုန်ပြီ၊ ဓနံ ခီဏံ၊ ဟာ-စာဂေ၊ ကွစိဓာတု တျာဒိနာ, ဟာဒိတော· ဟာ အစရှိသောဓာတ်မှ နောက်၌၊ ဤဏာဒေသေ-ဤဏ အပြု၌၊ ဏကာရဿ- ဏကြီး၏၊ နတ္တံ-နငယ် အဖြစ်သည်(ဟောတိ)၊ ပဟီယိတ္တ- ပယ်အပ်ပြီ၊ ဣတိ ပဟီနော၊ ကိလေသော- ကိလေသာတည်း၊ ပရိဟာယိ- ဆုတ်ယုတ်ပြီ၊ ဣတိ ပရိဟီနော၊ အာသ=ဥပဝေသနေ၊ အစ္ဆိ-နေပြီ၊ ဣတိအာသိနော၊လီ=သိလေသနေ-ကပ်ငြိခြင်း၌...၏၊ လီယိ-ကပ်ငြိပြီ၊ ဣတိ လီနော။ [''နိလီနော-ပုန်းအောင်းပြီ''ဟု ၎င်းသိမှုရှိ၏၊]ဇိ=ဇယေ-အောင်ခြင်း,ရှုံးခြင်း၌...၏၊ ဇီယိ-ရှုံးပြီ၊ ဣတိ ဇိနော-၏၊ ဝိတ္တံ-ဥစ္စာကို၊ ဇိနော- ရှုံးသူသည်၊ အနုသောစတိ-ဝမ်းနည်းရ၏၊ ဇိတော ဝါ·၏၊[ပရာ-ရှေးမရှိသော်လည်း၍နေရာ၌''ရှုံးခြင်း''ကို ဟောသည်၊''ဇိနော=ပရာဇိတော''ဋီကာ၊]ဒီ=ခယေ၊ ဒီနော-ကုန်ခန်းပြီ၊ ပီ=တပ္ပနေ- နှစ်သက်ခြင်း၌...၏၊ ပီနော- နှစ်သက်

www.dhammaransi.com



ပြည့်ဖြိုးသူ၊ ဝါ-ဝသူ၊ [သက္ကတ၌ "ပြိ"ဓာတ် ဖြစ်သောကြောင့် ရ နောင်နကို ဏပြန်၍ "ပိဏော" ဟု ဖြစ်သင့်၏၊ ဓာတွတ္ထသင်္ဂဟ၌ကား "ပိဏ"ဓာတ်ဟု ကြံလေ၏၊] လူ=ဆေဒေန၊ လူယိတ္ထ- ဖြတ်အပ်ပြီ၊ ဤတိ လူနော(နောက်သရချေ၊] ဤစ္စာဒိ၊ [ဤတွင်ဘိဓါဒိတော သုတ်ဆိုင်ရာပြီးပြီ။]

ဝမု=ဥဂ္ဂိရဏေ- ပျို့အံခြင်း၌....၏၊ ဝမိယိတ္ထ- အံအပ်ပြီ၊ ဤတိဝန္တံ, ဝမိတံ လည်းရှိ၏၊ ပက္ကမာဒီဟိန္တောစာတိ ဖြင့်၊ န္တာဒေသော-န္တပြု၊ တယာ-သည်၊ ဂါမော-သို့၊ အဂစ္ဆိယိတ္ထ- ရောက်အပ်ပြီ၊ ဤတိ ဂန္တော၊ ဝါ-ကတ္တားဟော တနည်းကား၊ ဂါမံ-ရွာသို့၊ ဂတော- ရောက်ပြီ၊ ဂမ ခန ဟန ရမာဒီန မန္တောတိ- သုတ်ဖြင့်၊ ဓာတွန္တလောပေ ချေ၊ ကူပေ-တွင်းငုံ၊ အခညိတ္ထ-တူးအပ်ပြီ၊ ဤတိ ခတော၊ စိတ္တံ၊ ကို၊ ဥပ ဟညိတ္ထ-ကပ်၍ နှိပ်စက်အပ်ပြီ၊ ဤတိ ဥပဟတံ၊[ဥပဟနံ ဟု ပါဌ်ပျက်၏၊ "စိတ္တံ" နေရာဝယ် သီမူ၌ "ဝိတ္တ"ဟု ရှိ၏၊] အရမိ- မွေ့လျော်ပြီ၊ဤတိ ရတော၊ အဘိရတော- အလွန်မွေ့ လျော်ပြီ၊ မန= ဉာဏေ၊ အမညိတ္ထ- သိအပ်ပြီ။ ဤတိ မတော၊ သမ္မတော- သဘောတူ သိအပ်ပြီ၊ ဝါ- သ ုတ်အပ်ပြီ။ ["သီမာ သမ္မနိတာ"ဟု တချို့စာ၌ တွေ့ရသည်ကား မပျက်သော်လည်း မကောင်း၊ သီမာသမ္မတာ"ဟုရှိသင့်၊]တနု=ဝိတ္ထာရေ၊အတနိတ္ထ ကျယ်ပြန့်ပြီ၊ ဤတိ တတံ၊ ဝိတ္တံ-ဥစ္စာတည်း။ ["ဝိတတံ"ဟု ရှိသည်ကား သီဟိုဠ်မူကို အကူးမှားခြင်းတည်း၊]ယမု=ဥပရမေ၊နိယစ္ဆိ-ရှောင်ကြဉ်ပြီ၊ဤတိနိယတော-၏၊ [ဤကား"ဂမ၊ပေ၊ရမာဒီနံ"၌ အာဒိ၏ ပုံစံတည်း။]

(၆၃၁) နောတိ တမှိတိ တိမှိတိစ ဝတ္တတေ၊....

ရကာရောစ။ ။ပရေ တပစ္စယေ တိမှိစ ဓာတူနံ, အန္တဘူတော-အဆုံးဖြစ်၍ဖြစ်သော၊ ရကာရောစ- သည်လည်း၊ နော- ကြေသည်၊ ဟောတိ၊ ဘဝတာ--သည်၊ ကဋ္ဌော- သင်ဖြူးကို၊ ပကရိယိတ္တ- စ၍ပြုအပ်ပြီ၊ ဤတိ ပကတော။ [ပဥပသာရသည် အာဒိကမ္မ အနက်ဟော။] မေ - သည်၊ ရက္ခာ- အစောင့်အရှောက်ကို၊ ကတာ- ပြုအပ်ပြီ၊ မေ-သည်၊ ပုညံ-ကို၊ ကတံ-ပြုအပ်ပြီ။

ဒေါမဿ စာတိ ဧတ္ထ--ဤသုတ်၌၊ စသဒ္ဒေန-ဖြင့်၊ တဿ-တ၏၊ ဋ္ဌော- ဋ္ဌပြု၊ ယထာ-ကား၊ သုကဋ္ဌံ- ကောင်းစွာပြုအပ်ပြီ၊ ဒုက္ကဋ္ဌံ- မကောင်းသဖြင့် ပြုအပ်ပြီ၊ ပုရေ-ရှေ့၌၊ အကရိယိတ္ထ- ပြုအပ်ပြီ၊ ဤတိ ပုရက္ခတော။ [ပုရ သဒ္ဒါ ပုဒ, ကရတည်၊] ပုရသမုပ၊ပေ၊ တပစ္စယေသုစာတိ- သုတ်ဖြင့်၊

www.dhammaransi.com



ခကာရော-ခပြု၊ ပစ္စယေဟိ-အကြောင်းတို့သည်၊သင်္ခတ-ကောင်းစွာရောက်၍၊ ကရီယတိ-ပြုအပ်ပြီ၊ဣတိ သင်္ခါရော-၏၊အဘိသင်္ခတော- ရှေးရှုပြုပြင်အပ်ပြီ၊ ဥပကရီယတိ-ကပ်၍ ပြုအပ်ပြီ၊ဣတိ ဥပက္ခတော,ဥပက္ခဋ္ဌော-၏၊ပရိကရီယတိ-ထက်ဝန်းကျင် ပြုအပ်ပြီ၊ ဣတိ ပရိက္ခတော၊ တိပစ္စယေဍ္ဍ၊ ပဟာရဏံ-စ၍ ပြုခြင်း၊ပကတိ ခြင်း၊သရ=ဂတိစိန္တာယံ-ဂတိအနက်, သိခြင်းအနက်၌ ၏၊ အသရိ-အောက်မေ့ပြီ၊ ဣတိ သတော၊ ဝိသရိ-ပြန့်နှံ့ပြီ၊ဣတိ ဝိသဋ္ဌော-၏၊ သရဏံ အောက်မေ့ခြင်း၊ ဝါ,တောယ-ဤဘာရားဖြင့်၊ သရတိ အောက်မေ့၏၊ ဣတိ သတိ၊ နီဟရီယတိ-ထုတ်ဆောင်အပ်ပြီ ဣတိ နီဟဋ္ဌော၊ ဓရ=ဓာရဏေ၊ ဥဒ္ဓရီယတိ-ထုတ်ဆောင်အပ်ပြီ၊ ဣတိ ဥဒ္ဓဋ္ဌော၊ အဘရီယတိ- မွေးမြူအပ်ပြီ၊ ဣတိ, ဘတော၊ဘရဏံ-ခြင်း၊ ဝါ, တောယ-ဤအခဖြင့်၊ဘရတိ-မွေးမြူရ၏၊ ဣတိ ဘတိ။

(၆၃၂) ဣကာရာဂမ ယုတ္တေသု-ဣ အာဂုံနှင့်ယှဉ်ကုန်သော၊ ဂမိတော-တျာဒိသု-တို့၌၊ ဓာတွန္တလောပေ-သည်၊ သမ္ဘတ္တေ- ရောက်လုလတ်သော် [လောပါဘာဝေါ-၌စပ်၊] လောပေါတိ ဝတ္တတေ။

နမကရာန၊ ပေ၊ တမို။ ။ပရေ ဣကာရ ယုတ္တေ-ဣအာဂုံနှင့် ယှဉ်သော၊ တကာရေ-ကြောင့်၊ ဓာတွန္တာနံ- ဓာတ်၏ အဆုံးဖြစ်ကုန်သော၊ နကာရ၊ပေ၊ ရကာရာနံ န အက္ခရာ, မ အက္ခရာ, က အက္ခရာ, ရ အက္ခရာတို့၏၊ လောပေါ- သည်၊ န ဟောတိ မဖြစ်၊ ဣတိ- ဤသုတ်ကြောင့်၊ လောပါ ဘာဝေါ။ကြေခြင်း၏ မရှိခြင်းသည် (ဟောတိ)၊ အာဂစ္ဆိ- သွားပြီ၊ ဝါ, ဂမီယတိ- သွားအပ်ပြီ၊ ဣတိ ဂမိတော။ [ဂမယိတ္တ- ကား ပါဌ်ပျက်၊] ရမိတ္တ-မွေ့လျော်ပြီ၊ ဣတိ ရမိတော၊ ဝေံ, ဝမိတော- ပျို့အံပြီ၊ နမိတော-ကိုင်းညွတ်ပြီ၊ သရိတော အောက်မေ့ပြီ၊ဘရိတော- မွေးမြူပြီ၊သကိ=သက္ကာယံ- ယုံမှားခြင်း၌...၏၊ သင်္ကိတော- ယုံမှားပြီ။ [ဣကာရန္တ ဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု၊] တထာ- ပါး၊ ဂမိတဗ္ဗံ- သွားထိုက်၏၊ ခနိတဗ္ဗံ-တူးဖြိုထိုက်၏၊ ဟနိတဗ္ဗံ- သတ်ထိုက်၏၊ ရမိတဗ္ဗံ- မွေ့လျော်ထိုက်၏၊ ဣစ္စာဒိ။

နိခိဏိယိတ္တ- မြှုပ်ထားအပ်ပြီ၊ ဣတိ နိဟိတော၊ ကွစိဓာတုတျာဒိနာ-ဖြင့်၊ တပစ္စယေ-ကြောင့်၊ မိဿ-မိ၏။ [သီမှ၌ "ဓာဿ-ဓာ၏၊"] ဟိ- ဟိပြု။ [နိပုဗ္ဗ ဓာဓာတ်, "နိဓိတ" အဖြစ်၌ ဓိကို ဟိပြု၊ တနည်း, ဓာကို ဟိပြု၊

www.dhammaransi.com



ဤပြယုဂ်များကား န မ က ရာန်သုတ်ဖြင့် မြစ်သောကြောင့်မဟုတ်,ဤအာဂုံခြားသောကြောင့် ဓာတွန် မချေရ ] ဝေ့ဝိဟိတော-စီရင်ပြီ။[ ဝိပုဒ္ဓ,ဓာ။]

ကာရိတေ-ကာရိတ်ရှိရာ၌(ဥဒါဟရဏ်)၊ အာဘာဝိယိတ္တ- ပွားစေအပ်ပြီ၊ ဤဘိုအတ္ထေ, ဘဝကမ္မေသု တဣတိ- သုတ်ဖြင့်၊ တပစ္စယော- သက်၊ ယထာဂမ မိကာရေတိ-သုတ်ဖြင့်၊ ဤကာရာဂမော လာ၊ သရလောပါဒိ၊ တေန ထိုသူသည်၊ မဂ္ဂေါ-ကို၊ ဘာဝိတော ဘာဝယိတော- ဖြစ်စေအပ်ပြီ၊ ဓေဝဒတ္တေန- သည်၊ (ယညဒတ္တော-ယညဒတ်ကို၊) ဩဒနံ - ကို၊ အပါစိယိတ္တ-ချက်စေအပ်ပြီ၊ ဤတိ ပါစိတော ပါစယိတော ပါစာပိတော ပါစာပယိတော-မည်၏၊ ကမ္မံ-ကို၊ ကာရိယိတ္တ-ပြုစေအပ်ပြီ၊ ဤတိ ကာရိတော ကာရယိတော ကာရာပိတော ကာရာပယိတော-မည်၏၊ ဤစ္စာဒိ။

ဘာဝကမ္မေသုတ ဤတိသဲ့တွေ့ ဟူသော ဤသုတ်၌၊ တ ဤတိ ယောဂ ဝိဘာဂေန-တ ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့်၊ အစလန ဂတိ ဘောဇနတ္ထာ ဒိဟိ-မလှုပ်ရှားခြင်း အနက်ရှိသော ဓာတ်, ဂတိအနက်ရှိသော ဓာတ်, စားခြင်းအနက်ရှိသောဓာတ်တို့မှနောက်၌၊ အဓိကရဏေပိ-အဓိကရဏ အနက်၌လည်း။ [ပိဖြင့် ဘောကံကိုပေါင်း ]တပစ္စယော-သက်၊ ယထာ-ကား၊ အာသ= ဥပဝေသနေ၊ အဓိကရဏေ-၌ (ပိုဘန် တူ၏) တွေ့ ဤအရပ်၌၊ တေ ထိုသူ တို့သည်၊ အဓိဋ္ဌသု- နေကုန်ပြီ၊ ဤတိ ထိုသို့ နေရာ၏အဖြစ်ကြောင့်၊ ဤဒံ ဤအရပ်သည်၊ တေသံ-ထိုသူတို့၏၊အာသိဘံ-

---

ပါစိတော ဩဒနံ(ယညဒတ္တော)ဒေဝဒတ္တေန-စာအုပ်များ၌ "ပါစိတော ဩဒနော ဒေဝဒတ္တေန"ဟုတွေ့ရ၏၊ဩဒနသည် ကာရိတ်ကံမဟုတ်,ဓာတ်ကံတည်း၊ ကာရိတ်ပစ္စည်းနှင့်ယှဉ်ရာ၌ကာရိတ်ကံကိုသော်၎င်း,ဓာတ်ကံကိုသော်၎င်းဝုတ္တကံလုပ်နိုင်၏-ဟု အဆိုရှိသော်လည်း ထိုအဆိုသည် ရူပသိဒ္ဓိဆရာ၏ဝါဒမဟုတ်"ကာရိတေ သုဒ္ဓကတ္တာစ,ကမ္မ မာချာတဂေါစရံ"ဟုသုဒ္ဓကတ္တားကို (ယညဒတ္တော ဩဒနံ ပစတိ၌ ယညဒတ္တောကဲ့သို့သော ကတ္တားကို) ဝုတ္တကံ ဟု ဆိုခဲ့သည်၊ထို့ကြောင့်"ပါစိတော ဩဒနံ ယညဒတ္တော ဒေဝဒတ္တေန"ဟု ရှိမှ ရူပသိဒ္ဓိ အလိုကျမည်။

ဘာဝကမ္မေသု၊ပေ၊တပစ္စယော- "အစလနတ္ထ" ဟူသည် မလှုပ်မရှားဘဲ နေခြင်း, ရပ်တည်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း အနက်ရှိသော ဓာတ်များတည်း၊ ထိုဓာတ်တို့ကို အာသဓာတ်၄စ၍ နိပုဗ္ဗပဒဓာတ်ဖြင့်"နိပန္နာ" တိုင်အောင် ပုံစံထုတ်လတံ့၊ ဂတိအနက်ရှိသော ဓာတ်ဟူသည် "ယာ ဂမု" ဓာတ်တို့တည်း၊ "ယာတော၊ပေ၊ဂတာ"ဟု ပုံစံထုတ်လတံ့၊ဘောဇနတ္ထဟူသည် စားခြင်း သောက်ခြင်း အနက်ရှိသော ဓာတ်တည်း၊ ဘောဇနတ္ထာဒိ၌ အာဒိဖြင့် ဒိသဓာတ် စသည်ကိုယူလတံ့။

www.dhammaransi.com



နေရာဖြစ်သော၊ ဌာနံ-အရပ်မည်၏၊ ဘာဝေ—၌၊ (ဥဒါဟရဏံ)၊ ဣဓ-ဤအရပ်၌၊ တေဟိ—ထိုသူတို့သည်၊ အာသိတံ-နေခြင်း၊ ကမ္မနိ-၌(ဥဒါဟရဏံ)၊ အယံ ဂါမော-ဤရွာကို၊ တေဟိ—ထိုသူတို့သည်၊ အဇ္ဈာသိတော-အုပ်စိုးနေပြီ၊ကတ္တရိ-၌၊ (ဥဒါဟရဏံ)၊ ဣဓ၊ ၌ တေ- ထိုသူတို့သည်၊ အာသိတာ နေကုန်ပြီ၊ [အာသိနာဟု ရှိလျှင် သုတ်ကြီးဖြင့် တ ကို နပြု, ဟာနိကဲ့သို့တည်း၊ သိမ္မ၌ 'တာ'' ဟု ရှိသည်။]

တထာ ပါး၊ ဇွေ၊ ဤအရပ်၌၊ အဒ္ဒသု- တည်ကုန်ပြီ၊ဣတိ- ကြောင့်၊ ဣဒံ ဤအရပ်သည်၊ တေသံ တို့၏၊ဌိတံ-တည်ရာ ဖြစ်သော၊ ဌာနံ- အရပ်မည်၏၊ ဣဓ-၌၊တေဟိ-တို့သည်၊ ဌိတံ ရပ်တည်ခြင်း၊ အယံ ဩကာသော-ဤအရပ်ကို၊တေဟိ တို့သည်၊ အဓိဋ္ဌိတော- စွဲမှီ တည်နေအပ်ပြီ၊ ဣဓ- ၌၊ ယေ တို့သည်၊ ဌိတာ တည်ကုန်ပြီ၊ဇွေ-၌၊ နိသီဒိံသု ထိုင်ကုန်ပြီ၊ ဣတိ ဣဒံ တေသံ,နိသိန္န-၊ထိုင်ရာဖြစ်သော၊ ဌာနံ-၏၊ အယံ ဤအခါသည်၊ တေသံ တို့၏၊ နိသိန္နကာလော ထိုင်ရာအခါတည်း။ [''နိသီဒိံသု ဧတ္ထာတိ နိသိန္နော, နိသိန္နော စသော ကာလောစာတိ နိသိန္နကာလော'' ဟု ပြုစေလိုသည်၊] တေ တို့သည်၊ ဣဓ-၌၊ နိသိန္နာ- ထိုင်ကုန်ပြီ။ [ဘာဝ-ကမ္မပြယုဂ် မပါ၊ဇွေ-၌၊ နိပဇ္ဇိံသု အိပ်ကုန်ပြီ၊ ဣတိ ဣဒံ တေသံ, နိပန္န- အိပ်ရာဖြစ်သော၊ ဌာနံ၊ ၏၊ ဣဓ- ၌၊ တေ-တို့သည်၊ နိပန္နာ – အိပ်ကုန်ပြီ၊ [အစသနတ္ထခါတ်၏ ပုံစံများ ပြီးပြီ၊]

ယာ=ဂတိ ပါပုဏနေ—သွားခြင်း, ရောက်ခြင်းအနက်၌ ၏၊ [သိမ္မ၌ ''ပါပဏေ''ဟု ရှိ၏၊] ဇွေ-ဤလမ်း၌၊ တေ-တို့သည်၊ အယာသုံ-သွားကုန်ပြီ၊ဣတိ၊အယံ-ဤလမ်းသည်၊တေသံ-တို့၏၊ ယာတော- သွားရာဖြစ်သော၊ မဂ္ဂေါ-လမ်းမည်၏၊ ဣဓ—ဤလမ်း၌၊ တေဟိ-တို့သည်၊ ယာတံ-သွားခြင်း၊ အယံမဂ္ဂေါ-ကို၊ တေဟိ-တို့သည်၊ယာတော-သွားအပ်ပြီ၊ ဣဓ-ဤလမ်း၌၊

---

အဇ္ဈာသိတော၊ပေ၊အာသိတာ- အဓိကရဏ၌''အဇ္ဈာသိံသု ဧတ္ထာတိအာသိတံ'' ဘော၌''အာသီယိတ္ထ အာသိတံ''-ကံ၌ အာသဓာတ်ကအကမ္မကဖြစ်၍အဓိဥပသာရ ကူစွက်လျက်''အဇ္ဈာသီယိတ္ထာတိ အဇ္ဈာသိတော''ဟုပြု၊အာသိတံစသည်သာလိုရင်း၊ ''ဣဒံ တေသံ ဌာနံ''စသည်တို့ကား အဓိကရဏ အနက် စသည်ထင်ရှားအောင်ထည့်အပ်သော ပုဒ်များတည်း၊ ''ကတ္တရိ၊ပေ၊အာသိတာ''၌ အတီတေ တ တဝန္တု၊တာဝိ သုတ်ဖြင့် တ ပစ္စည်းသက်၊ ''အဇ္ဈာသိံသူတိ အာသိတာ''ဟုပြု၊ နောက်နောက်ဓာတ် တို့၌လည်း ဤနည်းအတိုင်းမှတ်။

www.dhammaransi.com



တေ-တို့သည်၊ ယာတာ-သွားကုန်ပြီ၊ တထာ-တူ၊ တွံ- ဤအရပ်သည်၊ တေသံ့ဂတဋ္ဌာနံ သွားရာအရပ်တည်း။ [ဂစ္ဆိံသုဒ္ဓေ့ာတိ ဂတံ-စသည်ပြု၊] အယံ-ဤအခါသည်၊ တေသံ့ဂတကာလော-သွားရာအခါတည်း ဣဓ- ဤလမ်း၌၊ တေဟိ-တို့သည်၊ ဂတံ-သွားခြင်း၊ အယံ ဂါမော-သို့၊ တေဟိ- တို့သည်၊ ဂတော-သွားအပ်ပြီ၊ ဣဓ- ဤရွာ၌၊ တေ-တို့သည်၊ ဂတာ သွားကုန်ပြီ။ [ဂတျတ္ထ ခေတ်၏ပုံစံများ ပြီး၏။]

တေသမ္ပိ-ဤအရပ်၌၊ ဘုဉ္ဇိံသု- စားကုန်ပြီ၊ ဣတိ ဣဒံ တေသံ့ဘုတ္တဋ္ဌာနံ၏၊ အယံ-ဤအခါသည်၊ တေသံ့ဘုတ္တကာလော-စားရာအခါတည်း။ [ဣဓ-ဤအရပ်၌၊ တေဟိ-တို့သည်၊ ဘုတ္တံ-စားခြင်း၊ တချို့မူ၌ဤဝါကျ ကျသည်၊] ဣဓ ၌ တေဟိ ဩဒနော ဘုတ္တော စားအပ်ပြီ၊ ဣဓ-၌၊ တေ-တို့သည်၊ ဘုတ္တာ-စားအပ်ပြီ၊ တွေ-၌၊ တေ-တို့သည်၊ ပိဝိံသု-သောက်ကုန်ပြီ၊ ဣတိ ဣဒံ တေသံ့ပီတဋ္ဌာနံ-သောက်ရာအရပ်မည်၏။ [ဣဓ-၌၊ တေဟိ- တို့သည်၊ ပီတံ-သောက်ခြင်း၊ တချို့မူ၌ ကျသည်၊] ဣဓ တေဟိ့ယာဂု- ယာဂုကို၊ပီတာ-သောက်အပ်ပြီ၊ဣဓ-၌၊တေ- တို့သည်၊ပီတာ-သောက်ကုန်ပြီ။ [ဤတွင် ဘောဇနတ္ထခေတ်၏ ပုံစံများ ပြီးသောကြောင့် အာဒိ၏ ပုံစံကို ပြလို၍ "ဒိယန္တိ" စသည်ကို မိန့်သည်၊] ဧတ္ထ-ဤအရပ်၌၊ ဒိယန္တိ- မြင်အပ်ကုန်၏၊ ဣတိ တေသံ့ဒိဋ္ဌဋ္ဌာနံ-မြင်အပ်ရာအရပ်တည်း၊ ဣစ္စာဒိ။

(၆၃၃) ကတ္တရိ ကိတ်တိ ဣတော-ဤသုတ်မှ မဏ္ဍူကဂတိယာ- ဖြင့်၊ ကတ္တရိတိ ဝတ္တတေ။

ကမ္မနိ ဒုတိယာယံ တွော။ ။ကမ္မတ္တေ - ကံအနက်၌၊ ဒုတိယာယံ ဝိဘတ္တိယံ- ဒုတိယာဝိဘတ်သည်၊ ဝိဇ္ဇမာနာယံ - ရှိလတ်သော်၊ ခေတူဟိ- ၌၊ကတ္တရိ-၌၊ တွပစ္စယော ဟောတိ၊ စ-ဆက်၊တွေ-ဤသုတ်၌၊ဣဓ မေဝ ဝစနံ-ဤ "ကမ္မနိ ဒုတိယာယံ"ဟူသော စကားသည်ပင်၊ အဘိဟိတေ- အာချာတ်ကိတ် စသော ဝါစကတို့ ဟောအပ်ပြီးသော၊ ကမ္မာဒိမှိ-ကံ အစ

(၆၃၃) ဣဓမေဝဝစနံ၊ပေ၊အဘာဝသ-ကတ္တရိပုဒ်ကိုအလိုက်ခံ၍"တွော" ဟုသာသုတ်တည်လျှင်ပြီးနိုင်သည်မဟုတ်လော၊ ထို့ပြင်-ကံအနက်၌ ဒုတိယာဝိဘတ် သက်ရခြင်းကား အထူးအဆန်းမဟုတ်၊ကမ္မတ္တေ ဒုတိယာ သုတ်တုန်းကပင် သိခဲ့ပြီး ဖြစ်၏၊သို့ပါလျက်"ကမ္မနိ ဒုတိယာယံ"စကားကို အဘယ့်ကြောင့် ထည့်စွက်ပြထား ပါသနည်း....ဟု မေးဖွယ်ရှိသောကြောင့် "ဣဓမေဝ" စသည်ကို မိန့်၏ "ကမ္မနိ ဒုတိယာယံ"ဟူသောစကားသည်ပင် အဘိဟိတ (ဝုတ္တ) ကံစသောအနက်၌ ဒုတိယာ

www.dhammaransi.com



ရှိသောအနက်၌၊ ဒုတိယာဒီနံ- ဒုတိယာ အစရှိသော ဝိဘတ်တို့၏၊ အဘာဝသ- မရှိခြင်းကို၊ ဝါ- မသက်ရခြင်းကို၊ ဉာပကံ- သိစေတတ်သော စကားတည်း၊ ဒါနံ- ကို၊ အဒါသိ-လှူပြီ၊ ဣတိအတ္ထေ, တ္တပစ္စယော- သက်၊ ကွစိဓာတု တျာဒိနာ- ဖြင့်၊ ပစ္စယ ကကာရဿ- ပစ္စည်း၏ က အက္ခရာကို၊ လောပေါ- ချေ၊ တဿ- တကို၊ ဣန္နာဒေသော-ပြု။ [ဘိဒါဒိတော သုတ်ဖြင့်၊

---

စသောဝိဘတ်တို့မသက်ရကြောင်းကိုသိစေနိုင်သည်၊ဤသို့ သိစေလိုသောကြောင့် ဤ "ကမ္မနိ ဒုတိယာယံ"ဟူသော စကားကို ထည့်ပြရသည်၊ [ကမ္မာဒိမှိ၌ အာဒိဖြင့် ကတ္တား ကရိုဏ်းမှစ၍ အခိုကရဏ အနက်တိုင်အောင်ယူ၊ ဒုတိယာဒီနံ၌ အာဒိဖြင့်လည်း တတိယာမှစ၍ သတ္တမီတိုင်အောင် ယူ။]

ချဉ်းအံ့- "ဉာပက"စကားဟူသည် သာဓကကဲ့သို့ တိုက်ရိုက်ပြသော စကား မဟုတ်,အဓိပ္ပါယ်တမျိုးကို သွယ်ဝိုက်၍ သိစေသော စကားတည်း၊ ဤ "ကမ္မနိ ဒုတိယာယံ တ္တော"သုတ်ကို"ဘာဝ ကမ္မေသု ကိစ္စ တ္တ ခတ္ထာ" သုတ်၏အခြားမဲ့၌ ဆိုထား၏၊ထို ရှေ့သုတ်က ဘောကံ့ အနက်၌ တ္တ ပစ္စည်းသက်ဘို့ရန် သတ်မှတ်၏၊ ဤသုတ်က "ကံအနက်၌ဒုတိယာ ရှိလျှင်(ထို ကံ အနက်၌ တ္တ ပစ္စည်းမသက်တော့ဘဲ ကတ္တားအနက်၌) တ္တ ပစ္စည်းသက်"ဟု ဆိုပြန်၏၊ဤစကားကဲ့ ကောက်ချက်ချလျှင် ကံ အနက်ကို ဒုတိယာဝိဘတ်က ဟောပြီးဖြစ်နေသောကြောင့် တ္တ ပစ္စည်းက ကံကို ထပ်၍ မဟောဘဲ ကတ္တားကို ဟောရသည်-ဟု အဓိပ္ပါယ်ထွက်လာသည်၊ဤအဓိပ္ပါယ်ကို အပြန်အလှန်ယူ၍ ကံ အနက်ကို တေဝိဘတ် တ ပစ္စည်း စသော အာချာတ်ကိတ် သမာသ် တဒ္ဓိတ် ဝါစက တို့က ဟောပြီးဖြစ်နေပြန်မူ ထို ကံ အနက်၌ ဒုတိယာမသက် ရတော့ပြီ၊ လိင်္ဂတ္ထမျှကို ထွန်းပြခြင်းငှါ ပဌမာ သာ သက်ရတော့၏၊ ထို့အတူ ဟိ ဝိဘတ် တ ပစ္စည်း စသော ဝါစကတို့က ကတ္တားအနက်ကို ဟော ပြီးဖြစ်နေလျှင် ကတ္တားအနက်၌ တတိယာဝိဘတ် မသက်ရ,ပဌမာ သာ သက်ရတော့၏၊ ယုပစ္စည်း စသည်တို့က ကရိုဏ်း စသော အနက်ကို ဟောပြီးဖြစ်နေလျှင် "ထိုအနက်၌ "ကရဏေ တတိယာ"သုတ်ဖြင့် တတိယာ ဝိဘတ် မသက်ရ, ပဌမာသာ သက်ရတော့သည်၊ ဤသို့ စသည်ဖြင့် (အခိကရဏ အနက်တိုင်အောင်) ကိတ် သမာသ် တဒ္ဓိတ်တို့က ဟောပြီးဖြစ်နေလျှင် ထိုထို ဆိုင်ရာဝိဘတ်တို့ မသက်ရတော့ဘဲ ပဌမာသာ သက်ရပုံကို ("တိဋ္ဌန္တိ ဧတ္ထ တိ ဌာနံ"ဟူသော အဓိကရဏ သာဓန၌ အဓိကရဏ အနက်ကို ယု ပစ္စည်းကဟောပြီးဖြစ်၍ သို ဝိဘတ်မသက်ရဘဲပဌမာ သက် ရပုံကို ထောက်၍) သိပါလေ၊ ဤအဓိပ္ပါယ်ကို"ကမ္မနိ ဒုတိယာယံ" ဟူသော စကား က သွယ်ဝိုက်၍ ပြသဖြင့် "ဣဒမေဝ စေတ္ထ ဝစနံ ဉာပကံ"ဟု မိန့်သည်။

[ချာသ] ကမ္မနိ ဒုတိယာယမိတိ ဟိ ဝဒတာ ကမ္မနိဒုတိယာယာ အဘာဝေပိ ဒုတိယာ ဟောတိ၊ပေ၊ယထာ စေတ္ထ၊တထာ "ဂါမံ ဂစ္ဆတိ ဒေဝဒတ္တော" တျာဒီသုပိ"ဗုဓဂမာဒိတ္ထေ ကတ္တရိ, ကတ္တရိ ပရဿပဒံ"တိ တ ပစ္စယာဒီနံကတ္တရိ သမ္ဘာ။တတ္ထာ အတ္တနာ ဝုတ္တဗ္ဗဿ-ဒုတိယသော ဘာဝါ တတိယာဝိဘတ္တိ န ဟောတိ လိင်္ဂတ္ထမတ္တပနာ-ပေက္ခိတ္တာ ပဌမာဝ ဟောတိ။

www.dhammaransi.com



ဏ္ဍန္တိပြီ၊ ဒေဝဒတ္တော-သည်၊ ဒါနံ-ကို၊ဒိန္နော-လှူပြီ၊ရက္ခ=ပါလနေ၊သီလံ-ကို၊ အရက္ခိ စောင့်ပြီ၊ ဣတိ သီလံ ရက္ခိတော မည်၏၊ [တချို့စာ၌ဝိဂ္ဂဟ ကျသည်။] ဘတ္တံ ကို၊ အဘုဉ္ဇိ-ပြီ၊ ဣတိ ဘတ္တံ ဘုတ္တော၊ ဂုရုံ- ဆရာကို၊ ဥပါသိ ဆည်းကပ်ပြီ၊ ဣတိ ဂုရုံ ဥပါသိတော ၏၊ ဣစ္စာဒိ။

(၆၃၄) ဘုဇာဒီဟိ။ပေ။တွော။ ။ဘီ ဣစ္စေဝမာဒိဟိ ဘီအစရှိကုန်သော၊ ဓာတူဟိ-ဓာတ်တို့မှ နောက်၌ရှိ၊မတိဗုဒ္ဓိပူဇာဒီဟိစ-မတိ,ဗုဒ္ဓိ, ပူဇာ အစရှိကုန်သော ဓာတ်တို့မှနောက်၌ရှိ၊ တ္တပစ္စယော၊ဟောတိ၊သော၊စ ထို တ္တပစ္စည်းသည်လည်း၊ဘာဝကမ္မေသုကိစ္စတ္တခတ္ထာတိ-ဟူ၍၊ဝုတ္တတ္တာ ကြောင့်၊ ဘာဝကမ္မေသွေဝ-ဘောဝ ကံ အနက်တို့၌သာ၊ ဘဝတိ-ဖြစ်၏၊ ဘီ=ဘယေ၊ ဘဝတာ-သည်၊ အဘာယိတ္ထ-ရှေး၌ကြောက်ခြင်း၊ဣတိ ဘီတံ။ [ဘာယိတ္ထ၌ ဂါယိတ္ထ ကဲ့သို့, ဤ ကို ဧ ပြု, ဧကို အာယပြု၊] သုပ= သယနေ-ဘဝတာ အသုပိယိတ္ထ-ရှေး၌အိပ်ခြင်း၊ ဣတိ သုတ္တံ၊ဓေ ဘဝတာ သယိတံ-ရှေး၌အိပ်ခြင်း၊ အသ-ဘောဇနေ၊ဘဝတာ အသိတံ- ရှေး၌စားခြင်း ဘဝတာ, ဩဒနော ကို၊ ပစိတော- ချက်အပ်ပြီ။ [သုတ္တံမှ စ၍ ပစိတော တိုင်အောင် ဘယာဒီဟိ၌ အာဒိ၏ပုံစံ။]

ဣမ-ဤသုတ်၌၊မဟျာဒယော-မတိအစရှိသော ဓာတ်တို့သည်၊ ဣစ္ဆတ္ထာ-လိုလားခြင်း အနက်ရှိကုန်၏၊ ဗုဒ္ဓိ အာဒယော- ဗုဒ္ဓိ အစရှိသော ဓာတ်တို့သည်၊ ဉာဏတ္ထာ- သိခြင်းအနက်ရှိကုန်၏၊ မန=ဉာဏေ၊ သံပုဇ္ဇော၊ ဗုဓ

---

ဒါနဒိန္နော-''ကမ္မ ဒုတိယာယ်''နှင့်ညီအောင် ဒါနံ-သီလံ စသော ဒုတိယန္တ ပုဒ်များကို တွဲဘက်၍ပြသည်၊ရုပ်တွက်ရာ၌ လိုရင်းမှာ''ဒိန္နော''စသည်သာ။

(၆၃၄) ဣမ မဟျာဒယော၊ပေ၊ဉာဏတ္ထာ-သုတ်၌ ''မတိ,ဗုဒ္ဓိ''ဟုမနဓာတ် ဗုဓဓာတ်တို့ကို ယူထား၏၊ထိုဓာတ် ၂ ခုလုံးပင် သိခြင်းအနက်ကိုဟောကြ၏၊အဘယ် သို့ ထူးပါသနည်းဟု မေးဖွယ်ရှိ၍''မဟျာဒယော ဣစ္ဆတ္ထာ''စသည်မိန့်၊ မနဓာတ်၏ သိခြင်းဟူသည် လိုလားနှစ်သက်သောအားဖြင့် သိခြင်းတည်း၊ဗုဓဓာတ်၏သိခြင်းကား တတ်သိ နားလည်သော ထိုးထွင်းသောအားဖြင့် သိခြင်းတည်း၊ဤသို့ ထူးခြားသည်။ လိုတွင် မတိဖြင့် ဣစ္ဆတ္ထဓာတ်ဟူသမျှကိုယူ၊ ထို့ကြောင့် သက်ပ္ပိတော-အဝဓာရိတော တို့ကို ပုံစံထုတ်လတ္တံ့၊ဤ၌ကြံစည်ခြင်းဟူသည် လိုလား တောင့်တသော ကြံစည်ခြင်း တည်း၊ပိုင်းခြားထားခြင်းဟူသည် အလိုရှိ၍ပိုင်းခြားခြင်းတည်း၊ ဗုဒ္ဓိဖြင့်လည်းဉာဏတ္ထ ဓာတ် အားလုံးကိုယူ၊ ထို့ကြောင့် ဉာဓာတ်စသည်တို့ကိုပါ ပုံစံထုတ်လတ္တံ့၊ ဤ၌ သရဏ္ဍာယ်ခြင်းဟူသည် မိမိ သိပြီးဖြစ်စေ,သိဘို့ရန်ဖြစ်စေသရဏ္ဍာယ်ခြင်း (စာအံခြင်း) တည်း၊''တက္ကိတော''အရ''ကြံခြင်း''ဟူသည်လည်း သိဘို့ရန်ကြံစည်ခြင်း, ကြံစည်၍ သိခြင်းပင်တည်း၊ထို့ကြောင့် ဉာဏတ္ထ၌ ပါဝင်ကြလတ္တံ့။

www.dhammaransi.com



ဂမာဒိဝေတ္ထ ကတ္တရိတိ-ဖြင့်၊ တပစ္စယေ- သည်၊ သမ္ပတ္တေ-သော်၊ ဣမိနာ- ဤသုတ်ဖြင့်၊ ကမ္မနိ-၌၊ တ္တ ပစ္စယော-သက်၊ ဂမ ခနာ တျာဒိနာ- ဖြင့်၊ ဓာတွန္တလောပေါ-ချေ၊ ရညာ-မင်းသည်၊ သမ္မတော-ကောင်းစွာသိအပ်, လိုလားအပ်၏၊ကပ္ပ=တက္ကနေ-ကြံစည်ခြင်း၌....၏၊သ ံမ္ပိတော-ကောင်းစွာ ကြံအပ် လိုလားအပ်၏၊ ဓရ = ဓာရဏေ၊ စုရာဒိတ္တာ- စုရာဒိ ဓာတ်၏ အဖြစ်ကြောင့်၊ ဏေ- ဏေပစ္စည်းသက်၊ ဝုဒ္ဓိ-ပြု၊ ဣကာရာဂမော- လာ၊ သရလောပါဒိ၊ အဝဓာရိတော-ပိုင်းခြားသတ်မှတ် လိုလားအပ်၏။

ဗုဓ=အဝဂမနေ၊ ဘဂဝါ-ကို၊မဟေသက္ခေဟိ- တန်ခိုးကြီးကုန်သော၊ ဒေဝ မနုဿေဟိ-နတ်လူတို့သည်၊ အဝဗုဇ္ဈိတ္တ ထိုးထွင်း၍ သိအပ်ပြီ၊ ဣတိ ဗုဒ္ဓေါ၊ ဣ=အဇ္ဈယနေ- သရဇ္ဈာယ်ခြင်း၌....၏၊ အဓိယိတ္တ- သရဇ္ဈာယ်အပ်, သိအပ်ပြီ၊ ဣတိ အဓိတော။ [အဓိဣ ဓာတ်၊] ဣ=ဂတိမှို၊ အဘိသမိတော- ထိုးထွင်း၍ သိအပ်ပြီ။ [“ယေ ဂတျတ္ထာ,တေ ဗုဒ္ဓျတ္ထာ” ဂတိအနက်ရှိလျှင် သိခြင်းအနက် ရှိသည်ပင်၊] ဝိဒ-ဉာဏေ၊ အဝေဒိယိတ္တ- သိအပ်ပြီ၊ ဣတိ ဝိဒိတော၊ ဉာ=အဝဗောဓနေ၊ အညာယိတ္တ- သိအပ်ပြီ၊

---

ဗုဓ ဂမာဒိတ္တော၊ပေ၊ တ္တ ပစ္စယော-“သံ ပုဗ္ဗ မန” ဟု တည်ပြီးသည့်အခါ ဗုဓတ္တဲ့ဖြစ်သောကြောင့် ဗုဓဂမာဒိတ္တေသုတ်ဖြင့် ကတ္တားအနက်၌ တ ပစ္စည်းသက်ခွင့် ရောက်နေသော်လည်း ထိုသုတ်ဖြင့် သက်ခြင်းကို တားမြစ်၍ ဤသုတ်ဖြင့် ကံအနက်၌ တ္တ ပစ္စည်းသက်ရသည်-ဟူလို။

**မှတ်ချက်။** ။ဤရူပသိဒ္ဓိဆရာ နျာသဆရာစသောရှေးဆရာတော်တို့သည်ဥဏာဒိ ကျမ်းကို ရှင်မဟာကစ္စည်းထေရ်ပင်စီရင်သည်ဟုအယူရှိကြ၏၊ ထို့ကြောင့်ပင် ကိတ်နှင့် ဥဏာဒိသုတ်များကို တပေါင်းတည်း ဆက်စပ်၍ဖွင့်ပြကြသည်၊ ယခုခေတ် ဆရာတော် များကမူ ကိတ်သုတ်နှင့် ဥဏာဒိသုတ်များသည် စာသွားချင်းမတူကြ၊ ဥဏာဒိသုတ် များ၏ အနေအထားသည် ဤ“တ္တ”ပစ္စည်း စသည်ကဲ့သို့ သက္ကတ နည်း ဆန်လှ၏၊ ရှင်မဟာကစ္စည်း၏ သုတ်များကား သက္ကတကို နည်းမှီးထားသော်လည်းပါဠိနည်းကို များများကြီး သုံးစွဲထား၏၊ ဤ“သမ္မတော စသော ရုပ်များလည်း အတိတ်-ကံဟော ဖြစ်၍“ဘာဝကမ္မေသု တ”သုတ်ဖြင့် ပြီးနိုင်၏၊ ကမ္မနိ ဒုတိယာယံ က္တောဖြင့် စီရင် ထားသော “ဒိန္နော”စသည်လည်း အတီတေ တ တဝန္တု၊ စသောသုတ်ဖြင့်ပြီးနိုင်၏၊ ထို့ကြောင့် အခြားဆရာတပါး စီရင်သော သုတ်များဖြစ်၍ ဥဏာဒိ သုတ်များသည် ကိတ်သုတ်နှင့် အစီအရင် တူနေရသည်၊ရှင်မဟာကစ္စည်းစီရင်ရိုးမှန်လျှင်ထိုကဲ့သို့ အစီ အရင်တူ သုတ်တွေများစွာထပ်မိ၍မနေတန်ရာ၊ ထို့ကြောင့် ဥဏာဒိကျမ်းကို အခြား ဆရာတပါး စီရင်သည်-ဟုပင် မှတ်ယူထိုက်ပေသည်၊

www.dhammaransi.com



ဣတိဥ္စတော၊ ဝိဝ=ဝေငနေ့-ထိုးထွင်းခြင်း၌၏၊ မမ္ဗော-ကို၊ ပဋိဝိဇ္ဈိတ္ဘာ-ထိုးထွင်းသိအာ ပြီး၊ ဣတိ ပဋိဝိဓ္ဓေ၊ တက္က=ဝိတက္ကော၊ တက္ကိတော- ကြံစည်အပ်ပြီ။

ပူဇနဗ္ဗေသု ပူဇော်ခြင်း အနက်ရှိသော ဓာတ်တို့၌၊ (ဥဒါမာရဏံ)၊ ပူဇ=ပူဇာယံ၊ဘဂဝါ-ကို၊ အပူဇိယိတ္ထ- ပူဇော်အပ်ပြီ၊ ဣတိ ပူဇိတော၊ စာယ=သန္တာန ပူဇေသု အစဉ်ပြုခြင်း ပူဇော်ခြင်းတို့၌....၏၊ အပစာယိတော-ပူဇော်အပ်ပြီ၊ မာန=ပူဇာယံ၊ မာနိတော- မြတ်နိုးကော်ရော် ပူဇော်အပ်ပြီ၊ စိ=စယေ ဆည်းပူးခြင်း၌...၏၊ အပစိတော- ရိုသေအပ်ပြီ၊ ဝန္ဒ=အဘိဝန္ဒနေ၊ ဝန္ဒိတော ရှိခိုးအပ်ပြီ။ [''ကရ= ကရဏေ၊ သက္ကာရိတော-ပူဇော်အပ်ပြီ၊ ဣစ္စာဒိ။

ဟုတော ဟုတာဝိ ဟုတဝါ- ပူဇော်ပြီ၊ ဝုဋ္ဌော- နေပြီ၊ ဗိဋ္ဌာကော-အိုသူ၊ ပက္ကံ မှည့်ပြီ၊ ပက္ကန္တော- ဖဲသွားသူ၊ ဇာတော ဖြစ်ပြီ၊ ဇိတော-တည်ပြီ၊ ရှဋ္ဌော-တက်ရောက်ပြီ၊ ဗုဘုက္ခိတော- စားလိုပြီ၊ ဂီတံ-သီဆိုခြင်း၊ နစ္စံ- ကခြင်း ဝိတော အောင်အပ်ပြီးသူ၊ ရှုံးသူ၊ ဒိဋ္ဌော မြင်အပ်ပြီ၊ဖုဋ္ဌော-တွေ့ထိအပ်ပြီ၊ ဘဂဝါ-ကို၊ ယိဋ္ဌော- ပူဇော်အပ်ပြီ၊ ဝုတ္တံ-ဆိုအပ်ပြီ ဂုတ္တော-စောင့်ရှောက်အပ်ပြီ၊အဟ္ဟဋ္ဌော- လုယူအပ်ပြီ၊ပဟိနော- ပယ်အပ်ပြီ၊ ဂမိတော ဂတော-သွားပြီ၊ [''ဂမိတံ ဂတော''ဟု ရှိလျှင် သာ၍ ကောင်းမည်၊ ဂမိတံ-ပျို့အန်ပြီ၊] ကတော-ပြုအပ်ပြီ၊ အဘိသင်္ခတော-ပြုပြင်အပ်ပြီ၊ ဘုတ္တံ- စားရာဖြစ်သော၊ ဌာနံ- အရပ်၊ ဂုရုံ- ဆရာကို၊ ဥပါသိတော- ဆည်းကပ်ပြီ၊ ဘိတံ-ကြောက်ခြင်း၊ သမ္မတော- ကောင်းစွာသိအပ်လိုလားအပ်ပြီ၊ ဗုဒ္ဓေါ-သိအပ်ပြီ၊ပူဇိတော-ပူဇော်အပ်ပြီ၊(ဣမေ-ဤသဒ္ဒါတို့တည်။)

---

ပူဇနဗ္ဗေ၊ပေ၊သက္ကာရိတော- ဤပူဇနတ္ထဓာတ်တို့၏ယှဉ်ရာ၌ ဆဋ္ဌီကတ္တား တတိယာကတ္တား ၂ မျိုးလုံးပင် အသုံးရှိ၏၊ ထို့ကြောင့်''ဂါမေန ပူဇိတံ ဂါမဿဝါ ပူဇိတံတိ ဂါမပူဇိတံ''ဟူသော ဝိဂ္ဂဟရကာရ သိက္ခာပဒအဋ္ဌကထာကို ''ပူဇာဝစန-ပ္ပယောဂေ ကတ္တရိ သာမိဝစနဿ ဝိဓာနတော အာဟ- ''ဂါမဿဝါ ပူဇိတံ''န္တိ၊ လက္ခဏံ ပန သဒ္ဒသတ္ထာနုသာရတော ဝေဒိတဗ္ဗံ''ဟု သာရတ္ထဋီကာဖွင့်သည်။ [မတိဗုဒ္ဓိ ပူဇနတ္ထေဟိ စ၊ ။မတိ=ဉာဏ် ဗုဒ္ဓိ=ဉာဏ်၊ပူဇာ=သက္ကာရော၊ တေဒတ္ထေဟိစ ဓာတူဟိ ဝတ္တမာနေ တ ပစ္စယော-ရညံ့မတော၊ပေ၊ရညံ့ပူဇိတော ရညံ့ အဋ္ဌိတော၊ (ကာသိကာဝုတ္တိ)၊ ဤကား လက္ခဏာ အရ သဒ္ဒါသုတ်တည်း။] ဤသဒ္ဒါသုတ်တို့ အတိုင်းပင် ''ဆဋ္ဌီစ''ဟူသော ကာရကသုတ်၌ ဆဋ္ဌီကတ္တားကို ပြခဲ့ရသည်။

www.dhammaransi.com



အတီတကာလိကာ အတိတ်ကာလရှိသော သဒ္ဒါတို့တည်း၊ အတီတပစ္စယန္တနယော- အတီတပစ္စယန္တပုဒ်တို့ကို သိရာ သိကြောင်း နည်းသည်၊ နိဋ္ဌိတာ-ပြီးပြီ။

(၆၃၅) ပုညာနိ-တို့ကို၊ ကာတုံ-ပြုဘို့ရာ၊ ဣစ္ဆိ၊လိုလားပြီ၊ ဣတိဝါ-ဤသို့သော်ငြင်း၊ ဣစ္ဆတိ-ဆဲ၊ဣတိဂါ၊ ဣစ္ဆိဿတိ-လတံ့၊ ဣတိဝါ-ငြင်း၊ ဝိဂ္ဂဟော-သည်၊ (သဘ်)၊ [တဝေတုံဣစ္ဆေတေပစ္စယာ ဟောန္တိ၌စပ်။]

ဣစ္ဆတ္ထေသု ၊ပေ၊ တုံ ဝါ။ ။ယေသံ- အကြင်ဓာတ်တို့၏၊ ဣစ္ဆာ-လိုလားခြင်းဟူသော၊ အတ္ထော-သည်၊ (အတ္ထိ,ဣတိ) တေ- ထိုဓာတ်တို့သည်၊ ဣစ္ဆတ္ထာ-တို့မည်၏၊ ဣစ္ဆတ္ထေသု- လိုလားခြင်း အနက်ရှိကုန်သော၊ တေသုဓာတူသု-ထိုဓာတ်တို့သည်၊ သမာန ကတ္တုကေသု- တူသောကတ္တား ရှိကုန်သည်၊ သန္တေသု- ဖြစ်ကုန်လတ်သော်၊ သဗ္ဗဓာတူဟိ- တို့မှ နောက်၌၊ တဝေတုံ ဣတိ တေပစ္စယာ ဝါ ဟောန္တိ၊တဝေတုံဝါတိ ယောဂ

---

ဟုတော၊ပေ၊တီတကာလိကာ-၌ဂါထာတို့ကား အတီတေ တ တဝန္တု တာဝီ သုတ်မှစ၍ ပြခဲ့ပြီး ရုပ်တို့ကို အကျဉ်းချုပ်သော သင်္ဂဟဂါထာတို့တည်း၊သို့သော် ရုပ် အားလုံးစုံအောင် ပြခြင်းမဟုတ်၊ ထိုထိုသုတ်နှင့်ဆိုင်ရာ ရုပ်အချို့ကိုသာ ပြခြင်းဖြစ်၏၊ ဇိတ္ထက္ကော ပက္ကန္တကော ရုပ်တို့၌ ဂါထာပြည့်အောင် က ပစ္စည်း ထပ်၍ သက်ထား သည်၊''ဝုတ္တော ဝုသိတဇိတ္ထက္ကော''၌ ဝုသိတ ဝါ-ဟု မြန်မာမူရှိသည်ကားပါဌ်ပျက်၊ ဘာ့ကြောင့်နည်း....ဝသတော ဥတ္တ၏ ပုံစံဖြစ်သော ဝုတ္တော့နောက်၌ ဝသဝါဝု၏ ပုံစံဖြစ်သော ''ဝုသိတော''ရုပ်သာရှိသောကြောင့်တည်း၊ ''ဝုသိတော ဇိတ္ထော''ဟု ဆိုသင့်လျက် ဂါထာတဲ့အောင် ''ဝုသိတ''ဟု ဆိုထားသည်။

(၆၃၅) ကာတုံ ဣစ္ဆိ၊ပေ၊ဣတိဝိဂ္ဂဟော-''ရုဋ္ဌိ ချာတံ နိပါတဥ္စ'' စသော ဂါထာနှင့်အညီ နိပါတ်ပုဒ်တို့၌ အများပြုရိုး ဝိဂ္ဂြိုဟ်မျိုးပြုဘွယ်မလို၊ပုဒ်နက်ထင်အောင် ဝါကျလုပ်၍ အနက်ဖွင့်ပြဘို့သာ တာဝန်ရှိသည်၊ထို့ကြောင့် ''ကာတုံဣစ္ဆိ'' စသည် သည် ကာတဝေ ပုဒ်ကို အနက်ဖွင့်ခြင်းသာ ဖြစ်၏၊ အများလုပ်ရိုး ဝိဂ္ဂြိုဟ်မဟုတ်၊ ထို့ပြင် ',တေစ ကိတကတ္တာ ကတ္တရိဟောန္တိ''ဟု ဆိုသောကြောင့် ရူပသိဒ္ဓိအလို ကာတဝေ ကာတုံ တို့သည် ဘောဟောမဟုတ်, ကတ္တားဟောတည်း။ ထို့ကြောင့် ''ကာတုံ-ပြုခြင်းငှါ''ဟု မပေးဘဲ ''ပြုဘို့ရာ''ဟု ပေးလိုက်သည်။

ဣစ္ဆာ၊ပေ၊ဣစ္ဆတ္ထာ,တေသု-၌ကား ဣစ္ဆတ္ထေသု၏အဖွင့်တည်း၊ ''ဣစ္ဆာ အတ္ထော ယေသံ တေ ဣစ္ဆတ္ထာ''ဟု ပုဒ်အခိုက်အတန့်ကို ငဲ့သော ပဒါဝတ္တိကန္တနည်း အရပဌမန္တဖြစ်သောနိဗ္ဗုန္တပုဒ်ကိုထားပြီး၍ နဂိုရ်ဝါကျအခိုက်အတန့်ကိုငဲ့သော ဝါကျာ ဝတ္တိကန္တနည်း အရ''တေသု''ဟု သတ္တမျန္တဖြင့်ပြပြန်သည်။''ဣစ္ဆတ္ထေသု ဓာတူသု''

www.dhammaransi.com



ဝိဘာဂေန-ဖြင့်၊ တဒတ္တကြိယာယဥ္စ တဒတ္တကြိယာ၌လည်း၊ (တဝေတုံ- တဝေပစ္စည်း, တုံပစ္စည်းတို့သည်၊ ဟောန္တိ၊) တေစ-ထိုတဝေ, တုံပစ္စည်း တို့သည်လည်း၊ ကိတကတ္တာ ကိတ်မည်ကုန်သည်၏ အဖြစ်ကြောင့်၊ ကတ္တရိ ဟောန္တိ။

(၆၃၆) ကရောတိဿာတိ ဝါတိစ ဝတ္တတေ။

တဝေ တုနာဒီသုကာ။ ။ပေ၊ ကာဒေသော ဝါဟောတိ၊ အာဒိ သဒ္ဒေန တုံ တွာန တွာ တဗ္ဗေသုစ- တုံ, တွာန, တွာ, တဗ္ဗပစ္စည်းတို့ ကြောင့်လည်း၊ (ကရောတိဿ ကရ ဓာတ်၏၊ ကာ - ကာဒေသပြုသည်၊ ဟောတိ၊) တဒ္ဓိတ ပေ၊စာတိတ္တေ-ဤသုတ်၌၊ အတဝေတုနာဒိသူတိ-ဟူ၍၊ နာမ ဗျပဒေသဿ-ကို၊ နိဿေနတော-တာ၊မြစ်ခြင်းကြောင့်၊ တဒန္တာနံ- ထိုတဝေတုနာဒိ အဆုံးရှိသောပုဒ်တို့၏၊ နိပါတတ္တံ-နိပါတ် အဖြစ်သည်၊ [''နိပါတတ္တာ''ဟု ရှိလျှင် ပါဌ်ပျက်၊] သိဒ္ဓံ- ပြီးသည် ဘဝတိ ဖြစ်၏၊ တတော-ထိုမှ နောက်၌၊နိပါတတ္တာ-နိပါတ်၏ အဖြစ်ကြောင့်၊ တဝေတုန ပန္တတော-တဝေတုန အဆုံးရှိသောပုဒ်မှ နောက်၌၊ သဗ္ဗာသ မာဒဝုသော တျာဒိနာ-အစရှိသောသုတ်ဖြင့်၊ဝိဘတ္တိလောပေါ-ချေ၊သော--ထိုသူသည်၊ ပုညာနိ-တို့ကို၊ ကာတဝေ-ပြုဘို့ရာ၊ ဣစ္ဆတိ-၏၊ ကာတုံ- ရာ၊ ဣစ္ဆတိ-၏၊ ကာဒေသာဘာဝေ-ကာအပြု မရှိရာ၌၊ တုံ တုန တဗ္ဗေသုဝါတိ-သုတ်ဖြင့်၊ ရကာရဿ - ရအက္ခရာ၏၊ တတ္တံ - တပြု၊ ကတ္တုံ - ရာ၊ ကာမေတိ- လိုလား၏၊ ဣတိ ကတ္တုကာမော ... ၏၊ အဘိသင်္ခရိတုံ - ပြုပြင်ဘို့ရာ၊ အာကင်္ခတိ- လိုလား၏၊ [ကတ္တုကာမော၌ စတုတ္ထီ တပ္ပုရိသ်တွဲ၊ တုံ၌ နိဂ္ဂဟိတ်ကို ဗျဉ္ဇနေစဖြင့် ချေ။]

---

စသည်သာသုတ်နက်တည်း၊''ကာတဝေ ဣစ္ဆတိ,ကတ္တုံကာမေတိ'' စသည်၌ ဣသု- ကမု-အဘိပုဗ္ဗကင်္ခဓာတ်များသည်ဣစ္ဆတ္ထဓာတ်များတည်း၊ ထိုဣစ္ဆတ္ထဓာတ်များသည် မိမိတို့ တွဲဘက်ဓာတ်များနှင့် သမာနကတ္တုကဖြစ်ကြလျှင် တွဲဘက်ဓာတ်များနောင် တဝေ တုံ ပစ္စည်းသက်၊ [ယောဂဝိဘာဂဖြင့် သက်ပုံမှာ နောက်၌ထင်ရှားလတ္တံ့]။

(၆၃၆) အာဒိ သဒ္ဒေန တုံ တွာန တွာ တဗ္ဗေသု-တဝေတုနာဒီသု၌ အာဒိ ဖြင့် တုံ တွာန တွာ တဗ္ဗ ၄ ပစ္စည်းကိုယူ၍ ထိုပစ္စည်းများကြောင့် ကရကို ကာပြု၍သို့ ဆိုသော်လည်း ယခု စာများ၌ ကာတုံ-ကာတဗ္ဗံ ရုပ်ကိုသာ တွေ့ရ၍ ''ကာတွာ, ကာတွာန'' ရုပ်တို့ကို မတွေ့ရ၊ ဣကတွာ၌မူ ''တွာန တွာသု ရကာရော စာတိ ဓာတွန္တလောပေါ''ဟု ဆိုလတ္တံ့။

www.dhammaransi.com



တထာ- ပါး၊ [ကရခေါ်တ်မှ တပါး-ဟူလို၊] သဒ္ဒမ္ပံ-ကို၊ သောတဝေ သောတံ-နာဘို့ရာ၊ ဝါ, သုဏိတံ-ရာ၊ ပဋ္ဌေတိ- တောင့်တ၏။ [ဤပဋ္ဌ ဓါတ်လည်း ဣစ္ဆတ္ထ ပင်၊] ဇေ ံ တူ၊ အနုံဘဝိတုံ- ခံစားဘို့ရာ၊ပေ၊ဟာရိတုံ- ဆောင်ဘို့ရာ၊ အနုသ ရိတုံ- အောက်မေ့ဘို့ရာ၊ ဣစ္ဆတိ- ၏။ [ဣစ္ဆန္တိ- ရှိလျှင် ပါဌ်ပျက်၊] ဧတ္ထ- ဤအနုဘဝိတုံ စသော ရုပ်တို့၌၊ ဣကာရယုတ္တ တမ်- ဣ အာဂုံနှင့် ယှဉ်သော တပစ္စည်းကြောင့်၊ နမကာရာန မိစ္ဆာဒိနာ- န မ က ရာ နံ အစရှိသော သုတ်ဖြင့်၊ ပဋိသိဒ္ဓတ္တာ- တားမြစ်အပ်သည်၏ အဖြစ်ကြောင့်၊ န ဓာတွန္တလောပေါ- ဓာတွန်ကို မချေရ။

ဝ. ထာ--ပါး၊ တုဒ=ဗျထနေ၊ တုဒိတုံ-ထိုးဆွဘို့ရာ၊ ပဝိသိတုံ- ဝင်၊ ဥဒ္ဒိသိတုံ- ရွတ်ပြ၊ ဟောတုံ- ဖြစ်၊ သယိတုံ- အိပ်၊ နေတုံ- ဆောင်၊ ဇုဟောတုံ ပူဇော်၊ ပဇဟိတုံ-စွန့်။ [ပစိဘုံကား ပါဌ်ပျက်၊ တုဒိတုံမှ စ၍ တုဒါဒိ ရုပ်စုကို ပြပြီးလျှင် ဇုဟောတုံမှ ၎၍ ဇုဟောဟျာဒိရုပ်တို့ကို ပြသောကြောင့် ဟာဓါတ်ဖြင့် ပဇဟိဘုံသာ ရှိသင့်၏။] ပဟာတုံ-ပယ်စွန့်၊ ဒါတုံ- ပေး။ [ဘူဝါဒိဓါတ်စု ပြီးပြီ။]

ရောဒ္ဓုံ, ရုန္ဓိတုံ-ပိတ်ဆို့ဘို့ရာ၊ တုံ တုနာဒိသုပိ- တုံ တုနအစရှိသော ပစ္စည်းတို့ကြောင့်လည်း၊ ယောဂဝိဘာဂေန- ဝိနာဒိကာရ ယောဂဝိဘာဂ ဖြင့်၊ကတ္တရိ-၌၊ ဝိကရဏပစ္စယာ- တို့သည်ရှင်း၊ သရလောပါဒိစ- ရှင်း၊ (ဟောန္တိ)၊ ဘောတ္တုံ ဘုဥ္ဇိတုံ- စား၊ ဆေတ္တုံ ဆိန္ဒိတုံ-ဖြတ်၊[ ဘောတ္တုံ ဆေတ္တုံ တို့၌ ဝုဒ္ဓိပြုပြီးမှ ဘုဇာဒိန စသောသုတ်ဖြင့် စီရင်။

---

တဒ္ဓိတ၊ပေ၊သိဒ္ဓံ ဘဝတိ- "တဒ္ဓိတ သမာသ" စသောသုတ်ဖြင့် နာမ်ငဲ့ရာဝယ် တဝေတုနာဒိ ပစ္စယန္တ သဒ္ဒါစုကို နာမ်မငဲ့ရ-ဟုတားမြစ်ထား၏၊နာမ်မငဲ့ရလျှင်ကိတ် နာမ် မဟုတ်၊ နာမ် အာချတ် နိပါတ် ဥပသာရ ၄မျိုးမှ အလွတ်လည်းမရှိ၊ သို့ဖြစ်၍ တဝေတုနာဒိပစ္စယန္တပုဒ်များသည်နိပါတ်ပုဒ်ဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်တော့သည်။

တဝေ၊ပေ၊ဝိဘတ္တိလောပေါ-နိပါတ်ဖြစ်လျှင် သဗ္ဗာသ မာဝုသော စသော သုတ်ဖြင့် ဝိဘတ်ကိုချေရမည်-ဟုဆို၏၊ မည်သည့် ဝိဘတ် သက်ဟုကား မဆိုချေ၊ သို့ဖြစ်၍ မည်သည့်ဝိဘတ် သက်ရမည်နည်း....ဟု မေးဘွယ်ရှိ၏၊နာမ် နိပါတ်ခန်း၌ "တဝေတုံ ပစ္စယန္တာ စတုတ္ထိယာ"ဟု ဆိုခဲ့သောကြောင့် တဒတ္ထ-တုမတ္ထ သမ္ပဒါန် အနက်၌ သ ဝိဘတ် သက်သင့်သည်-ဟု မှတ်။

ရောဒ္ဓုံ ရုန္ဓိတုံ။ ။"ရုဓ+တုံ" ဝုဒ္ဓိပြု၊ ရောဓ+တုံ။ ထို့နောက် ဗုဒ္ဓကဲ့သို့ တုံ၌ တကိုဓပြုစသည်စီရင်၊ရုန္ဓိတုံ၌ကား "ရုဓာဒိတောနိဂ္ဂဟီတ ပုဗ္ဗဉ္စ-ဟူသော (အပစ္စည်း မသက်ရ၍ "အ"ဟူသော အလိုက်ကို ကြဉ်သော) ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တံပြု,ဣလာ၊ ဘုဥ္ဇိတုံ ဆိန္ဒိထုံ၌လည်းနည်းတူ၊ရောဒ္ဓုံတို့ကား ပါဌ်ပျက်။]

www.dhammaransi.com



သိဗ္ဗိတုံ-ချုပ်။ [သိဝုဓာတ်၊] ဗောဒ္ဓုံ ဗုဇ္ဈိတုံ-သိ။ [ပုစ္ဆိတုံ-ကား ပါဠိပျက်၊ဒိဝါ ရုပ် ဒ-ရာဖြစ်၍ ဗုဇ္ဈိတုံသာ ရှိသင့်၏၊] ဇာယိတုံ ဇနိတုံ-ဖြစ်။ [ယာစိတုံလည်း ပါဠိပျက်၊ ဒိဝါဒိဖြစ်၍ ဇာယိတုံသာ ဒ မှန်၊]ဇေတုံ ဇ်နိတုံ-အောင်။[ဤ ၂ ရုပ် သိဒ္ဓိရှိ၏၊သို့သော် ဒိဝါဒိအရာဖြစ်၍မကောင်း၊] ပတ္တုံ ပါပုဏိတုံ-ရောက်။] ပပုဗ္ဗ အပမာတ်၊ သွာဒိရုပ်၊] ကေတုံ ကိဏိတုံ-ဝယ်။ [ဤနေရာ၌ "ဇေတုံ ဇ်နိတုံ"ရှိလျှင် ကိယာဒ်ချင်းဖြစ်၍ လျော်မည်၊] ဝိနိစ္ဆေတုံ ဝိနိစ္ဆိနိတုံ- ဆုံးဖြတ်၊ ဉာတုံ ဇာနိတုံ-သိ၊ ဂဟေတုံ စသည် ထင်ရှားပြီ၊ ကာရိတေ- ကာရိတ် ယှဉ်ရာ၌ (ဥဒါဟရဏံ)၊ ဘာဝေတုံ ဘာဝယိတုံ-ဖြစ်စေဘို့ရာ၊ ကာရေတုံ၊ပေ ကာရာပယိတုံ-ပြုစေဘို့ရာ၊ဣစ္စာဒိ။ [ဤရုပ်များ၏ ပြီးပုံကို အာချာတ်ခန်း ပြန်ကြည့်။]

တဝေတုံ ဝါတိ ယောဂဝိဘာဂေန- ဖြင့်၊ ကြိယတ္ထကြိယာယဥ္စ- ကြိယာ၏ အကျိုးဖြစ်သော ကြိယာကိုလည်း၊ ဝါ-တဒတ္ထ ကြိယာကိုလည်း၊ ဂမ္ဘမာနာယံ- သိအပ်သော်၊ တုံပစ္စယော- သက်၊ ယထာ- ကား၊ သုဗောဒ္ဓုံ-ကောင်းစွာ သိခြင်းငှါ။ [''သုဗုဒ္ဓုံ''ဟု ဝုဒ္ဓိ မပြုဘဲလည်း ရှိ၏၊] ဝက္ခာမိ-ဆိုပေအံ့၊ ဘောတ္တုံ-စားခြင်းငှါ၊ ဝဇတိ-သွား၏၊ ဘောဇနာယ- စားခြင်းငှါ၊ ဝဇတိ ဣတိအတ္ထော- နက်၊ ဇဝံ ဒဋ္ဌုံ- ကြည့်ရှုခြင်းငှါ၊ ဂစ္ဆတိ၊ ဂန္တုံ- သွားခြင်းငှါ၊ အာရဘတိ- အားထုတ်၏၊ ဂန္တုံ-ငှါ၊ ပယောဇယတိ-စေခိုင်း၏၊ ဒဿေတုံ- ပြခြင်းငှါ၊ အာဟ-ဆိုပြီ၊ ဣစ္စာဒိ-တည်း။ [''ဒဿေတုံ မိစ္ဆတိ''ကား မကောင်း၊ ''ဒဿေတု မာဟ'' ဟု သိမှုအတိုင်းသာ ကျမ်းဂန်၌ အသုံးများသည်။]

---

တဝေတုံဝါ၊ ပေ၊ ဣစ္ဆာဒိ-သုတ်ရင်းသည် ဣစ္ဆတ္ထ ဓာတ်နှင့် ယှဉ်မှ ကတ္တား အနက်၌ သက်၏၊ ဤယောဂဝိဘာဂဖြင့်ကား ဣစ္ဆတ္ထ ဓါတ်နှင့် မယှဉ်သော်လည်း တဒတ္ထကြိယာ၌သက်၏၊''သုဗောဒ္ဓုံ ဝက္ခာမိ''ကား ကစ္စည်းသန္ဓိ၏ ပဋိညာဉ်ဟည်း၊ သန္ဓိကျမ်းကိုဆိုခြင်းကြိယာသည်အကြောင်း,စာသင်သားတို့ သိရခြင်းဗုဓကြိယာသည် အကျိုးတည်း၊ထို့ကြောင့် သုဗောဒ္ဓုံ-အရ ဗုဓကြိယာကို ကြိယတ္ထကြိယာဟု ခေါ် ထားသည်၊ကြိယာယ-ဆိုခြင်းကြိယာ၏၊အတ္ထော-အကျိုးဖြစ်သော၊ ကြိယာ-သိခြင်း ကြိယာသည်၊ကြိယတ္ထကြိယာ-မည်၏၊ တဒတ္ထ ကြိယာဟုလည်း ခေါ်၏၊ ဘောတ္တုံ ဝဇတိ စသည်၌လည်း ဤနည်းမှီးပါ။ ဆက်ဦးအံ့-ဤ ယောဂဝိဘာဂဖြင့် ကြိယာ အနက်၌သက်၏ဟု ဆိုလျှင်ကြိယာဟူသည်ဘောတည်း၊ ထို့ကြောင့်ဘောအနက်၌ သက်ရာရောက်၏၊တဒတ္ထကြိယာဟုဆိုထားသည့်ပြင် ဘောတ္တုံကို''ဘောဇနာယ''ဟု ဘောဟော ယ ပစ္စည်းနှင့်တကွ ပြထားသောကြောင့် ''ခြင်းငှါ''ဟု ပေးလိုက်သည်။

www.dhammaransi.com



(၆၃၇) တုန္တိ ဝတ္တတော၊....

အရဟာ သက္ကာဒီသုစ။ ။အရဟ ၊ ပေ၊ ဋ္ဌစွေဝ မာဒိသု- အရဟ သက္က, ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ အစရှိကုန်သော၊ အတ္ထေသု- တို့ကို၊ ပယုဇ္ဇမာနေသု-ယှဉ်အပ်ကုန်သော်၊ သဗ္ဗဓာဟုဟိ- တို့မှ နောက်၌၊ ယုံပစ္စယော ဟောတိ၊ စသဒ္ဒေန, ကာလသမယ ဝေလာသုပိ-ကာလ, သမယ, ဝေလာ သဒ္ဒါတို့ကိုလည်း၊ (ပယုဇ္ဇမာနေသု တုံ ပစ္စယော ဟောတိ)၊ နိဒ္ဒ=ဂရုဟာယံ-ကဲ့ရဲ့ခြင်း၌....၏၊ ကော- အဘယ်သူသည်၊ တံ- ထိုသူ့ကို၊ နိန္ဒိတုံ- ကဲ့ရဲ့ဘို့ရာ၊ အရဟတိ- ထိုက်အံ့နည်း၊ ရာဇာ- သည်၊ ဘဝိတုံ- ဖြစ်ဘို့ရာ၊ အရဟသိ-၏၊ ဘဝံ-အရှင်သည်၊ ဝတ္တုံ- ဆိုဘို့ရာ၊ အရဟော- ၏၊ ဧနေန ဝါ- ဥစ္စာဖြင့်သော်လည်း၊ ဇေတုံ-အောင်ဘို့ရာ၊ သက္ကာ- တတ်နိုင်၏၊ လဒ္ဓုံ-ရဘို့ရာ၊ သက္ကာ၊ ကာတုံ- ပြုဘို့ရာ၊ သက္ကုဏာတိ- စွမ်းနိုင်လတုံ့။ [တချို့စာ၌"ကာတုံ"ကျ၊] နိယာမံ မဂ်သို့၊ ဩက္ကမိတုံ-သက်ရောက်ဘို့ရာ၊ ဘဗ္ဗော ထိုက်၏၊ ကာတုံ အဘဗ္ဗော- မထိုက်၊ ဘာဝ်ဒါနံ- အလှူကို၊ ပဋိဂ္ဂဟေတုံ- ခံယူဘို့ရာ၊ အနုစ္ဆဝိကော- လျောက်ပတ်၏၊ ဋ္ဌဒံ- ဤအမှုကို၊ ကာတုံ အနုရူပံ-လျောက်ပတ်၏၊ ဒါနံ ဒါတုံ ယုတ္တံ-သင့်၏၊ ဒါတုံ-ပေးဘို့ရာရှင်း၊ ဝတ္တုံစ-ပြောဆိုဘို့ရာရှင်း၊လဘတိ-ရ၏၊ ဧဝံ-ဤသို့၊ ဘာသိတုံ-ဆိုဘို့ရာ၊ ဝဋ္ဋတိ-အပ်၏၊ ဆိန္ဒိတုံ- ဖြတ်ဘို့ရာ၊ နစ ကပ္ပတိ- မအပ်၊ ဋ္ဌစွာင်၊

---

(၆၃၇) အရဟ သက္က၊ ပေ၊ အတ္ထေသု- အရဟတိ, သက္ကာ-စသည်ဖြင့် သဒ္ဒါ တခုတည်းသာမက, အရဟတိ, အရဟသိ,အရဟော၊ သက္ကောတိ, သက္ကာ-စသည်ဖြင့် အရဟ အနက် သက္က အနက် စသည်ရှိသော သဒ္ဒါအားလုံးကို ယူစေလိုသောကြောင့် "ဋ္ဌစွေဝ မာဒိသု အတ္ထေသု"ဟု အတ္ထသဒ္ဒါဖြင့် ဖွင့်ပြသည်၊ "သက-ဉာ-ဂိလ-ဃဋ္ဍ-ရဘ-လဘ-ကမသဟာရဟတ္ထေသုံတုမုန်"ဟူသော ပါဏိနီသုတ်ကို မှီ၍ဖွင့်သောစကားဖြစ်၍ ဋ္ဌစွေဝ မာဒီသု၌ အာဒိဖြင့် ပုံစံပြထားသော ယုတ္တံလဘတိ ဝဋ္ဋတိ ကပ္ပတိ တို့အပြင် ဇာနာတိ ဂိလာယတိ-မစွမ်းနိုင်၊ ဃဋ္ဍဒတ- စေ့ဆော်၏၊ အာရဘတေ-အားထုတ်၏, အတ္ထိ ဝိဇ္ဇတိ စသည်တို့ကိုပါယူ။

စ သဒ္ဒေန၊ပေ၊ဝေလာသုပိ- ဤ၌ "ဝေလာဒီသုပိ"ဟု အာဒိပါသည်ကား အပို၊ပုံစံ၌လည်း "ဝေလာဘုဉ္ဇိတုံ" တိုင်အောင်ပြ၍ အာဒိ၏ပုံစံကို မပြ၊ ဤအဖွင့်၏ မှီရာ "ကာလ သမယ ဝေလာသု တုမုန်"ဟူသော ပါဏိနီသုတ်မှာလည်းအာဒိမပါ၊ ဤကာလ စသည်တို့သည် အရဟ သက္က စသည်ကဲ့သို့ ကြိယာအနက်ဓာတ်မဟုတ်ကြသဖြင့် အရဟ သက္ကာဒီသု၌ အာဒိအရ မယူနိုင်သောကြောင့် ကာလစသည်ယှဉ်ရာ၌ စ သဒ္ဒါဖြင့် တုံပစ္စည်းသက်စေရသည်။

www.dhammaransi.com



တထာ, [စသဒ္ဒါ၏ ပုံစံကို ပြလို၍ တထာဟု ချီသည်၊] ဘုဒ္ဓိတုံ- စားဘို့ရာ၊ ကာယော- အခါတည်း၊ ဘုဒ္ဓိတုံသမယော-အခါတည်း၊ ဘုဒ္ဓိတုံ ဝေလာ- အချိန်တည်း။

(၆၃၇) တုန္တိ ဝတ္တတေ [စပ်လျှင် အပိုု]။

ပတ္တဝစနေ၊ပေ၊သုစ။ ။အလမတ္ထေသု- အလံသဒ္ဒါ၏ အနက်တို့တွင်၊ ပတ္တဝစနေ သင့်လျော် လျောက်ပတ်ဟူသော ပရိယတ္တိအနက်ကိုဟောသော သဒ္ဒါသည်၊ သတိ ဖြစ်လတ်သော်၊ သဗ္ဗဓာတူဟိ တုံပစ္စယော ဟောတိ၊ အလံ သဒ္ဒဿ-အလံသဒ္ဒါ၏၊ အတ္ထာ- ဒ နက်တို့တည်း၊ အလမတ္ထာ- တို့၊ ဘူသန ပရိယတ္တိ နိဝါရဏာ-တန်ဆာဆင်ခြင်း စွမ်းနိုင်ခြင်း,တားမြစ်ခြင်း အနက်တို့တည်း၊ တေသု အလမတ္ထေသု၊ ထိုအလံသဒ္ဒါ၏ အနက်တို့တွင်၊ ပတ္တဿ-သင့်လျော် လျောက်ပတ်ဟူသော အနက်ကို၊ ဝစနံ- ဟောသော သဒ္ဒါတည်း၊ ပတ္တဝစနံ-သဒ္ဒါ၊ ဒါနာနိ အလှူတို့ကို၊ ဒါတုံ- ပေးဘို့ရာ၊ အလမေဝ- သင့်လျော်သည်သာ၊ ဝါ-စွမ်းနိုင်သည်သာ၊ ပုညာနိ ကာတုံ အလမေဝ -သမတ္ထမေဝပရိယတ္တမေဝ-စွမ်းနိုင်သည်သာ၊ ဣတိအ တ္ထော နက်။

(၆၃၈) ကမ္မံ အလုပ်ကို၊ ကတွာ ပြုပြီး၍၊ အဂစ္ဆိ-သွားပြီ၊ဣတိအတ္ထော ဝါ- ၌ရှင်း၊ ဂစ္ဆတိ ဣတိအတ္ထော ဝါ, ဂစ္ဆိဿတိ ဣတိအတ္ထော ဝါ၊ ဣတိတိဝါ အတ္ထော ဟု ပါဌ်ရှိစေ)။

---

(၆၃၇) အလံသဒ္ဒဿ၊ပေ၊နိဝါရဏာ- "ဘူသနပရိယတ္တိနိဝါရဏာ"ကား အလမတ္ထဟူသောသမာသ်ပုဒ်၏ အဘိဓေယျတည်း၊ ရှုဦးအံ့-အလံ သဒ္ဒါ၏ အနက်တို့သည် "အလင်္ကာရော-တန်ဆာဆင်ခြင်း"ဟူရာ၌ဘူသနအနက်,အလမေဝဒါတုံ၌, ပရိယတ္တိ (စွမ်းနိုင်) ဟူသောအနက်, "ကာတုံ-ပြုဘို့ရာ၊အလံ-မသင့်"ဟူရာ၌နိဝါရဏ- (တားမြစ်ခြင်း) အနက်တို့တည်း၊ ထို အနက် ၃မျိုးတွင် ပရိယတ္တိ အနက်နှင့် ပတ္တ (သင့်လျော် လျောက်ပတ်) အနက်သည် အဓိပ္ပါယ်တူပင်၊ သင့်လျော်ဟူသည်စွမ်းနိုင် ခြင်းပင်တည်း-ဟူလို၊ထို့ကြောင့်နောက်၌"အလမေဝ"ကိုသမတ္ထမေဝ-ပရိယတ္တမေဝ ဟု ဖွင့်သည်၊ဤသို့လျှင် အလံ သဒ္ဒါ၏ အနက် ၃ မျိုးတွင် ပတ္တ (ပရိယတ္တိ) အနက်ကို ဟောသော အလံ သဒ္ဒါရှိလျှင် တုံပစ္စည်းသက်။ [ဤပတ္တဝစနေ အလမတ္ထေသုစ သုတ်သည် ပါဏိနိ၌ "ပရိယတ္တိဝစနေသွ လမတ္ထေသု" သုတ်ကို မှီသော သုတ်တည်း၊ ထို့ကြောင့် ပတ္တ အနက်ဟူသည် ပရိယတ္တိ အနက်ပင်-ဟု သိသာသည်။ ဤပရိယတ္တိ သဒ္ဒါလည်းပရိယတ္တသဒ္ဒါနှင့်အနက်တူတည်း၊ပရိပုဗ္ဗအပဓာတ်ချည်းဖြစ်၍တပစ္စည်းနှင့် တိ ပစ္စည်းသာ ကွဲပြားသည်၊ ထိုပရိယတ္တ သဒ္ဒါကား သမတ္ထ (စွမ်းနိုင်ခြင်း) အနက် ဟောတည်း။

www.dhammaransi.com



**ပုဗ္ဗကာလေ၊ ပေ၊ တွာ ဝါ။** ။ပုဗ္ဗကာလေ ဣတိ - ပုဗ္ဗကာလ ဟူသည့်၊ ပုဗ္ဗကြိယာ ရှေ့ကြိယာတည်း၊ ယေသံ အကြင်ဓာတ်တို့၏ **ဧကော - တူသော၊ ကတ္တာ - ကတ္တားသည်၊** အတ္ထိ - ၏၊ (ဣတိ)တေ ထိုဓာတ်တို့သည်၊ **ဧကကတ္တုကာ -** တို့မည်၏၊ ဧကကတ္တုကာနံ **သမာနကတ္တုကာနံ - တူသော ကတ္တား ရှိကုန်သော** (ဧကကို "**သမာန**" ဟု ဖွင့်)၊ **တေတံ ဓာတူနံ -** တို့၏၊ **အန္တရေ - အကြား၌၊** [အန္တရေ-ဟု ထည့်ဖွင့်လျှင် နိဒ္ဒါရဏ တွင်)ဟု **ပေးစေလိုကြောင်း** ဗျဉ္ဇနောစ ဝိသဒေါဂေါ ဒါ သုတ်၌ပြခဲ့ပြီ၊] ပုဗ္ဗ**ကာလေ** ရှေ့ကြိယာ၌၊ ဝတ္တမာနဓာတုမှာ **ဖြစ်သော ဓာတ်မှ နောက်၌၊** တုန တွာန တွာ ဣတိ - ဟူကုန်သော၊ **ဧတေ ပစ္စယာ -** **တို့သည်၊** ဝါ - အားဖြင့်၊ **ဟောန္တိ၊** ဝါသဒ္ဒဿ ဝဝတ္ထိတဝိဘာသတ္တာ, တုနပစ္စယော - သည် **ကတ္တုစိယေဝ** အချို့အရာ၌သာ၊ **ဟောတိ၊ တေစ -** **ထိုပစ္စည်းတို့သည်လည်း၊ ကိတ်သညတ္တာ - ရင်း၊** ကေ **ကတ္တုကာနန္တိ - ဟူ၍၊** ဝုတ္တတ္တာစ - ရင်း၊ **ကတ္တရိယေဝ -** **သာ၊** ဘဝန္တိ၊ **တုနေ - တုနပစ္စည်းကြောင့်၊** **တဝေတုနာ** ဒီသု ကာတိ - သုတ်ဖြင့်၊ **ကာဒေသော** ပြု - နိပါတတ္တာ - နိပါတ်၏ အဖြစ်ကြောင့်၊ သိ**လောပေါ** - ချေ၊ **သော** ထိုသူသည်၊ **ကမ္မံ** ကတွာ ဂစ္ဆတိ၊ **သ**တ္တာ ပုညံ အကာတုန - မပြုမူ၍၊ **ကိလမိဿန္တိ - ပင်ပန်းရကုန်လတံ့။**

---

(၆၃၉) ပုဗ္ဗကာလေတိ ပုဗ္ဗကြိယာ - "ကရဏံ ကာရော" ဟု ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်၌ပြခဲ့သည့်အတိုင်းဝိဂ္ဂဟပြု၍, ရကိုလပြုပြီးလျှင် "ကာလ" အရ ကြိယာကို ယူပါ-ဟု သိစေလို၍ "ပုဗ္ဗကြိယာ" ဟုဖွင့်သည်၊ "ဧက ကတ္တုကာနံ-တူသောကတ္တား ရှိသော ရှေ့နောက် ကြိယာတို့တွင်၊ပုဗ္ဗကာလေ-ရှေ့ကြိယာ၌" ဟု သုတ်နက်ပေးပါ-ဟူလို၊ဤအဖွင့်အတိုင်းဆိုလျှင် "ပုဗ္ဗာ ပရ, သာဓနေနှင့်, လက္ခဏာဟေတု, ငါးခုအတ္ထ သက်အပ်စွ,တုန တွာန တွာ" ဟူသောအနက် ၅ ပါးတွင် မည်သည့်အနက်၌ဖြစ်ဖြစ်, ပဓာန အပဓာန ကြိယာ ၂ ခုရှိရာဝယ် အပဓာန ဖြစ်သော ရှေ့ဝိသေသန ကြိယာ၌ ဤသုတ်ရင်းဖြင့်ပင် သက်နိုင်သည်။

**တေစ၊ ပေ၊ ကတ္တရိယေဝ ဟောန္တိ-** "အညေကိတ်" သုတ်က ကိတ်ပစ္စည်းမှ တခြားပစ္စည်းကို ကိတ်ဟု မှည့်ရာ၌ ဤတုန်စသောပစ္စည်းများလည်း ပါဝင်၏၊ ဤသို့ ကိတ်အမည်ရှိလျှင် ကတ္တရိ ကိတ်သုတ်နှင့်အညီဤတုနစသောပစ္စည်းတို့သည် ကတ္တား အနက်၌ဖြစ်ကြ၏၊ထို့ပြင်-သုတ်၌ "ဧကကတ္တုကာနံ" ဟုဆိုထားသောကြောင့်လည်း ကတ္တားဟောဖြစ်ကြောင်း သိသာသည်။

**နိပါတတ္တာ သိလောပေါ-** "ကာတုန" စသော ပုဒ်တို့သည် လိန်သချာ အထူး မရှိသောနိပါတ်ပုဒ်များဖြစ်၍ "ကာတုန" ဟုပြီးပြီးနောက်သိသက်, သဗ္ဗာသမာဝုသော သုတ်ဖြင့်ချေရမည်၊[ဤစကားအရ "ပဓိတွာဘုဉ္ဇန္တိ၌ ဘုဉ္ဇန္တိ" ဟု ဗဟုဝုစ်အပရကာလ

www.dhammaransi.com



တွာန တွာသုႆ ထွာနပစ္စည်း တွာ ၊စ္စည်း တို့၌၊ ရကာရော စာတိ-သုတ်ဖြင့်၊ ပါတွဲ့လောပေါ-ချေ၊ ကမ္မ- အမှုကို၊ ကတွာန ပြုပြီး၌၊ ဘဒြက်-ကောင်းသည် (ဘဝတိ ဖြစ်၏၊) [မည်သည့်အရာ၌ ဖြစ်စေ ဘူခာတ်၏ အနက် ပါဝင် နိုင်သောကြောင့် ဤ၌ အပရကာလ ကြိယာ ကိုက်ရိုက်မပါသဖြင့် "ဘဝတိ"ဟု ထည့်သည်၊] ဒါနာဒီနိ- ဒါန အစရှိ ကုန်သော၊ ပုညာနိ-တို့ကို၊ ကတွာ- ပြု၍၊ သဂ္ဂံ - နတ်ပြည်သို့၊ ဂစ္ဆတိ-ရောက်၏၊ အဘိသန်ရိတွာ-ပြုပြင်၍၊ကရိတွာ-ပြု၍။[တချို့စာ၌"တရိတွာ" ဟု ရှိသေးသည်။]

တထာ, သိဗ္ဗိတွာ- ချုပ်၍၊ ဇာယိတွာ ဇနိတွာ- ဖြစ်၍၊ ဓမ္မံ - ကို၊ သုတွာန-နာ၍၊ ဓမ္မံ-ကို၊ သုတွာ-၍၊မောဒတိ-ဝမ်းမြောက်ရ၏၊သုဏိတွာ-နာ၍၊ ပတွာ ပါပုဏိတွာ-ရောက်၍၊ [ပတွာ၌ ပပုဒ္ဓ အပ+တွာ၊ ဓာတွန် (ပ်)ဖြင့်ချေ။] ကိဏိတွာ-ဝယ်၊ ဇေတွာ ဇိနိတွာ ဇိတွာ-အောင်။ [ဇေ၌ ဝုဒ္ဓိပြု၊] ပေ၊ ပူဇယိတွာ တထာ၊ (ကာရိတ် ပါဝင်သော ပုဒ်တို့ကို ပြလို၍ ' တထာ 'ဟုတက်သည်၊ )မေတ္တံ-ကို၊ ဘာဝေတွာ ဘာဝယိတွာ- ပွားစေ၍ ၊ပေ၊ ...စ္စာဒိ။

ပုဗ္ဗကာလေတိ-သည်၊ ကိမတ္ထံ- နည်း၊ ပဌတိ ပစတိ- တို့၌၊ တာႏမြစ် ရခြင်းအကျိုးရှိ၏၊ ပဌတိ-ရွတ်၏၊ ပစတိ-ချက်၏။[ရွတ်ပြီး၍ ချက်၏"ဟု မဆိုဘဲ, ရွတ်ခြင်းကြိယာကို တရပ်,ချက်ခြင်း ကြိယာကို တရပ် ဆိုခြင်း ကြောင့် ပုဗ္ဗကာလ မဟုတ်သဖြင့် တုနာဒိ သက်ခြင်းကို တားမြစ်သည်-ဟူလို၊] ဧကကတ္တုကာနန္တိ- သည်၊ ကိံ-နည်း၊ ဒေဝဒတ္တေ၊ပေ၊ ဝဇတိ-တို့၌ တားမြစ်ရခြင်းအကျိုးရှိ၏၊ ဒေဝဒတ္တေ သည်၊ ဘုတ္တေ- စားပြီးသော်၊ ယညဒတ္တော- သည်၊ ဝဇတိ- သွား၏။ [ဘုဇ္ဇနှင့် ဝဇတိတို့ ကတ္တားကွဲ သောကြောင့် ဘုတ္တေ၌ တုနာဒိ မသက်ရ ဟူလို။]

---

ကြိယာရှိသော်လည်း ပဗ်တွာ၌မူ သမ္ဗျာအထူးမရှိသောကြောင့်"ပစိတွာ- ချက်၍"ဟု ကေဝုစ်အနက်သာပေးရမည်၊ယို့ပြင် "ဒိသွာ-မြင်ခြင်းကြောင့်၊ ဟုတွာန-ဖြစ်လတ် သော်"ဟု ဟိတ်အနက် လက္ခဏအနက်ပေးသင့်ရာ၌လည်း မာနအနွ ပစ္စည်းတို့သည် ဟိတ်အနက် လက္ခဏအနက်ကိုဟောကြသကဲ့သို့,ဤတုနာဒိပစ္စည်းတို့လည်း ဟိတ် အနက်လက္ခဏအနက်ကိုဟောကြရကားထိုဒိသွာ-ဟုတွာနတို့နောင်လည်းသိသက်၍ ချေ။ [ဒိသွာတိ တွေ တွာသဒ္ဒေါဟေတုအတ္ထောတိဒဿေတိ"-ပုဂ္ဂလပညတ် အနု ဋီကာ၊....ဒိသွာနဿတေဒဟောသီတိဟေတုအတ္ထော အယံဒိသွာနသဒ္ဒေါ, အသ- မ္မာနကတ္တုကော"သာရတ္ထဋီကာ (သုဒ္ဓိန္နကဏ္ဍ)။

www.dhammaransi.com



**အပတွာန** နဒိံ ပဗ္ဗတော, အဘိက္ကမ္မ ပဗ္ဗတံတိ အာဒီသုပန အစရှိသော ပြယုဂ်တို့၌ကား၊ **သဗ္ဗတ္ထ**-အလုံးစုံသော ဝါကျတို့၌၊ ဘဝတိတိ **သမ္ဗန္ဓော**-ဘဝတိကြိယာနှင့် စပ်ခြင်းကြောင့်၊ **ကေကတ္တုကတာ**- တူသော ကတ္တား ရှိသည်၏ အဖြစ်ကိုရင်း၊ ပုဗ္ဗကာလတာစ- ရှေ့ကြိယာ၏ အဖြစ်ကိုရင်း၊ ဂမျတေ-သိအပ်၏။ [နဒိံ-မြစ်သို့၊ အပတွာန- မရောက်မူ၍၊ ပဗ္ဗတော- တောင်သည် (ဘဝတိ-ဖြစ်၏)၊ ပဗ္ဗတံ-ကို၊ အဘိက္ကမ္မ-လွန်၍၊ နဒီ-သည်၊ ဘဝတိ-၏။]

---

**အပတွာန ၊ ပေ ၊ နဒီ-** ဤပြယုဂ်တို့၌ အပရကာလကြိယာ မရှိပါတကား, သို့ဖြစ်လျှင် အပတွာန-အတိက္ကမ္မတို့သည် အဘယ်သို့လျှင် နောက်ကြိယာနှင့် ကေကတ္တုကဖြစ်နိုင်မည်နည်း, အပရကာလ ကြိယာမရှိလျှင် အဘယ်မှာ ပုဗ္ဗကြိယာဖြစ်နိုင်တော့အံ့နည်း-ဟု စောဒနာဘွယ်ရှိသောကြောင့် "အပတွာန၊ပေ၊ ဂမျတေ"ဟု မိန့်၊ "ဘူကရာ သဗ္ဗဓာတွတ္ထ ဗျာပကာ"နှင့်အညီ အကမ္မက အရာတိုင်း၌ဘူဓာတ်၏ အနက်သည် ပါဝင်နိုင်၏၊ထို့ကြောင့်"ဘဝတိ"ဟူသောကြိယာကိုထည့်၍ထိုဘဝတိ ကြိယာကြောင့်အပတွာ-အတိက္ကမ္မတို့၏ကေကတ္တုက-ပုဗ္ဗကာလအဖြစ်ကိုသိနိုင်သည်-ဟူလို၊ [ကာသိကာ ဝုတ္တိ၌ကား "အပတွာ နဒိံ ပဗ္ဗတော တိဋ္ဌတိ,အတိက္ကမ္မ ပဗ္ဗတံ နဒီ ဌိတာ"ဟု တိဋ္ဌတိ-ဌိတာထည့်၍ စပ်လေသတတ်။]

**ကလာပ်။** ။"ပရာပရယောဂေစ"ဟု (ကိတ်၆,၄၃၅) သုတ်တည်၍ဤပုံစံများ ကိုပင် ထုတ်၏၊ [ပရာ ပရယောဂေစ (ပရေန ယောဂေ,အပရေန ယောဂေ)- ထိုနောက်ဘက်နှင့် (ဤရှေ့ဘက်၏) ယှဉ်ရာ, ဤ ရှေ့ဘက်နှင့် (ထိုနောက်ဘက်၏) ယှဉ်ရာ၌လည်း၊ တွာ-တွာပစ္စည်းသည်၊ဘဝတိ-၏။] ဤပြယုဂ်တို့၌"ပဗ္ဗတ" ဟူသည် ဝိဉ္ဈာတောင်တည်း၊ "နဒီ"ကား ဂင်္ဂါမြစ်တည်း ဇမ္ဗူဒီပအလယ်ပိုင်း၌ အနောက် သမုဒ္ဒရာရောက်အောင် အရှေ့ အနောက် တန်းနေသောတောင်ကို ဝိဉ္ဈာတောင်-ဟု ခေါ်၏၊ထိုတောင်၏ တောင်ဘက်ကိုဇမ္ဗူဒီပတောင်ပိုင်း-မြောက်ဘက်ကို မြောက်ပိုင်း ဟုခေါ်သတတ်၊ထိုဝိဉ္ဈာတောင်၏ မြောက်ဘက်၌ ဂင်္ဂါမြစ်ရှိသည်၊ ဤပုံစံများလည်း ဇမ္ဗူဒီပတောင်ပိုင်းကနေ၍ ထုတ်အပ်သောပုံစံများတည်း၊ထို့ကြောင့် "အပတွာ နဒိံ ပဗ္ဗတော"၌ ပဗ္ဗတသည် ဤဘက်, ဂင်္ဂါကား ပရ (ထိုဘက်) တည်း၊ ပရမည်သော ထိုဘက် ဂင်္ဂါနှင့် ယှဉ်ရာဝယ် ခတ်နောင် တွာပစ္စည်းသက်၍ (အပရကာလကြိယာ မရှိဘဲ) အပတွာ-ဟု ရုပ်ရှိနိုင်၏၊ အပရမည်သော ဤမှာဘက် တောင်နှင့်ယှဉ်ခြင်းကို ပြရာ၌လည်း (အပရကာလ ကြိယာ မရှိဘဲလျက်) ခတ်နောင် တွာပစ္စည်းသက်၍ "အတိက္ကမ္မ"ဟု ရုပ်ရှိနိုင်သည်-ဟူလို။ [နဒိံ-မြစ်သို့၊ အပတွာ-မရောက်ဘဲ၊ ပဗ္ဗတော-တောင်သည်၊ ဘဝတိ-၏၊ ပဗ္ဗတံ-ကို၊ အတိက္ကမ္မ-၍၊ နဒီ-မြစ်သည်၊ ဘဝတိ-၏"ဟုပေး။]

**ဝိသုဒ္ဓိမဂ် မဟာဋီကာ။** ။ပဋိစ္စသမုပ္ပါဒေါတိ ဧတ္ထ ပန ဥပ္ပါဒသဒ္ဒသ ဘာဝ သာဓနကြိယာဝ (ဖြစ်ခြင်းဟူသော ဘာဝသာဓနကြိယာကိုသာ) ဝုတ္တာတိ, သမာန ကတ္တုကတ္တာဘာဝ သဒ္ဒပ္ပယောဂေါ နသမ္ဘဝတီတိ၊တေနာဟ- သဒ္ဒဘေဒံ ဂစ္ဆတီတိ

www.dhammaransi.com



(၆၄၀) ဝါတိ ဝတ္တတေ၊

သဒ္ဒေဟိ တုနာဒီနံ ယော။ ။သဒ္ဒေဟိ· ကုန်သော၊ သောပသဂ္ဂါနုပသဂ္ဂေဟိ ဥပသာရရှိကုန်, ဥပသာရမရှိကုန်သော၊ ဓာတူဟိ ပရေသံ တုနာဒီနံ ပစ္စယာနံ, ယ သဒ္ဒါဒေသော-ယအပြုသည်၊ဝါ ဟောတိ၊ ဝန္ဒ= အဘိဝန္ဒနေ· ရှိခိုးခြင်း၌ ..၏၊ အဘိပုဗ္ဗော၊ တွာပစ္စယဿ ၏၊ ယော– ယပြု၊ ဣကာရာဂမော စ· ဣလည်းလာ၊ [ဤသုတ်ဖြင့် ယပြု, ယထာဂမ မိကာရောဖြင့် ဣလာ၊] အဘိဝန္ဒိယ· ရှိခိုးပြီး၍၊ ဘာသိဿ· ဆိုပေအံ့၊ အဘိဝန္ဒိတွာ ဝန္ဒိယ ဝန္ဒိတွာ ရှိခိုးပြီး၍၊ တထာ, အဘိဘုယျ· လွှမ်းမိုး၍၊ ဒ္ဒိတ္တ ရဿတ္တာနိ-ဒွေဘော်, သရ အဖြစ်တို့သည်၊(ဟောန္တိ)၊ [ယဒွေဘော်ပြု, ကွစိဒေတုဖြင့် ဘူ ရှည်ပြု၊] အဘိဘဝိတွာ အဘိဘောတွာ လွှမ်းမိုး၍· သိ=သေဝါယံ မှီဝဲမှုင်း၌ ၏၊ကွစိဓာတုဘျာဒိနာ ဖြင့်၊ဣကာရဿ ဣ၏ အဘ္ဘံ· အာအဖြစ်သည် ဟောတိ) နိဿာယ နိဿိတွာ မှီ၍။

ဘဇ သေဝါယံ· ကတ္တရိ ဓာတိ - သုတ်ဖြင့်၊ ပုဗ္ဗရူပတ္တံ - ပုဗ္ဗရုပ် အဖြစ်သည်(ဟောတိ၊ ဝိဘဇ္ဇ ဝိဘဇ္ဇိတွာ ဝေဘန်၍၊ သ=အဝသဒ္ဒနေ၊ ဥဒ္ဒိဿ ဥဒ္ဒိသိယ ဥဒ္ဒိသိတွာ– ရွတ်ဆို၍၊ ပဝိဿ ပဝိသိယ ပဝိသိတွာ-

---

အပသဒ္ဒပယောဂေါ(သဒ္ဒါပျက်ကို သုံးစွဲထားခြင်း) ဟောတီတိအဋ္ဌော၊ နံစေတ္တ ပရာဝရယောဂေါ-''အပတွာ နဒိံ ပဗ္ဗတော,အဘိက္ကမ္မပဗ္ဗတံနဒီ'' ဟိ အာဒိသုဝိယ၊ နာပိ လက္ခဏဟေတုအာဒိပ္ပယောဂေါ-''သီဟံ ဒိသွာဘယံဟောတိ (လက္ခဏပုံစံ), ဃတံ ပိတွာ ဗလံ ဇာယတေ (ဟေတု) ဓန္တိကတွာ (ဓန်ဟုအသံပြု၍) ဒဏ္ဍောပတာ တော (သမာနကာလ)''ဟိ အာဒီသုဝိယ၊ဤ၌သည်း''ပရာပရယောဂေ'' သုတ်ကို ကိုးထား၏၊ထို့ပြင်-သီဟံ ဒိသွာကို လက္ခဏပုံစံထုတ်ထားရကား'ဒိသွာ-မြင်သော်'' ဟု ပေး၊ သုဒ္ဓိန္တကဏ္ဍသာရတ္ထ၌မူ ဟေတုပုံစံအဖြစ်ဖြင့် ထုတ်ထား၏၊ ထို့ကြောင့် ကတ္တားကွဲရာ၌ လက္ခဏ ဟိတ် ၂ နက်လုံး သင့်သလို သုံးနိုင်၏-ဟု မှတ်။

သဒ္ဒနီတိ။ ။ဗျတ္တိယေသဒ္ဒသိဒ္ဓပယောဂေစ (ကိတ်၅၁)။ဗျတ္တိယေ-ဝါကျအနက် အားဖြင့်ထင်ရှားသော၊သဒ္ဒသိဒ္ဓပယောဂေစ- သဒ္ဒါ၏ ပြီးပြီးသော ပြယုဂ်၌လည်း၊ ဓာတူဟိ တွာဒယော-ပစ္စယာဟောန္တိကဒါစိ၊ဥပါဒါယရူပံ-ဥပါဒါယရုပ်၊ ဝါ- ဥပါဒါ ရုပ်၊ နှတွာ ဂမနံ-ရေချိုးသွားခြင်း၊ဘုတွာသယနံ-စားပြီးအိပ်ခြင်း၊ဤရုပ်များ၌သမာသ် ပုဒ်ဖြစ်နေ၍ ကေကတ္တုက ရှာမရနိုင်သော်လည်းဝါကျလုပ်သည့်အခါ''ရူပံဥပါဒါယ ပဝတ္တံ-ရုပ်သည် စွဲမှီ၍ဖြစ်၏''ဟုငင်း၊ ''ပုဒ္ဒိသော နှတွာ ဂစ္ဆတိ,ဘုတွာ သယတိ'' ဟုငင်း ကတ္တားရှိ၍ ကေကတ္တုက ဖြစ်နိုင်သောကြောင့်ယိုကဲ့သို့ ဝါကျအနက်အားဖြင့် ထင်ရှားရာဝယ် တရံတခါ သမာသ်၌ တွာပစ္စည်းသက်နိုင်၏ဟူလို၊ [နီတိ နိဿယ၌ တမျိုးကြံလေ၏။]

www.dhammaransi.com



ဝင်၍။ [ပပုဗ္ဗဝိသ၊] နီ-ပါပဏော၊ဥပနိယ ဥပနေတွာ-ကပ်ဆောင်၍၊ အတိသေယျ အတိသယိတွာ- လွန်အောင်အိပ်၍။ [အတိပုဗ္ဗသိ၊] ဩဟာယ ဩဟိတွာ ဇဟိတွာ ဟိတွာ စွန့်၍။ [အဝပုဗ္ဗဟာ၊ ဇဟိတွာ၌ ဟာ ဟာ ဒွေဘော်ပြု၊]အာဒါယ အာဒိယိတွာ-ယူ၍၊ ဒိဝါဒိတော ယောတိ-သုတ်ဖြင့်၊ ယပစ္စယော- သက်၊ ကွစိဓာတု တျာဒိနာ- ဖြင့်၊ ဓာတွန္တဿ — ဓာတ်အာ၏၊ ဣကာရော စ- ဣလည်းပြု။ [အာပုဗ္ဗ ဒါဓာတ်သည် ဒိဝါဒိဂိုဏ်းတည်း၊ထို့ကြောင့် ယပစ္စည်းသက်၍စီရင်သည်၊"သမာဒိယတိ" စသည်ဖြင့် ဒိဝါဒိ၌ ပြခဲ့ပြီ၊ ဒတွာ ဒဒ္ဒါန-ပေး၍။ [ကွစိဓာတုဖြင့် အာကို ရဿပြု၊] ပိဓာယပိဒဟိတွာ-ပိတ်၍။[အာချာတ်(၅၀၇)ပြန်ကြည့်၊] ဘုဉ္ဇိယ ဘုဉ္ဇိတွာ ဘောတွာ-စား၍ ဝိစေယျ, ဝိစိနိတွာ-စိစစ်၍။ [ဝိပုဗ္ဗ စိ,တွာကို ယပြု, ဒွေဘော်လာ၊] ဝိညာယ ဝိဇာနိတွာ ညတွာ-သိ၍။

(၆၄၁) ယထာဂမံတိ တုနာဒီသူတိစ ဝတ္တတေ၊....

ဒမန္တတော ယောကွစိ။ ။ပရေသုံ၊ပေ၊ဟောတိ၊ယဝတော-ယအက္ခရာရှိသော၊ ဒကာရဿ-ဒ၏၊ ဇကာရော-ဇပြု၊ [ဓာတ်ရင်း "ဒ်" ဖြစ်၍ သုတ်ရင်းဖြင့် စီရင်သည်၊] သမာပဇ္ဇိတွာ-ကောင်းစွာ ရောက်၍။ [သံ+အာပုဗ္ဗ ပဒ၊] ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ ဘိဇ္ဇိတွာ- ကွဲ၍၊ ဆိဇ္ဇိတွာ- ပြတ်၍၊ ဂတေ- သွားပြီ၊ ဗုဓ = အဝဂမနေ၊ တထာကတ္တရိစာတိ - သုတ်၊

---

(၆၄၀) တထာကတ္တရိစာတိ ပုဗ္ဗရူပတ္တံ, ဝိဘဇ္ဇ- ဝိပုဗ္ဗ ဘဇ,တွာကို ယပြု (ဝိဘဇ်+ယ) တထာ ကတ္တရိစ သုတ်သည် ကတ္တားဟော ပစ္စည်းရှိရာ၌ စီရင်၍,ဤယလည်း ကတ္တားဟော တွာပစ္စည်းမှဖြစ်လာသောကြောင့်ကတ္တားဟော ယဟုဆိုသင့်ပါ၏၊ သို့သော်"တဿစဝဂ္ဂ"သုတ်ကဲ့သို့စဝဂ်မှန်လျှင် ဓာတွန်နှင့်တကွ ယကိုစဝဂ်ပြုရမည် ပုဗ္ဗရုပ်မပြုရ၊ ထို့ကြောင့် "ပုဗ္ဗရူပတ္တံ"ဟူသောစကားကိုစဉ်းစားသင့်၏၊ဝဒမဒစသော (၅၅၅)သုတ် "ဘောဇ္ဇံ" ရုပ်တွက်ရာ၌ကား "ပုဗ္ဗရူပဉ္စာတိ ယဿ ဇကာရော"ဟူသော မြန်မာအက္ခရာဝယ် "ကာရဂ္ဂဟဏေန ယာတော ဇဿ ဇကာရော"ဟု သီမူရှိ၏၊ ဒမန္တတော ယော ကွစိသုတ် "သမာပဇ္ဇိတွာ" စသော ရုပ်ကိုလည်း ယဝတံ သုတ်ရင်းဖြင့် "ဒ်-ယ"ကို ဇပြု, ဒွေဘော်လာ၍ တွက်လတံ့၊ ထို့ကြောင့် ဤဝိဘဇ္ဇလည်း ယဝတံ သုတ်လာ ကာရသဒ္ဒါဖြင့် "ဇ်-ယ" ကို ဇပြု၊ ဒွေဘော်လာသင့်သည်။ [ဓာတွန်(ဒ်)မဟုတ်, ဇ် ဖြစ်သောကြောင့် ကာရသဒ္ဒါဖြင့် စီရင်သည်။]

ဘောတွာ ဘုတွာ - ဘုဇ+တွာ, အညေသုံစဖြင့် ဝုဒ္ဓိပြု၊ကွစိဓာတုဖြင့် (ဇ်)ချေ၊ (ဂမ ခန ရမာဒိန မန္တော၌ အာဒိဖြင့်ယူ၍ချေသချေ၏၊ )ပါဠိများ၌ကား"ယတ္ထဘုတွာစ ပိတွာစ-သယေယျာသိ အနုဿုတော"ဟု ဝုဒ္ဓိမပြုဘဲ"ဘုတွာ" တွေ့ရသည်၊ "ဘုဇဿကွစိလောပေါ တွာတွာနေသု (၁၁၆)သုတ်တည်၍ ဇ်ကိုသဒ္ဒနီတိချေ၏။

www.dhammaransi.com



သမာတွန္တသာ-သော၊ ယကာရသာ ၏၊ စ၀ဂ္ဂေါ စ၀ဂ် ချပြု၊ ဗုဇ္ဈိယ ဗုဇ္ဈိတွာ-သိ၍၊ [တထာကဟ္ဂရိစ ဖြင့် မစီရင်ဘဲ ယ၀တံ သုတ်လာ ကာရ သဒ္ဒါဖြင့်လည်း ယရှိသော ဓ် ကို ဈ ပြုနိုင်၏၊ ထိုသုတ် ပြန်ကြည့်ပါ] ဝိရုဇ္ဈိယ ရုဇ္ဈိတွာ- ချို့ယွင်း၍၊ [ဝိပုဗ္ဗ ရေ=ဟိံသာယံဟူသော ဓ်ဝါဒ် ဓာတ်တည်း၊] ရုန္ဓိယ ရုန္ဓိတွာ-ပိတ်ဆို့၍။

(၆၄၂) တုနာဒိနန္တိ အဓိကာရော၊ ဝါတိစ- သည်လည်း၊ ဝတ္တတေ။

ဇနန္တေဟိ ရစ္စံ။ ။ပေ၊ဝါ-စွာ၊ ဟောတိ၊ ရစ္စန္တိယောဂဝိဘာဂေန- ဖြင့်၊ အညသွာပိ-အခြားမာတ်မှလည်း၊ (ပရေသံ တုနာဒိနံ ရဒ္ဓာဒေသော ဟောတိ)၊အသံ ဝါ သဒ္ဒေါ ဝ၀ဋ္ဌိတဝိဘာသတ္တော။ [ မနဓာတ်၌နကာရန္တ ဖြစ်သော်လည်း ရစ္စ မပြုရ-ဟု သတ်မှတ်သည်၊] ရာဝိလောပေါ ချေ၊ဝိစ= ဝိဇေစနေ-ကင်းဆိတ်ခြင်းသွဲ....၏၊ဝိပုဗ္ဗော၊ ဝိဝိစ္စ ဝိဝိစ္စိတွာ-ကင်းဆိတ်၍၊ ယော ကွစိပိ ယောဂဝိဘာဂေန-ဖြင့်၊ ယကာရာဂမော- လာ၊ ပစ= ပါကေ၊ ဝိပစ္စ ဝိပစ္စိယ ဝိပစ္စိတွာ- ရင့်ကျက်၍၊ [သီဟိုဠ်မူအတိုင်း၊]ဝိမုစ္စ ဝိမုစ္စိတွာ- လွတ်၍၊ [“ဝိမုဉ္စိယ, ဝိမုဉ္စိတွာ မုတွာ- လွတ်၍” ဟု သီမူ ရှိသေး၏၊ ဤသုတ်နှင့်ပဆိုင်၊ ရုဓာဒ် ဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာထားသည်၊ မုတွာ၌ကား ဓာတ္ထန် စ် ကို သုဘ်ကြီးဖြင့်ချေ၊] ဟန = ဟိံသာဂတီသု၊ အာဟစ္စ တိုက်၍၊ ဥပဟစ္စ- ကပ်ရောက်၍၊ အာဟန္တွာ- ထိခိုက်၍၊ ဥပ ဟန္တွာ ကပ်ရောက်၍။ (သီမူ)။

ဝါတိကိံ၊ အဝမညာ အဝမညိတွာ အယုတ်အားဖြင့် သိ၍၊ဝါ- မထိ မဲ့မြင် ပြု၍၊ ပဿာ-သိ၍၊ (ဣဘ်-ဤရုပ်တို့၌ တားမြစ်ရခြင်းအကျိုးရှိ၏၊) ဉာသာ-ဉာ၏၊ ဥ ကာရော-ဥပြု၊ ဣ=ဂတိမှ၊ ယောဂဝိဘာဂေန- ဖြင့်၊ ရစ္စာဒေသော ရစ္စပြု၊ ပဋိစ္စ-ရှေးရှုရောက်၍၊ အဝေစ္စ- သက်ဝင်၍၊ ဥပေစ္စ

---

၆၄၂။ ဝိဝိစ္စိတွာ-ဝိပုဗ္ဗ ဝိစ+တွာ၊ ဒဓ်န္တတော ယော ကွစိ၌ “ယော ကွစိ” ယောဂဝိဘာဂဖြင့် ယ လာ၊ ယ၀တံသုတ် ကာဒဖြင့် စ်ယကို စ ပြု၊ ဒွေဘော်လာ ယထာဂမမိကာရောဖြင့် ဣလည်းလာ၊ ဒွ ခွင်း ချေ ကပ် ဝိဝိစ္စိတွာ ပြီး၏၊ ဝိဝိစ္စသာ ဤသုတ်၏ပုံစံ၊ဝိဝိစ္စိတွာ ကား ဝါ၏ အနိစ္စင်ပြေ ပုံစံ၊ အာဟန္တွာ ဥပဟန္တွာတို့လည်း၊ ဝါ၏ ပုံစံ၊ ဂမ ခန ဟနာဒိနံ တံတဗ္ဗာဒီသုနဖြင့် စီရင်။

အဝမညာ အဝမညိတွာ- ဝါ၏ အသန္တဝိဓိ ပုံစံတည်း၊ မနဓာတ် တွာကို ယပြု၊ ယ၀တံဖြင့် ညကို ည ပြု ၍ လာ၊အဝမညဖြစ်၏၊ မညိတွာ၌ကား “မန+တွာ”ဟု ဖြစ် သည့်အခါ ဒိ၀ါဒိဂိုဏ်းဖြစ်၍ ဒိဝါဒိတောယောဖြင့် ယ ပစ္စည်းသက်၍ ရှေ့နည်း အတိုင်းစီရင်။ မန္တွာ၌မူ ဂမခန စသောသုတ်ဖြင့် စီရင်။

www.dhammaransi.com



ဥပေတွာ-ကပ်ရောက်၍၊ ကရ=ကရဏော၊ သက္ကစ္စ—ကောင်းစွာပြု၍၊ အဓိကိစ္စ-စွဲ၍၊ ဠကာရာဂမော လာ၊ ကရိယ-ပြု၍။

(၆၄၃) ဒိသ=ပေက္ခဏေ၊....

**ဒိသာ သွာန သွာန္တလောပေါ စ။** ။ပေါပရေသံ တုနာဒီနံ(ပစ္စယာနံ-သီမူ၌ ပါသည်) သွာန သွာဣတိ ဧတေ အာဒေသာ ဝါ(ဝိကပ်)ဟောန္တိ၊ ဓာတုန္တဿ-၏၊ **လောပေါ စ- လည်း** (ဟောတိ) ဒိသွာန- မြင်ရခြင်းကြောင့်၊ အဿ ထိုသူ၏၊ ဧတံ ဤအကြံသည်၊ အဟောသိ-ဖြစ်ပြီ။ (ဒိသွာနဌ် **တွာ**နပစ္စည်း၏ ဟိတ်အနက်ဖြစ်ပုံ)စက္ခုနာ-စက္ခုဖြင့်၊ ရူပံ- ရူပါရုံကို၊ ဒိသွာ -မြင်၍၊ ဝါ တိကိ ၊နေက္ခမ္မံ- ရဟန်းအဖြစ်ကို၊ (ခေမတော- ဘေးမဲ့ **အား**ဖြင့် ) ဒဋ္ဌုံ ဒဋ္ဌာ-မြင်၍။ [ဤရုပ်များပြီးပုံကို၊ **သာ**သဒိသတော-စသော သုတ်ပြန်ကြည့်၊] ပဿိယ ပဿိတုန ပဿိတွာ -မြင်၍၊ (ဣတိ -ဤပြယုဂ်တို့၌ **တွား**မြစ်ရခြင်းအကျိုးရှိ၏ ,။

(၆၄၄) ဝါဂ္ဂဟာဏံ, အန္တဂ္ဂဟာဏံ (စနန္တေဟိသုတ်မှ အန္တသဒ္ဒါ), အန္တလောပဂ္ဂဟာဏံစ (**ဒိသာ** သွာန သွာန္တ**လော**ပေါ စ - မှ အန္တလောပ သဒ္ဒါ) အနုဝတ္တတေ။ [ပါဌ်အမျိုးမျိုးရှိ၏၊ ဤပါဌ်အတိုင်းကောင်းသည်၊ ဈာ**သ**ဌ်ကား''တုနာဒီနံ''ဟုပါ**သေး**၏၊ ဤဌ်''တုနာဒိနန္တိ အဓိကာရော''ဟု တခါထည်း ရှေ့သုတ်တုန်းကပင် ဆိုခဲ့ပြီးဖြစ်၍မလို၊]

---

**ယောဂဝိဘာဂ ပုံစံများ။** ။ပတိ+ဇ+ရစ္စဟု ဖြစ်သည့်အခါ ရမှိရန္တော-ဖြင့် ရ်အနုမန်ရှိသော ဇကိုချေ,ပဋိ+၊စ္စ၊ ဝါပရောဖြင့်ဖြစ်စေ ကွစိဓာတုဖြင့်ဖြစ်စေ နောက် သရကိုချေ,ပဋိစ္စပြီး၏၊အဝပုဗ္ဗ,ဥပပုဗ္ဗ ဇဓာတ်ဖြင့် အဝ+ဇစ္စ, ဥပ+ဇစ္စဟု ဖြစ်သည့် အခါဝ၏အချေ,ဇကိုအေသဝဏ်ပြု၍အဝေစ္စ-ဥပေစ္စဟုပြီး၏၊ သက္ကစ္စ-သံပုဗ္ဗ, ကရ, တွာဌ် ရစ္စပြု၊ရမှိရန္တောဖြင့်စိရင် (သံ+ကစ္စ) ဗျဥ္ဇနောဖြင့်နိဂ္ဂဟိတ်ချေကဒ္ဓေဘော်လာ။ [မောဂ္ဂလ္လာန်ဌ်ကားသနိပါတ်သည် ရှိသေခြင်း,အသနိပါတ်သည်မရှိသေခြင်းအနက် ဟောဘုယူ၍ ''သက္ကစ္စ-အရိုအသေပြု၍၊ အသက္ကစ္စ-မရိုမသေပြု၍''ဟု ပြီးစေ၏၊ သက္ကစ္စံ ဟုရှိရာဌ် ''ဥပဝဿံ''ကဲ့သို့နိဂ္ဂဟိတ်အပိုလာ၊တနည်း-''သက္ကစ္စံ''နိပါတ်ပုဒ် သော်လည်းကြံ''ရိုသေစွာ''ဟုပေး၊] အဓိပုဗ္ဗ ဣရဓာတ်ဖြင့် အဓိကစ္စဖြစ်သည့်အခါ ဠလာ၍ အဓိကိစ္စဟုပြီး၏၊ကရိယကား ဝါကြောင့် ရစ္စ မပြုရသော အနိစ္စဝိဓိတည်း။

**မှတ်ချက်။** ။ပဋိစ္စ-စသည်ဌ် ''ဇ+ရစ္စ'' ဟုဖြစ်သည့်အခါ ရမှိရန္တောသုတ်ဖြင့် ရ်အနုမန်နှင့်တကွ (ဓာတွန်မဟုတ်သော) ဇဓာတ်ကိုချေရခြင်းသည် ဓာတွန်ကိုချေဟု ဆိုသောသုတ်အဆိုနှင့်မညီ၊သုတ်က ဓာတွန်မပါဘဲ ရ်ချည်းချေမည်-ဟုလည်း အဆို မရှိ၊ ထို့ကြောင့် မောဂ္ဂလ္လာန်ခါဒ်ဌ် ''ဇတော စ္စော (၁၆၈)''တည်၍ တွာကို ရစ္စမပြုဘဲ''စ္စ''သာပြု၏၊ ထိုသို့ပြုခြင်းက သာ၍လျော်သည်၊

www.dhammaransi.com



မဟာ၊ပေ၊ဒ္ဓါစ။ ။မ ဟ ဒ ဘ ဣစ္စေဝ မန္တေဟိ မ, ဟ, ဒ, ဘအဆုံး ရှိကုန်သော၊ ဓာတူဟိ၊ ပေ၊ မ္မ ယှ ဇ္ဇ ဗ္ဘ ဒ္ဓါ ဣတိ-မ္ပ, ယှ, ဇ္ဇ, ဗ္ဘ, ဒ္ဓါ ဟူကုန်သော၊ ဧတေ ၊ပေ၊ ဓာတွန္တလောပေါစ။ [သီမူ၌ "ဒ္ဓါ"အပြုဟု ရှိ၏၊] တာဝ စွာ၊ မကာရန္တေဟိ-မ အဆုံးရှိသော ဓာတ်တို့မှ နောက်၌ (ဥဒါဟရဏံ)၊ အာဂမ္မ အာဂန္တွာ- လာ၍။ [အာဂမ္မ- သာလိုရင်း, အာဂန္တွာကား ဝိကပ်ရုပ်၊ ဂမ ခန စသော သုတ်ဖြင့် စီရင်၊] ကမု=ပဒ ဝိက္ခေပေ· သြက္ကမ္မ သြက္ကမိတွာ သက်ရောက်၍၊ နိက္ခမ္မ နိက္ခမိတွာ- ထွက်၍၊ အဘိရမ္မ အဘိရမိတွာ-မွေ့လျော်၍။

ဟကာရန္တေဟိ-တို့မှ နောက်၌ (ဥဒါဟရဏံ)၊ ပဂ္ဂယှ ပဂ္ဂဏှိတွာ ပဂ္ဂဟေတွာ-ချီးမြှောက်၍ [ပဂ္ဂဏှိတွာ၌ဏှာပစ္စည်းသက်, ဓာတွန်(ဟ်)ချေ၊ ပဂ္ဂဟေတွာ၌ ဣ အာဂုံကို တေသုဝုဒ္ဓိသုတ်ဖြင့် ပြု]မုဟ=ဝေစိတ္တေ၊ သမ္မုယှ သမ္မုယှိတွာ- တွေဝေ၍၊ ယကာရာဂမော- ယလာ။ ["ယောကွစိ" ယောဂဝိဘာဂဖြင့် မုဟ နောင် ယ လာ, ဟ ဝိပရိယယော လောဝါဖြင့် ဟ နှင့် ယ ကို ရှေ့နောက်ပြန်၊] အာရုယှ ဒ္ဓာရုယှိတွာ-ထွက်၍။ [အာပုဗ္ဗ ရုဟ=ဇနနေ၊] သြဂ္ဂယှ သြဂ္ဂဟေတွာ-သက်ဝင်၍။

ဒန္တေဟိ- ဒ အဆုံးရှိသော ဓာတ်တို့မှ နောက်၌ (ဥဒါဟရဏံ)၊ ဥပ္ပဇ္ဇ ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ သမ္ပဇ္ဇ သမ္ပဇ္ဇိတွာ- ကောင်းစွာ ရောက်၍၊ ဆိဒိ= ဒွိဓာ ကရဏေ၊ အစ္ဆိဇ္ဇ (အာပုဗ္ဗ ဆိဒ) ဆိဇ္ဇ ဆိဇ္ဇိတွာ-ဖြတ်၍၊ဆိန္ဒိယ ဆိန္ဒိတွာ ဆေတွာ-ဖြတ်၍။ [အစ္ဆိဇ္ဇ-ဆိဇ္ဇတို့သာ လိုရင်း၊ ကျန်ရုပ်များကား ဝိကပ် ရုပ်တည်း၊ ဆေတွာ၌ ဣ ကို ဝုဒ္ဓိ, ဓာတွန်ကို ကွစိဓာတုဖြင့်ချေ။]

မင်္ဂလံ၊ပေ၊သဗလော-မင်္ဂလာ၏ အဖြစ် ဟူသည် တိုးတက် ကြီးပွားခြင်း ဤကျက်သရေရှိခြင်း၊ ဣဋ္ဌာရုံတို့နှင့် ပြည့်စုံခြင်းတည်း၊ မင်္ဂန္တိ ဝုဒ္ဓိံ ဂစ္ဆန္တိ ဧတေနာတိ မင်္ဂလံ=တိုးရပွားခြင်းသို့ရောက်ကြောင်းဖြစ်သော မင်္ဂလသုတ်လာ မင်္ဂလာအမျိုးမျိုးတည်း၊ မင်္ဂေ-တိုးတက် ကြီးပွားခြင်း၌+အလံတိ မင်္ဂလံ၊ဗဟတိဝုဒ္ဓိံ ဂစ္ဆတီတိဗဟလံ၊ ဗဟေ ကြီးပွားခြင်း၌+အလံတိ ဗဟလံ၊ကမ္ဗတိ သဥ္စရတိ-လှည့်လည်တတ်၏၊ ဣတိ ကမ္ဗလံ၊ ကမ္ဗေ-လှည့်လည်ခြင်း၌+အလံတိ ကမ္ဗလံ၊“သဗိ=မဏ္ဍနေ”ဟု တညီ တည့်တွတ်ထည်း ဓာတ်ကျမ်းရှိ၏၊ သမ္ဗတိ မဏ္ဍေတိ- (လမ်းခရီး၌) တန်ဆာသဘွယ် ဖြစ်၏၊ ဣတိ သမ္ဗလံ၊ သမ္ဗေ-တန်ဆာဆင်ခြင်း၌+အလံတိ သမ္ဗလံ၊ဤသဗိဓာတ်ဖြင့် “သမ္ဗတိ မဏ္ဍေတိ-သဘောမတူသော အဆင်းဖြင့် တန်ဆာဆင်သကဲ့သို့ဖြစ်တတ်၏၊ ဣတိ သဗလော”ဟု ဖြစ်သေး၏။

www.dhammaransi.com



မဥ္စာလုံ-အဝန်းအဝိုင်း၊ ကုဒိ=ဒါယေ- ပူလောင်ခြင်း၌....၏၊ ကုဏ္ဍလံ နားဒောင်း၊ ဣစ္စာဒိ။

(၆၇၅) ပုထဿ၊ပေ၊မော ဝါ။ ။ပုထ ဣတိ တေဿ ဓာတုဿ-၏၊ ပုထု ပထဣတိ ဧတေ အာဒေသာ ဟောန္တိ၊ဝါ-အချို့သော ပထအပြု နောက်၌၊ အမပစ္စယော စ-အမပစ္စည်းသည်လည်း (ဟောတိ)၊ အယံ ဝါသဒ္ဒေါ, ဝွစတ္ထော-ဝွစိအနက်ရှိ၏။ ''အချို့၌''ဟုပေး ဟူလို၊ ပုထ= ဝိတ္ထာရေ ချဲ့ဖြန့်ခြင်း၌....၏, ပဉ္ဇထဋ္ဌာ- ပြန့်ကျယ်၏၊ ဣတိအတ္ထေ, ကွိပစ္စယော-သက်၊ ဣမိနာ, ပုထု ပထာဒေသာ-ပုထု အပြု, ပထ အပြုတို့သည် (ဟောန္တိ)၊ ကွိလောပေ ချေ ဣဥ္ထိယံ-ဣတ္ထိလိန်၌၊ဤပၪ္စယော-ဤပစ္စည်း သက်၊ သြ သရေ စာတိသုတ္တေ-၌ စသဒ္ဒေန-ဖြင့်၊အဝါဒေသော-အဝပြု၊ ပုထဝီ, ပဌဝီ - မြေ၊ ထဿ-ထ၏ ဌတ္တံ-ဌပြု၊ အမပစ္စယေ - ၌၊ ပထာ ဒေသော-ပထပြု၊ ပထမော-ရှေးဦးစွာသော အရာ။

---

အင္ဂလံ၊ပေ၊ကုဏ္ဍလံ- အဂ္ဂတိ ကုဋိလံ ဂစ္ဆတိ ပဝတ္တတီတိ အင္ဂလံ၊ အဂ္ဂေ- ကောက်ကောက်ကွေးကွေးဖြစ်ခြင်း၌+အလံတိ အင္ဂလံ၊မဏ္ဍီယတိ ဘူသီယတိ- တန် ဆာဆင်အပ်၏၊ဣတိ မဏ္ဍလံ၊မဏ္ဍေ-တန်ဆာဆင်ခြင်း၌+အလံတိ မဏ္ဍလံ၊ဃံသေန- ပွတ်တိုက်ခြင်းဖြင့်၊ကုဏ္ဍတိ ဒဟတိ-နားကိုပူလောင်တတ်၏၊ ဣတိ ကုဏ္ဍလံ၊ကုဏ္ဍေ- ပူလောင်ခြင်း၌+အလံတိကုဏ္ဍလံ [ဤဝိဂ္ဂြိဟ်များ ဝယ် ဓာတွတ္ထသင်္ဂဟ-မောဂ္ဂလ္လာန်- ကစ္စာယနပဒီပိကာသူစိတ္တို၌ မပါသမျှသည် ကြံ၍ ပြုထိုက်သော ဝိဂ္ဂြိဟ်များတည်း၊ ''ကုဏ္ဍေ+အလံ''ကဲ့သို့ ပြုသမျှ၌ကား ပါဠိပဒီကနောင် အလ ပစ္စည်းသက်သော၊ တဒ္ဓိတ် နာမ်ချည်းတည်း။]

(၆၇၅) ပုထဝီ ပဌဝီ,ထဿ ဌတ္တံ-''ပဉ္ဇထဋ္ဌာ''သည် ပုထဓာတ်၏ အနက်ပြ တည်း၊ဝိဂ္ဂြိဟ်ကိုမူ ''ပုထတိ ပတ္ထရတိ-ပြန့်ကျယ်တတ်၏၊ဣတိ ပုထဝီ''ဟုပြု၊ဒေါဓဿစ ၌ စဖြင့် ထကို ဌ ပြုလျှင်''ပဌဝီ''ဟုဖြစ်သတဲ့၊မောဂ္ဂလ္လာန်သမာသ်၌လည်း ဤ''ပဌဝီ'' ရုပ်ကိုပြ၏၊သို့သော်ဤ''ပဌဝီ''ကို ပါဠိ၌ အသုံးမရှိ,ဌ မပြုဘဲ ပု၏ ဉကိုတေသုဝုဍ္ဎိဖြင့် (အ) ပြု၍ ''ပထဝီ''ဟုသာ ရှိသည်။

အမ ပစ္စယေ၊ပေ၊ပထမော-ပထတိ ဝိတ္ထာရေ ဘဝတိ တေသွာတိ ပထမော- ကျယ်ပြန့်ရာ အစ၊ [''ပထတိ အာဒိမှိ ပဝတ္တတီတိပထမော''ဟုလည်းပြု၏၊] ဤ သုတ်အဆိုအတိုင်းရင်း,သက္ကတ၌''ပထမ''ဟု ''ပြထ''ဓာတ်ဖြင့် ရှိသောကြောင့်ရင်း ''ပထမ''ဟု အရေးအသားပြုကြ၏၊ သို့သော် ပါဠိ၌ ''ပဌမ''ဟု ရှိသင့်ကြောင်းကို ကစ္စည်းဘာသာဋီကာ၌ (မောဂ္ဂလ္လာန်နိဿယကိုမှီ၍) ပြထားသည်။

www.dhammaransi.com



(၆၇၆) သသ္တာဒီဟိ တုဒဝေါ။ ။ပေ၊သသု = ဟိံသာဂတိသုံ၊ တုပဋ္ဌယော-သက်၊ ကွစိပေ ခါတွန္တ်ဿ- ခါတွန်(သ်)၏၊ တကားရော- တပြု၊ သတ္တု–ရန်သူ၊ ဇန=ဇနနေ၊ ဇတ္တု-ပခုံးစွန်း၊ ဒဒ=ဒါနေ၊ ဒဒ္ဒု- ပွေးနာ၊ ကုဋ္ဌ ပိမသေသော၊ နူနာအထူးတည်း၊ အဒ = ဘက္ခဏေ၊ အဒ္ဒု အချုပ်ထောင်၊ မဒ=ဥမ္မာဒေ၊ မဒ္ဒု-ယစ်မူးသူ၊ ဣစ္စာဒိ။

(၆၇၇) စျာဒီဟိ ဤဝရော။ ။ပေ၊စိ=စယေ စီခြင်း၌....၏၊ စီယတိ- စီအပ်၏၊ ဣတိ စိဝရံ-(သင်္ကန်း)မည်၏၊ပါ=ပါနေ၊ပါတိ-သောက်တတ်၏၊ ဣတိ ပီဝရော မည်၏၊ ဝိနော-ဆူဖြိုးသူ(ဝသူ)တည်း။] မောဂ္ဂလ္လာန်၌"ပီ" ဓာတ်ဖြင့် "အပီဏိ-နှစ်သိမ့်ပြီ၊ ဣတိ ပီဝရံ" ဟု ပြု၏၊] ခါ=ခါရဏေ၊ ခီဝရော၊ ပိုက်ကွန် စသည်ကို ဆောင်တတ်သူ၊ ကောဋ္ဌော – တံငါသည်၊ [ဇာလကုမိနာ ဒီနို-ပိုက်ကွန် မြှုံး စသည်တို့ကို၊ ခါရေတီတိ ခီဝရော။]

(၆၇၈) မုနာဒီဟိ စိ။ ။ပေ၊ စသဒ္ဒေန-ဖြင့်၊ ပါဠိပဒိကေဟိစ-ပါဠိ ပဒိကပုဒ်တို့မှ နောက်၌လည်း၊ ဣ-ဣပစ္စည်းသက်၊ မုန=ဉာဏေ၊ မုနာတိ- (ပစ္စုပ္ပန်လောက, တမလွန်လောကကို) သိတတ်၏၊ ဣတိ မုနိ၊ ဝါမိကာ ရာ-လိုက်သော ဝါ သဒ္ဒါကြောင့်၊ နစုဒ္ဓိ။ [အညေသုစ–သုတ်၌ လိုက်လာ သော ဝါကြောင့်၊ မုဒ္ဓ ငုဒ္ဓိမပြုရ၊] ယတ=ယတနေ- အားထုတ်ခြင်း၌....၏၊ ယတတိ-အားထုတ်တတ်၏၊ ဣတိ ယတိ– (ရဟန်း) မည်၏၊ အဂ္ဂ=ဂတိ ကောဋိလ္လေ-အသွားကောက်သည်၏အဖြစ်၌....၏၊ အဂ္ဂိ–မီး၊ ပဘ=ဂတိမှိ၊ ပတိ-လင်,အရှင်သခင်၊ သုစ= သောစ ကမ္မနိ စင်ကြယ်မှု၌....၏၊ သုစိ- စင်ကြယ်သည်၊ ရုစ=ဒိတ္တိမှိ- တောက်ပခြင်း၌....၏၊ ရုစိ-အရောင်၊ သေ= ပရိယေသနေ – ရှာမှီးခြင်း၌....၏၊ သီလဒိဂုဏေ – သီလ အစရှိသော ဂုဏ်တို့ကို၊ သေတိ – ရှာတတ်၏၊ ဣတိ ဣသိ၊ ကု=သဒ္ဒေ၊ကဝိ –ကဗျာ

---

(၆၇၆) သသတိဟိံသတိ-ညှဉ်းဆဲတတ်၏၊ဣတိ သတ္တု၊ (သဒ္ဒေသာနန္တ ရော- မိမိနိုင်ငံ၏အခြားမဲ့၌တည်သော၊ ရာဇာ-ရန်သူမင်းသည်၊ သတ္တု-မည်၏၊....အဘိ ဓာန်)၊ [''သစ=သမဝါယေ''ဟူသောဓာတ်ဖြင့်''သစတိသမေတိ-ပေါင်းစည်းတတ် ၏၊ဣတိ သတ္တု၊ယဝဒိဒိစုဏ္ဏံ-မယော စသောစပါးမျိုးတို့၏အမှုန့် (မုန့်ညက် )တည်းဟု မောဂ္ဂလ္လာန် ဆိုသေး၏၊ ''သတ္တု-မုန့်လုံး''ဟု ပေးရိုးကားမမှန်၊ပဝါရဏာ သိက္ခာပဒ အဋ္ဌကထာနှင့်ညှိ၊] ဇာယတိ-ဖြစ်တတ်၏၊ ဣတိ ဇတ္တု၊ ဇရ ဓာတ်ဖြင့် ''ဇီရတီတိ ဇတ္တု''ဟု မောဂ္ဂလ္လာန်ပြု၏၊ဒုက္ခံဒဒါတီတိဒဒ္ဒု၊ အဒတိဘက္ခတိ-ခဲစားသကဲ့သို့ဖြစ်၏၊ ဣတိ အဒ္ဒု၊ မဇ္ဇတိ-မူးယစ်၏၊ ဣတိ မဒ္ဒု၊ ဤပုဒ်၏ ပညတ်နက်ကိုမတွေ့ရ။

www.dhammaransi.com



ဆရာ၊ ဝါ-ပညာရှိ၊ဂုဒ္ဓိ-ဥကိုဩဝုဒ္ဓိပြု၊ အဝါဒေသောစ-ဩကိုအဝလည်းပြု၊ ရှ=သဒ္ဒေ၊ရဝိ-နေ၊ဒမိ-နို့ဓမ်း။ ကုဋ္ဌိ-အိမ်ငယ်။

အသု-ခေပနေ-ပစ်လွှတ်ခြင်း၌....၏၊ အသိ-သန်လျက်၊ ရာဇ=ဒိတ္တိမှို၊ ရာဇိ-အရေး၊ ဂမု၊ သပ္ပ=ဂတိမှို၊ သပ္ပိ-ထောပတ်၊ အစ္စ-ပူဇော်ယ်၊ အစ္စိ-မီးလျှံ၊ ဇုတ=ဒိတ္တိမှို၊ ဇောတိ-မီး၊ နန္ဒ-နှစ်သက်ခြင်း၊ဒီပိ-သစ်၊ကိမိ-ပိုးလောက်၊ အကာရဿ-အ၏၊ ဣတ္တံ-ဣပြု၊ တမု=ကင်္ခါယံ-ယုံမှားခြင်း၌....၏၊ တိမိ-တိမိ မည်သော ငါးကြီး၊ ဗုဓ္ဓတိ-သိတတ်၏၊ ဣတိ ဗောဓိ-

---

(၆၇၈) အဂ္ဂ၊ပေ၊ကုဋ္ဌိ-အဂ္ဂတိ ကုဋိလော ဟုတွာ ဂစ္ဆတိ-ကောက်ကောက်ကွေ့ကွေ့ဖြစ်၍သွားတတ်၏၊ဣတိအဂ္ဂိ၊ပုရတော-ရှေ့က၊ပတတိဂစ္ဆတိ-သွားတတ်၏၊ ဣတိ ပတ်၊ [ပဓာနဘာဝေနေ-ပြဋ္ဌာန်းသည်၏အဖြစ်ဖြင့်၊ ပတတိ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ဣတိ ပတိ-ဟုလည်းကြံ၊] သုစ္စတိ (ဒိဝ၊ဒိ) -စင်ကြယ်တတ်၏၊ဣတိ သုစိ-စင်ကြယ်သူ၊ဖြူစင်သောအရာ၊ အဖြူရောင်၊ ရောစတိ-ထွန်းလင်း တင့်တယ်တတ်၏၊ ဣတိ ရုစိ၊ကဝတိကထေတိ-ဖွဲ့ဆိုတတ်၏၊ဣတိ ကဝိ၊ရဝတိ ဂဇ္ဇတိ-ကြုံးဝါးတတ်၏၊ ဣတိ ရဝိ၊ ဃတံ-ထောပတ်ကို၊ အာဒဓာတိ-ဆောင်တတ်၏၊ဣတိ ဒဓ်၊ [ဓာဓာတ် ဓာဓာ ဒွေဘော်ပြု၊ရှေ့ဓာကို အဒ္ဓာသမှည့်၊ဒပြု၊ရဿပြု၊သဒ္ဒနီတိ၌ ဒဓ=ဓာရဏေ-ဓာတ်ဖြင့် ဇနဿ-၏၊တုဋ္ဌိံ-နှစ်သက်ခြင်းကို၊ ဒဓတေ-ဆောင်တတ်၏၊ ဣတိ ဒဓိ-ဟု ပြုသည်၊] ကုဋ္ဌ=ဆေဒနေ၊ကုဋ္ဌတိ ဆိန္ဒတိ-ဖြတ်တောက်တတ်၏၊ဣတိ တုဋ္ဌိ-သစ်ပင်ကိုယ်၊ရေ၊ အနက်တို့၌ ပုလ္လိင်၊အိမ်ငယ်အနက်၌ ဣတ္ထိလိင်ဟု ထေ-မနိမိ ဆို၏။

အသိ၊ပေ၊ကိမိ—အသီယတိ ခိပီယတိ-ထိုးပစ်အပ်၏၊ ဣတိ အသိ-သန်လျက်၊ (ဓားလွယ်) ဟု မောဂ္ဂလ္လာန်နိဿယသစ်၌ ပရိယာယ်ပြ၏၊ရာဇတိ ဒိပ္ပတိ-ဟောက်ပထင်ရှားဟတ်၏၊ ဣတိ ရာဇိ (ရာဇတိ ပဝတ္တတီတိ ရာဇိ-ဟု မောဂ္ဂလ္လာန်ပြု၏၊) ဝနရာဇိ-တော၊ အရေး စသည်၌ပါသောအရေးအစဉ်အတန်းတည်း၊ သပ္ပတိဂစ္ဆတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ သပ္ပိ၊ အစ္စီယတိ ပူဇီယတိ-ပူဇော်အပ်၏၊ ဣတိ အစ္စိ၊ ဇောတတိ-ထွန်းလင်းတတ်၏၊ ဣတိ ဇောတိ=မီး၊ အရောင်အဝါ၊ နန္ဒ=နန္ဒနေ၊ နန္ဒိယတေ-နှစ်သက်ခြင်း၊ နန္ဒီ-ခြင်း၊ [ၡင်းပုဒ်ကို အဘိဓာန်၌ မတွေ့၊] ဒိပ=ဒိတ္တိမှို၊ ဒိပ္ပတီတိ ဒီပိ၊ [ဤဝိဂ္ဂြဟ်ကိုလည်း အခြားကျမ်း၌ မတွေ့ရ၊] ကမ=ပဒ ဝိက္ခေပေ (ခြေလှမ်းခြင်း သွားခြင်း) ၊ကမတိ ယာတိ-ရွရွသွားတတ်၏၊ ဣတိ ကိမိ-ပိုးလောက်စသော ငယ်သောသတ္တဝါ၊ဤသို့ ကမဓာတ်ဖြင့်ပြီးသောကြောင့် အကာရဿဣတ္တံ-ဟု မိန့်သည်၊ တမတိ ကင်္ခတိမယုံမှားတတ်၏၊ ဣတိ တိမိ၊ ငါးသာမန်ကိုလည်း ဟောသည်၊ (အကို ဣပြု)၊ အဘိဓာနပ္ပဒီပိကာသူစိ၌ တိမု-ဓာတ်ဟုဆို၏။

ဗောဓိ-သဗ္ဗညုတဉာဏ် အရိယာမဂ်ကို ဟောရာ၌ ဗောဓိ သဒ္ဒါ ဣတ္ထိလိင်၊ ဗောဓိမင်းသားဟူသော ပညတ်နက်ကိုဟောရာ၌ပုလ္လိင်၊ ဗောဓိပင်ကိုဟော ရာ၌ပုလ္လိင် ဣတ္ထိလိင်ဟု အဘိဓာန်ဆို၏၊ ဤ၌ ဗုဓ္ဓတိ-ဟု ကတ္တုသာဓ် ပြုထားသောကြောင့်

www.dhammaransi.com



(မဂ်ဉာဏ်,သဗ္ဗညုတဉာဏ်)မည်၏၊ ကသ=ဝိလေခနေ- ရေးခြစ်ခြင်း၌....၏၊ ကသိ-လယ်ထွန်ခြင်း၊ ကပိ=စလနေ၊ကပိ-မျောက်သတ္တဝါ၊ကလိ-မကောင်းမှု၊ ဗလိ-အခွန်အတုပ်၊ မသိ-မင်၊ခနိ-အသံ၊ဟရိ-ရွှေ,ဗိသဏှိုးနတ်၊ အရိ-ရန်သူ၊ ဂိရိ-တောင်၊ဣစ္စာဒယော—တို့တည်း။

ပါဠိပဒိကတော ပန- မှ နောက်၌ကား၊မဟာလိ- မဟာလိမည်သောမင်း၊ ဘဒ္ဒါလိ- ဘဒ္ဒါလိမည်သောရဟန်း၊ မဏိ-ပတ္တမြား၊ အရဏိ ပွတ်ခုံ၊ တရဏိ-လှေ၊ဓရဏိ-မြေ၊သရဏိ-လမ်း,အိမ်၊ဓမနိ ဒး ကြော,ကြူရိုး အဝနိ-မြေ၊ အသနိ-မိုးကြိုး၊ဝသတိ-အိမ် ဣစ္စာဒိ။

---

သဗ္ဗညုတဉာဏ် အရိယာမဂ်ကို ရည်ရွယ်သည်ဟုသိရ၏၊သို့ဖြစ်လျှင် ဤဣပစ္စည်းသည် ဣတ္ထိလိင်၌လည်းဖြစ်သည်ဟု သိရပြန်သည်၊ [“အပစ္စယော ဏော ဒုတိယော, ဣပစ္စယော ပုမေ သိယုံ”ကား ဤဣပစ္စည်းကိုရည်ရွယ်လျှင် မဖြ-ဟုမှတ်။]

**ကသိ၊ပေ၊ဂိရိ**-ကသနံ-လယ်ထွန်ခြင်း၊ ကသိ၊ ကမ္ပတိ စလတိ-မငြိမ်မသက်, ရောက်ရက်ခတ်လှုပ်ရှားတတ်၏၊ဣတိ၊ကပိ၊“ကလ=သင်္ချာနေ၊ကလီယတိ ပမီယတိ-နှိုင်းချိန်အပ်၏၊ဣတိ ကလိ-မကောင်းမှု”ဟု မောဂ္ဂလ္လာန်ပြု၏ မြန်မာမှု၌ ဤပုဒ်ကျ၏၊ ဗလ=ပါဏနေ-အသက်ရှုရှိုက်ခြင်း၌....၏၊ဗလန္တိ ဇီဝန္တိ အနေနာတိဗလိ=အသက်ရှည်ကြောင်းအခွန်အတုပ်၊ ခန=သဒ္ဒေ၊ခနတိ နဒတိ-မြည်တတ်၏၊ဣတိ ခနိ၊ ဟရ=ဟရဏေ၊မနုညံ-နှစ်သက်ဘွယ်ကို၊ ဟရတိ-ဆောင်တတ်၏၊ ဣတိ ဟရိ-စိမ်းစိုသော အဆင်း,ရွှေအဆင်း,ဗိသဏှိုးနတ်၊ အရ=ဂတိမှိ၊အရတိ ဂစ္ဆတိ ပစ္စတ္ထိကဘာဝန္တိ အရိ-ဆန့်ကျင်ဘက်ကို အလိုရှိသူ၏ အဖြစ်သို့ ရောက်သူ, ရန်သူ၊ ဂိရိ=နိဂ္ဂိရဏေ-ထွေးအန်ခြင်း၌....၏၊ဂိရတိ နိဂ္ဂိရတိ-ဆေးမြစ်စသည်ကို ထွေးအန်တတ်,ပေါက်ပွားတတ်၏ ဣတိ ဂိရိ။ [“နိဂ္ဂိရဏေ-မျိုခြင်း”ဟု ပေးသည်ကို ဆင်ခြင်။]

**မဟာလိ၊ပေ၊ဝသတိ**-“မဟတ္တံ လာတိ ဂဏှာတိ- မြတ်သူ၏အဖြစ် (ဂုဏ်)ကို ယူတတ်၏၊ဣတိ မဟာလော”ဟု ာဟန္တ သဒ္ဒူပ ပဒ လာဓာတ် အပစ္စည်းဖြင့်ပြီးပြီး နောက်,ထိုမဟာလ ဟူသော ပါဋိပဒိကနောင် ဤသုတ်ဖြင့် ဣပစ္စည်းသက်၊ ဘဒ္ဒံ-ကောင်းသောအရာကို၊ အာလာတိ ဂဏှာတိတိ ဘဒ္ဒါလော၊ဘဒ္ဒသဒ္ဒူပပဒအာပုဗ္ဗ လာဓာတ်၊မနတိ မဟဂ္ဃဘာဝံ ဂစ္ဆတိ-အဘိုးများစွာ ထိုက်သည်၏အဖြစ်သို့ ရောက်တတ်၏၊ဣတိ မဏော (နကိုဏပြု)၍ မနဓာတ် အ စ္စည်းဖြင့်ပြီးပြီးမှ ထို“မဏ” ဟူသော ပါဋိပဒိကနောင် ဣ ပစ္စည်းသက်၊မောဂ္ဂလ္လာန်၌ကား မနဓာတ်နောင် တခါ ထည်း ဣ ပစ္စည်းသက်၊အရီယတိ ဂမီယတိ-ရောက်အပ်၏၊ ဣတိ အရဏော၊ အရ ဓာတ်နောင် ယု ပစ္စည်းဖြင့်ပြီးပြီးမှ ဣ ပစ္စည်းသက်၊ ပွတ်ခုံရ၏၊တရတိ- လွန်မြောက် တတ်၏၊ ဣတိ တရဏော၊ ဣသက်, တရဏိ၊ ဓရတိ-ဆောင်ထားတတ်၏၊ ဣတိ ဓရဏော၊ ဣသက်, ဓရဏိ၊ သရီယတေ ဂစ္ဆီယတေ-သွားအပ်၏၊ ဣတိ သရဏော၊ ဣသတ်,သရဏိ၊ဓမန္တိ တောယ ဝိဏာဒယော (စောင်း စသည်ကို တီးမှုတ်ကြောင်း)

www.dhammaransi.com



(၆၇၉) ဝိဒါဒီဟျူရော။ ။ပေ၊ ဝိဒ=လာဘေ၊ အနာသန္နတ္တာ-မနီးသည်၏ အဖြစ်ကြောင့်၊ ဝိန္ဒတုံ-ရခြင်းငှါ၊ အလံ-မထိုက်၊ ဣတိ အတ္ထေ, ဥ-ရပစ္စယော-သက်၊ ဝိဒူရော-ဝေးသောတောင်၊ ဝိဋ္ဋူရော ဝါ-လည်းရှိ၏၊ ဝိဒူရေ-ဝေးသောတောင်၌၊ ဇာတော- ဖြစ်သောရတနာသည်၊ ဝေဠူရော-မည်၏၊ မဏိ-ပတ္တမြားတည်း၊ ဝလ,ဝလ္လ=ဓာရဏဗန္ဓနေသု- ဆောင်ခြင်း,ဖွဲ့ခြင်းတို့၌....၏၊ ၈ ဝလ္လူရော-အမဲခြောက်၊ မသ=အာမသနေ-သုံးသပ်ခြင်း၌ ၏၊ မသူရော-ငါ်ရာဇာ၊ သိဒ = သိင်္ဂါရေ-တင့်တယ် စမ့်ပါယ်ခြင်း၌....၏၊ သိန္ဒူရော-ထုံးမှုန့်၊ (ဟင်းသပြဒါး)၊ နိဂ္ဂဟီတာဂမော- လာ၊ ဒူ=ဂတိမှို၊ ဒူရော-အဝေး၊ ကု=သဒ္ဒေ၊ ကူရော- ထမင်း၊ ကုပု = ဟိံသာတက္ကလဂန္ဓေသု - ညှဉ်းဆဲခြင်း, သစ်စေးနံ့တို့၌ ..၏၊ ကပ္ပူရော-ပရုပ်၊ ဒွိတ္တံ—ပဒ္ဒေဘော်လာ၊ မယ=ဂတိမှို၊ မယူရော ဥဒေါင်း။

---

ဣတိ မမနာ။ဣသက်,မမနိ၊သတ္တေ အဝတိ ရက္ခတီတိ အဝနာ,ဣသက်,အဝနိ၊အသီယတိ ခိပီယဘိ-ပစ်လွှတ်အပ်၏၊ ဣတိ အသနာ၊ ဣသက်,အသနိ၊ဝသန္တိ တ္ထောတိ ဝသတာ,ဣသက်,ဝသတိ၊ သီမူ၌“ဝသတိ”ဟုရှိ၏၊ မြန်မာမူ၌ “အသနိ”လည်းကျသည်။ (အရဏိ စသည်၌ ဤပစ္စည်းသက်၍ “အရဏီ, တရဏီ, ဓရဏီ, သရဏီ, ဓမနီ,အဝနီ,ဝသတီ-ဟုရှိလျှင် ဤသုတ်နှင့်မဆိုင်၊ မဟာလိ စသည်၌ တခါတည်း ဣ ပစ္စည်းသက်၍လည်း ပြီးနိုင်၏။)

(၆၇၉) ဝိဒူရော-“အနာသန္နတ္တာ”ဟူသော ဟိတ်ကိုထောက်၍ “အလံ-မထိုက်”ဟု ပေးလိုက်သည်၊ ပေးသည့်အတွက် ရဘို (ရောက်ဘို) ခဲယဉ်းသောတောင်တည်း၊ “လုံးလုံးမရောက်နိုင်”ဟုကား မဆိုလို၊ ထို့ကြောင့် “ဝိန္ဒိယတေ ဒုက္ခေနလဗ္ဘတေ-ခဲယဉ်းသဖြင့် ရအပ်ရောက်အပ်၏၊ဣတိ ဝိဒူရော”ဟု ဝိဂြိုဟ်ပြု၊ ဤမျှလောက်သာ ဤသုတ်နှင့် ဆိုင်သည်၊ “ဝိဒူရေ+ဇာတော,ဝေဒူရော=မဏိ”ဟူသော ဇာတတဒ္ဓိတ်ကား ဗဟုသုတ အကျိုးငှါ စကားစပ်၍ ထည့်အပ်သော ဝါကျတည်း၊ ဒကို ဠပြု၍“ဝေဠူရ=ဝေဠူရိယ”ခေါ်သောပတ္တမြားရသည်၊ [ဝိဒူရော၏နောက်၌ “ဝိဋ္ဋူရောဝါ”ဟု ပါဌ်ပျက်တွေ့ရ၏၊ သီမူ၌ “ဝိပ္ပူရော”ဟုရှိသည်၊ ထို ၂-မျိုးလုံး အဘိဓာန်၌ မတွေ့ရ။]

ဝလ္လူရ၊ပေ၊မယူရ-“သာဓာရဏ”ဟု ရှိ၏၊ သီမူ၌ “ဓာရဏ”ဟု ရှိသည်၊ “ဝလ္လီယတေ-ဓာရီယတေ (ကြာရှည်စွာ) ဆောင်ထားအပ်၏၊ (အသားစိုကဲ့သို့ ခဏနှင့်မပုတ်ဘဲ,ကြာကြာထားနိုင်သည်-ဟူလို၊) ဣတိ ဝလ္လူရော”ဟု ကြံ၊ မောဂ္ဂလ္လာန်၌ “ဝလ္လ=သံဝရဏေ၊ဝလ္လီယတိသံဝရီယတိ-စောင့်ရှောက်အပ်၏၊ ဣတိဝလ္လူရော”ဟု ဆို၏၊မသီယတိ-သုံးသပ်အပ်၏၊ဣတိ မသူရော၊ထောမနိဓိ၌ပုလ္လိင်“မသူရ”အတွက် “ကဋ္ဌာယ-စားတော်ပွဲ”ဟုရင်း ဣတ္ထိလိင်“မသူရာ”အတွက်ဝိဟိဘောဒဟုရင်းဖွင့်၏၊ ထိုဝိဟိဘောဒကိုရည်ရွယ်၍ “ပြောင်းစပါး”ဟု ပြန်ကြဟန် တူသည်၊ မောဂ္ဂလ္လာန်

www.dhammaransi.com



မဟိယံ–မြေပေါ်၌၊ ရဝတိ– တွန်တတ်၏၊ ဣတိ၀ါ– ထို့ကြောင့်လည်း၊ မယူရော–မည်၏၊ ဣတိ ဤနည်း၌....ဝဏ္ဏာဂမော- အက္ခရာသာခြင်းရှင်း၊ ဝဏ္ဏဝိပရိယတောစ–အက္ခရာ ရွှေနောက်ပြန်ခြင်းရှင်း၊ ဒွေ့ ၂ မျိုးကုန်သော၊ အပရေ–တပါးကုန်သော၊ ဝဏ္ဏဝိကာရ နာသာစ–အက္ခရာကို တမျိုးတဖုံ ပြုခြင်း, ကြေပျက်ခြင်းတို့ရှင်း၊ ဓာတုဿ–ဓာတ်၏ အတ္ထာတိ သယေန– အနက်အပိုနှင့်၊ ယောဂေါ-ယှဉ်ခြင်းရှင်း၊ဣတိ-သို့၊ ပဉ္စဝိဓံ ၅ မျိုးအပြား ရှိသော၊ တံထိုနည်းကို၊ နိရုတ္တံ· နိရုတ္တိနည်းဟူ၍၊ ဥစ္စတေ – ဆိုအပ်၏၊ [ပဉ္စဝိဓံနှင့်လိုက်အောင်''နိရုတ္တံ''ဟု ရှိစေ၊] ဣတိ ·သို့၊–ဝုတ္တ နိရုတ္တိ ပက္ခဏာ နုသာရေန-ဆိုအပ်သော နိရုတ္တိလက္ခဏာကို အစဉ်လိုက် ဖြင့်၊ တေသုဝုဒ္ဓိ တျ ဒိနာ–ဖြင့်ရှင်း၊ ကွစိ တျာဒိနာစ-ကွစိဓာတု အစရှိသော သုတ်ဖြင့်ရှင်း၊ ရူပသိဒ္ဓိ ကို၊ ဝေဒိတဗ္ဗာ–၏။

---

နိဿယ၌မူ''ဝဲရာဇာ''ဟုပြန်သည်၊သိန္ဒတိ-တင့်တယ်စမ္ပါယ်တတ်၏၊ဣတိ-သိန္ဒူရော၊ ဒူယဘော (ဒုက္ခေန ဂမီယတေ) -ဆင်းရဲစွာသွားအပ်၏၊ ဣတိဒူရော၊ [ဒု သဒ္ဒူပ ပဒ အရဓာတ် အ ပစ္စည်းဖြင့်လည်း ''ဒုက္ခေန အရီယကေ ဂမီယတေတိ ဒူရော''ဟု ပြုသေး၏၊] ကဝတိ သဒ္ဒံ ကရောတိ ဧတေနာတိ ကူရော=အသံပြုကြောင်းထမင်း၊ [အဘိဓာန်၌နပုလ္လိင် ရဿ ရုပ်ဖြင့် ''ကုရံ''ဟုရှိ၏၊] ကပတိ အတ္တနော ဂန္ဓေနအညံ့ ဂန္ဓံ ဟိံသတီတိ ကပ္ပူရော=မိမိအနံ့ဖြင့် အခြားအနံ့ကို ညှဉ်းဆဲတတ်သောပရုတ်၊ [ကပိဓာတ်ဟု ဓာတွတ္ထသင်္ဂဟဆို၏၊ မောဂ္ဂလ္လာန်၌ ကပ္ပဓာတ်ဖြင့်''တုဋ္ဌိ-နှစ်သက် ခြင်းကို၊ဥပ္ပါဒေတုံ-၄၊ ကပ္ပတိ သက္ကောတိ- စွမ်းနိုင်၏''ဟုပြု၏၊] မယတိ ဂစ္ဆတီတိ မယူရော=သွားတတ်သော ဥဒေါင်း၊ [ချာသ၌''ဘူမိံ မဟန္တော-မြေကိုပူဇော်လျက်+ ယာတိ-သွားတတ်၏''အရ ''မဘာယ''ဟု ဆိုလိုလျက် တေသုဝုဒ္ဓိဖြင့် ဟချေ, မယ နောင် ဥ၊ရသက်''ဟုဆိုသေး၏၊]

မဟိယံ၊ ပေ၊ မယူရောတိ၊ ပေ၊ ဝေဒိတဗ္ဗာ-မဟီ သဒ္ဒူပပဒ ''ရု = သဒ္ဒေ'' ဟူသောဓာတ်နောင် ကွိပစ္စည်းဖြင့်''မဟီရု''ဟု ပြီးသင့်လျက်, တေသုဝုဒ္ဓိ သုတ်ဖြင့် (ထိုသုတ်၌ ဝိကာရ-အရ) ဟကို ယပြု, (ထိုသုတ်၌ အာဒေသ-အရ) ဤကိုဥ၊ ပြု၍ရှင်း, ဓာတ်အရာ၌ ကွစိဓာတုဖြင့် ရု၌ ဥကို အ-ပြု၍ရှင်း''မယူရ''ဟုပြီးရသည်၊ထို့ကြောင့် ''တေသုဝုဒ္ဓိ တျာဒိနာ ကွစိတျာဒိနာ စ''ဟု သုတ် ၂ ခုကိုပြထားသည်၊ [နည်း၄၀ ၌ကား ''မဟိယံ ရဝတိ''ကို အတ္ထာတိသယနည်းဟု ဆိုလေ၏၊ မဟိယံ ရဝတီတိ မယူရောတိပိ ပဒ္ဒန္တိ၊ တဒါ ပန် မဟီ သဒ္ဒူပ ပဒ, ရု=သဒ္ဒေတိ မဿရုပံ'' ဟူသော ချာသနှင့်မညီ၊နိရုတ္တိ လက္ခဏာ ၅ မျိုးအကျယ်ကို ကစ္စည်းဘာသာဋီကာ, တဒ္ဓိတ်- တေသုဝုဒ္ဓိသုတ်အဖွင့်၌ ပြထားသည်။]

www.dhammaransi.com



ဥဒိ=ပသဝန ကျေဒနေသု-ပွားစေခြင်း, စိုစွတ်ခြင်းတို့၌....၏၊ ဥဒ္ဒိတို့ မြေကို တိုးပွားစေခြင်းငှါ၊ အလံ(သမတ္ထော)- စွမ်းနိုင်၏၊ ဣတိ ဥဒ္ဒုလျှောရော-(ကြွက်)မည်၏၊ ခဇ္ဇ=ဘက္ခဏေ၊ ခါဒိတုံ-ခဲစားခြင်းငှါ၊ အလံ ထိုက်၏၊ ဣတိ ခဇ္ဇုလျှောရော-(စွန်ပလွန်ပင်)မည်၏၊ ကုရ=အက္ကောသေ၊ အက္ကောသိတုံ-ဆဲရေးခြင်းငှါ၊ အလံ-ထိုက်၏၊ ဣတိ ကုရူရော- (ကြမ်းတန်းသူ) မည်၏၊ သု=ဟိံသာယံ၊ သူရော ရဲရင့်သူ၊ ဝါ-နေ။

(၆၀၀) **ဟနာဒီဟိ ဏု နုတဝေါ။** ။ဟန၊ ပေ၊ ဏု နု တု ဣတိ ဧတေ ပစ္စယာ ဟောန္တိ၊ ဏုပစ္စယေ-(ဥဒါဟရဏံ)၊ ဟန = ဟိံသာ ဂတိသု၊ ဝါတဝ္ဂတ္ထလောပ ဝီဃာ၊ [ဟနု၌ ကွစိဒါတုဖြင့် ဓာတွန်(န်)ကိုချေ၊ ဇာနု၌ ဓာတွန်(န်)ကိုချေ၍ ဟ၏ အကို ဒီဃပြု-ဟူလို၊ ဝါတဝ္ဂတ္ထလောပေါ, ဒီဃော- ဟုလည်း ရှိ၏၊] ဟနတိ ညှဉ်းဆဲတတ်၏၊ ဣတိ ဟာဏု (မေး)၊ ဇန-ဇနနေ၊ ဇာယတိ-ဖြစ်တတ်၏၊ ဣတိ ဇာဏု။ [မြန်မာမှု၌ ကျသည်၊] ဘာ=ဒိတ္တိမှိ၊ ဘာတိ- တောက်ပတတ်၏၊ ဣတိ ဘာဏု (အရောင်)၊ ရီ= သန္တာနေ - အစဉ်ပြုခြင်း၌....၏၊ ရယတိ - အစဉ်ပြုတတ်၏၊ ဣတိ ရေဏု၊ ရဇော-မြူမှုန်တည်း၊ ခနု=အဝဒါရဏေ၊ ခန္တိ(ခနတိ)-တူးဖောက်တတ်၏။

---

ဥန္ဒုရော၊ပေ၊သူရော-ပံသုံ-မြေမှုန်ကို၊ဥန္ဒတိ ပသဝတိ-ပွားစေတတ်၏ (ပွလာစေတတ်)၏၊ တနည်း-ဥန္ဒတိ ကျေဒတိ-စိုထိုင်းထိုင်းဖြစ်အောင် ပြုတတ်၏၊ ဣတိ ဥန္ဒုရော၊ခဇ္ဇိယတေဘက္ခိယတေ-စားအပ်၏၊ (မောဂ္ဂလ္လာန်၌"ခဇ္ဇ=မဇ္ဇနေ-ပွတ်တိုက်ခြင်း။ခဇ္ဇိယတေ-သုတ်သင်အပ်၏"ဟုဆို၏။) ဣတိ ခဇ္ဇုရော။ အက္ကောသိတုံ+အလံ-ဆဲရေးထိုက်"ဟု ဆိုသဖြင့် "ကုရီယတေ-ဆဲရေးထိုက်၏၊ ဣတိ ကုရူရော" ဟုပြု။ "ကုရတီတိ ကုရူရော"ဟုကတ္တုသာဓ်လည်းပြုကြ၏၊မောဂ္ဂလ္လာန်၌ကားကချဓာတ်ဖြင့် က၏ အ ကိုဥပြု၍"ကိမ္ပိသံ-ကြမ်းကြုတ်မှုကို၊ကရောတီတိကုရူရော"ဟုပြု၏၊သုနာတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ သူရော၊ ဤသို့ဖြစ်သင့်ရာ ဝိဂ္ဂဟ်ကိုပြဘို့ရန် "ဥဒ္ဒိတို့ အလံ"စသည်ဖြင့် ဝိဂ္ဂဟ်ပြသည်။

(၆၀၀) မူကွဲပုံ။ ။သီဟိုဠ်မူ၌ "ဏု နု တဝေါ"ဟု မဒ္ဒ ဏု ကိုရှေ့ထား၍ "ဏ္ဍု ပစ္စယေ,ဟန=ဟိံသာဂတိသု"ဟုစချီပြီးလျှင်"ဟာဏု, ဇာဏု, ဘာဏု"နှင့်တကွ "အဏု"တိုင်အောင်ဏုပစ္စည်း၏ပုံစံများကိုပြ၏၊ "နု ပစ္စယေ, ဝေ=တန္တသန္တာနေ၊ ဝယတီတိ ဝေနု,ဝေဏု"ဝါ၊ပေ၊ဘာနု"ဟု နုပစ္စည်း၏ ပုံစံကိုပြ၏ ထို သီဟိုဠ်မူ၌ကား ရှင်းပေ၏၊ သို့သော် ဟန စသည်၌ သဉ္ဇာတဝယ် ဒန္တဇနဖြင့်သာ ရှိသည်၊ မြန်မာမှု၌လည်း ဏုပစ္စည်း,နုပစ္စည်း မခြားနားဘဲ ရှုပ်ထွေးနေ၏၊ ထို့ကြောင့် စာသွားရှင်းသော သီမူအတိုင်းရေးလိုက်သည်။

www.dhammaransi.com



ဝါ,ခညာဘိ·တူးဖော်အပ်၏၊ ဣတိ ခါတု (သင်္ဂုတ်)၊ အ ခ-ဂဘျာဒီသု-ဂတိ အစရှိသော အနက်တို့၌....၏၊ အမတိ· သွားတတ်၏၊ ဣတိ အဏု ၊အဏုမြူ ၊ ခါတွန္တလောပေါ-ခါတွန်(မ်) ကိုချေ၊ နုပစ္စယေ-၌ (ဥဒါ ဟရဏံ)၊ ဝေ=တန္တ သန္တာနေ၊ ဝယတိ၊ အမြှင် အဝဉ်ကို ပြုတတ်၏၊ ဣတိ ဝေနု- (ဝါး)၊ ဝေနုဝါ၊ ဏုပစ္စည်းဖြင့် ဝေဏုလည်း ရှိ၏၊ ခေ=ပါနေ၊ ခါယတိ ဝစ္ဆံ ပါယေတိ-နွားငယ်ကို နို့သောက်စေတတ်၊နို့တိုက်တတ်)၏၊ဣတိ ခေနု-၊မွေးပြီးသောနွားမ၊ ။ [ဤနေရာ၌"ဘာတီတိဘာနု" ဟုရှိပြန်၏၊ဏုပစ္စည်း နုပစ္စည်းဖြင့် ၂-မျိုးရှိသောကြောင့် ပြဟန်တူသည်။]

တုပစ္စယေ-၌(ဥဒါဟရဏံ)၊ ခါ ခေရဏေ၊ ကြိယံ-ကို၊ဝါ,လက္ခဏံ-မိမိလက္ခဏာကို၊ ခါရေတိ·၏၊ ဣတိ ခါတု(ခါတ်)၊ သိ=ဗန္ဓနေ၊ သိယတိ ဗန္ဓီယတိ ဖွဲ့အပ်၏၊ ဣတိ သေတု (ရေကာ တာရိုး, တံတား)၊ ကိ=ခေန ဝိယောဂေ ဥစ္စာ ကင်းခြင်း၌....၏။ ["ဥန္နတိမှိ· မြင့်တက်ခြင်း၌" ဟုလည်းရှိ၏၊] ဥဒ္ဓံ-အထက်သို့၊ ဂစ္ဆတိ· မြင့်တက်သွားတတ်၏၊ ဣတိ ကေတု (တန်ခွန်, အလံ,မှန်ကင်း)၊ ဟိ=ဂတိမှိ၊ ဟိနောတိ-ဖြစ်တတ်၏၊ ဣတိ ဟေတု (အကြောင်း)၊ ဇန=ဇနနေ၊ ဇာယတိ·ကံကြောင့်ဖြစ်တတ်၏၊ ဣတိ ဇန္တု(သတ္တဝါ)၊ တနု=ဝိတ္ထာရေ၊ တနောတိ-ချဲ့ထွင်တတ်၏၊ ဣတိ တန္တု-ချည်မျှင်၊ ဝသ=နိဝါသေ၊ တဒါယတ္တ ဝုတ္တိတာယ ထိုနှင့် စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊တွေ-ဤအကြောင်း၌၊ဖလံ-အကျိုးသည်၊ ဝသတိ-တည်နေ၏၊ ဣတိ ဝတ္ထု(တည်ရာ) ကွစာဒိနာ-ဖြင့်၊ သတကာရ သံယောဂဿ-သ္တ သံယုဂ်၏၊ တ္ထာဒေသော-တ္ထပြု။

---

ဝယတိ,ခါယတိ,ကေတု,ဝတ္ထု။ ။ဥဝခါတ်,ခေခါတ်ဟုကောရန္တခါတ်ချင်း တူသော်လည်း ဥဝနှ၌ ကာရိတ်မဝင်သောကြောင့် "ဝယတိ"ဟုရင်း, ကာရိတ် ဝင်၍"ခါယတိ"ဟုရင်းပါဠိမှန်ရှိရသည်၊"ကို=ခေန ဝိယောဂေ" အရာဝယ်နျာသ၌ "ခေနဝိယောဂေ,ဥန္နတိမှိ"ဟု ၂-မျိုးရှိ၏၊ထိုတွင်နောက်အနက်သာဤနေရာနှင့်လျော် သည်၊ဝတ္ထုပုဒ်၌လည်း"ဝသိတုံတွေ့ အလံ၊ပေ၊သာသာဒိဟိရတ္ထုံ။တိ ရတ္ထုံ၊ပစ္စယော, ရာဒိလောပေါ စ" ဟူသော မြန်မာမှုအရာ၌ "ဝသတိ တွေ့ ဖလံ၊ ပေ၊ ကွစာဒိနာ သတကာရ သံယောဂဿ တ္ထာဒေသော"ဟု သီမှုရှိပြန်၏၊တုပစ္စည်းကိုပြရာ အခဏ်း ဖြစ်၍ သီမှုအတိုင်းသာကောင်းသည်၊ဝတ္ထုကဲ့သို့ "ဝသ်တု"ဟု ဖြစ်သည့်အခါ ကွစိ ခါတုဖြင့်သ္တ သံယုတ်ကို ထ္ထပြုပါ-ဟုဆိုလိုသည်။ [ဝသ်ခါတ်နောင်ရတ္ထုံပစ္စည်းသက် ရာဒိလောပဖြင့်"ဝတ္ထု"ဟုပြီးသောနည်းကား ဤသုတ်နှင့်မဆိုင်။]

www.dhammaransi.com



(၆၇၁) ကုဋ္ဌာဒီဟိ ဌော။ ပေ၊ ကုဋ္ဌ=ဆေဒနေ၊ ကုဋ္ဌတိ ဆိန္ဒတိ-ဖြတ်တတ်၏၊ ဣတိ ကုဋ္ဌော၊ ဗျာဓိ နူနာတည်း။[ကုဋ္ဌ်+ဌ၊ ဋ္ဌ်ကို ဌ်သို့ကပ်ရုံသာ· ပါဠိ-သက္ကတတို့၌ "ကုဋ္ဌ"ဟု နပုံလိင်ရှိ၏၊] ကုသ=ဆေဒန ပူရဏဂန္ဓေသု-ဖြတ်ခြင်း, ပြည့်ခြင်း, ထင်ရှား ပြခြင်းတို့၌....၏၊ ကုသတိ-ဖြတ်တတ်၏၊ ဣတိ ကောဋ္ဌော၊ ဥဒရံ-ဝမ်းတည်း၊ (ဘတ္တလော ဒွိတ္တာနိ။ [ကွစိဒါတုဖြင့် ဓာတွန်(သ်)ချေ၊ ဋ္ဌ ဒွေဘော်သား] ကဋ္ဌ=မဒ္ဒနေ-နှိပ်နင်းခြင်း၌...၏၊ ကဋ္ဌတိ မဒ္ဒတိ-နှိပ်နင်းတတ်၏၊ ဣဘိ ကဋ္ဌံ(ထင်း) ကဏ-နိမီလနေ- မျက်စိမှိတ်ခြင်း၌ ၏ ကဏ္ဍော- လည်မျို။ [ကဏဓာတ်ဖြင့် ကဏ္ဍ၏ ဝိဂ္ဂဟကိုမတွေ့ရ၊ ကမုဓာတ်ဖြင့် "သြဒနာဒီနိ - ထမင်းအစရှိသော အစာတို့ကို၊ ကာမေတိ လိုလားတတ်၏"ဟုရင်း, ကံသဒ္ဒါပုဒ ပဒ ဌာဓာတ် ဖြင့် "ကံ(သီသံ)ဌာ ဘိ(တိဋ္ဌတိ)တွေ့"ဟုရင်း တွေ့ရသည်။]

(၆၇၂) မနု၊ ပေ၊ သာ။ ၊ပေ၊ မနု=ဗောဓနေ — သိခြင်း၌....၏။ [ဥဏာနုသာ-ဥဏာနုသပစ္စည်းတို့သည်(ဟောက္ခ), သီ၌ ပါသည်၊] မနတေ ဇာနာတိ-သိတတ်၏၊ ဣဟ် မနုဿော မည်၏၊ မာနုသော ဝါ- မာနုသော လည်း မည်၏၊ ဓာတွန္တဿ ဟောန်(နုံ)၏ အ တ္တံ·အာပြု။ [ကွစိဒါတု ဖြင့်ဖြစ်စေ, ဇာဒိနုဿ·ဟူသော ယောဂဝိဘာဂ ဖြင့် ဖြစ်စေ အာပြု၊]ပူရ=ဒါနပူရဏေသု-ပေးခြင်း, ပြည့်ခြင်းတို့၌....၏ ပူရတ်· ပြည့်တတ်၏၊ ဣတိ ပုရိသော၊ ရဿတ္တံ -- ရဿပြု၊ [ကွစိဒါတုဖြင့် ပူ၌ ရဿပြု၊] 'ပေါသော-ယေ ကျွား၊ ရက ရိကာနုနံ - ပေးကွရာ, ဣအကူရာတို့ကို၊ ပေး ပါ-ချေ၊ ဂုဒ္ဓိပ-လည်းပြု။ [ပူရဓာတ် ဣသပစ္စည်း၊ ကွစိဒ တုဖြင့် ရနှင့် ဣချေ, အညေသုဖြင့် ဝုဒ္ဓိပြု၍ "ပေါသ" ဟု ဖြသည်ဟူလို၊ 'ပေါသယတိ-မိဘတို့ကို မွေးမြူတတ်၏၊ ဣတိ ပေါသော-သားယောကျ်ားဟု ဆိုလျှင် ပုသဓာတ် ဏပစ္စည်း ဖြင့် ပြီး၏၊] ပုရိ-မြင့်မြတ်သော အရာ၌။ [''ပုရေ= ဥစ္စဋ္ဌာနေ" ဟု တချို့စာရှိ၏၊] သေတ်· နေတတ်ဖြစ်တတ်၏၊ ဣတိပ်-ထို့ကြောင့်လည်း၊ ပုရိသော-၏၊ [ပုရိ သဒ္ဒါပုဒ သိဓာတ်, အပစ္စည်း, ဤသုတ်နှင့် မဆိုင်။]

သုဏ=ဟိံသာ ကုလသန္တာနေသု-ညှဉ်းဆဲခြင်း, အမျိုးအစဉ် ပြုခြင်းတို့၌....၏၊ သုဏတိ (ကုလံ သန္ဒဟတိ)- အမျိုးကို ဆက်စပ်တတ်၏၊ ဣတိ သုဏိသာ (ချွေးမ)။ [ချွေးမက သားသမီးပေါက်ဖွားသဖြင့် အမျိုးဆက်မိသောကြောင့် ချွေးမကို အမျိုးဆက်ပေးတတ်သူ- ဟု ဆိုသည်၊] ကု=

www.dhammaransi.com



ကုစ္ဆိတေ- ကွဲရဲ့စက်ဆုပ်ခြင်း၌....၏၊ ကဝိယတိ- စက်ဆုပ်အပ်၏။ [သီဝ်၌ "ဂရဟီယတိ ကွဲရဲ့အပ်၏"] ဣတိ ကရီသံ၊ မလံ- ကျင်ကြီး အညစ်အကြေးတည်း၊ ကုဿ- ကု၏၊ ကရတ္တံ-ကရပြု၊ ဇိဃောစ - ဣကိုလည်း ဤ ဒီဃပြု။ [ကွစိခါတုဖြင့်ပြု၊] သု=ဟိံသာယံ၊ အန္ဓကာရ ဝိ မနေန- အမိုက်မှောင်ကို ပယ်ဖျောက်သော အားဖြင့်၊ သတ္တာနံ- တို့၏၊ ဘယံ- ကြောက်ခြင်းကို၊ ဟိံသတိ- ညှဉ်းဆဲတတ်(ဖျက်ဆီးတတ်)၏၊ ဣတိ သုရိယော၊ ရကာရာဂမော-ရလာ၊ သကာရဿ သ၏၊ ယတ္တဉ္စ- ယလည်းပြု။ [သု+ဣသ၊ တေသုဝုဒ္ဓိဖြင့်ဖြစ်စေ, ယ ဝ မ ဒ န ဖြင့် ဖြစ်စေ ရအက္ခရာလာ ကွစိခါတုဖြင့် သကို ယပြု၊ "သူရံ—ရဲရင့်ခြင်းကို+ဇနေတိ--၏"ဟု ဆိုလျှင် ဇနေတိ တဒ္ဓိတ်, ဣယပစ္စည်းတည်း၊ အဘိဓာန်တို့၌ "သူ"ဟုလည်း ဒီဃ ဖြင့်ရှိသည်၊] မဟ=ပူဇာယံ၊ မဟတိ--(အရှင့်ကို လုပ်ကျွေးသောအားဖြင့်) ပူဇော်တတ်၏၊ ဣတိ မဟိသော(ကျွဲ)မဟိယံ-မြေ၌ သေတိ အိပ်တတ်၏၊ ဣတိပိ မဟိသော။ [ဤနည်းကား ဤသုတ်နှင့် မဆိုင်၊ မဟီ သဒ္ဒူပပဒ သိဓာတ်, အပစ္စည်း, ဟီ၌ ရဿပြု၊ နိဂ္ဂဟိတ်လာ၍ "မဟိံသော" ဟု ပါဠိအရှိများ၏၊] သိ=ဗန္ဓနေ၊ သိယတိ ဗန္ဓိယတိ- ဖွဲ့အပ်၏၊ ဣတိ သီသံ (ဦးခေါင်း)ဣစ္စာဒိ။

(၆၇၃)အက္ခရေဟိ ကာရ။ ။အက္ခရေဟိ (အက္ခရ ဝါစကေဟိ ဝဏ္ဏေဟိ)—အက္ခရာကို ဟောသော ဝဏ္ဏတို့မှနောက်၌၊ ကာရပစ္စယော ဟောတိ၊တဒ္ဓိတာဒိ သုတ္တေ၌၊ စဂ္ဂဟဏေန-ဖြင့်၊ နာမဗျပဒေသေ-နာမ်ငဲ့ပြီးသော်၊ သျာဒျုပ္ပတ္တိ-သတ်၊ အကာရော- အအက္ခရာသည်၊ အကာရံ—ကို၊ အကာရေန—ဖြင့်၊ ဣစ္စာဒိ၊ အာကာရော—အာ အက္ခရာ, ဣကာရော,

---

(၆၇၃) အက္ခရေဟိ၊ပေ၊ဝဏ္ဏေဟိ - (မြန်မာမှု၌ ဤသုတ် ကျနေသည်၊) အက္ခရေဟိကို "အက္ခရဝါစကေဟိ ဝဏ္ဏေဟိ"ဟု ဖွင့်သည်၊အ,အာ,က,ခ စသော အက္ခရာကိုဟောသော အ,အာ စသော ဝဏ္ဏတို့နောင် ဤသုတ်ဖြင့် ကာရပစ္စည်း သက်၍ "အကာရ"စသည် ဖြစ်သောအခါ ပစ္စယန္တနောင်ဖြစ်၍ နာမ်ငဲ့ပြီးမှ ဝိဘတ် သက်နိုင်မည်၊ ထိုသို့နာမ်ငဲ့ရာ၌ အ-သည် ပုဒ်မဟုတ်၍ ပုဒ်နှင့် ပစ္စည်း ချဉ်းသော တဒ္ဓိတ်မဟုတ်, ဓာတ်နှင့်ပစ္စည်းချဉ်းသောကိတ်လည်းမဟုတ်, သမာသ်လည်းမဟုတ်, ပစ္စယန္တ နာမ်ပုဒ်တမျိုး ဖြစ်သောကြောင့် "တဒ္ဓိတသမာသ" သုတ်လာ စ သဒ္ဒါဖြင့် နာမ်ငဲ့-ဟုဆိုလိုဟန်တူသည်၊ ချာသ၌ကား "အ-စသည်ကို ပါဠိပဒိက"ဟုဆို၏၊ ထိုအလို(အ) ပုဒ်နှင့် ကာရပစ္စည်းစပ်သောကြောင့် "အကာရော"စသည်တို့ တဒ္ဓိတ် ပုဒ်တည်း။

www.dhammaransi.com



က ကာရော, သ ကာရော, ဟ ကာရော. ဋ္ဌ ကာရော- ဋ္ဌအက္ခရာ၊ ဧဝ ကာရာဒိသု ပန ဧဝကာရ အစရှိသည်တို့၌ကား၊ ကရီယတိ ဉစ္စာရီယတိ- ရွတ်ဆိုအပ်၏၊ ဣတိ, ကာရော-မည်၏ သဒ္ဒေါ-သဒ္ဒါတည်း၊ ဝါ- အသံ တည်း၊ ဧဝ စ ဧဝလည်း ဟုတ်၏၊ သော-ထို ဧဝ ဟူသည်၊ ကာရောစ- ရွတ်ဆိုအပ်သော သဒ္ဒါလည်း ဟုတ်၏၊ ဣတိ, ဧဝကာရော-မည်၏၊ ဧဝံ, ဧကာရော-ဧဟူသော အသံ၊ ဟုံကာရော-ဟုံဟူသောအသံ၊ သာဓုကာရော- သာဓုဟူသော အသံ။

ဂမိဿာဒီတိ- ဂမိဿန္တော ဇွော ဝါ ဟူ၍၎င်း၊ ဟနဘျာဒီတိစ- ဟနတျာဒိနံ ဏုကော ဟူ၍၎င်း၊ ဉာပကာ- ဉာပကသုတ်ကြောင့်၊ ဇွော- ဤကပစ္စည်း၌၊ ဓာတုနိဒ္ဒေသေ ဓာတ်ကို ညွှန်ပြခြင်းကို၊ (ကတ္တဗ္ဗေ ပြုထိုက် သော်၊ ဝါ- ပြုထိုက်ရာ၌၊) ဣကာရော- ဣပစ္စည်းသည်၎င်း၊ ဝိကရဏာ နွိတော- ဝိကရဏ ပစ္စည်းသို့ အစဉ်လိုက်သော၊ တိစ -တိပစ္စည်းသည်၎င်း၊ ဘဝတိ-ဖြစ်၏၊

ဥဏာဒိ ပစ္စယန္တနယော- သည်(နိဋ္ဌိတော-ပြီ။)

ဧဝကာရာဒီသု၊ပေ၊သာဓုကာရော-ဧဝ စသည်တို့သည် အက္ခရာမဟုတ်ကြ, ပုဒ်ဖြစ်နေ၏၊သို့ဖြစ်လျှင်“ဧဝကာရ”စသည်၌ ဤသုတ်ဖြင့်ကာရပစ္စည်းမသက်နိုင်ရာ, အဘယ်သို့မှတ်ရပါမည်နည်း-ဟု မေးဘွယ်ရှိ၍“ဧဝကာ ရော ပန”စသည်မိန့်၊ဓာတ်နံ အနေကတ္ထတ္တာ-ဓာတ်တို့၏ အနက်များစွာကို ဟောနိုင်သောကြောင့် ကရဓာတ်၏ ဉစ္စာရဏအနက်ကိုယူ၍ “ကရီယတိ ဉစ္စာရီယတီတိ ကာရော (သဒ္ဒါ-အသံရ၏) ၊ဧဝ စ+သော+ကာရော စာတိ ဧဝကာရော=ဧဝသဒ္ဒါ၊ သာဓုကာရော-သာဓုသံ”ဟု ပြစ်သည်-ဟူလို။ [“သာဓုဣတိကာရော (ဆိုအပ်သောအသံတည်း) သာဓုကာရော- သာဓုဟု ဆိုအပ်သောအသံ”ဟူလည်း ဝိဂ္ဂြိုဟ်ပြုကြသေး၏၊] မောဂ္ဂလ္လာန်၌ကား “ကရဏံ-ရွတ်ဆိုခြင်း၊ ကာရော-ခြင်း၊ အဿ-အ သဒ္ဒါကို+ကာရော-ရွတ်ဆိုခြင်း သည်၊အကာရော-မည်၏”ဟု ပြု၍ ဧဝကာရ စသည်ကဲ့သို့ “အကာရ” စသည် ကိုလည်း သမာသ်ပုဒ်ဟုကြံသည်။

ဣကာရော၊ပေ၊ဉာပကာ-“ဓာတုနိဒ္ဒေသေ ကတ္တဗ္ဗေ ဣကာရော ဣ ပစ္စယော ဝိကရဏာနွိတော ဝိကရဏပစ္စယာနုဂတော တိပစ္စယော ဘဝတိ”ဟု ဋီကာဖွင့်သော ကြောင့်“ဣကာရောဓာတုနိဒ္ဒေသေ,ဝိကရဏာနွိတော တိစ၊ဘဝတေတ္ထ ဂမိဿာဒိ, ဟနတျာဒိတိ စ ဉာပကာ”ဟု ပါဌ်မှန်ရှိစေ၊ဤဂါထာ၌ကား ဓာတုနိဒ္ဒေသ အရာဝယ် ဓာတ်နောင် ဣပစ္စည်း တိ ပစ္စည်းများသက်နိုင်ကြောင်းကို ပြသော ဂါထာတည်း၊ ဂမိဿန္တော ဇွော ဝါ=ဟနတျာဒိနံ ဏုကော-စသော သုတ်များသည် ထိုကဲ့သို့ သက်နိုင်ကြောင်းကို သိစေသောဉာပကသုတ်များတည်း။

www.dhammaransi.com



**ကိတ်ကသင်္ဂဟ** တဗ္ဗာဒီ–တဗ္ဗ အစရှိသော ကိစ္စ ပစ္စည်းတို့ရင်း၊ ဏာ ဒယော–ဏာ အစရှိသော တေဏာလိက ပစ္စည်းတို့ရင်း၊ နိဋ္ဌာ–တ တဝန္တု တာဝီဟူသော နိဋ္ဌပစ္စည်းတို့ရင်း၊ တဝေတုနာဒယော– တဝေ, တုန အစရှိသော နိပါတ် ပစ္စည်းတို့ရင်း၊ တထာ–ထိုမှတပါး၊ မာနန္တာဒီ– မာန, အန္တ အစရှိသော ပစ္စည်းတို့ရင်း၊ ဥဏာဒီ–ဥဏာဒ် ပစ္စည်းတို့ရင်း၊ ဣတိ–ဤသို့၊ ကိဟာက သင်္ဂဟော–ကိတ ပစ္စည်းတို့ကို သိမ်းယူရာ အခဏ်းသည်၊ ဆခာ-၆-ပါးပြား၏။

## ကျွမ်းပြီးနိဂုံး

**အခဏ်း၇ပါး** သန္ဓိ – သန္ဓိခဏ်းရင်း၊ နာမံ–ရင်း၊ ကာရကံစ–ရင်း၊ သမာသော–ရင်း၊ တဒ္ဓိတံ–ရင်း၊တသ ာ–ပါး၊ အာချာတံ ရင်း၊ ကိတကံ-ကိတ်ခဏ်းရင်း၊ ဣတိ၊သို့၊ ရူပသိဒ္ဓိယံ–ရူပသိဒ္ဓိ၌၊ ကဏ္ဍာ– အခဏ်းတို့သည်၊ ဣမေ သတ္တ–ဤအခဏ်းတို့တည်း။

---

မှန်၏–“ဂမိဿ=ဂမုဓာတ်၏”ဟုပေးရာ၌ဂမိဿကို ဂမုတည်,ဓာတ်တွန်ချေ, ကွစ်ခဓာတုဖြင့်ဣ ပစ္စည်းသက်, မ်-ဣဘဝ်, နာမ်ငဲ့, သ သက်, ဂမိဿ-ဟုဖြစ်၏။ တိပစ္စည်းသက်ရာ၌ကား အ-စသော ဝိကရဏပစ္စည်းလည်းသက်ရသည်၊ထို့ကြောင့် “ဝိကရဏာန္တိတော တိစ”ဟု မိန့်သည်၊ ဟနတိကို ဟနတည်,ဓာတွန်ချေ, ဘူဝါဒိ တောအ-ယောဂဝိဘာဂဖြင့်အပစ္စည်းသက်,သုတ်ကြီးဖြင့် တိပစ္စည်းသက်, ဟနတ်ပြီး ၏၊သုဏောတိဿ-သုဓာတ်၏၊ကရောဘိဿ-ကရဓာတ်၏,စသည်လည်း နည်းတူ။

မောဂ္ဂလ္လာန်၌လည်း ‘ဣ ကိ တိ သရူပေ’ ဟုသုတ်တည်၏၊သရူပေ-ဓာတ်သရုပ်ကို အဘိဓေယျေ-ဟောအပ် ဟောထိုက်သော်၊ကြိယတ္ထာ-ဓာတ်မှ နောက်၌၊ ဣ ကိ တိ- ဣပစ္စည်း, (ကအနုဗန်ရှိသော) ကိပစ္စည်း,တိပစ္စည်းတို့သည်၊ဟောန္တိ (သုတ်နက်)၊ ရူပသိဒ္ဓိ၌ ကိပစ္စည်းကို ဣပစ္စည်း၌သွင်း၍ဣ-တိ ၂ ပစ္စည်းကိုသာဂါထာ၌ပြထားသည်၊ တိပစ္စည်းသက်ရာ၌ ဝိကရဏပစ္စည်းသို့ အစဉ်လိုက်သည်-ဟုဆိုသော်လည်း ဂဏ်မုဒ္ဓ- မတိ ဗုဓိ စသည်တို့၌ ဝိကရဏပစ္စည်း မပါဘဲ တိပစ္စည်းသာ သက်သည်ကိုလည်း တွေ့ရ၏၊ ယခုကာလ၌ကား သိလာဃသုတ်လာ “ဂိဏ”ကိုထောက်၍ ဏာအက္ခရာ ဖြင့်ရင်း,အချို့အက္ခရာ၌ ဉ အက္ခရာဖြင့် ရင်းဓာတ်ကိုညွှန်ပြသည်-ဟုဆိုကြသေး၏။ ]

တဗ္ဗာဒိ၊ ပေ၊ ကိတက သင်္ဂဟော-ကိစ္စပစ္စယန္တနယော,တေကာလိက ပစ္စယန္တ နယော-စသည်ဖြင့် ဥဏာဒိပစ္စယန္တနယော တိုင်အောင်ပြခဲ့သော ၆ ခဏ်း၌ သင်္ဂဟ ဂါထာတည်း၊ဤဂါထာဆုံးလျှင် ကိတ်ခဏ်းကုန်ပြီးဖြစ်၍ “ဣတိ ရူပသိဒ္ဓိယံ ကိတဗ္ဗိ- ဓာနကဏ္ဍော သတ္တမော” ဟူသော နိဂုံးဝါကျသည် ဤနေရာ၌ရှိလျှင် သာ၍ သင့် မည် ထင်သည်။

သန္ဓိနာမံ၊ ပေ၊ ရူပသိဒ္ဓိယံ-ဤဂါထာကား ရူပသိဒ္ဓိ၌ အခဏ်းပေါင်း ၇ ခဏ်း ရှိကြောင်းကို ပြသော သင်္ဂဟဂါထာတည်း၊ဤဂါထာမှစ၍ ကျွမ်းပြီး နိဂုံးကိုပြသည်။

www.dhammaransi.com



ကျမ္းဆရာ၏အာသီသ တေစာ· ၃ ပါး အပြားအားဖြင့်၊သန္ဓိ-သန္ဓိကိုရင်း စတုဒ္ဒါ· ၄ပါးအပြားအားဖြင့်၊ပဒမပိ-ပုဒ်ကိုရင်း၊ စတုစာ·၄ ပါး အပြားအားဖြင့်ရင်း၊ ပဥ္စစာ··ရင်း၊ နာမိကဥ္စ-နာမ်ကိုရင်း၊ ဗျာသခ-တခုယုတ် သုံးဆယ် အကျယ်အားဖြင့်၊ဆက္ကာရကံ-ကာရက၆ပါးကို ရင်း၊ ဗျာသာ-၃၂ ပါး အကျယ်အားဖြင့်၊ဆသမသနမပိ- သမာသ် ၆ ပါး ကိုရင်း၊ဆဗ္ဗေဒတော ၆ပါးအပြားအားဖြင့်၊တဒ္ဓိတဥ္စ-တဒ္ဓိတ်ကိုရင်း၊အဋ္ဌစာ- ၈ ပါးအပြားအားဖြင့်၊အာချာတံ-အာချာတ်ကိုရင်း၊ ပစ္စယာနံ-တဗ္ဗစသော ပစ္စည်းတို့၏၊ပဘေဒ ါ-အပြားအားဖြင့်၊ ဆဗ္ဗိဓမပိ-၆ပါး အပြားရှိသည်လည်း ဖြစ်သော၊ကိတကံ-ကိတ်ကိုရင်း၊ဒီပေန္တိ-ထင်ရှားပြတတ်သော၊ရူပသိဒ္ဓိ-ရူပသိဒ္ဓိ ကျမ်းသည်၊စိရံ-ကြာမြင့်စွာ၊ ဣဓ-ဤလောက၌၊ ဇနတာဗုဒ္ဓိဝုဒ္ဓိံ-သတ္တဝါ အများဓါဉာဏ်တိုးပွားမှုကို၊ ကရောတု-ပြုပါစေသတည်း။

---

တေစာ သန္ဓိံ၊ပေ၊ကရောတု-ဤဂါထာကား “စိရံဇနတာဗုဒ္ဓိဝုဒ္ဓိံကရောတု” ထောက်၍ ကျမ်းဆရာ၏ အာသီသကိုပြလိုရင်းဖြစ်သော ဂါထာဟုဆိုထိုက်၏၊ သို့ရာ တွင် “သွားယင်းဟန်လွှဲ”ဆိုသလို အာသီသကို ပြရာတွင် သန္ဓိအပြားစသည်တို့ကိုပါ အကျဉ်းချုပ်သင်္ဂဟပြုသည်၊ဤဂါထာသည် ၂၁ လုံးတွဲ သဒ္ဓရာ- ဂါထာဖြစ်၍ဒုတိယ ဌာနရဂိုဏ်းရှိရမည်ဖြစ်သောကြောင့်ရင်း၊ဒီပေန္တိ၌စပ်ရသောကံပုဒ်ဖြစ်သောကြောင့် ရင်း သန္ဓိ-ဟု ဒုတိယန္တဖြင့် ရှိရမည်။

သရ-ဗျဉ္ဇန-နိဂ္ဂဟီတ သန္ဓိအားဖြင့်ရင်း လောပ အာဒေသ-အာဂမ အားဖြင့် ရင်း ၃ ပါးစီပြားသည်ကို “တေစာ သန္ဓိံ”ဟု ဆို၏၊ နာမ်-အာချာတ်-နိပါတ်- ဥပသာရ ၄ပါးကို“စတုဒ္ဒါပဒမပိ”ဟုဆို၏၊ဇာတိ-ဂုဏ-ကြိယာ·ယဒိစ္ဆာနာမ်အား ဖြင့် ၄-ပါးပြားသည်ကို“စတုစာနာမိကဥ္စ”ဟုရင်း၊ ပုလ္လိင်-ဣတ္ထိလိင်-နပုလ္လိင်-အနိယ တလိင် အလိင်အားဖြင့် ၅ ပါးပြားသည်ကို “ပဥ္စစာ နာမိကဥ္စ” ဟု ရင်း ဆိုသည်။ [သဗ္ဗစသော သဗ္ဗနာမ်တို့သည် အနိယတလိင်၊တုမှ အမှ စသည်တို့ကား အလိင်တည်း၊] ကာရက ၆-ပါးကို အကျယ်တွက်လျှင် တခုယုတ် ၃၀ ရှိ၏၊ ကာရက် အဆုံး၌ အကျယ်သချာပါပြီ၊ သို့သော် ထိုကာရကအဆုံး၌ “ဆဗ္ဗီသတိဝိဓံ”ဟု မှုကွဲ ရှိသည်။

ဗျာသာပုဒ်ကို ဆသမသနံ၌ လိုက်စေ၊ သမာသ် ၆ ပါးလည်း အကျယ်အားဖြင့် ၃၂-ပါးရှိ၏၊ သမာသ်အဆုံး၌ အကျယ်ပြလျက်ရှိသည်၊တဒ္ဓိတ်လည်း အပစ္စ-အနေက- ကတ္တ,အသတ္ထိ,သချာ,ဘာဝ,အဗျယအားဖြင့်၆ပါးပြား၏၊အာချာတ်ကားဝိကရဏ ပစ္စည်း ၇-ပါး ဓာတုပစ္စယအားဖြင့် ၈ ပါးပြား၏၊ ကိတ်မှာ “ဆစာ ကိတက- သင်္ဂဟော”၌ ပြခဲ့သည့်အတိုင်း တဗ္ဗာဒိ-စသောအားဖြင့်၆-ပါးပြား၏၊ဤသို့အားဖြင့် ပြားသော သန္ဓိစသည်ကိုပြတတ်သောရူပသိဒ္ဓိကျမ်းသည်သာသနာနေဝန်းထွန်းသည့် တိုင်အောင် မြင့်ခေါင်ရှည်ကြာစွာ သတ္တဝါအများဉာဏ်တိုးပွားမှုကို ပြုပါစေ-ဟုလို။

www.dhammaransi.com



**ကျမ်းဆရာ၏ဆရာစသည်** တမ္ဗပဏ္ဏိဓာနံ-သီဟိုဠ်ကျွန်းဝယ်, အလံသာဘွယ် ဖြစ်တော်မူကြကုန်သော၊ ဝိက္ချာတာနန္ဒ ထေရဝှယ ဝရဂုရူနံ-ထင်ပေါ်ကျော်ကြား, အာနန္ဒာထေရ်,အမည်ရှိသော ဆရာတော်ဘုရားတို့၏၊ သိဿော-တပည့်ဖြစ်သော၊ ဒိပင်္ကရာချဒ္ဒမိလဝသုမတီဒီပလဒ္ဓပ္ပကာသေန-ဒီပင်္ကရာဟူသောအမည်အားဖြင့်ဒမိလမြေအပြင်၌မီးတောက်မီးလျှံပမာရအပ်သော အရောင်အဝါရှိသော၊ယော-အကြင်ရဟန်းတော်သည် ဗာလာဒိစ္စာဒိဝါသဒွိတယံ-ဗာလာဒိစ္စ အစရှိသော ကျောင်းတိုက် ၂ တိုက်ကို၊ အဝိဝသံ-အုပ်ချုပ်နေထိုင်လျက်၊ သာသနံ-သာသနာတော်ကို၊ ဇောတယီ-ထွန်းလင်းစေဘော်မူပြီ၊ ဗုဒ္ဓပ္ပိယဝှယော-ဗုဒ္ဓပ္ပိယအမည်ရှိသော၊ သောအယံ ယတိ-ထို ရဟန်းတော်သည်၊ ဣမံ ရူပသိဒ္ဓိံ-ဤရူပသိဒ္ဓိကျမ်းကို၊ ဥဇုကံ-ဖြောင့်မတ်စွာ၊ အကာသိ၊ပြုစီရင်တော်မူပြီ။

---

ဝိချာတာ၊ပေ၊အကာသိ-ဤဂါထာလည်း သဒ္ဓရာ ဂါထာပင်၊ ဝိပုဗ္ဗ ချာဓာတ် သည် ပါကဋအနက်ဟော၊ အဝှယကား နာမ်၏ ပရိယာယ်၊ အာနန္ဒထေရောတိ အဝှယော ယေသံတိ အာနန္ဒထေရဝှယာ-အာနန္ဒာထေရ်ဟူသော အမည်ရှိသော ဆရာတော်တို့၊ [အလေးပြုသောအားဖြင့်ဗဟုဝုစ်သုံးသည်၊] ဒီပင်္ကရောဣတိအာချာ, ဒီပင်္ကရာချာ=ဒီပင်္ကရာဟူသောအမည်၊လဒ္ဓပ္ပကာသ၌စပ်၍"ဒီပင်္ကရာဟူသောအမည် အားဖြင့် ရအပ်သောအရောင်အဝါ" ဟူလို၊ ဝသုမတီ သဒ္ဒါသည် ဘူမိ သဒ္ဒါ၏ ပရိယာယ်တည်း၊ဒမိလာနံ+ဝသုမတီ ဒမိလဝသုမတီ=ဒမိလလူမျိုးတို့၏ မြေ၊ဒီပံဝိယ လဒ္ဓေါပကာသော,ဒီပလဒ္ဓပ္ပကာသော=မီးတောက်မီးလျှံပမာရအပ်သော အရောင် အဝါ(ထင်ရှားခြင်း)၊ဒမိလ ဝသုမတိယံ+ဒီပ လဒ္ဓပ္ပကာသော, ဒမိလ၊ပေ၊ပကာ- သော၊ဒီပင်္ကရာချာတိ+ဒမိလ ဝသုမတိဒီပလဒ္ဓပ္ပကာသော ယဿာတိ ဒီပင်္ကရာချ ၊ပေ၊ပ္ပကာသော၊ဝါသ+ဒွိတယံ၌ တယကား အဝ ယဝ အနက်ဟော "တယ" ပစ္စည်းတည်း၊ ဆန်းကျမ်း "အရိယာယဒ္ဓ ဒွိတယံ" ပုဒ်၌ပါသော တယပစ္စည်း မျိုးတည်း။

ဤဂါထာဖြင့် ကျမ်းဆရာ၏ ဆရာတော်ကိုရင်း နေရာကျောင်း တိုက်ကိုရင်း ပြ၏။ ထိုတွင် ဝိချာတာ၊ပေ၊ဒွဇာနံ- ပါဒဖြင့် ကျမ်းဆရာ၏ ဆရာတော်သည် သီဟိုဠ်ကျွန်း၌ ထင်ရှားသော "အရှင်အာနန္ဒာ"ထေရ်ဖြစ်ကြောင်းသိရ၏၊ ထိုအရှင် အာနန္ဒာထေရ်၏ မူလဋီကာ ကျမ်းပြုဆရာတော်ဟုတ်-မဟုတ်ကိုကား မသိသာချေ၊ ဒီပင်္ကရာချ၊ပေ၊ ပ္ပကာသော ဟူသော စကားဖြင့် ဤရူပသိဒ္ဓိကျမ်းပြုဆရာသည် ဒမိလတိုင်းမှာလည်း"ဒီပင်္ကရ"ဟူသောအမည်ဖြင့် ထင်ရှားခဲ့သူဖြစ်၏ဟု သိသာ၏၊ ဤစကားဖြင့် ရူပသိဒ္ဓိကျမ်းဆရာသည် ဇမ္ဗုဒီပတိုင်းသား ဒမိလလူမျိုးတပါးဟု ယူဆဘွယ်ရှိသည်။

ဗလာ၊ပေ၊ဇောတယီယော ပါဒဖြင့် အုပ်ချုပ်နေထိုင်ရာကျောင်းတိုက်ကိုပြ၏၊ ဗာလာဒိစ္စာဒိ၌ အာဒိဖြင့် "စူဠမဏိကမ္မ" ကျောင်းတိုက်ကို ယူရမည်-ဟု ဆရာတို့

www.dhammaransi.com



ဣတိ–ဤကား၊ ပဒ ရူပသိဒ္ဓိယံ–၌၊ သတ္တမော–သော၊ ကိတပ္ပစ္စယ ကဏ္ဍော–ကိတ်ပစ္စည်းတို့ကို စီရင်ရာ အခဏ်းတည်း။

ဣတိ–ဤမျှသော စကားစဉ်ဖြင့်၊ရူပသိဒ္ဓိ ပကရဏံ – ရူပသိဒ္ဓိကျမ်းသည်၊ နိဋ္ဌိတံ–ပြီးပြီ။

---

မိန့်တော်မူသည်၊ဗာလာဒိစ္စကျောင်းတိုက်နှင့် စူဠမဏိကမ္မကျောင်းတိုက် ၂ ရပ်ကို အုပ်ချုပ်ကာ သာသနာတော်ကို ထွန်းလင်းစေသည်–ဟူလို၊ ဗုဒ္ဓပ္ပိယ ဝှယော– ဖြင့် ကျမ်းဆရာ၏ နာမည်တော်မှာ အရှင်ဗုဒ္ဓပ္ပိယ– ဖြစ်သည်–ဟု သိသာ၏၊ထေရော–ဟု မဆိုဘဲ ယတိ– ဟုဆိုထားသောကြောင့် ဆယ်ဝါမျှရပါဦးမည်လား–ဟု တွေးတော ဘွယ်ရှိ၏၊ သို့ရာတွင် တိုက် ၂ တိုက်ကိုပင်အုပ်ချုပ်တော်မူရကားဂါထာဖြစ်၍ ယတိ– ဟုဆိုဟန်တူသည်၊အမှန်မှာ–ဥပဇ္ဈာယ်နိဿယည်းပေးနိုင်သော ဆရာတော် တပါး ဖြစ်ဘွယ်ရှိသည်၊ အချုပ်ကား အရှင်အာနန္ဒာ၏တပည့်ဖြစ်သော ဒမိလတိုင်း၌ ဒီပင်္ကရ– ဟု ထင်ရှားခဲ့၍ ရူပသိဒ္ဓိကျမ်းပြုချိန်ဝယ် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓပ္ပိယ–ဟု ထင်ရှားသော ဆရာတော်သည် ဗာလာဒိစ္စ–စူဠမဏိကမ္မကျောင်းတိုက် ၂ ရပ်ကိုအုပ်ချုပ် နေထိုင်စဉ် ဤ ရူပသိဒ္ဓိကျမ်းကို စီရင်တော်မူသည် ဟူလို။

## ဘာသာဋီကာနိဂုံး

ဤမျှသောအဖွင့်အစဉ်ဖြင့် အခြားကျမ်းစာများကိုပို့ချရင်း ၂နှစ်ခွဲမျှ ကြိုးစားရသော ရူပသိဒ္ဓိဘာသာဋီကာလည်း ပြီးစီးပြန်ပေပြီ၊နာမ်အခဏ်းကို ရေးသားဆဲအချိန်မှာပင် စစ်အရေးကြောင့် ရပ်ဝေးသို့တိမ်းရှောင်ကာ အခွင့်သာမှ ရေးသားရ၍ ကျမ်းပြီးချိန် ကျအောင်ပင် မငြိမ်သက်သေးသောကြောင့် စိတ်စက်က ထိန်းချုပ်၍ နိဂုံးအုပ်ရ သော ကျမ်းစာဖြစ်ရကား ကာလ ငြိမ်သက်သောအခါ ကြည့်ရှုသူ အများကို ပို၍ ကျေနပ်စေနိုင်သော ကျမ်းစာတစောင် ဖြစ်ပါစေသတည်း။

သိဒ္ဓိတ္ထဘော ဘာသာဋီကာ, ဒေသဘာသာယ သင်္ခတာ၊
ဗျာချာနာ ပဒါနံ ရူပ-သိဒ္ဓိယာ သိဒ္ဓိပါပဏာ။

ပဒါနံ–နာမ်အာချာတ်နှင့် နိပါတ်ဥပသာ ၄ ဖြာသောပုဒ်ကြီးတို့၏၊ရူပသိဒ္ဓိယာ–ရုပ်ပြီးလွယ်ကြောင်း ခေတ်မှီကောင်းသဖြင့် ထုံးကောင်းသင်္ခန်း ရူပသိဒ္ဓိကျမ်း၏၊ သိဒ္ဓိပါပဏာ–အလီလီမပွမ်း၊ ဤတကျမ်းဖြင့် ဆုံးခမ်းတိုင်မြောက် အပြီးရောက်စေ နိုင်သော၊ ဗျာချာနာ–နိဿယည်းခံပွါယ် အသွယ်သွယ်ဖြင့် အကျယ်ဖွင့်ကြောင်း တင့်တောင်းတင့်တယ်ဖြစ်သော၊ ဒေသဘာသာယ–တိုင်းရင်းမြန်မာ အမိဘာသာ ဖြင့်၊ သင်္ခတာ–တသန့်တသန့် အကန့်ကန့်လျက် ခံ့ခံ့စီရရီ တည်ကြည်စွာ စီရင်အပ် သော၊ ဘာသာဋီကာ–ဘာသာဋီကာ အမည်သာသည့် မှီရာသိပ်သည်း နိဿ ယည်းသည်၊ သိဒ္ဓိတ္ထဘော–ထောင်သုံးရာပို ငါးပြာသိုဝယ် ဌါညီရစ်သန်း ဆယ့် တစ်ဆန်း၌ ဆုံးခမ်းတိုင်ရောက် ပြီးမြောက်ပြန်ပြီတကား။

www.dhammaransi.com



ဤကျမ်းသည် ရတနာ့ဂုဏ်ရည် စသော ရှေးကျမ်းများကို ထောက်၍ ရှစ်ကျမ်း မြောက်ဖြစ်၏၊ ဤကဲ့သို့ကျမ်းစာအရပ်ရပ်ကို အထပ်ထပ်စီရင်ခြင်း၏ရည်ရွယ်ရင်းကား ''ဆိုင်ရာကျမ်းကိုကြည့်ရှုသူတို့အလွယ်တကူသိရှိကာဉာဏ်ပညာတိုးပွါးကြပါစေ၊ မိမိမှာလည်းပညာပါရမီအဆီအနှစ်ကိုရပါစေ'' ဟုပင်ဖြစ်၏၊ ထို့ကြောင့် နောက်နောင် အခါ ဤကျမ်းထက် သိလွယ်သောဋီကာသစ်ပေါ်လာလျှင် ဤရူပသိဒ္ဓိဘာသာဋီကာ ကျမ်းစာလည်း တိမ်ဖုံးသောလကဲ့သို့ ကွယ်ပရစ်စေရန် အမှန်ရည်စူးပါသည်။

**ယဒိ အညာ ဥပ္ပဇ္ဇေထ, ဋီကာပိ သုခ သမ္မတာ၊**
**တဿာ ကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။**

ဋီကာပိ-အများမှီလောက်-ခရီးရောက်၍ပြီးမြောက်ခဲ့ရာ, ဤဘာသာဋီကာထက် လည်း၊ သုခသမ္မတာ-ကြည့်ရှုရွ်ချ, လွယ်ကူလှသဖြင့်, အားရဘွယ်တောင်း, အကောင်း ဟု သမုတ်အပ်သော၊ အညာ-ရူပသိဒ်ကျမ်း, သိဘွယ်ခန်း၌, တင့်ဆန်းကျစ်လစ်, ဋီကာ သစ်တမျိုးသည်၊ ယဒိဥပ္ပဇ္ဇေထ-ပညာလိုလား, နောက်နောက်သားတို့, ကြိုးစားရစ် သော်, အကယ်၍ဖြစ်ပေါ်လားအံ့၊ တဿာ-ထိုသို့ဖြစ်ရစ်, ဋီကာသစ်၏၊ ဩကာသံ ပဒါနာယ-ထွန်းတောက်တင့်ရေး အခွင့်ပေးခြင်းငှါ၊ အယံ-နှစ်လများမြောက်, လွန် အားဆောက်မှ, ထွန်းတောက်ထွက်လာ, ဤဋီကာသည်၊ အန္တရဓာယတံ-ရှိုးရာမတဲ့ တိုးကာငွ်၍, ကပ်ဖဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

ဤနေရာဝယ် သဂြိုဟ်ဘာသာ ဋီကာနိဂုံး၌ ညွှန်ပြခဲ့သော ဆရာမြတ်တို့၏ မိမိ အား ချီးမြှောက် စောင့်ရှောက်ခဲ့ပုံကို ခတ်စုံစုံပြပါဦးမည်။

**ပင်းကျောင်းဆရာတော်။** ။မန္တလေး၌ သီတင်းသုံးတော်မူစဉ်ဂဏဝါစက- တနယ်လုံး၏ ဂိုဏ်းထောက်နာယကဖြစ်တော်မူသော သရိုင်ရွာ ဘိုးဘွားဆွေမျိုး များ၏ကျောင်း၌သီတင်းသုံးတော်မူသော ဆရာတော်ကြီးဖြစ်၏၊ သက်တော်ကြီးရင့်၍ ပရိသတ်ကို လွှဲအပ်ထားပြီးသော်လည်း မိမိအားမူ ကစ္စည်းသဒ္ဒါကျမ်းကိုကိုယ်တိုင်ပို့ ချတော်မူ၏၊ အများရှင်ငယ် ကျောင်းသားငယ်များမှ သီးခြားစာအံစေ၍ ညစ္စအချိန်၌ အများရပ်နားသော်လည်း စာပြန်မရပ်စေရသေး, စာကုန်မှ ရပ်နားစေတော်မူ၏၊ ဆောင်းအခါ နေပူစာ၌ နှပ်တရှုတ်ရှုတ်နှင့် စာတက်ခဲ့ရပုံ-သမားသ်ရုပ်အတွက်၌ထိပ် ခေါက်ခံခဲ့ရပုံ-ပွဲမလိုက်ချင်အောင် သွန်သင်တော်မူပုံများကို အမှတ်ရမိသေး၏၊ ၉နှစ် သားအရွယ်၌ မန္တလေးရောက်၍ ဥဏာဒ်ပိုင်း တက်ရပုံကို ထောက်သဖြင့် ထိုသဒ္ဒါ တက်ချိန်အရွယ်မှာ ၇ နှစ်သားမျှရှိပေဦးမည်။ [၉ နှစ်သားတုန်းကမန္တလေးသို့ပဌမ ရောက်သော်လည်း ဒါယကာကြီး ကူးသန်းရောင်းဝယ်ရင်း နောက်တခေါက်လာ သည့်အခါ ဖျားနေခိုက်နှင့် ကြုံသောကြောင့် အရပ်သို့ပြန်လိုက်၍ ၁၂ နှစ်အရွယ် ကျမှ မန္တလေး၌ [ဆက်လက်နေထိုင်ရသည်၊ ထိုနောက်တခေါက် အရောက်မှာမူ သဂြိုဟ်နှင့် ပဒ်စစ်အချို့ကိုပါ ပေါက်ရောက်ပြီးဖြစ်လေပြီ။]

**ပဌောတာရုံဆရာတော်။** ။ထိုစဉ်ကမန္တလေး၌သီတင်းသုံးတော်မူခိုက်ဖြစ်၏၊ မန္တလေးသို့ နောက်တခေါက်ရောက်၍ မကြာခင်၁၃နှစ်သားအရွယ်၌ပဌမငယ်တန်း ကိုဝင်ရာစာရလျက်နှင့်ဖြေနည်းမရ၍ကျရှုံးခဲ့ရ၏၊ ခမည်းတော်ကမိမိကိုမန္တလေးပို့ထား

www.dhammaransi.com



ရာ၌ ဝတ်ကြေတန်းကြေ ပို့ထားခြင်းမဟုတ် တကယ်တတ်မြောက်စေလို၍ပို့ထားခြင်း ဖြစ်၏၊ ထို့ကြောင့်ပင် မန္တလေးရောက်စက ထမင်းလခပေး၍ အိမ်တအိမ်မှာ စားစေမည်ဟုပင် စီမံသေး၏၊ မိမိ၏ငဲ့ညှာတတ်သော ဝါသနာကြောင့် ထိုအကြံကိုငြင်းဆံခဲ့သည်။ ထိုကဲ့သို့ တကယ်တတ်စေလိုသောဆန္ဒကြောင့် မိမိကို ခမည်းတော်က ပဋ္ဌာဝ တာရုံဆရာတော် (ထိုစဉ်က ဓမ္မာစရိယဘွဲ့ရ စာချပုဂ္ဂိုလ်) ထံမိမိကိုအပ်နှံလေရာ ၁၄ နှစ်သားအရွယ်မှာပင် ရူပသိဒ္ဓိ-ဆန်း-ဓမ္မပဒ အဋ္ဌကထာတို့ကို ဆုံးခန်းရောက်စေတော်မူကာ ဂါထာစုဏ္ဏိယ အစီအကုံးများကိုလည်း လေ့လာစေတော်မူသည်။

၁၅ နှစ်သား အရွယ်၌ကား ပဌမငယ်တန်းကို အောင်မြင်စေပြီး၍ ၁၆ နှစ်အရွယ်၌ သုတ် သီလက္ခန်ပါဠိတော် အဋ္ဌကထာတို့ကို တပိုင်နက်ဆိုစေလျက် အလတ်တန်းညဝါကိုလည်း လေ့လာစေကာ ထို ၁၆ နှစ်အရွယ်မှာပင်အလတ်တန်းကိုလည်း အောင်မြင်စေတော်မူသည်၊ အလတ်ပြန်ပြီးမှ ရှင်သာမဏေဘဝသို့ ရောက်၏၊ ထိုအချိန်မှစ၍ စာအရေးအသား၌ အကူအညီရနိုင်သော ပျို့ကဗျာများကိုလေ့လာစေတော်မူ၍ ပဌမကြီးဆိုင်ရာ ကျမ်းစာများကို ကျက်မှတ်ရင်းပင် ၁၈ နှစ်အရွယ်၌ ဒီဃနိကာယ်ပါဠိတော် အဋ္ဌကထာကို ဆိုဝါဖြင့်ရင်း ဋီကာကျော်-ကင်္ခါ-အဋ္ဌသာလိနီ တချို့တဝက် ပါရာဇိကဏ် ပါဠိတော် အဋ္ဌကထာစသော ငါနည်းတချို့တဝက်ကို လိုက်ဝါဖြင့်ရင်း ကုန်စေတော်မူသည်၊ ထိုမျှ ကျမ်းကြီးများကို ပေါက်ရောက်ခဲ့ပြီးဖြစ်၍လည်း ပဌမကြီးတန်းကို ထိုအရွယ်၌ မပင်မပန်း အောင်မြင်ခဲ့ရပေသည်။

ပဌမကြီးပြန်ဆိုသည့်အခါ ကျမ်းစာအရပ်ရပ်ကို အထိုက်အလျောက် ကြည့်ရှုနိုင်ပြီဖြစ်၍ ငယ်စဉ်ကဝါသနာအလျောက်ကျမ်းစာများကိုကြည့်ရှုကာ ဆေးစွာနေလို၏၊ အခြားတိုက်တာသို့စာသင်မထွက်လိုတော့၊ သို့ရာတွင် ဆရာတော်က ပခုက္ကူသွား၍ ၃ နှစ်မျှနေစေလိုသော ဆန္ဒရှိကြောင်းကို မိန့်တော်မူရာ ထိုအမိန့်တော်ကိုပင် ဦးထိပ်ရွက်ဆင်မြန်း၍ ဆွမ်းကမ်းဘက်က အပင်ပန်းဆုံးဟု နာမည်ရသလောက် အထက်တန်း ကျမ်းစာအပေါက်မှာလည်း အထက်အောက်ထင်ရှားပြီးသောပခုက္ကူမူလတိုက်ကြီးသို့ ရဟန်းမဖြစ်မီခရီးထွက်ခဲ့ရတော့သည်၊ [ရဟန်းမဖြစ်မီ ပဌမရောက်သော်လည်း တုပ်ကွေးရောဂါကြောင့် ပြန်လှည့်၍ ရဟန်းဖြစ်မှ ကြာရှည်စွာ နေခွင့်ရသည်။]

ထိုပခုက္ကူ၌နေစဉ် ဆွမ်းဒုက္ခရောက်ပုံမှာ မှတ်တမ်းတင်လောက်ပါပေ၏၊ မိမိကို ရဟန်းအမ-ရဟန်းဒကာအဖြစ်ဖြင့် ချီးမြှောက်ကြခြင်းမှာ ခမည်းတော် မယ်တော်များနှင့် ပေါင်းသော် ၃ ကြိမ် ၃ ထပ်ဖြစ်သော်လည်း ပခုက္ကူနေခိုက်၌ကားဘာယ်ဝင့်ကြွေးပါလာလေသည်မသိရ, တခါတရံသတိရ၍ပို့လိုက်သော ငွေကိုလည်းဝိနည်းမိုရ်ဆရာတော်များ၏ ဒကာမကြီးအထံမှ ပို့ခြင်းဖြစ်သောကြောင့် ကပ္ပိယ မရှိသောအခါ ပြန်၍ပို့ရတော့၏၊ ဆွမ်းဟင်းလည်း စားချင်ဘွယ်မရသည်သာများ၏။ စာကိုလည်း တနေ့ ၂ ဝါကျ ဆိုနေရ၏၊ ညဉ့်အခါ အဆာမခံနိုင်သဖြင့် ဆွမ်းသန့်သန့်ကို နေ့စာချန်ကာ တရံတခါသော် ရေနှင့်ကြိုကျက်၍အလိုက်သင့်မျိုရ၏၊ ဆရာတော်၏ "ပခုက္ကူ၌ ၃ နှစ်နေရမည်" ဟူသောအမိန့်တော်ကားမိမိအတွက် လေးနက်လှတော့သည်၊ ထိုမျှဆွမ်းဒုက္ခရောက်သော်လည်း စာဆိုတိုင်း ဆရာတော်များ၏ကျေနပ်တော်မူဟန်ရှိပုံနှင့် စာလိုက် ပရိသတ်၏ အားပေးကြပုံတို့က ထိုဆွမ်းဒုက္ခကို ဖုံးလွှမ်းထားကြလေရော့

www.dhammaransi.com



သသား မသိ-မိမိ၏ ကာယိက ဒုက္ခကိုပင် ဒုက္ခမထင်နိုင်အောင် ချမ်းသာခြင်းကို ခံစားကာ စာမမြင်မီ သပိတ်ပြင်- စာမြင်ချိန်မှစ၍ ဆွမ်းခံချိန်အထိ စာကြည့်၊ ညနေလည်း နေဝင်အထိ စာကြည့်လျက် ပဇ္ဈောတာရုံဆရာတော်၏ ရောက်လေရာအရပ်မှ ''မည်သည့်စာဝါကိုလိုက်- မည်သည့်စာဝါကိုချ''ဟု အမိန့်ပေးသည့်အတိုင်း လိုက်နာခဲ့ရလေသည်။

**ပခုက္ကူဆရာတော်များ။** ။မိမိပခုက္ကူရောက်ချိန်ကပင်တိုက်သံဃာ ၅၀၀ ကျော်နေပြီ၊ မိမိကို ဆရာတော်များအသိအမှတ်ပြုဘို့ မလွယ်ကူတော့ချေ၊သို့ရာတွင်စာမေးပွဲ ဝေဇက်၌ အကြီးဘန်း သာမဏေ ၂ ပါးမျှ ပါလာရာ တပါးမှာ မိမိတို့တိုက်သို့ရောက်လာသော သာမဏေဖြစ်ကြောင်းကို သိတော်မူကြ၍ ထိုစဉ်ကပင်အသိအမှတ်ပြုထားတော်မူကြဟန်ရှိ၏၊ သို့ဖြစ်၍ ရဟန်းဖြစ်ပြီးနောက် ပြန်ရောက်၍မကြာမီပင်ဆရာတော်တပါးထံမှဆိုဝါရသဖြင့် တစတစ ဆိုဝါတိုးကာ ၃နှစ်ကျော်မျှ တနေ့လျှင်ဆိုဝါ ၂ဝါချီးမြှောက်တော်မူကြသဖြင့်ထိုဆရာတော်များအလိုကျအောင်အားထုတ်ရမှုကြောင့် ရဟန်းဝါ၃ဝါရသောအခါမျက်စိရောဂါဆီးရောဂါတို့တပြိုင်နက်စွဲကပ်လာတော့၏၊ပါဠိ အဋ္ဌကထာ ဋီကာတို့လည်းကမ်းအိပ်ခေါ်နိုကာယ်ကြီးအချို့ပါများစွာသော ဆိုဝါဖြင့် ပေါက်ရောက်ပြီးလေပြီ၊သို့ရာတွင် ပဋ္ဌာန်းအဋ္ဌကထာ ဋီကာကား မကုန်သေး။

သို့ဖြစ်၍ စွဲကပ်သောရောဂါများကို လျင်မြန်စွာ နေရပ်သို့ ပြန်လည်ကုသ၍ ပြန်ရောက်လာသည့်အခါ ပဋ္ဌာန်းအဋ္ဌကထာ ဆိုတုန်း၅ ဝါပင် စာချအဖြစ်ကို ချီးမြှောက်တော်မူကြလေသည်၊ [ထိုအချိန်မှာ ရဟန်းသုံးဝါရပြီ၊] စာချဖြစ်သော်လည်းမသက်သာလှ, စာလိုက်ပရိသတ်များ ကျေနပ်လောက်အောင်ကြိုးစား၍ ကြည့်ရှုပို့ချရသောကြောင့် စာသင်သားဘဝကထက်ပင် ပို၍ပင်ပန်းသကဲ့သို့ ထင်ရသေး၏၊ထိုမျှလောက်ကြိုးစားမှုကြောင့် အထက်ကျမ်းစာတို့၌ချရေ ဝလောက်အောင်ပင်အကျိုးများရုံမကသိမ်သမုတ် ရဟန်းခံ သံဃာ့ကံတို့၌ ဆရာတော်များ ကြွလေရာဝယ် နောက်တော်ပါခေါ်ဆောင်တော်မူကြပြီးလျှင် ကံဆောင်သောအခါထိုင်ပုံကမ္မဝါစာကိုင်ပုံမှစ၍လက်ထပ် သင်ပြမှုကိုပါ ရခဲ့သောကြောင့် ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသည် မိမိအတွက် သာသနာလုပ်ငန်း အားလုံး၏အခြေခံ ဘူမိနက်သန် ဖြစ်ပါသည်။

**မန္တလေးပြန်ရောက်ပုံ။** ။ပခုက္ကူ၌ စာချအဖြစ်ဖြင့် ၃ ဝါမျှ ဆက်လက်နေပြီးနောက်မန္တလေးမြို့ပရိယတ္တိသာသနဟိတအသင်းစာသင်တန်းကိုလာရောက်ဖြေဆိုကာအောင်မြင်ပြီးမှ တဘန်ပြန်၍ စာချပြန်သည်၊ထိုကဲ့သို့ ၄-ဝါတိတိစာချပြီးမှမန္တလေးမြို့မူလနေထိုင်ရာမဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်ရောက်၍ ပရိယတ္တိစာချတန်းအစိုးရအကျော်တန်းများကို ၂-နှစ်ဖြင့်ဆုံးခမ်းရောက်စေနိုင်သည်မှာ ညွှန်ပြခဲ့သောဆရာတော်များ၏ချီးမြှောက်မှုချည်းပင်ဖြစ်၏။ [ဤအချိန်၌ကား မိမိ၏ခန္ဓာကိုယ်သည် ကြိုးစားခဲ့သောဒဏ်ကို ခံနိုင်ဟန်မရှိတော့၊ အချို့ကမူ အသက်မရှည်တော့ဟုပင် ထင်ကြသတတ်။]

**အဘယာရာမဆရာတော်။** ။ပရိယတ္တိ စာချတန်းကို အောင်မြင်ပြီးအချိန်နှင့်အဘယာရာမ ရွှေဂူတိုက်ကြီးပြီးစီး၍ ဆရာတော်အား လှူအပ်ရာအချိန်မှာ ကြုံကြိုက်ဘိုက်ဆိုင်နေတော့၏၊ ထို့ကြောင့် ဒုတိယဝိသုဒ္ဓါရုံရွှေကျောင်း သာသနာပိုင်ဖြစ်တော်

www.dhammaransi.com



မှုသော ဒီပဲ့ရင်း ဆရာတော်က အဘယာရာမတိုက်သစ်သို့ ... စာချပုဂ္ဂိုလ်ကို ခေါ်သွားနိုင်သည်-ဟု ခွင့်ပြုတော်မူရာ ဆရာတော်က မိမိ... ချယ်တော်မူသာဖြင့် အဘယာရာမတိုက်သို့ ရွှေ့ပြောင်းနေထိုင်ကာ ထိုကျောင်း... အားအင်နည်းပါးလျက်ပင် ကျမ်းစာကိုပို့ချရင်း ဆရာတော်ဇ၏အထံ၌ ဟိတ... နှင့် မုဒ္ဒဗောဓ ဗျာကရုဏ်းတို့ကိုကိုယ်တိုင်တက်၍သက္ကတကျွမ်းလေ့လာရပေသည... ပ်သောရောဂါများလည်း အသက်ကိုညှဉ်းဆဲစေသဖြင့် အဆင့်ဆင့် သက်... းလသည်။]

**ဆရာ့ကံကောင်းပုံ။** ။ဤမျှသော အစဉ်ကို ဆင်ခြင်... ၁အခါ မိမိမှာ ဆရာနှင့်စပ်သော ကံဇာတာ အလွန်ကောင်းသည်ကို တွေ့ရ... ျားစေအံ့-ပဌမသရိုင် ဆရာတော်ကြီးသည် မိမိကိုထူးထူးခြားခြားမချီးမြှောက်လိုက်ပါလျှင် မန္တလေး ရောက်သည့်အခါ ပဋ္ဌာနတာရုံ ဆရာတော်၏ ချီးမြှောက်မှုကိုလည်း လုံလုံလောက်လောက် မရနိုင်ရာ၊ ထိုအချီးအမြှောက်ကို မရခဲ့ပါလျှင် ပခုက္ကူတွင်အသိအမှတ်အပြုမခံရရာ၊ ပခုက္ကူ ဆရာတော်များ၏ ချီးမြှောက်မှုကို မရလျှင် (အထက်တန်းကျမ်းတို့၌ အဝါးဝစွာမလေ့လာရလျှင်) အထက်တန်းစာမေးပွဲများကို လျင်မြန်စွာမအောင်နိုင်ရာ၊ ထိုသို့မအောင်နိုင်လျှင် ထိုအထက်တန်းစာမေးပွဲများအောင်ပြီးအချိန်နှင့်အဘယာရာမတိုက်ကြီးပြီးစီးချိန်မှာ မကြုံကြိုက်နိုင်ရာ၊ ထိုသို့မကြုံကြိုက်လျှင် သက္ကတကိုအခြေရအောင် လေ့လာနိုင်မည် မဟုတ်ရာ၊ မိမိမှာ နောက်နောက်ဘဝများ၌ပင် ပညာသင်ကြားမှု၌ ယခုလောက် အကြောင်းညီညွတ်ဘို့ ခဲယဉ်းလောက်အောင် ယခု ဘဝ၌ အကြောင်းညီညွတ်လျက် ရှိရသောကြောင့် ဤဘဝအတွက် ဆရာ့ကံအလွန်ကောင်းသည်-ဟု ထင်ပေသည်။ [ဤနေရာဝယ် စကားပြီသချိန်မှစ၍ တချို့စာများကို နှုတ်တိုက်ချခဲ့သော ဘိုးဖြစ်သူကိုင်း-မန္တလေး၌ ငယ်ငယ်ရွယ်ရွယ် ခွဲထားနိုင်သော မိဘ ၂ ပါးကိုရင်း ကျေးဇူးမမေ့ပါ။]

**အတုန့်ပူဇော်ခြင်း။** ။ထိုမျှသောက် အကြောင်း ညီညွတ်စွာဖြင့် ဒုက္ခခံ၍ သင်ခဲ့ရပုံကို ဆင်ခြင်မိရကား ရရှိခဲ့သောပညာပါရမီ ဓာတ်ခံကို အနှစ်အမတေ အခြေတည်ရန် ရည်သန်၍ ရဟန်း ၃ ဝါရ ယခုအချိန်ကျအောင် ကျမ်းစာကိုလည်း စိတ်ပါလက်ပါပို့ချ- ရဟန်း ၉ဝါမှစ၍ ကျမ်းစာများကိုလည်း ရေးသားခဲ့ရာ, ထိုအလုံးစုံသော ကောင်းမှုများသည်ဘုရားတရားတော်ထင်ပေါ်သိလွယ်အောင် ပြုစုရသော ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟကုသိုလ်များချည်းဖြစ်၏၊ မိမိအားဆရာတော်များကချီးမြှောက်တော်မူကြခြင်းသည်လည်း၊ သာသနာ့တာဝန်ကို ထမ်းနိုင်လောက်သည်- အားထုတ်လိမ့်မည်” ဟူသော ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ သဘောဖြင့် ချီးမြှောက်တော်မူကြခြင်းပင်ဖြစ်၏၊ ထို့ကြောင့် ဆရာတော်များ၏ ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ ဖြစ်သော ကျေးဇူးတော်များကို မိမိ အနုဂ္ဂဟ ၂ ပါးဖြင့် လေးစားကော်ရော်အတုန့်ပြန်၍ပူဇော်ပါသတည်း။

**သမ္ဗုဇ္ဈယာမိ ထေရာနံ ယေသာဟံ သမ္ပဂ္ဂဟိတော၊**

**ဇယံ ဇယံ ဇယန္တော၁ သမ္ဗုဒ္ဓ သာသနန္တရော။**

ယေသံထေရာနံ-အထက်ဝေဟင် နေအသွင်သို့ မြေပြင်ထင်ရှား အကြင်ဆရာတော် ဘုရားတို့သည်၊သမ္ပဂ္ဂဟိတော-အထူးစောင့်ရှောက်- ချီးမြှောက်အပ်သည်ဖြစ်၍၊ ဇယံ ဇယံ=အောင်သင့်အောင်ရန်- စာတော်ပြန် ဟူ- တိုင်းမြန်ထင်ရှား- အောင်ပွဲများကို၊

www.dhammaransi.com



ဇယန္တော ၁၀-လာဘ်လည်း မကူ,လူလည်းမပံ့, ခံ့ခံ့ သိုက်မြိုက်,အောင်လံစိုက်လျက် သာလျှင်၊အဟံ-ငါသည်၊သမ္ဗုဒ္ဓ သာသနန္တရော-ဗုဒ္ဓမြတ်စွာ, သာသနာကျိုး,တိုးသင့်တိုးအောင်, တမျိုးဆောင်ရပေ၏၊ တေသံထေရာနံ-ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမားထိုဆရာတော် ဘုရားတို့အား၊ သမ္ဗုဇယာမိ-ကျမ်းစာရေးသား, ကောင်းမှုများဖြင့်,လေးစားကော်ရော်,ပူဇော်ပါ၏။

ဤနိဂုံး ရေးသားရာသာသနာတော်နှစ် ၂၄၈၇,မြန်မာသက္ကရာဇ် ၁၃၀၅-ခုနှစ် ပြာသိုလဆန်း ၁၁ရက်နေ့ကားဆဋ္ဌမြောက်ကျေးဇူးရှင်ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော် လွန်တော်မူ၍ ၈-ရက်မျှသာ ရှိသေးသောအချိန်အခါဖြစ်၏၊ဆရာတော်၏တသက်ပတ်လုံးဆည်းပူးတော်မူခဲ့သော ပါဠိသက္ကတအဘက်ဘက်မှဗဟုသုတတွေကို အတိမာနိသယ-မောဂ္ဂလ္လာန်နိသယ-မုဒ္ဓဗောဓနိသယ-ကလာပ်နိသယ-အမရကောသနိသယ စသော ကျမ်းဂန်တို့၌သာတွေ့မြင်ရ၍ဆရာတော်၏အထံ၌ကားချဉ်းကပ်လျှောက်ထားခွင့်မရနိုင်တော့ သဖြင့် ဗဟုသုတလိုလားသော လူရော၊ရှင်ပါ သံဃာအားလုံး ယူကျုံးမရငမ်းနဲ့ကြရတော့သည်။

ဤကျမ်းရေးသားသောမိမိလည်းထိုဆရာမြတ်တို့အထံမှရအပ်သောအသိဉာဏ်ကို တဆင့်ချန်ခဲ့လိုသောစိတ်ထားဖြင့်ရေးသားကြောင်းပို့ချကြောင်းဟောပြောကြောင်း စေတနာပညာပါရမီအစုစုကိုသာအားပြုလျက် ဤ စင်အတွင်းမှာပင် တဘဝပြောင်းတန်လျှင် ပြောင်းနိုင်ရန်အသင့်ပြင်ဆင်ကာ ယနဘဝ၌ပြုသမျှသောပါရမီများအတွက် နောက်တဘဝကောင်းစားရေးမျှကိုသာမျှော်လင့်ခြင်းမဟုတ်ဘဲ မိမိဝတ်ခံရခဲ့သော ပါရမီများနှင့် စုပေါင်းကာ သဒ္ဓါပညာ သတိဝီရိယ သမာဓိဇွန်ခြွေ ၅ထွေသောမိုလ်အမည်ခံ တရားတို့ မနားမဆုတ် ကြိုးစားအားထုတ်လျက် မိုလ်ချုပ်တရားကြီးများ ချည်းဖြစ်အောင် မြင့်ခေါင် တိုးတက်ရေးကိုမျှော်တွေး ရည်စူးပါသည်။

**အဘိဝဍ္ဎန္တု မေ ပညာ, သဒ္ဓါ သတိ သမာဓယော၊**
**ပရက္ကမော လောကသာဒ-ဗောဇ္ဈင်္ဂါ ယပရံပရံ။**

မေ-ငါ၏၊ပညာ-ဝိဇ္ဇာရစ်နှံ, ကွဲ အရှိန်သို့,ထိန်တလက်လက်, ထက်မြက်သော ပညာသည်၎င်း၊သဒ္ဓါ-ယုံကြည်ဘွယ်ရန်, ဝတ္ထုမှန်လျှင်, ဧကန်ဆုံးဖြတ်, ယုံကြည်တတ်သောသဒ္ဓါသည်၎င်း၊သတိသမာဓယော-ကုသိုလ်ဖြစ်မြောက်, ကိစ္စရောက်ဘို့, တအောက်မေ့မေ့,အမေ့လေ့တို့,တွေ့တွေ့ကြုံကြုံ,မတုန်မလှုပ်သောသမာဓိတို့သည်၎င်း ပရက္ကမော-ကိုယ်နှင့် အသက်, မငဲ့ကွက်ဘဲ, ဆက်ဆက်ကြုံးကုတ်,အားထုတ်နိုင်ကြောင်း လုလ္လကောင်းသည်၎င်း၊လောကသာဒဗောဇ္ဈင်္ဂါယ-လောကီလူပေါင်း, နှစ်မြို့ကြောင်းနှင့်,အကောင်းဆုံးရည်သန်,ဗောဓိဉာဏ်အကျိုးငှါ၊ပရံပရံ-တမြင့်ထဲမြင့် ဆင့်ကဲတင့်သည်ဖြစ်၍၊အဘိဝဍ္ဎန္တု-တက်သစ်လဝန်း, နေသစ်ထွန်းသို့, ရွှန်းတဝေဝေ,တိုးတက်ကြပါစေသတည်း။

**ရူပသိဒ္ဓိဘာသာဋီကာ**
**ပြီးပြီ။**

www.dhammaransi.com

# နှစ်သက်ရွှင်လန်းနိုင်ပါစေ

တစုံတယောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊
ငါတို့ဆရာ၊ ဇော်ဂျီမဟာ၏၊
ဘာသာကျမ်းများ၊ စဉ်ပြန့်ပွါး၍၊
မြတ်ဖျား(ဘုရား)သာသနာ၊ ခွန့်ရှည်ကြာလျက်၊
မြန်မာကောင်းကျိုး၊ အစဉ်တိုးအောင်၊
အားကြိုးမာန်တက်၊ တို့ဆောင်ရွက်သည်၊
နှစ်သက်ရွှင်လန်း နိုင်ပါစေ။



ဆရာတော် ၏ ကျမ်းစာများ စျေးနှုန်းမှန်ကန်စွာဖြင့် ရနိုင်သော ဌာနများ——

၁။ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး။
၂။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျန်းလမ်း၊ ရန်ကုန်မြို့။
〃 ၁၃၈၊ ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်း၊ ရန်ကုန်။
၃။ ဦးအောင်ခန့်၊ ၈၂- လမ်း၊ လွှင်ပုံနှိပ်တိုက်၊ မန္တလေးမြို့။
၄။ မတင်တင်အေး၊ ပိဋကတ်စာပေ ဖြန့်ချိရေးဌာန၊ အမှတ် (၁၄)၊ ရွှေတိဂုံဘုရား တောင်ဘက်ဈေးတော်ရုံ၊ ရန်ကုန်မြို့။